# စာစဥ် ၆၇ : အပိုင်း ၁၁

## အပိုင်း ၁၃၀၁ : ရန်ငြိုးဟောင်းများ

သဘာဝ မိုးပြာရောင် ဒီရေပုလဲ၊ တောင်ပိုင်း
တောရိုင်းဒေသရှိ ရှေးဟောင်းကမ္ဘာ စိမ့်မြေထံမှ
ပိုးရတနာ ပန်းပွင့်နှင့် မီးကြာပန်း သစ်ခေါက်၊
မြောက်ပိုင်းဒေသရှိ ဆီးနှင်းလွင်ပြင် ဒေသမှ
ရေခဲပန်းဖွား၊ ထူးခြားဆန်းကြယ်သော
သတ္တုခြောက်မျိုး အနက်မှ မှောင်မှိုင်းနေသော
အလင်းမဲ့သတ္တု၊ ကမ္ဘာဦးခေတ်ကတည်းက
မျိုးသုဥ်းလုနီးပါး ဖြစ်နေခဲ့သော အစွမ်းထက်
ရေခဲမိစ္ဆာ တစ်မျိုးဖြစ်သော ဟူချီ၏
ရိုးတွင်းခြင်ဆီ…

ဤအရာများသည် ပစ္စည်းအမယ် အချို့၏ စာရင်းများသာ ရှိသေးသည်။ အပြည့်အဝ ကျင့်ကြံခြင်း မခံရသေးပဲ အခြား ရတနာများနှင့် အတူ အတူတကွ ထုလုပ်ရမည့် သို့မဟုတ် နောက်ပိုင်းတွင် လျှို့ဝှက်နည်းစနစ်ဖြင့် တော်ဝင်နန်းတော် သို့မဟုတ် မဟာကောင်းကင်ဘီးနှင့် ပေါင်းစည်းရမည့် မှော်ရတနာ သန္ဓေလောင်း များစွာလည်း ရှိသေးသည်။

ထိုရတနာများ အပြင် မှော်အိုင်တမ်နှင့် လက်နက် အမျိုးမျိုးတို့လည်း ရှိကြသေးသည်။ သူတို့သည် အမျိုးအစား မတူကြပဲ တိုက်စစ်ပစ္စည်းများ၊ ခံစစ်ပစ္စည်းများ အစရှိသဖြင့် အမျိုးအစား စုံလင်စွာ ရှိနေကြလေသည်။

မှော်ရတနာများ အပြင် ဆေးလုံးနှင့်
ဆေးပင်များစွာတို့မှာလည်း ရေတွက်၍ပင် မရချေ။

တော်ဝင်နန်းတော် အတွင်းတွင် မဟာယာန
အဆင့်မှ မှော်ရတနာ နောက်တစ်ခု ရှိသေးသည်။
ထိုအရာသည် ရိုးစင်းသော အသွင်သဏ္ဍာန်သာ
ရှိနေသည့် ဆေးမီးဖို တစ်ခုပင် ဖြစ်သည်။
လင်းဖုန်းသည် သူ့အား ခေတ္တမျှ လေ့လာလိုက်ရာ
၎င်းမှော်ရတနာသည် ကမ္ဘာဦးခေတ်ကတည်းက
နာမည်ရှိနေသော ကမ္ဘာဦးမိခင် ဆေးမီးဖို
ဖြစ်မှန်းကို သိလိုက်သည်။

ထိုဆေးမီးဖိုသည် မဟာယာန အဆင့်မှ မှော်ရတနာ
တစ်ခုဖြစ်ပြီး လူသား ကျင့်ကြံမှု ကမ္ဘာ၏

ဆေးဖော်စပ်မှု ဘိုးဘေးဘီဘင်ဟူ၍ ပြောရ၍ရသည်။ သူသည် ချုံးကေရာဇ်၏ အနှစ်သက်ဆုံး မော်ရတနာဖြစ်ပြီး သူသွားလေရာ သယ်ဆောင်သွားလေ့ ရှိသည်။ သူသည် ကမ္ဘာအတွင်းတွင် မဟာယာန အဆင့်သို့ ပထမဆုံး ရောက်ရှိခဲ့သည့် ဆေးမီးဖို တစ်ခုလည်း ဖြစ်သည်။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်းများစွာက ချုံးကေရာဇ် ကျဆုံးသွားခဲ့သော အခါ ဤမော်ရတနာကလည်း ပျက်စီးသွားခဲ့လေသည်။

ကမ္ဘာဦးမိခင် ဆေးမီးဖို၏ မူလ စိတ်ဝိညာဉ်ကလည်း ပျက်စီးသွားခဲ့ပြီး အခွံသက်သက်သာ ကျန်ရစ်ခဲ့သည်။ မဟာကျိုး အင်ပါယာသည် နောက်ပိုင်းတွင် သူ့အား တွေ့ရှိခဲ့သော အခါ

လုံ့လကြီးစွာဖြင့် ပြန်လည် ထုလုပ်ခဲ့ပြီး
ဝိညာဉ်အသစ်ကို ပြန်လည် မွေးဖွားနိုင်ခဲ့ကာ
သန္တေလောင်း အဆင့်မှ မဟာယာန အဆင့်သို့
ပြန်လည် ရောက်ရှိနိုင်ခဲ့ခြင်း ဖြစ်သည်။

ဤမှော်ရတနာသည် မဟာကျိုး အင်ပါယာ၏
အစပိုင်း အင်အား ကြီးထွားလာမှုအတွက် အမတန်မှ
အရေးပါသော အရာဖြစ်ခဲ့သည်။

သူသည် မဟာယာန အဆင့်သို့ ပြန်လည်
ရောက်နိုင်ခဲ့သော အခါ သူသည် ဆေးဝါး
ဖော်စပ်ရာတွင် ထိပ်တန်း မှော်ရတနာများ
ဖြစ်ကြသည့် နေလ နတ်ဘုရား ဆေးမီးဖို သို့မဟုတ်
လွင်တီးခေါင် ကောင်းကင် ဆေးမီးဖိုထက်
အောက်မကျနေခဲ့ပေ။ သူသည် နတ်ဘုရားနယ်မြေ

ဆေးမီးဖိုကဲ့သို့သော အဆင့်အတန်းထက်သာ နိမ့်ကျခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါ၍ ရယ်လိုက်သည်။ "အင်ပါယာတွေ များစွာက ဆေးဝါးဖော်စပ်တဲ့ မှော်ရတနာတွေကို မှီခိုပြီးတော့မှပဲ သူတို့ရဲ့ စွမ်းအား တိုးတက်မှုတွေကို ထိန်းသိမ်းထားခဲ့တာပဲ"

မဟာကောင်းကင်ဘီးနှင့် တော်ဝင်နန်းတော်တို့မှ လွဲ၍ တော်ဝင်နန်းတော် အတွင်းတွင် လျှမ်ပန်း သိမ်းဆည်းထားသော ကမ္ဘာဦးမီးခင် ဆေးမီးဖိုနှင့် အခြား အရင်းအမြစ်များ အပါအဝင် အစွမ်းထက်သော မဟာယာန အဆင့်မှ ဝပ်တွားနေသော နဂါးကျောက်တိုင်တို့အား လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည်

မသိမ်းပိုက်ခဲ့ပဲ မဟာကျိုး ကေရာဇ် အသစ်ဖြစ်သော လျှမ်ပန်းကို ပြန်လည် လွှဲပြောင်းပေးခဲ့သည်။

လင်းဖုန်းသည် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်၊ မဟာချင် အင်ပါယာနှင့် မဟာကျိုး အင်ပါယာတို့၏ အကြားတွင် စေ့စပ်ညှိနှိုင်းသူ အဖြစ် လုပ်ဆောင်ရန် စိတ်မဝင်စားပေ။ သို့သော်လည်း သူ့အနေဖြင့် သူနှင့် နှစ်ပေါင်းများစွာ နီးကပ်စွာ ဆက်ဆံခဲ့သော အင်အားစုတို့အား ရင်းနှီးစွာ ဆက်ဆံခဲ့သည်။

ထို့အပြင် ထိုအရာများစွာတို့သည် မဟာချင် အင်ပါယာ၏ လက်အတွင်းသို့ ကျရောက်သွားမည် ဖြစ်သည်။ မည်မျှပေးအပ်ရမည်နှင့် မည်မျှ ထိန်းသိမ်းနိုင်မည်မှာမူ လျှမ်ကန်းနှင့်

သူ့မှုူးမတ်များ၏ စွမ်းရည်အပေါ်တွင်
မူတည်နေသည်။

ယင်ပင်လယ်သည် သူတို့၏ ထိန်းချုပ်မှုအောက်သို့
အပြည့်အဝ မကျရောက်သေးသော်လည်း
ဤအရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
အကြီးမားဆုံးသော ဆုလာဘ်ပင် ဖြစ်သည်။

လင်းဖုန်းသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါအား ရှီထျန်းဟောင်နှင့်
လီယွမ်ဖန်းတို့ထံသို့ ပြန်လည် ပေးအပ်ခဲ့သည်။
မော်ဝက်ပါ အတွင်းတွင် ဟီဂန် ရွှေရောင်တံတား၊
နတ်ဘုရားနယ်မြေ ဆေးမီးဖို၊ တော်ဝင်နန်းတော်နှင့်
မဟာကောင်းကင်ဘီးတို့ ရှိနေသေးကာ သူတို့အား

အရာအားလုံးကို ယုကျင်းတောင်သို့ ပြန်ယူသွားကာ
ထိန်းသိမ်းရန် အမိန့်ပေးခဲ့သည်။

ယွဲ့ဟုန်ယန်သည် နှင်းမုန်တိုင်းနိုင်ငံသို့
အရင်ပြန်သွားမည် ဖြစ်ပြီး မကြာမီ
ယုကျင်းတောင်သို့ ပြန်လာမည် ဖြစ်သည်။

လင်းဖုန်း၏ ကိုယ်ပွား သုံးခုတို့သည် သက်ဆိုင်ရာ
နတ်တောင်များ အပေါ်တွင် ကျင့်ကြံနေကာ
ယင်ပင်လယ် အတွင်းတွင် နက်ရှိုင်းစွာ
နစ်မြုပ်နေကြမည် ဖြစ်သည်။

သူသည် ကမ္ဘာအကြားမှ နယ်နိမိတ်
လမ်းကြောင်းမှတဆင့် ယင်ပင်လယ် အတွင်းသို့

အခြားသူများ ဝင်ရောက်ခြင်းကို မဟာန့်တားထားခဲ့သော်လည်း ယင်ပင်လယ် အတွင်းသို့ မကြောက်မရွံ့ ဝင်ရောက်ရဲသူများမှာ များစွာ မရှိကြတော့ပေ။

ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်လိုကြသော သူများသည် လင်းဖုန်း၏ အမြင်များကို ထည့်သွင်း စဥ်းစားရမည် ဖြစ်သည်။ မဟုတ်လျှင် လက်ချောင်းများဖြင့် ရေတွက်၍ရသော နည်းပါးလှသည့် လူအချို့မှလွဲ၍ ကျန်သောသူများသည် ဝင်ရောက်နိုင်သော်လည်း ပြန်လည် ထွက်ခွာနိုင်မည် မဟုတ်ချေ။

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ယုကျင်းတောင် အပေါ်တွင်သာ ဆက်နေခဲ့ကာ တစ်ဘက်တွင် သူ၏

ကိုယ်ပိုင် နည်းစနစ်များကို ကျင့်ကြံနေရင်း အခြားတစ်ဘက်တွင် လျှမ်ပန်း၏ အန္တိမ အာဏာ နတ်ဘုရား အလင်းတန်းအား ဖြည်းဖြည်းချင်း လေ့လာနေခဲ့သည်။

ထျန်းကျင်းမြို့မှနေ၍ လျှမ်ပန်း၊ ဇူဟုန်ဝူတို့နှင့် အတူတကွ လိုက်ပါလာကြသော အခြား ကျင့်ကြံသူများအား ထျန်းကျင်းသို့ ပြန်လည် ပို့ဆောင်ခဲ့ပြီဖြစ်သော်လည်း အချို့သူများမှာ သူတို့ယခင်က ကျူးလွန်ခဲ့သည့် အပြစ်များအတွက် အပြစ်ပေးခံခဲ့ရသည်။

အစွမ်းထက်၍ အနည်းငယ် ထူးခြားသော မိသားစု တစ်ခုသည် လင်းဖုန်း၏ အာရုံစိုက်မှုကို ခံခဲ့ရသည်။

သူတို့သည် ယခင်က မဟာချင် အင်ပါယာ၏ မိသားစုကြီး လေးခုတွင် အပါအဝင် ဖြစ်၍ နောက်ပိုင်းတွင် မဟာကျိုး အင်ပါယာထံသို့ ခိုလှုံသွားခဲ့သည့် လေမိသားစုပင် ဖြစ်သည်။

မဟာကျိုး အင်ပါယာသည် လေမိသားစုအား သူတို့လက်အောက်သို့ ရောက်ရှိလာချိန်မှစ၍ ကောင်းမွန်စွာဖြင့် ဆက်ဆံခဲ့သည်။ လေမိသားစု၏ ခေါင်းဆောင်ဖြစ်သော လေလေသည် မဟာကျိုး အင်ပါယာ၏ ထောက်ပံ့မှုကြောင့် နှစ်ပေါင်းများစွာ ကြာမြင့်နေသည့် အတားအဆီးများကို ချိုးဖောက်နိုင်ခဲ့ကာ အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်သို့ ရောက်ရှိသွားနိုင်ခဲ့သည်။

အရင်းအမြစ်များ အပြင် လေမိသားစုသည်
မဟာကျိုး အင်ပါယာ ပိုင်ဆိုင်သည့် တိုင်ကေရာဇ်၏
မဟာ ကစဥ္စကလျား အစစ်အမှန်
မိုးကြိုးကျမ်းစာကိုလည်း လေ့ကျင့်နိုင်ခဲ့သည်။

လေကျဲသည် လေမိသားစု၏ အထူးချွန်ဆုံး
လူငယ်ဖြစ်ကာ မဟာကျိုး အင်ပါယာ၏
လူငယ်မျိုးဆက်များ အတွင်း၌လည်း ပါရမီရှင်များ
အနက်မှ တစ်ယောက်ဖြစ်လာသည်။ မဟာ
ကစဥ္စကလျား အစစ်အမှန် မိုးကြိုးကျမ်းစာ အပြင်
သူသည် အခြား နည်းစနစ်များကိုလည်း
လေ့ကျင့်နိုင်ခဲ့သည်။

လေကျဲတွင် မိုးကြိုးအနွယ်ဝင် နည်းစနစ်များကို
လေ့ကျင့်ရန် အစွမ်းအထက်ဆုံး ခန္ဓာကိုယ်

တစ်မျိုးဖြစ်သည့် ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံ ရှိနေသည်။ သူ၏ ပါရမီသည် ထူးချွန်လှ၍ ကမ္ဘာတစ်ခုလုံး ကျော်ကြားပေသည်။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း သို့မဟုတ် ဟင်းလင်းပြင် ဘုရားကျောင်းမှ မျိုးဆက်သစ် လူငယ်များ၏ အရိပ်လွှမ်းမိုးခြင်းကို မခံရသည့် လူငယ်အချို့အနက်မှ တစ်ယောက်ဖြစ်သည်။

သို့သော်လည်း သူ့အနေနှင့် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့က သူနှင့် လေလေတို့အား ကွဲပြားသော အမြင်ဖြင့် ကြည့်စေနိုင်သော အဆင့်အထိတော့ မရောက်သေးပေ။

လင်းဖုန်း သိထားသလောက် လေလေ၊ လေကျဲနှင့် လေမိသားစု တစ်ခုလုံးသည် ဇူရိက ထျန်းကျင်းသို့ လာမည်ဟု စတင် ကြေညာခဲ့ကတည်းက လျှမ်ပန်း၏ ထျန်းကျင်းမြို့သို့ ခေါ်ဆောင်ခြင်း ခံခဲ့ရခြင်း ဖြစ်သည်။ လျှမ်ပန်းနှင့် တော်ဝင်နန်းတော်တို့သည် ထျန်းကျင်းမှ ထွက်ခွာသွားခဲ့စဉ်ကလည်း သူသည် လေမိသားစုကို ခေါ်ယူသွားရန် မမေ့ခဲ့ပေ။

ဤကဲ့သို့သော အာရုံစိုက်မှုသည် မဟာကျိုး၏ တော်ဝင်မိသားစု အချို့ထက်ပင် ပိုနေသေးသည်။

လေကျဲ အပါအဝင် လေမိသားစုသည် ယခင်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရှုပ်ထွေးစွာ ပတ်သတ်မှုများ ရှိခဲ့ဖူးသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ
မျိုးဆက်အတွင်းမှ အထူးချွန်ဆုံး တပည့်များအနက်
တစ်ယောက်ဖြစ်သော ရှောင်ယန်၏ ပထမ
တပည့်ဖြစ်သော ငရဲမီး ချောက်ကမ်းပါးမှ
တန်ကျွင်းသည် လေကျဲ၏ ညီအရင်းဖြစ်သည်။

သူတို့သည် တူညီသော မိဘများမှ
မွေးဖွားလာကြသူများ ဖြစ်ကြသော်လည်း
တစ်ယောက်သည် ဖခင်၏ မျိုးရိုးနာမည် ယူ၍
တစ်ယောက်သည် မိခင်၏ မျိုးရိုးနာမည်ကို
ယူထားခဲ့သည်။ သူတို့အကြားမှ ဆက်ဆံမှုမှာလည်း
လုံးဝ မိတ်ဆွေမဆန်ကြပဲ အမုန်းတရား၊
ရန်ငြိုးများဖြင့်သာ ပြည့်နေခဲ့သည်။

အရာအားလုံးတို့သည် တန်ကျွင်းနှင့် လေကျဲတို့၏ ဖခင်ဖြစ်သူ တန်ဝန်ဟွာထံမှ အစပြုလာခြင်း ဖြစ်သည်။ သူသည် သူ့ဇနီးနှင့် အတူ လေမိသားစုထံသို့ လာရောက် နေထိုင်ခဲ့ပြီး လေမိသားစု၏ လျှို့ဝှက် ရတနာ တစ်ခုကို ခိုးယူ၍ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။

လေကျဲ၏ မျက်လုံးများ အတွင်းတွင် သူ၏ ပြည့်စုံလုနီးပါး ဖြစ်နေသော ဘဝအတွင်းမှ တစ်ခုတည်းသော ချို့ယွင်းချက်မှာ သူ့မိသားစုထံမှ ပစ္စည်းခိုးယူ၍ ပျောက်ကွယ်သွားသော သူ၏ဖခင် ဖြစ်သည်။ အခြားတစ်ဘက်တွင် တန်ကျွင်း၏ တည်ရှိနေမှုသည် သူ့အား ဤအချက်ကို အမြဲတမ်း သတိပေးနေသကဲ့သို့ ဖြစ်နေသည်။

တန်ကျွင်း၏ သာမန်ဘာဝမှ ရုတ်တရက်
စွမ်းအားများ တိုးတက်လာခြင်းသည်
လေမိသားစုကို အမျက်ထွက်စေခဲ့၍ သူ့အား
လိုက်လံဖမ်းဆီးခဲ့သည်။ သူတို့၏ နည်းလမ်းများမှာ
များစွာ ရက်စက် ကြမ်းကြုတ်လှ၍ သူတို့၏
အမိန့်မှာ တန်ကျွင်းအား အသေရရ အရှင်ရရ
ဟူသည်အထိပင် ဖြစ်လာခဲ့သည်။

လေကျဲကလည်း ထိန်းချုပ်မှုမှ ကင်းလွတ်သွား၍
အမျက်ချောင်းချောင်း ထွက်နေခဲ့ကာ
တန်ကျွင်းအား ကိုယ်တိုင်ကိုယ်ကျ လိုက်လံ
ဖမ်းဆီးခဲ့သည်။ သူသည် တန်ကျင်းအား
အရှင်ဖမ်းရန် ရည်ရွယ်ချက် မရှိပဲ တန်ကျွင်းအား
ကမ္ဘာပေါ်မှ ဖယ်ရှားပစ်နေလိုခြင်း ဖြစ်သည်။

ထို့ကြောင့် တန်ကျွင်းကလည်း အနောက်ဘက်သို့ ထွက်ပြေးခဲ့ကာ နောက်ဆုံးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်ရောက်နိုင်ခဲ့ပြီး သူ၏ဘဝက ပြောင်းလဲသွားခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယ အကြိမ် တပည့်လက်ခံပွဲ အခမ်းအနား ဖြစ်သော ခွန်းလွန် စိတ်ဝိညာဥ် အစည်းအဝေးတွင် လေမိသားစုသည် မဟာကျိုး အင်ပါယာနှင့် အတူ တက်ရောက်ခဲ့ကြသည်။ လေလေသည် လင်းဖုန်းအား တန်ကျွင်းကို သူ့အားပေးရန် တောင်းဆိုခဲ့သော်လည်း လင်းဖုန်းက ပယ်ချခဲ့သည်။

လေမိသားစုသည် ဤနှစ်များ အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တန်ကျွင်း၏ကိုယ်စား

သူတို့ထံသို့ ရောက်လာမည်ကို
စိုးရိမ်ပူပန်နေကြသည်။ သို့သော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် တန်ကျွန်းတို့သည်
သူတို့အား ဂရုပင် မစိုက်ခဲ့သကဲ့သို့ ဖြစ်နေသည်။

သို့တိုင်အောင် လေလေနှင့် လေမိသားစုမှ
ကျန်သောသူများက လုံးဝ စိတ်သက်သာရာ
မရနေခဲ့ပေ။ လင်းဖုန်း၏ လုပ်ပုံလုပ်နည်းများ အရ
သူသည် တန်ကျွင်းကို အရင် ပြုစုပျိုးထောင်ပြီးမှ
သူ၏အတိတ်မှ ရန်ငြွေးများကို သူကိုယ်တိုင်
ဖြေရှင်းစေမည် ဖြစ်သည်။

တန်ကျွင်း၏ ဉာဏ်နှစ်များအတွင်း
တိုးတက်လာမှုသည် ကမ္ဘာတစ်ခုလုံး၏ အာရုံကို
ဆွဲဆောင်နိုင်ခဲ့သည်။ သူသည် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် တပည့်များ
အနက် အထူးချွန်ဆုံး သူများအနက်
တစ်ယောက်ဖြစ်ကာ အားလုံးတို့၏ အာရုံစိုက်မှုကို
ခံနေရသည်။ လေမိသားစု အနေဖြင့် ဤအရာသည်
သူတို့အား ကျဆုံးစေမည့် ကံကြမ္မာ၏
ရိုက်ချက်တစ်ခုပင် ဖြစ်သည်။

တန်ကျွင်း၏ ကျင့်ကြံမှုအဆင့် မြင့်မားလာသည်နှင့်
အမျှ လေမိသားစုမှ အချို့လူများသည်
တန်ကျွင်းအား လုပ်ကြံသတ်ဖြတ်၍
နှစ်ဦးနှစ်ဘက်စလုံး အတူတကွ ခံစားရစေရန်
ကြံစည်ခဲ့ကြသော်လည်း ထိုအစီအစဥ်က
အကောင်အထည် မပေါ်လာခဲ့ပေ။

တန်ကျွန်း၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ရုတ်တရက် ပြောင်းသွားခြင်းသည်လည်း သူ၏ ပျောက်ဆုံးနေသော လျှို့ဝှက်ဆန်းကြယ်သည့် ဖခင်ဖြစ်သူ တန်ဝန်ဟွာကြောင့် ဖြစ်သည်။

လင်းဖုန်း၏ ခန့်မှန်းချက်များ အရ လေမိသားစုက သူ၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပြောင်းလဲသွားခြင်းကို သိပြီးအသွားတွင် ဆုံးဖြတ်ချက် ရုတ်တရက် ပြောင်းသွားခြင်းသည် တန်ဝန်ဟွာနှင့် နီးကပ်စွာ ဆက်စပ်မှု ရှိနေပေသည်။

သာမန်ဟုသာ ထင်နေရသည့် ထိုလူသည် တန်ကျွင်းအား မီးသခင် ခန္ဓာကိုယ်နှင့် လေကျဲအား ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို

ပေးစွမ်းနိုင်ခဲ့သည်။ ဤအရာသည် ကမ္ဘာကို တုန်ခါစေနိုင်သော အဖြစ်တစ်ခု ဖြစ်သည်။

အောင်မြင်နိုင်မှုနှုန်းသည် အမတန်မှ နည်းပါးလှ၍ လျှမ်ပန်းနှင့် မဟာကျိုး အင်ပါယာတို့ အနေဖြင့် လေမိသားစုအား အလွန်အမင်း အာရုံစိုက်နေခြင်းသည် အံ့သြစရာ မရှိပေ။

လင်းဖုန်းသည် လေကျဲ၏ ပင်ကိုစွမ်းရည် အမှတ်များကို တွေ့နိုင်ခြင်း မရှိခဲ့သော်လည်း သူ၏ အရိုးအရင်းမြစ်သည် တန်ကျွင်းနှင့် တူညီစွာ ကိုးမှတ်ရှိလိမ့်မည်ဟု ယုံကြည်ထားသည်။

လေကျဲသည် တန်ကျွင်းထက်စာလျှင် လူငယ်ဘဝတွင် ပိုမိုထူးချွန်သော ပါရမီများကို ဖော်ပြခဲ့သည်။ သို့သော်လည်း တန်ကျွန်း၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ရုတ်တရက် ပြောင်းလဲသွားအပြီးတွင် လင်းဖုန်းသည် လေကျဲ၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံသည် မွေးရာပါ မဟုတ်ပဲ တန်ဝန်ဟွာ ဖန်တီးထားခြင်း ဖြစ်သည်ဟု သေချာလုနီးပါး ကောက်ချက်ချနိုင်ခဲ့သည်။

မဟာကျိုး အင်ပါယာနှင့် လေမိသားစုတို့သည် ဥာ်နှစ်များ အတွင်းတွင် တန်ဝန်ဟွာအား ကြိုးစားပမ်းစား ရှာဖွေခဲ့ကြသော်လည်း အောင်မြင်မှု မရခဲ့ပေ။

တန်ကျွင်းသည် လေမိသားစုအား
မရှာရသေးခင်တွင် ဇူရီ၊ ရှိထျန်းဟောင်၊
ယွဲ့ဟုန်ယန်နှင့် လီယွမ်ဖန်းနှင့်
ကျန်သောသူများသည် မဟာကျိုး အင်ပါယာကို
ပြားပြားဝပ်အောင် လုပ်ခဲ့ပြီ ဖြစ်သည်။

အကယ်၍ လေမိသားစုသည် ချောင်တစ်နေရာတွင်
နယ်မြေအနည်းငယ်ဖြင့် ကျေနပ်နေခဲ့လျှင်
တော်သေးသည်။ သို့သော်လည်း လျှမ်ပန်းသည်
လေမိသားစုနှင့် သူတို့၏ တန်ဝန်ဟွာနှင့်
ဆက်စပ်မှုကို မမေ့လျော့နေခဲ့ပဲ အန္တရာယ်
ကြီးမားသော အခြေအနေအောက်တွင်ပင်
သူတို့အား ထျန်းကျင်းမြို့မှ ခေါ်သွားခဲ့သေးသည်။

လျှမ်ပန်း၏ စွမ်းအားများသည် လေမိသားစုအား ရွေးချယ်မှု မပေးခဲ့ပဲ လေမိသားစုကလည်း ဘာမှ မတတ်နိုင်ခဲ့ပေ။

ယခုလက်ရှိ အခြေအနေများအရ သူတို့အနေဖြင့် တန်ကျွင်းနှင့် လေကျဲတို့ အကြားတွင် မည်သူ့ကို ရွေးချယ်ရမည် ဟူသည်ကို ဆုံးဖြတ်ရန် မခက်ခဲပဲ တန်ကျွင်းအား ပြန်လည် အလျှော်ပေးရန်လည်း မခက်ခဲပေ။

သို့သော်လည်း အစကတည်းက တန်ဝန်ဟွာ၏ ပြဿနာသည် လေမိသားစု အတွင်းတွင် ဆူးချွန်တစ်ခု ဖြစ်နေခဲ့ပြီး တန်ကျွင်းကလည်း ဤအကြံကို လက်ခံမည်လော ဟူသည်မှာ မသေချာပေ။

နောက်ဆုံးတွင် သူမွေးဖွားလာသည့် အချိန်မှစ၍
လေမိသားစုမှ ထွက်ပြေးလာသည့် အချိန်အထိ
တန်ကျွန်းအနေဖြင့် သူမိသားစုထံမှ နွေးထွေးမှု
တစ်စက်မှ မခံစားခဲ့ရပဲ လေမိသားစုထံမှ သူ၏
မှတ်ဉာဏ်များသည် ပျော်ရွှင်ဖွယ်ရာများ
မဟုတ်ခဲ့ပေ။ ယခုအချိန်တွင် သူ့အနေဖြင့်လည်း
လေမိသားစု၏ ကျောထောက်နောက်ခံနှင့်
အရင်းအမြစ်များကို မလိုအပ်တော့ချေ။

လေကျဲ အပါအဝင် လေမိသားစုမှ လူများသည်
သူတို့၏ အရှေ့မှ တန်ကျွင်းအား ဖော်မပြနိုင်သော
ခံစားချက်များဖြင့် ပြည့်နေသည့် မျက်နှာများဖြင့်
ကြည့်လိုက်ကြလေသည်။

ရှောင်ယန်သည် အဓိက နေရာတွင် ငြိမ်သက်စွာဖြင့် ထိုင်နေကာ ဘာတစ်ခုမှ မပြောခဲ့ပေ။ တန်ကျွင်းသည် သူ့ဘေး၌ ရပ်နေကာ လေလေနှင့် ကျန်သောသူများ၏ မျက်လုံးအား ကြည့်နေခဲ့၍ သူ၏ မျက်နှာပေါ်တွင် ခံစားချက် တစ်ချက်မှ ရှိမနေပေ။

လေလေ၏ ဘေးတွင် လူငယ်တစ်ယောက် ရပ်နေ၏။ သူ၏ မျက်နှာ အသွင်အပြင်များသည် တန်ကျွင်းနှင့် ခြောက်ဆယ် ရာခိုင်နှုန်း ဆင်တူနေ၍ သူ၏ အမူအရာသည် အနည်းငယ် မည်းမှောင်နေကာ အလျှော့မပေးလိုမှုများဖြင့် တည်ငြိမ်နေခဲ့သည်။

လေကျဲ၏ မျက်လုံးများသည်လည်း တန်ကျွင်းအပေါ်သို့ ကျရောက်နေကာ သူ၏ မျက်လုံးများ အတွင်းတွင် ထူးခြားသော ခံစားချက်များဖြင့် စီးဆင်းနေခဲ့သည်။

ရှောင်ယန်၏ အမူအရာသည် ယခင်ကဲ့သို့ တည်ငြိမ်နေဆဲ ဖြစ်ကာ သူ့အနေဖြင့် ပြောစရာ မရှိသကဲ့သို့ ဖြစ်နေသည်။ လေလေသည် သူ့အား စောင့်ကြည့်နေရင်း သက်ပြင်းတစ်ချက်အား လေးလံစွာ ချလိုက်သည်။ သူ၏ ခံစားချက်များနှင့် အမူအရာများကို ရုပ်သိမ်းလိုက်ပြီး သူ၏ အရှေ့မှ ညီအစ်ကို နှစ်ယောက်ဖြစ်သော တန်ကျွင်းနှင့် လေကျဲတို့ကိုသာ ကြည့်နေခဲ့လေသည်။

## စာစဉ် ၆၇ : အပိုင်း ၁၂

## အပိုင်း ၁၃၈၂ : အောင်မြင်သော ရလဒ်နှင့် မအောင်မြင်သော ရလဒ်

တန်ကျွင်းသည် လေကဲ့အား ကြည့်၍ သာမန်သာ မေးလိုက်၏။ "ဘယ်လိုနေလဲ... အစ်ကိုကြီးလေ"

တူညီစွာ တောက်ပသော သူ့ရဲ့ကောင်း လူငယ်နှစ်ယောက်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင်ကာ ရပ်နေကြသည်။ သူတို့သည် ဖြည်းဖြည်းချင်း ကြီးပြင်းလာကြပြီ ဖြစ်၍ သူတို့ငယ်စဉ်က ပုံစံများနှင့် မတူကြတော့သော်လည်း သူတို့၏ ရုပ်ရည်သွင်ပြင်များသည် ဆင်တူနေကြဆဲ ဖြစ်ကာ အခြားသူများက သူတို့အား တစ်ချက်

ကြည့်လိုက်လျှင်ပင် နီးစပ်စွာ
ဆွေမျိုးတော်စပ်သည်ကို သိနိုင်ကြပေသည်။

လေကျဲသည် တန်ကျွင်းအား ကြည့်၍ သူ၏
အကြည့်သည် လေးနက်လာခဲ့သည်။
"နံပါတ်ခြောက် ညီလေးတန်"

သူတို့၏ အသက် အကွာအခြားကြောင့်
တန်ကျွင်းနှင့် လေကျဲတို့သည် အချင်းချင်း
'နံပါတ်ခြောက် ညီလေးတန်' နှင့် 'အစ်ကိုကြီးလေ'
ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။

သူတို့၏ ခေါ်ဝေါ်ပုံကို ကြည့်ရခြင်းအားဖြင့်ပင် သူတို့အား ကွဲပြားခြားနားစွာ အဆက်ဆံခံရပုံများကို အခြားသူများ အနေဖြင့် ပြောနိုင်ကြမည် ဖြစ်သည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ 'ထျန်းချန် မာစတာ'နှင့် လေမိသားစု၏ 'မိုးပြာရောင် မိုးကြိုးမာစတာ' တို့၏ အကြားမှ ဂုဏ်သတင်း ခြားနားမှုများသည် ငယ်စဉ်ဘဝနှင့် ယှဉ်လိုက်လျှင် လုံးဝကို ပြောင်းပြန် ဖြစ်သွားခဲ့သည်။

ထျန်းချန် မာစတာ ဖြစ်သော တန်ကျွင်းသည် ရှောင်ယန်၏ ပထမတပည့် ဖြစ်ကာ ရှောင်ယန်ကလည်း လင်းဖုန်း၏ ပထမတပည့် ဖြစ်၏။ သူသည် ငရဲမီး ချောက်ကမ်းပါး၏ အထူးချွန်ဆုံး ဆက်ခံသူ ဖြစ်ကာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက်
တစ်ခုလုံးတွင် အပြောင်မြောက်ဆုံး သူများအနက်
တစ်ယောက် ဖြစ်သည်။

သူသည် သဘာဝ အန္တိမ စိတ်ဝိညာဉ် တာဝါကို
ဖန်ဆင်းနိုင်ခဲ့ကာ သဘာဝ အန္တိမ လုံခွက်ကို
ဖော်ဆောင်နိုင်ခဲ့သည်။ ထူးခြားဆန်းကြယ်သော
မြင်ကွင်းရှိသည့် ခရမ်းရောင် ဆေးလုံးကိုလည်း
ရရှိနိုင်ခဲ့ကာ အခြေတည်ဝိညာဉ် အဆင့်သို့
ရောက်ရှိသွားသော အခါ သူ၏ကိုယ်ပိုင်
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို
မွေးဖွားနိုင်ခဲ့၍ ကမ္ဘာတစ်ခုလုံးအား အံ့သြ
တုန်လှုပ်စေခဲ့သည်။

သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင်သာ ရှိနေစဥ်က ယခင် မျိုးဆက်က လူများအတိုင်း သူ့ဆရာ၏ ဂုဏ်ယူဖွယ်ရာ မှတ်တမ်းကို လိုက်မီနိုင်ခဲ့သည်။ သူသည် တစ်ယောက်ချင်း တိုက်ပွဲတစ်ခုတွင် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ဂရန်းမာစတာ တစ်ယောက်အား အသေတိုက်ခိုက်နိုင်ခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင်လည်း သူ၏ စွမ်းဆောင်ရည်များသည် တူညီစွာ ထူးချွန် ပြောင်မြောက်လှသည်။ အခြား အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများနှင့် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အချို့ကပင် အထင်ကြီး လေးစားခဲ့ရသည်။

သူသည် ပြင်ပကမ္ဘာနှင့် သူ၏ ရန်သူများကို မာကြော ခက်ထန်စွာ ဆက်ဆံတတ်သော်လည်း သူ့ဂိုဏ်းမှ အခြား အဖွဲ့ဝင်များအား အမြဲတမ်း ခင်မင်ရင်းနှီး နွေးထွေးစွာ ဆက်ဆံခဲ့သည်။ သူသည် ငရဲမီး ချောက်ကမ်းပါး အတွင်း၌သာ မကပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုလုံးမှ လူငယ်မျိုးဆက် တစ်ခုလုံး၏ လေးစားခြင်းကို ခံခဲ့ရသည်။ သူသည် အခြား အင်အားစုနှင့် ဂိုဏ်းများကို ဆက်ဆံရာတွင်လည်း သင့်တော်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို စတင်တည်ဆောင်ခဲ့စဉ် အကာန့်အသတ် ရှိခဲ့သော အစပိုင်း နေ့များက ကျော်လွန်ခဲ့ပြီ ဖြစ်ပြီး

လူသားကျင့်ကြံမှု ကမ္ဘာအတွင်းမှ လူအများက စတင်၍ ခန့်မှန်းနိုင်ခဲ့ကြပြီ ဖြစ်သည်။

ရှောင်ယန်နှင့် ဇူရီတို့ အပြီးတွင် အကယ်၍ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်မှုသည် ဒုတိယမျိုးဆက်တို့၏ လက်အတွင်းသို့ ကျရောက်လာပါက ဂိုဏ်းခေါင်းဆောင် နေရာကို ဆက်ခံနိုင်မည့်သူများမှာ ငရဲမီး ချောက်ကမ်းပါးမှ တန်ကျွင်းသို့မဟုတ် ကောင်းကင်ဘုံကျောင်းမှ ယန်တီပင် ဖြစ်ပေလိမ့်မည်။

တောက်ယုတင်းနှင့် လင်းတုန်တို့သည် ကျင့်ကြံမှုအဆင့် ပိုမြင့်ကာ ကျိုးယွင်ချုံးနှင့် ဟန်ရန်တို့သည် တန်ကျွင်းနှင့် တူညီသော ဂုဏ်သတင်းနှင့် စံနှုန်းများကို ပိုင်ဆိုင်ထားကြသည်။

သို့သော်လည်း တောက်ယုတင်း၊ လင်းတုန်နှင့် ကျိုးယွင်ချုံးတို့သည် သူတို့၏ ကိုယ်ပိုင်စရိုက်များကြောင့် မမျှော်မှန်းထားသော အခြေအနေများ မဖြစ်လာပါက ဂိုဏ်းခေါင်းဆောင်အဖြစ် သင့်တော်သော ရွေးချယ်မှု မဟုတ်နိုင်ပေ။ ဟွမ်ကျန်းထင်နှင့် ယင်းလော်ရှတို့ကလည်း အတူတူပင် ဖြစ်၏။

ဟန်ရန်နှင့် လျှို့ရှဖုန်းတို့သည် ထိုနေရာကို လုံးဝ စိတ်ဝင်စားခြင်း မရှိပဲ နာမည်တင်သွင်းမှုမှပင် အစောကြီးကတည်းက နှုတ်ထွက်ပြီးသား ဖြစ်သည်။

ကျန်သောသူများ ဖြစ်သည့် လီရှင်းဖေး၊ ကျောက်ဟွမ်၊ တန်ယွင်ချင်းတို့သည် ထူးချွန်သော ပါရမီရှင်များ ဖြစ်၍ သူတို့၏ ဂုဏ်သတင်းသည် နတ်ဘုရားနယ်မြေ တစ်ခုလုံးကို လွှမ်းခြုံနိုင်ခဲ့ပြီ ဖြစ်သည်။ သူတို့သည် ခေါင်းဆောင်ဖြစ်နိုင်သည့် အစွမ်းများ ရှိကြသော်လည်း တန်ကျွင်းနှင့် ယန်တီတို့ကိုတော့ မမီနိုင်ပေ။

တန်ကျွင်းသည် မြဲမြံမာကြောကာ မည်သည့်အခါမှ ထိန်းချုပ်မှု မလွတ်သွားပေ။ ယန်တီသည် သူ၏ ထက်မြက်မှုများကို မပျောက်သွားစေပဲ တည်ငြိမ်အေးဆေးကာ သူတို့နှစ်ဦးအကြားတွင် နောက်ဆုံး၌ မည်သူက အရွေးခံရမည် ဟူသည်မှာ ကြီးမားသော မေးခွန်းတစ်ခု ဖြစ်လာသည်။

အကယ်၍ နောက်ထပ် ဖျက်မြင်းများ
ထက်မပေါ်လာပဲ သူတို့ နှစ်ယောက်စလုံးက
အဆုံးထိ ရှင်သန်နိုင်မည် ဆိုပါက
သူတို့နှစ်ယောက်သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်
တပည့်များအနက် ဂိုဏ်းခေါင်းဆောင် နေရာကို
ဆက်ခံနိုင်ကြပေမည်။

လေကျဲကလည်း ဤနှစ်များ အတွင်းတွင်
မုန်တိုင်းတစ်ခုအလား ကမ္ဘာအတွင်းမှ
နေရာတစ်ခုကို သိမ်းပိုက်နိုင်ခဲ့သည်။ ခွန်းလွန်
စိတ်ဝိညာဉ် အစည်းအဝေးတွင် သူသည်
ချန်းရှင်းယုကို ဒဏ်ရာ ရစေခဲ့ကာ သူ၏ ပါရမီကို
ပြသနိုင်ခဲ့သည်။

ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေး အပြီးတွင် သူသည် ငြိမ်သက်နေခြင်း မရှိခဲ့ပဲ ကြိုးစား ကျင့်ကြံခဲ့ကာ သူ၏ ကျင့်ကြံမှု အဆင့်၊ တိုက်ခိုက်နိုင်စွမ်းနှင့် ဂုဏ်သတင်းတို့သည် ယခင်ကထက် များစွာ တိုးတက်လာခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းရှိ လူငယ်မျိုးဆက်မှ အစွမ်းထက်သော သူများ အနက် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ထံမှ ပါရမီရှင် လူငယ်များ၏ လွှမ်းမိုးခြင်းကို မခံရသူမှာ အနည်းငယ်သာ ရှိ၍ လေကျဲသည် ထိုစာရင်းအတွင်း၌ ထိပ်ဆုံးတွင် ရှိနေသည်။

သို့သော်လည်း တန်ကျွန်း၏ ဂုဏ်သတင်းနှင့် တောက်ပမှုများနှင့် ယှဉ်လျှင် လေကျဲသည် အရောင်အဆင်း ကင်းမဲ့နေသည်ဟု ထင်နေရသည်။

သူသည် လုံလောက်အောင် မထူးချွန်သောကြောင့် မဟုတ်ပဲ တန်ကျွင်းသည် အမတန်မှ အစွမ်းထက်လှသောကြောင့် ဖြစ်သည်။

တန်ကျွင်းသည် လေကျဲ၏ ပြီးပြည့်စုံသော ဘဝ၏ တစ်ခုတည်းသော အစွန်းအထင်း တစ်ခုအဖြစ် အသတ်မှတ် ခံထားရသူ ဖြစ်ကာ တန်ကျွင်းသည် သူနှင့် ကွဲပြားခြားနားသော ကမ္ဘာတစ်ခုတွင် နေထိုင်သူ ဖြစ်သည်။ တန်ကျွင်းက သူ့အား ကျော်တက်သွားနိုင်ခြင်းသည် မာနကြီး၍

မောက်မာသော လေကျဲအတွက် ကြီးမားသော အရှက်ရစရာ တစ်ခု ဖြစ်ခဲ့သည်။

တန်ကျွန်းသည် လေကျဲအား တည်ငြိမ်သော မျက်လုံးအစုံဖြင့် ကြည့်နေကာ သူ၏ အောင်မြင်မှုများအား ဝင့်ကြွားနေသည့်ပုံ ပေါက်မနေချေ။

တန်ကျွင်းသည် ဤနှစ်များ အတွင်းတွင် အပင်ပန်းခံ၍ ကြိုးစားရုန်းကန်ခဲ့ကာ မရပ်တန့်နိုင်အောင် တိုးတက်လာခဲ့သည်။ သို့သော်လည်း သူ၏ အောင်မြင်မှုများ အပေါ်၌ သာယာမနေပဲ အချိန်နှင့် အမျှ သူ့ကိုယ်သူ နောက်ထပ် ပိုမိုကြီးမြတ်သော အရာများကို

ဆက်လက် စွမ်းဆောင်နိုင်စေရန်
သတိပေးနေခဲ့သည်။

သူသည် ရှင်လန်းအားရသော ခံစားချက်များကို
မပစ်ပယ်ထားသော်လည်း မာန အလွန်အမင်း
ကြီးခြင်း မရှိခဲ့ပဲ သူ၏ အိမ်မက်များကို
အကောင်အထည် ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။ သူသည်
ယခင်မှ အနှုတ်သဘော ဆောင်သော
ခံစားချက်များကို မစဥ်းစားတော့ပဲ
အချိန်ကြာလာသည်နှင့် အမျှ သူ၏ စွမ်းရည်
တိုးတက်လာသော အခါ ထိုခံစားချက်များက
တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားခဲ့သည်။

ထို့ကြောင့် သူ၏အရှေ့မှ လေကဲ့အား
အေးဆေးတည်ငြိမ်သော စိတ်ခတ်ဖြင့်
ရင်ဆိုင်နိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ဤအရာသည် သူ့အနေဖြင့်
ယခင်တွင် ဖြစ်ပျက်ခဲ့သည့် အရာများကို
မေ့ပျောက်သွားပြီဟု ဆိုလိုနေခြင်း မဟုတ်ပေ။
ကျေးဇူးရှိလျှင် ပြန်ဆပ်ရမည် ဖြစ်ပြီး ရန်ငြိုးရှိလျှင်
လက်စားပြန်ချေရမည် ဖြစ်သည်။ ဤအရာသည်
တန်ကျွင်း လုပ်နေကျ အရာများ ဖြစ်သည်။

"အစ်ကိုကြီးလေ... ခင်ဗျားက ကျုပ်တို့ရဲ့
ဖခင်ကြောင့် ကျုပ်ကို အမြဲတမ်း အထင်သေး
မုန်းတီးခဲ့တယ်... လေမိသားစုကလည်း
ဒီအတွက်ကြောင့် ကျုပ်ကို အမျက်ထွက်ခဲ့တယ်...

တချို့လူတွေက ကျုပ်ကို အရှက်ရအောင် လုပ်ပြီး ပြဿနာ ရှာခဲ့တယ်… ဒါတွေက ခင်ဗျားရဲ့ ခွင့်ပြုချက်ကြောင့် ဒါမှမဟုတ် ခင်ဗျားရဲ့ သွေးထိုးပေးခြင်းကြောင့်တောင် ဖြစ်နိုင်တယ်"

"တကယ်လို့ အခြေအနေတွေက အနည်းငယ် ပြောင်းသွားခဲ့ရင် ကျုပ်က ခင်ဗျားရဲ့ လက်အတွင်းမှာ သေဆုံးသွားနိုင်တယ်"

"ကျုပ်က ဒီကိစ္စတွေကို မမေ့သေးဘူး… ရန်ငြိုးတွေ အားလုံးဟာ ပစ်မှတ်တစ်ခု ရှိပြီး အကြွေးတွေ အားလုံးမှာ ကြွေးရှင်တစ်ယောက် ရှိတယ်… ဒါကြောင့်မို့ ကျုပ်တို့နှစ်ယောက် အကြားက စာရင်းတွေကို တစ်ခုချင်း ရှင်းရလိမ့်မယ်"

"စိတ်ရှည်မှုနဲ့ မြင့်မြတ်တဲ့ နှလုံးသား ရှိခြင်းဟာ သည်းခံမှုနဲ့ လူယုတ်မာ တစ်ယောက်ကို မွေးမြူရမယ်လို့ မဆိုလိုဘူး... ရန်ကြွေးကို ကြင်နာမှုနဲ့ ပြန်ဆပ်ရမယ်ဆိုရင် ကြင်နာမှုကိုရော ဘာနဲ့ ပြန်ပြီးမှ ပေးဆပ်ရမှာလဲ" တန်ကျွင်း၏ အမူအရာသည် တည်ငြိမ်နေ၍ ဆက်ပြောလိုက်သည်။

"လေမိသားစုဟာ ကျုပ်အပေါ်မှာ အထင်သေးပြီး အမျက်ဒေါသတွေကို ဖောက်ခွဲခဲ့ပေမဲ့ အနည်းဆုံးတော့ အရာအားလုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့ပြီး အကြောင်းရင်းက သိသာနေတယ်"

တန်ကျွင်းက လေကျဲကို ကြည့်နေပြီး ဆက်ပြောလိုက်သည်။ "ကျုပ်က ကျုပ်အဖေရဲ့ နေအိမ်ဟောင်းကနေ ထွက်ခွာလာတဲ့ အချိန်မှာ လေမိသားစုဟာ အသည်းအသန် လိုက်ဖမ်းခဲ့ပြီး ကျုပ်ကို အသေရရ အရှင်ရရ ခေါ်ပြန်လာရမယ်လို့ အမိန့်ထုတ်ထားတာကိုတောင် ကြားခဲ့ရသေးတယ်"

"လေမိသားစုရဲ့ ကျုပ်ကို ဖမ်းခေါ်လိုတဲ့ ရည်ရွယ်ချက်ဟာ ကျုပ်ဖခင်နဲ့ ပတ်သတ်နေမှာ ဖြစ်ပြီး သူ့ရဲ့ နေအိမ်ဟောင်းက ဝက်ပါနဲ့ ကျုပ်ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပြောင်းလဲမှုနဲ့ ဆက်စပ်နေရမယ်"

"ဒါပေမဲ့ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကိုသတ်ဖို့ ကိုယ်တိုင်ကိုယ်ကျ ထွက်လာခဲ့ရတာလဲ…

အစ်ကိုကြီးလေ... ခင်ဗျားက ကျုပ်ကို အမြဲတမ်း အထင်သေးပြီး စက်ဆုပ်နေခဲ့တယ်... ခင်ဗျားဟာ အဲ့ဒီအချိန်က ထိန်းချုပ်မှု ကင်းလွတ်သွားပြီး ခင်ဗျားရဲ့ စိတ်ကျေနပ်မှု ရနိုင်အောင် ကျုပ်ကို တစ်ခါတည်း သတ်ပစ်ချင်နေခဲ့တယ်"

"အဲ့ဒီအချိန်တုံးက ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို မဝင်ရသေးဘူး... ကျုပ်ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းမှုက ပြောင်းသွားပေမဲ့ ကျုပ်ဟာ အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးတယ်... ခင်ဗျားက ဘာဖြစ်လို့ ရုတ်တရက် ထိန်းချုပ်မှု ကင်းလွတ်သွားခဲ့ရတာလဲ"

လေကျဲသည် ငြိမ်သက်သွား၍ တန်ကျွင်း၏ မေးခွန်းကို သုံးသပ်နေခဲ့သည်။ သူ၏ မျက်လုံးများ

အတွင်းတွင် လွှန်ခဲ့သော နှစ်များက
အမျက်ဒေါသများက ပြန်လည်
ပေါ်ပေါက်လာသကဲ့သို့ ဖြစ်လာသည်။

ထိုစာရွက် အပိုင်းအစများ အပေါ်တွင်
သူတွေ့ခဲ့သော စကားလုံးများက သူ၏
စိတ်အတွင်းတွင် ထပ်ဖန်တစ်ခါ
ပေါ်လာကြပြန်သည်။

"ကျရှုံးသွားတဲ့ ပထမ ရလဒ်နဲ့ ယှဉ်လိုက်ရင် ဒုတိယ
တစ်ယောက်က အောင်မြင်သွားပြီ..."

"ပထမ... ကျရှုံးတဲ့ ရလဒ်... ဒုတိယ...
အောင်မြင်တဲ့ ရလဒ်..."

တန်ကျွင်းအား အမျက်ဒေါသဖြင့် လက်စားချေရန် ကိုယ်တိုင်ထွက်၍ တိုက်ခိုက်ခဲ့ပြီးနောက်တွင် လေကျဲ၏ စိတ်အခြေအနေသည် ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာခဲ့သည်။

သူသည် ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေး အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နယ်နိမိတ် အတွင်းသို့ ရောက်ရှိနေကာ တန်ကျွင်းကလည်း ခွန်းလွန်တောင်သို့ ရောက်နေမှန်းကို သိခဲ့သော်လည်း သူ၏စိတ်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

ဤနှစ်များ အတွင်းတွင် လေကျဲအနေဖြင့် သူ၏ ဘဝ ရည်မှန်းချက်အား သူသည် တန်ကျွင်းထက် ပိုမို

သန်မာသည်ဟု သက်သေပြနိုင်ရန်
ပြောင်းလဲခဲ့သည်။ ဤအရာသည် သူသည်
သူ့ကိုယ်သူ သက်သေပြနိုင်ရန် အပြင်းအထန်
ကြိုးစားခဲ့ခြင်း၏ အကြောင်းရင်းပင် ဖြစ်သည်။

သို့သော်လည်း အရာအားလုံးသည် လူ့စိတ်တိုင်းကျ
ဖြစ်လာခြင်း မဟုတ်ချေ။ တန်ကျွင်းသည်
အဆပေါင်းများစွာ တိုးတက်လာကာ သူ၏ စွမ်းအား
မြင့်တက်လာမှုသည် လေကျဲထက်စာလျှင်
များစွာပို၍ မြန်ဆန်သည်။ တန်ကျွန်းသည် သူ့အား
တဖြည်းဖြည်းနှင့် လိုက်မီလာကာ နောက်ဆုံးတွင်
ကျော်ပင် ကျော်တက်သွားနိုင်ခဲ့သည်။

ယနေ့တွင် သူတို့သည် မျက်နှာချင်းဆိုင်
ပြန်တွေ့ခဲ့ကြရာ လေကျဲ လွန်ခဲ့သော နှစ်များက

ရှာဖွေ တွေ့ရှိခဲ့သော အမှန်တရားကြောင့်
ပေါ်ပေါက်လာသည့် သူ၏ ရင်အတွင်းမှ
ပြင်းထန်သော အမျက်တရားများသည်
ထပ်ဖန်တစ်ခါ ပေါ်ထွက်လာခဲ့သည်။

သူက အေးစက်စွာဖြင့် ပြောလိုက်သည်။
"အခုအချိန်မှာ ဒါတွေပြောနေလို့ ဘာထူးမှာလဲ"

တန်ကျွင်း၏ အမူအရာသည် ယခင်ကဲ့သို့
တည်ငြိမ်နေဆဲပင် ရှိသေးသည်။ "မင်းကငါ့ကို
ပြောပြမှာ မဟုတ်ဘူးလား"

လေကျဲသည် ခေတ္တမျှ စဉ်းစားလိုက်ကာ
သူ၏ခေါင်းကို ဖြည်းညင်းစွာဖြင့် ညိတ်လိုက်သည်။

"ဟုတ်ပြီ... မင်းပြောတာ မှန်တယ်... ငါကမင်းကို ပြောပြမယ်... ငါတို့က ဘယ်လောက်အထိ သနားစရာ ကောင်းခဲ့သလဲ ဆိုတာကို ပြောပြမယ်"

သူသည် လေမိသားစု၏ ခေါင်းဆောင်ဖြစ်သော လေလေဘက်သို့ လှည့်၍ ပြောလိုက်သည်။ "အဘိုး"

လေလေသည် ငြိမ်သက်နေဆဲပင် ရှိသေးကာ လက်တစ်ချောင်းကို လှုပ်လိုက်ရာ လျှပ်စီးသွား တစ်ခုက ရှောင်ယန်နှင့် တန်ကျွင်းတို့ အရှေ့သို့ လွင့်မျောလာခဲ့သည်။ ထိုလျှပ်စီးသွား အတွင်းမှနေ၍ ထူးခြားသော အလင်းတန်းများ လင်းလက်လျက်ရှိကြ၏။

ထိုလျှပ်စီးသွားသည့် လေလေ၏ မှော်စွမ်းအင်ဖြင့် ဖန်ဆင်းထားခြင်း ဖြစ်ကာ သူ့အတွင်းမှ စီးဆင်းနေသော အလင်းတန်းများကို ထိန်းသိမ်းနိုင်ရန် အသုံးပြုထားခြင်း ဖြစ်သည်။ ရှောင်ယန်သည် သူ၏လက်ကို ဆန့်တန်းလိုက်၍ လျှပ်စီးသွား အတွင်းရှိ စီးဆင်းနေသော အလင်းတန်းများ အတွင်းမှ သတင်း အချက်အလက်များကို ထုတ်ယူလိုက်သည်။

သူသည် ထိုအချက်အလက်များကို ကြည့်ပင်မကြည့်ပဲ တန်ကျွင်း၏ အသိစိတ်အတွင်းသို့ အရင် ပို့လိုက်သည်။ သူသည် ထိုအရာများကို စိတ်ဝင်စားနေသည့်ပုံပင် မပေါ်ပဲ တန်ကျွင်းအနေဖြင့် ထိုအရာများကို

မကိုင်တွယ်နိုင်မည်ကိုလည်း စိုးရိမ်နေသည့်ပုံ မပေါ်ချေ။

တန်ကျွင်းသည် ရှောင်ယန်အား နှုတ်ဆက်ပြီးမှ သူ၏ မျက်လုံးအစုံကို မှိတ်လိုက်ကာ သူ့အသိစိတ် အတွင်းသို့ ဝင်ရောက်လာသည့် ထိုသတင်း အချက်အလက်များကို ကြည့်ရှုလိုက်သည်။

ထိုအရာသည် တစ်စုံတစ်ယောက်၏ လက်ကျန် အသိစိတ်များ ဖြစ်ကာ မှော်စွမ်းအင်ဖြင့် ပြန်လည် ထိန်းသိမ်းထားခြင်း ဖြစ်သည်။ သို့သော်လည်း များစွာ ပျက်စီးနေခဲ့ပြီ ဖြစ်သဖြင့် မူလ ပုံရိပ်များကို ကြည့်ရှုနိုင်ခြင်း မရှိတော့ပဲ အသံတစ်ခုကိုသာ ကြားနိုင်ခဲ့သည်။

"ငါသိသားပဲ… ငါအောင်မြင်ခဲ့ပြီ… မေးခွန်းထုတ်စရာ မလိုဘူး… ပထမ တစ်ခေါက်လိုမျိုး ကျရှုံးတော့မှာ မဟုတ်ဘူး"

"မအောင်မြင်ခဲ့တဲ့ ပထမ ရလဒ်နဲ့စာရင် ဒုတိယ တစ်ယောက်က အောင်မြင်သွားခဲ့ပြီ… ငါက ဒါကို အရင်းအမြစ်နဲ့ စွမ်းအင်တွေ မျှော်မှန်းထားတာထက် အများကြီး လျော့နည်းစွာနဲ့ပဲ အသုံးပြုခဲ့ရတယ်"

"ဒါပေမဲ့ ငါက လေမိသားစုနဲ့ ဆက်နေလို့ မဖြစ်တော့ဘူး… ငါက သူတို့ရဲ့ ဖော်ထုတ်မှုကို ခံရနိုင်တယ်"

ထိုအသံမှာ သက်လတ်ပိုင်း လူကြီးတစ်ယောက်၏ အသံဖြစ်၍ သူ၏ လေသံတွင် ဝမ်းသာအားရ ကျေနပ်မှု အချို့ပါနေသည်။ တန်ကျွင်းသည် ထိုအသံကို မမှတ်မိသော်လည်း ထိုအသံပိုင်ရှင်သည် သူနှင့် လေကျဲတို့၏ ဖခင်ဖြစ်သူ တန်ဝန်ဟွာ ဖြစ်မှန်းကို ခန့်မှန်းနိုင်ခဲ့သည်။

စကားအချို့တို့ဖြင်ပင် အားလုံးတို့အား လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘာဖြစ်ခဲ့သနည်း ဟူသည်ကို ခန့်မှန်းစေနိုင်ခဲ့သည်။

ကျရှုံးသွားသော ပထမ တစ်ယောက် ဟူသည်မှာ လေကျဲကို ဆိုလိုနေခြင်း ဖြစ်၍ အောင်မြင်သွားသော ဒုတိယ တစ်ယောက် ဟူသည်မှာ တန်ကျွင်းကို ဆိုလိုနေခြင်း ဖြစ်၏။

သို့သော်လည်း တန်ကျွင်းသည် တန်ဝန်ဟွာ၏ လေသံတွင် ဖခင်မေတ္တာ ခံစားချက် တစ်စွန်းတစ်စကိုမှ မခံစားခဲ့ရပေ။ ပျော်ရွှင်ဝမ်းမြောက်နေသော ခံစားမှုသည် သူ့ကလေးများကို ချစ်မြတ်နိုးခြင်းကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပဲ သူအောင်မြင်သွားခြင်းကြောင့်သာ ဖြစ်သည်။

ထိုအသံသည် လေကျဲနှင့် တန်ကျွင်းတို့အား သူ၏ သားနှစ်ယောက်အဖြစ် ဆိုလိုနေခြင်း မဟုတ်ပဲ ရလဒ်နှစ်မျိုး အဖြစ်သာ ဆိုလိုနေခြင်း ဖြစ်သည်။ တစ်ယောက်မှာ ကျရှုံးသွား၍ တစ်ယောက်မှာ အောင်မြင်သွားခဲ့သည်။

သူ၏ ဝမ်းသာအားရနေမှုသည် အေးစက်မှုများ ပါနေ၍ ကြားရသူ၏ ကျောရိုးများအတွင်းတွင် စိမ့်သွားစေခဲ့သည်။

"သူ့ကို ဖော်ထုတ်မှာ စိုးရိမ်နေတယ်... သူက ဘယ်သူ့ကို ဆိုလိုနေတာလဲ... လေမိသားစုကို ဆိုလိုနေတာနဲ့ မတူဘူး" တန်ကျွင်းသည် မျက်မှောင်များကို ကြုတ်လိုက်ကာ သူ၏ စိတ်အတွင်းတွင် အနည်းငယ် နားလည်သွားသကဲ့သို့ ခံစားလိုက်ရသည်။

တန်ဝန်ဟွာသည် လေမိသားစု၏ ရတနာကို ခိုးယူ၍ ပျောက်ကွယ်သွားခြင်းသည် အကြောင်းပြချက် သက်သက်ပင် ဖြစ်ရမည်။ ရတနာကို ယူဆောင်သွားခြင်းသည် သူက လေမိသားစုထံမှ

ထွက်ပြေးသွားခြင်းကို သဘာဝကျစေရန် အကြောင်းပြခြင်း သက်သက်သာ ဖြစ်သည်။

အကယ်၍ ဤသို့ဆိုလျှင် 'သူတို့'ဟူသော လူများသည် လေမိသားစု မဟုတ်ပဲ အခြားလူများသာ ဖြစ်ရမည်။

တန်ဝန်ဟွာသည် သူ့ကိုယ်သူ သေချင်ယောင်မဆောင်ပဲ လေမိသားစု၏ ရတနာကို ယူ၍ ထွက်ပြေးသွားခဲ့သည်။ သူ့တွင် အခြား အကြောင်းရင်းများ ရှိနိုင်သေးသော်လည်း တန်ကျွင်း၏ လက်ရှိ သတင်း အချက်အလက်များဖြင့် ခန့်မှန်းနိုင်မည် မဟုတ်ပေ။

တန်ကျွင်းသည် လေလေနှင့် လေကျဲတို့အား
လှမ်းကြည့်လိုက်ရာ လေလေက နောက်ဆုံးတွင်
ပြောလိုက်သည်။ "မင်းက တန်ဝန်ဟွာရဲ့
နေရာဟောင်းကနေ ထွက်ခွာသွားတဲ့ အချိန်မှာ
ငါက အဲ့ဒီနေရာကို ကိုယ်တိုင်ကိုယ်ကျ
သွားကြည့်ပြီး အသေအချာ ရှာဖွေခဲ့တယ်...
မဟာကျိုး အင်ပါယာက
တော်ဝင်နန်းတော်ကိုတောင် အသုံးပြုခဲ့ပြီး
ဒီလက်ကျန် အသိစိတ်ကို ပြန်လည်
ရှာဖွေနိုင်ခဲ့တယ်"

## စာစဥ် ၆၇ : အပိုင်း ၁၃

# အပိုင်း ၁၃၀၃ : ကံကောင်းမှု ရှိရှိ မရှိရှိ၊ ငါ့လမ်းကြောင်းကို မယိမ်းယိုင်တဲ့ စိတ်ခ‌ောတ်နဲ့ ဆက်သွားမယ်

ရှောင်ယန်သည် လေလေ စကားပြောနေစဉ်တွင် ထိုအသံကို သေချာစွာ စစ်ဆေးခဲ့ပြီး ဖြစ်သည်။ သူ၏ အမူအရာသည် လုံး၀ မပြောင်းခဲ့ပဲ ထိုနေရာတွင် မရွေ့လျားပဲနှင့်သာ ထိုင်နေခဲ့သည်။

တန်ကျွင်းသည် လေလေအား ခေါင်းညိတ်ပြလိုက်ပြီး လေကျဲထံသို့ ပြန်ကြည့်လိုက်သည်။ "တကယ်လို့ ငါက လက်ကျန် အလင်းတန်း ပုံရိပ်တွေကို မကြည့်ခဲ့ရရင် သူက ဘယ်ပုံဆိုတာကိုတောင် သိမှာမဟုတ်ဘူး…

ငါနဲ့သူနဲ့ ဆက်ဆံရေးကလည်း အမတန်မှ တိမ်ပြီး ဘာသံယောဇဥ်မှလည်း မရှိဘူး"

"ငါမွေးလာကတည်းက သူဟာ ငါ့ခံစားခဲ့ရတဲ့ ဒုက္ခဆင်းရဲနဲ့ အရှက်ရမှုတွေ အားလုံးရဲ့ အကြောင်းရင်းပဲ"

တန်ကျွင်းသည် ခေတ္တမျှ ရပ်နား၍ ဆက်ပြောလိုက်သည်။ "ငါ့အပေါ်မှာ မေတ္တာထားတဲ့ တစ်ဦးတည်းသောသူက အမေပဲ... သူမဟာ သူမရဲ့ ခင်ပွန်းက မိသားစု ရတနာကို ခိုးယူ ထွက်ပြေးသွားတဲ့ အတွက် စိတ်ထိခိုက် ကြေကွဲပြီး အစောကြီး သေဆုံးသွားခဲ့တယ်... သူမဟာ ငါတို့ကို ချန်ရစ်သွားခဲ့တာ အကြာကြီး ရှိပြီ"

"ဒါပေမဲ့ ငါနဲ့ အဖေရဲ့ အကြားမှ သွေးသား တော်စပ်မှုကလွဲလို့ တခြား ဘာသံယောဇဉ်မှ မရှိတဲ့ အတွက် သူနဲ့ပတ်သတ်ရင် အမျက်ဒေါသ အစား ရွံရှာ စက်ဆုပ်မှုသာ ရှိနေတယ်"

"ဒါပေမဲ့ မင်း... မင်းက သူမသွားခင်မှာ ကိစ္စတွေကို မှတ်မိနိုင်လောက်အောင် အသက်ကြီးနေပြီ... သူက လေမိသားစုကို လက်ထပ်ပြီး ဝင်ရောက်လာကာ အားလုံးကို လှည့်စားခဲ့တယ်... မင်းနဲ့သူ့ရဲ့ အကြားမှာ သံယောဇဉ် အတိုင်းအတာ တစ်ခုအထိ ရှိနိုင်ပြီး သားအဖ ဆက်ဆံရေးဟာ ပျော်ရွှင်မှုတွေနဲ့ ပြည့်နေခဲ့လိမ့်မယ်"

ထို့ကြောင့်ပင် လေကျဲသည် တန်ဝန်ဟွာက
ရတနာကို ခိုးယူပြီး ထွက်ပြေးသွားသော အခါ
အကြီးအကျယ် စိတ်ထိခိုက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သူသည် တစ်ယောက်တည်း အထီးကျန်နေ၍
သူမ၏ မိခင်ကို တမ်းတ လွမ်းဆွတ်နေသည့် အခါ
လေကျဲအနေဖြင့် တန်ကျွင်းတွင် ပြောမပြနိုင်သော
ပြဿနာများကို ရင်ဆိုင်နေရသည်ကို
တွေးမိပါ၏လော။

အမှန်တရားကို သိရှိခဲ့သော အခါ လေကျဲအနေဖြင့်
အလိမ်ခံခဲ့ရသည်ဟု ခံစားခဲ့ရကာ
ဖော်မပြနိုင်အောင် အမျက်ထွက်ခဲ့၍
အရှက်ရခဲ့သည်။

အထူးသဖြင့် သူသည် တန်ဝန်ဟွာ၏ မျက်လုံးအတွင်းတွင် ထုတ်ကုန်တစ်ခု အဖြစ်သာ အသတ်မှတ်ခြင်း ခံခဲ့ရ၍ ကျရှုံးခဲ့သော ထုတ်ကုန်ပင် ဖြစ်ခဲ့သေးသည်။ သူသည် အစမ်းသပ်ခံ တစ်ခုသာ ဖြစ်၍ တန်ကျွင်းသည် အောင်မြင်သော ထုတ်ကုန်တစ်ခု ဖြစ်ခဲ့သည်။

အမြဲတမ်း မာနကြီး၍ မောက်မာသော လေကျဲသည် ဤအကြောင်းကို သိခဲ့ရသော အခါ အဘယ်မှာ အမျက်မထွက်ပဲ ရှိပါအံ့နည်း။ သူသည် လုံးဝကို စိတ်ထိန်းချုပ်မှု ကင်းလွတ်သွားကာ သူ၏ အမျက်ဒေါသများသည် တန်ကျွင်းအပေါ်သို့ ပုံကျသွားခဲ့သည်။

"တော်လောက်ပြီ… ပါးစပ်ပိတ်တော့" လေကျဲသည် သူ၏အရှေ့တွင် ရှောင်ယန်နှင့် လေလေတို့ ရှိနေသည်ကိုပင် ဂရုမစိုက်နိုင်တော့ပဲ တန်ကျွင်းထံသို့ စူးစိုက်ကြည့်ကာ ဟိန်းဟောက်လိုက်သည်။

တန်ကျွင်းနှင့် အတော်ဆင်တူနေသော ထိုမျက်နှာသည် စတင်၍ တွန့်လိမ်လာခဲ့သည်။

လေကျဲသည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်ကာ သူ၏ ခံစားချက်များက ဤကဲ့သို့ အထိန်းအကွပ် မဲ့သွားခြင်းမှာ ရှားပါးသည်။ သို့သော်လည်း သူ၏ စိတ်သည် အေးချမ်းတည်ငြိမ်နေရန် နည်းလမ်းမရှိပေ။

တန်ကျွင်းသည် သူ့အား တည်ငြိမ်စွာ စိုက်ကြည့်နေရင်း သူ၏ခေါင်းကို ခါလိုက်သည်။ "ငါကမင်းကို တမင်သက်သက် အရှက်ရအောင် လုပ်နေခဲ့တယ်လို့ ထင်နေတာလား"

"ငါက မင်းနဲ့ ရှင်းရမယ့် အကြွေးတွေရှိတယ်... ဒါပေမဲ့ ငါကမင်းကို အရှက်ရအောင် လုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ဝင့်ကြွားနေဖို့ ရည်ရွယ်ချက် မရှိဘူး... ငါတို့က ကျရှုံးတဲ့သူပဲ ဖြစ်ဖြစ် အောင်မြင်တဲ့သူပဲ ဖြစ်ဖြစ် သူ့ရဲ့ အသွေးအသားလို့ သတ်မှတ်လို့ မရဘူး... ငါတို့နဲ့ သူ့ရဲ့အကြားမှာ ဘာသံယောဇဉ်မှ မရှိဘူး"

"ဒါပေမဲ့ ငါ့ရဲ့ မီးသခင် ခန္ဓာကိုယ်က သူ့ကြောင့် ရထားတာ ဖြစ်လို့ ကျေးဇူးတော့ တင်ရဦးမယ်... ဒါက ငါ့ရဲ့ ကျင့်ကြံမှု လမ်းကြောင်းကို အတော် ချောမွေ့သွားစေတယ်... ဒါပေမဲ့ သူ့ကြောင့်ပဲ ငါက ပြဿနာတွေနဲ့ ကံမကောင်းမှုတွေ များစွာကို ခံစားခဲ့ရတယ်"

တန်ကျွင်းသည် သူ၏လက်ကို အရှေ့သို့ ဆန့်တန်းပြီး လက်ဝါးများကို ဖြန့်လိုက်ကာ သူ့လက်ဖဝါး၏ အလယ်မှ ပုံစံများကို ကြည့်၍ ပြောလိုက်သည်။

"ငါက ဒီစကားတွေကို ကြားရအပြီးမှာ အတွေးတစ်ခု ပေါ်လာတယ်... ငါက ကျင့်ကြံမှု လမ်းကြောင်းမှာ ကြိုးကြိုးစားစား လေ့ကျင့်ခဲ့ပြီး

ငါ့ရဲ့ ကျင့်ကြံမှုဟာ ပိုမြင့်လာကာ ငါ့ရဲ့ စွမ်းအားတွေကလည်း တိုးတက်လာခဲ့တယ်… ငါက ဒီကနေ့မှာ တစ်စုံတစ်ရာကို စွမ်းဆောင်နိုင်စွမ်း ရှိနေခဲ့ပြီ… ဒါက သူဆိုလိုတဲ့ အောင်မြင်တဲ့ရလဒ် ဆိုတာကို သက်သေပြနေတာလား"

"ငါက အောင်မြင်မှုဟာ သူ့ရဲ့ အောင်မြင်မှုကို မှန်တယ်ဆိုပြီး အတည်ပြုနေတာလား"

"ငါက ဒီကနေ့ နေရာကို ရောက်နိုင်ခဲ့တာက သူက ငါ့အတွက် မီးသခင် ခန္ဓာကိုယ်ကို ဖန်တီးပေးခဲ့လို့လား… ဘာပဲပြောပြော ငါက လေမိသားစု အတွင်းမှ ရှိခဲ့စဉ်က ငါ့ရဲ့ စွမ်းဆောင်မှုတွေက အထင်ကြီးဖွယ်ရာ မရှိခဲ့ဘူး"

တန်ကျွင်း၏ တည်ငြိမ်နေသော မျက်လုံးများသည် လေကျဲ၏ အကြည့်နှင့် ဆုံတွေ့ခဲ့ကာ ပြုံးလိုက်သည်။ "ဒါပေမဲ့ ဒီအတွေးဟာ ခဏလေး အတွင်းမှာပဲ ပျောက်ကွယ်သွားခဲ့တယ်"

"ဒါက သဘာဝ အတိုင်းပဲ ဖြစ်ဖြစ်… အမွေးထုတ်ခံခဲ့ရတာပဲ ဖြစ်ဖြစ်… ငါ့ဆီမှာ မီးသခင် ခန္ဓာကိုယ် ရှိရှိ မရှိရှိ… ဆရာရဲ့ ဂိုဏ်းကို ဝင်နိုင်တာပဲ ဖြစ်ဖြစ် မဖြစ်ဖြစ်… ဒီကနေ့ရဲ့ အောင်မြင်မှုတွေ ရှိရှိ မရှိရှိ… ငါက အမြဲတမ်း ဖွဲလျှော့မှာ မဟုတ်ပဲ ကြိုးစားမှာ ဖြစ်တယ်"

"ငါက ကျင့်ကြံမှု လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းဖို့ ဆုံးဖြတ်ခဲ့ပြီး သူ့အတွင်းက အံ့ဩဖွယ်ရာနဲ့ နက်နဲ သိမ်မွေ့မှုတွေကို

အစွမ်းရှိသလောက် အတတ်နိုင်ဆုံး ရှာဖွေမှာ ဖြစ်တယ်"

"သူ့ရဲ့ အိမ်ဟောင်းအတွင်းမှာ ငါ့ရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းပုံက ပြောင်းလဲသွားခြင်း မရှိခဲ့ရင် ငါက သာမန်လူသာ ဖြစ်နေနိုင်ပြီး ခက်ခဲတဲ့ ဘဝတစ်ခုကိုသာ ရနေနိုင်ပေမဲ့ ငါက ဖွဲ့မလျှော့ပဲ သည်းခံပြီး ရှေ့ဆက်နေမှာပဲ"

ထိုစကားများကို ကြားခဲ့ရသော အခါ လေကျဲ၏ မျက်နှာသည် ရှုံ့မဲ့သွားကာ သူ၏ မျက်လုံးများကို ဖြည်းဖြည်းချင်း မှိတ်လိုက်သည်။

သူကလေးဘဝက မြင်ကွင်း တစ်ခုချင်းစီသည် သူ၏
စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။

လေကျဲသည် မာနကြီးကာ အတ္တ
ကြီးမားသော်လည်း သူသည် ချမ်းသာသော
မိဘများ၏ အလိုလိုက်ခံရသော ကလေးမဟုတ်ပဲ
အလွန်အမင်း စိတ်ကြီးဝင်ကာ
မောက်မာသူတစ်ယောက် မဟုတ်ချေ။

သူသည် ကလေးဘဝကတည်းက အလွန်အမင်း
ကြိုးစားခဲ့ခြင်းသည် တန်ဝန်ဟွာကြောင့် ဖြစ်ကာ
အခြားသူများက သူ့အနောက်တွင် သူ့အား
သရော်နေကြမည်ကို စိုးရိမ်နေသောကြောင့်
ဖြစ်သည်။

အမှန်တရားကို သိရှိခဲ့ရပြီးနောက်တွင် သူသည် အမျက်ဒေါသ ပေါက်ကွဲခဲ့ပြီး ပို၍ ကြိုးစားခဲ့ခြင်းသည် အနာဂတ်တွင် တန်ဝန်ဟွာအား ရှာ၍ သူသည် ကျရှုံးသော ရလဒ်တစ်ခု မဟုတ်ပဲ တန်ကျွင်းထက် ပိုမို သန်မာကြောင်း သက်သေပြနေလို၍ ဖြစ်သည်။

သူသည် ပင်ပန်းကြီးစွာ အားထုတ်ခဲ့သော်လည်း စိုးရိမ် ကြောင့်ကြခြင်း များစွာနှင့် ပြည့်နေခဲ့သည်။

သူသည် ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံဖြင့် မွေးဖွားလာခြင်းကြောင့် အနာဂတ်တွင် ကြီးမြတ်ကာ အောင်မြင်နိုင်လိမ့်မည်ဟု ယုံကြည်နေခဲ့သည်။ လေမိသားစုကလည်း ထိုကြောင့်ပင် သူ့အား ဂရုစိုက်ကာ အကောင်းဆုံး

ပြုစု ပျိုးထောင်ခဲ့ကြပြီး တန်ဝန်ဟွာ၏
လုပ်ရပ်များကြောင့်ပင် သူ့အား
အမျက်မထွက်ခဲ့ကြပေ။

ထိုစဉ်က ဒွိစုံသူငယ်အိမ်နှင့်သူ ဖြစ်သော
ရှီထျန်းရီသည် သူ့ထက်ပို၍ သန်မာနေသော်လည်း
လေကျဲအနေဖြင့် သူ့အား တစ်နေ့တွင်
ကျော်လွှန်နိုင်ရန် စိတ်အားထက်သန်မှု
အပြည့်ရှိခဲ့သည်။

သို့သော်လည်း သူသည် အမှန်တရားကို
တွေ့ရှိသွားခဲ့သော အခါ သူ၏ ရင်အတွင်း၌
သံသယများက စတင်၍ ပေါ်လာခဲ့သည်။ အကယ်၍
သူ့တွင် ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံ
မရှိခဲ့လျှင် ဤနေရာသို့ ရောက်ရှိနိုင်မည်လော။

သူ့တွင် ကိုယ်ပိုင် စွမ်းဆောင်ရည်များ ရှိကာ
ထက်မြက် ထူးချွန်သော်လည်း သူယနေ့
ရနိုင်ခဲ့သည်များကို ရနိုင်မည်လော။

အရေးအကြီးဆုံး အချက်မှာ အကယ်၍ သူ့တွင်
ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံ မရှိခဲ့လျှင်
လေမိသားစုက သူ့အား ဤကဲ့သို့
ပြုစုပျိုးထောင်ပါမည်လော။ သူသည်
တန်ကျွင်းကဲ့သို့ပင် တန်ဝန်ဟွာ၏
လုပ်ရပ်များကြောင့် လေမိသားစု၏
ပစ်မှတ်ထားခြင်းကို ခံရမည်လော။

တန်ဝန်ဟွာ သူ့ကိုပေးခဲ့သော လက်ဆောင်သည်
သူ့အား အောင်မြင်မှု လမ်းကြောင်းပေါ်သို့

တင်ပေးနိုင်ခဲ့သည်။ သို့သော်လည်း သူ့ဖခင်သည် သူ့အား စမ်းသပ်မှု တစ်ခုအဖြစ်သာ သဘောထားခဲ့ပြီး ကျရှုံးသော ထုတ်ကုန်ဟူ၍သာ သတ်မှတ်ခဲ့သည်။ ထို့ကြောင့်ပင် သူက အရှက်ရသကဲ့သို့ ခံစားနေရပြီး အမျက်ဒေါသ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

အကယ်၍ အောင်မြင်သော ရလဒ်ဖြစ်သည့် တန်ကျွင်းသာ မရှိခဲ့လျှင် သူ့အနေဖြင့် အနည်းငယ်ပို၍ နေလို့ကောင်းနိုင်မည် ဖြစ်သည်။

သို့သော်လည်း တန်ကျွင်း၏ အဆက်မပြတ် တိုးတက်လာခြင်းသည် လေကျဲအပေါ်မှ ဖိအားများကို များစွာပို၍ ကြီးမားစေခဲ့သည်။

သူ၏ စိတ်အတွင်းမှ ပဋိပက္ခများသည် သူ၏ မသိစိတ်အတွင်းတွင် အမြဲတမ်း နေရာယူနေခဲ့သည်။ သူသည် အခြေတည်ဝိညာဉ် အဆင့်သို့ ရောက်နိုင်ခဲ့သော်လည်း ဤစိတ်ပြဿနာမှာ ရှိနေဆဲ ဖြစ်သည်။

အကယ်၍ ထိုပြဿနာကို မဖြေရှင်းနိုင်ခဲ့လျှင် အချိန်ကျလာပါက ကြီးမားစွာ ပေါက်ကွဲ၍ ဒုက္ခရောက်နိုင်ပေသည်။

လေလေသည် လေကျဲအား ကြည့်၍ သက်ပြင်းဖွဖွလေး ချလိုက်သည်။ လေကျဲ၏ စိတ်အခြေအနေသည် အနည်းငယ် တိုးတက်လာသော်လည်း

အကျိုးသက်ရောက်မှုများမှာ အကန့်အသတ် ရှိသည်ကို သူက ပြောနိုင်ခဲ့သည်။

လေလေအနေဖြင့် စိုးရိမ်မှု မရှိစေရန် လေကျဲသည် သူ့ကိုယ်သူ တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့သော်လည်း သူသည် သူ၏ ခံစားချက်များကို အားသုံး၍ ဖိနှိပ်ထားခဲ့သည်ကို သူ့အနေဖြင့် အဘယ်မှာ မပြောနိုင်ပဲ ရှိပါအံ့နည်း။

အကယ်၍ အခြေအနေများသည် ဤကဲ့သို့သာ ဆက်သွားပါက လေကျဲအနေဖြင့် အခြေတည်ဝိညာဉ်  အလယ်အလတ် အဆင့်သို့ ရောက်နေပြီ ဖြစ်သော်လည်း အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်သို့ တက်လှမ်းနိုင်ရန် အလွန်အမင်း ခက်ခဲလိမ့်မည် ဖြစ်သည်။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ
နောက်ဆုံးအဆင့်သို့ တက်လှမ်းကာ စကြာဝဠာ
ပုံသဏ္ဍာန်ကို ဖန်ဆင်းရခြင်းသည် ကိုးနဝင်းချီ
အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားသော
ကျင့်ကြံသူ တစ်ယောက်အနေဖြင့် အလွန်အမင်း
လွယ်ကူမည် ဖြစ်သည်။

သာမန် အခြေအနေမျိုးတွင် လေကျဲအနေဖြင့်
အခြေတည်ဝိညာဉ် စဦးပိုင်း  အဆင့်မှ
အလယ်အလတ် အဆင့်သို့
တက်လှမ်းနိုင်ခြင်းထက်ပင် ပို၍ လွယ်ကူပေမည်။

သို့သော်လည်း သူ၏ လက်ရှိ စိတ်အခြေအနေဖြင့်
ထိုအရာသည် အလွန်ကြီးမားသော စိန်ခေါ်မှု

တစ်ရပ်ဖြစ်နေမည် ဖြစ်သည်။ အကယ်၍ သူသည် နောက်ဆုံးတွင် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်သို့ ရောက်သွားခဲ့ပါကလည်း အင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ရန်မှာ မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။

သူ့တွင် ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားပြီး လေမိသားစု၏ ပါရမီရှင် တစ်ယောက် အနေဖြင့် လွန်ခဲ့သော နှစ်များက သူသည် ရှီထျန်းရီ၏ အဆင့်အတန်းကို စိန်ခေါ်နိုင်ရန် အခွင့်အရေး ရှိခဲ့သည်။

သို့ရာတွင် အကယ်၍ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ရန် အခွင့်အရေး မရှိတော့ပဲ အခြေတည်ဝိညာဉ် နောက်ဆုံး

အဆင့်တွင်သာ ကြန့်ကြာနေခဲ့ပါက အလွန်အမင်း
အရှက်ရစရာ ဖြစ်ပေလိမ့်မည်။

လေလေသည် တန်ကျွင်းအား ကြည့်၍
စဉ်းစားနေကာ နောက်ထပ် သက်ပြင်းတစ်ချက်
ချလိုက်သည်။

တန်ကျွင်းသည် တန်ဝန်ဟွာ၏ နေရာဟောင်း
အတွင်းတွင် အသွင်ပြောင်းလဲသွားကတည်းက
လေလေနှင့် လေမိသားစုမှ ကျန်သောသူများသည်
သူတို့ ယခင်က အထင်သေး နှိမ့်ချခဲ့သည့်
တန်ကျွင်းအား ပြန်လည်၍ စဉ်းစားသုံးသပ်ခဲ့သည်။

သူတို့သည် အရာများစွာတို့ကို ထည့်သွင်း မစဉ်းစားမိခဲ့ပဲ မှားယွင်းစွာ ဆုံးဖြတ်ချက် ချမိခဲ့ကြသည်။

သူ၏ အရိုးအရင်းမြစ်နှင့် ပင်ကိုစွမ်းရည်တို့သည် သာမန်သာ ဖြစ်ခဲ့သော်လည်း သူသည် အမတန်မှ စိတ်ကြွခိုင်၍ ကြိုးစားသူဖြစ်သည်။ သူ၏ အားထုတ်မှုနှင့် ပြင်းထန်သော တိုးတက်လိုမှုတို့သည် လေမိသားစု အတွင်းမှ လူငယ်များ အတွင်းတွင် အမြင့်မားဆုံးဖြစ်၍ လေကျဲထက်ပင် ပိုမို မြင့်မားသည်ဟု ပြော၍ရသည်။

သူ၏ ကျင့်ကြံမှု တိုးတက်မှုသည် အားရစရာ မကောင်းသော်လည်း သူ၏ စိတ်ပြတ်သားမှုနှင့်

ယုံကြည်မှုတို့ကို မယိမ်းယိုင်စေခဲ့ပေ။ အချိန်သည် သူ့အတွက် ဘာမှမဟုတ်ပဲ ထိုနှစ်များ အတွင်းတွင် သူသည် ပို၍ အပတ်တကုတ် ကြိုးစားအားထုတ် ကျင့်ကြံနေခဲ့သည်။

သူ့သည် ဖိအားအပေးခံခဲ့ရ၍ ခွဲခြား ဆက်ဆံခြင်း ခံခဲ့ရကာ နည်းစနစ်များကို တရားဝင် သင်ယူခွင့် မရခဲ့ပေ။ သူသည် သူ့ကိုယ်သူသာ ဖြည်းဖြည်းချင်း လေ့လာ၍ သူ၏ အစွမ်းများကို ပြသရန် အခွင့်အရေး မရခဲ့ပေ။

ယခုအချိန်တွင် လေလေနှင့် ကျန်သောသူများသည် အတိတ်ကို ပြန်၍ စဥ်းစားခဲ့လျှင် တန်ကျွင်းသည် ယခုကဲ့သို့ တောက်ပစွာ လင်းလက်နိုင်ခဲ့သည်ကို အတန်ငယ် အံ့သြနေခဲ့သည်။

အကယ်၍ တန်ကျွင်းတွင် မီးသခင် ခန္ဓာကိုယ် မရှိခဲ့လျှင် သူ့အနေဖြင့် လွန်ခဲ့သော နှစ်များအတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ခွင့်ရမည်လော ဟူသည်ကို ပြောဖို့ခက်သည်။ သို့သော်လည်း သူ၏ ကျင့်ကြံလိုသော နှလုံးသားနှင့် အခြားနေရာမှ ပါရမီများဖြင့် သူသည် လမ်းကြောင်းတစ်ခုကို သူကိုယ်တိုင် ဖောက်နိုင်ခဲ့မည် ဖြစ်သည်။

သူသည် ယနေ့ကဲ့သို့ တောက်ပခမ်းနားချင်မှ ခမ်းနားနိုင်မည် ဖြစ်သော်လည်း သာမန်လူ တစ်ယောက်ထက်တော့ သာလွန်နိုင်မည် ဖြစ်၏။

လေကျဲသည့် သူ၏ မျက်လုံးအစုံကို ပိတ်ထားကာ သူ၏ မျက်နှာသည် ရှုံ့မဲ့နေပြီး သူ၏ ခန္ဓာကိုယ် တစ်ခုလုံးက တုန်ခါနေခဲ့သည်။

သူသည် အစကတည်းက တန်ကျွင်းသည် သူ့အား သရော်လှောင်ပြောင်ရန် ကြိုးစားနေပြီး ပို၍ မြင့်မားသော နေရာမှ သူ့အား အထင်သေးစွာ ငုံ့ကြည့်နေသည်ဟု တွေးနေခဲ့သည်။ သူသည် မည်သည့်အချိန်က တန်ကျွင်း၏ အဆုံးမခံရသည့် အဆင့်အထိ နိမ့်ကျသွားသနည်း။

တန်ကျွင်း ပြောခဲ့သကဲ့သို့ပင် သူတို့နှစ်ယောက်သည် တစ်လှေတည်းတွင် ရှိခဲ့သော်လည်း လက်ရှိ အခြေအနေများသည် ကွဲပြားသွားပြီ ဖြစ်သည်။

လေကချဲနှင့် တန်ဝန်ဟွာတို့၏ ဆက်ဆံရေးသည် အနည်းငယ် ရှုပ်ထွေးသည်။ ခံစားချက်များကို ထည့်မပြောခဲ့လျှင် သူသည် တန်ကျွင်းထက် ပို၍နိမ့်ကျသော တန်ဝန်ဟွာ၏ ကျရှုံးသော ရလဒ်အဖြစ် အသတ်မှတ်ခံခဲ့ရခြင်းသည် များစွာ အရှက်ရခဲ့ခြင်း ဖြစ်သည်။

"ငါတို့ နေရာပြောင်းပြီးမှ မင်းက ငါ့နေရာမှာ နေကြည့်ပါလား"

သို့သော်လည်း လေကချဲသည် လျင်မြန်စွာဖြင့် သတိပြန်ဝင်လာ၍ ဤအိမ်မက်ဆိုးမှ နိုးထလာနိုင်ခဲ့သည်။

အကယ်၍ သူသည် ဤခံစားချက်များ အတွင်း၌ နစ်မျောနေပါက သူသည် တန်ကျွင်း၏ အနောက်တွင် အစောကြီးကတည်းက ဖုန်မှုန့်အဖြစ်သာ ကျန်နေရစ်မည် ဖြစ်သည်။ လေကျဲအနေဖြင့် တန်ကျွင်းကို မည်တော့မှ ယှဉ်နိုင်လိမ့်မည် မဟုတ်ပဲ အင်မော်တယ် ဝိညာဉ် အဆင့်သို့လည်း ရောက်နိုင်တော့မည် မဟုတ်ချေ။ သူသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်ကိုပင် ရောက်ချင်မှ ရောက်ပေလိမ့်မည်။

လေကျဲ၏ အမူအရာသည် ထပ်ဖန်တစ်ခါ တည်ငြိမ်သွား၍ သူ၏ မျက်လုံးများကို ဖွင့်ကာ တန်ကျွင်းအား စိုက်ကြည့်လိုက်၏။ "မင်းက ဒီစကားလုံးတွေနဲ့ ငါ့ရဲ့ စိတ်ဓာတ်ကို

တိုက်ခိုက်ချင်နေတာလား... အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက မင်းရဲ့ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုတွေကို ထိန်းထားနိုင်ဖို့
မလုံလောက်ဘူးလား"

ဤစကားလုံးများသည် သူ့လျှာထိပ်ဖျားသို့
ရောက်လာသော်လည်း လေကျဲသည် ပြန်၍
မျိုချခဲ့သည်။

တန်ကျွင်းသည် သူ့အရှေ့တွင် ရပ်နေရင်း
သူ့မျက်လုံးများက တည်ငြိမ် အေးချမ်းနေခဲ့သည်။
သူ၏ အမူအရာတွင် မယိမ်းယိုင်သော
ဆုံးဖြတ်ချက်နှင့် ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုများသာ ရှိနေသည်။ သူသည်
ကိုယ့်လမ်းကြောင်းကို ကိုယ်လျှောက်ရန်

စိတ်အားထက်သန်နေကာ မည်တော့မှ တွေဝေ ယိမ်းယိုင်လိမ့်မည် မဟုတ်ချေ။

လေကျဲသည် တန်ကျွင်းအား စိုက်ကြည့်နေရင်း သူ၏ စိတ်အတွင်းတွင် အတွေးတစ်ခု ပေါ်လာ၏။

အကယ်၍ သူတို့က နေရာပြောင်းခဲ့ပြီး တန်ကျွင်းက သူ့နေရာသို့ ရောက်ခဲ့လျှင်လည်း တန်ကျွင်းသည် ယခုပုံစံပင် ဖြစ်နေပေလိမ့်မည်။

မီးသခင် ခန္ဓာကိုယ်သည် သူ့အား ကျင့်ကြံမှု လမ်းကြောင်းတွင် များစွာ အဆင်ပြေစေမည် ဖြစ်သော်လည်း တန်ကျွင်းအနေဖြင့် ဤခန္ဓာကိုယ်အား လိုအပ်သည်ဟု ပြောခဲ့မည်

မဟုတ်ပေ။ မီးသခင် ခန္ဓာကိုယ် မရှိလျှင်လည်း သူ၏ စိတ်အခြေအနေသည် ပြောင်းလဲမည် မဟုတ်ပဲ သူလျှောက်လှမ်းရန် ရွေးချယ်ထားသော လမ်းကြောင်းအပေါ်မှ သွေဖည်သွားလိမ့်မည် မဟုတ်ပေ။

ကံကောင်းခြင်း ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ သူသည် သူ့လမ်းကြောင်းကို မယိမ်းယိုင်သော စိတ်ပြတ်သားမှုများဖြင့် လျှောက်လှမ်းလိမ့်မည် ဖြစ်သည်။

## စာစဥ် ၆၇ : အပိုင်း ၁၄

# အပိုင်း ၁၃၀၄ : ငါက တရားမျှတစွာ လုပ်ဆောင်မယ်

လေကျဲသည် တန်ကျွင်းအား စိုက်ကြည့်နေရာ တန်ကျွင်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "အစ်ကိုကြီးလေ... ခင်ဗျားက ခင်ဗျားရဲ့ ဒေါသတွေကို ကျုပ်အပေါ်မှာ ပုံချခဲ့တာ ခင်ဗျားရဲ့ ကိုယ်ပိုင် အကြောင်းပြချက်တွေ ရှိပေမဲ့ ဒါက ကျုပ်ဟာ ခင်ဗျားပြုလုပ်ခဲ့တဲ့ အရာတွေကို ထိုက်တန်တယ်လို့ မဆိုလိုနေဘူး"

"လေမိသားစုက ခင်ဗျားနဲ့ ဟိုလူကြောင့် ကျုပ်ကို စက်ဆုပ်ပြီး အရှက်ရအောင် လုပ်ခဲ့တယ်... ဒါပေမဲ့ ဘာပဲပြောပြော ကျုပ်က လေမိသားစု အတွင်းမှာ

ကြီးပြင်းခဲ့ရတဲ့ အတွက် လေမိသားစု တစ်ခုလုံးကို ကျုပ်ရဲ့ ရန်သူအဖြစ် သတ်မှတ်မှာ မဟုတ်ဘူး"

"လွန်ခဲ့တဲ့ နှစ်တွေတုံးက ကျုပ်ကို သနားညှာတာပြီး စောင့်ရှောက်ခဲ့တဲ့သူတွေ ရှိခဲ့တယ်... သူတို့က လက်တစ်ဆုပ်စာသာ ရှိပေမဲ့ ကျုပ်က သူတို့ရဲ့ ကျေးဇူးတွေကို ပြန်ဆပ်ရမယ်... ကျုပ်ကို အနိုင်ကျင့်ပြီးမှ အရှက်ရအောင် လုပ်ခဲ့တဲ့သူတွေကိုလည်း ကျုပ်က မေ့မှာမဟုတ်ဘူး"

"ပြီးတော့ ခင်ဗျား... ကျုပ်တို့နှစ်ယောက် အကြားမှာ အမုန်းတရားသာ ရှိပြီး သံယောဇဉ် တစ်စက်မှ မရှိဘူး... ကျုပ်တို့က ညီအကိုတွေ ဖြစ်ပေမဲ့ သွေးသား တော်စပ်မှုသာ ရှိပြီး ကျုပ်က

ခင်ဗျားရဲ့ ညီလေး တစ်ခါမှ မဖြစ်ခဲ့သလို ခင်ဗျားကလည်း ကျုပ်အတွက် အစ်ကို တစ်ခါမှ မဖြစ်ခဲ့ဘူး"

"ခင်ဗျားက စိတ်ဝိညာဉ် တောင်ကုန်းမှာ ကျုပ်ကို သတ်နိုင်လုနီးပါး ဖြစ်ခဲ့ပြီး ကျုပ်ကို တောင်ကုန်းအောက်ကို ကန်ချခဲ့တယ်... ကျုပ်ကိုယ်ပေါ်က အရိုးတစ်ဝက်လောက်က ကျိုးပဲ့သွားပြီး ကျုပ်ရဲ့ ကိုယ်တွင်း ကလီစာတွေက ကျိုးသွားတဲ့ အရိုးတွေရဲ့ ချိုးဖောက်ခြင်းကို ခံခဲ့ရတယ်"

"ပွင့်လင်းစွာနဲ့ ပြောရရင် ကျုပ်အသက်ရှင်ခဲ့တဲ့ အကြောင်းရင်းက ကျုပ်ရဲ့ အသက်ရှင်လိုစိတ်နဲ့ ကံကောင်းမှုကြောင့်ပဲ"

"ကျုပ်က ဒီအကြောင်းကို ဒီကနေ့မှာ ပြန်ဆပ်ရမှာ ဖြစ်ပြီး သူ့သေကိုယ်သေ တိုက်ခိုက်ရမယ်... အောင်မြင်မှုနဲ့ ရှုံးနိမ့်မှုကို ကံကြမ္မာနဲ့ ဆုံးဖြတ်မှာ ဖြစ်ပြီး ခင်ဗျားကို ဘာညှာတာမှုမှ ပေးမှာမဟုတ်ဘူး... ခင်ဗျားရဲ့ သေခြင်း ရှင်ခြင်းဟာ ခင်ဗျားရဲ့ ကံကြမ္မာ အပေါ်မှာပဲ မူတည်နေတယ်"

တန်ကျွင်းက ငြိမ်သက်စွာဖြင့် ပြောလိုက်သည်။
"ကျေးဇူးတရားကို ပြန်ဆပ်ရမှာ ဖြစ်သလို ရန်ငြိုးကိုလည်း လက်စားပြန်ချေရမှာ ဖြစ်တယ်... ကျုပ်က ခင်ဗျားနဲ့ မတူဘူး... ခင်ဗျားအပေါ်က ဒေါသတွေကို ကျုပ်က တခြားလူတွေ အပေါ်မှာ ပုံချမှာ မဟုတ်ဘူး"

"ဟိုနှစ်တွေတုံးက ဂိုဏ်းချုပ် ပြောထားသလိုမျိုးပဲ… ကျုပ်တို့ကို အကြွေးတင်နေတဲ့ သူတွေက ပြန်ဆပ်ရမှာ ဖြစ်ပြီး ပြန်မဆပ်ရင် သူတို့ ပြန်ဆပ်တဲ့အထိ ရိုက်နှက်ရမယ်"

ပြင်ပကမ္ဘာတွင် ဖြစ်ခဲ့သမျှသည် တန်ကျွင်း၏ ကျင့်ကြံမှု နှလုံးသားကို တုန်ခါနိုင်လိမ့်မည် မဟုတ်ချေ။ သူသည် ကျေးဇူးကို ကြင်နာမှုဖြင့် ပြန်ဆပ်ပြီး ရန်ကြွေးကို လက်စားပြန်ချေမည် ဖြစ်သည်။

တန်ကျွင်း၏ စကားများကို ကြားရသော အခါ လေကျဲ၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းသွားခဲ့သည်။ "စကားကို အစောကြီး မပြောနဲ့ဦး"

တန်ကျွင်းသည် လေကျဲအား ကြည့်နေရင်း သူ၏ မျက်နှာ အမူအရာက လုံးဝ မပြောင်းခဲ့ပေ။ "ကျုပ်ရဲ့ မူလ ရည်ရွယ်ချက်က ခင်ဗျားကို အင်မော်တယ် ဝိညာဉ် အဆင့်ရောက်အောင် အရင်စောင့်ပြီးမှ ကျုပ်က အခြေတည်ဝိညာဉ် အဆင့်မှာ ရှိနေသေးချိန်မှာ တိုက်ခိုက်ဖို့ပဲ"

"ဒါပေမဲ့ ခင်ဗျားရဲ့ လက်ရှိ စိတ်အခြေအနေအရ ခင်ဗျားဟာ အင်မော်တယ် ဝိညာဉ် အဆင့်ကိုတောင် ရောက်နိုင်တော့မှာ မဟုတ်ဘူး… ဒါကြောင့် ကျုပ်တို့က ဒီကနေ့မှာပဲ တိုက်ခိုက်ရလိမ့်မယ်… ကျုပ်က ဒီကနေ့ တိုက်ပွဲမှာ ကျုပ်ရဲ့ ကျင့်ကြံမှု အဆင့်ကို ရွှေရောင်ဗဟိုချက် အဆင့်မှာပဲ ဖိနှိပ်ထားလိုက်မယ်"

ဤစကားများကို ကြားရသော အခါ လေကဲ့၏ အမူအရာများက ရုတ်ခြည်း ပြောင်းလဲသွား၏။ တန်ကျွင်းက ထိုအရာကို တွေ့လိုက်ရသော အခါ သူ၏ခေါင်းကို ခါ၍ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ဟာ ခင်ဗျားကို တမင်သက်သက် နှိမ့်ချနေတယ်လို့ ထင်နေတာလား... မှားတယ်... ခင်ဗျားက အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်ကို ရောက်နေပြီ ဖြစ်ပြီး ကျုပ်က ဒီလိုမျိုး အခြေအနေမှာ ခင်ဗျားနဲ့ တိုက်ခိုက်ရင် ခင်ဗျားကို အနိုင်ကျင့်သလိုမျိုး ဖြစ်နေမယ်... ကျုပ်တို့ဂိုဏ်းက အရင်းအမြစ်တွေ ကြွယ်ဝပြီး ကျုပ်ရထားတဲ့ လမ်းညွှန်မှုတွေက ခင်ဗျား ယှဉ်နိုင်တဲ့ အရာမဟုတ်ဘူး"

"ခင်ဗျားဟာ လေမိသားစုနဲ့ မဟာကျိုး
အင်ပါယာတို့ရဲ့ ကောင်းမွန်စွာ ပြုစု
ပျိုးထောင်ခြင်းကို ခံခဲ့ရပေမဲ့ သူတို့ နှစ်မျိုးစလုံးက
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို မယှဉ်နိုင်ဘူး"

တန်ကျွင်း၏ လေသံသည် လေသံသေအတိုင်း
ဖြစ်ကာ မောက်မာခြင်း သို့မဟုတ် မော်ကြွားလိုခြင်း
အရိပ်အယောင် တစ်စက်မှ မရှိချေ။ သူသည်
အမှန်တရားကို ပြောပြနေသကဲ့သို့ ဖြစ်နေကာ
ဆက်ပြောလိုက်သည်။

"ခင်ဗျားက လေကျဲနဲ့ သူ့ရဲ့ ကိုးနဝင်းချီ အစစ်အမှန်
မိုးကြိုးပုံစံဟာ တန်ကျွင်းနဲ့ သူ့ရဲ့ မီးသခင်
ခန္ဓာကိုယ်ထက် ပိုမို အစွမ်းထက်တယ်လို့

သက်သေပြလိုနေတာ ဖြစ်ပြီး မဟာကျိုး အင်ပါယာနဲ့ လေမိသားစုရဲ့ လေကျဲဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တန်ကျွင်းထက် ပိုအစွမ်းထက်တယ်လို့ သက်သေပြလိုနေတာ မဟုတ်ဘူး"

"ကျုပ်က ဒါတွေကို ဂရုမစိုက်ဘူး... တကယ်လို့ ခင်ဗျားမှာ ဒီအတွေးရှိတယ် ဆိုရင် ကျုပ်က ခင်ဗျားကို အခွင့်အရေး ပေးမယ်"

"ကျုပ်က ကျုပ်ရဲ့ ကျင့်ကြံမှု အဆင့်ကို ဖိနှိပ်ထားမှသာ မျှတတဲ့ တိုက်ပွဲတစ်ခု ဖြစ်လိမ့်မယ်... မဟုတ်ရင် ခင်ဗျားအတွက် မမျှမတ ဖြစ်သွားလိမ့်မယ်"

လေကျဲသည် တန်ကျွင်းအား စိုက်ကြည့်နေရင်း ဆွံ့အနေသည့်ပုံ ပေါက်နေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လူငယ်မျိုးဆက်စွမ်းအားသည် ကမ္ဘာတစ်ခုလုံး သိနေသည့် အရာတစ်ခု ဖြစ်သည်။ တန်ကျွန်း ပြောခဲ့သော အရာအားလုံးသည် အလွန်အမင်းကို မှျတ၍ မှန်ကန်သော မှတ်ချက်တစ်ခု ဖြစ်သည်။

သို့သော်လည်း လေကျဲသည် လွန်ခဲ့သော နှစ်များအတွင်းက တန်ကျွင်းကို လိုက်လံ တိုက်ခိုက်ချိန်တွင် သူသည် လေမိသားစု၏ ပါရမီရှင် တစ်ယောက် ဖြစ်ကာ ရွှေရောင်ဗဟိုချက် အဆင့်တွင် ရှိနေပြီ ဖြစ်သည်။ သူသည် မွေးဖွားလာကတည်းက မိသားစု၏ အကောင်းဆုံး

အရင်းအမြစ်များနှင့် နည်းစနစ်များကို ရရှိခဲ့သူ ဖြစ်သည်။

တန်ကျွင်းမှာမူ အခြေခံ အုတ်မြစ် အဆင့်တွင်သာ ရှိသေးပြီး သူ၏ အသက်ကို ကာကွယ်နိုင်ရန် အပြင်းအထန် ခုခံ တိုက်ခိုက်ခဲ့ရခြင်း ဖြစ်သည်။ သို့သော်လည်း လေကျဲအနေဖြင့် တန်ကျွင်းအား မျှတစွာ တိုက်ခိုက်ရန် တစ်ခါမှ မတွေးဖူးခဲ့ပေ။

လေလေ အနေဖြင့် တန်ကျွင်းသည် ညာတာမှုကို ပြသနေခြင်း မဟုတ်ပဲ သူသည် မောက်မာ၍ လေကျဲအား နှိမ့်ချ၍ အရှက်ရအောင် လုပ်နေခြင်း မဟုတ်မှန်းကိုလည်း သိလိုက်သည်။

အရာအားလုံးတို့သည် တန်ကျွင်း၏ ယုံကြည်ချက်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူသည် မည်သို့ပင် တိုက်ခိုက် တိုက်ခိုက် လေကျဲကို အနိုင်ရနိုင်သည်ဟူသည့် ယုံကြည်မှု ရှိနေခြင်း ဖြစ်သည်။

လေကျဲသည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်တွင် ရှိနေကာ သူ၏ တိုက်ခိုက်နိုင်စွမ်းသည် အခြား အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အများစုထက် အထက်တန်းကျသည်။

တန်ကျွင်းသည် လွန်ခဲ့သော နှစ်များက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင်သာ ရှိခဲ့စဉ်က အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ဂရန်းမာစတာ တစ်ယောက်ကို

အနိုင်ယူနိုင်ခဲ့သော်လည်း ယခုအချိန်တွင် သူ၏ ကျင့်ကြံမှု အဆင့်အား ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့ ဖိနှိပ်ခဲ့ပါက တန်ကျွင်းအား သက်တောင့်သက်သာ အနိုင်ယူနိုင်မည်မှာ မသေချာသော အရာတစ်ခု ဖြစ်သည်။

ကျင့်ကြံသူ တစ်ယောက်သည် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ပြီးသွားသော အခါ အရိုးအရင်းမြစ် တန်ဖိုးသည် သိပ်၍ အရေးမပါတော့ချေ။ အဘယ်ကြောင့်ဆိုသော် စိတ်ဝိညာဉ် တာဝါနှင့် လုံ့ခွက်ကို ထူထောင်နိုင်ခြင်းနှင့် ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းနိုင်ခြင်းတို့၏ ကွဲပြားခြားနားချက်များသည် အကျိုးသက်ရောက်မှု ကွဲပြားသွားသော ကြောင့် ဖြစ်သည်။

သို့သော်လည်း အရာတိုင်းတွင် ခြွင်းချက်များ ရှိကာ လေကျဲ၏ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံသည် ထိုအတွင်းတွင် ပါသည်။ သူ၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံသည် သူ၏ ကျင့်ကြံမှု လမ်းကြောင်းအား ကူညီနိုင်သကဲ့သို့ တိုက်ပွဲ စွမ်းအင်များကိုလည်း အထောက်အကူပြုနိုင်သည်။

ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံသည် သူ့အား ကြီးမားသော အားသာချက်များကို ရစေ၍ မိုးကြိုးအနွယ်ဝင် နည်းစနစ်များကို လေ့ကျင့်ရာတွင် များစွာ အထောက်အကူ ပြုသည်။ ရှားပါးသော ဤခန္ဓာကိုယ် ဖွဲ့စည်းမှုသည် ကျင့်ကြံသူအား ရွှေရောင်ဗဟိုချက် အဆင့်တွင် ကိုးနဝင်းချီ မြစိမ်းရောင် လျှပ်စီး အစစ်အမှန် ပုံစံကို ဖန်ဆင်းစေနိုင်သည်။

ထိုအရာသည် စကြာဝဠာ ပုံသဏ္ဍာန်နှင့်
ဆင်တူသော အစွမ်းသတ္တိများ ရှိ၍ သူတို့
နှစ်ခုစလုံးသည် ကျင့်ကြံသူ၏ ကိုယ်ပိုင်
နည်းစနစ်များကို ဖြစ်တည်မှု တစ်ခုအတွင်းသို့
ထည့်သွင်း၍ ကြီးမားသော စွမ်းအင်များကို
ပိုင်ဆိုင်စေနိုင်သည်။

ရှုထောင့်တစ်ခုမှ ပြောရလျှင် ကိုးနဝင်းချီ
အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားသော
ကျင့်ကြံသူ တစ်ယောက်သည် အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့် မတိုင်မီတွင် ယာယီ စကြာဝဠာ
ပုံသဏ္ဍာန်ကို ဖန်တီးနိုင်စွမ်း ရှိသည်။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်နှင့်
နောက်ဆုံးအဆင့်မှ ကျင့်ကြံသူတို့၏
ခြားနားချက်မှာ ကြီးမားလှပြီး အဓိက
အကြောင်းရင်းမှာ စကြာဝဠာ ပုံသဏ္ဍာန်ကြောင့်ပင်
ဖြစ်သည်။

ဤကဲ့သို့သော ထူးခြားသည့် အချက်ကြောင့်
လေကျဲနှင့် သူ၏ ကိုးနဝင်းချီ အစစ်အမှန်
မိုးကြိုးပုံစံသည် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ နောက်ဆုံးအဆင့်တို့
တက်လှမ်းနိုင်မှုသည် အခြေတည်ဝိညာဉ် စဦးပိုင်း
အဆင့်မှ အလယ်အလတ် အဆင့်သို့
တက်လှမ်းနိုင်ခြင်းထက် ပို၍ လွယ်ကူပေသည်။

သူ၏ မှော်စွမ်းအင် စုဆောင်းမှုများက
လုံလောက်ပါက အလွယ်တကူ စွမ်းဆောင်နိုင်သော
အရာတစ်ခု ဖြစ်၏။

လေကျဲသည် အခြေတည်ဝိညာဉ် နောက်ဆုံး
အဆင့်သို့ ရောက်ရှိသွားလျှင် စကြာဝဠာ ပုံသဏ္ဍာန်
နှစ်မျိုးကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

သူ၏ကိုယ်ပိုင် ခန္ဓာကိုယ်သည် တစ်ခုရမည် ဖြစ်ပြီး
သူ၏ ကိုးနဝင်းချီ မြစိမ်းရောင် လျှပ်စီး အစစ်အမှန်
မိုးကြိုးပုံစံသည် နောက်ထပ်
တစ်ဆက်တက်သွားမည် ဖြစ်ကာ သူ၏ တိုက်ပွဲ
စွမ်းရည်များသည် အဆင့်တူ ကျင့်ကြံသူများထက်
များစွာပို၍ အထက်တန်း ကျသွားပေမည်။

အကယ်၍ သူသည် အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်သွားနိုင်ပါက သူ၏
အခြေတည်ဝိညာဉ်နှင့် စကြာဝဠာ ပုံသဏ္ဍာန်တို့ကို
ပေါင်းစည်း၍ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားကို
ဖန်ဆင်းနိုင်မည့် အပြင် သူ၏ ကိုးနဝင်းချီ
မြစိမ်းရောင် လျှပ်စီး အစစ်အမှန် မိုးကြိုးပုံစံနှင့်
သူ၏ ဒုတိယ စကြာဝဠာ ပုံသဏ္ဍာန်ကလည်း
အကြီးအကျယ် ပြောင်းလဲသွားမည် ဖြစ်သည်။

သူသည် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်နှင့်
ကိုယ်ပွားတစ်ခု အကြားမှ ကိုးနဝင်းချီ မိုးကြိုး
နတ်ဘုရား ခန္ဓာကိုယ်ဟု ခေါ်သော
တကယ့်တိုက်ပွဲများ အတွင်းတွင် အလွန်
အသုံးဝင်သော သူ၏ကိုယ်ပိုင် ပြင်ပ ခန္ဓာကိုယ်
အဖြစ်သို့ ပြောင်းသွားမည် ဖြစ်သည်။

လေကဲ့သည် အခြေတည်ဝိညာဥ် အလယ်အလတ် အဆင့်တွင်သာ ရှိသေးသော်လည်း သူ့တွင် အစွမ်းထက်သော နည်းစနစ်များစွာ ပိုင်ဆိုင်ထား၍ ရှားပါးသော အရင်းအမြစ် မျိုးစုံတို့ဖြင့် ပြုစု ပျိုးထောင်ခြင်း ခံခဲ့ရသူ ဖြစ်သည်။ သူ့တွင် ကိုးနဝင်းချီ မြစိမ်းရောင် လျှပ်စီး အစစ်အမှန် မိုးကြိုးပုံစံ ရှိနေပြီး အခြေတည်ဝိညာဥ် အဆင့်မှ အခြား ကျင့်ကြံသူများထက် များစွာပို၍ အစွမ်းထက်သည်။

တန်ကျွင်း ကိုယ်တိုင်ကလည်း သူ့အနေဖြင့် သူ၏ ကျင့်ကြံမှုအား ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့ ဖိနှိပ်ထားလျှင် လေကဲ့အား အကြွင်းမဲ့ အနိုင်ယူနိုင်မည်ဟု မသေချာနေပေ။

သို့သော်လည်း တန်ကျွင်းသည် သူ့အနေဖြင့် အနိုင်ရရန် သေချာသော တိုက်ပွဲများကိုသာ တိုက်ခိုက်ရန် ယုံကြည်ချက်ရှိသူ တစ်ယောက် မဟုတ်သဖြင့် ဂရုစိုက်မနေချေ။

လေကျဲသည် တန်ကျွင်းအား စိုက်ကြည့်နေရင်း အေးစက်စွာဖြင့် ပြောလိုက်သည်။
"ဘယ်လောက်အထိ မောက်မာလိုက်တဲ့ သဘောထားလဲ.. တရားမျှတမှု... ဟုတ်လား"

"ဒါက အားနည်းတဲ့သူတွေက သန်မာတဲ့သူတွေကို တောင်းပန်တဲ့ အရာတစ်ခု ဖြစ်ပြီး သန်မာတဲ့ သူတွေက အားနည်းတဲ့ သူတွေကို ပေးအပ်တဲ့ အရာတစ်ခု ဖြစ်တယ်... မင်းက အခုအချိန်မှာ

ငါ့ထက် သန့်မာတယ်လို့ ထင်နေပြီး ငါ့ကို သနားတဲ့ အနေနဲ့ ပေးအပ်တာဆိုတဲ့ အဓိပ္ပာယ် ပေါက်နေတယ်"

တန်ကျွင်းက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။ "ကျုပ်က ဒီလိုမျိုး လုပ်ဖို့ မလိုဘူး… ကျုပ်က ဒီကနေ့ တိုက်ပွဲမှာ လုံးဝ အလျှော့ပေးမှာ မဟုတ်ဘူးလို့ ပြောထားပြီးပြီ… ခင်ဗျား အသက်ရှင်နိုင်မလား ဆိုတာက ခင်ဗျားရဲ့ ကိုယ်ပိုင် စွမ်းရည်တွေ အပေါ်မှာပဲ မူတည်နေတယ်"

"တရားမျှတမှု အနေနဲ့ ဒါက ခင်ဗျားအနေနဲ့ တိုက်ခိုက်ရယူရမယ့် အရာတစ်ခုသာ ဖြစ်ပြီး မရနိုင်ရင်လည်း မတတ်နိုင်ဘူး… ခင်ဗျား တောင်းပန်ပြီးမှသာ ရရှိနိုင်ပြီး တခြားလူတွေက

ခင်ဗျားကို သနားလို့ ပေးအပ်ခဲ့တဲ့ အရာတွေက ဘာမှမဟုတ်ဘူး"

လေကျဲသည် ပြန်လည်ချေပရန် ကြိုးစားခဲ့သော်လည်း သူယခင်က တန်ကျွင်းအား လိုက်လံ တိုက်ခိုက်ခဲ့စဥ်က တန်ကျွင်း၏ တိတ်ဆိတ်နေမှုနှင့် ပြတ်သားစွာ ဆုံးဖြတ်ထားသည့် ပုံရိပ်များသည် သူ၏ စိတ်အတွင်း၌ ပေါ်လာ၏။

သူသည် ဘာမှ မတောင်းဆိုခဲ့သလို သနားညှာတာရန်လည်း မတောင်းပန်ခဲ့ပေ။ သူတို့သည် ညီအစ်ကို အရင်းများ ဖြစ်သည့်အချက်ကို အသုံးပြု၍ သူ့စိတ်ကို ပျော့ပျောင်းစေရန်လည်း မကြိုးစားခဲ့သလို လေမိသားစု၏ သူတို့အပေါ်တွင်

ကွဲပြားခြားနားလှသည့် ဆက်ဆံမှုနှင့် သူတို့၏
ခြားနားလှသည့် စွမ်းအင်များကြောင့်
မတရားဟူ၍လည်း မခံစားခဲ့ရပေ။

သူ၏အံ့ကိုသာ တင်းတင်းကြိတ်၍ သူ့ကိုယ်သူ
ခုခံနိုင်ရန်သာ အတတ်နိုင်ဆုံး ကြိုးစားနေခဲ့သည်။
နောက်ဆုံးအချိန်တွင် တောင်ကုန်းအောက်သို့
အကန်ချခံခဲ့ရသော်လည်း တန်ကျွင်း၏
မျက်လုံးများတွင် အားနည်းနေသည့်
အရိပ်အယောင်များ တစ်စက်မှ မရှိခဲ့ပဲ
အေးစက်မှုနှင့် အမျက်ဒေါသများသာ ရှိနေခဲ့သည်။

လေကျဲသည် သူ၏အသံကို နှိမ့်လိုက်ကာ
မေးလိုက်သည်။ "ဒါဆိုရင် မင်းက ဒီကနေ့မှာ

ငါ့ကိုဘာဖြစ်လို့ တရားမျှတအောင်
ကြိုးစားနေရတာလဲ"

တန်ကျွင်းက ပြန်ဖြေလိုက်၏။ "ကျုပ်တို့က
မိခင်တစ်ယောက်တည်းကနေ မွေးဖွားခဲ့တာ...
ကျုပ်တို့က ညီအစ်ကိုတွေလို မဖြစ်ကြပေမဲ့
သွေးသားအရတော့ ညီအစ်ကို တော်စပ်နေတယ်...
ခင်ဗျားက ဘာပဲပြောပြော ကျုပ်မိခင်ရဲ့
သားတစ်ယောက် ဖြစ်တယ်... ကျုပ်မိခင်ကို
လေးစားတဲ့ အနေနဲ့ ခင်ဗျားရဲ့ ဆန္ဒကို
ဖြည့်စွမ်းနေခြင်း ဖြစ်တယ်"

လေကျဲ၏ အကြည့်သည် ခေတ္တမျှ အေးခဲသွား၍
ရုတ်တရက်ပင် အနည်းငယ် သတိလက်လွတ်
ဖြစ်သွားခဲ့သည်။ သူ၏မိခင်သည် သူမ မသေဆုံးမီ

တန်ကျွင်းအား စောင့်ရှောက်ရန် သူ့အား
မှာကြားသွားခဲ့သည်။ သို့သော်လည်း
တန်ဝန်ဟွာကြောင့် သူသည် ထိုစကားများကို
မေ့ဖျောက်ပစ်ခဲ့သည်။

တန်ကျွင်းအား နှောင့်ယှက်၍ ပြဿနာ ရှာခဲ့သူ
အများစုမှာ သူ့အား မျက်နှာလုပ်လို၍ ဖြစ်ကာ
သူ့အား ပျော်ရွှင်စေလို၍ ဖြစ်သည်။ သူသည်
ထိုအကြောင်းကို ကောင်းစွာ သိနေခဲ့သော်လည်း
ငြိမ်သက်စွာဖြင့် ခွင့်ပြုခဲ့ကာ တစ်ခါတစ်ရံတွင်
တိတ်တဆိတ်ပင် အားပေးခဲ့သေးသည်။

စိတ်ဝိညာဉ် တောင်ကုန်း တိုက်ပွဲတွင်
တောင်ကုန်းအောက်ခြေတွင် အန္တရာယ်များဖြင့်
ပြည့်နေပြီး ရွှေရောင်ဗဟိုချက် အဆင့်မှ

ကျင့်ကြံသူများကပင် ဒုက္ခရောက်နိုင်ခြေ မရှိခဲ့လျှင် သူ့အနေဖြင့် တန်ကျွင်းအား လုံးဝ ချေမှုန်းနိုင်ရန် အောက်သို့ လိုက်ဆင်းသွားခဲ့မည် ဖြစ်သည်။

လေကျဲသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး ပြန်လည် သတိဝင်လာခဲ့ကာ တန်ကျွင်းကို ကြည့်၍ ပြောလိုက်သည်။

"ငါက ဟိုနှစ်တွေတုံးမှာ မင်းကို တိုက်ခိုက်ခဲ့စဉ်က ငါ့ရဲ့ ကျင့်ကြံမှုကို အခြေခံအုတ်မြစ် အဆင့်မှ မဖိနှိပ်ထားခဲ့ဘူး... ဒီကနေ့မှာလည်း မင်းက မင်းရဲ့ ကျင့်ကြံမှုကို ဖိနှိပ်ထားစရာ မလိုဘူး... မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဒီလောက်ကြာအောင် ဝင်ပြီးနောက်မှာ

ဘယ်လောက် အစွမ်းထက်လာသလဲ ဆိုတာကို ငါ့ကိုပြပါ"

တန်ကျွင်းက သာမန်သာ ပြန်ပြောလိုက်သည်။ "မင်းသဘောပဲ"

လေလေသည် ထရပ်လိုက်၍ ဖြည်းညင်းစွာ ပြောလိုက်သည်။ "ကျေးဇူးပြုပြီး ခဏနေပါဦး... ထျန်းချန် မာစတာ... ကျုပ်ပြောစရာ တချို့ရှိတယ်"

သူနှင့် တန်ကျွင်းတို့၏ အကြားတွင် ရဲဘော်ရဲဘက် စိတ်ဓာတ်များနှင့် ရင်းနှီးမှုများ မရှိသည်ကို သိနေ၍ သူသည် တန်ကျွင်း၏ ဘွဲ့ကိုသာ ခေါ်လိုက်ပြီး

မိသားစု အတွင်းမှ စီနီယာ တစ်ယောက်အနေဖြင့် မဆက်ဆံခဲ့ပေ။

တန်ကျွင်းသည် သူ့စကားများကို ကြားလိုက်ရသော အခါ လေလေဘက်သို့ လှည့်၍ ဖွဖွလေး ပြောလိုက်သည်။ "ပြောပါ... အဘိုး"

တန်ကျွင်းသည် လေလေအား အဘိုးဟု ခေါ်ခဲ့သော်လည်း သူ၏လေသံသည် လေကျဲထက် စာလျှင်ပင် ပို၍ ထူးမခြားနားပုံ ပေါက်နေခဲ့သည်။ သူ၏ ဤစီနီယာသည် သူ့အား လွန်ခဲ့သော နှစ်များက လေဘောလုံး တစ်ခုကဲ့သို့ပင် ဆက်ဆံခဲ့ကာ လေမိသားစုက တန်ကျွင်းအနောက်သို့ လိုက်ခဲ့စဉ်က တန်ကျွင်းအား

အသေရရ အရှင်ရရ ဖမ်းဆီးရန် အမိန့် ထုတ်ခဲ့သူလည်း ဖြစ်သည်။

တန်ကျွင်းက သူ့အား အဘိုးဟု ခေါ်ရခြင်းမှာ တန်ကျွင်း၏ မိခင်ကြောင့်သာ ဖြစ်သည်။ လေလေကလည်း တန်ကျွင်းက သူ့အား ခေါ်ဆိုခဲ့ပုံကို ကြည့်ပြီး ဤအကြောင်းကို ကောင်းစွာ သိနေခဲ့ကာ ရင်အတွင်းမှ သက်ပြင်းအနည်းငယ် ချကာ ဆက်ပြောလိုက်သည်။

"ငါက မင်းတို့နှစ်ယောက်အကြားက ဒီအကြွင်းမဲ့ တိုက်ပွဲကို ဝင်စွက်မှာ မဟုတ်ပဲ မင်းတို့ အကြားက ရန်ငြိုးရန်စနဲ့ ပဋိပက္ခတွေ အားလုံးကို ဖြေရှင်းဖို့ လိုအပ်တယ်"

"ဒါပေမဲ့ ဒီမတိုင်ခင် ငါတို့က တန်ဝန်ဟွာရဲ့ အကြောင်းကို အသေအချာ စုံစမ်းရမယ်.. သူဘယ်ကို ရောက်သွားသလဲ... သူက ဘယ်က လာခဲ့တာလဲ... သူက ဘာတွေ လုပ်ချင်နေတာလဲ"

"ရှုံးနိမ့်သွားတဲ့သူက ဒီအကြောင်းကို ဘယ်တော့မှ သိရတော့မှာ မဟုတ်ဘူး... ဘယ်သူက နိုင်တာပဲ ဖြစ်ဖြစ် မင်းတို့ ဘယ်တစ်ယောက်က ဒီနောင်တကို အုတ်ဂူထဲအထိ ယူသွားချင်သလဲ"

တန်ကျွင်းက သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ကျွန်တော်က ဂရုမစိုက်ဘူး"

ဤတိုက်ပွဲအပြီးတွင် အသက်ရှင် ကျန်ခဲ့သူမှာ သူသာဖြစ်မည်ဟု သူ့တွင် ယုံကြည်ချက် အပြည့်ရှိနေသည်။ တစ်ချိန်တည်းတွင်ပင် သူ့အနေဖြင့် တန်ဝန်ဟွာက မည်သူဖြစ်သည်ကို စိတ်မဝင်စားနေပဲ သူဘယ်သွားခဲ့သည်မှာလည်း အရေးမကြီးပေ။

တန်ဝန်ဟွာ၏ အစီအစဥ်များသည် သူ၏ဂိုဏ်းကြောင့် ဖြစ်ဖြစ်၊ သူ၏ မဟာ အကြံအစည်ကြောင့်ပဲ ဖြစ်ဖြစ်၊ သို့မဟုတ် သူ၏ ကိုယ်ပိုင် လုံခြုံမှုကြောင့်ပဲ ဖြစ်ဖြစ် တန်ကျွင်းကို အကျိုးသက်ရောက်စေမည် မဟုတ်ပဲ ဘာမှ နှောင်တရစရာလည်း ရှိနေမည် မဟုတ်ပေ။

ဤစကားများကို ကြားခဲ့ရသော အခါ လေကျဲ၏
မျက်နှာမှာ တင်းမာသွား၏။

တန်ကျွင်း၏ လွှမ်းမိုးမှုကြောင့် လှုပ်ရှားသွားခဲ့သော
သူ၏စိတ်သည် များစွာပြန်၍ တည်ငြိမ်လာခဲ့ပြီ
ဖြစ်သော်လည်း သူသည် ဤကိစ္စနှင့် ပတ်သတ်၍
အစကတည်းက ဆတ်ဆတ်ထိမခံ ဖြစ်နေခဲ့သည်။

အကယ်၍ သူသည် တန်ကျွင်းကဲ့သို့
ဤစိတ်အခြေအနေ အတားအဆီးကို
ကျော်လွှားနိုင်ခဲ့ပါက သူ၏ ကျင့်ကြံမှု
လမ်းကြောင်းသည် များစွာပို၍ လွယ်ကူ
ချောမွေ့သွားတော့မည် ဖြစ်သည်။ သူသည်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်နှင့်

အင်မော်တယ် ဝိညာဉ် အဆင့်ကို လွယ်ကူစွာ တက်လှမ်းနိုင်မည် ဖြစ်၏။

သို့သော်လည်း သူ့အနေဖြင့် ဤစိတ်အခြေအနေ အတားအဆီးကို လုံးဝ ကျော်လွှားနိုင်စွမ်း မရှိခဲ့ပေ။

ရုတ်တရက်ပင် လေကျဲသည် ထပ်ဖန်တစ်ခါ ငြိမ်သက်သွား၍ စဉ်းစားသုံးသပ်နေခဲ့လေသည်။

## စာစဉ် ၆၇ : အပိုင်း ၁၅

## အပိုင်း ၁၃၀၅ : ပဟေဠိ တစ်ခုကို အဖြေရှာခြင်း

တန်ကျွင်းသည် သူက လေကျဲအား အခွင့်အရေး ပေးခဲ့ခြင်းမှာ သူငယ်စဉ်က သူ့အား နွေးထွေးစွာ ပြုစုစောင့်ရှောက်ခဲ့သော သူ့မိခင်ကို လေးစားသောကြောင့် ဖြစ်သည်ဟု အစကတည်းက ပြောခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း သူ့အနေဖြင့် တိုက်ပွဲတွင် လေကျဲအား သက်ညှာလိမ့်မည် မဟုတ်ဟု သေချာစွာ ပြောထားခဲ့သည်။

လေကျဲအနေဖြင့် သူ၏ သူ၏ မာနကြောင့် တန်ကျွင်းအား ခေါင်းငုံ့၍ တောင်းပန်ခြင်း သို့မဟုတ် သနားညှာတာရန် အသနားခံမည် မဟုတ်ချေ။ မဟုတ်လျှင် သူတို့အကြားမှ တိုက်ပွဲ တိုက်ခိုက်ရန်ပင် လိုတော့မည် မဟုတ်ပဲ

သူ့အနေဖြင့် တစ်ခါတည်း ရှုံးနိမ့်သွားမည် ဖြစ်သည်။

သူသည် အင်မော်တယ် ဝိညာဥ် အဆင့် မပြောနှင့် အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်ကိုပင် ရောက်နိုင်တော့မည် မဟုတ်ချေ။ သူ၏ စိတ်အတွင်းမှ ပြိုလဲမှုသည် သူ၏ အင်အားများနှင့် တိုက်ပွဲစွမ်းရည်များကို ဖြည်းဖြည်းချင်း နိမ့်ကျလာစေမည် ဖြစ်သည်။

ထို့ကြောင့် သူနှင့် တန်ကျွင်းတို့ အကြားမှ တိုက်ပွဲသည် တိုက်ကိုတိုက်ရန် လိုအပ်သည်။

လေလေကလည်း ဤအကြောင်းကို ကောင်းစွာ
သိနေခဲ့သည်။ တန်ကျွင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ ရည်ရွယ်ချက် သို့မဟုတ်
လေလေ၏ ကိုယ်ပိုင်အမြင်က မည်သို့ပင်
ဖြစ်စေကာမူ သူ့အနေဖြင့် ဤတိုက်ပွဲကို
ဟန့်တားရန် မည်သည့်အကြောင်းမှ မရှိပေ။

သို့တိုင်အောင် သူ့အနေဖြင့် ငယ်စဉ်ကတည်းက
ပြုစုပျိုးထောင်လာသည် သူ၏ ဆက်ခံသူသည်
ပျက်စီးမှု လမ်းကြောင်းအပေါ်သို့ ဤသို့ပင်
ရောက်သွားသည်ကို မကြည့်ရက်နိုင်ပေ။

တိုက်ပွဲသည် စပင် မစရသေးသော်လည်း
သူ၏အရှေ့မှ တည်ငြိမ် အေးဆေးလှသော

တန်ကျွင်းကို ကြည့်ရှုရုံနှင့်ပင် လေကျဲက
အခြေအနေ မကောင်းဟူ၍ သိနိုင်ပေသည်။

လေကျဲ၏ တောင်းဆိုချက်အရ
သူတို့နှစ်ယောက်စလုံးသည် အခြေတည်ဝိညာဉ်
အဆင့်မှ ကျင့်ကြံမှုဖြင့် တိုက်ခိုက်ကြမည်
ဖြစ်သည်။ သို့သော်လည်း တန်ကျွင်းသည် သူ၏
ကျင့်ကြံမှုအား ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်သို့ ဖိနှိပ်ထားလျှင်ပင် လေလေအနေဖြင့်
လေကျဲ၏ အနိုင်ရရန် အခွင့်အရေးများမှာ
သူ့ပြိုင်ဘက်ထက် နည်းပါးသည်ဟု
ယုံကြည်နေခဲ့သည်။

ဤအကျပ်အတည်းသည် လေကျဲအနေဖြင့်
မည်သို့ပင် ဖြစ်စေကာမူ ဖြတ်ကို ဖြတ်ကျော်ရမည့်

အရာတစ်ခု ဖြစ်သည်။ လေလေ၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ လေကျဲ၏ အခွင့်အရေးများကို တတ်နိုင်သမျှ မြှင့်တင်ပေးရန် ဖြစ်သည်။ အကယ်၍ သူသည် တန်ဝန်ဟွာက မည်သူဟူသည်နှင့် သူ၏ ရည်ရွယ်ချက်များကို ဖော်ထုတ်နိုင်လျှင် လေကျဲ၏ စိတ်အခြေအနေများသည် တည်ငြိမ်လာနိုင်သည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် သူသည် တန်ကျွင်း၏ အနိုင်ယူမှုကို ခံခဲ့ရလျှင်ပင် အသက်မသေခဲ့ပါက ပြန်၍ မြင့်တက်လာနိုင်ရန် အခွင့်အရေး ရှိသေးသည်။

သို့သော်လည်း လေကျဲအနေဖြင့် ရှုံးနိမ့်၍ မရပဲ အနိုင်ယူမှသာ ရလိမ့်မည်။ သူသည် တိုက်ပွဲအား

ရှုံးနိမ့်သွားပါက အသက်ရှင်နိုင်ခဲ့လျှင်ပင်
စိတ်အတွင်းတွင် ပဋိပက္ခ ဖြစ်ကျန်ခဲ့ကာ ယုံကြည်မှု
ပျောက်ဆုံးသွား၍ ပြိုကျ ပျက်စီးသွားနိုင်သည်။

လေကျဲအနေဖြင့် တန်ကျွင်း၏ တိုက်ခိုက်ရန်
စိန်ခေါ်မှုကို ရှောင်လွဲ၍ရမည် မဟုတ်ချေ။
အကယ်၍ သူ၏ အားနည်းချက်များကို ဝန်ခံ၍
နောက်ဆုတ်လိုက်မည် ဆိုပါက သို့မဟုတ်
သူ့အနေဖြင့် သူအနိုင်ရရန် အခွင့်အရေး မရှိဟု
ခံစားနေရပါက ရလဒ်များသည် တိုက်ပွဲတွင်
ရှုံးနိမ့်မှုနှင့် အတူတူပင် ဖြစ်သည်။

လေလေအနေဖြင့် လေကျဲအား နောက်ဆုတ်၍
ရရန် အခွင့်အရေး တစ်ခုကို ရှာဖွေသည့် အနေဖြင့်
ရှေ့တက်လာရခြင်း ဖြစ်သည်။

တန်ကျွင်းအား အနိုင်ယူနိုင်ခြင်းနှင့် တန်ဝန်ဟွာ၏ လျှို့ဝှက်ချက်များကို ရှာဖွေရခြင်းသည် လေကျဲ၏ စိတ်အတွင်းတွင် တူညီစွာ အရေးကြီးသည်။ အကယ်၍ တန်ဝန်ဟွာကြောင့် တိုက်ပွဲကို ရှေ့ဆိုင်းနိုင်ခဲ့ပါက အနည်းဆုံးတော့ လေကျဲ၏ စိတ်အခြေအနေကို မပြိုကွဲသွားနိုင်ပေ။

တန်ကျွင်းသည် လေကျဲ၏ တွန့်လိမ်နေသော မျက်နှာကို ငြိမ်သက်စွာ စိုက်ကြည့်နေရင်း လေလေဘက်သို့ အကြည့်ရွှေ့လိုက်သည်။

ရှောင်ယန်သည် ဘေးတွင် ငြိမ်သက်စွာသာ ထိုင်နေပြီး စကားဝိုင်း အတွင်းသို့ တစ်ခါက်မှ ဝင်မစွက်ခဲ့ပဲ တန်ကျွင်းအား အရာအားလုံးကို

သူ့ကိုယ်သူ ဆုံးဖြတ်စေခဲ့သည်။ သူသည် လေလေ၏ စကားများကို ကြားခဲ့ရသော အခါ ရုတ်တရက် ဖွဖွလေး ပြုံးလိုက်သည်။

ရှောင်ယန်နှင့် တန်ကျွင်းတို့ နှစ်ယောက်စလုံးသည် လေလေ ဘာစဥ်းစားနေသည်ကို သိခဲ့ကြသော်လည်း ဘာမှ ပြန်မပြောခဲ့ကြပေ။ ရှောင်ယန်သည် အစကတည်းက သူ၏ ပါးစပ်ကို ပိတ်ထားပြီး တန်ကျွင်းက သူ၏ ပါးစပ်ကို ဟ၍ ပြောလိုက်သည်။

"ကျုပ်က တန်ဝန်ဟွာရဲ့ အတိတ်နဲ့ ရည်ရွယ်ချက်တွေကို အလောတကြီး ဖော်ထုတ်လိုခြင်း မရှိပေမဲ့ ခင်ဗျားက တိုက်ပွဲမတိုင်ခင် အရာအားလုံးကို ရှင်းလင်းအောင်

လုပ်ချင်နေတယ် ဆိုရင်လည်း ကျုပ်က မကန့်ကွက်ပါဘူး… ဒါပေမဲ့ ဒါကို အကန့်အသတ် မရှိ ရွှေ့ဆိုင်းထားလို့တော့ မရဘူး"

သူ၏လေသံသည် တည်ငြိမ်နေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုများဖြင့် ပြည့်ဝနေသည်။ "ကျုပ်တို့ အခု ရရှိထားတဲ့ သဲလွန်စတွေဟာ ကျုပ်တို့နှစ်ယောက်ထံကနေ ရခဲ့တာ ဖြစ်တယ်… လေမိသားစုရဲ့ ဘိုးဘေးဘီဘင် နယ်မြေနဲ့ ကျုပ်ဖခင်ရဲ့ နေရာဟောင်းတို့ နှစ်ခုစလုံးကို လေဟာနယ်ကနေ သယ်ဆောင်လာခဲ့ပြီး အခုအချိန်မှာ တော်ဝင်နန်းတော် အတွင်းကို ရောက်နေပြီ"

"ကျုပ်တို့က သူတို့ကို လေ့လာလိုက်ရင်
ရလဒ်အချို့ကို ရရှိမှာ ဖြစ်ပြီး အချိန်သိပ်ကြာမှာ
မဟုတ်ဘူး"

လေကျဲက ငြိမ်သက်နေခဲ့ပြီး လေလေက
သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်...
ငါ့နောက်ကို လိုက်ခဲ့ပါ"

ရှောင်ယန်က ထရပ်လိုက်ကာ ပြုံး၍
ပြောလိုက်သည်။ "ကျေးဇူးပြုပြီးမှ လမ်းပြပါ"

အားလုံးတို့သည် တော်ဝင်နန်းတော်ဘက်သို့
လှည့်ကြည့်လိုက်ကြသည်။ တော်ဝင်နန်းတော်၏
အတွင်းပိုင်းများသည် လေဟာနယ် အလွှာများ

အဖြစ်သို့ ပွင့်နေကာ သူတို့ တစ်ခုချင်းစီတိုင်းသည် သီးသန့် ကမ္ဘာတစ်ခုစီကဲ့သို့ ဖြစ်နေသည်။

လေမိသားစု၏ ဘိုးဘေးဘီဘင် နယ်မြေသည် ထိုလေဟာနယ် အလွှာ တစ်ခုအတွင်းတွင် ရှိနေခြင်း ဖြစ်ကာ ဤနယ်မြေသည် လေထုအလယ်တွင် လွင့်မျောနေသော ကျွန်းတစ်ခုအလား ဖြစ်နေခဲ့သည်။

လူငယ်မျိုးဆက် တပည့် အများစုသည် လေမိသားစု၏ ဘိုးဘေးဘီဘင် နယ်မြေအတွင်းသို့ အပို့ခံထားရသည်။ သူတို့သည် မိသားစု အတွင်းမှ ပိုမို အစွမ်းထက်သော ကျင့်ကြံသူများ၏ စောင့်ရှောက်မှု အောက်တွင် ရှိနေကြခြင်း ဖြစ်သည်။

ထိုကျင့်ကြံသူများ အတွင်းတွင် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများပင် မရှိကြပဲ အားလုံးတို့သည် လေမိသားစု အတွင်းမှ အခြေတည်ဝိညာဉ် အဆင့် ကျင့်ကြံသူများ ဖြစ်ကြသည်။

အားလုံးတို့သည် လေလေသည် လေကျဲ၊ ရှောင်ယန်၊ တန်ကျွင်းတို့နှင့် အတူ ဝင်လာသည်ကို တွေ့လိုက်ရသော အခါ ဦးညွှတ်၍ နှုတ်ဆက်ခဲ့ကြလေသည်။

ရှောင်ယန်သည် လေလေကပင် မယှဉ်နိုင်သော အစွမ်းထက်သည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ ငရဲမီး ကေရာဇ်၏ ဂုဏ်သိက္ခာသည်

မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအနှံ့ ပျံ့နှံ့သွား၍
နတ်ဘုရားနယ်မြေ တစ်ခုလုံးကို
လွှမ်းမိုးထားခဲ့သည်။

တန်ကျွင်းသည် အခြေတည်ဝိညာဉ်၏
အလယ်အလတ် အဆင့်တွင်သာ ရှိသေးပြီး
လေမိသားစု အတွင်းမှ ကျန်သော
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်
ဂရန်းမာစတာများထက် ကျင့်ကြံမှု
နိမ့်ကျသော်လည်း တစ်ယောက်ကမှ သူ့အား
လျှော့မတွက်ရဲကြပေ။

ထိုသူသည် သူ့ဆရာ၏ အံ့သြဖွယ်ရာ မှတ်တမ်းကို
ထပ်တူပြုနိုင်ခဲ့ကာ ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်တွင်ပင် အခြေတည်ဝိညာဉ် နောက်ဆုံး

အဆင့်မှ ဂရန်းမာစတာ တစ်ယောက်အား အနိုင်ယူနိုင်သူ ဖြစ်သည်။ သူသည် သူ့မျိုးဆက်အတွင်းမှ ကျန်သောသူများကို လွှမ်းမိုးနိုင်ခဲ့ပြီး ကျန်သော ပါရမီရှင်များကိုပင် ဦးညွှတ်စေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် သာမန်ထက် များစွာပို၍ ထူးချွန်သော ပါရမီရှင်များဖြင့် ပြည့်နေသော်လည်း တိုက်ပွဲစွမ်းရည်များ အရ သူနှင့် ကျင့်ကြံမှု တူညီသော မျိုးဆက်အတွင်းတွင် သူနှင့် ယှဉ်နိုင်သူမှာ ကျိုးယွင်ချုံးနှင့် ဟန်ရန်တို့သာ ရှိသည်။

ရတနာကို ခိုးယူသွားသော တန်ဝန်ဟွာ၏ နာမည်နှင့် တွဲ၍ သူတို့ ယခင်က အထင်သေး

နှိမ့်ချခဲ့သော လူငယ်သည် ယခုအချိန်တွင်
သူတို့အားလုံးက ဘာမှ မတတ်နိုင်ပဲ
မော့ကြည့်နေရသော အစွမ်းထက်သည့်
ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေခဲ့လေပြီ။

ကုန်လွန်သွားသော အချိန်များမှာ
နှစ်အနည်းငယ်သာ ရှိသေးသည်။

လေမိသားစုမှ ကျင့်ကြံသူတိုင်းသည် သူတို့၏
မျက်လုံးများ အတွင်းမှ အမူအရာများကို
အခြားသူများ မမြင်နိုင်စေရန် သူတို့၏ ခေါင်းများကို
ငုံ့ထားလိုက်ကြသည်။ သို့သော်လည်း
သူတို့ကိုယ်တိုင်က အားလုံးတို့၏
စိတ်ခံစားမှုများသည် အလွန်အမင်း
ရှုပ်ထွေးနေကြသည်ကို သိနိုင်ကြသည်။

အကယ်၍ တန်ကျွင်းသည် သာမန် သီးသန့်
ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်ခဲ့ပါက
လေမိသားစုသည် သူ့အား ကွဲပြားခြားနားသော
အမြင်ဖြင့် ကြည့်မည် ဖြစ်သော်လည်း
အနည်းဆုံးတော့ သူတို့သည် ယခုကဲ့သို့
ခါးသီးစွာဖြင့် ကသိကအောက် ဖြစ်နေကြမည်
မဟုတ်ချေ။

သူတို့သည် တန်ကျွင်းအား မျက်နှာလုပ်၍
မိတ်ဆွေဆန်သော ဆက်ဆံရေးကို ပြန်လည်
တည်ဆောက်နိုင်ရန် ကြိုးစားမည် ဖြစ်သော်လည်း
အကယ်၍ တန်ကျွင်းဘက်မှ ငြင်းဆန်ခဲ့ပါက
သူ့အား ရိုက်ချရန် ဝန်လေးနေမည် မဟုတ်ချေ။

ဘာပဲပြောပြော လေမိသားစုတွင် အင်မော်တယ်
ဝိညာဉ် ဒုတိယ အဆင့်မှ လေလေ ရှိနေကာ
သူတို့၏ မိသားစု ရတနာလည်း ရှိနေသေးသည်။

သို့သော်လည်း ဤအချိန်တွင် တန်ကျွင်း၏
အနောက်တွင် ရပ်တည်နေသူမှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ ဖြစ်၍ သူသည် လေမိသားစု
အတွင်းရှိ လူတစ်ယောက်မှ အပြစ်မလုပ်ရဲသည့်
ရောမ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။

ငရဲမီး ချောက်ကမ်းပါး တစ်ခုတည်းကပင်
လေမိသားစု ယှဉ်နိုင်သည့် အရာတစ်ခု မဟုတ်ချေ။

လေကျဲသည် ကျင့်ကြံမှု အတားအဆီး တစ်ခုနှင့် ကြုံနေရကာ သူ၏ လမ်းကြောင်းသည် ပြဿနာများ၊ အခက်အခဲများနှင့် ပြည့်နေသည်။ အခြားတစ်ဘက်တွင် တန်ကျွင်းအနေဖြင့် လျင်မြန်စွာနှင့် တိုးတက်လာကာ သူ၏ မြင့်တက်လာမှုသည် မရပ်တန့်နိုင်သကဲ့သို့ ဖြစ်နေ၏။

တန်ကျွင်း၏ မတော်တဆ ဖြစ်၍ အသက်ဆုံးရှုံးနိုင်မှုကဲ့သို့သော အဖြစ်အပျက်မျိုးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကာကွယ်မှုအောက်တွင် မဖြစ်နိုင်သလောက် နည်းပါးသည်။ သူ၏လက်ရှိ ပြသနေသော အဆင့်အတန်းနှင့် အလားအလာတို့ အရ သူ့အနေဖြင့် သူတစ်ယောက်တည်း၏

စွမ်းရည်ဖြင့် လေမိသားစု တစ်ခုလုံးကို
အနိုင်ယူနိုင်မည့် အချိန်မှာ သိပ်မကြာတော့ပေ။

အမှန်တရားသည် သူတို့၏ မျက်စိအရှေ့တွင်
ရောက်နေခဲ့ပြီ ဖြစ်သဖြင့် လေမိသားစုမှ
လူအားလုံးတို့သည် မျှော်လင့်ချက် ကင်းမဲ့ကာ
ကူရာမဲ့နေကြသည်။

တန်ကျွင်းသည် ရှောင်ယန်၏ အနောက်တွင်
ရပ်နေကာ သူ၏ နေရာဟောင်းသို့
ပြန်လာခဲ့ရသော်လည်း သူ၏ မျက်နှာပေါ်တွင်
အတိတ်ကို ပြန်လည် တမ်းတနေသော
အရိပ်အယောင်များ တစ်စက်မှ မရှိချေ။ သူ၏
အိမ်မက်များကို အကောင်အထည် ဖော်နိုင်ခဲ့သည့်
အတွက် ကျေနပ် အားရနေမှုများကို

မဖော်ပြနေသော်လည်း လေမိသားစုမှ လူများ၏ ပါးစပ်များ အတွင်းတွင် ခါးသီးစွာ ခံစားနေရသည်။

"ကျွန်တော်က အမေရဲ့ အုတ်ဂူကို သွားကန်တော့ချင်တယ်" တန်ကျွင်းက လေလေအား ပြောလိုက်သည်။ သူ့အနေဖြင့် လေမိသားစု အတွင်းတွင် လုပ်လိုသော အရာ အနည်းငယ်သာ ရှိကာ သူ့မိခင်အား အရိုအသေ သွားပေးနေလိုသည်။ သူငယ်စဥ်က ပြုစု စောင့်ရှောက်ခဲ့ကြသူ အနည်းငယ်ကို ကျေးဇူးပြန်ဆပ်ကာ သူ့အား လှောင်ပြောင်ခဲ့ကြသူများကို အကြွေးပြန်ဆပ်မည် ဖြစ်သည်။

နောက်ဆုံးအရာမှာ တန်ဝန်ဟွာတွင်
ဘာအကြံအစည် ရှိသည်နှင့်
သူဘာလုပ်ချင်နေသည်ကို ဖော်ထုတ်ရန် ဖြစ်သည်။
သူ့အနေဖြင့် ဤအရာကို စိတ်မဝင်စားပဲ သူ၏
စိတ်အခြေအနေကို အကျိုးသက်ရောက်မှု ရှိမည်
မဟုတ်သော်လည်း အနာဂတ်တွင် ပေါ်လာနိုင်သည့်
မမြင်နိုင်သော ပြဿနာများကို
ကြိုတင်ကာကွယ်ရန် လိုအပ်နိုင်သည်။

လေလေသည် တန်ကျွင်း၏ စကားများကို
ကြားလိုက်ရသော အခါ သူ၏ခေါင်းကို ညိတ်၍
ပြောလိုက်သည်။ "ဟုတ်တယ်... မင်းက သူမကို
အရိုအသေ ပေးပြီးသွားရင် ငါတို့က နံပါတ်၁၇
သမီးရဲ့ ပစ္စည်းတွေကနေ စပြီးမှ စစ်ဆေးရမယ်...
တန်ဝန်ဟွာ ချန်ထားခဲ့တဲ့ အရာအားလုံးကို သူမ

အသက်ရှင်နေစဉ်တုံးက သူမက ထိန်းသိမ်း စောင့်ရှောက်ထားတာ"

'နံပါတ်၁၇ သမီး' ဟူသည်မှာ တန်ကျွင်းနှင့် လေကျဲတို့၏ မိခင်ကို ဆိုလိုနေခြင်း ဖြစ်သည်။ သူမသည် လေလေ၏ သမီးဖြစ်၍ သူမမျိုးဆက်၏ အသက်အရ နံပါတ် ၁၇နေရာတွင် ရှိနေသည်။

တန်ကျွင်းသည် သူမမိခင်၏ ကျောက်တိုင်ရှေ့တွင် အမွှေးတိုင် အချို့ကို ထွန်းလိုက်၍ လေကျဲကလည်း စကားတစ်လုံးမှ မပြောပဲ အလားတူ လုပ်လိုက်သည်။ လေကျဲသည် သူမမိခင်၏ ကျောက်တိုင်ကို အနည်းငယ် ကြောက်ရွံ့နေသော အကြည့်ဖြင့် ကြည့်နေခဲ့သည်။

တန်ကျွင်းသည် သူ့မိခင်အား အရိုအသေ ပြုပြီးသွားသော အခါ ငြိမ်သက်သော အခန်းတစ်ခု အတွင်းသို့ လေလေ၏ အနောက်မှနေ၍ လိုက်သွားခဲ့သည်။

လေလေသည် သူ၏ လက်ချောင်းဖြင့် ညွှန်ပြလိုက်ရာ အခန်းအတွင်းရှိ စားပွဲ မျက်နှာပြင် အပေါ်တွင် အလင်းတန်း တစ်ခု ကျလာ၍ ထိုအလင်းတန်းသည် အမျိုးအစား အလိုက် သေသပ်ကျနစွာ စီထားသော ပစ္စည်းများစွာတို့ကို ဖော်ပြလိုက်သည်။

မဟာကျိုး အင်ပါယာနှင့် လေမိသားစုတို့သည် ဤပစ္စည်းများကို အကြိမ်ပေါင်းများစွာ လေ့လာပြီးသား ဖြစ်နေသည်မှာ သိသာနေ၏။

အခန်းအတွင်းရှိ ပစ္စည်းများသည် ဘာမှ မထူးခြားသကဲ့သို့ ထင်နေရသည်။ သို့မဟုတ် သူတို့သည် ထူးခြားဆန်းကြယ်သော မှော်ကျိန်စာ တစ်ခုဖြင့် အထိန်းသိမ်းခံထားရခြင်းလည်း ဖြစ်နိုင်သည်။ အကယ်၍ ဤအရံအတားများကို အထူးနည်းလမ်း တစ်ခုဖြင့် မဖယ်ရှားနိုင်ခဲ့ပါက သူတို့အတွင်းမှ အမှန်တရားများကို ဖော်ထုတ်နိုင်လိမ့်မည် မဟုတ်ချေ။

အကယ်၍ ဤချိပ်တံဆိပ်များကို ဖယ်ရှားသောသူသည် ပိုမို အစွမ်းထက်သည့်တိုင်အောင် ဤပစ္စည်းများကို အားသုံး၍ ဖော်ထုတ်ခြင်းသည် သူတို့အား

အစိတ်အပိုင်းများ အဖြစ်သာ
ကွဲကြေသွားစေနိုင်သည်။

ရှောင်ယန်သည် အခန်းအတွင်းမှ ပစ္စည်းများကို
အကဲခတ်နေရင်း တန်ကျွင်းဘက်သို့
လှည့်လိုက်သည်။ "မင်းကြိုးစားကြည့်ပါလား"

တန်ကျွင်းသည် ရှေ့တိုးလိုက်ရာ
ခင်းကျင်းထားသော ပစ္စည်းများ အရှေ့သို့
ရောက်လာသည်။ သူသည် သူ၏ မှော်စွမ်းအင်ဖြင့်
ထိုပစ္စည်း အမျိုးမျိုးတို့ကို ဆုပ်ကိုင်ကာ လွန်ခဲ့သော
နှစ်များက တန်ဝန်ဟွာ၏ နေရာဟောင်းတွင်
သူကြုံတွေ့ခဲ့သည့် ထူးခြားသော မှော်ဝက်ပါကို
မှီငြမ်း၍ ကိုယ်ပိုင် စမ်းသပ်မှုများကို ပြုလုပ်ခဲ့သည်။

ထိုပစ္စည်းပုံများ အနက် သူငယ်စဉ်က
ထိတွေ့ခဲ့ဖူးသော ပစ္စည်းအချို့လည်း ရှိနေ၏။ သူ၏
ခန္ဓာကိုယ်သည် ထိုစဉ်က မပြောင်းလဲခဲ့သေးသဖြင့်
ထိုပစ္စည်းများကို ထိတွေ့ခဲ့စဉ်က မည်သည့်
တုံ့ပြန်မှုမှ မရှိခဲ့ပေ။

တန်ကျွင်းသည် တန်ဝန်ဟွာ၏ နေအိမ်ဟောင်းတွင်
ရှိခဲ့စဉ်က လိုက်လံ ဖမ်းဆီးခြင်းကို ခံခဲ့ရ၍
ကမ္ဘာအဆုံးတိုင်အောင် ပုန်းအောင်း
ပြေးလွှားခဲ့ရသည်။ သူသည် အနောက်ဘက်သို့
ဦးတည်၍ ပြေးခဲ့ကာ နောက်ဆုံးတွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ရောက်ရှိခဲ့သည်။

ပြီးတာနှင့် သူသည် လေမိသားစု ထံသို့ တစ်ခါမှ
ပြန်မရောက်ခဲ့ပဲ သူထွက်သွားပြီးကတည်းက

ဤပစ္စည်းများနှင့် နောက်ထပ် တစ်ခါမှ
ထိတွေ့ခဲ့ခြင်း မရှိတော့ပေ။

သို့သော်လည်း တန်ကျွင်းသည် ကျောက်စိမ်း
အဆောင်လက်ဖွဲ့ တစ်ခုနှင့် ထိတွေ့မိသော အခါ
ထိုကျောက်စိမ်း အဆောင်လက်ဖွဲ့သည် ရုတ်တရက်
ပြောင်းလဲသွားခဲ့သည်။

လေလေနှင့် လေကျဲတို့ နှစ်ယောက်စလုံး၏
မျက်လုံးများက တောက်ပသွားသည်။
ထိုကျောက်စိမ်း အဆောင်လက်ဖွဲ့သည်
တန်ဝန်ဟွာက တန်ကျွင်း သို့မဟုတ်
သူ့မိခင်အတွက် ချန်ထားခဲ့ခြင်း မဟုတ်ပဲ
နဂိုကတည်းက တန်ကျွင်းမိခင် ပိုင်ဆိုင်ခဲ့သော

အရာတစ်ခု ဖြစ်ကာ တန်ဝန်ဟွာနှင့် မည်သို့မှ
သက်ဆိုင်နေခြင်း မရှိပေ။

သို့သော်လည်း တန်ဝန်ဟွာ ချန်ထားခဲ့သော
ပစ္စည်းများတွင် မည်သည့် တုံ့ပြန်မှုမှ မရှိခဲ့ပဲ
ဤကျောက်စိမ်း အဆောင်လက်ဖွဲ့သာ ရှိခဲ့သည်။

ထူးခြားသော အလင်းတန်းများသည်
ထိုကျောက်စိမ်း အဆောင်လက်ဖွဲ့ အတွင်းမှ
ဟင်းလင်းပြင်သို့ ထွက်လာပြီး အဖြူရောင်
အလင်းတန်းများဖြင့် လင်းလက်နေသော
တံခါးတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

ရှောင်ယန်နှင့် လေလေတို့သည် တန်ကျွင်းနှင့် လေကျဲတို့အား ထိုအလင်းတန်း တံခါးအတွင်းသို့ ခေါ်သွားခဲ့သည်။ သူတို့သည် ထိုအလင်းတန်း တံခါးအား ဖွင့်ရခြင်းသည် အထူးနည်းလမ်းများ လိုအပ်ကြောင်းကို မြင်လိုက်သည်နှင့် သိခဲ့သော်လည်း တံခါးကိုယ်တိုင်က မည်သို့မှ မထူးခြားနေပေ။

ထိုတံခါးသည် အခြား လေဟာနယ် တစ်ခုနှင့် ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုသာ ဖြစ်ကာ မည်သည့် အန္တရာယ်မှ မရှိပေ။

သူတို့သည် ထိုအလင်းတန်း တံခါးကို ဖြတ်သန်းလိုက်သည်နှင့် ကွဲပြားသော လေဟာနယ် တစ်ခုအတွင်းသို့ ရောက်သွားသည်။ သူတို့အနားမှ

နေရာတစ်ခုလုံးသည် လွင်တီးခေါင် ကျနေကာ မည်သည့်အရာမှ မရှိပေ။

သို့သော်လည်း ရှောင်ယန်သည် အနီးအနားတွင် ထူးခြားဆန်းကြယ်၍ နက်နဲသော လက်ကျန် စွမ်းအင်များ ရွေ့လျားနေသည်ကို ရေးရေးလေး ခံစားနိုင်ခဲ့သည်။

သူ၏ လက်များကို အဆက်မပြတ် လှုပ်ရှားလိုက်ရာ ခရမ်းရောင် စွမ်းအင်များ ထိုးတက်လာ၍ ဤနေရာတစ်ခုလုံးကို ဖုံးလွှမ်းစေပြီး ကောင်းကင်ကို ခရမ်းရောင် ပြောင်းသွားစေသည်။

လေလေသည် မည်သို့မှ မကန့်ကွက်ခဲ့သလို ဝင်ရောက် စွက်ဖက်ခြင်းလည်း မရှိခဲ့ပဲ သူ့မျက်စိရှေ့မှ လေဟာနယ်ကိုသာ အာရုံစိုက်၍ ကြည့်နေခဲ့သည်။

ဟင်းလင်းပြင် အတွင်း၌ သေးငယ်သော အလင်းစက်များစွာ ပေါ်လာ၏။ သူတို့သည် ဆန်စေ့များကဲ့သို့ သေးငယ်သော်လည်း လျင်မြန်စွာဖြင့် စုစည်းသွားကာ ထူးခြားသော အလင်းတန်း ပုံရိပ်တစ်ခု အဖြစ် အတူတကွ ဖန်ဆင်းခဲ့ကြသည်။

ဤအလင်းတန်း ပုံရိပ်အတွင်းတွင် ရှိနေသော အရာသည် ထူးခြားသော စိတ်ဝိညာဉ် ယဇ်ပလ္လင်

တစ်ခုဖြစ်သည်။ ထိုယဇ်ပလ္လင်၏ အပေါ်တွင် လူတစ်ယောက် ထိုင်နေသည်။

ထိုအလင်းတန်း ပုံရိပ်အတွင်းမှ လူကို မြင်လိုက်ရသော သူများအားလုံးတို့၏ မျက်လုံးများသည် ကျဥ်းမြောင်းသွား၍ ရေရွတ်လိုက်သည်။ "တန်ဝန်ဟွာ..."

## စာစဥ် ၆၇ : အပိုင်း ၁၆

## အပိုင်း ၁၃၀၆ : ရှုံးသွပ်သော ကြံ့စည်တီထွင်မှု

လူတစ်ယောက်သည် ထိုအလင်းတန်း ပုံရိပ်အတွင်းမှ စိတ်ဝိညာဥ် ယဇ်ပလ္လင် အပေါ်တွင်

ရပ်နေ၏။ သူ၏ အသွင်အပြင်သည် အလွန်အမင်း ဆွဲဆောင်မှု မရှိသော်လည်း ထူးခြားစွာ ကြည့်ကောင်းနေ၍ တန်ကျွင်းနှင့် လေကျဲတို့နှင့် အနည်းငယ် ဆင်တူနေသည်။ သူ၏ ပုံစံနှင့် တန်ကျွင်းနှင့် ပိုတူနေ၏။

ထိုလူအား ကြည့်ရသည်မှာ အလွန်အမင်း ငယ်ရွယ်ပုံရ၍ အသက်နှစ်ဆယ်ကျော် ဟူ၍သာ ထင်နေရသည်။ သို့သော်လည်း သူ၏ နားထင်နှစ်ဘက်မှ ကျနေသော ဆံနွယ်များသည် ဖြူနေကာ သူ၏ မျက်လုံးများသည် ရင့်ကျက်တည်ငြိမ်မှုများဖြင့် စီးဆင်းနေ၍ ကမ္ဘာအတွင်းမှ အရာအားလုံးကို မြင်တွေ့ပြီးသကဲ့သို့ ဖြစ်နေသည်။

ရှောင်ယန်နှင့် တန်ကျွင်းတို့သည် ထိုလူအား ယခင်က မတွေ့ဖူးသော်လည်း ထိုလူ၏ လက်ကျန် ပုံရိပ်များမှ တဆင့် လူငယ်နှင့် လူကြီးတို့ အကြားတွင် ရှိနေပုံ ပေါက်နေသည့် ထိုသူသည် တန်ကျွင်းနှင့် လေကျဲတို့၏ ဖခင်ဖြစ်သူ တန်ဝန်ဟွာ ဖြစ်မှန်းကို သိလိုက်ကြသည်။

လေလေနှင့် လေကျဲတို့သည် တန်ဝန်ဟွာအား ယခင်က ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ဖူးကာ ထိုအလင်းတန်း ပုံရိပ်မှတဆင့် သူ့အား တွေ့လိုက်သည်နှင့် ချက်ချင်း မှတ်မိခဲ့သည်။

လေလေ၏ မျက်နှာသည် လေးနက်စွာဖြင့် တန်ဝန်ဟွာအား စိုက်ကြည့်နေပြီး သူ၏ မျက်လုံးများသည် တည်ငြိမ်နေခဲ့သော်လည်း

လေကျဲ၏ အသက်ရှူသံများသည်
ပြင်းထန်လာခဲ့သည်။

တန်ဝန်ဟွာသည် အလင်းတန်း ပုံရိပ်အတွင်းမှ
စိတ်ဝိညာဉ် ယဇ်ပလ္လင် အပေါ်တွင် ရပ်နေကာ သူ၏
လက်များသည် လျင်မြန်စွာ လှုပ်ရှားနေ၍
မှော်စွမ်းအင် တစ်တန်းပြီးမှ တစ်တန်းတို့က
စိတ်ဝိညာဉ် ယဇ်ပလ္လင် အပေါ်သို့
ကျရောက်သွားသည်။

စိတ်ဝိညာဉ် ယဇ်ပလ္လင်၏ အလယ်တွင် အခြား
ပစ္စည်းများ ရှိနေသေး၍ အနီးကပ် ကြည့်လိုက်လျှင်
ထိုအရာများသည် စိတ်ဝိညာဉ် စွမ်းအင်များ
ကြွယ်ဝသော အရာများ ဖြစ်ကြသည်ဟု
သိနိုင်သည်။ သူတို့သည် တန်ဝန်ဟွာ၏

မှော်စွမ်းအင်အောက်တွင် ဖြည်းဖြည်းချင်း ပြိုကွဲသွားကာ နောက်ဆုံးတွင် မီးတောက်ဘောလုံးများ အဖြစ်သို့ ပြောင်းသွားကြသည်။

တန်ဝန်ဟွာ၏ မှော်စွမ်းအင် အော်ရာများသည် ဤမျှအထိ အစွမ်းမထက်ပဲ အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်တွင်သာ ရှိသေးသည်။

သို့သော်လည်း သူပြုလုပ်နေသည့် အခမ်းအနားသည် လျှို့ဝှက်ဆန်းကြယ်၍ အမတန်မှ ရှုပ်ထွေးကာ အနီးကပ် လေ့လာနေသော လေလေ၏ မျက်မှောင်များက တင်းကျပ်စွာဖြင့် ကြုတ်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်တွင် ရှိနေသော်လည်း တန်ဝန်ဟွာ၏ အခမ်းအနားကို နားလည်နိုင်စွမ်း မရှိဟု သဘောပေါက်ခဲ့သောကြောင့် ဖြစ်သည်။ သူ့အနေဖြင့် အတွင်းမှ နက်နဲ သိမ်မွေ့မှုများကို နားမလည်နိုင်ခဲ့ပေ။

စင်စစ် ဖြစ်တည်မှု အဆင့်မှ ကျင့်ကြံသူတစ်ယောက် နားမလည်နိုင်သည့် အခမ်းအနား တစ်ခုအား အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က လုပ်ဆောင်နေခြင်း ဖြစ်သည်။

ဤအခမ်းအနား၏ နက်နဲ သိမ်မွေ့မှုနှင့် ရှုပ်ထွေး ပွေလီမှုများသည် လေလေအား မှင်သက်စေခဲ့ကာ နှလုံးခုန်ပင် မြန်လာစေခဲ့သည်။ အကယ်၍

တန်ဝန်ဟွာသည် ဤအခမ်းအနားကို
အခြားသူများထံမှ ရရှိခဲ့ခြင်း မဟုတ်ပဲ သူ၏
ပင်ကိုစိတ်ကူးဉာဏ်ဖြင့် တီထွင်ထားခြင်း ဖြစ်ပါက
အတွင်းမှ ထူးခြား ဆန်းကြယ်သော
လျှို့ဝှက်ချက်များသည် ပို၍ အံ့သြဖွယ်
ကောင်းပေလိမ့်မည်။

ရှောင်ယန်သည်လည်း တန်ဝန်ဟွာ
လုပ်ဆောင်နေသော အခမ်းအနားကို
စောင့်ကြည့်နေရင်း သူ၏ မျက်လုံးများက စတင်၍
တောက်ပလာခဲ့သည်။ သူ၏ မျက်လုံး
သူငယ်အိမ်များ အတွင်းမှ အဆုံးမဲ့ မီးတောက်များ
လောင်ကျွမ်းနေသကဲ့သို့ ဖြစ်ကာ
မျက်စိကျိန်းလုမတတ် အလင်းတန်းများဖြင့်
တောက်လောင်လာခဲ့သည်။

ဤအချိန်၌ပင် ရှောင်ယန်၏ မှော်စွမ်းအင်များဖြင့် ပြန်လည် တည်ဆောက်ထားသော ပုံရိပ်သည် တုန်ခါ၍ စတင် တွန့်လိမ်လာခဲ့သည်။

စာရွက်တစ်ရွက်ကို မမြင်ရသော လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်ထားကာ အပိုင်းအစများ အဖြစ် ဆုတ်ဖြဲချင်နေသကဲ့သို့ ဖြစ်သည်။

ရှောင်ယန်သည် သူ၏ မျက်ခုံးများကို ပင့်လိုက်၍ အေးစက်စွာ ရယ်လိုက်ပြီး ထိုအလင်းတန်း ပုံရိပ်အား လက်ချောင်း တစ်ချောင်းဖြင့် ညွှန်ပြလိုက်သည်။ သူသည် ကောင်းကင်အား ပုတ်လိုက်ရာ ဒေါ်ထနေသော မီးတောက်များသည်

ထိုအလင်းတန်း ပုံရိပ်အပေါ်၌ စတင်
လောင်ကျွမ်းလာခဲ့သည်။

ထိုမီးတောက်သည် အလင်းတန်း ပုံရိပ်အား
မဖျက်စီးပဲ သူ့အား ဆွဲဖြဲနေသော မမြင်နိုင်သည့်
လက်အစုံကို လောင်ကျွမ်းနေခြင်း ဖြစ်သည်။
မမြင်နိုင်သော ထိုလက်အစုံသည် ပြင်းထန်လှသော
မီးတောက်များကို ခံစားခဲ့ရသော အခါ ချက်ချင်း
ရုပ်သိမ်းသွားခဲ့သည်။

တွန့်လိမ်နေသော ပုံရိပ်ကလည်း လျင်မြန်စွာဖြင့်
ပြန်လည် ချောမွေ့သွားကာ သူ၏
လေးဘက်လေးတန်တွင် တောက်ပလှသော
မီးတောက်များက ကခုန်နေကြလေသည်။

ထိုမြင်ကွင်းအား မြင်လိုက်ရသော အခါ လေလေ၏ မျက်ခုံးများက လှုပ်ခါသွားခဲ့သည်။ ယခု ဖြစ်ပျက်ခဲ့သော အရာများသည် မြန်ဆန်လွန်းလှသဖြင့် သူ့အနေဖြင့် တုံ့ပြန်နိုင်စွမ်းပင် မရှိခဲ့ပေ။

ရှောင်ယန်ကြောင့်သာ မဟုတ်ပါက ထိုအလင်းတန်း ပုံရိပ်သည် ပျက်စီးသွားပြီး ဖြစ်နေပေလိမ့်မည်။ လေလေသည် ဘာဖြစ်သွားသည်ကို ပြန်တွေးလိုက်၍ သူ၏ မှော်စွမ်းအင်နှင့် စွမ်းအားများသည် မမြင်နိုင်သော ထိုလက်အစုံကို တားဆီးရန် လုံလောက်ခြင်း မရှိဟူ၍ အံ့သြ တုန်လှုပ်စွာဖြင့် သဘောပေါက်သွားခဲ့သည်။

ဤတွေ့ရှိမှုသည် လေလေအား သူ၏ အရှေ့မှ ခရမ်းရောင် ကိုယ်ကျပ်ဝတ်စုံနှင့် အနက်ရောင် အပေါ်ဝတ်ရုံကို ဝတ်ဆင်ထားသည့် တောက်ပလှသော လူငယ်၏ အစွမ်းကို ကောင်းစွာ နားလည်သွားစေခဲ့သည်။

ရှောင်ယန်နှင့် မမြင်နိုင်သော လက်အစုံ၏ တိုက်ပွဲသည် ဆက်လက် ဖြစ်ပေါ်နေဆဲ ဖြစ်သေးသည်။ ထိုလက်အစုံသည် ရှောင်ယန်၏ မီးတောက်များကြောင့် နောက်ဆုတ်သွားရအပြီးတွင် လျင်မြန်စွာဖြင့် ပြန်လာခဲ့ကာ နားကွဲလုမတတ် ဟိန်းဟောက်သံများ ထွက်ပေါ်လာသည်။

အခန်းအတွင်းတွင် လေပြင်းများ တစ်သုတ်ပြီး တစ်သုတ် တိုက်ခတ်လာ၏။ သူတို့သည် အသွင်သဏ္ဍာန် မရှိကြသော်လည်း ထက်မြက်လွန်းသဖြင့် အရာအားလုံးကို ထိုးဖောက်နိုင်သည်ဟု ထင်နေရသည့် ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းများပင် ဖြစ်ကြသည်။

ရှောင်ယန်သည် အေးစက်စွာဖြင့် ရယ်လိုက်ရာ ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်၏ အစိမ်းရောင် မီးတောက်များက လင်းလက်လာသည်။ လည်ပတ်နေကြသော မီးတောက်များသည် အစိုင်အခဲ အဖြစ်သို့ စုစည်းလာကာ တိုက်စစ်ရော ခံစစ်ကိုပါ စွမ်းဆောင်ခဲ့ပြီး ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းကို ခုခံလိုက်ကာ ပေါက်ကွဲသွားပြီး

လေပြင်းများကို ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလိုက်သည်။

သူ့ပြိုင်ဘက်သည် ပထမ တိုက်ခိုက်မှု မပြီးသေးခင်တွင်ပင် ဒုတိယ တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်လိုက်သည်။ အစိမ်းရောင် ရေများသည် မြင်ကွင်းအတွင်းသို့ ပေါ်လာသည်။ သူတို့သည် မဟာလမင်း အကြွင်းမဲ့ရေများ ဖြစ်ကြ၍ ခိစတိဂါဘာ အစစ်အမှန် မီးရှူးတိုင်၏ မီးတောက်များထံသို့ ကျဆင်းလာကြသည်။

မိစ္ဆာပုံ ပေါက်နေသော အနီရောင် ကြာပန်းတစ်ခုသည် ကောင်းကင်ပေါ်တွင် ရုတ်တရက် လင်းလက်လာ၍ သူ၏ အရောင် အဆင်းများသည် သန့်စင် ကြည်လင်လှသည်။

မိစ္ဆာ အနီရောင် ကြာပန်းသည် အသွင်မဲ့ အနီရောင် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွား၍ ပါးလျသော လေထုအတွင်းသို့ ပျောက်ကွယ်သွားသည်။ သို့သော်လည်း ခက်ထန် ပြင်းထန်သော လေပြင်းများသည် ဤအချိန်တွင် လုံးဝ ရပ်တန့်သွား၍ အစိမ်းရောင် ရေများကလည်း ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

လေလေနှင့် လေကျဲတို့သည် တစ်ချိန်တည်းပင် ရှောင်ယန်ထံသို့ လှမ်းကြည့်လိုက်ကြသည်။ ဤမိစ္ဆာ အနီရောင် ကြာပန်းသည် ရှောင်ယန်၏ အနီရောင် ကြာပန်းမီးတောက်ဖြင့် ဖန်ဆင်းထားမှန်းကို သူတို့က သိနေကြသည်။

ရှောင်ယန်သည် အနီရောင် ကြာပန်းမီးတောက်ကို ထုတ်ဖော်လိုက်၍ ရေဆန်ကို ဆန်တက်ကာ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းနှင့် မဟာလမင်း အကြွင်းမဲ့ရေတို့ကို ဖြတ်သန်း၍ အရာအားလုံး၏ အရင်းအမြစ် ဖြစ်သော ဤကိစ္စများကို နောက်ကွယ်မှ ကြိုးကိုင်နေသူထံသို့ သွားနေခြင်း ဖြစ်သည်။

အနီရောင် ကြာပန်းမီးတောက်သည် ဝိညာဉ်ကို ပျက်စီးစေနိုင်စွမ်း ရှိပြီး သူ၏ အစွန်းရောက် ပုံသဏ္ဍာန်သည် တစ်ယောက်၏ ဝိညာဉ်ကို သူ၏ အခွံအတွင်းမှ ဆွဲထုတ်နိုင်စွမ်း ရှိသည်။ သူသည် ထိုဝိညာဉ်အား သံသရာ အတွင်းသို့ ပစ်ထည့်နိုင်ပေသည်။

ဤမီးတောက်ကို တွေ့ရှိပြီး တစ်ယောက်၏ ခန္ဓာကိုယ်နှင့် မထိတွေ့ရန် ခုခံနိုင်လျှင် တော်သေးသည်။ သို့သော်လည်း အကယ်၍ အနီရောင် ကြာပန်းမီးတောက်သည် တစ်ယောက်၏ အရေပြားနှင့် ထိတွေ့ခဲ့ပါက လူအများစုတွင် မပြောပြနိုင်သော ကပ်ဆိုးများနှင့် တွေ့ကြုံရမည် ဖြစ်သည်။

သူ့ပြိုင်ဘက်၏ တုံ့ပြန်မှုသည် အလွန်အမင်း မြန်ဆန်ကာ သူ၏ ဆက်သွယ်မှုများကို ဖြတ်တောက်ရန် စက္ကန့်ပိုင်း အတွင်း ဆုံးဖြတ်နိုင်ခဲ့သဖြင့် ရှောင်ယန်၏ အနီရောင် ကြာပန်းမီးတောက်သည် သူလုပ်ချင်နေသော အရာများကို မလုပ်ဆောင်နိုင်ခဲ့ပေ။

နှစ်ဦးနှစ်ဘက်တို့သည် လေဟာနယ် အချိန်ကာလ အလွှာများ အကြားမှ ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ကာ ရှောင်ယန်၏ ပြိုင်ဘက်သည် ဖြည်းဖြည်းချင်း နောက်ဆုတ်ခဲ့ရပြီး ရှောင်ယန်နှင့် ဆက်လက် မတိုက်ခိုက်သင့်တော့ဟု ဆုံးဖြတ်ချက်ချကာ ဆုတ်ခွာသွားခဲ့ခြင်း ဖြစ်သည်။

ဤအဖြစ်များသည် အစမှနေ အဆုံးအထိ တစ်ခဏ အတွင်းတွင် ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်ကာ လေလေ၊ လေကျဲနှင့် တန်ကျွင်းတို့က ပါးစပ် အဟောင်းသားဖြင့် စိုက်ကြည့်နေကြလေသည်။

လေလေသည် သက်ပြင်းဖွဖွလေး ချလိုက်ကာ မှတ်ချက်ချလိုက်သည်။ "ငရဲမီး ကေရာဇ်ရဲ့

စွမ်းအားတွေက တကယ့်ကိုပဲ အထင်ကြီးဖွယ်ကောင်းလှပြီး ကျုပ်ရဲ့ အမြင်ကို ကျယ်စေခဲ့တယ်"

ရှောင်ယန်သည် သူ့အရှေ့မှ အလင်းတန်း ပုံရိပ်ကိုကြည့်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ဒီလူရဲ့ ကျင့်ကြံမှုနဲ့ နည်းစနစ်တွေက အမတန်မှ အစွမ်းထက်တယ်… သူက သူဘယ်သူဆိုတာနဲ့ သူ့ရဲ့ တကယ့် အစွမ်းကို အစကနေ အဆုံးအထိ မဖော်ပြခဲ့ဘူး… ကျုပ်ကတောင် သူ့ရဲ့ နောက်ခံကို ခန့်မှန်းလို့မရဘူး"

"သူက ကျုပ်တို့ထံကနေ အမှန်တရားကို ဖုံးကွယ်ဖို့ အကောင်းဆုံး ကြိုးစားနေခဲ့တာ… မဟုတ်ရင် သူ့ရဲ့ စွမ်းအားတွေက ဒီထက်ပိုကောင်းနိုင်တယ်"

"ဒီတိုက်ပွဲဟာ ကျုပ်တို့နေရာမှာ ဖြစ်ပွားခဲ့တာ ဖြစ်ပြီး သူ့ရဲ့ မှော်စွမ်းအင်တွေက လေဟာနယ် အလွှာများစွာကို ဖြတ်သန်းလာခဲ့ရပြီး သူက အောက်စည်းကို ရောက်နေခဲ့တယ်"

ထိုသူသည် တန်ဝန်ဟွာ ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပဲ သူ၏ မူလ ခန္ဓာကိုယ် ဖြစ်သည်ဟု ပြောနိုင်သည်။ သူသည် အမတန်မှ သတိထားနေကာ သူသည် ရှောင်ယန်အား မည်သို့မှ လုပ်နိုင်သည်ကို မသိနေခဲ့သော အခါ ရှောင်ယန်က သူ့ကို မဖော်ထုတ်နိုင်ရန် ချက်ချင်းပင် နောက်ဆုတ်သွားခဲ့သည်။

"ဒါပေမဲ့ ဒီလူရဲ့ ကျင့်ကြံမှုဟာ ကျုပ်ထက် ပိုပြီးမှ အစွမ်းထက်နိုင်တယ်" ရှောင်ယန်က ရယ်ရမ်းသွေး၍ ဆက်ပြောလိုက်သည်။

"သူ့လိုမျိုး လူတွေက နတ်ဘုရားနယ်မြေ တစ်ခုလုံးမှာ အနည်းငယ်သာ ရှိပြီး သူက ကမ္ဘာကနေ နှစ်ပေါင်းများစွာ ပုန်းအောင်းနေတဲ့ ရှေးခေတ်ကလူ ဖြစ်ရင်တောင် သူ့ကိုရှာဖို့ သိပ်မခက်ဘူး... ကျုပ်တို့မှာ သဲလွန်စတွေကို တွေ့နိုင်ဖို့ အခွင့်အရေး ရှိနိုင်တယ်"

ရှောင်ယန်၏ အကြည့်သည် ပြန်လည် တည်ငြိမ်သွားသော အလင်းတန်း ပုံရိပ်အပေါ်သို့ ကျရောက်သွားကာ ပြောလိုက်သည်။

"အနည်းဆုံးတော့ ကျုပ်တို့မှာ ပစ်မှတ်တစ်ခု ရှိသွားပြီ"

ရှောင်ယန်သည် ပြီးတာနှင့် တိတ်ဆိတ်သွားကာ သူ၏ အာရုံကို ထိုအလင်းတန်း ပုံရိပ်အပေါ်သို့ ရွှေ့လိုက်သည်။ လေလေ၏ နှုတ်ခမ်းများသည် တွန့်သွားသော်လည်း နောက်ဆုံးတွင် သူ့ကိုယ်သူ ထိန်းလိုက်ကာ ထိုအလင်းတန်း ပုံရိပ်အပေါ်သို့ ကြည့်လိုက်သည်။

ဤအလင်းတန်း ပုံရိပ်သည် ဤနေရာတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘာဖြစ်ခဲ့သည်ကို ပြန်လည် ပြသနေခြင်း ဖြစ်သည်။ လေမိသားစု အတွင်းတွင်နေထိုင်ခဲ့စဉ်က တန်ဝန်ဟွာသည် ဤလေဟာနယ် အလွှာငယ် အတွင်းတွင် သူ၏

စမ်းသပ်မှုများကို လျှို့ဝှက်စွာ ပြုလုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

တန်ဝန်ဟွာ၏ လက်များသည် ထိုအလင်းတန်း ပုံရိပ်၏ အတွင်းတွင် ဆက်လက် လှုပ်ရှားနေခဲ့သည်။ သူသည် ထိုအခမ်းအနားကို ဆက်လက် လုပ်ဆောင်နေရင်း စိတ်ဝိညာဉ် ယဇ်ပလ္လင်သည် စတင် လည်ပတ်လာကာ မီးတောက် အတန်းများက ယဇ်ပလ္လင်၏ အပေါ်တွင် ကခုန်လာကြသည်။

ရောမ စာလုံးများနှင့် သင်္ကေတများသည် လေထုအလယ်တွင် တစ်ခုပြီး တစ်ခု ပေါ်လာကြကာ နောက်ဆုံးတွင် အလင်းတန်း

စက်လုံးတစ်ခု အဖြစ်သို့ အတူတကွ
စုစည်းသွားကြသည်။

အလင်းတန်း စက်လုံးသည် ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွား၍ ထူးခြားဆန်းကြယ်သော
အင်အားသည် သူနှင့် အတူ ပျောက်ကွယ်သွားသည်။

ရှောင်ယန်နှင့် ကျန်သောသူများသည်
ထိုအလင်းတန်း ပုံရိပ်အား စောင့်ကြည့်နေရင်း
တန်ဝန်ဟွာ၏ အရှေ့တွင်လည်း တူညီသော
ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

ထိုပုံရိပ်သည် အနည်းငယ် ဝေဝါးနေသော်လည်း
ရှောင်ယန်နှင့် ကျန်သောသူများသည် ထိုပုံရိပ်သည်

ကလေးမွေးဖွားနေသော အမျိုးသမီး တစ်ယောက်၏ ပုံဖြစ်မှန်းကို သိနိုင်ခဲ့သည်။

သူမသည် ကပိုကယို ဖြစ်နေ၍ အားနည်းနေသည့်ပုံ ပေါက်နေသော်လည်း သူမ၏ တင့်တယ် လှပမှုကို ကောင်းစွာ မြင်နေနိုင်သည်။

တန်ကျွင်းနှင့် လေကျဲတို့၏ အသက်ရှူသံများသည် တစ်ပြိုင်နက်တည်း ရပ်သွားကြ၍ လေလေ၏ မျက်လုံးအစုံသည် တွေဝေ မိန်းမောသွားခဲ့သည်။

ပုံရိပ်အတွင်းမှ ကလေးတစ်ယောက်၏ ငိုသံကို ကြားနေနိုင်သည်။ ဤမြင်ကွင်းကို တွေ့လိုက်ရသော အခါ တန်ဝန်ဟွာ၏

နှုတ်ခမ်းများသည် ပြုံးယောင်သန်းသွား၍ တီးတိုး ရေရွတ်လိုက်သည်။

"နှမြောစရာပဲ... ဒုတိယ ရလဒ်ဟာ အောင်မြင်ခဲ့ပေမဲ့ ပြီးပြည့်စုံဖို့ ခြေတစ်လှမ်း လိုနေသေးတယ်... သူ့ကို မွေးဖွားပြီးနောက်မှာ ထပ်ပြီး အားဖြည့်ဖို့ လိုနေသေးတယ်... ဒါပေမဲ့ သူဟာ ကျရှုံးသွားတဲ့ ပထမ ရလဒ်လိုမျိုး မွေးရာပါ ဖြစ်ပြီး နောက်ထပ် ပြဿနာတွေ မရှိရင် အပြည့်အဝ ပြည့်စုံသွားနိုင်တယ်"

"ဒါပေမဲ့ နောက်ထပ် လုပ်စရာ အရာများစွာ ရှိသေးတယ်" တန့်ဝန်ဟွာသည် အားရနေသလို အနည်းငယ် နှမြောနေသည့်ပုံ ပေါက်နေသည့် သက်ပြင်းဖွဖွလေး တစ်ချက် ချလိုက်သည်။ သူသည်

မီးတောက်များ၏ အလင်းရောင် အောက်တွင် ဖြူလိုက်နက်လိုက် ဖြစ်နေ၍ ပြောလိုက်သည်။ "ဒါ့အပြင် အရင်းအမြစ် အများအပြားကို အသုံးပြုရနိုင်ပြီး ရှုံးနိမ့်နိုင်စွမ်းကလည်း ကြီးမားတယ်"

တန်ဝန်ဟွာသည် စိတ်ဝိညာဉ် ယဇ်ပလ္လင် အပေါ်တွင် ရပ်နေ၍ ကောင်းကင်ပေါ်သို့ ကြည့်လိုက်သည်။ "ပြဿနာက ငါ့ဆီမှာ အချိန်များစွာ မရှိတော့တာပဲ… ငါက ဒီနေရာမှာ ဆက်နေခဲ့ရင် ငါ့အကြောင်း သဲလွန်စတွေ ရသွားတော့မယ်"

သူ၏လက်များကို ဝှေ့ယမ်းလိုက်ရာ စိတ်ဝိညာဉ် ယဇ်ပလ္လင် အပေါ်မှ မီးတောက်များက ငြိမ်းသွားခဲ့၍

စိတ်ဝိညာဉ် ယဇ်ပလ္လင်ကလည်း မှေးမှိန်သွားကာ နောက်ဆုံးတွင် ဘာမှ မရှိခြင်း အဖြစ်သို့ ပျောက်ကွယ်သွားခဲ့သည်။

တန်ဝန်ဟွာသည် သူ၏ လက်များကို နောက်ကျောတွင် ပစ်ထားကာ မြေပြင်ပေါ်သို့ ဆင်းသက်လာ၍ ထိုလေဟာနယ် အလွှာအတွင်းမှ အဝေးသို့ ပျောက်ကွယ်သွားခဲ့သည်။

ဤအရာသည် ထိုအလင်းတန်း ပုံရိပ်အတွင်းမှ အရာများ၏ အဆုံးသတ် ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်နှင့် ကျန်သောသူများသည် သူတို့ တွေ့ခဲ့ရသည့်

အရာများနှင့် ပတ်သတ်၍ အတွေးနက်နေကြကာ အချိန်ကြာမြင့်စွာ စဉ်းစား သုံးသပ်နေကြသည်။

အချိန်အတော်ကြာမှ လေလေသည် ရှောင်ယန်အား အနည်းငယ် ချီတုံချတုံ ဖြစ်စွာဖြင့် မေးလိုက်၏။ "တကယ်လို့ ကျုပ်တွေ့ခဲ့တာ မမှားရင် တန်ဝန်ဟွာရဲ့ အခမ်းအနား အတွင်းမှာ ပါဝင်တဲ့ ပစ္စည်းတွေဟာ ရှားပါးတဲ့ ရတနာတွေ ဖြစ်ကြပြီး… သွေးပုံဆောင်ခဲ အချို့လည်း ပါနေတယ်လို့ ထင်တယ်"

ရှောင်ယန်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ တန်ကျွင်းနှင့် လေကဲ့တို့က ထိတ်လန့် တုန်လှုပ်သွားကြသည်။ ရှောင်ယန်သည် သူတို့ဘက်သို့ လှည့်ကြည့်၍ ပြောလိုက်သည်။

"ဒါပေမဲ့ ဒါတွေက မိစ္ဆာတွေရဲ့ သွေးနဲ့ ဖန်ဆင်းထားတာ မဟုတ်ဘူး"

လူသားများသည် မိစ္ဆာများကဲ့သို့ သူတို့၏ စွမ်းအားများကို အနည်းဆုံးတော့ သင့်တော်သော အမွေဆက်ခံမှု မရှိပဲ သွေးအတွင်းမှ လက်ဆင့်ကမ်း၍ မရမှန်းကို အားလုံးတို့က သိထားကြသည်။ သာမန်လူ အချို့သည် အမတန်မှ ထူးချွန်ပြောင်မြောက်သော ပါရမီရှင် အချို့နှင့် ပေါင်းဖော်ခဲ့လျှင်လည်း သူတို့၏ မျိုးဆက်များမှာ သာမန်လူသာ ဖြစ်နိုင်ပေသည်။

ရှေးဟောင်း မျိုးနွယ်စု သို့မဟုတ် ဟင်းလင်းပြင် ဘုရားကျောင်းမှ ယန်မိသားစုမှ သွေးမျိုးဆက်တို့၏

အမွေဆက်ခံထားသော စွမ်းရည်များသည်ပင်လျှင် တည်ငြိမ်မှုနှင့် ကြိုတင် ခန့်မှန်းနိုင်မှုများ မရှိကြပေ။

အနည်းဆုံးတော့ အစွမ်းထက်သော ထူးခြားသည့် ခန္ဓာကိုယ် ဖွဲ့စည်းပုံများ ဖြစ်ကြသည့် သန့်စင်သောယန် ခန္ဓာကိုယ်၊ သန့်စင်သောယင် ခန္ဓာကိုယ်၊ မီးလောင်ပြာကျသော ယန်ဖြစ်တည်မှု၊ အဆုံးသတ်သော ယင်ဖြစ်တည်မှု၊ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံ၊ မီးသခင် ခန္ဓာကိုယ် အစရှိသည်တို့သည် မိဘများက သူတို့၏ မျိုးဆက်များကို အမွေပေးခဲ့ခြင်း ဟူသော မှတ်တမ်းမျိုး မရှိပေ။

လေလေသည် သူ၏အသံကို နှိမ့်၍ မေးလိုက်သည်။ "သူက ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံနဲ့

မီးသခင် ခန္ဓာကိုယ်တို့ကို ပိုင်ဆိုင်ထားတဲ့ အစွမ်းထက် ကျင့်ကြံသူတွေရဲ့ ရုပ်အလောင်းကို ရှာဖွေ တွေ့ရှိခဲ့ပြီး သူတို့ရဲ့ အဆီအနှစ်တွေကို ထုတ်ယူကာ သန့်စင်ပြီး သူ့ရဲ့ ကလေးတွေ အတွင်းကို ထည့်သွင်းနိုင်ခဲ့တာများလား"

"ဒါပေမဲ့… ဒါတောင်မှ ဖြစ်နိုင်ပါ့မလား" လေလေသည် မယုံနိုင် ဖြစ်နေသော်လည်း အဖြစ်မှန်မှာ သူ၏ မျက်စိအရှေ့တွင် ရှိနေခဲ့ပြီ ဖြစ်သည်။ "ဒါက တကယ်ကို ရှုးမိုက်တာပဲ…"

ရှောင်ယန်သည် သူ၏ လက်အစုံကို ကျောနောက်တွင်ပစ်ကာ ဤကိစ္စအား အသေအချာ စဥ်းစားနေရင်း ရုတ်တရက်ပင် အသံလွှင့် ကျောက်တုံးတစ်ခုကို ဖိခြေလိုက်လေသည်။

## စာစဉ် ၆၇ : အပိုင်း ၁၇

## အပိုင်း ၁၃၀၇ : အမှောင်အတွင်းမှ ခန့်မှန်းခြင်း

ရှောင်ယန်သည် အသံလွှင့် ကျောက်တုံးတစ်ခုကို ဖိခြေလိုက်သော အခါ အခြားတစ်ဘက်မှ မိုးကြိုးကဲ့သို့ ထစ်ချုန်းနေသော အသံတစ်ခု ထွက်လာခဲ့သည်။ "ဘာကိစ္စများ ရှိသလဲ... ငရဲမီး ကေရာ်ဇ်"

ထိုအသံသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ လက်ရှိ ခေါင်းဆောင်ဖြစ်သော မိုးကြိုးတိမ်တိုက် သူတော်စင်၏ အသံဖြစ်သည်။

ရှောင်ယန်သည် ထိုကိစ္စကို တန်ကျွင်း၊ လေကျဲနှင့် လေလေတို့ထံမှ မဖုံးကွယ်ထားခဲ့ပေ။ လေလေသည် မိုးကြိုးတိမ်တိုက် သူတော်စင်၏ အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဘာဖြစ်နေသည်ကို ချက်ချင်း နားလည်လိုက်သည်။

ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်သူများမှာ သမိုင်းတလျှောက်တွင် ရှားပါးလှ၍ လက်ရှိမျိုးဆက်နှင့် အနီးစပ်ဆုံးသူမှာ အလယ်ခေတ် အတွင်း၌ ကျဆုံးသွားသည့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ အစွမ်းထက်သည့် ကျင့်ကြံသူ တစ်ယောက်ဖြစ်သည်။

ထိုသူသည် စွမ်းအားကြီးမား၍ သူ၏ ပါရမီမှာ ထူးချွန် ပြောင်မြောက်လှသည်။ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် သူအသက်ရှင်နေခဲ့စဉ်က များစွာ ဂုဏ်ကျက်သရေ တောက်ပခဲ့သော်လည်း သူသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်သို့ ရောက်သွားသော အခါ ကံမကောင်းသော အဖြစ်တစ်ခုနှင့် ကြုံတွေ့ခဲ့ကာ ကျဆုံးသွားခဲ့သည်။

ထိုသတင်းအား နတ်ဘုရားနယ်မြေ အတွင်းမှ နောက်မျိုးဆက်များက သိနေကြပြီး ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံ၏ အသုံးဝင်မှု အချက်အလက်များသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ထိုဘိုးဘေးဘီဘင်မှ ဆင်းသက်လာသည်ဟု ပြောရပေမည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် သူတို့
ဘိုးဘေးဘီဘင်၏ ကိုးနဝင်းချီ အစစ်အမှန်
မိုးကြိုးပုံစံ၏ ကျင့်ကြံမှုနှင့် ပတ်သတ်သည့်
လျှို့ဝှက်ချက်နှင့် နည်းစနစ်များကို ပိုင်ဆိုင်ထား၍
မိုးကြိုးတိမ်တိုက် သူတော်စင်၊ အပြာရောင်ခန်းမ
သူတော်စင်နှင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ
အခြား အကြီးအကဲများက လေကျဲအား ကြီးမားစွာ
မျှော်လင့်ခဲ့ခြင်းသည် ဤအကြောင်း
တစ်စိတ်တစ်ပိုင်း ပါသည်။

လေကျဲသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း
အတွင်းတွင် ဝင်ရောက် ကျင့်ကြံခဲ့လျှင် များစွာပို၍
အဆင်ပြေ ချောမွေ့နိုင်သည်။

သို့သော်လည်း မဟာကျိုး အင်ပါယာသည် ချမ်းသာ ကြွယ်ဝကာ များစွာပို၍ လွှမ်းမိုးနိုင်စွမ်း ရှိသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုစဉ်က ယနေ့ကဲ့သို့ အစွမ်းမထက်သေး၍ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် နီးစပ်သော်လည်း မဟာကျိုး အင်ပါယာကဲ့သို့ ဆွဲဆောင်နိုင်စွမ်း မရှိသေးပေ။

မဟာချင် အင်ပါယာ အတွင်းမှ လေမိသားစုသည် မဟာကျိုး အင်ပါယာနှင့် စတင် ဆက်သွယ်ခဲ့စဉ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရားနယ်မြေ အတွင်းတွင် ပေါ်ပင် မပေါ်သေးပေ။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားသော ဘိုးဘေးဘီဘင်သည် လွန်ခဲ့သော နှစ်များက ကြွေလွင့်ခဲ့စဉ်က ပွဲချင်းပြီး သေဆုံးသွားခြင်း မဟုတ်ပေ။ ထို့အစား သူသည် အပြင်းအထန် ဒဏ်ရာရခဲ့၍ တောင်သို့ ပြန်လာကာ ကုသခဲ့သော်လည်း ပြန်လည် ကောင်းမွန်လာခြင်း မရှိပဲ နောက်ဆုံးတွင် သေဆုံးသွားခြင်း ဖြစ်သည်။

သူကွယ်လွန်သွားသော်လည်း သူအင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိအပြီးတွင် ဖန်ဆင်းခဲ့သော ကိုးနဝင်းချီ မိုးကြိုးနတ်ဘုရား ခန္ဓာကိုယ်အား ထိန်းသိမ်းထား၍ သူ၏ ရုပ်အလောင်းကို ထိုအချိန်ကတည်းက ခရမ်းရောင် တိမ်တိုက်ဂိုဏ်းတွင် သိမ်းဆည်းထားခဲ့သည်။

သူ့အား မိုးကြိုးတောင် အတွင်းရှိ ခရမ်းရောင် တိမ်တိုက်တောင်ထိပ်တွင် ယနေ့ထက်တိုင် ထိန်းသိမ်းထားခြင်း ဖြစ်သည်။

ကိုးနဝင်းချီ မိုးကြိုးနတ်ဘုရား ခန္ဓာကိုယ်သည် တကယ့်ကိုယ်ပွားနှင့် မတူပဲ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် တစ်ခုလည်း မဟုတ်ပေ။ သူသည် ပြင်ပ ဖြစ်တည်မှု တစ်ခုလည်း မဟုတ်ပဲ မူလပိုင်ရှင်နှင့် နီးကပ်စွာ ဆက်သွယ်နေသော အရာတစ်ခု ဖြစ်သည်။

ရှောင်ယန်နှင့် မိုးကြိုးတိမ်တိုက် သူတော်စင်တို့သည် အသံလွှင့် ကျောက်တုံးမှတဆင့် နှုတ်ဆက်လိုက်ကြ အပြီးတွင် ရှောင်ယန်က လိုရင်းကို မေးလိုက်သည်။

"ကျုပ်ဆီမှာ မေးခွန်းတစ်ခု ရှိပါတယ်... မိုးကြိုးတိမ်တိုက် သူတော်စင်... ခင်ဗျားအတွက် အဆင်မပြေ ဖြစ်သွားရင် ဒါမှမဟုတ် စော်ကားသလို ဖြစ်သွားရင် ကျေးဇူးပြုပြီး ခွင့်လွှတ်ပါ"

"ခင်ဗျားတို့ဂိုဏ်းက ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ခဲ့တဲ့ ဘိုးဘေးဘီဘင်ရဲ့ ရုပ်အလောင်းက အကောင်းအတိုင်း ရှိပါသေးလား"

ရှောင်ယန်၏ မေးခွန်းကို ကြားလိုက်ရသော အခါ မိုးကြိုးတိမ်တိုက် သူတော်စင်၏ အသံသည် သိသိသာသာ အံ့အားသင့်သွားသည့်ပုံ ပေါက်သွား၍ ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်... သူက

အမြဲတမ်းပဲ အကောင်းအတိုင်း ရှိနေတယ်... ဘာဖြစ်လို့ မေးတာလဲ"

ရှောင်ယန်က အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။ "ကျေးဇူးပြုပြီးမှ တစ်ချက် သွားစစ်ဆေးကြည့်လိုက်ပါလား"

သူသည် ခေတ္တမျှ ရပ်နားလိုက်ကာ ဆက်ပြောလိုက်သည်။ "ကျုပ်ဟာ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားတဲ့ အစွမ်းထက် ကျင့်ကြံသူ တစ်ယောက်ရဲ့ သွေးအဆီအနှစ်တွေကို ရှာဖွေတွေ့ရှိခဲ့ပေမဲ့ သူက ဘယ်ကနေ လာသလဲဆိုတာကို မသေချာနေဘူး"

မိုးကြိုးတိမ်တိုက် သူတော်စင်သည် ငြိမ်သက်သွား၍ ခေတ္တမျှ စဉ်းစားလိုက်ကာ ပြန်ပြောခဲ့သည်။ "ခဏစောင့်ပါ... ငရဲမီး ဧကရာဇ်... ကျုပ်ကိုယ်တိုင် သွားကြည့်လိုက်ပါမယ်"

ရှောင်ယန်က ပြန်ပြောလိုက်သည်။ "ကျေးဇူးပါ... မိုးကြိုးတိမ်တိုက် သူတော်စင်" ပြီးတာနှင့် သူသည် စိတ်ရှည်လိုက်ရှည် စောင့်ဆိုင်းနေခဲ့ကာ လေလေနှင့် ကျန်သောသူများကလည်း ဘာမှ မပြောခဲ့ပေ။ တန်ကျွင်း၏ အမူအရာသည် ယခင်ကဲ့သို့ တည်ငြိမ်နေဆဲ ဖြစ်သော်လည်း လေကျဲ၏ မျက်နှာသည် ပို၍ မည်းမှောင်လာသည်။

လူအများ မမြင်နိုင်သည့် မိုးကြိုးတောင် အတွင်းမှ ခရမ်းရောင် တိမ်တိုက်တောင်ထိပ် အပေါ်ရှိ

နတ်မိုးကြိုး စံအိမ်အတွင်းတွင် ကြောက်မက်ဖွယ်ရာ လျှပ်စီးတစ်တန်းသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားသည်။

ခဏအကြာတွင် ဗုံသံများက ကောင်းကင်ကို တုန်ခါသွားစေကာ တောင်ထိပ်အပေါ်မှ မိုးကြိုးတိမ်တိုက်များကို လှုပ်ရှားသွားစေသည်။

ကောင်းကင်နှင့် မြေကြီးတို့ အပါအဝင် သူတို့အကြားမှ ဟင်းလင်းပြင်သည် ထစ်ချုန်းသံများဖြင့် အဆက်မပြတ် တုန်ခါနေ၍ အသံတစ်ချက်တိုင်းသည် ကမ္ဘာငယ်တစ်ခု ပေါက်ကွဲသွားသည်နှင့် တူနေ၏။

လူငယ်မျိုးဆက် တပည့်များ မပြောနှင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ အကြီးအကဲများကပင် ထိတ်လန့် တုန်လှုပ်သွားကြသည်။ ထိုပုံသံများသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ မဟာယာန အဆင့် မှော်ရတနာ ဖြစ်သည့် လမ်းကြောင်းကိုးသွယ် လျှပ်စီးဗုံ၏ အသံများပင် ဖြစ်သည်။

နတ်မိုးကြိုး စံအိမ်၏ အပေါ်မှ ကောင်းကင်၌ နားကွဲလုမတတ် မြည်ဟည်းသံများ အကြားတွင် လျှပ်စီးသွားများ ပျံ့နှံ့နေသည်။ သူတို့သည် အဆက်မပြတ် ကျယ်ပြန့်လာကြကာ ခရမ်းရောင် တိမ်တိုက်တောင်ထိပ်အား တစ်ခဏတွင်းချင်းပင် ဖုံးလွှမ်းသွားခဲ့သည်။

ကောင်းကင်ယံမှ မိုးကြိုး တိမ်တိုက်များက ပိုမို
သိပ်သည်းလာ၍ ခရမ်းရောင် လျှပ်စီးများ
တစ်တန်းပြီး တစ်တန်း ကျဆင်းလာကာ
ခရမ်းရောင် တိမ်တိုက်တောင်ထိပ်အား
ဖုံးလွှမ်းထားသည့် လျှပ်စီးများနှင့်
ပူးပေါင်းသွားခဲ့သည်။

ထိုလျှပ်စီးတန်းများ အားလုံးတို့သည် အတူတကွ
ပေါင်းစည်းသွား၍ နေရာအနှံ့သို့
ကျယ်ပြန့်သွားသည့် ရောမ မော်ဝက်ပါ
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားသည်။ သူသည်
ကြီးမားလွန်းသဖြင့် မိုးကြိုးတောင်တန်း တစ်ခုလုံး
နီးပါးကို ဖုံးလွှမ်းသွားခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင်
လျှပ်စီးများသာ ကျန်နေပြီး ကျန်သော
အရာများသည် ဖုန်မှုန့်များ အဖြစ်သို့
ပြောင်းသွားကြသည်။

"ငါတို့က အစွမ်းထက်တဲ့ ရန်သူတစ်ယောက်ရဲ့
ကျူးကျော်ခြင်းကို ခံနေရတာလား" ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူများက အလွန်အမင်း
ထိတ်လန့် တုန်လှုပ်နေကြသည်။

သူတို့အရှေ့မှ မြင်ကွင်းသည် သူတို့၏
ဂိုဏ်းခေါင်းဆောင် ဖြစ်သော မိုးကြိုးတိမ်တိုက်
သူတော်စင်သည် လမ်းကြောင်းကိုးသွယ်
လျှပ်စီးဖုံကို အသုံးပြု၍ ကောင်းကင်ကိုးလွှာ
နတ်တိမ်တိုက် မိုးကြိုးဧကရာဇ်

တောက်ကျွမ်းဝင်းပါကို အမြင့်ဆုံး အဆင့်အထိ ထုတ်ဖော်နေခြင်း ဖြစ်သည်။

လျှပ်စီးသွားများသည် လျင်မြန်စွာနှင့် လွင့်ပြယ်သွား၍ မှော်ဝင်းပါကလည်း ပြန်လည် ငြိမ်သက်သွားခဲ့သည်။ ထစ်ချုန်းနေသော မိုးခြိမ်းသံများသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကာ ရန်သူတစ်ယောက်ကိုမှ မမြင်ခဲ့ရပေ။

ထိုမြင်ကွင်းသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျင့်ကြံသူများကို အံ့သြ မှင်သက်သွားစေ၍ တစ်ယောက်ကမှ ဘာဖြစ်နေမှန်းကို နားမလည်နိုင်ခဲ့ကြပေ။

ခရမ်းရောင် တိမ်တိုက်တောင်ထိပ် အပေါ်မှ နတ်မိုးကြိုး စံအိမ်အတွင်းတွင် မိုးကြိုးတိမ်တိုက် သူတော်စင်၊ အပြာရောင်ခန်းမ သူတော်စင်နှင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ နာယက အကြီးအကဲများသည် မည်းမှောင်နေသော မျက်နှာများဖြင့် အတူတကွ ရပ်နေကြသည်။

သူတို့အလယ်တွင် အစွမ်းထက်သော အကြီးအကဲ တစ်ယောက် ရပ်နေသည်။ သူ၏ ခေါင်းပေါ်မှ ဆံပင်များသည် ခရမ်းရောင် သန်းနေ၍ သူ့တွင် သိပ်သည်းသော အရှိန်အဝါများ ရှိနေသည်။ သူသည် လမ်းကြောင်းကိုးသွယ် လျှပ်စီးဗိုဏ်၏ မူလ စိတ်ဝိညာဉ်ပင် ဖြစ်သည်။

ခရမ်းရောင် ဆံပင်နှင့် အကြီးအကဲသည် ဒေါသ ပေါက်ကွဲလုနီးပါး ဖြစ်နေကာ သူ၏ မျက်နှာပေါ်တွင် အမျက်ထွက်နေသော အမူအရာများကို တွေ့နိုင်သည်။

မိုးကြိုးတိမ်တိုက် သူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍ သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး ရှောင်ယန်နှင့် ပြန်လည် ဆက်သွယ်လိုက်၏။ သူသည် ဘာကိုမှ ဖုံးကွယ်နေရန် မကြိုးစားခဲ့ပဲ သူ၏အသံကို နှိမ့်ကာ ပြောလိုက်သည်။

"ကျုပ်တို့ ဘိုးဘေးဘီဘင်ရဲ့ ရုပ်အလောင်းဟာ အကောင်းအတိုင်း ရှိနေပေမဲ့ တစ်စုံတစ်ယောက်က အရင်က တစ်ခုခုလုပ်သွားခဲ့တယ်… သူက ကျုပ်တို့

ဘိုးဘေးဘီဘင်ရဲ့ သွေးအဆီအနှစ်
တစ်စိတ်တစ်ပိုင်းကို ခိုးယူသွားခဲ့တယ်"

မိုးကြိုးတိမ်တိုက် သူတော်စင်၏ အမူအရာသည်
စကားပြောနေရင်း ပို၍ပို၍ မည်းမှောင်လာခဲ့သည်။

သူသည် ဤအကြောင်းအရာနှင့် ပတ်သတ်၍ ဘာမှ
မသိခဲ့ပဲ ဤလူ၏ နည်းလမ်းများသည် အလွန်အမင်း
ထူးခြား၍ လျှို့ဝှက်လှသည်။ သူ၏ သဲလွန်စများ
မကျန်ခဲ့စေရန် အထူး ဂရုစိုက်ခဲ့၍ ရှောင်ယန်၏
သတိပေးမှုကို ရခဲ့ပြီးသည့်တိုင်အောင် သူ့အနေဖြင့်
ပြောင်းလဲမှုများကို မသိမြင်နိုင်ခဲ့ပေ။

သူသည် လမ်းကြောင်းကိုးသွယ် လျှပ်စီးဗုံကို ဆက်သွယ်၍ တိမ်တိုက် မိုးကြိုးကေရာဇ် တောက်ကျွမ်းဝက်ပါကို အမြင့်ဆုံး အဆင့်အထိ ထုတ်ဖော်ခဲ့၍ အသေအချာ ရှာဖွေခဲ့မှသာ မှားယွင်းနေသော အချက်များကို ထုတ်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ရှောင်ယန်က သူ့အား အတိအကျ သတိမပေးခဲ့ပါက သူ့အနေဖြင့် ကျူးကျော် ဝင်ရောက်လာသူများကို တိုက်ခိုက်သည့် သာမန် အခြေအနေမျိုး အနေဖြင့်သာ မှော်ဝက်ပါကို အသုံးပြုခဲ့လျှင် တစ်ခုခု မှားနေသည်ကို သိနိုင်လိမ့်မည် မဟုတ်ချေ။

ဤကဲ့သို့သော အဖြစ်အပျက်မျိုးသည် မိုးကြိုးတိမ်တိုက် သူတော်စင်နှင့် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ကျန်သောသူများအတွက် အမတန်မှ ကသိကအောက်ဖြစ်စရာ ကိစ္စတစ်ခု ဖြစ်သည်။

ဤအရာသည် အလွန်မှ အရှက်ရစရာ ကိစ္စ ဖြစ်သည့်အတွက် မိုးကြိုးတိမ်တိုက် သူတော်စင်၊ အပြာရောင်ခန်းမ သူတော်စင်နှင့် ကျန်သောသူများသည် ဤသတင်း ပျံ့သွားမည်ကို ကာကွယ်ရန် ငြင်းဆန်လိုနေကြသည်။

သူတို့သည် သူတို့ ဘိုးဘေးဘီဘင်၏ ရုပ်အလောင်းကို အသေအချာ လေ့လာခဲ့ကာ ဘာမှားနေသည်ကို တွေ့ရှိခဲ့သော်လည်း မည်သူက

လုပ်သွားသည်ကို မသိနိုင်ခဲ့ပေ။ ရှောင်ယန်အနေဖြင့် တစ်စုံတစ်ရာကို သိနေပုံ ပေါက်သဖြင့် သူတို့ကလည်း တရားခံကို လက်စားချေလိုသောကြောင့် အရာအားလုံးကို ရိုးသားစွာဖြင့် ဝန်ခံခဲ့ကြသည်။

"ငရဲမီး ကေရာဇ်မှာ ဘယ်သူ လုပ်သွားသလဲ ဆိုတာ သဲလွန်စတွေ ရှိပါသလား" မိုးကြိုးတိမ်တိုက် သူတော်စင်သည် သူ၏အသံကို နှိမ့်ကာ မေးလိုက်သည်။

တန်ဝန်ဟွာက သူ၏ အခမ်းအနားတွင် အသုံးပြုခဲ့သော သွေးအဆီအနှစ်သည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ဘိုးဘေးဘီဘင်၏ အရာဖြစ်သည်ကို အတိအကျ

မပြောနိုင်ခဲ့သော်လည်း ရှောင်ယန်အနေဖြင့် ဤကဲသို့သာ ဖြစ်မည်ဟု သူ၏စိတ်ထဲတွင် သေချာနေခဲ့သည်။

သူက ပြန်ဖြေလိုက်၏။ "ကျုပ်တို့ရဲ့ သဲလွန်စတွေဟာ ဝေဝါးနေသေးပြီး မသေချာသေးဘူး... နောက်ပိုင်းကျရင် အားလုံးတို့ကို ရှင်းပြပါမယ်"

မိုးကြိုးတိမ်တိုက် သူတော်စင်သည် အချိန်အတန်ကြာမှသာ အရှုံးပေးသည့် အနေဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး ကြုံးဝါးခဲ့သည်။ "ကျုပ်တို့က ကျုပ်တို့ရဲ့ ဘိုးဘေးဘီဘင်ကို ဂုဏ်ကျက်သရေ ကျဆင်းစေခဲ့တယ်... ကျုပ်တို့က သူ့ကို မကာကွယ်နိုင်ခဲ့ဘူး"

အသံလွှင့်ခြင်းကို အဆုံးသတ်ပြီးနောက်တွင် ရှောင်ယန်က လေလေနှင့် လေကျဲတို့ဘက် လှည့်လိုက်၏။ လေလေက သက်ပြင်းချကာ ပြောလိုက်သည်။ "ဒီအရာကို ကျုပ်တို့အကြားမှာပဲ သိစေရမယ်လို့ ကတိပြုပါတယ်"

လေကျဲကလည်း ရှုပ်ထွေးနေသော အမူအရာများဖြင့် သူ၏ခေါင်းကို ညိတ်လိုက်သည်။

ရှောင်ယန်က ပြောလိုက်သည်။ "ကျုပ်တို့ တွေ့ခဲ့တဲ့ တန်ဝန်ဟွာဟာ အခြေတည်ဝိညာဉ် အဆင့်မှာပဲ ရှိသေးပြီး ကျုပ်တို့ တွေ့ခဲ့တာဟာ မမှားယွင်းနေဘူး... ဒါပေမဲ့ ဟင်းလင်းပြင်ကနေတဆင့် ကျုပ်ရင်ဆိုင်ခဲ့ရတဲ့

လူဟာ အခြေခံတည်ဝိညာဉ် အဆင့်ထက်
အများကြီးပိုပြီး သန့်မာပြီး သူ့ရဲ့ မူလ ခန္ဓာကိုယ်
ဖြစ်နိုင်တယ်"

"ကျုပ်တို့ တွေ့ခဲ့တဲ့ တန်ဝန်ဟွာဟာ
ကိုယ်ပွားတစ်ခုသာ ဖြစ်နိုင်တယ်... ဒါပေမဲ့ သူ့ရဲ့
နေရာကို ရှာနိုင်ဖို့ သဲလွန်စတွေက
အဖြတ်တောက်ခံလိုက်ရပြီ"

"ဒါပေမဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေက သိသာနေတယ်...
ကျုပ်တို့ဟာ သူဘယ်သူ ဆိုတာနဲ့ သူ့ရဲ့
ရည်ရွယ်ချက်တွေကို မသိနိုင်ခဲ့ပဲ သူ့ကို
ရှာတွေ့နိုင်မှာသာ သိနိုင်လိမ့်မယ်"

လေလေက လေကျဲဘက်သို့ လှည့်လိုက်ရာ လေကျဲက သူ၏နှုတ်ခမ်းများကို ကိုက်၍ ပြောလိုက်သည်။ "အဘိုး... ကျွန်တော်က ဘာမှ မဖြစ်ပါဘူး"

သူသည် ကောင်းကင်ပေါ်သို့ ကြည့်၍ လေးလံသော သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး တန်ကျွင်းအား ကြည့်လိုက်သည်။

"ဒီကနေ့မှာပဲ ဖြေရှင်းကြရအောင်... မင်းရဲ့ ကျင့်ကြံမှုကို ဖိနှိပ်ထားစရာ မလိုဘူး... မင်းက ဒီကနေ့ နေရာကို ရောက်နိုင်တာက မင်းရဲ့ ကံကြမ္မာဖြစ်ပြီး ငါ့ရဲ့ ကျင့်ကြံမှုကလည်း ငါ့ရဲ့ ကိုယ်ပိုင် ကံကြမ္မာကြောင့် ဖြစ်တယ်... ဒီလိုမျိုး

အခြေအနေအောက်မှာ တိုက်ခိုက်ရတာ
တရားမျှတတယ်"

တန်ကျွင်းက သူ၏ခေါင်းကို ညိတ်၍
တီးတိုးပြောလိုက်သည်။ "မင်းသဘောပဲ"

လေလေသည် တန်ကျွင်းနှင့် လေကျဲတို့
နှစ်ယောက်စလုံးကို ကြည့်၍ တူညီစွာပင်
သက်ပြင်းချလိုက်သည်။ သူ၏ အင်္ကျီလက်စများကို
ဖော့ယမ်းလိုက်ကာ သူတို့ နှစ်ယောက်စလုံးအား
လေမိသားစု၏ ပြိုင်ပွဲစင်မြင့်အပေါ်သို့ ပို့လိုက်သည်။

သူသည် ရှောင်ယန်ဘက်သို့ လှည့်၍
ပြောလိုက်သည်။ "ကျုပ်တို့..."

ရှောင်ယန်က သူ၏ခေါင်းကို ခါလိုက်၏။
"ကျုပ်တို့က ဒီနေရာမှာပဲ စောင့်နေကြစို့"

နိုင်ပွဲအား လျင်မြန်စွာဖြင့်ပင် ဆုံးဖြတ်နိုင်လိမ့်မည်။

လူတစ်ယောက်ကသာ အပြင်ထွက်လာနိုင်၍
ကျန်တစ်ယောက်တွင် အတွင်းတွင် ထာဝရ
ကျန်နေရစ်ခဲ့လိမ့်မည်။

ရှောင်ယန်သည် တန်ဝန်ဟွာနှင့် ပတ်သတ်၍ သူ၏
တွေ့ရှိမှု အားလုံးတို့အား လင်းဖုန်းထံသို့
တင်ပြလိုက်ရာ လင်းဖုန်းသည် မည်သို့မှ
မတုံ့ပြန်ခဲ့ချေ။

"သူက ဟိုနှစ်တွေတုံးက ဒီအရာတွေကို ပြုလုပ်ခဲ့စဉ်က ဒီကနေ့က ရောက်လာလိမ့်မယ်လို့ ကြိုသိပြီးသား ဖြစ်လိမ့်မယ်... မင်းက ဒီကိစ္စကို မင်းကြိုက်သလို ကိုင်တွယ်နိုင်တယ်... မင်းအနေနဲ့ မီးသခင် ခန္ဓာကိုယ် သွေးအဆီအနှစ်ရဲ့ မူလကို စုံစမ်းစစ်ဆေးချင်ရင်လည်း စစ်ဆေးနိုင်ပြီး သဲလွန်စတွေကို ရှာဖွေနိုင်တယ်"

ရှောင်ယန်က ပြန်ပြောလိုက်၏။ "ဟုတ်ကဲ့ပါ... ဆရာ"

လင်းဖုန်းသည် ရှောင်ယန်နှင့် ဆက်သွယ်မှုကို ဖြတ်တောက်လိုက်အပြီးတွင် စဉ်းစားနေခဲ့သည်။ "တန်ဝန်ဟွာ... စိတ်ဝင်စားစရာပဲ...

ကမ္ဘာအတွင်းမှာ ပုန်းအောင်းနေတဲ့ကျားတွေ အများကြီး ရှိတာပဲ… သူ့ရဲ့ ကျင့်ကြံမှုနဲ့ စွမ်းရည်တွေဟာ အမြင့်ဆုံး အဆင့်မှာ မရှိနေပေမဲ့ သူဟာ ကြံ့စည်ပြီး ဆန်းသစ် တီထွင်မှုတွေကို ပြုလုပ်နိုင်ခဲ့တယ်"

"ငါတို့က မင်းလုပ်ရပ်တွေနဲ့ အကြောင်းရင်းကို အတိအကျ သိခဲ့ပြီးတဲ့ အတွက် အမှောင်ထဲကနေ ခန့်မှန်းနေရတာ ဖြစ်ပေမဲ့ မင်းကိုရှာဖို့ အများကြီး လွယ်ကူသွားပြီ… ဒါပေမဲ့ မင်းက ဒါကို သိပြီးသား ဖြစ်နေပြီး မင်းကို ရှာမတွေ့နိုင်အောင် ပိုပြီးမှ သိုသိုသိပ်သိပ်နေတော့မယ့် သဘောရှိတယ်… ဒါပေမဲ့ မင်းကိုယ်မင်း ဒီကနေ့မှာ ဖော်ပြခဲ့ပြီးတဲ့ အတွက် ငါတို့က မင်းကို မှတ်ထားလိုက်ပြီ"

လင်းဖုန်းသည် ရယ်ရမ်းသွေးနေ၍ သူ၏ခေါင်းကို ခါလိုက်သည်။"ဒါက ငါ့အတွက် ဘာမှ အရေးမကြီးတဲ့ အတွက် ဆက်ပြီးမှာ စောင့်နေလို့ ရတယ်... ဒါပေမဲ့ မင်းက ဘယ်လောက်ကြာကြာ ပုန်းနိုင်မှာလဲ"

သူသည် ဤကိစ္စကို မေ့ထားလိုက်ပြီးနောက်တွင် သူ့ဘေးမှ ဇူရီဘက်သို့ လှည့်လိုက်သည်။ "မင်းက ပစ္စည်းတွေကို ရပြီးပြီလား"

ဇူရီက ပြန်ဖြေလိုက်၏။ "ဆောင်တုန်းထျန်း ဟိုနှစ်တွေအတွင်းက ပြောထားသလိုပဲ မြစိမ်းရောင် တိမ်တိုက်ကျောက်တုံးနဲ့ စကြာဝဠာ မိုးပြာရောင် သလင်းကျောက်တို့ဟာ ဆောင်ချင်းစန်းနဲ့အတူ ရှိနေတယ်... ကျွန်တော့်ရဲ့ မဟာနေမင်း

ကိုယ်ပွားက သူ့ကို ဖမ်းမိထားတဲ့ အတွက် ဒီပစ္စည်းတွေကို ရရှိခဲ့တယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဒီပစ္စည်းတွေကို ချူးယန်ကို ပေးလိုက်ပါ… သူတို့က သူပိုင်ဆိုင်သင့်တဲ့ အရာတွေ ဖြစ်တယ်… အခုအချိန်မှာ မဟာကျိုး အင်ပါယာ စွန့်စားခန်းက ပြီးဆုံးသွားပြီ ဖြစ်တဲ့အတွက် မင်းရဲ့ သင်ကြားမှု ကျောင်းတော်ကို ဖွင့်ဖို့ကိစ္စကို ဆက်လက် ဆောင်ရွက်လို့ရပြီ"

လင်းဖုန်း၏ စကားများကို ကြားခဲ့ရသော အခါ ဇူရီ၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး တစ်ခုပေါ်လာ၍ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ… ဆရာ"

သူသည် လင်းဖုန်းအား အရိုအသေ
ပြုလိုက်အပြီးတွင် ယုကျင်းတောင်မှ ထပ်ဖန်တစ်ခါ
ထွက်ခွာသွား၍ အရှေ့ဘက်သို့ သွားလိုက်သည်။
သူသည် မဟာကျိုး အင်ပါယာ၏ နယ်နိမိတ်
အတွင်းသို့ ရောက်ရှိလာ၍ ထျန်းကျင်းမြို့
အတွင်းသို့ ဆင်းသက်သွားလေသည်။

သူသည် မဟာကျိုး ဧကရာဇ် အသစ်ဖြစ်သူ
လျှမ်ကန်းနှင့် တွေ့ဆုံခဲ့၍ ချူးယန်အား
ခေါ်လိုက်သည်။ ချူးယန်သည် ဇူရီက ထျန်းကျင်းသို့
ရောက်လာခြင်းကို မအံ့ဩနေခဲ့သော်လည်း ဇူရီက
သူ့အား ရှာသည့် အကြောင်းရင်းကို သိခဲ့ရသော
အခါ အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

ဇူရီသည် သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်ရာ အလင်းတန်း နှစ်တန်းက လေပေါ်တွင် ပေါ်လာ၏။ တစ်ခုမှာ အဆုံးမဲ့ ကောင်းကင်ကို ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်နေသည့် မြစိမ်းရောင် ကျောက်တုံးတစ်ခု ဖြစ်ပြီး ကျန်တစ်ခုမှာ မိုးပြာရောင် အလင်းတန်းများ လင်းလက်နေသည့် အနက်ရောင် သလင်းကျောက် တစ်ခုဖြစ်သည်။

ထိုအရာများကို တွေ့ခဲ့ရသော အခါ ချူးယန်၏ မျက်လုံးများသည် တောက်ပလာ၍ အာမေဋိတ်ပြုလိုက်သည်။ "မြစိမ်းရောင် တိမ်တိုက်ကျောက်တုံးနဲ့ စကြာဝဠာ မိုးပြာရောင် သလင်းကျောက်"

## စာစဥ် ၆၇ : အပိုင်း ၁၈

# အပိုင်း ၁၃၇၈ : ရှီးဟောင်က တပည့်လက်ခံလိုခြင်း

မြစိမ်းရောင် တိမ်တိုက်ကျောက်တုံးနှင့် စကြာဝဠာ မိုးပြာရောင် သလင်းကျောက်တို့အား တွေ့လိုက်ရသော အခါ ချူးယန်၏ မျက်လုံးများက တောက်ပလာခဲ့သည်။

အကြောင်းရင်းမှာ ရိုးရှင်းပေသည်။ ဤရတနာ နှစ်မျိုးတို့သည် ကောင်းကင်ကိုးလွှာဓားကို အကောင်အထည် ပေါ်လာစေရန် လိုအပ်သော ပစ္စည်းကိုးမျိုး အနက်မှ နှစ်မျိုး ဖြစ်သောကြောင့် ဖြစ်သည်။

ထိုအရာများသည် သူလွန်ခဲ့သောနှစ်များက
မဟာလွင်တီးခေါင် ကုန်းမြေအတွင်းသို့ နက်ရှိုင်းစွာ
ဝင်သွားကာ ငရဲကိုးလွှာ တစ္ဆေမျောက်တို့၏
ဘိုးဘေးဘီဘင် နယ်မြေတွင် သွားရောက်
ရှာဖွေခဲ့သော ကောင်းကင်ဖန်ဆင်းခြင်း
သလင်းကျောက်နှင့် တူညီပေသည်။

ထာဝရ တောင်တန်းဂိုဏ်းမှ သူ၏ ဘိုးဘေးဘီဘင်
တစ်ယောက်သည် ဤကဲ့သို့သော ရတနာ
တစ်ပါးကို ကံအားလျော်စွာ ရရှိခဲ့ပြီး
မျိုးဆက်တစ်လျှောက်
လက်ဆင့်ကမ်းလာခဲ့သော်လည်း တစ်ယောက်ကမှ
ထိုရတနာ၏ အသုံးဝင်မှုကို မသိခဲ့ပေ။
ထိုအရာသည် ချူးယန် ပထမဆုံး ရရှိခဲ့သည့်
ရတနာပင် ဖြစ်သည်။

ပြီးတာနှင့် သူ၏ ယခင်ဘဝမှ အိမ်မက်ကဲ့သို့သော မှတ်ဉာဏ်များကို အသုံးပြု၍ မဟာကျိုး အင်ပါယာ၏ ထျန်းကျင်းမြို့နှင့် ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ ဒုတိယနှင့် တတိယ ရတနာများကို အသီးသီး ရှာဖွေခဲ့သည်။

သူသည် စတုတ္ထ ရတနာကို ဖုံးကွယ်ထားသော ပြင်ပလောက တစ်ခုတွင် ရှာတွေ့ခဲ့ပြီး ကိုယ်ပွားများကို ဖန်ဆင်းနိုင်သည့် ဝိညာဉ်မိတ္တူ ကျောက်တုံးကိုပင် တစ်ချိန်တည်း၌ ရှာတွေ့နိုင်ခဲ့သည်။

ထိုအရာများ အပြင် ကောင်းကင်တံခါးဂိုဏ်း၏ ရတနာကိုးပါး အနက်မှ အရှေ့မြောက်

မင်ကောင်းကင် အလံတံခွန်ကလည်း သူ၏
လက်အတွင်းသို့ ကျရောက်လာခဲ့သည်။
သို့သော်လည်း ထိုမော်ရတနာ၏
မူလစိတ်ဝိညာဉ်သည် ပျက်စီးသွားပြီ ဖြစ်ကာ
အခွံသက်သက်သာ ကျန်နေခဲ့သည်။

သူသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့
ရောက်သွားသော အခါ ဤမော်ရတနာကို
ပြန်လည်၍ ကျင့်ကြံခဲ့သည်။ သူ၏ မူလ
စိတ်ဝိညာဉ်သည် ပြန်လည် မွေးဖွားနိုင်ခဲ့၍
သန္ဓေလောင်း အဆင့်မှ သူ၏ ခရီးကို
ပြန်ဆက်နိုင်ခဲ့လေသည်။

ငါးခုမြောက် ရတနာမှာ သူက ငရဲကိုးလွှာ
တစ္ဆေမြောက်တို့၏ ဘိုးဘေးဘီဘင် နယ်မြေတွင်

ရှာဖွေတွေ့ရှိခဲ့သည့် ကောင်းကင်ဖန်ဆင်းခြင်း သလင်းကျောက်ပင် ဖြစ်သည်။

ခြောက်ခုမြောက် ရတနာအား ချန်ကောင်းကင် မော်ကျိန်စာ ခေးသွားထံမှ ရရှိခဲ့သည်။ ချန်ကောင်းကင် မော်ကျိန်စာ ခေးသွားသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ရောက်အပြီးတွင် လင်းဖုန်းသည် ထိုရတနာကို မယူထားခဲ့ပဲ ချူးယန်ကို ပေးခဲ့သည်။

ယနေ့တွင် မြစိမ်းရောင် တိမ်တိုက် ကျောက်တုံးနှင့် စကြာဝဠာ မိုးပြာရောင် သလင်းကျောက်တို့က သူ၏ အရှေ့တွင် ပေါ်လာပြီ ဖြစ်သဖြင့် အမြဲတမ်း တည်ငြိမ်အေးဆေး၍ စိတ်လှုပ်ရှားလေ့ မရှိသော

ချူးယန်၏ အသက်ရှူသံများမှာ
ပြင်းထန်လာခဲ့သည်။

အကယ်၍ သူ့အနေဖြင့် ဤရတနာ နှစ်မျိုးကို
ရနိုင်ခဲ့ပါက သူ့တွင် ကောင်းကင်ကိုးလွှာခေါးကို
ထုလုပ်ရန် လိုအပ်သည့် ရတနာ ကိုးမျိုးအနက်မှ
ရှစ်မျိုးကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။
အောင်မြင်မှုသည် မျက်စိရှေ့တွင်ပင် ရှိနေပြီ
ဖြစ်ကာ အကောင်အထည် မပေါ်သေးသည့်
ကောင်းကင်ကိုးလွှာခေါး၏ စွမ်းအားများကလည်း
များစွာ တိုးတက်လာနိုင်ပေမည်။

ချူးယန်သည် လျင်မြန်စွာဖြင့် သတိပြန်ဝင်လာကာ
မြစိမ်းရောင် တိမ်တိုက်ကျောက်တုံးနှင့် စကြာဝဠာ
မိုးပြာရောင် သလင်းကျောက်တို့အား

သိမ်းဆည်းလိုက်သည်။ သူသည် ဇူရီထံသို့ ရိုသေစွာ ဦးညွှတ်လိုက်၍ လင်းဖုန်းနှင့် ဇူရီတို့ အပေါ်မှ သူ၏ကျေးဇူးတင်မှုကို ဖော်ပြလိုက်သည်။

ဇူရီသည် သူ၏ ကျေးဇူးတင်မှုများကို သူ့ဆရာကိုယ်စား လိုက်ခံလိုက်သော်လည်း သူ့အပေါ်သို့ ကျေးဇူးတင်မှုများကိုမူ ယဉ်ကျေးစွာဖြင့် ငြင်းပယ်လိုက်သည်။

"မင်းက ခုထိလုပ်ရာမှာ လိုအပ်တဲ့ နောက်ဆုံးပစ္စည်းကို ဘယ်နေရာမှာမှ ရှာလို့မတွေ့သေးဘူး... ဒါပေမဲ့ ကောင်းကင်တောင်ဝင် ကျောက်စိမ်းက ငါတို့လက်အောက်ကို မကြာခင်က ရောက်ရှိလာတယ်... သူ့ရဲ့ စကားအရ လွှန်ခဲ့တဲ့

နှစ်တွေက ကောင်းကင်တံခါးဂိုဏ်း
အဖျက်စီးခံခဲ့ရတဲ့ အချိန်မှာ ရှေးဟောင်းဝိညာဉ်
ကျောက်စိမ်းကို ယူသွားတဲ့သူက ဟင်းလင်းပြင်
ဘုရားကျောင်းပဲ"

"ဒါပေမဲ့ ဒါက ခန့်မှန်းချက်သာ ရှိသေးပြီး
အသေအချာ အတည်ပြုနိုင်ခြင်း မရှိသေးဘူး"

ချူးယန်က သူ၏ခေါင်းကို ညိတ်လိုက်သည်။
ရှေးဟောင်းဝိညာဉ် ကျောက်စိမ်းသည် လွန်ခဲ့သော
နှစ်များစွာက ကောင်းကင်ကိုးလွှာဓားကို ထုလုပ်ရန်
ကောင်းကင်တံခါးဂိုဏ်း ပြင်ဆင်ခဲ့သည့် အဖိုးတန်
ရတနာကိုးပါး အနက်မှ တစ်ခုဖြစ်ကာ
သူလိုအပ်နေသည့် နောက်ဆုံးရတနာ
တစ်ခုဖြစ်သည်။

ချူးယန်သည် သူ၏ လှုံ့ဝှက်ချက်များကို ဇူရီက ကောင်းစွာသိနေခြင်းကို မအံ့သြခဲ့ပေ။ ဇူရီရော လင်းဖုန်းကပါ ကောင်းကင်ကိုးလွှာဓားကို သူတို့အတွက် လိုချင်နေခြင်း မဟုတ်မှန်းကို သူသိနေသည်။

"မင်းအနေနဲ့ ရတနာ ကိုးပါးစလုံးကို ရရှိပြီး ကောင်းကင်ကိုးလွှာ ဓားပုံရိပ်ကို အသုံးပြုကာ ပြန်လည် ထုလုပ်မယ်ဆိုရင်တောင် အကောင်းဆုံး ရလဒ်တွေကို ရမှာမဟုတ်ဘူးလို့ ဆရာက မှတ်ချက်ပြုထားတယ်" ဇူရီက ချူးယန်အား ကြည့်၍ ဆက်ပြောလိုက်သည်။

"မင်းက ကောင်းကင်ကိုးလွှာခေးကို ထုလုပ်ရာမှာ အောင်မြင်သွားခဲ့ရင်တောင် လွန်ခဲ့တဲ့ နှစ်တွေက ကောင်းစွာ ထုလုပ်ထားနိုင်ခြင်း မရှိခဲ့တဲ့ အင်မော်တယ် နဂါးမြို့တော်... ဒါမှမဟုတ် လမ်းစဥ်ခြောက်သွယ် စက်ဝိုင်းကို မဝါးမျိုခဲ့ခင်က သေမင်းဧကရာဇ်ရဲ့ သေခြင်းနှင့် ရှင်ခြင်းစာအုပ်လိုပဲ ဖြစ်နေလိမ့်မယ်"

"ကောင်းကင်ကိုးလွှာခေးဟာ ကြမ္မာပန်းတိုင် အဆင့်ကို ရောက်နိုင်ဖို့ဆိုရင် မမျှော်လင့်ထားတဲ့ ကံကောင်းမှုနဲ့ အထူး အခွင့်အရေး အချို့ကို လိုအပ်တယ်"

ချူးယန်သည် ထိုစကားများကို ကြားခဲ့ရသော အခါ စတင်၍ တွေးတော ဆင်ခြင်လိုက်သည်။
"အမှန်ပဲ..."

သူသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ပြီးသော အခါ ကောင်းကင်ကိုးလွှာစားကို စတင်၍ ထုလုပ်ရန် ကြိုးစားခဲ့သည်။ ကောင်းကင်ကိုးလွှာစား အပေါ်မှ သူ၏ နားလည်မှုများသည် ပို၍ နက်ရှိုင်းလာ၍ သူ၏ ကိုယ်ပိုင် အတွေးအမြင် အချို့ကို ရရှိနိုင်ခဲ့သည်။ လင်းဖုန်း၏ အကြံပြုချက်များကို ရနိုင်ခဲ့သော အခါ သူ၏ အတွေးများမှာ ပို၍ ရှင်းလင်းလာခဲ့သည်။

ချူးယန်အနေဖြင့် သူ၏ မျက်လုံးအရှေ့တွင် မြူခိုးငွေ့များကဲ့သို့ ဝေဝါးနေသေးသည့် အချက်မှာ

ကောင်းကင်ကိုးလွှာခေးကို ကြမ္မာပန်းတိုင်
အဆင့်သို့ ထုလုပ်နိုင်ရန် လိုအပ်သော အရာများ
ဖြစ်သည်။ သူသည် ထိုအရာများကို ကောင်းစွာ
မြင်နိုင်စွမ်း မရှိခဲ့ပေ။

အစပထမတွင် ချူးယန်အနေဖြင့်
ကောင်းကင်ကိုးလွှာခေးသည် ကောင်းကင်ဖျက်ဆီး
ခေးကဲ့သို့ သူတော်စင် ကောင်းကင်ခေးကို
နှစ်ပိုင်းပိုင်းအောင် ခုတ်ချနိုင်မှသာ ကြမ္မာပန်းတိုင်
အဆင့်သို့ ရောက်နိုင်လိမ့်မည်ဟု ထင်ထားခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ကောင်းကင်ဖျက်ဆီး ခေးတို့ မပေါ်လာခင်က
နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင် သူတော်စင်
ကောင်းကင်ခေးကို ယှဉ်ပြိုင်နိုင်သည့်

တစ်ခုတည်းသော ဓားသည်
ကောင်းကင်တံခါးဂိုဏ်းမှ မဟာ
ကောင်းကင်ကိုးလွှာ မြင့်မြတ်သောဓားပင်
ဖြစ်သည်ဟု သဘောတူခဲ့ကြသည်။

နှမြောစရာ ကောင်းသည်မှာ
ကောင်းကင်တံခါးဂိုဏ်းက မကြာမီပင်
ပျက်စီးသွား၍ ကောင်းကင်ကိုးလွှာ ဓားကလည်း
အိမ်မက်တစ်ခုသာ ဖြစ်သွားခဲ့သည်။

နောက်ဆုံးတွင် သူတော်စင် ကောင်းကင်ဓားသည်
ကောင်းကင်ဖျက်ဆီး ဓားမပေါ်လာခင်
နတ်ဘုရားနယ်မြေ အတွင်းတွင် အစွမ်းအထက်ဆုံး
ဓားအမျိုးအစား မှော်ရတနာ ဖြစ်လာခဲ့သည်။
သူသည် နောက်ဆုံးတွင် ကောင်းကင်ဖျက်ဆီး

ခေး၏ နှစ်ပိုင်းပိုင်းခြင်းကို ခံခဲ့ရသော်လည်း အမတန်မှ ထက်မြက်သောခေး ဖြစ်သည်။

ကောင်းကင်ကိုးလွှာခေးတွင် ကောင်းကင်ဖျက်ဆီး ခေး၏ အစွမ်းနှင့် အင်အားများ မရှိနိုင်သော်လည်း ကောင်းကင်ဖျက်ဆီး ခေးသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုမဟုတ်ပဲ ထိုကဲ့သို့ အစွမ်းရှိသည့် ရတနာ တစ်ပါးသာ ဖြစ်ကာ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်သည့် သူတော်စင် ကောင်းကင်ခေးကို အားသုံး၍ ဖြတ်တောက်နိုင်ခဲ့သည်။

ချူးယန်သည် ထိုကဲ့သို့ စွမ်းဆောင်နိုင်မည် မဟုတ်သော်လည်း သူ့အနေဖြင့် ထိုအရာသည် ကောင်းကင်ကိုးလွှာခေး အနေဖြင့် ကြမ္မာပန်းတိုင်

အဆင့်သို့ ရောက်ရှိရန် လိုအပ်သော အရာတစ်ခု ဖြစ်သည်ဟု ခံစားနေရသည်။

ကောင်းကင်ကိုးလွှာခေါ်နှင့် သူတော်စင်ကောင်းကင်ခေါ်တို့တွင် ကိုယ်ပိုင် ခေါ်ကွက်များ ရှိ၍ ကွဲပြားခြားနားကာ အချို့နေရာများတွင် ဆန့်ကျင်ဘက်ပင် ဖြစ်နေသေး၏။ သို့သော်လည်း သူသည် ကောင်းကင်ဖျက်ဆီး ခေါ်နှင့် သူတော်စင်ကောင်းကင်ခေါ်တို့ အကြားမှ ခြားနားချက်နှင့် မတူညီပေ။

ချူးယန်တွင် နောက်ထပ် ဝေဝါး၍ မသေချာသော ယူဆချက်များ ပေါ်လာသော်လည်း ဤအချိန်တွင် အတည်ပြုနိုင်ရန် ယုံကြည်ချက် မရှိသေးပေ။ သူ၏

ရင်အတွင်းတွင် ယားကျိကျိ ခံစားခဲ့ရ၍
ခေါင်းကိုမော့ကာ ဇူရီအား ကြည့်လိုက်သည်။

ဇူရီသည် သူ၏အကြည့်ကို တွေ့ခဲ့သော အခါ
ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဆရာ့မှာ
မင်းကိုပြောစရာ ဘာမှ မရှိတော့ဘူး"

ချူးယန်က ခေတ္တမျှ တွေးတောလိုက်သည်။
လင်းဖုန်းတွင် သူ့အားပြောစရာ ဘာမှ မရှိတော့ချေ။
ထိုအရာသည်ပင် လင်းဖုန်း၏ လမ်းညွှန်မှု ဖြစ်သည်။

သူ၏ ခေါင်းအတွင်းမှ အတွေးများကို အသေအချာ
စီစဉ်ပြီးမှာ လက်နှစ်ဘက်ဆုပ်၍ ဇူရီအား
ဦးညွှတ်လိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း

ခေါင်းဆောင်ကို ကျေးဇူးတင်ပါတယ်…
ဇူရီကိုလည်း ကျေးဇူးတင်ပါတယ်"

ဇူရီက မြစိမ်းရောင် တိမ်တိုက်ကျောက်တုံးနှင့် စကြာဝဠာ မိုးပြာရောင် သလင်းကျောက်အား မဟာကျိုး အင်ပါယာမှ ထျန်းကျင်းသို့ ယူဆောင်သွားသော အခါ လင်းဖုန်းသည် ယုကျင်းတောင် အပေါ်တွင်ပင် ကျန်နေခဲ့သည်။ သူသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းပေါ်တွင်သာ ထိုင်နေဆဲ ဖြစ်၍ သူ၏ကိုယ်ပိုင် နည်းစနစ်များကိုသာ တိတ်တဆိတ် ကျင့်ကြံနေခဲ့၏။

သူ၏ မျက်လုံးများအား ပိတ်ထားကာ ခရမ်းရောင် စွမ်းအင်များက သူ၏ ခန္ဓာကိုယ် အနားတွင်

ထိုးတက်နေပြီး သူ၏နဖူးအပေါ်မှ ထိုက်ကျိုရုပ်ပုံက ဖြည်းဖြည်းချင်း လည်ပတ်နေသည်။

လင်းဖုန်းသည် ခေတ္တအကြာတွင် ရုပ်တန့်လိုက်၍ ခရမ်းရောင် စွမ်းအင်များကို သူ၏ ခန္ဓာကိုယ် အတွင်းသို့ ပြန်လည် စုပ်ယူလိုက်သည်။ သူ့နဖူးပေါ်မှ ထိုက်ကျိုရုပ်ပုံကလည်း ချက်ချင်း ကွယ်ပျောက်သွားကာ တစ်ဘက်သို့ ကြည့်လိုက်သည်။ "ရှီးဟောင်… ဘာကိစ္စများ ရှိသလဲ"

ဤအချိန်တွင် လင်းဖုန်း ကြည့်နေသောဘက်မှ ဟင်းလင်းပြင်က ကွဲဟသွား၍ ရွှေရောင်အနားကွပ်နှင့် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ချောမောသော

လူငယ်တစ်ယောက် ပေါ်လာခဲ့သည်။ သူသည် မြောင်ရှီးဟောင်ပင် ဖြစ်သည်။

မြောင်ရှီးဟောင်၏ အမူအရာသည် တည်ငြိမ်လေးနက်နေ၍ သူ၏ ခန္ဓာကိုယ်မှာ အထီးကျန်နေသော်လည်း လွတ်လပ်ကာ သက်တောင့်သက်သာ ရှိနေသည့် အရှိန်အဝါများကို ထုတ်လွှတ်နေသည်။ သူသည် ကောင်းကင်ဘုံမှ ဆင်းသက်လာ၍ စိုးရိမ်ပူပန်မှုများ မရှိသည့် ခမ်းနားထည်ဝါသည့် မင်းသားတစ်ပါးနှင့် တူနေသည်။

သူက လင်းဖုန်းအား နှုတ်ဆက်လိုက်သည်။ "ကျွန်တော်က ထွက်သွားတော့မလို့ ခေါင်းဆောင်ကို လာနှုတ်ဆက်တာပါ"

လင်းဖုန်းသည် အံ့အားသင့်သွားခြင်း မရှိပဲ ရယ်လိုက်ကာ ပြန်ပြောလိုက်သည်။ "မင်းက တပည့်တွေကို လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"

မြောင်ရှီးဟောင်က ပြုံး၍ ပြောလိုက်သည်။ "ဟုတ်တယ်... ကျွန်တော်က နောက်ဆုံးမှာ ကျွန်တော့်ရဲ့ အတွေးနဲ့ ခံစားချက်တွေကို စုစည်းနိုင်ခဲ့ပြီ... ကျွန်တော် ကျင့်ကြံထားတဲ့ နည်းစနစ်တွေကလည်း အဆိုးကြီး မဟုတ်ဘူး... ဘဝက ငြိမ်သက်လွန်းနေပြီး ကျွန်တော်က တစ်ခုခုလုပ်ဖို့ လက်ယားနေပြီ... ကျွန်တော့်ရဲ့ နည်းစနစ်တွေကို လက်ဆင့်ကမ်းနိုင်ဖို့ တပည့်တစ်ယောက်ကို ရှာချင်နေတယ်"

"အရှင်က ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ အရှင့်ရဲ့ လွှမ်းမိုးမှုကို ပြန်နိုင်ခဲ့ပြီး ဟင်းလင်းပြင် ဘုရားကျောင်းကလည်း အခြေအနေ ဆိုးရွားနေခဲ့တယ်... သူတို့က တောင်ကိုချိပ်ပိတ်ထားခဲ့ရပြီး ကျွန်တော့်ဘာသာ ကမ္ဘာလှည့်နေရင်လည်း သူတို့နဲ့ တွေ့မှာကို ကြောက်နေစရာ မလိုတော့ဘူး"

မြောင်ရှီးဟောင်က ရယ်ရမ်းသွေး၍ ဆက်ပြောလိုက်သည်။ "ဒါ့အပြင် သူတို့က ကျွန်တော့်ကို အခုအချိန်မှာ သတ်လိုက်ရင်လည်း ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး... ကျွန်တော်သိသမျှ အကုန်လုံးကို အရှင့်ကို ပြောပြီးသား ဖြစ်လို့ ကျွန်တော့်ကို နှုတ်ပိတ်စရာ မလိုတော့ဘူး... သူတို့က လက်စားချေတဲ့ အနေနဲ့ ကျွန်တော့်ကို

သတ်ရင်တောင် ကောင်းကျိုးထက် ဆိုးကျိုးက ပိုများလိမ့်မယ်"

"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကျွန်တော့်အပေါ်ကို သဘောထားက ဒီလိုမျိုးပဲ ဖြစ်လိမ့်မယ်… 'မျက်စိက မမြင်ရင် နှလုံးသားက မခံစားရဘူး'"

"ကျွန်တော်က အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းက ထိပ်တန်းပုဂ္ဂိုလ်တွေရဲ့ ပြိုင်ဘက် မဟုတ်သေးဘူး… ကျွန်တော်က သူတို့ကို ကိုယ်ကစပြီး စိန်ခေါ်မှာ မဟုတ်ဘူး… နောက်ဆုံးမှာ သူတို့ဟာ အရှင့်လက်ထဲမှာ ကျရှုံးသွားကြမှာပဲ"

သူ၏ စကားများကို နားထောင်နေရင်း လင်းဖုန်း၏ အမူအရာမှာ မပြောင်းလဲခဲ့ပေ။ သူသည် မြောင်ရှီးဟောင်ကို စိုက်ကြည့်နေရင်း မြောင်ရှီးဟောင်၏ အကြည့်သည် တွေတွေကြီး ဖြစ်သွားကာ သာမန်သာ ပြောလိုက်၏။

"ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ စွမ်းအားတွေကို ဖုံးကွယ်ထားပြီး အချိန်ဆွဲနေခဲ့တယ်... ဒါပေမဲ့ ဒါဟာ သူတို့က မတိုက်ခိုက်ပဲ အလျှော့ပေးလိမ့်မယ်လို့ မဆိုလိုနေဘူး... သူတို့က စွမ်းအားတွေကို ထိန်းသိမ်းနေတာပဲ ရှိတာ... တကယ်လို့ အရှင်က သူတို့ကို မရှာခဲ့ရင်တောင် နောက်ဆုံးမှာ သူတို့က အရှင့်ရဲ့ တံခါးဝကို ရောက်လာကြလိမ့်မယ်"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ ဘာမှ မပြောခဲ့ပေ။ မြောင်ရှီးဟောင်၏ မျက်နှာပေါ်တွင် တောက်ပသော အပြုံးတစ်ခု ပေါ်လာကာ ပြောလိုက်သည်။ "ကျွန်တော်က ဂိုဏ်းအတွင်းက ကျွန်တော့်ရဲ့ တာဝန်တွေကို လွှဲပြောင်းပေးပြီး အခြေကျသွားတာနဲ့ တောင်ပေါ်ကနေ ဆင်းသွားတော့မယ်"

"ငါစိတ်ဝင်စားနေတာက မင်းက ဘယ်လိုမျိုး တပည့်ကို ရှာနေတာလဲ" လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "သာမန်ဆန်ပြီး ရိုးရှင်းကာ တိုက်ရိုက်တဲ့တိုး စရိုက်ရှိတဲ့ လူလား... ဒါမှမဟုတ် လျင်မြန်သွက်လက်ပြီး တီထွင်ဉာဏ်ရှိတဲ့ လူလား"

မြောင်ရှီးဟောင်က သူ၏ ပခုံးများကို သာမန်သာတွန့်၍ တီးတိုး ရေရွတ်လိုက်သည်။ "ဘယ်သူက သိမှာလဲ… ကျွန်တော် ကိုယ်တိုင်ကတောင် မသိသေးဘူး… ကျွန်တော်က ခရီးသွားရင်းနဲ့ ဆုံးဖြတ်သွားမယ်"

"ကျွန်တော်တို့က ရေစက်ရှိပြီး သူ့ရဲ့ ပင်ကိုပါရမီက မဆိုးရင် ကျွန်တော့်ရဲ့ နည်းစနစ်တွေကို ကျင့်ကြံဖို့ လုံလောက်ပြီ… သူက ရိုးရှင်းလား ရှုပ်ထွေးလား ဆိုတာက အရေးမကြီးဘူး… နှစ်မျိုးစလုံး အလုပ်ဖြစ်တယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်၍ ပြန်ပြောလိုက်သည်။ "ဒါက မင်းအမြဲတမ်း အလုပ်လုပ်တဲ့ပုံနဲ့ ကိုက်ညီတယ်"

မြောင်ရှီးဟောင်က ပြုံးလိုက်ရာ
တည်ငြိမ်အေးဆေးသည့် ပုံစံက ရုတ်တရက်
ပြောင်းသွားကာ သူအင်မော်တယ် ဝိညာဉ် အဆင့်သို့
မရောက်မီက ဆွဲဆောင်မှုရှိသော ပုံစံသို့
ပြန်ရောက်သွား၏။ သူက လင်းဖုန်းအားကြည့်၍
ပြောလိုက်သည်။ "အမှန်တော့ ကျွန်တော်က
အရှင့်လိုမျိုး စရိုက်ရှိတဲ့ တပည့်တစ်ယောက်ကို
အမြဲတမ်း လိုချင်နေတာ"

သူ၏ မျက်လုံးများတွင် မခံချင်သော
အရိပ်အယောင်များ ပေါ်လာ၍
ဆက်ပြောလိုက်သည်။ "ကျွန်တော် စကားပြောတာ
မရိုသေဘူးလို့တော့ မထင်လိုက်ပါနဲ့...
ဘာဖြစ်လို့လဲ ဆိုတော့ အရှင်က ကျွန်တော့်ကို

အဖြေတစ်ခါမှ မပေးခဲ့ပဲ ကျွန်တော်က ကိုယ့်ဘာသာကိုယ် စဥ်းစားခဲ့ရလို့ပဲ"

လင်းဖုန်းက သူ့အားကြည့်ကာ ပြောလိုက်သည်။ "မင်းက ဘယ်တပည့်မျိုးကို ရွေးတာပဲ ဖြစ်ဖြစ် ငါက ဝင်မစွက်ပါဘူး... ဒါပေမဲ့ ငါက မင်းတပည့် ဖြစ်လာမယ့် ကောင်လေးကို သနားနေတယ်ကွာ"

မြောင်ရှီးဟောင်က သူ၏ပါးစပ်ကို လက်ဖဝါးဖြင့် အုပ်ကာ ရယ်လိုက်၏။ "အရှင်က ဘယ်လို ပြောလိုက်တာလဲ... ကျွန်တော်က ကျွန်တော့်တပည့် ဖြစ်လာမယ့် ကောင်လေးကို အမတန်မှ ဂရုစိုက်မှာပါ... သူ့ကို အသက်နဲ့လဲပြီးမှ ကာကွယ်သွားမယ်"

လင်းဖုန်းက တီးတိုး ရေရွတ်လိုက်သည်။ "ဒါဟာ ငါကသူ့ကို သနားရတဲ့ အကြောင်းရင်းပဲ"

ထိုစကားများကို ကြားရသော အခါ မြောင်ရှီးဟောင်က အားရပါးရ ရယ်မောလိုက်ကာ သူ၏ အမူအရာများက လုံး၀ ပြန်ပြောင်းသွားခဲ့သည်။ သူသည် အမတန်မှ ကြည့်၍ကောင်းသော်လည်း သူ၏ ရယ်သံများသည် အားရပါးရ ရှိလှ၍ သူသည် မြောက်ပိုင်းမှ သတ္တိကောင်းသော သူရဲကောင်း တစ်ယောက်နှင့် တူနေသည်။ "အရှင်ကတော့ နောက်နေပါပြီ"

ပြီးတာနှင့် သူ၏ အမူအရာများသည် ထပ်ဖန်တစ်ခါ ပြောင်းသွားပြန်ကာ ဇူရီနှင့် ကျောင်ကျုံချန်းတို့ကဲ့သို့ ကမ္ဘာအတွင်းမှ စာပေမှန်သမျှကို လေ့လာပြီးသည့်

ဂုဏ်ရှိသော စာသင်သား တစ်ယောက်ကဲ့သို့ ဖြစ်သွားပြန်သည်။

သူသည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာ၍ ဦးညွှတ်လိုက်သည်။ "ခေါင်းဆောင်... ကျွန်တော်သွားပြီ"

လင်းဖုန်းသည် သူ၏ခေါင်းကို စောင်း၍ ပြုံးလိုက်သည်။ "မင်းအနေနဲ့ လိုချင်နေတဲ့ အမွေဆက်ခံသူကို ရှာတွေ့နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

မြောင်ရှီးဟောင်၏ အမူအရာများမှာ ပြောင်းသွား၍ မိန်းမဆန်သွားပြန်သည်။ လင်းဖုန်းအား

မျက်စောင်းထိုး၍ ကြည့်လိုက်ကာ
ကျက်သရေရှိစွာဖြင့် လှည့်ထွက်သွားခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။
"အစစ်အမှန် လှည့်စားခြင်းနဲ့ အမှန်တရား
ပရိယာယ်... အစစ်အမှန်ဟာ တစ်ချိန်တည်းမှာ
အတုအယောင် ဖြစ်နိုင်ပြီး အတုအယောင်ကလည်း
အစစ်အမှန် ဖြစ်နိုင်တယ်... ဘယ်လောက်အထိ
စိတ်ဝင်စားစရာ ကောင်းလိုက်တဲ့ နည်းစနစ်လဲ"

"ဒါပေမဲ့ အမွေဆက်ခံသူ အကြောင်းကို
ပြောရရင်..." လင်းဖုန်း၏ အကြည့်သည်
အောက်ဘက်သို့ ရွှေ့လိုက်ကာ ယန်ချင်၏
နိဗ္ဗာန်ကမ္ဘာထံသို့ ကြည့်လိုက်သည်။ "ယန်ချင်ရဲ့
နိဗ္ဗာန်ကမ္ဘာဟာ နောက်ဆုံးမှာ

တစ်စုံတစ်ယောက်ကို တွေ့ရှိသွားခဲ့ပြီ… မဆိုးဘူး… မဆိုးဘူး"

လင်းဖုန်း၏ လက်ရင်းတပည့် ရှစ်ယောက်တို့တွင် သူတို့၏ ကိုယ်ပိုင်ဗိမာန်များ ကိုယ်စီရှိကြကာ ယန်ချင်၏ နိဗ္ဗာန်ကမ္ဘာမှာ လူအင်အား အနည်းဆုံးဖြစ်၍ ယန်ချင်နှင့် ကျိုးယွင်ချုံးတို့ နှစ်ယောက်သာ ရှိကြလေသည်။ ယန်ချင်သည် ထို့ကြောင့်ပင် လွန်ခဲ့သော နှစ်များက ပြင်ပကမ္ဘာ၏ ကဲ့ရဲ့ဝေဖန်မှုကို ခံခဲ့ရသည်။

သို့သော်လည်း ယန်ချင်၏ ကိုယ်ပိုင် စွမ်းဆောင်မှုများနှင့် သူ့တပည့် ကျိုးယွင်ချုံး၏ အစွမ်းများသည် ထိုကောလဟာလများနှင့် ကဲ့ရဲ့မှုများကို မှားယွင်းကြောင်းနှင့် သူတို့အား

ဖြန့်ဝေနေသူများမှာ မျက်လုံးသာရှိ၍
မမြင်နိုင်သောသူများ ဖြစ်မှန်းကို
သက်သေပြနိုင်ခဲ့သည်။

ယန်ချင်သည် ဆေးတောင်ကြားကို တာဝန်ယူရသူ
ဖြစ်ကာ သူ၏ အဆင့်အတန်းမှာ အတန်ငယ်
မြင့်မားပေသည်။ သူ၏ ဆေးလုံးဖော်စပ်မှု
စွမ်းရည်မှာ လင်းဖုန်း၏ တပည့်များ အနက်
ရှောင်ယန်အပြီးတွင် အကောင်းဆုံး ဖြစ်၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ လူငယ်မျိုးဆက်
တပည့်များစွာတို့သည် သူ့လက်အောက်သို့
ဝင်နေလိုကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
ဆန့်ကျင်သော စစ်ပွဲအပြီးတွင် ယန်ချင်သည်

သူ၏အချိန် အများစုကို ကမ္ဘာပတ်၍ လူနာများကို ကုသပေးခြင်းဖြင့်သာ ကုန်ဆုံးစေခဲ့သည်။

သူ့တွင် တပည့်များ ရှိပါက ညွှန်ကြားမှု ကောင်းစွာ မပေးနိုင်မည်ကို စိုးရိမ်နေကာ သူ၏ချစ်သူ ဖန်းထင်း အတွက် ပူဆွေးသောက ရောက်နေခဲ့သဖြင့် ကျိုးယွင်ချုံး နောက်ပိုင်းတွင် သူ့အနေဖြင့် တပည့်နောက်ထပ် လက်မခံခဲ့ပေ။

ကျိုးယွင်ချုံး၏ ကျင့်ကြံမှု ခရီးလမ်းကလည်း အန္တရာယ်များဖြင့် ပြည့်နှက်နေကာ သူ့ကိုယ်တိုင်ကလည်း များစွာ ဂရုစိုက်နေရသဖြင့် လူငယ်မျိုးဆက်မှ အခြား တပည့်များကို သင်ကြားနိုင်စွမ်း မရှိခဲ့ပေ။ သူ့အနေဖြင့်လည်း

တစ်ယောက်တည်း နေတတ်သည့် စရိုက်ရှိကာ
အခြားသူများနှင့် ဆက်ဆံလေ့ မရှိပေ။

ထို့ကြောင့်ပင် ဤနှစ်များ အတွင်း၌ နိဗ္ဗာန်ကမ္ဘာ၌
ယန်ချင်နှင့် ကျိုးယွင်ချုံးတို့ နှစ်ယောက်သာ
ရှိနေခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် နိဗ္ဗာန်ကမ္ဘာ၌
နောက်ဆုံးတွင် တပည့်အသစ် တစ်ယောက်
ရောက်လာခဲ့ပေပြီ။

စာစဉ် ၆၇ : အပိုင်း ၁၉

## အပိုင်း ၁၃၀၉ : အဘယ်ကြောင့်ဟူသော မေးခွန်းပေါင်း တစ်သိန်း

ယုကျင်းတောင်ရှိ ဆေးတောင်ကြား အတွင်းတွင် သွားလာ လှုပ်ရှားနေကြသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူငယ်မျိုးဆက် တပည့်များစွာ ရှိနေကြသည်။ ယန်ချင်နှင့် နိဗ္ဗာန်ကမ္ဘာတို့သည် ဤနေရာကို တာဝန်ယူထားရသော်လည်း ယန်ချင်အနေဖြင့် တောင်ပေါ်တွင် သိပ်မရှိပဲ ကျိုးယွင်ချုံးကလည်း ဆေးပင်များကို ပြုစုစောင့်ရှောက်ရန် မကျွမ်းကျင်ပေ။

ယန်ချင်သည် တောင်ပေါ်တွင် မရှိသော အချိန်တွင် ဆေးတောင်ကြားသည် ဇူရီ၏ အုပ်ချုပ်မှုအောက်သို့

ကျရောက်သွားကာ ကောင်းကင်ဘုံကျောင်းမှ တပည့်များက ဤနေရာကို ထိန်းသိမ်းနေရခြင်း ဖြစ်သည်။

ကောင်းကင်ဘုံကျောင်းမှ တပည့်များသည် ယန်ချင် ပြန်လာသော အချိန်တွင် ဆေးတောင်ကြီးနှင့် ပတ်သတ်၍ ယန်ချင်အား ပြန်လည် တင်ပြကြကာ ယန်ချင်၏ တာဝန် ပြန်ဖြစ်သွား၏။

ဆေးတောင်ကြီး၏ ဘေးတွင် မိုးထိုးနေသော သစ်ပင်တစ်ပင် ရှိနေသည်။ သူ၏ ပင်စည်နှင့် သစ်ကိုင်းများမှာ မယုံနိုင်အောင် ထူထဲ၍ ပေတစ်သောင်းကျော် မြင့်မားသည်။ ထိုသစ်ပင်သည် ဖြောင့်တန်း၍ အရောင်တောက်ပနေကာ သစ်ပင်ထိပ်ဖျားမှ

သစ်ရွက်များက နေရာအနှံ့ အုံ့ဆိုင်းနေကာ
မယုံနိုင်အောင် ကျယ်ပြန့်လှပေသည်။

ဆေးတောင်ကြား၏ လေဟာနယ်ကို အထူး
ပြုပြင်ထားခြင်း ဖြစ်သည်။ ဤရောမ သစ်ပင်အား
အတွင်းတွင် စိုက်ထားသော်လည်း
ဆေးတောင်ကြား၏ အပြင်သို့ မကျော်သွားပဲ
သူ့အတွင်းတွင် စိုက်ပျိုးထားသော စိတ်ဝိညာဉ်
ဆေးပင်တစ်ပင်အလား ဖြစ်နေသည်။

သစ်ပင်၏ အရွယ်အစားမှာ တိမ်တိုက်များ အပေါ်သို့
ထိုးဖောက်သွားမည်ဟု ထင်နေရ၍
တစ်ယောက်သည် ဆေးတောင်ကြား၏ အတွင်းသို့
ဝင်ရောက်မှသာ မြင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုသစ်ပင်သည် လင်းဖုန်းက လွန်ခဲ့သော နှစ်များက တိမ်တိုက်တောအုပ် ကမ္ဘာမှ ယူပြန်လာသော တိမ်တိုက်တောအုပ် သစ်ပင်ပင် ဖြစ်သည်။ သူသည် ဆေးတောင်ကြား အတွင်းတွင် ပြုစုပျိုးထောင်ခြင်း ခံခဲ့ရကာ ဖြည်းဖြည်းမှန်မှန်ဖြင့် တိမ်တိုက်တောအုပ် သစ်သီးများက သီးပွင့်လာပြီး တပည့်များကို ဝေငှပေးနိုင်ခဲ့သည်။ သူတို့အား ဘက်စုံသုံး၍ရကာ ဆေးဝါးများကိုလည်း ဖော်စပ်၍ ရသည်။

လင်းဖုန်းသည် ထိုသစ်ပင်၏ စိတ်ဝိညာဉ် အသိဉာဏ်ကို ပြန်လည် အသက်သွင်းပေးခဲ့သဖြင့် ထိုအလယ်ကမ္ဘာမှ ယုကျင်းတောင်သို့ ယူလာ၍ အစိုက်ပျိုးခံခဲ့ရသော သစ်ပင်သည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးများကို လျင်မြန်စွာဖြင့် ရင်ဆိုင်ကာ သူနှစ်ပေါင်းများစွာ စုစည်းထားသော

သိပ်သည်းလှသည့် စိတ်ဝိညာဉ် စွမ်းအင်များကို မိစ္ဆာစွမ်းအားများ အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

သူသည် မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့၍ မိစ္ဆာသခင် အလယ်အလတ်သို့ ရောက်ရှိခဲ့ကာ လွယ်ကူစွာဖြင့်ပင် မိစ္ဆာသခင် နောက်ဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့၍ မျက်စိတစ်မှိတ် အတွင်း၌ပင် မိစ္ဆာသခင် နောက်ဆုံးအဆင့်၏ အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့သည်။

ထိုတိမ်တိုက်တောအုပ် သစ်ပင်သည် မိစ္ဆာသခင် အဆင့်မှ မသေမိစ္ဆာ ဝိညာဉ် အဆင့်သို့ တက်လှမ်းသည့် အခါမှသာ အတားအဆီး အချို့ကို ကြုံတွေ့ခဲ့ရသည်။ သူ့တွင် ကြွယ်ဝလှသော စိတ်ဝိညာဉ် စွမ်းအင်များနှင့် မိစ္ဆာစွမ်းအားများ

ရှိနေသော်လည်း သူသည် ကောင်းကင်နှင့်
မြေကြီးတို့နှင့် မဟာတာအိုအား နားလည်နိုင်မှုတို့
အားနည်းနေသေးသည်။

သို့တိုင်အောင် သူသည် မသေမိစ္ဆာ ဝိညာဉ်ကို
ဖန်ဆင်းနိုင်ရန် ခြေတစ်လှမ်းသာ လိုတော့၍
ဆေးတောင်ကြား အတွင်းမှ အစွမ်းအထက်ဆုံး
သစ်ပင်ဖြစ်နေကာ ကာကွယ်မှု
တာဝန်အချို့ကိုလည်း ယူထားရသည်။

သူသည် နွေးထွေးဖော်ရွေကာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များနှင့် လျင်မြန်စွာ
ရင်းနှီးသွားခဲ့သည်။ သူသည် အခြား စိတ်ဝိညာဉ်
အပင်များနှင့် ဆေးပင်များကို မည်ကဲ့သို့

ပြုစုရမည်ကို သူတို့အား သင်ပင်
သင်ကြားပေးခဲ့သေးသည်။

တိမ်တိုက်တောအုပ် သစ်ပင်အောက်တွင်
ရပ်နေသော လူငယ်တစ်ယောက် ရှိနေသည်။ သူ၏
မျက်ခုံးနှင့် ဆံပင်တို့မှာ ဆီးနှင်းခဲများကဲ့သို့ ဖြစ်နေ၍
သူသည် ကောင်းကင်ဘုံကျောင်းမှ တတိယမျိုးဆက်
တပည့်ဖြစ်သော ယန်တီ၏တပည့် ရဲ့ရှင်းဟွေ
ဖြစ်သည်။

သူသည် ကျောက်စိမ်းသစ်ပင် ခန္ဓာကိုယ်ဖြင့်
မွေးဖွားလာပြီး သဘာဝအားဖြင့်
သစ်ပင်ပန်းမာန်များကို ကြင်နာတတ်သည်။
သူသည် စိတ်ဝိညာဉ် ဆေးပင်များနှင့် အပင်များကို
ပြုစု စောင့်ရှောက်ရသည်ကို နှစ်သက်လေသည်။

ကောင်းကင်ဘုံကျောင်းမှ တတိယ
မျိုးဆက်များသည် တဖြည်းဖြည်းနှင့်
ကြီးပြင်းလာကာ ဂိုဏ်းအတွင်းမှ နေ့စဉ်တာဝန်
များစွာတို့ကို ယူနိုင်ကြပြီ ဖြစ်သည်။
ဆေးတောင်ကြား အတွင်းမှ အရာများစွာတို့သည်
သူ၏တာဝန် ဖြစ်လာခဲ့သည်။

ဤအချိန်တွင် သူ၏အရှေ့မှ ကောင်မလေး
တစ်ယောက်အား ချစ်ခင်သော မျက်လုံးများနှင့်
ကြည့်နေသည်။ ထိုကောင်မလေး၏ ပုံစံသည်
ပန်းချီကား တစ်ချပ်ကဲ့သို့ ဖြစ်နေကာ သူမ၏
မျက်ခုံးများနှင့် ဆံပင်များကလည်း
ဆီးနှင်းခဲများကဲ့သို့ ဖြစ်နေသည်။

သူမသည် ရဲ့ရှင်းဟွေ၏ ညီမဖြစ်သာ ရဲ့ရှင်းရွှမ် ဖြစ်ကာ သူမကလည်း ကျောက်စိမ်းသစ်ပင် ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားသည်။ သူမသည် သိပ်မကြာသေးမီကမှ ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိခဲ့သည်။

သူမသည် မြေရိုင်းလျှိုမြောင်မှ ကျူးကော်ဝမ်ချိုး၏ လက်အောက်တွင် သင်ယူခဲ့ကာ သူမ ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်အပြီးတွင် သူမ၏ တာအိုနာမည်ကို ရရှိခဲ့သည်။ သူမသည် သဘာဝအားဖြင့် နူးညံ့သိမ်မွေ့၍ အေးချမ်းကာ တိုက်ခိုက်ရသည်ကို မနှစ်သက်ပဲ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပြင်ပတွင် သူမ၏ ဂုဏ်သတင်းက များစွာ မကျော်ကြားပေ။

ရဲ့မိသားစု မောင်နှမသည် များစွာ ဒုက္ခရောက်ရှိဆန်သည်။ သူတို့သည် မောင်နှမများ ဖြစ်ကြသော်လည်း ခုနစ်နှစ်ကွာကာ အမြွှာများ မဟုတ်ကြပေ။ သူတို့၏ မိဘများမှာ သာမန်လူများသာ ဖြစ်ကြ၍ စောစီးစွာပင် ကွယ်လွန်သွားကြသော်လည်း ထူးခြားသော ခန္ဓာကိုယ် ရှိသည့် မောင်နှမ နှစ်ယောက်ကို မွေးဖွားပေးနိုင်ခဲ့သည်။

ဤဖြစ်နိုင်ခြေသည် လော်ချင်းဝူ၏ ကောင်းကင်ယင် စိတ်ဝိညာဉ် ပုလဲ သို့မဟုတ် ဟင်းလင်းပြင် ဘုရားကျောင်းမှ တင်းရန်ဖုန်း၏ သန့်စင်သောယန် ခန္ဓာကိုယ်ထက်ပင် နည်းပါးကာ သူတို့နှစ်ယောက်အား သိကြသောသူများ

အားလုံးတို့သည် ဤထူးခြားဆန်းကြယ်သော အဖြစ်ကို အံ့သြချီးမွမ်းရုံသာ တတ်နိုင်ခဲ့ကြသည်။

ရဲ့ရှင်းရွှမ်သည် စိတ်ဝိညာဉ် သစ်သီး တစ်ခုကို အရသာခံ၍ စားသုံးနေရာ ရဲ့ရှင်းဟွေက သူမအား ဘေးမှနေ၍ ပြုံးကြည့်နေသည်။

"အရမ်း စားကောင်းတာပဲ" ရဲ့ရှင်းရွှမ်သည် အသီးတစ်ဝက်ကို စားပြီးသွားသော အခါ သူမ၏ လက်ဖဝါး အပေါ်သို့ တင်လိုက်ရာ အလင်းတန်း စက်လုံး ရေးရေးလေး နှစ်လုံးတို့သည် သူမ၏ လက်ဖဝါး အလယ်သို့ ကျဆင်းလာကြသည်။

ထိုစက်လုံးများသည် ထွင်းဖောက်မြင်ရလု နီးပါး ဖြစ်နေခဲ့၍ သူမ လက်ဖဝါး အလယ်မှ တစ်ဝက်စားပြီးသော သစ်သီးသည် တစ်စုံတစ်ခု၏ ဝါးမျိုခြင်းကို ခံခဲ့ရသကဲ့သို့ လျင်မြန်စွာဖြင့် ကွယ်ပျောက်သွားခဲ့သည်။

ရဲ့ရှင်းဟွေက ရယ်ရမ်းသွေး၍ ပြောလိုက်သည်။ "နင့်ရဲ့ စိတ်ကူးယဉ် လမင်းဖီးနစ် လိပ်ပြာတွေက ညရောက်မှသာ သူတို့ရဲ့ အစွမ်းကို ပြသနိုင်တယ်"

"နေ့လယ်မှာလည်း ရပါတယ်" ရဲ့ရှင်းရွှမ်က တစ်ခစ်ခစ်နှင့် ရယ်လိုက်၍ သူမ၏ လက်ဝါးပေါ်မှ ဝေဝါးနေသော စက်လုံးနှစ်ခုကို မြတ်နိုးသော မျက်လုံးအစုံဖြင့် ကြည့်နေခဲ့သည်။

စိတ်ကူးယဉ် လမင်းဖီးနစ် လိပ်ပြာတို့သည် မျိုးသုဉ်းလုနီးပါး ဖြစ်နေသော လိပ်ပြာ အမျိုးအစား မိစ္ဆာများ ဖြစ်ကြသည်။ ရဲ့ရှင်းရွှမ်သည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ကျူးကော်ဝမ်ချိုးနှင့် လေ့ကျင့်နေခဲ့စဉ်က လိပ်ပြာ ပိုးတုံးလုံး ဆယ်ကောင်တို့ကို ကံအားလျော်စွာ တွေ့ခဲ့ရသည်။

သူမသည် ကလေးဘဝကတည်းက လိပ်ပြာများကို နှစ်သက်သူဖြစ်ကာ ထိုပိုးတုံးလုံးများကို တောင်ပေါ်သို့ ယူပြန်လာခဲ့ကာ မွေးမြူထားခဲ့သည်။ သို့သော်လည်း အောင်မြင်စွာ ဥဖောက်နိုင်နှုန်းမှာ နည်းပါး၍ နောက်ဆုံးတွင် စိတ်ကူးယဉ် လမင်းဖီးနစ် လိပ်ပြာ နှစ်ကောင်ကိုသာ

မွေးဖွားနိုင်ခဲ့သည်။ တစ်ကောင်မှာ အထီးဖြစ်၍ တစ်ကောင်မှာ အမဖြစ်သည်။

ထိုလိပ်ပြာများသည် ကောင်းကင်အတွင်းမှ လမင်းကဲ့သို့ ဖြစ်နေသည်။ ညဘက်သို့ ရောက်လာ၍ အရာအားလုံးတို့က မည်းမှောင်သွားသော အခါ ထိုလိပ်ပြာများသည် တောက်ပစွာဖြင့် လင်းလက်လာသည်။ သူတို့သည် လမင်းအောက်တွင် ရစ်ဝဲလှည့်ပတ်နေရန် နှစ်သက်ကြသည်။ ထိုအချိန်တွင် သူတို့ကိုယ်တိုင်က လမင်းကဲ့သို့ လင်းလက် တောက်ပနေကြလေသည်။

သို့သော်လည်း နေ့ခင်းဘက်တွင် သူတို့အား မြင်နိုင်ရန်ပင် ခဲယဉ်း၍

ထွင်းဖောက်မြင်နေရသကဲ့သို့ ဖြစ်နေကာ
ထူးခြားသော မြင်ကွင်းတစ်ခု ဖြစ်သည်။

စိတ်ကူးယဉ် လမင်းဖီးနစ် လိပ်ပြာတို့သည်
စိတ်ဝိညာဉ် ဆေးဝါးများ ကြီးထွားရန်
အထောက်အကူ ပြုသည့် စိတ်ဝိညာဉ် ဖုန်မှုန့်များကို
ထုတ်လွှတ်ပေးသည်။ ထိုစိတ်ဝိညာဉ်
ဖုန်မှုန့်များသည် သစ်သား အနွယ်ဝင် သို့မဟုတ်
လေအနွယ်ဝင် နည်းစနစ်များကို
ကျင့်ကြံထားကြသူများ အတွက် များစွာ
အသုံးဝင်သည်။

သူတို့အား အသေအချာ ပြုစု ပျိုးထောင်ပေးနိုင်လျှင်
သူတို့၏ တိုက်ပွဲစွမ်းရည်သည် အတော်ပင်
ကြောက်မက်ဖွယ်ကောင်းသည်။

ရဲ့ရှင်းရွှမ်း၏ စိတ်ကူးယဉ် လမင်းဖီးနစ် လိပ်ပြာများသည် မွေးကင်းစသာ ရှိသေး၍ သူတို့၏ ကျင့်ကြံမှု အဆင့်က နိမ့်ကျသည်။ သူတို့တွင် စိတ်ဝိညာဉ် အသိဉာဏ်ကလည်း အားနည်းသော်လည်း သူတို့ ကြီးပြင်းလာသော အချိန်တွင် လျင်မြန်သော ခန္ဓာကိုယ် ပြောင်းလဲခြင်းကို တွေ့ကြုံရမည် ဖြစ်သည်။

သူမသည် သူမ၏ အစ်ကိုဘက်သို့ လှည့်၍ ရယ်လိုက်သည်။ "ဦးလေးကျိုးက နောက်ဆုံးမှာ တပည့်တစ်ယောက်ကို လက်ခံလိုက်ပြီ... ဒါက အနည်းငယ် အံ့သြစရာ ကောင်းတယ်"

"ဦးလေးကျိုးရဲ့ အခြေခံတွေက စတင်ပြီးမှ တည်ငြိမ်လာပြီ ဆိုတော့ သူက နောက်ဆုံးမှာ တံခါးဖွင့်ပြီးမှ တပည့်တွေကို လက်ခံခဲ့တယ်" ရဲ့ရှင်းပြချက်၏ အမူအရာသည် စကားပြောနေရင်း ခါးသီးသည့်ပုံ ပေါက်လာ၍ နောက်ဆုံးတွင် ကသိကအောက် ဖြစ်စွာဖြင့် ရယ်လိုက်သည်။

"ဒီဂျူနီယာ ညီမလေးဟာ ဆေးတောင်ကြားကို နောက်တစ်ခေါက် လာတဲ့အခါ ဒီလောက်အထိ အမေးအမြန်း မထူတော့ပါစေနဲ့လို့ ဆုတောင်းရမှာပဲ… မဟုတ်ရင် ငါ့ရဲ့ မိုးပြာရောင် လနီ ယင်ပန်းပွင့်က ဘယ်တော့မှ ကြီးလာတော့မှာ မဟုတ်ဘူး"

ရဲ့ရှင်းရွှမ်က သူမ၏လျှာကို ထုတ်၍ ပြောလိုက်သည်။ "ဦးလေးကျိုးက အမြဲတမ်း အေးစက်စက်ပဲ နေလေ့ရှိတယ်… နင့်ရဲ့ ဂျူနီယာ ညီမလေးက သူ့ကို စိတ်ဆိုးအောင် မလုပ်မိပါစေနဲ့လို့ပဲ ဆုတောင်းရမယ်"

"ဒါက ပြဿနာ မဟုတ်ဘူး" ရဲ့ရှင်းဟွေက သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ဦးလေးကျိုးက အေးစက်ကောင်း အေးစက်ပြီး သူ့ပြိုင်ဘက်တွေ အပေါ်မှာ ကြမ်းတမ်း ခက်ထန်ကာ သူ့ရန်သူတွေကို သွေးအေးအေးနဲ့ သတ်ဖြတ်လေ့ ရှိပေမဲ့ သဘာဝအားဖြင့် သူဟာ ရက်စက် ကြမ်းကြုတ်တဲ့သူ မဟုတ်ပဲ သူ့ရဲ့ စရိုက်ကလည်း မခက်ထန်ဘူး… ဂိုဏ်းကလူတွေ အတွက် သူက ကြောက်စရာ လုံးဝ မရှိဘူး"

သူတို့ ပြောနေကြသော သူမှာ ပြင်ပကမ္ဘာတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်များ အတွင်း၌ အထက်မြက်ဆုံး ဓားသွားဖြစ်သည်ဟု နာမည်ကျော်သော ယန်ချင်၏ ပထမ တပည့်ဖြစ်သူ ကျိုးယွင်ချုံးပင် ဖြစ်သည်။ သူ၏ အရှေ့မှ ဝမ်လင်းအပြီးတွင် သူ၏ မျိုးဆက်အတွင်းမှ လူသတ်သမား ဟူ၍ ထင်ရှားသည်။

ကျိုးယွင်ချုံးသည် ဝမ်လင်းနှင့် ဆင်တူကာ သူတို့ တစ်ယောက်ကမှ တိုက်ပွဲတွင် သူတို့၏ ပြိုင်ဘက်များကို အရှင်ထားလေ့ မရှိပေ။ မီးလောင်ပြာကျသော ယန်အသက်ဝိညာဉ်သည် အလွန်အမင်း ကြီးစိုး လွှမ်းမိုးနိုင်စွမ်း ရှိကာ

လူတိုင်းကို ဖိန့်ဖိန့်တုန်အောင်
ကြောက်ရွံ့စေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက်
တပည့်များ အတွင်းတွင် သူသည် ယင်းလော်ရှနှင့်
တူညီသော လူသတ်လိုစိတ်များ ရှိကာ သူတို့၏
နည်းလမ်းများသည် တန်ကျွင်း၊ ဟန်ရန်၊
တောက်ယုတင်းနှင့် ကျန်သောသူများနှင့် စာလျှင်
ခက်ထန် ကြမ်းတမ်းလှပေသည်။

သို့သော်လည်း နှစ်ပေါင်းများစွာ ဆက်ဆံခဲ့အပြီးတွင်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူငယ်
မျိုးဆက်များသည် ကျိုးယွင်ချုံးသည် သူ၏
ရန်သူများ အပေါ်၌သာ ရက်စက် ကြမ်းကြုတ်လေ့
ရှိခြင်း ဖြစ်သည်ကို သိခဲ့ကြသည်။

သူသည် သာမန်နေ့များတွင် အေးစက်စက်သာ နေ၍ရှိကာ အခြား မည်သူနှင့်မှ စကားပြောလေ့ မရှိပေ။ သူ့အား အေးစက်၍ ခံစားချက် ကင်းမဲ့သူဟု ပြော၍ရသော်လည်း တစ်ယောက်သည် သူ့အား အခြားသူများနှင့် မဆက်ဆံတတ်ပဲ ကျင့်ကြံမှု နှလုံးသားသာ ရှိသည်ဟုသာ ပြောနိုင်ပေသည်။

သူ၏ ပင်ကိုစရိုက်သည် တပည့်များကို လက်ခံရန် မသင့်တော်ပေ။ သူ့တွင် မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို မွေးရာပါ ပိုင်ဆိုင်ထားပြီး သူ၏ ကျင့်ကြံမှု လမ်းကြောင်းသည် အန္တရာယ်များဖြင့် ပြည့်နေ၏။

သူ၏ စွမ်းအင်များ အားလုံးကို ကျင့်ကြံမှု အပေါ်၌သာ အာရုံစိုက်ထားရပြီး သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် အစွမ်းအထက်ဆုံးသူများ အနက်မှ တစ်ယောက်ဖြစ်သော်လည်း တပည့်တစ်ယောက်ကိုမှ လက်မခံခဲ့ပေ။

"ဒါပေမဲ့ နိဗ္ဗာန်ကမ္ဘာကို ဒီဂျူနီယာ ညီမလေး အသစ် ရောက်လာပြီးကတည်းက ဦးလေးကျိုးက ကောင်းကောင်းနေလို့ရမှာ မဟုတ်တော့ဘူး" ရဲ့ရှင်းဟွေက သူ၏သွားများပေါ်အောင် ပြောလိုက်သည်။

ရဲ့ရှင်းရွှမ်သည် သူ့အား နှစ်သိမ့်ပေးဟန်ဖြင့် ပြောလိုက်သည်။ "ဒီဂျူနီယာ ညီမလေးဟာ

ဦးလေးကျိုးလိုမျိုး စည်းကမ်းကြီးတဲ့လူနဲ့
တွေ့သွားရင် နည်းနည်းငြိမ်သွားမှာ
မဟုတ်ဘူးလား"

သူတို့ ပြောနေကြသည့် လူဖြစ်သော
ကျိုးယွင်ချုံးသည် နိဗ္ဗာန်ကမ္ဘာ အတွင်းတွင်
ထိုင်နေကာ ရဲ့ရှင်းဟွေနှင့် ရဲ့ရှင်းရွှမ်တို့
ထင်ထားသည့် အတိုင်းပင် ဒုက္ခတွေ့နေခဲ့လေသည်။

"ဆရာ... ဆရာ... နံပါတ်ခုနစ် ဂိုဏ်းတူဘိုးဘိုးက
တကယ်ပဲ မိစ္ဆာတွေကို စားသောက်ဖို့ မိစ္ဆာကမ္ဘာ
အတွင်းကို ဝင်သွားတာလား"

"ဆရာ... ဆရာ... ဂိုဏ်းချုပ်က ဘာဖြစ်လို့ ဟိုသစ်ကိုင်းပေါ်မှာပဲ အမြဲထိုင်နေတာလဲ"

"ဆရာ... ဆရာ... ပထမ ဂိုဏ်းတူဘိုးဘိုးရဲ့ ချစ်သူဖြစ်တဲ့ ချင်းရဲ့ မာစတာက သူနဲ့အတူတူ ငယ်စဉ်ကတည်းက ကြီးပြင်းလာခဲ့တာလား"

"ဆရာ... ဆရာ... ဒုတိယ ဂိုဏ်းတူဘိုးဘိုးရဲ့ ကြေးမုံရေအိုင် ဗဟုသုတ နန်းတော်အတွင်းကို ရောက်ဖူးသလား... အဲ့ဒီအထဲမှာ သူတို့က ဘာသင်ကြတာလဲ"

"ဆရာ... ဆရာ..."

အဆက်မပြတ်သော မေးခွန်းများကြောင့် ကျိုးယွင်းချုံး အနေဖြင့် သူ၏ခေါင်းသည် သုံးဆလောက် ကြီးမားလာသည်ဟု ခံစားနေခဲ့ရသည်။ သူသည် ပုံမှန်အားဖြင့် ငြိမ်သက်အေးဆေးစွာ နေရသည်ကို နှစ်သက်သူ ဖြစ်သည်။ သို့သော်လည်း သူ၏ ဤတပည့်မကို လက်ခံပြီးသည်နှင့် သူ၏နေ့များသည် သူ့ဘဝအတွင်းတွင် အခက်ခဲဆုံးနှင့် ခံနိုင်ရည်မရှိဆုံး အချိန်များ ဖြစ်ခဲ့သည်။

နည်းလမ်းမျိုးစုံဖြင့် အဆက်မပြတ် အနှောင့်ယှက်ခံနေရခြင်းနှင့် ယှဉ်လိုက်လျှင် မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကြောင့် သူရင်ဆိုင်ခဲ့ရသော အခက်အခဲများ အားလုံးတို့သည် အသေးအဖွဲ ကိစ္စများသာ ဖြစ်သွားလေသည်။

သူသည် ရှေ့ပုစဉ်း ဆရာတော်၏ ဖမ်းချုပ်မှုကို ခံခဲ့ရ၍ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ အခေါ်သွားခံခဲ့ရစဉ်က တစ်ချိန်လုံး သတိလစ်နေခဲ့သည်။ သူ့အနေဖြင့် ပြင်ပကမ္ဘာတွင် ဘာဖြစ်နေသည်ကို မသိရသလို အချိန် ကုန်သွားမှန်းကိုလည်း မသိခဲ့ပေ။ သူ့အနေဖြင့် အရှက်ရသကဲ့သို့ ခံစားခဲ့ရသော်လည်း သိပ်မကြာမီပင် လင်းဖုန်း၏ ကယ်တင်ခြင်းကို ခံခဲ့ရ၍ သတိပြန်ရလာခဲ့သည်။

သို့သော်လည်း ကျိုးယွင်ချုံးသည် ယခုအချိန်တွင် သူ့အနားတွင် စက်ဝိုင်းပတ်အတိုင်း ခုန်ပေါက် ပြေးလွှားနေသော ကောင်မလေးအား ကြည့်နေရင်း

ခေါင်းမှူးလာခဲ့ကာ သူ၏ မျက်လုံးများတွင် ကြယ်များ လည်ပတ်နေသည်ဟု ခံစားလာခဲ့ရသည်။

ဤကောင်မလေးသည် ကျိုးယွင်ချုံး၏ တပည့်အသစ် ဖြစ်သော လူရိလင် ဖြစ်သည်။ သူမ၏ အရှေ့မှ တွမ့်မုဟုန်ကဲ့သို့ပင် ယန်ချင်သည် ပြင်ပကမ္ဘာတွင် သမားတော်အဖြစ် ခရီးထွက်နေရင်း သူမကို တွေ့ခဲ့ကာ တောင်ပေါ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

အချိန်ကာလ ကြာမြင့်လာပြီး လင်းဖုန်း၊ ယန်ချင်နှင့် အခြား စီနီယာများ၏ ညွှန်ကြားမှုနှင့် သူ၏ ကိုယ်ပိုင် ကြိုးစားအားထုတ်မှုများ အောက်တွင် ကျိုးယွင်ချုံးသည် မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုအား ကျင့်ကြံရာ၌

အန္တရာယ်များသည် ရှိနေသေးသော်လည်း သက်တောင့်သက်သာ ဖြစ်စွာဖြင့် ကောင်းစွာ ထိန်းချုပ်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့် ယန်ချင်သည် နိဗ္ဗာန်ကမ္ဘာကို ဖွင့်လှစ်၍ တပည့်အသစ် တစ်ယောက် လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ ယန်ချင်သည် သူ၏ အချိန်အများစုကို အပြင်တွင် ကုန်ဆုံးရမည်ကို သိနေသဖြင့် နောက်ထပ် တပည့်တစ်ယောက် လက်မခံခဲ့ပေ။ သူ၏ စမ်းသပ်မှုများကို အောင်မြင်နိုင်သူသည် ကျိုးယွင်ချုံး၏ လက်အောက်တွင် သင်ယူရမည် ဖြစ်သည်။

ယန်ချင်ကလည်း ကျိုးယွင်ချုံး အတွက်လည်း စဉ်းစားပေးခဲ့ခြင်း ဖြစ်သည်။ ကျိုးယွင်ချုံးသည်

သူတပည့်အား သင်ကြားပေးရင်း သူ၏ကိုယ်ပိုင် အခြေခံ နည်းစနစ်များကို ပြန်လည်၍ လေ့လာနိုင်ကာ ပိုမို ချောမွေ့လာလိမ့်မည် ဖြစ်သည်။

စည်းကမ်းတင်းကျပ်၍ တပည့်လက်မခံလိုသောကြောင့် ကျိုးယွင်းချိုး ပြုလုပ်ခဲ့သော စမ်းသပ်မှုများသည် အောင်မြင်ရန် အလွန်တရာမှ ခက်ခဲပေသည်။ ဂိုဏ်း၏ မူလ စမ်းသပ်မှုများကို အောင်မြင်၍ ဂိုဏ်းသားတစ်ယောက် ဖြစ်လာပြီး နိဗ္ဗာန်ကမ္ဘာကို ရွေးချယ်ခဲ့သူများ အားလုံးတို့က ကျရှုံးခဲ့ကြသည်။

တစ်ခုတည်းသော ခြွင်းချက်မှာ လူရိလင်ပင် ဖြစ်သည်။

ဤရလဒ်သည် လူတိုင်းအား အံ့အားသင့်စေခဲ့သည်။ အစွမ်းသိပ်မထက်ဟု ထင်နေရ၍ စကား အမတန်မှ များသူဖြစ်သော်လည်း လူရိလင်သည် ကျိုးယွင်ချုံး၏ စမ်းသပ်မှုများကို အောင်မြင်နိုင်ခဲ့ကာ နိဗ္ဗာန်ကမ္ဘာသို့ ဝင်ရောက်နိုင်ခဲ့သည့် တစ်ဦးတည်းသော တတိယမျိုးဆက် တပည့်တစ်ယောက် ဖြစ်လာခဲ့သည်။

လူရိလင်၏ အောင်မြင်မှုတွင် ကံတရားက ကြီးမားစွာ ပါဝင်ခဲ့သည်ဟု ပြော၍ရသော်လည်း သူမသည် စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ခဲ့သဖြင့် ကျိုးယွင်ချုံးသည် ယခင်က အတွေ့အကြုံ မရှိပဲ ဤတပည့်အား မည်ကဲ့သို့ ညွှန်ကြားရမည်ကို

မသိသေးသော်လည်း သူမအား
သူ၏လက်အောက်တွင် လက်ခံခဲ့ရသည်။

သို့သော်လည်း လျင်မြန်စွာဖြင့်ပင် သူ၏
ဆုံးဖြတ်မှုအား နောင်တရသွားခဲ့လေသည်။

လူရိလင်သည် အလွန်အမင်း စိတ်လှုပ်ရှားနေသည်။
သူမက အခြေခံ တပည့်တစ်ယောက် အဖြစ်နှင့်သာ
ရှိနေခဲ့စဉ်က သူမ ကြားဖူးခဲ့သမျှ
ကောလဟာလများ အားလုံးတို့သည် အချို့မှာ
မှားယွင်းနေ၍ အချို့မှာ ချဲ့ကားထားခဲ့ခြင်း ဖြစ်ကာ
သူတို့အား ရှင်းပြရန် ခက်ခဲပေသည်။

သူမသည် နောက်ဆုံးတွင် ဆက်ခံသူ
တပည့်တစ်ယောက် ဖြစ်လာခဲ့သော အခါ သူမ၏
ဆရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင်
အစွမ်းအထက်ဆုံး သူများအနက်မှ
တစ်ယောက်ဖြစ်သော ကျိုးယွင်ချုံး ဖြစ်နေသည်။

သူမသည် အစကတည်းက စပ်စုလိုစိတ်များဖြင့်
ပြည့်နှက်နေသဖြင့် သူမကိုယ်သူမ လုံးဝ
အောင့်ထားနိုင်ခြင်း မရှိတော့ပေ။ သူမ၏ ဆရာက
ပြန်လည် ဖြေဆိုစေလိုသော ရည်ရွယ်ချက်ဖြင့်
သူမ၏ ခေါင်းသေးသေးလေး အတွင်းတွင် ရှိနေသမျှ
မေးခွန်းနှင့် သံသယများ အားလုံးတို့ကို ဖွင့်လှစ်
အန်ထုတ်ခဲ့လေသည်။

"ဆရာ... ဆရာ... ဆရာက ဘာဖြစ်လို့ တစ်ခါမှ မပြုံးမရယ်တာလဲ... ယင်တောင်ထိပ်က စီနီယာနဲ့ ဂျူနီယာတို့ အားလုံးက ဆရာက အတော်ချောမောတယ်လို့ ပြောကြတယ်... ဆရာက ပြုံးလိုက်ရင် ပိုချောသွားမှာပဲ..." သူမ၏ စကားမဆုံးမီပင် ကျိုးယွင်ချုံးသည် ထရပ်လိုက်ကာ ခံစားချက် ကင်းမဲ့နေသော မျက်နှာဖြင့် အခန်းအတွင်းမှ ထွက်သွားလေသည်။

လူရိလင်ကမူ စိတ်ရှုပ်ထွေးစွာဖြင့် ကျန်ရစ်ခဲ့သည်။ "ငါပြောတာ ဘာများ မှားသွားတာလဲ..."

စာစဥ် ၆၇ : အပိုင်း ၂၀

## အပိုင်း ၁၃၁၀ : အတူတကွ လေ့ကျင့်ခြင်း

ကျိုးယွင်ချုံးသည် စကားတစ်ခွန်းမှ မပြောပဲ အခန်းအပြင်သို့ ထွက်သွားခဲ့သည်ကို တွေ့ခဲ့ရသော အခါ လူရှိလင်က အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။ "ဟုတ်တယ်... အားလုံးတို့ ပြောကြတာ ဆရာက  အမြဲတမ်း မျက်နှာကြီးကို တည်ထားပေမဲ့ သူက အတော်ကို ချောတယ်"

ပုံမှန်အတိုင်း ဆိုလျှင် ကျင့်ကြံသူများသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ မရောက်သေးလျှင်ပင် ကျင့်ကြံမှု အဆင့် ပိုမို တိုးတက်လာသည်နှင့် သူ၏ ရုပ်ရည် အသွင်အပြင်များသည် ပို၍ ဆွဲဆောင်မှု ကောင်းလာမည် ဖြစ်သည်။ မူလက

သာမန်ရုပ်ရည်သာ ရှိကြသူများပင်လျှင်
ချီကျင့်ကြံမှုကြောင့် ပို၍ ကြည့်ကောင်းလာကြမည်
ဖြစ်၏။

အစကတည်းက ဆွဲဆောင်မှု
အားကောင်းသောသူများသည် ခေါင်းကို
နှစ်ခါပြန်လှည့်၍ ကြည့်ရသူများ
ဖြစ်လာကြပေမည်။

ကျိုးယွင်ချုံးသည် အေးစက်ကာ ထုံပေပေ
နေတတ်သူ ဖြစ်သော်လည်း သူ၏ အသွင်အပြင်မှာ
မှင်သက် ရှုမောဖွယ်ရာ ကောင်းလှသည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက်
တပည့်များအနက် ဟန်ရန်မှလွဲ၍

ကျန်သောသူများသည် သူ့လောက်
ကြည့်၍မကောင်းပေ။

ဤအရာသည် သူ၏ အမူအရာနှင့် ရုပ်ရည်
သွင်ပြင်များ အပေါ်၌သာ ကြည့်၍
ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ အရှိန်အဝါနှင့် ပြောဆို
နေထိုင်ပုံများကို ကြည့်လိုက်လျှင်လည်း
ကျိုးယွင်ချုံးသည် ထိပ်ဆုံးမှ လူများအတွင်းတွင်
ပါသည်။

လူငယ်မျိုးဆက် တပည့်အချို့သည်
အားလပ်ချိန်များ ရသောအခါ အတင်းအဖျင်းများ
ပြောလေ့ရှိကြသည်။ သူတို့သည် သူတို့၏
စီနီယာများကို လေးစား၍ သူတို့ အနောက်တွင်
မကောင်းကြောင်းများကို

ပြောလေ့မရှိကြသော်လည်း အချို့မှာမူ
အရွတ်အနောက်များကို ကွယ်ရာတွင်
တိတ်တိတ်လေး ပြောခဲ့ကြသေးသည်။

သို့သော်လည်း ထိုအရာများမှာ ကျိုးယွင်ချုံး၊
ဟန်ရန်နှင့် ကျန်သော ဒုတိယ မျိုးဆက် တပည့်များ
အကြောင်းကိုသာ ဖြစ်ကြသည်။ သူတို့သည်
လင်းဖုန်း၊ ရှောင်ယန်၊ ဇူရီ၊ ရှီထျန်းဟောင်နှင့်
ကျန်သောသူများ အကြောင်းကိုမူ မပြောရဲကြပေ။

သို့သော်လည်း သူတို့တစ်ယောက်မှ လူရိလင်ကဲ့သို့
ထိုအကြောင်းအရာများကို အတင်းပြောခံရသော
လူကိုယ်တိုင်၏ အရှေ့တွင် မပြောရဲကြပေ။

လူရိုလင်သည် နားမလည်နိုင်သကဲ့သို့
သူမ၏ခေါင်းကို ခါလိုက်ကာ သူမဆရာ၏
အနောက်သို့ လိုက်သွားရန် ကြိုးစားခဲ့သော်လည်း
ကျိုးယွင်ချိုးသည် ပါးလျသော လေထုအတွင်းသို့
ပျောက်ကွယ်သွားခဲ့သည်။

သူမသည် အနည်းငယ် စိတ်ရှုပ်ထွေးစွာဖြင့်
နိဗ္ဗာန်ကမ္ဘာ အတွင်းမှ လမ်းများနှင့် အခန်းများ
အတွင်းသို့ ဦးတည်ချက် ကင်းမဲ့စွာဖြင့်
လျှောက်သွားနေခဲ့သည်။

သူမ၏ အရှေ့တွင် အလင်းတန်းများ ရုတ်တရက်
လင်းလက်သွား၍ တိတ်ဆိတ်နေသော အခန်းတစ်ခု
အတွင်းသို့ ရောက်သွားခဲ့သည်။ ထိုနေရာတွင်

ခရမ်းရောင် ဝတ်ရုံနှင့် လူငယ်တစ်ယောက် ထိုင်နေ၏။

ထိုလူငယ်သည် ထိုနေရာတွင် သာမန်သာ ထိုင်နေသော်လည်း သူသည် ယင်နှင့် ယန်တို့၏ ပြောင်းလဲမှုများကို ထိန်းသိမ်းထားသကဲ့သို့ ဖြစ်နေကာ အခန်း တစ်ခုလုံးအား ငြိမ်သက်၍ လှုပ်ရှားမှု မရှိသော အခြေအနေသို့ ရောက်စေခဲ့သော်လည်း အရာအားလုံးတို့သည် မယုံနိုင်အောင် စည်းချက်ကျ၍ လိုက်လျောညီထွေ ဖြစ်နေခဲ့သည်။

သူ၏ ခန္ဓာကိုယ် အတွင်းတွင် အရာပေါင်း သန်းနှင့်ချီ၍ မွေးမြူခြင်း ခံနေရသကဲ့သို့ ဖြစ်နေပြီး လုံးဝ တိတ်ဆိတ် ငြိမ်သက်နေမှု အတွင်းတွင်

ခန့်မှန်း၍ မရသော အသွင်ပြောင်းလဲမှုများကို သယ်ဆောင်ထားခဲ့သည်။

လူရိလင်သည် သူ့အား မြင်လိုက်ရသော အခါ ချက်ချင်းအော်၍ နှုတ်ဆက်လိုက်သည်။
"ဆရာဘိုးဘိုး"

ခရမ်းရောင် ဝတ်ရုံနှင့် လူငယ်မှာ ကျိုးယွင်ချုံး၏ ဆရာဖြစ်၍ လူရိလင်၏ ဆရာဘိုးဘိုး ဖြစ်ကာ နိဗ္ဗာန်ကမ္ဘာ၏ ပိုင်ရှင်ဖြစ်သည့် မြင့်မြတ်သော ယင်ယန် ဘုန်းတော်ကြီး ယန်ချင်ပင် ဖြစ်သည်။

ယန်ချင်၏ အမူအရာသည် တည်ငြိမ်နေသော်လည်း သူ၏ နွေးထွေးနူးညံ့သော မျက်လုံးအစုံ အတွင်းတွင်

အေးစက်သော အရိပ်အယောင် တစ်ခုရှိနေသည်။ သူ၏ မျက်လုံး သူငယ်အိမ်များ အတွင်းမှ အဖြူနှင့် အနက်ရောင်များသည် ကွဲပြားခြားနားကာ လူအများ၏ နှလုံးအိမ်ကို လှုပ်ရှားစေနိုင်သည့် အလင်းတန်းများဖြင့် လင်းလက်လျက်ရှိသည်။

လူရိုလင်သည် သူ့အား စိုက်ကြည့်နေရုံဖြင့်ပင် သူမ၏ နှလုံးခုန်နှုန်းသည် နှေးလာသည်ဟု ခံစားခဲ့ရသည်။ သူမ၏ မြူးတူး တက်ကြွသည့် အမူအရာကလည်း အနည်းငယ် ငြိမ်သက်သွား၍ သူမ၏ အပြုအမူများကလည်း စတင်၍ တည်ငြိမ်လာကာ စည်းမျဉ်း စည်းကမ်းများကို ချက်ချင်း အမှတ်ရလိုက်၍ ယန်ချင်၏ အရှေ့တွင် အမြန်ဦးညွှတ်၍ နှုတ်ဆက်လိုက်သည်။

"လူရိလင်က ဆရာဘိုးဘိုးကို နှုတ်ဆက်ပါတယ်"

ယန်ချင်သည် သူ၏လက်ကို ဝှေ့ယမ်း၍ ပြန်ပြောလိုက်သည်။ "ဒီလိုမျိုး လုပ်နေစရာ မလိုပါဘူး... မင်းအနေနဲ့ အခြေကျအောင် လုပ်ပြီးသွားရင် ကျိုးယွင်ချုံးဆီမှာ စတင်ပြီးမှ သင်ယူပါ"

လူရိလင်နှင့် တွမ့်မုဟုန်တို့သည် ယန်ချင်၏ ဆေးဝါးကုသသော ခရီးလမ်းတွင် ရှာဖွေ တွေ့ရှိခဲ့သော ကောင်းမွန်သည့် မျိုးစေ့များပင် ဖြစ်သည်။ တိုက်ဆိုင်စွာဖြင့် သူမသည်လည်း လွန်ခဲ့သော နှစ်များက တွမ့်မုဟုန်ကဲ့သို့ ဆိုးဝါးသော ရောဂါ ဝေဒနာ တစ်ခုအား စွဲကပ်နေခဲ့သည်။ သူမ၏

ရောဂါ လက္ခဏာများသည် ထူးခြား ဆန်းကြယ်ကာ အမတန်မှ ကုသရန် ခက်ခဲပေသည်။

ဤကောင်မလေး၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံကလည်း ထူးခြား၏။ သူမ၏ ခန္ဓာကိုယ် အတွင်းတွင် ယင်နှင့် ယန်တို့သည် အတူတကွ ယှဉ်တွဲ မနေနိုင်ပဲ အဆက်မပြတ် ပြောင်းလဲနေကြကာ မျှခြေမညီ ဖြစ်နေကြသည်။ ရှုထောင့်တစ်ခုမှ ကြည့်လိုက်လျှင် ထိုအရာသည် ပြီးပြည့်စုံသော ယင်ယန်မျှခြေ ရှိနေသည့် ယန်ချင်၏ ခန္ဓာကိုယ်နှင့် လုံးဝ ပြောင်းပြန် ဖြစ်နေသည်။

ယန်ချင်သည် သူမ၏ ရောဂါကို ကုသပြီးသွားသော အခါ သူမသည် သူ့အနောက်မှ လိုက်လာခဲ့ကာ

ဝင်ခွင့် စမ်းသပ်မှုကို အောင်မြင်ပြီးနောက် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယန်ချင်သည် လူရိလင်နှင့် စကားပင် ကောင်းစွာ မပြောရသေးခင် တစ်စုံတစ်ယောက်သည် အခန်းအတွင်းသို့ ဝင်လာခဲ့သည်။ ထိုသူသည် ယခုလေးတင် ထွက်ခွာသွားခဲ့သော ကျိုးယွင်ချုံးပင် ဖြစ်သည်။

ကျိုးယွင်ချုံး၏ လက်အတွင်းတွင် အိတ်တစ်အိတ်ကို ကိုင်ထား၍ သူ၏လက်ကို ဆန့်တန်းလိုက်သော အခါ ထိုအိတ်က လေထုအတွင်းတွင် လွင့်မျောလာ၍ လူရိလင်၏ ခြေအောက်သို့ ကျရောက်လာခဲ့သည်။

"ဒါက မင်းအတွက်ပဲ" ကျိုးယွင်ချုံးက ပြောလိုက်သည်။ လူရိလင်က မျက်တောင်ခတ်၍ အိတ်ကို ဖွင့်ကြည့်လိုက်သော အခါ အတွင်းတွင် ပုလင်းနှင့် ခွက်များစွာတို့ကို တွေ့လိုက်သည်။

ယန်ချင်က ရှင်းပြလိုက်သည်။ "ဒါတွေက နောက်ပိုင်းမှာ မင်းရဲ့ နှစ်ခြင်းမင်္ဂလာ ပြုလုပ်ဖို့ အတွက်ပဲ... ယွင်ချုံးက မကြာမီမှာ မင်းကို မဟာလမင်း ရေအိုင်ကို ခေါ်သွားလိမ့်မယ်"

မဟာလမင်း ရေအိုင်သည် နိဗ္ဗာန်ကမ္ဘာ အတွင်းတွင် စီးဆင်းနေသော မဟာလမင်း အကြွင်းမဲ့ရေ၏ အရင်းအမြစ် ဖြစ်၍ သူ့အား ဖန်တီးထားသူမှာ ယန်ချင်ပင် ဖြစ်သည်။ သူသည် အဆက်မပြတ် လည်ပတ် စီးဆင်းနေကာ ဗိမာန် တစ်ခုလုံးကို

လှည့်ပတ်အပြီးတွင် မဟာလမင်း ရေအိုင်အတွင်းသို့ ပြန်ဝင်သွားခဲ့သည်။

ယန်ချင်သည် အစောပိုင်း နှစ်များတွင် ထိုနေရာ၌ ကျင့်ကြံခဲ့ခြင်း ဖြစ်ကာ ကျိုးယွင်ချုံးက ဂိုဏ်းအတွင်းသို့ ပထမဆုံး ဝင်ရောက်ခဲ့စဉ်ကလည်း ထိုနေရာတွင် ကျင့်ကြံခဲ့ခြင်းပင် ဖြစ်သည်။

လူရိုလင်က စပ်စုစွာဖြင့် စတင်၍ မေးလိုက်သည်။
"ဆရာဘိုးဘိုး... ဆရာဘိုးဘိုး..."

သူမ၏ စကားမဆုံးသေးခင်တွင် ယန်ချင်က သူမဘာကို တွေးနေသည်ကို သိနေသည့်အလား သူမဘက်သို့ လှည့်၍ပြောလိုက်သည်။

"ဒီနှစ်ခြင်းမင်္ဂလာကို တစ်ခါပဲ လုပ်ရမယ်… သိပ်မကြာဘူး… ၁၅မိနစ်လောက်ဆို လုံလောက်ပြီ"

လူရိုလင်က သူမ၏ ပါးစပ်ကို ထပ်ဖန်တစ်ခါ ဟလိုက်ပြန်သည်။ "ဆရာဘိုးဘိုး… ဆရာဘိုးဘိုး…"

"မင်းက မင်းရဲ့ အင်္ကျီတွေကို လဲစရာမလိုဘူး… အခု မင်းဝတ်ဆင်ထားတဲ့ အင်္ကျီတွေက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အထူး ချုပ်လုပ်ထားပြီး မင်းရဲ့ နှစ်ခြင်း မင်္ဂလာကို အကျိုးသက်ရောက်မှု ရှိမှာမဟုတ်ဘူး… ယွင်ချုံးကလည်း မျက်နှာလွှဲထားစရာ မလိုဘူး"

"ဆရာဘိုးဘိုး... ဆရာဘိုးဘိုး..."

"ငါက မင်းဘာတွေးနေတယ် ဆိုတာကို သိနေပေမဲ့ ငါက မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို တမင်သက်သက် လိုက်ကြည့်နေတာ မဟုတ်ဘူး... မင်းရဲ့ အတွေးတွေက အမတန်မှ တက်ကြွလွန်းတာကြောင့် မင်းရဲ့ ဝိညာဉ်က အတော် မတည်မငြိမ် ဖြစ်နေပြီး မင်းကသူ့ကို ထိန်းချုပ်ဖို့လည်း မကြိုးစားခဲ့ဘူး"

"မင်းရဲ့ အတွေးတွေဟာ အပြင်ကို စီးဆင်းထွက်လာပြီး အရာအားလုံးက ငါ့အရှေ့မှာ ပန်းချီကားချပ် ရုပ်ပုံတွေလို ဖြစ်နေခဲ့တယ်... ငါက အားလုံးကို ကောင်းစွာ တွေ့နိုင်ခဲ့တယ်"

လူရိလင်သည် နောက်ဆုံးတွင်
စကားမပြောတော့သော်လည်း သူမ၏ ပါးစပ်မှာ
မပိတ်ခဲ့ပဲ အပေါင်းသားဖြင့် ယန်ချင်ကို
တွေတွေကြီး စိုက်ကြည့်နေလေသည်။

ယန်ချင်က ဆက်ပြောလိုက်သည်။ "မင်းက
နောက်ပိုင်းနေ့တွေမှာ ကျင့်ကြံတဲ့ အချိန်မှာ ဒါကို
အထူး သတိထားဖို့ လိုအပ်တယ်... မျိုးတူး
တက်ကြွတဲ့ အတွေးတွေဟာ ဆိုးဝါးတဲ့ အရာတစ်ခု
မဟုတ်ပေမဲ့ အရာအားလုံးဟာ သင့်တင့်ရုံသာ
ကောင်းတယ်... မင်းက သူတို့ကို ကောင်းစွာ
မထိန်းချုပ်နိုင်ရင် နောက်ပိုင်းမှာ ပြဿနာ
ဖြစ်လာလိမ့်မယ်"

"တကယ်လို့ မင်းအနေနဲ့ သူတို့ကို ကောင်းစွာ မထိန်းချုပ်နိုင်ခဲ့ရင် မင်းက နောက်ပိုင်းမှာ တောင်ကနေ ထွက်ခွာပြီး အင်မော်တယ် ဝိညာဉ် အဆင့် ဒါမှမဟုတ် အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေနဲ့ တွေ့ခဲ့ရင်တောင်မှ မင်းတွေးနေတဲ့ အရာအားလုံးဟာ သူတို့ရဲ့ မျက်လုံးတွေ အတွင်းကို ကျရောက်သွားပြီး သူတို့ကို ကွယ်ဝှက်နိုင်မှာ မဟုတ်ဘူး"

လူရိလင်သည် တစ်စုံတစ်ခုကို ပြောရန် ကြံလိုက်သော်လည်း သူမ၏ ပါးစပ်ကို လျင်မြန်စွာဖြင့် ပြန်ပိတ်ထားလိုက်သည်။ သူမ၏ မျက်လုံးများတွင် တကက်ကြွ ရွှင်လန်းမှုများဖြင့် စီးဆင်းလာ၍ ကျိုးယွင်ချုံးဘက်သို့ လှည့်ကြည့်လိုက်သည်။

ကျိုးယွင်ချုံးသည် အမူအရာ ကင်းမဲ့စွာဖြင့် ဘာမှ မပြောခဲ့သော်လည်း ယန်ချင်က ပြုံး၍ ပြောလိုက်သည်။ "ဟုတ်တယ်... ကျိုးယွင်ချုံးကလည်း သူတို့ကို တွေ့နိုင်တယ်"

လူရိလင်သည် သူမ၏ မျက်တောင်များကို အကြိမ်အနည်းငယ် ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်၍ ကျိုးယွင်ချုံးထံသို့ စိုက်ကြည့်လိုက်သည်။ ကျိုးယွင်ချုံးကလည်း သူမအား ကြည့်နေကာ ဘာမှ မပြောခဲ့သော်လည်း လူရိလင်သည် သူ့အနားသို့ အနည်းငယ် တိုးကပ်လာကာ အကြိမ်အနည်းငယ် ပတ်၍ လျှောက်နေခဲ့သည်။

သူမသည် သူမ တွေးနေသော အရာအားလုံးကို ကျိုးယွင်ချုံး မြင်နိုင်စေရန် ကြိုးစား၍ ဖော်ပြနေသကဲ့သို့ ဖြစ်သည်။

ကျိုးယွင်ချုံးသည် သူ၏ မျက်လုံးများကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ လူရိလင်သည် ယန်ချင်ထံသို့ ထပ်ဖန်တစ်ခါ လှည့်လိုက်သည်။ ယန်ချင်၏ မျက်လုံးများသည် ဖွင့်ထားသေးကာ သူ၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး တစ်ခု ရှိနေသော်လည်း ဘာမှ မပြောခဲ့ပေ။

လူရိလင်၏ မျက်လုံးများသည် မျက်လုံးများ ပိတ်ထားသေးသော သူမ၏ ဆရာအပေါ်သို့ ပြန်လည် ကျရောက်သွား၍ သူမ၏ အကြည့်သည် သူမ၏ ဆရာနှင့် သူမ၏ အတွေးများကို

ဘာသာပြန်ပြခဲ့သည့် သူမ၏ ဆရာဘိုးဘိုးတို့ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။

သူမသည် နောက်ဆုံးတွင် အောင့်မထားနိုင်တော့ပဲ ကျိုးယွင်ချုံး အနားသို့ ပြေးသွား၍ ပြောလိုက်သည်။ "ဆရာ... ဆရာ... ကျွန်မ အခုတွေးနေတဲ့ အရာအားလုံးကို ဆရာမြင်နိုင်ရင် ပြောပြပါလား"

ကျိုးယွင်ချုံးသည် သူ၏ မျက်လုံးများကို ထပ်ဖန်တစ်ခါ ဖွင့်လိုက်သော်လည်း လူရိလင်ကို မကြည့်နေပဲ ယန်ချင်ဘက်သို့သာ လှည့်၍ ပြောလိုက်သည်။ "ဆရာ... ဆရာက အခြေခံအနေနဲ့ သူမကို တည်ငြိမ်အောင် ကျွန်တော်နဲ့အတူ ကြိုးစားပေးနေတာလား"

ယန်ချင်က သူ့တပည့်အား ပြန်ကြည့်လိုက်၍ သူ၏ မျက်လုံးများသည် ကျိုးယွင်ချုံး၏ နှလုံးသား တည့်တည့်သို့ ထွင်းဖောက်မြင်နိုင်သကဲ့သို့ ဖြစ်နေသည်။ "သူမအတွက် သက်သက်သာ မဟုတ်ဘူး... မင်းအတွက်လည်း ပါတယ်"

ကျိုးယွင်ချုံးသည် အနည်းငယ် မှင်သက်သွား၍ သူ့မျက်နှာပေါ်မှ အေးစက်သော အကြည့်သည် ယာယီ လွင့်ပြယ်သွားကာ သူ၏ အမူအရာသည် စဉ်းစားသုံးသပ်နေသည့်ပုံ ပေါက်သွား၏။

လူရိလင်၏ စပ်စုတတ်သော မျက်လုံးများသည် သူတို့နှစ်ယောက် အကြားတွင် ခေါက်တုံ့ပြန်နေ၍ မေးလိုက်သည်။ "ဆရာ... ဆရာ... ကျွန်မက

ကျွန်မကိုယ်ကိုယ် တည်ငြိမ်အောင် ဘယ်လို လုပ်ရမလဲ… ကျွန်မတို့…"

သူမ၏စကား မဆုံးသေးခင်တွင် ကျိုးယွင်ချုံးသည် သူ၏ အင်္ကျီလက်စကို ဖွဲ့ယမ်း၍ သူမအား သူ၏ မှော်စွမ်းအင်များဖြင့် လွှမ်းခြုံလိုက်ကာ အစောပိုင်းမှ ဆေးပုလင်းများပါသော အိတ်ကိုပါ ဆွဲယူသွားခဲ့သည်။

ဤအရာများကို တွေ့လိုက်သော အခါ ယန်ချင်၏ မျက်လုံးများသည် လှုပ်ရှားသွား၍ ကျိုးယွင်ချုံးထံသို့ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေသော အကြည့်ဖြင့် ကြည့်လိုက်သည်။ "ယွင်ချုံး"

ကျိုးယွင်ချုံး၏ အမူအရာသည် မူလအတိုင်း ပြန်ဖြစ်သွား၍ ယန်ချင်ထံသို့ ရိုသေစွာဖြင့် ဦးညွှတ်လိုက်သည်။ "ကျွန်တော်က အကောင်းဆုံး ကြိုးစားပါမယ်... ကျေးဇူးပါ... ဆရာသခင်"

ယန်ချင်သည် သူ့အား အကြာကြီး စိုက်ကြည့်နေပြီးမှ သူ၏လက်ကို ဝှေ့ယမ်း၍ ပြောလိုက်သည်။ "မင်းရဲ့ အကန့်အသတ်တွေကို မင်းသိလိမ့်မယ်လို့ ငါယုံကြည်တယ်... သွားပြီးမှ သူမကို နှစ်ခြင်းမင်္ဂလာ ပြုလုပ်ပေးလိုက်ပါ... ဒါပေမဲ့ အခုဖြစ်ခဲ့တဲ့ ကိစ္စဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေ... နောက်တစ်ခေါက် ထပ်မဖြစ်ပါစေနဲ့"

ကျိုးယွင်ချုံး၏ ယခုလေးတင် သာမန်
ပြန်ဖြစ်သွားသော မျက်နှာသည် အနည်းငယ်
ရှုံ့မဲ့သွား၍ ယန်ချင်ရှိနေသော အခန်းအတွင်းမှ
လျင်မြန်စွာ ထွက်ခွာသွားလေသည်။

အင်မော်တယ် ဝိညာဥ် အဆင့်မှ လူအားလုံး
ကြောက်ရွံ့ရသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
ထျန်းကျင်းမာစတာသည် ယခုအချိန်တွင်
လမ်းလျှောက်နေရင်း ဒယိမ်းဒယိုင် ဖြစ်နေသကဲ့သို့
ဖြစ်နေသည်။

လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ အပေါ်တွင် ထိုင်နေဆဲ ဖြစ်သည်။
သူ့အောက်မှ သစ်ကိုင်းကို ငုံ့ကြည့်နေရင်း သူ၏
မျက်နှာပေါ်တွင် ရယ်ချင်သော အရိပ်အယောင်များ

ပေါ်လာခဲ့သည်။ "ဒီကောင်မလေးက ငါ့အကြောင်းကိုတောင် အတင်းတုတ်ရဲတယ်"

ကျိုးယွင်ချုံး၏ အခြေအနေမှာ ထူးခြားသည်။ သူ၏ ကျင့်ကြံမှုမှာ အမတန်မှ ဂရုစိုက်ရ၍ အသေအချာ စီစဥ်မှုကို လိုအပ်ကာ အရာအားလုံးတို့အား လင်းဖုန်းနှင့် ယန်ချင်တို့က စီမံခဲ့ကြခြင်း ဖြစ်သည်။

ကျိုးယွင်ချုံးသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်သွားသည်နှင့် လင်းဖုန်းအနေဖြင့် ဝင်ရောက် စွက်ဖက်တော့မည် မဟုတ်သော်လည်း မှားယွင်းမှု တစ်ခုမှ မဖြစ်ပေါ်စေရန် ဆက်လက် စောင့်ကြည့်ရန် လိုနေသေးပေသည်။

ထို့ကြောင့် ကျိုးယွင်ချုံးက လူရိလင်အား စိတ်မရှည် ဖြစ်လာသည့် မြင်ကွင်းသည် သူ၏ မျက်လုံးများ အတွင်းသို့ ကျရောက်ခဲ့ပြီး လူရိလင်၏ မေးခွန်း အမျိုးမျိုးကိုလည်း သူကြားခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါ၍ ဘာမှ ဆက်မပြောခဲ့ပေ။ သူသည် မူလက ကျိုးယွင်ချုံးအတွက် တပည့်တစ်ယောက် ရှာပေးရန် စိတ်ကူးရှိသော်လည်း ယခု သူရထားသော တပည့်သည် လင်းဖုန်းကိုပင် အနည်းငယ် အံ့အားသင့်စေခဲ့သည်။

လင်းဖုန်းသည် သူ၏ အစီအစဉ်များကို ထပ်မံပြုပြင်ရန် ဆုံးဖြတ်လိုက်သည်။ ဤဆရာတပည့် အတွဲသည် သူတို့၏

စိတ်အခြေအနေများကို အတူတကွ
လေ့ကျင့်နိုင်ပေသည်။ ကျိုးယွင်ချုံး အနေဖြင့် ဆရာ
လုပ်ရခြင်းသည် သူ၏ နည်းစနစ်နှင့် စွမ်းရည်များကို
လက်ဆင့်ကမ်းရခြင်းထက် ပိုကာ သူ၏
နည်းစနစ်များကို တိုးတက်အောင် ပြုပြင်နိုင်ရုံ
သက်သက်ထက် များစွာပို၍ အကျိုးရှိနိုင်သည်။

ကမ္ဘာအတွင်း၌ ဖြစ်စေ၊ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်း၌ ဖြစ်စေ၊ ကျိုးယွင်ချုံး
အပေါ်မှ အားလုံးတို့၏ နားလည်မှုသည်
အပေါ်ယံသာ ဖြစ်ပြီး လင်းဖုန်းနှင့်
ယန်ချင်တို့ကသာ ပို၍ကောင်းစွာ သိနေကြသည်။

ကျိုးယွင်ချုံးသည် သဘာဝအားဖြင့် အေးစက်၍
နှလုံးသား ကင်းမဲ့သူ တစ်ယောက် မဟုတ်သလို

သွေးဆာ ရန်လိုနေသူ တစ်ယောက်လည်း မဟုတ်ချေ။ သူ၏လက်ရှိ ပင်ကိုစရိုက်နှင့် သူ၏ တိုက်ခိုက်မှု ပုံစံများ အပေါ်တွင် သူ၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံဖြစ်သော မီးလောင်ပြောကျသော ယန်ဖြစ်တည်မှု၏ ကြီးမားသော လွှမ်းမိုးမှုများ ရှိနေသည်။

ကျိုးယွင်ချုံး၏ ပင်ကိုစရိုက်သည် အေးစက်သလို ပေါက်ကွဲတတ်သည်။ သူသည် ဒုက္ခဆင်းရဲများနှင့် နာကျင်မှုများကို ခံနိုင်ကာ အရာအားလုံးကို ရင်ဆိုင်နိုင်စွမ်း ရှိသည်။ သို့သော်လည်း သူ့အား အစော်ကားခံရပါက ဒေါသ ပေါက်ကွဲလွယ်ကာ အခြားသူများ၏ အလွယ်တကူ ရန်စခြင်းကို ခံရနိုင်သည်။ သူအမျက်ထွက်လာပါက သူ့အား နှစ်သိမ့်နိုင်ရန် ခဲယဉ်းပေသည်။

သို့သော်လည်း သူ၏ အမျက်များကို ဖော်ပြသည့် နည်းလမ်းသည် အော်ဟစ် သောင်းကျန်းခြင်း မဟုတ်ပဲ အေးစက်သော အမူအရာဖြင့် အခြားသူများကို ကျောရိုးအတွင်းမှ စိမ့်သွားစေခြင်း ဖြစ်သည်။

ကျိုးယွင်ချိုး အနေဖြင့် ပြီးပြည့်စုံခြင်း မရှိသေးပေ။ သူသည် အပြင်ပန်း၌ ရေခဲတမျှ အေးစက်နေသော်လည်း အတွင်းတွင် သူနှင့် နီးစပ်သော လူများကို အလွန်အမင်း ဂရုစိုက်တတ်သူ ဖြစ်သည်။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အမတန်မှ ဂုဏ်ယူပြီး ခင်တွယ်သော်လည်း အခြားသူများကို

အလွယ်တကူ ဖွင့်ပြောတတ်သည့် လူစားမျိုး မဟုတ်ပေ။

လူရိလင် အနေဖြင့် ကျိုးယွင်ချုံး အနေဖြင့် သူမအား အရေးတယူဖြင့် ဂရုမစိုက်ရသေးခင်တွင် သူမ၏ စကားများမှုနှင့် ထိန်းသိမ်းမှု မရှိသော အမူအရာများသည် သူ့အား အလွယ်တကူ အမျက်ထွက်စေခဲ့သည်။ သူမသည် ပင်ကိုအားဖြင့် အကဲခတ်ကောင်းသောသူ တစ်ယောက် မဟုတ်ပဲ သူမသည် ကျိုးယွင်ချုံးအား အမျက်ထွက်စေခဲ့သည်ကို သိပင် မသိခဲ့ပေ။

ဆိုရိုးစကား တစ်ခုရှိသည်။ 'တစ်ယောက်သည် အခြားသူ၏ ချစ်မြတ်နိုးမှုကို မရခင်

အလိုလိုက်ခြင်းကို ခံရအောင် အရင်ကြိုးစားရမည် ဖြစ်သည်'

ယန်ချင်နှင့် လင်းဖုန်းတို့သည် ကျိုးယွင်ချုံးအား ဖိနှိပ်ထားရန် မရည်ရွယ်ထားကြပဲ သူလက်မခံနိုင်သော အရာများကို အတင်း လက်ခံစေရန်လည်း မလိုလားကြပေ။ သူတို့သည် ကျိုးယွင်ချုံးအား သူ၏ ပင်ကိုစရိုက်ကို ပြောင်းလဲအောင်လည်း ဖိအားမပေးလိုနေကြပေ။

သို့သော်လည်း သူတို့အနေဖြင့် ကျိုးယွင်ချုံးအား သူ၏ အနှုတ်သဘော ဆောင်သော ပင်ကိုစရိုက်များကို ထိန်းချုပ်၍ ရနိုင်သော အတိုင်းအတာ တစ်ခုအတွင်းသို့ ရောက်နေစေလိုကြသည်။

မဟုတ်လျှင် သူအင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းသည့် အချိန်တွင် အလွန်အမင်း ခက်ခဲသော အတားအဆီးများနှင့် ကြုံတွေ့ရမည် ဖြစ်သည်။ အဆိုးဆုံး အနေဖြင့် သူအနေဖြင့် မျှော်လင့်ချက် ကင်းမဲ့သော အခြေအနေသို့ပင် ရောက်သွားနိုင်သည်။

လူရိလင် အနေဖြင့်လည်း ကျိုးယွင်ချုံး၏ လေ့ကျင့်မှုကို ခံယူရမည် ဖြစ်သော်လည်း သူမအား လုံးဝ ထိန်းချုပ်ရမည်ဟု မဆိုလိုချေ။ သူမအား ထိန်းချုပ်မှုအောက်မှ ကင်းလွတ်မသွားစေရန် ကူညီရုံသာ ဖြစ်သည်။ သူမ၏ ပင်ကိုစရိုက်များကို ပြောင်းလဲရန် ဖိအားပေးစရာ မလိုသော်လည်း ထိန်းညှိပေးရန် လိုအပ်နေသည်။

ကျိုးယွင်ချုံးသည် ဤအရာကို တာဝန်ယူရမည်ဖြစ်ပြီး ယန်ချင်က သူ့အား ဘေးမှနေ၍ လမ်းညွှန်မှုပေးမည်ဖြစ်သည်။ လင်းဖုန်း အနေဖြင့်လည်း ထိုဆရာတပည့် နှစ်ယောက်စလုံးက ကောင်းမွန်စွာ စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မှုရှိနေသည်။

## စာစဥ် ၆၈ : အပိုင်း၁

## အပိုင်း ၁၃၁၁ : ဂူကေရာဇ်၏ မျိုးဆက်များ နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာခြင်း

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကြီးမားစွာ တိုးတက် ကျယ်ပြန့်လာမှုသည် လင်းဖုန်း၏

မျှော်လင့်ချက်များ အတွင်း၌သာ ရှိသေးသည်။ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲမှစ၍ ဂိုဏ်းသည် နတ်ဘုရားနယ်မြေ အတွင်းတွင် လွှမ်းမိုးမှု အဆင့် အသစ်တစ်ခုသို့ ရောက်သွားကာ ဂိုဏ်းအတွင်းမှ စည်းလုံးမှုများကလည်း တစ်ဆင့် တက်သွားခဲ့သည်။

အတွင်းနှင့် ပြင်ပမှ စွမ်းအားများသည် ဂိုဏ်းကို အရှေ့သို့ ရောက်အောင် တွန်းပို့နိုင်၍ တပည့် မျိုးဆက် အသစ်များနှင့် မျိုးဆက် အဟောင်းတို့ အားလုံးသည် စိတ်ဓာတ်များ တက်ကြွလျက် ရှိကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုလုံးသည် သူတို့၏ တိုးတက်မှု အမြန်ဆုံး အချိန်သို့

ရောက်နေကာ သူတို့၏ စိတ်ဓာတ်များကလည်း အဆုံးမဲ့ မြင့်တက်နေသည်။

သို့သော်လည်း ဤကဲ့သို့သော အချိန်သည် ဂရုစိုက်ရန် အလိုဆုံး အချိန်ဖြစ်သည်။ သူတို့သည် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရှိနေစေရန် အသေးစိတ် ဂရုစိုက်ရမည် ဖြစ်၍ လမ်းမမှားစေရန် သတိထားရမည် ဖြစ်သည်။

ကောင်းကင်ပေါ်မှ တိမ်တိုက်များ အတွင်းသို့ မြန်ဆန်သော အရှိန်အဟုန်ဖြင့် တက်သွားလျှင် အချိန်တိုအတွင်းတွင် မမျှော်လင့်ထားသော ပြဿနာများ ပေါ်လာနိုင်ပြီး အသူရာချောက်နက်၏ အောက်ခြေသို့ ပြန်ရောက်သွားနိုင်သည်။

တင်းကျပ်စွာဖြင့် စစ်ဆေးပြီး ဆက်ခံသူ အရေအတွက်ကို ကန့်သတ် ရွေးချယ်ခြင်းဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ချဲ့ထွင်နေသော အချိန်ကာလသို့ ရောက်နေသော်လည်း သူတို့၏ အရည်အသွေးများကို နိမ့်ကျစေမည် မဟုတ်ချေ။

သူတို့သည် အခွင့်အရေး သမားများကို ရှောင်ရှား၍ အနာဂတ်တွင် ပြဿနာများကို ယူဆောင်လာနိုင်သော လူဆိုးများကို ကာကွယ်ရမည် ဖြစ်သည်။

ဂိုဏ်းအတွင်းတွင် ရှိနေပြီးဖြစ်သော တပည့်များ၏ စိတ်ဓာတ်များ ပြောင်းလဲသွားခြင်းကိုမူ ထိန်းချုပ်ရခက်ပြီး အသေအချာ သတိထားရန် လိုအပ်သည်။

လူသားတို့၏ နှလုံးများများသည်
အပြောင်းအလဲမြန်၍ ရိုးရှင်းခြင်း မရှိပေ။

ထိုအရာများသည် အဆုံးစွန် မာနများနှင့် သူတို့၏
ရည်မှန်းချက်များ ပြည့်မြောက်သွားခြင်းကြောင့်
ကျေနပ်မှုများမှ မဖြစ်လာနိုင်ပဲ သူတို့၏ အနားမှ
ပတ်ဝန်းကျင် ပြောင်းလဲသွားသဖြင့် သူတို့၏
နှလုံးသားနှင့် စိတ်ခံစားချက်များသည် မသိမသာ
လိုက်ပြောင်းသွားခြင်းကြောင့် ဖြစ်လာနိုင်သည်။

အရိုးရှင်းဆုံး ဥပမာမှာ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ အချို့သည်
တစ်ယောက်နှင့် တစ်ယောက်
အတော်ကွာခြားကြခြင်း ဖြစ်သည်။

အချို့သူများသည် ကျန်သောသူများထက်
များစွာပို၍ သန်မာကြသည်။

လင်းဖုန်း၊ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများ၏
ထိန်းချုပ်မှုနှင့် လမ်းညွှန်မှုအောက်တွင်
ဂိုဏ်းအတွင်းမှ အခြေအနေသည်
လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေသည်။ ပို၍
သန်မာကြသူများသည် အားနည်းသူများကို
အနိုင်မကျင့်ကြပဲ အားနည်းကြသူများကလည်း
အခြားသူများကို မနာလိုနေခြင်း မရှိကြပေ။

အစကတည်းက ရောက်နေကြသူများသည်
နောက်မှလာသော သူများကို စောင့်ရှောက်ကြ၍
နောက်မှလာသော သူများကလည်း သူတို့အရှေ့မှ
သူများကို စံနမူနာယူ၍ ကြိုးစားကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ကျယ်ပြန့်လာပြီးနောက်တွင် အားနည်းသော တပည့်အချို့သည် ပြင်ပကမ္ဘာသို့ သွားရောက်၍ ကျင်လည်ကြသောအခါ သူတို့သည် ဂိုဏ်းအတွင်း၌ သာမန်သာ ဖြစ်ကြ၍ အချို့သည် သာမန်အောက်တွင်သာ ရှိနေကြသော်လည်း နတ်ဘုရားနယ်မြေ အတွင်းသို့ ရောက်သွားကာ အခြား အင်အားစုများမှ တပည့်များနှင့် နှိုင်းယှဉ်ခဲ့ကြသော အခါ သူတို့က များစွာပို၍ အထက်တန်း ကျနေသည်ကို တွေ့ခဲ့ရသည်။

သူတို့၏ ဂိုဏ်းသည် များစွာ အစွမ်းထက်မှန်းကို သိခဲ့ကြသော်လည်း သူတို့သည် ကိုယ်တိုင်ကိုယ်ကျ

ခံစား တွေ့ကြုံခဲ့ရသော အချိန်မှသာ ကောင်းစွာ နားလည်နိုင်ခဲ့ကြသည်။

ပြင်ပကမ္ဘာမှ လူများသည် သူတို့အား စတင်၍ ဖားလာကြသည်။ ကမ္ဘာကြီးမှ သူတို့အား စတင်၍ အားကျ ချီးကျူးကာ ဂိုဏ်းအတွင်းတွင် သာမန်အဆင့်သာ ရှိကြသော သူများသည် ပြင်ပကမ္ဘာတွင် အာရုံအစိုက် ခံခဲ့ရပြီး လူများစွာတို့က ဝိုင်းဝိုင်းလည်နေကြသည်။

သို့သော်လည်း ထိုဂုဏ်ကျက်သရေနှင့် ချီးမွမ်းမှုများသည် သူတို့၏ဂိုဏ်းသို့ ပြန်ရောက်ခဲ့သော အခါ အဝေးသို့ လွင့်ပြယ်သွားကြသည်။

နောက်တွင် ကျန်ရစ်ခဲ့သူ အချို့မှာ သူတို့ကိုယ် သူတို့ တိုးတက်နိုင်စေရန် ကြိုးစားပမ်းစား လေ့ကျင့်ခဲ့ကြသည်။ သို့သော်လည်း အချို့မှာ တွေဝေခဲ့ကြပြီး ပြင်ပကမ္ဘာမှ ဘဝကို အားကျကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ငြိမ်သက်စွာ မကျင့်ကြံကြတော့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာနှစ်ခု အကြားမှ အကျိုးအမြတ် များစွာတို့ကို ရရှိခဲ့ပြီး စတင် ကျယ်ပြန့်လာ၍ ပြင်ပကမ္ဘာတွင် သူတို့ ပိုင်ဆိုင်ခဲ့သော နေရာများကလည်း ပိုများလာခဲ့ကာ သူတို့အား တပည့်များက စောင့်ရှောက်ခဲ့ရသည်။

ထိုအရာများသည် သူတို့၏ ကိုယ်ပိုင် ပိုင်ဆိုင်မှုများ မဟုတ်ကြသော်လည်း တပည့်အချို့သည် သူတို့နှင့် သက်ဆိုင်သည်ဟု ယူဆနေခဲ့ကြသည်။

အချို့သူများသည် ဖီးနစ်၏ အမြီး ဖြစ်ရသည်ထက် ကြက်၏ခေါင်း ဖြစ်လိုနေကြသည်။ ဤအရာသည် မှားယွင်းခြင်း မရှိပဲ တစ်ယောက်၏ ဆန္ဒနှင့် ရွေးချယ်မှုများ အပေါ်တွင်သာ မူတည်နေသည်။

သို့သော်လည်း အကယ်၍ သူတို့သည် ထိုအကြံအောက်တွင် နစ်မြုပ်နေပြီး ဂိုဏ်း၏ ကာကွယ်မှုအောက်၌သာ နေနေခဲ့၍ သူတို့ကိုယ်ပိုင် တောက်ပလာအောင် မကြိုးစားခဲ့ကြလျှင် သူတို့၏ ကျင့်ကြံမှု လမ်းကြောင်းအတွက် အကျိုးမရှိနိုင်ပေ။

ဤအရာများသည် ဂိုဏ်းတစ်ဂိုဏ်းက အဆင့်တစ်ခု အထိ မြင့်တက်လာလျှင် ကြုံကို ကြုံတွေ့ရမည့် အရာများပင် ဖြစ်သည်။

ကမ္ဘာအတွင်းမှ ကိစ္စများသည် လူတစ်ယောက်၏ စိတ်ကို အဆက်မပြတ် မသိမသာ တိုက်စားနိုင်သည်။ အမြဲတမ်း ယုံကြည်မှု ရှိနေ၍ အတွေ့အကြုံများ ရှာဖွေကာ တိုးတက်လာအောင် ကြိုးစားနေခြင်း၊ တစ်ယောက်၏ ကျင့်ကြံမှု လမ်းကြောင်းအပေါ်တွင် မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းတို့သည် ပြော၍ လွယ်သော်လည်း လုပ်ရခက်ကာ မဆက်မပြတ် ကိုယ့်ကိုယ်ကိုယ် သုံးသပ်နေရန် လိုအပ်သည်။

လင်းဖုန်းနှင့် သူ၏ လက်ရင်းတပည့်များ ဖြစ်ကာသော ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် ကွဲပြား ခြားနားသော စရိုက်များ ရှိသော်လည်း သူတို့၏ ကျင့်ကြံမှု နှလုံးသားများက ခိုင်မာပေသည်။ အထက်မှနေ အောက်အထိ သူတို့၏ ထိန်းချုပ် လမ်းညွှန်မှုများကြောင့် လူငယ်မျိုးဆက် တပည့်များ၏ စိတ်အခြေအနေများသည် ကောင်းမွန်စွာ တည်ငြိမ်နေဆဲ ရှိကြသေးသည်။

ဒုတိယ မျိုးဆက် တပည့်များဖြစ်သော တန်ကျွင်း၊ ဟာန်ရန်၊ ယန်တီ၊ လီရှင်းဖေး၊ ကျောက်ဟွမ်နှင့် အခြား အစွမ်းထက်သော သူများမှစ၍ နာမည် တဖြည်းဖြည်း ရစပြုလာသော တတိယမျိုးဆက်

တပည့်များအထိ တူညီသော အကြံအစည်များ ရှိကြသည်။

သစ်ပင်မှ သစ်ကိုင်း သစ်ရွက်များစွာ ဖြာထွက်လျက် ရှိနေကြသော်လည်း အဓိက ပင်စည်သည် ဖြောင့်တန်း စုစည်းနေကာ အစီအစဉ် ကျနနေသည်။

သေမျိုးကမ္ဘာမှ အမှုကိစ္စများသည် ခေးများနှင့် တူသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ အတွက် အတွေ့အကြုံရစေရန် လေ့ကျင့်မှုနှင့် တူနေ၍ သူတို့ကိုယ် သူတို့ ပိုကောင်းလာစေရန် ကူညီနိုင်ပေသည်။

လင်းဖုန်း၏ ကိုယ်ပိုင် ဂုဏ်သိက္ခာနှင့် ဂိုဏ်း၏ လွှမ်းမိုးမှုများသည် မယုံနိုင်အောင် မြင့်တက်နေ၍ ထိုနှစ်မျိုးစလုံးသည် မမြင်နိုင်သော်လည်း ဂိုဏ်းအတွင်း၌ များစွာ အကျိုးသက်ရောက်မှု ရှိကာ ပြင်ပကမ္ဘာတွင် များစွာပို၍ အကျိုး သက်ရောက်စေသည်။

အထူးသဖြင့် မဟာကျိုး အင်ပါယာ တိုက်ပွဲ အပြီးတွင် ဖြစ်သည်။ အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အစစ်အမှန် စွမ်းအားများကို ပို၍နက်ရှိုင်းစွာ နားလည်သွားနိုင်ကြသည်။

လင်းဖုန်း ကိုယ်တိုင်ကသာ ကမ္ဘာ တစ်ခုလုံးကို အကြွင်းမဲ့ လွှမ်းမိုးထားနိုင်ခြင်း မဟုတ်ပေ။ သူ၏

တပည့်များကလည်း ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ပိုင်ဆိုင်ထား၏။

လင်းဖုန်း၏ လက်အောက်တွင် အစွမ်းထက်သော သူများဖြင့် ပြည့်နှက်လျက် ရှိကာ ယခုအချိန်တွင် သူ၏ဂိုဏ်းတွင် ဒဏ္ဍာရီလာ ပါရမီရှင်များဖြင့် ပြည့်နေသည်ဟု ပြော၍ရနိုင်သည်။

ယင်ပင်လယ်သည် ယခုအချိန်တွင် သူ၏ ထိန်းချုပ်မှုအောက်သို့ အပြည့်အဝ ရောက်သွားပြီ ဖြစ်ကာ ဤအရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားနှင့် အဆင့်အတန်းကို မခန့်မှန်းနိုင်တော့သည် အထိသို့ ရောက်သွားစေခဲ့သည်။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား ဖယ်ရှားပြီးသွားသော အခါ လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် ငြိမ်သက်သွား၍ သိုသိုသိပ်သိပ်သာ နေခဲ့တော့သည်။ သူတို့သည် မဟာကျိုး အင်ပါယာ၏ ပြည်တွင်းရေးကို ဝင်မစွက်သလို မဟာကျိုးနှင့် မဟာချင်တို့၏ အားပြိုင်မှုတို့ကိုလည်း ဝင်မပါခဲ့ပေ။

သူတို့သည် နတ်ဘုရားနယ်မြေ အတွင်းမှ အခြား အင်အားစုများ လုပ်ဆောင်နေသည့် အရာများနှင့် သူတို့က မည်သည့်ဘက်သို့ ဦးတည်နေသည်ကို ဝင်မစွက်ခဲ့ပေ။

မဟာကျိုး အင်ပါယာသည် သူတို့၏ အရင်းအမြစ် များစွာနှင့် ဝပ်တွားနေသော နဂါးကျောက်တိုင်တို့ကို

ပြန်ရနိုင်ခဲ့သဖြင့် မဟာချင် အင်ပါယာ၏
ဖိအားများကို သူတို့ဘာသာ ခုခံနိုင်ခဲ့သည်။

သူတို့သည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင်
လျှမ်ပန်းက တိတ်တဆိတ် လုပ်ကြံခဲ့သည့်
အရာများကို ပြန်လည် ပေးဆပ်ရဦးမည်
ဖြစ်သော်လည်း မဟာကျိုး ကေရာ၏ အသစ်
လျှမ်ကန်းနှင့် ယူယန်မင်းသား လျှမ်ကျင်းချန်နှင့်
ကျန်သောသူများသည် စေ့စပ်ညှိနှိုင်းမှုများကို
လက်ခံနိုင်သော အတိုင်းအတာ အတွင်းတွင်
ထိန်းချုပ်ထားနိုင်ခဲ့၍ မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်ကိုလည်း အလေသုံးဆယ်
ဘာမှ မလုပ်နိုင်အောင် ကာကွယ်ထားနိုင်ခဲ့သည်။

သို့သော်လည်း သတင်းတစ်ခုသည်
နတ်ဘုရားနယ်မြေ တစ်ခုလုံးကို ပျံ့နှံ့လာ၍
နတ်ဘုရားနယ်မြေ အတွင်းမှ စွမ်းအားစုများ
အားလုံးကို အာရုံစိုက်စေခဲ့သည်။

အထူးသဖြင့် မဟာကျိုး အင်ပါယာ၊ မဟာချင်
အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့ ဖြစ်ကြသည်။

ထိုသတင်းမှာ ရှေးဟောင်း သက်ရှည်ကမ္ဘာ
အတွင်းတွင် ကြာမြင့်စွာ နေထိုင်နေကြသော
ဂူကေရာဇ်၏ မျိုးဆက်များသည် အခွံဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် တရားဝင် ဆွေးနွေးမှုများ
အပြီးတွင် မဟာကမ္ဘာ အတွင်းသို့ ပြန်လာရန်
ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

ဟေးဒီးစ် မျိုးနွယ်စုများ၏ မဟာကမ္ဘာသို့ ပြန်လာခြင်းနှင့် ယှဉ်လိုက်လျှင် ဂူကေရာဇ် မျိုးဆက်များသည် ဤမျှအထိ ရုတ်ရုတ်သဲသဲ မဖြစ်စေခဲ့ပဲ သဘော သဘာဝလည်း မတူခဲ့ပေ။

သို့တိုင်အောင် နတ်ဘုရားနယ်မြေ၏ ကျင့်ကြံမှု ကမ္ဘာအတွင်းမှ အင်အားစု အသီးသီးတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ ဂိုဏ်းများက အကျိုးသက်ရောက်မှု သိပ်မရှိပဲ အခြေအနေကို စောင့်ကြည့်ရုံသာ ရှိနေကြသော်လည်း မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့ အနေဖြင့် ထိုသို့မဟုတ်ပေ။

သူတို့၏ လူမှု အဖွဲ့အစည်းသည် ကျင့်ကြံမှု ကမ္ဘာနှင့် လုံးဝ ပေါင်းစည်းနေကြကာ ဂူကေရာဇ် မျိုးဆက်များ မဟာကမ္ဘာ အတွင်းသို့ ဝင်လာခြင်းသည် သူတို့အတွက် လုံးဝ ခြားနားသော အရာတစ်ခု ဖြစ်သည်။

ဂူကေရာဇ်၏ မျိုးဆက်များသည် ရှေးဟောင်းခေတ်မှ လူသားကေရာဇ် တစ်ပါး၏ မျိုးဆက်များ ဖြစ်သည်။ သူတို့သည် ကျင့်ကြံမှု ကမ္ဘာအတွင်းမှ သေမျိုး လူအဖွဲ့အစည်းနှင့် ပေါင်းစည်းနေသည့် ဖြစ်တည်မှု တစ်ခုဖြစ်ကာ မဟာကမ္ဘာအတွင်းသို့ သူတို့ ပြန်လာခြင်းသည် နယ်မြေများကို လိုအပ်မည် ဖြစ်သည်။

မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာတို့သည် သတိအထားဆုံး ဖြစ်နေကြကာ အနီးကပ် စောင့်ကြည့်နေကြသည်။ အဓိက အကြောင်းရင်းမှာ သူတို့၏ နဂါးစွမ်းအင်များကြောင့်ပင် ဖြစ်သည်။

သက်ရှိများ အားလုံး၏ နဂါးစွမ်းအင်များသည် လူသားကောရာဇ်များ အုပ်စိုးမှုအတွက် အရေးအကြီးဆုံး အရာတစ်ခု ဖြစ်သည်။

သို့သော်လည်း မဟာကျိုး၊ မဟာချင်နှင့် မြောက်ပိုင်းမျိုးနွယ်စုတို့အား အနည်းငယ် ကသိကအောက် ဖြစ်စေသည့် ကိစ္စမှာ သူတို့သည် ဂူကောရာဇ်၏ မျိုးဆက်များက မဟာကမ္ဘာသို့

ပြန်လာခြင်းကို ဆုံးဖြတ်ချက် ချနိုင်သည့်သူများ မဟုတ်ကြခြင်း ဖြစ်သည်။

ရှေးဟောင်း မျိုးနွယ်စုများ မဟာကမ္ဘာသို့ ပြန်လာမည်ဟူသော ကောလဟာလနှင့် တွဲ၍ ပါလာသော အရေးကြီးသည့် သတင်းတစ်ပုဒ် ရှိသေးသည်။ ထိုအရာသည် တောင်များကို ချိပ်ပိတ်ထားနေသော ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့ကိုပင် ရှေးဟောင်း သက်ရှည်ကမ္ဘာသို့ လှမ်းကြည့်စေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ၏ နောက်ဆုံး အဆင့်များ အတွင်းတွင် သေမင်းကေရာဇ်သည် လင်းဖုန်း၏ ဓားချက်ကြောင့် ဒဏ်ရာ အပြင်းအထန်

ရရှိသွား၍ ကမ္ဘာအဆုံးသို့ ပြေးရှောင်
ပုန်းကွယ်ခဲ့ရသည်။ ထိုအချိန်က လျှမ်ပန်းနှင့်
ရှေးဟောင်း မျိုးနွယ်စုတို့၏ ခေါင်းဆောင်
ဂူကျွန်းတို့က အနောက်မှ အနီးကပ် လိုက်လံ
ဖမ်းဆီးခဲ့သည်။

သေမင်းကေရာဇ်သည် နောက်ဆုံးတွင်
လွတ်မြောက်သွားခဲ့သော်လည်း သူ၏
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ ဖြစ်သည့်
သေခြင်းနှင့် ရှင်ခြင်းစာအုပ်ကလည်း
အကြီးအကျယ် ထပ်မံ ပျက်စီးသွားခဲ့သည်။

လျှမ်ပန်းသည် စာရွက် အများအပြားကို ရနိုင်ခဲ့ပြီး
ဂူကျွန်းကလည်း လက်ဗလာဖြင့် မပြန်ခဲ့ရပေ။
ကြမ္မာပန်းတိုင် အဆင့်သို့ မရောက်နိုင်သည်မှာ

ကြာမြင့်ခဲ့ပြီ ဖြစ်သော ရေးဟောင်းတို့၏ အန္တိမ
ရတနာ ဖြစ်သော သက်ရှည်ကြာပန်း
ထိုင်ခုံကလည်း ထိုအကျိုးအမြတ်များကြောင့်
နောက်ဆုံးတွင် အောင်မြင်သွားနိုင်ခဲ့သည်။

ထိုနေ့တွင် ရေးဟောင်း သက်ရှည်ကမ္ဘာမှ
များပြားလှသော အလင်းတန်းများ ထွက်လာ၍
အဖြူရောင် ကြာပန်းများက တစ်ကမ္ဘာလုံးသို့
ပျံ့နှံ့သွားခဲ့သည်။ သူတို့သည် ကမ္ဘာအကြားမှ
လမ်းကြောင်းမှ တဆင့် မဟာကမ္ဘာသို့
ရောက်လာခဲ့ကာ ထိုပန်းများသည်
နတ်ဘုရားနယ်မြေ၏ တောင်ပိုင်း
တောရိုင်းဒေသသို့ ကျဆင်းလာသည့် အဖြူရောင်
အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားသည်။

လွင်တီးခေါင် ကျ၍ အစီအစဥ် မကျဖြစ်နေသော တောင်ပိုင်း တောရိုင်းဒေသသည် ချက်ချင်းဆိုသလိုပင် ပူပန်မှုများ ကင်းမဲ့နေသည့် သက်ရှည် ကောင်းကင်ဘုံအလား လင်းလက် တောက်ပသွားခဲ့သည်။

မဟာချင် အင်ပါယာသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် အကြီးအကျယ် ဆုံးရှုံးခဲ့၍ အင်မော်တယ် နဂါးမြို့တော်ကိုလည်း ဆုံးရှုံးခဲ့သည်။

မဟာကျိုး အင်ပါယာ၏ အခြေအနေကလည်း အလားတူပင် ဆိုးရွားနေသည်။ လျှမ်ပန်းသည် အသတ်ခံခဲ့ရ၍ ဇူဟုန်ဝူကလည်း အဖမ်းခံခဲ့ရကာ တော်ဝင်နန်းတော်နှင့်

မဟာကောင်းကင်ဘီးတို့ကလည်း
အသိမ်းယူခံခဲ့ရသည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်၏
စွမ်းအားများသည် လျင်မြန်စွာ မြင့်တက်လာ၍
နောက်ဆုံးတွင် မဟာကျိုးနှင့် မဟာချင်
အင်ပါယာတို့အား စိန်ခေါ်နိုင်စွမ်း ရှိလာပြီ
ဖြစ်သော်လည်း သူတို့၏ ဘဏ္ဍာရေးနှင့်
လွှမ်းမိုးမှုများမှာ လိုအပ်နေသေးသည်။

သက်ရှည်ကြာပန်း ထိုင်ခုံသည် ကြမ္မာပန်းတိုင်
အဆင့်သို့ မရောက်သေးခင်တွင်ပင် ဂူကျွန်းသည်
ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်တွင် ရှိနေပြီ
ဖြစ်ကာ မဟာကျိုး၊ မဟာချင်နှင့် မြောက်ပိုင်း
မျိုးနွယ်စုတို့သည် သူတို့၏ နေရာများတွင် ခုခံရုံသာ

ခုခံနိုင်မည် ဖြစ်သည်။အကယ်၍ သူတို့၏ နေရာများမှ ထွက်ခွာခဲ့လျှင် သူတို့က ပူးပေါင်းခဲ့လျှင်ပင် ရှေးဟောင်းတို့၏ ပြိုင်ဘက် မဟုတ်နိုင်ပေ။

ယခုအချိန်တွင် သက်ရှည်ကြာပန်း ထိုင်ခုံသည် ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်ရှိသွားပြီ ဖြစ်သဖြင့် မဟာကျိုး၊ မဟာချင်နှင့် မြောက်ပိုင်း မျိုးနွယ်စုတို့သည် ခံစစ်အဖြစ်သာ နေခဲ့လျှင်ပင် ဖိအားများက ပိုတိုးလာပြီ ဖြစ်သည်။

အကယ်၍ ဂူကျွန်းသည် တစ်နေ့တွင် ဗီပရာလိုပါ အဆင့်သို့ ရောက်သွားနိုင်ပြီး ကျန်သော အင်အားစု သုံးခုက တိုးတက်မှုများ မရှိခဲ့ပါက သူတို့အနေဖြင့်

သူတို့၏ မြို့အတွင်း၌သာ သူတို့ကိုယ် သူတို့ ကာကွယ်ရန်ပင် ခက်ခဲလာကြမည် ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့သည် သူတို့၏ တောင်အတွင်းတွင် ချိပ်ပိတ်ကာ နေခဲ့ကြသဖြင့် ဂူကေရာဇ် မျိုးဆက်များ၏ နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာခြင်းကို ဆုံးဖြတ်နိုင်သည့် တစ်ခုတည်းသောသူမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းပင် ဖြစ်သည်။

သို့သော်လည်း ရှီကျုံးထန်း၊ လျှမ်ကန်းနှင့် တော်ဝင်အိမ်တောင် သခင်တို့အား အကျပ်တွေ့စေသည့် အချက်မှာ ဂူကေရာဇ် မျိုးဆက်များနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏

ဆက်ဆံရေးသည် လုံးဝ ဆိုးရွားနေခြင်း မရှိခြင်း ဖြစ်သည်။

ဂူကေရာဇ် မျိုးဆက်များသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ မတိုင်ခင်တွင် ဆုံးဖြတ်ချက် မချရသေးသော်လည်း စစ်ပွဲအတွင်းတွင် သူတို့အနေဖြင့် လင်းဖုန်း၏ စီစဉ်မှုများကို လက်ခံကာ ရှီးလင်မြို့ကို စစ်ကူလာခဲ့ပြီး သေမင်းကေရာဇ်အား တိုက်ခိုက်ခြင်းသည် သူတို့၏ သဘောထားများကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

ယခုအချိန်တွင် ဂူကေရာဇ် မျိုးဆက်များက နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာမည်ဟု ဆုံးဖြတ်ခဲ့သော အခါ သူတို့အနေနှင့် ပထမဆုံး ဆွေးနွေးသောသူမှာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းပင် ဖြစ်သဖြင့် သူတို့၏
သဘောထားက ပို၍ သိသာနေပေသည်။

ထို့အပြင် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့၏
အကြားမှ ဆက်ဆံရေးကြောင့် ရှီကျုံးထန်းနှင့်
ကျန်သောသူများသည် ဘာမှ မတတ်နိုင်ပဲ
စောင့်သာ စောင့်ကြည့်နိုင်ခဲ့ကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
မဟာကျိုး၊ မဟာချင်နှင့် မြောက်ပိုင်း
မျိုးနွယ်စုတို့အား ဖိအားပေး ခြိမ်းခြောက်ခြင်းများ
မရှိခဲ့ပေ။ သူတို့သည် ကြားနေဝါဒ ကိုသာ
ကျင့်သုံးခဲ့၍ ဂူကေရာဇ် မျိုးဆက်များ၏
မဟာကမ္ဘာသို့ ပြန်လာခြင်းသည် ရပ်တန့်၍
ရနိုင်တော့မည် မဟုတ်ပေ။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏ ဤအခြေအနေမျိုးကို တုံ့ပြန်ပုံအရ ဂူကေရာဇ် မျိုးဆက်များသည် အမှားများကို မလုပ်ခဲ့လျှင် သူတို့သည် မည်သည့်အရာကိုမှ ဖိအားပေးမည် မဟုတ်သလို ဝင်စွက်မည်လည်း မဟုတ်ပေ။

ဤအရာသည် ပြိုင်ပွဲတစ်ခုသာ ဖြစ်၍ ပြိုင်ပွဲဝင်တိုင်းသည် သူတို့၏ ကိုယ်ပိုင် စွမ်းရည်များကိုသာ မှီခိုနိုင်မည် ဖြစ်သည်။ အားလုံးတို့တွင် ကိုယ်ပိုင် တွက်ချက်မှုနှင့် အစီအစဉ်များ ရှိကြ၍ အကောင်းဆုံးသူက အနိုင်ရနိုင်မည် ဖြစ်သည်။

သို့သော်လည်း ပိုမို တိကျသော သတင်း
အချက်အလက်များက လျင်မြန်စွာဖြင့်
ရောက်ရှိလာသော အခါ ရှီကျုံးထန်း၊ လျှန်ကန်းနှင့်
ကျန်သောသူများမှာ များစွာပို၍
အံ့အားသင့်သွားကြလေသည်။

ရှေးဟောင်း မျိုးနွယ်စုတို့၏ ကေရာဇ် အသစ်
ဂူကျွန်းက နတ်ဘုရားနယ်မြေ အတွင်းတွင်
သူတို့အတွက် ရွေးချယ်ခဲ့သည့် နေရာမှာ တောင်ပိုင်း
တောရိုင်းဒေသပင် ဖြစ်သည်။

တောင်ပိုင်း တောရိုင်းဒေသတွင် မဟာလွင်တီးခေါင်
ကုန်းမြေနှင့် ကမ္ဘာအကြားမှ နယ်နိမိတ်
လမ်းကြောင်းတစ်ခု ရှိနေပြီး မိစ္ဆာများက
ဤဒေသသို့ မကြာခဏ ဝင်ရောက် ကျူးကျော်လေ့

ရှိကြသည်။ ထိုနေရာသည် တစ်နှစ်ပတ်လုံး ပဋိပက္ခများဖြင့် ပြည့်နေပြီး ပတ်ဝန်းကျင်ကလည်း ဆိုးရွားလှသည်။

ထိုနေရာတွင် လူများ နေထိုင်လေ့ မရှိကြပဲ မဟာချင်နှင့် မဟာကျိုး အင်ပါယာတို့ နှစ်ခုစလုံးက ဤနယ်မြေကို လျစ်လျူရှုထားကြသည်။ ထိုနေရာတွင် ထူးခြားသော အရင်းအမြစ် အချို့သာ မရှိခဲ့လျှင် ဤနယ်မြေသည် လုံးဝကို တန်ဖိုးကင်းမဲ့နေပေမည်။

တောင်ပိုင်း တောရိုင်းဒေသတွင် ဤနှစ်များ အတွင်း၌ အကြီးမားဆုံး လွှမ်းမိုးနိုင်ကြသူများမှာ သံသရာဂိုဏ်းပင် ဖြစ်သည်။ သို့သော်လည်း သံသရာဂိုဏ်းသည် ယခုနှစ်များ၌ သူတို့ကိုယ် သူတို့

ထိန်းထိန်းသိမ်းသိမ်း နေခဲ့ကာ သူတို့၏ လက်ရှိ နယ်မြေများမှ အပ တောင်ပိုင်း တောရိုင်းဒေသ၏ အခြားနေရာများကို မကြီးစိုးထားခဲ့ပေ။

ဤမျှအထိ ကြီးမားသော နယ်မြေတစ်ခုသည် မည်သူ၏ ထိန်းချုပ်မှုအောက်ကိုမှ မရောက်နေခဲ့ပေ။

ရှေးဟောင်းတို့သည် ဤနေရာကို ရွေးချယ်ခဲ့သဖြင့် သူတို့သည် အရင်းအမြစ် အချို့ကို ရရှိနိုင်ရုံမှ အပ အခြား အရာများကို မရနိုင်ပေ။ ဤနေရာတွင် နေထိုင်သောသူများမှာ အနည်းငယ်သာ ရှိ၍ ပတ်ဝန်းကျင်ကလည်း ဆိုးဝါးလှပေသည်။

သို့သော်လည်း ရှေးဟောင်း မျိုးနွယ်စုတို့က
ဤနေရာတွင် အခြေကျသွား၍ သူတို့တွင်
လုံလောက်သော စွမ်းအားများ ရှိလာသော
အချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟင်းလင်းပြင် ဘုရားကျောင်းတို့က ဝင်မစွက်သ၍
သူတို့သည် နယ်မြေများကို ချဲ့ထွင်မည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် ဂူကျွန်းအနေဖြင့်
အုပ်ချုပ်သူ မရှိသော နယ်မြေတစ်ခုကို
ရွေးချယ်ခဲ့ခြင်းဖြင့် သူတို့၏ သဘောထားကို
ဖော်ပြခဲ့ခြင်း ဖြစ်သည်။

စာစဥ် ၆၈ : အပိုင်း ၂

## အပိုင်း ၁၃၁၂ : ငရဲမီး ကောရာဇ် ဆေးမီးဖို

ယုကျင်းတောင်သည် ခွန်းလွန်တောင်တန်း အတွင်းမှ ယွင်တောင်ထိပ် အပေါ်မှ လေဟာနယ် အတွင်းတွင် ငြိမ်သက်စွာ လွင့်မျောလျက် ရှိနေသည်။ လင်းဖုန်းသည် မဟာကောင်းကင် ခန်းမဆောင် အတွင်းရှိ အဓိက နေရာတွင် ထိုင်နေ၍ သူ၏ အကြည့်သည် သူ့အရှေ့မှ သက်လတ်ပိုင်း လူကြီးတစ်ယောက်၏ အပေါ်သို့ ကျရောက်နေသည်။ "ခင်ဗျားက ဆုံးဖြတ်ပြီးသွားပြီလား"

ထိုသူသည် ချောမော၍ သူ၏ အပြုအမူများသည် ကျက်သရေ ရှိလှသည်။ သူ့အရှယ်သို့ ရောက်သွားသော အခါ ဆွဲဆောင်မှုတစ်မျိုး

ရှိနေမည် ဖြစ်သော်လည်း သူ၏ အရှိန်အဝါသည် သာမန်လူ တစ်ယောက်ကဲ့သို့ အမတန်မှ သာမန်ဆန်နေခဲ့သည်။ သူသည် လင်းဖုန်း၏ လက်ရှိ အခြေအနေကဲ့သို့ ဖြစ်နေကာ သူ၏ တစ်ကိုယ်လုံးသည် ဟင်းလင်းပြင်နှင့် ပေါင်းစည်းထားသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း လင်းဖုန်းသည် သူ့အရှေ့မှ ထိုသက်လတ်ပိုင်း လူကြီးသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ အစွမ်းထက် ကျင့်ကြံသူ တစ်ယောက်ဖြစ်ကာ သူ၏ နည်းစနစ်များသည် ထူးချွန် ထက်မြက်လှသည်ဟု သိနေခဲ့သည်။

ထိုလူသည် ဂူကေရာဇ်၏ မျိုးဆက်တစ်ယောက် ဖြစ်၍ ရှေးဟောင်းမျိုးနွယ်စုတို့၏ လက်ရှိ

ကေရာဇ်ဖြစ်သော ဂူကျွန်းပင် ဖြစ်သည်။ သူ၏ ကိုယ်ပိုင် နည်းစနစ်နှင့် စွမ်းရည်များ အရ သူသည် နတ်ဘုရားနယ်မြေ၏ လူသားကျင့်ကြံမှု ကမ္ဘာအတွင်းတွင် ဗီပရာလိုပါ အဆင့်အောက်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူများမှအပ အစွမ်းအထက်ဆုံး သူတစ်ယောက် ဖြစ်သည်ဟု ပြော၍ရသည်။

သက်ရှည်ကြာပန်း ထိုင်ခုံသည် သူ၏ နောက်ဆုံး အတားအဆီးကို ကျော်လွှားနိုင်ခဲ့ကာ ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်ရှိနိုင်ခဲ့လေပြီ။ ဂူကျွန်းနှင့် သူ၏ မျိုးနွယ်စုများသည် မဟာကျိုး၊ မဟာချင်နှင့် မြောက်ပိုင်းမျိုးနွယ်စုတို့အား သူတို့ အချင်းချင်း မဟာမိတ် ဖွဲ့ခဲ့သည့်တိုင်အောင် အနိုင်ယူနိုင်အောင် သန်မာနေပြီ ဖြစ်သည်။

သို့သော်လည်း ဂူကေရာဇ်၏ မျိုးဆက်များ၊ မဟာချင် အင်ပါယာ၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် လျှမ်ကနန်း ဆက်ခံထားသော မဟာကျိုး အင်ပါယာတို့ အားလုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးသော မဟာမိတ်များ ဖြစ်ကြသည်။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် သူတို့ အကြားမှ အကြံအစည်နှင့် ပဋိပက္ခများကို ဝင်စွက်လိမ့်မည် မဟုတ်သော်လည်း သူတို့ အနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တည်ရှိနေမှုကို ထည့်သွင်း စဉ်းစားရလိမ့်မည် ဖြစ်သည်။

ဂူကျွန်းသည် ဤဆုံးဖြတ်ချက်ကို အချိန်ကြာမြင့်စွာ စဉ်းစားပြီးပြီနှင့် တူနေသည်။ ကမ္ဘာအတွင်းမှ လက်ရှိ ပထဝီဝင် နိုင်ငံရေး အခြေအနေ အရ လူသား ဧကရာဇ်များက ကမ္ဘာတစ်ခုလုံးကို အကြွင်းမဲ့ အုပ်စိုးခဲ့သည့် ခေတ်သည် ကုန်ဆုံးသွားသည်မှာ ကြာခဲ့လေပြီ။ သို့သော်လည်း ရှေးဟောင်း မျိုးနွယ်စုတို့သည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာရန်လည်း အချိန်တန်ခဲ့ပြီ ဖြစ်သည်။

နတ်ဘုရားနယ်မြေနှင့် မဟာကမ္ဘာ အတွင်းသို့ ပြန်လာခြင်း၊ သက်ရှိများစွာနှင့် နိုင်ငံသား များစွာတို့အား အုပ်ချုပ်၍ နဂါးစွမ်းအင်များကို စုဆောင်းခြင်းတို့သည် ရှေးဟောင်း မျိုးနွယ်စုများ

အတွက် အလွန်အမင်း အဓိပ္ပာယ်ရှိသော လုပ်ရပ်များ ဖြစ်သည်။

မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာ၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် သူတို့အတွက် သက်ရှိအားလုံးတို့၏ စွမ်းအင်များနှင့် နဂါး မူလစွမ်းအင်များတို့သည် တိုင်းပြည်၏ အကျိုးစီးပွား အတွက်သာ အရေးကြီးသည် မဟုတ်ပေ။ သူတို့သည် စွမ်းအား အစစ်အမှန်နှင့် လွှမ်းမိုးနိုင်မှုများကို ကိုယ်စားပြုနေသည်။

နဂါး စွမ်းအင်များကို စုဆောင်း သုံးစွဲနိုင်ခြင်းသည် သူတို့၏ ကျင့်ကြံမှုများ အပေါ်၌လည်း အတိုင်းအတာ တစ်ခုအထိ အကျိုးသက်ရောက်မှု ရှိနေသည်။

အတိတ်ကာလ နေ့များတွင် ရှီယုနှင့် လှျမ်ပန်းတို့သည် ကျင့်ကြံမှု ကမ္ဘာ အတွင်းတွင် အစားထိုးမရနိုင်သည့် ပါရမီရှင်များ ဖြစ်ကြသည်။ သို့သော်လည်း သူတို့၏ ကျင့်ကြံမှု အမြန်နှုန်းများသည် အခြားသူများထက် များစွာ ပိုမြန်နေခြင်းသည် သူတို့၏ တော်ဝင် အဆင့်အတန်းနှင့် နဂါးစွမ်းအင်များကို စုဆောင်းနိုင်ခြင်းတို့၏ အစွမ်းသတ္တိများလည်း ပါနေသည်။

လှျမ်ကန်းသည် မဟာကျိုး အင်ပါယာ၏ ကေရာဇ် အသစ်ဖြစ်သည်။ ထို့ကြောင့်ပင် သူသည် သူ၏ အတားအဆီးများကို လျင်မြန်စွာ ချိုးဖောက်နိုင်ခဲ့ပြီး အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ

နောက်ဆုံးအဆင့်သို့ လျင်မြန်စွာ ရောက်နိုင်ခဲ့၍ သူ၏ အခြေတည် ဝိညာဉ်သည် လျင်မြန်စွာဖြင့် တိုးတက်လာကာ အင်မော်တယ် ဝိညာဉ် အဆင့်သို့ ဖြည်းဖြည်းခြင်း နီးကပ်လာနိုင်ခဲ့သည်။

မဟာချင် အင်ပါယာ၏ ဧကရာဇ် အသစ်ဖြစ်သော ရှီကျုံးထန်းသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်တွင် ရောက်နေသည်မှာ ကြာလှပြီ ဖြစ်သည်။ သူ၏ ကျင့်ကြံမှု အဆင့်သည် အစကတည်းက မြင့်မားပြီးသား ဖြစ်နေကာ ဘာမှ မပြောင်းလဲသကဲ့သို့ ဖြစ်နေခဲ့သော်လည်း အမှန်တွင်မူ တိုးတက်မှုများ ရှိနေခဲ့သည်။

ရှီချုံးယွမ် အနေဖြင့် အကယ်၍ သူသည် ထီးနန်းကို ဆက်ခံနိုင်ခဲ့ပါက အချိန်တိုလေး အတွင်းတွင်

အကျိုးအမြတ် မြောက်မြားစွာကို ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။ အကယ်၍ အခြေအနေက အရေးပေါ် အခြေအနေသို့ မရောက်နေခဲ့ပါက သူသည် ယခုအချိန်တွင် အင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ရန် များစွာ လွယ်ကူနေပြီ ဖြစ်ပေလိမ့်မည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည် သူတို့ကဲ့သို့ နဂါးစွမ်းအင်များကို စုဆောင်းရာတွင် မကျွမ်းကျင်သဖြင့် သူတို့ ရရှိခဲ့သော အကျိုးအမြတ်များမှာ အကန့်အသတ် ရှိသည်။ သို့သော်လည်း ဤအရာသည် နဂါးစွမ်းအင်များက သူတို့အတွက် အကျိုးမရှိဟု ဆိုလိုနေခြင်း မဟုတ်ပေ။

ကျင့်ကြံမှု လမ်းစဉ်သည် လိမ်ညာ၍ ရသော အရာတစ်ခု မဟုတ်ပဲ သာမန် အခြေအနေမျိုးတွင် ဤကဲ့သို့ ပြုလုပ်ပါက ခိုင်မာသော အခြေခံကို ရနိုင်လိမ့်မည် မဟုတ်ပေ။

အကယ်၍ ကေရာဇ်သည် ထီးနန်းကို စွန့်လွှတ်ခဲ့ရပါက သူတို့ ရရှိထားသော သက်ရှိအားလုံး၏ နဂါးစွမ်းအင်များသည် အနာဂတ်တွင် ဆိုးရွားသော အရာတစ်ခု ဖြစ်လာပေမည်။ သူတို့၏ နောက်ပိုင်း တိုးတက်နိုင်မှုများသည် အမြတန်မှ ခက်ခဲကာ သူတို့၏ အနာဂတ်များက ပျောက်ကွယ်သွားနိုင်သည်။

အတိတ်ကာလက ထီးနန်းကို စွန့်လွှတ်ခဲ့ရသော သူများအနေဖြင့် ကျင့်ကြံမှု အဆင့်များ ကျဆင်းသွားသော ဥပမာများ ရှိခဲ့ဖူးသည်။

လျှမ်ပန်းသည် ထျန်းကျင်းမြို့မှ ယင်ပင်လယ် အတွင်းသို့ ထွက်ပြေးသွားသော အခါ မြို့သူမြို့သား များစွာတို့ကို ခေါ်ဆောင်သွားခဲ့သည်။ သူသည် အနာဂတ်တွင် ပြန်လာနိုင်ခဲ့လျှင် အခြေခံကို တည်ဆောက်လိုနေသည့် အပြင် နောက်ထပ် အရေးကြီးသော အကြောင်းရင်း တစ်ချက်မှာ အထက်တွင် ဖော်ပြထားခဲ့သော အချက်ပင် ဖြစ်သည်။

ထို့အပြင် သူ့တွင် တော်ဝင်နန်းတော် ရှိနေသဖြင့် ထျန်းကျင်းနှင့် သူ၏ ပထဝီဝင် အားသာချက်များ

မရှိလျှင်ပင် သူ့အနေဖြင့် သက်ရှိအားလုံး
နဂါးစွမ်းအင်များကို ထုတ်ဖော်နိုင်ပြီး
အရာအားလုံးကို စီစဉ်ရန် အချိန်နှင့်
အရင်းအမြစ်များကို ရှာဖွေရန် မလိုချေ။

တောင်ပိုင်း တောရိုင်းဒေသသည် လူဦးရေ
ခေါင်းပါးကာ သူ၏ နယ်မြေသည် တောင်ပိုင်းသို့
ကျယ်ပြန့်သွားခြင်း ဖြစ်သည်။ ဤဒေသသည်
ကျယ်ပြန့်သည်ဟု ဆိုနိုင်သော်လည်း သူသည်
မဟာလွင်တီးခေါင် ကုန်းမြေနှင့် လွန်စွာနီးကပ်ပြီး
ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းများကလည်း
မကြာခဏ ပေါ်လာလေ့ရှိကာ ပတ်ဝန်းကျင်
အခြေအနေသည် လွန်စွာ ဆိုးရွားလှသည်။

နေရာ အများစုမှာ မြေရိုင်းများဖြစ်၍ လုံးဝ နေထိုင်၍ မရနိုင်ပေ။ ဤကဲ့သို့သော နေရာမျိုးတွင် ဂူကျွန်းအနေဖြင့် နဂါးစွမ်းအင်များကို စုဆောင်းမည် ဆိုပါက များစွာ အကန့်အသတ် ရှိပေမည်။

ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းတွင် နေထိုင်ကြသူ အများစုသည် ရှေးဟောင်း မျိုးနွယ်စုများနှင့် အတူ မဟာကမ္ဘာသို့ လိုက်လာကြမည် ဖြစ်သော်လည်း တောင်ပိုင်း တောရိုင်းဒေသအား မြေဩဇာ ကြွယ်ဝ၍ နေထိုင်ရန် သင့်တော်သော ဒေသအဖြစ်သို့ ပြောင်းလဲရန်မှာ နေ့ချင်းညချင်း ဖြစ်နိုင်သော အရာတစ်ခု မဟုတ်ပေ။

သို့သော်လည်း ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် လူသား ကျင့်ကြံမှု ကမ္ဘာမှ အပြတ်အသတ် အနိုင်ရခဲ့သဖြင့် တောင်ပိုင်း တောရိုင်းဒေသ၏ အခြေအနေသည် အနည်းငယ် ပြောင်းလဲသွားခဲ့သည်။

စစ်ပွဲ မတိုင်ခင်တွင် ထိုနေရာမှ နယ်နိမိတ် လမ်းကြောင်းတွင် လူသားများနှင့် မိစ္ဆာများက သူမသာ ကိုယ်မသာ အခြေအနေတွင် ရှိနေခဲ့သည်။ သို့သော်လည်း စစ်ပွဲအပြီးတွင် မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရားနယ်မြေတို့ အတွင်းမှ အရေးပါသော ဒေသအများစုကို လူသားများက ထိန်းချုပ်နိုင်ခဲ့ကာ မိစ္ဆာများက နောက်သို့ ဆုတ်ခွာသွားခဲ့ရသည်။

နတ်ဘုရားနယ်မြေ အတွင်းမှ တောင်ပိုင်း
တောရိုင်းဒေသသည် လုံးဝ အေးချမ်း
ငြိမ်သက်သော နေရာတစ်ခု
မဖြစ်သွားသေးသော်လည်း မိစ္ဆာများ၏
ခြိမ်းခြောက်မှုသည် အနိမ့်ဆုံး အဆင့်သို့
ကျဆင်းသွားခဲ့သည်။

ထိုနေရာမှ ပတ်ဝန်းကျင် အနေအထားသည်
ဆိုးရွားနေသေးသော်လည်း ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးတွင် တိုးတက်လာခဲ့ပေသည်။

မြောက်ပိုင်း မျိုးနွယ်စုတို့သည် အမတန်မှ
ကွာဝေးသဖြင့် သူတို့အနေဖြင့် တစ်စုံတစ်ခု
လုပ်ချင်လျှင်ပင် ဘာမှ တတ်နိုင်ကြမည်
မဟုတ်ချေ။ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့ ရှုံးနိမ့်သွားပြီး

နောက်တွင် မဟာချင် အင်ပါယာသည် တောင်ပိုင်း တောရိုင်းဒေသအား ပို၍ လေးနက်စွာဖြင့် စောင့်ကြည့်နေခဲ့သည်။

မဟာကျိုး အင်ပါယာသည် ကြီးမားစွာ ဆုံးရှုံးခဲ့သော်လည်း သူတို့ကလည်း တောင်ပိုင်း တောရိုင်းဒေသ အပေါ်တွင် ကွဲပြားခြားနားသော သဘောထား တစ်ခု ပေါ်လာခဲ့သည်။

သံသရာဂိုဏ်းသည်လည်း ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာခဲ့ပြီ ဖြစ်သည်။ သူတို့၏ စွမ်းအားများသည် ယခင်ကကဲ့သို့ ပြန်လည် အားမကောင်းသေးသော်လည်း သူတို့သည် တောင်ပိုင်း တောရိုင်းဒေသတွင် နေထိုင်ခဲ့သည်မှာ ကြာလှပြီဖြစ်၍ ပထဝီဝင် အားသာချက် ရှိနေသည်။

သူတို့ကလည်း ပြန်လည် ချဲ့ထွင်ရန်
ရည်ရွယ်ချက်များ ရှိနေကြသည်။

သို့သော်လည်း သူတို့ အားလုံးသည်
ရှေးဟောင်းများက ဤနယ်မြေ အတွင်းသို့
ဆင်းသက်လာခြင်းကို ဘာမှ မလုပ်နိုင်ခဲ့ကြပေ။

တောင်ပိုင်း တောရိုင်းဒေသသည် အစကတည်းက
သူတို့၏ ထိန်းချုပ်မှုအောက်တွင် မရှိနေပဲ
လူနေထိုင်ကြသော နေရာများကလည်း
သူတို့ဘာသာ အုပ်ချုပ်သော ဒေသများ
ဖြစ်ကြသည်။ သူတို့သည် မဟာချင်၊ မဟာကျိုး၊
သံသရာဂိုဏ်း အစရှိသော စွမ်းအားစုများနှင့်
ဝေးကွာကြပြီး ကိုယ်ပိုင် အုပ်ချုပ်သူများ
ဖြစ်ကြသည်။

ဂူကေရာဇ်၏ မျိုးဆက်များသည် အသစ်ရောက်လာသူများ ဖြစ်ကြသော်လည်း သူတို့၏ စွမ်းအားများသည် မဟာချင်၊ မဟာကျိုးနှင့် သံသရာဂိုဏ်းတို့ထက် များစွာပို၍ အထက်တန်းကျသည်။

ရှေးဟောင်းခေတ်မှ လူသားကေရာဇ်များ၏ ဓာတ်လမ်းများသည် မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းခြင်းကို ခံခဲ့ရကာ သူတို့၏ နည်းလမ်းနှင့် စွမ်းအားများအရ ပြန့်ကြဲနေသော မြို့များကို စုစည်းရန်မှာ သိပ်မခက်ခဲလှချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့ကလည်း

ဝင်ရောက် စွက်ဖက်ကြမည် မဟုတ်သဖြင့်
ရှီကျုံးထန်း၊ လျှမ်ကန်းနှင့် ကျန်သောသူများသည်
လက်ပိုက်ကြည့်နေရုံသာ တတ်နိုင်ခဲ့သည်။

ဘာပဲပြောပြော ဤအရာသည် ရှေးဟောင်း
မျိုးနွယ်စုများက သူတို့၏ နယ်မြေများကို
အစကတည်းက ဝင်ရောက် ကျူးကျော်ခြင်းထက်
စာလျှင် များစွာပို၍ တော်သေးသည်။

ဤအရာသည် ရှေးဟောင်း မျိုးနွယ်စုတို့က
နောက်ပိုင်းတွင် နယ်မြေ ချဲ့ထွင်လာမည် မဟုတ်ဟု
ဆိုလိုနေခြင်း မဟုတ်ပေ။ သူတို့အနေဖြင့်
ကောင်းစွာ အခြေမကျသေးပဲ မတည်မငြိမ်
ဖြစ်နေသေးသည့် အချိန်သည် ကျန်သော

အင်အားစုများ စုပေါင်း၍ ရှေးဟောင်းတို့ကို ခုခံရန်
အကောင်းဆုံး အချိန်ဖြစ်သည်။

သို့သော်လည်း ရှီကျုံးထန်း၊ လျှမ်ကန်းနှင့်
ကျန်သောသူများသည် တစ်ယောက်ကို
တစ်ယောက် လွှမ်းမိုးနိုင်ခြင်း မရှိပဲ
လုံလောက်အောင် သန်မာခြင်းလည်း မရှိကြပေ။

သို့သော်လည်း လင်းဖုန်း သိထားသလောက်
ရှီကျုံးထန်းနှင့် မဟာချင် အင်ပါယာတို့ အနေဖြင့်
ပျောက်ဆုံးနေသော အင်မော်တယ်
နဂါးမြို့တော်အား အားစိုက်ရှာဖွေနေ၍
တိုးတက်မှုများ ရှိနေခဲ့သည်။

ဂူကျွန်းသည် လင်းဖုန်း အရှေ့တွင် ထိုင်နေရင်း ပြုံး၍ ပြောလိုက်သည်။ "ကျုပ်တို့က မြို့သစ် တည်ပြီးသွားရင် ဖွင့်ပွဲ အခမ်းအနားကို ကျင်းပမှာ ဖြစ်တယ်... ကျုပ်က ကမ္ဘာအနှံ့က လူအားလုံးကို တက်ရောက်ဖို့ ဖိတ်ကြားပါမယ်... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကလည်း လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက ပြုံး၍ ပြန်ပြောလိုက်သည်။ "ကျုပ်က ကြိုမပြောနိုင်တဲ့ အခြေအနေ တစ်ခုခု မပေါ်လာခဲ့ရင် လာခဲ့ပါမယ်... ခင်ဗျားတို့ မျိုးနွယ်စုတို့က အလယ်ကမ္ဘာ တစ်ခုမှာ သီးခြားနေခဲ့တာ အကြာကြီး ရှိပြီဖြစ်ပြီး အခုအချိန်မှာ မဟာကမ္ဘာ အတွင်းကို ပြန်လာနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်"

ဂူကျွန်းက ထရပ်လိုက်၍ ပြောလိုက်သည်။
"ဒါဆိုရင်လည်း ကျုပ်က သွားလိုက်ပါဦးမယ်...
အချိန်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ သဘောထားကို
သိရအပြီးတွင် ရှေးဟောင်းတို့ အနေဖြင့် သူတို့၏
နောက်ပိုင်း အစီအစဥ်များကို အကောင်အထည်
ဖော်ရာတွင် များစွာပို၍ လွတ်လပ်သွားပြီ ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
စူတောင်ဓားဂိုဏ်းတို့သည် သူတို့၏ တောင်များကို
ချိပ်ပိတ်ထားကြကာ ရှေးဟောင်းတို့၏
နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာမှုသည်
ကြီးမားသည့် ကိစ္စတစ်ခု ဖြစ်သော်လည်း

သူတို့အနေဖြင့် ဝင်ရောက် စွက်ဖက်မည် မဟုတ်ချေ။

ဂူကျွန်းနှင့် သူ့အဖွဲ့တို့ ပြန်သွားသော အခါ လင်းဖုန်းသည် မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် ဆက်ထိုင်နေခဲ့သည်။ သူသည် တစ်စုံတစ်ခုကို စဥ်းစားမိ၍ သူ၏ မှော်စွမ်းအင်ကို အသုံးပြု၍ ပုံရိပ်တစ်ခုကို ဖန်ဆင်းလိုက်ကာ ကောင်းကင်ရွှေရောင် ခန်းမဆောင် အတွင်းမှ ဆေးဖော်စပ်ခန်း အတွင်းသို့ ဝင်သွားခဲ့သည်။

သူ၏ တပည့်ကြီး ဖြစ်သော ရှောင်ယန်သည် ကောင်းကင်ရွှေရောင် ခန်းမဆောင် အတွင်းတွင် အလုပ်လုပ်နေသော်လည်း စိတ်ပျံ့လွင့်နေသည့်ပုံ ပေါက်နေသည်။ ထို့ကြောင့်ပင် သူသည် ဂူကျွန်း

လာရောက်ခဲ့သည့် အချိန်တွင် ညှော်မခံနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်သည် ယခုအချိန်၌ ဆေးလုံးတစ်လုံးကို ဖော်စပ်နေခြင်း မဟုတ်ပဲ မှော်ရတနာ တစ်ခုကို ထုလုပ်နေခြင်း ဖြစ်သည်။

ထိုမှော်ရတနာသည် ဤအချိန်တွင် ပုံစံပေါ်လာနေပြီ ဖြစ်၍ သူသည် အနက်ရောင် ဆေးမီးဖို တစ်ခုဖြစ်၍ သုံးပေမြင့်ကာ လေထုအလယ်တွင် လွင့်မျောနေပေသည်။

ဤဆေးမီးဖို၏ ပတ်ပတ်လည်တွင် အနီနှင့် အပြာ အလင်းတန်းများဖြင့် လင်းလက်နေသော ရွှေရောင်

မီးတောက်များ တစ်တန်းပြီး တစ်တန်း ကျဆင်းလာသည်။ ရှောင်ယန်၏ မှော်စွမ်းအင်များသည် ထိုမီးတောက်များကို အသုံးပြု၍ ဆေးမီးဖိုကို ဆက်လက် သန့်စင်နေခဲ့သည်။

ဤထူးခြားသော မီးတောက်များသည် ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနစ်မျိုး အနက်မှ နန်းမင် အကြွင်းမဲ့ မီးတောက် ဖြစ်သည်။ သူသည် အလွန်အမင်း အစွမ်းထက်၍ ဆေးလုံးများနှင့် မှော်ရတနာများကို သန့်စင်ရာတွင် အမတန်မှ သင့်တော်သည်။

ဤမီးတောက်၏ အကူအညီဖြင့် ရှောင်ယန်သည် လင်းဖုန်း၏ တပည့်များ အတွင်းတွင် ဆေးလုံးများ

ဖော်စပ်ရာတွင် အကောင်းဆုံး ဖြစ်သည်သာ မကပဲ မှော်ရတနာများ ထုလုပ်ရာတွင်လည်း ဇူရီ၊ ဝမ်လင်းနှင့် အခြားသူများထက် ပိုကောင်းသည်။

တစ်ခုတည်းသော ခြားနားချက်မှာ ဤအရာ၏ ခြားနားချက်သည် ဆေးလုံးများကို ဖော်စပ်ခြင်း၏ ကွဲပြားမှုများလောက် မကြီးမားခြင်း ဖြစ်သည်။ ရှောင်ယန် အနေဖြင့်လည်း ဆေးလုံးများကို ဖော်စပ်ရန် ပို၍ နှစ်သက်ပေသည်။

သူကြိုးစား ထုလုပ်နေသော ဤဆေးမီးဖိုကလည်း ဆေးလုံးများကို ဖော်စပ်ရန် ရည်ရွယ်နေခြင်း ဖြစ်သည်။

အရည်အသွေးမြင့် ဆေးမီးဖိုသည်
ဆေးလုံးဖော်စပ်ခြင်း ဖြစ်စဉ်ကို များစွာပို၍ လွယ်ကူ
မြန်ဆန်စေသည်။ ရှောင်ယန်သည်
မှော်ရတနာများကို ထုလုပ်ရာတွင်လည်း
ကျွမ်းကျင်၍ သူထုလုပ်ထားသော
ဆေးမီးဖိုကလည်း
ထူးချွန်ပြောင်မြောက်ပေလိမ့်မည်။

ထို့အပြင် ဤဖြစ်စဉ် အတွင်းတွင်
သူအသုံးပြုထားသော အရင်းအမြစ်များကလည်း
အကောင်းဆုံးနှင့် အရှားပါးဆုံး ပစ္စည်းများ
ဖြစ်ကြသည်။

လိုအပ်သော အရာများ အားလုံး ပြည့်စုံနေသည့်
အတွက် အကယ်၍ သူထုလုပ်ထားသော အရာသည်

မကောင်းမွန်ခဲ့ပါက သဘာဝကို
ဆန့်ကျင်နေသကဲ့သို့ ဖြစ်ပေလိမ့်မည်။

ရှောင်ယန်သည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးတွင် ဤမှော်ရတနာ ထုလုပ်ခြင်း
ဖြစ်စဉ်အတွင်း၌ သူ၏ စိတ်ရောကိုယ်ပါ
မြှုပ်နှံထားခဲ့သည်။ သူ၏ လက်ရှိ စွမ်းရည်နှင့်
အဆင့်အတန်း အရ ဤအရာသည် ခက်ခဲသော
အရာတစ်ခု မဟုတ်ပေ။

သို့သော်လည်း ရှောင်ယန်အနေဖြင့် အမတန်မှ
ကြိုးစားကာ ပြီးပြည့်စုံမှုကို လိုလားသောသူ
တစ်ယောက် ဖြစ်သည်။ သူသည် သူ၏
နည်းလမ်းများကို အဆက်မပြတ် ပြုပြင်၍ ပိုမို

ကောင်းမွန်စေရန် ကြိုးစားနေခဲ့သဖြင့် မပြီးစီးနိုင် ဖြစ်နေခဲ့သည်။

တန်ကျွင်းနှင့် လေမိသားစု စွန့်စားခန်း အပြီးတွင် ရှောင်ယန်သည် ကောင်းကင်ရွှေရောင် ခန်းမဆောင်သို့ ပြန်လာခဲ့ကာ ဤမှော်ရတနာကို စတင် ထုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကောင်းကင်ရွှေရောင် ခန်းမဆောင်၏ အထူး အစွမ်းသတ္တိများသည် ဤဆေးမီးဖိုအား ထုလုပ်ခြင်း ဖြစ်စဉ်အပေါ်၌လည်း ကြီးမားစွာ အကျိုးသက်ရောက်မှုများ ရှိသည်။

ယန်ဂူဝေ၊ လျှိုရှုဖုန်း၊ ဒုတိယ မျိုးဆက် တပည့်များနှင့် တွမ့်မုဟုန် ကဲ့သို့ ထူးချွန်သော တတိယ မျိုးဆက် တပည့်များကပင် သူ့အား ဘေးမှနေ၍ ကူညီနေကြသည်။

လင်းဖုန်းသည် ရောက်ရှိလာသည်နှင့် ဘာမှ မပြောခဲ့ပဲ ရှောင်ယန်၏ မှော်ရတနာ ထုလုပ်နေမှုကို ဘေးမှသာ ကြည့်နေခဲ့သည်။ အခြေအနေသည် အကြောင်းရင်း တစ်ခုခုကြောင့် ရုတ်ခြည်း ဆိုးရွားသွားခြင်း သို့မဟုတ် မှော်ရတနာသည် ပျက်စီးသွားနိုင်သော အချိန်မဟုတ်လျှင် လင်းဖုန်း အနေဖြင့် ရှောင်ယန် ထုလုပ်နေသော မှော်ရတနာကို ဝင်စွက်မည် မဟုတ်ပေ။

ရှောင်ယန်သည် အနက်ရောင် ဆေးမီးဖို၏ အပေါ်သို့ မီးတောက်များကို ဆက်လက် ထုတ်လွှတ်နေသော်လည်း နန်းမင် အကြွင်းမဲ့ မီးတောက်သာ မကတော့ပေ။

ပြင်းထန်လှသည့် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်အပြင် အရာအားလုံးကို ဝါးမျိုတတ်သော ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့် အနီရောင် ကြာပန်းမီးတောက်၊ သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်တို့ အားလုံးကို ဆေးမီးဖို မျက်နှာပြင် အပေါ်သို့ ဆက်တိုက် ထုတ်လွှတ်နေခဲ့သည်။

အနက်ရောင် ဆေးမီးဖို မျက်နှာပြင်အား
ဝန်းရံနေသည့် ရောင်စုံ အလင်းတန်းများသည် ပို၍
တောက်ပလာကာ သူ့ကိုယ်ထည် အပေါ်မှ
အရောင်အမျိုးမျိုးတို့သည် အဆက်မပြတ်
လည်ပတ်နေကြသည်။

နေမင်းနှင့် တူနေသော ရောမ ရွှေကျီးများ၏
ပုံရိပ်များ၊ ဉာဏ်ပညာ ငါးမျိုးတို့ကို
ပိုင်ဆိုင်ထားသော ဖီးနစ်များနှင့် တောင်များ၊
ချိုင့်ဝှမ်းများတို့၏ ရှုခင်းမျိုးစုံတို့သည်
တောက်ပစွာဖြင့် လင်းလက်လာကြသည်။

အနီနှင့် အပြာရောင် အလင်းတန်းများနှင့်
လင်းလက်နေကြသော ရွှေရောင်
အလင်းတန်းများသည် ရပ်သပ်ရှုမောဖွယ်

ထိုမြင်ကွင်းတို့၏ နောက်ခံအဖြစ်
ဖန်ဆင်းထားသည့် ရောမ တိမ်တိုက်များနှင့်
တူနေကြကာ အရာအားလုံးတို့သည်
ထိုအနက်ရောင် ဆေးမီးဖို အတွင်းသို့
ဖြည်းဖြည်းချင်း စုပ်ယူခြင်းကို ခံခဲ့ရသည်။

နောက်ဆုံးအဆင့်တွင် ရှောင်ယန်၏
မျက်လုံးများသည် ရုတ်တရက် တောက်ပလာ၍
လေထုအတွင်းသို့ ရုတ်တရက် ညွှန်ပြလိုက်ရာ
ခက်ထန်ကြမ်းတမ်းသော ခရမ်းပြာရောင်
မီးတောက်တစ်ခုသည် ဆေးမီးဖို အပေါ်သို့
ကျရောက်သွားလေသည်။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၏
နောက်ဆုံး အားဖြည့်မှုဖြင့် အနက်ရောင်

ဆေးမီးဖိုသည် တုန်ခါသွားပြီး နောက်ဆုံးတွင် လေထုအတွင်း၌ မလှုပ်ရှားတော့ပဲ ရပ်တန့်သွားခဲ့သည်။

ဘဝအသစ် တစ်ခုသည် ကမ္ဘာအပေါ်သို့ ကျရောက်လာသကဲ့သို့ ဆေးမီးဖို အတွင်းမှ အသိစိတ် တစ်စ ထွက်လာခဲ့သည်။ ဤအချိန်တွင် ထိုအသိစိတ်သည် လုံးဝ သီးသန့်ဖြစ်နေကာ သူ၏ကိုယ်ပိုင် စိတ်ဆန္ဒကို မွေးဖွားနိုင်ခဲ့သည်။

ရှောင်ယန်သည် ရုတ်တရက် ထရပ်လိုက်၍ အားရပါးရ ရယ်မောလိုက်သည်။ "ငါ့နာမည်က ငရဲမီး ကေရာဇ် ဖြစ်တဲ့အတွက် မင်းကို ငရဲမီး ကေရာဇ် ဆေးမီးဖိုလို့ ခေါ်ရမယ်... မင်းက ငါနဲ့အတူ ကောင်းကင်နဲ့ မြေကြီးအကြားက

စွန့်စားခန်းတွေ အနောက်ကို လိုက်ပါပြီး
အရာအားလုံးကို သန့်စင် ချက်ပြုတ်ရမယ်"

ထိုအနက်ရောင် ဆေးမီးဖိုသည် ရုတ်တရက်
တုန်ခါသွားကာ အနက်ရောင် အလင်းတန်း
တစ်ခုအဖြစ်သို့ ပြောင်းသွား၍ ရှောင်ယန်၏
ခေါင်းအတွင်းသို့ ဝင်သွားလေသည်။

ရှောင်ယန်သည် လင်းဖုန်းဘက်သို့ လှည့်၍ ပြုံးကာ
ပြောလိုက်သည်။ "ဆရာ... ကျွန်တော်က
ဒီဆေးမီးဖိုကို ထုလုပ်နေတဲ့ ဖြစ်စဉ်အတွင်းမှာ
ဆေးဖော်စပ်မှုနဲ့ ပတ်သတ်ပြီး အကြံသစ် တစ်ခုကို
ရရှိခဲ့တယ်... ကျွန်တော်က အခုအချိန်မှာ
အောင်မြင်ဖို့အတွက် ယုံကြည်မှု ရှစ်ဆယ်
ရာခိုင်နှုန်း ရှိတယ်"

## စာစဉ် ၆၈ : အပိုင်း ၃

## အပိုင်း ၁၃၁၃ : တောင်ပိုင်း တောရိုင်းဒေသမှ သက်ရှည်မြို့တော်

ငရဲမီး ကေရာဇ် ဆေးမီးဖိုသည် သန္ဓေလောင်း အဆင့်တွင်သာ ရှိသေးသော်လည်း သူ့အတွင်းတွင် ရှိနေသော သဘောတရားများသည် အတော့်ကို ထူးချွန် ပြောင်မြောက်သည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ ယန်ကောင်းကင် ဆေးမီးဖိုကို

ရရှိခဲ့သော အခါ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်အား ပေးအပ်ခဲ့သည်။

ယန်ကောင်းကင် ဆေးမီးဖိုသည် အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ ပြန်လည် ပြုလုပ်ထားခြင်း ဖြစ်သော်လည်း ဆေးလုံးများကို ဖော်စပ်ရာတွင် အဖိုး မဖြတ်နိုင်သော မှော်ရတနာ တစ်ပါး ဖြစ်နေသေးသည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည် သူ့အား နိုင်ငံ ရတနာ အဖြစ် သတ်မှတ်ထားကာ နတ်ဘုရားနယ်မြေ အတွင်းမှ မည်သည့် နိုင်ငံနှင့် အင်အားစုများ ဖြစ်စေ ဤရတနာအား အထူး လေးနက်စွာ တန်ဖိုးထားကြမည် ဖြစ်သည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် သူတို့အရှေ့မှ ငရဲမီး ကေရာဇ် ဆေးမီးဖိုသည် ယန်ကောင်းကင် ဆေးမီးဖိုကဲ့သို့ သန္ဓေလောင်း အဆင့်တွင်သာ ရှိသေးသော်လည်း သူ့ထက်များစွာ ပို၍ အထက်တန်းကျသည်ဟု သေချာနေကြသည်။

လူသား ကျင့်ကြံမှု ကမ္ဘာအတွင်း၌ ဆေးလုံးများ ဖော်စပ်ရာတွင် အစွမ်းအထက်ဆုံး မှော်ရတနာမှာ ရှကေရာဇ် ထုလုပ်ခဲ့သည့် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာဖြစ်သည့် နတ်ဘုရားနယ်မြေ ဆေးမီးဖိုပင် ဖြစ်သည်။

နတ်ဘုရားနယ်မြေ ဆေးမီးဖို အပြီးတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ နေလ နတ်ဘုရား ဆေးမီးဖို၊ ကောင်းကင်တံခါးဂိုဏ်း၏

ယန်ကောင်းကင် ဆေးမီးဖို၊ ရှေးဟောင်း မျိုးနွယ်စုတို့၏ လွင်တီးခေါင် ကောင်းကင် ဆေးမီးဖို၊ ရှေးဟောင်း စေတန်ဂိုဏ်း၏ ကောင်းကင်တာအို ဆေးမီးဖို၊ ချုံးကေရာဇ်၏ ကမ္ဘာဦး မိခင် ဆေးမီးဖိုတို့နှင့် မဟာမိုးကြိုး ကျောင်းတော်မှ ဗောဓိ ဆေးမီးဖိုတို့ ရှိကြသည်။

သူတို့အားလုံးသည် မဟာယာန အဆင့်မှ မှော်ရတနာများ ဖြစ်ကာ အားလုံးတို့သည် ကမ္ဘာအတွင်း၌ ဆေးလုံးများကို ကျင့်ကြံရာတွင် အကောင်းဆုံးသော ဆေးမီးဖိုများ ဖြစ်ကြသည်။

လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းမှ အစွမ်းထက်သော အဖွဲ့အစည်းတိုင်းတွင် သူတို့၏ အခြေခံများ ဖြစ်ကြသော မှော်ရတနာများ

ရှိကြသည်။ ဤကဲ့သို့သော မှော်ရတနာများသည် သူတို့၏ စွမ်းအားများ မြင့်မားလာစေရန် အမတန်မှ အရေးကြီးပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဆတက်ထမ်းပိုး တိုးတက်လာခဲ့ပြီ ဖြစ်သည်။ ပြင်ပကမ္ဘာတွင် သူတို့၏ မရပ်တန့်နိုင်သော မြင့်တက်မှုများ အပြင် အတွင်းမှ အရေးအကြီးဆုံး အကြောင်းရင်း တစ်ခုမှာ နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား ပိုင်ဆိုင်နိုင်ခဲ့ခြင်း ဖြစ်သည်။

လူသားသမိုင်းတွင် ဆေးလုံးများ ထုတ်လုပ်ရာ၌ နံပါတ်တစ် မှော်ရတနာကို မဆက်မပြတ် အသုံးချ၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့တွင် လုံလောက်သော အရင်းအမြစ်နှင့် ပစ္စည်းအမည်များ

ရှိလျှင် မရေမတွက်နိုင်သော
ထူးခြားဆန်းကြယ်သော ဆေးလုံးများကို
ဖော်စပ်နိုင်ပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် ကြယ်စင်ပင်လယ်
ဝင်ပေါက် လေးခုရှိ၍ သူတို့သည်
ယင်ပင်လယ်ကိုလည်း ထိန်းချုပ်နိုင်ပြီ ဖြစ်သည်။
သူတို့သည် နတ်ဘုရားနယ်မြေ အတွင်းမှ
နံပါတ်တစ် မြင့်မြတ်နယ်မြေ အသစ်ဖြစ်ကာ
ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် သူတို့ ရရှိခဲ့သည့်
အကျိုးအမြတ်များမှာ မနည်းမနော ဖြစ်သည်။

ထို့ကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင်
အရင်းအမြစ်များ မရှားပါးနေပဲ နတ်ဘုရားနယ်မြေ
ဆေးမီးဖို၏ အကူအညီဖြင့် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားများသည်
အဆပေါင်းများစွာ ပေါက်ကွဲတိုးတက်လာခဲ့သည်။

သူတို့၏ ရလဒ်များကို ပြသနိုင်ရန် အချိန်
သိပ်မလိုခဲ့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း လိုနေသော အရာမှာ
အချိန်ပင် ဖြစ်သည်။ အရာအားလုံးတို့သည်
လျှင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကာ
သူတို့၏ ကြီးကျယ်ခမ်းနားသော ဂိုဏ်းဖွင့်ပွဲ
အပြီးမှစ၍ မခိုင်မာသေးသော အခြေခံများကို
ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့သည်။

သူတို့ဂိုဏ်း အနေဖြင့် နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား ပထမဦးစွာ ရရှိခဲ့အပြီးတွင် အပျော်ရွှင်နေဆုံးသော သူမှာ ရှောင်ယန်ပင် ဖြစ်သည်။ သို့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ရှောင်ယန်နှင့် နတ်ဘုရားနယ်မြေ ဆေးမီးဖိုတို့ အကြားမှ ဆက်ဆံရေးသည် ဤမျှ မကောင်းခဲ့ပေ။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ အဖြစ်များ အပြီးတွင် ရှကေရာဇ်၏ နတ်ဆိုးဝိညာဥ်သည် လုံးဝ ပျက်သုဉ်းသွား၍ လွတ်လပ်သွားခဲ့ အပြီးတွင် သူတို့အကြားမှ ဆက်ဆံရေးသည် ဖြည်းဖြည်းချင်းနှင့် ကောင်းမွန်လာခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဆေးဝါးဖော်စပ်ရာတွင် အကျွမ်းကျင်ဆုံး သူနှင့် လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းတွင် ဆေးဝါး ကျင့်ကြံရာ၌ နံပါတ်တစ် မော်ရတနာတို့သည် စတင်၍ ရဲဘော်ရဲဘက် ဆန်လာကြသည်။

နတ်ဘုရားနယ်မြေ ဆေးမီးဖိုနှင့် အတူတကွ လက်တွဲရင်း ရှောင်ယန်၏ ဆေးဝါးဖော်စပ်မှု စွမ်းရည်များမှာလည်း ဖြည်းဖြည်းချင်း ပို၍ တိုးတက်လာခဲ့သည်။

ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ချင်းနင်သူတော်စင်၊ ရှေးဟောင်း မျိုးနွယ်စုမှ လင်းကြွယ် သူတော်စင်တို့နှင့် ဆေးလုံး ဖော်စပ်မှု ပြိုင်ပွဲတွင်

သူသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ အဆင့်မြင့် ဆေးလုံးလေးမျိုးနှင့် ရှေးဟောင်း သက်ရှည်ကမ္ဘာမှ လွင်တီးခေါင် စိတ်ဝိညာဉ် စမ်းရေကို ရနိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှနေ၍ ဟင်းလင်းပြင် ဘုရားကျောင်းမှ အဆင့်မြင့် ဆေးလုံးလေးလုံးတို့၏ ဖော်စပ်နည်းကိုလည်း နောက်ဆုံးတွင် ဖော်ထုတ်နိုင်ခဲ့သည်။

ရှောင်ယန်သည် ထိုဖော်စပ်နည်းများကို လေ့လာခြင်းမှ များစွာ သင်ယူနိုင်ခဲ့၍ သူ၏ ဗဟုသုတများကို စုစည်းကာ ကိုယ်ပိုင် ဆေးနည်း အသစ်များကို တီထွင်နိုင်ခဲ့သည်။

ရှောင်ယန်ကိုယ်တိုင် ဖန်တီးထားကာ မူလကောင်းကင် ကမ္ဘာ အတွင်းတွင် တစ်ခါမှ မပေါ်ခဲ့ဖူးသော ဆေးဖော်စပ်နည်း အသစ်တစ်ခု ရှိသည်။ သူသည် ရှောင်ယန်၏ စိတ်အတွင်းတွင် တဖြည်းဖြည်း ပုံပေါ်လာကာ အဆက်မပြတ် ပိုမိုပြည့်စုံအောင် မွမ်းမံနေခဲ့သည်။ သူ့တွင် သိမ်မွေ့နက်နဲသော သဘောတရားများစွာ ပါဝင်နေပေသည်။

ရှောင်ယန်သည် ယခင်က ကိုယ်ပိုင် ဆေးဖော်စပ်နည်းများကို တီထွင်နိုင်ခဲ့သော်လည်း အဆင့်နိမ့် ဆေးလုံးများသာ ဖြစ်သည်။ ဤအချိန်တွင် သူ၏ တီထွင်မှုမှာ ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး၊ ပဏ္ဍိတဆယ်ပါး ရွှေရောင်ဆေးလုံးတို့ထက် မနိမ့်ကျသော

စိတ်ဝိညာဉ် ဆေးလုံး အသစ်စက်စက် တစ်မျိုး ဖြစ်သည်။

ရှောင်ယန်သည် နတ်ဘုရားနယ်မြေ ဆေးမီးဖိုနှင့် ဖြည်းဖြည်းချင်း အသားကျလာပြီ ဖြစ်၍ ငရဲမီး ကောရာဇ် ဆေးမီးဖိုကို အလေသုံးဆယ် မလိုအပ်နေပေ။

သို့သော်လည်း သူ့အနေဖြင့် ငရဲမီး ချောက်ကမ်းပါး၏ မျိုးဆက်များကို လက်ဆင့်ကမ်းပေးရန် တစ်စုံတစ်ရာကို ဖန်တီးလိုနေခဲ့သည်။ သို့မှသာ တန်ကျွင်း၊ တွမ့်မုဟုန်နှင့် ကျန်သောသူများက အရွယ်ရောက်လာသော အခါ ဆေးလုံးများကို ထုတ်လုပ်နိုင်ကြမည် ဖြစ်သည်။

ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုသည် တွမ့်မုဟုန်နှင့် ကျန်သောသူများ အတွက် အသုံးဝင်သေးသော်လည်း တန်ကျွင်းသည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သဖြင့် ရှောင်ယန် ယခင်က တွေ့ကြုံခဲ့ရသကဲ့သို့ ထိုဆေးမီးဖိုသည် သူ၏ တိုးတက်မှုနောက်သို့ လိုက်မမီနိုင်တော့ချေ။

ရှောင်ယန်သည် ငရဲမီး ဧကရာဇ် ဆေးမီးဖိုကို ထုလုပ်နေရင်း သူ၏ ကိုယ်ပိုင် ဆေးလုံးကျင့်ကြံမှု စွမ်းရည်များကိုလည်း ပိုမို ကောင်းမွန်စွာ နားလည်နိုင်ခဲ့သည်။

ယနေ့တွင် အရာအားလုံးသည် သူ့အတွက် အလွန်အမင်း ကြည်လင်နေသည်ဟု ခံစားနေရကာ သူ၏ စိတ်အတွင်းတွင် နှစ်ပေါင်းများစွာ စုဆောင်းလာပြီးသော အတွေးအမြင်များနှင့် အရာအားလုံးတို့သည် ဆေးမီးဖို အတွင်းတွင် အတူတကွ အပစ်ထည့်ခံခဲ့ရသကဲ့သို့ ခံစားနေရပြီး အချိန်မရွေး ပေါက်ကွဲတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်းက ရယ်ရမ်းသွေး၍ ပြောလိုက်သည်။ "မင်းရဲ့ ငရဲမီး ကေရာဇ် ဆေးမီးဖိုကို နတ်ဘုရားနယ်မြေ ဆေးမီးဖို အထဲကို ယူသွားလိုက်ပါ"

သူ၏ ခေါင်းအတွင်းတွင် ပုံကြမ်းရှိနေပြီး ဖြစ်၍ သူသည် အချိန်ကြာမြင့်စွာ သုံးသပ်ခဲ့ပြီး ဖြစ်သော်လည်း ပြီးပြည့်စုံသော ဆေးဖော်စပ်နည်း အသစ်တစ်ခုအား ဖန်တီးရန်မှာ အဆက်မပြတ် လေ့ကျင့်သည့် အတွေ့အကြုံများ လိုအပ်သည်။

ဤဖြစ်စဉ် အတွင်းတွင် မရေမတွက်နိုင်သော အရင်းအမြစ်နှင့် ပစ္စည်းအမည်များကိုလည်း သုံးစွဲရမည် ဖြစ်သည်။

သမိုင်းတလျှောက်တွင် ဖန်တီးခဲ့သော ထိပ်တန်း ဆေးလုံးများ အနက် ချုံးကေရာဇ်၏ ပဏ္ဍိတ ဆယ်ပါး ရွှေရောင်ဆေးလုံး၊ ယန်ရှင်းဟီ၏ အန္တိမ အသိဉာဏ် နတ်ဘုရား ဆေးလုံး၊ ကောင်းကင်တံခါးဂိုဏ်းမှ စိတ်ဝိညာဉ် ကောင်းကင်

သူတော်စင် တီထွင်ခဲ့သော အသက် အစားထိုးခြင်း ကောင်းကင်ဆေးလုံး၊ ရှကေရာဇ်၏ အဆုံးမဲ့ နတ်ဘုရား ဆေးလုံး၊ ဗုဒ္ဓ၏ မဟာသာဝက ဆယ်ပါး အတွင်းမှ သာရိပုတ္တရာ တီထွင်ခဲ့သော ဗောဓိရတနာ ဆေးလုံးတို့သည်လည်း ဤဖြစ်စဉ် အတိုင်းပင် ဖြစ်ကြသည်။

လူအများသည် သူတို့၏ ဆေးလုံးကျင့်ကြံမှု စွမ်းရည်အား ဆေးလုံးများ ဖော်စပ်ရာတွင် အသုံးပြုခဲ့သည့် ကောင်းကင်နှင့် မြေကြီးတို့နှင့် မဟာတာအိုတို့အား နားလည်မှုဖြင့် တိုင်းတာကြသည်။ ဤအဆင့်မြင့် ဆေးလုံးများသည် ထိုသူတို့က ထိုနားလည်မှုများကို အဆင့်မြင့်မြင့် သဘောပေါက်ပြီး သူတို့၏

ဗဟုသုတများကို ကောင်းစွာ အသုံးချနိုင်သော အချိန်တွင် ဖန်တီးနိုင်ခဲ့ကြခြင်း ဖြစ်ကြသည်။

ဤဆေးလုံးများအား အဆက်မပြတ် ဖော်စပ်ကျင့်ကြံ၍ စူးစမ်းလေ့လာပြီး အရင်းအမြစ်အမြောက်အမြားတို့အား သုံးစွဲအပြီးတွင်မှ ဖြည်းဖြည်းချင်း အကြွင်းမဲ့ ပြည့်စုံလာကြခြင်း ဖြစ်သည်။

သို့သော်လည်း ရှောင်ယန် ကြုံတွေ့နေရသည့် အနှောင့်အယှက်သည် အတော်ပင် ကြီးမားပေသည်။

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ကိုင်း အပေါ်တွင် ထိုင်နေ၍ သူ၏ စွမ်းအင် အများစုအား သူ၏ ကိုယ်ပိုင် နည်းစနစ်နှင့် စွမ်းရည်များကို ကျင့်ကြံနေခဲ့သည်။ သို့သော်လည်း သူသည် သူ၏ အသိစိတ် တစ်စအား နတ်ဘုရားနယ်မြေ ဆေးမီးဖို အတွင်းသို့ ထုတ်လွှတ်ထားကာ ရှောင်ယန်၏ တိုးတက်မှုအား စောင့်ကြည့်နေခဲ့သည်။

"အာ" လင်းဖုန်းသည် အစပိုင်းက သက်တောင့်သက်သာ ကြည့်ရှုနေခြင်း ဖြစ်သော်လည်း သူ၏ မျက်လုံးအစုံသည် ချက်ချင်း ပြူးကျယ်သွားခဲ့၍ တီးတိုး ရေရွတ်လိုက်သည်။ "ကောင်စုတ်လေး... ကြိုးတန်းပေါ်မှာ လမ်းထပ်လျှောက်ပြန်ပြီ"

ခဏအကြာတွင် နတ်ဘုရားနယ်မြေ ဆေးမီးဖိုသည် ပြင်းထန်စွာနှင့် တုန်ခါလာပေသည်။

လင်းဖုန်းသည် သူ၏ တပည့်ကြီးအား အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်စွာနှင့် ကြည့်နေရင်း တစ်ချိန်တည်းတွင် ရယ်ချင်နေခဲ့သည်။
ရှောင်ယန်သည် သူ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွား ဖြစ်သော မီးတောက် ထိုက်ကျိရုပ်ပုံကို ဖော်ပြထားသည်။
ထိုထိုက်ကျိရုပ်ပုံ တစ်ခုလုံးသည် ရှောင်ယန်သည် ဒဏ်ရာ အပြင်းအထန် ရရှိနေသကဲ့သို့ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်နေခဲ့သည်။

ကံကောင်းစွာနှင့်ပင် သူသည် တာအိုဧ၏
ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်း သဘောတရားများကို
နက်ရှိုင်းစွာ နားလည်ထားပြီး ဖြစ်သဖြင့် သူ၏
ထိုက်ကျိုရုပ်ပုံသည် လျင်မြန်စွာဖြင့် သာမန်အတိုင်း
ဖြစ်သွားခဲ့ကာ လူသားပုံစံသို့
ပြန်ပြောင်းသွားခဲ့သည်။ သို့သော်လည်း သူ၏
မျက်နှာမှာ အတန်ငယ် ဖြူဖျော့နေခဲ့သည်။

ရှောင်ယန်က ရက်ကိုးရက်ကန်းဖြင့် ပြုံးလိုက်၏။
"ကျွန်တော်က အနည်းငယ် စွန့်စားခဲ့လိုက်တယ်"

သူသည် ဆေးမီးဖို အတွင်းတွင် ပေါက်ကွဲရန်
အနည်းငယ်သာ လိုတော့သည်။ သူသည်
နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား အသုံးပြုနေခြင်း
ဖြစ်ကာ ပေါက်ကွဲခြင်းသည် ပစ္စည်းအမယ်များနှင့်

ရှောင်ယန်၏ ခန္ဓာကိုယ်ကိုသာ ပျက်စီးစေ၍
ဆေးမီးဖိုမှာ အကောင်းအတိုင်း ကျန်နေမည်
ဖြစ်သော်လည်း ထိုအရာသည် ဖြစ်ပျက်ခဲ့လျှင်
ကပ်ဆိုးတစ်ပါး ဖြစ်သွားပေမည်။

ဤအရာသည် ရှောင်ယန်အား ပြင်းထန်စွာ
ထိုးနှက်မှုတစ်ခု ဖြစ်သွားပေမည်။ သူ၏ ဆေးလုံး
ကျင့်ကြံမှု စွမ်းရည်သည် အထွတ်အထိပ်သို့
တိုးတက်နေချိန်တွင် အသူရာ
ချောက်နက်အောက်သို့ ပြန်ရောက်သွားမည်
ဖြစ်သည်။

ထိုအရာသည် အန္တရာယ်များသော စွန့်စားမှုတစ်ခု
ဖြစ်ခဲ့သော်လည်း ရှောင်ယန်အနေဖြင့်
အောင်မြင်နိုင်ခဲ့သည်။

သူသည် စပ်ဖြီးဖြီး အပြုံးဖြင့် လင်းဖုန်းအရှေ့သို့ ခုန်ပေါက် ရောက်လာခဲ့သည်။ သူ၏ လက်တစ်ဘက်ကို ဝှေ့ယမ်းလိုက်ရာ ကောင်းကင်ပေါ်တွင် အလင်းတန်း လိုက်ကာ တစ်ခု ပေါ်လာသည်။ ထိုအလင်းတန်း လိုက်ကာ အပေါ်တွင် သဘောတရား မျဉ်းကြောင်းပုံစံများ ပေါ်လာ၍ အတူတကွ စုစည်းသွားကာ ပြီးပြည့်စုံသော ဆေးဝါး ဖော်စပ်နည်းတစ်ခု ပေါ်လာခဲ့သည်။

လင်းဖုန်းသည် ဤနှစ်များ အတွင်းတွင် သူ၏ ဆေးလုံးကျင့်ကြံမှုကို မရပ်တန့်ခဲ့ပဲ သူ၏ ဆေးလုံး ကျင့်ကြံမှု စွမ်းရည်သည် ကမ္ဘာအတွင်းမှ လူများစွာတို့ထက် အထက်တန်းကျသည်။ သူသည်

ရှောင်ယန်၏ ဆေးလုံး ဖော်စပ်နည်းကို နားလည်ရန် အတွက် မည်သို့မှ ပြဿနာ မရှိပေ။

"အိုး… မဆိုးဘူး… မဆိုးဘူး…" လင်းဖုန်းသည် အချိန် အနည်းငယ်မျှ အသေအချာ လေ့လာလိုက်ပြီး ခေါင်းညိတ်ပြလိုက်ရာ ရှောင်ယန်က သူ့အား ဗူးတောင်းငယ် တစ်ခုအား ပေးလိုက်၏။ လင်းဖုန်းသည် သူ၏ အဖုံးကို ဖွင့်လိုက်ရာ အတွင်းမှ ရွှေရောင် မြူခိုးငွေ့များ ထွက်လာခဲ့သည်။

လင်းဖုန်းသည် ရွှေရောင် မြူခိုးငွေ့ အတွင်းမှ ဆေးစွမ်းအင်နှင့် သဘောတရားများကို အာရုံခံလိုက်ပြီး သူ၏ နှုတ်ခမ်း ထောင့်စွန်းများမှာ အပြုံးတစ်ခု အဖြစ်သို့ တွန့်သွားသည်။ သူသည်

ရှောင်ယန်ဘက်သို့ လှည့်၍ မေးလိုက်သည်။ "ဒါက ဘယ်နှစ်သုတ်မြောက်လဲ"

ရှောင်ယန်က ရယ်ရမ်းသွေး၍ ပြန်ဖြေလိုက်သည်။ "နံပါတ်ခြောက် အသုတ်"

လင်းဖုန်းက ဆက်ပြောလိုက်၏။ "ငါ့ရဲ့ ခန့်မှန်းချက်အရ မင်းက အနည်းဆုံး ဆယ်ခေါက်လောက် စမ်းသပ်ပြီးမှသာ အပြည့်အဝ အောင်မြင်နိုင်လိမ့်မယ် ထင်တယ်"

ရှောင်ယန်သည် နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား ပုတ်၍ ပြောလိုက်သည်။ "အသုံးပြုရတဲ့ ပစ္စည်းအချို့က အမတန်မှ တန်ဖိုးကြီးတယ်…

ဂိုဏ်းအနေနဲ့ သူတို့ကို စုဆောင်းရတာ ခက်ခဲမှာ မဟုတ်ပေမဲ့ အချိန်တော့ ယူရလိမ့်မယ်… ကျွန်တော်တို့က သူတို့ကို အတတ်နိုင်ဆုံး ချွေတာပြီးမှ အရည်အသွေး ပြည့်မီတဲ့ ဆေးလုံးတွေကို အမြန်ဆုံး ထုတ်လုပ်ရမယ်"

သူက ကျယ်လောင်စွာ ရယ်မောၡ် ဆက်ပြောလိုက်သည်။ "ကျွန်တော်က ကြီးမားစွာ စွန့်စားခဲ့တယ်လို့ ထင်နေရပေမဲ့ ကျွန်တော့်မှာ အောင်မြင်ဖို့ ခုနစ်ဆယ် ရာခိုင်နှုန်း ရှိပြီး တကယ်လို့ ကျွန်တော်က ပေါက်ကွဲမှု ဖြစ်စေခဲ့ရင်တောင် နတ်ဘုရားနယ်မြေ ဆေးမီးဖိုက ဘာမှဖြစ်မှာ မဟုတ်ပဲ သိပ်ပြီးမှ ဆုံးရှုံးမှာ မဟုတ်ဘူး"

လင်းဖုန်းက သူ့အား ရယ်ချင်စွာဖြင့် ကြည့်လိုက်သည်။ "တကယ်လို့ မင်းက ပေါက်ကွဲမှု ဖြစ်စေခဲ့ရင်လည်း ငါက မင်းနဲ့ နတ်ဘုရားနယ်မြေ ဆေးမီးဖိုတို့ကို ကာကွယ်ပေးနိုင်ပြီး ငါတို့ ဆုံးရှုံးသွားမှာက ပစ္စည်းအချို့ပဲ ရှိလိမ့်မယ်"

"ဒါပေမဲ့ မင်းရဲ့ စိတ်အတွင်းမှာ အန္တုတ်သဘောဆောင်တဲ့ သက်ရောက်မှုတွေ ရှိလာနိုင်တယ်... ငါက အစောပိုင်းက မင်းကို မကာကွယ်ခဲ့တာ မင်းအနေနဲ့ သင်ခန်းစာ ရနိုင်အောင်လို့ပဲ... ကောင်စုတ်လေး... မင်းက ခံရမှာသာ ပိုပြီးမှ သတိထားလာလိမ့်မယ်"

လင်းဖုန်း၏ မှတ်ချက်များကို ကြားခဲ့ရသော အခါ ရှောင်ယန်က ကျီစယ်သကဲ့သို့ ပြုံး၍

ပြောလိုက်သည်။ "ကျွန်တော်က
အောင်မြင်သွားတယ် မဟုတ်လား"

လင်းဖုန်းက သူ့အား လက်ညှိုးထိုးကာ
သူ၏ခေါင်းကို ခါလိုက်သည်။ "မင်း... အာ..."

ယနေ့တွင် လင်းဖုန်း၏ စွမ်းအားနှင့်
လွှမ်းမိုးမှုများသည် များစွာပို၍ အားကောင်းလာကာ
ရှောင်ယန် ကိုယ်တိုင်ကလည်း ဒဏ္ဍာရီ ဖြစ်လုနီးပါး
ဖြစ်နေသည့် အစွမ်းထက်သည့် လူတစ်ယောက်
ဖြစ်သည်။ ပြင်ပကမ္ဘာတွင် သူ့အား ဤကဲ့သို့
မြင်နိုင်ရန် မဖြစ်နိုင်ပေ။ လင်းဖုန်း၏ အရှေ့တွင်သာ
သူက ဤကဲ့သို့ ပြုမူခြင်း ဖြစ်သည်။

"ရှေးဟောင်း မျိုးနွယ်စုတွေက တောင်ပိုင်း တောရိုင်းဒေသ အတွင်းမှာ သက်ရှည်မြို့တော်ကို တည်ဆောက်မှု ပြီးစီးလုနီးပါး ဖြစ်နေပြီး ကမ္ဘာအနှံ့က လူတွေကို ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖို့ ဖိတ်ခေါ်နေကြတယ်... မင်းက ငါနဲ့အတူ လိုက်ပြီးမှ တက်ရောက်ရမယ်"

လင်းဖုန်းက ပြောနေရင်း ဗူးတောင်းကို ရှောင်ယန်ထံသို့ ပြန်ပေးလိုက်၏။ သူ၏ဘေးတွင် အလင်းတန်း ပုံရိပ်များ လင်းလက်သွားကာ အေးရီးစ်ကိုယ်ပွား ပေါ်လာခဲ့သည်။ သူ၏ မူလ ခန္ဓာကိုယ်က တောင်ပိုင်း တောရိုင်းဒေသသို့ သွားမည်မဟုတ်ပဲ အေးရီးစ်ကိုယ်ပွားက ရှောင်ယန်နှင့်အတူ သွားမည်ဖြစ်သည်။

ရှောင်ယန်သည် ဗူးတောင်းကို ဆုပ်ကိုင်လိုက်ရင်း သူ၏ခေါင်းကို ညိတ်ကာ သူနှင့်အတူ ခေါ်သွားမည့် တပည့်များကို စာရင်း ပြုစုခဲ့သည်။

သူတို့အုပ်စုသည် မကြာမီပင် တောင်ပိုင်း တောရိုင်းဒေသသို့ ဦးတည်ကာ ထွက်ခွာလာကြလေသည်။

ဤတစ်ခေါက်သည် ရှောင်ယန်အနေဖြင့် နတ်ဘုရားနယ်မြေ၏ တောင်ပိုင်း တောရိုင်းဒေသသို့ ပထမဆုံး အကြိမ်အဖြစ် ရောက်ခဲ့ခြင်း မဟုတ်ပေ။ သို့သော်လည်း သူသည် ဤနယ်မြေနှင့် အဝေးတွင် ရှိကတည်းကပင် ကွဲပြား ခြားနားမှုများကို ခံစားနေခဲ့ရပေသည်။

စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုများသည်
မတည်မငြိမ် ဖြစ်နေသေးသော်လည်း စတင်၍
စည်းချက် ကျလာကြပြီ ဖြစ်ကာ အလယ်ဗဟိုသို့
စုစည်းနေသည့်ပုံ ပေါက်နေကြသည်။

လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားနှင့်
ရှောင်ယန်တို့သည် သူတို့၏ ရင်အတွင်းမှ
လှုပ်ရှားသွားသည်ဟု ခံစားခဲ့ရပြီး ခေါင်းများကို
မော့လိုက်ရာ သူတို့အရှေ့မှ ဟင်းလင်းပြင်က
ကွဲဟသွား၍ အစိမ်းရောင် ဝတ်စုံနှင့်
မိန်းမပျိုတစ်ယောက် အတွင်းမှ ထွက်လာခဲ့သည်။
သူမသည် ဖူးပွင့်နေသော အစိမ်းရောင် ကြာပန်း
တစ်ပွင့်ကဲ့သို့ စွဲမက်ဖွယ်ရာ ကောင်းလှသည့်
ရှောင်ကျန်းအာပင် ဖြစ်သည်။

ရှောင်ယန်အား တွေ့လိုက်သောအခါ ရှောင်ကျန်းအား၏ မျက်နှာတွင် တောက်ပသော အပြုံးတစ်ပွင့် ချက်ချင်းပေါ်လာခဲ့သည်။ သို့သော်လည်း သူမသည် ရှောင်ယန်အား စကားမပြောခင် လင်းဖုန်းအား အရင် နှုတ်ဆက်လိုက်သည်။ "မာစတာလင်းရဲ့ ရောက်လာမှုဟာ သက်ရှည်မြို့တော်ကို ဂုဏ်ကျက်သရေတွေ ယူဆောင်လာပေးခဲ့တယ်"

လင်းဖုန်းက ပြုံးကာ ပြန်ပြောလိုက်သည်။ "မင်းက အရမ်း ကြင်နာတာပဲ"

သူသည် စကားဆက်၍ မပြောတော့ပဲ သူ့အရှေ့မှ စုံတွဲအား ငြိမ်သက်စွာဖြင့် ကြည့်နေလေသည်။ ရှောင်ယန်သည် အရှေ့သို့ တက်၍

ရှောင်ကျန်းအာနှင့် တွေ့ဆုံခဲ့ရာ သူတို့၏ မျက်လုံးများ အတွင်းတွင် ကြည်နူးမှုများနှင့် ပြည့်နေခဲ့သည်။ ရှောင်ယန်၏ တပည့်များကလည်း အရှေ့သို့ တက်လာ၍ ရှောင်ကျန်းအာအား နှုတ်ဆက်ခဲ့သည်။ "ချင်းရဲ့ သူတော်စင်မယ်ကို နှုတ်ဆက်ပါတယ်"

သူတို့သည် ရှောင်ကျန်းအာ၏ ဦးဆောင်မှု အနောက်သို့ လိုက်ပါသွားခဲ့ရာ ကျယ်ပြန့်လှသည့် အဖြူရောင် မြို့တစ်မြို့သည် အားလုံးတို့၏ အရှေ့သို့ လွင့်မျောလာခဲ့သည်။ ထိုမြို့သည် ကျယ်ပြန့်လှသော တောင်ပိုင်း တောရိုင်းဒေသ၏ မြေရိုင်းလွင်ပြင် အကြားတွင် တောက်ပ၍ ဆွဲဆောင်မှု ရှိလှသည်။

# စာစဥ် ၆၈ : အပိုင်း ၄

## အပိုင်း ၁၃၁၄ : ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး

လင်းဖုန်း၊ ရှောင်ယန်နှင့် ကျန်သောသူများ၏ အရှေ့တွင် ပေါ်လာသည့် ရောမ မြို့ကြီးမှာ သူကပင် ပို၍ ကြီးကျယ် ခမ်းနားနေသည်မှ လွဲ၍ ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းမှ ရှေးဟောင်း တော်ဝင်မြို့တော်နှင့် ဆင်တူနေပေသည်။

တောင်ပိုင်း တောရိုင်းဒေသ အတွင်းမှ မြို့တော်သည် ခမ်းနား ထည်ဝါကာ အဖြူရောင် အလင်းတန်းများက ကောင်းကင်ပေါ်သို့

ထိုးတက်နေရင်း မရေမတွက်နိုင်သော မြင်ကွင်းနှင့်
ပုံရိပ်များကို ဖော်ပြနေသကဲ့သို့ ဖြစ်သည်။
သူတို့သည် မရေမတွက်နိုင်သော အဖြူရောင်
ကြာပန်းများက ကောင်းကင်ယံတွင်
ဖူးပွင့်နေသည်နှင့် တူနေပေသည်။

ထိုအဖြူရောင် အလင်းတန်းများသည်
အဆုံးမရှိသကဲ့သို့ အနှောင့်အယှက် မရှိပဲ
အဆက်မပြတ် စီးဆင်းနေကြလေသည်။ သူတို့သည်
အချိန်ကာလ ဖြတ်သန်းမှုကို ဝေဝါးစေကာ
အတိတ်ကို ချိုးဖောက်နိုင်၍ အနာဂတ်နှင့်
ဆက်သွယ်နိုင်သကဲ့သို့ ဖြစ်နေသည်။

သူတို့အတွင်းမှ သက်ဝင်လှုပ်ရှားနေသော
အသက်စွမ်းအင်များသည် တောင်ပိုင်း

တောရိုင်းဒေသ၏ ကစဥ့်ကလျား ဖြစ်နေသော မြေရိုင်းလွင်ပြင်များနှင့် ပေါင်းစည်းလိုက်သော အခါ ဒေသ တစ်ခုလုံးသည် ခြောက်ကပ်သော အထီးကျန် ရှေးဟောင်းစွမ်းအင်များနှင့် ပြည့်နှက်နေသော်လည်း အဆုံးမဲ့ အသက် စိတ်ဝိညာဉ် စွမ်းအင်များသည် အဆုံးမဲ့သော အနာဂတ် ဖြစ်နိုင်ခြေများကို ညွှန်ပြနေသကဲ့သို့ ထင်နေရ၏။

လင်းဖုန်းသည် ပတ်ဝန်းကျင်အား အကဲခတ်လိုက် အပြီးတွင် သူ၏ အကြည့်သည် ဟင်းလင်းပြင်အား ထိုးဖောက်သွား၍ မိုးကုပ်စက်ဝိုင်း အလွန်ကို ကြည့်နေသကဲ့သို့ ဖြစ်နေ၍ သူ၏ အကြည့်ကို ရုပ်သိမ်းလိုက်ကာ ဖွဖွလေး ပြုံးလိုက်လေသည်။

တောင်ပိုင်း တောရိုင်းဒေသသည် လူဦးရေ ကျဲပါးပြီး လယ်သမား အချို့နှင့် တောင်ပေါ်တွင် နေထိုင်ကြသော ရွာသားအချို့မှ လွဲ၍ ကျန်သော နေထိုင်ကြသူများသည် နေရာအချို့တွင် စုစည်း နေထိုင်ကြသူများ ဖြစ်ကြသည်။ ထိုနေရာများတွင် မြို့များကို တည်ထောင်ထား၍ စည်စည်ကားကား ရှိနေကြသည်။

ဤအချိန်တွင် ရှေးဟောင်း ကေရာဇ်သည် ထိုမြို့များကို ထိန်းချုပ်ပြီးဟန် ပေါက်နေသည်။ ရှေးဟောင်း မျိုးနွယ်စုတို့သည် မှော်ဝက်ပါနှင့် အခမ်းအနားများကို တည်ဆောက်ထား၍ သူတို့၏ စိတ်ဝိညာဉ် စွမ်းအင်များကို လင်းဖုန်းနှင့် ကျန်သောသူများ အရှေ့မှ သက်ရှည်မြို့တော်နှင့် ဆက်သွယ်ထားခြင်း ဖြစ်သည်။

ရှေးဟောင်း မျိုးနွယ်စုတို့သည် တောင်ပိုင်း တောရိုင်းဒေသ တစ်ခုလုံးအား သူတို့၏ လက်အောက်သို့ သိမ်းသွင်းကာ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

အချို့သူများသည် ရှေးဟောင်းတို့အား သူတို့၏ အုပ်ချုပ်သူများ အဖြစ် ယာယီသာ လက်ခံနိုင်ကြမည် ဖြစ်ပြီး အခြား စိတ်ကူးများ ရှိသော လူအချို့လည်း ရှိနိုင်ကြသေးသည်။

မဟာချင် အင်ပါယာ၊ မဟာကျိုး အင်ပါယာ သို့မဟုတ် သံသရာဂိုဏ်းမှ သူလျှိုများလည်း ရှိနိုင်ကြသေးသော်လည်း ရှေးဟောင်းတို့၏ အားကောင်းလှသည့် စွမ်းအားများ အရ

ဤအရာများကို တစ်ခုပြီး တစ်ခု ဖြေရှင်းနိုင်ခြင်းမှာ အနေးနှင့် အမြန်ပင် ဖြစ်ပေလိမ့်မည်။

သိပ်မကြာသေးမီက ရှေးဟောင်းတို့သည် ကမ္ဘာကြီးအား သူတို့၏ နိုင်ငံအား 'ရှေးဟောင်းနိုင်ငံ'ဟု ခေါ်ပြီး နတ်ဘုရားနယ်မြေ၏ တောင်ပိုင်း တောရိုင်းဒေသမှ တဆင့် မဟာကမ္ဘာသို့ ပြန်လာခဲ့ပြီဟု ကြေညာခဲ့သည်။

ဤအရာသည် သူတို့၏ အာဏာများကို အတိုင်းအတာ တစ်ခုအထိ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ သူတို့သည် ရှေးဟောင်းခေတ်မှ စ၍ ကမ္ဘာ တစ်ခုလုံး၏ အန္တိမ အုပ်ချုပ်သူ ဟူသော အဆင့်အတန်းကို စွန့်လွှတ်ခဲ့ရပြီ ဖြစ်ကာ

ဤကဲ့သို့သော ရည်မှန်းချက်များကို
လက်လျှော့ခဲ့သည်မှာ ကြာလှပြီ ဖြစ်သည်။

ရှေးဟောင်းနိုင်ငံသည် အနာဂတ် တစ်ချိန်တွင်
နတ်ဘုရားနယ်မြေ တစ်ခုလုံးအား သိမ်းပိုက်နိုင်မည်
ဖြစ်သော်လည်း ယခုအချိန်တွင် အစသာ ရှိသေးပြီး
ရှေးဟောင်း ဧကရာဇ်၏ သြဇာအာဏာများ
ပြန်လာခဲ့ခြင်း မဟုတ်ပေ။

ဤအရာများကို နားလည်ထားသောလည်း
မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာတို့သည်
သူတို့၏ နယ်နိမိတ် အနားတွင် ဤမျှအထိ
အစွမ်းထက်သော အိမ်နီးချင်းနိုင်ငံ တစ်ခု
ပေါ်လာခြင်းကြောင့် သက်တောင့်သက်သာ
မဖြစ်နေကြပေ။

လင်းဖုန်း၊ ရှောင်ယန်နှင့် ကျန်သောသူများတို့သည် အရှေ့သို့ ဆက်လာနေရင်း သက်ရှည်မြို့တော် အနီးသို့ ရောက်လာကြသည်။ သူတို့အရှေ့ရှိ ဟင်းလင်းပြင် အတွင်းမှနေ၍ အကြီးအကဲ တစ်ယောက် ထွက်လာ၍ သူ၏ အရှေ့မှ ခမ်းနားလှသည့် မြို့တော်အား တိတ်ဆိတ်စွာ ကြည့်နေသည်ကို တွေ့လိုက်ကြရသည်။

"စီနီယာရှီကို နှုတ်ဆက်ပါတယ်" ရှောင်ကျန်းအာသည် ထိုအကြီးအကဲအား တွေ့လိုက်ရသော အခါ နှုတ်ဆက်လိုက်သည်။ ထိုအကြီးအကဲသည် မဟာချင် အင်ပါယာ၏ နာယက အကြီးအကဲ ဖြစ်သော အင်မော်တယ် ဝိညာဥ် တတိယ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်

ဖြစ်သည့် ကန်းယန်မင်းသား ရှီကျုံးမောင်ပင်
ဖြစ်သည်။

မဟာချင် အင်ပါယာကလည်း ရှေးဟောင်းနိုင်ငံ၏
ဖိတ်ကြားမှုများကို ရရှိခဲ့ကာ ရှီကျုံးမောင်က
သက်ရှည်မြို့တော်၏ ကြီးကျယ်ခမ်းနားသော ဖွင့်ပွဲ
အခမ်းအနားသို့ တက်ရောက်ရန် တာဝန်ယူခဲ့ခြင်း
ဖြစ်သည်။

အနာဂတ်က မည်သို့ပင် ဖြစ်လာမည် ဖြစ်စေကာမူ
ရှေးဟောင်းနိုင်ငံသည် ယခုအချိန်တွင်
အားလုံးတို့ကို ဖိအားပေး၍ ကြီးစိုး လွှမ်းမိုးနိုင်ရန်
ကြိုးစားနေခြင်း မရှိနေပေ။ မဟာချင် အင်ပါယာ
အနေဖြင့် အခြား အကြံအစည်နှင့် အထင်အမြင်များ
ရှိနေသော်လည်း ထုံးတမ်းစဉ်လာများကို

လျစ်လျူရှု၍ တစ်ဘက်သားအား ရန်လိုမှုများကို တိုက်ရိုက် ဖော်ပြမည် မဟုတ်ချေ။

ရှိကျုံးမောင်သည် ရှောင်ကျန်းအာကို မြင်လိုက်သည်နှင့် ချက်ချင်းပင် သူ၏ခေါင်းကို လှည့်လိုက်ကာ ပြန်လည် နှုတ်ဆက်လိုက်သည်။ "ချင်းရဲ့ သူတော်စင်မယ်... မင်္ဂလာပါ"

သူသည် လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားနှင့် ရှောင်ယန်တို့အားလည်း နှုတ်ဆက်လိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ ငရဲမီး ကေရာဇ်တို့ကို နှုတ်ဆက်ပါတယ်"

သူနှင့်အတူ လိုက်ပါလာသော မဟာချင် အင်ပါယာမှ ကျင့်ကြံသူများကလည်း လင်းဖုန်း၊ ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့အား အလေးတကြီး နှုတ်ဆက်လိုက်ကြသည်။ ရှီကျုံးမောင်အား လာရောက်ကြိုဆိုသော ရှေးဟောင်း မျိုးနွယ်စုမှ အကြီးအကဲများကလည်း ရှေ့သို့တက်လာကာ လင်းဖုန်းအား နှုတ်ဆက်ခဲ့ကြသည်။

ဤအချိန်တွင် အဝေးမှ ဟင်းလင်းပြင်က ရုတ်တရက် ကွဲဟသွားသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးပြီး ဖြစ်သော ရှေးဟောင်းစုတ်တံ အကြီးအကဲ၏ လမ်းပြမှုဖြင့် နောက်ထပ် အုပ်စုတစ်စုသည် လေထုအလယ်တွင် ဖြတ်သန်းလာကာ သက်ရှည်မြို့တော်၏ အရှေ့သို့ ရောက်လာကြသည်။

ထိုအုပ်စု၏ အရှေ့တွင် သက်လတ်ပိုင်း လူကြီးတစ်ယောက်က ဦးဆောင်လာကာ လင်းဖုန်းနှင့် ကျန်သောသူများကလည်း သူ့အား မှတ်မိနေကြသည်။ သူသည် မဟာကျိုး အင်ပါယာ၏ ယန်လျှန်မင်းသား ဖြစ်သော လျှမ်ဖူပင် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရားနယ်မြေ အတွင်းတွင် ကျန်ရစ်ခဲ့သော မဟာကျိုး အင်ပါယာမှ ကျင့်ကြံသူများအား မည်သို့မှ မလုပ်ခဲ့ကြသလို လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့ ခေါ်ဆောင်သွားကြသော သူများကိုလည်း ခွင့်မလွှတ်နိုင်သော အပြစ်များကို

ကျူးလွန်ထားကြသူများမှ လွဲ၍ ကျန်သောသူများကို ပြဿနာ မရှာခဲ့ကြပေ။

သူတို့သည် လူအားလုံးကို မဟာကျိုး ကောရာဇ် အသစ် လျှမ်ကန်းအား ပေးအပ်ကာ ဆုံးဖြတ်စေခဲ့ပြီး ထိုအရာအား မဟာကျိုး အင်ပါယာ၏ အတွင်းရေး ကိစ္စဟူ၍သာ သတ်မှတ်၍ ဝင်မစွက်ခဲ့ပေ။

မဟာကျိုး အင်ပါယာသည် သူတို့၏ နယ်မြေအား သူတို့၏ မှူးမတ်များဖြင့် အုပ်ချုပ်နေရကာ ကျင့်ကြံသူ အသစ်များကို မွေးထုတ်ရခြင်းမှာ လွယ်ကူသော ကိစ္စတစ်ခု မဟုတ်ချေ။ လျှမ်ကန်းသည် ထီးနန်းအား ယခုလေးတင် ဆက်ခံခဲ့ခြင်း ဖြစ်ကာ သူ၏ အခြေခံမှာလည်း မခိုင်မာသေးချေ။

သူ့အနေဖြင့် မဟာချင် အင်ပါယာ၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် ယခု နိုင်ငံသစ်ဖြစ်သော ရှေးဟောင်းနိုင်ငံတို့နှင့် ရင်ဆိုင်ရမည် ဖြစ်၍ ဖိအားများအောက်တွင် ကျရောက်နေကာ မဟာကျိုး အင်ပါယာမှ အစွမ်းထက် ကျင့်ကြံသူများကို သုတ်သင်ခြင်း မလုပ်ခဲ့ပဲ သူ၏လက်အောက်သို့ ပြန်လည် သိမ်းသွင်းခဲ့သည်။

သို့သော်လည်း လျှမ်ကန်း အနေဖြင့် တစ်ချိန်လုံး နူးညံ့ ပျော့ပျောင်းစွာ လုပ်ဆောင်နေခဲ့ခြင်း မဟုတ်ပဲ အနာဂတ်တွင် ပြဿနာ ရှာလာနိုင်သော ရန်သူများကို အလွတ်မပေးခဲ့ပေ။ သူသည် နိုင်ထက်စီးနင်းလည်း မလုပ်ခဲ့ပဲ အချို့သူများကို

ကြမ်းတမ်းစွာ အပြစ်ပေးခဲ့ပြီး ကျန်သောသူများကို ဆုလာဘ်များ ပေးခဲ့ကာ မဟာကျိုး အင်ပါယာ၏ နိုင်ငံရေး အခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။

လျှမ်ဖူ၊ လျှမ်ကျင်းချန်၊ လျှန်ကျင်းလေနှင့် ကျန်သောသူများသည် လျှမ်ကန်းအား သစ္စာခံခဲ့ကြ၍ လျှမ်ကန်း၏ ကျင့်ကြံမှု အဆင့်သည် အနည်းငယ် နိမ့်ကျသေးသော်လည်း သူသည် လက်ရှိ နိုင်ငံရေး အခြေအနေအရ အသင့်တော်ဆုံးသော ဆက်ခံသူ ဖြစ်သည်။

လျှမ်ဖူသည် ရှေးဟောင်းနိုင်ငံ၏ ကြီးကျယ်သော ဖွင့်ပွဲ အခမ်းအနားသို့ လာ၍ တက်ရောက်ခဲ့သော မဟာကျိုး အင်ပါယာ၏ ကိုယ်စားလှယ် ဖြစ်သည်။

လျှမ်ဖူနှင့် ရှေးဟောင်းစုတ်တံ အကြီးအကဲတို့သည် လင်းဖုန်း၊ ရှောင်ယန်၊ ရှီကျုံးမောင်နှင့် ကျန်သောသူများကို တွေ့လိုက်ကြသော အခါ အချင်းချင်း ထပ်မံ နှုတ်ဆက်လိုက်ကြသည်။

အားလုံးတို့ နှုတ်ဆက်ပြီးသွားကြသော အခါ လျှမ်ဖူသည် သက်ရှည်မြို့တော်ဘက်သို့ လှည့်လိုက်ရာ ရှီကျုံးမောင်နှင့် တူညီသော အမူအရာများ ပေါ်လာခဲ့သည်။

သူတို့နှစ်ယောက်သည် အချင်းချင်း ကြည့်လိုက်ကြသော်လည်း မျက်နှာ ပြန်လွှဲလိုက်ကြသည်။ သူတို့ နှစ်ယောက်စလုံးသည် တော်ဝင်မိသားစု မျိုးဆက်များ ဖြစ်ကြ၍ သူတို့၏

မျက်နှာများသည် အနည်းငယ်
မည်းမှောင်နေကြသည်။

သူတို့၏ အရှေ့မှ သက်ရှည်မြို့တော်သည်
တောင်ပိုင်း တောရိုင်းဒေသ အတွင်းတွင်
နေထိုင်ကြသော သေမျိုး နိုင်ငံသူ နိုင်ငံသားများ၏
နဂါးစွမ်းအင်များကို စတင်၍ စုစည်းနိုင်ပြီ
ဖြစ်ကြောင်းကို ပြောနိုင်ခဲ့ကြသည်။

ကခုန်နေသော အလင်းတန်း နဂါးများနှင့်
တူနေသော အဖြူရောင် အလင်းတန်းများသည်
နေရာအနှံ့မှ လာခဲ့သကဲ့သို့ ကောင်းကင်ပေါ်မှ
ထိုးတက်လာ၍ ခမ်းနားလှသော မြို့တော်အတွင်းသို့
ကျဆင်းလာကြသည်။

ရှောင်ကျန်းအာက အသံပြုလိုက်သည်။
"အားလုံးပဲ... ကျေးဇူးပြုပြီး ကြွပါ"

သူမသည် ရှေ့မှ ဦးဆောင်၍ သက်ရှည်မြို့တော် အတွင်းသို့ ဆင်းသက်လာခဲ့သည်။ မြို့တော်၏ အပေါ်မှ လေထုအတွင်းတွင် ဝက်ပါပုံစံနှင့် အဖြူရောင် အလင်းတန်း များစွာတို့က လင်းလက်နေကြသည်။ ထိုအရာသည် ရောမ မှော်ဝက်ပါ တစ်ခု ဖြစ်သည်။

ယခင်က ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းသို့ ရောက်ခဲ့ဖူးသည့် လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ထိုဝက်ပါကို မြင်လိုက်ကြသော အခါ ချက်ချင်း မှတ်မိလိုက်ကြသည်။ "အန္တာတိက ရှေးဟောင်းသက်ရှည် ဝက်ပါ"

သူတို့အရှေ့မှ မှော်ဝင်ကျမ်းပါသည်
ရှေးဟောင်းမျိုးနွယ်စုတို့ မျိုးဆက်အဆင့်ဆင့်
လက်ဆင့်ကမ်းလာသည့် အစွမ်းထက်၍ နက်နဲသော
အန္တာတိက ရှေးဟောင်းသက်ရှည် ဝင်ကျမ်းပါပင်
ဖြစ်သည်။

ဂူကျွန်းနှင့် ရှေးဟောင်း မျိုးနွယ်စုမှ အစွမ်းထက်
ကျင့်ကြံသူများ အနေဖြင့် ဘာမှမရှိသော
အခြေအနေမှ ဤကဲ့သို့သော အထိမ်းအမှတ်
မြို့တော်တစ်ခုကို ဖန်တီးရခြင်းမှာ ဘာမှ
မခဲယဉ်းပေ။

သို့သော်လည်း သူတို့အနေဖြင့် သာမန်
မြို့တော်တစ်ခုကိုသာ လိုချင်နေခြင်း မဟုတ်ပေ။

သူတို့သည် သက်ရှည်မြို့တော်ကို ထိုးဖောက်မရနိုင်သော ခံတပ်တစ်ခုအနေဖြင့် အချိန်ယူ၍ တည်ဆောက်ခဲ့ကာ အန္တာတိက ရှေးဟောင်းသက်ရှည် ဝက်ပါ အသစ်တစ်ခုကို ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။

သူတို့သည် ဝက်ပါတစ်ခုကို သာမန်သာ ဖန်တီးခဲ့ခြင်း မဟုတ်ပေ။ သူတို့သည် ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းတွင် နှစ်ပေါင်းများစွာ တည်ရှိနေသည့် ဝက်ပါနှင့် ယှဉ်နိုင်သည့် အစွမ်းထက် ဝက်ပါတစ်ခုကို တည်ဆောက်လိုနေခြင်း ဖြစ်သည်။

ရှေးဟောင်း မျိုးနွယ်စုတို့သည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာပြီ ဖြစ်သဖြင့် နတ်ဘုရားနယ်မြေ

အတွင်းတွင် ခေတ္တမျှ ပတ်ကြည့်ကာ ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းသို့ ပြန်သွားမည် မဟုတ်ပေ။

ယနေ့မှ စ၍ ရှေးဟောင်း သက်ရှည်ကမ္ဘာကို အရန် အနေဖြင့်သာ ထား၍ အနာဂတ် စီမံကိန်းများကို နတ်ဘုရားနယ်မြေမှ သက်ရှည်နိုင်ငံ အတွင်း၌သာ အကောင်အထည် ဖော်မည်ဖြစ်သည်။

သက်ရှည်မြို့တော်သည် ရှေးဟောင်းနိုင်ငံ၏ မြို့တော်ဖြစ်ကာ မဟာကျိုး အင်ပါယာ၏ ထျန်းကျန်းမြို့၊ မဟာချင် အင်ပါယာ၏ ရှီးလင်မြို့ သို့မဟုတ် အစွမ်းထက်သော ဂိုဏ်းများ၏ အခြေစိုက်ရာတောင်များကဲ့သို့ ဖြစ်၍ အသေအချာ စီမံရမည်မှာ သဘာဝကျပေသည်။

တောင်ပိုင်း တောရိုင်းဒေသ အတွင်းမှ စိတ်ဝိညာဉ်
စွမ်းအင် စီးဆင်းမှုများ
ပြောင်းလဲသွားခြင်းသည်လည်း
ဤအချက်ကြောင့်ပင် ဖြစ်သည်။

ရှီကျုံးမောင်နှင့် လှူမ်ဖူတို့ အပြင် အခမ်းအနားသို့
ဖိတ်ကြားခြင်း ခံခဲ့ရသော အခြား
အင်အားစုများလည်း ရှိကြသည်။ တောင်ပိုင်း
တောရိုင်းဒေသ၏ အနီးအနား ဒေသမှ
ဂိုဏ်းများဖြစ်သော ကျယ်ပြန့်သောပင်လယ်
ဓားဂိုဏ်း၊ သံသရာဂိုဏ်း၊ မဟာ လွင်တီးခေါင်
ဓားဂိုဏ်း အစရှိသော ဂိုဏ်းများကလည်း
သက်ဆိုင်ရာ အကြီးအကဲများကို စေလွှတ်ကာ
တက်ရောက်ခဲ့ကြသည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည် မြောက်ပိုင်းဒေသတွင် တည်ရှိကာ သူတို့၏ နယ်နိမိတ်များ အကြားတွင် မဟာကျိုးနှင့် မဟာချင် အင်ပါယာတို့ ကွာခြားနေသော်လည်း သူတို့သည် ဤအခမ်းအနားသို့ တက်ရောက်ရန် ကိုယ်စားလှယ်များကို စေလွှတ်ခဲ့ကြသေးသည်။ သူတို့ကလည်း သတိထားနေသော အကြည့်များဖြင့် သက်ရှည်မြို့တော်အား အကဲခတ်နေကြပေသည်။

ရေးဟောင်းနိုင်ငံကလည်း သူတို့၏ ညေ့်သည်များကို အတတ်နိုင်ဆုံး ညေ့်ဝတ်ကျေပွန်စေရန် ကြိုးစားခဲ့ကြသည်။

သို့သော်လည်း သူတို့သည် အခြားသူများထက် စာလျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ပို၍ အရေးပေးခဲ့ကြသည်။ ထိုသို့လည်း ဖြစ်သင့်ပေသည်။

ထို့အပြင် သူတို့သည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းနှင့် အပြာရောင်ခန်းမ သူတော်စင်တို့ကိုလည်း ပိုမိုရင်းနှီးစွာ ကြိုဆိုခဲ့ကြသည်။

လူသားကျင့်ကြံမှု ကမ္ဘာအတွင်းတွင် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းသည် ဟင်းလင်းပြင် ဘုရားကျောင်း၊ စုတောင်ဓားဂိုဏ်းနှင့် ပြန်လည် မွေးဖွားလာသော ဗုဒ္ဓဂိုဏ်းတို့အပြင် ရှေးဟောင်းခေတ်မှ စ၍

ယနေ့တိုင်အောင် ရပ်တည်နိုင်ခဲ့သော
တစ်ခုတည်းသော အင်အားစု ဖြစ်သည်။

သို့သော်လည်း လူတိုင်းက မုန်းတီး၍
ခွဲခြားဆက်ဆံခြင်းကို ခံခဲ့ရသည့် သေမင်းကောရာဇ်
မျိုးဆက်များကို ရှေးဟောင်း မျိုးနွယ်စုများက
ထည့်မတွက်ထားကြပေ။

ညွှ်သည်များ အားလုံး စုံညီသွားကြသော အခါ
ခမ်းနားထည်ဝါသော အခမ်းအနားက
စတင်တော့မည် ဖြစ်သည်။ သက်ရှည်မြို့တော်၏
တရားဝင် ဖွင့်ပွဲနှင့် ပြီးပြည့်စုံသော အန္တာတိက
ရှေးဟောင်းသက်ရှည် ဝက်ပါသည် အချို့သူများကို
ပျော်ရွှင်မြူးတူးစေခဲ့၍ အချို့သူများကို
စိတ်ဓာတ်ကျစေခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းတွင် အစွမ်းထက်သော အင်အားစု တစ်ခုက ထပ်မံ၍ ပေါ်ပေါက်လာခဲ့လေပြီ။ ဤအရာသည် ဒေသတွင်း အခြေအနေကိုသာ မက နတ်ဘုရားနယ်မြေ တစ်ခုလုံး၏ နိုင်ငံရေး အခြေအနေများ အပေါ်၌ အကျိုးသက်ရောက်မှု ရှိစေနိုင်သည်။

သို့သော်လည်း ယခုအချိန်တွင် အစိုးရိမ်နေကြဆုံးသော သူများမှာ တောင်ပိုင်း တောရိုင်းဒေသနှင့် နီးကပ်သော ဒေသများမှ ဖြစ်ကြသည့် မဟာ လွင်တီးခေါင် ဓားဂိုဏ်း၊ သံသရာဂိုဏ်းနှင့် ကျယ်ပြန့်သောပင်လယ် ဓားဂိုဏ်းတို့ ဖြစ်ကြသည်။

အလားတူ သတိထားနေကြသော
အဖွဲ့အစည်းများမှာ သေမျိုးကမ္ဘာနှင့် ကျင့်ကြံမှု
ကမ္ဘာတို့အား ပေါင်းစည်းထားသည့် နိုင်ငံနှင့်
အင်ပါယာများ ဖြစ်ကြသည့် မဟာကျိုး အင်ပါယာ၊
မဟာချင် အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့ ဖြစ်ကြသည်။

မဟာကျိုး အင်ပါယာနှင့် မဟာချင်
အင်ပါယာတို့သည် အမျိုးအစား တူညီကြ၍
အနီးဆုံး ဒေသများ ဖြစ်ကြသဖြင့်
သတိအထားနေဆုံးသူများ ဖြစ်ကြသည်။

အထူးသဖြင့် ဂူကျွန်း၏ ခန္ဓာကိုယ် အတွင်းသို့
ဝင်ရောက်နေကြသည့် အဖြူရောင်
နဂါးစွမ်းအင်များကို မြင်နေရသော လျှမ်ဖူနှင့်

ရှိကျုံးမောင်တို့ ဖြစ်ကြသည်။ ဂူကျွန်း၏ ခေါင်းပေါ်မှ ကောင်းကင်တွင် အဖြူရောင် ကြာပန်းတစ်ပွင့် ဖူးပွင့်လာ၍ ပွင့်ချပ် တစ်ခုချင်းစီက ကမ္ဘာအသစ်တစ်ခု ဖန်ဆင်းသည်နှင့် တူနေသည်ကို တွေ့လိုက်ရသော အခါ သူတို့၏ ရင်အတွင်းတွင် အလွန်အမင်း လေးလံလာခဲ့သည်။

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် အခြား အစီအစဉ်များလည်း ရှိသေးသည်။ အစွမ်းထက်သော ကျင့်ကြံသူများသည် ဤအခွင့်အရေးကို အသုံးချကာ အချင်းချင်း ဆွေးနွေးခဲ့ကြပြီး သူတို့၏ စိုးရိမ်ပူပန်မှုနှင့် ပြဿနာများကို ဖလှယ်ခဲ့ကြသည်။

အားလုံးတို့အတွက် အရေးအပါဆုံး ပုဂ္ဂိုလ်မှာ လင်းဖုန်းပင် ဖြစ်ပေတော့သည်။

သက်ရှည်မြို့တော်၏ တော်ဝင်နန်းတော် အတွင်းတွင် ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့သည် အဓိက နေရာများတွင် ထိုင်နေကြ၍ လင်းဖုန်းက သူတို့၏ ဘေးတွင် ထိုင်နေသည်။ ရှောင်ယန်နှင့် ကျန်သော ဂျူနီယာများမှာမူ သူ၏ဘေးတွင် ရပ်နေကြလေသည်။

ရှောင်ယန်သည် သူ၏ လက်ရှိ အဆင့်အတန်းအရ ဤကဲ့သို့ ရပ်နေစရာ မလိုပေ။ သို့သော်လည်း ရှောင်ကျန်းအာက သူ၏ဘေးတွင် ရပ်နေသဖြင့် သူက မည်သို့မှ အလေးမထားခဲ့ပေ။

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "ကျုပ်တို့က အလောတကြီး လာခဲ့ရလို့ ကျုပ်တို့ရဲ့ လက်ဆောင်တွေက အနည်းငယ် အမြင်မလှ ဖြစ်နေခဲ့တာကို ခွင့်လွှတ်ပါ"

ပြီးတာနှင့် သူသည် ရှောင်ယန်ဘက်သို့ လှည့်လိုက်ရာ ရှောင်ယန်က ဘူးတောင်းတစ်ခုကို ယူထုတ်လိုက်၍ ပေးလိုက်သည်။ ဂူကျွန်းကလည်း သိချင်စိတ် ပြင်းပြစွာဖြင့် ဗူးတောင်၏ အဖုံးကို ဖွင့်လိုက်ပြီး အတွင်းမှ အရာများကို သူ၏ အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ သူ၏ အမူအရာက ချက်ချင်းပြောင်းသွား၏။

"ဒီအတွင်းမှာ ပါတဲ့ ဆေးဝါးစွမ်းအားနဲ့ သဘောတရားတွေဟာ အမတန်မှ ထူးချွန်

ပြောင်မြောက်ပေမဲ့ ကျုပ်က ဒီလိုမျိုး ဆေးလုံးကို တစ်ခါမှ မမြင်ဖူးသလို ကြားလည်း မကြားဖူးဘူး... ဒါက ဘာများ..."

ဂူယွမ်ခိုင်သည် ဆေးလုံး ဖော်စပ်မှုတွင် ကျွမ်းကျင်သူ ဖြစ်ပြီး ထိုဘူးတောင်းကို ခေတ္တမျှ လေ့လာလိုက် အပြီးတွင် သူ၏ အဖြူရောင် မျက်ခုံးများက တွန့်သွားခဲ့သည်။

"ကျုပ်ရဲ့ နားမလည်မှုကို ခွင့်လွှတ်ပါ... ဒါပေမဲ့ ကျုပ်က ဒီလိုမျိုး ဆေးလုံးကို တစ်ခါမှ မတွေ့ဖူးဘူး... ကျုပ်က သူ့ရဲ့ အစွမ်းတွေကို နားမလည်ပေမဲ့ ဒီဆေးလုံးဟာ ပဏ္ဍိတဆယ်ပါး ရွှေရောင်ဆေးလုံး ဒါမှမဟုတ် တခြား စိတ်ဝိညာဉ် ဆေးလုံးမျိုး ဖြစ်တဲ့ ၃၃ဘုံ ဖန်ဆင်းခြင်း

သက်စောင့်ဆေးလုံးတို့ထက် အောက်မကျတာတော့ သေချာတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ဘာမှ မပြောခဲ့ပဲ ရှောင်ယန်က သူ၏ လက်နှစ်ဘက်ကို ဆုပ်ကာ ပြောလိုက်သည်။ "ဒီဆေးလုံးကို ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးလို့ ခေါ်ပါတယ်"

"ကျွန်တော်က ဒီဆေးလုံးကို ကိုယ်တိုင် တီထွင်ထားတာပါ... အကြီးအကဲတို့က ဆေးလုံး ဖော်စပ်ရာမှာ ကျွမ်းကျင်သူတွေ ဖြစ်ကြတော့ ကျေးဇူးပြုပြီးမှ ကျွန်တော့်ကို အကြံဉာဏ်တွေ ပေးကြပါ"

သူ၏ စကားများကို ကြားခဲ့ရသော အခါ ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့သည် ထူးဆန်းသော အကြည့်များဖြင့် အချင်းချင်း ကြည့်လိုက်ကြလေသည်။

ရေးဟောင်း မျိုးနွယ်စုတို့သည် ဆေးလုံးများ ဖော်စပ်ရာတွင် ကျွမ်းကျင်ကြသည်။ ရေးဟောင်းခေတ်မှ ရေးဟောင်း ကေရာဇ်ဖြစ်သည့် ဂူချန်စန်းသည် လူသားကေရာဇ်များ အနက်တွင် ဆေးလုံးဖော်စပ်မှု အကျွမ်းကျင်ဆုံး သူများအကြားတွင် ပါကာသူသည် ချုံးကေရာဇ်၊ ရှုကေရာဇ်တို့နှင့် တူညီသော ကျော်ကြားမှုများ ရှိသည်။

အန္တာတိက ရေးဟောင်းသက်ရှည် ဝက်ပါသည်
ဆေးလုံးများ ထုတ်လုပ်မှုကို ပံ့ပိုးနိုင်သည့်
အသင့်တော်ဆုံး မှော်ဝက်ပါ တစ်ခုဖြစ်သည်။

ရေးဟောင်း မျိုးနွယ်စုတို့၏ မူလ ထုတ်လုပ်မှုများ
ဖြစ်ကြသည့် ရတနာ ကြာပန်းဆေးလုံးနှင့်
သက်ရှည် ဆေးလုံးတို့သည် ပဏ္ဍိတ ဆယ်ပါး
ရွှေရောင်ဆေးလုံး၊ ကောင်းကင် ဖြစ်တည်မှု
လမ်းစဉ် ရွှေရောင် ဆေးလုံး၊ အသက် အစားထိုးခြင်း
ကောင်းကင်ဆေးလုံး၊ ဗောဓိဆေးလုံးနှင့် အခြား
ထိပ်တန်း စိတ်ဝိညာဉ် ဆေးလုံးများနှင့်
အဆင့်အတန်း တူညီသည်။

သို့သော်လည်း ဤအချက်ကြောင့်ပင်
သူတို့အနေဖြင့် ဤကဲ့သို့သော စိတ်ဝိညာဉ်

ဆေးလုံးတစ်လုံးအား တီထွင်ရန်မှာ မည်မျှ ခက်ခဲကြောင်းကို သိနေကြသည်။

အလယ်ခေတ်တွင် ကောင်းကင်ဖြစ်တည်မှု လမ်းစဥ် ရွှေရောင် ဆေးလုံးအား တီထွင်ခဲ့သည့် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကောင်းကင်မွေးဖွား တာအိုဆရာ နောက်ပိုင်းတွင် ဤကဲ့သို့ အဆင့်မှ ဆေးလုံးမျိုးကို တစ်ယောက်ကမှ မတီထွင်နိုင်ကြတော့ပေ။

ထို့ကြောင့် ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံးက စတင်ပေါ်ပေါက်လာသည့် အချိန်တွင် ကမ္ဘာတစ်ခုလုံးက အံ့သြ တုန်လှုပ်သွားခဲ့ကြခြင်း ဖြစ်သည်။

အခြားသူများက သူတို့၏ လက်ဆောင်များကို ပေးအပ်ခဲ့ကြသော အချိန်တွင် လင်းဖုန်း၊ ရှောင်ယန်နှင့် ကျန်သောသူများက ဝင်မပါခဲ့ကြခြင်း၏ အကြောင်းရင်းကို အားလုံးတို့က ရုတ်တရက် သဘောပေါက်သွားကြသည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် သာလွန်သည့် အနေဖြင့် မောက်မာနေကြခြင်း မဟုတ်ပဲ ပြောင်းပြန် ဖြစ်လှစွာပင် သူတို့သည် အဓိက ဆွဲဆောင်မှုများကို မပြုလုပ်လိုနေကြခြင်း ဖြစ်သည်။

## စာစဥ် ၆၈ : အပိုင်း ၅

## အပိုင်း ၁၃၁၅ : ဆေးလုံး ဖော်စပ်မှုတွင် တစ်ကမ္ဘာလုံး၌ အကောင်းဆုံး

ကမ္ဘာ နှစ်ခုအကြားမှ စစ်ပွဲမတိုင်မီက လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ရှေးဟောင်း သက်ရှည်ကမ္ဘာသို့ သွားရောက် လည်ပတ်ခဲ့ကြ၍ ရှောင်ယန်သည် ချင်းနင်သူတော်စင်၊ လင်းကြွယ် သူတော်စင် ဂူယွမ်ခိုင်တို့နှင့် ဆေးဖော်စပ်မှု ပြိုင်ပွဲငယ် တစ်ခုကို ယှဥ်ပြိုင်ခဲ့ကြသည်။

ထိုဆေးဖော်စပ်မှု ပြိုင်ပွဲတွင် သူတို့ သုံးဦးသာ ယှဥ်ပြိုင်ခဲ့ကြသဖြင့် ထိုပြိုင်ပွဲသည် ကြီးမားသော ပြိုင်ပွဲဟူ၍ မဆိုနိုင်ချေ။

သို့သော်လည်း ပါဝင် ယှဥ်ပြိုင်ခဲ့ကြသူများမှာ ချင်းနင်သူတော်စင် ဖြစ်စေ၊ လင်းကွယ် သူတော်စင် ဖြစ်စေ၊ ရှောင်ယန်ဖြစ်စေ နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင် ဆေးဖော်စပ်မှု အရာ၌ အကောင်းဆုံးသူများ ဖြစ်ကြ၏။ သို့ဖြစ်၍ ထိုပြိုင်ပွဲ၏ အဆင့်အတန်းသည် အမတန်မှ မြင့်မားကာ သမိုင်းတလျှောက်တွင်ပင် တွေ့ရခဲသော ပြိုင်ပွဲဖြစ်သည်။

လင်းဖုန်း၊ ဂူကျွန်းနှင့် ယန်နန်းလိုင်တို့သည် ထိုပြိုင်ပွဲကို ကြည့်ရှုခဲ့ကြပြီး သူတို့၏ အဆင့်အတန်းများက လုံလောက်နေပြီ ဖြစ်သည်။

ရှောင်ယန်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ချင်းနင်သူတော်စင်နှင့် ရှေးဟောင်း မျိုးနွယ်စုမှ

ဂူယွမ်ခိုင်တို့အား အနိုင်ယူနိုင်ခဲ့ကာ သူ၏
အထက်တန်းကျသော ဆေးဖော်စပ်မှု
စွမ်းရည်များကို ဖော်ပြနိုင်ခဲ့သည်။

ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့ နှစ်ဦးစလုံးသည် ဘာမှ
မတတ်နိုင်ပဲ ရှောင်ယန်၏ ဆေးဖော်စပ်မှု
နည်းလမ်းများကို အံ့အားသင့်ခဲ့ရသည်။

ရှောင်ယန်သည် ထိုအချိန် မတိုင်ခင်က
ဆေးလုံးအချို့ကို တီထွင်နိုင်ခဲ့သော်လည်း
ထိုအရာများသည် ဗောဓိရတနာ ဆေးလုံး၊
သက်ရှည်ဆေးလုံး၊ ပဏ္ဍိတ ဆယ်ပါး
ရွှေရောင်ဆေးလုံးနှင့် ကျန်သော ထိပ်တန်း
ဆေးလုံးများနှင့် မယှဉ်နိုင်ခဲ့ပေ။

ဂူကျွန်းနှင့် ကျန်သောသူများသည် ရှောင်ယန်၏
ကျင့်ကြံမှု အဆင့်အတန်းများက မြင့်မားလာ၍
ဆေးဖော်စပ်မှုတွင် သူ့ကိုယ်သူ ပို၍
နစ်မြှုပ်ထားပါက သူသည် ချုံးကေရာဇ်၊ ရှကေရာဇ်၊
ဂူကေရာဇ်၊ ယန်ရှင်းဟီ သို့မဟုတ် သာရိပုတ္တရာ
တို့ကဲ့သို့ သူ့ကိုယ်သူ မြင့်မြတ်သော အဆင့်မြင့်
စိတ်ဝိညာဉ် ဆေးလုံးတစ်မျိုးကို
ဖန်တီးနိုင်လိမ့်မည်ဟု ပြောနိုင်ကြသည်။

သို့သော်လည်း ထိုနေ့က ယခုကဲ့သို့ လျင်မြန်စွာနှင့်
ရောက်လာနိုင်ခဲ့မည်ဟု သူတို့က
ထင်မထားခဲ့ကြပေ။

ရှောင်ယန်သည် အင်မော်တယ် ဝိညာဉ် အဆင့်သို့
ရောက်နေပြီ ဖြစ်ကာ သူ၏ စွမ်းရည်များသည်

တူညီသော ကျင့်ကြံမှု အဆင့်မှ
ကျန်သောသူများထက် များစွာပို၍ သန်မာပြီး သူ၏
ဆေးလုံး ဖော်စပ်မှု စွမ်းရည်များမှာလည်း ထူးချွန်
ပြောင်မြောက်လှသည်။ သို့သော်လည်း
ရှောင်ယန်သည် အခြား စီနီယာများနှင့်
ယှဉ်လိုက်လျှင် များစွာ အသက်ငယ်လွန်းနေသည်။

သေမင်း ကောရာဇ် သို့မဟုတ် လွန်ခဲ့သော နှစ်များက
ထိပ်တန်းဆေးလုံးများကို တီထွင်ခဲ့သော
အခြားသူများနှင့် စာလျှင် ရှောင်ယန်၏
အသက်သည် ဆယ်ဆမက ပိုငယ်ပေသည်။

ရှောင်ယန်သည် သူ၏ ကြာရှည်၍ အကျိုးရှိသော
ဘဝတွင် နောက်ထပ် မည်မျှအထိ ဖန်တီးနိုင်စွမ်း
ရှိဦးမည်ကို မည်သူကမှ မခန့်မှန်းနိုင်ကြပေ။

ရှောင်ယန်အနေဖြင့် သူ၏ဘဝ အတွင်းတွင်
ကံမကောင်းပဲ ကျဆုံးသွားနိုင်ခြေ ရှိသော်လည်း
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မြင့်တက်လာသော
ပုံစံနှင့် သူ၏ ကိုယ်ပိုင် တိုးတက်မှုနှုန်းကို
တွက်လိုက်လျှင် သူ၏ အသက်ကို ခြွေနိုင်သောသူ
တစ်ယောက်မှ ရှိနိုင်မည် မဟုတ်ချေ။

လင်းဖုန်းနှင့် အတူ ကမ္ဘာအတွင်းတွင်
ပေါ်ပေါက်လာသည့် ၃၃ဘုံ ဖန်ဆင်းခြင်း
သက်စောင့်ဆေးလုံးအား တွေးမိလိုက်သော အခါ
ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့သည် သက်ပြင်းတစ်ချက်ကို
တစ်ချိန်တည်းတွင် ချလိုက်ကြလေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နည်းစနစ်များသည် မဟာတာအို ကိုယ်တိုင်ထံမှ လာခဲ့သကဲ့သို့ သိမ်မွေ့နက်နဲ၍ ခန့်မှန်းရ ခက်ခဲသည်ကို တစ်ကမ္ဘာလုံးက သိနေကြသည်။ သူတို့သည် ချမ်းသာကြွယ်ဝကာ အရင်းအမြစ်များ ပေါများလှ၍ သူတို့၏ ဆေးလုံးကျင့်ကြံမှု စွမ်းဆောင်ရည်များသည် လူသားကျင့်ကြံမှု ကမ္ဘာတစ်ခုလုံး၏ အာရုံများကို ဆွဲဆောင်နိုင်သည်။

ဂူယွမ်ခိုင်သည် သူ၏ အသိစိတ်ကို အသုံးပြု၍ ကောင်းကင်ဆန်းကြယ် ရွှေရောင် ဆေးလုံးကို အကဲခတ်လိုက်၍ ပျော်ရွှင်စွာဖြင့် မေးလိုက်သည်။ "သူ့ရဲ့ အထူး အစွမ်းသတ္တိက ဘာတွေလဲ"

သူသည် ယခင်က ဟင်းလင်းပြင် ဘုရားကျောင်းဘက်သို့ ပါခဲ့သော်လည်း ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် သူ၏ သဘောထားက စတင်၍ ပြောင်းလဲလာသည်။

သူသည် ဆေးလုံးကျင့်ကြံမှု ပညာရပ်ကို ရှူးသွပ်သူဖြစ်ကာ သူတို့ မိသားစု၏ သက်ရှည်ဆေးလုံး၊ ရတနာ ကြာပန်းဆေးလုံးတို့နှင့် ယှဉ်နိုင်သော စိတ်ဝိညာဉ် ဆေးလုံး တစ်မျိုးကို တွေ့လိုက်ရသော အခါ စိတ်ဝင်စားမှုများက မြင့်တက်လာခဲ့သည်။

ရှောင်ယန်က ပြုံး၍ ပြန်ပြောလိုက်သည်။ "အကြီးအကဲက သူ့ကို သောက်လိုက်ရင်တောင် သူ့ရဲ့ အကျိုးတွေကို ခံစားနိုင်မှာ ဖြစ်ပြီး ရတနာ

ကြာပန်းဆေးလုံးနဲ့ ပေါင်းစပ်လိုက်ရင် သူ့ရဲ့ အသုံးဝင်မှုတွေက အဆုံးမဲ့နိုင်တယ်"

ဂူယွမ်ခိုင်၏ မျက်လုံးများက တောက်ပလာသည်။
"အာ"

သက်ရှည်ဆေးလုံးနှင့် ရတနာ ကြာပန်းဆေးလုံးတို့သည် ရှေးဟောင်း ဧကရာဇ် မျိုးဆက်များ လက်ဆင့်ကမ်းလာသည့် မယုံနိုင်အောင် အစွမ်းထက်သည့် စိတ်ဝိညာဉ် ဆေးလုံး နှစ်မျိုးတို့ ဖြစ်ကြသည်။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများကသာ သက်ရှည်ဆေးလုံး၏

အကျိုးကျေးဇူးများကို ခံစားနိုင်မည် ဖြစ်ကာ သူ၏ အစွမ်းများသည် သဘာဝကို ဆန့်ကျင်နေသည်ဟု ပြော၍ရသည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် နှစ်ပေါင်း ၁၀၀၀သာ အသက်ရှည်နိုင်ပြီး အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် နှစ်ပေါင်း ၃၆၀၀သာ အသက်ရှည်နိုင်သည်ကို နတ်ဘုရားနယ်မြေ တစ်ခုလုံးက သိထားကြသည်။

အကယ်၍ သူတို့သည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ မရောက်နိုင်ခဲ့ပါက သူတို့၏ ဘဝသည် အသက်စတင်ရာ ဖြစ်သော မြေကြီးအတွင်း၌သာ အဆုံးသတ်ရမည် ဖြစ်သည်။

သို့သော်လည်း ရှေးဟောင်း မျိုးနွယ်စုတို့၏ သက်ရှည်ဆေးလုံးသည် အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူ တစ်ယောက်၏ သက်တမ်းကို ဆွဲဆန့်ပေးနိုင်သည်။

သူ၏ အစွမ်းများသည် လူအပေါ်တွင် မူတည်၍ ပြောင်းလဲကာ အပိုသက်တမ်းများက ကွဲပြားပေသည်။ သို့သော်လည်း မှတ်တမ်းတင်ထားသော အများဆုံးအချိန်မှာ အပိုနှစ်ပေါင်း ၁၀၀၀ပင် ဖြစ်သည်။

ဤအရာသည် သက်တမ်း ၃၆၀၀ ပြည့်ခါနီး ဖြစ်နေသော အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ အတွက် အလွန်အမင်း အသုံးဝင်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အချို့ ကျင့်ကြံသူများသည် သူတို့ ရရှိခဲ့သော သက်တမ်းအပိုတွင် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ချိုးဖောက်သွားနိုင်ခဲ့ကြသည်။ သက်တမ်း ကုန်လုနီးပါး ဖြစ်နေကြသော သူများအနေဖြင့် ကောင်းကင်နှင့် မြေကြီးတို့၏ အသက်စွမ်းအင်များကို ပြန်လည်၍ ခံစားနိုင်ခဲ့ကြသည်။

ဆေးလုံး တစ်လုံးသည် လူတစ်ယောက်၏ ကံကြမ္မာကို ပြောင်းလဲနိုင်ပေသည်။

သူ့တွင် အခြား အကျိုးသက်ရောက်မှုများ မရှိပဲ အစွမ်းသတ္တိ တစ်ခုသာ ရှိသော်လည်း

သက်ရှည်ဆေးလုံးသည် အဆင့်မြင့် စိတ်ဝိညာဉ် ဆေးလုံးများ အတွင်းတွင် ပါဝင်နေသည်။

တစ်ခုတည်းသော အားနည်းချက်မှာ သက်ရှည်ဆေးလုံးသည် ဖော်စပ်ရန် ခက်ခဲပြီး အကန့်အသတ် များစွာ ရှိနေခြင်း ဖြစ်သည်။ ရှေးဟောင်း မျိုးနွယ်စုတို့၏ အတွင်းစက်ဝိုင်းတွင်ပင် သူတို့အား အမြောက်အမြား ထုတ်လုပ်နိုင်ခြင်း မရှိပဲ အရေအတွက် အကန့်အသတ်ဖြင့်သာ ရှိသည်။ သမိုင်းတလျှောက်တွင် ပထဝီဝင် အနေအထားအရ ချို့ယွင်းချက်များလည်း ရှိလာခဲ့သည်။

အခြား ထိပ်တန်းဆေးလုံး ဖြစ်သော ရတနာ ကြာပန်းဆေးလုံးသည် သက်ရှည်ဆေးလုံးလောက် မကျော်ကြားပေ။ အဘယ်ကြောင့်ဆိုသော်

ထိုစိတ်ဝိညာဥ် ဆေးလုံးသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ကောင်းကင် ဖြစ်တည်ခြင်း
လမ်းစဥ် ရွှေရောင်ဆေးလုံးနှင့်
ဆင်တူနေသောကြောင့် ဖြစ်သည်။

သူ၏ အဓိက အသုံးဝင်မှုသည် ရှေးဟောင်း
မျိုးနွယ်စုမှ တပည့်များကို ရှေးဟောင်း
အင်မော်တယ် ကျမ်းစာကို ကျင့်ကြံရာတွင်
ကူညီနိုင်ရန် ဖြစ်သည်။

ရတနာ ကြာပန်းဆေးလုံးသည် ရှေးဟောင်း
အင်မော်တယ် ကျမ်းစာကို လေ့ကျင့်နေသော
ကျင့်ကြံသူများ အတွက် အလွန်အမင်း
အသုံးဝင်သည်။ သူသည် နေ့စဥ် ကျင့်ကြံမှုများ၌သာ
အသုံးဝင်ခြင်း မဟုတ်ပဲ နည်းစနစ်များကို

နားလည်ခြင်းနှင့် အတားအဆီးများကို
ချိုးဖောက်ခြင်း တို့တွင်လည်း ကူညီပေးနိုင်သည်။

ဤအခါက အစွမ်းသတ္တိ အပြင် ရတနာ
ကြာပန်းဆေးလုံးတွင် အခြား အစွမ်းများလည်း
ရှိသည်။ သူသည် ရှေးဟောင်း အင်မော်တယ်
ကျမ်းစာကို မလေ့ကျင့်ထားသော ကျင့်ကြံသူများ
အပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိသည်။

တစ်ခုတည်းသော ခြားနားမှုမှာ သူ၏
အစွမ်းများသည် ရှေးဟောင်း အင်မော်တယ်
ကျမ်းစာ ပြင်ပတွင် အကန့်အသတ် ရှိပြီး
ဤအရာသည် ကောင်းကင် ဖြစ်တည်မှု လမ်းစဥ်
ရွှေရောင်ဆေးလုံးနှင့် ဆင်တူသော အစွမ်းသတ္တိများ
ဖြစ်သည်။

ရှေးဟောင်း မျိုးနွယ်စုတို့ အတွက် ရတနာ ကြာပန်းဆေးလုံးအား တတ်နိုင်သမျှ အစောဆုံး သောက်သုံးနိုင်လျှင် အကောင်းဆုံးဖြစ်သော်လည်း နောက်ပိုင်းမှ သောက်သုံးခဲ့လျှင်လည်း လိုအပ်သော အကျိုးကျေးဇူးများကို ရနိုင်သေးသည်။

သို့သော်လည်း ဂူယွမ်ခိုင်သည် သူ၏ ဆေးလုံးအား တတ်နိုင်သမျှ အစောဆုံး သောက်သုံးမည် ဖြစ်သည်။

ရှောင်ယန် ပြောခဲ့သော ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများ အတွက်ပါ အကျိုးသက်ရောက်မှု ရှိပြီး ရတနာ

ကြာပန်းဆေးလုံးနှင့်လည်း အတူတကွ တွဲ၍ သောက်သုံးနိုင်သည်။ ဂူယွမ်ခိုင်သည် ခေတ္တမျှ စဉ်းစားလိုက်ရာ ချက်ချင်း နားလည်သွားခဲ့သည်။

"ဒါက အန္တိမ အသိဉာဏ် နတ်ဘုရား ဆေးလုံးနဲ့ ဆင်တူနေပြီး တာအိုကို နားလည်နိုင်စွမ်း ရှိနေတာလား"

"ဟုတ်တယ်... ဒါက သူ့ရဲ့ အဓိက အစွမ်းသတ္တိ တစ်မျိုးဖြစ်တယ်" ရှောင်ယန်က ရယ်၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး၏ အဓိက အမယ်တစ်မျိုးမှာ တိမ်တိုက်တောအုပ် သစ်ပင်မှ ပေါက်ဖွားလာသော တိမ်တိုက်တောအုပ် သစ်သီးပင် ဖြစ်သည်။

သဘောတရား အရ ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး၏ အစွမ်းများသည် အန္တိမ အသိဉာဏ် နတ်ဘုရား ဆေးလုံး၏ အဓိက အမယ်ကဲ့သို့ ဂျင်ဆင်းသစ်သီးကို အသုံးပြုနိုင်လျှင် ပို၍ ကောင်းမွန်မည် ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်၏ အဆက်မပြတ် လေ့လာ စမ်းသပ်မှုများ အရ တိမ်တိုက်တောအုပ် သစ်သီးအား အသုံးပြုလျှင်လည်း ကြီးမားသော အကျိုးကျေးဇူးများ ရနိုင်သည်ကို သက်သေပြနိုင်ခဲ့သည်။

ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး၏ အဓိက အစွမ်းသတ္တိ တစ်မျိုးမှာ လူများ၏

အသိစိတ်ကို ပိုမို လျင်မြန်စေခြင်း ဖြစ်သည်။
သူသည် သောက်သုံးခဲ့သောသူအား ကောင်းကင်နှင့်
မြေကြီး၊ မဟာတာအို တို့နှင့် ဆက်သွယ်ပေးကာ
သူတို့၏ အသိဉာဏ်ကို မြင့်မားစေနိုင်သည်။

ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့ နှစ်ယောက်စလုံးသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင်
တိမ်တိုက်တောအုပ် သစ်ပင်ကို
ပိုင်ဆိုင်ထားသည်ကို သိနေကြသည်။ သို့တိုင်အောင်
သူတို့သည် ဤအရာကို မယုံနိုင်လောက်အောင်
အံ့ဩဖွယ်ရာ ကောင်းလှသည်ဟု ယူဆနေကြသည်။

အကျွမ်းကျင်ဆုံး အိမ်ရှင်မသည်ပင်လျှင်
ဆန်မရှိပဲနှင့် ထမင်းမချက်နိုင်ပေ။ ရှောင်ယန်သည်

ဘာမှ မရှိခြင်းမှနေ၍ ထူးချွန်ပြောင်မြောက်သော
တစ်စုံတစ်ခုကို ဖန်ဆင်းနိုင်သူနှင့် တူနေပေသည်။

"သူ့ရဲ့ အဓိက အစွမ်းထဲက တစ်ခုဆိုတော့... သူ့မှာ
တခြား အစွမ်းသတ္တိတွေ ရှိသေးလား"
ဂူယွမ်ခိုင်သည် ထိုဆေးလုံးကို အချိန်အနည်းငယ်
ထပ်မံ၍ လေ့လာနေရင်း ရှောင်ယန်အား
နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

ရှောင်ယန်သည် ရယ်ရမ်းသွေး၍
ပြန်ဖြေလိုက်သည်။ "နောက်ထပ် အဓိက
အစွမ်းတစ်မျိုး ရှိသေးတယ်... ဒါပေမဲ့ ဒါက
အကြီးအကဲ အတွက် အသုံးမဝင်ဘူး...
အခြေတည်ဝိညာဉ် အဆင့် ဒါမှမဟုတ်
ရွှေရောင်ဗဟိုချက် အဆင့်က

ကျင့်ကြံသူတွေကတောင် အသုံးပြုနိုင်မှာ မဟုတ်ဘူး... အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူတွေကသာ အကျိုးရှိနိုင်မှာ ဖြစ်တယ်"

ရှောင်ယန်၏ စကားများကို ကြားခဲ့ရသော အခါ ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့၏ အမူအရာများသည် လေးနက် တည်ကြည်သွားကြသည်။

သူတို့သည် အကြည့်ချင်း ဖလှယ်လိုက်၍ ဂူယွမ်ခိုင်က ဘာမှ မပြောခဲ့သော်လည်း ဂူကျွန်းက သူ၏ ပါးစပ်ကိုဟ၍ ပြောလိုက်သည်။ "ဒီစကားအရ ဆိုရင် ဒါက စိတ်ဝိညာဥ် တာဝါ ထူထောင်တာနဲ့ သက်ဆိုင်နေတာလား"

ရှောင်ယန်က ပြုံး၍ ပြန်ဖြေလိုက်သည်။
"ဟုတ်တယ်... သူက အောင်မြင်မှု တစ်ရာ
ရာခိုင်နှုန်း မရှိပေမဲ့ ဒီဆေးလုံးဟာ ကျင့်ကြံသူ
တစ်ယောက်ရဲ့ စိတ်ဝိညာဉ် တာဝါကို
အဆင့်တစ်ဆင့် ပိုမြှင့်ပေးနိုင်တယ်"

"မူလ အဆင့်က ပိုနိမ့်လေလေ ဆေးလုံးအစွမ်းက
ပိုထက်လေလေပဲ... ဒီဆေးလုံးဟာ တတိယ
အဆင့်အောက်က စိတ်ဝိညာဉ် တာဝါတွေကို
တစ်ရာရာခိုင်နှုန်း အဆင့်မြှင့်ပေးနိုင်တယ်"

"သူက ပထမအဆင့် စိတ်ဝိညာဉ် တာဝါကို သဘာဝ
အန္တိမ စိတ်ဝိညာဉ် တာဝါအဖြစ်ကို
အဆင့်မမြှင့်ပေးနိုင်ပေမဲ့ တတိယ အဆင့်ကနေ
ဒုတိယ အဆင့်နဲ့ ဒုတိယ အဆင့်ကနေ ပထမ

အဆင့်ကို မြှင့်တင်ပေးဖို့က ဖြစ်နိုင်ပြီး
အောင်မြင်မှုနှုန်းကလည်း မြင့်မားတယ်"

ရှောင်ယန်၏ ရှင်းပြခဲ့သော စကားများကို
ကြားခဲ့ရသော အခါ ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့
နှစ်ယောက်စလုံးက ငြိမ်သက်သွားခဲ့သည်။

ကျင့်ကြံသူ တစ်ယောက်၏ အရိုးအရင်းမြစ်နှင့်
ပင်ကိုစွမ်းရည်များ၏ တိုက်ရိုက်
အကျိုးသက်ရောက်မှုများသည် သူက
ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ပြီးသွားသော
အခါ ဖြည်းဖြည်းချင်း လျော့နည်းသွားခဲ့သည်။
သို့သော်လည်း ကျင့်ကြံမှု ကမ္ဘာတွင်
အဘယ်ကြောင့် အရိုးအရင်းမြစ်ကို အမတန်မှ
အာရုံစိုက်နေရပါသနည်း။

စမ်းသပ်ရန် လွယ်ကူသည့် အကြောင်းရင်း အပြင် အဓိက အကျဆုံး အချက်မှာ အခြေခံအုတ်မြစ် အဆင့်တွင် စိတ်ဝိညာဉ် တာဝါကို ထူထောင်ခြင်းနှင့် လုံခွက်ကို ဖန်ဆင်းခြင်းပင် ဖြစ်သည်။ ဤအချက်များသည် ကျင့်ကြံသူ တစ်ယောက်၏ အနာဂတ် အဆင့်များနှင့် အောင်မြင်မှုများကို ဆုံးဖြတ်ရာတွင် ကြီးမားသော အခန်းကဏ္ဍမှ ပါနေသည်။

တိုက်ရိုက် အကျိုးသက်ရောက်မှုမှာ အားနည်းသော်လည်း အတိတ်က ချထားသော အခြေခံများသည် အနာဂတ်အား ကြီးမားစွာ အကျိုးသက်ရောက်မှု ရှိသည်။

အဆင့်ကိုး စိတ်ဝိညာဉ် တာဝါနှင့် အဆင့်ကိုး လုံ့ခွက်တို့ဖြင့် ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းရန် လုံးဝ မျှော်လင့်ချက် မရှိပေ။

အဝါရောင် ဗဟိုချက်ဖြင့် ထိုကျင့်ကြံသူသည် အခြေတည်ဝိညာဉ် အဆင့်ကို မပြောနှင့် ယင်မီးတောက် ကပ်ဘေးများကို အသက်ရှင်နိုင်ရန် မျှော်လင့်ချက် မရှိပဲ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်သို့ တက်လှမ်းနိုင်မည် မဟုတ်ပေ။

အစိမ်းရောင် ဗဟိုချက်ကို ကျင့်ကြံနိုင်သော ကျင့်ကြံသူများ၏ နောက်ဆုံးပန်းတိုင်သည် ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်သာ ဖြစ်သည်။ အမတန် ကံကောင်းကြသူများသာ

ယင်လေပြင်း ကပ်ဘေးများကို ကျော်လွန်နိုင်ပြီး
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့
ရောက်နိုင်ခဲ့မည် ဖြစ်၍ အခြေတည်ဝိညာဥ်
အဆင့်ကိုမူ ရောက်နိုင်လိမ့်မည် မဟုတ်ပေ။

အခြေတည်ဝိညာဥ် အဆင့်သို့ ချိုးဖောက်နိုင်ရန်
အနည်းဆုံး အဆင့်သုံး သို့မဟုတ် အဆင့်လေး
စိတ်ဝိညာဥ် တာဝါနှင့် လုံခွက်များ လိုအပ်ကာ
အနီရောင် ဗဟိုချက်ကို လိုအပ်ပေမည်။

သို့သော်လည်း အနီရောင် ဗဟိုချက်ကိုသာ
ပိုင်ဆိုင်ထားသော ကျင့်ကြံသူများ အနေဖြင့်
ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးကို
အောင်မြင်စွာဖြင့် ကျော်လွန်ကာ

အခြေတည်ဝိညာဥ် အဆင့်သို့ ရောက်နိုင်ရန်
စိန်ခေါ်မှုမှာ အလွန်အမင်း ကြီးမားသည်။

အဆင့်တစ် သို့မဟုတ် အဆင့်နှစ် စိတ်ဝိညာဥ်
တာဝါနှင့် လုံခွက်များကို ပိုင်ဆိုင်ထားကြသော
သူများကသာ ထိပ်တန်းအဆင့် ခရမ်းရောင်
ဗဟိုချက်ကို ဖန်ဆင်းနိုင်ကြမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု
အင်းရှစ်ကွက်အား အောင်မြင်စွာ
ကျင့်ကြံထားနိုင်သော ကျင့်ကြံသူ
တစ်ယောက်သည် ပထမအဆင့် စိတ်ဝိညာဥ်
တာဝါကို ဖန်ဆင်းနိုင်စွမ်း ရှိသည်။ ဤအရာသည်
လူသားသမိုင်း တလျှောက်တွင် တစ်ခါမှ

မကြုံဖူးသော ခမ်းနားကြီးကျယ်သည့် အရာတစ်ခု ဖြစ်သည်။

သို့သော်လည်း ကြိုတင် လိုအပ်ချက်မှာ တစ်ယောက်သည် သူ့ကို အောင်မြင်စွာ ကျင့်ကြံနိုင်ရမည် ဖြစ်သည်။

ထိုအကြောင်းရင်းကြောင့်ပင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တပည့်များကို စံနှုန်း မြင့်မားစွာဖြင့် ရွေးချယ်ရခြင်း ဖြစ်သည်။

ဝမ်လင်း၏ အရိုးအရင်းမြစ်နှင့် ခန္ဓာကိုယ် ဖွဲ့စည်းပုံက မပြောင်းလဲခဲ့သေးခင်တွင် သူသည် သူ၏ကိုယ်ပိုင် ကြီးကျယ်သော သဘောပေါက်

နားလည်နိုင်စွမ်းနှင့် မယှိမ်းယှိုင်သော
စိတ်စွမ်းအားတို့ကိုသာ မှီခိုနိုင်၍ မဟာကောင်းကင်
တာအိုကျမ်းစာဖြင့် အဆင့်လေး စိတ်ဝိညာဉ်
တာဝါကိုသာ ထူထောင်နိုင်ခဲ့သည်။

သို့သော်လည်း ဝမ်လင်း၏ စိတ်ဝိညာဉ် တာဝါ
မပြီးမြောက်သေးခင်တွင် လင်းဖုန်းက ဝင်ရောက်၍
ထိုဖြစ်စဉ်ကို ဟန့်တားခဲ့သည်။ သူသည်
ဝမ်လင်းအား အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်သို့
ပြန်ပို့ခဲ့၍ ဝမ်လင်းအား အလောတကြီး
မပြုလုပ်စေခဲ့ပေ။

ထိုသို့ ပြုလုပ်ခဲ့လျှင် သူ၏ အနာဂတ် ကျင့်ကြံမှု
လမ်းကြောင်းကို များစွာပို၍ ခက်ခဲ

ကျဉ်းမြောင်းစေကာ တိုတောင်းစေလိမ့်မည် ဖြစ်သည်။

အချို့လူများ အတွက် အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်တွင် စိတ်ဝိညာဉ် တာဝါ၏ အဆင့်အတန်းကို မြှင့်တင်နိုင်ခြင်းသည် ဘဝကို ပြောင်းလဲစေသော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။

ရှောင်ယန်သည် ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး၏ အဓိက အမယ် တစ်ခုအနေဖြင့် မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ရွက်ကိုလည်း ထည့်သွင်းထားခဲ့သည်။

မဟာ့ရာကောင်းကင် ရတနာသစ်ပင်၏
သစ်ရွက်သည် သူကိုယ်တိုင်က စိတ်ဝိညာဉ်
တာဝါ၏ အဆင့်ကို မြှင့်တင်နိုင်စွမ်း ရှိသည်။
ယွဲ့ဟုန်ယန်၊ ဝမ်လင်း၊ ယန်ချင်နှင့်
ကျန်သောသူများသည် လွန်ခဲ့သော နှစ်များက သူ၏
အကျိုးကျေးဇူးများကို ခံစားခဲ့ရသော်လည်း
ထိုအစွမ်းများသည် မတည်ငြိမ်ပဲ သေချာမှုလည်း
မရှိပေ။

သူသည် စိတ်ဝိညာဉ် တာဝါ၏ အဆင့်ကို
မြင့်တင်နိုင်စွမ်း ရှိသည်ဟု ပြောနိုင်သော်လည်း
အမှန်တွင် သူသည် ကျင့်ကြံသူများကို အခွင့်အရေး
ပိုများရုံသာ စွမ်းဆောင်ပေးနိုင်၍ ကျင့်ကြံသူ
ကိုယ်တိုင်အပေါ်တွင် အဓိက မူတည်နေပေသည်။

ရှောင်ယန်သည် ထိုသစ်ရွက်အား ဆက်လက်
သုတေသန ပြုခဲ့ကာ ကောင်းကင်ဆန်းကြယ်
ရွှေရောင်ဆေးလုံး အတွင်းသို့ ထည့်သွင်းခဲ့အပြီးတွင်
သူ၏ မှော်အစွမ်းများကို တည်ငြိမ်စေနိုင်ခဲ့သည်။

ဤကဲ့သို့သော ထူးခြားဆန်းကြယ်သည့်
အစွမ်းသတ္တိကို ကျင့်ကြံသူ တစ်ယောက်၏
အသိဉာဏ်ကို မြှင့်တင်ပေးနိုင်သော အစွမ်းနှင့်
ဖြစ်တည်မှု တစ်ခုတည်း အနေဖြင့်
ပေါင်းစည်းထားနိုင်သဖြင့် ကောင်းကင်ဆန်းကြယ်
ရွှေရောင်ဆေးလုံးသည် သူ၏ နာမည်နှင့်
လိုက်ဖက်လှပေသည်။

ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့သည် အချိန် အနည်းငယ်မျှ
စဥ်းစားလိုက်အပြီးတွင် တစ်ချိန်တည်း၌ သက်ပြင်း

ချလိုက်ကြသည်။ ဂူကျွန်းသည် လင်းဖုန်းဘက်သို့ လှည့်၍ သက်ပြင်းချကာ ပြောလိုက်သည်။

"ခင်ဗျားတို့ဂိုဏ်းရဲ့ ဆေးလုံးဖော်စပ်မှု စွမ်းရည်က ယခင်က လူတွေများစွာထက်ကို သာလွန်နေပြီ ဖြစ်တယ်… ကျုပ်တို့ဟာ ကျုပ်တို့ ဘိုးဘေးဘီဘင်တွေရဲ့ အရိပ်အောက်မှာသာ နေနိုင်ခဲ့ပြီး များစွာ အရှက်ရမိပါတယ်"

ဂူယွမ်ခိုင်သည် ရှောင်ယန်အား ကြည့်၍ လေးနက်စွာဖြင့် ပြောလိုက်သည်။ "မင်းက လက်ရှိမျိုးဆက် အတွင်းမှာ မင်းဆရာက လွဲလို့ တစ်ကမ္ဘာလုံးမှာ အကောင်းဆုံး ဆေးလုံးဖော်စပ်သူလို့ ပြောလို့ရပြီ"

"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ကောင်းကင်မွေးဖွား တာအိုဆရာ
အသက်ရှင်နေစဉ်က ကောင်းကင် ဖြစ်တည်မှု
လမ်းစဉ် ရွှေရောင်ဆေးလုံးကို ဖန်တီးခဲ့တဲ့ အချိန်မှာ
သူက မင်းထက်စာရင် အချိန်များစွာ ပိုပြီးမှ
ကြိုးစားအားထုတ်ခဲ့ရတယ်"

"တကယ်လို့ ဆေးဖော်စပ်ခြင်း ပြိုင်ပွဲက ဒါကို
သက်သေမပြနိုင်ခဲ့ရင်တောင်
ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး
ပေါ်ပေါက်လာမှုဟာ ငြင်းခုံမှုတွေကို ရပ်စေခဲ့ပြီ"

စာစဉ် ၆၈ : အပိုင်း ၆

# အပိုင်း ၁၃၁၆ : အဖြူနှင့် အနက်ရောင် သားမွေးများရှိသည့် ဝက်ဝံ

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် အိမ်ရှင်များ၏ ခေါင်းပေါ်သို့ မတက်ခဲ့သည့် အတွက် ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့က ကျေးဇူးတင်နေကြသော်လည်း သူတို့က ဘာမှ မတုံ့ပြန်ပဲ နေကြလိမ့်မည် မဟုတ်ချေ။

တစ်ကမ္ဘာလုံးက မူလ ရှေးဟောင်းဧကရာဇ်၏ နောင်လာနောက်သားများ ဖြစ်ကြသည့် ရှေးဟောင်း မျိုးနွယ်စုတို့၏ ဆေးလုံးကျင့်ကြံမှု စွမ်းရည်အကြောင်းကို သိထားကြသည်။

လူအများစုသည် သူတို့၏ တည်ရှိနေမှုကို မေ့နေကြပြီ ဖြစ်ကာ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ရှေးဟောင်းမျိုးနွယ်စုတို့က ဝင်ပါ၍ အားလုံးတို့၏ မြင်ကွင်းအတွင်းသို့ ပြန်ဝင်လာမှသာ အားလုံးတို့က သူတို့၏ အံ့ဩဖွယ်ရာ ဆေးလုံးကျင့်ကြံမှု ပညာရပ်များကို ပြန်လည် အမှတ်ရခဲ့ကြသည်။

ယခုအချိန်တွင် ဂူကျွန်းနှင့် ဂူယွမ်ခိုင်တို့သည် ကောင်းကင်ဆန်းကြယ် ဆေးလုံးအား အတည်ပြု ထောက်ခံခဲ့ကာ ကမ္ဘာကြီး တစ်ခုလုံးကို ထပ်ဖန်တစ်ခါ အံ့အားသင့်စေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကြီးမားလှသော စွမ်းအားများသည် ကမ္ဘာကြီးအား အံ့ဩ တုန်လှုပ်စေခဲ့ကာ သူတို့က အနည်းငယ်

ထိုလာကြပြီ ဖြစ်သည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အောင်မြင်မှုများကို
ရရှိခဲ့ပါက သာမန်သာဖြစ်၍ သူတို့က
အံ့သြကြတော့မည် မဟုတ်ပဲ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ချော်လဲခဲ့မှသာ သူတို့က
အံ့အားသင့်ကြမည် ဖြစ်သည်။

သို့တိုင်အောင် ဤသတင်းသည် အားလုံးတို့အား
ထိတ်လန့် တုန်လှုပ်စေခဲ့သေးသည်။

ဤဂိုဏ်းအား
တည်ထောင်ခဲ့သည်မှာအချိန်အနည်းငယ်သာ
ရှိသေးသော်လည်း သူတို့သည် မှင်သက်ဖွယ်ရာ
စွမ်းရည်များကို ဖော်ပြခဲ့ပြီး ဖြစ်သည်။
တစ်ယောက်ကမှ သူတို့အား ကျော်လွန်နိုင်ခြင်း

မရှိပဲ သူတို့၏ အစွမ်းများကို ခန့်မှန်းနိုင်ခြင်းလည်း မရှိနိုင်ကြပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏ ခွန်အားနှင့် လွှမ်းမိုးမှုများကိုသာ သက်သေပြခဲ့သည် မဟုတ်ပဲ နေရာတိုင်းတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့ကာ ယခင်က အခြားသူများ ထင်ထားသကဲ့သို့ အပေါ်ယံ တိမ်တိမ်လေးသာ ရှိနေသည် မဟုတ်ပေ။

အစွမ်းထက်သော ခေါင်းဆောင်တစ်ယောက်က အားကောင်းစွာ ပေါ်ပေါက်လာခြင်းသည် အခြားသူများက သူတို့က ထိပ်ဆုံးသို့ ရောက်ပြီးသွားသော အချိန်တွင် ကြယ်ကြွေသကဲ့သို့

မြေပြင်ပေါ်သို့ ချက်ချင်း ပြန်ကျသွားနိုင်သည်ဟု ထင်စေခဲ့သည်။

ယခင်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လူအများအား ထိုကဲ့သို့ ခံစားချက်မျိုးကို ပေးနိုင်ခဲ့သည်။

သို့သော်လည်း ယင်ပင်လယ်သည် လင်းဖုန်း၏ လက်အောက်သို့ ကျရောက်သွားပြီး ဇူရီ၏ ဗဟုသုတ နန်းတော်သည် ကမ္ဘာတစ်ခုလုံးကို ပျံ့နှံ့သွား၍ ရှောင်ယန်ကလည်း ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးကို တီထွင်နိုင်ခဲ့အပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အခြေခံများသည် မယိုင်နိုင်အောင် ခိုင်မာလာခဲ့ပြီ ဖြစ်သည်။

ယခင်က သူတို့သည် အားလုံးတို့၏ အပေါ်မှ တိမ်တိုက်များ အတွင်းတွင် ပျံဝဲနေသော်လည်း အားလုံးတို့အား အပေါ်ယံဆန်သော ခံစားချက်များကို ပေးစွမ်းနိုင်ခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် သူတို့သည် အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် ကောင်းကင်နှင့် မြေကြီးတို့၏ အကြားတွင် နေရာယူနိုင်ခဲ့ပြီ ဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အားလုံးတို့က မော့ကြည့်ရတော့မည် ဖြစ်ကာ သူတို့အား အနိုင်မယူနိုင်တော့သည့် အခြေအနေသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

အဆင့်မြင့်သော သူများသည် အားလုံးတို့၏ မနာလိုမှုများကို ခံရကာ အဝေဖန်ခံရသည့် ပစ်မှတ်များ ဖြစ်လာကြသည်။ ထိုအဆိုသည် မှန်ကန်သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် အရာအားလုံးကို ဖုံးကွယ်နေစရာ မလိုတော့ပေ။ သူတို့အနေဖြင့် ကမ္ဘာကြီးအား အရာအားလုံးကို ဖော်ပြခဲ့လျှင်လည်း အကြောင်းမဟုတ်တော့ပေ။

အဆင့်မြင့်သော သူများကို အားကျ၍ မနာလို ဖြစ်မှုများသည် သူတို့အကြားမှ ကွာခြားချက်သည် အမတန်မှ ကြီးမားသွားသော အချိန်တွင် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ အားကျခြင်း၊ ဂုဏ်ယူခြင်းတို့ဖြင့်သာ အစားထိုးသွားခဲ့သည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ဤဂုဏ်ပြုလက်ဆောင်ဖြင့် အတိအကျ မပြောခဲ့သော်လည်း ဂူကျွန်းနှင့် သူတို့အကြားတွင် နားလည်မှု ရနိုင်ခဲ့ပြီ ဖြစ်သည်။

လက်ထပ်မည့်နေ့ကို မရွေးချယ်ရသေးသော်လည်း ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့ အကြားမှ လက်ထပ်ပွဲသည် ဖြစ်ကို ဖြစ်လာတော့မည် ဖြစ်သည်။

ရှောင်ယန်သည် အိမ်ပြန်ခရီးတွင် အရူးတစ်ယောက်ကဲ့သို့ ပြုံးလိုက်ရယ်လိုက် လုပ်နေကာ ဤအရာသည် လင်းဖုန်းအား ရယ်ချင်စိတ်များ ဖြစ်စေသကဲ့သို့ တစ်ချိန်တည်းတွင် စိတ်အနှောင့်အယှက်လည်း ဖြစ်စေခဲ့သည်။

သူတို့သည် သက်ရှည်မြို့တော်တွင် ကြာမြင့်စွာ မနေခဲ့ပဲ သူတို့၏ ဂုဏ်ပြုလက်ဆောင်ကို ပေးပြီးသွားသော အချိန်တွင် ချက်ချင်း ပြန်လာခဲ့သည်။

ရှေးဟောင်း မျိုးနွယ်စုတို့၏ နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာခြင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်း၊ စူတောင်ခေးဂိုဏ်းနှင့် အခြား အင်အားစုများ အပေါ်၌ ကြီးမားသော အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။

အကယ်၍ ဂူကျွန်းနှင့် ကျန်သောသူများသည် နတ်ဘုရားနယ်မြေ၏ လူသား ကျင့်ကြံမှု ကမ္ဘာနှင့်

ပေါင်းစည်းလိုနေပါက သူတို့အနေဖြင့် အပျော့၊ အမာ စွမ်းအင် နှစ်မျိုးစလုံးဖြင့် နည်းဗျူဟာများကို ချမှတ်ရမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးနေသော စွမ်းအားစုများ အတွင်း၌လည်း ရှေးဟောင်း မျိုးနွယ်စုတို့နှင့် ဆက်ဆံရေးများ တည်ဆောက်ကြသူများ ရှိသလို ရန်လိုနေကြသူများလည်း ရှိ၏။

ရှောင်ယန်သည် ယုကျင်းတောင်ပေါ်သို့ ပြန်ရောက်လာအပြီးတွင် ကောင်းကင်ရွှေရောင် ခန်းမဆောင် အတွင်းသို့ တိုက်ရိုက် သွားခဲ့ပြီး ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးများကို

ဆက်လက် ထုတ်လုပ်ကာ ဆေးလုံး ဖော်စပ်နည်းကို ထပ်မံ ပြုပြင်နိုင်ရန် ကြိုးစားနေခဲ့သည်။

ဤဆေးလုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ စိတ်ဝိညာဉ် တာဝါ ထူထောင်သော အချိန်တွင် များစွာ အထောက်အကူ ပြုနိုင်လိမ့်မည် ဖြစ်သည်။

အကယ်၍ တစ်ယောက်သည် စိတ်ဝိညာဉ် တာဝါ အဆင့်ကို မြှင့်တင်နိုင်သည့် အစွမ်းကို မစဉ်းစားလျှင်ပင် အသိဉာဏ် မြင့်မားလာ၍ တာအိုကို နားလည်နိုင်ခြင်းသည် မယုံနိုင်လောက်အောင် အဖိုးတန်သည်။

ပစ္စည်းအမယ်များ ရှားပါး၍ ထုတ်လုပ်နိုင်ရန် အမတန်မှ ခက်ခဲသော အန္တိမ အသိဉာဏ် နတ်ဘုရား ဆေးလုံးကို ဖယ်ထားပါက ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးနှင့် ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး နှစ်မျိုးစလုံးသည် အသိဉာဏ်ကို မြင့်မားစေနိုင်၍ သူတို့ နှစ်မျိုးစလုံးအား အတူတကွ အသုံးပြု၍ ပိုမိုမြင့်မားသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မယုံနိုင်သော အမြန်နှုန်းဖြင့် တိုးတက်လာနေခြင်း ဖြစ်သည်။ ပြောရလျှင် အနည်းငယ် ချဲ့ကားနေရာကျမည် ဖြစ်သော်လည်း သူတို့၏ အလားအလာများကို ဖော်ထုတ်နိုင်ပြီး တကယ့်စွမ်းအား အဖြစ်သို့

ပြောင်းလဲနိုင်မှုသည် အလွန်တရာမှ တောက်ပလှပေသည်။

ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အပြင်တွင် တန်ဖိုးမဖြတ်နိုင်သော ရတနာဟု သတ်မှတ်ခြင်း ခံနေရ၍ အခြား အင်အားစုများ မပြောနှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ တပည့်များကပင် တပ်မက်ကြလေသည်။

သို့သော်လည်း ကောင်းကင်ရွှေရောင် ခန်းမဆောင်မှ မထွက်ခွာခင်လေးတွင် ရှောင်ယန်၏ မျက်ခုံးများက တွန့်သွားခဲ့သည်။ "ဟွမ်ကျန်းထင်က တောင်ပေါ်ကို ပြန်ရောက်လာပြီလား… သူနဲ့အတူ အစွမ်းထက်တဲ့ မိစ္ဆာတစ်ကောင်ကို ယူပြန်လာသလိုပဲ… ဒီမိစ္ဆာရဲ့

အငွေ့အသက်က မရင်းနှီးနေဘူး... ငါက ဒီလို မိစ္ဆာမျိုးကို တစ်ခါမှ မကြုံဖူးဘူး"

ဤအချိန်တွင် မြေရိုင်းလျှိုမြောင် အတွင်းတွင် အကြီးအကျယ် ရုတ်ရုတ်သဲသဲ ဖြစ်နေခဲ့သည်။ မြေရိုင်းလျှိုမြောင် အတွင်းမှ တပည့်များနှင့် ထိုနေရာတွင် နေထိုင်ကြသော မိစ္ဆာမျိုးနွယ်စု များစွာတို့သည် ဝိုင်းဝန်း စုဝေးနေကြကာ အားလုံးတို့သည် သူတို့အလယ်မှ ထူးခြားသော ရောမ သားရဲတစ်ကောင်အား စပ်စုစွာဖြင့် စိုက်ကြည့်နေကြလေသည်။

ထိုထူးခြားသော သားရဲ၏ ဘေးတွင် လူငယ်တစ်ယောက် ရပ်နေ၏။ သူသည် ဟွမ်ကျန်းထင်ပင် ဖြစ်သည်။ သူသည်

ကျူးကော်ဝမ်ချိုးဘက်သို့ လှည့်၍ပြောလိုက်သည်။
"စီနီယာက ဒီသားရဲကို တွေ့ဖူးလား"

ကျူးကော်ဝမ်ချိုးသည် ထိုသားရဲကို အသေအချာ
ကြည့်နေရင်း သူမ၏ခေါင်းကို ခါလိုက်သည်။ "ငါက
သူ့ကို အရင်က တစ်ခါမှ မတွေ့ဖူးဘူး"

ကျူးကော်ဝမ်ချိုး၏ ဘေးမှ ကွေ့နွားဘုရင်သည်
နှာချေလိုက်ကာ သူ့ဘေးမှ ခြေသည်းကိုးခု
သိမ်းငှက်ဘုရင်အား လှည့်ကြည့်လိုက်သည်။
"သိမ်းငှက်ဘုရင်... ဒါက..."

ခြေသည်းကိုးခု သိမ်းငှက်ဘုရင်ကလည်း
သူ၏ခေါင်းကို ခါလိုက်သည်။ "ငါကလည်း

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှာရော
နတ်ဘုရားနယ်မြေ အတွင်းမှာပါ ဒီလိုမျိုး
အကောင်ကို တစ်ခါမှ မတွေ့ဖူးဘူး"

ဖေးလျှန်ဘုရင်၊ ဆီးနှင်းပျံ ငှက်ဘုရင်နှင့် ကျန်သော
မိစ္ဆာမျိုးနွယ်စုများကလည်း
အံ့အားသင့်နေကြလေသည်။

ကျူးကော်ဝမ်ချိုးသည် အနည်းငယ် ချီတုံချတုံ
ဖြစ်စွာဖြင့် မေးလိုက်သည်။ "သူ့ကိုကြည့်ရတာ
ရန်လိုနေတဲ့ပုံ မပေါက်ပဲ နူးညံ့သိမ်မွေ့ပုံ
ပေါက်တယ်… ဒါပေမဲ့ သူ့ရဲ့ မိစ္ဆာစွမ်းအား
လှုပ်ရှားပုံအရ သူဟာ မိစ္ဆာသခင်
နောက်ဆုံးအဆင့်ကို ရောက်နေတဲ့ပုံပဲ"

သူမ၏ဘေးတွင် ဆီးနှင်းခဲများကဲ့သို့ ဆံပင်ရှိနေသော ကောင်မလေးတစ်ယောက် ရှိနေသည်။ သူမသည် ကျူးကော်ဝမ်ချိုး၏ တပည့်ဖြစ်သော ရဲ့ရှင်းရွှမ်ပင် ဖြစ်၏။ သူမသည် သူမအရှေ့မှ ထူးခြားသော သားရဲကို ကြည့်နေရင်း သူမဆရာ၏ အင်္ကျီလက်စကို အသာခါ၍ ပြောလိုက်သည်။ "ဆရာ... ဒီမိစ္ဆာကို ကြည့်ရတာ ချစ်စရာကောင်းတယ်"

"သူက အရွယ်အစား ကြီးမားပေမဲ့ ချစ်စရာပဲ"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လူငယ်တပည့်များသည် သူမ၏ စကားကို ကြားခဲ့ရသော အခါ သူတို့၏ ခေါင်းများကို မသိမသာ ညိတ်လိုက်ကြ၏။ အထူးသဖြင့်

မိန်းကလေး တပည့်များဖြစ်သည်။ အားလုံးတို့သည် တူညီသော ခံစားချက်များကို ဖော်ပြခဲ့ကြသည်။

သို့သော်လည်း အားလုံးတို့သည် ရဲ့ရှင်းရွှမ် မှတ်ချက်ချလိုက်သော အချိန်တွင် သူတို့အရှေ့မှ ရောမ သားရဲကြီးက မတော်တဆ ရန်လိုလာပါက အဆင့်သင့် ဖြစ်စေရန် သတိများကို ထားလိုက်ကြသည်။

ဘာပဲပြောပြော တစ်ယောက်ကမှ ဤမိစ္ဆာကို တစ်ခါမှ မမြင်ဖူးကြပေ။ သူသည် ငြိမ်သက်နေသော်လည်း မိစ္ဆာသခင် နောက်ဆုံးအဆင့်မှ အစွမ်းထက်သော မိစ္ဆာတစ်ကောင် ဖြစ်နေသေးသည်။ အကယ်၍ ရဲရှင်းဟွေ၏ မှတ်ချက်ကြောင့် သူသည်

ဒေါသထွက်၍ ပေါက်ကွဲလာပါက သူမသည် သူမကိုယ်သူမ ခုခံရန် တတ်နိုင်မည် မဟုတ်ပဲ ဟွမ်ကျန်းထင်၊ ကျူးကော်ဝမ်ချိုးတို့က ဝင်ရောက်ကူညီရမည် ဖြစ်သည်။

သို့သော်လည်း အားလုံးတို့၏ ယူဆချက်များမှာ မှားသွားခဲ့သည်။ အစွမ်းထက်သော ထိုမိစ္ဆာသည် ရဲ့ရှင်းရွှမ်၏ စကားများကို နားလည်ခဲ့ပြီး သူမဘက်သို့ အသာကြည့်လိုက်သည်။ သို့သော်လည်း သူသည် နေ့ခင်းကြောင်တောင် အိမ်မက် မက်နေသကဲ့သို့ ငြိမ်သက်နေခဲ့သေးပြီး ကြမ်းပြင်ပေါ်တွင်သာ လှဲနေခဲ့၍ အပျင်းထူနေကာ တစ်လက်မမှ မလှုပ်ရှားခဲ့ပေ။

ဟွမ်ကျန်းထင်က ရယ်ရမ်းသွေး၍ ပြောလိုက်သည်။
"ဒီကောင်က တကယ်ပဲ လေးကန်လွန်းပြီး
အမတန်မှ အပျင်းထူတယ်... သူက အစားပုတ်ပေမဲ့
ဘာအလုပ်မှ မလုပ်ဘူး... ပြီးတော့
တစ်စုံတစ်ယောက်မှ သူ့ကို မတိုက်ခိုက်ခဲ့ရင်
ဒေါသလည်း ထွက်မှာမဟုတ်ဘူး"

"ဆရာက သူ့ရဲ့အဘိုး စီနီယာရှိကို ရှာဖွေဖို့
ဟင်းလင်းပြင် စစ်တလင်း အတွင်းကို
ဝင်ရောက်သွားပြီး အလယ်ကမ္ဘာ တစ်ခုကို
မတော်တဆ ရှာတွေ့ခဲ့တယ်... အဲ့ဒီ
အလယ်ကမ္ဘာမှာ ဒီလိုမျိုး မိစ္ဆာတွေ
နေထိုင်နေကြပေမဲ့ အရေအတွက် မများပြားပဲ
သူတို့ရဲ့ ဓလေ့ကလည်း ထူးခြားတယ်"

"ဆရာက ငါတို့ တွေ့ဖူးတာထက် မိစ္ဆာတွေ အများအပြားကို စားခဲ့ဖူးပေမဲ့ သူက ဒီမိစ္ဆာကို အရင်က တစ်ခါမှ မတွေ့ဖူးဘူး" ဟွမ်ကျန်းထင်က ပြုံး၍ ပြောလိုက်သော်လည်း ခြေသည်းကိုးခု သိမ်းငှက်ဘုရင်၊ ကွေ့နွားဘုရင်၊ ဖေးလျှန်ဘုရင်နှင့် အနားမှ အခြားမိစ္ဆာများက မသိမသာ တုန်ခါသွားကြကာ အားလုံးတို့သည် ဟွမ်ကျန်းထင်အား စိတ်အနှောင့်အယှက် ဖြစ်စွာဖြင့် ကြည့်လိုက်ကြသည်။

သို့သော်လည်း ဟွမ်ကျန်းထင်က သတိပြုမိသည့်ပုံ ပေါက်မနေချေ။ သူသည် ဤနှစ်များ အတွင်းတွင် ရှီထျန်းဟောင်နှင့် အတူ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ဝင်လိုက်ထွက်လိုက် လုပ်နေခဲ့၍ သူ့ဆရာ၏ ခြေရာကို နင်းနိုင်ခဲ့သည်။

သူ့အနေဖြင့်လည်း မိစ္ဆာတို့၏ အသွေးအသားများကို မည်မျှ စားသုံးခဲ့ပြီကို မမှတ်မိနိုင်တော့ပေ။

"ဆရာက သူတို့အတွင်းက အစွမ်းအထက်ဆုံး မိစ္ဆာကို ဖမ်းဆီးခဲ့ပြီး ဂိုဏ်းချုပ်ကိုပြဖို့ တောင်ကို ယူပြန်စေခဲ့တာ... ဂိုဏ်းချုပ်က ဒီမိစ္ဆာကို သိနိုင်မယ်လို့ ထင်တာပဲ" ဟွမ်ကျန်းထင်က ဆက်ပြောလိုက်၏။ "ငါကသူ့ကို အချိန်အတန်ကြာ အကဲခတ်နေပြီး သူက သိပ်မဆိုးဘူး... ယွမ်စွမ်း ပြောခဲ့သလိုပဲ ဒီကောင်က အတော်လေး ချစ်စရာကောင်းတယ်"

သူက ခေတ္တမျှ ရပ်နားလိုက်၍ ပြောလိုက်သည်။ "ဒါပေမဲ့ သူက ဘယ်လိုအရသာ ရှိသလဲတော့ ငါမသိဘူး"

ကျူးကော်ဝမ်ချိုးနှင့် ကျန်သော အမျိုးသမီး
တပည့်များသည် ချက်ချင်းပင် ဟွမ်ကျန်းထင်အား
စူးစူးဝါးဝါး ကြည့်လိုက်ကြ၍ သဘောမတူသည့်
အမူအရာများကို ပြလိုက်ကြသည်။

အစွမ်းထက်သော ထိုမိစ္ဆာသည် ဟွမ်ကျန်းထင်အား
အသာ လှည့်ကြည့်လိုက်၍ ဖွဖွလေး
နှာမှုတ်လိုက်ကာ အခြားတစ်ဘက်သို့
လှည့်လိုက်လေသည်။

ခြေသည်းကိုးခု သိမ်းငှက်ဘုရင်က ပြောလိုက်သည်။
"ဟွမ်ထျန်း ကေရာဇ်က ဒီမိစ္ဆာကို သတ်ပြီးမှ
ဘာအရသာရှိသလဲ ဆိုတာကို
မမြည်းကြည့်ဘူးလား"

ဤအရာသည် ရှီထျန်းဟောင်နှင့် လုံးဝ မတူနေပေ။

ဟွမ်ကျန်းထင်က ပြန်ဖြေလိုက်သည်။ "ဆရာက သူ့ရဲ့အဘိုး စီနီယာရှီကို ရှာဖွေနေတဲ့ နေရာမှာ အရေးကြီးတဲ့ သဲလွန်စ တစ်ခုကို ရခဲ့တယ်... သူက အလျင်လိုနေလို့ ဒီနေရာမှာ အကြာကြီး မနေပဲ လေဟာနယ်မှာ အမှတ်အသား တစ်ခုလုပ်ထားပြီး ဒီမိစ္ဆာကို ဂိုဏ်းချုပ်ဆီကို ယူလာစေခဲ့တာပဲ"

အားလုံးတို့သည် သူတို့၏ ခေါင်းများကို တစ်ပြိုင်နက်တည်း ညိတ်လိုက်ကြသည်။ မှန်၏၊ ဤအရာသည် ရှီထျန်းဟောင် လုပ်နေကြ ပုံစံပင် ဖြစ်သည်။

သူ၏ မျက်လုံးများ အတွင်းတွင် အရသာ ကောင်းမကောင်းသာ ရှိသည်၊ ချစ်စရာ ကောင်းမကောင်း သို့မဟုတ် စား၍ ရမရ ဟူ၍ မရှိချေ။

ကျူးကော်ဝမ်ချိုး၊ ရဲ့ရှင်းရွှမ်နှင့် ကျန်သောသူများသည် အမှန်တရားကို သိသွားကြသော အခါ ကသိကအောက် ဖြစ်သွားကြသည်။

ကျူးကော်ဝမ်ချိုးသည် သူမ၏ ဖခင်ဖြစ်သော ကျူးကော်ကျန်းအား အသံလွှင့်၍ ဆက်သွယ်လိုက်ပြီး ထိုမိစ္ဆာ၏ ပုံရိပ်ကို ပို့လိုက်ကာ

သူ့အနေဖြင့် ထိုမိစ္ဆာကို ယခင်က တွေ့ဖူးသလောဟု မေးလိုက်သည်။

ကျူးကော်ကျန်း အနေဖြင့် ကမ္ဘာအနှံ့ ပတ်ခဲ့ဖူးကာ အရာများစွာတို့ကို တွေ့ခဲ့ဖူးသည်။ သို့သော်လည်း သူသည် ထိုမိစ္ဆာကို တွေ့လိုက်ရသော အခါ အံ့အားသင့်သွားခဲ့ကာ သူ့အနေဖြင့် ထိုအရာကို ယခင်က တစ်ခါမှ မတွေ့ဖူးကြောင်းကို ဝန်ခံလိုက်သည်။

စွန်းရှယ်အာနှင့် ခေါ့ကျင်းတို့သည် ကျူးကော်ဝမ်ချိုးနှင့် အလွန်အမင်း နီးစပ်သဖြင့် သူတို့သည် ထိုသတင်းကို ရခဲ့သော အခါ အစွမ်းထက်သော ဤမိစ္ဆာကို ကြည့်ရန် လာခဲ့ကြသည်။ သူတို့ နှစ်ယောက်စလုံးသည်

သူ့အား ချစ်စရာကောင်းသည်ဟု ထင်ခဲ့ကြသော်လည်း တစ်ယောက်ကမှ သူ့အား မသိကြပေ။

သူတို့သည် ဇူရီနှင့် ယွဲ့ဟုန်ယန်တို့အား အသီးသီး သတင်းပို့ခဲ့ကြသော်လည်း သူတို့၏ ဆရာများကလည်း ထိုမိန္ဓာအား မမြင်ဘူးခဲ့ကြပေ။

သူတို့သည် ရှောင်ယန်က တောင်ပေါ်သို့ ပြန်ရောက်နေသည်ဟု သတင်းရခဲ့သဖြင့် ငရဲမီး ချောက်ကမ်းပါးသို့ လာခဲ့ကာ ရှောင်ယန်၏ စီးတော်ကျားကို ရှာခဲ့ကြသည်။ သူမသည် ကျားဖြူ မဟာပဏ္ဍိတ၏ သမီးဖြစ်သော အဝေးကြယ်စင် ကျားဖြူ ဖြစ်ကာ သူမအား သူမ၏ ဖခင်ကို ဆက်သွယ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ကျားဖြူ မဟာပဏ္ဍိတသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သော်လည်း အပျင်းထူ၍ တုတ်ဖြိုးနေသော သူ၏အရှေ့မှ မိစ္ဆာအား တွေ့ခဲ့ရသော အခါ သူ၏ မျက်နှာမှာ စိတ်ရှုပ်ထွေးသော ပုံများ ပေါက်သွားသည်။

ဟွမ်ကျန်းထင်က သူ၏ လက်အစုံကို ဆုပ်၍ ပြောလိုက်သည်။ "ကောင်းပြီ... ဒီလောက်ဆို တော်လောက်ပြီ... ကျွန်တော်က ဒီငပျင်းကောင်ကို ဂိုဏ်းချုပ်ကြည့်ဖို့ ခေါ်သွားပြလိုက်မယ်"

ပြီးတာနှင့် သူသည် ထိုမိစ္ဆာအား မြေရိုင်းလျှိုမြောင် အပြင်သို့ ခေါ်ထုတ်သွား၍ သက်တန့်တိမ်တိုက်

တံတားမှတဆင့် ယုကျင်းတောင်ထိပ်သို့ ခေါ်သွားလေသည်။

"ဂိုဏ်းချုပ်... အဖြူနဲ့ အနက်ရောင် သားမွေးတွေရှိတဲ့ ဝက်ဝံလိုမျိုး ဒီမိစ္ဆာက ဘာကောင်များ ဖြစ်ပါသလဲ" ဟွမ်ကျန်းထင်သည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာသော အခါ စပ်စုစွာဖြင့် မေးလိုက်သည်။

အဖြူနဲ့ အနက်ရောင် သားမွေးတွေရှိတဲ့ ဝက်ဝံ။

လင်းဖုန်း၏ နှုတ်ခမ်းထောင့်စွန်းများက တွန့်သွားခဲ့သည်။ သူသည် အမူအရာ ကင်းမဲ့လျက် ရှိနေသော်လည်း သူ၏ ရင်အတွင်း၌ ဆိတ်များ၊

ကုလားအုတ်များ အကောင် တစ်သန်းခန့်
ခုန်ပေါက်သွားနေခဲ့သည်ဟု ခံစားနေခဲ့ရသည်။

သူသည် များစွာပို၍ ကြီးမားသော်လည်း အဖြူနှင့်
အနက်ရောင် သားမွေး၊ ဝိုင်းဝန်းသော မျက်နှာ၊ သူ၏
မျက်လုံးများ အနားမှ ကြီးမားသော အနက်ရောင်
စက်ဝိုင်း၊ ဝဖြိုးသော ခန္ဓာကိုယ်၊ ထူထဲ
တိုတောင်းသော ခြေလက်များ၊ ဖြည်းညင်း၍
အပျင်းထူသော လှုပ်ရှားမှုများကြောင့်
လင်းဖုန်းသည် သူ့အား အဘယ်မှာ မမှတ်မိပဲ
ရှိပါအံ့နည်း။

သို့သော်လည်း သူ့အရှေ့မှ ထိုအရာကို ကြည့်နေရင်း
လင်းဖုန်း၏ စိတ်အတွင်းတွင်
အတွေးတစ်ခုတည်းသာ ရှိနေခဲ့သည်။

## စာစဉ် ၆၈ : အပိုင်း ၇

## အပိုင်း ၁၃၁၇ : မင်းက ချစ်စရာကောင်းချင်ဟန်ဆောင်ရင်လည်း သေချာဟန်ဆောင်မှ ရမယ်

သမိုင်းတွင် တစ်ခါမှ မှတ်တမ်း မတင်ထားပဲ
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်း၌လည်း
တစ်ခါမှ မမြင်ဖူးသဖြင့် လင်းဖုန်းသည်
ဤကဲ့သို့သော မိစ္ဆာ မျိုးနွယ်စု၊ ပို၍ တိကျစွာ
ပြောရလျှင် ဤကဲ့သို့သော တိရစ္ဆာန်မျိုးသည် သည်
မူလကောင်းကင် ကမ္ဘာအတွင်းတွင်
ရှိနေလိမ့်မည်ဟု ထင်မထားခဲ့ပေ။

မည်သူကသိမည်နည်း၊ သူသည် ယနေ့တွင် ထိုကဲ့သို့သော တိရစ္ဆာန်မျိုးနှင့် ကြုံတွေ့ခဲ့ရသည့် အပြင် မိစ္ဆာသခင် အဆင့်မှ မိစ္ဆာတစ်ကောင်ပင် ဖြစ်နေသေးသည်။

ထိုအရာသည် သူထင်ထားသည်ထက် များစွာ ပိုကြီးနေသော်လည်း သူသည် ဧရာမ ပန်ဒါတစ်ကောင် ဖြစ်သည်မှာ သိသာနေ၏။

သက်ရှိများသည် ပို၍ပို၍ အရွယ်ကြီးမားလာသော အခါ ငယ်စဉ်ကလောက် ချစ်စရာ မကောင်းတော့ဟူ၍ ပြောလေ့ ရှိကြသော်လည်း အချို့ တိရစ္ဆာန်များသည် ယခင်ကထက် များစွာ ကြီးမားလာသော်လည်း အလွန် ချစ်စရာ ကောင်းနေဆဲ ရှိကြသေးသည်။

သူ၏အရှေ့မှ အရာသည် အကောင်းဆုံးသော ဥပမာပင် ဖြစ်သည်။

ပို၍ အံ့သြစရာကောင်းသော အချက်မှာ ထိုမိစ္ဆာ၏ သဘာဝ မျိုးနွယ် ပါရမီသည် ဆွဲဆောင်နိုင်စွမ်း ရှိနေသေးခြင်း ဖြစ်သည်။

ဤအရာသည် ဆန့်ကျင့်ဘက်လိင်များကို ဆွဲဆောင်နိုင်သော ဖမ်းစားမှုမျိုး မဟုတ်ချေ။ ထို့အစား သူသည် အခြားသူများ၏ စိတ်ဝိညာဥ်များကို ညှို့ယူနိုင်စွမ်း ရှိကာ ဤသားရဲအား ရန်လိုစိတ်များ နည်းပါးလိုစေခြင်း ဖြစ်သည်။ လူအများသည် သူ့အား ချစ်ခင်လိုစိတ်များ ပေါက်လာကြမည် ဖြစ်သည်။

ဤဖမ်းစားနိုင်မှုသည် ရန်လိုမှုများ မရှိပဲ ပစ်မှတ်သီးသန့်လည်း မရှိပေ။ သူသည် သဘာဝ အတိုင်း ဆွဲဆောင်နိုင်စွမ်း ရှိကာ တစ်ချိန်တည်းတွင် ကောင်းကင်နှင့် မြေကြီးတို့နှင့် အတူတကွ လိုက်လျောညီထွေ ဖြစ်နေခြင်း ဖြစ်သည်။ အားလုံးတို့သည် သတိပင် မထားမိပဲနှင့် သူ၏ လွှမ်းမိုးမှုများကို ခံခဲ့ရမည် ဖြစ်သည်။

ကျင့်ကြံမှု အဆင့်မြင့်သော သူများကသာ ထိုသားရဲ၏ သဘာဝမကျသော အခြေအနေကို သတိထားမိမည် ဖြစ်သည်။

လင်းဖုန်းသည် ထိုခံစားချက်အား စတွေ့ကတည်းက သတိထားမိခြင်း ဖြစ်၍ ရယ်ချင်စိတ်များ

ပေါက်လာခဲ့ခြင်း ဖြစ်သည်။ "ဒါက သူ့ရဲ့ စွမ်းအားတွေကို ထုတ်သုံးနေတာလား… ဒါမှမဟုတ် သူ့ရဲ့ သဘာဝ အားသာချက်ကို ပိုအစွမ်းထက်အောင် လုပ်နေတာလား"

သို့သော်လည်း ရှီထျန်းဟောင်သည် ခွင်းချက်ဖြစ်၍ ဟွမ်ကျန်းထင်ကလည်း သူ့ဆရာ၏ ခြေရာကို လိုက်နင်းနိုင်သဖြင့် သူ၏ လှည့်ကွက်အတွင်းသို့ မကျရောက်ခဲ့ခြင်း ဖြစ်သည်။

ဤပန်ဒါသည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာသော အခါ ပို၍ အသက်ဝင်လာသကဲ့သို့ ဖြစ်လာသည်။ သူ၏ မျက်လုံးများကို အနည်းငယ် ပိုဖွင့်လိုက်၍ လင်းဖုန်းအား မသိ နားမလည်သည့် အမူအရာဖြင့် စိုက်ကြည့်နေခဲ့သည်။

"ဟုတ်တယ်... အမှန်ပဲ... သူက
ချစ်စရာကောင်းချင် ဟန်ဆောင်နေတာပဲ"
လင်းဖုန်း၏ နှုတ်ခမ်း ထောင့်စွန်းများသည်
ထပ်ဖန်တစ်ခါ တွန့်သွားပြန်သည်။

ဟွမ်ကျန်းထင်သည် ရှီထျန်းဟောင်
မှာလိုက်သည့်အတိုင်း အရာအားလုံးကို
ပြန်ပြောပြခဲ့ရာ လင်းဖုန်းကလည်း သူ၏ခေါင်းကို
ညိတ်နေရင်း နားထောင်နေခဲ့သည်။ သူသည်
ပြင်ပကမ္ဘာနှင့် ထိတွေ့မှု မရှိသလောက်
ဖြစ်နေသည့် အလယ်ကမ္ဘာ တစ်ခုတွင်
နေထိုင်နေသော သတ္တဝါ တစ်ကောင်ဖြစ်သည်။

ထိုအလယ်ကမ္ဘာသည် ဟင်းလင်းပြင် စစ်တလင်းနှင့် ဆက်သွယ်ထားသော်လည်း ဟင်းလင်းပြင် စစ်တလင်း၏ အခြေအနေသည် ထူးခြားပေသည်။ ထိုကဲ့သို့သော အလယ်ကမ္ဘာမျိုးသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်ကျက်စားနေကြသော သူများ၏ ရှာဖွေ ဖော်ထုတ်မှုကို အချိန်နှင့်အမျှ ခံခဲ့ကြရသည်။

သို့သော်လည်း ထိုကဲ့သို့သော အလယ်ကမ္ဘာမျိုးသည် အလွန်အမင်း မတည်မငြိမ် ဖြစ်နေ၍ အချိန်မရွေး ပေါက်ကွဲ ပြိုကျသွားနိုင်သည်။ ထို့ကြောင့် ဤပန်ဒါ နေထိုင်ခဲ့သော အလယ်ကမ္ဘာသည် သေမင်းခန်းမ တည်ရှိသော ငရဲကမ္ဘာ ကေရာဇ်ကမ္ဘာက ကဲ့သို့ တည်ငြိမ်ကာ ရှားပါးပေသည်။

"သူတို့က မျိုးနွယ်စု တစ်ခုလုံးလား" လင်းဖုန်း၏ ခေါင်းအတွင်းတွင် အတွေးများ ပေါ်လာ၍ ရုတ်တရက် စိတ်ကူးယဥ်ဆန်သော ခံစားချက်များ ပေါ်လာသည်။

ဟွမ်ကျန်းထင်က စပ်စုစွာဖြင့် မေးလိုက်သည်။ "ဒါက ဘယ်လို မိစ္ဆာမျိုးလဲ... ဂိုဏ်းချုပ်"

သူသည် ခေတ္တမျှ ရပ်နားလိုက်ပြီး ဆက်ပြောလိုက်သည်။ "ဒီမိစ္ဆာက ကျွန်တော်တို့ရဲ့ စကားကို နားလည်နိုင်ပြီး ဆရာက သူတို့ကို မေးခဲ့ပေမဲ့ သူတို့က အဖြေ တိတိကျကျ ပြန်မပေးနိုင်ပဲ အချင်းချင်းရဲ့ နာမည်ကိုပဲ

ခေါ်နိုင်စွမ်း ရှိတယ်… သူတို့က ဘယ်လို မိစ္ဆာမျိုးလည်း ဆိုတာကို မရှင်းပြနိုင်ဘူး"

ဟွမ်ကျန်းထင်သည် အနည်းငယ် ရယ်ချင်စိတ်များ ပေါက်လာခဲ့သည်။ "သူတို့က ကျွန်တော်တို့ကို ရှင်းပြနေတဲ့ ပုံစံကို ကြည့်ရရင် သူတို့ဟာ အရမ်းကို အပျင်းထူပြီး ထူးမခြားနား ပုံစံ ပေါက်နေပြီး သူတို့က အရင်က ပြင်ပကမ္ဘာနဲ့ တစ်ခါမှ မဆက်ဆံခဲ့ဖူးတဲ့ပုံပဲ"

"သူတို့အများစုက တစ်ချိန်လုံး အိပ်နေကြပြီး စားလိုက်အိပ်လိုက် လုပ်ရတာကို နှစ်သက်ကြတယ်… သူတို့က သူတို့ရဲ့ အလယ်ကမ္ဘာကနေတောင် မထွက်ချင်နေကြဘူး… ဒီကောင်ကသာ ဟာင်းလင်းပြင် စစ်တလင်း

အတွင်းကို မတော်တဆ ရောက်ရှိသွားပြီး ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးတွေကို ရင်ဆိုင်ပြီး မိစ္ဆာသခင် အဆင့်ကို ရောက်သွားနိုင်တာ... ဒါပေမဲ့ ပြီးတာနဲ့ သူ့ရဲ့ အကျင့်ပျောင်းတွေ ပြန်ပေါ်လာပြီး လုပ်တောင် လုပ်ရှားချင်စိတ် မရှိတော့ဘူး"

လင်းဖုန်း၏ စိတ်အတွင်းတွင် ကျပန်းအတွေးများ ပေါ်လာခဲ့သည်။ "သူတို့မှာ သဘာဝ ရန်သူ မရှိပဲ သူတို့ဟာ တခြားသူတွေကို ခြိမ်းခြောက်နိုင်စွမ်းလည်း မရှိဘူး... ဒီလို တိရစ္ဆာန်မျိုးဟာ ဘယ်လိုလုပ်ပြီးမှ ဖွံ့ဖြိုးရင့်သန်လာနိုင်မှာလဲ... ကြည့်ရတာ သူတို့ရဲ့ ဘဝဟာ သက်တောင့်သက်သာ ရှိလွန်းနေတယ်... တချို့အရာတွေက ရှင်းပြရုံနဲ့ မလုံလောက်ဘူး..."

လင်းဖုန်းသည် သာမန်သာ ပြန်ဖြေလိုက်၍ ဆက်လက် စဉ်းစားနေခဲ့သည်။ "ဒီသက်ရှိကို... မင်းတို့က ရောမ ပန်ဒါလို့ ခေါ်နိုင်တယ်... ဒါမှမဟုတ် ပန်ဒါလို့ပဲ ခေါ်လို့လည်း ရတယ်... အမှန်အတိုင်း ပြောရရင် သူ့ကို ကြောင်-ဝက်ဝံလို့..."

ဟွမ်ကျန်းထင်သည် ပါးစပ် အဟောင်းသား ဖြစ်သွား၍ အံ့သြ ချီးကျူးနေခဲ့သည်။ "ဂိုဏ်းချုပ်က သိတာပဲ... ဒါပေမဲ့ သူတို့ရဲ့ မျိုးနွယ်စုမှာ နာမည်မရှိဘူး"

လင်းဖုန်း၏ စိတ်အတွင်းတွင် သူ၏ နှုတ်ခမ်းများ တွန့်သွားခဲ့သော်လည်း အပြင်တွင် အမူအရာ ကင်းမဲ့နေခဲ့သည်။ "ဘာဖြစ်လို့လဲ ဆိုတော့

သူတို့ဟာ ပြင်ပကမ္ဘာနဲ့ တစ်ခါမှ မဆက်ဆံဖူးလို့ပဲ… တစ်ချိန်တည်းမှာ သူတို့မှာ မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံကို ဖန်ဆင်းနိုင်တဲ့ ဘိုးဘေးဘီဘင် တစ်ယောက်မှလည်း မရှိပဲ သူတို့ရဲ့ မိစ္ဆာ သွေးအမွေကို မခပ်နှိပ်ထားနိုင်ခဲ့ဘူး"

သူ၏ အရှေ့မှ မိစ္ဆာသခင် အဆင့်ရှိ ရောမ ပန်ဒါသည် သမ်းဝေနေသကဲ့သို့ သူ၏ပါးစပ်ကို ဟလိုက်ပြီး လင်းဖုန်းအား စကားပြောချင်နေသကဲ့သို့ ဖြစ်နေသည်။

သူ၏ အသိစိတ်သည် စတင်၍ စီးဆင်းလာခဲ့ပြီး သူ၏ စကားသည် မပြေပြစ်သော်လည်း လင်းဖုန်းနှင့် ဟွမ်ကျန်းထင်တို့သည် သူပြောလိုနေသည်ကို နားလည်နိုင်ခဲ့ကာ သူတို့၏

နားအတွင်းတွင် ရိုးစင်းသော အသံတစ်ခု ပေါ်လာခဲ့သည်။ "ကျုပ်... ကျုပ်တို့ မျိုးနွယ်စုက အမတန်မှ အစွမ်းထက်တယ်"

သူ၏ မျက်လုံးများသည် အနည်းငယ် ထပ်ပွင့်လာကာ လင်းဖုန်းအား စိုက်ကြည့်နေ၍ သူ့အား ချီးမွမ်းမည်ကို စောင့်နေသကဲ့သို့ ဖြစ်နေရာ လင်းဖုန်းကလည်း ဆွံ့အသွားခဲ့သည်။

ဟွမ်ကျန်းထင်က ပြောလိုက်သည်။ "ဒီကောင်က အတော်ကို အစွမ်းထက်တယ်... ဂိုဏ်းချုပ်... သူရဲ့ ရုပ်ကိုယ်ခန္ဓာ စွမ်းအားက တခြား မိစ္ဆာတွေထက် အများကြီး သန်မာပြီး အမတန်မှလည်း လျင်မြန်တယ်... သူ့မှာ အစွမ်းထက်တဲ့ ဝါးမျိုးနိုင်တဲ့ စွမ်းရည်လည်း ရှိတယ်... တစ်ခုရှိတာက သူက

တကယ်ကိုပဲ မလှုပ်ရှားလိုပဲ နူးညံ့ နှစ်လိုဖွယ်ရာ အမူအရာရှိပြီး တိုက်ခိုက်ရတာ မကြိုက်တာပဲ"

"တကယ်လို့ သူက ရန်လိုတဲ့ သဘာဝ ရှိရင် သူက တခြား မိစ္ဆာမျိုးနွယ်စု အများစုကို အနိုင်ယူနိုင်ပြီး သူ့ကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့ မရနိုင်ဘူး"

လင်းဖုန်းက ဘာမှ မပြောခဲ့ပေ။ ဤရောမ ပန်ဒါထံမှ ထွက်ပေါ်နေသော မိစ္ဆာစွမ်းအားများနှင့် သူ၏ အပြုအမူတို့သည် သူ့အတွက် ဘာမှ အဓိပ္ပာယ် မရှိခဲ့ပေ။

သို့သော်လည်း ထိုအဓိပ္ပာယ် မရှိနေခြင်းကပင် လင်းဖုန်းအား ဆွံ့အစေခဲ့ခြင်း ဖြစ်သည်။

သူ၏ မေးရိုးစွမ်းအားများသည် ပိုလာဝက်ဝံအောက်တွင်သာ ရှိ၍ အညိုရောင် ဝက်ဝံများနှင့် တူညီသည်။ သူ၏ ပြေးနိုင်စွမ်းသည် ပင်လယ်မျက်နှာပြင်အထက် မီတာနှစ်ထောင် မြင့်သော တောင်ပေါ်တွင် လူသားများ အမြန်ဆုံး ပြေးနိုင်ခြင်းထက် သာသည်။ သူသည် မီတာနှစ်ဆယ်ကျော် မြင့်သည့် သစ်ပင်များ အပေါ်သို့ တက်နိုင်သည်။ သူသည် ဝံပုလွေ သုံးလေးကောင်တို့အား အရုပ်များကဲ့သို့ ကစားနိုင်သည်။

သို့တိုင်အောင် အစွမ်းထက်သော ဤသတ္တဝါသည် သူ၏အရှေ့တွင် ချစ်စရာကောင်းသည့် ဟန်ဆောင်နေခဲ့သည်။

လင်းဖုန်းသည် ယခင်ဘဝက ပန်ဒါများ အကြောင်း ရိုက်ကူးထားသော မှတ်တမ်းရုပ်ရှင် တစ်ခုကို ကြည့်ဖူးသည်။ သို့သော်လည်း ထိုအရာသည် အစစ်အမှန် သာမန်ပန်ဒါများ အကြောင်းဖြစ်သည်။

လင်းဖုန်းအနေဖြင့် ထိုမှတ်တမ်းရုပ်ရှင်သည် မှန်ကန်သလော သို့မဟုတ် လူများက ဇာတ်လမ်းဆင်၍ ရိုက်ထားသလော ဟူသည်ကို မသေချာနေပေ။ သို့သော်လည်း မူလကောင်းကင် ကမ္ဘာ အတွင်းမှ ဤရောမ ပန်ဒါသည် ထိုမှတ်တမ်းရုပ်ရှင် အတွင်းကနှင့် သိပ်မကွာခဲ့ပေ။

သူ၏ တိုက်ခိုက်နိုင်စွမ်းနှင့် အတွေ့အကြုံများကို ထည့်မတွက်ပဲ ရုပ်ကိုယ်ခန္ဓာ ဖွဲ့စည်းမှုနှင့် မိစ္ဆာ

စွမ်းအားများကို ကြည့်ရလျှင် ချစ်စရာကောင်းသော ဤကောင်ကြီးသည် မိစ္ဆာသခင် နောက်ဆုံးအဆင့်၏ အထွတ်အထိပ်တွင် ရှိနေခဲ့သည်။ သူသည် မသေမိစ္ဆာ ဝိညာဉ်ကို ဖန်ဆင်းနိုင်ရန် ခြေတစ်လှမ်းသာ လိုတော့သည့် ခြေသည်ကိုးခု သိမ်းငှက်ဘုရင်ထက်စာလျှင် များစွာပို၍ ခက်ထန်ပေသည်။

ယှဉ်ပြိုင်ရန်ပင် မလိုပဲ လင်းဖုန်းအနေဖြင့် ငှက်အမျိုးအစား မိစ္ဆာဖြစ်သော ခြေသည်ကိုးခု သိမ်းငှက်ဘုရင်သည် အခြားအရာများကို မယှဉ်လျှင်ပင် ဤကောင်ကြီးအား အမြန်နှုန်းတွင် အသာစီး မရနိုင်ဟု ပြောနိုင်ခဲ့သည်။

သို့သော်လည်း တစ်ခုရှိသည်မှာ သူ၏အရှေ့မှ ဤဖက်တီးသည် အပျင်းမထူနေပဲ သူ၏ အမြန်နှုန်းကို အပြည့်အဝ ထုတ်ဖော်မှ ရမည်ဖြစ်သည်။

ဤကောင်ကြီးသည် သဘာဝ စွမ်းရည်များနှင့် ရုပ်ကိုယ်ခန္ဓာ အရည်အသွေး နေရာ၌ အခြား မိစ္ဆာများစွာတို့ထက် အထက်တန်းကျသည်။

ဤအရာမှာ သူတို့၏ ဘိုးဘေးဘီဘင် တစ်ယောက်ကမှ မူလ အစစ်အမှန် စိတ်ဝိညာဉ်ကို မဖန်ဆင်းနိုင်ခဲ့သည့် အချက်ကို ထည့်တွက်အပြီးတွင် ဖြစ်သည်။ မဟုတ်လျှင် သူတို့၏ သဘာဝ ပါရမီများသည် ဤထက်များစွာ ပိုကောင်းပေမည်။

ထို့အပြင် ဤဖက်တီးသည် ကျင့်ကြံမှုကို အာရုံစိုက်ခြင်းပင် မရှိပေ။ သူသည် သဘာဝအတိုင်း စီးမျော လိုက်ပါခဲ့ခြင်း ဖြစ်သည်။ သူသည် ဘဝကို သက်တောင့်သက်သာဖြင့် ပျော်ရွှင်စွာ ဖြုတ်သန်းနေ၍ သူ၏ သဘာဝ ပင်ကိုစွမ်းရည်များကို အသုံးမချခဲ့ပေ။ အကယ်၍ သူသည် အခြား အစွမ်းထက်သော မိစ္ဆာများကဲ့သို့ ကျင့်ကြံမှုကို အာရုံစိုက်လျှင် များစွာပို၍ အင်အားကြီးလာမည် ဖြစ်သည်။

ဤကဲ့သို့သော ကြောက်မက်ဖွယ်ရာ သားရဲတစ်ကောင်သည် ရုပ်ကိုယ်ခန္ဓာ သန်စွမ်းစွာနှင့် အစာများကို ဝါးမျိုနိုင်သော သဘာဝ စွမ်းအားများဖြင့် မွေးဖွားလာခဲ့သည်။ ထို့အပြင်

ဤသားရဲသည့် သဘာဝ အားဖြင့်
ဆွဲဆောင်နိုင်သော ပါရမီရှိသည်။
အခြားစကားလုံးဖြင့် ပြောရလျှင်
ချစ်စရာကောင်းအောင် ဟန်ဆောင်နိုင်ခြင်း
ဖြစ်သည်။

"ဒါက တကယ့်ကို ရှက်စရာ ကောင်းတာပဲ"
လင်းဖုန်းသည် သူ၏ခေါင်းကို အဆက်မပြတ်
ခါလိုက်လေသည်။

ဟွမ်ကျန်းထင်က ရုတ်တရက် ပြောလိုက်၏။
"ဂိုဏ်းချုပ်… ဒီ… ဒီရောမ ပန်ဒါရဲ့ အဖြူနဲ့
အနက်ရောင် သားမွေးတွေက ယင်နဲ့ယန်တို့
အချင်းချင်း ယှက်သန်းနေကြသလိုပဲ"

လင်းဖုန်းက သဘောတူစွာဖြင့် ပြောလိုက်သည်။
"ဟုတ်တယ်… ဒီမိစ္ဆာရဲ့ စွမ်းရည်တွေက မွေးရာပါ ဖြစ်ပြီး သူက ယင်နဲ့ယန်တို့ နှစ်မျိုးစလုံးနဲ့ မွေးဖွားလာခဲ့တာ… သူ့ရဲ့ ကံကောင်းမှုကို ဖော်ပြလို့မရနိုင်ပေမဲ့ သူက အရာအားလုံးကို အမှန်တကယ် နားလည်နိုင်စွမ်း မရှိဘူး"

"တကယ်လို့ သူက နားလည်နိုင်ရင် ဒီအချိန်မှာ မသေမိစ္ဆာ ဝိညာဥ်အဆင့်ကို ရောက်နေနိုင်ပြီး စွမ်းရည်အသစ်တွေကို ရရှိနိုင်မှာ ဖြစ်တယ်… သူက ယင်နဲ့ယန်ကို အသုံးချပြီးမှ ပြင်ပ တိုက်ခိုက်မှုတွေကို ရှောင်လွှဲနိုင်ပြီး သူ့ကိုယ်သူ ကာကွယ်နိုင်မှာ ဖြစ်တယ်"

ဤအရာသည် သူ၏ ဆွဲဆောင်နိုင်မှု အရှိန်အဝါ အပြင် ထူးခြားသော ခံစစ် စွမ်းအားဖြစ်သည်။ ကျင့်ကြံမှု အဆင့်တူသောသူများ အကြားတွင် သူ့အား အစစ်အမှန် လှုပ်ရှားစေနိုင်သော သူများမှာ အနည်းငယ်သာ ရှိသဖြင့် သူသည် ပျင်းရိစွာသာ လှဲလျောင်းနေပေသည်။

လင်းဖုန်းက သူ့ကို ကြည့်နေလေလေ စိတ်ကောက်လိုစိတ်များ ပေါက်လာလေလေ ဖြစ်သည်။

သူသည် သူ့အရှေ့မှ ရောမ ပန်ဒါအား ကြည့်၍ မေးလိုက်သည်။ "မင်းနာမည်က ဘယ်လိုခေါ်လဲ"

ရောမ ပန်ဒါကြီးသည် လင်းဖုန်း၏ အရှေ့တွင် အလွန်အမင်း ချစ်ဖွယ်ကောင်းနေ၍ စကားနားထောင်သည့်ပုံ ပေါက်နေသည်။ သူသည် ထူးမခြားနား ပုံစံ မရှိတော့ပဲ ပြန်ဖြေလိုက်၏။ "ကျွန်တော့်နာမည်က ရိုးရိုး ဖြစ်ပါတယ်"

ပြီးတာနှင့် သူ၏ ခန္ဓာကိုယ်အား မြေပြင်တွင် စက်ဝိုင်းကဲ့သို့ လည်ပတ်နေရာ လင်းဖုန်းက မျက်ဖြူလှန်လိုစိတ်များပင် ပေါ်လာခဲ့သည်။

ရိုးရိုးသည် ပထမ တစ်ပတ်အပြီးတွင် မရပ်တန့်ခဲ့ပဲ လင်းဖုန်းအားသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာ၍ လင်းဖုန်းအနားတွင် နေလိုနေသကဲ့သို့ ဖြစ်နေသည်။

အခြားသူများ အနေဖြင့် သူသည် အလွန်အမင်း ချစ်ဖွယ်ကောင်းကာ သူ့အား ဒဏ်ရာရအောင် လုပ်ရက်မည် မဟုတ်ပဲ သူကလည်း လင်းဖုန်းအား ဖော်ရွေကာ ချဉ်းကပ်လွယ်သူဟု ထင်နေခဲ့သည်။

လင်းဖုန်းသည် မဟာကောင်းကင် တာအိုကျမ်းစာကို လေ့ကျင့်ထားသဖြင့် ဤအရာကို ကောင်းကောင်း သိနေခဲ့သည်။ သူ၏ ကျင့်ကြံမှု အဆင့်သည် မမှန်းနိုင်အောင် မြင့်မားကာ သူ့အနားမှ ကြမ္မာပန်းတိုင် အရှိန်အဝါသည် သူ့အား မဟာတာအို၊ ကောင်းကင်နှင့် မြေကြီး၊ သဘာဝတို့နှင့် တစ်သားတည်း ဖြစ်နေသကဲ့သို့ သာလွန် မြင့်မြတ်စေခဲ့သည်။

ရိုးရိုးသည် သဘာဝ ကောင်းကင်နှင့် မြေကြီးတို့ကို နှစ်သက်သူ ဖြစ်သဖြင့် လင်းဖုန်းနှင့် မယှုံနိုင်အောင် နီးကပ်၍ ဖမ်းစားထားသည်ဟု ခံစားနေရသည်။

ဟွမ်ကျန်းထင်သည် ထပ်ဖန်တစ်ခါ အံ့အားသင့် ချီးကျူးလိုက်သည်။ "သူက ဆရာအရှေ့မှာလည်း ဒီလိုပုံစံမျိုး လုပ်နေခဲ့တယ်... ဒါကြောင့်မို့ ဆရာက သူ့ကို ကျွန်တော့်နောက်ကို လိုက်သွားဖို့ စေခိုင်းခဲ့တဲ့ အချိန်မှာ မခုခံခဲ့တာပဲ"

သို့မဟုတ် သူသည် ခုခံရန် အပျင်းထူလွန်းနေခြင်းလည်း ဖြစ်နိုင်သည်။

လင်းဖုန်းသည် စိတ်အနှောင့်အယှက် ဖြစ်နေသလို တစ်ချိန်တည်းတွင် ရယ်လည်း ရယ်ချင်နေခဲ့သည်။ သူ၏ ခေါင်းအတွင်း၌ မြင်ကွင်းတစ်ခု ပေါ်လာခဲ့သည်။ ရှီထျန်းဟောင်သည် လေထဲတွင် ရေးဆွဲနေကာ မသိသေးသော ထိုမျိုးဆက်၏ မည်သည့် အစိတ်အပိုင်းက အရသာ ရှိသည်ကို စဉ်းစားနေခဲ့သည်။

ရိုးရိုးကမူ သူကျရောက်နေသော အခြေအနေကို လုံးဝ မသိပဲ ချစ်စရာကောင်းသည့်ပုံ ဖမ်းနေရင်း ရှီထျန်းဟောင် အနားသို့ နီးကပ်စေရန် ချဉ်းကပ်လာခဲ့သည်။

ဟွမ်ကျန်းထင်က ဆက်ပြောလိုက်သည်။ "ဆရာက သူတို့ဟာ သဘာဝနဲ့ တစ်သားတည်း

ဖြစ်နေတယ်လို့လည်း ပြောလိုက်သေးတယ်…
သူတို့ကိုယ်တိုင်က ဒါကို မသိကြပေမဲ့ သူတို့ဟာ
ယင်နဲ့ယန်ကို ထိန်းချုပ်တဲ့ နေရာမှ
ကျွမ်းကျင်ကြတယ်… ကျွန်တော်တို့က သူတို့ကို
ယင်ယန်ဝက်ဝံ ဒါမှမဟုတ် ထိုက်ကျိဝက်ဝံလို့
ခေါ်ခဲ့တယ်… ဒီကနေ့မှပဲ သူ့ကို ဧရာမ ပန်ဒါလို့
ခေါ်မှန်း သိခဲ့တယ်"

လင်းဖုန်းက ရင်ထဲမှနေ၍ ရယ်လိုက်ကာ
သူ့ကိုယ်သူ တွေးနေခဲ့သည်။ "ယင်ယန်ဝက်ဝံ…
ထိုက်ကျိဝက်ဝံ… မဆိုးဘူး… သူက
ထင်ထားတာထက် ပိုကြီးနေ… အာ…"

သူ့ကိုယ်သူ တွေးနေဆဲ ရှိသေးသည်၊
ဟွမ်ကျန်းထင်က ရုတ်တရက် စိတ်လှုပ်ရှားစွာဖြင့်

အော်ဟစ်လိုက်သည်။ "ဆရာက ဒီမိစ္ဆာဟာ သူ့တပည့်တွေအတွက် စီးနင်းစရာလုပ်ဖို့ အမတန်မှ သင့်တော်တယ်လို့ ပြောထားတယ်… သူတို့ဟာ မဟာကောင်းကင် တာအိုကျမ်းစာနဲ့ နီးစပ်မှုရှိပြီး ကျွန်တော်တို့ရဲ့ အင်မော်တယ် ဝိညာဉ်ကိုယ်ပွား ထိုက်ကျိုရုပ်ပုံတွေနဲ့ အတွဲအဖက် ဖြစ်နေတယ်"

"ဆရာက ပြောခဲ့သေးတယ်… ဒီယင်ယန်ဝက်ဝံ… မဟုတ်ဘူး… ကျွန်တော်ဆိုလိုတာ ဒီရောမ ပန်ဒါ ရိုးရိုးက သူတို့ မျိုးနွယ်စု အတွင်းမှာ ပါရမီ အကောင်းဆုံးပဲ… ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံမှုဟာ နိမ့်နေသေးပြီး အနာဂတ်မှာ သူတိုးတက်လာရင် ဂိုဏ်းချုပ်အတွက် သင့်တော်လာလိမ့်မယ်တဲ့"

လင်းဖုန်းက မှင်သက်သွား၏။ ရှီထျန်းဟောင်သည် သူ့အား တပည့်ပီသစွာ အလိုက်တသိ ဆက်သခဲ့မှန်းကို သိနေသော်လည်း သူ့ကိုယ်သူ ချစ်စရာကောင်း၍ ရိုးအပုံ ပေါက်နေသည့် ရောမ ပန်ဒါအပေါ်တွင် ထိုင်ကာ ကမ္ဘာအတွင်း၌ လှည့်လည်နေပုံကို မြင်ယောင်လာမိသည်။

ပြီးတာနှင့် ရှောင်ယန်၊ ရှီထျန်းဟောင်တို့နှင့် သူတို့၏ တပည့်များ ဖြစ်ကြသည့် ဟွမ်ကျန်းထင်၊ တန်ကျွန်း၊ ကျိုးယွင်ချုံး၊ ထို့နောက် ကောကျုံးဟွမ်၊ မုန့်ဟုန်လူ၊ ရဲ့ရှင်းဟွေတို့ကပင် သူတို့၏ ကိုယ်ပိုင် ပန်ဒါများ အပေါ်တွင် ထိုင်နေကြသည်ကို မြင်ယောင်လာမိသည်။

ဒါသည် အမတန်မှ ကြီးကျယ်ခမ်းနား၍ လှပသော မြင်ကွင်းဖြစ်ပေသည်။

လင်းဖုန်းသည် ချက်ချင်းပင် မျက်ရည်စိုလာသကဲ့သို့ ခံစားခဲ့ရကာ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။ "ဘာတွေလဲကွာ"

## စာစဥ် ၆၈ : အပိုင်း ၈

## အပိုင်း ၁၃၁၈ : တွေ့ရှိမှုအသစ်

သူ၏အရှေ့မှ စိတ်ရှုပ်ထွေးနေသော ဟွမ်ကျန်းထင်နှင့် ချစ်စရာကောင်း၍ ရိုးအပုံပေါက်နေသော ရိုးရိုးကို ကြည့်လိုက်ကာ

လင်းဖုန်း၏ နှုတ်ခမ်းများက တွန့်လာခဲ့သည်။ သူသည် သူ၏ မြေးတပည့်အား အမှန်ပင် မေးခွန်းထုတ်လိုစိတ်များ ပေါက်နေပေသည်။ သူ၏အရှေ့မှ မြင်ကွင်းသည် တစ်ခုခု မှားနေသည်ဟု မခံစားမိလေသလော။

လင်းဖုန်းသည် သက်ပြင်းတစ်ချက်ချ၍ ရိုးရိုးအား ပုတ်လိုက်ကာ ဟွမ်ကျန်းထင်ဘက်သို့ လှည့်လိုက်လေသည်။ "သူ့ကို မြေရိုင်းလျှိုမြောင်ကို ပြန်ခေါ်သွားပြီး စောင့်ရှောက်ထားလိုက်ပါ... ရွှမ်းဟွမ်ကို တကယ်လို့ သူနှစ်သက်ရင် ရိုးရိုးကို သူ့ရဲ့ စီးနင်းစရာ အဖြစ် အသုံးပြုနိုင်တယ်လို့ ပြောလိုက်ပါ... သူက ငါ့အတွက် အသုံးမဝင်ဘူး"

သူ့အနေဖြင့် ချစ်စရာကောင်းသော အရာတစ်ခုကို ရွေးချယ်မိခြင်းဖြင့် သူ၏ ဂုဏ်သတင်းကို နည်းနည်းလေးမှ အပျက်မခံနိုင်ပေ။

ရိုးရိုးကမူ သတိထားမိဟန် မတူချေ။ လင်းဖုန်းက သူ၏ခေါင်းကို ပုတ်လိုက်သော အခါ သူ၏ ခန္ဓာကိုယ်သည် တောင်ပူစာ တစ်လုံးမျှ ကြီးမားသော်လည်း လင်းဖုန်း၏ လက်ထံသို့ တိုးပင် ဝင်လာခဲ့သည်။

ဟွမ်ကျန်းထင်က ခုန်ဆွခုန်ဆွ ဖြစ်သွားခဲ့သည်။ "ဂိုဏ်းချုပ်... ဂိုဏ်းချုပ်... သူက ဂိုဏ်းချုပ်ရဲ့ ခေါင်းပုတ်တာကို ခံချင်လို့ အပေါ်တက်လာပြီ"

လင်းဖုန်းက သူ့အား မျက်စောင်းမထိုးမိစေရန် သတိထားလိုက်ရသည်။ "ဟုတ်လား... ဘာပြဿနာ ရှိလို့လဲ"

ဟွမ်ကျန်းထင်က သူ၏ တံတွေးများကို မျိုချလိုက်သည်။ "ကျွန်တော်ကလည်း သူ့ကိုကိုင်ဖို့ ကြိုးစားခဲ့ပေမဲ့ သူ့ကို ရှားပါးတဲ့ အစာကောင်းတွေ ကျွေးမှရတယ်... မဟုတ်ရင် သူက မခုခံပေမဲ့ အဝေးကို ရှက်သလိုလိုနဲ့ ထွက်သွားခဲ့တယ်"

အခြား စကားလုံးဖြင့် ပြောရလျှင် သူ့အား အစာကျွေးမှသာ သူ့ကို ပုတ်ခွင့်ပေးပေသည်။

လင်းဖုန်းသည် ရယ်ရမည်လော၊ ငိုရမည်လောကို မသိတော့ချေ။ ဟွမ်ကျန်းထင်က ဆက်ပြောလိုက်၏။ "သူ့ရဲ့ အစာစားလိုစိတ်နဲ့ သူ့ပါးစပ်က မယုံနိုင်အောင် အစွမ်းထက်တယ်… ကျွန်တော့်မှာ မှောင်မိုင်းနေသော အလင်းမဲ့ သတ္တု တစ်တုံးရှိတာ သူက လေးငါးလုတ်နဲ့တင် အကုန်စားလိုက်တယ်… သူ့ရဲ့ တံတွေးတွေက ဒီသတ္တုကို တစ်ခါတည်း တိုက်စားနိုင်တယ်"

မှောင်မိုင်းနေသော အလင်းမဲ့ သတ္တုသည် ကောင်းကင်နှင့် မြေကြီးတို့၏ ထူးခြားဆန်းကြယ်သော သတ္တုခြောက်မျိုး အနက်တွင် တစ်ခု အပါအဝင် ဖြစ်သည်။ သူ့အား လက်နက် သို့မဟုတ် ချပ်ဝတ်တန်ဆာ အမျိုးအစား မှော်ရတနာများ အတွင်းသို့ ထည့်သွင်းထုလုပ်ခဲ့လျှင်

အရည်အသွေး အကြီးအကျယ်
တိုးတက်စေနိုင်သည်။

ဟွမ်ကျန်းထင်၏ သတ္တုသည် မူလသတ္တုရိုင်း
မဟုတ်ပဲ တူးဖော်ခဲ့အပြီးတွင် သန့်စင်ထားပြီး ဖြစ်၍
အမတန်မှ မာကျောသည်။ ဟွမ်ကျန်းထင်သည်
သူ့အား ဖျက်ဆီးလိုနေလျှင်ပင် စိန်ခေါ်မှု
ရှိမည်ဖြစ်သည်။

လင်းဖုန်းသည် ရိုးရိုးအား စိုက်ကြည့်လိုက်၍
သာမန်သာ ပြောလိုက်သည်။ "ဒီမိစ္ဆာရဲ့ တံတွေးဟာ
သတ္တုတွေကို တိုက်စားဖို့ အထူး ပြုလုပ်ထားတာ
ဖြစ်တယ်... တခြား အရာတွေကို
အစာခြေချင်ရင်တော့ ဒီလောက်အထိ
အစွမ်းထက်မှာ မဟုတ်ဘူး"

ဟွမ်ကျန်းထင်က ရယ်ရမ်းသွေးလိုက်သည်။
"ကျွန်တော်တို့က သူ့ကို ထိချင်ရင် အစာကျွေးမှ ရတယ်... ဆရာကသာ သူ့ကို ဘာမှ မကျွေးပဲနဲ့ ချဉ်းကပ်နိုင်တယ်... ဒါပေမဲ့ ဆရာက ဂိုဏ်းချုပ်လောက်တော့ ကံမကောင်းဘူး... ရိုးရိုးက သူ့ကိုပုတ်နိုင်အောင် ဂိုဏ်းချုပ်အနားကို သူ့ဘာသာသူ တိုးလာခဲ့တယ်"

ဟွမ်ကျန်းထင်သည် လင်းဖုန်းအား အံ့ဩချီးကျူး လေးစားအားကျသော မျက်လုံးများဖြင့် စိုက်ကြည့်နေကာ ပြောလိုက်သည်။

လင်းဖုန်းသည် သူ့မြေးတပည့်၏ အမူအရာကို မြင်လိုက်ရသော်လည်း တစ်စက်မှ ပျော်ရွှင်နေခြင်း

မရှိခဲ့ပေ။ သူသည် ရင်တွင်းမှနေ၍ ခါးသီးစွာဖြင့် ရယ်လိုက်ကာ သူ့ကိုယ်သူ တွေးလိုက်သည်။

"ဒါက ဘာမှ ဂုဏ်ယူစရာ ကိစ္စတစ်ခု
မဟုတ်ပါဘူး... ဟုတ်တယ်မလား...
ကျားဖြူတွေကို အနိုင်ယူ သိမ်းသွင်းနိုင်ခြင်းဟာ
စွမ်းဆောင်မှု တစ်ခုလို့ သတ်မှတ်လို့ရပေမဲ့
ဒီငပျင်းကောင်ကို သိမ်းသွင်းနိုင်ခဲ့တာက...
နည်းနည်းလေးတော့ ရှက်စရာ
မကောင်းနေဘူးလား"

ဟွမ်ကျန်းထင်က ဆက်ပြောလိုက်သည်။ "ဆရာက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ သူ့အဘိုး စီနီယာရှီကို ရှာဖွေနေရင်း တစ်စုံတစ်ခုကို

တွေ့ရှိခဲ့ပြီး ကျွန်တော့်ကို ဂိုဏ်းချုပ်နား ယူပြန်ဖို့ ညွှန်ကြားခဲ့တယ်"

သူ၏ လက်ဝါးကို ဖွင့်လိုက်ရာ ခရမ်းရောင် စက်လုံးတစ်ခု လွင့်မျောလာခဲ့သည်။

ထိုခရမ်းရောင် စက်လုံးလေးသည် ရှီထျန်းဟောင်က သူ၏ စွမ်းအားများကို အသုံးပြု၍ ဖန်ဆင်းထားသော အသိစိတ် ကမ္ဘာငယ် တစ်ခုဖြစ်သည်။

ထိုအသိစိတ် ကမ္ဘာငယ် အတွင်းတွင် အလင်းတန်း ပုံရိပ်များစွာ လင်းလက်နေ၍ ပစ္စည်းများစွာ ရှိနေခဲ့သည်။ သူတို့အနက် တစ်ခုမှာ နှစ်ပေခန့်

ရှည်လျားသော ကျောက်တုံး တုတ်ရှည်
တစ်ခုဖြစ်သည်။

သူ၏ မျက်နှာပြင် အပေါ်တွင် အတော်ကို
သိမ်မွေ့နက်နဲသော ထူးခြား ဆန်းကြယ်သည့်
ပုံစံများကို ရေးထွင်းထားသည်။

ထိုပုံစံများသည် ပြည့်စုံခြင်း မရှိပဲ ကျောက်တုံး
တုတ်ရှည်ကလည်း နှစ်ဘက်စလုံးတွင်
ကွဲအက်နေကာ တစ်စုံတစ်ခုထံမှ ကျိုးပဲလာခဲ့သော
အပိုင်းအစ တစ်ခုကဲ့သို့ ဖြစ်နေသည်။

ထိုကျောက်တုံး တုတ်ရှည်အပြင်
လက်စွပ်တစ်ကွင်းလည်း ရှိသေး၏။

ထိုလက်စွပ်သည် ဟေးဒီးစ်သားရဲတို့ကို တန်ပြန်နိုင်သည့် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတထံမှ ရရှိခဲ့သော လက်စွပ်ပင် ဖြစ်သည်။

ဟွမ်ကျန်းထင်က ပြောလိုက်သည်။ "ဆရာက ဂိုဏ်းချုပ်ရဲ့ ညွှန်ကြားချက်တွေ အတိုင်း ဒီလက်စွပ်ကို သူနဲ့အတူ သယ်ဆောင်သွားခဲ့တယ်… တစ်နေရာမှ တုံ့ပြန်မှု တစ်ခုကို ရရှိခဲ့ပြီး ဒီကျောက်တုံး တုတ်ရှည်ကို ကံအားလျော်စွာ တွေ့ရှိခဲ့ခြင်း ဖြစ်တယ်"

လင်းဖုန်းသည် ထိုကျောက်တုံး တုတ်ရှည်အား သူ၏ အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ သူ၏ မျက်လုံးများသည် အနည်းငယ်

အရောင်တောက်လာ၍ ခေတ္တမျှ စဉ်းစားလိုက်ပြီး ထိုကျောက်တုံး တုတ်ရှည်ကို သိမ်းထားလိုက်လေသည်။

သူသည် ဟွမ်ကျန်းထင်ဘက်သို့ လှည့်၍ပြောလိုက်သည်။ "ဒီမိစ္ဆာကို မြေရိုင်းလျှိုမြောင်ကို ပြန်ခေါ်သွားလိုက်ပါ… သူ့ရဲ့ ကျန်တဲ့ မျိုးနွယ်စုတွေနဲ့ သူတို့ နေထိုင်တဲ့ အလယ်ကမ္ဘာကို ဘာလုပ်မလဲ ဆိုတာကိုတော့ မင်းတို့ဘာသာ ဆုံးဖြတ်နိုင်တယ်"

ဤမိစ္ဆာများသည် နေရာ ရွှေ့ပြောင်းရမည်ကို စိတ်ထဲတွင် ထားနေမည် မဟုတ်ချေ။ သူတို့တွင် စားစရာ အစာနှင့် အိပ်စရာ နေရာသာ ရှိ၍ မည်သည့် အန္တရာယ်မှ မရှိနေလျှင် သူတို့

ဘယ်နေရာတွင် နေရနေရ ဘာမှ ကိစ္စရှိမည် မဟုတ်ချေ။

စားခြင်းနှင့် အိပ်ခြင်းတို့ကို ပြောရလျှင်...

လင်းဖုန်းသည် သူ့ဘေးတွင် လှဲလျောင်းနေသော ရိုးရိုးကို ဆွံ့အစွာဖြင့် ကြည့်လိုက်သည်။ ဤကောင်သည် သူတို့ စကားပြောနေစဥ်တွင်ပင် အိပ်မောကျနိုင်ပေသည်။

"ဒီမိစ္ဆာက အိပ်ရတာကို နှစ်သက်တာကို ကျွန်တော်တို့က သိပြီးဖြစ်တယ်... ဒါပေမဲ့ သူက ဂိုဏ်းချုပ်ရဲ့ အရှေ့မှာတောင် အိမ်မောကျသွားတာက နည်းနည်း မလွန်ဘူးလား"

အရာအားလုံးကို ခံစားချက် ကင်းမဲ့နေသည့် ဟွမ်ကျန်းထင်ကပင် အနည်းငယ် ကသိကအောက် ဖြစ်သွားခဲ့သည်။ သူသည် တောင်ပူစာ တစ်ခုနှင့် တူနေသော ရောမ ပန်ဒါအား သူ၏ စွမ်းအားများဖြင့် ယူဆောင်သွားပြီး လင်းဖုန်းကို နှုတ်ဆက်ကာ မြေရိုင်းလျှိုမြောင်သို့ ပြန်သွားလေသည်။

လင်းဖုန်းကလည်း ခံစားချက် ကင်းမဲ့နေသော မျက်နှာဖြင့် သူ၏ခေါင်းကို ညိတ်လိုက်သည်။
"သွားပါ"

ဤရောမ ပန်ဒါသည် အိပ်ရသည်ကို နှစ်သက်၍ မလှုပ်ရှားလိုမှန်းကို သူကသိနေသည်။ သူတို့သည် အဆက်မပြတ် စားသောက်ကာ စားသောက်ချိန်များ

အကြားတွင် အိပ်စက်သည်။ ပြီးတာနှင့် သူတို့ ထလာသော အခါ ဆက်လက်၍ စားသောက်ပေသည်။

မကြာမီပင် ရောမ ပန်ဒါသည် နိုးထလာကာ စားသောက်အပြီးတွင် ပြန်၍ အိပ်စက်သွားခဲ့သည်။

တစ်ချိန်တစ်ခါက ဤအရာသည် သူ၏ ဘဝ ရည်မှန်းချက် တစ်ခု ဖြစ်ခဲ့ဖူး၍ လင်းဖုန်းသည် ကျိတ်၍ နှုတ်ခမ်းများကို စူလိုက်သည်။

ဟွမ်ကျန်းထင် ထွက်သွားသော အခါ လင်းဖုန်းက ကျောက်တုံးတုတ်ရှည်အား ထုတ်ယူလိုက်သည်။ သူသည် ထိုအရာကို အချိန်အနည်းငယ်

လေ့လာအပြီးတွင် သူ၏ လက်ချောင်းများဖြင့် ကောင်းကင်သို့ ထိလိုက်သော အခါ တောက်ပသော အရောင်များဖြင့် လင်းလက်နေသည့် မှော်ဝက်ပါ တစ်ခုက မြင်ကွင်းအတွင်းသို့ လွင့်မျောလာခဲ့သည်။

လင်းဖုန်းသည် ထိုကျောက်တုံး တုတ်ရှည်နှင့် လက်စွပ်တို့အား မှော်ဝက်ပါအတွင်းသို့ ပစ်သွင်းလိုက်သည်။ မှော်ဝက်ပါသည် ဆက်လက်၍ လည်ပတ်နေပြီး ပစ္စည်း နှစ်မျိုးစလုံးတို့သည် ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

ယင်ပင်လယ်သည် ယခင်ကအတိုင်း ပြန်လည် ငြိမ်သက်သွားခဲ့ပြီ ဖြစ်သည်။ လှိုင်းများသည် တည်ငြိမ်နေကာ လေဟာနယ် အလွှာများသည် ယခင်ကအတိုင်း ယှက်သန်းလျက်ရှိပြီး တစ်ခုနှင့်

တစ်ခု ခွဲခြားရန် ခက်ခဲပေသည်။ သိပ်သည်းလှသော အဖြူရောင် တိမ်တိုက်များသည် ပင်လယ်အပေါ်မှ ကောင်းကင်ယံတွင် လွင့်မျောနေကြပြီး အဆုံးမဲ့ ကျယ်ပြန့်နေကြသည်။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် အခြားသူများကို ယင်ပင်လယ် အတွင်းသို့ မဝင်နိုင်ရန်  ဟန့်တားထားခြင်း မရှိပဲ စည်းမျဥ်းစည်းကမ်း အချို့ကိုသာ ချထားလေသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးသော ဂိုဏ်းနှင့် စွမ်းအားစုများသည် အတွင်းသို့ ဝင်ရောက်ခွင့် ရခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မရင်းနှီးသော အခြားသူများ အဖို့ လင်းဖုန်းက သူတို့အား

အတွင်းသို့ ဝင်ရောက်ရန် ခွင့်ပြုခဲ့လျှင်ပင်
သူတို့အနေဖြင့် နှစ်ခါပြန်၍ စဉ်းစားရမည် ဖြစ်သည်။

အထူးသဖြင့် မိစ္ဆာများ ဖြစ်သည်။ ယခုအချိန်တွင်
ယခင်နေ့များကဲ့သို့ ယင်ပင်လယ် အတွင်း၌
မိစ္ဆာများကို မမြင်ရတော့သလောက်ပင် ဖြစ်သည်။
ယခင်က မိစ္ဆာများစွာတို့သည် အရှေ့ပင်လယ်နှင့်
မဟာလွင်တီးခေါင် ကုန်းမြေ အကြားမှ နယ်နိမိတ်
လမ်းကြောင်းကို ကျော်ဖြတ်ကာ ယင်ပင်လယ်
အတွင်းသို့ ဝင်ရောက်လေ့ ရှိကြသည်။

ယနေ့ ယင်ပင်လယ်သည် သူတို့ လာချင်တိုင်း လာ၍
ဝင်ချင်တိုင်း ဝင်၍ရသော နေရာတစ်ခု
မဟုတ်တော့ပေ။

ပန်းလိုင်၊ ယင်ကျိုးနှင့် ဖန်ကျန်းနတ်တောင်တို့သည် ပင်လယ်အောက်သို့ ထပ်ဖန်တစ်ခါ ငုပ်လျှိုးသွားကြသည်။ တောင်သုံးတောင်စလုံးတို့သည် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွား၏ ကျင့်ကြံခြင်းကို ခံခဲ့ရပြီ ဖြစ်သည်။

သို့သော်လည်း ထိုနတ်တောင် သုံးတောင်မှတဆင့် ယင်ပင်လယ် တစ်ခုလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်ရန်မှာ အားထုတ်မှု အနည်းငယ် လိုအပ်သေးသဖြင့် လင်းဖုန်းသည် ယခုအချိန်တွင် ကြိုးစားနေခဲ့ရသည်။

ကိုးနဝင်းချီ ကိုယ်ပွားသည် ပန်းလိုင်အပေါ်တွင် နေနေကာ မိုးကြိုးနဂါး ကိုယ်ပွားသည်

ဖန်ကျင်းအပေါ်တွင် နေရာယူထား၍
အေးရီးစ်ကိုယ်ပွားသည် ယင်ကျိုးအပေါ်တွင်
ရှိနေသည်။ ကိုယ်ပွားသုံးခုတို့သည် သူတို့၏
စွမ်းအားများကို စုပေါင်း၍ နတ်တောင်
သုံးတောင်မှတဆင့် ယင်ပင်လယ်ကို
ထိန်းချုပ်နိုင်ရန် အတူတကွ ကြိုးစားခဲ့ကြသည်။

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ယုကျင်းတောင်
အပေါ်တွင် နေနေကာ သူ၏ကိုယ်ပိုင်
နည်းစနစ်များကို ထပ်မံ၍ ကျင့်ကြံလျက်ရှိသည်။

ဤအချိန်မတိုင်မီက အေးရီးစ်ကိုယ်ပွားသည်
ရှောင်ယန်နှင့် အတူ တောင်ပိုင်း တောရိုင်းဒေသသို့
ခရီးထွက်ခဲ့ပြီး သက်ရှည်မြို့တော်၏ ဖွင့်ပွဲ
အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သူတို့သည် ယုကျင်းတောင်သို့ အတူတကွ ပြန်လာခဲ့၍ အေးရီးစ်ကိုယ်ပွားသည် အရာအားလုံးကို စီစဥ်ပြီးသွားသော အခါ ယင်ပင်လယ်သို့ ချက်ချင်း ပြန်သွား၍ စတင် သန့်စင်ခဲ့သည်။

လင်းဖုန်း၏ ကိုးနဝင်းချီ ကိုယ်ပွားသည် ပန်းလိုင်နတ်တောင် အပေါ်တွင် ထိုင်နေရင်း သူ့အရှေ့တွင် မှော်ဝက်ပါ အသေးစား တစ်ခုက လင်းလက်နေပေသည်။

ကိုးနဝင်းချီ ကိုယ်ပွားသည် သန့်စင်မှု ဖြစ်စဥ် အပေါ်တွင် အာရုံစိုက်နေကာ ထမရပ်ခဲ့ပေ။ သူ၏ လက်များကို ဆန့်တန်း၍ သူ့အရှေ့ရှိ မှော်ဝက်ပါ

အတွင်းမှ ကျောက်တုံး တုတ်ရှည်နှင့် လက်စွပ်တို့ကို ယူလိုက်သည်။

"လှိုကြီး" လင်းဖုန်းက ဖွဖွလေး ခေါ်လိုက်ရာ သူ့အရှေ့တွင် တင်ပလ္လင်ခွေ ထိုင်နေသည့် အရပ်ရှည်ရှည်ဖြင့် လူငယ်တစ်ယောက်က ထရပ်လိုက်ကာ သူ့အရှေ့သို့ ရောက်လာခဲ့သည်။ "မာစတာလင်း"

သူ့အရှေ့မှ အရပ်ရှည်ရှည်ဖြင့် လူငယ်သည် လှိုကြီးဟေးဒီးစ်ပင် ဖြစ်ကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား အသွေးအသားများဖြင့် ဖွဲ့စည်းထားသည်။

ဤအရာသည် သူ၏ မိစ္ဆာစွမ်းအားများဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်သလို ကောင်းကင်ယောက်သွား ရွှေပုလဲဖြင့် ဖန်ဆင်းထားခြင်းလည်း မဟုတ်ပေ။ သူသည် လင်းဖုန်း၏ ကိုးနဝင်းချီ ကိုယ်ပွားနှင့်လည်း မတူနေပဲ တကယ့် အသွေးအသား ခန္ဓာကိုယ် တစ်ခုဖြစ်သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ၏ နောက်ဆုံးအဆင့်များတွင်  သူတို့သည် ဟေးဒီးစ် မျိုးနွယ်စုများကို တိုက်ထုတ်နိုင်ခဲ့ကာ လင်းဖုန်းသည် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတထံမှ လာခဲ့သော ဟေးဒီးစ်သားရဲ့ ရုပ်အလောင်းကို ပြန်ယူနိုင်ခဲ့သည်။

ခုန်းယွမ်ဟေးဒီးစ်အား သတ်ဖြတ်ခဲ့အပြီးတွင် လင်းဖုန်းသည် သူ့ထံမှ အသွေးအသား အဆီအနှစ်များစွာတို့ကို ထုတ်ယူနိုင်ခဲ့သည်။ သူသည် ထိုအရာများကို ဟေးဒီးစ်သားရဲ ရုပ်အလောင်းနှင့် ပူးပေါင်းခဲ့၍ လော်ကြီးအား ရုပ်ကိုယ်ခန္ဓာ အသစ်တစ်ခုကို အောင်မြင်စွာနှင့် ဖန်ဆင်းပေးနိုင်ခဲ့သည်။

ယနေ့လျှိုကြီးသည် ယခင်ကကဲ့သို့ တစ်ဝက်တစ်ပျက် ဖြစ်တည်မှုမျိုး မဟုတ်တော့ပေ။ သူသည် အစစ်အမှန် ဟေးဒီးစ်သားရဲ ဖြစ်သွားပြီး သူ၏ စွမ်းရည်များမှာ သန်မာလှ၍ မယုံနိုင်သော အလားအလာများကို ပိုင်ဆိုင်ထားသည်။

လျှိုကြီးသည် စွမ်းအားများ မကောင်းမဲ့နေပဲ သူလိုအပ်နေသည်မှာ သူ၏ စွမ်းအားများကို ထိန်းချုပ်နိုင်သည့် စွမ်းရည်ပင် ဖြစ်သည်။

သို့ဖြစ်၍ သူ၏ ကိုယ်ပိုင် ရုပ်ကိုယ်ခန္ဓာကို ရရှိခဲ့သော အခါ လျှိုကြီးသည် မသေဝိညာဥ် အဆင့်သို့ အောင်မြင်စွာနှင့် ရောက်ရှိသွားနိုင်ခဲ့သည်။

ဤနှစ်များ အတွင်းမှ သူ၏ ပြင်ဆင်မှုများသည် ဤအချိန်အတွက်ပင် ဖြစ်သည်။

သူသည် လူသားပုံစံကို ဖန်ဆင်းထား၍ သူ၏ လက်ရှိရုပ်ရည်သည် သူလူသားဘဝက ရုပ်ရည်နှင့် တူနေခဲ့သည်။

လင်းဖုန်းသည် ကျောက်တုံး တုတ်ရှည်ကို လျှိုကြီးထံသို့ ပေး၍ပြောလိုက်သည်။ "လျှိုကြီး... ကြည့်ကြည့်ပါဦး"

လျှိုကြီးသည် ထိုကျောက်တုံး တုတ်ရှည်အား သူ၏ လက်အတွင်းသို့ ယူလိုက်ရာ သူ့ခန္ဓာကိုယ်မှ ခရမ်းရောင် အလင်းတန်း ပုံစံများ လင်းလက်လာ၍ သူ၏ အသိစိတ်နှင့် မိစ္ဆာစွမ်းအားများက လှုပ်ရှားလာခဲ့သည်။

ကျောက်တုံး တုတ်ရှည်သည် အစပထမက မတုံ့ပြန်ခဲ့သော်လည်း အချိန်ကြာလာသည်နှင့် အမျှ တုန်ခါလာခဲ့သည်။ သူ၏ ပြင်ပ အသွင်အပြင်မှာမူ ယခင်ကအတိုင်းပင် ဖြစ်ပြီး ဘာမှ မပြောင်းလဲခဲ့ပေ။

လှိုကြီးသည် ကျောက်တုံး တုတ်ရှည်ကို စိုက်ကြည့်နေရင်း ရှုပ်ထွေးသော အမူအရာများ ပေါ်လာခဲ့သည်။ "သူ့ကိုကြည့်ရတာ ကျွန်တော်နဲ့ ဆက်သွယ်နေသလို ထင်နေရပေမဲ့ တစ်ချိန်တည်းမှာ ရှိနေသလို ရှိမနေဘူးလို့လည်း ထင်နေရတယ်… ဒီကျောက်တုံး တုတ်ရှည်ဟာ တစ်စုံတစ်ခုကနေ ပဲ့ထွက်လာပြီး မပြည့်မစုံ ဖြစ်နေတာ မဟုတ်ပဲ အစကတည်းက ဒီလိုမျိုး ပုံစံနဲ့ တူတယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဒီတုတ်နဲ့ လက်စွပ်ကို ယူပြီးမှ ယင်ကျိုးနတ်တောင်ကို သွားပြီး နင်းဝမ်ကောကို ဒီကျောက်တုံး တုတ်ရှည်ကို ပြလိုက်ပါ"

လျှိုကြီးသည် အနည်းငယ် စိတ်ရှုပ်ထွေးနေသေးသော်လည်း သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ... မာစတာလင်း"

သူသည် လင်းဖုန်း၏ ညွှန်ကြားချက်များ အတိုင်း ယင်ကျိုးနှင့် ပန်းလိုင်နတ်တောင်တို့ အကြားတွင် ဆက်သွယ်ထားသည့် မှော်ဝင်္ကပါ အတွင်းသို့ ဝင်သွားရာ မကြာမီပင် ယင်ကျိုးနတ်တောင် အပေါ်သို့ ရောက်ရှိသွားလေသည်။

ဝမ်လင်းနှင့် လီယွမ်ဖန်းတို့သည် အေးရီးစ်ကိုယ်ပွားနှင့် အတူ ယင်ကျိုးနတ်တောင် အတွင်းတွင် ရှိနေကြသည်။ ဝမ်လင်းသည်

ယင်ပင်လယ်၏ သိမ်မွေ့နက်နဲသော ပုံရိပ်ယောင်
ပြောင်းလဲမှုများကို လေ့လာကာ
ကျင့်ကြံနေပေသည်။

လီယွမ်ဖန်းသည် ယင်ကျိုးနတ်တောင်၏ အပေါ်မှ
အမည်မဲ့ ရှေးဟောင်းဝက်ပါကို နားလည်ရန်
ကြိုးစားနေပြီး သူ၏ကိုယ်ပိုင် အသိအမြင်များနှင့်
မှီငြမ်းနေခဲ့သည်။

အိမ်မက် သူတော်စင်မယ် နင်းဝမ်ကောကလည်း
ထိုနေရာတွင် ရှိနေသည်။

နင်းဝမ်ကောသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးတွင် လင်းဖုန်းနှင့် တွေ့ဆုံခဲ့ကာ

ယင်ကျိုးနတ်တောင် အပေါ်တွင် ဆက်လက် နေထိုင်ခဲ့ပြီး ကျင့်ကြံနေခဲ့သည်။

နင်းဝမ်ကောသည် သူမအား လာတွေ့ခဲ့သော လျှိုကြီးကို ကြည့်နေရင်း လင်းဖုန်းက သူမကို ပြောခဲ့ဖူးသော စကားများကို ပြန်လည် ကြားယောင်လာကာ စိတ်လှုပ်ရှားလာခဲ့သည်။ "ကျုပ်က ခင်ဗျားရဲ့ မှတ်ဉာဏ်တွေကို ပြန်လည်မှတ်မိအောင် လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်လိမ့်မယ်"

လျှိုကြီးက သူမအား ကျောက်တုံး တုတ်ရှည်အား လှမ်းပေးလိုက်သော အချိန်တင် သူမသည် မိုးကြိုး အပစ်ခံခဲ့ရသကဲ့သို့ နေရာတွင် တွေတွေကြီး ရပ်နေခဲ့သည်။

သူမ၏ ခန္ဓာကိုယ် အနားတွင် ကွဲပြားခြားနားသော အရောင်အဆင်း များစွာက စတင်၍ လင်းလက်လာခဲ့သည်။

ထိုတောက်ပလှသော အရောင်များသည် ခဏအကြာတွင် ပြန်လည် တည်ငြိမ်သွား၍ သူမက သတိပြန်ဝင်လာခဲ့သည်။

လင်းဖုန်း၏ အေးရိုးစ်ကိုယ်ပွားက သူမအား စောင့်ကြည့်နေကာ နင်းဝမ်ကောက စိတ်နှင့်လူနှင့် မကပ်သကဲ့သို့ ပြောလိုက်သည်။ "ဒီကျောက်တုံး တုတ်ရှည်ဟာ ကျိုးပဲ့နေပြီး သူ့ရဲ့ မျက်နှာပြင်ပေါ်က ပုံစံတွေက မပြည့်စုံပေမဲ့ ဒီပစ္စည်းဟာ ကျွန်မက သက်ဆိုင်နေတယ် ဆိုတာကိုတော့ ပြောနိုင်တယ်"

လင်းဖုန်းက မေးလိုက်သည်။ "ခင်ဗျားက ဒီကျောက်တုံး တုတ်ရှည် အပေါ်မှာ ရှာဖွေတွေ့ရှိမှု အသစ်တွေကို ထုတ်ဖော်နိုင်ခဲ့သလား"

နင်းဝမ်ကောက သူမကိုယ်သူမ ပြန်လည်တည်ငြိမ်အောင် ကြိုးစားပြီး ဖြေလိုက်သည်။ "ဟုတ်တယ်"

## စာစဉ် ၆၈ : အပိုင်း ၉

## အပိုင်း ၁၃၁၉ : မူလသို့ ပြန်သွားခြင်း

လင်းဖုန်း၏ အေးရိုးစ်ကိုယ်ပွားသည် သူ၏ဘေးမှ လှျိုကြီးအား လက်ညှိုးထိုး၍ ပြောလိုက်သည်။ "သူက ကျုပ်လက်အောက်ကလူ ဖြစ်ပြီး သူ့ကို လှျိုကြီးလို့ ခေါ်နိုင်တယ်… ဒီကျောက်တုံး တုတ်ရှည်က ခင်ဗျားနဲ့ ဆက်စပ်နေသလို သူနဲ့လည်း ဆက်သွယ်မှုတွေ ရှိနေတယ်… ခင်ဗျားတို့ နှစ်ယောက်ဟာ ဒီကျောက်တုံး တုတ်ရှည်ကို အခြေခံပြီးမှ အတူတကွ ပူးပေါင်းပြီး ရှာဖွေ ထုတ်ဖော်သင့်တယ်"

နင်းဝမ်ကောသည် မည်သည့် ထင်မြင်ချက်မှ မရှိပဲ သူမ၏ခေါင်းကို ညိတ်လိုက်သည်။ "ကောင်းပြီလေ"

သူမသည် သီးခြားနေတတ်သူ ဖြစ်၍ အခြားသူများနှင့် ဆက်ဆံလေ့ သိပ်မရှိချေ။

သို့သော်လည်း သူမသည် အခြားသူများကို တမင်သက်သက် ရှောင်ဖယ်တတ်သူလည်း မဟုတ်ပေ။

ထိုကျောက်တုံး တုတ်ရှည်သည် သူမ၏ ရင်ကို ပြင်းထန်စွာဖြင့် တုန်ခါစေ၍ သူ၏ စိတ်အတွင်းတွင် အရာများစွာ ပေါ်လာသကဲ့သို့ ခံစားနေရသည်။ သို့သော်လည်း ထိုပုံရိပ်နှင့် အတွေးများသည် ဝေဝါးနေသေးပြီး နားလည်ရန် ခက်ခဲလှပေသည်။

ထိုကျောက်တုံး တုတ်ရှည်သည် သူမ၏ ပျောက်ဆုံးနေသော မှတ်ဉာဏ်များနှင့် ဆက်စပ်နေမည်ဟု သူမက သေချာနေသည်။ နင်းဝမ်ကောသည် ပူပင်ကြောင့်ကြမဲ့စွာ နေတတ်သူဖြစ်၍ ဤအရာသည် သူမ

လက်မလွှတ်နိုင်သည့် တစ်ခုတည်းသော အရာဖြစ်သည်။

လှျိုကြီးသည် လင်းဖုန်းဘက်သို့ လှည့်လိုက်ရာ လင်းဖုန်းက ပြောလိုက်သည်။ "မင်းက ဒီလက်စွပ်ကို မင်းနဲ့အတူတူ ယူထားပြီး နင်းဝမ်ကောနဲ့ အတူ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို လိုက်သွားပါ... မင်းက အခုအချိန်မှာ ရုပ်ကိုယ်ခန္ဓာ အသစ် ရသွားပြီဆိုတော့ လွတ်လွတ်လပ်လပ် ခရီးသွားလို့ ရပြီ"

"ဟုတ်ကဲ့ပါ... မာစတာလင်း" လှျိုကြီးသည် လင်းဖုန်းအား ရိုသေစွာ ဦးညွှတ်လိုက်၍ နင်းဝမ်ကောကလည်း သူ့ကို နှုတ်ဆက်လိုက်ကာ

သူတို့နှစ်ယောက်စလုံး ယင်ကျိုးနတ်တောင်မှ နေ၍ ယင်ပင်လယ် အပြင်သို့ ထွက်ခွာခဲ့ကြသည်။

လူသားနှင့် မိစ္ဆာများသည် ဟင်းလင်းပြင်ကို ချိုးဖောက်ကာ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်လေ့ ရှိကြသည်။ ဟင်းလင်းပြင် စစ်တလင်းသည် အန္တရာယ်များဖြင့် ပြည့်လျက်ရှိသော်လည်း နင်းဝမ်ကောနှင့် လျှိုကြီးတို့မှာ အခြေအနေ အတော်များများတွင် သူတို့ကိုယ်သူတို့ ကာကွယ်နိုင်ရန် လုံလောက်အောင် အစွမ်းထက်ကြသည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်အား ရှာဖွေရခြင်းသည် ကောက်ရိုးပုံ အတွင်းတွင်

အပ်ပျောက်ရှာသည်နှင့် တူနေသည်။ သို့သော်လည်း သဲလွန်စ တစ်စုံတစ်ရာ၏ အကူအညီကို ရရှိခဲ့လျှင် သူတို့၏ အခွင့်အရေးများသည် များစွာပို၍ တိုးတက်လာနိုင်သည်။

လျှိုကြီးသည် ကျောက်တုံး တုတ်ရှည်နှင့် ဆက်သွယ်ခဲ့ရာတွင် တစ်စုံတစ်ခုကို ခံစားခဲ့ရသော်လည်း ထိုတုတ်သည် သိပ်မပြောင်းလဲခဲ့ပေ။ သို့သော်လည်း သူ၏ မျက်နှာပြင် အပေါ်တွင် ခတ်နှိပ်ထားသော ပုံစံများသည် နင်းဝမ်ကော ထိတွေ့ခဲ့သော အချိန်တွင် အရောင်မှိန်မှိန်လေး တောက်ပလာခဲ့သည်။

ထိုအလင်းတန်းသည် အနည်းငယ်ပို၍ ခက်ထန်နေသည်မှ လွဲ၍ နင်းဝမ်ကော၏ ခန္ဓာကိုယ် အနားမှ ရောင်စုံ အလင်းတန်းများနှင့် တူနေခဲ့သည်။

လျှိုကြီး၏ စိတ်အတွင်းတွင် အတွေးတစ်ခု ပေါ်လာ၏။ "ဒါဆိုရင် ငါတို့နှစ်ယောက် အကြားမှာလည်း ဆက်သွယ်မှု တစ်စုံတစ်ရာ ရှိနေမလား"

သူသည် ဟင်းလင်းပြင် အတွင်းတွင် နင်းဝမ်ကောနှင့် အတူ ပျံသန်းနေရင်း သူ၏ ခေါင်းအတွင်းတွင် အတွေးများစွာ လည်ပတ်နေခဲ့သည်။ သူတို့ အရှေ့သို့ ပျံသန်းနေကြရာ ကြယ်စင်ကောင်းကင်နှင့်

တူနေသော အနက်ရောင် လေဟာနယ်များသည် သူတို့၏ ပခုံးများကို ဖြတ်ကျော်သွားကြလေသည်။

သူ၏ ရုပ်ကိုယ်ခန္ဓာ အသစ်သည် သူ့အား ဟင်းလင်းပြင် အတွင်းတွင် လွတ်လပ်စွာ ခရီးသွားစေနိုင်သည်။ ဤအာရုံသည် သူ၏ ခံစားချက်များကို ငြိမ်းချမ်းစေ၍ ဤအချိန်တွင် သူသည် အလွန်အမင်း သက်တောင့်သက်သာ ဖြစ်နေသည်ဟု ခံစားနေခဲ့ရသည်။

ယခင်က သူခံစားနေရသော စိတ်ရှုပ်ထွေးမှုများနှင့် စိုးရိမ်ပူပန်မှုများသည် ယခုအချိန်တွင် ယာယီ ပျောက်ကွယ်သွားခဲ့သည်။

သူသည် သဘာဝအားဖြင့် အေးဆေး
တည်ငြိမ်တတ်သူ ဖြစ်သော်လည်း သူ၏
ဘဝအတွင်းတွင် ပြောင်းလဲမှုများစွာ အကြီးအကျယ်
ဖြစ်ပေါ်ခဲ့သည်။ လျှိုကြီးသည် လူငယ်ဟုသာ
သတ်မှတ်၍ ရသေးပြီး သူ့တွင်
လူငယ်တစ်ယောက်၏ ရည်ရွယ်ချက်နှင့်
ခွန်အားများ ရှိသည်။

နင်းဝမ်ကောသည် လျှိုကြီးဘက်သို့
လှည့်ကြည့်လိုက်ပြီး လင်းဖုန်းက သူမ
လက်အတွင်းမှ ကျောက်တုံး တုတ်ရှည်သည်
လျှိုကြီးနှင့်လည်း ဆက်သွယ်မှု ရှိနေသည်ဟု
ပြောခဲ့သည်ကို အနည်းငယ် အံ့သြနေကာ
လျှိုကြီးသည် သူမနှင့် ဆက်စပ်မှု ရှိနိုင်သလော
ဟူသည်ကို တွေးနေခဲ့သည်။

သို့သော်လည်း နင်းဝမ်ကော အနေဖြင့် စိတ်ထဲတွင် သိပ်ထားမနေပဲ ဤကျောက်တုံး တုတ်ရှည်ဖြင့် သဲလွန်စ အသစ်များကို အာရုံစိုက်၍ ရှာနေခဲ့သည်။ အချိန်ကျလာလျှင် အရာအားလုံးတို့က ရှင်းလင်းပြီးသား ဖြစ်သွားနိုင်သည်။

နင်းဝမ်ကောသည် ခရီးဆက်နေရင်း မှော်ကျိန်စာများကို အဆက်မပြတ် ထုတ်ဖော်နေ၍ သူမ၏ လက်အတွင်းမှ ကျောက်တုံး တုတ်ရှည်အား အသက်သွင်းနေခဲ့သည်။

အချိန် ကြာလာသည်နှင့် အမျှ သူမသည် ထိုကျောက်တုံး တုတ်ရှည်၏ အကြောင်းကို ပို၍ပို၍ နားလည်လာခဲ့ကာ သူ့အပေါ်မှ

အလင်းတန်းကလည်း ပို၍ သိပ်သည်း
တောက်ပလာခဲ့သည်။

ကျောက်တုံး တုတ်ရှည်၏ အစွန်းနှစ်ဘက်စလုံးမှ
အလင်းတန်းများ ထွက်ပေါ်လာ၍ အလင်းတန်း
ပုံရိပ်များကို ဖန်ဆင်းခဲ့သည်။ သူသည်
ကျိုးပဲ့နေသော တုတ်ရှည် အစွန်းနှစ်ဘက်ကို
ပြန်လည် ကောင်းမွန်လာအောင် ဖြည်းဖြည်းချင်း
ပြုပြင်နေခဲ့သည်နှင့် တူနေသည်။

လှျိုကြီးနှင့် နင်းဝမ်ကောတို့သည် ထိုအရာကို
မြင်လိုက်ရသော အခါ သူတို့၏ စိတ်ခံတတ်များက
တက်ကြွလာခဲ့သည်။

နင်းဝမ်ကောသည် လေဟာနယ် အတွင်းတွင် ဆက်လက် ဝဲပျံနေခဲ့ပြီး သူမ၏ မျက်လုံးများကို ပိတ်လိုက်ကာ သူမ၏ အာရုံများ အားလုံးတို့ကို ထိုကျောက်တုံး တုတ်ရှည်အပေါ်သို့ စူးစိုက်ထားလိုက်သည်။

သူမသည် ထိုကျောက်တုံး တုတ်ရှည်ကို အပေါ်သို့ ပင့်မြှောက်လိုက်ရာ လေထုအလယ်တွင် လွင့်မျောနေခဲ့သည်။ သူသည် သုံးပေခန့် ရှည်လျားကာ အစွန်းနှစ်ဘက်များက ကျိုးပဲ့နေခြင်း မရှိတော့ပေ။ သူ၏ မျက်နှာပြင်ပေါ်တွင်လည်း ပုံစံများက ပေါ်လာသည်။

"သူ့ကို ကြည့်ရတာ လက်ရန်းတစ်ခုက ကျိုးကျလာခဲ့တဲ့ သံတုတ်တစ်ချောင်းနဲ့ တူနေတယ်"

လှိုင်ကြီးက စောင့်ကြည့်နေရင်း တီးတိုး ရေရွတ်လိုက်သည်။

နင်းဝမ်ကောသည် သူမ၏ မျက်လုံးများကို ဖွင့်၍ လှိုင်ကြီးဘက်သို့ လှမ်းကြည့်လိုက်သည်။ "ငါ့ကို ကူညီဦး... လှိုင်ကြီး"

လှိုင်ကြီးက သူ၏ခေါင်းကို ညိတ်လိုက်ရာ နင်းဝမ်ကောက မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်လိုက်သည်။ သူမ၏ ခန္ဓာကိုယ် ပတ်ပတ်လည်တွင် လှုပ်ရှားနေသော အလင်းတန်းများ တောက်ပလာကာ အရာအားလုံးတို့သည် အိမ်မက်အတိုင်း နေရာအနှံ့သို့ ကျယ်ပြန့်သွားခဲ့သည်။

ကျယ်ပြန့်လာသော အလင်းတန်းများသည် ဖြည်းဖြည်းချင်း အလင်းတန်း မြူခိုးငွေ့ တစ်စုအဖြစ် ပြောင်းသွားကြ၍ ထိုကျောက်တုံး တုတ်ရှည် တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

နင်းဝမ်ကော၏ ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ အလင်းတန်း မြူခိုးငွေ့များသည် အတူတကွ ကွဲပြိုသွားကာ ကျောက်တုံး တုတ်ရှည်အတွင်းသို့ စီးဝင်သွားခဲ့သည်။

ကျောက်တုံး တုတ်ရှည်၏ ပြင်ပ အသွင်အပြင်က မည်သို့မှ မပြောင်းလဲသည့်ပုံ ပေါက်နေခဲ့ပဲ သုံးပေခန့် ရှည်လျားသေးကာ နှစ်ပေခန့် ကျယ်သည်။ သို့သော်လည်း ထိုကျောက်တုံး

တုတ်ရှည်ကို အသေအချာ ကြည့်နေရင်း လျှိုကြီးသည် ကွဲပြားသော ခံစားချက် တစ်ခုကို ခံစားခဲ့ရသည်။

ဤကျောက်တုံး တုတ်ရှည်သည် မယုံနိုင်လောက်အောင် ကြီးမားလာသည်။ သူသည် အရွယ်အစားသာ ကြီးမားလာသည် မဟုတ်ပဲ အတွင်းတွင်လည်း အဆုံးမဲ့ သိမ်မွေ့နက်နဲမှုများ ရှိနေခဲ့သည်။

လျှိုကြီး၏ မျက်လုံးများ အတွင်းတွင် ခရမ်းရောင် အလင်းတန်းများ လင်းလက်လာကာ လက်ညှိုးတစ်ချောင်းဖြင့် ကျောက်တုံး တုတ်ရှည်ကို ထိလိုက်သည်။

ကျောက်တုံး တုတ်ရှည်သည် ချက်ချင်းပင် စီးဆင်းနေသော အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွား၍ အဝေးမှ မိုးကုပ်စက်ဝိုင်း အဆုံးသို့ မျက်စိ တစ်မှိတ်အတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။ လျှိုကြီးသည် အလောတကြီးဖြင့် အမြန်နှုန်းများကို မြှင့်တင်လိုက်ပြီး ဟင်းလင်းပြင်မှ တဆင့် စီးဆင်းနေသော ထိုအလင်းတန်း အနောက်သို့ လိုက်သွားခဲ့သည်။

သူတို့သည် မည်မျှ ခရီးပေါက်လာသည်ကိုပင် မသိကြတော့ပဲ လမ်းခရီး တလျှောက်တွင် ပြင်းထန်သော ဟင်းလင်းပြင် မုန်တိုင်းများစွာတို့နှင့်ပင် တွေ့ခဲ့ကြရသည်။ သို့သော်လည်း လျှိုကြီးနှင့် နင်းဝမ်ကောတို့သည်

သူတို့ ဘယ်သွားရမည်ကို သိနေကြပြီး ခရီးဆက်လာခဲ့ကြသည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် အကွာအဝေးနှင့် အရပ်မျက်နှာ ဟူ၍ မရှိပဲ အပေါ်အောက်၊ ဘယ်ညာ၊ အရှေ့အနောက် ဟူ၍ မရှိချေ။ သူတို့နှစ်ယောက်သည် လေထုအတွင်းမှ တဆင့် စီးမျောလာကာ ချက်ချင်း ရပ်တန့်လိုက်ကြသည်။

နင်းဝမ်ကောသည် ကျောက်တုံး တုတ်ရှည်နှင့် ပေါင်းစည်းထား၍ စီးဆင်းနေသော အလင်းတန်း အဖြစ်သို့ အသွင်ပြောင်းသွားကာ လမ်းညွှန်နေခဲ့သည်။ သူသည် ဟင်းလင်းပြင် အတွင်းတွင် အဆက်မပြတ် လည်ပတ်နေပြီး

ထူးခြားသော အဆောင်လက်ဖွဲ့ များစွာတို့ကို ရေးဆွဲနိုင်ခဲ့သည်။

ထိုအဆောင်လက်ဖွဲ့များသည် အချင်းချင်း ယှက်သန်းနေကာ အလင်းတန်းများဖြင့်သာ အပြည့်အဝ ဖန်ဆင်းထားသည့် ရောမ တံခါးတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

ထိုရောမ တံခါးသည် ဘုန်းကနဲ ပွင့်သွားရာ အတွင်းမှ အလင်းတန်းများ ပေါက်ကွဲထွက်လာခဲ့သည်။
ထိုအလင်းတန်းများသည် ဟင်းလင်းပြင်ကို ခွဲခြမ်းလိုက်ကာ ကိုယ်ပိုင်သီးသန့် အလွှာတစ်ခုကို ဖန်ဆင်းလိုက်သည်။

လှိုကြီးသည် ထိုအလွှာ အတွင်းတွင် ရှိနေကာ သူ့ပတ်ပတ်လည်မှ ဟင်းလင်းပြင်သည် ဖရိုဖရဲ ကစဥ့်ကလျား မဖြစ်နေတော့ဟူ၍ ခံစားခဲ့ရသည်။ ထိုနေရာတွင် ယခုအချိန်၌ အထက်အောက်၊ ဘယ်ညာနှင့် အရှေ့အနောက် ဟူ၍ ရှိနေပြီ ဖြစ်သည်။

စီးဆင်းနေသော အလင်းတန်းများသည် ဧရာမ တံခါးကြီးကို ဖန်ဆင်းအပြီးတွင် အကောင်အထည် ပေါ်လာ၍ ကျောက်တုံး တုတ်ရှည်၏ မူလပုံစံနှင့် နင်းဝမ်ကောတို့၏ လူသားပုံစံတို့ ပြန်ပေါ်လာခဲ့သည်။

နင်းဝမ်ကောသည် ထိုဧရာမ တံခါးအတွင်းသို့ ချက်ချင်း ဝင်သွားပြီး လှိုကြီးကလည်း ဘာမှ

မပြောခဲ့ပဲ သူမ၏ အနောက်မှ အနီးကပ် လိုက်ဝင်သွားခဲ့သည်။

သူတို့ တံခါးအတွင်းသို့ ဝင်သွားသည်နှင့် အလင်းတန်းများသည် ဖြည်းဖြည်းချင်း မှေးမှိန်လာခဲ့သည်။ သူတို့အရှေ့မှ လေဟာနယ် အလွှာသည် မှောင်မိုက်နေကာ အတွင်းတွင် မည်သည့်အရာမှ မရှိချေ။

အဝေးမှ အီကွေတာ တလျှောက်တွင် ရောမ စံအိမ်တစ်လုံး ရှိနေပြီး ထိုမဟာစံအိမ်တွင် ခြံစည်းရိုးများ၊ လက်ရန်းများစွာဖြင့် ဝန်းရံထားသည်။

တစ်ခုရှိသည်မှာ ထိုခြံစည်းရိုးများနှင့် လက်ရန်းများက ပျက်စီးနေခဲ့ခြင်း ဖြစ်သည်။ နင်းဝမ်ကောသည် ကျောက်တုံး တုတ်ရှည်ကို အပေါ်သို့ ပစ်မြှောက်လိုက်ရာ သူသည် လေထုအတွင်းတွင် စက္ကန့် အနည်းငယ်မျှ လည်ပတ်နေပြီးနောက် မဟာစံအိမ်ထံသို့ ပျံသန်းသွားခဲ့ပြီး ခြံစည်းရိုး၏ ထောင့်တစ်ထောင့် အပေါ်သို့ ကျရောက်သွားခဲ့သည်။

ထိုကျောက်တုံး တုတ်ရှည်၏ အစွန်းနှစ်ဘက်သည် ခြံစည်းရိုး အပေါ်တွင် ကွက်တိအံကျနေခဲ့၍ သူ၏ လက်ရန်းတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

သို့သော်လည်း တစ်စစီ ဖြစ်နေသော လက်ရန်းများသည် အစိတ်အပိုင်း များစွာ ပျောက်ဆုံးနေသေးခဲ့သည်။

သူတို့အရှေ့မှ မဟာစံအိမ်ကလည်း ပျက်စီး ယိုယွင်းနေသည်။ နင်းဝမ်ကောသည် ထိုစံအိမ် အရှေ့တွင် ရပ်နေရင်း လေဟာနယ် အတွင်းသို့ တွေတွေကြီး ရပ်ကြည့်နေခဲ့သည်။

သူမ၏ အသွင်အဏ္ဍာန်ကို ဝေဝါးအောင် ပြုလုပ်ထားသော သူမ၏ ခန္ဓာကိုယ် အနားမှ ရောင်စုံ အလင်းတန်းများသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကာ နင်းဝမ်ကော၏ ပုံစံကို ဖော်ပြလိုက်သည်။ သူမသည် လွင့်မျောနေသော အဖြူရောင် နန်းတော် အဝတ်အစားများကို

ဝတ်ဆင်ထား၍ အဖြူရောင် ချည်မျှင်များသည် ရေတံခွန်ကဲ့သို့ စီးကျနေခဲ့သည်။

နင်းဝမ်ကောသည် အချိန်အတော်ကြီး ကြာမှ လေးလံသော သက်ပြင်းတစ်ခုကို ချ၍ ပြောလိုက်သည်။ "ငါက ဒီနေရာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရောက်ခဲ့ဖူးပေမဲ့ ဘာဖြစ်ခဲ့သလဲ ဆိုတာကိုတော့ မမှတ်မိတော့ဘူး"

သူမသည် လှျိုကြီးဘက်သို့ လှည့်လိုက်ရာ လှျိုကြီးကလည်း တွေတွေကြီး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ လှျိုကြီးသည် နင်းဝမ်ကော၏ စကားများကို ကြားခဲ့ရသော အခါ သတိပြန်ဝင်လာ၍ စဥ်းစား၍ မရနိုင်သော အမူအရာဖြင့် တီးတိုး ရေရွတ်လိုက်သည်။

"ကျွန်တော်က ဒီနေရာကို အရင်က တစ်ခါမှ မရောက်ဖူးပေမဲ့ အခု ရောက်လာခဲ့တော့ အနည်းငယ် ကြောက်ရွံ့နေသလို ခံစားခဲ့ရတယ်"

သူတို့ နှစ်ယောက်သည် ထိုစံအိမ်၏ အဓိက ခန်းမဆောင် အတွင်းသို့ ဝင်သွားခဲ့ကြသည်။ သူတို့သည် တံခါးမကြီး အနားသို့ ရောက်လာသည်နှင့် လေပြည်တစ်သုတ်က သူတို့အနားတွင် တိုက်ခတ်သွားခဲ့သည်ဟု ခံစားခဲ့ရသည်။

သူတို့သည် အတွင်းသို့ ဝင်လိုက်ကြသည်နှင့် တစ်ပြိုင်နက် အပြင်သို့ ပြန်ရောက်သွားခဲ့သည်။ လျှိုကြီးက သူ၏ မျက်ခုံးများကို ပင့်၍ ရေရွတ်လိုက်သည်။ "သူက အတော်ကြီး

ပျက်စီးနေခဲ့ပေမဲ့ လျှို့ဝှက် ဝက်ပါတစ်ခု ရှိနေသေးတယ်"

"နေဦး… မဟုတ်သေးဘူး… ဒီမှော်ဝက်ပါရဲ့ အစွမ်းဟာ ဒီစံအိမ်နဲ့ မပတ်သတ်နေဘူး… သူက ပထဝီဝင် အနေအထား အပေါ်မှာ မူတည်နေတာ မဟုတ်ဘူး"

လျှိုကြီးသည် လျင်မြန်စွာဖြင့် သုံးသပ်နိုင်ခဲ့သော်လည်း နင်းဝမ်ကောသည် သတိလက်လွတ် ဖြစ်နေသည့်အလား အရှေ့သို့ ထပ်ဖန်တစ်ခါ ဆက်လျှောက်သွားခဲ့သည်။

သူမ၏ မျက်လုံးများသည် တစ်နေရာတည်းသို့ အာရုံစိုက်နေပုံ မပေါက်ပဲ ပါးစပ်က တစ်စုံတစ်ခုကို ရေရွတ်နေကာ အဓိက ခန်းမဆောင်သို့ သွားသည့် တံခါးထံသို့ ဦးမတည်နေခဲ့ပေ။ လျှိုကြီးကလည်း နှလုံးခုန် မှားသွားခဲ့ပြီး သူမ၏ ခြေလှမ်းများ အနောက်သို့ လိုက်သွားခဲ့သည်။

နင်းဝမ်ကော၏ ဦးဆောင်မှုဖြင့် သူတို့ နှစ်ယောက်သားသည် နောက်ဆုံးတွင် အဓိက ခန်းမဆောင် အတွင်းသို့ ရောက်ရှိသွားခဲ့သည်။

ထိုခန်းမဆောင်၏ အလယ်တွင် အလင်းတန်း ပုံရိပ်တစ်ခု ရှိနေသော်လည်း ဘေးပတ်ပတ်လည်တွင် ဘာမှ မရှိချေ။

ထိုအလင်းတန်း ပုံရိပ်သည် လူတစ်ယောက်က
လေထုအလယ်တွင် တင်ပလ္လင်ခွေ
ထိုင်နေသည့်ပုံကို ဖော်ပြထားသည်နှင့် တူနေသည်။
တစ်ယောက်သည် အနီးကပ် အသေအချာ
ကြည့်လိုက်လျှင် မျက်နှာတစ်ခုကို မြင်ရမည်
ဖြစ်သော်လည်း ထိုသူ၏ အသွင်အပြင်သည်
ဝေဝါးနေသေးသည်။

ထိုလူသည် ကစဥ့်ကလျား ဖြစ်နေ၍ တိမ်တိုက်
မြူခိုးငွေ့ အလွှာများစွာဖြင့် ဖုံးကွယ်ခံထားရသကဲ့သို့
ဖြစ်နေသည်။

လျှိုကြီး၏ မျက်လုံး သူငယ်အိမ်များသည် ချက်ချင်း
ကျဥ်းမြောင်းသွားခဲ့ကာ အစွမ်းထက်သည့်
မိစ္ဆာတစ်ကောင် ဖြစ်သည့် ကောင်းကင်ကျက်သရေ

မဟာပဏ္ဍိတကို တွေးမိလိုက်သည်။ ဤပုံသည် သူမ၏ အသွင်သဏ္ဌာန်ပင် ဖြစ်သည်။

သို့သော်လည်း ဤအတွေးက သူ၏ ခေါင်းအတွင်းတွင် ပေါ်လာသော အခါ သူ၏ ရင်အတွင်းမှ တင်းကျပ်လာခဲ့သည်ဟု ခံစားခဲ့ရသည်။ သူသည် ဝေဝါးနေသော ထိုအလင်းတန်း ပုံရိပ်အတွင်းမှ သူနှင့် ဆက်သွယ်မှု တစ်စုံတစ်ရာ ရှိနေသည်နှင့် တူနေသည်။

သူသည် နင်းဝမ်ကောအား လှည့်ကြည့်လိုက်ရာ သူမ၏ အမူအရာများသည် အနည်းငယ် လေးကန်နေ၍ ထိုအလင်းတန်း ပုံရိပ်ထံသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းသွားနေသည်ကို တွေ့လိုက်ရသည်။

"ဒါက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနဲ့ ဆက်စပ်နေတဲ့ နေရာတစ်ခုလား" လှိုကြီးက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။ နင်းဝမ်ကောသည် အနည်းငယ် တွေဝေနေခဲ့သော်လည်း ဆက်လက် လျှောက်လှမ်းနေရင်း ဖြေကြားခဲ့သည်။

"မဟုတ်ဘူး... ငါက ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းမှာ ယင်ပင်လယ်မှာ  သူမရဲ့ မှော်စွမ်းအင်နဲ့ ထိတွေ့ဖူးခဲ့တယ်... သူတို့က အမတန်မှ ကွဲပြားခြားနားတယ်"

"ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ စွမ်းအားတွေဟာ ငါ့ကို ကယောင်ချောက်ချား

ဖြစ်စေပြီး နာကျင်ခံစားစေခဲ့တယ်... ဒါပေမဲ့ ငါ့ရဲ့အရှေ့က အလင်းတန်း ပုံရိပ်ဟာ ငါ့ကို နီးကပ်ရင်းနှီးတဲ့ ခံစားချက်မျိုးကို ပေးစွမ်းနိုင်တယ်"

သူမသည် သူမ၏လက်ကို ဆန့်တန်း၍ ထိုအလင်းတန်း ပုံရိပ်အား ထိတွေ့လိုက်ရာ သူမ၏ ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားလေသည်။

ထိုအလင်းတန်း ပုံရိပ်သည် ပုံရိပ်ယောင်တစ်ခုသာ ဖြစ်၍ နင်းဝမ်ကော ထိလိုက်သည်နှင့် ချက်ချင်းပင် လွင့်ပြယ်သွား၍ ကောင်းကင်အတွင်းတွင် လွင့်မျောနေသော အလင်းတန်း မြူမှုန်များ အဖြစ်သို့ ပြောင်းလဲသွားကာ ပျောက်ကွယ်သွားခဲ့သည်။

လျှိုကြီးသည် နင်းဝမ်ကောအား စိုက်ကြည့်နေရာ သူမ၏ ခန္ဓာကိုယ်သည် အလင်းတန်းများဖြင့် ပြန်လည်၍ လင်းလက်လာခဲ့သည်။

သူမ၏ စိတ်အတွင်းရှိ အနက်ရှိုင်းဆုံး နေရာတွင် ချိပ်ပိတ်ထားသော ပုံရိပ်များက စတင်၍ ပေါ်ပေါက်လာခဲ့သည်။

ကောင်မငယ်လေး တစ်ယောက်သည် သေအံ့မူးမူး ဖြစ်နေသည်။ သူမ၏ မိသားစုကို သူတို့၏ ရန်သူများက သတ်ဖြတ်သွားကြကာ ထိုကောင်မလေးကလည်း ဒဏ်ရာ အပြင်းအထန် ရရှိနေ၏။ သူမသည် ဆေးကုသ၍ မရတော့သည့်ပုံ ပေါက်နေသော်လည်း အိမ်မက်ကဲ့သို့ ဝေခွဲ၍

မရသော ပုံရိပ်တစ်ခုသည် သူမအရှေ့တွင်
ရုတ်တရက် ပေါ်လာ၍ သူမအား ငုံ့ကြည့်ခဲ့သည်။

ထိုပုံရိပ်သည် သူမအား တိတ်ဆိတ်စွာဖြင့်
စိုက်ကြည့်နေရင်း သူမ၏ အင်္ကျီလက်စများကို
ဖမ်းယူကာ သူမကို ယူဆောင်သွားခဲ့သည်။
ပုံရိပ်မြင်ကွင်းများ လက်ကနဲ ဖြစ်သွား၍
သူတို့နှစ်ယောက်သားသည် မဟာ ခန်းမဆောင်
တစ်ခု၏ အတွင်းသို့ ရောက်လာခဲ့သည်။

ထိုခန်းမသည် အဆင်တန်ဆာများ မရှိပဲ
ရိုးရိုးလေးသာ ဖြစ်၍ နင်းဝမ်ကောနှင့် လျှို့ကြီးတို့
လက်ရှိ ရောက်နေသော ခန်းမနှင့် ကောင်းစွာ
ဆင်တူနေခဲ့သည်။

ထိုအလင်းတန်း ပုံရိပ်သည် မှော်အစွမ်းဖြင့် သေခါနီး ကောင်မလေးကို ကယ်တင်ပေးခဲ့သည်။ ထိုကောင်မလေးသည် သေမင်းတံခါးဝသို့ ရောက်နေခဲ့ပြီ ဖြစ်ကာ သူမ၏ ရုပ်ကိုယ်ခန္ဓာကလည်း လုံးဝ ပျက်စီးသွားခဲ့ပြီ ဖြစ်၍ အသိစိတ် မျှင်မျှင်လေး တစ်ခုသာ ကျန်နေပြီး သူမကို ကယ်တင်နိုင်ရန် မျှော်လင့်ချက်မှာ လွန်စွာနည်းပါးသည်။

ထိုကောင်မလေးသည် သတိမေ့လုနီးပါး ဖြစ်နေ၍ သူမ၏ နားအတွင်းတွင် သက်ပြင်းချသံ ဖွဖွလေးကို ကြားခဲ့ရသည်။ ထိုအသံသည် အမျိုးသမီး တစ်ယောက်၏ အသံဖြစ်ပြီး အထီးကျန်ကာ ဝေးကွာပေသည်။

## စာစဥ် ၆၈ : အပိုင်း ၁၀

## အပိုင်း ၁၃၂၀ : ငါ့ကို ဒီနေရာမှာ မွေးဖွားခဲ့တာ

နင်းဝမ်ကော၏ မျက်လုံးများသည်
အရောင်မှိန်သွားကာ သူမ၏ အတွေးများသည်
သူမ၏ စိတ်အတွင်းတွင် ပေါ်လာသော
ဇာတ်လမ်းများ အတွင်းတွင် နစ်မျောနေခဲ့သည်။

ဝိညာဥ် ရုပ်ကလာပ် အဖြစ်သို့
အပြောင်းလဲခံလိုက်ရသော မိန်းကလေးသည်
ပြန်လည် အသက်ရှင်လာနိုင်တော့မည် မဟုတ်ဟု
သူမက ခံစားနေခဲ့ရသည်။

သူမသည် သူမအရှေ့မှ အရိပ်များကို ကြည့်နေရင်း ထိုမိန်းကလေးကို မှတ်မိရုံသာ မှတ်မိနိုင်ခဲ့သည်။ သို့သော်လည်း ထိုမိန်းကလေး၏ ခန္ဓာကိုယ်အား ဝေဝါးသော ကစဉ့်ကလျား အရောင်တစ်လွှာဖြင့် ဝန်းရံထားခဲ့သည်။

ထိုမိန်းကလေးသည် နင်းဝမ်ကောအား ကြည့်နေရင်း သူမ၏ လက်အား ဆန့်တန်းလိုက်သည်။ သူမ၏ လက်ဝါးထံမှ အလင်းတန်း တစ်တန်းထွက်လာကာ နင်းဝမ်ကောအား ဖုံးလွှမ်းသွား၏။

ရုတ်တရက်ပင် တိမ်တိုက်အလွှာများ ထိုးတက်လာ၍ သူမ၏ ခန္ဓာကိုယ် အတွင်းတွင် လျှင်မြန်စွာဖြင့် စီးဆင်းလာခဲ့သည်။

ထိုမိန်းကလေး၏ ခန္ဓာကိုယ်သည် ရုပ်ဖွဲ့စည်းပုံ အဖြစ်သို့ ပြောင်းသွားကာ သူမ၏ အသိစိတ်မှာမူ နစ်ခြိုက်စွာ အိပ်မောကျသွားသကဲ့သို့ ဖြည်းဖြည်းချင်း မှေးမှိန်လာသည်ဟု နင်းဝမ်ကောက ခံစားနေရသည်။

သူမ၏ မှတ်ဉာဏ်အတွင်းမှ ပုံရိပ်ဖြစ်သော ထိုမိန်းကလေးသည် အိပ်မောကျသွားခဲ့ကာ နင်းဝမ်ကော၏ အသိစိတ်မှာ ပြန်လည် ကြည်လင်လာ၍ တကယ့်ကမ္ဘာ အတွင်းသို့ ပြန်ရောက်လာခဲ့သည်။

နင်းဝမ်ကောသည် သတိပြန်ဝင်လာသော်လည်း သူမ၏ မြင်ကွင်းမှာ မည်းမှောင်သွားသည်ဟု ခံစားနေရသည်။ သူမ၏ မှတ်ဉာဏ်အတွင်းမှ

ပုံရိပ်တိုင်းသည် ပျက်ပြယ်သွား၍ အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားကာ သူမ၏ နှလုံးသား အတွင်းရှိ စိတ်ဝိညာဉ် တာဝါအနားတွင် လည်ပတ်နေကြလေသည်။

သူမ၏ မျက်လုံး သူငယ်အိမ် အတွင်းတွင် တောက်ပသော အလင်းတန်းများ ကခုန်နေပြီး တစ်တန်းပြီးမှ တစ်တန်းတို့သည် သင်္ကေတ ပုံစံများ အဖြစ်သို့ ပြောင်းသွားကြ၍ သူမ၏ အရှေ့မှ ဟင်းလင်းပြင် အတွင်းတွင် လွင့်မျောနေကြလေသည်။

လျှိုကြီးသည် မျက်မှောင်ကြုတ်၍ နင်းဝမ်ကောအား ကြည့်လိုက်ရာ သူမက သက်ပြင်းအရှည်ကြီး တစ်ချက်ချ၍ ပြောလိုက်သည်။ "ဒီနေရာက

တကယ့်နေရာ မဟုတ်သေးဘူး... ငါတို့က
တခြားနေရာ တစ်ခုကို ဆက်သွားရမယ်"

"အိုး... စီနီယာ ဆိုလိုချင်နေတာက ကျွန်တော်တို့မှာ
သဲလွန်စ အသစ်တွေ ရနေပြီ ဆိုတာလား"
လျှိုကြီးက ကျယ်လောင်စွာဖြင့် မေးလိုက်သည်။
နင်းဝမ်ကောက သူမ၏ ခေါင်းကို ညိတ်လိုက်ရာ
သူမ၏ မျက်လုံးများ အတွင်းမှ တောက်ပနေသော
သင်္ကေတ ပုံစံများက စီးဆင်းထွက်လာခဲ့သည်။
ထိုသင်္ကေတ ပုံစံများမှ တဆင့် အဝေး တစ်နေရာသို့
ဦးတည်နေသော လမ်းကြောင်းတစ်ခုကို
ဖန်ဆင်းနိုင်ခဲ့သည်။

ထိုလမ်းကြောင်းသည် သူတို့နှစ်ဦး ရပ်နေသော
စံအိမ်ကို ကျော်လွန်သွား၍ အပြင်လောက၏ ပထမ

ဒိုင်မန်းရှင်းကို ဖြတ်သန်းကာ အဝေးမှ ဟောင်းလောင်းပြင်ထံသို့ သွားလိုက်လေသည်။

နင်းဝမ်ကောနှင့် လျှိုကြီးတို့သည် ထိုစံအိမ်အတွင်းမှ ထွက်ခွာလာခဲ့ကြသည်။ နင်းဝမ်ကောသည် နောက်ပြန် လှည့်ကြည့်လိုက်ရာ စံအိမ်အတွင်းမှ အလင်းတန်းများ လွင့်ပြယ်သွား၍ ခမ်းနားသော စံအိမ်ကြီးသည် ဖုန်မှုန့်များ အဖြစ်သို့ ပျက်စီးသွားသည်ကို တွေ့လိုက်ရသည်။

သူမသည် သက်ပြင်းဖွဖွလေး ချလိုက်၍ သူမ၏ စိတ်အတွင်းမှ မှော်ကျိန်စာ တစ်ခုကို ဖော်ထုတ်လိုက်ရာ မှုန်မှိုင်းနေသော အလင်းတန်း တစ်ခု ထွက်ပေါ်လာ၍ စံအိမ် တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ထိုမှုန်မှိုင်းသော အလင်းတန်း၏
လွှမ်းခြုံမှုအောက်တွင် ထိုစံအိမ်သည် ချက်ချင်းပင်
ပြန်လည် တည်ငြိမ်သွားခဲ့ကာ မတုန်ခါနေတော့ပေ။

သူသည် ပျက်စီး ယိုယွင်းနေဆဲပင်
ရှိသေးသော်လည်း နင်းဝမ်ကောသည် သူ့အား
ထပ်မံ၍ ပြုပြင်လိုစိတ်များ ရှိမနေချေ။
အနည်းဆုံးတော့ သူမ မှော်ကျိန်စာ၏
ကာကွယ်မှုအောက်တွင် ဤနေရာသည် သူတို့
ပထမဆုံး ရောက်လာခဲ့စဉ်က အခြေအနေများကို
ထိန်းသိမ်းထားနိုင်စွမ်း ရှိနေသည်။

လှိုကြီးသည် ဘေးမှနေ၍ ဖြစ်ပျက်ခဲ့သမျှကို ငြိမ်သက်စွာ ကြည့်နေကာ မည်သည့်မှတ်ချက်မှ မချခဲ့ပေ။

ခဏအကြာတွင် နင်းဝမ်ကောသည် နောက်သို့ ပြန်လှည့်လိုက်၍ ပထမ ဒိုင်မန်းရှင်း လောကမှ ထွက်ခွာခဲ့သည်။ "သွားကြစို့" သူမသည် ပြောလိုက်ကာ တောက်ပသော အလင်းတန်းများဖြင့် ဖွဲ့စည်းထားသည့် လမ်းကြောင်းအတိုင်း သွားလိုက်သည်။

လှိုကြီးသည် လုံးဝ တိတ်ဆိတ် ငြိမ်သက်စွာဖြင့် သူမ၏ အနောက်မှ လိုက်လာခဲ့၍ ဝေးကွာသော တစ်နေရာသို့ အတူတကွ ပျံသန်းသွားခဲ့ကြသည်။

"ငါတို့က ဟင်းလင်းပြင် စစ်တလင်းကနေ ထွက်ခွာရမယ်... သိပ်မဝေးတဲ့ အရှေ့ တစ်နေရာမှာ လေဟာနယ် အကွေ့အကောက် တစ်ခုရှိတယ်... အဲ့ဒီကနေ ငါတို့က ဟင်းလင်းပြင် စစ်တလင်းကနေ ထွက်ခွာနိုင်တယ်" နင်းဝမ်ကောက ပျံသန်းနေရင်း ပြောလိုက်သည်။

လျှိုကြီးက သိသိသာသာ တုန်ခါသွား၍ မေးလိုက်သည်။ "ထွက်သွားအပြီးမှာ ဘယ်ကို ဆက်သွားမှာလဲ"

နင်းဝမ်ကောက ပြန်ပြောလိုက်သည်။ "ငါတို့က မဟာကမ္ဘာ ထံကို ပြန်သွားရမယ်... မဟာလွင်တီးခေါင် ကုန်းမြေနဲ့ ပြင်ပ ဟင်းလင်းပြင် အကြားမှာ အလယ်ကမ္ဘာ တစ်ခုရှိတယ်...

အဲ့ဒီနေရာက ငါတို့ရဲ့ ပန်းတိုင်ဖြစ်နိုင်တယ်…
ဒါပေမဲ့ အဲ့ဒီမှာ ဘာတွေ တွေ့နိုင်မလဲ
ဆိုတာကိုတော့ ငါကလည်း မသိဘူး"

လျှိုကြီးက လေးနက်စွာဖြင့် စဥ်းစားလိုက်သည်။
"အလယ်ကမ္ဘာ တစ်ခု… တကယ်ကြီးလား"

သူတို့နှစ်ယောက်သည် တစ်နေရာသို့ ရောက်ခဲ့သော
အခါ ရပ်တန့်လိုက်၍ မှော်စွမ်းအင်များကို
ထုတ်ဖော်လိုက်သည်။ လောကများ အကြားမှ
ဖရိုဖရဲ ဖြစ်နေသော်လည်း အားနည်းနေသည့်
အရံအတား တစ်ခုတွင် ကြောက်မက်ဖွယ်ရာ
အက်ကွဲကြောင်းတစ်ခု ဖြစ်ပေါ်လာသည်။

ဟင်းလင်းပြင် စစ်တလင်းသည် ကစဥ့်ကလျား ဖြစ်နေ၍ အန္တရာယ် ကြီးမားလှသော်လည်း လျှိုကြီးနှင့် နင်းဝမ်ကောတို့ အတွက်မူ အနည်းငယ် သက်တောင့်သက်သာ ရှိစွာဖြင့် ဝင်ရောက်ထွက်ခွာ နိုင်ကြသည်။

သို့သော်လည်း တစ်စုံတစ်ခုအား ရှာဖွေရခြင်းသည် ကောက်ရိုးပုံ အတွင်းတွင် အပ်ပျောက်ရှာနေရသည်နှင့် တူနေသည်။ အနည်းဆုံးတော့ သူတို့သည် သူတို့ကိုယ် သူတို့ ကာကွယ်နိုင်စွမ်း ရှိကြသည်။

သူတို့နှစ်ယောက်သည် တွန့်လိမ်၍ ကွဲဟနေသော လမ်းကြောင်းမှ ဖြတ်သန်းလာ၍ မဟာကမ္ဘာ

အတွင်းရှိ နတ်ဘုရားနယ်မြေမှ အရှေ့ပင်လယ်
အပေါ်သို့ ထပ်ဖန်တစ်ခါ ပြန်ရောက်လာကြသည်။

သူတို့နှစ်ယောက်သည် အစောကတည်းက
ပြင်ဆင်ထားသည့် အတိုင်း အနီးဆုံးသော
နယ်နိမိတ် လမ်းကြောင်းမှ တဆင့်
မဟာလွင်တီးခေါင် ကုန်းမြေသို့ ဦးတည်ခဲ့ကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့
ရောက်သွားသော အခါတွင်လည်း သူတို့
နှစ်ယောက်သား အရှေ့သို့ ဆက်သွားခဲ့ကြသည်။
နေရာတစ်ခုသို့ အရောက်တွင် သူတို့က
ဟင်းလင်းပြင်အား ထပ်မံ ဖွင့်လှစ်လိုက်ရာ
မဟာလွင်တီးခေါင် ကုန်းမြေ အပြင်မှ မဟာကမ္ဘာ
အတွင်းသို့ ရောက်သွားကြသည်။

ကောင်းကင်အပေါ်တွင် အလယ်ကမ္ဘာ တစ်ခု ရှိနေ၍ မဟာကမ္ဘာနှင့် ဆက်သွယ်နေခြင်း မရှိပဲ သာမန်လူများ အနေဖြင့် သိနိုင်မည် မဟုတ်ပေ။ နင်းဝမ်ကော ရရှိခဲ့သော သဲလွန်စများ ကြောင့်သာ သူတို့သည် ဤနေရာသို့ ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ကြည့်ရတာ ဒီကမ္ဘာက ပျက်စီးနေပြီ ဖြစ်တယ်… အစောပိုင်းက ပြင်ပလောကနဲ့ စာရင် သူက ပိုပြီးတောင် ဆိုးနေသေးတယ်" လျှိုကြီးက ပြောလိုက်သည်။ "ဒါ့အပြင် ဒီအလယ်ကမ္ဘာ အတွင်းမှာ စစ်ပွဲ ကြီးကြီးမားမား တစ်ခု ဖြစ်ခဲ့တဲ့ ပုံပဲ"

နင်းဝမ်ကောက ခေါင်းညိတ်ကာ ပြောလိုက်သည်။
"ဟုတ်တယ်... ဒီအလယ်ကမ္ဘာက အမှန်ဆိုရင် သက်တမ်း အများကြီး ကျန်ဦးမယ်... ငါတို့အရှေ့က ပျက်စီးမှုတွေဟာ အစွမ်းထက်တဲ့ လူတွေရဲ့ တိုက်ပွဲကြောင့် ဖြစ်လိမ့်မယ်"

"နှစ်ဘက်သားတို့ရဲ့ စွမ်းအားသက်သက်နဲ့သာ ဒီအလယ်ကမ္ဘာကို ပျက်စီးစေခဲ့တယ်... ဒါပေမဲ့ ဒီအလယ်ကမ္ဘာမှာ မူလက အကာအကွယ် ဝင်္ကပါတစ်ခု ရှိခဲ့လိမ့်မယ်... ဒီဝင်္ကပါက ယိုယွင်းနေခဲ့ပေမဲ့ အနည်းဆုံးတော့ ဒီအလယ်ကမ္ဘာကို ထိန်းသိမ်းထားနိုင်ခဲ့သေးတယ်"

သူတို့အရှေ့မှ အလယ်ကမ္ဘာကို အကဲခတ်နေရင်း သူတို့သည် အနားသို့ ကပ်လာခဲ့သည်။

သူတို့သည် ထိုအလယ်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့သော အခါ အလင်းတန်းများက ရုတ်တရက် လင်းလက်လာ၍ ဟင်းလင်းပြင်က တွန့်လိမ်သွားခဲ့သည်။ ထိုအလယ်ကမ္ဘာသည် အစက်ငယ် တစ်ခုအဖြစ်ဖြင့် တွန့်လိမ်နေသော ဟင်းလင်းပြင် အတွင်းတွင် အဆက်မပြတ် လွင့်မျောနေ၍ သူ၏ နေရာ အတိအကျကို ရှာနိုင်ရန် ခက်ခဲနေသည်။

လျှိုကြီးနှင့် နင်းဝမ်ကောတို့က အနည်းငယ် အံ့သြ တုန်လှုပ်သွားခဲ့သည်။ သူတို့သည် ရုပ်တန့်လိုက်ကြရာ တွန့်လိမ်နေသော ဟင်းလင်းပြင် အတွင်း၌ တောက်ပသော အလင်းတန်း တစ်ခုကို တွေ့ခဲ့ရသည်။

ရုတ်တရက်ပင် ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများက
လေထုအတွင်းတွင် ပဲ့တင်ရိုက်လာခဲ့သည်။

အလင်းတန်းများသည် သက်တန့် ရောင်စဥ်များ
အဖြစ်သို့ အဆက်မပြတ် ပြောင်းလဲသွား၍
အသွင်မဲ့နေသော အလင်းတန်းသည်
အကောင်အထည် ပေါ်လာ၍ ပတ်ဝန်းကျင်မှ
ဟင်းလင်းပြင် အတွင်းတွင် စုစည်းလာခဲ့သည်။

သက်တန့်ရောင်စဥ် ဗုဒ္ဓ အလင်းတန်းများ၏
အလယ်တွင် အဆုံးမဲ့ အလင်းတန်းနှင့် အဆုံးမဲ့
မှော်ကျိန်စာများက အတူတကွ
ပေါက်ကွဲထွက်လာကြသည်။ အတွင်းတွင်
ငြိမ်းချမ်းသော ဇန်အရှိန်အဝါ၊ လွတ်လပ်မှု၊

ခွင့်လွှတ်မှုနှင့် တရားမျှတမှုတို့ကို
ထုတ်လွှတ်နေခဲ့သည်။

လှျိုကြီးနှင့် နင်းဝမ်ကောတို့က အပေါ်သို့
ကြည့်လိုက်ကြရာ ဗုဒ္ဓရဟန်းတော်တို့၏ ပုံရိပ်များက
ဟင်းလင်းပြင် အတွင်းတွင် ထိုင်နေသည်ကို
တွေ့ခဲ့ကြရသည်။ ဗုဒ္ဓကျမ်းစာ
ရွတ်ဖတ်သံများကလည်း မဆုံးနိုင်သည့်အလား
ပေါ်ထွက်နေခဲ့သည်။

အရှေ့တွင် ရဟန်းနှစ်ပါး ရှိနေသည်။ ကြုံလှီသော
အသက်ကြီးကြီး ရဟန်းတစ်ပါးနှင့်
ကြည့်၍ကောင်းသော ငယ်ရွယ်သည့်
ရဟန်းတစ်ပါးတို့ ဖြစ်ကြသည်။ သူတို့သည် သူတို့၏
လက်များကို အတူတကွ မြှောက်လိုက်ကြကာ

သူတို့၏ လက်ဝါးများ အတွင်းတွင် အလင်းတန်း ဘောလုံး တစ်ခုစီကို ဖော်ပြလိုက်ကြသည်။

တောက်ပလှသော အလင်းတန်းများ အကြားတွင် ကိုယ်ပိုင် ကမ္ဘာတစ်ခု ရှိနေသကဲ့သို့ ဖြစ်နေပြီး ထိုကမ္ဘာ အတွင်းတွင် စေတီများ၊ ဗုဒ္ဓများစွာ ရှိနေ၍ အဆုံးမဲ့ ဗုဒ္ဓနယ်မြေ တစ်ခုနှင့် တူနေသည်။ ထိုအရာသည် 'ဗုဒ္ဓနိုင်ငံ လက်ဝါး' မှော်ကျိန်စာ၏ အကြွင်းမဲ့ အဆင့်တစ်ခု ဖြစ်သည်။

ရဟန်း နှစ်ပါးတို့သည် ဗုဒ္ဓနိုင်ငံ လက်ဝါးအား အတူတကွ ထုတ်ဖော်ခဲ့ကြပြီး ထိုဗုဒ္ဓနယ်မြေ နှစ်ခုတို့မှာ သီးသန့် ဖြစ်တည်မှုများ ဖြစ်ကြသော်လည်း သူတို့၏ စွမ်းအား

သဘောတရားများသည် မူလရင်းမြစ် အတူတူဟု ခံစားနေရသည်။

အချင်းချင်း ကွဲပြားနေသည်ဟု ထင်နေရသော ကမ္ဘာနှစ်ခုတို့သည် ဗုဒ္ဓနိုင်ငံ မြင့်မြတ်နယ်မြေ တစ်ခုနှင့် တူနေသည်ဟု ထင်နေရသည်။ ရွှေရောင် ကြာပန်းများသည် သန့်စွမ်းစွာဖြင့် ဖူးပွင့်လာကာ ဟင်းလင်းပြင်ကို ပြည့်နှက်သွားစေသည်။

ဗုဒ္ဓနိုင်ငံ အတွင်းသို့ ရောက်ရှိနေသော ပျက်စီးနေသည့် အလယ်ကမ္ဘာသည် ယခုအချိန်တွင် ယခင် အသွင်သဏ္ဍာန်သို့ ပြန်ရောက်နေခဲ့ပြီ ဖြစ်သည်။ သူသည် ထိတွေ့၍ မရနိုင်သော အခြေအနေမျိုးသို့ မရောက်နေခဲ့တော့ပေ။

ရဟာန်းနှစ်ပါးတို့၏ ခေါင်းပေါ်တွင်
ကျယ်ပြန့်လှသော မိုးထိုးနေသည့်
တောင်တစ်တောင် ရှိနေသည်။ ထိုတောင်ကြီးသည်
မယုံနိုင်အောင် ခမ်းနားထည်ဝါ၍
ကြီးကျယ်လှသည်။ သူသည် ဟင်းလင်းပြင်
တစ်ခုလုံးအား ပြည့်နှက်နေ၍ ကြီးမားလွန်းသဖြင့်
စကားလုံးများဖြင့်ပင် ဖော်ပြ၍ မရပဲ
အတွေးများဖြင့် ပုံဖော်၍ မရချေ။

လျှို့ကြီးသည် လွန်ခဲ့သော နှစ်များအတွင်းက
လင်းဖုန်းသူ့အား သင်ကြားထားပေးခဲ့သည်များကို
ပြန်၍ စဥ်းစားလိုက်ပြီး သူ၏ မျက်ခုံးများကို ပင့်၍
မေးလိုက်သည်။ "ဒါက မီရူတောင်လား"

မိုးထိုးနေသော ဤတောင်၏ ပုံသဏ္ဍာန်သည်
ဗုဒ္ဓဘာသာဝင်တို့၏ အမြင့်မြတ်ဆုံး
ရတနာဖြစ်သည့် မီရူတောင်နှင့် ဆင်တူနေခဲ့သည်။

မီရူတောင် ဆင်းသက်လာသော အခါ အောက်မှ
သက်ရှိများ၏ အရွယ်အစား မည်သို့ပင် ရှိစေကာမူ
သူတို့သည် ခေါင်းများကို ငုံ့နေကြရမည် ဖြစ်သည်။
သူတို့သည် မည်သည့်ဘက်သို့
ထွက်ပြေးသွားကြစေကာမူ မီရူတောင်၏ လွှမ်းမိုးမှု
စက်ဝိုင်းအတွင်းမှ လွတ်မြောက်နိုင်ကြမည်
မဟုတ်ပေ။ အားလုံးတို့သည် ဤတောင်၏
အောက်တွင် ဖိနှိပ်ခြင်းကိုသာ ခံကြရမည် ဖြစ်သည်။

ရောမ တောင်၏ တောင်ထိပ်တွင် အဆုံးမဲ့
ဗုဒ္ဓအလင်းတန်းများသည်

ထွင်းဖောက်မြင်နေရသော ဖန်သားကဲ့သို့ လင်းလက်နေခဲ့သည်။

ထူးခြားသော အရာမှာ တောင်ထိပ်မှ မြေပြင်ပေါ်တွင် ရှစ်ပေနက်သော ချိုင့်ဝှမ်းတစ်ခု ရှိနေခြင်း ဖြစ်သည်။ သို့သော်လည်း ထိုအရာသည် အစွမ်းထက်သော ကြမ္မာပန်းတိုင် အဆင့်မှ ဤမှော်ရတနာ ထုတ်ဖော်နေသော ဖိအားများကို အကျိုးသက်ရောက်မှု အနည်းငယ်သာ ရှိသည်။

အစွမ်းထက်လှသော ရဟန်းနှစ်ပါးသည် ဗုဒ္ဓနိုင်ငံ လက်ဝါးကို အတူတကွ ထုတ်ဖော်လိုက်၍ မီရူတောင်၏ စွမ်းအားနှင့် ပေါင်းစည်းလိုက်သည်။ ထိုအရာသည် သိသာစွာ ကွဲပြားခြားနားသော အရာနှစ်မျိုး ဖြစ်ကြသည့် ဗုဒ္ဓနိုင်ငံနှင့် အခြား

ဒိုင်မန်းရှင်းမှ ကမ္ဘာတို့သည် လိုက်လျောညီထွေစွာ အချင်းချင်း ပြီးပြည့်စုံစွာ ပေါင်းစပ်သွားခဲ့သကဲ့သို့ စိတ်ကူးယဥ် မြင်ကွင်းတစ်ခုကို ဖန်တီးနိုင်ခဲ့သည်။

မီရူတောင်နှင့် အတူ သူတို့သည် ဟင်းလင်းပြင် အတွင်းမှ အလယ်ကမ္ဘာအား ဖိနှိပ်ခဲ့ကြသည်။

ထိုအလယ်ကမ္ဘာသည် ဟင်းလင်းပြင် အတွင်းတွင် ပုန်းအောင်းနိုင်ခြင်း မရှိတော့ပဲ ထပ်ဖန်တစ်ခါ ကျယ်ပြန့်လာ၍ အနက်ရောင် စက်လုံးနှင့် ဆင်တူနေသော အလယ်ကမ္ဘာ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

အနက်ရောင် စက်လုံး၏ မျက်နှာပြင်ပေါ်တွင် ခရမ်းရင့်ရောင် သင်္ကေတ ကျမ်းစာများ အဆက်မပြတ် ပေါ်လာ၍ စက်လုံးကို လည်ပတ်နေခဲ့သည်။ စက်လုံးအတွင်းမှ ကမ္ဘာကို ကိုင်လှုပ်နိုင်သော မိစ္ဆာစွမ်းအင်များ ပေါက်ကွဲထွက်လာပြီး ဗုဒ္ဓအလင်းတန်းများကို ခုခံလိုက်သည်။

ဤအချိန်တွင် နှစ်ဦး နှစ်ဘက်တို့သည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေခဲ့သည်။ သူတို့တစ်ယောက်ကမှ အသာစီး မရနိုင်ပဲ သူမသာ ကိုယ်မသာ ဖြစ်နေခဲ့သည်။

ဤအရာကို မြင်ခဲ့ရသော အခါ နင်းဝမ်ကောသည် တည်ငြိမ်သော အမူအရာများကို

ထိန်းသိမ်းထားနိုင်ရန် ခက်ခဲလာခဲ့သည်။ သူမသည် ဘေးပတ်ပတ်လည်ကို အကဲခတ်၍ ပြောလိုက်သည်။

"ဒါက ဒီအလယ်ကမ္ဘာမှာ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲနဲ့တူတယ်... ဒီစစ်ပွဲရဲ့ အရိပ်အယောင် သဲလွန်စတွေဟာ အခုအချိန်အထိ ကျန်နေသေးခဲ့တယ်... ဒီတိုက်ပွဲရဲ့ ပြင်းထန်မှုကို ခန့်မှန်းဖို့ရာ မခက်ခဲဘူး"

"ဒါပေမဲ့ သူဟာ ဗုဒ္ဓမျိုးနွယ်စုနဲ့ တိုက်ခိုက်တာဖြစ်ပြီး မီရူတောင်ကလည်း ရှိနေသေးလို့ ဒီတိုက်ပွဲဟာ အရင်က ကမ္ဘာနှစ်ခု အကြားက စစ်ပွဲ ဒါမှမဟုတ် ဒီမတိုင်ခင်တောင် ဖြစ်နိုင်တယ်"

လှိုင်ကြီးက ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ကျွန်တော်ထင်တာက ဒီတိုက်ပွဲဟာ အရင်တစ်ခေါက်က ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းမှာ ဖြစ်မယ်"

နင်းဝမ်ကောက လှိုင်ကြီးအား ကြည့်လိုက်ရာ လှိုင်ကြီးက ရှင်းပြလိုက်သည်။ "ဒီအလယ်ကမ္ဘာ အပေါ်မှ ထားထားတဲ့ မှော်ကျိန်စာ အရံအတားတွေဟာ ဟေးဒီးစ် မျိုးနွယ်စုက ဖြစ်လိမ့်မယ်"

"မာစတာလင်းက ကျွန်တော့်ကို ပြောဖူးတယ်… ကမ္ဘာနှစ်ခု အကြားက အရင်စစ်ပွဲမှာ ဗုဒ္ဓဂိုဏ်းက ကျင့်ကြံသူတွေဟာ ဟင်းလင်းပြင် ဘုရားကျောင်းကနေ သတင်းတစ်ခု ရခဲ့ပြီး သူတို့က

ပေါ့အီးစ်ကေရီ နေထိုင်နေတဲ့ အလယ်ကမ္ဘာကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြတယ်"

"သူတို့ရဲ့ မူလ ရည်ရွယ်ချက်က ပေါ့အီးစ်ကေရီကို ဒီနေရာမှာ လုပ်ကြံ သတ်ဖြတ်ဖို့ပဲ... ဒါပေမဲ့ အဲ့ဒီအချိန်မှာ ပေါ့အီးစ် ကေရီဟာ ကိုယ်ဝန် အရင့်အမာ ရှိနေပြီး မကြာခင်မှာ မွေးဖွားတော့မယ် ဆိုတာကို သူတို့က မသိခဲ့ကြဘူး"

"အချိန်အတော်ကြာ တိုက်ခိုက်ခဲ့ပြီးချိန်မှာတောင် ဒီအလယ်ကမ္ဘာရဲ့ အကာအကွယ် အရံအတားဟာ ကျိုးပေါက်ခဲ့ခြင်း မရှိခဲ့ဘူး... ပေါ့အီးစ် ကေရီဟာ မီးဖွားအပြီးမှာ အားနည်းနေခဲ့တဲ့ အတွက် ခုခံနေရင်း သူမရဲ့ အသက်စွမ်းအင်တွေ ကုန်ခန်းသွားခဲ့ပြီး ကြွေလွင့်သွားခဲ့တယ်...

သိပ်မကြာခင်မှာပဲ ဟေးဒီးစ် ကေရာဇ်ဟာ ကြီးမားတဲ့ စစ်တပ်နဲ့ မဟာမိုးကြိုး ကျောင်းတော်ကို ဝင်ရောက် တိုက်ခိုက်ခဲ့တယ်"

လှျိုကြီးသည် သူ့အရှေ့မှ အလယ်ကမ္ဘာကို ကြည့်နေပြီး သူ၏ အကြည့်မှာ ဂနာမငြိမ် ဖြစ်နေခဲ့၍ ကျယ်လောင်စွာ ပြောလိုက်သည်။

"ဒီအလယ်ကမ္ဘာ အတွင်းမှာ ဟေးဒီးစ် မျိုးနွယ်စုရဲ့ တော်ဝင်မြို့တော်နဲ့ မီးတောင်ဖန်ကျောက် လောကတို့ကို ကောင်းစွာ ကွယ်ဝှက်ထားပြီး ကျန်တဲ့ ကမ္ဘာနဲ့ လုံးဝ အဆက်အသွယ် ဖြတ်တောက်ထားခဲ့တယ်"

"သူတို့ဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အန္တိမ ကောင်းကင်ကြေးမုံကို သတိထားနေခဲ့ကြတာပဲ…

ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းက ဘယ်လိုလုပ်ပြီးမှ သူတို့နေရာကို ရှာတွေ့သွားနိုင်ခဲ့တာလဲ"

သူသည် အရှေ့သို့ ခြေလှမ်းအနည်းငယ် တိုးလိုက်ရာ ဟင်းလင်းပြင် အတွင်းမှ အလင်းရောင်သည် ဖြည်းဖြည်းချင်း မှေးမှိန်သွား၍ မူလ အခြေအနေသို့ ပြန်ရောက်သွားပြီး အလယ်ကမ္ဘာကလည်း မူလ အသွင်အပြင်သို့ ပြန်ပြောင်းသွားသည်။

နင်းဝမ်ကောသည် လျှိုကြီးအား လှမ်းကြည့်လိုက်၍ သူ့အနောက်မှ အနီးကပ် လိုက်သွားခဲ့သည်။

သူတို့နှစ်ယောက်သည် အလယ်ကမ္ဘာ အတွင်းသို့ ဝင်ရောက်သွားကာ ခြေချမိလိုက်သည်နှင့် လှျိုကြီး၏ ခန္ဓာကိုယ်သည် ပြင်းထန်စွာဖြင့် တုန်ခါလာလေသည်။

သူ၏ မျက်လုံးများ အတွင်းတွင် မရေမတွက်နိုင်သော ခရမ်းရောင် အလင်းတန်း ပုံစံများ အဆက်မပြတ် လင်းလက်လာ၍ သူ၏ အနက်ရောင် ဆံပင်များသည် ငွေရောင်ပြောင်းသွားပြီး သူ၏ ကျောအနောက်မှ နေ၍ ငွေရောင် သားမွေးများ စတင်၍ ထွက်လာခဲ့သည်။

သူ၏ နဖူးမှနေ၍ ဦးချိုသုံးချောင်း ထွက်လာ၍ သူ၏ ခန္ဓာကိုယ် အပေါ်တွင် ခရမ်းရောင် အလင်းတန်း

ပုံစံများ ပေါ်လာခဲ့သည်။ သူ့ပါးစပ် အတွင်းမှ သွားများသည် ဝံပုလွေနှင့် နဂါးတို့၏ သွားများကဲ့သို့ ချွန်ထက်နေကာ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပဲ မူလပုံစံသို့ ပြန်ပြောင်းသွားခဲ့သည်။

နင်းဝမ်ကောသည် ဤအလယ်ကမ္ဘာ အတွင်းတွင် ရင်းနှီးနေသော စွမ်းအင် အမြောက်အမြားတို့ကို အာရုံခံခဲ့ရသော်လည်း လျှိုကြီး၏ အသွင်သဏ္ဍာန်ကို တွေ့ခဲ့အပြီးတွင် အနည်းငယ် အံ့အားသင့်သွားခဲ့သေးသည်။

"မင်းက ဘာများလဲ" သူမက မေးလိုက်သည်။

လှိုကြီးသည် ပြင်းပြစွာဖြင့် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်သည်။ သူ၏ မျက်လုံး သူငယ်အိမ်များ အတွင်းတွင် အလင်းတန်း အရိပ်များ ထွက်လာ၍ ပုံရိပ် တစ်ခုပြီး တစ်ခုကို ဖန်ဆင်းနေခဲ့လေသည်။

အချိန် အတန်ကြာမှသာ ဟိန်းဟောက်သံများ ရပ်တန့်သွား၍ နက်ရှိုင်းသော်လည်း ခံစားချက်များ ကင်းမဲ့နေသည့် လှိုကြီး၏ အသံက ထွက်လာခဲ့သည်။

"ကျွန်တော့်ကို ဒီနေရာမှာ မွေးဖွားခဲ့တာ"

စာစဥ် ၆၈ : အပိုင်း ၁၁

# အပိုင်း ၁၃၂၁ : မတော်တဆ ဖြစ်သွားခဲ့သော ဆောင်ရွက်သူ

ယခုအချိန်တွင် လှျိုကြီးတွင် ငြိမ်းချမ်းသော အမူအရာများ ရှိနေသည်။ သို့သော်လည်း သူ၏ တောက်ပ၍ မတည်မငြိမ် ဖြစ်နေသော မျက်လုံးများသည် သူ၏ ခံစားချက် အစစ်အမှန်များကို သစ္စာဖောက်နေခဲ့သည်။ သူ၏ ရင်အတွင်းတွင် ခံစားချက်များ လှိုင်းထန်နေခဲ့သည်။

နင်းဝမ်ကောသည် လှျိုကြီးအားကြည့်၍ အံ့အားသင့်နေခဲ့သည်။ လှျိုကြီး အစောပိုင်းမှ ပြောခဲ့သော အရာများကို ပြန်လည် စဉ်းစားနေရင်း

သူမ၏ ခေါင်းအတွင်းတွင် မေးခွန်းများစွာ ပေါ်လာခဲ့သည်။

"တာအိုရှောင်းရင်း လျှိုကြီး... မင်း..." နင်းဝမ်ကောက လည်ပင်း နင်နေသကဲ့သို့ ဖြစ်နေခဲ့သည်။

လျှိုကြီးသည် သူမဘက်သို့ လှည့်ကြည့်လိုက်၍ ထူးခြား ဆန်းကြယ်စွာဖြင့် ပြုံးလိုက်သည်။
"ကျွန်တော့်အတွက် ဒါနေရာက အရာအားလုံး စတင်ခဲ့တဲ့ နေရာဖြစ်တယ်... ဒီနေရာကို လာခဲ့ရခြင်းအားဖြင့် ကျွန်တော့်ရဲ့ လူဝင်စား ဘဝများစွာ ဖြတ်သန်းခဲ့အပြီးမှာ ပျောက်ဆုံးနေတဲ့ မှတ်ဉာဏ်တွေကို ပြန်လည် ရရှိနိုင်ခဲ့ပြီ"

နင်းဝမ်ကောသည် လျှိုကြီးအား ကြည့်နေပြီး လျှိုကြီးက သူတို့ရပ်နေသော အလယ်ကမ္ဘာ ပတ်ပတ်လည်ကို ကြည့်နေခဲ့သည်။

"ကျွန်တော့်ကို ဒီနေရာမှာ မွေးဖွားခဲ့ အပြီးမှာ ကျွန်တော့်အမေဖြစ်တဲ့ ပေါ့ဒီးစ်ကေရီက ကွယ်လွန်သွားခဲ့တယ်... သူမက ဘယ်လိုပုံမျိုး ရှိတယ်ဆိုတာကို ကျွန်တော်က တစ်ခါမှ မမြင်လိုက်ရဘူး... ကံကောင်းစွာနဲ့ အဖေက ကျွန်တော့်ရဲ့ အသိစိတ် အတွင်းမှာ ပုံရိပ်အချို့ကို ထိန်းသိမ်းထားပေးတဲ့ အတွက် ကျွန်တော်က သူမကို မြင်ဖူးနိုင်ခဲ့တယ်"

သူ၏ ညာဘက်မျက်လုံးမှ အလင်းတန်း တစ်တန်း ထွက်လာပြီး ဟင်းလင်းပြင် အတွင်းတွင် ပုံရိပ်တစ်ခုကို ဖော်ပြခဲ့သည်။

ထိုအရာသည် ဝေဝါး၍ မကြည်လင်သော ပုံရိပ်တစ်ခု ဖြစ်သည်။ တစ်ယောက်သည် ပုံစံကို မြင်နိုင်သော်လည်း ထိုသူ၏ မျက်နှာ အသွင်အပြင်ကို တွေ့နိုင်မည် မဟုတ်ချေ။

ထိုပုံရိပ်အား ကြည့်နေရင်း နင်းဝမ်ကော၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါလာခဲ့သည်။ သူမသည် ပြောစရာ စကားများ ပျောက်ဆုံးနေပြီး လှိုကြီး၏ အမူအရာကလည်း ကြီးမားသော ဝေဒနာများဖြင့် ပြည့်နေခဲ့သည်။

သူတို့အရှေ့မှ ပုံရိပ်သည် သူတို့ ယခင်က ပြင်ပလောကမှ စံအိမ်တွင် တွေ့ခဲ့ရသော ပုံရိပ်အတွင်းမှ ခန္ဓာကိုယ်နှင့် တူနေခဲ့သည်။

မြူခိုးငွေ့များက ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ ပြိုင်ဘက်ကင်း အလှတရားကို ပိုင်ဆိုင်ထားသည့် အမျိုးသမီး တစ်ယောက်၏ ပုံစံကို ဖော်ပြလိုက်သည်။ သို့သော်လည်း သူမ၏ မျက်လုံးနှင့် မျက်ခုံးများတွင် သူမအား စိတ်ထားမြင့်မြတ်၍ ရဲရင့်သူဟု ထင်နေရစေသည့် မာကျောမှုများ ရှိနေခဲ့သည်။

သူမသည် ထိုနေရာတွင် ရပ်နေရင်း မရေရာ မသေချာသော ခံစားချက် တစ်ခုကို ထုတ်လွှတ်နေခဲ့သည်။ သူမ၏ နေရာ

အစစ်အမှန်သည် အမြဲတမ်း ပြောင်းလဲနေသလို ဖြစ်နေပြီး ခန့်မှန်းရန် မဖြစ်နိုင်ခဲ့ပေ။ သူမသည် နေရာတကာတွင် ရှိနေပြီး တစ်ချိန်တည်းတွင် မည်သည့် နေရာတွင်မှ မရှိဟူ၍လည်း ထင်နေရသည်။

နင်းဝမ်ကောသည် ထိုအမျိုးသမီးအား ကြည့်နေရင်း သူမ၏ ရင်အတွင်း၌ ရင်းနှီးကျွမ်းဝင်သော ခံစားချက်များကို ခံစားခဲ့ရသည်။ တစ်ချိန်တည်းတွင် သူမသည် စိတ်ရှုပ်ထွေးနေ၍ ပဟေဠိ ဖြစ်နေခဲ့သည်။

လှျိုကြီးသည် သူ့အရှေ့မှ အမျိုးသမီးအား တမ်းတစွာနှင့် ကြည့်နေပြီး သူ၏ မျက်လုံးများ

အတွင်းတွင် သိမ်မွေ့သော ဝမ်းနည်းမှုများကို ဖော်ပြနေသည်။

သူက တီးတိုး ရေရွတ်လိုက်သည်။ "ကျွန်တော်က ဟင်းလင်းပြင် ဘုရားကျောင်းဟာ ဒီနေရာကို ဘယ်လိုလုပ်ပြီးမှ ရှာတွေ့နိုင်ခဲ့သလဲ ဆိုတာကို စဉ်းစားနေခဲ့တာ... ဒါပေမဲ့ အခုအချိန်မှာတော့ သိသာသွားခဲ့ပြီ"

"အမေက ဟေးဒီးစ် မျိုးနွယ်စု အတွင်းမှာ မွေးဖွားခဲ့တာ မဟုတ်ဘူး... ဟေးဒီးစ် မျိုးနွယ်စု အတွင်းက အများစုဟာ အဖေကို လက်ထပ်ခဲ့အပြီးမှာ သူမကို ဧကရီ အနေနဲ့ လက်ခံနိုင်ခဲ့ပေမဲ့ သွေးမျိုးဆက် သန့်စင်မှုကို အလေးထားနေတဲ့ လူအချို့ ရှိကြသေးတယ်...

သူတို့အထဲက ခေါင်းဆောင်ဟာ ဦးလေးဟုန်လင် ဖြစ်တယ်"

နင်းဝမ်ကောသည် ဘာမှ မပြောခဲ့ပေ။ သူမသည် ကမ္ဘာ တစ်ခုလုံးနှင့် အဆက်အသွယ် ပြတ်နေပြီး သူမ၏ မှတ်ဉာဏ်များသည် ပျောက်ဆုံးနေခဲ့သော်လည်း လူတိုင်းသိသော အရာအချို့တို့ကို သိထားခဲ့သေးသည်။

ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်နှင့် မျိုးနွယ်စု ညီအစ်ကိုဖြစ်သော ဟေးဒီးစ်ဟုန်လင်သည် သူနှင့် နီးစပ်သော သွေးသားတော်စပ်မှု ရှိသည်။ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲမတိုင်မီ သူသည် ဟေးဒီးစ် မျိုးနွယ်စု အတွင်းတွင် နာမည်ကျော်သော ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ တစ်ကောင်ဖြစ်သော်လည်း

စစ်ပွဲအပြီးတွင် သူ၏ သဲလွန်စများ အားလုံးတို့က ပျောက်ကွယ်သွားခဲ့သည်။

ကောလဟာလများ အရ ဟောဒီးစ်ဟုန်လင်သည် အခြား ဟောဒီးစ်များနှင့် အတူ ကမ္ဘာအတွင်းမှ ပျောက်ကွယ်သွားခဲ့သည်ဟု ထင်နေရသည်။ သို့ရာတွင် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ဟောဒီးစ် မျိုးနွယ်စုသည် မဟာကမ္ဘာ အတွင်းတွင် ပြန်ပေါ်လာခဲ့ကြသော်လည်း ဟောဒီးစ်ဟုန်လင်အား မမြင်ခဲ့ရပေ။

လင်းဖုန်းသည် သူ၏ဓားဖြင့် ဟောဒီးစ်မြို့တော်ကို ဖျက်ဆီးခဲ့သော်လည်း ဟောဒီးစ်ဟုန်နင်က မပေါ်လာခဲ့ပေ။ စစ်ပွဲအပြီးတွင် နတ်ဘုရား နယ်မြေ

တစ်ခုလုံးတွင် လူအများက ထင်မြင်ယူဆချက် အမျိုးမျိုး ပေါ်လာခဲ့သည်။

အများစုသည် ဟေးဒီးစ်ဟုန်လင်က ဟေးဒီးစ်တို့ မဟာကမ္ဘာသို့ မပြန်လာခင် အချိန်တွင် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးကို ကျရှုံးခဲ့ပြီး ထိုအလယ်ကမ္ဘာတွင် ကြွေလွင့်ခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။

လျှို့ကြီးက တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ဦးလေးဟုန်လင်က အဖေရဲ့ အမျက်ဒေါသကြောင့် သုတ်သင်ခြင်းကို ခံခဲ့ရတာ"

ထိုစကားကို ကြားခဲ့ရသော အခါ နင်းဝမ်ကောက သက်ပြင်းချလိုက်သည်။ လျှိုကြီးသည် အဝေးမှ အလယ်ကမ္ဘာအား လှမ်းကြည့်နေသော်လည်း သူ၏ အကြည့်မှာ အာရုံစူးစိုက်မှု ကင်းမဲ့လျက် ရှိသည်။

သူက ပြောလိုက်သည်။ "ကျွန်တော် မွေးဖွားလာအပြီးမှာ အဖေက လျှို့ဝှက် မော်ကျိန်စာ တစ်ခုနဲ့ ကျွန်တော့်ကို ပြန်လည် မွေးဖွားခြင်း သံသရာ အတွင်းကို ထည့်သွင်းဖို့ ဆုံးဖြတ်ခဲ့တယ်… ဟေးဒီးစ် မျိုးနွယ်စုတို့က မဟာကမ္ဘာကို ပြန်လာတဲ့ အချိန်မှာ ဝိညာဥ်ပင်လယ်ကို ထိန်းချုပ်နိုင်ဖို့အတွက်လည်း သူက ကျွန်တော့်အပေါ်မှ မျှော်လင့်ချက်တွေ ထားခဲ့တယ်"

"ကျွန်တော်က သူ့ရည်မှန်းချက်တွေ အတိုင်း မလုပ်နိုင်ခဲ့ဘူး" လှျိုကြီးက သူ့ကိုယ်သူ မေးခွန်းထုတ်လိုက်သည်။ သူ၏ နှုတ်ခမ်းထောင့်စွန်းများသည် ပြုံးနေသကဲ့သို့ တွန့်နေခဲ့သော်လည်း အမှန်မှာ သူ့ကိုယ်သူ သရော်နေခြင်း ဖြစ်သည်။ "အခုအချိန်မှာ ကျွန်တော်က အမတန်မှ စိတ်ရှုပ်ထွေးပြီး ဘာလုပ်ရမှန်း မသိ ဖြစ်နေခဲ့ပြီ"

"ဒီကနေ့ မတိုင်ခင်မှာ မိစ္ဆာတစ်ကောင် အနေနဲ့ မွေးဖွားခဲ့ပေမဲ့ ကျွန်တော့်ရဲ့ စိတ်အတွင်းမှာ ကိုယ့်ကိုယ်ကိုယ် လူသား တစ်ယောက်လို့ပဲ အမြဲတမ်း သတ်မှတ်ထားခဲ့တယ်… လှျိုကြီးဟောဒီးစ်ပဲ ဖြစ်ဖြစ်… လှျိုယောင်ပဲ ဖြစ်ဖြစ်… သူတို့က နာမည်တွေ သက်သက်သာ

ဖြစ်တယ်… မာစတာလင်းနဲ့ ကျွန်တော်တို့ဟာ အဖေရဲ့ အကြံအစည်တွေကို ပျက်အောင် လုပ်ခဲ့ပေမဲ့ ကျွန်တော်က နောင်တတွေ မရနေဘူး"

လှျိုကြီးသည် အနည်းငယ် စိတ်ရှုပ်ထွေးနေသကဲ့သို့ ပြောလိုက်သည်။ "ဒါပေမဲ့ ဒီကနေ့မှာ ကျွန်တော်က ဖြစ်ပျက်ခဲ့တဲ့ အရာအားလုံးကို သိခဲ့ရတဲ့ အတွက် ရုတ်တရက်ပဲ ဘယ်အရာက မှန်ကန်သလဲ ဆိုတာကို မဆုံးဖြတ်နိုင်တော့သလို ခံစားနေရတယ်"

"လူသားတစ်ယောက် အနေနဲ့ ကျွန်တော်က ကျွန်တော် အရင်က လုပ်ခဲ့တာတွေ မှန်သမျှကို မှားတယ်လို့ မတွေးခဲ့မိဖူးဘူး… ကျွန်တော်က ဘဝမှာ ကိုယ်ပိုင် ဆုံးဖြတ်ချက်တွေ ချနိုင်တယ်လို့

ကိုယ့်ကိုယ်ကိုယ် ပြောချင်နေခဲ့တယ်... ကျွန်တော်
ဘာလုပ်ရမလဲ ဆိုတာကို ဘယ်သူကမှ
ဆုံးဖြတ်ချက် မချနိုင်ဘူး... ကျွန်တော့်ကို
မွေးဖွားခဲ့တဲ့ အဖေလည်း အပါအဝင်ပေါ့"

"ကျွန်တော်က အရင်ဘဝနဲ့ ဒီဘဝတို့ဟာ
တစ်ခုနဲ့တစ်ခု မပတ်သတ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ်
ပြောနေခဲ့တယ်... ဒါပေမဲ့ တကယ်ပဲ ဒီလို
ဟုတ်လို့လား"

နင်းဝမ်ကောသည် လျှိုကြီးအား ချီတုံချတုံ
ဖြစ်စွာနှင့် ကြည့်လိုက်သည်။ လျှိုကြီးသည် သူမက
ဘာစဉ်းစားနေသည်ကို ခန့်မှန်းနိုင်ခဲ့သကဲ့သို့
ဖွဖွလေး ပြုံးလိုက်သည်။ သူ၏ မျက်နှာကို
ပြန်တည်လိုက်၍ ပြောလိုက်သည်။

"ကျွန်တော့်ကို ဒီလိုမျိုးကြည့်ဖို့ မလိုပါဘူး… ကျွန်တော် ပြောထားသလိုပဲ ကျွန်တော်ဟာ အရင်က ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်း မသိခဲ့ပေမဲ့ ကျွန်တော် လုပ်ခဲ့တဲ့ အရာတွေကို နောင်တ မရခဲ့ဘူး… ဒါတွေက မှားယွင်းတဲ့ အရာတွေလို့လည်း ကျွန်တော်က မထင်ဘူး"

"ပြီးတော့ ကျွန်တော်က မာစတာလင်းကိုလည်း အပြစ်မတင်ပါဘူး… အဲ့ဒီအစား ကျွန်တော်က မာစတာလင်း အပေါ်မှာ လေးစားအားကျတဲ့ ခံစားချက်တွေပဲ ရှိတယ်… အရင်ဘဝတွေက ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ သူက ကျွန်တော့်ကို ဒီဘဝမှာ ပုံသွင်းပေးခဲ့တဲ့သူပဲ"

နင်းဝမ်ကောသည် ဘာမှ ဆက်မပြောတော့ပေ။ သူမသည် သူမကိုယ်တိုင်က မည်သူဖြစ်သည် ဆိုသည်ကို အလွန်အမင်း စိတ်ရှုပ်ထွေးနေသော်လည်း သူမသည် လင်းဖုန်းနှင့် ဝမ်လင်းတို့နှင့် ကောင်းမွန်သော ဆက်ဆံရေး ရှိခဲ့သည်။ လျှိုကြီး၏ စကားများကို ကြားခဲ့ရသော အခါ သူမသည် မတတ်နိုင်ပဲ အနည်းငယ် စိုးရိမ်စိတ်များ ပေါ်လာခဲ့သည်။

လျှိုကြီးက ဆက်ပြောလိုက်၏။ "အခု အချိန်တိုင်အောင် ကျွန်တော်က မာစတာလင်းကို အမတန်မှ လေးစား အားကျနေတယ်... အမှန်အတိုင်း ပြောရရင် ကျွန်တော်က အဖေနဲ့ အမေတို့ထက် စာရင် မာစတာလင်းနဲ့ ပိုပြီးမှ အတူနေခဲ့ရတယ်... ကျွန်တော်က အမေကို

လူကိုယ်တိုင် တစ်ခါမှ မမြင်ဖူးပဲ အဖေနဲ့ တွေ့ခဲ့ရတဲ့ အချိန်မှာ မွေးကင်းစလေးပဲ ရှိသေးတယ်"

"ဒါပေမဲ့ အခုအချိန်မှာ ကျွန်တော်က အတော်လေး စိတ်ရှုပ်ထွေးနေတယ်... အဖေနဲ့ ဟေးဒီးစ် မျိုးနွယ်စုတို့ရဲ့ မျှော်လင့်ချက်တွေကို ဆုံးရှုံးစေခဲ့တာ ကျွန်တော်က မှားသလား မှန်သလား ဆိုတာကို မသိနေဘူး... ကျွန်တော့်ရဲ့စိတ်ကို နောက်တစ်ခေါက် မယိမ်းယိုင်အောင် ပြတ်သားစွာ ဆုံးဖြတ်ချက်ချဖို့ အမတန်မှ ခက်ခဲနေတယ်"

နင်းဝမ်ကောက မေးလိုက်သည် "မင်းက ဒါတွေကို ဘာဖြစ်လို့ ငါ့ကို ပြောပြနေခဲ့တာလဲ"

လှိုင်ကြီးက သူ၏ခေါင်းကို ခါလိုက်သည်။
"ကျွန်တော့် စကားတွေကို နားထောင်ဖို့
လူတစ်ယောက် လိုနေလို့ မဟုတ်ပါဘူး...
ဘာဖြစ်လို့လဲ ဆိုတော့ စီနီယာကလည်း ဒီကိစ္စမှာ
ပါဝင်နေခဲ့လို့ပါပဲ"

"မင်းက ဘာကို ဆိုလိုချင်နေတာလဲ"
နင်းဝမ်ကောက မေးလိုက်သည်။ သူမအနေဖြင့်
လှိုင်ကြီးက သူမကို ပြောတော့မည့် အရာများကို
ခန့်မှန်းနိုင်ခဲ့သဖြင့် ရင်အတွင်းမှနေ၍
တုန်ခါနေခဲ့သည်။

လှိုင်ကြီးက ညင်သာစွာဖြင့် ပြောလိုက်သည်။
"မာစတာလင်းက အဖေ့ရဲ့ ဆန္ဒကို
အကောင်အထည် ဖော်နိုင်ပြီး အစီအစဉ်က

မူလလမ်းစဉ်ကနေ မလွဲချော်သွားအောင်
ကျွန်တော့်အပြင် ကူညီပေးမယ့်သူ
နောက်တစ်ယောက် ရှိနေလိမ့်ဦးမယ်လို့
ခန့်မှန်းထားခဲ့တယ်… ကျွန်တော့်ရဲ့
ပြန်လည်ဝင်စားခြင်းတွေ အပြီးမှာ
ဝိညာဉ်ပင်လယ်ရဲ့ ချိပ်ကို ဖြည်နိုင်ဖို့ ဒီလူက
ကျွန်တော့ကို လမ်းညွှန်ပေးရလိမ့်မယ်"

"ဒီလူက တကယ်ကိုပဲ ရှိနေတယ်"

နင်းဝမ်ကော၏ အသက်ရှူသံများက
မြန်လာခဲ့သည်။ လျို့ကြီးသည် သူမအား
ကြည့်လိုက်ပြီး နက်နဲစွာဖြင့် ပြောလိုက်သည်။
"အဖေ ကျဆုံးသွားအပြီးမှာ ဝိညာဉ်ပင်လယ်ကို
ပိတ်ထားတဲ့ချိပ်ကြောင့် ကျန်တဲ့

မျိုးနွယ်စုဝင်တွေက မီးတောင်ဖန်ကျောက်
ကမ္ဘာမှာပဲ ပြန်လည် ကျင့်ကြံနေပြီး နောက်ထပ်
အခွင့်အရေး တစ်ခုကို စောင့်ဆိုင်းနေခဲ့တယ်"

"ဒီလိုဆိုတော့ ဒီကမ္ဘာအတွင်းမှာ ကျန်နေပြီး
ဒီအစီအစဥ်ကို ချောမွေ့အောင်
ဖန်တီးပေးရမယ့်သူက အမေ့ရဲ့ တပည့်တစ်ယောက်
ဖြစ်ရမယ်"

"အမေက သူမရဲ့ စွမ်းရည်တွေကို
လက်ဆင့်ကမ်းပေးမှုမှာ အမြဲတမ်း
လျှို့ဝှက်ခဲ့တယ်... သူမရဲ့ တပည့်ကလည်း
အမတန်မှ လျှို့ဝှက်ဆန်းကြယ်ပြီး လူအချို့ကသာ
သူမကို သိနိုင်ခဲ့တယ်... နတ်ဘုရားနယ်မြေနဲ့
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှာ...

ဟေးဒီးစ် မျိုးနွယ်စု အတွင်းမှာတောင် အဖေနဲ့ အမေအပြင် သူမရဲ့ တည်ရှိမှုကို သိရှိတဲ့သူဟာ အနည်းငယ်သာ ရှိတယ်"

"ဒီလိုဆိုတော့ သူမဟာ နောက်ကွယ်ကနေ တခြားသူတွေရဲ့ အာရုံစိုက်မှုကို မခံရပဲ တာဝန်တွေကို လျှို့ဝှက်စွာ ဆောင်ရွက်နိုင်ခဲ့တယ်... ဒါပေမဲ့ ဟေးဒီးစ် မျိုးနွယ်စုတို့က မီးတောင်ဖန်ကျောက် ကမ္ဘာအတွင်းကို ဝင်ရောက်သွားပြီးနောက်မှာ သူမကို ထောက်ပံ့ပေးမဲ့သူ တစ်ယောက်မှ မကျန်တော့ဘူး"

လျှို့ကြီးက အနည်းငယ် ရပ်နား၍ ပြောလိုက်သည်။ "ဒါပေမဲ့ ဘာအကြောင်းကြောင့်မှန်း မသိပဲ

ကျွန်တော့်ရဲ့ အဲ့ဒီအစ်မဟာ ဒီကိစ္စကို လုံးဝ မေ့လျော့သွားခဲ့တယ်… သူမဟာ ဘဝပေါင်းများစွာ ပြန်လည် ဝင်စားခဲ့တဲ့ ကျွန်တော့်ထက်တောင် ပိုမေ့နေသေးတယ်… ဒါကြောင့်မို့ ဒီအခြေအနေမျိုး ဖြစ်သွားတာ… တကယ်လို့ မာစတာလင်းနဲ့ မတွေ့ခဲ့ရင် ကျွန်တော်က လူဝင်စားမှု သံသရာ အတွင်းမှာပဲ ရှိနေဦးလိမ့်မယ်"

နင်းဝမ်ကောက အသက်ပြင်းပြင်း တစ်ချက်ရှူ၍ မေးလိုက်သည်။ "ငါက တကယ်ပဲ မင်းပြောနေတဲ့ လူလား"

လျှိုကြီးက ပြောလိုက်သည်။ "ကျွန်တော်က အပြည့်အဝတော့ မသေချာဘူး… ဒါပေမဲ့ စီနီယာ အစောက ကျွန်တော့်ကို ပြောထားတဲ့ အရာတွေနဲ့

ဟိုပြင်ပလောကက မှတ်ဉာဏ်တွေ အရဆိုရင် စီနီယာက အဲ့ဒီလူပဲ"

"ဒါပေမဲ့ စီနီယာက ဘယ်လိုလုပ်ပြီးမှ ဒီအခြေအနေကို ရောက်သွားသလဲ ဆိုတာကိုတော့ ကျွန်တော်မသိဘူး"

နင်းဝမ်ကောက သက်ပြင်း ဖွဖွလေးချကာ ပြောလိုက်သည်။ "မင်းပြောတာ မှန်တယ်… ငါက ဘာဖြစ်သွားခဲ့တာလဲ"

သူမသည် ဤအလယ်ကမ္ဘာ အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွား၍ လျှိုကြီးကလည်း သူမအနောက်မှ အနီးကပ် လိုက်ပါလာခဲ့သည်။

နှမြောစရာ ကောင်းသည်မှာ ဤအလယ်ကမ္ဘာသည် အမတန်မှ မြေရိုင်းဆန်နေခြင်း ဖြစ်သည်။ သူသည် လုံးဝ ပျက်သုဥ်းသွားခြင်း မရှိသေးသော်လည်း စိတ်ဝိညာဉ် စွမ်းအင်များသည် လုံးဝ လွင့်ပြယ်သွားခဲ့ပြီ ဖြစ်ကာ နင်းဝမ်ကောနှင့် လျှိုကြီးတို့သည် ဘာကိုမှ မတွေ့ရှိခဲ့ပေ။

ဤအလယ်ကမ္ဘာ အတွင်းတွင် နောက်ထပ် ပျက်စီးနေသော စံအိမ်တစ်ခု ရှိသည်။ သို့သော်လည်း ဤစံအိမ်သည် ပြင်ပလောကမှ စံအိမ်ထက် များစွာပို၍ ကြီးမားကာ ခမ်းနားထည်ဝါပေသည်။

သူ့အတွင်း၌ လျှောက်သွားနေရင်း နင်းဝမ်ကောကို ဝန်းရံထားသည့် ရောင်စုံ အလင်းတန်းများသည် နေရာအနှံ့သို့ ပျံ့နှံ့သွားကာ စံအိမ် တစ်ခုလုံးကို လွှမ်းခြုံသွားလေသည်။

ရနံ့ သင်းသင်းလေး တစ်ခုသည် လေထုအလယ်တွင် ပျံ့နှံ့လာ၍ စံအိမ်အတွင်းမှ ထွက်လာကာ နင်းဝမ်ကောနှင့် ပေါင်းစည်းသွားခဲ့သည်။

နင်းဝမ်ကော၏ မျက်လုံးများ အတွင်းမှ အလင်းတန်းသည် ပို၍ပို၍ တောက်ပလာကာ မျက်စိကျိန်းလု မတတ် ဖြစ်လာပြီး စံအိမ်က စတင်၍ တုန်ခါလာကာ ပြိုကျလုနီးပါး ဖြစ်လာခဲ့သည်။

လှေျိုကြီးက ညင်သာစွာဖြင့် ပြောလိုက်သည်။
"ဒီစံအိမ်ကို ဖုန်မှုန်တွေအဖြစ် ပြောင်းလဲပြီး
ကမ္ဘာမြေထံကို ပြန်သွားခွင့် ပြုလိုက်ပါ"

နင်းဝမ်ကောသည် သူ့အား ကြည့်၍
ခေါင်းညိတ်လိုက်ရာ အလင်းတန်းများ
မှေးမှိန်သွားပြီးနောက် စံအိမ်တစ်ခုလုံးသည်
လျင်မြန်စွာဖြင့် ပြိုကျသွားခဲ့သည်။

စံအိမ် ပြိုကျသွားပြီး နောက်တွင် အလယ်ကမ္ဘာ
တစ်ခုလုံးကလည်း ပျက်သုဥ်းခြင်း လမ်းစဥ်ပေါ်သို့
ရောက်သွားခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့၏
အကြားတွင် ကြောက်မက်ဖွယ်ရာ အက်ကွဲကြောင်း
ပုံစံများ ပေါ်လာ၍ ပျံ့နှံ့သွားသည်။ ထိုအရာသည်
ဤအလယ်ကမ္ဘာ၏ ကျိုးပျက်ခြင်းပင် ဖြစ်သည်။

နင်းဝမ်ကောသည် ထိုအလယ်ကမ္ဘာ အပြင်သို့ ထွက်လာ၍ အနောက်သို့ လှည့်ကြည့်လိုက်ရာ လျှို့ကြီးကလည်း ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်ကို တွေ့ခဲ့ရသည်။ သူ၏ အနောက်တွင် အလယ်ကမ္ဘာ တစ်ခုလုံးသည် ဖြည်းဖြည်းချင်း ပြိုကျ ပျက်စီးနေခဲ့သည်။

လျှို့ကြီးက ပြောလိုက်သည်။ "ကြည့်ရတာ စီနီယာက သဲလွန်စ အသစ်တွေကို ရခဲ့သလိုပဲ… သွားကြစို့"

နင်းဝမ်ကောက ပြောလိုက်သည်။ "မင်းက မာစတာလင်းနဲ့ တွေ့ဖို့ ပန်းလိုင်နတ်တောင်ကို ပြန်သွားလိုက်ပါ… မင်းရဲ့ အတွေးနဲ့

ခံစားချက်တွေကို တည်ငြိမ်အောင် ပြန်လုပ်ဖို့
အချိန်ယူရလိမ့်မယ်"

"ကျွန်တော်က မှော်စွမ်းအင်ကို အသုံးပြုပြီးမှ
မာစတာလင်းကို ကျွန်တော့်ရဲ့ အတွေးတွေနဲ့
ဘာတွေ ဖြစ်ခဲ့သလဲ ဆိုတာကို ပြောပြပြီးသွားပြီ"
လျှိုကြီးက သူ၏ခေါင်းကိုခါ၍ ပြောလိုက်သည်။
"ဒီနေရာကို ရောက်လာခဲ့ပြီးကတည်းက
ကျွန်တော်ဟာ ကျွန်တော့် မေးခွန်းတွေရဲ့ အဖြေ
အတော်များများကို သိခဲ့ရပြီ... ဒါပေမဲ့ ကျွန်တော်က
စီနီယာနဲ့ အတူ ဆက်ရှာလိုနေသေးတယ်"

"အမေက ဘာများ ချန်ထားရစ်ခဲ့သေးသလဲ
ဆိုတာကို ကြည့်ချင်နေသေးတယ်"

နင်းဝမ်ကောသည် ဘာမှ ဆက်မပြောခဲ့ပဲ မှော်ကျိန်စာများကို ထုတ်ဖော်လိုက်ရာ သူမ၏ မျက်လုံးအတွင်းမှ အလင်းတန်းများ လင်းလက်လာ၍ အဝေးတစ်နေရာသို့ ဦးတည်သွားခဲ့သည်။

ဟင်းလင်းပြင် အတွင်းသို့ အဆက်မပြတ် စီးဆင်းသွားသော အလင်းတန်းများသည် ဦးတည်ချက် ပျောက်နေသကဲ့သို့ ထင်နေရသော်လည်း အရှေ့မှ အမှောင်ထု အတွင်းတွင် လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးခဲ့သေးသည်။ နင်းဝမ်ကောနှင့် လျှိုကြီးတို့သည် ထိုလမ်းကြောင်း အနောက်သို့ လိုက်သွားခဲ့ရာ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ပြန်လည်၍ ရောက်ရှိသွားခဲ့သည်။

သူတို့ နှစ်ယောက်သားသည် အတူတကွ
ပျံသန်းနေကြရင်း ဟင်းလင်းပြင်ကို
ချိုးဖောက်သွားကာ မူလကောင်းကင်
ပင်လယ်ခုနစ်သွယ် အနက်မှ ဟင်းလင်းပြင်
ပင်လယ်အတွင်းသို့ ထပ်ဖန်တစ်ခါ
ခြေချခဲ့ကြပြန်သည်။

သူတို့နှစ်ယောက်သည် ယခုအကြိမ်တွင်
ဟင်းလင်းပြင် မုန်တိုင်းတစ်ခုနှင့် တွေ့ရှိခဲ့ရသည်။
ဒိုင်မင်းရှင်း အတွင်း၌ ဖရိုဖရဲ ဖြစ်နေခဲ့၍ သူတို့၏
နည်းစနစ် စွမ်းအားများဖြင့်ပင် ဘေးကင်းနိုင်ရန်
များစွာ အာရုံစိုက်နေရသည်။

သို့သော်လည်း ထိုဟင်းလင်းပြင် မုန်တိုင်းအား ကျော်လွှန်ခဲ့အပြီးတွင် သူတို့နှစ်ယောက်သည် လမ်းကြောင်းမှန် အပေါ်သို့ ခြေပြန်ချနိုင်ခဲ့ကာ ရှေ့ဆက်သွားခဲ့သည်။

သို့သော်လည်း ထိုဟင်းလင်းပြင် မုန်တိုင်းကြောင့် သူတို့၏ အာရုံခံနိုင်စွမ်းများသည် များစွာပို၍ အားနည်းသွားခဲ့သည်။ သူတို့သည် ရှေ့သို့ ဆက်လျှောက်နေကြရင်း မျက်မှောင်ကြုတ်လိုက်ကာ အရှေ့တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့ခဲ့လိုက်ရသည်။

အဝေး တစ်နေရာတွင် မှော်ကျိန်စာများကို အသုံးပြု၍ တိုက်ခိုက်နေကြသဖြင့် လှိုင်းထန်နေကြသည်။ လူသား မျိုးနွယ်စု တစ်ခုနှင့်

မိစ္ဆာ မျိုးနွယ်စု တစ်ခုတို့က တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

နင်းဝမ်ကောသည် ခေတ္တမျှ ရပ်တန့်လိုက်၍ တစ်ချက် ကြည့်လိုက်သော်လည်း လျှိုကြီး၏ အကြည့်သည် ဤအချိန်၌ အေးခဲသွားခဲ့သည်။

## စာစဥ် ၆၈ : အပိုင်း ၁၂

## အပိုင်း ၁၃၂၂ : အတိတ်ကို ပြန်လည်တူးဖော်ရန် ခက်ခဲသည်

လျှိုကြီးသည် အဝေးမှ ဟင်းလင်းပြင်သို့ ကြည့်လိုက်ရာ ပထမဆုံး မြင်လိုက်ရသော အရာမှာ

ရင်းနှီး ကျွမ်းဝင်နေသော မျက်နှာတစ်ခု ဖြစ်သည်။
သူသည် ဆယ်ကျော်သက် အရွယ်ကတည်းက
ထိုသက်လတ်ပိုင်း လူကြီးသည် သူ့အား
များစွာကူညီ၍ လမ်းညွှန်ပေးခဲ့သည်။

ပြန်၍ စဥ်းစားကြည့်လျှင် အကယ်၍ ထိုအချိန်က
နဂါး မျိုးနွယ်စုများထံမှ အသက်လု၍ မပြေးခဲ့ရလျှင်
သူသည် ယခုအချိန်တွင် ထိုသူ၏
တပည့်တစ်ယောက် ဖြစ်နေလောက်ပြီ ဖြစ်သည်။

ထိုလူ၏ နာမည်မှာ မုယုဖြစ်၍ သူသည်
အရှေ့ပင်လယ်မှ လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ လော်ဖူး
သူတော်စင်၏ ဒုတိယ တပည့်ဖြစ်သော ဟွမ်းမင်၏
တပည့်တစ်ယောက် ဖြစ်သည်။

မုယုနှင့် အတူ ရှိနေသူများမှာ သူ၏ ဆရာ ဟွမ်းမင် အပါအဝင် သူ့ဆရာ၏ စီနီယာဖြစ်သော ဟီကွမ်းပင် ဖြစ်သည်။ သူသည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းတွင် လော်ဖူး သူတော်စင်မှ လွဲ၍ တစ်ဦးတည်းသော အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သည့် လော်ဖူး သူတော်စင်၏ တပည့်ကြီး ဖြစ်သည်။

လျှို့ကြီးသည် ဟွမ်းမင်အား ကိုယ်တိုင်ကိုယ်ကျ မတွေ့ဖူးပဲ လွန်ခဲ့သော နှစ်ပေါင်းများစွာက မုယု သူ့အား ပြသခဲ့ဖူးသော ပုံရိပ်ကိုသာ တွေ့ဖူးခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူသည် ဟီကွမ်းပင်အား ယခင်က ကိုယ်တိုင် တွေ့ဖူးခဲ့သည်။

သို့သော်လည်း ထိုမှတ်ဉာဏ်မှာ အမှန်အတိုင်း ပြောရလျှင် ပျော်ရွှင်ချမ်းမြေ့ဖွယ် မဟုတ်ချေ။ လှိုကြီး၊ မုယုနှင့် သူတို့၏ မိတ်ဆွေများသည် နဂါးတို့၏ လိုက်လံ ဖမ်းဆီးခြင်းကို ခံနေရချိန်တွင် လှိုကြီးက အသတ်ခံလိုက်ရသည်။

ပြီးတာနှင့် သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲ၏ အကူအညီဖြင့် ဟေးဒီးစ် တစ်ကောင်အဖြစ် ပြန်လည် ရှင်သန်လာခဲ့သည်။ နဂါးများကလည်း အံ့အားသင့်သွားကြပြီး နောက်ပိုင်းတွင် ရောက်ရှိလာသော ဟီကွမ်းပင်သည် ဤအခြေအနေကို တွေ့ပြီးနောက်တွင် လှိုကြီးကို လော်ဖူး

လျှို့ဝှက်ဆန်းကြယ်သောကျွန်းထံသို့ ခေါ်ယူသွားရန် ကြံစည်ခဲ့သည်။

ဟီကွမ်းပင်တွင် သူ့အား မကောင်းကြံနေလိုသော အကြံအစည်များ ရှိနေသည်ကို သိခဲ့ရသောအခါ ကစဥ့်ကလျား အခြေအနေသို့ ရောက်နေသော လျှို့ကြီးက အမျက်ထွက်လာခဲ့သည်။ သူတို့ နှစ်ယောက်တို့သည် ထိုအချိန်က တိုက်ခိုက်လုနီးပါးပင် ဖြစ်ခဲ့ကြသည်။

ထိုအချိန် နောက်ပိုင်းတွင် လျှို့ကြီးသည် အရှေ့ပင်လယ်သို့ တစ်ခါမှ မပြန်ခဲ့ပဲ မုယု အပါအဝင် သူ၏ မိတ်ဆွေများနှင့် တစ်ခါမှ ပြန်လည် မဆုံဆည်းခဲ့ကြပေ။ ထိုအဖြစ်များ

ဖြစ်ပျက်ခဲ့သည်မှာ အချိန် အတော်ကြာခဲ့ပြီ
ဖြစ်သည်။

ဤနှစ်များ အတွင်းတွင် လျှိုကြီးသည်
ပန်းလိုင်နတ်တောင် အပေါ်တွင်သာ နေထိုင်ခဲ့ပြီး
ကျန်သော ကမ္ဘာတစ်ခုလုံးနှင့် အဆက်အသွယ်
ပြတ်တောက်နေခဲ့သည်။ သူသည် ရသေ့တပါးကဲ့သို့
လူအုပ်နှင့် ဝေးကွာသော ဘဝတစ်ခုတွင်
နေထိုင်နေကာ သူ၏ အတိတ်နှင့် အနာဂတ်တို့
အကြောင်းကို စိတ်ရှုပ်ထွေးနေခဲ့သည်။

အကြိမ်ပေါင်းများစွာပင် သူသည်
လျှိုယောင်အနေဖြင့် နေခဲ့စဥ်က ဘဝနှင့် သာမန်
လူသား ကျင့်ကြံသူ တစ်ယောက်အနေဖြင့်

ပြုလုပ်ခဲ့သော အရာများကို ပြန်လည်
အမှတ်ရနေခဲ့သည်။

ထိုအချိန်က သူသည် ဘာမှ အရေးမပါပဲ ဘာမှ
သိပ်မသိခဲ့သောလည်း သူ၏ဘဝသည် ရိုးရှင်း၍
ပူပင်ကြောင့်ကြ ကင်းမဲ့ကာ သူ့အနေဖြင့်
ပျော်ရွှင်နေခဲ့သည်။

အရာအားလုံးတို့သည် တစ်ရက် အချိန်အတွင်း၌
ပြောင်းလဲသွားခဲ့သည်။ ထိုပြောင်းလဲမှုသည်
သူ့ဘဝနှင့် ကြမ္မာပန်းတိုင်တို့ အကြီးအကျယ်
ပြောင်းလဲသွားခြင်း ဖြစ်သည်။ လူကြီးသည်
တည်ငြိမ် အေးဆေးစွာ နေတတ်သူ ဖြစ်သော်လည်း
ထိုအဖြစ်ကို ပြန်တွေးမိလိုက်သော အချိန်တွင်
အဆက်မပြတ် သက်ပြင်းချမိလေသည်။

သူသည် မုယုနှင့် သူ၏ မိတ်ဆွေများကို မကြာခဏ သတိရနေခဲ့သော်လည်း သူ၏ လက်ရှိ အနေအထားဖြင့် သူတို့အား မည်ကဲ့သို့ မျက်နှာချင်းဆိုင်ရမည်ကို မသိနေခဲ့ပေ။

ယခုအချိန်တွင် သူတို့သည်အချင်းချင်း ပြန်လည် တွေ့ဆုံနိုင်ခဲ့ပြီ ဖြစ်သဖြင့် သူသည် ထိန်းချုပ်၍ မရတော့ပဲ သိသာစွာ တုန်ခါနေခဲ့သည်။

ဟီကွမ်းပင်သည် အင်မော်တယ် ဝိညာဉ် ပထမ အဆင့်တွင်သာ ရှိသေးပြီး ဟွမ်းမင်သည်လည်း အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင်ပင် ရှိသေးသည်။ သူတို့သည် သူတို့အုပ်စု အတွင်းတွင် ကျင့်ကြံမှု အဆင့်အမြင့်ဆုံးသူများ

ဖြစ်ကြသော်လည်း လျှိုကြီးသည် သူတို့အား တစ်ချက်မျှသာ ကြည့်လိုက်ပြီး အဝေးသို့ အာရုံပြောင်းလိုက်သည်။

သူ၏ အာရုံများအား မုယုနှင့် အခြား တစ်စုံတစ်ယောက် အပေါ်တွင် စူးစိုက်ထားခဲ့သည်။

သူမသည် ယခင်ကကဲ့သို့ပင် စိမ်းပြာရောင် ဝတ်ရုံကို ဝတ်ဆင်ထားပြီး ဟင်းလင်းပြင် အတွင်းမှ အမှောင်ထု အတွင်းတွင် လွင့်မျောနေသော အရုဏ်ဦး၏ ပထမ အလင်းရောင်ကဲ့သို့ လင်းလက်နေသည့် နူးညံ့သော ဆံပင်များကို ပိုင်ဆိုင်ထားကာ ငွေရောင်ကြိုးတစ်ချောင်းဖြင့် သာမန်သာ ချည်ထားခဲ့သည်။

သူမသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်သွားပြီ ဖြစ်ကာ သူမ၏ အသက်သည် ဆယ်ကျော်သက် အရွယ်တွင် ရှိခဲ့စဉ်ကနှင့် များစွာ ကွဲပြားသွားခဲ့ပြီ ဖြစ်သော်လည်း သူမ၏ အသွင်အပြင်သည် လုံးဝ မပြောင်းလဲခဲ့ပေ။ သူယခင် မှတ်မိခဲ့သည့် အတိုင်းပင် ဖြစ်သည်။

သူမသည် မုယု၏ တပည့်ဖြစ်သော ယွင်ကျန်းရှီပင် ဖြစ်သည်။ သူမငယ်စဉ်က သူမသည် လျှိုယောင်နှင့် တစ်ကျွန်းတည်း၌ ကြီးပြင်းခဲ့ခြင်း ဖြစ်ကာ ငယ်စဉ်ကတည်းက အချင်းချင်း သိခဲ့ကြခြင်း ဖြစ်သည်။

ဤအချိန်တွင် သူမသည် ဟီကွမ်းပင်၊ ဟွမ်းမင်၊ မုယုတို့နှင့် အတူ ဟင်းလင်းပြင် စစ်တလင်း

အတွင်းသို့ အတွေ့အကြုံရရန်နှင့် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ အရင်းအမြစ်များကို ရှာဖွေရန် လိုက်လာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ထိုလူစု၏ မှော်စွမ်းအင်များနှင့် မှော်ကျိန်စာများ အရ သူတို့သည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ လော်ဖူးသူတော်စင်၏ တပည့်များ ဖြစ်ပေလိမ့်မည်။

သို့သော်လည်း သူတို့သည် ယခုအချိန်၌ ဝိုင်းရံ၍ တိုက်ခိုက်ခြင်းကို ခံနေရသည်။ အန္တရာယ်မှာ ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ လာခဲ့ခြင်း မဟုတ်ပဲ မိစ္ဆာများထံမှ လာခဲ့ခြင်း ဖြစ်သည်။

ထိုမိစ္ဆာများမှာ မိုးပြာရောင် နဂါးများ ဖြစ်ကြသည်။ သူတို့၏ ခေါင်းဆောင်မှာ မသေမိစ္ဆာ ဝိညာဉ်ကို ဖန်ဆင်းထားပြီ ဖြစ်သော စိမ်းလန်းတိမ်တိုက် နဂါးဘုရင်ပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက သူ၏ ဆက်ခံသူသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးကို ဖော်စပ်ရန် အတွက် နဂါးသွေးကို ရယူနိုင်ရန် ဟွမ်းမင်နှင့် မုယုတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

သူတို့၏ ရန်ငြိုးသည် ယခုအချိန်ထိတိုင် ရှင်သန်နေဆဲ ဖြစ်၍ ဤနေရာတွင် မတော်တဆ ဆုံတွေ့ခဲ့သော အခါ စိမ်းလန်းတိမ်တိုက်

နဂါးဘုရင်သည် ဤအခွင့်အရေးကို အပိုင်
အသုံးချကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သူ၏လက်အောက်တွင် မိစ္ဆာသခင် အဆင့်မှ
မိုးပြာရောင် နဂါးအချို့တို့ အပြင် မသေဝိညာဉ်
အဆင့်မှ နောက်ထပ် နဂါးတစ်ကောင် ဖြစ်သော
ရွှေရောင်တုတ်တံ နဂါးဘုရင်ကလည်း ရှိသေး၏။
နဂါးဘုရင် နှစ်ပါးတို့သည် အတူတကွ ပူးပေါင်းကာ
တိုက်ခိုက်နေကြလေသည်။

ကမ္ဘာနှစ်ခု အကြားမှ ပြီးခဲ့သော စစ်ပွဲတွင်
နဂါးမျိုးနွယ်စုများသည် မအောင်မြင်ခဲ့ကြပေ။
အခုအချိန်သည် သူတို့အတွက်
လက်စားချေနိုင်သော အခွင့်အရေးပင် ဖြစ်သည်။

ရွှေရောင်တုတ်တံ နဂါးဘုရင်သည် အင်မော်တယ် ဝိညာဥ် အဆင့်မှ ဟီကွမ်းပင်ကို အာရုံလွှဲထားကာ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်သည် အခြေတည်ဝိညာဥ် အဆင့်မှ ဟွမ်းမင်၊ မုယုနှင့် ကျန်သောသူများအား ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ဟီကွမ်းပင်နှင့် ကျန်သောသူများသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ပြင်ဆင်မှု အချို့ကို ပြုလုပ်ပြီးမှ လာခဲ့ခြင်း ဖြစ်ကြသည်။ ဘာပဲပြောပြော ဤနေရာသည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အန္တရာယ် အများဆုံး နေရာများ အနက်မှ တစ်ခုဖြစ်သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ မဝင်ရောက်မီ သူတို့၏ လုံခြုံ စိတ်ချရမှု အတွက် လော်ဖူး

သူတော်စင်သည် သန္ဓေလောင်း အဆင့်မှ သူ၏ကိုယ်ပိုင် မှော်ရတနာ တစ်ခုကို သူတို့နှင့် အတူ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ထည့်ပေးလိုက်သည်။

ယခုအချိန်တွင် ဟီကွမ်းပင်သည် ထိုမှော်ရတနာကို သူ့အနားတွင် မယူထားခဲ့ပဲ ဟွမ်းမင်နှင့် ကျန်သောသူများကို ကာကွယ်နိုင်ရန် အတွက် ပေးထားခဲ့သဖြင့် သူတို့အနေဖြင့် ကာကွယ်ရုံသာ ကာကွယ်နိုင်ခဲ့သေးသည်။ သို့တိုင်အောင် အခြေအနေသည် သူတို့အတွက် အန္တရာယ် ကြီးမားနေ၏။

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ဟွမ်းမင်သည် ထိုမှော်ရတနာ၏ အစွမ်းအကုန်ကို

မထုတ်သုံးနိုင်ပဲ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်နှင့် တိုက်ခိုက်နေရခြင်းကြောင့် သူတို့အနေဖြင့် အမြစ်ပြတ် အချေမှုန်းခံရမည်မှာ အနေးနှင့် အမြန်ပင် ဖြစ်သည်။

သူ၏အနောက်မှ မုယုနှင့် ယွင်ကျန်းရှီတို့၏ မျက်လုံးများ အတွင်းတွင်လည်း ကြံရာမရမှုများကို မြင်တွေ့နိုင်သည်။

ဤမြင်ကွင်းကို ကြည့်နေရင်း လျှိုကြီးက သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ သူသည် ခရမ်းရောင် မြစ်တစ်စင်း အဖြစ်သို့ ပြောင်းသွား၍ ဟင်းလင်းပြင် အတွင်းသို့ စီးဆင်းသွားခဲ့သည်။

သူ၏ မိစ္ဆာစွမ်းအားများကို ဖော်ပြခဲ့သော အခါ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်၊ ဟီကွမ်းပင်၊ မုယုနှင့် ကျန်သောသူများ အားလုံးတို့၏ ကျောရိုးများ အတွင်း၌ စိမ့်ကနဲ ဖြစ်သွားခဲ့သည်။

သူတို့သည် ဟင်းလင်းပြင် အတွင်းမှ ဧရာမ ဟေးဒီးစ်သားရဲ တစ်ကောင် ပေါ်ထွက်လာ၍ အမတန်မှ ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါများကို ထုတ်လွှတ်နေသည်ကို တွေ့လိုက်ရလေသည်။

သူတို့အရှေ့မှ ဟေးဒီးစ်သားရဲကို တွေ့လိုက်ရသော အခါ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်နှင့် ရွှေရောင်တုတ်တံ နဂါးဘုရင်တို့သာ မကပဲ

ဟီကွမ်းပင်ကပင် သူတို့၏ ရင်အတွင်း၌ ကြောက်ရွံ့စွာ ခံစားခဲ့ကြရသည်။

"သေစမ်းကွာ... ဒီဟေးဒီးစ်သားရဲက ဘယ်လိုလုပ်ပြီးမှ ပေါ်လာရတာလဲ... ဒါ့အပြင် သူ့ရဲ့ မိစ္ဆာစွမ်းအားတွေက မယုံနိုင်လောက်အောင် သန်မာလွန်းတယ်" စိမ်းလန်းတိမ်တိုက် နဂါးဘုရင်သည် သူ့ကိုယ်သူ တွေးလိုက်ကာ ကျိန်ဆဲလိုက်သည်။

သူ၏ တည်ငြိမ်မှုကို တည်ငြိမ်အောင် ထိန်းသိမ်းလိုက်၍ သူလုပ်နေသည်ကို ရပ်တန့်ရန် ကြိုးစားခဲ့သည်။ သူ၏ စကားလုံးများကို အသေအချာ ဆင်ခြင်၍ မေးလိုက်သည်။ "အစွမ်းထက်တဲ့ အရှင်ကို ဘယ်လိုများ ခေါ်ရမလဲ"

နဂါး မျိုးနွယ်စုနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့သည် အချင်းချင်း မတည့်ကြသော်လည်း ဟေးဒီးစ် တော်ဝင်မိသားစုများက မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ပြန်ဝင်လာခဲ့ကြ အပြီးတွင် မဟူရာ ပင်လယ်အတွင်းမှ ထွက်ခွာရဲခဲ့သော နဂါးအချို့သာ ရှိခဲ့သည်။

သို့သော်လည်း ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် လူသားများသည် အကြီးအကျယ် အောင်ပွဲခံနိုင်ခဲ့၍ မဟာလွင်တီးခေါင် ကုန်းမြေ အများစုကို သိမ်းပိုက်နိုင်ခဲ့သည်။

လူသားများ၏ ရှေ့တိုးလာမှုကို ဟန့်တားနိုင်ရန် နဂါးမျိုးနွယ်စု၊ ဟေးဒီးစ်မျိုးနွယ်စုနှင့်

ရှေးဟောင်းလူဝံ မိစ္ဆာတို့သည် အတိုင်းအတာ အနည်းငယ်အထိ အချင်းချင်း မဟာမိတ်ဖွဲ့ကာ လူသားများ၏ သူတို့ နယ်မြေများကို ကျူးကျော်ခြင်းအား တားဆီးခဲ့ကြသည်။

ယနေ့တိုင်အောင် နဂါးများနှင့် ဟေးဒီးစ်များ အကြားတွင် ကောင်းစွာ မတည့်ကြသေးသော်လည်း လင်းဖုန်းနှင့် နတ်ဘုရားနယ်မြေတို့၏ ကြီးမားလှသော ဖိအားများ အောက်တွင် သူတို့သည် သူတို့၏ ခံစားချက်များကို ထိန်းချုပ်ထားကြကာ ပဋိပက္ခများ မဖြစ်စေရန် ဂရုစိုက်နေကြသည်။

"ကျုပ်တို့က ခင်ဗျားကို အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူကို ပေးလို့ရတယ်... ဒါပေမဲ့ အခြေတည် ဝိညာဉ် အဆင့်က ဒီကျင့်ကြံသူတွေက

ကျုပ်ရဲ့သားကို သတ်ခဲ့ပြီး သူ့ရဲ့သွေးနဲ့ ဆေးလုံးဖော်စပ်ဖို့ ကြိုးစားခဲ့တယ်… ကျုပ်က သူတို့ကို လုံး၀ အလွတ်ပေးနိုင်မှာ မဟုတ်ပဲ ကျုပ်လက်အောက်မှာ သေရလိမ့်မယ်"

စိမ်းလန်းတိမ်တိုက် နဂါးဘုရင် စကားပြောနေစဉ်တွင်ပင် သူ့အရှေ့မှ ဟေးဒီးစ်သားရဲသည် နက်ရှိုင်းစွာ ဟိန်းဟောက်လိုက်ကာ ဘာမှ ပြန်မပြောခဲ့ပဲ သူ၏ လက်သည်းကို မြှောက်၍ လေထုအလယ်တွင် ဝှေ့ယမ်းလိုက်သည်။

ဟင်းလင်းပြင် အတွင်း၌ ရုတ်တရက်ပင် အက်ကွဲကြောင်း ငါးခုပေါ်လာခဲ့သည်။ ထိုအက်ကွဲကြောင်းများ၏ တွန့်လိမ်နေမှုကြောင့်

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင်
ဟင်းလင်းပြင် မုန်တိုင်းတစ်ခု ပေါ်လာလုနီးပါး
ဖြစ်သွားသည်။

သူ၏လက်ကို သာမန်သာ ဝှေ့ယမ်းလိုက်ရုံဖြင့်ပင်
ဤမျှအထိ ကြီးမားသော အင်အားများ
ပေါ်လာသည်ကို တွေ့လိုက်ရသော အခါ
စိမ်းလန်းတိမ်တိုက် နဂါးဘုရင်နှင့် ရွှေရောင်တုတ်တံ
နဂါးဘုရင်တို့၏ မျက်နှာများက
မည်းမှောင်သွားကြ၍ သူတို့ကိုယ်သူတို့
တွေးလိုက်ကြသည်။

"ဟေးဒီးစ် မျိုးနွယ်စုဝင်တွေ အတွင်းမှာတောင်
ဒီလိုမျိုး စွမ်းအားမျိုးကို မသေမိစ္ဆာ ဝိညာဉ်အဆင့်က

တစ်စုံတစ်ယောက်ကသာ ထုတ်လွှတ်နိုင်စွမ်း ရှိနိုင်တယ်"

ပုံမှန်အတိုင်း ဆိုလျှင် နဂါးမျိုးနွယ်စုတို့၏ မာနအရ သူတို့ထက် များစွာပို၍ သန်မာသော ရန်သူတစ်ယောက်နှင့် ရင်ဆိုင်ရလျှင်ပင် နဂါးတစ်ကောင်သည် နောက်ဆုတ်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း အရာအားလုံးတို့တွင် အကန့်အသတ်များ ရှိသည်။ တစ်ယောက်၏ ပြိုင်ဘက်သည့် သူ့ထက် များစွာပို၍ သန်မာနေပါက ထိုကဲ့သို့သော ခုခံနေမှုများသည် ကလေးကစားစရာကဲ့သို့ ဖြစ်နေပေမည်။ ထိုကဲ့သို့ဆိုလျှင် နဂါးတစ်ကောင်သည် သူ၏

ကိုယ်ပိုင်အုတ်ဂူကို တူးနေလိမ့်မည် မဟုတ်ချေ။
မျှော်လင့်ချက်သည် ရှိနေနိုင်မှသာ
အသက်စွန့်စားရကျိုး ရှိနိုင်မည် ဖြစ်သည်။

သို့သော်လည်း စိမ်းလန်းတိမ်တိုက် နဂါးဘုရင်
အနေဖြင့် သူ့သား အသက်ခံခဲ့ရသော ရန်ငြိုးသည်
မည်သို့မှာ ပြေငြိမ်း၍ရနိုင်သော အရာတစ်ခု
မဟုတ်ချေ။ လျှို့ကြီးသည် သူ့အရှေ့တွင်
ရောက်နေခဲ့သော်လည်း သူ၏ မျက်နှာကို
တည်ထားကာ နောက်ဆုတ်မည့်ပုံ ပေါ်မနေချေ။

သို့သော်လည်း ရွှေရောင်တုတ်တံ နဂါးဘုရင်က
ရှေ့တက်လာ၍ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်အား
ဟန့်တားလိုက်သည်။

"ဒီပေါးဒီးစ်ရဲ့ လက်အတွင်းကို ကျရောက်သွားတဲ့အတွက် ဒီလူတွေက ဘယ်လိုပဲဖြစ်ဖြစ် သေလူတွေ ဖြစ်သွားကြပြီ... မင်းရဲ့ ရန်သူတွေကို မင်းကိုယ်တိုင် မသတ်ရပေမဲ့ သူတို့က ဘာပဲပြောပြော သူတို့နဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်တွေကို ခံရတော့မယ်... ငါတို့က လူသားတွေနဲ့ အတူတူလိုက်ပြီး အသတ်မခံရသင့်ဘူး... သွားကြစို့"

စိမ်းလန်းတိမ်တိုက် နဂါးဘုရင်သည် မကျေချမ်းနိုင်သေးပဲ အမျက်ဒေါသဖြင့် သူ၏အံများကို ကြိတ်ထားခဲ့သည်။ သို့သော်လည်း သူ၏ ခန္ဓာကိုယ်သည် တောင့်တင်းနေ၍ ရွှေရောင်တုတ်တံ နဂါးဘုရင်၏ ဆွဲခေါ်မှု အနောက်သို့ ပါသွားခဲ့သည်။ ကျန်သော

နဂါးများကလည်း သူတို့အနောက်သို့
လျင်မြန်စွာဖြင့် လိုက်ပါလာကြသည်။

သူတို့၏ ထွက်ခွာသွားမှုသည် ဟီကွမ်းပင်၊ ဟွမ်းမင်၊
မုယု၊ ယွင်ကျန်းရှီနှင့် ကျန်သောသူများ၏
စိတ်အခြေအနေများကို သက်သာရာ မရစေခဲ့ပေ။

စိမ်းလန်းတိမ်တိုက် နဂါးဘုရင်နှင့် သူ၏
အပေါင်းအဖော်များသည် သူတို့အား ကောင်းစွာ
အခက်တွေ့နေစေခဲ့ပြီ ဖြစ်ကာ သူတို့အနေဖြင့်
အသတ်ခံရရန် အနည်းငယ်သာ လိုတော့သည်။
နဂါးများ ဆုတ်ခွာသွားကြသော အခါ သူတို့ထက်
ပို၍ ကြောက်မက်ဖွယ်ကောင်းသည့်
ဟေးဒီးစ်တစ်ကောင်က ပေါ်လာခဲ့ပြန်သည်။

ထို့ကြောင့် ဟီကွမ်းပင်တို့ကလည်း
ရင်အတွင်းမှနေ၍ ထိတ်လန့်နေခဲ့ကြသည်။

အတိတ်တွင် ဟေးဒီးစ် မျိုးနွယ်စုများသည်
နှစ်ပေါင်းလေးထောင်ကျော်မျှ
ခိုအောင်းနေကြသဖြင့် နတ်ဘုရား နယ်မြေ
အတွင်းမှ လူငယ်မျိုးဆက် တပည့်များသည်
အစွမ်းထက်လှသော ဤမိစ္ဆာ မျိုးနွယ်စုသည်
မည်မျှအထိ ကြောက်မက်ဖွယ်ရာ
ကောင်းလှသည်ကို မသိခဲ့ကြပေ။

သို့သော်လည်း ကမ္ဘာနှစ်ခု အကြားမှ ပြီးခဲ့သော
စစ်ပွဲတွင် လူသားများက အနိုင်ရခဲ့ကြသော်လည်း
အားလုံးတို့သည် ဟေးဒီးစ် မျိုးနွယ်စု၏

ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ကောင်းစွာ
နားလည်နိုင်ခဲ့ကြသည်။

သူ၏ ခေါးချက်လေးချက်ဖြင့် ကမ္ဘာကြီးကို
ကယ်တင်ခဲ့သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင် လင်းဖုန်းကြောင့်သာ မဟုတ်လျှင်
ဤစစ်ပွဲ၏ နောက်ဆုံးရလဒ်မှာ လူအများ
မမှန်းဆနိုင်အောင် ဖြစ်သွားခဲ့မည် ဖြစ်သည်။

ဟေးဒီးစ်တို့ မဟာကမ္ဘာ အတွင်းသို့ ပြန်လည်
ဆင်းသက်လာကာ တိုင်ဟွာတောင်နှင့်
ပိုင်ယွင်တောင်တို့အား ကျူးကျော်
သိမ်းပိုက်ခြင်းတို့သည် လူသားများအတွက်
ကောင်းကင်က ပြိုကျလာ၍ အမှောင်ထု
လွှမ်းမိုးသွားသည်နှင့် တူနေသည်။

ကြောက်မက်ဖွယ်ရာ ထိုမြင်ကွင်းသည်
အားလုံးတို့ကို အချိန်ကြာမြင့်စွာ ခြောက်လှန့်နေ၍
သူတို့၏ မှတ်ဉာဏ်များ အတွင်းမှ
ပယ်ဖျောက်နိုင်လိမ့်မည် မဟုတ်ချေ။

အမှန်အတိုင်း ပြောရလျှင် ဟောဒီးစ် မျိုးနွယ်စု
အတွင်း၌ပင် အဆင့်တူသော ဟောဒီးစ်သားရဲများ
အတွင်းတွင် စွမ်းအားများ ကွဲပြား ခြားနားကြသည်။
အချို့သည် သူတို့နှင့် ရွယ်တူများထက် များစွာပို၍
အစွမ်းထက်ကြပြီး အချို့မှာ သာမန်သာ ဖြစ်သည်။

သို့သော်လည်း သာမန်ဆန်သော
ဟောဒီးစ်များသည်ပင် အခြား မိစ္ဆာမျိုးနွယ်စု
သို့မဟုတ် လူသား ကျင့်ကြံသူများနှင့်

ယှဉ်လိုက်သော အခါ အလွန်အမင်း
ကြောက်မက်ဖွယ်ရာ အိမ်မက်ဆိုးများနှင့်
တူနေခဲ့သည်။

စိမ်းလန်းတိမ်တိုက် နဂါးဘုရင်တို့နှင့် အတူ
သူတို့သည် ဟင်းလင်းပြင် အတွင်းမှ အဆက်မပြတ်
တွန့်လိမ်နေမှုနှင့် ဘယ်တော့မှ
ပျောက်သွားတော့မည် မဟုတ်ဟု ထင်နေရသော
လက်သည်းရာ ငါးခုတို့ကို တွေ့ခဲ့ရသည်။

ဟီကွမ်းပင်နှင့် ကျန်သောသူများသည် သူတို့အရှေ့မှ
ဟေးဒီးစ်သည် ဟေးဒီးစ်မျိုးနွယ်စု အတွင်း၌ပင်
အဆင့်တူသော အခြားသူများနှင့် ယှဉ်လိုက်လျှင်
ပြိုင်ဘက်ကင်းနေမည် ဖြစ်ကြောင်းကို
သိနိုင်ခဲ့သည်။ သူ၏ စွမ်းအားသည် သူတို့

မှန်းဆထားသည်ထက် များစွာပို၍
အားကောင်းနေပေသည်။

သူတို့အနေဖြင့် အဘယ်မှာ စိတ်ခတ်မကျပဲ
နေနိုင်ပါအံ့နည်း။

သို့သော်လည်း ထိုဟေးဒီးစ်သားရဲသည်
ဖြည်းဖြည်းချင်း အရှေ့သို့ လျှောက်လာ၍
သူတို့အရှေ့၌ ရပ်တန့်လိုက်သည်။ ခရမ်းရောင်
အလင်းတန်းများ ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍
သူ့အား ဖုံးလွှမ်းနေသည့် ငွေရောင်
သားမွေးများကလည်း ပျောက်ကွယ်သွားခဲ့သည်။

ရောမ ပုံရိပ်သည် အရွယ်အစား သေးငယ်လာ၍
သာမန် လူတစ်ယောက်နှင့် ဆင်တူသွားခဲ့သည်။
သူသည် သာမန်လူ တစ်ယောက်ထက် ပို၍
ကြီးမားနေသော်လည်း ပုံမှန် အချိုးအစား
အတွင်းတွင် ရှိနေခဲ့သည်။

ရင်းနှီး ကျွမ်းဝင်သော်လည်း ထူးခြားနေသည့်
မျက်နှာကို တွေ့လိုက်ရသော အခါ မုယုနှင့်
ယွင်ကျန်းရှီတို့သည် အံ့သြ တုန်လှုပ်သွားကြကာ
စိတ်ရှုပ်ထွေးနေသော အမူအရာများ
ပေါ်လာကြသည်။

မုယု၏ မျက်လုံးများတွင် ပြန်လည်
ဆုံတွေ့နိုင်ခဲ့သဖြင့် ဝမ်းသာမှု အရိပ်အယောင်များ
ပေါ်လာ၍ သူ၏ မိတ်ဆွေက ဘာမှ မဖြစ်ခဲ့သဖြင့်

စိတ်သက်သာရာ ရသကဲ့သို့ ဖြစ်သွားရာ လှိုကြီး၏
ရင်အတွင်းမှ နွေးထွေးစွာ ခံစားခဲ့ရသည်။

မုယု၏ မျက်လုံးများ အတွင်းတွင်
သတိထားနေသော အရိပ်အယောင်များကို
တွေ့ခဲ့ရသော်လည်း လှိုကြီးအနေဖြင့် မအံ့သြခဲ့ပေ။
ယခုအချိန်တွင် ဘာပဲပြောပြော သူ၏ လူသားပုံစံ
အသွင်အပြင်သည် မပြောင်းလဲသေးခဲ့သော်လည်း
သူသည် မုယုက ကြီးပြင်းလာသည်ကို
စောင့်ကြည့်ခဲ့သည့် ဆယ်ကျော်သက်
မဟုတ်တော့ပေ။

မုယု၏ မျက်လုံးများ အတွင်းတွင် အမုန်းတရားနှင့်
ကြောက်ရွံ့စိတ်များ မရှိခဲ့လျှင် လှိုကြီးအနေဖြင့်
ရင်အတွင်း၌ ပျော်ရွှင်နေပြီ ဖြစ်သည်။

သို့သော်လည်း ယွင်ကျန်းရှီနှင့် အကြည့်ချင်း ဖလှယ်ခဲ့သော အချိန်တွင် လှူကြီး၏ မျက်လုံးများသည် အရောင် မှေးမှိန်သွားခဲ့သည်။

သူမ၏ မျက်လုံးများ အတွင်းတွင် ကြောက်ရွံ့မှုနှင့် သတိထားမှုများ ရှိနေပြီး အလွန်အမင်း သိသာနေသော ရန်ငြိုးနှင့် ခွဲခြားဆက်ဆံမှုများ ရှိနေသည်။

လှူကြီးက ပြောစရာစကား ရှာမတွေ့ခဲ့သလို သူ၏ အရှေ့မှ လူစုကလည်း ငြိမ်သက်စွာသာ ရပ်နေခဲ့သည်။ ခဏအကြာတွင် သူက သက်ပြင်းတစ်ချက်ကို ဖွဖွလေး ချလိုက်လေသည်။

## စာစဥ် ၆၈ : အပိုင်း ၁၃

## အပိုင်း ၁၃၂၃ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ပေါ့ဒီးစ်တို့ ပေါင်းစည်းခြင်း

လျှိုကြီးသည် မုယုအရှေ့တွင် ဦးတစ်ချက် ညွှတ်လိုက်၍ ပြောလိုက်သည်။ "အကြီးအကဲမု"

မုယုသည် သူ့အား စိတ်ရှုပ်ထွေးနေသော အမူအရာဖြင့် ကြည့်နေပြီး ခဏအကြာတွင် သက်ပြင်း ဖွဖွလေး ချလိုက်ကာ ပြောလိုက်သည်။ "လျှို... လျှိုယောင်... မင်းက ဘာဖြစ်သွားတာလဲ"

လှျိုကြီးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"ကျွန်တော်က အမှန်ပဲ ဟေးဒီးစ်သားရဲ တစ်ကောင်ဖြစ်တယ်... ကျွန်တော့်နာမည်ကို လှျိုကြီးဟေးဒီးစ်လို့ ခေါ်တယ်... ဒါပေမဲ့ အကြီးအကဲက ဆန္ဒရှိရင် ကျွန်တော့်ကို လှျိုယောင်လို့ပဲ ခေါ်နိုင်ပါတယ်... ကျွန်တော်က လှျိုကြီးဟေးဒီးစ် ဖြစ်သလို လှျိုယောင်လည်း ဖြစ်တယ်"

သူက နူးညံ့စွာပြုံး၍ ပြောလိုက်သည်။
"ကျွန်တော်က ဒီနှစ်တွေ အတွင်းမှာ အခုအချိန်အထိ တစ်ယောက်တည်း ကျင့်ကြံနေခဲ့တယ်... ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းမှာ ကျွန်တော့်ရဲ့ မျိုးနွယ်စုဟာ မဟာကမ္ဘာကို ပြန်လာခဲ့ပေမဲ့ ကျွန်တော်က

လက်ရှိအချိန်မှာ သူတို့နဲ့ ဆက်သွယ်ဖို့ ရည်ရွယ်ချက် မရှိသေးပါဘူး"

မုယုနှင့် ကျန်သောသူများသည် အမူအရာများ ပြောင်းသွားကြကာ မုယုက မေးလိုက်သည်။
"မင်းက အမှန်အတိုင်း ပြောနေတာလား... မင်းက ဟောဒီးစ် မျိုးနွယ်စုနဲ့ တကယ်ပဲ ပြန်လည် မပေါင်းစည်းဘူးလား"

ထိုအုပ်စု၏ သံသယ အကြည့်များကို တွေ့ခဲ့ရသော အခါ လျှို့ကြီးက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်တယ်... ကျွန်တော်က လူသားတွေကို
ရန်သူအနေနဲ့ သတ်မှတ်ဖို့ ရည်ရွယ်ချက် မရှိဘူး...
အခု တွေ့ခဲ့ရတဲ့ အတိုင်း ကျွန်တော်ဟာ
အခုအချိန်မှာ ကျွန်တော့်ရဲ့ မိစ္ဆာစွမ်းအားတွေကို
ကောင်းကောင်းထိန်းချုပ်နိုင်ပြီ...
ဟိုနှစ်တွေကလိုမျိုး ထိန်းချုပ်မှု
မကောင်းလွတ်သွားတော့ဘူး"

ဟီကွမ်းပင်သည် သူ၏ မှော်စွမ်းအင်ဖြင့် ဟွမ်းမင်နှင့်
မုယုတို့အား အသံလွှင့်၍ ပြောလိုက်သည်။
"ဆရာလော်ဖူးက ဟင်းလင်းပြင်
ဘုရားကျောင်းကနေ တဆင့် ငါတို့အရှေ့က
ဟေးဒီးစ်သားရဲ့ဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့
တစ်စုံတစ်ရာ ပတ်သတ်နေတယ်လို့ သိခဲ့ရတယ်"

"ငါတို့က သူနဲ့ နှစ်ပေါင်းများစွာ အဆက်ပြတ်သွားပြီး သူဟာ အခုအချိန်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ လက်အောက်ကို ရောက်နေနိုင်တယ်... ဒါပေမဲ့ သူက အခုအချိန်မှာ လွတ်လပ်မှု ရသွားတယ်လို့ မပြောနိုင်သေးဘူး"

"ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ အစကတည်းက သူ့ကို ချုပ်နှောင်ထားလိုတဲ့ ဆန္ဒ မရှိခဲ့တာလည်း ဖြစ်နိုင်တယ်"

ထိုစကားများကို ကြားလိုက်ရသော အခါ ဟွမ်းမင်နှင့် မုယုတို့သည် အမူအရာများ မပြောင်းသွားကြသော်လည်း အကြီးအကျယ် အံ့အားသင့်သွားကြသည်။ "အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းဟာ ဟေးဒီးစ် မျိုးနွယ်စုနဲ့ ပူးပေါင်း ကြံစည်နေတာများ ဖြစ်နိုင်သလား"

ဟီကွမ်းပင်က ပြောလိုက်သည်။ "ငါတို့မှာ ဒါကို သက်သေပြဖို့ အထောက်အထားတွေ မရှိသေးဘူး… ဒါပေမဲ့ ဒီဟေးဒီးစ်သားရဲ ပြောတာ မှန်တယ်ဆိုရင် သူက ဟေးဒီးစ် မျိုးနွယ်စုတွေနဲ့ အဆက်အသွယ် မရှိဘူး… တကယ်လို့ သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှာ နေခဲ့တယ် ဆိုရင် ကျားဖြူ မဟာပဏ္ဍိတ၊ လုယွမ် မဟာပဏ္ဍိတနဲ့ အနက်ရောင် ဝေလငါး မဟာပဏ္ဍိတတို့လိုပဲ ဖြစ်နိုင်တယ်"

မုယုက ချီတုံချတုံ ဖြစ်စွာဖြင့် ပြောလိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းမှာ နဂါးတွေကို

မွေးထားတဲ့ အန္တိမ နဂါးအသိုက် ရှိတယ်…
တကယ်လို့ လျှိုယောင်ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့ ပတ်သတ်နေခဲ့ရင်တောင်
သူက ဟေးဒီးစ် မျိုးနွယ်စုနဲ့ အဆက်အဆံ မရှိရင်
ဘာမှကိစ္စမရှိဘူးလို့ ပြောလို့ရတယ်"

"ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
ကျေးဇူးကြောင့်သာ ပိုင်ယွင်တောင်ကို
ကယ်တင်နိုင်ခဲ့ပြီး ဟေးဒီးစ် မျိုးနွယ်စုကို
အနိုင်ယူနိုင်ခဲ့တာ"

ဟွမ်းမင်က စဉ်းစားနေခဲ့ပြီး ပြောလိုက်သည်။
"တကယ်လို့ ဟေးဒီးစ် မျိုးနွယ်စုနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့ဟာ အစကတည်းက

ပူးပေါင်းခဲ့ပြီး ဒါက သူတို့ရဲ့ အကြံအစည်
တစ်စိတ်တစ်ပိုင်း ဖြစ်နေခဲ့ရင်ရော"

ဟီကွမ်းပင်က ပြောလိုက်သည်။ "ဟေးဒီးစ်
မျိုးနွယ်စုတွေက နဂါးတွေလိုပဲ အမတန်မှ
မာနကြီးတယ်… သူတို့ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို
စိတ်ကျေနပ်စေဖို့ သူတို့ရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ပွဲကို
စွန့်လွှတ်မှာ မဟုတ်ဘူး"

"တကယ်လို့ သူတို့ဟာ တကယ်ပဲ
ပူးပေါင်းကြံစည်ခဲ့ရင် အဲ့ဒီအချိန်က စစ်ပွဲ
အခြေအနေ အရ သူတို့ဟာ မူလကောင်းကင်
ကမ္ဘာတစ်ခုလုံးကို အုပ်စိုးပြီး နတ်ဘုရား နယ်မြေနဲ့

မဟာလွင်တီးခေါင် ကုန်းမြေတို့ကို
သူတို့လက်အောက်မှာ အုပ်ချုပ်နိုင်တယ်"

ဟွမ်းမင်က တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"သူတို့မှာ တခြား အကြံတစ်ခု မရှိဘူးလို့ ဘယ်သူက
ပြောနိုင်မှာလဲ… ဟေးဒီးစ် မျိုးနွယ်စုဟာ
ဟိုနှစ်တွေတုံးက ဘာဖြစ်လို့ ပုန်းအောင်းနေခဲ့သလဲ
ဆိုတာကို ဘယ်သူကမှ မသိဘူး… ဒါက
ဆရာလော်ဖူးတောင် မသိနိုင်တဲ့
လျှို့ဝှက်ချက်တွေနဲ့ သက်ဆိုင်နေနိုင်တယ်"

"ဒါမှမဟုတ် သူတို့က သဘောတူညီမှု ရခဲ့ပေမဲ့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
သစ္စာဖောက်သွားလို့ ဟေးဒီးစ် မျိုးနွယ်စုက သူ့ရဲ့
ထောင်ချောက်အတွင်း ကျသွားတာလဲ

ဖြစ်နိုင်တယ်… ဒါကြောင့်မို့ ဟေးဒီးစ်
မျိုးနွယ်စုတွေက ကျရှုံးသွားပြီး အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက တစ်ယောက်တည်းသော
အနိုင်ရသူ ဖြစ်သွားခဲ့တာလား"

ဟီကွမ်းပင်က မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။
"ဂျူနီယာဟွမ်း… မင်းရဲ့ စကားတွေကို ဂရုစိုက်ပါ"

ဟွမ်းမင်က သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။
"ကျွန်တော်တို့မှာ ဘာသက်သေမှ မရှိပဲ ဒါက
ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်သာ ဖြစ်တယ်…
တကယ်လို့ ကျွန်တော်တို့မှာ သက်သေရှိရင်တောင်
ကျွန်တော်က အလောတကြီးနဲ့ ဒါကို ထုတ်ပြမှာ
မဟုတ်ဘူး"

"အခုအချိန်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ အထွတ်အထိပ် အခြေအနေကို ရောက်နေတယ်… ဟင်းလင်းပြင် ဘုရားကျောင်းကတောင် သူတို့ရဲ့ တောင်ကို ချိပ်ပိတ်ထားရပြီး ပြင်ပကမ္ဘာ အပေါ်မှာ လွှမ်းမိုးမှုတွေ လျော့သွားခဲ့တယ်… တကယ်ပဲ အမှန်တရားက ဒီလိုဆိုရင်တောင် တစ်ယောက်ကမှ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး"

"ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့တောင်ကို ပြန်ဖွင့်ပြီး နတ်ဘုရား နယ်မြေကို ဦးဆောင်ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ရင်ဆိုင်မယ် ဆိုရင်တောင် အောင်မြင်ချင်မှ အောင်မြင်နိုင်လိမ့်မယ်… ဒါက မိစ္ဆာ မျိုးနွယ်စုတွေကိုပဲ အမြတ်ထွက်သွားစေလိမ့်မယ်"

"ဒါ့အပြင် နတ်ဘုရား နယ်မြေ အတွင်းက စွမ်းအားစု အတော်များများက အခုအချိန်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ရင်းနှီးနေလိုကြတယ်… ကျွန်တော့်ရဲ့ သုံးသပ်မှုတွေက မှန်နေရင်တောင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဆန့်ကျင်ပြီး တိုက်ခိုက်လိုကြတဲ့ အင်အားစု ဘယ်နှစ်စု ရှိနိုင်မလဲ ဆိုတာကို မသိနိုင်ဘူး"

သူ၏ စကားဆုံးသည်နှင့် ဟွမ်းမင်သည် သူ့ကိုယ်သူ ရယ်မောလိုက်၏။ သူတို့၏ ကိုယ်ပိုင် အင်အားစုဖြစ်သော လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းသည်ပင်လျှင် ဖြည်းဖြည်းချင်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးသော ဆက်ဆံရေးများကို တည်ဆောက်နေသည် မဟုတ်ပါလော။

သူ့အနေဖြင့် ယနေ့တွင် လှိုကြီးအား မတွေ့ခဲ့ရပါကလည်း သူ့အနေဖြင့် ဤကဲ့သို့သော သံသယများ တစ်ခါမှ ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ချေ။

ဟီကွမ်းပင်သည် မျက်မှောင်ကြုတ်၍ ဘာမှ မပြောခဲ့ပဲ မုယုသည် ဤကဲ့သို့သော ဖြစ်နိုင်ခြေကို စဥ်းစားမိသော အခါ ထိတ်လန့် တုန်လှုပ်သွားဟန် ပေါက်နေသည်။

ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့သည် မုယု၏ ဂိုဏ်းတူဦးကြီးနှင့် ဆရာတို့ အသီးသီး ဖြစ်ကြသော်လည်း လှိုကြီးသည် သူတို့အား

အသိအမှတ် ပြုသည့်အနေဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

အဘယ်ကြောင့် ဆိုသော် လှိုကြီး၏ ဆရာသည် လင်းဖုန်းဖြစ်၍ လော်ဖူး သူတော်စင်နှင့် မျိုးဆက်တူညီကာ များစွာပို၍ အဆင့်အတန်း မြင့်သောသူ ဖြစ်သောကြောင့် ဖြစ်သည်။

လှိုကြီးသည် မုယုအား ရိုသေစွာ ဆက်ဆံခဲ့ခြင်းမှာ မုယုက သူ့အား ငယ်စဉ်က သင်ကြား လမ်းညွှန်ပေးခဲ့သောကြောင့် ဖြစ်သည်။ မုယု၏ အကြီးအကဲများ အနေနှင့်မူ သူတို့၏ ကိုယ်ပိုင် ရပ်တည်ချက်များ အပေါ်တွင် မူတည်၍ ဆုံးဖြတ်ရမည် ဖြစ်သည်။

ဟီကွမ်းပင်သည် လှျိုကြီးအား ဖမ်းဆီးရန် ကြိုးစားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာသွားခဲ့ပြီ ဖြစ်သည်။ လှျိုယောင်သည် ထိုကိစ္စအား ထပ်မံ အရေးယူရန် ရည်ရွယ်ချက် မရှိသော်လည်း သူတို့အကြားမှ ဆက်ဆံရေးသည် ကောင်းမွန်သည်ဟု ပြောရန် ခက်ခဲသည်။

လှျိုကြီးသည် ဟီကွမ်းပင်၊ ဟွမ်းမင်နှင့် မုယုတို့သည် စိတ်ချင်း ဆက်သွယ်၍ စကားပြောနေကြသည်ကို သိနိုင်ခဲ့သော်လည်း မုယုအား လေးစားသည့် အနေဖြင့် ဝင်ရောက် နှောင့်ယှက်ရန် မရည်ရွယ်ခဲ့ပေ။

မုယုသည် သူ၏ အတွေးများကို ထိန်းချုပ်လိုက်၍ လှျိုကြီးအား လေးနက်စွာဖြင့် မေးလိုက်သည်။

"လျှိုယောင်… မင်းက တစ်စုံတစ်ယောက်ကို သတ်ခဲ့သေးလား… ငါဆိုလိုတာက အရင်က လူသားတစ်ယောက်ကို တိုက်ခိုက်ဖူးခဲ့လား"

လျှိုကြီးက သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "တစ်ခါမှ မလုပ်ဖူးဘူး"

သူသည် စိမ်းလန်းတိမ်တိုက် နဂါးဘုရင် ပျောက်ကွယ်သွားသည့် နေရာသို့ ကြည့်၍ပြောလိုက်သည်။ "ပွင့်ပွင့်လင်းလင်း ပြောရရင် အကြီးအကဲနဲ့ လမ်းခွဲပြီးတဲ့ နောက်မှာ ဒီကနေ့ဟာ ကျွန်တော့်အနေနဲ့ တိုက်ပွဲတစ်ခု အတွင်းမှာ ဝင်ပါတာ ပထမဆုံး အကြိမ်ပဲ"

"အစောပိုင်းက လူသားဖြစ်ဖြစ်… မိစ္ဆာဖြစ်ဖြစ်… ကျွန်တော်က တစ်ယောက်နဲ့မှ မတိုက်ခိုက်ခဲ့ဖူးဘူး… ကျွန်တော်နဲ့ သူတို့နဲ့ တွေ့တောင် သိပ်မတွေ့ဖြစ်ဘူး"

လျှိုကြီးသည် သာမန်သာ ပြောခဲ့သော်လည်း မုယုနှင့် ကျန်သောသူများသည် သူ၏ အသံအတွင်းမှာ စိတ်ရှုပ်ထွေးနေမှုနှင့် အထီးကျန်မှုတို့ကို အာရုံခံနိုင်ခဲ့သည်။

ဟွမ်းမင်သည် မုယုအား စိတ်ဖြင့် ဆက်သွယ်၍ ပြောလိုက်သည်။ "သူက ဒီနှစ်တွေ အတွင်းမှာ ဘယ်ရောက်နေသလဲ ဆိုတာနဲ့ သူက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လက်အောက်မှာလား ဆိုတာကို မေးလိုက်ပါ"

ဤစကားကို ကြားခဲ့ရသော အခါ မုယုသည် ချီတုံချတုံ ဖြစ်သွားသော်လည်း ဘာမှ မပြောခဲ့ပေ။

လှိုကြီးသည် မုယု၏ ခံစားချက်များကို မြင်နိုင်ခဲ့သော်လည်း အကြောင်းရင်းများကို မသိခဲ့ပေ။ မုယုသည် တစ်စုံတစ်ခုကို မျိုသိပ်ထားသကဲ့သို့ ငြိမ်သက်သွားသည်ကို တွေ့ခဲ့ရသော အခါ သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူသည် ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့အား တစ်ချက်ငဲ့ကြည့်လိုက်၍ ဘာမှ ဆက်မပြောတော့ပေ။ ထို့အစား သူသည် ယွင်ကျန်းရှီဘက်သို့ လှည့်၍ ပြုံးကာ

ပြောလိုက်သည်။ "ပြောရမယ်ဆိုရင် နင်ငါ့ကို ဟိုအရင်တုံးက ပေးခဲ့တဲ့ နာမည်ပြောင်ဟာ အခု ငါ့နာမည် ဖြစ်နေပြီ"

သူသည် တင်းကျပ်နေသော ပတ်ဝန်းကျင် အငွေ့အသက်နှင့် ယွင်ကျန်းရှီက သူသည် မိစ္ဆာမျိုးနွယ်စုဝင် တစ်ယောက် ဖြစ်နေသဖြင့် ထားခဲ့သော အငြိုးများကို ပြေလျော့သွားစေလို၍ ပြောခဲ့ခြင်း ဖြစ်သည်။

ထိုစကားကို ကြားခဲ့ရသော အခါ ယွင်ကျန်းရှီ၏ အမူအရာများသည် အနည်းငယ် ပျော့ပျောင်းသွားခဲ့သည်။ သူမတွင် တိုက်ပွဲ အတွေ့အကြုံ သိပ်မရှိသော်လည်း လျှိုကြီးသည်

မသေဝိညာဉ် အဆင့်မှ နဂါးဘုရင် နှစ်ကောင်ကို အဝေးသို့ ထွက်ပြေးသွားစေသည်ကို တွေ့ခဲ့ရသည်။

သူမအရှေ့မှ လူငယ်လေး၏ အသွင်သဏ္ဍာန်သည် မပြောင်းလဲခဲ့သေးသော်လည်း အခြားအရာများမှာ အရင်ကဲ့သို့ မဟုတ်တော့သည်ကို သူမက သိနိုင်ခဲ့သည်။

သေချာနိုင်သည့် အရာတစ်ခုမှာ သူတို့အရှေ့တွင် ရပ်နေသော လျှိုကြီးသည် အန္တရာယ် မရှိ ဟူ၍ဖြစ်သည်။

လျှိုကြီးသည် လူအုပ်အား အကဲခတ်လိုက်၍ အနည်းငယ် ချီတုံချတုံ ဖြစ်သွားခဲ့ပြီး

မေးလိုက်သည်။ "အစ်ကိုချောင်က ဒီခရီးကို မလိုက်လာဘူးလား"

သူ၏ မှော်စွမ်းအင်များဖြင့် ပတ်ဝန်းကျင်မှ လေထုအတွင်းတွင် သွေးအငွေ့အသက်များကို မတွေ့ခဲ့ပေ။ အစောပိုင်းမှ စိမ်းလန်းတိမ်တိုက် နဂါးဘုရင်နှင့် တိုက်ပွဲတွင် မုယုနှင့် သူတို့ အုပ်စုအနက် တစ်ယောက်မှ မသေခဲ့ပေ။

သူ၏ စကားဆုံးသွားသော အခါ လျှိုကြီးက တစ်စုံတစ်ခု မှားနေသည်ကို ခံစားခဲ့ရသည်။ ယွင်ကျန်းရှီ၏ မျက်လုံးများ အတွင်းတွင် နက်ရှိုင်းသော ဝမ်းနည်းမှုများ ပေါ်လာသည်ကို တွေ့နိုင်ခဲ့သည်။

သူမသည် လျှိုကြီးအား ထပ်မံ ကြည့်လိုက်သော အခါ သူမ၏ မျက်လုံးများ အတွင်းတွင် စိတ်ရှုပ်ထွေးမှု များစွာ ပါနေခဲ့သည်။

မုယုသည် တစ်ဘက်မှနေ၍ သက်ပြင်းချလိုက်သည်။ "ကမ္ဘာနှစ်ခု အကြားက အစောပိုင်းက စစ်ပွဲမှာ ကျန်းတုန်းဟာ မိစ္ဆာ မျိုးနွယ်စုတွေရဲ့ ခြုံခို တိုက်ခိုက်မှုကို ခံခဲ့ရပြီး အသက် ဆုံးရှုံးသွားခဲ့တယ်"

သူသည် အနည်းငယ် ငြိမ်သက်သွားပြီးမှ ဆက်ပြောလိုက်သည်။ "လွန်ခဲ့တဲ့ သုံးနှစ်တုံးက ကျန်းတုန်းနဲ့ ကျန်းရှီတို့က လက်ထပ်ခဲ့ကြတယ်... ကျန်းတုန်း ကြွေလွင့်သွားခဲ့တော့ သူမဟာ အမတန်မှ ကြေကွဲနေခဲ့တယ်"

ချောင်ကျန်းတုန်းနှင့် ယွင်ကျန်းရှိတို့သည် သူ၏ တပည့်များ ဖြစ်ကြသည်။ လျှိုကြီး အပါအဝင် သူသည် သူတို့ အတူတကွ ကြီးပြင်းလာသည်ကို ကြည့်ခဲ့ရခြင်း ဖြစ်သည်။ ချောင်ကျန်းတုန်း၏ အရွယ်မတိုင်ခင် သေဆုံးရခြင်းသည် မုယုကိုလည်း ဝမ်းနည်းစေခဲ့သည်။

လျှိုကြီးသည် သူ၏ ပါးစပ်ကို ဟလိုက်သော်လည်း မည်သည့် စကားလုံးမှ ထွက်မလာခဲ့ချေ။

ချောင်ကျန်းတုန်း၏ သေဆုံးမှုသည် သူနှင့်ဘာမှ မသက်ဆိုင်ပဲ ဟေးဒီးစ် မျိုးနွယ်စုနှင့်ပင် မသက်ဆိုင်ခဲ့ချေ။ မုယုကလည်း သူ့အား အပြစ်တင်နေရန် ရည်ရွယ်ချက် မရှိပေ။

ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့ကပင် သူ့အား ရန်လိုနေစိတ်များ မရှိချေ။

သို့သော်လည်း ယွင်ကျန်းရှီ၏ ပုံစံကို ကြည့်ခြင်းအားဖြင့် သူမသည် သူမ၏ အတွေးအတွင်းတွင် နစ်မျောနေသည်မှာ သိသာနေခဲ့သည်။ သူမ၏ ငြိမ်သက်သွားပြီ ဖြစ်သော ခံစားချက်များသည် ထပ်ဖန်တစ်ခါ လှုပ်ရှားလာခဲ့သည်။

သူမသည် လှျိုကြီးအား ထပ်မံ ကြည့်လိုက်သော အချိန်တွင် သတိထားမှုများနှင့် ရန်ငြိုးများက ပိုမို ပြင်းထန်လာခဲ့သည်။

သူမ၏ အကြည့်သည် လှိုကြီးအား ကင်းမြီးကောက် အမြီးကဲ့သို့ ထိုးဖောက်သွားခဲ့ကာ သူ့မျက်လုံး အတွင်းမှ အလင်းရောင်များက မှေးမှိန်သွားခဲ့သည်။

ပတ်ဝန်းကျင်တွင် ထပ်ဖန်တစ်ခါ ကြောက်မက်ဖွယ်ကောင်းအောင် တိတ်ဆိတ်သွားခဲ့သည်။ အချိန် အတန်ကြာမှသာ လှိုကြီးက သူ၏ခေါင်းကို ခါ၍ ညင်သာစွာ ပြောလိုက်သည်။ "ကျန်းရှီ... ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

သူ၏ လက်အစုံကို ဆုပ်လိုက်၍ မုယုအား နှုတ်ဆက်လိုက်သည်။ "စီနီယာမု... ဒီကနေ့ ဆုံတွေ့မှုဟာ ကျွန်တော့်အတွက် အံ့အားသင့်စရာ ပျော်ရွှင်မှု ဖြစ်ခဲ့ပါတယ်... ဒါပေမဲ့ အခုအချိန်မှာ

ကျွန်တော်က လုပ်စရာ ကိစ္စလေးတွေ ရှိသေးတာကြောင့် ကျေးဇူးပြုပြီးမှ ခွင့်ပြုပါဦး... တစ်နေ့နေ့မှာ ပြန်ဆုံနိုင်ဖို့ မျှော်လင့်ပါတယ်"

ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့အား ကြည့်လိုက်ပြီး မုယုသည် အလားတူပင် ပြန်လည် နှုတ်ဆက်လိုက်သည်။ "မင်းလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ... မင်းကို အခုကြည့်ရတာ ရင့်ကျက်လာပြီ ဖြစ်ပြီး အရှေ့မှာ ကောင်းမွန်တဲ့ ဘဝတစ်ခု ရနိုင်မှာ သေချာနေတယ်... ငါက ဘာမှပြောဖို့ မလိုတော့ပါဘူး... ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပြီး နေပါ"

လျှိုကြီးသည် သူ၏ခေါင်းကို ညိတ်၍ လှည့်ထွက်သွားကာ ဟင်းလင်းပြင်ကို

ချိုးဖောက်သွားခဲ့သည်။ မျက်စိတစ်မှိတ်
အတွင်းတွင် သူသည် ခရမ်းရောင် အလင်းတန်း
တစ်တန်းအဖြစ်သို့ ပြောင်းသွားပြီး
ပျောက်ကွယ်သွားခဲ့လေသည်။

သူထွက်သွားသည့်ဘက်ကို ကြည့်လိုက်ပြီး
မုယုသည် သက်ပြင်းချလိုက်ကာ နောက်ပြန်လှည့်၍
ဟွမ်းမင်၏ အရှေ့တွင် ဒူးထောက်ချလိုက်သည်။

ဟီကွမ်းပင်ကလည်း သက်ပြင်းချ၍
ဟွမ်းမင်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။
"မုယုကိုလည်း အပြစ်မတင်ပါနဲ့... သူနဲ့
ဟိုဟေးဒီးစ်သားရဲတို့ဟာ အရင်က
ဆက်ဆံရေးကောင်းတွေ ရှိခဲ့တယ်... ငါတို့ကို

ဒီတစ်ခေါက်မှာ ကူညီခဲ့လို့ ဟိုဟေးဒီးစ်သားရဲကို ကျေးဇူးတင်ရဦးမယ်"

ဟွမ်းအင်သည် အမူအရာ ကင်းမဲ့စွာဖြင့် သူ၏ခေါင်းကို ခါလိုက်သည်။ သူသည် စကားတစ်လုံးမှ မပြောခဲ့ပဲ နောက်လှည့်လိုက်ကာ ဟင်းလင်းပြင်၏ အခြားတစ်ဘက်သို့ ပျံသန်းသွားခဲ့သည်။

ဟီကွမ်းပင်က မုယုအား ပြောလိုက်သည်။
"ထလို့ရပြီ"

မုယုက ငြိမ်သက်စွာပင် ထရပ်လိုက်ကာ ယွင်ကျန်းရှီအား ကြည့်လိုက်သည်။ ဆရာတပည့်

နှစ်ဦးသားတို့သည် ပြောစရာ စကားများ ပျောက်ဆုံးနေကြသည်။ ဟီကွမ်းပင်သည် သူ၏ မှော်စွမ်းအင်များကို စုစည်းလိုက်၍ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ လူများကို ဆွဲယူလိုက်ပြီး ဟွမ်းမင် ထွက်သွားသော နေရာသို့ ဦးတည်၍ သွားခဲ့လိုက်သည်။

ဟင်းလင်းပြင် အတွင်းမှ တိုက်ပွဲ ဖြစ်ပွားခဲ့သော နေရာသည် ချက်ချင်းပင် ပြန်လည် ငြိမ်သက်သွားခဲ့သည်။

ဟင်းလင်းပြင်၏ အခြားတစ်ဘက်တွင် လျှိုကြီးသည် ဟင်းလင်းပြင် အပေါက်တစ်ခုမှ ထွက်လာခဲ့သည်။ နင်းဝမ်ကော၏ မျက်လုံးများ အတွင်းတွင် အလင်းတန်း တစ်တန်း လက်သွားကာ

လျှိုကြီးက သူမ၏ဘေးသို့ ရောက်လာခဲ့သည်။
နင်းဝမ်ကောသည် လျှိုကြီးအား ကြည့်လိုက်ပြီး
သူ၏ ခံစားချက်များသည် အနည်းငယ်
ပြောင်းလဲသွားခဲ့သည်ကို အာရုံခံမိလိုက်သည်။

နင်းဝမ်ကောသည် ပူပင်ကြောင့်ကြ ကင်းမဲ့၍
ထူးမခြားနားစွာ နေတတ်သူ ဖြစ်သည်။ သူမသည်
သူ၏ ကိုယ်ပိုင် ကိစ္စများကို ဝင်စွက်ရန်
ရည်ရွယ်ချက် မရှိပေ။ သူတို့သည် သူမမျက်လုံးများ
အတွင်းမှ အလင်းတန်းပုံစံများဖြင့်
ဖန်ဆင်းထားသော လမ်းကြောင်းအနောက်သို့
ခရီးဆက်ခဲ့ကြသည်။

လျှိုကြီးသည် နင်းဝမ်ကော၏ ဘေးမှနေ၍
ငြိမ်သက်စွာ လိုက်ပါလာသော်လည်း သူ၏

မျက်လုံးများသည် သူ၏ ခံစားချက်များကို ဖော်ပြနေခဲ့သည်။ သူ၏ မျက်လုံးများသည် နောက်ဆုံးတွင် တည်ငြိမ်သွား၍ အရာအားလုံးတို့က ပြောင်းလဲသွားကာ အရင်အတိုင်း ပြန်ဖြစ်နိုင်ရန် မဖြစ်နိုင်တော့ ဟူသည်ကို သဘောပေါက်သွားခဲ့သည်။

"တစ်ခုခုက မှားနေပြီ" နင်းဝမ်ကောသည် ရုတ်ခြည်းပင် သူမ၏ ခြေလှမ်းများကို ရပ်တန့်လိုက်ရာ လျှို့ကြီးက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။ "ဘာဖြစ်နေလို့လဲ"

နင်းဝမ်ကောသည် သူတို့အရှေ့မှ ဟင်းလင်းပြင်ကို ကြည့်၍ တီးတိုး ရေရွတ်လိုက်သည်။ "ငါတို့က

အခုအချိန်ဆိုရင် ရောက်နေသင့်ပြီ… ဒါပေမဲ့ သူ့ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူး"

လှျိုကြီးသည် အဝေးသို့ လှမ်းကြည့်လိုက်ရာ နင်းဝမ်ကော၏ မျက်လုံးများ အတွင်းမှ အလင်းတန်းသည် လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်သည်ကို တွေ့လိုက်ရသည်။ လမ်းကြောင်းကို ဖန်ဆင်းထားသော နတ်ဘုရား ပုံစံများသည် ဟင်းလင်းပြင် အတွင်းတွင် ပြန့်ကျဲနေကြ၏။

နင်းဝမ်ကောသည် မျက်တောင်ခတ်လိုက်ကာ မှော်ကျိန်စာ တစ်ခုကို ဖော်ထုတ်လိုက်ရာ အလင်းတန်း လှိုင်းလုံးများက ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားကြသည်။

ရုတ်တရက်ပင် ဟင်းလင်းပြင် အတွင်းမှ အမှောင်ထုအား မြူခိုးငွေ့များက ဖုံးလွှမ်းသွား၍ လျှိုကြီးနှင့် နင်းဝမ်ကောတို့အား လွှမ်းခြုံသွားခဲ့သည်။

ဤအရာကို တွေ့ခဲ့ရသော အခါ လျှိုကြီး၏ အမူအရာများသည် လေးနက်သွားခဲ့ကာ သူ၏ ပါးစပ်ကို ဟ၍ ကျယ်လောင်စွာဖြင့် ဟိန်းဟောက်လိုက်သည်။ ခရမ်းရောင် အလင်းတန်း ပုံစံများ လင်းလက်လာ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့သည်။ ခရမ်းရောင် အငွေ့အသက်များသည် နေရာအနှံ့သို့ ပျံ့နှံ့သွား၍ မြူခိုးငွေ့များနှင့် အဆက်မပြတ် ဆက်သွယ်နေခဲ့သည်။

ဤကဲ့သို့ ဖြစ်သွားအပြီးတွင် မြူခိုးငွေ့များသည် ဖြည်းဖြည်းချင်း အနက်ရောင်သို့ ပြောင်းသွားသည်။ ထိုအရာသည် ဟင်းလင်းပြင် အတွင်းမှ အမှောင်ထုထက်ပင် ပို၍ နက်ရှိုင်းစွာ မည်းမှောင်နေသည်။

## စာစဥ် ၆၈ : အပိုင်း ၁၄

## အပိုင်း ၁၃၂၄ : မည်းနက်နေသော မိစ္ဆာတံခါး

ဤအနက်ရောင် မြူခိုးငွေ့များ အကြားတွင် လျှိုကြီးသည် သူ၏ ခန္ဓာကိုယ်က လေးလံလာသကဲ့သို့ ခံစားခဲ့ရသည်။

ထိုမြူခိုးငွေ့များသည် သူ့အား မည်သည့်
အန္တရာယ်မှ မပေးနေဟု သူက
ခံစားနေရသော်လည်း သူ၏ မိစ္ဆာစွမ်းအားနှင့်
နည်းစနစ်များသည် မည်သို့မှ အသုံးချ၍
မရလောက်အောင် နှေးကွေးသွားခဲ့သည်။

ဤအချိန်၌ လျှိုကြီးသည် သူ၏ အတွေးများသည်
ခြေဦးတည့်ရာ လျှောက်သွားနေခဲ့သည်ဟု
ခံစားနေရသည်။ သူ၏ စိတ်အတွင်းတွင်
ပဋိပက္ခများ ဖြစ်လာ၍ သူ့ရင်အတွင်းမှ စိတ်ဝိညာဉ်
တာဝါအား တည်ငြိမ်နေအောင်
ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့ပေ။

ယခုအချိန်တွင် သူ၏ အတိတ်က
စိတ်ရှုပ်ထွေးမှုများနှင့် ဒွိဟ ဖြစ်မှုများသည်

များစွာပို၍ ကြီးထွားလာ၍ သူ့အားပို၍ စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ အမျက်ထွက်ခြင်း ခံစားမှုများသည် သူ့အား လွှမ်းခြုံနေ၍ သူသည် သူ့ကိုယ်သူ အပါအဝင် အရာအားလုံးတို့ကို ဖျက်ဆီးလိုနေခဲ့သည်။

မုယု၊ ယွင်ကျန်းရှီနှင့် ကျန်သောသူများအား တွေ့ဆုံခဲ့ခြင်းသည် သူ၏ နာကျည်း ခံပြင်းမှုများကို ပို၍ ဆိုးဝါးလာစေခဲ့သည်။

သူက မည်သူမည်ဝါ ဖြစ်သည်ဟူသည့် ပြဿနာသည် လူကြီး၏ စိတ်အတွင်းတွင် အမြဲမပြတ် ဒုက္ခပေးနေခဲ့သည်။ သူနှင့် သူ့မိတ်ဆွေဟောင်းများ အကြားမှ ခံစားချက်

အရံအတားများသည် သူ၏ နှလုံးသား အတွင်းမှ အထီးကျန်မှုအား ပို၍ ဆိုးဝါးစေခဲ့သည်။

ဤအချိန်၌ ကျယ်ပြန့်သော တစ်ကမ္ဘာလုံး အတွင်း၌ သက်ရှိအားလုံးတို့သည် သူ၏ တည်ရှိနေမှုအား ခွဲခြား ဆက်ဆံနေကြသည်ဟု သူက ခံစားနေရလေသည်။

သူ၏ ရင်အတွင်း၌ မခံချင်စိတ်များ ပေါက်ကွဲလာ၍ ဖျက်စီးလိုသော ဆန္ဒတစ်ခုကို မွေးဖွားပေးခဲ့သည်။ သူကိုယ်တိုင် အပါအဝင် သက်ရှိအားလုံးကို ဖျက်စီးလို၍ လောကကြီးကိုပါ ဖျက်ဆီးလိုနေခဲ့သည်။

လျှိုကြီးသည် ရှုးသွပ်လုနီးပါး ဖြစ်နေခဲ့သော အချိန်တွင် သူ့ရင်၏ နက်ရှိုင်းသော နေရာအတွင်းမှ ကြောက်စိတ်တစ်ခုသည် သူ့အား ထိတ်လန့် တုန်လှုပ်စေခဲ့သည်။ သူ၏ စိတ်အခြေအနေကို တည်ငြိမ်အောင် ပြန်လည်၍ ဖိအားပေးလိုက်၍ နင်းဝမ်ကောဘက်သို့ လှည့်ကြည့်လိုက်သည်။

နင်းဝမ်ကောကလည်း တူညီသော အခြေအနေနှင့် ကြုံတွေ့နေရကြောင်းကို တွေ့လိုက်ရသည်။ သူမ၏ မူလက ထူးမခြားနား ပုံစံဖြင့် တည်ငြိမ်အေးစက်နေသော လှပသည့် မျက်နှာသည် အမျက်ဒေါသ စိတ်ရှုပ်ထွေးမှုများနှင့် ရက်စက်လိုသည့်ပုံများ ပေါက်နေခဲ့သည်။

ရက်စက်မှုများ အပြင် နင်းဝမ်ကော၏ မျက်နှာတွင် မိစ္ဆာ အငွေ့အသက်များ ယှက်သန်းနေ၍ ထူးခြားသော အပြုံးတစ်ခုဖြင့် ကြောက်မက်ဖွယ်ရာ ကောင်းနေခဲ့သည်။

သူမအပေါ်မှ ရောင်စုံ အလင်းတန်းများသည် အဆက်မပြတ် လင်းလက်လာ၍ ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားကာ အနက်ရောင် မြူခိုးငွေ့များနှင့် ဆက်သွယ်သွားခဲ့သည်။ သို့သော်လည်း အနက်ရောင် မြူခိုးငွေ့များသည် လုံးဝ အကျိုးသက်ရောက်မှု မခံရသလို လွင့်ပြယ်မသွားခဲ့ပေ။

ဤကဲ့သို့သော စိတ်ရှုပ်ထွေးမှု အခြေအနေမျိုးတွင်ပင် နင်းဝမ်ကော၏

မျက်လုံးများတွင် ကြည်လင်သော
အရိပ်အယောင်များ ရံဖန်ရံခါ ပေါ်လာခဲ့သည်။

ထိုအချိန်တွင် သူမသည် လှိုကြီးအား
လှမ်းကြည့်လိုက်ရာ သူကလည်း သူမနှင့် အလားတူ
အခြေအနေမျိုးသို့ ရောက်နေကြောင်းကို သိခဲ့ရခြင်း
ဖြစ်သည်။

သူတို့ နှစ်ယောက်သားသည် သတိကြီးစွာ
ထားခဲ့ကြ၍ သူတို့၏ အာရုံများကို စုစည်းလိုက်ကာ
သူတို့၏ စိတ်ကို တည်ငြိမ်အောင်
ကြိုးစားခဲ့ကြသည်။ ပြီးတာနှင့် သူတို့သည်
ထိုအနက်ရောင် မြူခိုးငွေ့များ အကြားမှ
ဖြတ်သန်း၍ ရှေ့ဆက်သွားခဲ့ကြသည်။

"ဒါက အမှန်တရားကို ပယ်ဖျက်ဖို့ ဖန်ဆင်းထားတဲ့ ပုံရိပ်ယောင် ကျိန်စာတစ်ခု မဟုတ်ပဲ ငါတို့ရဲ့ စိတ်နဲ့ ဆန္ဒတို့ကို ယိမ်းယိုင် လှုပ်ရှားအောင် လုပ်ခဲ့တာပဲ" နင်းဝမ်ကောက ပြောလိုက်ရာ လျှိုကြီးက သူ၏ခေါင်းကို ညိတ်လိုက်သည်။

သူ၏ မျက်လုံးများ အတွင်းမှ နတ်ဘုရား ခရမ်းရောင် အလင်းတန်းများသည် အဆက်မပြတ် ထွက်ပေါ်လာ၍ ထူးခြားသော မှော်ကျိန်စာ ပုံစံများ အဖြစ်သို့ ပြောင်းသွားပြီး သူ၏ ခန္ဓာကိုယ်အား မဆက်မပြတ် လည်ပတ်နေသည့် ဖဲကြိုးများ အဖြစ်သို့ ပြောင်းသွားလေသည်။

လျှိုကြီး၏ ပါးစပ်အတွင်းမှ ထွက်လာသော အရာများသည် လူသားစကား မဟုတ်ပဲ

ရှေးဟောင်းမန္တန် တစ်ခုကဲ့သို့ အဓိပ္ပာယ်ဖော်၍
မရသော အသံများ ဖြစ်သည်။

ထိုအရာသည် တစ်ယောက်၏ စိတ်အခြေအနေကို
တည်ငြိမ်စေရန် များစွာ အထောက်အကူ
ပြုနိုင်သည့် ကောင်းကင်မိစ္ဆာ တာအိုကျမ်းစာမှ
ကမ္ဘာဦးစိတ် ကောင်းကင်မန္တန် ဖြစ်သည်။

ဟေးဒီးစ် မျိုးနွယ်စုတို့သည် ခက်ထန်ကာ
သွေးဆာကြသူများဟု နာမည်ကြီးသည်။
သို့သော်လည်း သူတို့၏ ထိုပျော့ကွက်များကို
ရန်သူများကို အခွင့်ကောင်းယူခွင့် မပေးကြပဲ
ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ရန်
နည်းလမ်းတစ်ခုကို တီထွင်ခဲ့ကြသည်။ ကမ္ဘာဦးစိတ်

ကောင်းကင်မန္တန်သည် ထို့ကြောင့်
ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

မန္တန်များ တစ်ခုပြီး တစ်ခုတို့သည် ခရမ်းရောင်
စက်ကွင်းများ အဖြစ်သို့ ပြောင်းသွားကြကာ
လျှိုကြီး၏ ခန္ဓာကိုယ်အား အဆက်မပြတ်
လည်ပတ်နေ၍ အနက်ရောင် မြူခိုးငွေ့များထံမှ
ကာကွယ်ပေးခဲ့ကြသည်။

အနက်ရောင် မြူခိုးငွေ့ အချို့သည် ထိုးဖောက်
ဝင်ရောက်နိုင်ခဲ့ကြသော်လည်း လျှိုကြီးသည် သူ၏
စိတ်အခြေအနေကို ထိန်းသိမ်းထားနိုင်စွမ်း
ရှိနေပြီဖြစ်သည်။

နင်းဝမ်ကောကလည်း အလားတူ
နည်းလမ်းတစ်ခုကို အသုံးပြုလိုက်သည်။ သူမသည်
ပုံရိပ်ယောင် မှော်ကျိန်စာများကို ကျွမ်းကျင်သူ
ဖြစ်သဖြင့် သူမ စိတ်ဝိညာဉ်၏ စွမ်းအားနှင့်
စိတ်တည်ငြိမ်မှုသည် အခြားသူများထက်
များစွာပိုသာသည်။

သို့သော်လည်း သူမ လတ်တလော တွေ့ရှိခဲ့သော
အရာများကြောင့် သူမသည် သူမအား အမြဲ
ဒုက္ခပေးနေသော ပြဿနာများကို ဖြေရှင်းရန်
ကြိုးစားနေခဲ့သည်။ သူမ၏ စိတ်အခြေအနေသည်
ဝေလီဝေလင်း အချိန်ကဲ့သို့ မတည်ငြိမ်သော
အခြေအနေသို့ ရောက်နေခဲ့ကာ အနက်ရောင်
မြူခိုးငွေ့များ၏ ဝင်ရောက်ကျူးကျော်ခြင်းကို
ရှန်းကန်နေရသည့်ပုံ ပေါက်နေသည်။

ဤအရာသည် လျှိုကြီးက သူမအား ကူညီနိုင်သော အရာတစ်ခု မဟုတ်ပေ။ နင်းဝမ်ကောသည် သူမကိုယ်သူမ အားကိုးကာ အာရုံစိုက်ရမည် ဖြစ်ပြီး သူမ၏ စိတ်ဝိညာဉ် တာဝါအား ကြည်လင်နေစေရန် ကာကွယ်ရမည် ဖြစ်သည်။

သူတို့နှစ်ယောက်သား အနက်ရောင် မြူခိုးငွေ့များ အတွင်းသို့ ဆက်ဝင်သွားသော အခါ ထိုမြူခိုးငွေ့များသည် များစွာပို၍ ပြင်းထန်လာသည်ကို အာရုံခံနိုင်ခဲ့သည်။

လျှိုကြီးသည် ကမ္ဘာဦးစိတ် ကောင်းကင်မန္တန်ဖြင့် ဖန်ဆင်းထားသော အရုံအတားကို ဖြတ်သန်းလာနိုင်သော အနက်ရောင်

မြူခိုးငွေ့များသည် ပို၍ပို၍ များပြားလာသည်ကို ကောင်းကောင်း တွေ့နိုင်ခဲ့သည်။

သူတို့သည် သူတို့၏ စိတ်များကို တည်ငြိမ်အောင် ထိန်းထား၍ အရှေ့သို့ ရဲရင့်စွာ ချီတက်ခဲ့ကြသည်။ အနက်ရောင် မြူခိုးငွေ့များ ပေါ်လာပြီးသော အခါ နင်းဝမ်ကော၏ မျက်လုံးများ အတွင်းမှ အလင်းတန်း လမ်းကြောင်းသည် ထပ်ဖန်တစ်ခု ပေါ်လာခဲ့သည်။ နတ်ဘုရား ပုံစံများစွာ စုစည်းလာ၍ အလင်းတန်း လမ်းကြောင်း တစ်ခုကို ဖန်ဆင်းလိုက်ကာ အမှောင်ထုအတွင်းတွင် လမ်းပြနေခဲ့လေသည်။

ထိုအလင်းတန်း လမ်းကြောင်းအတိုင်း လိုက်သွားရင်း လျှိုကြီးနှင့် နင်းဝမ်ကောတို့သည်

အနက်ရောင် မြူခိုးငွေ့ ဝင်္ကပါအတွင်း၌
လမ်းမပျောက်နေကြတော့ပေ။ အချိန်အတန်ငယ်
လျှောက်လှမ်းခဲ့အပြီးတွင် သူတို့အရှေ့မှ မြင်ကွင်းက
ရုတ်တရက် ပြောင်းသွားသည်။

ဟင်းလင်းပြင် အတွင်းတွင် ရောမ တံခါးတစ်ခု
ပေါ်လာ၍ ထိုတံခါးသည် မင်ကဲ့သို့
မှောင်မည်းနေကာ ရုပ်လုံးများစွာတို့ကို
ထွင်းထုထားသည်။

ထိုရုပ်ပုံများသည် တံခါး၏ မျက်နှာပြင် အပေါ်တွင်
ကပ်နေသကဲ့သို့ ဖြစ်နေပြီး တစ်ပုံချင်းစီတိုင်းသည်
တွန့်လိမ်နေသော အနေအထားများဖြင့်
ကြမ်းကြုတ်သည့်ပုံ ပေါက်နေကြသည်။ သူတို့သည်
သဘာဝ မကျပဲ အဆက်အစပ် ကင်းမဲ့နေကြသည်။

ထိုရုပ်ထုများကို ကြည့်လိုက်ရုံဖြင့်ပင် လှျိုကြီးနှင့်
နင်းဝမ်ကောတို့သည် များစွာပို၍
စိတ်အနှောင့်အယှက် ဖြစ်သွားကာ
စိတ်လှုပ်ရှားလာကြသည်။

တံခါးအပေါ်တွင် အနက်ရောင် အလင်းတန်း
မှိန်မှိန်လေး တစ်ခု လင်းလက်လာ၍
ဟင်းလင်းပြင်သို့ ဆန့်တန်းသွားကာ ဤနေရာ၌
ယနေ့တိုင် ထာဝရ ရှိနေသကဲ့သို့ ဖြစ်နေသည်။

လှျိုကြီးသည် သူ၏လက်ကို ဆန့်တန်းလိုက်၍
ထိုရောမ တံခါးကို ဖွင့်ရန် ကြိုးစားခဲ့သော်လည်း
တံခါးက မပွင့်လာခဲ့ပေ။

သူသည် မျက်မှောင် အနည်းငယ် ကြုတ်လိုက်ရာ သူ၏ လက်ဝါးများ အတွင်းတွင် ခရမ်းရောင် အလင်းတန်း ပုံစံများ ပေါ်လာသည်။ သူသည် တံခါးကို ထပ်ဖန်တစ်ခါ ဖွင့်လှစ်ရန် ကြိုးစားခဲ့သော်လည်း တံခါးသည် တုပ်တုပ်ပင် မလှုပ်ခဲ့ချေ။

လှျိုကြီးသည် ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ရာ သူ၏ ခန္ဓာကိုယ်မှနေ၍ ငွေရောင် သားမွေးများ ပေါ်ထွက်လာသည်။ သူ၏ ရောမ အမြီးသည် သူ့နောက်တွင် ဝှေ့ယမ်းနေကာ တောက်ပသော အလင်းတန်း တစ်တန်းသည် သူ့ခေါင်းပေါ်မှ ဦးချိုသုံးချောင်းတို့ အပေါ်တွင် ဝန်းရံနေခဲ့သည်။ ခရမ်းရောင် အလင်းတန်းပုံစံ

အများအပြားတို့သည် ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာကြသည်။

သူသည် အားပိုစိုက်လိုက်၍ တံခါးကို တွန်းလိုက်ရာ ထာဝရ တည်မြဲသည်ဟု ထင်နေရသော တံခါးသည် ထိုခဏ၌ လျှို့ကြီးကြောင့် တုန်ခါသွားခဲ့သည်။

ဤအရာကို မြင်လိုက်ရသော အခါ နင်းဝမ်ကောကလည်း သူမ၏ လက်ဝါးများဖြင့် တံခါးကို တွန်းဖွင့်လိုက်သည်။ အနက်ရောင် တံခါးသည် ပို၍ပြင်းထန်စွာ တုန်ခါလာပြီး သူ၏ မျက်နှာပြင် အပေါ်၌ အက်ကွဲကြောင်းများ စတင်ပေါ်လာသည်။

သို့သော်လည်း ဤအရာကို မြင်လိုက်ရသော အခါ လှျိုကြီးနှင့် နင်းဝမ်ကောတို့သည် သူတို့၏ အင်အားများကို ရုပ်သိမ်းလိုက်ကြသည်။ သူတို့သည် ထိုတံခါးအား အားသုံး၍ မဖွင့်လှစ်ရဲကြတော့ချေ။

သူတို့ နှစ်ယောက်စလုံးသည် ထိုတံခါးကို ဖွင့်ရန် အထူးနည်းလမ်း တစ်ခုရှိသည်ကို ပြောနိုင်ခဲ့သည်။ မဟုတ်လျှင် အင်အားကြီးမားစွာ သုံးခဲ့သော်လည်း ထိုအနက်ရောင် တံခါးသည် ပွင့်လိမ့်မည် မဟုတ်ပဲ ပျက်သာ ပျက်စီးသွားပေလိမ့်မည်။

ထိုအနက်ရောင် တံခါးသည် သူတို့၏ ပစ်မှတ်မဟုတ်ပဲ သူ့အနောက်မှ အရာများသည် သူတို့ ရှာဖွေနေသော အရာများ ဖြစ်ပေသည်။

အနက်ရောင် တံခါးအား ဖျက်ဆီးနိုင်ခဲ့လျှင် သူတို့အနေဖြင့် ချက်ချင်း စိတ်ကျေနပ်မှုများ ရသွားနိုင်ကြမည် ဖြစ်သော်လည်း သူ့အနောက်မှ အရာများကို ဘယ်တော့မှ ဖော်ထုတ်နိုင်လိမ့်မည် မဟုတ်ပေ။

သူတို့သည် အချင်းချင်း ကြည့်လိုက်ကြကာ နောက်ဆုတ်လိုက်ကြသည်။ နင်းဝမ်ကောထံမှ အလင်းတန်း၏ လမ်းညွှန်မှုဖြင့် သူတို့သည် လာရာ လမ်းကြောင်းအတိုင်း ပြန်လည် ဆုတ်ခွာလာခဲ့ကြသည်။

အနက်ရောင် မြူခိုးငွေ့များ၏ လွှမ်းခြုံမှုကို ခံနေရသော်လည်း လျှိုကြီးအနေဖြင့် မမှုခဲ့ချေ။ သူ့မျက်လုံး အတွင်းမှ ခရမ်းရောင်

အလင်းတန်းသည် တောက်ပစွာဖြင့်
လင်းလက်လာကာ သူ့ခေါင်းအပေါ်မှ
ဦးချိုသုံးချောင်းကလည်း ပို၍ တောက်ပလာသည်။
စကြာဝဠာ အားလုံးတို့အား တုန်လှုပ်သွားစေသည့်
ခမ်းနားထည်ဝါလှသည် အလင်းတန်းတစ်ခုက
ရုတ်တရက် ပေါ်လာလေသည်။

ထိုတောက်ပသည့် အလင်းတန်းအောက်တွင်
အနက်မှောင်ဆုံးဖြစ်သည် မြူခိုးငွေ့များကပင်
တုန်ခါသွားခဲ့သည်။

ထိုအလင်းရောင်သည် တောက်ပလွန်းလှသဖြင့်
သူတို့အရှေ့မှ အမှောင်ထုသည် နောက်ဆုတ်သွား၍
ကောင်းကင်နှင့် မြေကြီးတို့သည် ဖြည်းဖြည်းချင်း
ခရမ်းရောင် သန်းသွားကြလေသည်။

အမှန်တရားသည် ပြောင်းလဲသွား၍ ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးသည် ပြုပြင်ခြင်း ခံထားရသကဲ့သို့ ဖြစ်နေသည်။ ခရမ်းရောင် အလင်းတန်းများ ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကြသော အခါ အနက်ရောင် မြူခိုးငွေ့များကလည်း မရှိကြတော့ပေ။

လှိုက်ကြီးနှင့် နင်းဝမ်ကောတို့သည် ဟင်းလင်းပြင် စစ်တလင်းက မူလ အခြေအနေသို့ ပြန်ရောက်သွားပြီ ဟူသည်ကို တွေ့ခဲ့ကြရပြီး ဟင်းလင်းပြင် အတွင်းမှ အမှောင်ထုသာ ကျန်နေတော့သည်။ အဝေးတွင် တွန့်လိမ်နေသော လောကတစ်ခုနှင့် အပေါက်တစ်ခု ရှိနေသည်။

သူ့အတွင်း၌ ဟင်းလင်းပြင် မုန်တိုင်းတစ်ခုက အစပြုနေပေသည်။

လျှိုကြီးနှင့် နင်းဝမ်ကောတို့သည် ဟင်းလင်းပြင် အတွင်း၌ ရပ်နေကာ မလှုပ်ရှားခဲ့ပဲ အင်အားများကို ပြန်လည် မွေးမြူနေခဲ့ကြသည်။

ပုံရိပ်ရောင်ဟု ထင်နေရသော်လည်း တကယ်ဟု ထင်နေရသည့် အနက်ရောင် မြူခိုးငွေ့များသည် သူတို့၏ ခန္ဓာကိုယ် အတွင်းမှ ထွက်လာကာ ဘာမှ မရှိခြင်း မဖြစ်သို့ ပြောင်းသွားကြသည်။

ထိုအနက်ရောင် မြူခိုးငွေ့များ အားလုံး ကုန်ပျောက်သွားမှသာ သူတို့နှစ်ယောက်သည်

စိတ်သက်သာရာရစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်ကြသည်။ နင်းဝမ်ကောက မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

"အခု ခံစားခဲ့ရတဲ့ ခံစားချက်က အတော်လေး ထူးဆန်းတယ်... အဲ့ဒီ မှော်တံခါးဟာ မိစ္ဆာစွမ်းအား တစ်ခုရဲ့ ထောက်ပံ့ပေးခြင်းကို ခံထားရတာ ဖြစ်နေပေမဲ့ ဒါဟာ မိစ္ဆာဂိုဏ်းက လူသား ကျင့်ကြံသူ တစ်ယောက် လေ့ကျင့်ထားတဲ့ မှော်ကျိန်စာ တစ်ခုနဲ့လည်း တူနေတယ်"

လျှိုကြီးက လေးနက်သော လေသံဖြင့် ပြောလိုက်သည်။ "အဲ့ဒီနေရာမှာ အမေ ထုတ်လွှတ်ထားခဲ့တဲ့ မိစ္ဆာစွမ်းအား အချို့ရှိနေတယ်... ဒါပေမဲ့ ဒါကို မိစ္ဆာဂိုဏ်းက

လူသား ကျင့်ကြံသူ တစ်ယောက်ရဲ့ မှော်ကျိန်စာ တစ်ခုနဲ့လည်း ပေါင်းစည်းထားခဲ့တယ်... ဒီနှစ်မျိုးရဲ့ ပူးပေါင်းမှုကြောင့်သာ ခုနကလိုမျိုး အခြေအနေ ဖြစ်လာခဲ့တာပဲ"

နင်းဝမ်ကောက ဘေးပတ်ပတ်လည်ကို ကြည့်၍ ပြောလိုက်သည်။ "ဒီလမ်းကြောင်းက မှားမှာတော့ မဟုတ်ဘူး... ပြဿနာက ဒီအနက်ရောင် မိစ္ဆာတံခါးနဲ့ သက်ဆိုင်နေလိမ့်မယ်"

လျှိုကြီးက ခေတ္တမျှ စဥ်းစားလိုက်၍ မရေရာစွာ ပြောလိုက်သည်။ "ဒီမှော်တံခါးဟာ မာစတာလင်း တစ်ခါ ပြောဖူးခဲ့တဲ့ ရှေးဟောင်းစေတန်ဂိုဏ်းရဲ့ မှော်ကျိန်စာနဲ့ တူနေတယ်... မဟုတ်မှလွဲရော

သူဟာ ရှေးဟောင်းစေတန် ကျမ်းစာရဲ့
အဆုံးအမတွေ ဖြစ်ရမယ်"

နင်းဝမ်ကောက ပြောလိုက်သည်။
"အလယ်ခေတ်တုံးက ရှေးဟောင်းစေတန် မာစတာ
ကျန်းဆောင်ယန် အပါအဝင်
ရှေးဟောင်းစေတန်ဂိုဏ်းက အစွမ်းထက်တဲ့
သူတွေက ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်ရဲ့
သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်"

"ကျန်းဆောင်ယန် အသုံးပြုခဲ့တဲ့
ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာရဲ့
စွမ်းအားတွေကြောင့် သူက သေမင်းကနေ
လွတ်မြောက်လာနိုင်ခဲ့ပေမဲ့
ရှေးဟောင်းစေတန်ဂိုဏ်း တစ်ခုလုံးက ဒါကြောင့်

အကြီးအကျယ် အားနည်းသွားပြီး သူတို့ရဲ့ ကြမ္မာပန်းတိုင် အဆင့်က မော်ရတနာ ဖြစ်တဲ့ ကမ္ဘာဦး ရွှေရောင်လှေကလည်း လုံးဝ ပျက်စီးသွားခဲ့တယ်"

"အဲ့ဒီတိုက်ပွဲ အတွင်းမှာ ဟေးဒီးစ်ကေရာဇ်က ရှေးဟောင်းစေတန်ဂိုဏ်းရဲ့ အဆုံးအမ အချို့ကို ရနိုင်ခဲ့ပြီး သူတို့ကို နောက်ပိုင်းမှာ ဟေးဒီးစ် ကေရီက အသုံးပြုနိုင်ခဲ့တာလား"

ဤအကြောင်းကို ပြောနေရင်း နင်းဝမ်ကော၏ အကြည့်သည် လှုပ်ရှားသွားကာ နူးညံ့စွာဖြင့် ပြောလိုက်၏။ "အစောပိုင်းမှာ ငါက ဟိုပြင်ပလောကမှာ တွေ့ခဲ့ရတဲ့ မြင်ကွင်းအတွင်းမှာ ငါတွေ့ခဲ့ရတဲ့သူက ငါ့ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့

မှော်ကျိန်စာဟာ အခု မှော်ကျိန်စာနဲ့ အနည်းငယ် ဆင်တူနေခဲ့သလိုပဲ"

ဤစကားကို ကြားခဲ့ရသော အခါ လျှို့ကြီးက ခေါင်းညိတ်လိုက်သည်။ "ဒါက တကယ်ပဲ အမေရဲ့ လက်ရာတွေပဲ ဖြစ်လိမ့်မယ်"

သူသည် နင်းဝမ်ကောအား ကြည့်လိုက်ရာ သူမက သူမ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ငါက မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားလို့လား မသိဘူး... ဒီပြဿနာကို မဖြေရှင်းနိုင်သလို စေတန်ဂိုဏ်းရဲ့ မှော်ကျိန်စာတွေ အကြောင်းကို ဘာမှမသိနေဘူး"

လှိုကြီးက ပြောလိုက်သည်။ "ကျွန်တော်တို့က အလောတကြီးနဲ့ ဟိုအနက်ရောင် တံခါးကို မဖျက်စီးပဲ မာစတာလင်းကို အရင် ဆက်သွယ်သင့်တယ်"

ဟင်းလင်းပြင် စစ်တလင်းသည် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရန် ခက်ခဲပြီး စိတ်ချင်းဆက်သွယ်ရန် သို့မဟုတ် အသံလွှင့် ကျောက်တုံးဖြင့် အသံလွှင့်ရန်လည်း မလွယ်ကူပေ။

သို့သော်လည်း လှိုကြီးသည် ဤကဲ့သို့သော အခြေအနေမျိုးအတွက် အသင့်ပြင်ခဲ့ပြီးသား ဖြစ်သည်။ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ မဝင်ခင် သူ၏ ကိုးနဝင်းချီ ကိုယ်ပွားအား အပြင်တွင် ချန်ထားခဲ့သည်။ ယခင်က အတွေ့အကြုံများ အရ

သူ၏ မူလ ခန္ဓာကိုယ်နှင့် ကိုးနဝင်းချီ ကိုယ်ပွားတို့သည် အသိစိတ်ချင်း အမြဲတမ်း ဆက်သွယ်နိုင်သည်ကို သိခဲ့ရသည်။

သူ၏ ကိုးနဝင်းချီ ကိုယ်ပွားမှတဆင့် လျှို့ကြီးသည် လက်ရှိ အခြေအနေကို လင်းဖုန်းအား တင်ပြလိုက်ရာ လင်းဖုန်းကလည်း အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

သူသည် ခေတ္တမျှ စဥ်းစားလိုက်၍ ဝမ်လင်းနှင့် စိတ်ချင်း ဆက်သွယ်လိုက်သည်။ "လင်းကလေး... မင်းက ဟင်းလင်းပြင် စစ်တလင်းကို ခရီးတစ်ထောက် ထွက်ဖို့ လိုမယ်နဲ့ တူတယ်"

"ငါက အခုအချိန်မှာ မှော်ကျိန်စာ တစ်ခုကို
ကျင့်ကြံနေလို့ ငါသွားဖို့ အဆင်မပြေနေဘူး...
မင်းအနေနဲ့ မင်းရဲ့ မဟာစေတန် ကိုယ်ပွားကို
စေလွှတ်လိုက်ရင် တစ်စုံတစ်ခု သင်ယူနိုင်ဖို့
အခွင့်အရေး ရနိုင်တယ်"

လင်းဖုန်း၏ တပည့်များ အနက် ရှောင်ယန်၊
ရှီထျန်းဟောင်နှင့် ယွဲ့ဟုန်ယန်တို့သည်
စေတန်ဂိုဏ်းမှ သိုင်းပညာရပ်နှင့် မှော်အတတ်တို့ကို
ဗဟုသုတများ ရှိကြ၍ ဖူရီသည် စေတန်
မှော်ကျိန်စာ များစွာတို့ကို ကျွမ်းကျင်သည်။
သို့သော်လည်း စေတန်ဂိုဏ်းများမှ
မှော်ကျိန်စာတို့အား အနက်ရှိုင်းဆုံး
လေ့လာထားသူမှာ ဝမ်လင်းဖြစ်သည်မှာ
သံသယဖြစ်ဖွယ် မရှိချေ။

အကယ်၍ ဝမ်လင်းကသာ ဆန္ဒရှိလျှင် သူ၏ မဟာကောင်းကင် တာအိုကျမ်းစာ၏ ထောက်ပံ့မှုဖြင့် သူ၏ နည်းစနစ် အခြေခံအား စေတန်ဂိုဏ်း၏ နည်းစနစ်များ အဖြစ်သို့ပင် ယာယီ ပြောင်းလဲနိုင်သည်။

အဝါရောင် ရေစမ်း စေတန်ဂိုဏ်း၊ သံသရာဂိုဏ်းနှင့် သေမင်းကေရာဇ်၏ နည်းစနစ်များ ဖြစ်စေ သို့မဟုတ် ရှေးဟောင်းစေတန် ဂိုဏ်းခေါင်းဆောင်၏ နည်းစနစ်များကိုပင် သူသည် ချို့ယွင်းချက်များ မရှိပဲနှင့် လေ့ကျင့်နိုင်သည်။

လင်းဖုန်း၏ ညွှန်ကြားချက်များကို ကြားရအပြီးတွင် ဝမ်လင်းသည် ဘာမှ မပြောခဲ့ပဲ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ... ဆရာ"

သူ၏ မူလခန္ဓာကိုယ်က ဘာမှ မလှုပ်ရှားခဲ့ပေ။ ယုကျင်းတောင်ပေါ်မှ လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ကြယ်စင်ပင်လယ် တံခါးတစ်ခုကို ဖွင့်လှစ်လိုက်ရာ အရပ်မြင့်မားသော ပုံရိပ်တစ်ခု ထွက်လာခဲ့သည်။ သူသည် ကျောက်တုံးကြီးကဲ့သို့ လေးလံ၍ ကြယ်ပေါင်း တစ်ထောင်တို့၏ အလင်းရောက်ကဲ့သို့ လင်းလက်နေသော ချပ်ဝတ်တန်ဆာ တစ်ခုကို ဝတ်ဆင်ထားသည်။

ထိုအရာသည် ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသည့် ဝမ်လင်း၏

မဟာစေတန် ကိုယ်ပွားပင် ဖြစ်သည်။ သူမှနေ၍ အင်မော်တယ်ဝိဉာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများစွာတို့ထက် ပိုအစွမ်းထက်သော ကြောက်မက်ဖွယ်ရာ အရှိန်အဝါများကို ထုတ်လွှတ်နေလေသည်။

မဟာယာန အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည့် ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာနှင့် ပေါင်းစည်းလိုက်သော အခါ ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် မြေကြီးကို လှုပ်ခါနိုင်၍ ကောင်းကင်အား ထိုးဖောက်နိုင်သော ကြောက်မက်ဖွယ်ရာ အစွမ်းများကို ပိုင်ဆိုင်ထားနိုင်ပေသည်။

မဟာစေတန် ကိုယ်ပွားသည် လင်းဖုန်း၏ မူလ ခန္ဓာကိုယ်အား ဦးညွတ်လိုက်ပြီးနောက် ဒိုင်မန်းရှင်း မှော်ဝင်ကံပါမှ တဆင့် ယင်ပင်လယ် အတွင်းမှ ပန်းလိုင်နတ်တောင်ထံသို့ ရောက်လာခဲ့သည်။ လင်းဖုန်း၏ ကိုးနဝင်းချီ ကိုယ်ပွားနှင့် လျှိုကြီး၏ ကိုးနဝင်းချီ ကိုယ်ပွားတို့သည် သူတို့၏ လက်ချောင်းများကို လှုပ်ရှားလိုက်ကြသည်။

ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် သူ၏ပါးစပ်ကို ဟလိုက်ကာ ကြည်လင်သော လေနှစ်တန်းအား မျိုချလိုက်ပြီး ဟင်းလင်းပြင်ကို ချိုးဖောက်၍ ယင်ပင်လယ်မှ ထွက်ခွာသွားကာ ဟင်းလင်းပြင် စစ်တလင်းထံသို့ ဦးတည်လိုက်လေသည်။

# စာစဉ် ၆၈ : အပိုင်း ၁၅

## အပိုင်း ၁၃၂၅ : အနီနှင့် အနက်ကမ္ဘာ၊ အရိုးစု စိတ်ဝိညာဉ် ယဇ်ပလ္လင်

လျှိုကြီးနှင့် နင်းဝမ်ကောတို့သည် ထိုနေရာတွင် စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းနေကာ သူတို့နှစ်ယောက်၏ စိတ်များသည် အတွေးနက်စွာဖြင့် လွင့်မျောနေလေသည်။

အစောပိုင်းက သူတို့၏ မိစ္ဆာစိတ်ရိုင်းများ ထကြွလာခဲ့သော အချိန်တွင် သူတို့၏ စိတ်အတွင်းမှ စိတ်ဝိညာဉ် တာဝါသည် ယိမ်းယိုင်သွားခဲ့သည်။ သူတို့၏ စိတ်အတွင်းတွင် မရေမတွက်နိုင်သော

အတွေးအကြံများ ပေါ်လာ၍ သူတို့အား အဆက်မပြတ် နှောင့်ယှက်နေခဲ့သည်။ အထူးသဖြင့် ဟောဒီးစ်ကေရီနှင့် ပတ်သတ်သော အတွေ့အကြုံများပင် ဖြစ်သည်။

သို့သော်လည်း သူတို့သည် စိတ်ငြိမ်းချမ်းမှုကို ပြန်လည်၍ တည်ဆောက်နိုင်ခဲ့သည်။ သူတို့သည် သူတို့၏ အတွေးများကို အပြည့်အဝ ပြန်လည် ထိန်းချုပ်နိုင်ခဲ့ကာ ဖြစ်ပျက်ခဲ့သော အရာအားလုံးတို့ကို သုံးသပ်နိုင်ခဲ့သည်။

ကမ္ဘာချီ၍ ကြာမြင့်သည်ဟု ထင်နေရအပြီးတွင် ဟင်းလင်းပြင်က ရုတ်တရက်ဖြင့် ညင်သာစွာ တုန်ခါသွားခဲ့သည်။ လျှိုကြီးနှင့် နင်းဝမ်ကောတို့က လှမ်းကြည့်လိုက်ကြရာ ဒိုင်မန်းရှင်းက ကွဲဟသွား၍

ရောမ ပုံရိပ်တစ်ခု ထွက်လာခဲ့သည်ကို
တွေ့လိုက်ရသည်။

ထိုပုံရိပ်သည် ပေပေါင်းတစ်သိန်း မြင့်သည်ဟု
ထင်နေရ၍ ကောင်းကင်နှင့် မြေကြီးတို့အား
ပြည့်နှက်သွားသည်ဟု ထင်နေရသည်။
အဆုံးအစမဲ့သော ဟင်းလင်းပြင် အတွင်း၌ပင် သူ၏
အရွယ်အစားကို ခံစားနေရပေသည်။ ထိုအရာသည်
ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားပင် ဖြစ်သည်။

ထိုမဟာစေတန် ကိုယ်ပွား အသက်ရှူနေသော အခါ
သူ၏ နှာခေါင်းပေါက်များမှ ကြည်လင်သော
လေစီးကြောင်း နှစ်ခုတို့ ဝင်လိုက်ထွက်လိုက်
ဖြစ်နေသည်ကို တွေ့နေနိုင်ပေသည်။

ထိုကြည်လင်နေသော လေသည် လှိုကြီး၏
ခန္ဓာကိုယ်နှင့် ဆက်သွယ်နေသော
ရောင်စဥ်ကိုးသွယ် တောက်ပသော အလင်းတန်း
ဖြစ်သည်။ ဝမ်လင်းသည် ထိုကြည်လင်သော
လေစီးကြောင်း အနောက်သို့ လိုက်လာကာ
ဟင်းလင်းပြင် စစ်တလင်း အတွင်း၌ လှိုကြီး၏
နေရာကို ရှာနိုင်ခဲ့ခြင်း ဖြစ်သည်။

မဟာစေတန် ကိုယ်ပွားသည် ဟင်းလင်းပြင်
အတွင်းမှ ပေါ်ထွက်လာသော အခါ လှိုကြီးနှင့်
နင်းဝမ်ကောတို့ထံသို့ လျှောက်လှမ်းလာခဲ့သည်။
အရှေ့သို့ လှမ်းလာနေရင်း သူ၏ ခန္ဓာကိုယ်သည်
ဖြည်းဖြည်းချင်း ကျုံ့ဝင်လာကာ နောက်ဆုံးတွင်
လှိုကြီးနှင့် တစ်ရွယ်တည်း ဖြစ်သွားခဲ့သည်။

လျှို့ကြီးသည် သူ၏ လက်သီးနှစ်ဘက်ကို
ဆုပ်လိုက်ကာ အရိုအသေ ပြုလိုက်သည်။
"စီနီယာဝမ်"

သူသည် လင်းဖုန်း၏ တပည့်တစ်ယောက်ဟူ၍
ပြော၍ရသော်လည်း တပည့်လက်ခံပွဲ
အခမ်းအနားကို တရားဝင် မကျင်းပခဲ့ရသေးပဲ
သူကိုယ်တိုင်ကလည်း လွန်ကဲစွာ မဆက်ဆံခဲ့ပေ။
သို့သော်လည်း ဝမ်လင်းနှင့် ကျန်သောသူများသည်
သူက သာမန်ပုဂ္ဂိုလ် တစ်ယောက် မဟုတ်ဟု
သိထားခဲ့ပြီး သူတို့နှင့် တစ်တန်းတည်းထား၍
ဆက်ဆံခဲ့ကြသည်။

အချိန် ကြာလာသည်နှင့် အမှု လျှိုကြီးသည် သူတို့အား တစ်ဂိုဏ်းတည်းမှ လူများကဲ့သို့ စီနီယာနှင့် ဂျူနီယာဟူ၍ ခေါ်ဝေါ်ခဲ့သည်။

နင်းဝမ်ကောသည် ဝမ်လင်းအား တွေ့လိုက်သော အခါ သူမ၏ ခေါင်းကိုညိတ်၍ နှုတ်ဆက်လိုက်သည်။ "တာအိုရောင်းရင်းဝမ်… ဟင်းလင်းပြင် စစ်တလင်း အတွင်းကို လာခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ဝမ်လင်းသည် သူတို့နှစ်ယောက်အား ကြည့်၍ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ကိစ္စ မရှိပါဘူး… ကျုပ်ကလည်း ဒီကနေ အကျိုးအမြတ် များစွာ ရရှိနိုင်တယ်… ကျုပ်ကို ဒီအခွင့်အရေး

ပေးတဲ့အတွက် ခင်ဗျားတို့ နှစ်ယောက်ကိုတောင်
ကျေးဇူးတင်ရမှာပါ"

ဟင်းလင်းပြင် အတွင်း၌ ရပ်နေရင်း ဝမ်လင်း၏
မဟာစေတန် ကိုယ်ပွား၏ မျက်လုံးအတွင်းမှ
တောက်ပသော အလင်းတန်းများ ရုတ်တရက်
ထွက်ပေါ်လာသည်။

ထိုအလင်းတန်းသည် လှည့်စားနိုင်စွမ်း ရှိကာ
သူ့အား တွေ့လိုက်သော သူတစ်ယောက်သည် အာရုံ
ထွေပြားသွား၍ မသက်မသာ ခံစားခဲ့ရမည်
ဖြစ်သည်။

မဟာစေတန် ကိုယ်ပွား၏ အဓိက အားသာချက်မှာ သိုင်းပညာရပ် စွမ်းအားများ ဖြစ်သော်လည်း သူသည် မှော်ကျိန်စာများကို နားမလည်ဟု မဆိုလိုပေ။ ပြီးတာနှင့် တူသည် သူ၏လက်အား ဆန့်တန်းလိုက်ကာ ဖူလူ နတ်ဘုရား သင်္ကေတများ တစ်ခုပြီး တစ်ခုအား ဟင်းလင်းပြင် အတွင်း၌ ရေးဆွဲလိုက်လေသည်။

လျှိုကြီးနှင့် နင်းဝမ်ကောတို့ကလည်း ဘာမှ မပြောခဲ့ကြပဲ ချက်ချင်း ဆိုသလိုပင် သူတို့၏ လက်ချောင်း တစ်ချောင်းကို ပင့်မြှောက်လိုက်ကြသည်။ မိစ္ဆာ စွမ်းအားများနှင့် မှော်ကျိန်စာ စွမ်းအားများသည် ဟင်းလင်းပြင် အတွင်း၌ ထိုးတက်လာ၍ ကျယ်ပြန့်သော မြူခိုးငွေ့

တစ်ခုသည် ဤဒိုင်မန်းရှင်း အတွင်း၌ ပေါ်လာခဲ့သည်။

ထိုမြူခိုးငွေ့များသည် ချက်ချင်းပင် မည်းနက်သွားကာ သူတို့သုံးယောက်အား လွှမ်းခြုံသွားခဲ့ကြသည်။

ဝမ်လင်းသည် ခေတ္တမျှ စဥ်းစားလိုက်ရာ မဟာစေတန် ကိုယ်ပွား၏ မျက်လုံးအတွင်းမှ ကြက်သွေးရောင် အလင်းတန်းများ လင်းလက်လာ၍ ပြောလိုက်သည်။ "မိစ္ဆာ မှော်ကျိန်စာ အငွေ့အသက်တွေ အပြင် ဒီနေရာမှာ တကယ်ပဲ လူသားမျိုးနွယ်စုရဲ့ စေတန် မှော်ကျိန်စာ အကြွင်းအကျန်တွေ ရှိနေတယ်... ဒါက ရှေးဟောင်း စေတန်ဂိုဏ်းရဲ့ မူလ အဆုံးအမတွေပဲ ဖြစ်တယ်"

သူ၏ မဟာစေတန် ကိုယ်ပွားသည်
ကောင်းကင်သယ်ဆောင် ပုရွက်ဆိတ်များစွာတို့နှင့်
ရှေးဟောင်းစေတန်ဂိုဏ်းမှ အစွမ်းထက်သော
အဖွဲ့ဝင် တစ်ယောက်၏ အဝိစိ စေတန်
ပုံသဏ္ဍာန်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

မဟာစေတန် ကိုယ်ပွား၏ နဖူးအပေါ်တွင်
ယင်နှင့်ယန်တို့ အဆက်မပြတ် လည်ပတ်နေသော
ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာခဲ့သည်။ ပြီးတာနှင့်
ထိုထိုက်ကျိရုပ်ပုံ ပျောက်ကွယ်သွားကာ သူ၏
နဖူးအပေါ်တွင် ဒေါင်လိုက်ရှိနေသော တတိယ
မျက်လုံးတစ်လုံး စတင်၍ ပေါ်လာခဲ့သည်။

ထိုတတိယ မျက်လုံးသည် ဖြည်းဖြည်းချင်း ပွင့်လာရာ သူ့အတွင်းတွင် သွေးလွှမ်းသော အလင်းတန်း တစ်တန်း လူးလွန့်လာ၍ မဟာစေတန် ကိုယ်ပွားကလည်း အလွန်အမင်း ခက်ထန်ကြမ်းကြုတ်၍ ကြီးစိုး လွှမ်းမိုးနိုင်သည့်ပုံ ပေါက်လာကာ သူမှနေ၍ ရက်စက်သော နတ်ဆိုး အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေသည်။

သူသည် ကမ္ဘာအတွင်းမှ ကောင်းမွန်သော အရာအားလုံးတို့အား ပျက်သုဥ်းစေနိုင်သည့် ကမ္ဘာကပ်ဘေးအလား ဖြစ်နေခဲ့သည်။

"သွားကြစို့" မဟာစေတန် ကိုယ်ပွားက ပြောလိုက်သည်။ အနက်ရောင် မြူခိုးငွေ့များ အကြားတွင် နီရဲနေသော အလင်းတန်း တစ်တန်းက

သူ၏ မျက်လုံး သုံးလုံးစလုံးတို့တွင်
ပေါ်လာသော်လည်း ထင်နေသလို
မတည်ငြိမ်နေခဲ့ပေ။ သူ၏ နဖူးပေါ်မှ
ဒေါင်လိုက်မျက်လုံးသည် ချက်ချင်းပင် အနက်ရောင်
မြူခိုးငွေ့အား မဆက်မပြတ် စုပ်ယူနေခဲ့သည်။

စေတန် မြူခိုးငွေ့များကို ကျင့်ကြံအပြီးတွင်
မဟာစေတန် ကိုယ်ပွား၏ အရှိန်အဝါသည် ပို၍ပို၍
သန်မာ ခက်ထန်လာသည်။

သို့သော်လည်း ဝမ်လင်းသည် သူ၏ စိတ်အား
ထိန်းချုပ်နိုင်စွမ်း ရှိနေသည်။ နင်းဝမ်ကောနှင့်
လျှို့ကြီးတို့ကလည်း သူတို့၏ စိတ်များကို အသီးသီး
ငြိမ်သက်အောင် ထားနိုင်စွမ်းရှိကြသည်။

ပြီးတာနှင့် နင်းဝမ်ကောဲ၏ မျက်လုံးအတွင်းမှ အလင်းတန်းသည် ပြန်ပေါ်လာ၍ နတ်ဘုရား ပုံစံများ အဖြစ်သို့ ပြောင်းသွားကာ သူတို့သုံးယောက် အရှေ့တွင် လမ်းကြောင်းတစ်ကြောင်းကို ဖန်ဆင်းပေးခဲ့သည်။

ထိုအလင်းတန်း၏ လမ်းညွှန်မှုအောက်တွင် သူတို့ သုံးယောက်သားသည် တည်ငြိမ်စွာဖြင့် ရှေ့ဆက်နိုင်ခဲ့ကြရာ မကြာမီပင် သူတို့၏ အရှေ့တွင် မည်းနက်နေသော စေတန်တံခါးက ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။

ထိုစေတန်တံခါးအား တွေ့ခဲ့ရသော အခါ ဝမ်လင်း၏ မျက်လုံးများသည် ချက်ချင်းပင် တောက်ပလာ၍

သူ၏ လက်အစုံကို ဆန့်တန်းလိုက်ကာ တံခါးကို တွန်းဖွင့်လိုက်သည်။

ထိုတံခါးသည် သိသာစွာဖြင့် တုန်ခါသွားကာ တံခါးအပေါ်မှ မှေးမှိန်နေသော အလင်းရောင်များသည် ပို၍ နက်မှောင်လာခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်း၏ ပြင်ပရှိ ယင်ပင်လယ် အတွင်းမှ ယင်ကျိုးနတ်တောင် အပေါ်တွင် ရှိနေသော ဝမ်လင်း၏ မူလ ခန္ဓာကိုယ်ကလည်း တုန်ခါသွားကာ သူ၏ မျက်လုံးအစုံကို ဖွင့်လိုက်၏။

သူ့ဘေးတွင် လင်းဖုန်း၏ အေးရိုးစ်ကိုယ်ပွားသည် မျက်လုံးများကို မှိတ်ထား၍ တင်ပလ္လင်ခွေ

ထိုင်နေခဲ့သည်။ သူ၏ စွမ်းအင်များကို ထုတ်ဖော်ကာ ယင်ပင်လယ်ကို သန့်စင်နေဆဲ ဖြစ်သော်လည်း လင်းဖုန်းသည် မျက်လုံးများ မဖွင့်ပဲနှင့် ဝမ်လင်းတွင် ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာမှန်းကို သိခဲ့ကာ မျက်လုံးမဖွင့်ပဲနှင့် တိုးညင်းစွာ မေးလိုက်သည်။ "အခြေအနေ ဘယ်လိုလဲ"

ဝမ်လင်း၏ မျက်လုံးများသည် ထူးဆန်းသော အလင်းရောင် တစ်ခုဖြင့် လင်းလက်လာ၍ လေးနက်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ဂျူနီယာ လျို့ကြီး ဖော်ပြခဲ့တဲ့ အတိုင်းပဲ အဲ့ဒီနေရာရဲ့ အခြေခံဟာ မိစ္ဆာ မှော်ကျိန်စာတွေ အပြင် လူသား မျိုးနွယ်စုက ရှေးဟောင်းစေတန်ဂိုဏ်းရဲ့ လမ်းစဥ်တွေရဲ့ လွှမ်းမိုးမှုတွေ ရှိနေတယ်"

လင်းဖုန်းက မေးလိုက်သည်။ "ဒါက ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာလား"

ဝမ်လင်းက သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ကျွန်တော်တို့က တံခါးကို ဖွင့်ပြီးမှ အထဲမဝင်နိုင်သေးပဲ ဒါကိုတော့ အတည်ပြုလို့ မရဘူး"

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "ဒါဆိုရင်လည်း အထဲကို သွားလိုက်ပါ"

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် မှော်ကျိန်စာ စွမ်းအင်များသည် ဝမ်လင်း၏ မဟာစေတန်

ကိုယ်ပွားထံမှ အဆက်မပြတ် ထိုးတက်လာကြကာ သူ၏အရှေ့မှ မည်းနက်နေသော စေတန်တံခါးထံသို့ စီးဝင်သွားကြသည်။

ထိုအချိန်တွင် ပတ်ပတ်လည်မှ အနက်ရောင် မြူခိုးငွေ့ကဲ့သို့ စေတန် အငွေ့အသက်များသည် ပင်လယ်အတွင်းမှ လှိုင်းလုံးများကဲ့သို့ ငြိမ်သက်စွာဖြင့် လှုပ်ရှားလာ၍ မဟာစေတန် ကိုယ်ပွားနှင့် မည်းနက်နေသော စေတန်တံခါးထံသို့ ဝင်ရောက်လာကြလေသည်။

ဤအချိန်၌ပင် စေတန်တံခါး ထံမှ ထိုးထွက်နေကြသော ကြမ်းကြုတ်သည့် ရုပ်ထုများသည် တံခါးအတွင်းသို့ ထူးဆန်းစွာဖြင့် ဝင်ရောက်သွားကြသည်။ ထိုကြောင့် ရောမ တံခါး၏

မျက်နှာပြင်ကလည်း ချောမွေ့သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

တံခါးသည် ချောမွေ့သွားခဲ့ကာ တွန့်လိမ်နေသော ပုံစံနှင့် လူသားပုံရိပ်များ၊ ခက်ထန်သော အမူအရာများ ကွယ်ပျောက်သွားခဲ့သော်လည်း တံခါးတစ်ခုလုံးသည် ပို၍ပင် တွန့်လိမ်၍ ကစဥ့်ကလျား ဖြစ်သွားခဲ့သည်ဟု ထင်နေရသည်။

ဤကဲ့သို့သော ဆန့်ကျင်နေသော ခံစားချက် ပုံစံများကြောင့် ဘေးမှ ကြည့်နေသူများတို့သည် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်မှု ကင်းမဲ့သွား၍ ရူးသွပ်သွားတော့မည်ဟု ထင်နေရသည်။

တစ်ချိန်တည်းတွင် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားကလည်း စတင်၍ ပြောင်းလဲလာခဲ့သည်။ သူ၏ မျက်နှာ အသွင်အပြင်များသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ နှာခေါင်းနှင့် ပါးစပ် နှစ်ခုစလုံး ကွယ်ပျောက်သွားခဲ့သည်။ သူ၏ သာမန် မျက်လုံးနှစ်လုံးကပင် အစရှာမရပဲ ပျောက်ကွယ်သွား၏။ ဘာမှ မရှိတော့သော မျက်နှာအပေါ်တွင် ဒေါင်လိုက်မျက်လုံး တစ်ခုသာ ကျန်ရစ်တော့သည်။

ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားတွင် မျက်နှာ အသွင်အပြင်နှင့် အမူအရာများ မကျန်ခဲ့တော့ပေ။ သို့သော်လည်း ခက်ထန်သော နတ်ဆိုး အရှိန်အဝါသည် ယခင်က တစ်ခါမှ မရောက်ဖူးခဲ့သော အထွတ်အထိပ် အခြေအနေ

တစ်ခုသို့ ရောက်သွားခဲ့ကာ ကမ္ဘာအတွင်းတွင် အဆိုးရွားဆုံးသော ဖြစ်တည်မှု တစ်ခုဟူ၍ပင် ထင်နေရသည်။

ဘာမှမကျန်တော့သော ဖရိုဖရဲ မျက်နှာပုံအပေါ်တွင် ဒေါင်လိုက်မျက်လုံး တစ်လုံးသာ ကျန်နေရစ်သည်။ ထိုဒေါင်လိုက် မျက်လုံးထံမှ မျက်စိ ကျိန်းလုမတတ် အလင်းရောင်များသည် စကြာဝဠာ ပေါက်ကွဲမှုနှင့် တူနေကာ ကမ္ဘာဦး ကစဥ့်ကလျားမှုများ အတွင်းမှ နတ်ဆိုးအားလုံး၏ အရင်းအမြစ်နှင့် တူနေခဲ့သည်။

မဟာစေတန် ကိုယ်ပွားမှ ထုတ်လွှတ်နေသော စွမ်းအားနှင့် လွှမ်းမိုးမှုများသည် လူအများအား ကြောက်ရွံ့စွာဖြင့် တုန်ခါစေခဲ့သည်။ စကြာဝဠာအား ဖန်တီးခဲ့သော အချိန်၌ ပထမဆုံး ပေါ်လာသော

အရာသည် အသက်များ စတင်သည့် လေဟာနယ် မဟုတ်သလို အသက်ကိုယ်တိုင် မဟုတ်ပဲ အကြွင်းမဲ့ နတ်ဆိုးသာ ဖြစ်သည်ဟု ခံစားနေရသည်။

ထိုအရာသည် စတင်ခြင်း ဖြစ်သလို အဆုံးသတ်လည်း ဖြစ်ကာ အတိတ်နှင့် အနာဂတ်ဟူ၍ မရှိချေ။

ဤစေတန် သဘောတရား မွေးဖွားလာပြီးမှသာ ကောင်းကင်နှင့် မြေကြီးတို့က ကွဲပြားသွား၍ အသက်စွမ်းအင်များ ပေါ်လာခဲ့သည်။ ဤအရာသည် သက်ရှိအားလုံးတို့က စေတန် သဘောတရားကို လေ့ကျင့်၍ရသည်ဟု ဆိုလိုနေခြင်း ဖြစ်ကာ စေတန်ဝါဒ ကျွမ်းကျင်သူ သို့မဟုတ် စေတန်တစ်ယောက်ပင် ဖြစ်လာနိုင်သည်။

ထို့ကြောင့် စေတန်သည် သက်ရှိအားလုံးတို့၏ အနောက်သို့လိုက်၍ နေရာတိုင်းတွင် ရှိနိုင်ကာ ကောင်းကင်နှင့် မြေကြီးတို့ကဲ့သို့ ထာဝရ တည်မြဲနိုင်သည်။

ဝမ်လင်းသည် ကောင်းခြင်း ဆိုးခြင်း၊ ပျော်ရွှင်ခြင်း ဒေါသထွက်ခြင်းများ မရှိပဲ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။ သူ၏ သက်ပြင်းချသံနှင့် အတူ စေတန်တံခါး၏ အစွန်အဖျားမှ မှေးမှိန်သော အလင်းရောင်သည် ချက်ခြင်းပင် ကွယ်ပျောက်သွားကာ ထိုတံခါးနှင့် ပေါင်းစည်းသွားခဲ့သည်။

ခဏအကြာတွင် ထိုစေတန်တံခါးက
ဖြည်းဖြည်းချင်း ပွင့်လာလေသည်။

တံခါးတွင် အက်ကြောင်းတစ်ခု ပေါ်လာ၍
ဝမ်လင်းက တွန်းဖွင့်လိုက်သော အခါ
လေးလံနေခြင်း မရှိခဲ့ပေ။ စွမ်းအားစနစ်က
မည်ကဲ့သို့ အလုပ်လုပ်သည်ကို သိနေခဲ့သဖြင့်
လျှို့ကြီးသည် သူ၏ လက်ဝါးကို စေတန်တံခါး
အပေါ်သို့ ဖိကပ်လိုက်သည်။ သူ၏
မိစ္ဆာစွမ်းအားများ၏ တွန်းကန်မှုအောက်တွင်
တံခါးသည် အမှန်ပင် ဖြည်းဖြည်းချင်း
ပွင့်လာလေသည်။

ဤအရာကို တွေ့လိုက်သော အခါ နင်းဝမ်ကောက
ခေါင်းညိတ်၍ တွေးလိုက်လေသည်။ "ဝိုး… သူက

မိစ္ဆာစွမ်းအားကို အသုံးပြုပြီးမှ လူသားမျိုးနွယ်စုရဲ့ စေတန် မှော်ကျိန်စာကို ပွံ့ပိုးနိုင်ခဲ့တယ်"

တံခါးသည် နောက်ဆုံးတွင် လုံးဝ ပွင့်သွားခဲ့သည်။ တံခါးအနောက်တွင် လုံးဝ ကမ္ဘာအသစ်တစ်ခု ရှိနေသည်။

ထိုကမ္ဘာ အတွင်းတွင် တောင်များ၊ ပင်လယ်များတို့သည် သဘာဝ အတိုင်း ရှိနေကြသည်။ ထိုကမ္ဘာသည် အမှန်ပင် နတ်သမီးပုံပြင် အတွင်းမှ ကမ္ဘာတစ်ခုနှင့် တူနေပေသည်။

သို့သော်လည်း ထူးခြားသည်မှာ ဤကမ္ဘာတွင်
အနီနှင့် အနက်ရောင် အရောင်များသာ
ရှိနေကြသည်။ သူ့အတွင်းမှ အရာအားလုံးတို့အား
အနီနှင့် အနက်တို့ဖြင့်သာ ဖွဲ့စည်းထား၍ အခြား
အရောင်များကို မတွေ့နိုင်ခဲ့ပေ။

သူတို့ သုံးယောက်သားသည် တံခါးအတွင်းသို့
ဝင်ခဲ့ကြရာ သူတို့အနောက်တွင် တံခါးက
ပြန်ပိတ်သွားခဲ့သည်။ ဝမ်လင်းသည် အနောက်သို့
လှည့်ကြည့်လိုက်သော်လည်း နောက်ထပ် ဘာမှ
မစဥ်းစားခဲ့ပေ။ မဟာစေတန် ကိုယ်ပွား၏
မျက်နှာပေါ်တွင် နဖူးပေါ်ရှိ ဒေါင်လိုက်
မျက်လုံးမှလွဲ၍ အခြားအရာ တစ်ခုမှ ရှိမနေပေ။

ဝမ်လင်း၊ လျှိုကြီးနှင့် နင်းဝမ်ကောတို့သည် ထိုအနီးနှင့် အနက် ကမ္ဘာအတွင်းသို့ နောက်ထပ် ဆက်လျှောက်လာကြသည်။

နင်းဝမ်ကော၏ ခြေလှမ်းများသည် ဖြည်းဖြည်းချင်း နှေးကွေးလာသည်။ သူမသည် ပတ်ဝန်းကျင်သို့ ကြည့်နေရင်း သူမ၏ မျက်လုံးများ အတွင်းတွင် အံ့ဩမှုများနှင့် စိတ်ရှုပ်ထွေးမှုများ ပေါ်လာခဲ့သည်။ ခံစားချက် ကင်းမဲ့နေသော မျက်နှာဖြင့် ဝမ်လင်းသည် ဘေးပတ်ပတ်လည်ကို ကြည့်နေပြီး သူ့နဖူးပေါ်မှ ဒေါင်လိုက်မျက်လုံးဖြင့် နင်းဝမ်ကောအား ကြည့်၍ မေးလိုက်သည်။

"ခင်ဗျားက အသစ် တစ်စုံတစ်ရာကို ရှာတွေ့ခဲ့လား"

"ငါက ဒီနေရာကို ရောက်ဖူးတယ်လို့ ခံစားနေရပြီး ဒီနေရာက အချိုးအကွေ့တွေတိုင်းဟာ ငါနဲ့ ရင်းနှီးနေသလိုမျိုး ခံစားနေရတယ်" နင်းဝမ်ကောက အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။ သူမသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေရင်း ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ငါက ဒီမြင်ကွင်းကို အရင်က မြင်ဖူးခဲ့တာ သေချာတယ်"

ဝမ်လင်းက သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဒါဆိုရင် ကျွန်တော်တို့က နေရာမှန်ကို ရောက်လာတာ သေချာသွားပြီ"

နင်းဝမ်ကောသည် သူမ၏ မျက်လုံးများကို မှိတ်လိုက်ပြီး ခဏအကြာတွင် ပြန်ဖွင့်လိုက်ကာ

ရှေ့တစ်လှမ်းတိုး၍ ပြောလိုက်သည်။ "ဒီဘက်မှာ" ဝမ်လင်းနှင့် လျှိုကြီးတို့သည် ဘာမှ မကန့်ကွက်ပဲ သူမအနောက်သို့ လိုက်သွားခဲ့သည်။

ဤကမ္ဘာအတွင်းတွင် တူညီသော စံအိမ်တစ်ခုကို တွေ့ခဲ့ရပြန်သည်။ နင်းဝမ်ကောသည် ထိုစံအိမ် အတွင်းသို့ ဝင်ရောက်ခဲ့အပြီးတွင် ထိုနေရာနှင့် ရင်းနှီး ကျွမ်းဝင်နေသကဲ့သို့ သူမ၏ ခြေလှမ်းများက ပိုမြန်လာခဲ့သည်။

သူတို့အုပ်စုသည် အနောက်ခန်းမ အတွင်းသို့ ရောက်လာကာ ယဇ်ပူဇော်သည့် ယဇ်ပလ္လင်တွင် မိစ္ဆာမျိုးနွယ်စု အသီးသီးမှ မိစ္ဆာတို့၏ အရိုးတို့ဖြင့် ပြင်ဆင်ထားသည်ကို တွေ့ခဲ့ရသည်။

ခဏာ ကြည့်လိုက်ရုံဖြင့်ပင် နဂါးများ၊ အစစ်အမှန်ဟူများ၊ လူဝံမိစ္ဆာများ၊ ခွန်းဖန်များနှင့် အခြား မိစ္ဆာတို့၏ အရိုးများကို တွေ့ခဲ့ရသည်။

ထိုအရိုးများသည် စေတန်တံခါး အပေါ်တွင် မူလက ရှိနေခဲ့သော ရုပ်ထုများကဲ့သို့ အလွန်အမင်း သဘာဝ မကျသော အနေအထားမျိုးဖြင့် တွန့်လိမ်နေကြကာ အဆက်အစပ် မရှိသော ခံစားချက်များကို ပေးစွမ်းနိုင်သည်။

အရိုးများကို ထပ်၍ ယဇ်ပလ္လင်ကို ဖွဲ့စည်းထားကာ ပေတစ်သိန်း နီးပါးအထိ မြင့်မားပေသည်။ သူသည် ခမ်းနားလှသော စံအိမ်အတွင်းတွင် ဒိုင်မန်းရှင်း အပြောင်းအလဲကြောင့် ဤမျှအထိ ကြီးသည်ဟု မထင်နေရပေ။ သူသည် ခမ်းနားလှသော စံအိမ်၏

အမိုးနှင့် ယှဥ်လိုက်လျှင် နိမ့်သည်ဟု
ထင်နေရသော်လည်း လူအများကို
ထိတ်လန့်တုန်လှုပ်စေရန် လုံလောက်ပေသည်။

စံအိမ်နှင့် ယဇ်ပလ္လင်တို့ နှစ်ခုစလုံးသည် အနီနှင့်
အနက်ရောင်များ ဖြစ်ကြကာ အလင်းနှင့်
အမှောင်တို့ အကြားတွင်
ယှက်သန်းနေသကဲ့သို့ဖြစ်ကာ အလွန်အမင်း
နတ်ဆိုးဆန်လှပေသည်။

နင်းဝမ်ကောသည် ထိုယဇ်ပလ္လင်ကို တွေတွေကြီး
စိုက်ကြည့်နေကာ ပြောစရာ စကားများ
ပျောက်ကွယ်နေခဲ့သည်။

သို့သော်လည်း ဝမ်လင်း၏ အာရုံအား ထိုယဇ်ပလ္လင်၏ အနီးအနားတွင် ရှိသော နောက်ထပ် မှော်ဝက်ပါ တစ်ခုက ဖမ်းစားသွားခဲ့သည်။

ထိုဝက်ပါ၏ အလယ်တွင် ပစ္စည်းတစ်မျိုး၏ ကျိုးပဲနေသော အပိုင်းအစများ ပြန့်ကျဲနေ၍ ထိုအပိုင်းအစများသည် ဝမ်လင်း၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

နင်းဝမ်ကောသည် သတိပြန်ဝင်လာ၍ ဝမ်လင်းနှင့် လျှိုကြီးတို့အား ကြည့်လိုက်သည်။ ပုံမှန်အချိန်တွင် ထူးမခြားနား ပုံစံဖြင့် ခပ်တည်တည် နေတတ်သော အမျိုးသမီးသည် ရုတ်တရက် လေးနက်လာကာ ပူလောင်လာသကဲ့သို့ပင် ဖြစ်လာသည်။

"ငါက ဒီယဇ်ပလ္လင်ရဲ့ ထိပ်ဆုံးကို တက်မှဖြစ်မယ်… ငါ့ရဲ့ ဆဋ္ဌမ အာရုံကနေပြီး အဲ့ဒီနေရာမှာ အတိတ်က ငါဘာဖြစ်ခဲ့သလဲ ဆိုတာကို သိနိုင်လိမ့်မယ်လို့ ပြောနေတယ်" နင်းဝမ်ကောက ပြောလိုက်သည်။ သူမသည် အပေါ်သို့ ပျံသန်းသွား၍ ထိုယဇ်ပလ္လင်၏ ထိပ်ဆုံးသို့ ရောက်သွားကာ တင်ပလ္လင်ခွေ၍ ထိုင်ချလိုက်သည်။

နင်းဝမ်ကောသည် ထိုယဇ်ပလ္လင် အပေါ်တွင် ထိုင်ချလိုက်သည်နှင့် တစ်ပြိုင်နက် ယဇ်ပလ္လင် တစ်ခုလုံးသည် ချက်ချင်းပင် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ မိစ္ဆာစွမ်းအားများသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ အဖြူရောင်

တိမ်တိုက်မီးခိုးများ ထွက်လာပြီး ဤယဇ်ပလ္လင်အား လွှမ်းခြုံသွားခဲ့သည်။

အနီနှင့် အနက်သာ ရှိသော ကမ္ဘာအတွင်း၌ နောက်ဆုံးတွင် နောက်ထပ် အရောင်တစ်ခု ပေါ်လာခဲ့သည်။

## စာစဥ် ၆၈ : အပိုင်း ၁၆

## အပိုင်း ၁၃၂၆ : စေတန်လမ်းစဥ်များကို ကိုယ်ပိုင်ကျင့်ကြံမှု

အဖြူရောင် မီးခိုးငွေ့များ အများအပြား ထွက်ပေါ်လာ၍ နင်းဝမ်ကောနှင့် အရိုး

ယဇ်ပလ္လင်တို့အား လွှမ်းခြုံသွားခဲ့သည်။
သို့သော်လည်း နင်းဝမ်ကောသည်
ပျာယာခတ်သွားခြင်း မရှိခဲ့ပဲ ငြိမ်းချမ်းသော
အမူအရာဖြင့် သူမ၏ မျက်လုံးအစုံအား
ပိတ်ထားကာ ယဇ်ပလ္လင် အပေါ်၌ တင်ပလ္လင်ခွေ
ထိုင်နေခဲ့သည်။

ထိုအချိန်တွင် အနီနှင့် အနက်ရောင်တို့ဖြင့်သာ
ဖွဲ့စည်းထားသော ကမ္ဘာကြီးတွင် နောက်ဆုံး၌
နောက်ထပ် အရောင်တစ်ခုအား မြင်တွေ့ခဲ့ရသည်။
သို့သော်လည်း ထိုအရာသည် အဖြူရောင်
မီးခိုးငွေ့များသာ ဖြစ်ကြပြီး သူတို့သုံးယောက်သား
ရောက်ရှိနေကြသည့် စံအိမ်၏ ကျန်သော နေရာများ
အားလုံးတို့တွင် အနီနှင့် အနက်ရောင်များသာ
ရှိနေကြသည်။

ဝမ်လင်းသည် ပတ်ဝန်းကျင်အား သူ၏ သဘာဝလွန် အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ နင်းဝမ်ကောက အန္တရာယ် မရှိနေမှန်းကို သိလိုက်သဖြင့် သူ၏ အသိစိတ်အား ရုပ်သိမ်းလိုက်၍ လျှိုကြီးအား ကြည့်ကာ ပြောလိုက်သည်။ "ဂျူနီယာ လျှိုကြီး... မင်းက ဒီနေရာမှာ သူမကို စောင့်ရှောက်နေလိုက်ပါ... ငါက ဟိုနေရာက မှော်ဝက်ပါကို သွားကြည့်လိုက်ဦးမယ်"

အလင်းတန်း ပုံရိပ်တစ်ခုသည် သူ၏ ခန္ဓာကိုယ် အတွင်းမှ လူပ်ရှားသွား၍ ကျောက်တုံးကြီးကဲ့သို့ လေးလံသည့် ချပ်ဝတ်တန်ဆာသည် သူ၏ ခန္ဓာကိုယ်နှင့် ကွဲပြားသွားသည်။

ထိုချပ်ဝတ်တန်ဆာ အတွင်းမှနေ၍
ခမ်းနားထည်ဝါ၍ ချောမောသော လူတစ်ယောက်
ပေါ်လာလေသည်။ သူသည် မဟာယာန အဆင့်မှ
ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာ၏ မူလ
စိတ်ဝိညာဉ် ဖြစ်သော မိချောင်း နတ်ဘုရားပင်
ဖြစ်သည်။

ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာကို
ဝတ်ဆင်ထားသော မိချောင်း နတ်ဘုရားသည်
ထိုမှော်ဝက်ပါ၏ ပြင်ပသို့ လျှောက်လာခဲ့သည်။
လေးနက်စွာဖြင့် တိတ်ဆိတ်နေ၍ သူသည်
ထိုမှော်ဝက်ပါ၏ အလယ်တွင် ရပ်နေသော
ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားအား
စိုက်ကြည့်နေခဲ့သည်။

ဝမ်လင်းသည် လျှိုကြီးအား
ယုံကြည်စိတ်ချနေသဖြင့် ကျူးအာ မြင့်မြတ်သော
ချပ်ဝတ်တန်ဆာအား သူ၏ကိုယ်မှ ခွာချခဲ့သည်။
အဘယ်ကြောင့်ဆိုသော် မဟာစေတန်
ကိုယ်ပွားအနေဖြင့် ထိုကဲ့သို့မှသာ
ဤအပိုင်းအစများကို လေ့လာရန် ပို၍
အဆင်ပြေသောကြောင့် ဖြစ်သည်။

လျှိုကြီးသည် အဖြူရောင် မီးခိုးငွေ့များကို
ကြည့်နေရင် ခေတ္တမျှ အတွေးနက်နေခဲ့သည်။
ဝမ်လင်း၏ စကားများကို ကြားရသော အခါ သူက
သတိပြန်ဝင်လာ၍ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ…
စီနီယာဝမ်… ကျွန်တော်က ကျွန်တော်တို့ရဲ့
ပတ်ဝန်းကျင်ကို သတိထားနေပါမယ်"

ပြီးတာနှင့် သူသည် ယဇ်ပလ္လင်အား မစိုက်ကြည့်နေတော့ပဲ သူ၏ အာရုံများကို စူးစိုက်လိုက်သည်။ သူ၏ မိစ္ဆာစွမ်းအားနှင့် သဘာဝလွန် အသိစိတ်တို့အား နေရာအနှံ့သို့ ဖြန့်ကြက်ထားကာ စံအိမ်တစ်ခုလုံးကို လွှမ်းခြုံထားလိုက်သည်။

ထိုအရာကို မြင်လိုက်သော အခါ ဝမ်လင်းသည် မှော်ဝင်္ကပါ အတွင်းသို့ ဝင်သွားခဲ့၍ သူ့နဖူးပေါ်မှ ဒေါင်လိုက်မျက်လုံးဖြင့် မှော်ဝင်္ကပါ၏ အလယ်မှ အပိုင်းအစများကို စိုက်ကြည့်နေခဲ့သည်။

ဝင်္ကပါ၏ အလယ်တွင် ပြန့်ကျဲနေသော အပိုင်းအစများသည် သလင်းကျောက် အစများနှင့် တူနေ၍ ဤအနီနှင့် အနက်ရောင် ကမ္ဘာအတွင်းတွင်

အနက်ရောင် သန်းနေခဲ့သည်။ သို့သော်လည်း ဝမ်လင်းက ထိုအနက်ရောင်သည် ဤသလင်းကျောက်များ၏ မူလအရောင် ပျက်ပြယ်သွားပြီးမှ ပေါ်လာခြင်း ဖြစ်သည်ဟု အာရုံခံနိုင်ခဲ့သည်။

ဤမှော်ဝက်ပါ အတွင်းတွင် ဝက်ပါပုံစံများ ရှိနေသေးသော်လည်း မမှတ်မိနိုင်လောက်အောင် ပုံပျက်နေကြပြီ ဖြစ်သည်။ ပုံသဏ္ဍာန်များ တည်ရှိနေကြသေးသော်လည်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိကြတော့ပေ။

ထိုသလင်းကျောက် အစများကို တိုက်ရိုက် စိုက်ကြည့်လိုက်သော အခါ သူ့အနေဖြင့်

မှော်ကျိန်စာ အငွေ့အသက် ရေးရေးလေးကို အာရုံခံနိုင်ခဲ့သည်။

ဝမ်လင်းသည် တင်ပလ္လင်ခွေကာ ထိုင်ချလိုက်၍ သာမန်ဟုသာ ထင်နေရသည့် အပိုင်းအစ တစ်ခုအား ကောက်ယူလိုက်သည်။ သူ၏ ကိုယ်ပိုင် မှော်စွမ်းအင်များကို ထည့်သွင်းလိုက်သော်လည်း ထိုအစသည် တုံ့ပြန်မှု မရှိခဲ့ပေ။

"ဘာလဲဟ" ဝမ်လင်းက တွေးလိုက်သည်။ မျက်နှာ အသွင်အပြင် မရှိနေသည့် သူ၏ မဟာစေတန် ကိုယ်ပွားသည် အမူအရာ ကင်းမဲ့နေခဲ့သော်လည်း သူ့နဖူး အပေါ်ရှိ ဒေါင်လိုက်မျက်လုံး အတွင်းမှ အနီရောင် အလင်းတန်းများသည် ပို၍ တောက်ပလာခဲ့သည်။

ခေတ္တမျှ မိမိကိုယ်ကိုယ် ဆန်းစစ်အပြီးတွင် ဝမ်လင်း၏ နဖူးပေါ်မှ ဒေါင်လိုက်မျက်လုံးသည် အနက်ရောင် ပြောင်းသွားခဲ့၍ အနက်ရောင် အလင်းတန်းများ ထွက်လာပြီး ထိုသလင်းကျောက် အပေါ်သို့ ကျဆင်းသွားခဲ့သည်။

ထိုအပိုင်းအစသည် ထပ်ဖန်တစ်ခါ တုန်ခါလာ၍ ဝမ်လင်း၏ အသိစိတ် ပင်လယ်အတွင်းတွင် ထူးခြားသော ပုံရိပ်များက ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။

သူ၏ စိတ်အတွင်း၌ အဆုံးမဲ့ အသူရာချောက် တစ်ခု ပေါ်လာ၍ ထိုချောက်အတွင်းတွင် စေတန်ပေါင်း တစ်သောင်းတို့က ဟိန်းဟောက်နေကြသည်။

စေတန် အရိုန်အဝါများ ပေါက်ကွဲထွက်လာ၍ အနက်ရောင် ကမ္ဘာ တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့လေသည်။

ဝမ်လင်းသည် သူ၏ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်၍ ချောက်အတွင်းသို့ ဖြည်းဖြည်းချင်း ဆင်းသက်သွားခဲ့ရာ သူ့တစ်ကိုယ်လုံး၌ စေတန် အငွေ့အသက်များ ဖုံးလွှမ်းသွားခဲ့သည်။ ချောက်အတွင်း၌ စေတန် သတ္တဝါနှင့် စေတန် လူသားများတို့က ရုတ်ရုတ်သဲသဲ ဖြစ်နေသည်မှာ သိသာနေသည်။

အရာအားလုံးတို့သည် သဘာဝ မကျပဲ တွန့်လိမ် ထူးဆန်းနေခဲ့သည်။ ဤအရာသည် လူသားတို့၏

ကြောက်စိတ်အား ရှေ့သို့ ခြေတစ်လှမ်း
တိုးစေခဲ့သည်။

အကြည့်တစ်ချက်ဖြင့်ပင် လူအများအား ထိန်းမနိုင်
သိမ်းမရ ဖြစ်စေခဲ့သည်။ တစ်ယောက်၏ အသိစိတ်
ပင်လယ်အတွင်းမှ စိတ်ဝိညာဉ် တာဝါသည်
စေတန်တစ်အုပ်စုကြောင့် အစိတ်စိတ် အမွှာမွှာ
ဖြစ်လုနီးပါး ဖြစ်နေခဲ့သည်။

ထိုအရာ အားလုံးတို့၏ ဝန်းရံခြင်းကို ခံခဲ့ရသော
အခါ တစ်ယောက်၏ စိတ်ကို
ယိမ်းယိုင်လှုပ်ရှားစေ၍ အသိစိတ်အား
ကြည်လင်အောင် ထိန်းသိမ်းနိုင်ရန် ခက်ခဲပေသည်။

ဝမ်လင်းသည် ခက်ထန်စွာဖြင့်
ဟိန်းဟောက်လိုက်ရာ သူ၏ အရှိန်အဝါသည်လည်း
ဖရိုဖရဲ ဖြစ်သွားကာ ခက်ထန်ကြမ်းကြုတ်
သွေးဆာလာ၍ နတ်ဆိုး စေတန်ပုံစံ
ဖြစ်သွားခဲ့သည်။

သူသည် အသူရာချောက်နှင့် တစ်သားတည်း
ဖြစ်သွား၍ စေတန်ပင်လယ် အတွင်း၌
ပျော်ရွှင်စွာဖြင့် မေ့ပျောက်နေသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ဝမ်လင်း၏ အတွင်းရှိ နက်ရှိုင်းသော
တစ်နေရာ၌ သူ၏ စိတ်ဝိညာဉ် တာဝါအား
အသေအချာ စောင့်ကြပ်နေခဲ့သည်။ ထိုနေရာတွင်
သူဘာလုပ်နေသည်ကို သိနေသော အသိစိတ်တစ်ခု
ရှိနေသည်။

သူသည် အသူရာချောက် အတွင်းသို့ ဆက်လက် လျှောက်လှမ်း လာခဲ့ကာ အနီးအနားမှ စေတန် သတ္တဝါများ အားလုံးကို လွှမ်းခြုံထားသော စေတန် အငွေ့အသက်များကို စုပ်ယူနေခဲ့သည်။ ထို့ကြောင့် သူသည် ပို၍ပို၍ သန်မာလာကာ ဤစေတန်အုပ်စု အတွင်းတွင် အစွမ်းအထက်ဆုံးသူ တစ်ယောက် ဖြစ်လာခဲ့သည်။

ဤအချိန်၌ ဝမ်လင်း၏ ခန္ဓာကိုယ်သည် လူသားပုံစံ မပေါက်တော့ပဲ တွန့်လိမ်နေသည်။ သူသည် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးဖြင့် သူ၏ ခြေထောက်များသည် ဝါးပင်များကဲ့သို့ ပိန်သွယ်ရှည်လျားနေသည်။

သူ့တွင် ရေဘဝဲ တစ်ကောင်ကဲ့သို့
လက်နှစ်ဘက်မက ရှိနေ၍ သူ၏ လက်များသည်
လုံးပတ် မတူညီပဲ ရေဘဝဲ၏ လက်များကဲသို့
တွန့်လိမ် လှုပ်ရှားနေခဲ့သည်။ အကြီးမားဆုံးသော
သူ့လက်များသည် သူ၏ ခန္ဓာကိုယ်ထက်ပင် ပို၍
ထူထဲသေးသည်။

သူ၏ခေါင်းကို မမြင်ရတော့ပဲ သူ၏ ရင်ဘတ်တွင်
မျက်လုံးတစ်လုံးသာ ရှိနေကာ သွေးဆာသော
အငွေ့အသက်များကို ထုတ်လွှတ်နေ၍ အသိဉာဏ်
မရှိသော အသံများဖြင့် ရှူးသွပ်စွာ
ဟိန်းဟောက်နေခဲ့သည်။

သို့သော်လည်း ဝမ်လင်းသည် ရှေ့သို့
ဆက်လျှောက်လာ၍ ပိုမို သန်မာလာသည်နှင့် အမျှ

သူ၏ ခန္ဓာကိုယ်သည် ပြန်လည်၍ ပြောင်းလဲသွားခဲ့ပြီး မူလပုံစံသို့ ပြန်ရောက်လာခဲ့သည်။ နောက်ဆုံးတွင် ပေတစ်သိန်းခန့် ကြီးမားသော သူ၏ အရွယ်အစားဖြင့်ပင် သူ၏ ခန္ဓာကိုယ် အချိုးအစားများသည် သာမန် လူတစ်ယောက်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။

သို့သော်လည်း သူ၏ မျက်နှာပေါ်တွင် အသွင်အပြင်များ မရှိနေပဲ ကစဥ့်ကလျား ဖြစ်မှုများ အတွင်းတွင် သူ့နဖူးပေါ်မှ ဒေါင်လိုက် မျက်လုံးတစ်လုံးသာ တောက်ပစွာဖြင့် လင်းလက်နေခဲ့သည်။

ယခုအချိန်တွင် ဝမ်လင်း၏ ခန္ဓာကိုယ်သည် ယခင်ကကဲ့သို့ ခက်ထန်၍ ကြောက်မက်ဖွယ် မကောင်းတော့ချေ။ သို့သော်လည်း ရက်စက်၍ ကြမ်းတမ်းသော အရှိန်အဝါသည် ပိုမို မြင့်မားလာ၍ ဘေးတွင်ရှိနေသော စေတန်များအား သူ့အား ဦးညွှတ်စေကာ သူ့အနားသို့ မကပ်ရဲအောင် ဖြစ်စေခဲ့သည်။

ဝမ်လင်းသည် အသူရာချောက်၏ အောက်ခြေသို့ ဆင်းသက်သွားသော အခါ မြင်ကွင်းက ချက်ချင်း ပြောင်းလဲသွားခဲ့သည်။ ကစဥ့်ကလျား ဖြစ်နေ၍ တွန့်လိမ်နေသော စေတန် သတ္တဝါများနှင့် အခြားအရာများက လုံးဝ ပျောက်ကွယ်သွားကြကာ သူ့အရှေ့တွင် ပြန်လည် ငြိမ်းချမ်းသွားခဲ့သည်။

သို့သော်လည်း သူတို့အပြင်မှ ဝင်လာသည့် ပြောင်းလဲနေသော မည်းနက်နေသည့် စေတန်တံခါးကဲ့သို့ပင် သူ့အရှေ့မှ မြင်ကွင်းသည် အစီအစဉ် ကျနေ၍ သာမန်ဆန်နေသော်လည်း သူ့နောက်ကွယ်တွင် လူအများကို မသက်မသာ ဖြစ်စေသည့် တွန့်လိမ်မှုများ ရှိနေခဲ့သည်။

ကြည့်၍သည်မှာ အလွန်အမင်း သာမန် ဆန်နေသော်လည်း အရာအားလုံးတို့သည် နှလုံးသားကို တုန်လှုပ်စေသည့် ဆန့်ကျင်မှုများဖြင့် ပြောင်းပြန် ဆန်နေသကဲ့သို့ ဖြစ်နေသည်။

အသူရာချောက်၏ အောက်ခြေတွင် လူသားပုံရိပ်များ လင်းလက်နေ၍ ဝမ်လင်း၏ ရောက်ရှိလာမှုကို အာရုံခံမိကြသော အခါ

ထိုပုံရိပ်များသည် သူ့အား အတူတကွ
လှည့်ကြည့်လိုက်ကြလေသည်။

ထိုအချိန်တွင် ဝမ်လင်းသည် သူ၏ ပုံရိပ်ပေါင်း
တစ်ထောင်ကို မြင်တွေ့ခဲ့ရသည်။

ဤနေရာမှ ပုံရိပ် အားလုံးတို့သည် အတူတူသာ
ဖြစ်ကြ၍ ဝမ်လင်း၏ ယခု မဟာစေတန်
ကိုယ်ပွားကဲ့သို့ သူတို့တွင် မျက်နှာ အသွင်အပြင်နှင့်
အမူအရာများ မရှိနေကြပေ။ ကစဉ့်ကလျားမှုများ
အတွင်းတွင် သူတို့၏ နဖူးများ အပေါ်တွင်
ဒေါင်လိုက်မျက်လုံး တစ်လုံးသာ ရှိနေကြ၍
ဝမ်လင်းအား အတူတကွ
စိုက်ကြည့်နေကြလေသည်။

ဝမ်လင်းသည် တုန်လှုပ်နေခြင်း မရှိပဲ ချောက်၏
အောက်ခြေသို့သာ ဆက်လက်၍
ဆင်းသက်လာခဲ့သည်။

မျက်နှာ အသွင်အပြင် မရှိနေကြသော
မျက်နှာများသည် သူတို့၏ နဖူးများ အပေါ်တွင်
ရှိနေသော တစ်ခုတည်းသော မျက်လုံးဖြင့်
ဝမ်လင်း၏ လှုပ်ရှားမှုတိုင်းကို ငြိမ်သက်စွာ
စောင့်ကြည့်နေကြသော်လည်း တစ်ယောက်ကမှ
ရှေ့တက်လာ၍ သူ့အား မတားဆီးခဲ့ပေ။

တစ်ယောက်ကမှ သူ့အား
စကားလာမပြောခဲ့ကြသော်လည်း တစ်ယောက်ကမှ
သူ့ထံမှ အကြည့်မလွှဲခဲ့ပေ။ ထိုသူတို့သည် ဝမ်လင်း

ရှေ့တက်လာသည်ကို အေးစက်စွာဖြင့်ပင်
တွေတွေကြီး စိုက်ကြည့်နေကြသည်။

ဝမ်လင်းသည် ရှေ့ဆက်လျှောက်နေရင်း
ဤချောက်ကမ်းပါးသည် ပြောင်းပြန်လှန်ထားသော
ပိရမစ်နှင့် တူနေသည်ဟု ခံစားနေရသည်။
သူအောက်သို့ လျှောက်လာသော အခါ ထိပ်ဆုံးသို့
တက်နေသကဲ့သို့ ဖြစ်သည်။

သူ၏အရှေ့မှ မြင်ကွင်းသည် ထပ်ဖန်တစ်ခါ
ပြောင်းသွားပြန်ကာ ဝမ်လင်းသည် သူ၏
နဖူးအလယ်မှ စူးရှသော နာကျင်မှု တစ်ခုကို
ရုတ်တရက် ခံစားခဲ့ရသည်။

သူ့နဖူး အပေါ်မှ ဒေါင်လိုက်မျက်လုံး၏
သူငယ်အိမ်သည် ပြူးကျယ်လာ၍ မျက်လုံးအစွန်မှ
သွေးများ ထွက်လာကာ မျက်နှာသွင်ပြင် မရှိသော
မျက်နှာပြောင် အပေါ်သို့ စီးကျလာခဲ့သည်။

ထိုအချိန်၌ သူ၏ ဒေါင်လိုက် မျက်လုံးသည်
ပျက်စီးသွား၍ သွေးနှင့်ပြည်များ ထွက်လာခဲ့သည်။

မျက်လုံးများသည် မြည်တမ်းနေသော အမာရွတ်
အဖြစ်သို့ ပြောင်းလုနီးပါး ဖြစ်သွားခဲ့သည်။

ဝမ်လင်း၏ မသိစိတ် ဒိုင်မန်းရှင်း ပြင်ပမှ
စံအိမ်အတွင်းရှိ အစစ်အမှန် ကမ္ဘာတွင် လျှိုကြီးနှင့်
မိချောင်း နတ်ဘုရားတို့ နှစ်ယောက်စလုံးသည်

အံ့အားသင့်၍ ပူပန်သော အမူအရာများဖြင့် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားအား အနီးကပ် စိုက်ကြည့်နေကြလေသည်။

အစစ်အမှန် ကမ္ဘာတွင် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွား ကိုင်ဆောင်ထားသော အနက်ရောင် သလင်းကျောက်သည် ရုတ်တရက်ပင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွား၍ ဝမ်လင်း နဖူးမှ ဒေါင်လိုက်မျက်လုံး အတွင်းသို့ တည့်တည့်ဝင်သွားခဲ့ရာ ဒေါင်လိုက်မျက်လုံးကလည်း ကန်းသကဲ့သို့ ဖြစ်သွားခဲ့သည်။

ဒေါင်လိုက်မျက်လုံးသည် ကြည့်ရဆိုးသော အမာရွတ် တစ်ခုအဖြစ်သို့ ပြောင်းသွား၍ အတွင်းမှ

သွေးများထွက်လာခဲ့သည်။ အမာရွတ်သည် အဆက်မပြတ် ရင့်ရော်သွား၍ အတွင်းမှ အနက်ရောင် အလင်းတန်းများ ထွက်လာခဲ့သည်။

ထိုအရာကို မြင်လိုက်သော အခါ လျှိုကြီးနှင့် မိချောင်း နတ်ဘုရားတို့သည် ဘာဖြစ်သွားသည်ကို မသိနေကြပဲ အရှေ့သို့ အလောတကြီး ပြေးလာကြကာ ဝမ်လင်းအား ကူညီရန် ရည်ရွယ်လိုက်ကြသည်။

သို့သော်လည်း ထိုအချိန်၌ လျှိုကြီး၏ ပန်းလိုင်နတ်တောင် အပေါ်မှ ကိုးနဝင်းချီ ကိုယ်ပွားသည် လင်းဖုန်း၏ အသံကို စိတ်အတွင်းမှ ကြားလိုက်ရသည်။ "လျှိုကြီး... သူ့ကို အခု မကူညီနဲ့ဦး... အနောက်မှာပဲ စောင့်ကြည့်နေဦး"

ယင်ကျိုးနတ်တောင် အပေါ်၌ လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားသည် သူ၏ မျက်လုံးများကို ဖွင့်လိုက်၍ ဝမ်လင်း၏ မူလ ခန္ဓာကိုယ်အား ကြည့်နေခဲ့သည်။

ယခုအချိန်၌ ဝမ်လင်း မူလခန္ဓာကိုယ်၏ နဖူးအပေါ်တွင် ကွဲဟနေသော အက်ကြောင်းတစ်ခု ပွင့်လာသည်။ ထိုအက်ကြောင်းသည် ကျယ်ပြန့်လိုနေခဲ့ပြီး အတွင်းမှ အနက်ရောင် အလင်းတန်း တစ်ခု ထွက်လာခဲ့သည်။

လင်းဖုန်းသည် ဝမ်လင်းအား ငြိမ်သက်စွာဖြင့် စောင့်ကြည့်နေရာ ဝမ်လင်းက မျက်လုံးများ

မဖွင့်ပဲနှင့် ပြောလိုက်သည်။ "ဆရာ... ကျွန်တော်က ကိစ္စ မရှိပါဘူး"

ဟင်းလင်းပြင် စစ်တလင်း အတွင်း၌ ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် ဘာမှ မလှုပ်ရှားပဲနှင့် ငြိမ်းချမ်းစွာသာ ထိုင်နေခဲ့သည်။ သို့သော်လည်း သူ၏ လက်ချောင်းကို ပင့်မြှောက်လိုက်သော အခါ မှော်ဝက်ပါ အတွင်းမှ ကျန်နေသော အနက်ရောင် သလင်းကျောက်များ အားလုံးသည် သူ့အရှေ့သို့ ရောက်လာခဲ့သည်။

သူတို့အားလုံးသည် အလင်းတန်းများ အဖြစ်သို့ ပြောင်းသွား၍ သူ့နဖူးအလယ်မှ ဒေါင်လိုက် အက်ကြောင်းအတွင်းသို့ ဝင်သွားကြသည်။

လျှိုကြီးနှင့် မိချောင်း နတ်ဘုရားတို့သည် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားအား လေးနက်သော အမူအရာများဖြင့် စိုက်ကြည့်နေကြလေသည်။

မဟာစေတန် ကိုယ်ပွား၏ အသိစိတ် ပင်လယ်အတွင်း၌ ဝမ်လင်းသည် အသူရာချောက်၏ အောက်ဘက်သို့ ဆက်လက်၍ ဆင်းသက်သွားနေခဲ့သည်။ သူ့နဖူး အပေါ်မှ ဒေါင်လိုက်မျက်လုံးသည် သေးသွယ်သော အက်ကြောင်း တစ်ခုအဖြစ်သို့ ပြောင်းသွားပြီ ဖြစ်သည်။

ထိုအက်ကြောင်း ပေါ်လာသည်နှင့် ဝမ်လင်းသည် သူ၏ ဖြစ်တည်မှု တစ်ခုလုံးသည် ပြန်လည် မွေးဖွားလာသည်ဟု ခံစားခဲ့ရသည်။

သူသည် အသူရာချောက်၏ အောက်ခြေသို့ ဆက်လက် ဆင်းသက်နေပြီး အရှေ့သို့ ရောက်လာသည်နှင့် မျက်နှာသွင်ပြင်နှင့် အမူအရာများ မရှိနေသော မျက်နှာသည် စတင်၍ ပြောင်းလဲလာသည်။ သူသည် ယခင်ကဲ့သို့ ပြောင်ချောမနေတော့ပဲ ဝမ်လင်း၏ မူလရုပ်သွင်တို့က ဖြည်းဖြည်းချင်း ပြန်ပေါ်လာခဲ့သည်။

တစ်ခုတည်းသော ခြားနားချက်မှာ သူ၏ နဖူးအပေါ်မှ ဒေါင်လိုက် အက်ကြောင်းပင် ဖြစ်သည်။ ထိုအက်ကြောင်းသည် မည်းနက်နေ၍ သူ့အတွင်း၌ အနီရောင် အလင်းတန်း ဖွဖွလေး လင်းလက်နေခဲ့သည်။

ယခုအချိန်၌ ဝမ်လင်း၏ ကြောက်မက်ဖွယ်ရာ စေတန် စွမ်းအားများသည် အသူရာချောက် တစ်ခုလုံးအား ထိတ်လန့် တုန်လှုပ်စေခဲ့သည်။ သူ၏အနောက်တွင် ဒေါင်လိုက်မျက်လုံးမှ လွဲ၍ အခြား မျက်နှာသွင်ပြင် ဘာမှမရှိသော စေတန်များသည် ဝမ်လင်း၏ ပုံရိပ်ထံသို့ ဦးညွတ်ခဲ့ကြသည်။

ဝမ်လင်း ကိုယ်တိုင်ကမူ သူသည် ထိုစေတန်များ အားလုံးအတွင်းမှ စေတန်တစ်ယောက် အဖြစ်သို့ လုံးဝ ပြောင်းလဲသွားသည်ဟု ခံစားနေရသည်။ သူ၏ အသိစိတ်နှင့် အတွေးများသည်ပင် ယခင်ကနှင့် လုံးဝ မတူတော့သကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း သူ၏ နှလုံးသား အတွင်းတွင် သူ၏ အသိစိတ်ကို အမြဲတစေ ထိန်းသိမ်းထားနိုင်ခဲ့သည်။ သူသည် စိတ်ရှုပ်ထွေးနေခြင်း၊ ပြောင်းလဲနေခြင်း၊ ကစဉ့်ကလျား ဖြစ်နေခြင်းမျိုး မရှိတော့ပေ။

ဤလမ်းကြောင်းတလျှောက် လျှောက်လာခဲ့ရင်း ဝမ်လင်းသည် လမ်းတလျှောက်၌ အခြားလူများ၏ ပုံရိပ်များကိုလည်း တွေ့ခဲ့ရသည်။

ထိုလူတို့သည် ယခင်က စေတန်များနှင့် စာလျှင် အရေအတွက် များစွာနည်းသော်လည်း များစွာပို၍ သန်မာသည်။ သူတို့သည် သာမန် လူတစ်ယောက်နှင့် တူနေသော်လည်း များစွာပို၍ ထူးမခြားနား ပုံစံပေါက်နေသည်။ တူညီသော

အချက်မှာ သူတို့နဖူးများ၏ အလယ်တွင် ဒေါင်လိုက်အက်ကြောင်း ရှိနေခြင်းပင် ဖြစ်သည်။

ထိုလူများကို ကြည့်လိုက်ပြီး ဝမ်လင်းသည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူသည် ထိုလူများကို တစ်ခါမှ ကိုယ်တိုင်ကိုယ်ကျ မတွေ့ဖူးခဲ့သော်လည်း အချို့လူများ၏ ပုံရိပ်များကို နတ်ဘုရား နယ်မြေ အတွင်းမှ လူသားမျိုးနွယ်စုများ အတွင်းတွင် တွေ့ခဲ့ဖူးသည်။

"ချမ်းသာသုခ စေတန်မာစတာ ရှုယင်ရှန်း၊ ဖျက်ဆီးခြင်း စေတန်မာစတာ ကောခိုင်၊ သတ်ဖြတ်ခြင်း စေတန်မာစတာ ခန်းကျောက်..." ဝမ်လင်းက ရေရွတ်နေရင်း သူ၏ မျက်လုံးအစုံသည် ကျဉ်းမြောင်းသွားခဲ့သည်။

သူ၏အရှေ့မှ လူများသည် စေတန်ဂိုဏ်း၏ မဟာလက်မများဟု ထင်ရှားကြသည့် ရှေးဟောင်းစေတန် မာစတာ ကျန်းဆောင်ယန်၏ အစွမ်းအထက်ဆုံး လက်အောက်ငယ်သားများ ဖြစ်ကြ၍ အလယ်ခေတ်တွင် နတ်ဘုရား နယ်မြေ အတွင်း၌ သောင်းကျန်းခဲ့ကြသော သူများဖြစ်ကြသည်။

ဤလမ်းပေါ်တွင် ဤလူများသည် အရပ်မျက်နှာ နှစ်ခုစလုံး၌ ကန့်လန့်ဖြတ်နေကြသည်။ အချို့မှာ အရှေ့တွင်ရှိ၍ အချို့မှာ အနောက်ရောက်နေသည်။ အချို့မှာ မြန်ဆန်၍ အချို့မှာ နှေးကွေးနေသည်။

လမ်းကြောင်း၏ အဆုံးတွင် တောက်ပသော အဖြူရောင် အလင်းတန်း တစ်ခု ရှိနေကာ ဝမ်လင်းက မော့ကြည့်လိုက်သော အခါ အဖြူရောင် ပင်လယ်တစ်ခုအား တွေ့လိုက်ရသည်။ သူသည် မျက်စိကျိန်းလောက်အောင် မတောက်ပနေသော်လည်း သူ၏ ကျောရိုးများကို စိမ့်သွားစေခဲ့သည်။

## စာစဥ် ၆၈ : အပိုင်း ၁၇

## အပိုင်း ၁၃၂၇ : မိစ္ဆာအားလုံးတို့၏ ခေါင်းဆောင်

ဝမ်လင်းသည် သူ့အရှေ့မှ လမ်းကြောင်း၏ အဆုံးကို ကြည့်ခဲ့သော အခါ မြင်ခဲ့ရသော အဖြူရောင် အလင်းတန်းသည် သူ့အား ထိတ်လန့်စေခဲ့သည်။

သူ၏ဘေးတွင် ဤလမ်းကြောင်း အပေါ်သို့ လျှောက်လှမ်းနေသော လူအားလုံးသည် ထိုအလင်းတန်း လာခဲ့သော နေရာသို့ စိုက်ကြည့်နေကြ၍ သူတို့၏ နောက်ဆုံးပန်းတိုင်သို့ ဖြည်းဖြည်းချင်း ပင်ပန်းစွာ လျှောက်လှမ်းလာခဲ့ကြသည်။

ဝမ်လင်းသည် ထိုလူများကဲ့သို့ပင် သူသည် သီးသန့် ဒိုင်မန်းရှင်း တစ်ခုအတွင်းသို့ ရောက်နေသည်ဟု ခံစားနေရသည်။ သူသည် ဤနေရာသို့ မည်သည့် အနှောင့်အယှက်များ မရှိပဲ

လျှောက်လာနိုင်ခဲ့သော်လည်း လမ်းအပေါ်မှ ကျန်သောသူများသည် ပင်ပန်းကြီးစွာ ချီတက်လာခဲ့ကြရသည်။

လူတစ်ယောက်ပြီး တစ်ယောက်ကို ကျော်ဖြတ်လာခဲ့ပြီး ဝမ်လင်းသည် အဖြူရောင် အလင်းတန်းနှင့် အနီးစပ်ဆုံး လူနှစ်ယောက် အနားသို့ ရောက်လာခဲ့သည်။

ထိုလူနှစ်ယောက်တို့သည် ဘေးချင်းယှဥ်၍ ရပ်နေကြ၍ သိသာစွာ ကွဲပြားသော အသွင်ပုံစံများ ရှိကြသည်။ တစ်ယောက်သည် သူ၏ မျက်နှာက တော်ဝင် ကျောက်စိမ်းကဲ့သို့ ကြည်လင်နေ၍ ခမ်းနားထည်ဝါသော ပုံစံရှိသည့် ရဟန်းငယ် တစ်ယောက်ဖြစ်သည်။ သူမှနေ၍ အသိဉာဏ်

အနှစ်သာရများဖြင့် ပြည့်နေသော ငြိမ်းချမ်းမှုများကို ထုတ်လွှတ်နေလေသည်။

သူ့နဖူးမှ ဒေါင်လိုက်အက်ကြောင်းသည် စေတန် စွမ်းအားများဖြင့် ပြည့်နေသော်လည်း သူ့ထံမှ ထွက်ပေါ်နေသော ကောင်းမှုကုသိုလ် ဇန်စွမ်းအားများကို မနှောင့်ယှက်နေခဲ့ပေ။

သူ၏ သွေးကြောများတွင် ဗုဒ္ဓဝါဒ၏ ကရုဏာနှင့် စေတန်ဝါဒ၏ ကောက်ကျစ်မှုတို့က ပြီးပြည့်စုံစွာ ပေါင်းစည်းနေခဲ့သည်။

ဝမ်လင်းသည် ထိုရဟန်း၏ မျက်နှာကို မြင်လိုက်ရသော အခါ သူတစ်ခါ မြင်ဖူးခဲ့သော ပုံရိပ်တစ်ခုကို ချက်ချင်း အမှတ်ရလိုက်၏။

သူသည် မဟာမိုးကြိုး ကျောင်းတော်မှာ ဝူပေ နတ်ဘုန်းတော်ကြီး ဖြစ်၍ ဗုဒ္ဓက သေမင်းပင်လယ် အတွင်းသို့ ဝင်သွားပြီး သူ၏ မဟာသာဝက ဆယ်ပါးတို့က နိဗ္ဗာန်သို့ ရောက်သွားသော အချိန်တွင် ဗုဒ္ဓဝါဒ၏ အထူးချွန်ဆုံး တပည့်အဖြစ် သတ်မှတ်ခြင်းကို ခံထားရသူ ဖြစ်သည်။ သူ့အား သတ္တမမြောက် ဆာဟာ အကြီးအကဲဟူ၍လည်း ခေါ်ကာ ဗုဒ္ဓဝါဒကို ဂုဏ်ကျက်သရေများ ယူဆောင်လာပေးခဲ့သူ ဖြစ်၏။

ဝူပေအပေါ်တွင် မျှော်လင့်ချက်များ ကြီးမားစွာ ထားခဲ့သော်လည်း သူသည် နောက်ဆုံးတွင် စေတန်ဝါဒ အတွင်းသို့ ဝင်သွားခဲ့ကာ ရှေးဟောင်းစေတန် မာစတာ ကျန်းဆောင်ယန်၏ လက်အောက်တွင် စေတန်မာစတာ ဝူပေဟူ၍ ကျော်ကြားလာခဲ့သည်။ အခြားသူများက သူ့အား စေတန်ဗုဒ္ဓ ဝူပေ သို့မဟုတ် စေတန်ရဟန်း ဝူပေဟူ၍ ခေါ်ဆိုခဲ့ကြသည်။

ဝူပေ၏ ဗုဒ္ဓဝါဒအား သစ္စာဖောက်ကာ စေတန်ဝါဒသို့ ပြောင်းသွားခြင်းသည် မဟာမိုးကြိုး ကျောင်းတော်၏ သမိုင်းတလျှောက်တွင် အရှက်ရစရာ အကောင်းဆုံးနှင့် အကြီးမားဆုံး ကွဲရဲ့ ပြစ်တင်စရာ ကိစ္စတစ်ခု ဖြစ်ခဲ့သည်။

အလယ်ခေတ် နှောင်းပိုင်းမှ လူသားနှင့်
စေတန်တို့၏ အကြားမှ စစ်ပွဲအတွင်းတွင်
ဟင်းလင်းပြင် ဘုရားကျောင်းမှ
ထိုက်ရိသူတော်စင်၏ အနိုင်ယူခြင်းကို
ခံခဲ့ရအပြီးတွင် ဂူပေသည် မဟာမိုးကြိုး
ကျောင်းတော်ထံသို့ သွားရောက်ခဲ့ကာ ထိုနေရာ၌
သွေးလွှမ်းစေခဲ့သည်။

သူသည် နောက်ဆုံးတွင် ကြွေလွင့်သွား၍ နိဗ္ဗာန်သို့
ရောက်သွားသော အခါ နောင်တရ၍ ဝမ်းနည်း
ပူဆွေးနေခြင်း မရှိခဲ့ပေ။ ငြိမ်းချမ်းသော
အမူအရာဖြင့် စကားတစ်လုံးမှ မပြောပဲ
အနက်ရောင် စေတန်ဓာတ်တော် ၈ ခု အဖြစ်သို့
ပြောင်းသွားခဲ့သည်။

စေတန်ဗုဒ္ဓ ဝူပေ၏ဘေးတွင် အရပ်ရှည်ရှည်နှင့် အမျိုးသမီး တစ်ယောက်ရပ်နေသည်။ ဝူပေသည် ကလန်ကလား အရပ်ရှိ၍ အခြားသူများထက် ခေါင်းတစ်လုံး ပိုမြင့်နေသော်လည်း ထိုအမျိုးသမီးသည် ဝူပေထက်ပင် ပိုမြင့်နေ၏။

သူမ၏ ပခုံးပေါ် ဝဲကျနေသော ဆံပင်သည် သံချောင်းများကဲ့သို့ မာကျောနေ၍ သူမ၏ လှပသော မျက်နှာအပေါ်သို့ ဖုံးလွှမ်းနေခဲ့သည်။ သူမ၏ ဘယ်ဘက်ပါး အပေါ်တွင် ကြောက်မက်ဖွယ်ရာ အမာရွတ် တစ်ခုသည် ဘယ်ဘက် နဖူးမှနေ၍ ကျဆင်းလာကာ သူမ၏ ဘယ်ဘက်မျက်စိကို ကန်းစေခဲ့ပြီး ပါးမှတဆင့် မေးအထိ ရောက်နေခဲ့သည်။ ထိုအမာရွတ်သည်

ရှည်လျားကြီးမား၍ သူမအား ရုပ်ပျက်ဆင်းပျက် ဖြစ်စေခဲ့သည်။

ဤအမာရွတ်၏ တည်ရှိနေမှုသည် ဤရှည်လျားသော အမျိုးသမီးအား လူသတ်လိုစိတ်များ ပြည့်နေ၍ သွေးဆာနေသည့်ပုံ ပေါက်စေခဲ့သည်။ အမာရွတ် အတွင်းမှ သွေးများသည် အလင်းတန်းအောက်တွင် လင်းလက်နေကာ ရက်စက် ကြမ်းကြုတ်နေသကဲ့သို့ ဖြစ်နေသည်။

ဤအမျိုးသမီး၏ စေတန် နည်းစနစ်များသည် အလွန်အမင်း အစွမ်းထက်၍ သူမ၏ဘေးမှ စေတန်ဗုဒ္ဓ ဝူပေကိုပင် ယှဉ်နိုင်ပေသည်။ သူမ၏ နည်းစနစ်များသည် ဝူပေကဲ့သို့ ညီညွတ်ကာ

နက်နဲသိမ်မွေ့မှု မရှိသော်လည်း ပို၍ ပြင်းထန်ကာ အမတန်မှ နတ်ဆိုးဆန်သည်။

သူမ၏ ကျင့်ကြံမှု အဆင့်ဖြင့် သူမ၏ လူသားပုံစံသည် အင်မော်တယ်ဝိညာဉ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ သာမန် အခြေအနေတွင် သူမအနေဖြင့် သူမ၏ မျက်နှာအပေါ်မှ အမာရွတ်အား ပြုပြင်ချင်လျှင် ခက်ခဲမည် မဟုတ်ပေ။

ဖြစ်နိုင်ခြေ ရှိသော ရှင်းပြချက် နှစ်ခုမှာ တစ်စုံတစ်ယောက်က သူမ၏ တာအို အခြေခံအား ထိခိုက်အောင် ပြုလုပ်ခဲ့ခြင်း သို့မဟုတ် သူမကိုယ်တိုင်က ဤအတိုင်းပင် နေနေလိုခြင်း ဖြစ်သည်။

ဤအမျိုးသမီးသည် သူမ၏ဘေးမှ အဖော် ဝူပေနှင့် အလားတူ နာမည်ကျော်သဖြင့် သူမ၏ ပုံရိပ်ရုပ်ပုံများသည် နေရာအနှံ့ ပျံ့နှံ့နေသည်။ သူမသည် ရှေးဟောင်းစေတန် မာစတာ ကျန်းဆောင်ယန်၏ ထိပ်တန်း လုပ်ကြံသတ်ဖြတ်သူ ဖြစ်သည့် သတ်ဖြတ်ခြင်း စေတန်မာစတာ ခန်းကျောက်ပင် ဖြစ်သည်။

ရှေးဟောင်း စေတန်ဂိုဏ်း၏ မှော်ရတနာ ဖြစ်သော ကမ္ဘာဦး ရွှေရောင်လှေသည် သူမ၏ လက်အောက်တွင် အချိန်အများစု ရှိခဲ့ကာ သူမ၏ နတ်ဘုရား သတ်ဖြတ်သူ ဟူသော ဂုဏ်သတင်းမှာ အထက်ကောင်းကင်နှင့် အောက်ငရဲ အထိ ကျော်ကြားပေသည်။

သူမနှင့် စူတောင်ခေးဂိုဏ်း၏ ခေါင်းဆောင် မြစိမ်းရောင် ကြာပန်း ခေးမာစတာ ကျန်းမု၏ အကြားမှ သမိုင်းဝင်တိုက်ပွဲသည် အမတန်မှ ကျော်ကြားပေသည်။

သူမ၏ တစ်သက်တာတွင် သူမ၏ လက်အတွင်း၌ သွေးများစွာ စွန်းခဲ့သည်။ သူမသည် မိစ္ဆာများနှင့်ရော လူသားများနှင့်ပါ တိုက်ခိုက်ကာ နေရာတကာတွင် တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ သူမသည် ရှေးဟောင်း စေတန်ဂိုဏ်းအတွက် အစွမ်းထက်သော ပြိုင်ဘက်များစွာကို အပြတ်ရှင်းပေးခဲ့ပြီး နောက်ဆုံးတွင် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်၏ လက်အောက်တွင် ကျဆုံးခဲ့ခြင်း ဖြစ်သည်။

စေတန် မာစတာ ဝူပေနှင့် သတ်ဖြတ်ခြင်း စေတန် မာစတာ ခန်းကျောက်တို့သည် ဂိုဏ်းခေါင်းဆောင် ကျန်းဆောင်ယန်၏ လက်အောက်တွင် ရှေးဟောင်းစေတန်ဂိုဏ်း၏ အစွမ်းအထက်ဆုံး ဖဲချပ်နှစ်ချပ် ဖြစ်သည်။

ယခုအချိန်တွင် ဝမ်လင်းသည် လမ်းကြောင်း၏ အဆုံးသတ် အနားသို့ ရောက်နေခဲ့ပြီ ဖြစ်သဖြင့် အနောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ဤအရာသည် ရှေးဟောင်းစေတန်ဂိုဏ်း၏ စေတန်လမ်းစဉ်ပင် ဖြစ်ကြောင်း တွေ့ခဲ့ရသည်။

ဤအရာသည် ရှေးဟောင်းစေတန်ဂိုဏ်းမှ အစွမ်းထက် ပုဂ္ဂိုလ်များ အသက်ရှင်ခဲ့စဉ်က

ရောက်နိုင်ခဲ့သော အဆင့်များကို
ရောင်ပြန်ဟပ်နေခြင်း ဖြစ်သည်။ ခန်းကျောက်
သို့မဟုတ် ဝူပေတို့၏ လက်ကျန်
မှော်စွမ်းအင်များကို မတွေ့ခဲ့ရချေ။

အစောပိုင်းမှ စေတန်အမျိုးမျိုးတို့ကလည်း
အတူတူပင် ဖြစ်၏။ ဤပုံရိပ်ယောင်အား
ဖန်တီးခဲ့သည့် အရင်းအမြစ်သည် လမ်းအဆုံးမှ
တောက်ပသည့် အဖြူရောင် အလင်းတန်းပင်
ဖြစ်သည်။

အကယ်၍ ဝမ်လင်းသည် စေတန်လမ်းစဥ်အား
အပြည့်အဝ ကျင့်သုံးသူ ဖြစ်ခဲ့ပါက
သူ၏အရိပ်သည်လည်း ဤလမ်းကြောင်း အပေါ်သို့
ကျရောက်သွားမည် ဖြစ်သည်။ ပြီးတာနှင့် သူ၏

စေတန်လမ်းစဉ် တိုးတက်မှုအပေါ် မူတည်၍ သူ၏နေရာအား အသတ်မှတ်ခံရမည် ဖြစ်သည်။

သို့သော်လည်း သူသည် သူ၏ စိတ်ဝိညာဉ် တာဝါအား ကောင်းစွာ ကာကွယ်ထားခဲ့သဖြင့် သူသည် စေတန်အဖြစ်သို့ ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ မဟာကောင်းကင် တာအိုကျမ်းစာ၏ အခြေခံဖြင့် သူသည် ဤချောက်အတွင်းတွင် လွတ်လပ်စွာ သွားလာနိုင်ခဲ့သည်။

သူသည် ဤနေရာမှ လူတစ်ယောက် မဟုတ်သော်လည်း အရှေ့သို့ လျှောက်လှမ်းနိုင်ခဲ့သည်။

ဝမ်လင်းသည် သူ၏ ရင်တွင်း ငြိမ်းချမ်းမှုကို ထိန်းသိမ်းထား၍ စေတန်ဗုဒ္ဓ ဝူပေနှင့် သတ်ဖြတ်ခြင်း စေတန်မာစတာ ခန်းကျောက်တို့အား ကျော်လွန်သွားခဲ့သည်။ သူ၏ အရှိန်ကို ထိန်းထားကာ သူ၏အရှေ့မှ အဖြူရောင် အလင်းတန်း အတွင်းသို့ ခြေချလိုက်သည်။

ထိုအဖြူရောင် အလင်းတန်း အတွင်းသို့ ရောက်သွားသော အခါ ဝမ်လင်း၏ ခန္ဓာကိုယ်နှင့် အသိစိတ်တို့သည် ပြင်းထန်စွာဖြင့် တုန်ခါသွား၍ သူ၏ စိတ်ဝိညာဉ် တာဝါအား ကြည်လင်စေရန် ထိန်းချုပ်နိုင်မှု ကင်းလွတ်လုနီးပါး ဖြစ်သွားခဲ့သည်။

ဝမ်လင်း၏ စိတ်ဓာတ်သည် ခိုင်မာ၍ ပြတ်သားသည်။ ထို့အပြင် သူသည်

မှော်ကျိန်စာများကို အထူးပြု၍ ကျင့်ကြံသူ ဖြစ်သောကြောင့် အန္တိမ နှလုံးသား နတ်ဆိုးကပင် သူ၏ စိတ်ခါတ်အား ယိမ်းယိုင်အောင် မပြုလုပ်နိုင်ပေ။

ဝမ်လင်း၏ လက်ရှိ ကျင့်ကြံမှု အဆင့်ဖြင့် သူ၏ ရင်အတွင်းမှ နတ်ဆိုးသည် သေဆုံးခြင်း မရှိပဲ နေရာအနှံ့၌ ရှိနေလေသည်။ သို့သော်လည်း သူတို့ ပေါ်လာသည်နှင့် တစ်ပြိုင်နက် သူသည် သူတို့အား ချက်ချင်း ပျောက်ကွယ်သွားအောင် လုပ်နိုင်စွမ်း ရှိနေသည်။

ဝမ်လင်းသည် သူတို့အား လေ့ကျင့်ရန် ရည်ရွယ်ချက်ဖြင့် တမင်သက်သက် ချန်ထားခြင်း မရှိပါက သူတို့သည် သူ၏ စိတ်ဝိညာဥ်

တာဝါအပေါ်၌ အမှတ်အသား ပြုလုပ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဤအချိန်တွင် ဝမ်လင်းအနေဖြင့် သူ၏ စိတ်သည် တည်ငြိမ်မှု ကင်းမဲ့သွားသည်ဟု ခံစားခဲ့ရသည်။

သူ၏ စိတ်ခါတ် မတည်ငြိမ်မှုသည် နှလုံးသား စိတ်ရိုင်းများကြောင့် မဟုတ်ပဲ သူ၏ ခံစားချက်နှင့် အတွေးများက ကြီးမားစွာ ပြောင်းလဲသွားခဲ့သောကြောင့် ဖြစ်သည်။

ဤအချိန်၌ ဝမ်လင်းသည် အခြားလူပေါင်း တစ်ထောင်တို့၏ အတွေးများသည် သူ၏

စိတ်အတွင်းသို့ စီးဝင်လာသည်ဟု ခံစားနေရသည်။ သူတို့၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အဆုံးမဲ့နေသကဲ့သို့ ဖြစ်နေသည်။

ဝမ်လင်းအနေဖြင့် စိတ်များကို ဖတ်နိုင်စွမ်း ရှိခြင်း သို့မဟုတ် လူများ၏ အတွင်းခံစားချက် ပြောင်းလဲမှုကို ရင်းနှီး ကျွမ်းဝင်မှု ရှိနေခြင်း မဟုတ်ပေ။ ယခုအချိန်မှ အားလုံးတို့၏ အတွေးများသည် ဝမ်လင်း၏ ကိုယ်ပိုင် အတွေးနှင့် အသိစိတ် ဖြစ်နေသကဲ့သို့ ဖြစ်နေကြသည်။

တည်ငြိမ်သွားပြီ ဖြစ်သော ဝမ်လင်း၏ မျက်နှာသည် စတင်၍ ပြောင်းလဲသွားခဲ့ပြန်သည်။ သူ၏ အသွင်သဏ္ဌာန်သည် အဆက်မပြတ် ပြောင်းလဲနေ၍ လူတစ်ယောက်ပြီးမှ

တစ်ယောက်၏ ပုံသို့ ပြောင်းသွားခဲ့သည်။ အချို့သူများကို သူယခင်က မြင်ဖူးခဲ့သော်လည်း အများစုမှာ လူစိမ်းများ ဖြစ်ကြသည်။

သူ့နဖူး အလယ်မှ ဒေါင်လိုက်အက်ကြောင်းသည် ထူးခြား ဆန်းကြယ်စွာဖြင့် ဒဏ်ရာမှ သက်သာလာခဲ့သည်။

ပတ်ဝန်းကျင်မှ အဖြူရောင် အလင်းတန်းသည် အက်ကြောင်းအတွင်းသို့ ဝင်သွား၍ အတွင်းမှ အနီရောင် အလင်းတန်းကို ဖြည်းဖြည်းချင်း ဖယ်ရှားခဲ့သည်။ သို့သော်လည်း အနီရောင် အလင်းတန်းသည် ဖိနှိပ်ခံရခြင်း သို့မဟုတ် ပျောက်ကွယ်သွားခြင်း မရှိပဲ ဖြည်းဖြည်းခြင်း

အဖြူရောင် အလင်းတန်း အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ဤဖြစ်စဥ် အတွင်းတွင် အက်ကြောင်းသည်
ဖြည်းဖြည်းချင်း ပိတ်ပြီး ပျောက်ကွယ်လာခဲ့သည်။
ဤဖြစ်စဥ်သည် နေးကွေးသောလည်း
အမှန်တကယ် ဖြစ်ပျက်နေခြင်း ဖြစ်သည်။

ဝမ်လင်းသည် သူ၏စိတ်အား တည်ငြိမ်စေရန်
ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းရှိ မဟာစေတန်
ကိုယ်ပွားအပြင် ယင်ပင်လယ် အတွင်းရှိ
ယင်ကျိုးနတ်တောင်မှ ဝမ်လင်း၏ မူလ

ခန္ဓာကိုယ်ကပင် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ သူ၏ နဖူးပေါ်မှ အကျိတ်ကြောင်းသည် အဆက်မပြတ် တွန့်လိမ်နေလေသည်။

ဤအရာကို မြင်ခဲ့ရသော အခါ လင်းဖုန်း၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွား၍ သူ၏ လက်အား မြှောက်လိုက်ပြီး ဝမ်လင်း၏ နဖူးအလယ်သို့ လက်ညှိုးတစ်ချောင်းဖြင့် ထိုးလိုက်သည်။

သို့သော်လည်း သူ့လက်ချောင်း လှုပ်ရှားမှု တစ်ဝက်တွင် လင်းဖုန်းသည် သူ၏ လှုပ်ရှားမှုများကို ရပ်တန့်လိုက်ပြန်သည်။ သူ၏ လက်ချောင်းကို ရုပ်သိမ်းလိုက်၍ ဝမ်လင်းအား ငြိမ်သက်စွာဖြင့်ပင် စောင့်ကြည့်နေခဲ့သည်။

ခဏအကြာတွင် ဝမ်လင်း၏ မူလ ခန္ဓာကိုယ်သည်
သူ၏ မျက်လုံးများကို ရုတ်တရက် ဖွင့်လိုက်၏။
သူ၏ မျက်လုံးများတွင် အလင်းတန်း
ပင်လယ်တစ်ခုဖြင့် ပြည့်နေ၍ လူသားပုံစံ
မဟုတ်တော့ပဲ သူ၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွားဖြစ်သော ငရဲကမ္ဘာ ထိုက်ကျိရုပ်ပုံ
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိုက်ကျိရုပ်ပုံ၏ အလယ်မှ အက်ကြောင်းသည်
အဆက်မပြတ် တွန့်လိမ်နေ၍ အနီရောင်
အလင်းတန်းသည် ဖြည်းဖြည်းချင်း အဖြူရောင်
မျဉ်းကြောင်းတစ်ခု ဖြစ်သွားခဲ့သည်။

သို့သော်လည်း ဝမ်လင်း၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားသည် ဖြည်းဖြည်းချင်း တည်ငြိမ်လာခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် သူ၏စိတ်ကို ထပ်ဖန်တစ်ခါ တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။

ဝမ်လင်းသည် ဝေဝါးနေသော အဖြူရောင် အလင်းတန်း အတွင်းသို့ လှမ်းကြည့်လိုက်ရာ ခန့်ညားသော သက်လတ်ပိုင်း လူကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ သူ၏ ဆံပင်သည် မီးခိုးရောင် သန်းနေသော်လည်း အသက်ကြီးပုံ ပေါက်မနေချေ။ သူ၏ ချောမောသည့် အသွင်အပြင်ဖြင့် သူမှနေ၍ စေတန်

နတ်ဘုရားအလား ထူးခြားသော ဆွဲဆောင်မှု
တစ်မျိုးကို ထုတ်လွှတ်နေ၏။

သူ၏ လက်နှစ်ဘက်ကို ကျောနောက်တွင်
ဆုပ်ထား၍ ရပ်နေပြီး သူသည် နောက်ဆုံးတွင်
ဝမ်လင်းဘက်သို့ ဖြည်းဖြည်းချင်း
လှမ်းကြည့်လိုက်ကာ သူ့အတွင်းမှ ပြောင်းလဲမှုကို
အာရုံခံခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးအား တွေ့ခဲ့ရသော အခါ
ဝမ်လင်း၏ မျက်လုံး သူငယ်အိမ်များသည်
အနည်းငယ် ကျဥ်းမြောင်းသွားခဲ့သည်။ ထိုသူသည်
သာမန်အတိုင်းသာ ရှိနေ၍ စေတန် အရှိန်အဝါ
တစ်စက်မှ မဖော်ပြနေခဲ့ပဲ အခြား စေတန်များကဲ့သို့

ရက်စက်ကြမ်းကြုတ် သွေးဆာသော လူရိုင်းပုံ ပေါက်မနေပေ။

သူ၏ တစ်ကိုယ်လုံးအား ဤကမ္ဘာကို ဖန်ဆင်းထားသည့် အရာနှင့် အတူတူ ဖန်တီးထားသကဲ့သို့ ဖြစ်နေ၍ သက်ရှိအားလုံးတို့နှင့် ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ဖြစ်နေလေသည်။

သူ့အား ကြည့်ရုံသက်သက်ဖြင့် စေတန်ဂိုဏ်း၏ မှော်ကျိန်စာ အငွေ့အသက်များကို အာရုံခံနိုင်မည် မဟုတ်ချေ။ တစ်ခုတည်းသော ခြွင်းချက်မှာ သူ၏ နဖူးအလယ်တွင် အဖြူရောင် အလင်းတန်း ရေးရေးလေး ဖြာထွက်နေသော တွင်းနက်တစ်ခု ရှိနေခြင်း ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် ဟင်းလင်းပြင်
တစ်ခုလုံး၌ ပျံ့နှံ့နေသော အဖြူရောင်
အလင်းတန်းသည် ထိုတွင်းနက်ထံမှ
ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်လင်းသည် ထိုအရာသည် အမှန်တွင်
တွင်းနက်တစ်ခု မဟုတ်ပဲ ပြင်ပမှ
အခြားစေတန်များကဲ့သို့ မြည်တမ်းနေသော
အက်ကြောင်းတစ်ခုသာ ဖြစ်မှန်းကို သိနေခဲ့သည်။

သို့သော်လည်း ဤသက်လတ်ပိုင်း လူကြီး၏
နဖူးအလယ်မှ ဒေါက်လိုက် အက်ကြောင်းသည်
လျင်မြန်စွာဖြင့် သက်သာလာ၍ ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားကာ တွင်းနက်တစ်ခုနှင့်

တူနေသည့် အပြည့်အဝ မသက်သာသေးသော အမာရွတ်တစ်ခုကို ချန်ထားခဲ့ခြင်း ဖြစ်သည်။

နတ်ဘုရားနယ်မြေမှ လူသား ကျင့်ကြံသူများ အတွက် ဤသက်လတ်ပိုင်း လူကြီးသည် စေတန်ဗုဒ္ဓ ဝူပေ သို့မဟုတ် သတ်ဖြတ်ခြင်း စေတန်မာစတာ ခန်းကျောက်တို့ထက် များစွာပို၍ ကျော်ကြားပေသည်။ သူ၏ နာမည်ကို လူတိုင်းသိနေသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အဘယ်ကြောင့်ဆိုသော် သူသည် စေတန်အားလုံး၏ သခင်ဖြစ်၍ ရှေးဟောင်း စေတန်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော ရှေးဟောင်းစေတန် မာစတာ ကျန်းဆောင်ယန် ဖြစ်သောကြောင့် ဖြစ်သည်။

လူအများစုက ကျန်းဆောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်အတွင်းသို့ ကျရောက်သွားပြီးနောက်တွင် အလယ်ခေတ် အတွင်း၌ မဟာကမ္ဘာ အတွင်းသို့ တစ်ခါပြန်လာခဲ့မှန်း မသိခဲ့ကြပေ။ ထို့ကြောင့် လမ်းမှန်ဂိုဏ်းဖြစ်စေ၊ စေတန်ဂိုဏ်း ဖြစ်စေ၊ လူအားလုံးနီးပါးတို့၏ စိတ်အတွင်းတွင် ကျန်းဆောင်ယန်သည် အလယ်ခေတ် အတွင်း၌ လူသားကမ္ဘာ အတွင်း၌ အစွမ်းအထက်ဆုံးသူ ဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

ကျန်းဆောင်ယန်သည် သူ၏ခေါင်းကို ဝမ်လင်းဘက် လှည့်လိုက်ရာ ဝမ်လင်းကလည်း သူ၏ မျက်လုံးများအား အေးချမ်းစွာဖြင့် ပြန်ကြည့်လိုက်သည်။ သူတို့နှစ်ဦး၏ မျက်လုံးများ ဆုံသွားသည်နှင့် တစ်ပြိုင်နက် အလင်းတန်း

ပုံရိပ်ပေါင်း တစ်သိန်းတို့သည် အဆက်မပြတ် လင်းလက်လာ၍ မူလရင်းမြစ် တစ်ခုမှ တူညီသော အရင်းအမြစ်ထံသို့ ပြန်ရောက်သွားခဲ့သည်။

ယင်ကျိုးနတ်တောင် အပေါ်တွင် ဝမ်လင်း၏ မူလ ခန္ဓာကိုယ်သည် ငရဲကမ္ဘာ ထိုက်ကျိရုပ်ပုံမှနေ၍ လူသားပုံစံသို့ ပြန်ပြောင်းသွားကာ လင်းဖုန်း၏ အရှေ့တွင် ဒူးထောက်လိုက်ပြီး ပြောလိုက်သည်။

"ဆရာ.. ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာဟာ အမှန်ပဲ ထူးခြားဆန်းကြယ်ပြီး မှော်ဆန်လှတယ်... သူဟာ နှလုံးသား နတ်ဆိုးထံက အစပြုလာတာ ဖြစ်ပေမဲ့ သူ့ကို နှလုံးသား ကျိန်စာလို့ မခေါ်ခဲ့ဘူး"

"အချိန်အစပိုင်းမှာ ဘာတစ်ခုမှ မရှိခဲ့ဘူး... အရာဝတ္ထု၊ အချိန်ကာလ၊ လေဟာနယ်၊ သက်ရှိတွေနဲ့ ခံစားချက်တွေလည်း မရှိဘူး... ဒီရှေးဟောင်းစေတန် နှလုံးသား ကျိန်စာဟာ ကမ္ဘာကို ပထမဆုံး ဖန်တီးခဲ့စဉ်မှာ ပေါ်လာတဲ့ ပထမဆုံး ခံစားချက်နဲ့ စိတ်ဆန္ဒကို အတုယူထားတာ ဖြစ်ပြီး အစမရှိသလို အဆုံးလည်း မရှိဘူး... သူက ကပ်ဘေးတွေလိုမျိုး သက်ရှိပုံစံ အားလုံးနောက်ကို လိုက်နေတာ"

"ဒါကို အသုံးပြုပြီး မှော်ကျိန်စာတွေကို တန်ပြန်တဲ့ အခါ အမတန်မှ ကောက်ကျစ်ပြီး ခန့်မှန်းဖို့ ခက်ခဲတယ်... တစ်ယောက်ရဲ့ စိတ်အတွင်းကို တိုက်ရိုက် ထိုးဖောက်သွားပြီး သတိထားဖို့ အမတန်မှ ခက်ခဲတယ်"

ဝမ်လင်းက အသက်ပြင်းပြင်း ရှူထုတ်၍ ပြောလိုက်သည်။ "ဒီအနက်ရောင် သလင်းကျောက်ဟာ ကွဲကြေမသွားခဲ့ခင်က ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်ဟာ ကျင်းဆောင်ယန်ကို ချေမှုန်းခဲ့ချိန်မှာ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာကို အသုံးပြုပြီး ပြန်လည်မွေးဖွားဖို့ ပြင်ဆင်ထားတာ ဖြစ်မယ်"

"ကျန်းဆောင်ယန်ဟာ ဒါကို အသုံးပြုပြီးမှ ပြန်လည် မွေးဖွားနိုင်ခဲ့ပေမဲ့ ဒီပြန်လည် မွေးဖွားခြင်း အနက်ရောင် သလင်းကျောက်ဟာ တစ်နည်းနည်းနဲ့ ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်ရဲ့ လက်အတွင်းကို ကျရောက်သွားပြီး နောက်ပိုင်းမှာ ဟေးဒီးစ်

ကေရီအနားကို ရောက်သွားခဲ့တယ်... ဒါကြောင့်မို့ သူက ဒီနေရာမှာ ရှိနေခြင်း ဖြစ်ပြီး နောက်ဆုံးမှာ ဘာကြောင်းမှန်း မသိပဲ ကွဲကြေသွားခဲ့တာပဲ"

"ကျွန်တော် တွေ့ခဲ့တဲ့ ကျန်းဆောင်ယန်ဟာ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာရဲ့ ထိန်းသိမ်းခြင်းကို ခံထားရတဲ့ အလင်းတန်း ပုံရိပ်သက်သက်သာ ဖြစ်တယ်... သူ့မှာ စေတန်စွမ်းအင် ဒါမှမဟုတ် အရှိန်အဝါတွေ မရှိတော့ဘူး" ဝမ်လင်းက ပြောနေရင်း သူ၏ မျက်လုံးများသည် အရောင်တောက်လာ၏။

"ဆရာ ပြောခဲ့သလိုပဲ ဒါက ကျွန်တော့်အတွက် အခွင့်အရေး တစ်ခုဖြစ်တယ်... တာအိုရောင်းရင်နင်က သူမရဲ့ စမ်းသပ်မှုကို

မပြီးဆုံးသေးတဲ့ အတွက် ကျွန်တော့်က သူ့ကို စမ်းသပ်လိုနေတယ်"

လင်းဖုန်းက နူးညံ့စွာဖြင့် ပြုံး၍ ပြောလိုက်သည်။ "ကောင်းပြီ… မင်းကိုယ်မင်း ထိန်းချုပ်နိုင်စွမ်း ရှိသလောက် စမ်းနိုင်တယ်"

ဝမ်လင်းသည် သူ၏ခေါင်းကို ညိတ်၍ သူ၏ မျက်လုံးများကို ထပ်ဖန်တစ်ခါ ပိတ်လိုက်သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းရှိ အနက်နှင့် အနီကမ္ဘာ အတွင်းမှ စံအိမ်သည် ရုတ်တရက် လုံးဝ ငြိမ်သက်သွားပြန်သည်။ နင်းဝမ်ကောသည် ယဇ်ပလ္လင် အပေါ်တွင် ထိုင်နေ၍ အဖြူရောင်

မြူခိုးငွေ့များနှင့် ဖုံးလွှမ်းနေပြီး ဝမ်လင်း၏
မဟာစေတန် ကိုယ်ပွားသည် မော်ဝက်ပါ၏
အလယ်တွင် လုံးဝ မလှုပ်ရှားပဲနှင့် ထိုင်နေခဲ့သည်။

အခြေအနေကို သိနေသဖြင့် လှျိုကြီးနှင့် မိချောင်း
နတ်ဘုရားတို့သည် သူတို့နှစ်ယောက်အား
စိတ်ရှည်စွာဖြင့် စောင့်ကြပ်ပေးနေကြသည်။

အချိန်သည် လျင်မြန်စွာဖြင့် ကုန်ဆုံးသွား၍
လှျိုကြီးသည် မော်ဝက်ပါနှင့် ယဇ်ပလ္လင်တို့အား
ကြည့်နေစဥ်တွင် ရင်အတွင်းမှ ရုတ်တရက်
လှုပ်ရှားသွားသည်။ သူသည် အနီနှင့် အနက်
ကမ္ဘာပြင်ပတွင် စွမ်းအားတစ်ခု ကြီးမားစွာ
လှုပ်ရှားသွားသည်ကို အာရုံခံမိလိုက်လေသည်။

## စာစဉ် ၆၈ : အပိုင်း ၁၈

## အပိုင်း ၁၃၂၈ : လျှိုကြီးနှင့် ပေါးဒီးစ်

ခက်ထန်လှသော မိစ္ဆာစွမ်းအင်များသည် လေထုအတွင်းတွင် ပျံ့နှံ့လာ၍ ကြောက်ရွံ့မှုများကို ဖြစ်ပေါ်စေခဲ့သည်။ အနီနှင့် အနက်ကမ္ဘာက ကြားတွင် ခံနေသော်လည်း လျှိုကြီးအနေဖြင့် ကြီးမားလှသည့် ထိုစွမ်းအားများကို အာရုံခံနိုင်ခဲ့သည်။

သူ့အား အထူးသဖြင့် မသက်မသာ ဖြစ်စေခဲ့သည့် အချက်မှာ ထိုမိစ္ဆာစွမ်းအား လှိုင်းလုံးများသည်

ထူးဆန်းသလို တစ်ချိန်တည်းတွင် ရင်းနှီး ကျွမ်းဝင်နေခဲ့ခြင်း ဖြစ်သည်။

ထူးခြားသည်မှာ သူသည် ထိုသူနှင့် တစ်ခါမှ မတွေ့ဆုံဖူးသောကြောင့် ဖြစ်၍ ရင်းနှီးနေသည်မှာ ထိုမိန္ဒာစွမ်းအား လှိုင်းလုံးများသည် လျှိုကြီး၏ စွမ်းအားများနှင့် များစွာ ဆင်တူနေသောကြောင့် ဖြစ်သည်။

ခြားနားချက်များ ရှိနေသော်လည်း သူတို့သည် ရင်းမြစ် တူညီနေသည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

"ဟေးဒီးစ်..." လျှိုကြီးက တွေးလိုက်ပြီး ချက်ချင်း မှတ်မိသွားကာ သူ၏ အမူအရာများသည်

ရှုပ်ထွေးလာခဲ့သည်။ သူ့အနေဖြင့် သူ၏ကိုယ်ပိုင် မျိုးနွယ်စုမှ တစ်စုံတစ်ယောက်နှင့် တွေ့ခဲ့ပါက မည်ကဲ့သို့ ဖြစ်လာနိုင်သည်ကို သူ့အနေဖြင့် ကြိုတွက်ပြီးသား ဖြစ်သော်လည်း တကယ်တမ်း ကြုံတွေ့ခဲ့သော အခါ လျှို့ကြီးအနေဖြင့် စိတ်လှုပ်ရှားနေခဲ့သည်။

သူ၏ စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းလိုက်၍ ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာ၏ မူလ စိတ်ဝိညာဉ်ဖြစ်သော မိချောင်း နတ်ဘုရားအား ပြောလိုက်သည်။ "ကျေးဇူးပြုပြီးမှ သူတို့ကို စောင့်ရှောက်ထားပေးလိုက်ပါ... ကျုပ်က သွားကြည့်လိုက်ဦးမယ်"

မိချောင်း နတ်ဘုရားသည် လျှိုကြီးအား ကြည့်လိုက်ကာ ဘာမှ မပြောခဲ့ပဲ သူ၏ခေါင်းကို လေးနက်စွာဖြင့် ညိတ်ပြလိုက်သည်။

ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာအား ထုလုပ်ခဲ့သည်မှာ မကြာသေး၍ သူ၏ မူလ စိတ်ဝိညာဉ်၏ စိတ်အခြေအနေ တိုးတက်မှုသည် မပြည့်စုံသေးပေ။ သူ့အား သန္ဓေလောင်း အဆင့်မှ မဟာယာန အဆင့်သို့ အချိန်မတိုင်ခင် လင်းဖုန်း၏ အဆင့်မြှင့်ပေးခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း သက်လတ်ပိုင်း လူကြီးတစ်ယောက်၏ အသွင်ရှိနေသော မိကျောင်း နတ်ဘုရားသည် ရင့်ကျက်နေ၍ အားကိုး၍ရသောပုံ ပေါက်နေသည်။

သူသည် လင်းဖုန်းကိုယ်တိုင်၏ ထုလုပ်ခြင်းကို ခံခဲ့ရသဖြင့် လင်းဖုန်း၏ ယုံကြည်ခြင်းကို ခံခဲ့ရသော လှျိုကြီး၏ အပေါ်တွင် ယုံကြည်မှု ရှိနေ၏။ နောက်တန်းတွင် သူကိုယ်တိုင် စောင့်ကြပ်နေပြီး လှျိုကြီးအား အရှေ့သို့ သွားရောက် စုံစမ်းစေခဲ့သည်။

လှျိုကြီးသည် အသက်ပြင်းပြင်း ရှူလိုက်၍ နန်းတော်အတွင်းမှ ထွက်ခွာသွားခဲ့ကာ သူ့အရှေ့မှ အနီနှင့် အနက် ကမ္ဘာ၏ ဝင်ပေါက်ထံသို့ လျှောက်သွားခဲ့သည်။

အစောပိုင်းက သူတို့သည် အနီနှင့် အနက် ကမ္ဘာအတွင်းသို့ ဝင်လာခဲ့စဉ်က ဝင်ပေါက်တံခါးက

ထပ်ဖန်တစ်ခါ ပိတ်သွားခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ လေဟာနယ်သည် ဗလာဖြစ်နေသော်လည်း လျှိုကြီး၏ ကျင့်ကြံမှု အဆင့်ဖြင့် ဒိုင်မန်းရှင်း အကွေ့အကောက်များ အကြောင်းကို သိနေသဖြင့် မည်းနက်နေသော စေတန်တံခါး၏ လက်ရှိ အခြေအနေအား အကြမ်းဖျင်း ရိပ်စားနိုင်မိခဲ့သည်။

နေရာ အတိအကျကို မပြောနိုင်သော်လည်း စေတန်တံခါးသည် သီးသန့် လေဟာနယ် အတွင်းတွင် ရှိနေခဲ့သည်။ လျှိုကြီးသည် သူ့အား ယခင်က ထိတွေ့ခဲ့ဖူးသဖြင့် သူ၏ လှုပ်ရှားမှုများကို အာရုံခံနိုင်ခဲ့ခြင်း ဖြစ်သည်။

သူ၏ သဘာဝလွန် အသိစိတ်ကို ဖြန့်ကြက်လိုက်ရာ ထိုတံခါးကို တစ်စုံတစ်ယောက်က ဖွင့်ရန် ကြိုးစားနေခဲ့သည်ကို အာရုံခံနိုင်ခဲ့သဖြင့် လျှိုကြီး၏ မျက်မှောင်များသည် အနည်းငယ် ကြုတ်သွားခဲ့သည်။

"အမေလိုမျိုး လူသား မျိုးနွယ်စုရဲ့ စေတန် မှော်ကျိန်စာတွေကို တတ်ကျွမ်းထားတဲ့ မိစ္ဆာတွေက အတော်လေး ရှားပါးတယ်... အပြင်က ဟေးဒီးစ်ကလည်း ဒါတွေကို တတ်တာလား... ဒါမှမဟုတ် သူတို့က ပစ္စည်း တစ်စုံတစ်ခုကို အသုံးပြုနေတာလား" လျှိုကြီးက တွေးလိုက်၍ အဆက်မပြတ် စဉ်းစားနေခဲ့သည်။ ယခုအချိန်တွင် သူသည် အနည်းငယ် ချီတုံချတုံ ဖြစ်နေခဲ့သည်။

ဟင်းလင်းပြင် အတွင်း၌ အနီရောင်
အလင်းတန်းများ လင်းလက်သွား၍ အနက်ရောင်
မြူခိုးငွေ့များ ဝင်ရောက်လာခဲ့သည်။
စေတန်တံခါးသည် သူ့ကိုယ်သူ ဖော်ပြခဲ့၍
ဖြည်းဖြည်းချင်း ပွင့်လာလေသည်။

လူကြီးက မျက်မှောင်ကြုတ်၍ တွေးလိုက်သည်။
"စီနီယာဝမ်နဲ့ တာအိုရောင်းရင်းနင်တို့က
ကျင့်ကြံနေကြဆဲ ရှိသေးတယ်... ပြီးခဲ့တဲ့
ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ မာစတာလင်းနဲ့
ဦးလေး ဟွမ်ရဲ့ အပါအဝင် ဟေးဒီးစ်မျိုးနွယ်စုတို့က
ပဋိပက္ခတွေ ဖြစ်ခဲ့ကြတယ်... ဒါ့အပြင်
မာစတာလင်းက ဦးလေးခုန်းယွမ်ကို သတ်ဖြတ်ခဲ့တဲ့
အတွက် သူတို့ဟာ အခုအချိန်မှာ မဟာရန်သူတွေ
ဖြစ်သွားကြပြီ"

"တကယ်လို့ သူတို့က အခုအချိန်မှာ ဝင်ရောက်လာနိုင်ခဲ့ရင် စီနီယာဝမ်တို့ကို အန္တရာယ် ပြုနိုင်တယ်"

သူသည် ယခင်ဘဝမှ မှတ်ဉာဏ်များကို အပြည့်အဝ ပြန်လည် ရရှိခဲ့ပြီ ဖြစ်သော်လည်း လက်ရှိဘဝမှ လွှမ်းမိုးမှုများသည် လျှို့ကြီးအပေါ်၌ များစွာပို၍ သက်ရောက်မှု ရှိနေသည်။

လင်းဖုန်းအနေဖြင့် ဤနှစ်များ အတွင်းတွင် သူ့အား အဆက်မပြတ် လမ်းညွှန်မှု ပေးခဲ့သည်ကို ကျေးဇူးတင်နေရန် သူ့ကိုယ်သူ အမြဲတမ်း သတိပေးနေခဲ့သည်။ ဝမ်လင်း အပါအဝင် ကျန်သော စီနီယာနှင့် ဂျူနီယာများက ယင်ပင်လယ်သို့

လာရောက်ခဲ့သည့် အချိန်၌လည်း သူနှင့် အဆက်အဆံများ ရှိခဲ့ကာ နက်ရှိုင်းသော ဆက်ဆံရေးများကို တည်ဆောက်နိုင်ခဲ့ကြသည်။

ဤအတွေးက သူ၏ စိတ်အတွင်းတွင် ပေါ်လာသော အခါ လှိုကြီးသည် ဆုံးဖြတ်ချက် ချနိုင်ခဲ့သည်။ သူ၏ အရှေ့မှ ဖြည်းဖြည်းချင်း ပွင့်လာသော စေတန်တံခါးကို ကြည့်နေရင်း သူက သက်ပြင်းချ၍ ပြောလိုက်သည်။ "ခင်ဗျားက ကျုပ်ရဲ့ မျိုးနွယ်စု အတွင်းက ဘယ်သူဆိုတာကို မသိပေမဲ့ ကျုပ်က အခုအချိန်မှာ ခင်ဗျားကို ရင်ဆိုင်ရတော့မယ်"

လှိုကြီးသည် အရှေ့သို့ ပျံသန်းသွား၍ သူ့ကိုယ်သူ လေထုအလယ်၌ နေရာယူလိုက်သည်။ သူ၏ လက်အစုံကို စေတန်တံခါး၏ အနောက်သို့

ကပ်လိုက်ရာ သူ၏ မိစ္ဆာစွမ်းအားများကို
ထုတ်ဖော်လိုက်ရာ ချက်ချင်းပင် မိစ္ဆာတံခါးက
ပြန်ပိတ်သွားလေသည်။

တံခါး၏ အခြားတစ်ဘက်မှနေ၍
တစ်စုံတစ်ယောက်က ချက်ချင်း နှာမှုတ်လိုက်သည်။
"မိစ္ဆာစွမ်းအား... နေပါဦး...
ဒီမိစ္ဆာစွမ်းအားမျိုးက..."

လှျိုကြီးသည် တိတ်တဆိတ်သာ
သက်ပြင်းချလိုက်၍ ဘာမှ ပြန်မပြောခဲ့ပေ။

တံခါး အပြင်ဘက်မှ သိပ်သည်းနေသော
အနက်ရောင် မြူခိုးငွေ့များ အကြားတွင်

လူသားပုံစံဖြင့် ဟေးဒီးစ်သားရဲ နှစ်ကောင်တို့သည် သူတို့အရှေ့မှ တံခါးအား ပြင်းထန်စွာဖြင့် စိုက်ကြည့်နေကြသည်။

သူတို့ နှစ်ယောက်၏ အနောက်တွင် ရှေးဟောင်း ကြေးမီးအိမ် တစ်လုံးက လွင့်မျောနေပေသည်။ မီးစာများ အပေါ်၌ အနီရောင် အလင်းစက်များ လင်းလက်နေ၍ ထိုအလင်းစက်များက အနက်ရောင် မြူခိုးငွေ့များကို ကာကွယ်ပေးထားခဲ့သည်။ အတွင်းသို့ စိမ့်ဝင်လာကြသော မြူခိုးငွေ့ အနည်းငယ်အား ထိုဟေးဒီးစ် နှစ်ယောက်တို့က လွင့်ပြယ်အောင် လုပ်နိုင်ခဲ့သည်။

ရှေးဟောင်း ကြေးမီးအိမ်မှ ထွက်လာသော
အနီရောင် စေတန် အလင်းတန်းသည် တံခါးကို
ပွင့်လုနီးပါး ဖြစ်စေခဲ့သည်။ ဟေးဒီးစ်သားရဲ
တစ်ကောင်က သူ၏ လက်သည်းများကို ထိုတံခါး
အပေါ်သို့ ဖိလိုက်ကာ အားသုံး၍
တွန်းဖွင့်နေခဲ့သည်။

ပွင့်လုနီးပါး ဖြစ်နေသော တံခါးကို
စောင့်ကြည့်နေခဲ့သော ဟေးဒီးစ်သားရဲတို့သည်
ရုတ်တရက်ပင် တံခါးအနောက်မှ ကြီးမားသော
အင်အားတစ်ခု ပေါ်လာ၍ တံခါးကို ချက်ချင်း
ပြန်ပိတ်ခဲ့သည်ကို တွေ့လိုက်ရသည်။

ဟောဒီးစ် သားရဲများက အမျက်ဒေါသ ထွက်သွားက ပြောလိုက်သည်။ "တစ်စုံတစ်ယောက်က ငါတို့ထက် အရင်စောပြီးမှ ရောက်လာခဲ့တယ်"

"ဒီစွမ်းအား စီးဆင်းပုံအရ ဒါက မိစ္ဆာစွမ်းအားပဲ ဖြစ်တယ်... နေပါဦး... ဒီမိစ္ဆာစွမ်းအား... ဒါ..." သူက စကားပြောနေရင်း သူ့မျက်နှာ အပေါ်မှ အမျက်ဒေါသများသည် အံ့အားသင့်မှုများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

အခြားဟောဒီးစ် တစ်ကောင်က လေးနက်သော အသံဖြင့် ပြောလိုက်သည်။ "နင်းဖန်... ဘာဖြစ်နေလို့လဲ"

တံခါးကို တွန်းဖွင့်နေသော ဟေးဒီးစ်သည် ယန်နန်းလိုင်ကို လိုက်ဖမ်းနေရင်း နောက်ဆုံးတွင် ရှီထျန်းဟောင်အား အရှုံးပေးခဲ့ရသော ဟေးဒီးစ်နင်းဖန်ပင် ဖြစ်သည်။ သူသည် အခြား ဟေးဒီးစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ "ယွင်ချန်း... သူတို့က ကျန်းယန်နဲ့ ကျန်တဲ့သူတွေ ဖြစ်နိုင်သလား"

"ဒါပေမဲ့ မိစ္ဆာစွမ်းအားတွေကို အာရုံခံလိုက်ရင် သူတို့က ငါ့ရဲ့ စွမ်းအားတွေကို မှတ်မိသင့်ပါတယ်"

ဟေးဒီးစ်နင်းဖန်၏ ဘေးတွင် ရပ်နေသူမှာ ဦးခေါင်းပေါ်တွင် ဦးချိုသုံးချောင်းရှိ၍ သူ၏ ခန္ဓာကိုယ်အား ခရမ်းရောင် အလင်းတန်း ပုံစံများဖြင့် ဖုံးလွှမ်းနေသော

ဟေးဒီးစ်တစ်ကောင်ပင် ဖြစ်သည်။ သူသည် နင်းဖန်ထက် ပိုပိန်ကာ အရပ်ပိုရှည်၍ သူ၏ မျက်လုံး သူငယ်အိမ် အတွင်းတွင် ခရမ်းရောင် အလင်းတန်း အပြင် အဖြူရောင် အလင်းတန်း တစ်ကွင်း ရှိနေသေး၏။

ယွင်ချန်းဟုခေါ်သော ထိုဟေးဒီးစ်၏ ကျင့်ကြံမှုနှင့် စွမ်းအားတို့သည် နင်းဖန်ထက် များစွာပိုသာသည်။ ဟေးဒီးစ်ကျင်းယန်နှင့် ဟေးဒီးစ်ကျန်းမင်တို့ကဲ့သို့ သူသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ အစွမ်းထက်သော ဟေးဒီးစ်တစ်ကောင် ဖြစ်သည်။

ဟေးဒီးစ်ယွင်ချန်းသည် သူ၏အရှေ့မှ စေတန်တံခါးကို ကြည့်လိုက်ကာ သူ၏လက်သည်းဖြင့် တံခါးကို တွန်းဖွင့်လိုက်ရာ

ချက်ချင်း ဆိုသလိုပင် စေတန်တံခါးက ပြင်းထန်စွာဖြင့် တုန်ခါသွားသည်။

တံခါး၏ အခြားတစ်ဘက်မှ အနီနှင့် အနက်ကမ္ဘာ အတွင်းတွင် လျှိုကြီး၏ ခန္ဓာကိုယ်သည် တုန်ခါသွားခဲ့သည်။ သူ၏ ခန္ဓာကိုယ်မှ ငွေရောင်သားမွေးများ ထွက်လာ၍ ခရမ်းရောင် အလင်းတန်းပုံစံများ ပျံ့နှံ့လာသည်။ သူ၏ ခန္ဓာကိုယ်သည် စတင် ကြီးထွားလာ၍ သူ၏ မူလ အစစ်အမှန် ပုံစံကို ဖော်ပြလိုက်သည်။

ဝိညာဥ် စွမ်းအင်များ၏ တွန်းကန်မှုဖြင့် သူသည် အနက်ရောင် စေတန်တံခါးကို ဆက်ပိတ်နေစေရန် ကာကွယ်ထားနိုင်ခဲ့သည်။

တံခါးအတွင်းတွင် ရှိနေသဖြင့် လျှိုကြီးသည် စေတန်တံခါး၏ အကာအကွယ် မှော်ကျိန်စာများများကို အားဖြည့်နိုင်ခဲ့သည်။ ဟေးဒီးစ်ယွင်ချန်းသည် အင်အားများကို ပိုသုံးလိုက်သော်လည်း တံခါးက ပွင့်မလာခဲ့ပေ။ ထို့အစား တံခါး၏ အပေါ်တွင် အက်ကွဲကြောင်းအချို့ ပေါ်လာခဲ့သည်။

သို့သော်လည်း အကွက်အနည်းငယ် ရင်ဆိုင်ခဲ့ရသဖြင့် ဟေးဒီးစ်ယွင်ချန်းသည် ဘာဖြစ်နေသည်ကို စဥ်းစားနိုင်ခဲ့ပြီး သူ၏မျက်နှာမှာ မည်းမှောင်သွား၏။

ဘေးမှနေ၍ ဟေးဒီးစ်နင်းဖန်သည် တံခါး၏ အခြားတစ်ဘက်မှ စွမ်းအင်ကို အသေအချာ

လေ့လာနေရင်း သူ၏ အံ့အားသင့်မှု အမှုအရာများသည် အမျက်ဒေါသများ အဖြစ် ထပ်ဖန်တစ်ခါ ပြောင်းသွားပြန်သည်။ "ဒီမိစ္ဆာစွမ်းအား လှုပ်ရှားမှုဟာ အရှင်မင်းမြတ် ဟောဒီးစ်ကေရာဇ် ချန်ရစ်ထားခဲ့တဲ့ ဦးချိုနဲ့ အရင်းအမြစ် အတူတူပဲ"

"အထဲကသူက လျှိုကြီးပဲ" ဟောဒီးစ်နင်းဖန်က စေတန်တံခါးကို ပြင်းထန်စွာနှင့် စိုက်ကြည့်နေရင်း ပြောလိုက်သည်။ "ဒါပေမဲ့ သူက ဘာဖြစ်လို့ ငါတို့ကို ဟန့်တားနေရတာလဲ"

ဟောဒီးစ်ယွင်ချန်း၏ မျက်နှာသည် မည်းမှောင်သွား၍ သူ၏ လက်သည်းများမှ ခရမ်းရောင် အလင်းတန်း တစ်ခု လင်းလက်လာကာ

စေတန်တံခါး တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့သည်။ သူက နက်ရှိုင်းသော အသံတစ်ခုဖြင့် ပြောလိုက်သည်။ "လျှို့ကြီး... မင်းက ငါပြောတာကို ကြားနိုင်မှန်းကို ငါသိတယ်"

"မင်းက ငါ့ကို မသိပဲ ဖြစ်နိုင်သလို ငါကလည်း မင်းကို မမြင်ဖူးဘူး... ဒါပေမဲ့ ငါက မင်းရဲ့ နာမည်နဲ့ မင်းရဲ့ တည်ရှိနေမှုကို သိနေတယ်... ငါ့နာမည်က ယွင်ချန်းဖြစ်ပြီး ပုံရိပ်ယောင်နေမင်းရဲ့ သားဖြစ်တယ်... မင်းက အခု ဘာလုပ်ချင်နေတာလဲ"

မှန်၏၊ လျှို့ကြီးသည် ယွင်ချန်း၏ အသံကို ကြားနိုင်ခဲ့သည်။ သူ၏ အမူအရာသည်

ရှုပ်ထွေးနေ၍ မည်ကဲ့သို့ ပြန်ဖြေရမည်ကို မသိနေချေ။

ဟေးဒီးစ်ယွင်ချန်းက ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အထဲမှာ မရှိနေဘူး... မဟုတ်လား... မဟုတ်ရင် သူက အခုအချိန်မှာ ထွက်လာလောက်ပြီ... ဒါကို ကြည့်ရခြင်း အားဖြင့် သူက မင်းရဲ့ လွတ်လပ်မှုကို မပိတ်ပင်ထားပဲ ထိန်းချုပ်ထားခြင်းလည်း မရှိဘူး... မင်းက တစ်ချိန်လုံး အသိဉာဏ် ကြည်လင်ပြီး လွတ်လပ်နေတယ် မဟုတ်လား"

"ဒီလိုဆိုရင်... မင်းက ငါတို့ကို ဘာဖြစ်လို့ ဟန့်တားနေရတာလဲ... မင်းက ငါတို့အတွင်းက တစ်ယောက်ဖြစ်တယ်... ငါတို့က သွေးသား

ညီအစ်ကိုတွေ ဖြစ်တယ်" ဟေးဒီးစ်ယွင်ချန်းက ပြောလိုက်ရာ သူ၏ အသံမှာ ဒေါသသံများ ပေါက်လာခဲ့သည်။

"အစောပိုင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဝိညာဉ်ပင်လယ်မှာ လာသောင်းကျန်းခဲ့တုံးက မင်းက မင်းရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ဒီလိုမျိုး လုပ်နေခဲ့တာလား"

ခေတ္တမျှ ငြိမ်သက်သွား အပြီးတွင် စေတန်တံခါး၏ အတွင်းဘက်မှ လျှိုကြီး၏အသံ ပေါ်လာခဲ့သည်။ "ခင်ဗျားက ဦးလေး ပုံရိပ်ယောင်နေမင်းရဲ့ သားဆိုတော့ ကျွန်တော်က ခင်ဗျားကို အစ်ကိုယွင်ချန်းလို့ ခေါ်ရမှာပေါ့... ကျွန်တော့်ရဲ့ ပြန်လည် မွေးဖွားမှုဟာ အဖေရဲ့ အစီအစဉ်ကြောင့်

မဟုတ်ပဲ မာစတာလင်းကြောင့်သာ
ဖြစ်လာခဲ့တာပါ"

"ပြီးတာနဲ့ မာစတာလင်းကပဲ ကျွန်တော့်ကို
မှော်ကျိန်စာတွေနဲ့ ကျင့်ကြံမှုတွေကို
သင်ကြားပေးခဲ့တယ်… ဝိညာဉ်ပင်လယ်မှာ ရှိစဉ်က
ကျွန်တော်ဟာ ဟေးဒီးစ် ရုပ်ကိုယ်ခန္ဓာကို ပြန်လည်
ရနိုင်ခဲ့ပေမဲ့ ကျွန်တော့်ရဲ့ မှတ်ဉာဏ်တွေကို
ပြန်မရခဲ့သေးလို့ မာစတာလင်းကို ကူညီခဲ့တာပါ"

"ကျွန်တော်ဟာ အရင်က အမေနေခဲ့တဲ့
အလယ်ကမ္ဘာကို သွားရောက်ခဲ့တဲ့ အချိန်မှသာ
ကျွန်တော့် အရင်ဘဝရဲ့ မှတ်ဉာဏ်တွေ အားလုံးကို
ပြန်လည် ရနိုင်ခဲ့တယ်… ဒါပေမဲ့ အခုအချိန်မှာ
ခင်ဗျားတို့ကို တားဆီးနေတာက ကျွန်တော့်ရဲ့

ကိုယ်ပိုင်ဆန္ဒကြောင့်ပါပဲ... အစ်ကိုယွင်ချန်းက ကျွန်တော့်ကို အပြစ်မတင်ဘူးလို့ မျှော်လင့်ပါတယ်"

လျှိုကြီး၏ စကားများကို ကြားခဲ့ရသော အခါ ဟောအီးစ်ယွင်ချန်းနှင့် ဟောအီးစ်နင်းဖန်ဆို့၏ မျက်နှာများတွင် အံ့သြ တုန်လှုပ်မှုနှင့် အမျက်ဒေါသများ ပေါ်လာခဲ့သည်။ ဟောအီးစ်နင်းဖန်က ဒေါသတကြီးဖြင့် မေးလိုက်သည်။ "မင်းရူးနေပြီလား... မင်းက မင်းရဲ့ မျိုးနွယ်စုကို ဆန့်ကျင်ပြီး လူသားတွေကို ကူညီချင်နေတာလား"

လျှိုကြီးက ဖြည်းညင်းစွာဖြင့် ပြန်ပြောလိုက်သည်။ "ကျွန်တော်က မှတ်ဉာဏ်တွေကို ပြန်ရခဲ့ပေမဲ့ ကျွန်တော့်အတွက် သက်ရောက်မှု အရှိဆုံးက

ဒီဘဝပဲ ဖြစ်တယ်... ကျွန်တော်က ဟေးဒီးစ် မျိုးနွယ်စုကို ဆန့်ကျင်ဖို့ ဆန္ဒမရှိပေမဲ့ တကယ်တမ်း ရွေးချယ်ရမယ် ဆိုရင်တော့ လူသားတွေကို ပိုပြီးမှ ဆန့်ကျင်လိုစိတ် မရှိဘူး"

ဟေးဒီးစ်နင်းဖန်က ဒေါသအိုး ပေါက်ကွဲသွားရာ ဟေးဒီးစ်ယွင်ချန်းက သူ၏လက်ကို မြှောက်လိုက်ပြီး နင်းဖန်ကို ဟန့်တား၍ လေးနက်စွာဖြင့် ပြောလိုက်သည်။

"အရှင်မင်းမြတ် ဟေးဒီးစ်ကေရာဇ်ရဲ့ အကြံအစည်က မတော်တဆမှုတစ်ခု ဖြစ်သွားပြီး တစ်စုံတစ်ယောက်ကမှ လမ်းမညွှန်နိုင်ခဲ့ပဲ မင်းရဲ့ ပြန်လည် မွေးဖွားမှုက လမ်းပြောင်းသွားခဲ့တယ်... ဒါကြောင့်မို့ မင်းဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့

ဖြားယောင်းမှုကို ခံခဲ့ရပြီး လူသားတွေရဲ့
လှည့်စားမှုကို ခံခဲ့ရတာ"

"မင်းပြန်လည် မွေးဖွားလာတဲ့ အချိန်မှာ ငါတို့
မျိုးနွယ်စုဟာ မဟာကမ္ဘာရဲ့ ပြင်ပမှာ
ရောက်နေခဲ့တယ်… အခုအချိန်မှာ ငါတို့
မျိုးနွယ်စုဟာ မဟာကမ္ဘာကို ပြန်လာခဲ့ပြီ
ဖြစ်တဲ့အတွက်ကြောင့် မင်းအနေနဲ့ အိမ်ပြန်ဖို့
အချိန်ကျပြီ"

ဟေးဒီးစ်ယွင်ချန်းက အေးစက်စွာဖြင့်
ပြောလိုက်သည်။ "မင်းအနေနဲ့ ဘာပဲလုပ်လုပ်
မင်းရဲ့ မိစ္ဆာဝိညာဉ်နဲ့ ရုပ်ကိုယ်ခန္ဓာတို့က
ဟေးဒီးစ်မျိုးနွယ်စုနဲ့ သက်ဆိုင်တာကို

သဘောပေါက်ထားရမယ်... လူသားတွေက မင်းကို ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာ မဟုတ်ဘူး"

လျှိုကြီးက ပြောလိုက်သည်။ "ဒီနှစ်တွေအတွင်းမှာ မာစတာလင်းရဲ့ သင်ကြားမှုတွေကြောင့်သာ မဟုတ်ရင် ကျွန်တော်က ဒီကနေ့ အခြေအနေကို ရောက်နိုင်ခဲ့မှာ မဟုတ်ဘူး... မာစတာလင်းက ကျွန်တော့်ကို ရုပ်ကိုယ်ခန္ဓာ အသစ်တစ်ခုကိုလည်း ပြန်လည် ဖွဲ့စည်းပေးခဲ့တယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းက လူတွေကလည်း ကျွန်တော့်ကို ရွံရှာခြင်း၊ မုန်းတီးခြင်း၊ ဆန့်ကျင်မှု မရှိပဲနဲ့ လိုက်လျောညီထွေစွာ ဆက်ဆံခဲ့တယ်"

လှျိုကြီး၏ ဖြေရှင်းချက်ကို ကြားခဲ့ရသော အခါ ဟေးဒီးစ်နင်းဖန်က နှာခေါင်းရှုံ့၍ ပြန်ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မင်းကို လက်ခံခဲ့တာက ငါတို့ မျိုးနွယ်စုကို ရင်ဆိုင်ပြီး ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ဖို့ပဲ… သူက စိတ်စေတနာကောင်းနဲ့ လုပ်ခဲ့တယ်လို့ မင်းက ထင်နေတာလား"

"မင်းက အခုအချိန်မှာ သူ့အတွက် အသုံးဝင်နေသေးပေမဲ့ မင်းက အသုံးမဝင်တော့တဲ့ အချိန်မှာ မင်းက ဇာတ်သိမ်းကောင်းမယ် ထင်နေတာလား… စားသုံးဖို့ မွေးထားတဲ့ သိုးတွေ နွားတွေလိုပဲ မင်းက မင်းရဲ့ အသွေးအသားအတွက် အသတ်ခံရမှာပဲ"

လှိုင်ကြီးက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။
"ကျွန်တော်ပြောခဲ့တဲ့ အတိုင်းပဲ ကျွန်တော့်အတွက်
အရေးအပါဆုံး အရာက ဒီဘဝပဲ...
မာစတာလင်းသာ မရှိရင် ကျွန်တော်က ဒီဘဝမှာ
သေပြီးသား ဖြစ်နေပြီး လူဝင်စားမှု သံသရာ
အတွင်းကို ပြန်ဝင်သွားရလောက်ပြီ"

"မာစတာလင်းဟာ ကျွန်တော့်ကို အတိတ်က
ကယ်တင်ခဲ့ပြီး သင်ကြားပေးခဲ့တာဟာ
ကျွန်တော်က ဟေးဒီးစ်သားရဲ တစ်ကောင်
ဖြစ်နေလို့ပဲ ဆိုတာကို ရေးရေးလေး
အာရုံခံမိပါတယ်... ဒါပေမဲ့ ဝိညာဉ်ပင်လယ်နဲ့
ကျွန်တော်တို့ မျိုးနွယ်စုတွေ ပြန်လာမယ် ဆိုတာကို
သူက အဲ့ဒီအချိန်က မသိခဲ့ဘူး... ဒါတွေက
တိုက်ဆိုင်မှု သက်သက်ပဲ ဖြစ်နိုင်တယ်"

"ကျွန်တော့်ရဲ့ ထင်မြင်ချက်တွေက မှန်ချင်မှ မှန်နိုင်ပေမဲ့ ကျွန်တော်က မာစတာလင်းကို ယုံကြည်ဖို့ ရွေးချယ်ခဲ့တယ်" လျှိုကြီးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"အခုအချိန်မှာ ဒါမှမဟုတ် အနာဂတ်မှာ ကျွန်တော်က ခြိမ်းခြောက်မှုတစ်ရပ် ဒါမှမဟုတ် လူသားတွေရဲ့ ရန်သူတစ်ယောက် မဟုတ်ခဲ့ရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှာ ကျွန်တော့်အတွက် နေရာတစ်ခု ရှိနိုင်တယ်... ဒါက မာစတာလင်း ပေးထားတဲ့ ကတိတစ်ခု မဟုတ်ပဲ ကျွန်တော့်ရဲ့ ထင်မြင်ချက်သာ ဖြစ်တယ်... ဒါက မှန်ချင်မှ မှန်နိုင်ပေမဲ့ ကျွန်တော်က ယုံကြည်မှုရှိဖို့ ရွေးချယ်ခဲ့တယ်"

ဟေးဒီးစ်နင်းဖန်၏ အကြည့်သည် ပို၍ အေးစက်လာ၍ ဟေးဒီးစ်ယွင်ချန်းက လေးနက်စွာဖြင့် ပြောလိုက်သည်။ "မင်းက အရှင်မင်းမြတ် ဟေးဒီးစ်ဧကရာဇ်ရဲ့ သားဖြစ်ဖို့ မထိုက်တန်ဘူး... မင်းက မင်းအပေါ်မှာ ထားရှိခဲ့တဲ့ အရှင်မင်းမြတ်ရဲ့ ကြီးမားတဲ့ မျှော်လင့်ချက်ကို ဆုံးရှုံးစေခဲ့တယ်... မင်းရဲ့ကိုယ်ပိုင် ကြမ္မာပန်းတိုင်ကို ဖြည့်ဆည်းဖို့ ပျက်ကွက်ခဲ့တယ်"

စေတန်တံခါး၏ အခြားတစ်ဘက်တွင် လျှိုကြီးက ငြိမ်သက်သွား၏။ သူ၏ တည်ငြိမ် ခိုင်မာသော အသံသည် ဖြည်းဖြည်းချင်း ခါးသီးသွား၍ သူ့ကိုယ်သူ ပြောလိုက်သည်။ "ဒါက ငါ့ရဲ့ ကြမ္မာပန်းတိုင်ပဲလား"

## စာစဉ် ၆၈ : အပိုင်း ၁၉

## အပိုင်း ၁၃၂၉ : လုံ့လဝီရိယ

စေတန်တံခါး အတွင်းမှ အနီနှင့် အနက်ကမ္ဘာအတွင်းတွင် လျှို့ကြီးသည် တံခါးကို မှီရပ်နေရင်း သူ၏ အမူအရာသည် စိတ်ရှုပ်ထွေးနေမှုမှာ ကိုယ့်ကိုယ်ကိုယ် သရော်မှုနှင့် ခါးသီးမှုများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

"ငါ့ရဲ့ ကြမ္မာပန်းတိုင်" သူသည် ခါးသီးစွာဖြင့် သူ့ကိုယ်သူ ပြောလိုက်ပြီး သူ၏ခေါင်းကို ခါလိုက်သည်။

လင်းဖုန်းသည် ဟေးဒီးစ် မျိုးနွယ်စု အတွင်းမှ အစွမ်းအထက်ဆုံး အကြီးအကဲ တစ်ယောက်ဖြစ်သော ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ ဟေးဒီးစ်ခုန်းယွမ်အား သတ်ဖြတ်ခဲ့သည်။ ရှီထျန်းဟောင်သည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် တံခါးအပြင်၌ ရှိနေသော ဟေးဒီးစ်နင်းဖန်အား သတ်ဖြတ်နိုင်လုနီးပါးအထိ ဖြစ်ခဲ့သည်။

သို့သော်လည်း လျှို့ကြီးအနေဖြင့် သူတို့အား အမုန်းတရား အနည်းငယ်မျှ မပွားနိုင်ခဲ့ပေ။ သူတစ်ယောက်တည်း ရှိနေစဉ် အသေအချာ စဉ်းစားကြည့်ရာ စစ်ပွဲ၏ အမုန်တရားများကို နားလည်လာပြီး ဝမ်းနည်းလာခဲ့သည်။

သူ၏ လက်ရှိ ဟောဒီးစ် ရုပ်ကိုယ်ခန္ဓာ အနေနှင့်ပင် ဟောဒီးစ်ကေရာဇ် ထျန်းဟိုင်၏ အရိုး အကြွင်းအကျန် အပြင် လင်းဖုန်းသည် ဟောဒီးစ်ခုန်းယွမ်ထံမှ အဆီအနှစ်များကို ထုတ်ယူ ပေါင်းစည်းထားပေးခြင်း ဖြစ်သည်။

လှျိုကြီး၏ နှလုံးသား အတွင်း၌ မည်သူ့ကိုပို၍ အရေးပေးရမည်ဟူသော ခံစားချက်သည် လွန်စွာ ကြည်လင် ပြတ်သားနေခဲ့ပြီ ဖြစ်သည်။

သူ့ကိုယ်သူ ပြောနေသကဲ့သို့ သူ၏ လက်ရှိဘဝသည် သူ၏ စိတ်အခြေအနေ အပေါ်ကို များစွာ အကျိုးသက်ရောက်မှု ရှိ၍ လွှမ်းမိုးနိုင်ခဲ့သည်။ သူ၏ မူလရင်းမြစ် အကြောင်းကို ပြောရလျှင် သူသည်

မွေးဖွားလာကတည်းက ထာဝရ ပြန်လည်ဝင်စားရန် အတွက် ကံပါလာခဲ့သည်။

သူ၏ ယခင်ဘဝမှ ဖခင်နှင့် မိခင်တို့ အပေါ် ခံစားချက် အနည်းငယ်တို့မှာ သူ၏ မိစ္ဆာဝိညာဉ် အတွင်းတွင် ခတ်နှိပ်ထားသော အရာများမှ လာခဲ့ခြင်း ဖြစ်၍ နေ့စဉ် ထိတွေ့ဆက်ဆံမှုများမှ အခြေခံလာခဲ့ခြင်း မဟုတ်ချေ။

သို့တိုင်အောင် လျှို့ကြီး၏ နှလုံးသား အတွင်းတွင် ခါးသီးသော ခံစားချက်များဖြင့် ပြည့်နေခဲ့သည်။

အကယ်၍ သူသည် ဟေးဒီးစ်တစ်ကောင် မဟုတ်ပဲ ဟေးဒီးစ်ကေရာဇ်၏ သားမဖြစ်နေခဲ့ပါက သူယနေ့

ရောက်နေသော နေရာသို့ ရောက်နိုင်လိမ့်မည် မဟုတ်ချေ။

သာမန်လူများနှင့် မတူပဲ ငယ်စဉ်ကတည်းက လင်းဖုန်း၏ လမ်းညွှန် ဆုံးမမှုများကို ရရှိခဲ့သည့် အပြင် သူ၏ သဘာဝ ပင်ကိုစွမ်းရည်ကလည်း အမတန်မှ ထူးခြားသည်။ ဤအရာများသည် သူ၏ သွေးမျိုးဆက်ထံမှ ရလာခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူ၏ မွေးရာပါ အထူး စွမ်းရည်ကြောင့် မဟုတ်လျှင် လင်းဖုန်းသည် လွန်ခဲ့သော နှစ်များက သူ့အား အဘယ်ကြောင့် ကယ်တင်ပါမည်နည်း။

လျှို့ကြီးသည့် လင်းဖုန်းက သူ၏အသက်အား ကယ်တင်ခဲ့သော အချိန်တွင် ဝိညာဉ်ပင်လယ်တွင် ဘာဖြစ်လိမ့်မည် ဆိုသည်နှင့် မဟာကမ္ဘာ အတွင်းသို့ ဟောဒီးစ်မျိုးနွယ်စုများ ပြန်လာလိမ့်မည်ကို လုံးဝ သဲလွန်စ မရှိမှန်းကို အာရုံခံနိုင်ခဲ့သည်။

သို့သော်လည်း အကယ်၍ သူ့တွင်သာ ဟောဒီးစ် သွေးမျိုးဆက် မရှိခဲ့လျှင် လင်းဖုန်းသည် သူ့အား ကယ်တင်၍ လမ်းညွှန် သင်ကြားပေးပါဦးမည်လော။

ထိုအချိန်က လင်းဖုန်းအနေဖြင့် အလျဉ်းသင့်၍ လုပ်ခဲ့ခြင်းသာ ဖြစ်နိုင်သော်လည်း သူသည် တစ်နေ့တွင် အသုံးဝင်လာနိုင်မှန်း သိ၍သာ လင်းဖုန်းက လုပ်ဆောင်ခဲ့ခြင်း မဟုတ်ပါလော။

လင်းဖုန်းအနေဖြင့် သူ့အား ကယ်တင်ခဲ့ခြင်းမှာ
သာမန် ကောင်းမှုတစ်ခု ပြုခဲ့ခြင်းဟုသာ
ပြော၍ရသော်လည်း သူ့အား လမ်းညွှန်မှုများ
ပေးရန်တော့ မလိုအပ်ပေ။

လျှိုကြီးသည် သူ၏ ကိုယ်ပိုင် စွမ်းရည်များကို
ကောင်းစွာ သိနေခဲ့သည်။ သူသည် ယခုဘဝတွင်
လျှိုယောင်အနေဖြင့် လူသားဘဝတွင် ရှိနေခဲ့စဉ်က
သူ၏ ပါရမီများသည် အလွန်ဆုံး သာမန်ထက်သာ
သာသည်ဟူ၍ ပြောနိုင်ကာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏
မျက်စိကျခြင်းကို ခံရရန် မလုံလောက်ပေ။

သို့ဖြစ်လျှင် သူ့အား ယနေ့နေရာသို့ ရောက်နိုင်ရန်
လုပ်ပေးခဲ့သူမှာ မည်သူနည်း။

ပြီးတော့ သူသည် ယခုအချိန်တွင် မည်သည့်လမ်းကို သွားရမည်နည်း။

လျှို့ကြီးသည် သူ့တစ်ကိုယ်လုံးအား စိတ်လှုပ်ရှားမှုများဖြင့် ဖုံးလွှမ်းထားသည်ဟု ခံစားခဲ့ရသည်။ သူ၏ မိစ္ဆာဝိညာဉ် အပေါ်သို့ ခတ်နှိပ်ထားမှု၊ သူ၏ နှလုံးခုန်နှုန်းနှင့် သွေးလည်ပတ်မှုတို့သည် များစွာပို၍ အားကောင်းလာပြီး သူ၏ စိတ်ခဝတ်ကို ယိမ်းယိုင်စေကာ တည်ငြိမ်အောင် ထိန်းသိမ်းရန် ခက်ခဲလာခဲ့သည်။

တံခါး၏ အခြားတစ်ဘက်မှ ဟေးဒီးစ်ယွင်ချန်း၏ အေးစက်နေသော အသံက ပျံ့လွင့်လာသည်။

"လူအုပ်ကြီးကနေ ရှောင်ခွာပြီး ပုန်းနေတာက ရသေ့တွေရဲ့ လုပ်ရပ်ပဲ... ဒါက မင်းရဲ့ ဆုံးဖြတ်ချက်လား... တကယ်လို့ မင်းက မင်းရဲ့ တာဝန်တွေကို သူရဲဘောကြောင်စွာ ရှောင်ရှားနိုင်လိမ့်မယ်လို့ ထင်နေရင် မင်းက ကိုယ့်ကိုယ်ကိုယ် ညာနေတာပဲ"

"ငါတို့ရဲ့ မျိုးနွယ်စုက မင်းနဲ့နီးစပ်တဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းလူတွေကို တိုက်ခိုက်တဲ့ အချိန်ကျရင် သူတို့ဟာ မင်းကို မင်းရဲ့ကိုယ်ပိုင် မျိုးနွယ်စုနဲ့ ရန်သူဖြစ်စေဖို့ စေခိုင်းရင် မင်းက ဘယ်လိုလုပ်မှာလဲ"

"မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လူသားတွေကို ခင်တွယ်နေလို့ ဦးကြီးခုန်းယွမ်ရဲ့

သေဆုံးမှုက မင်းအတွက် ဘာမှ မဖြစ်စေခဲ့ဘူး ဆိုရင်တောင် သူတို့က ငါတို့ မျိုးနွယ်စုက အဖွဲ့ဝင်တွေ အားလုံးတို့ကို သတ်ဖြတ်တဲ့ အချိန်ကျရင်ကော မင်းက ဘာမှမဖြစ်သလို နေနိုင်မှာလား"

"ငါတို့ မျိုးနွယ်စုက မဟာကမ္ဘာကို မပြန်လာခဲ့စဉ်မှာ မင်းက ဒီနေရာမှာ တစ်ဦးတည်းသော ဟောဒီးစ်ဖြစ်တယ်... မင်းကို အသက်ရှင်ရက် ထားထားတာဟာ ငါတို့ရဲ့ တည်ရှိနေမှုကြောင့် ဖြစ်တယ်... ငါတို့က သန်မာနေသေးတဲ့ အတွက် လူသားတွေက မင်းကနေတဆင့် ငါတို့ရဲ့ မီးတောင်ဖန်ကျောက် လောကကို ရှာချင်နေခဲ့တာ"

"တကယ်လို့ မင်းဟာ မူလကောင်းကင် ကမ္ဘာ အတွင်းမှာ တစ်ကောင်တည်း ကျန်တော့တဲ့ ဟေးဒီးစ်သားရဲ ဖြစ်သွားတဲ့ အချိန်မှာ မင်းက မင်းကိုယ်မင်း ဘယ်လို ကာကွယ်မှာလဲ… တခြား လူသားတွေက မင်းကို အပြတ်ရှင်းချင်နေကြတဲ့ အချိန်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ သူတို့ကိုယ်ပိုင် မျိုးနွယ်စုကို ဆန့်ကျင်ပြီး မိစ္ဆာတစ်ကောင်ကို ကာကွယ်ပေးမယ်လို့ ထင်နေတာလား"

"ငါတို့က မျိုးနွယ်စု တစ်ခုတည်းက ဖြစ်တယ်… ငါတို့ဟာ ငါတို့ကိုယ်ပိုင် မျိုးနွယ်စုက လူတိုင်းကို ကာကွယ်ပေးပြီး နောက်ဆုံးထွက်သက် အထိ ရန်သူတွေကို တိုက်ခိုက်သွားမှာ ဖြစ်တယ်… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ မင်းအတွက်နဲ့ တခြား

မိစ္ဆာတွေကို တိုက်ခိုက်နိုင်ပေမဲ့ မင်းလိုမျိုး ဟောအီးစ်တစ်ကောင်ကြောင့် တခြားလူသားတွေကို တိုက်ခိုက်ပါ့မလား"

ဟောအီးစ်ယွင်ချန်းက ပြတ်သားစွာဖြင့် ပြောလိုက်သည်။ "မင်းက ဒီမေးခွန်းတွေကို အရင်က စဥ်းစားဖူးခဲ့လား"

"မင်းက အားနည်းနေသေးပြီး ခြိမ်းခြောက်မှု မပေးနိုင်သေးတဲ့ အချိန်မှာ ဒါက ပြဿနာ မဟုတ်နိုင်ပေမဲ့ မင်းက တကယ်ပဲ ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် မကြိုးစားပဲ သာမန်ဘဝမှာပဲ နေလိုသလား… တကယ်လို့ မင်းမှာ လူသားတွေကို ခြိမ်းခြောက်ဖို့ လုံလောက်တဲ့ စွမ်းရည်တွေ ရှိလာပြီ

ဆိုရင် မင်းကိုယ်မင်း ကမ္ဘာကြီးရဲ့ အဝေးမှာ နေပါမယ်လို့ ပြောရင်တောင် သူတို့က ယုံပါ့မလား"

"လောဘတွေ တက်ပြီးမှ မင်းကို ပစ်မှတ်အဖြစ်နဲ့ ထားလိုတဲ့ လူသားတွေ ဘယ်လောက်တောင် များနိုင်မလဲ... မင်းဆီမှာ အသုံးဝင်မှုတွေ မရှိတော့တဲ့ အချိန်ကျရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ မင်းကို ပထမဆုံး သတ်တဲ့သူ ဖြစ်နိုင်ပြီး မင်းရဲ့ အသွေးအသား၊ စိတ်ဝိညာဉ်တွေနဲ့ ရတနာတွေကို သန့်စင်နိုင်တယ်"

လျှိုကြီးက ငြိမ်သက်နေခဲ့သည်။ စေတန်တံခါး အပြင်တွင် ဟေးဒီးစ်နင်းဖန်က စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။

"မင်းကိုယ်မင်း မညာနေစမ်းပါနဲ့... မင်းက ငါတို့ မျိုးနွယ်စုကို ဆန့်ကျင်ဖို့ ရည်ရွယ်ချက် မရှိဘူးလို့ ပြောတယ်... ဒါပေမဲ့ မင်းက အခုအချိန်မှာ ငါတို့ကို မဝင်နိုင်အောင် ဟန့်တားထားခြင်းအားဖြင့် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ကူညီပြီး မင်းရဲ့ ကိုယ်ပိုင် မျိုးနွယ်စုကို ဆန့်ကျင်ရာ ရောက်နေပြီ"

"အစောပိုင်းက မင်းဟာ မင်းရဲ့ အတိတ်ဘဝက မှတ်ဉာဏ်တွေကို ကောင်းကောင်း ပြန်မရသေးဘူးလို့ ပြောတယ်... ငါတို့က ဒါကို ယုံကြည်နိုင်တယ်... ဒါပေမဲ့ အခုက ဘယ်လိုလဲ... မင်းရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ လုပ်ရပ်တွေကြောင့် အနာဂတ်မှာ မင်းရဲ့ မျိုးနွယ်စုကို အန္တရာယ် ကြီးကြီးမားမား ဖြစ်စေနိုင်တယ်"

"အဲ့ဒီလိုမျိုး ဖြစ်လာတဲ့ အချိန်ကျရင် မင်းအနေနဲ့ မင်းက ဒီလိုမျိုး ရည်ရွယ်ထားတာ မဟုတ်ပဲ မင်းနဲ့ဘာမှ မဆိုင်ဘူးလို့ ပြောရဲဦးမလား"

လှျိုကြီးသည် သူ၏ မျက်လုံးများကို ပိတ်ထားရင်း ခေတ္တမျှ ငြိမ်သက်သွားအပြီးတွင် တိုးညင်းစွာဖြင့် ပြောလိုက်၏။ "ကျွန်တော့်ကို တစ်ကိုယ်ကောင်း ဆန်တယ်လို့ပဲ ပြောပြော... သူရဲဘော ကြောင်တယ်လို့ပဲ ပြောပြော... အခုအချိန်မှာတော့ ကျွန်တော်က နောက်ဆုတ်မှာ မဟုတ်ဘူး"

အကယ်၍ ယခုအချိန်တွင် သူနောက်ဆုတ်လိုက်လျှင် အတွင်းတွင် ရှိနေသော

ဝမ်လင်းနှင့် နင်းဝမ်ကောတို့က အန္တရာယ်
ကျရောက်သွားနိုင်သည်။

အတွင်းတွင် ရှိနေသည်မှာ ဝမ်လင်း၏ မဟာစေတန်
ကိုယ်ပွားသာ ဖြစ်သော်လည်း သူ့အနေဖြင့်
မှော်ကျိန်စာ တစ်ခုကို လေ့လာနေသည်မှာ
အရေးအပါဆုံး အချိန်သို့ ရောက်နေသဖြင့်
တစ်ခုခုသာ မှားသွားပါက သူ၏ မူလ
ခန္ဓာကိုယ်သည်လည်း အန္တရာယ် ရှိနိုင်ပေသည်။

ဟေးဒီးစ်နင်းဖန်က ဒေါသအိုး ပေါက်ကွဲသွား၍
ပြောလိုက်သည်။ "မင်းက ငါတို့ရဲ့ ကြင်နာမှုကို
အလေးမထားဘူးပဲ… မင်းက ဟေးဒီးစ်ကေရာဇ်ရဲ့
သားဖြစ်ပြီး ငါတို့ရဲ့ ကိုယ်ပိုင် မျိုးနွယ်စုသာ

မဟုတ်ရင် ငါတို့က ဒီလိုမျိုး စိတ်ရှည်လက်ရှည်နဲ့ မင်းကို ဆက်သွယ်နေမှာ မဟုတ်ဘူး"

လျှို့ကြီးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"အစောပိုင်းက ကျွန်တော်ဟာ ကျွန်တော် ဘယ်ကလာသလဲဆိုတဲ့ ဇာတ်လမ်းကို အစကနေ အဆုံးအထိ သိလိုနေခဲ့တယ်… အခုအချိန်မှာ ကျွန်တော့်ရဲ့ ဆန္ဒတွေက ပြည့်မြောက်သွားခဲ့ပြီ"

"ဟေးဒီးစ် မျိုးနွယ်စုပဲ ဖြစ်ဖြစ်… လူသားတွေပဲ ဖြစ်ဖြစ်… ကျွန်တော်ဟာ တစ်ယောက်နဲ့မှ ရန်သူဖြစ်လိုတဲ့ ရည်ရွယ်ချက်တွေ မရှိဘူး… ခင်ဗျားတို့က မဟာကမ္ဘာ အတွင်းကို မပြန်လာခင်က ကျွန်တော့်မှာ ဘာပူပန်သောကမှ မရှိပဲ ကောင်းကောင်းနေနိုင်ခဲ့တယ်"

"ဒါပေမဲ့ ခင်ဗျားတို့ဟာ ထင်ထားတာထက်
အများကြီး စောပြီးမှ ပြန်လာနိုင်ခဲ့တယ်...
ကျွန်တော်တို့ မျိုးနွယ်စုဟာ အရင်က
မဟာလွင်တီးခေါင် ကုန်းမြေကို အုပ်စိုးနိုင်ခဲ့ပြီး
မူလကောင်းကင် ကမ္ဘာ အတွင်းမှာ ပြိုင်ဘက်ကင်း
ဖြစ်ခဲ့တဲ့ အတွက် အလယ်ကမ္ဘာ
တစ်ခုအတွင်းမှာသာ အမြဲတမ်း နေထိုင်လိုစိတ် ရှိမှာ
မဟုတ်ဘူး... ဘယ်သူကမှလဲ ကျွန်တော်တို့
မျိုးနွယ်စုကို အဲ့ဒီမှာ ထိန်းထားနိုင်မှာ မဟုတ်ဘူး"

လျှိုကြီး၏ အမူအရာသည် ရှုပ်ထွေးနေ၍
သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။
"နောက်ဆုံးမှာ ခင်ဗျားတို့က ပြန်လာနိုင်ခဲ့ပြီး
လူသားတွေနဲ့ စစ်ပွဲ အကြီးအကျယ် ဆင်နွှဲခဲ့တယ်...

ကျွန်တော့်အနေနဲ့လည်း ဒီအရုပ်ထုပ် အတွင်းကနေ ရှောင်နိုင်ဖို့ ခက်ခဲသွားတယ်"

"ကျွန်တော့်ရဲ့ ဟေးဒီးစ် သွေးမျိုးဆက်ကြောင့်သာ ကျွန်တော်က မာစတာလင်းရဲ့ တပည့်အဖြစ်ကို ခံယူနိုင်ပြီး မသေမိစ္ဆာ ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့တာပဲ... သွေးမျိုးဆက်ရဲ့ သဘာဝ ပါရမီက ကျွန်တော့်အပေါ်မှာ ကြီးမားတဲ့ အကျိုးသက်ရောက်မှု ရှိခဲ့တယ်"

"အဖေနဲ့ အမေတို့ သေသွားတဲ့ အချိန်မှာ ချန်ထားခဲ့တဲ့ လက်ဆောင်တွေရဲ့ အကျိုးအမြတ်တွေကို ကျွန်တော်က ရိပ်သိမ်းနိုင်ခဲ့တယ်... ဒါပေမဲ့ နောက်ဆုံးမှာ အဖေ ကျွန်တော့်အပေါ်မှာ ထားခဲ့တဲ့ မျှော်လင့်ချက်တွေကို

သစ္စာဖောက်ခဲ့ရတယ်... ကျွန်တော့်အတွက်
တစ်ခုတည်းသော လွတ်မြောက်မှုဟာ ကျွန်တော်
သေသွားတဲ့ အချိန်မှာပဲ ဖြစ်မယ်"

"ပြီးခဲ့တဲ့ ပြန်လည် မွေးဖွားမှုမှာ
နိုးထလာနိုင်ခဲ့အပြီးမှာ တကယ်လို့ ကျွန်တော်
ထပ်သေသွားခဲ့ရင် ပြန်လည် ဝင်စားနိုင်တဲ့ အစွမ်း
ရှိတော့မှာ မဟုတ်ဘူး... တကယ်လို့
ဒီတစ်ခေါက်မှာ ကျွန်တော် သေသွားရင် တကယ်
သေသွားတာပဲ ဖြစ်မှာ... ဟေးဒီးစ်လျှိုကြီးဆိုတာ
ရှိတော့မှာ မဟုတ်ဘူး"

လျှိုကြီးက သူ့ကိုယ်သူ သရော်သကဲ့သို့
နှာခေါင်းရှုံ့၍ ပြောလိုက်သည်။ "အတိတ်တုံးက
မာစတာလင်းဟာ ကျွန်တော့်အသက်ကို

ကယ်ခဲ့တယ်... ဒါပေမဲ့ အမှန်တရားက ဒီဘဝဟာ ကျွန်တော့်ရဲ့ နောက်ဆုံးဘဝ ဖြစ်လာဖို့ သတ်မှတ်ထားပြီးသား ဖြစ်တယ်"

"ဒါက ရှောင်ပြေးနေတာလား... ကျွန်တော့်မှာ သဲလွန်စ မရှိဘူး... ဒါပေမဲ့ ကျွန်တော်က တခြား နည်းလမ်းတွေကို မရွေးချယ်ချင်တဲ့ အတွက် ဒါက ကျွန်တော့်ရဲ့ တစ်ခုတည်းသော ဆုံးဖြတ်ချက် ဖြစ်တယ်"

လျှိုကြီးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"ဒါကြောင့်မို့ ဒီအချိန်မှာ ကျွန်တော်က နောက်ဆုတ်လို့ မရဘူး... ခင်ဗျားတို့ရဲ့ ဆန္ဒကို မလိုက်လျောနိုင်တဲ့အတွက် ခွင့်လွှတ်ပါ"

စေတန်တံခါး၏ အပြင်ဘက်တွင် ဟောဒီးစ်ယွင်ချန်း၏ အမူအရာကလည်း အေးစက်သွားခဲ့သည်။ "တကယ်လို့ ဒါက မင်းရဲ့ ဆုံးဖြတ်ချက်ဆိုရင် ငါတို့ကလည်း ဘာမှပြောစရာ မရှိတော့ဘူး"

"မင်းက မင်းရဲ့ မျိုးနွယ်စုကို သစ္စာဖောက်ပြီး မင်းရသင့်တဲ့ ဂုဏ်ကျက်သရေတွေကို ငြင်းပယ်ခဲ့ကာ လူသားတွေကို မိတ်ဖွဲ့ပြီး ကိုယ့်ရဲ့ မျိုးနွယ်စုကို ဆန့်ကျင်တဲ့ အတွက် မင်းလိုမျိုး သစ္စာဖောက်ကို ငါ့အနေနဲ့ ညှာတာစရာ အကြောင်း မရှိတော့ဘူး"

ဟောဒီးစ်ယွင်ချန်း၏ စကားဆုံးသော အခါ သူ၏ ပုံစံက စတင်၍ ပြောင်းလဲလာသည်။ သူ၏

ခန္ဓာကိုယ်မှ ထူထဲသော ငွေရောင်သားမွေးများ ထွက်လာကာ ခရမ်းရောင် အလင်းတန်း ပုံစံများက ဟင်းလင်းပြင်တွင် ပြည့်သွား၍ သူ၏ ကိုယ်ပေါ်မှ ငွေရောင်သားမွေးများ အပေါ်သို့ ဖုံးလွှမ်းသွားသည်။ သူ၏ ခေါင်းပေါ်မှ ဦးချိုသုံးချောင်း အပေါ်တွင် တောက်ပလှသော အလင်းတန်းများ ထွက်လာလေသည်။

"ငါ့အနေနဲ့ အချိန်ကြာသွားလို့ရှိရင် မင်းရဲ့ အခုအတွေးတွေဟာ ဘယ်လောက်အထိ ရိုးအလှသလဲ ဆိုတာကို သက်သေပြဖို့ အသက်ရှင်လျက်ထားမယ်ဆိုတဲ့ စကားတွေကို ပြောဖို့ ရည်ရွယ်ချက် မရှိဘူး... ငါကမှန်ပြီး မင်းကမှားတယ် ဆိုတာကိုပဲ သက်သေပြမှာ"

ဟေးဒီးစ်ယွင်ချန်းက သူ၏ မူလပုံစံကို ဖော်ပြ၍ ပြောလိုက်သည်။

သူ၏ ရောမ လက်သည်းကို ဟင်းလင်းပြင် အတွင်းသို့ ဆန့်ထုတ်ကာ မည်းနက်နေသော စေတန်တံခါး တစ်ခုလုံးကို သူ၏ လက်ဝါးအတွင်း၌ ဆုပ်ကိုင်လိုက်သည်။

ကြီးမား ခမ်းနားလှသော မိစ္ဆာစွမ်းအားများအောက်တွင် အနက်ရောင် မိစ္ဆာတံခါး အပေါ်၌ အက်ကွဲကြောင်းများ စတင်ပေါ်ပေါက်လာ၏။ ဟေးဒီးစ်ချန်းယွင်၏ လေသံသည် ခံစားချက် ကင်းမဲ့စွာဖြင့် ထူးမခြားနားစွာ ပြောလိုက်သည်။

"တကယ်လို့ မင်းက သေဖို့ ဆုံးဖြတ်ထားရင်လည်း ငါက မင်းဆန္ဒကို ဖြည့်ဆည်းပေးမယ်... အရှင်မင်းမြတ် ဟေးဒီးစ်ကေရာဇ်ကို နောင်ဘဝမှာ မင်းသစ္စာဖောက်ရတဲ့ အကြောင်းတွေကို သွားပြီးမှ ရှင်းပြပေတော့"

အနီနှင့် အနက်ရောင် ကမ္ဘာအတွင်းတွင် လျှိုကြီးသည် မော့ကြည့်လိုက်ရာ အလယ်ကမ္ဘာ တစ်ခုလုံးက ပြင်းထန်စွာနှင့် တုန်ခါလာသည်ကို တွေ့လိုက်ရသည်။ သူ့အနောက်မှ စေတန်တံခါးအပေါ်ရှိ အက်ကွဲကြောင်းများက ပို၍ ကြီးမားလာသည့် အပြင် သူ့အရှေ့မှ ဟင်းလင်းပြင်တွင် တွန့်လိမ်မှုများကြောင့် အကွဲအဟများ ပေါ်လာပေသည်။

စေတန်တံခါး အပေါ်မှ အရံအတားများသည် ဤအလည်ကမ္ဘာ၏ တည်ရှိနေမှုနှင့် ဆက်စပ်နေသည်။ အကယ်၍ ဟောဒီးစ်ယွင်ချန်းသည် ဤစေတန်တံခါးအား ဖျက်ဆီးခဲ့မည် ဆိုပါက တံခါးနှင့်အတူ အလယ်ကမ္ဘာ တစ်ခုလုံးအပြင် အတွင်း၌ရှိနေသော လူ့ကြီးနှင့် အခြားသူများကိုပါ ပျက်သုဥ်းစေလိမ့်မည် ဖြစ်သည်။

ဤအချိန်တွင် ဟောဒီးစ်နင်းဖန်ကလည်း ပြန်လည် တည်ငြိမ်လာခဲ့ကာ ဟောဒီးစ်ယွင်ချန်းအား ကြည့်၍ ပြောလိုက်သည်။ "ဒီသစ္စာဖောက်ဟာ သေဖို့ ထိုက်တန်ပေမဲ့ ဒီအလယ်ကမ္ဘာမှာ အရှင်မင်းမြတ် ဟောဒီးစ်ကေရာဇ် ချန်ထားခဲ့တဲ့ အခြား သဲလွန်စတွေ ရှိနေနိုင်တယ်"

"အရှင်မင်းမြတ် ဟောဒီးစ်ကေရာဇ် ချထားခဲ့တဲ့ အစီအစဥ်တွေက ပြောင်းလဲမှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီး တကယ်လို့ ကျွန်တော်တို့က သူချန်ထားခဲ့တဲ့ အရာတွေကို မရခဲ့ရင် ဝိညာဥ်ပင်လယ်ကို ရယူဖို့ ကြိုးစားတဲ့ အချိန်မှာ အခက်တွေ့နိုင်တယ်"

ဟောဒီးစ်ယွင်ချန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "သူက သေရမှာ မကြောက်ဘူးလို့ ပြောနေပြီး သူဟာ စိတ်ရှုပ်ထွေးနေပေမဲ့ သွေးပူနေတဲ့ အချိန်မှာ အလောတကြီးနဲ့ ပြောခဲ့တာမျိုး မဟုတ်တာ သိသာနေတယ်"

"ဒါပေမဲ့ အခုအချိန်မှာ သူက နောက်ဆုတ်ဖို့ ဝန်လေးနေတဲ့အတွက် ဒီအလယ်ကမ္ဘာ အတွင်းမှာ

သူကိုယ်တိုင် အပြင် အခြားသူတွေလည်း ရှိနေသေးပြီး အကြောင်း တစ်စုံတစ်ရာကြောင့် သူ့ရဲ့ ကာကွယ်မှုအောက်မှာ ရောက်နေနိုင်တယ်"

"ပြီးတော့ သူတို့ဟာ အရှင်မင်းမြတ် ဟောဒီးစ်ကေရာဇ်နဲ့ ဟောဒီးစ်ကေရီတို့ ချန်ရစ်ထားခဲ့တဲ့ သဲလွန်စတွေကို အဖြေရှာနေတာ ဖြစ်နိုင်တယ်… ဝိညာဉ်ပင်လယ် တိုက်ပွဲမှာ ဟင်းလင်းပြင် ဘုရားကျောင်း အပြင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ဟာ ငါတို့ရဲ့ အကြီးမားဆုံး ရန်သူဖြစ်တယ်"

"တကယ်လို့ အရှင်မင်းမြတ် စီစဉ်ထားခဲ့တဲ့ အခြားအရာတွေဟာ သူတို့ရဲ့ လက်အတွင်းကို

အကြောင်း အမျိုးမျိုးကြောင့် ကျရောက်သွားခဲ့ရင် ငါတို့အတွက် ပိုပြီးမှ အကျိုးယုတ်နိုင်တယ်"

ဟေးဒီးစ်ယွင်ချန်းက အေးစက်စွာဖြင့် ပြောလိုက်သည်။ "ဒီနေရာအပြင် ငါတို့မှာ အချိန်ပိုယူရပေမဲ့ ရှာဖွေနိုင်တဲ့ အခြားသဲလွန်စတွေ ရှိနိုင်သေးတယ်... ဒါပေမဲ့ အခုအချိန်မှာ ငါတို့က ဦးကြီးခုန်းယွမ်ကို လက်စားပြန်ချေပေးတဲ့ အနေနဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အဖွဲ့ဝင်တွေကို သတ်ဖို့ အခွင့်အရေး ရှိနေပြီ"

စကားပြောနေရင်း ဟေးဒီးစ်ယွင်ချန်း ထုတ်လွှတ်နေသော မိစ္ဆာစွမ်းအားသည် ပို၍ပို၍ သန်မာလာခဲ့သည်။ ဟေးဒီးစ်နင်းဖန်သည် ခေတ္တမျှ ငြိမ်သက်သွားပြီးနောက်တွင် သူ၏ကိုယ်ပိုင်

မိစ္ဆာစွမ်းအင်များကို စေတန်တံခါး အပေါ်သို့ ပို့လွှတ်လိုက်ရာ တံခါးသည် ပြိုကျလုနီးပါး ဖြစ်လာခဲ့သည်။

စေတန်တံခါး၏ အခြားတစ်ဘက်မှ အနီနှင့် အနက်ကမ္ဘာ အတွင်းတွင် လျှိုကြီးသည် မိချောင်း နတ်ဘုရားအား အသံလွှင့်လိုက်သည်။ စံအိမ်အတွင်း၌ ဝမ်လင်းနှင့် နင်းဝမ်ကောတို့သည် သဲလွန်စများကို ကြိုးစား၍ ဖြေရှင်းနေဆဲ ရှိကြသေး၏။

လျှိုကြီးသည် အသက်ပြင်းပြင်း ရှူလိုက်၍ သူ၏ မျက်လုံးများ အတွင်းမှ တွေဝေနေမှုများနှင့် အမျက်ဒေါသများက ခေတ္တ ပျောက်ကွယ်သွားကာ ဆုံးဖြတ်ချက် ပြတ်သားမှု၊ တည်ငြိမ်မှုများဖြင့်

အစားထိုးသွားခဲ့သည်။ ရုတ်တရက်ပင် သူသည် သူ၏ မိစ္ဆာစွမ်းအားများကို အနက်ရောင် စေတန်တံခါးထံမှ ရုပ်သိမ်းလိုက်သည်။

မိုးခြိမ်းသံအလား ကျယ်လောင်စွာဖြင့် ပြိုကွဲလုနီးပါး ဖြစ်နေသော အက်ကွဲကြောင်းများဖြင့် ပြည့်နေသည့် စေတန်တံခါးသည် ဤအချိန်၌ ဖြည်းဖြည်းချင်း ပွင့်လာခဲ့သည်။

စာစဥ် ၆၈ : အပိုင်း ၂၀

အပိုင်း ၁၃၃၀ : ဟေးဒီးစ်နှင့် ဟေးဒီးစ်တို့၏ တိုက်ပွဲ

တံခါး ပွင့်သွားသော အချိန် ဟေးဒီးစ်ယွင်ချန်းနှင့် ဟေးဒီးစ်နင်းဖန်တို့၏ မျက်နှာများ အပေါ်၌ ကြည့်ရဆိုးသော အမူအရာများ ပေါ်လာခဲ့သည်။

လှိုကြီး၏ ခံစားချက်များသည် မတည်မငြိမ် ဖြစ်နေ၍ စိတ်ရှုပ်ထွေးနေခဲ့သော်လည်း လှိုကြီးသည် အခြား ပြဿနာများကို ယာယီ ဘေးဖယ်ထားရန် ဆုံးဖြတ်ခဲ့၍ သူ၏ လက်အတွင်းမှ တာဝန်ကို အာရုံစိုက်နိုင်ခဲ့သည်။ သူ၏ စိတ်စွမ်းအားသည် သန်မာ၍ ဆုံးဖြတ်ချက် ပြတ်သားပေသည်။

ဤအချိန်တွင် လှိုကြီးသည် ယွင်ချန်းနှင့် နင်းဖန်တို့အား ဟန့်တားရန် ဆုံးဖြတ်ပြီးဖြစ်၍ အလျှော့ပေးလိမ့်မည် မဟုတ်ချေ။

သူတို့၏ အရှေ့တွင် မိစ္ဆာတံခါးသည် ဘာမှ အသုံးမဝင်ပေ။ ယွင်ချန်းသည် မိစ္ဆာတံခါး အပါအဝင် သူ၏အနောက်မှ အနီနှင့် အနက်ကမ္ဘာတို့အား ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ လျှိုကြီးသည် အနက်ရောင် မိစ္ဆာတံခါးကို အားကိုးနေ၍ မရတော့ချေ။

တံခါး ပွင့်သွားသော အခါ လျှိုကြီးသည် ဟောဒီးစ်ယွင်ချန်းနှင့် ဟောဒီးစ်နင်းဖန်တို့နှင့် တိုက်ရိုက် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဤတစ်ခေါက်တွင် စကားလုံး တိုက်ပွဲနှင့် အဝေးမှ တိုက်ခိုက်ရခြင်းမျိုး မဟုတ်တော့ပဲ မျက်နှာချင်းဆိုင် တိုက်ခိုက်ရတော့မည် ဖြစ်သည်။

ဤတိုက်ပွဲသည် ဟေးဒီးစ်တို့၏ အကြားမှ
သူသေကိုယ်သေ တိုက်ပွဲ ဖြစ်လာနိုင်သည်။

"လှိုကြီး... ဒါက မင်းအတွက် နောက်ဆုံး
အခွင့်အရေးပဲ... ငါတို့နဲ့ ပြန်လိုက်ခဲ့ပါ"
ဟေးဒီးစ်ယွင်ချန်းသည် မိစ္ဆာတံခါး အတွင်းသို့
ဝင်လာခဲ့ကာ သူ၏ အစစ်အမှန် ပုံစံကို
ဖော်ပြလိုက်သည်။ သူ၏ ခန္ဓာကိုယ်သည်
ကောင်းကင်တမျှ ကြီးမား၍ သူ၏ ရောမ
ခန္ဓာကိုယ်အား ငွေဖြူရောင် သားမွေးများဖြင့်
လွှမ်းခြုံထားလေသည်။

သူ၏ ခန္ဓာကိုယ်တွင် ခရမ်းရောင် အလင်းတန်းများ
ရစ်ပတ်နေ၍ ထိုခရမ်းရောင် အလင်းတန်း ပုံစံများ

အကြားတွင် အဖြူရောင် အလင်းတန်းများကလည်း လင်းလက်နေသည်။

သူ၏ မျက်လုံး သူငယ်အိမ်များ အတွင်းတွင် အဖြူရောင် ရောင်ခြည်တော်စက်ဝန်း တစ်ခုကို တွေ့နိုင်သည်။ သူသည် လှျိုကြီးအား စိုက်ကြည့်နေရင်း အေးစက်သော အလင်းတန်း တစ်ခုကို ခံစားနေနိုင်သည်။

လှျိုကြီးကလည်း သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြလိုက်၏။ သူသည် ဟင်းလင်းပြင် အတွင်း၌ ရပ်နေရင်း သူ၏ လက်သည်းနှစ်ဘက်အား ဘေးတွင် ချထားခဲ့သည်။ သူ၏အနောက်တွင် ရောမ အမြီးတစ်ခုက ခါယမ်းနေကာ သူ၏ ဦးချိုသုံးခုတို့

ထံမှ ခရမ်းရောင် အလင်းတန်းများ
လင်းလက်နေသည်။

မိစ္ဆာတံခါးမှ တဆင့် အနီနှင့် အနက်
ကမ္ဘာအတွင်းသို့ ဝင်ရောက်လာသော ယွင်ချန်းနှင့်
နင်းဖန်တို့အား ကြည့်လိုက်၍ လျှိုကြီးသည်
သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။
"မလိုက်နိုင်ဘူး"

ဟေးဒီးစ်ယွင်ချန်းက အေးစက်စွာနှင့်
ပြောလိုက်သည်။ "ငါက အကျဉ်းသားတွေကို
ထားလေ့မရှိဘူး... မင်းအတွက်နဲ့လည်း ခြွင်းချက်
မထားပေးနိုင်ဘူး... မင်းရဲ့ ဆုံးဖြတ်ချက်ကို
မပြင်နိုင်တော့ ငါက ဘာမှ မတတ်နိုင်ပဲ မင်းကို
သတ်ရမှာပဲ"

လှိုကြီး၏ အကြည့်သည် လင်းလက်သွား၍ သူ၏ လက်သည်းတစ်ခုအား လှန်လိုက်ရာ လက်စွပ်တစ်ကွင်း ပျံသန်း ထွက်ပေါ်လာသည်။

ထိုလက်စွပ်သည် လေအတွင်းတွင် လွင့်မျောနေ၍ ရောင်ခြည်တော်စက်ဝန်း ပုံစံ ခရမ်းရောင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ လက်စွပ်တစ်ကွင်း အလား သူသည် ဟေးဒီးစ်ယွင်ချန်း၏ လက်ချောင်းထံသို့ ဝင်ရောက်လာသည်။

ယွင်ချန်းနှင့် နင်းဖန်တို့သည် ထိုလက်စွပ်အား မြင်လိုက်ရသော အခါ သူတို့၏ မျက်နှာများတွင်

စိတ်ရှုပ်ထွေးမှုနှင့် အမျက်ဒေါသများ
ပေါ်လာခဲ့သည်။ "အရှင်မင်းမြတ်ရဲ့ လက်စွပ်.."

အစောပိုင်းမှ ပိုင်ယွင်တောင် တိုက်ပွဲတွင်
ဟောင်းဒီးစ်ခုန်းယွမ်ကလည်း ထိုလက်စွပ်၏
ချုပ်နှောင်မှုကို ခံခဲ့ရသဖြင့် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတနှင့်
မြေနဂါးဘုရင်တို့ထက် သာလွန်သော သူ၏
စွမ်းအားများကို မထုတ်ဖော်နိုင်ခဲ့ပေ။
တစ်ချိန်တည်းတွင် သူသည် အကြီးအကျယ်
အားနည်းသွား၍ မတိုက်ခိုက်နိုင်တော့သလို
ထွက်လည်း မထွက်ပြေးနိုင်ခဲ့ပေ။

လင်းဖုန်းနှင့် သူ၏ ကောင်းကင်ဖျက်ဆီး ဓားအား
ရင်ဆိုင်ခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း

ဟေးဒီးစ်၏ အကူအညီနှင့်ပင် သူသည်
မလွတ်မြောက်နိုင်ခဲ့ပဲ လင်းဖုန်း၏
ခေါ်ချက်အောက်တွင် ကျဆုံးခဲ့ရသည်။

ထိုလက်စွပ်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက
ဟေးဒီးစ်ကေရာဇ် ချန်ရစ်ထားခဲ့ခြင်း ဖြစ်၍
ခုန်းယွမ်ဟေးဒီးစ်ကပင် မခုခံနိုင်ခဲ့ရာ ယွင်ချန်းက
အဘယ်မှာ ခုခံနိုင်ပါမည်နည်း။

သို့သော်လည်း တစ်ခါ ခံခဲ့ရပြီးသော
ဟေးဒီးစ်များသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ထပ်မံ ရင်ဆိုင်ရဦးမည်ကို ကြိုတင်
ခန့်မှန်းထားကြသဖြင့် ဟေးဒီးစ် မျိုးနွယ်စု
ခေါင်းဆောင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်

အပါအဝင် ချင်းလွမ်၊ ရှီရှင်း၊ ကျင်းယန်တို့သည် သူ့အား တန်ပြန်ရန် နည်းလမ်းများကို ကြိုးစား ရှာဖွေခဲ့ကြသည်။

ယခုအချိန်တွင် သူ့ထံသို့ ပြေးဝင်လာသော ခရမ်းရောင် အလင်းတန်း ရောင်ခြည်တော်စက်ဝန်းအား တွေ့ခဲ့ရသော အခါ ဟောဒီးစ်ယွင်ချန်းသည် ဟိန်းဟောက်လိုက်ကာ သူ၏ပါးစပ်ကို ဟလိုက်ပြီး ထိုရောင်ခြည်တော် စက်ဝန်းအား စုပ်ယူလိုက်သည်။

ထူထဲသော မီးခိုးငွေ့များကဲ့သို့ အနက်ရောင် ဓာတ်ငွေ့များသည် ထိုခရမ်းရောင် ရောင်ခြည်တော် စက်ဝန်းအား ဝန်းရံသွား၍ ခရမ်းရောင်

အလင်းတန်းများကို စုပ်ယူရန်
ကြိုးစားနေခဲ့လေသည်။

ခရမ်းရောင် ရောင်ခြည်တော် စက်ဝန်းသည်
လက်စွပ်ပုံစံသို့ ထပ်ဖန်တစ်ခါ
ပြောင်းသွားပြန်သည်။ ရှုပ်ထွေးနေသော
ရုပ်ပုံများကို ထိုလက်စွပ် အပေါ်တွင် တွေ့နေနိုင်ကာ
အလင်းတန်းများက အဆက်မပြတ်
လင်းလက်နေကြ၍ လက်စွပ်ငယ်လေးသည်
ရတ်ခြည်းပင် အရွယ်အစား များစွာ
ကြီးမားလာခဲ့သည်။

ဟေးဒီးစ်ယွင်ချန်းနှင့် ဟေးဒီးစ်နင်းဖန်တို့သည်
ထိုအရာကို တွေ့လိုက်ရသော အခါ သူတို့၏
ရင်အတွင်းမှ လေးလံသွားခဲ့သည်။ "ဒါက

အသက်မရှိတဲ့ ပစ္စည်းတစ်ခု ဖြစ်ပေမဲ့ သူက ငါတို့ ဟေးဒီးစ်တွေကို ကောင်းစွာ ထိန်းချုပ်နိုင်စွမ်း ရှိတယ်... ငါတို့က သူ့ကို စုပ်ယူနိုင်မှာ မဟုတ်ပဲ သူ့ရဲ့ ထောင်ချောက်အတွင်းကို မကျရောက်သွားအောင်ပဲ ကြိုးစားရလိမ့်မယ်"

ဤအကြောင်းကို တွေးလိုက်အပြီးတွင် ဟေးဒီးစ်ယွင်ချန်းသည် အနက်ရောင် ခါတ်ငွေ့များကို ဆက်လက် မှုတ်ထုတ်နေခဲ့သည်။ ထိုအနက်ရောင် ခါတ်ငွေ့များသည် လှုပ်ရှားရုန်းကန်နေသော လက်စွပ်အား ဖမ်းချုပ်နိုင်ရန် မတတ်နိုင်ခဲ့ပေ။

ပြီးတာနှင့် သူသည် ရောင်ခြည်တော်စက်ဝန်း အဖြစ်သို့ ပြန်ပြောင်းသွားခဲ့ကာ

ဟေးဒီးစ်ယွင်ချန်းအား ချုပ်နှောင်ထားခဲ့သည်။ ရောင်ခြည်တော် စက်ဝန်းသည် လျှင်မြန်စွာဖြင့် ကျုံ့ဝင်လာခဲ့ပြီး ဟေးဒီးစ်ယွင်ချန်း၏ ရောမ ပုံစံသည် ချက်ချင်းပင် သူ၏အတွင်း၌ အချုပ်နှောင်ခံခဲ့ရသည်။

သို့ရာတွင် ရောင်ခြည်တော် စက်ဝန်းအတွင်းမှ ဟေးဒီးစ်ယွင်ချန်းသည် သူ၏ ပါးစပ်အတွင်းမှ အနက်ရောင် ဓာတ်ငွေ့များစွာတို့ကို ထပ်မံ၍ ထုတ်လွှတ်လိုက်ရာ ထိုအနက်ရောင် ဓာတ်ငွေ့များသည် သူ၏ ခန္ဓာကိုယ်နှင့် အတူ ခရမ်းရောင် ရောင်ခြည်တော် စက်ဝန်းအား လွှမ်းခြုံသွားသည်။

အနက်ရောင် ခေတ်ငွေ့များသည် မင်ကဲ့သို့ ဟေးဒီးစ်ယွင်ချန်း၏ ခန္ဓာကိုယ် တစ်ခုလုံးအား ဝန်းရံထားသည်။ ခဏအကြာတွင် မင်ကဲ့သို့ မည်းနက်နေသည့် ယွင်ချန်း၏ ခန္ဓာကိုယ် တစ်ခုလုံးသည် စတင်၍ တွန့်လိမ်လာခဲ့သည်။

သူ၏ခေါင်းပေါ်မှ ဦးချို သုံးချောင်းတို့သည် အဖြူရောင် အလင်းတန်းများဖြင့် လင်းလက်လာ၍ ကောင်းကင်ပေါ်သို့ ထိုးတက်သွားသည်။ ထိုအလင်းတန်း သုံးတန်းတို့သည် အတူတကွ စုစည်းသွား၍ အလင်းတန်း ပုံရိပ်တစ်ခု အဖြစ် ဖြည်းဖြည်းချင်း ပြောင်းလဲသွားသည်။ ထိုအလင်းတန်း ပုံရိပ်အတွင်း၌ ဟေးဒီးစ်ယွင်ချန်း၏ ခန္ဓာကိုယ်ကို ရေးရေးလေး မြင်နေနိုင်သည်။

သို့သော်လည်း ခရမ်းရောင်
ရောင်ခြည်တော်စက်ဝန်း၏ ချုပ်နှောင်ခြင်းကို
ခံနေရသည့် သူ၏ အနက်ရောင် ပုံစံသည် လုံးဝ
မလှုပ်ရှားခဲ့ပေ။

လှျိုကြီးသည် ထိုအရာကို တွေ့ခဲ့ရသော အခါ
ဘာဖြစ်နေသည်ကို ချက်ချင်း
သဘောပေါက်သွားခဲ့သည်။ "ဒါက ပုစဉ်းက
သူ့အတောင်ကို စွန့်လွှတ်တာနဲ့ ဆင်တူတဲ့
လွတ်မြောက်ခြင်း နည်းစနစ်လား"

သူသည် ထိုလက်စွပ်အား ယူသွားရန်
မတတ်နိုင်ခဲ့သော်လည်း ဟေးဒီးစ်၏ ဤလှျို့ဝှက်
မှော်ကျိန်စာသည် သူတို့အား ဤလက်စွပ်နှင့်
ရင်ဆိုင်ခဲ့ရသော အခါ ကူရာမဲ့နေသည့် အဖြစ်မျိုးကို

တားဆီးနိုင်ခဲ့သည်။ သူတို့၏
ဤလှျို့ဝှက်ချက်ကြောင့်သာ မဟုတ်လျှင်
သူတို့သည် မည်မျှပင် အစွမ်းထက်စေကာမူ
အသတ်ခံရရန် စောင့်နေရသော သိုးများကဲ့သို့
ဖြစ်နေပေလိမ့်မည်။

လှျိုကြီးသည် အဖြူရောင် အလင်းတန်း
သုံးတန်းဖြင့် ဖန်ဆင်းထားသော ပုံရိပ်အား
စိုက်ကြည့်နေ၍ ပြောလိုက်သည်။

"ယွင်ချန်းက ဒီအနက်ရောင် အခွံထဲကနေ
အပြည့်အဝ လွတ်မြောက်နိုင်ခဲ့တာ မဟုတ်ဘူး…
ဒီမှော်ကျိန်စာဟာ ချက်ချင်း
အကျိုးသက်ရောက်မှုရှိမှာ မဟုတ်ဘူး…
ဒီလိုဆိုတော့ ငါ့မှာ အခွင့်အရေး ရှိနိုင်သေးတယ်…

တကယ်လို့ သူက ဒီကနေ အပြည့်အဝ လွတ်မြောက်သွားခဲ့ရင် အရမ်း နောက်ကျသွားလိမ့်မယ်"

ဤအကြောင်းကို စဉ်းစားပြီးသော အခါ လှျိုကြီးသည် အချိန် မဖြုန်းနေတော့ပေ။ သူ၏ ခန္ဓာကိုယ်သည် လက်ကနဲ ဖြစ်သွား၍ ဟေးဒီးစ်ယွင်ချန်း၏ အဖြူရောင် ပုံရိပ်ထံသို့ ပျံသန်းသွားခဲ့သည်။

သို့သော်လည်း သူလှုပ်ရှားခဲ့သော ခဏ၌ အစိမ်းရောင် အလင်းတန်း တစ်တန်းသည် သူ့ထံသို့ ခုတ်ချလာခဲ့သည်။ သူသည် လေဟာနယ်ကို ဖြတ်တောက်လာကာ ကောင်းကင်နှင့် မြေကြီးအကြားတွင် ကခုန်နေသော ဓားသွား

တစ်ချောင်းကဲ့သို့ လျှို့ကြီးအား အစိတ်စိတ် အပိုင်းပိုင်း ခုတ်ဖြတ်နေလိုခဲ့သည်။

ဟောဒီးစ်နင်းဖန်သည် ရှုးသွပ်စွာဖြင့် ရယ်လိုက်သည်။ "လက်စသတ်တော့ လင်းဖုန်းက မင်းကို လက်စွပ်ပေးထားတာကိုး... မင်းက ငါတို့ကို ရင်ဆိုင်ရဲတာ အဆန်းတော့ မဟုတ်ပါဘူး... ဒါပေမဲ့ အရှင်မင်းမြတ်နဲ့ စာရင် မင်းက အများကြီး အားနည်းနေသေးတယ်... တကယ်လို့ အရှင်မင်းမြတ်က လက်စွပ်ကို သုံးလိုက်ရင် ငါတို့က ကူရာမဲ့သွားခဲ့မယ်... ဒါပေမဲ့ မင်းအသုံးပြုခဲ့ရင် ဘာမှမထူးပါဘူး"

"အသုံးဝင်ရင်လည်း ဘာဖြစ်လဲ" လူသား ဆယ်ကျော်သက် တစ်ယောက်နှင့် တူနေသော

နင်းဖန်သည် ရက်စက်စွာဖြင့် ပြုံးလိုက်သည်။
"ငါ့အတွက်တော့ မင်းကို သတ်ရတာက ဘာမှ
အပန်းမကြီးဘူး"

သူသည် ရယ်ရမ်းသွေးနေရင်း အစိမ်းရောင် ရောမ
လက်သည်းတစ်ခုသည် လျှိုကြီး၏ ခေါင်းပေါ်သို့
ကျရောက်လာခဲ့သည်။

လျှိုကြီးသည် သူက ယွင်ချန်းအနားသို့
မသွားနိုင်တော့မှန်းကို သတိပြုမိသဖြင့် ထိုအကြံကို
စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့အစား သူသည်
နင်းဖန် အပေါ်၌သာ အာရုံစိုက်လိုက်၏။

သူ၏ ဦးချို သုံးချောင်းတို့သည် ခရမ်းရောင် အလင်းတန်းများဖြင့် အဆက်မပြတ် လင်းလက်နေ၍ သူ၏ လက်သည်းနှစ်ဘက်ဖြင့် အပြင်သို့ ဖော့ယမ်းလိုက်ကာ လေဟာနယ်ကို ဖြတ်တောက်ခဲ့သည်။ လေဟာနယ် အတွင်းတွင် ကြောက်မက်ဖွယ်ရာ အမာရွတ် ဆယ်ခု ပေါ်လာခဲ့၍ လေဟာနယ် ကိုယ်တိုင်က ပျက်စီးသွားသကဲ့သို့ ဖြစ်နေသည်။

ခရမ်းရောင် အလင်းတန်းနှင့် အစိမ်းရောင် အလင်းတန်းတို့သည် ဟင်းလင်းပြင် အတွင်း၌ ထိပ်တိုက် တွေ့ဆုံခဲ့ပြီး လေပြင်းမုန်တိုင်း တစ်ခုအား ဖန်တီးခဲ့သည်။

"အာ… မင်းမှာက မသေဝိညာဉ် ပထမ အဆင့်နဲ့ ဒီလိုမျိုး စွမ်းအားတွေ ရှိနေတာလား… မင်းက ဟေားဒီးစ်ကေရာဇ်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်ပေမဲ့ ဒီလောက်အထိတော့…" ဟေားဒီးစ်နင်းဖန်က အေးစက်စွာဖြင့် ပြောလိုက်၏။ "ဒါပေမဲ့ မင်းရဲ့ စွမ်းအားတွေက အဲ့လောက်တော့ မကောင်းသေးဘူး"

သူစကားပြောနေရင်း အစိမ်းနှင့် အနက်ရောင် လုံတိုတစ်ချောင်းသည် အစိမ်းရောင် အလင်းတန်း အတွင်းမှ လျှပ်စီးကဲ့သို့ လျင်မြန်စွာဖြင့် ထွက်လာခဲ့ကာ လေဟာနယ်ကို ဖြတ်တောက်ပြီး လျှိုကြီး၏ ရင်ဘတ်ထံသို့ ဝင်လာခဲ့သည်။

အစိမ်းနှင့် အနက်ရောင် လုံတိုသည် မရေမတွက်နိုင်သော အစိမ်းရောင် အလင်းတန်းများကို ဖိနှိပ်၍ ဖန်ဆင်းထားသကဲ့သို့ ထင်နေရ၏။ သူ၏ သတ်ဖြတ်လိုစိတ်သည် ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ လျှိုကြီးက သူ့အား အာရုံခံမိသော အချိန်တွင် ထိုအလင်းတန်း လုံတံသည် သူနှင့် အလွန်အမင်း နီးကပ်နေပြီ ဖြစ်၏။

လျှိုကြီးသည် မျက်မှောင်ကြုတ်လိုက်ကာ အသက်ပြင်းပြင်း တစ်ချက် ရှုလိုက်သည်။ သူ၏ ခေါင်းပေါ်ရှိ ဦးချိုသုံးချောင်းထံမှ ခရမ်းရောင် အလင်းတန်းများသည် ဟင်းလင်းပြင် အပေါ်သို့ ထိုးတက်သွားကာ အလင်းတန်း တိမ်တိုက်တစ်ခု

အဖြစ်သို့ ပြောင်းသွားပြီး ကောင်းကင်နှင့် မြေကြီးတို့အား အလင်းပေးခဲ့သည်။

အလင်းတန်းများ လင်းလက်လာသည်နှင့် လျှိုကြီး၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ထိတွေ့၍ မရတော့ပဲ နူးညံ့ သိမ်မွေ့သွားခဲ့သည်။ အလင်းတန်း လုံတံသည် အလင်းတန်း တိမ်တိုက်အတွင်းသို့ ထိုးဖောက်သွားသော အခါ သူ၏ ဦးတည်ချက်သည် ပြောင်းသွား၍ လျှိုကြီး၏ ခန္ဓာကိုယ်အား ဖြတ်တောက်လိုက်သည်။

သို့သော်လည်း အစိမ်းနှင့် အနက်ရောင် အလင်းတန်း လုံတံ ထိုးဖောက်လာသော အချိန်တွင် ခရမ်းရောင် အလင်းတန်းများက ပျောက်ကွယ်သွားသည်။

ဟေးဒီးစ်နင်းဖန်က ရယ်လိုက်သည်။ "မင်းက ကောင်းကင်တာအို မိစ္ဆာကျမ်းစာကို လေ့လာနိုင်ခဲ့တာလား... သူ့အတွင်းမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ မှော်ကျိန်စာတွေကိုလည်း အာရုံခံလို့ ရနေတယ်... မင်းက ကမ္ဘာနှစ်ခုစလုံးက အကောင်းဆုံး အရာတွေကို လေ့ကျင့်ထားနိုင်တဲ့ပုံ ပေါက်နေတယ်"

သို့သော်လည်း သူ၏ အပြုံးသည် လျင်မြန်စွာနှင့် မှေးမှိန်သွားသည်။ "ဒါက ငါ့ကို အမျက်ထွက်စေတယ်"

သူ၏ စကားဆုံးသည်နှင့် အလင်းတန်း လုံတံ များစွာတို့သည် ဟင်းလင်းပြင်အား

ထိုးဖောက်လာကာ လျှိုကြီးထံသို့ မိုးရွာသကဲ့သို့ ကျဆင်းလာကြသည်။

လျှိုကြီး၏ အကြည့်သည် လေးလံသွား၍ သူ၏ ဦးချိုများပေါ်မှ အလင်းတန်းသည် ပို၍ တောက်ပလာခဲ့သည်။ သူ၏ နဖူးပေါ်မှ အလွှန်အမင်း တောက်ပ၍ မျက်စိ ကျစရာကောင်းသော ခရမ်းရောင် အလင်းတန်းများ ပေါ်လာကြသည်။

ခရမ်းရောင် အလင်းတန်း ပေါ်လာသော အချိန်တွင် မူလကတည်းက အက်ကွဲကြောင်းများဖြင့် ပြည့်နေသော အနီနှင့် အနက် ကမ္ဘာသည် စတင်၍ ပြင်းထန်စွာနှင့် တုန်ခါလာသည်။ အနီနှင့် အနက် ကမ္ဘာ၏ အပြင်ဘက်မှ ဟင်းလင်းပြင်

စစ်တလင်းကလည်း ဟိန်းဟောက်နေသော
လေပြင်းများဖြင့် ပြည့်နေသည်။

သူ၏ ပုံစံကို ပြန်လည် ဖန်ဆင်းနေသော
ဟေးဒီးစ်ယွင်ချန်း ဖြစ်စေ၊ လျှို့ကြီးနှင့်
တိုက်ခိုက်သော ဟေးဒီးစ်နင်းဖန် ဖြစ်စေ၊ သူတို့၏
ခန္ဓာကိုယ်များသည် အနည်းငယ်
တုန်ခါသွားကြသည်။

ခက်ထန်လှ၍ မျက်စိကျစရာ ကောင်းသော
ခရမ်းရောင် အလင်းတန်းများသည် ကောင်းကင်နှင့်
မြေကြီးတို့အား တုန်ခါစေ၍ မြင့်မြတ်သော
ဧကရာဇ် တစ်ပါးက ဆင်းသက်လာသကဲ့သို့
ဖြစ်နေသည်။

ထိုအလင်းတန်းသည် ခေတ္တမျှသာ
လင်းလက်သွားခြင်း ဖြစ်သော်လည်း သူ၏
စွမ်းအားများသည် ယွင်ချန်းနှင့် နင်းဖန်တို့၏
နှလုံးသားများတွင် ကြောက်ရွံ့မှုများ
ဖြစ်ပေါ်စေခဲ့သည်။

နင်းဖန်သည် လျှိုကြီးအား စိုက်ကြည့်နေ၍ တီးတိုး
ရေရွတ်လိုက်သည်။ "သူက တကယ်ပဲ
ဟေးဒီးစ်ကေရာဇ်ရဲ့ ဟေးဒီးစ် အမှောင်မန္တန်ကို
အသုံးပြုနိုင်ခဲ့တယ်"

လျှိုကြီး၏ နဖူးပေါ်မှ အတောက်ပဆုံး
အလင်းရောင်နှင့် ကြောက်မက်ဖွယ်ရာ ခရမ်းရောင်
အလင်းတန်းအား မြင်နိုင်ခဲ့သည်။ ထိုအရာသည်
လွန်ခဲ့သော နှစ်ပေါင်းများစွာက

ဟောဒီးစ်ကေရာဇ်၏ အရင်းအမြစ်ဖြစ်သော ဟောဒီးစ် အမှောင်မန္တန်ပင် ဖြစ်သည်။

ထိုအလင်းတန်းနှင့် ထိတွေ့မိသော နေရာများတွင် အလင်းတန်း လုံတံများစွာတို့က ချက်ချင်း ပျက်စီးသွားခဲ့သည်။

သို့သော်လည်း သူတို့နှစ်ဦးအကြားမှ စွမ်းအား ကွာခြားမှုများက ကြီးမားလွန်းလှသဖြင့် လျှို့ကြီး အသုံးပြုနေသော ဟောဒီးစ် အမှောင်မန္တန်သည် ဖြည်းဖြည်းချင်း အလင်းတန်း လုံတံများ၏ တိုက်စားခြင်းကို ခံနေရသည်။

လျှိုကြီး၏ အကြည့်သည် မပြောင်းလဲပဲ နင်းဖန်အား စိုက်ကြည့်နေခဲ့သည်။

ဟေးဒီးစ်နင်းဖန်သည်လည်း လျှိုကြီးအား စိုက်ကြည့်နေရင်း အေးစက်စွာဖြင့် ပြောလိုက်သည်။ "မင်းသိသလား... ငါက မင်းရဲ့ ဟေးဒီးစ် အမှောင်မန္တန်ကို တွေ့ခဲ့ပြီးနောက်မှာ မင်းကို ပိုပြီးမှ သတ်ချင်နေခဲ့တယ်... ငါကမင်းကို သတ်ချင်ရုံသာ မကပဲ မင်းရဲ့ အသွေးအသားနဲ့ မိစ္ဆာဝိညာဥ်ကို ဝါးမျိုလိုနေတယ်"

"ဟေးဒီးစ်ကောရာဇ် ကိုယ်တိုင်ရဲ့ စွမ်းအားတွေနဲ့ လင်းဖုန်းရဲ့ စွမ်းအားတွေ... သူတို့နှစ်ခုစလုံးဟာ ထူးချွန်ပြောင်မြောက်ပြီး ငါ့ရဲ့ မျှော်မှန်းချက်တွေကနေ ကျော်လွန်သွားခဲ့တယ်...

ဒါကြောင့်မို့ ငါက အချိန်တွေ အများကြီး ဖြုန်းတီးခဲ့ရတာ"

ဟေးဒီးစ်နင်းဖန်သည် စကားပြောနေရင်း အသံတိုးတိုးဖြင့် ဟိန်းဟောက်လိုက်သည်။ သူ၏ မိစ္ဆာစွမ်းအားများသည် များစွာပို၍ ခက်ထန် အစွမ်းထက်လာကာ သူ၏ လူသားပုံစံကိုလည်း ငွေရောင်သားမွေး များစွာတို့ဖြင့် ဖုံးလွှမ်းသွားသည်။ ထိုသားမွေးများ အနားတွင် ခရမ်းရောင် အလင်းတန်း တစ်လွှာက လင်းလက်နေသည်။

ခရမ်းရောင် အလင်းတန်း၏ မျက်နှာပြင် အပေါ်၌ အစိမ်းရောင် မှော်သင်္ကေတ အများအပြား ပေါ်လာ၍ ဟင်းလင်းပြင် အတွင်းတွင် အဆက်မပြတ် လည်ပတ် တုန်ခါနေကြသည်။

သူ၏ အစစ်အမှန် ပုံစံကို နောက်ဆုံးတွင် ဖော်ပြခဲ့ပြီ ဖြစ်သော ပေးဒီးစ်နင်းဖန်သည် ရှေ့သို့ လျှောက်လှမ်းလာခဲ့ကာ လှိုကြီး၏ အရှေ့တွင် ချက်ချင်း ပေါ်ပေါက်လာခဲ့သည်။

## စာစဥ် ၆၉ : အပိုင်း ၁

## အပိုင်း ၁၃၃၁ : ကြောက်မက်ဖွယ်ရာ ရုပ်အလောင်း

ယွင်ချန်းသည် သူ၏ ခန္ဓာကိုယ်အား ပြန်လည် ဖွဲ့စည်းနေသည်မှာ အောင်မြင်နေပုံ ပေါက်နေသော်လည်း လှိုကြီးအနေဖြင့် သူ့အား ဝင်ရောက်တားဆီးရန် အချိန်မရှိခဲ့ပေ။

ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ ဟေးဒီးစ်ယွင်ချန်းသည် ဟေးဒီးစ်နင်းဖန်ထက် များစွာပို၍ သန်မာသော်လည်း လျှိုကြီးအနေဖြင့် သူ့အား အမှုမထားနိုင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြခဲ့ပြီးသော နင်းဖန်သည် သူ၏ အရှေ့သို့ ရောက်လာပြီ ဖြစ်သောကြောင့် ဖြစ်သည်။

ဟေးဒီးစ်နင်းဖန်၏ ကြောက်မက်ဖွယ်ရာ လက်သည်းများ အောက်တွင် လျှိုကြီးရှိနေသော နေရာမှ လေဟာနယ်သည် အစက်သေးသေးလေး တစ်ခုအဖြစ် ပြောင်းသွားသည်ဟု ထင်နေရသည်။

သူသည် နင်းဖန်၏ လက်သည်းများ အတွင်းသို့ ကျရောက်သွားသည်ဟု ထင်နေရ၏။

ဟေးဒီးစ်မျိုးနွယ်စုတွင် ထိုလက်စွပ်အား တန်ပြန်ရန် နည်းလမ်းတစ်ခုကို ရှာတွေ့နိုင်ခဲ့သဖြင့် လက်စွပ်သည် ယွင်ချန်းအား အပြည့်အဝ မထိန်းချုပ်နိုင်သော်လည်း လျှို့ကြီးသည် ထိုလက်စွပ် ရှိနေသဖြင့် အမတန်မှ ကံကောင်းနေသည်ဟု ပြောရပေမည်။

ကျန်သော အရာများကို လျစ်လျူရှုထားလိုက်လျှင်ပင် ထိုလက်စွပ်သည် သူ့အား အချိန်အနည်းငယ် ဆွဲထားပေးနိုင်ပြီး ထိုအရာသည် လုံလောက်နေပေပြီ။ တိုက်ခိုက်နေသောသူသည် ယွင်ချန်းသာ

ဖြစ်မည်ဆိုပါက သူ့အနေဖြင့် ခုခံရန် အခွင့်အရေး ရှိနိုင်မည် မဟုတ်ချေ။

ဟေးဒီးစ်များနှင့် တိုက်ခိုက်ခဲ့ဖူးသော သူများကသာ သူတို့၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများကို သိနိုင်ကြမည် ဖြစ်သည်။

သို့သော်လည်း လျှိုကြီး၏ စွမ်းဆောင်ရည်များသည် ယွင်ချန်းနှင့် နင်းဖန်တို့အား အံ့သြ တုန်လှုပ်စေခဲ့သည်။

နင်းဖန်သည် လျှိုကြီးအရှေ့သို့ ရောက်လာကာ သူ၏ လက်သည်းများဖြင့် ခုတ်ချလိုက်သည်။ သူ၏ လက်များအတွင်းမှ အစိမ်းရောင် အလင်းတန်းသည်

လင်းလက်သွား၍ လျှိုကြီးအား အပိုင်းအစများ အဖြစ် ဆွဲဖြဲရန် ကြိုးစားနေခဲ့သည်။

လျှိုကြီးသည် လက်ရှိ အခြေအနေကို ကြည့်နေရင်း သူ၏ ပါးစပ်ကို ဟလိုက်ရာ ခရမ်းရောင် အလင်းတန်း အမြောက်အမြား ထွက်လာ၍ သူ၏ ခေါင်းပေါ်တွင် ခရမ်းရောင် အလင်းတန်း ဘောလုံးတစ်ခုအသွင်ကို ဆောင်ခဲ့သည်။

ခရမ်းရောင် အလင်းတန်း ဘောလုံးသည် ရောမ ခရမ်းရောင် နေမင်းကဲ့သို့ လင်းလက်နေကာ ပြင်းထန်စွာဖြင့် တောက်ပနေရင်း ကောင်းကင်နှင့် မြေကြီးအား အလင်းပေးနေခဲ့သည်။ သူသည် ဟောဒီးစ်နင်းဖန်၏ လက်သည်းများ အကြားမှ ထွက်လာနိုင်သည်ဟု ထင်နေရ၏။

အနီးနှင့် အနက်ကမ္ဘာတွင် ခရမ်းရောင် နေမင်းတစ်စင်း ရုတ်တရက် ပေါ်လာသည်။ ခဏအကြာတွင် ခရမ်းရောင် နေမင်းသည် စတင်၍ ကျုံ့ဝင်လာပြီး ခရမ်းရောင် အလင်းတန်းများက နောက်ဆုံးတွင် မှေးမှိန်သွားကာ မှိုင်းညို့နေသော အမှောင်ထုသာ ကျန်ရစ်ခဲ့လေသည်။

နင်းဖန်သည် မျက်မှောင်ကြုတ်လိုက်ရာ သူ၏ လက်ဝါးများ အလယ်မှ အစိမ်းရောင် အလင်းတန်းက လင်းလက်လာသည်။ သူ၏ လက်အား ဆန့်တန်း၍ ကောင်းကင်နှင့် မြေကြီးကို ဆုပ်ကိုင်နိုင်ရန် ကြိုးစားနေခဲ့ပြီး လျှို့ကြီးထံသို့ အားအပြည့်ဖြင့် ခုန်ဝင်လာခဲ့သည်။

သို့သော်လည်း လျှင်မြန်စွာ ကျုံ့ဝင်သွားသော
နေမင်းသည် သူ၏ လက်ဝါးအပေါ်သို့
ကျရောက်သွားသော အခါ လေဟာနယ်သည်
ရုတ်တရက် တွန့်လိမ်သွား၍ ကြောက်မက်ဖွယ်ရာ
တွင်းနက်ကြီးတစ်ခု ပေါ်လာခဲ့သည်။

အနက်နှင့် ခရမ်းရောင် နေမင်း၏
စွမ်းအားအောက်တွင် အစိမ်းရောင်
အလင်းတန်းများသည် စတင်၍ ပျက်ပြယ်လာကာ
အစိမ်းရောင် ပုံစံများက ဖရိုဖရဲ ဖြစ်သွားကြသည်။
ဟောဒီးစ်နင်းဖန်၏ လက်သည်းသည်
ယခင်ကလောက် ကြောက်မက်ဖွယ်ရာ
မကောင်းနေတော့ချေ။

ဤအချိန်၌ လှိုကြီး၏ နဖူးအပေါ်တွင် ခရမ်းရောင် အလင်းတန်း တစ်ခု လင်းလက်လာ၍ ရက်စက်ကြမ်းကြုတ်ကာ ဖျက်စီး၍ မရနိုင်သော ဟေးဒီးစ် အမှောင်မန္တန်သည် ထပ်ဖန်တစ်ခါ ပေါ်လာပြီး နင်းဖန်၏ လက်ဝါးထံသို့ ပျံသန်းလာခဲ့သည်။

ဟေးဒီးစ် အမှောင်မန္တန်သည် ပထမဆုံး ခရမ်းရောင် နေမင်းထံမှ ပျံသန်းထွက်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာ ခရမ်းရောင် အလင်းတန်း တစ်ခုက ပေါက်ကွဲထွက်လာခဲ့သည်။

ခရမ်းရောင် အလင်းတန်းသည် ဟေးဒီးစ် အမှောင်မန္တန်နှင့် အတူတကွ ပေါင်းစည်းသွား၍ ဟေးဒီးစ်နင်းဖန်၏ လက်ဝါးအား တရစပ်

ထိုးနှက်ခဲ့ကြသည်။ ထိုစွမ်းအားသည် သူ၏ လက်ဝါးကို ထိုးဖောက်သွားနိုင်သော စွမ်းအား ရှိသကဲ့သို့ ဖြစ်နေသည်။

ဟေးဒီးစ်နင်းဖန်သည် လျှိုကြီးအား အမူအရာ ကင်းမဲ့စွာ စိုက်ကြည့်နေရင်း သူ၏အကြည့်သည် အေးစက်သွား၍ သူ၏ လက်ဝါးအား ရုတ်တရက် ရုပ်သိမ်းလိုက်သည်။

သူ၏ လက်ဝါးကို ရုပ်သိမ်းလိုက်သည့် အချိန်တွင် လျှိုကြီးသည် ကောင်းကင်နှင့် နေမင်းအား ထပ်ဖန်တစ်ခါ ပြန်မြင်နိုင်ခဲ့သည်။ တွန့်လိမ်နေသော ဟင်းလင်းပြင်ကလည်း ပုံမှန် ပြန်ဖြစ်သွားခဲ့သည်။

သို့သော်လည်း လှျိုကြီး၏ ရင်အတွင်းမှ အန္တရာယ် ခံစားမှုသည် ပို၍ပင် ပြင်းထန်လာခဲ့သည်။ သူ၏ ငွေရောင်သားမွေး တစ်မျှင်ချင်းသည် ထောင်လာ၍ သေမင်း အငွေ့အသက်ကို ကောင်းစွာ ခံစားခဲ့ရသည်။

"ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့စွမ်းအင်" နင်းဖန်က အေးစက်စွာဖြင့် ပြောလိုက်သည်။ သူ၏ နဖူးအလယ်မှ အစိမ်းရောင် အလင်းတန်း ရုတ်တရက် ထွက်ပေါ်လာ၍ လှျိုကြီး၏ ဟေးဒီးစ် အမှောင်မန္တန်ထံသို့ တည့်တည့် ဝင်ရောက်လာသည်။

ထိုစွမ်းအင်သည် နူးညံ့သိမ်မွေ့ကာ ကြောက်မက်ဖွယ် ကောင်းလှ၍ သူနှင့်

ထိတွေ့ခဲ့သော နေရာတိုင်းတွင် အရာအားလုံးတို့က ချက်ချင်း ပျက်စီးသွားခဲ့သည်။

တောက်ပလှသော အလင်းတန်း နှစ်တန်းတို့သည် ဟင်းလင်းပြင် အတွင်းတွင် အချင်းချင်း ပြင်းထန်စွာနှင့် တိုက်ခိုက်ခဲ့ကြသည်။ သူတို့နှင့် ထိတွေ့ခဲ့သော အရာအားလုံးတို့သည် ချက်ချင်း ပျောက်ကွယ်သွား၍ အနက်ရောင် တွင်းနက်အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သူတို့ ထိတွေ့ခဲ့သော အချိန်တွင် ခက်ထန်လှသော ခရမ်းရောင် အလင်းတန်းသည် အစိမ်းရောင် အလင်းတန်းအား ထိုးဖောက်နိုင်ခဲ့၍ သိပ်သည်းနေသော အစိမ်းရောင် အလင်းတန်းများသည် အစိမ်းရောင် အလင်းတန်း

ပုံစံများအဖြစ် အရပ်လေးမျက်နှာသို့
ပြန့်ကျဲသွားခဲ့သည်။

သို့သော်လည်း တစ်ခုတည်းသော ခရမ်းရောင်
အလင်းတန်းနှင့် စာလျှင် အစိမ်းရောင်
အလင်းတန်းများသည် ပင်လယ်ကြီးနှင့် တူနေကာ
ဆက်လက်၍ ရှေ့တက်လာခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့သည် ခေတ္တမျှ ရှေ့မတိုးသာ
နောက်မဆုတ်သာ ဖြစ်နေခဲ့၍ ပြင်ပမှ
အချိန်စီးဆင်းမှုသည် ဤအချိန်၌
နှေးကွေးသွားသကဲ့သို့ ဖြစ်နေခဲ့သည်။ အလင်းတန်း
နှစ်တန်း ထိတွေ့ခဲ့သော အချိန်တွင် အချိန်သည်
ရပ်တန့်သွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

အချိန်ကင်းမဲ့နေသော ဤနေရာ၌ အစိမ်းရောင် အလင်းတန်းများသည် အဆက်မပြတ် ပျက်စီးနေခဲ့သော်လည်း တစ်တန်းပြီး တစ်တန်း ဆက်လက်၍ ရှေ့တိုးလာခဲ့သည်။

ခရမ်းရောင် အလင်းတန်းများမှာမူ ဘာမှမရှိခြင်း အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းလဲသွားကြသည်။

ဤအချိန်၌ အလင်းတန်း နှစ်မျိုးတို့ ထိတွေ့ခဲ့ကြသော အရှိန်သည် ဖြည်းဖြည်းချင်း ပုံမှန်အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းတွင် လျှိုကြီး၏ ဟေးဒီးစ် အမှောင်မန္တန်သည် ဟေးဒီးစ်နင်းဖန်၏ ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့ အလင်းတန်း၏ လုံး၀ ဖျက်ဆီးမှုကို ခံခဲ့ရသည်။

ခက်ထန်လှသော အစိမ်းရောင်
အလင်းတန်းများသည် လျှိုကြီးထံသို့ မရပ်တန့်ပဲ
ဝင်ရောက်လာခဲ့သည်။

လျှိုကြီး၏ အမူအရာသည် လေးနက်သွား၍
ရှောင်တိမ်းရန် ကြိုးစားခဲ့သော်လည်း အစိမ်းရောင်
အလင်းတန်းသည် သူ၏ ပခုံးအပေါ်သို့
ကျရောက်လာခဲ့သည်။

ထိုအစိမ်းရောင် အလင်းတန်းသည်
တစ်ခါတစ်ရံတွင် လေရူးတစ်သုတ်နှင့် တူနေပြီး
ကျန်သောအချိန်တွင် ထက်မြက်သော
ဓားသွားတစ်လက်နှင့် တူနေသည်။ သူသည် နူးညံ့
သိမ်မွေ့နေသော်လည်း ဖျက်စီး၍ မရနေချေ။

လှျိုကြီး၏ ပခုံးသည် ဖြတ်တောက်ခြင်း
ခံလိုက်ရသော အခါ ခရမ်းရောင်
အလင်းတန်းများဖြင့် လင်းလက်နေသည့်
သွေးများစွာတို့ ထွက်လာခဲ့သည်။

သို့သော်လည်း ဤအချိန်၌ လှျိုကြီး၏
ခန္ဓာကိုယ်သည် ပြင်းထန်စွာဖြင့် တုန်ခါလာပြီး သူ၏
အသွေးအသားများ အတွင်းတွင် အဖြူရောင်
အလင်းတန်းတစ်ခု လက်လာခဲ့သည်။ သူတို့သည်
ခဏမျှသာ ခံသောအရာနှင့် တူနေပြီး
နေရာအနှံ့တွင် ရှိနေကာ မေးမှိန်နေသော်လည်း
ကျယ်ပြန့်လှသည်။ သူတို့သည်
ဟင်းလင်းပြင်အနှံ့တွင် လည်ပတ်နေ၍ လှျိုကြီးအား
ကာကွယ်ပေးနေခဲ့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသော အခါ နင်းဖန်သည် ထိတ်လန့် တုန်လှုပ်သွား၍ ဒေါသအိုး ပေါက်ကွဲသွားသည်။ "မင်းက မင်းရဲ့ ခန္ဓာကိုယ်ကို ဦးကြီးခုန်းယွမ်ရဲ့ အသွေးအသားတွေကို အသုံးပြုပြီးမှ ပြန်လည် တည်ဆောက်ထားတာပဲ"

သူသည် အမျက်တကြီးဖြင့် ဟိန်းဟောက်နေရင်း ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့ အလင်းတန်းသည် ပိုမို ပြင်းထန်လာ၍ လျှိုကြီးအပေါ်သို့ ကျဆင်းလာခဲ့သည်။

ထက်မြက်၍ အစွမ်းထက်သည့် ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့ အလင်းတန်းသည် လျှိုကြီး ခန္ဓာကိုယ် ပတ်ပတ်လည်မှ အဖြူရောင်

အလင်းတန်းများကို ဖြတ်တောက်၍ သူ့အား ဆက်လက် တိုက်ခိုက်နေသည်။

သို့သော်လည်း လျှိုကြီး၏ ခန္ဓာကိုယ် အတွင်းမှ ပိုမို အစွမ်းထက်သည့် စွမ်းအားတစ်မျိုး ပေါက်ကွဲလာကာ မိစ္ဆာစွမ်းအားများက ပြင်းထန်စွာနှင့် ထိုးတက်လာ၍ နင်းဖန်၏ စွမ်းအားများထက်ပင် ပိုမို သာလွန်သွားခဲ့သည်။

ထိုစွမ်းအင်သည် ပေါက်ကွဲလာသော်လည်း ကစဥ့်ကလျား ဖြစ်နေခဲ့သည်။ လျှိုကြီးသည် သူ့အား ကောင်းစွာ မထိန်းချုပ်နိုင်ခဲ့သဖြင့် အများအပြားမှာ အလဟဿ ဖြစ်သွားခဲ့သည်။

သို့သော်လည်း လျှိုကြီးသည် ဤအချိန်၌ အလွန်အမင်း ပေါက်ကွဲလာ၍ သူ၏အံကို ကြိတ်ကာ ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့စွမ်းအင်ကို လျစ်လျူရှုလိုက်သည်။ သူ၏ခေါင်းပေါ်မှ ဦးချိုသုံးခုကလည်း တောက်ပစွာနှင့် လင်းလက်လာကာ သူ့နဖူးထံမှ ဟေးဒီးစ် အမှောင်မန္တန်သည် နင်းဖန်ထံသို့ ထပ်ဖန်တစ်ခါ ရောက်လာခဲ့သည်။

ဟေးဒီးစ်နှစ်ကောင်တို့၏ ဟိန်းဟောက်သံများသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ပဲ့တင်ရိုက်နေကာ ခရမ်းရောင် လင်းလက်နေသော သွေးများက နေရာအနှံ့ ပျံ့နှံ့သွားကြသည်။

လှိုကြီး၏ ဘယ်ပခုံးသည် နင်းဖန်၏ ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့ စွမ်းအင်၏ ဖြတ်တောက်မှုကို ခံခဲ့ရသော်လည်း သူ၏ ဟေးဒီးစ် အမှောင်မန္တန်ဖြင့် နင်းဖန်၏ ဦးချိုတစ်ချောင်းကို ချိုးဖျက်နိုင်ခဲ့သည်။

နင်းဖန်သည် အချိန်မီ မရှောင်နိုင်ခဲ့ပါက ထိုရိုက်ချက်သည် သူ၏ ဦးခေါင်းခွံကို ထိုးဖောက်သွားနိုင်သည်။

နင်းဖန်သည် စကားလုံး ရှာမရအောင်ပင် အမျက်ထွက်နေခဲ့သည်။ သူ၏ လက်သည်းများကို ဝှေ့ယမ်း၍ လှိုကြီး၏ ရင်ဘတ်ကို ကုတ်ဆွဲလိုက်ကာ နက်ရှိုင်းသော ဒဏ်ရာများကို

ချန်ထားခဲ့ပြီး အသားနှင့် အရိုးများကိုပင် မြင်နေရသည်။

လျှိုကြီး၏ ခန္ဓာကိုယ် အပေါ်တွင် ခရမ်းနှင့် အဖြူရောင် အလင်းတန်းများ လင်းလက်လာ၍ သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြခဲ့သည်။ သူ၏ တည်ငြိမ် အေးချမ်းနေသော မျက်နှာပေါ်တွင် တစ်ယောက်သည် ရက်စက်သော အရိပ်အယောင် အချို့ကို တွေ့နေနိုင်သည်။

သူ၏ မျက်လုံး သူငယ်အိမ် နှစ်ဘက်စလုံးသည် လုံး၀ ခရမ်းရောင် သန်းနေ၍ သူ၏ မျက်လုံးများကို ခရမ်းရောင် အလင်းတန်းများဖြင့် အပြည့်အ၀ လွှမ်းခြုံထားခဲ့သည်။ ထိုအရာသည် ခက်ထန်လှသော ခရမ်းရောင် ဖြစ်သည်။

သူ၏ ခန္ဓာကိုယ်၊ အထူးသဖြင့် အပေါ်ပိုင်း နောက်ကျောသည် ပြင်းထန်စွာဖြင့် တုန်ခါလာသည်။

လူကြီး၏ အခြေအနေကို ကြည့်လိုက်ပြီး နင်းဖန်၏ ဒေါသများ ပျောက်ဆုံးသွား၍ ပြန်လည် တည်ငြိမ်လာခဲ့ပြီး သူ၏ ရင်အတွင်းမှ အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားခဲ့ရသည်။

လူကြီးသည် သူ၏ပါးစပ်ကို ဟလိုက်ကာ ကောင်းကင်ထံသို့ ဟိန်းဟောက်လိုက်သည်။ သူ၏ အမူအရာသည် မယုံနိုင်အောင် ရိုင်းစိုင်း ကြမ်းကြုတ်နေ၍ သူ၏ ခန္ဓာကိုယ်တွင် မိစ္ဆာစွမ်းအင်များဖြင့် ပြည့်နှက်နေသည်။

သူသည် ထိန်းချုပ်မှုမှ ကင်းလွတ်သွားသည့်ပုံ ပေါက်နေသော်လည်း ကျယ်ပြန့်၍ အဆုံးမဲ့ကာ ဟင်းလင်းပြင် တစ်ခုလုံးအား တုန်ခါစေ၍ နင်းဖန်၏ စွမ်းအားများထက် အထက်တန်းကျနေသည်။

သို့သော်လည်း လျှိုကြီး၏ ခန္ဓာကိုယ်တွင်လည်း သွေးများဖြင့် ပြည့်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် ပြင်းထန်စွာဖြင့် တုန်ခါလာကာ ပြိုကွဲတော့မည့်ပုံ ပေါက်နေခဲ့သည်။

ဤပြောင်းလဲမှု၏ အရင်းအမြစ်သည် လျှိုကြီး၏ ကျောရိုးအတွင်းမှ အရိုးတစ်ခုကြောင့် ဖြစ်သည်။

ဤအချိန်တွင် နင်းဖန်က အခုလေးတင် ကုတ်ဆွဲထားသော သူ၏ ရင်ဘတ်မှ ဒဏ်ရာနှင့် သူ့ပခုံးမှ ဒဏ်ရာတို့သည် ခရမ်းရောင် အလင်းတန်းဖြင့် တောက်ပစွာ လင်းလက်လာသည်။

နဂိုက အနီနှင့် အနက်ရောင်များသာ ရှိနေသော ကမ္ဘာသည်လည်း ခရမ်းရောင် သန်းသွားခဲ့သည်။ ကမ္ဘာအတွင်းတွင် အနီနှင့် အနက်ရောင်များ ပျောက်ကွယ်သွား၍ ကမ္ဘာကြီးသည် ဘာမှ မဟုတ်ပဲ ခရမ်းရောင်ဟုသာ ထင်နေရသည်။

လျှို့ကြီး၏ ခန္ဓာကိုယ်သည် ပြိုကွဲလုနီးပါး ဖြစ်နေ၍ ထိုအရိုးမှာလဲ ဝေဝါးနေကာ စကြာဝဠာ မူလ

ကစဥ့်ကလျားဓ၏ တစ်စိတ်တစ်ပိုင်း အဖြစ် ထင်နေရသည်။

"ဟိုအရိုး" ထိုအချိန်၌ နင်းဖန်၏ တစ်ကိုယ်လုံးတွင် ချွေးအေးများ ထွက်လာသည်ဟု ခံစားလိုက်ရသည်။

လုံးဝ ချီတုံချတုံ မဖြစ်ရဲပဲ သူသည် ချက်ချင်း နောက်ဆုတ်လိုက်သည်။

သို့သော်လည်း ခရမ်းရောင် အလင်းတန်းများဖြင့် ဖုံးလွှမ်းထားသော လက်သည်းတစ်ခုသည် ရုတ်တရက် ထွက်လာကာ ဟင်းလင်းပြင် အလွှာများစွာကို ထိုးဖောက်လာ၍ နင်းဖန်ထက်ပင်

မြန်နေသေးကာ သူ၏ လက်တစ်ဘက်အား ဆုပ်ကိုင်လိုက်သည်။

အဆုပ်ကိုင်ခံလိုက်ရသော အခါ နင်းဖန်သည် သူ၏ လက်များက ပြတ်တောက်သွားတော့မည်ဟု ခံစားခဲ့ရကာ အသွေးအသားများ အဖြစ်သို့ ကြေမွသွားခဲ့သည်။

သို့သော်လည်း သူ၏လက်အား ဆုပ်ကိုင်ခဲ့သူမှာ လျှိုကြီး ဖြစ်နေသည့်အတွက် နင်းဖန်သည် သူ၏လက်အား အမှုမထားနိုင်ခဲ့ပေ။

လျှိုကြီးသည် သူ၏ခေါင်းကို ရုတ်တရက် မော့လိုက်ရာ သူ၏ မျက်လုံးများက ခရမ်းရောင်

သန်းသွားသည်။ သူ၏ နဖူးထံမှ ဟေးဒီးစ်
အမှောင်မန္တန်သည် ပြိုင်ဘက်ကင်း
အလင်းရောင်များဖြင့် တောက်ပလာသည်။

ကောင်းကင်နှင့် မြေကြီးတို့အား ဆွဲဖြဲနိုင်သည်ဟု
ထင်နေရသော ခရမ်းရောင် အလင်းတန်း
တစ်တန်းသည် နင်းဖန်တည့်တည့်သို့
ပစ်လွှတ်လာခဲ့သည်။

နင်းဖန်သည် ဘာမှ မတုံ့ပြန်နိုင်ခဲ့ပဲ ဟေးဒီးစ်တို့၏
စီးဆင်းနေသော မြူခိုးငွေ့ စွမ်းအင်ကို
ထုတ်ဖော်လိုက်ကာ လျှိုကြီး၏ ဟေးဒီးစ်
အမှောင်မန္တန်အား အားသုံး၍သာ ခုခံနိုင်ခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် အစိမ်းရောင် အလင်းတန်းများမှာ ခရမ်းရောင် အလင်းတန်း၏ ခြေမွခြင်းကို ခံခဲ့ရ၍ တောက်ပလှသော ခရမ်းရောင် အလင်းတန်းသည် နင်းဖန်ထံသို့ တိုက်ရိုက် ဝင်ရောက်လာသည်။

နင်းဖန်၏ ခန္ဓာကိုယ် အပေါ်တွင် သေမင်း၏ အရိပ်များ လွှမ်းခြုံသွားကာ သူ၏ မိစ္ဆာဝိညာဉ်ကို အသုံးပြုနိုင်စွမ်း မရှိတော့ပဲ နေရာတွင် တောင့်တောင်ကြီး ဖြစ်နေခဲ့သည်။

"ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်း"

ကောင်းကင်ထံမှ မီးခိုးဖြူရောင် အလင်းတန်း တစ်တန်း ကျဆင်းလာခဲ့ကာ နင်းဖန်အား ကူညီ၍ လျှို့ကြီး၏ ဟေးဒီးစ် အမှောင်မန္တန်ကို ခုခံပေးခဲ့သည်။

နင်းဖန်က မော့ကြည့်လိုက်ရာ ကြောက်မက်ဖွယ်ရာ အရိုန်အဝါများဖြင့် ပြည့်နေသော ဟေးဒီးစ်တစ်ကောင်က သူ့အား ငုံ့ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ထိုဟေးဒီးစ်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ငွေဖြူရောင် သားမွေးများဖြင့် လွှမ်းခြုံနေပြီး ခရမ်းရောင် အလင်းတန်းများ လည်ပတ်နေကာ မီးခိုးဖြူရောင် မှော်သင်္ကေတများဖြင့် လင်းလက်နေသည်။

သူသည် လက်စွပ်ထံမှ လွတ်မြောက်လာနိုင်၍ သူ၏ ပုံစံကို ပြန်လည် တည်ဆောက်ပြီးသော ဟောဒီးစ်ယွင်ချန်းပင် ဖြစ်သည်။

သူ၏ အစစ်အမှန် ပုံစံကို ချက်ချင်း ဖော်ပြလိုက်ကာ ဟောဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းကို ဖော်ထုတ်လိုက်သည်။ သူ၏ စွမ်းအားများ အားလုံးကို တစ်ပြိုင်နက် ထုတ်လွှတ်လိုက်ပြီး နင်းဖန်အား လှျိုကြီး၏ တိုက်ခိုက်မှုထံမှ ကာကွယ်ပေးခဲ့သည်။

ခရမ်းရောင် အလင်းတန်းသည် လေထုအလယ်တွင် ငွေဖြူရောင် အလင်းတန်းနှင့် တိုက်ခိုက်ခဲ့၍ သူတို့ နှစ်ယောက်သားသည် တစ်ချိန်တည်းတွင်

ပျက်စီးသွားလုနီးပါး ဖြစ်သွားကြသည်။
ခရမ်းရောင်နှင့် ငွေဖြူရောင် အလင်းတန်းများသည်
ကောင်းကင် တစ်ခုလုံးအား ဖုံးလွှမ်းသွား၍
အလင်းတန်း တစ်တန်းချင်းစီသည် အလင်းတန်း
မိုးများကဲ့သို့ ဟင်းလင်းပြင်အား
ထိုးဖောက်သွားခဲ့သည်။

လျှိုကြီးသည် ကောင်းကင်ယံသို့
ဟိန်းဟောက်လိုက်ရာ အရိုးသည် ပိုမို
ပြင်းထန်စွာပင် တုန်ခါလာသည်။ သူ၏ ခန္ဓာကိုယ်မှ
သွေးများ ပန်းထွက်လာ၍ သူ၏
မိစ္ဆာစွမ်းအားများသည် အမြင့်ဆုံး
ရောက်သွားခဲ့သည်။

"ဒါက အဖေ လင်းဖုန်းနားကနေ ယူချင်နေတဲ့ အရိုးဖြစ်မယ်… တကယ်လို့ သူ့ရဲ့ စွမ်းအားတွေ အကုန်လုံးကို အသုံးချလိုက်မယ် ဆိုရင် လျှိုကြီးရဲ့ ခန္ဓာကိုယ်က လုံးဝ ပျက်စီးသွားလိမ့်မယ်… ငါကတောင် ဟန့်တားနိုင်မှာ မဟုတ်ဘူး" ယွင်ချန်း၏ အမူအရာသည် လေးလံသွားကာ တွေးလိုက်သည်။ "ကံကောင်းတာက သူဟာ ဒီအရိုးကို ကောင်းကောင်း မထိန်းချုပ်နိုင်သေးတာပဲ"

သူသည် လျှိုကြီးအား နောက်ထပ် လှုပ်ရှားရန် အခွင့်အရေး မပေးခဲ့သလို နင်းဖန်ကိုလည်း ကယ်တင်ရန် မကြိုးစားခဲ့ပေ။ သူ၏ ခန္ဓာကိုယ်သည် ဆင်းသက်လာကာ ငွေဖြူရောင် အလင်းတန်း အဖြစ်သို့ ပြောင်းသွား၍ လျှိုကြီးအရှေ့သို့

ချက်ချင်းပင် ရောက်ရှိလာသည်။ သူ၏ လက်သည်းများ၏ စွမ်းအားဖြင့် လှိုဂြိုးထံသို့ ခုန်အုပ်လာခဲ့သည်။

လှိုဂြိုး၏ အနားတွင် ခရမ်းရောင် အလင်းတန်းများသည် မရပ်နားပဲ လည်ပတ်နေ၍ ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်ရာ သူ၏ ခန္ဓာကိုယ်သည် ပိုမို ပြင်းထန်စွာဖြင့်ပင် တုန်ခါလာခဲ့သည်။

## စာစဥ် ဖ၉ : အပိုင်း ၂

## အပိုင်း ၁၃၃၂ : ဝမ်လင်း၏ အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ တက်လှမ်းနိုင်ခြင်း

လျှိုကြီး၏ ခန္ဓာကိုယ် ပတ်ပတ်လည်၌ ခရမ်းရောင်
အလင်းတန်း ရောင်ခြည်တော် စက်ဝန်းများ
တစ်ကွင်းပြီး တစ်ကွင်းတို့သည် ပင်လယ်
လှိုင်းလုံးများအလား ကျယ်ပြန့်လာခဲ့သည်။
အလင်းတန်း ပုံစံများသည် ဟင်းလင်းပြင်
အတွင်းသို့ ရောက်သွား၍ မှော်ဝက်ပါ
အသေးစားများ အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုမှော်ဝက်ပါများသည် တစ်ခုအပေါ်သို့
တစ်ခုထပ်သွားကာ လေဟာနယ်ကို တုန်ခါစေ၍
အနီးနှင့် အနက်ကမ္ဘာ တစ်ခုလုံးကို
ပြောင်းလဲသွားစေသည်။ တာအိုဝါဒသည်
အဆက်မပြတ် ပြောင်းလဲနေသကဲ့သို့ ဖြစ်သည်။

နင်းဖန်၏ လက်တစ်ဘက်သည် လျှို့ကြီး၏
ဆုပ်ကိုင်ခြင်းကို ခံထားရကာ သူ၏ ခန္ဓာကိုယ်သည်
ထူထဲသော အလင်းတန်း၏ အတွင်းတွင်
နစ်မြှုပ်နေ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်
ပယင်းကျောက် အတွင်းမှ သေးငယ်သော
ပိုးမွှားတစ်ကောင်နှင့် တူနေပြီး မလှုပ်မရှားနိုင်
ဖြစ်နေသည်။

သူ၏ ခန္ဓာကိုယ်မှ အစိမ်းရောင် အလင်းတန်း
ပုံစံများသည် မြင့်လိုက်နိမ့်လိုက် ဖြစ်နေသော်လည်း
ခရမ်းရောင် အလင်းတန်း၏
တောက်ပမှုအောက်တွင် သူတို့သည် အဆက်မပြတ်
ပျက်စီးသွားကြသည်။

ယွင်ချန်းသည် ငွေဖြူရောင် အလင်းတန်း
တစ်ခုအဖြစ်သို့ ပြောင်းသွားပြီး လေထုအလယ်တွင်
ပါးလွှာသော မျဥ်းကြောင်းတစ်ခုနှင့် တူနေသည်။
သူသည် တွန့်ကာလိမ်ကာဖြင့် လျှိုကြီးအား
ဝန်းရံထားသည့် ခရမ်းရောင် အလင်းတန်းများကို
ထိုးဖောက် ဝင်ရောက်လာခဲ့ရာ နောက်ဆုံးတွင်
ခရမ်းရောင် အလင်းတန်း အတားအဆီးများကို
ကျော်ဖြတ်နိုင်ခဲ့၍ လျှိုကြီးအရှေ့တွင်
ပေါ်လာခဲ့သည်။

သူသည် လျှိုကြီးအား သတ်ဖြတ်ရန် မကြိုးစားခဲ့ပဲ
ထို့အစား သူ၏ လက်သည်း နှစ်ဘက်ဖြင့် လျှိုကြီးကို
ဆုပ်ကိုင်ထားခဲ့သည်။ သူသည် လျှိုကြီး၏ ခါးမှ
အရိုးကိုပင် ယူရန် မကြိုးစားခဲ့ပဲ သူ၏

လက်နှစ်ဘက်အား လှိုကြီးအနားတွင်
ထားထားခဲ့သည်။

ယွင်ချန်း၏ လက်နှစ်ဘက် အလယ်မှ မီးခိုးဖြူရောင်
အလင်းတန်း တစ်တန်း အဆက်မပြတ်
လင်းလက်လာ၍ လှိုကြီးကို အလယ်မှထားကာ
ချုပ်နှောင်ထားခဲ့သည်။

ယွင်ချန်း၏ နဖူးမှနေ၍ မီးခိုးဖြူရောင်
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်း
တစ်တန်း ပေါ်ပေါ်လာခဲ့သော်လည်း လှိုကြီးအား
ဦးတည်နေခြင်းမဟုတ်ပဲ သူ့အား
ချုပ်နှောင်ထားရန်သာ ကြိုးစားခဲ့သည်။

ဤအချိန်တွင် လှိုကြီး၏ ခါးမှ အရိုးသည် မိစ္ဆာစွမ်းအင်များဖြင့် တုန်ခါလာခဲ့ကာ နောက်ဆုံးတွင် တည်ငြိမ်လာ၍ မလှုပ်ရှားတော့ပေ။

သူသည် အမတန်မှ အစွမ်းထက်သော်လည်း ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် များစွာပို၍ တည်ငြိမ်သွားခဲ့သည်။

နင်းဖန်သည် လုံးဝ ချီတုံချတုံ မဖြစ်နေခဲ့ပဲ လှိုကြီး၏ လက်သည်းများထံမှ လွတ်မြောက်နိုင်ရန် ကြိုးစားလိုက်သည်။ သူ့တွင်ရှိသမျှ စွမ်းအားများကို အသုံးချကာ သူ၏ လက်ကို ဖြတ်တောက်လိုက်သည်။ သူ၏လက်သည် လှိုကြီး၏ လက်များအတွင်း၌ တွဲလောင်းကျနေကာ

အသွေးအသားများ အဖြစ် အစိတ်စိတ် အမွှာမွှာ ကြေမွနေခဲ့ပြီ ဖြစ်သည်။

သူသည် လျှို့ကြီးကို စိုက်ကြည့်နေရင်း သူ၏အံကို တင်းတင်းကြိတ်လိုက်သည်။ "ဟေးဒီးစ်ကေရာဇ်ရဲ့ အရိုး... သစ္စာဖောက်... မင်းက အခေါက်တစ်ထောင် သေသင့်တယ်"

လျှို့ကြီး၏ မျက်လုံးများ အတွင်းတွင် ခရမ်းရောင် အလင်းတန်းများ အဆက်မပြတ် လင်းလက်နေကာ သူ၏ မျက်နှာပေါ်မှ အမူအရာသည် များစွာပို၍ ခက်ထန် ကြမ်းကြုတ်လာ၍ စဉ်းစား ဆင်ခြင်နိုင်စွမ်း မရှိသကဲ့သို့ ဖြစ်နေသည်။ သူသည် နင်းဖန်၏ ကျိန်ဆဲနေမှုများကို မည်သို့မှ တုံ့ပြန်မှု မရှိခဲ့ပေ။

ဟေးဒီးစ်ယွင်ချန်းက လျှိုကြီးအား အေးစက်စွာဖြင့် စိုက်ကြည့်နေ၍ ပြောလိုက်သည်။ "မင်းက ဒီစွမ်းအားကို လုံးဝ ထိန်းချုပ်နိုင်စွမ်း မရှိဘူး... မင်းက ငါတို့ရဲ့ အတူတူ ကြွေလွင့်ချင်နေရင်တောင်မှ မင်းက အားနည်းလွန်းလို့ အဲ့ဒီလို လုပ်နိုင်မှာ မဟုတ်ဘူး"

သူသည် လေထုအတွင်းသို့ ဟိန်းဟောက်လိုက်ရာ သူ၏ မိစ္ဆာစွမ်းအားများသည် အဆက်မပြတ် လှုပ်ရှားလာ၍ လျှိုကြီး၏ အသိစိတ်နှင့် အတူ အရိုးကိုပါ ဖိနှိပ်ထားခဲ့ကာ သူ့အား နောက်ထပ် အသုံးပြု၍ မရတော့ချေ။

"မင်းက မင်းရဲ့ မျိုးနွယ်စုကို သစ္စာဖောက်ဖို့ ဆုံးဖြတ်ထားတဲ့ အတွက် မင်းက ငါတို့ကေရာဇ်ရဲ့ အရိုးကို ပိုင်ဆိုင်ဖို့ မထိုက်တန်ဘူး" ယွင်ချန်းက ပြောလိုက်ရာ သူ၏ခေါင်းပေါ်ရှိ ဦးချိုသုံးချောင်းထံမှ အဖြူရောင် အလင်းတန်း တစ်တန်းစီ ထိုးထွက်လာ၍ လေထုအလယ်တွင် စုစည်းသွားကာ အဖြူရောင် အလင်းတန်း ဘောလုံး တစ်ခုအဖြစ် ပြောင်းသွားပြီး သူ့အတွင်းမှ ပုံရိပ်ယောင် လက်သည်းတစ်ခု ထိုးထွက်လာသည်။

ထိုလက်သည်းသည် တိမ်တိုက် သို့မဟုတ် မြူခိုးငွေ့နှင့် တူနေကာ နူးညံ့သိမ်မွေ့ပြီး ဝိုးတဝါး ဖြစ်နေသော်လည်း ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပမှု၏ ခြုံလွှာအောက်တွင် သူသည် လျှိုကြီးအနားမှ အကာအကွယ်

အလင်းတန်းကို အောင်မြင်စွာဖြင့် ချိုးဖောက်နိုင်၍ သူ၏ ခါးအနားသို့ ရောက်လာခဲ့သည်။

ဤအချိန်တွင် အဝေးမှ အလယ်ကမ္ဘာ အတွင်းရှိ စံအိမ်အတွင်းမှ ရောမ တုန်ခါမှုကြီး တစ်ခုကို ခံစားနိုင်ခဲ့သည်။

မှော်ဝက်ပါ၏ အလယ်တွင် ထိုင်နေသော ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် သူ၏ မျက်လုံးအစုံကို ဖွင့်လိုက်ရာ သွေးနီရောင် အလင်းတန်းများ ထွက်လာ၍ အနီရောင် သွေးမြစ်နှင့် တူနေခဲ့သည်။

ထိုအနီရောင် သွေးမြစ်အတွင်းတွင် အနက်ရောင် အလင်းတန်း ပုံစံများသည် လှိုင်းလုံးများနှင့် အတူ မြင့်ချည်နိမ့်ချည် ဖြစ်နေခဲ့သည်။

တစ်ချိန်တည်းတွင် ဟင်းလင်းပြင် စစ်တလင်း၏ ပြင်ပရှိ ယင်ပင်လယ် အတွင်းမှ ယင်ကျိုးနတ်တောင် အပေါ်တွင် ဝမ်လင်းကလည်း သူ၏ မျက်လုံးများကို ဖွင့်လိုက်သည်။ သူ၏ နဖူးပေါ်တွင် သေးငယ်သော အက်ကွဲကြောင်းများသည် စတင်၍ ထပ်ဖန်တစ်ခါ တွန့်လိမ်လာပြီး ထိုက်ကျိရုပ်ပုံ အသွင်သို့ ပြောင်းသွားသည်။

ထိုထိုက်ကျိရုပ်ပုံ အတွင်းတွင် သေးငယ်သော အက်ကြောင်းများစွာကို တွေ့နိုင်ပေသည်။

ထိုအက်ကွဲကြောင်းများသည် ထိုက်ကျိုရုပ်ပုံ အပေါ်တွင် ဒေါင်လိုက် ရှိနေရမည် ဖြစ်သော်လည်း ထိုက်ကျိုရုပ်ပုံ လည်ပတ်လာသော အခါ သူတို့ကလည်း စတင်၍ လည်ပတ်လာကြသည်။

ဝမ်လင်း၏ မျက်လုံးများ အတွင်းတွင် အလင်းတန်းများ လင်းလက်လာကာ အလင်းတန်း ပုံရိပ်များစွာတို့သည် တွန့်လိမ် လည်ပတ်နေကြသည်။ သူ၏ အတွင်းတွင် ဖန်ဆင်းမှု အတွေးပေါင်း တစ်ထောင်ခန့် ရှိနေသကဲ့သို့ ဖြစ်သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းရှိ အနီနှင့် အနက် ကမ္ဘာအတွင်းတွင် စံအိမ်အတွင်းမှ မဟာစေတန်

ကိုယ်ပွားသည် ရုတ်တရက် ထရပ်လိုက်ကာ
စံအိမ်အပြင်သို့ ထွက်လာခဲ့သည်။

မဟာစေတန် ကိုယ်ပွားက ဟိန်းဟောက်လိုက်ရာ
ချက်ချင်းပင် အလွန်အမင်း ကြီးမားလာခဲ့ကာ
ကောင်းကင်နှင့် မြေကြီး အကြားတွင်
ထူထောင်ထားသော တိုင်လုံးတစ်ခုနှင့်
တူနေခဲ့သည်။ သူ့ခြေအောက်မှ မြေကြီးသည် စတင်
ကျုံ့ဝင်လာ၍ ခြေလှမ်းအနည်းငယ် လှမ်းပြီးသော
အခါ လျှိုကြီးနှင့် သူ့ရန်သူများ အရှေ့သို့
ရောက်လာခဲ့သည်။

ဟေးဒီးစ်ယွင်ချန်းသည် တစ်ချက်ကြည့်လိုက်ရာ
သူ့အရှေ့မှ ဘီလူးကြီးသည် ရုပ်ကိုယ်ခန္ဓာ
စွမ်းအင်များဖြင့် ပြည့်နှက်နေသည်သာ မကပဲ

ခက်ထန်ရက်စက်သော ကြောက်မက်ဖွယ်ရာ အရိုန်အဝါ တစ်ခုကိုပါ ထုတ်လွှတ်နေသည်ကို တွေ့ခဲ့ရသည်။ ထိုစွမ်းအင်အလွှာ၏ အောက်တွင် တစ်ယောက်သည် နူးညံ့သိမ်မွေ့သော စွမ်းအင်အလွှာ တစ်ခုကို ရေးရေးလေး အာရုံခံနေနိုင်သည်။

သူ၏ ခက်ထန်ကာ ကြီးစိုး လွှမ်းမိုးနိုင်သော ရောမ ပုံစံသည် ထိုနေရာတွင် ရပ်နေပြီး သူ၏ စွမ်းအားများသည် အကန့်အသတ်မဲ့နေကာ ကောင်းကင်နှင့် မြေကြီးတို့ကို လွှမ်းခြုံနိုင်စွမ်း ရှိသည့်ပုံ ပေါက်နေသည်။ သို့သော်လည်း သူမှနေ၍ ထူးခြားဆန်းကြယ်သော စွမ်းအားတစ်ခုကို ထုတ်လွှတ်နေကာ နေရာတကာတွင် ရှိနေပြီး မဖျက်စီးနိုင်ဟု ထင်နေရသည်။

စံအိမ်အတွင်း၌ ရှိနေသော မိချောင်းနတ်ဘုရားသည်
မဟာစေတန် ကိုယ်ပွားနှင့် အတူ ပျံသန်း
ထွက်ခွာလာကာ သူ၏ ခန္ဓာကိုယ်သည် ပုံရိပ်ယောင်
ဆန်လာ၍ ကျူးအာ မြင့်မြတ်သော
ချပ်ဝတ်တန်ဆာနှင့် ပေါင်းစည်းသွားသည်။
ပြီးတာနှင့် ထိုချပ်ဝတ်တန်ဆာသည် မဟာစေတန်
ကိုယ်ပွား၏ အနက်ရောင် ခန္ဓာကိုယ် အပေါ်တွင်
ဝတ်ဆင်ပြီးသား ဖြစ်သွားခဲ့သည်။

တောင်ကဲ့သို့ ကြီးမားသည့် မရေမတွက်နိုင်သော
ချပ်ဝတ်တန်ဆာ သတ္တုပြားများသည် မဟာစေတန်
ကိုယ်ပွား၏ ခန္ဓာကိုယ် အပေါ်သို့ လွှမ်းခြုံသွားရာ
မဟာစေတန် ကိုယ်ပွားကလည်း မယုံနိုင်အောင်
ကြီးမားသော တောင်တစ်လုံးအလား ဖြစ်သွား၍

ကောင်းကင်ကို ထောက်ပံ့ထားသော
တိုင်လုံးတစ်လုံး ပမာ ဖြစ်သွားခဲ့သည်။

မဟာစေတန် ကိုယ်ပွားသည် ကောင်းကင်နှင့်
မြေကြီးအကြားတွင် မလှုပ်ရှားပဲ ရပ်နေကာ
ချက်ချင်းဆိုသလိုပင် အက်ကွဲကြောင်း
အမာရွတ်များဖြင့် ပြည့်လာခဲ့သည်။ သူသည်
အနီနှင့် အနက် ကမ္ဘာအား  ဆုပ်ကိုင်ရန်
ကြိုးစားနေသကဲ့သို့ ဖြစ်နေသည်။

ခဏအကြာတွင် အစောပိုင်းက လုံးဝ
မလှုပ်ရှားခဲ့သော မဟာစေတန် ကိုယ်ပွားသည်
လျှပ်စီးလက်သကဲ့သို့ လှုပ်ရှားလာခဲ့သည်။ အပြင်သို့
ထွက်လိုက်သော အခါ ကောင်းကင်နှင့်
မြေကြီးတို့အား တုန်ခါသွားကာ ပျက်စီးလုနီးပါး

ဖြစ်သွားစေသည်။ သူ၏ ရောမ ခန္ဓာကိုယ်ကြီးသည် ယွင်ချန်းနှင့် လျှိုကြီး ရှိရာထံသို့ ရောက်လာခဲ့သည်။

ဤအခြေအနေကို တွေ့လိုက်ရသော အခါ နင်းဖန်သည် သူ၏ ဒဏ်ရာများကို အမှုမထားနိုင်တော့ပဲ မဟာစေတန် ကိုယ်ပွားအား ဝင်ရောက် တားဆီးခဲ့သည်။

သူသည် မဟာစေတန် ကိုယ်ပွား၏ ကြီးမားလှသော ခွန်အားများကို တွေ့နိုင်ခဲ့၍ ကျုးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာနှင့် ပူးပေါင်းလိုက်သည့် အခါ သူ၏ စွမ်းအားများသည် ပို၍ပင် ခက်ထန် ကြမ်းတမ်းလာသည်။

နင်းဖန် အနေဖြင့်လည်း ရန်သူ၏ စွမ်းအားကို သူ၏ အားနည်းချက်ဖြင့် တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။ သူ၏ နဖူးအလယ်မှနေ၍ အစိမ်းရောင် အလင်းတန်း တစ်တန်း ထွက်ပေါ်လာသည်။ ထိုအရာသည် ဟေးဒီးစ်တို့၏ စီးဆင်းနေသော မြူခိုးငွေ့ စွမ်းအင်ပင် ဖြစ်သည်။

မဟာစေတန် ကိုယ်ပွားသည် ထိုအရာကို တွေ့လိုက်ရသော အခါ သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်ခြင်း မရှိပဲ ထို့အစား ကျူးအား မြင့်မြတ်သော ချပ်ဝတ်တန်ဆာ၏ စွမ်းအားများကို ယူသုံး၍ လက်ချောင်းများကို ဆန့်တန်းလိုက်ကာ အသာတို့လိုက်သည်။

သူ၏ လက်ချောင်း ဆန့်တန်းလိုက်သော အချိန်တွင် အနီနှင့် အနက်ကမ္ဘာသည် ငြိမ်သက်သွား၍ ထိုလက်ချောင်းသာ အရှေ့သို့ တိုးလာခဲ့သည်။

နင်းဖန်သည် တုန်လှုပ် ချောက်ချားသွားသည်။ သူ၏ အရှေ့တွင် ကခုန်နေသည့် မိစ္ဆာများဖြင့် ပြည့်နေသော မိစ္ဆာ ချောက်ကမ်းပါးတစ်ခု ပေါ်လာခဲ့သည်။

သူ၏ခေါင်းကို ငုံ့၍ ထိုချောက်အောက်သို့ ကြည့်လိုက်သောအခါ ကောင်းကင်ပေါ်သို့ ထိုးတက်နေသော စေတီတစ်ဆူကို တွေ့ခဲ့ရသည်။ အရာအားလုံးတို့သည် ထိုစေတီ အပေါ်တွင် စုစည်းနေသကဲ့သို့ ဖြစ်နေပြီး မိစ္ဆာများသည်

ထိုစေတီ၏ ရှေ့တွင် အညှံ့ခံ၍
ဒူးထောက်နေကြသည်။

ထိုမိစ္ဆာ ချောက်ကမ်းပါး၏ ဖိနှိပ်မှုအောက်တွင်
သူသည် မတတ်နိုင်ပဲ ဒူးများ ညွှတ်လာခဲ့သည်။

ဝမ်လင်း၏ လက်ချောင်းထိပ်ဖျား၊ စေတီ၏
အထွတ်နှင့် ချောက်ကမ်းပါးတို့သည် ဖြစ်တည်မှု
တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားကြကာ
အမှတ်တစ်ခုတည်း အဖြစ် စုစည်းသွား၍
အရာအားလုံးတို့သည် ဖော်ပြ၍ မရနိုင်အောင်
လေးလံလာကြသည်။

ပေါက်ကွဲနိုင်သော စွမ်းအားများ မရှိပဲ၊ ခန္ဓာကိုယ်
တုန်ခါနေခြင်း မရှိပဲ၊ ဖျက်ဆီးနိုင်သော စွမ်းအားများ
မရှိပဲ ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည်
ဟေးဒီးစ်နင်းဖန်အား ရှေ့သို့ တစ်လှမ်းမှ
မတိုးနိုင်အောင် တားဆီးထားနိုင်ခဲ့သည်။
အစိမ်းရောင် အလင်းတန်းများသည် စတင်၍
ပျက်စီးသွားကြပြီး နင်းဖန်ထံသို့
ပြန်ရောက်လာကြသည်။

ဤအရာသည် ရှေးဟောင်းစေတန်ဂိုဏ်း၏
အစွမ်းအထက်ဆုံး အကွက်ဖြစ်သည့်
မိစ္ဆာတစ်သောင်း အညွှံခံခြင်း ဖြစ်သည်။

ဟေးဒီးစ်မျိုးနွယ်စုသည် အလယ်ခေတ် ကာလက
ရှေးဟောင်း စေတန်ဂိုဏ်းနှင့် အကြိမ်ပေါင်းများစွာ

တိုက်ခိုက်ခဲ့သည်။ နင်းဖန်သည် ထိုအချိန်က မမွေးသေးသော်လည်း မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းလာသော ဇာတ်လမ်းများကို ကြားဖူးနေသဖြင့် ဤတိုက်ခိုက်မှုအား မှတ်မိနိုင်ခဲ့သည်။

"သူက ဒဏ်ရာ ရထားပေမဲ့ ငါ့ရဲ့အရှေ့က ကောင်ဟာ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်က တခြား လူသား ကျင့်ကြံသူတွေထက် အများကြီး အစွမ်းထက်တယ်" နင်းဖန်သည် သူ၏အံကို တင်းတင်းကြိမ်ထားကာ ဝမ်လင်းက လက်ညှိုး ဆန့်တန်းလိုက်သည်ကို တွေ့လိုက်ရသည်။

သူ့အား တိုက်ခိုက်အပြီးတွင် မဟာစေတန်
ကိုယ်ပွားသည် မရပ်တန့်ခဲ့ပဲ မကြာမီပင် ယွင်ချန်း၏
အရှေ့သို့ ရောက်သွားခဲ့သည်။

ခက်ထန်လှသော တိုက်ခိုက်မှုသည် ရုတ်တရက်
ပြောင်းလဲသွား၍ မယုံနိုင်လောက်အောင်
သိမ်မွေ့သွားခဲ့သည်။ သို့သော်လည်း သူသည်
လျှိုကြီးအား ဖိနှိပ်ထားသော မိစ္ဆာစွမ်းအားများကို
လှုပ်ရှားစေရန် ပြုလုပ်နိုင်ခဲ့သည်။

ယွင်ချန်းသည် လျှိုကြီးထံမှ အရိုးကို ရယူနိုင်ရန်
ကြိုးစားနေခြင်း ဖြစ်သည်။ ထိန်းချုပ်မှုအောက်မှ
ကင်းလွတ်နေသော အရိုးကို ထိန်းသိမ်းနိုင်ရန်
ကြိုးစားနေရသဖြင့် သူ့အနေနှင့် အာရုံပျံ့လွင့်၍
မရချေ။ ဤအချိန်တွင် ဝမ်လင်း၏

ဝင်ရောက်လာခြင်းကြောင့် အခြေအနေ
တစ်ခုလုံးသည် ရှုပ်ထွေးသွားခဲ့သည်။

ကူရာမဲ့စွာဖြင့် ယွင်ချင်းသည် လျင်မြန်စွာ
နောက်ဆုတ်လိုက်ရသည်။ သို့ရာတွင်
သူနောက်ဆုတ်ပြီးသည်နှင့် ချက်ချင်းပင် ပြန်လည်
တိုက်ခိုက်လိုက်၏။

ဤအချိန်တွင် သူ၏ ပစ်မှတ်သည် ဝမ်လင်း၏
မဟာစေတန် ကိုယ်ပွားပင် ဖြစ်သည်။

ပြင်းထန်လှသော မိစ္ဆာစွမ်းအားအောက်တွင်
ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားကပင်
အသက်ရှူကျပ်လာခဲ့သည်။ သူ၏

ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ဖောက်ခွဲခဲ့ရာ အနီနှင့် အနက် ကမ္ဘာတစ်ခုလုံးနှင့် သူ့အပေါ်မှ ကောင်းကင်တွင် ရောမ အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့သည်။

ဤအချိန်၌ လျှိုကြီးသည် လေထုအတွင်း၌သာ ရှိနေသေးသည်။ သူ၏ ခေါင်းသည် ငိုက်စိုက်ကျနေ၍ သူ၏ မျက်လုံးများက အရောင်မှိန်နေခဲ့သည်။ သူ၏နောက်ကျောမှ ယာယီ ငြိမ်သက်သွားသော အရိုးသည် ထပ်ဖန်တစ်ခါ ပြင်းထန်လာခဲ့ပြန်သည်။

ယွင်ချန်းသည် ထိုအရာကို ဂရုမစိုက်ခဲ့ပဲ သူ၏ နဖူးမှ ငွေဖြူရောင် အလင်းတန်း တစ်တန်း လင်းလက်လာ၍ ကြောက်မက်ဖွယ်ရာ

ဟောဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပမှုသည် ပေါက်ကွဲရန်
အသင့်ဖြစ်လာခဲ့သည်။

အခြားတစ်ဘက်တွင် လက်တစ်ဘက်တည်းသာ
ကျန်နေသော နင်းဖန်သည် ဝမ်လင်း၏
မဟာစေတန် ကိုယ်ပွားအား အေးစက်စွာဖြင့်
စိုက်ကြည့်နေသည်။

ကျူးအာ မြင့်မြတ်သော ချပ်ဝတ်တန်ဆာ၏
အောက်မှ ဝမ်လင်း၏ မျက်နှာသည် အမူအရာ
ကင်းမဲ့နေသည်။ သူသည် ယွင်ချန်းနှင့်
နင်းဖန်တို့အား လူသေနှစ်ယောက်ကဲ့သို့
စိုက်ကြည့်နေရာ ကျောချမ်းဖွယ်ရာ
ကောင်းလှပေသည်။

လေးလံလှသော ကျူးအာ မြင့်မြတ်သော
ချပ်ဝတ်တန်ဆာသည် ရုတ်တရက်ပင်
သူ၏ကိုယ်ပေါ်မှ ကွာကျသွားသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော အခါ ယွင်ချန်း၏
မျက်လုံး သူငယ်အိမ်များက ကျဥ်းမြောင်းသွားသည်။

ဝမ်လင်းသည် အတိုက်ခိုက်ခံရမည်ကို
ထိုင်စောင့်နေမည့်သူ မဟုတ်ပဲ သူ၏ လက်ရှိ
အပြုအမူကြောင့် ယွင်ချန်း၏ ရင်အတွင်း၌
မသက်မသာ ခံစားနေရသည်။

လုံးဝ အချိန်မဆွဲခဲ့ပဲ ငွေဖြူရောင် အလင်းတန်းသည် အရှေ့သို့ တက်လာကာ ဟင်းလင်းပြင် တစ်ခုလုံးကို ရိုက်ခတ်လိုက်သည်။ မာန်ဟုန်ပြင်းနေသော လှိုင်းလုံးတစ်လုံးပမာ သူသည် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားထံသို့ တိုက်ရိုက် ရောက်လာခဲ့သည်။

တစ်ချိန်တည်းတွင် ဝမ်လင်း၏ မဟာစေတန် ကိုယ်ပွားသည် သူ၏ လက်ညှိုးဖြင့် သူ့နဖူးအလယ်သို့ ပုတ်လိုက်သည်။

ခဏအကြာတွင် ထိုဘီလူးကြီးက ကွယ်ပျောက်သွားခဲ့သဖြင့် ယွင်ချန်းနှင့် နင်းဖန်တို့ နှစ်ယောက်စလုံးက မှင်သက်သွားခဲ့သည်။

သူ့အား အစားထိုးခဲ့သူမှာ သာမန် အရပ်အမောင်းသာ ရှိသော လူသားတစ်ယောက်ပင် ဖြစ်သည်။

ထိုလူသားသည် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ သူ၏ အဝတ်များသည် လေအတွင်းတွင် လွင့်မျောနေခဲ့သည်။ သူသည် ကျယ်ပြန့်လှသော ဟင်းလင်းပြင်နှင့် ပေါင်းစည်းနေ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ဤကမ္ဘာကို ကျင့်ကြံရန် ကြိုးစားနေခဲ့သည်။ သူ၏ သာမန် အရွယ်အစား ခန္ဓာကိုယ်သည် ဤကမ္ဘာ၏ တစ်စိတ်တစ်ပိုင်းအား စုပ်ယူနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏ ပုံစံသည် ထွင်းဖောက်မြင်နေရကာ
သူ့ခန္ဓာကိုယ် အတွင်းမှ ကြောက်မက်ဖွယ်ရာ
မြင်ကွင်းအား ဖော်ပြနေခဲ့သည်။

အဝါရောင် ရေစမ်းသို့ သွားသောလမ်းသည် သူ၏
အရေပြားပင် ဖြစ်သည်။ လှိုင်းထနေသော
မေ့ပျောက်ခြင်းမြစ်သည် သူ၏ သွေးများဖြစ်သည်။
ရှေးကျသော အနက်ရောင် တံတားသည် သူ၏
ကျောရိုးဖြစ်သည်။ သူ၏ နှလုံးသား အတွင်းတွင်
ရောမ အနက်ရောင် စံအိမ်တစ်လုံး ရှိနေကာ
ထိုစံအိမ် အတွင်း၌ အဖြူရောင်နှင့် အနက်ရောင်
ဘီးတစ်ဘီးစီတို့သည် လျင်မြန်စွာဖြင့်
လည်ပတ်နေကြသည်။

ထိုလူ၏ မျက်နှာသည် ဝမ်လင်းနှင့် တစ်ထေရာတည်း တူနေ၍ သူ၏ မျက်လုံးများကို ဖွင့်လိုက်သော အခါ တောက်ပလှသော သလင်းကျောက် နှစ်ခုသည် ကြေးမုံကဲ့သို့ လင်းလက်လာခဲ့သည်။

ကြေးမုံပေါ်တွင် မရေမတွက်နိုင်သော အရိပ်များ ပေါ်လာကြသည်။ သူတို့သည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဖြစ်ပျက်သမျှ အရာများကို ကိုယ်စားပြုနေကြခြင်း ဖြစ်သည်။ သို့သော်လည်း ထိုအရာများ အားလုံးတို့သည် အစစ်အမှန်နှင့် ပုံရိပ်ယောင်တို့ အကြားတွင် ပြောင်းလဲနေကာ ထူးခြားဆန်းကြယ်သော နိမိတ်တစ်ခုအား ဖော်ဆောင်နေခဲ့သည်။

သူ၏ခေါင်းထိပ်တွင် ခေတ်အားလုံးတို့၏
ဉာဏ်ပညာများဖြင့် ပြည့်ဝနေသော ထိုက်ကျိရုပ်ပုံ
တစ်ခုက ဖြည်းဖြည်းချင်း လည်ပတ်နေခဲ့သည်။

ထိုလူသားပုံရိပ်သည် ဝမ်လင်း၏ စင်စစ်
ဖြစ်တည်မှုပင် ဖြစ်ပေတော့သည်။

ယနေ့တွင် ဝမ်လင်း၏ တတိယ တပည့်ဖြစ်သော
အစွန်းရောက် တာအို အန္တိမ ဝမ်လင်းသည်
အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်သို့
ရောက်သွားခဲ့လေပြီ။

စာစဥ် ၆၉ : အပိုင်း ၃

# အပိုင်း ၁၃၃၃ : ဗောဓိနှင့် မိစ္ဆာနှလုံးသား တံဆိပ်၊ စကားလုံးများဖြင့် ထိန်းချုပ်ထားသော မှော်ကျိန်စာ

ဝမ်လင်းသည် ဟင်းလင်းပြင်တွင် ရပ်နေရင်း လျှိုကြီးနှင့် ပေးဒီးစ်ယွင်ချန်းတို့အား လှမ်းကြည့်လိုက်သည်။

လျှိုကြီး၏ ခန္ဓာကိုယ် အတွင်းတွင် ဆက်လက် လှုပ်ရှားနေသော အရိုးနှင့် အတူ ယွင်ချန်း၏ ပေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းနှင့် ရင်ဆိုင်ခဲ့ရသော အခါ ဝမ်လင်း၏ နဖူးပေါ်မှ ထိုက်ကျိရုပ်ပုံက လည်ပတ်လာကာ သူ့နဖူးအလယ်တွင် ထူးခြားသော အလင်းတန်းတစ်ခု တောက်ပလာသည်။

သူ၏ မျက်လုံးနှစ်လုံး အတွင်းမှ အဖြူရောင်နှင့်
အနက်ရောင် အလင်းတန်း နှစ်တန်းတို့
ထွက်လာကြ၍ ထိုအလင်းတန်းတို့သည် အချင်းချင်း
ထောင့်မှန်ပုံစံဖြင့် ယှက်သန်းသွားကြပြီး
ကြက်ခြေခတ်ပုံစံကို ဖန်ဆင်းလိုက်ကြသည်။

အလင်းတန်း နှစ်တန်းတို့ဖြင့် ဖန်ဆင်းထားသော
ကြက်ခြေခတ်သည် ဝမ်လင်း၏ မျက်လုံးများ
အတွင်းမှ ထွက်လာကြပြီး
ဟင်းလင်းပြင်တလျှောက် ပျံသန်းသွား၍
ကောင်းကင်၏ အစွန်းတိုင်အောင်
ကျယ်ပြန့်သွားသည်။

အဖြူနှင့် အနက် ကြက်ခြေခတ်သည် ယွင်ချန်း ထုတ်လွှတ်ထားသော ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းကို တားဆီးခဲ့သည်။ မီးခိုးဖြူရောင် အလင်းတန်းသည် ကြက်ခြေခတ် အပေါ်သို့ ကျရောက်လာကာ သူ့အား ဝါးမျိုရန် ကြိုးစားခဲ့ကြသည်။

ဝမ်လင်းသည် ဟေးဒီးစ်နင်းဖန်အား ကြည့်၍ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "သူ့ကို သတ်လိုက်"

ထိုအတွေးဖြင့် ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းသည် တုန်ခါလာ၍ ကြက်ခြေခတ်အား ဖန်ဆင်းထားသည့် အနက်ရောင် အလင်းတန်းပေါ်သို့ ကျရောက်သွားကာ

မြစ်တစ်စင်း အတွင်းသို့ ကျရောက်သွားသကဲ့သို့
နစ်မြုပ်သွားသည်။

အနက်ရောင် အလင်းတန်းသည် အရှေ့သို့
ဆက်သွားခဲ့ပြီး ကြက်ခြေခတ်၏
လျှို့ဝှက်ဆန်းကြယ်သော အလယ်သို့
ရောက်သွားသော အချိန်တွင် ဦးတည်ချက်
ရုတ်တရက် ပြောင်းသွားခဲ့ကာ အဖြူရောင်
အလင်းတန်း အတွင်းသို့ ဝင်ရောက်သွားသည်။

ခဏအကြာတွင် ယွင်ချန်း၏ အစွမ်းထက်၍
ကျယ်ပြန့်လှသော ပေါးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်းသည် အဖြူရောင်
အလင်းတန်း အတွင်းမှ ထွက်လာသည်။
သို့သော်လည်း သူသည် ဝမ်လင်းအား

ဦးတည်နေခြင်း မဟုတ်တော့ပဲ နင်းဖန်ထံသို့
တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

စက္ကန့်ပိုင်း အတွင်းတွင် အချိန်ကာလနှင့်
လေဟာနယ်တို့က ဝေဝါးသွား၍ ဟေးဒီးစ်တို့၏
မှုန်ဝါးဝါး လင်းလက်တောက်ပခြင်း
ပြန်ပေါ်လာသော အချိန်တွင် သူသည် နင်းဖန်အား
အပြည့်အဝ ဝါးမျိုလုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ယွင်ချန်းက ထိတ်လန့် တုန်လှုပ်သွား၏။
အစောပိုင်းတွင် သဘာဝ၏ စည်းမျဉ်း ဥပဒေသများ
ကိုယ်တိုင်က ပြောင်းလဲသွားသကဲ့သို့ သူက
ခံစားလိုက်ရသည်။ သူသည် သူထုတ်လွှတ်ခဲ့သော
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး

လင်းလက်တောက်ပခြင်းကို မထိန်းချုပ်နိုင်တော့ပဲ
သူ၏ ဆန္ဒနှင့် လုံးဝ ဆန့်ကျင်သွားခဲ့သည်။

သူ့အား ပို၍ အံ့ဩ တုန်လှုပ်စေသည့် အချက်မှာ
သူ၏ လက်ရှိ ကျင့်ကြံမှု အဆင့်ဖြင့် သူ၏ ဆန္ဒသည်
သူ၏ မှော်ကျိန်စာများကို ထိန်းချုပ်နိုင်သင့်ကာ
သူ၏ ကိုယ်ပိုင် စွမ်းရည်များသည် အပြည့်အဝ
တိကျသင့်ပေသည်။ သူ၏ တိုက်ခိုက်မှုများကို
ထိန်းချုပ်ခြင်းသည် အလိုအလျောက်
ထိုးထွင်းသိမြင်ခြင်းမှ လာခဲ့ခြင်း ဖြစ်သည်။

ခြွင်းချက်အချို့မှာ သူ၏ မိစ္ဆာဝိညာဉ်အား
အမိန့်ပေးရန် အချိန် မလုံလောက်ခြင်း သို့မဟုတ်
သူ၏ သဘာဝ စွမ်းအား အကန့်အသတ်များကို
ကျော်လွန်သွားခြင်း ဖြစ်သည်။

ယွင်ချန်း အနေဖြင့် သူ၏ မိစ္ဆာဝိညာဉ်အား
အမိန့်ပေးရန် လိုအပ်သော အချိန်မှာ
မယုံနိုင်လောက်အောင် တိုတောင်းသည်။

ဤအချိန်တွင် သူထုတ်လွှတ်ထားသော
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်းသည် နင်းဖန်အား
တိုက်ခိုက်နေ၍ သူ့ပစ်မှတ်မှ လက်မ
အနည်းငယ်သာ လိုတော့သော်လည်း
ယွင်ချန်းအနေဖြင့် သူ၏ စွမ်းအားများကို ပြန်လည်
ဆင့်ခေါ်ရန် အချိန်မရှိသေးသည်။

သို့သော်လည်း ဝမ်လင်း၏ မျက်လုံးများထဲမှ
ထွက်ပေါ်လာသော ထူးခြားသည့် အဖြူနှင့်

အနက်ရောင် ကြက်ခြေခတ်သည့် ဟင်းလင်းပြင်
တစ်ခုလုံးအား ထူးခြားစွာ လည်ပတ်နေစေသည်။

ယွင်ချန်းသည် သူထုတ်လွှတ်ထားသော
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်းသည် နင်းဖန်အပေါ်သို့
ကျရောက်တော့မည်ဟု သူ၏ ရင်အတွင်းမှ
ထူးခြားသော ခံစားချက် တစ်မျိုးကို
ခံစားလိုက်ရသည်။ ဤအရာသည်
မြေကြီးလက်ခတ် မလွဲသော အရာတစ်ခု ဖြစ်သည်။

ယွင်ချန်းသည် သူ့အား ဘာမှ မတတ်နိုင်ခဲ့သလို
နင်းဖန်ကလည်း ကူရာမဲ့နေခဲ့သည်။ ဤကဲ့သို့သော
အခြေအနေမျိုးအောက်တွင် သူသည် သူ့ထံသို့
ရောက်လာနေသော ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး

လင်းလက် တောက်ပခြင်းအား တုံ့ပြန်နိုင်ရန် အခွင့်အရေး မရှိနေပေ။ မီးခိုးဖြူရောင် အလင်းတန်းသည် သူ၏ မြင်ကွင်းတစ်ခုလုံးအား ဖုံးလွှမ်းသွားကာ သူ့အား ဆူနာမီကဲ့သို့ ဝါးမျိုခဲ့လိုက်သည်။

"အာ" ယွင်ချန်း၏ မျက်နှာပေါ်တွင် ကြောက်ရွံ့သော အမူအရာ တစ်ခု ပေါ်လာသည်။ သူသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူ၏ မျက်လုံး သူငယ်အိမ်များမှ အဖြူရောင် ရောင်ခြည်တော် စက်ဝန်း နှစ်ခုတို့သည် စတင်၍ ပြောင်းလဲလာခဲ့သည်။

သူ၏ ဘယ်မျက်လုံးမှ အဖြူရောင် အလင်းတန်း စက်ဝန်းတစ်ခုသည် လည်ပတ်လာ၍

ခဏအကြာတွင် လုံး၀ မည်းနက်သွားခဲ့သည်။
ပြီးတာနှင့် အနက်ရောင် အလင်းတန်း
တစ်တန်းသည် ယွင်ချန်း၏ ဘယ်မျက်လုံးထံမှ
ပျံသန်း ထွက်ပေါ်လာသည်။

ထိုအနက်ရောင် အလင်းတန်းသည် အချိန်ကို
နောက်ပြန် စီးဆင်းစေကာ လေဟာနယ်ကို
ပြန်လည် ဖန်ဆင်းစေသည့်ပုံ ပေါက်နေသည်။
မျက်စိ တစ်မှိတ် အတွင်းတွင် သူသည် ၀မ်လင်း၏
အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်ထံသို့
ကျရောက်လာသည်။

အနက်ရောင် အလင်းတန်းသည် အဖြူနှင့်
အနက်ရောင် ကြက်ခြေခတ် အပေါ်သို့
ကျရောက်သွားသော အချိန်တွင် သူသည်

ပြင်းထန်စွာဖြင့် လွင့်ပြယ်သွား၍ အနက်ရောင်
အလင်းတန်း မြူခိုးငွေ့များ အဖြစ်သို့
ပြောင်းသွားသည်။ ပြီးတာနှင့် သူသည်
ထိုကြက်ခြေခတ်အား အပြည့်အဝ
ဖုံးလွှမ်းသွားလေသည်။

ဤအချိန်၌ ယွင်ချန်းသည် ကမ္ဘာကြီးက
ပြောင်းလဲသွား၍ အစောပိုင်းမှ အနီနှင့် အနက်
ကမ္ဘာအတွင်းသို့ ပြန်ရောက်သွားပြီဟု
ထင်နေရသည်။

သူတွေးနေဆဲပင် သူထုတ်လွှတ်ထားသော
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပမှုသည် ဘေးသို့ယိမ်းသွားကာ
ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။

သူသည် နင်းဖန်အား ဆံချည်တစ်မျှင်စာမျှ ကပ်၍ လွဲချော်သွားခဲ့သည်။

ဝမ်လင်းသည် အဖြူနှင့် အနက်ရောက် ကြက်ခြေခတ်အား လွှမ်းခြုံထားသည့် အနက်ရောင် အလင်းတန်း မြူခိုးငွေ့များကို ကြည့်၍ စက္ကန့်ပိုင်းအတွင်း သဘောပေါက်သွားခဲ့သည်။ "ဒါက မင်းရဲ့ စွမ်းအားတွေကနေ လာခဲ့တာ မဟုတ်ပဲ ပုံရိပ်ယောင်နေမင်းရဲ့ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအားထံကနေ လာခဲ့တာပဲ"

ယွင်ချန်းကလည်း အလွန်အမင်း အံ့သြ တုန်လှုပ်နေခဲ့ကာ အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်နှင့် အတူတကွ

ပျောက်ကွယ်သွားသော အနက်ရောင် အလင်းတန်း မြူခိုးငွေ့ကို ပါးစပ်အဟောင်းသားဖြင့် စိုက်ကြည့်နေခဲ့သည်။ နင်းဖန်ကလည်း သူအသက်ရှင်နေသေးသည်ကို မယုံနိုင်အောင် ဖြစ်နေခဲ့ပြီး ဝမ်လင်းအား စိုးရိမ်တကြီးဖြင့် စိုက်ကြည့်နေခဲ့သည်။

အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်ကို ကြည့်နေရင်း ယွင်ချန်းနှင့် နင်းဖန်တို့ နှစ်ယောက်စလုံး၏ မျက်နှာများ အပေါ်တွင် လေးလံသော အမူအရာများ ပေါ်လာသည်။ "သူ့ရဲ့ မှော်ကျိန်စာက အမတန်မှ ထူးခြားတာပဲ... ဘာလိုများ ဖြစ်သွားတာလဲ"

"တကယ်လို့ သူဟာ ငါ့ရဲ့ တိုက်ခိုက်မှုကို ငါ့အပေါ်မှ ရှောင်ပြန်ဟပ်ခဲ့ရင် ငါက ရှောင်နိုင်ဦးမယ်… ဒါပေမဲ့ နင်းဖန်ကို ပစ်မှတ်ထားခဲ့တော့ သူက အမတန်မှ အန္တရာယ် ကြီးမားတဲ့ အခြေအနေကို ကျရောက်သွားတယ်"

ယွင်ချန်း၏ မျက်နှာသည် ပို၍ မည်းမှောင်လာကာ နင်းဖန်အနေဖြင့် သေဘေးမှ သီသီလေး လွဲချော်ခဲ့သဖြင့် ထိတ်လန့် တုန်လှုပ်နေသလို အမျက်လည်း ထွက်နေခဲ့သည်။

ဤအချိန်၌ လျှိုကြီးက သူ့အပေါ်တွင် ပေးထားခဲ့သော ဒဏ်ရာများက နာကျင်လာခဲ့သဖြင့် နင်းဖန်သည် ဝမ်လင်းနှင့် လျှိုကြီးတို့

နှစ်ယောက်စလုံးအား ပြင်းထန်သော
အမျက်ဒေါသဖြင့် စိုက်ကြည့်နေခဲ့သည်။

ဝမ်လင်း၏ အကြည့်သည် လှိုကြီးအပေါ်သို့
ကျရောက်သွား၏။

လှိုကြီးအပေါ်သို့ ကျရောက်သွားသော အခြား
အဖြူနှင့် အနက်ရောင် အလင်းတန်းသည် သူ၏
စုပ်ယူခြင်းကို ခံခဲ့ရသည်။

လှိုကြီး၏ ခန္ဓာကိုယ်သည် တုန်ခါသွား၍
ဟေးဒီးစ်ကေရာဇ်၏ အရိုးသည် ထပ်ဖန်တစ်ခါ
ပြန်လည်၍ ပြင်းထန်စွာ တုန်ခါလာပြန်သည်။
အစွမ်းထက်၍ ကျယ်ပြန့်သော စွမ်းအားတစ်ခုသည်

နောက်ထပ် ပြန်လည် ပေါက်ကွဲတော့လာမည်ဟု ထင်နေရသည်။

ဝမ်လင်းက အော်ဟစ်လိုက်သည်။ "ဂျူနီယာ လျှို့ကြီး"

သူ့နာမည်အား အော်လိုက်သည်ကို ကြားလိုက်ရသော အခါ လျှို့ကြီး၏ မျက်လုံးများထံမှ ထွက်ပေါ်လာသော ခရမ်းရောင် အလင်းတန်းသည် တည်ငြိမ်သွား၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ပြေလျော့သွားကာ ဝမ်လင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

လှိုကြီး၏ အမူအရာသည် တည်ငြိမ်လာသည်ကို တွေ့လိုက်ရသော အခါ ဝမ်လင်းကလည်း အနည်းငယ် စိတ်သက်သာရာ ရသွား၍ သူ၏ အေးစက်သော မျက်လုံးအစုံမှ နွေးထွေးသော အရိပ်အယောင်များ အနည်းငယ် ပေါ်လာသည်။

သူက တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"မင်းကိုယ်မင်း ငြိမ်အောင် ထိန်းထားပါ"

သူပြောလိုက်သည့် အချိန်တွင် လှိုကြီး၏ ခန္ဓာကိုယ်သည် အဖြူရောင် အလင်းတန်းများ၏ အကြားတွင် ရောက်နေခဲ့ပြီ ဖြစ်သည်။

သူ၏ ခန္ဓာကိုယ်သည် အဖြူရောင် အလင်းတန်း တလျှောက် ရှေ့တိုးလာ၍ အဖြူနှင့် အနက်ရောင် အလင်းတန်းများ၏ ဆုံမှတ်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ သူသည် အရှေ့သို့ ဆက်မတိုးလာတော့ပဲ သူ၏ ခန္ဓာကိုယ်သည် ဇဝဒီဂရီ လှည့်သွား၍ အနက်ရောင် အလင်းတန်း အတွင်းသို့ ဝင်ရောက်သွားလေသည်။

အနက်ရောင် အလင်းတန်း အတွင်းတွင် လှျိုကြီး၏ စွမ်းအားများသည် တည်ငြိမ်သွား၍ သူ့ခါးထံမှ ပေါးဒီးစ်ကေရာဇ်၏ အရိုးသည် ထကြွနေခြင်း မရှိတော့ပေ။

လှျိုကြီး၏ ခန္ဓာကိုယ် အနားမှ ခရမ်းရောင်နှင့် အဖြူရောင် အလင်းတန်းတို့က ငြိမ်းသွားကြပြီ

ဖြစ်၍ သူ၏ မျက်လုံးများကလည်း ပြန်လည်၍ ကြည်လင်လာခဲ့သည်။

သူ၏ ငွေရောင် သားမွေးများသည် သူ၏ အရေပြားအောက်သို့ ပြန်ဝင်သွားကြပြီး အနက်ရောင် အလင်းတန်း အတွင်းတွင် ငြိမ်သက်စွာ လွင့်မျောနေသော လျှိုကြီး၏ သူ၏ အစစ်အမှန် ပုံစံတွင် မရှိနေတော့ပေ။

သို့သော်လည်း နင်းဖန်နှင့် တိုက်ပွဲအတွင်း၌ သူ၏ မိစ္ဆာစွမ်းအားများကို ထိန်းချုပ်နိုင်ခြင်းမှ ကင်းလွတ်သွားခဲ့သဖြင့် သူ၏ ခန္ဓာကိုယ်သည် ဒဏ်ရာများဖြင့် ပြည့်နေခဲ့ကာ မမြင်ရက်စရာ ဖြစ်နေသည်။

လျှိုကြီးသည် အနက်ရောင် အလင်းတန်း အတွင်းမှ ထွက်လာကာ ဝမ်လင်းက သူ၏ လက်ဝါးကို လှန်လိုက်သည်။ အဖြူရောင် အလင်းတန်းများက သူ၏ ခန္ဓာကိုယ်အား ဖုံးလွှမ်းသွား၍ သူသည် လျှိုကြီးအား သူ့ဘေးသို့ ခေါ်လိုက်ရာ လျှိုကြီးက အားနည်းစွာဖြင့် ပြုံးလိုက်ပြီး အဖြူရောင် အလင်းတန်းများ အောက်တွင် သူ၏ ဒဏ်ရာများက သက်သာလာခဲ့သည်။

လျှိုကြီးသည် အားနည်းသကဲ့သို့ ခံစားခဲ့ရပြီး နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

"သူ့ကို ကောင်းကောင်း ဂရုစိုက်လိုက်ပါ" ဝမ်လင်းသည် လျှိုကြီးအား သူ့အနောက်သို့ ပို့လိုက်ရာ သူသည် ကျူးအာ မြင့်မြတ်သော

ချပ်ဝတ်တန်ဆာ၏ မူလ စိတ်ဝိညာဉ် ဖြစ်သူ
မိချောင်း နတ်ဘုရား အပေါ်သို့
ကျရောက်သွားသည်။

မိချောင်း နတ်ဘုရားသည် လျှို့ကြီးအား ငြိမ်သက်စွာ
ယူဆောင်သွား၍ အနောက်သို့ ဆုတ်သွားခဲ့သည်။

အခြေအနေကို ကြည့်လိုက်ပြီး ယွင်ချန်းနှင့်
နင်းဖန်တို့၏ ခန္ဓာကိုယ်များသည် အနည်းငယ်
တုန်ခါသွားကြသည်။ ပြီးတာနှင့် သူတို့သည်
ဝမ်လင်းက သူတို့အား စိုက်ကြည့်နေသည်ကို
တွေ့လိုက်ရသည်။

သူ၏ မျက်လုံးများ အတွင်းမှ နွေးထွေးမှုသည် လုံးဝ ပျောက်ကွယ်သွားခဲ့ကာ ကျန်နေခဲ့သည်မှာ သူတို့၏ နှလုံးသား အတွင်း၌ ကြောက်ရွံ့ တုန်လှုပ်စေခဲ့သော ရေခဲတမျှ အေးစက်နေသည့် သတ်ဖြတ်လိုစိတ်ပင် ဖြစ်သည်။

ဝမ်လင်းသည် ယွင်ချန်းနှင့် နင်းဖန်တို့အား အေးစက်စွာဖြင့် စိုက်ကြည့်နေခဲ့ပြီး စကားတစ်လုံးမှ မပြောခဲ့ပဲ မှော်စွမ်းအင် တံဆိပ်တစ်ခုသည် သူ၏ ရင်ဘတ်အရှေ့မှ လက်ဝါးများ အပေါ်တွင် ပေါ်လာခဲ့သည်။ ထူးခြားစွာဖြင့်ပင် သူသည် လှုပ်ရှားနေသည်ဟု ထင်နေရသလို တစ်ခါတစ်ရံတွင် ငြိမ်သက်နေသည်ဟု ထင်နေရ၏။

သူ၏ စင်စစ် ဖြစ်တည်မှုသည် တုန်ခါသွားကာ
ချက်ချင်းပင် အလင်းတန်း ပုံရိပ် အမျိုးမျိုးတို့သည်
ဟင်းလင်းပြင် အတွင်းတွင် စတင် ပေါ်လာခဲ့သည်။

အနက်ရောင် ခတ်ငွေ့နှင့် ရွှေရောင်
ခတ်ငွေ့တန်းများသည် စတင်၍ ပေါ်လာကာ
အတူတကွပင် သူတို့သည် ဆန့်ကျင်ဘက်
ဖြစ်နေသလို ဆက်သွယ်နေကြသော ကမ္ဘာများ
အဖြစ်သို့ ပြောင်းသွားကြသည်။

တစ်ဘက်တွင် မင်ကဲ့သို့ မည်းနက်နေ၍
ဆိုးရွားလှသော မိစ္ဆာများသည် တွန့်လိမ်
ဟိန်းဟောက်နေကြသည်။ သူတို့၏
ဟိန်းဟောက်သံများသည် လူတစ်ယောက်အား
ရူးသွပ်စေရန် လုံလောက်ပေသည်။

အခြားတစ်ဘက်တွင် ကြည်လင်တောက်ပသော အလင်းတန်းများဖြင့် လင်းလက်နေသည်။ ကရုဏာ အပြည့်နှင့် ဗုဒ္ဓများသည် တရားထိုင်နေကြ၍ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်များကို ရွတ်ဖတ်နေကြသည်။

ဤကမ္ဘာ အတွင်း၌ မိစ္ဆာနှင့် သူတော်စင်များသည် ဟင်းလင်းပြင် အတွင်း၌ အတူတကွ ပေါ်လာကြ၍ ဖြည်းညင်းစွာ လည်ပတ်နေသော ရောမ ထိုက်ကျိရုပ်ပုံအား ဖန်ဆင်းလိုက်ကြသည်။ သူတို့သည် တစ်ခုနှင့် တစ်ခု မျက်နှာချင်းဆိုင် နေသကဲ့သို့ ဖြစ်နေသလို တစ်ခုတည်း ဖြစ်နေသည့်ပုံလည်း ပေါက်နေကြသည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှု၏ နှလုံးသား
အတွင်းတွင် ယမမင်း တော်ဝင်စံအိမ်ထံသို့
သွားသော တံခါးသည် ပွင့်လာ၍ အဖြူနှင့်
အနက်ရောင် အလင်းတန်း ဘီးနှစ်ဘီးတို့သည်
စတင် လည်ပတ်လာကြသည်။ ပြီးတာနှင့်
သူတို့ထံမှ အလင်းတန်း နှစ်တန်း ထွက်လာပြီး
ထိုကမ္ဘာ နှစ်ခုအတွင်းသို့ ဝင်သွားကြသည်။

ခဏအကြာတွင် အရပ်ရှည်ရှည်နှင့် လွတ်လပ်သော
အရိပ်တစ်ခုသည် ထိုကမ္ဘာနှစ်ခု အတွင်းမှ
ထွက်လာခဲ့သည်။

သူ၏ ခန္ဓာကိုယ်သည် နှစ်ပိုင်းပိုင်းသွားကာ
တစ်ပိုင်းသည် မည်းနက်နေ၍ ကျန်တစ်ပိုင်းမှာ

စကျောင်ကျောက်ကဲ့သို့ ကြည်လင်နေသည်။ သူ့တွင် ခေါင်းနှစ်လုံးနှင့် လက်တစ်ထောင်တို့ ရှိနေသည်။

ထိုဘီလူးကြီး၏ ခေါင်းနှစ်လုံး အပေါ်တွင် လေးနက်၍ ဉာဏ်ပညာရှိသော အရှိန်အဝါနှင့် ရေခဲတမျှ အေးစက်သော သတ်ဖြတ်လိုစိတ် အရှိန်အဝါတို့ ရှိနေသည်။ သတ်ဖြတ်လိုစိတ်သည် အနီရောင် အလင်းတန်းဖြင့် လင်းလက်လာ၍ မမှန်းဆနိုင်အောင် ခက်ထန်လှပေသည်။

ကြည်လင် အေးချမ်းနေသော ခေါင်းအနားမှ လက်များ တစ်ဘက်စီတိုင်း၏ လက်ဖဝါး အလယ်တွင် မျက်လုံးတစ်လုံး ရှိနေသည်။ ထိုမျက်လုံးသည် ကရုဏာပြည့်ဝ၍ အေးချမ်းနေကာ

အရာအားလုံးတို့၏ ကမ္ဘာဆက်သွယ်မှုများကို မြင်နိုင်စွမ်း ရှိသည်နှင့် တူနေသည်။

မိစ္ဆာခေါင်း အနားမှ လက်များတွင်လည်း မျက်လုံး တစ်လုံးစီ ရှိနေသည်။ သို့သော်လည်း ထိုမျက်လုံးများသည် ကြောက်မက်ဖွယ်ရာ ခက်ထန်ကြမ်းတမ်း၍ အလွန်အမင်း ရက်စက်လှပေသည်။

ဤဘီလူးသည် ပုံရိပ်တစ်ခုသာ ဖြစ်သော်လည်း သူမှနေ၍ မယုံနိုင်အောင် အားကောင်းသော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေ၍ ယွင်ချန်းနှင့် နင်းဖန်တို့၏ ရင်အတွင်း၌ ကြောက်ရွံ့ တုန်လှုပ်စေခဲ့သည်။ မျက်လုံးပေါင်း တစ်ထောင်၏

အကြည့်အောက်တွင် သူတို့၏ နှလုံးသားများသည် အကြီးအကျယ် ပဋိပက္ခ ဖြစ်နေကြသည်။

သူတို့သည် အရာအားလုံးကို စွန့်လွှတ်၍ ဘာမှမသိပဲ စဥ်းစားစရာ မလိုသော သက်သာမှု အတွင်းသို့ နစ်မြှုပ်သွားကြသော်လည်း သူတို့၏ စိတ်အတွင်းတွင် မရေမတွက်နိုင်သော ကျပန်းအတွေးများ ပေါ်လာကြသည်။ သူတို့အနေဖြင့် ယခင်က ဖြစ်ပေါ်ခဲ့ဖူးသော်လည်း ယခုအချိန်တွင် မေ့ပျောက်သွားပြီ ဖြစ်သော စိတ်ကူးစိတ်သန်း အသေးစားများသည် သူတို့၏ စိတ်အတွင်း၌ ထပ်ဖန်တစ်ခါ ပေါ်လာကြပြန်သည်။

အကယ်၍ တစ်မျိုးတည်းသာ ဖြစ်ပါက သူ့အား ကိုင်တွယ်ရန် လွယ်ကူမည် ဖြစ်သော်လည်း ပဋိပက္ခ

ဖြစ်နေသော အတွေးများသည် တစ်ခုနှင့် တစ်ခု လုံးဝကွဲပြားသော ခံစားချက်များ ဖြစ်နေကြသဖြင့် ယွင်ချန်း အနေဖြင့်ပင် သူ၏ မိစ္ဆာဝိညာဉ်သည် ကွဲကြေလုမတတ် ခံစားနေရသည်။

နင်းဖန်သည် နာကျင်စွာဖြင့် ညည်းညူနေကာ သူ၏ အမူအရာများသည် အကြီးအကျယ် ပြောင်းလဲနေခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် အဆက်မပြတ် တုန်ခါနေသော်လည်း သူ၏ အကြည့်သည် မလှုပ်မရှား ငြိမ်သက်နေခဲ့သည်။

ယွင်ချန်းသည် သူ၏ခေါင်းကို မော့၍ ဝမ်လင်းအား စိုက်ကြည့်လိုက်ရာ ဝမ်လင်းကလည်း အေးစက်စွာ ပြန်လည် စိုက်ကြည့်ခဲ့သည်။ သူသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ယခုမှသာ

ရောက်ရှိခဲ့သော်လည်း သူ၏ ဗောဓိနှင့် မိစ္ဆာ
နှလုံးသား တံဆိပ် တိုက်ခိုက်မှုသည်
သူတီထွင်ထားသော အရာတစ်ခု ဖြစ်၍ သူ၏
မှော်စွမ်းအင်များဖြင့် မိစ္ဆာနှစ်ကောင် စလုံးအား
ဖိနှိပ်ထားနိုင်ခဲ့သည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှု၏ မျက်လုံးများသည်
အဖြူနှင့် အနက် အလင်းတန်း နှစ်တန်းတို့ဖြင့်
ထပ်ဖန်တစ်ခါ လင်းလက်လာကြသည်။ သူတို့သည်
ကြက်ခြေခတ် ပုံစံအဖြစ်သို့ ပြောင်းသွားကာ
ဟေးဒီးစ်နှစ်ကောင် အပေါ်သို့
ကျဆင်းသွားကြလေသည်။

စာစဉ် ၆၉ : အပိုင်း ၄

# အပိုင်း ၁၃၃၄ : ကံကြမ္မာကို ဆန့်ကျင်ခြင်း

အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်ကို မြင်လိုက်ရသော အခါ ယွင်ချန်း၏ မျက်နှာသည် မည်းမှောင်သွား၍ သူ၏အကြည့်သည် ပို၍ လေးနက်လာခဲ့သည်။

သူသည် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်ရာ သူ၏ ဦးချို သုံးခုထိပ်ဖျားမှ အဖြူရောင် အလင်းတန်း ဘောလုံးတစ်ခု ပေါ်လာသည်။ ပြီးတာနှင့် ထိုအဖြူရောင် အလင်းတန်း ဘောလုံး သုံးလုံးတို့သည် သူ၏ ဦးချိုများထံမှ ထွက်ခွာသွားကာ ဖြူဖွေးသော အလင်းတန်း သုံးတန်းအဖြစ်သို့ ပြောင်းသွားကြသည်။

သူတို့သည် ဟင်းလင်းပြင် အတွင်းတွင် ယှက်သန်းသွားကြ၍ ပေါက်ကွဲသွားကြကာ မီးခိုးဖြူရောင် အလင်းတန်း မြူခိုးငွေ့များ အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုအလင်းတန်း မြူခိုးငွေ့၏ ဖုံးလွှမ်းမှုအောက်တွင် ဟင်းလင်းပြင် အတွင်းမှ လေဟာနယ်သည် နှစ်ပိုင်းပိုင်းသွားခဲ့ကာ ဝမ်လင်း၏ ဗောဓိနှင့် မိစ္ဆာနှလုံးသား တံဆိပ်သည် အရာအားလုံးနှင့် ကွဲပြားသွား၏။

မီးခိုးဖြူရောင် အလင်းတန်း မြူခိုးငွေ့သည် အလင်းတန်းများဖြင့် လင်းလက်လာ၍ လေထုအလယ်တွင် လည်ပတ်နေသည်။ နတ်ဘုရား ပုံစံများသည် လေထုအလယ်တွင် ပျံသန်းနေကာ

အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်အား ရင်ဆိုင်ခဲ့ကြလေသည်။

ယွင်ချန်းသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ မိစ္ဆာတစ်ကောင် ဖြစ်၍ သူသည် ကျားဖြူ မဟာပဏ္ဍိတနှင့် ရင်ဆိုင်ခဲ့သော ဟေးဒီးစ်ကျန်းမင်ထက် ပို၍ အားနည်းသော်လည်း သူ၏ စွမ်းအားများသည် အတော်ပင် အထင်ကြီးဖွယ်ရာ ကောင်းလှသည်။

သူသည် ယခုအချိန်၌ ဝမ်လင်းနှင့် တိုက်ခိုက်ခဲ့ရာတွင် များစွာပို၍ ဂရုစိုက်နေခဲ့သည်။ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းနေ၍ ဆုံးဖြတ်ချက် ပြတ်သားစွာ ချထားခဲ့သည်။ သူ၏ နှလုံးသားကို ငြိမ်းချမ်းအောင် ထားထားကာ သူ၏

စိတ်ကို အခြားအတွေးများ မဝင်လာစေရန် ဖယ်ရှားထားသည်။

သူ၏ နှလုံးသားသည် တုံ့ပြန်နိုင်စွမ်း များစွာ တိုးတက်လာကာ သူ၏ မိစ္ဆာစွမ်းအားများကို ခံစစ်ပုံစံ ပြောင်းထားခဲ့သည်။ ဤနည်းလမ်းဖြင့် ယွင်ချန်းသည် ဝမ်လင်းအား သူ၏ ခံစစ်များကို မထိုးဖောက်နိုင်ရန် ကာကွယ်ထားနိုင်ခဲ့သည်။

သူ၏ မိစ္ဆာစွမ်းအား အချို့သည် ဝမ်လင်း၏ ထိန်းချုပ်မှုအောက်သို့ ရောက်သွားခဲ့သော်လည်း လက်ကျန် စွမ်းအားများဖြင့် ဝမ်လင်းအား ခုခံနိုင်ခဲ့သည်။

သို့သော်လည်း သူ၏ နှလုံးသားသည်
တုန်ခါနေဆဲဖြစ်ကာ ယခုအချိန်တွင် မိချောင်း
နတ်ဘုရား၏ ကာကွယ်မှုအောက်တွင်
ရောက်နေသော လျှိုကြီးအား ဖမ်းဆီး၍ အစိတ်စိတ်
အပိုင်းပိုင်း ခုတ်ထစ်လိုနေခဲ့သည်။

ထိုကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် သူသည် ခုန်းယွမ်၏
အသွေးအသားများဖြင့် ပြုလုပ်ထားသော
ခန္ဓာကိုယ်အား ရရှိမည်ဖြစ်သလို
ဟောဒီးစ်ကေရာဇ်၏ အရိုးကိုလည်း ရရှိမည်
ဖြစ်သည်။

မဟုတ်လျှင်လည်း သူသည် လင်းဖုန်း၏
လက်ရင်းတပည့် တစ်ယောက်ဖြစ်သော ဝမ်လင်းနှင့်

တိုက်ခိုက်ရာတွင် မည်သည့် တန်ဖိုးပင် ပေးရပေးရ သူ့အား နာကျင်စေရန် ပြုလုပ်မည် ဖြစ်သည်။

သို့သော်လည်း ယွင်ချန်းသည် ဤခံစားချက်များကို အားသုံး၍ ဖိနှိပ်ထားနိုင်ခဲ့သည်။ လက်ခံရန် ခက်ခဲနေခဲ့သော်လည်း ယွင်ချန်းအနေဖြင့် ဝမ်လင်းသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်တွင်သာ ရှိနေသေးသော်လည်း သူသည် အယ်လ်ဖာ ကြမ္မာပန်းတိုင် ကပ်ဘေးများကို မရင်ဆိုင်ရသေးသည့် အစွမ်းအထက်ဆုံး လူသားကျင့်ကြံသူများ အနက်မှ တစ်ယောက်ဟူ၍ ဝန်ခံရပေမည်။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင် သူသည် ဝမ်လင်းနှင့် သူသေကိုယ်သေ တိုက်ခိုက်ပါက သူ၏

အစစ်အမှန် ပုံစံကို ဖော်ပြခဲ့လျှင်ပင်
အနိုင်ယူနိုင်ချင်မှ ယူနိုင်ပေမည်။ ဘေးတွင်
ရှိနေသော လျှိုကြီးကလည်း ဝမ်လင်း၏
အခြေအနေ ပြောင်းလဲသွားပါက ခန့်မှန်း၍
မရနိုင်သော တုံ့ပြန်မှုများကို လုပ်ဆောင်နိုင်ကိန်း
ရှိသည်။

သူသည် ဝမ်လင်းအား အနိုင်ရနိုင်လျှင်ပင်
ပွတ်ကာသီကာ အနိုင်ရခြင်း ဖြစ်ပေလိမ့်မည်။
အကယ်၍ လျှိုကြီးသည် အရိုး၏ စွမ်းအားများကို
အသက်သွင်းလိုက်ပါက သူ့အနေဖြင့်
တန်ပြန်နိုင်တော့မည် မဟုတ်ပဲ
သူ့လက်အောက်တွင် ကြွေလွင့်နိုင်ကိန်း
ရှိနေသေးသည်။

ဤတိုက်ပွဲ၏ အကောင်းဆုံး ရလဒ်မှာ ပွတ်ကာသီကာ နိုင်ခြင်းဖြစ်ကာ သူ့အနေဖြင့် နိုင်ခဲ့လျှင်ပင် ဘာမှ အကျိုးအမြတ် ရနိုင်မည် မဟုတ်ချေ။ ယွင်ချန်းသည် ထိုအကြောင်းကို တွေးမိသောအခါ နောက်ပြန်ဆုတ်ရန် ဆန္ဒများ ပေါ်လာပေသည်။

သူ့အနေဖြင့် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် အတွင်းမှ ထူးခြားသော စွမ်းအားများနှင့် သိမ်မွေ့နက်နဲကာ ခန့်မှန်းရန် ခက်ခဲသည့် သဘာဝများကို ရေးရေးလေး အာရုံခံနိုင်ခဲ့သည်။ သူသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်၍ နင်းဖန်အား သူ၏ မိစ္ဆာစွမ်းအားများဖြင့် လွှမ်းခြုံကာ သူနှင့်အတူ လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့သည်။

မီးခိုးဖြူရောင် အလင်းတန်း မြူခိုးငွေ့များ နောက်ဆုတ်သွားသည်နှင့် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်က အရှေ့သို့ တက်လာခဲ့သည်။

ဝမ်လင်းသည် ဟေးဒီးစ်နှစ်ကောင်တို့အား အေးစက်စွာဖြင့် စိုက်ကြည့်နေရင်း သူ၏ အခြားမျက်လုံးမှ နောက်ထပ် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် တစ်ခုက ထပ်မံ ပေါ်လာခဲ့သည်။

သူ၏ရှေ့မှ အခြေအနေကို ကြည့်လိုက်သော အခါ ယွင်ချန်းက မျက်မှောင်ကြုတ်လိုက်သည်။ သူ၏ မျက်လုံးများ အနားတွင် အဖြူရောင် အလင်းတန်း ရောင်ခြည်တော် စက်ဝန်းနှစ်ခု ရှိနေခဲ့သော်လည်း အစောပိုင်းတွင် သူက တစ်ခေါက် အသုံးပြုလိုက်ပြီး

ဖြစ်၍ ယခုအချိန်တွင် တစ်ခေါက်သာ
အသုံးပြုနိုင်တော့မည် ဖြစ်သည်။

ဖြည်းဖြည်းချင်းနှင့် ထိုအဖြူရောင် အလင်းတန်း
ရောင်ခြည်တော် စက်ဝန်းသည် အနက်ရောင်သို့
ပြောင်းသွားခဲ့ကာ ထူးခြားဆန်းကြယ်၍ ကြီးစိုး
လွှမ်းမိုးနိုင်သော စွမ်းအားတစ်ခုက
ထွက်လာခဲ့သည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှုသည် ဟင်းလင်းပြင်
အတွင်းတွင် ရပ်နေကာ သူ၏ မျက်လုံးများသည်
ကြေးမုံ တစ်ခုကဲ့သို့ ယွင်ချန်းနှင့် နင်းဖန်တို့၏
ပုံရိပ်များကို ရောင်ပြန် ဟပ်နေခဲ့သည်။

သူသည် ပေးဒီးစ်နှစ်ကောင်တို့အား တည်ငြိမ်စွာဖြင့် ကြည့်နေခဲ့ကာ ဘာမှ မပြောခဲ့ပဲ သူ၏ အကြည့်သည် ချောက်ကမ်းပါးကဲ့သို့ နက်ရှိုင်းနေသည်။

ယွင်ချန်းသည် နောက်သို့ဆုတ်နေရင်း နင်းဖန်၏ စကားများကို ကြားခဲ့ရသည်။ "သူ့ကို ဖိနှိပ်ထားလိုက်... ငါက လျှိုကြီးကို တာဝန်ယူလိုက်မယ်... ငါတို့က အရှင်မင်းမြတ်ရဲ့ အရိုးကို ပြန်ယူမှရမယ်"

သူသည် ခေတ္တမျှ ရပ်နားလိုက်ကာ ဆက်ပြောလိုက်သည်။ "တကယ်လို့ အရိုးက ငါတို့လက်အတွင်းကို ရောက်လာခဲ့ရင် ငါတို့က ဒီလူကို ရင်ဆိုင်ဖို့ လွယ်ကူသွားပြီ"

စကားပြောနေရင်း နင်းဖန်၏ ခန္ဓာကိုယ်သည် အစိမ်းရောင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကာ လေရူးတစ်သုတ်ကဲ့သို့ လေထုအတွင်းသို့ ပျံသန်းသွားကာ လျှိုကြီးထံသို့ ခုန်အုပ်လိုက်လေသည်။

ဤမြင်ကွင်းသည် ယွင်ချန်းအား အံ့သြ တုန်လှုပ်သွားစေသည်။ "နင်းဖန်... မင်း..."

ဝမ်လင်း၏ ယခင်က အသူရာချောက်၏ ကြမ်းပြင်ကဲ့သို့ မည်းနက်နေသော မျက်လုံးများသည် ရုတ်တရက်ပင် မျက်စိ ကျိန်းလုမတတ် တောက်ပသော အလင်းတန်းများဖြင့် လင်းလက်လာသည်။

ယွင်ချန်းသည် နင်းဖန်အား တားဆီးရန်
ကြိုးစားခဲ့သည်ကို တွေ့ခဲ့ရသော အခါ
ဝမ်လင်းသည် သူ၏ စွမ်းအားများဖြင့် သူ့အား
တိုက်ခိုက်လိုက်သည်။ ကူရာမဲ့နေသော
ယွင်ချန်းအနေဖြင့် နင်းဖန်သည် လျှိုကြီးထံသို့
ခုန်အုပ်ခဲ့သည်ကို ကြည့်ရုံသာ ကြည့်နေခဲ့သည်။

"သေစမ်း" ဝမ်လင်း၏ အကြည့်သည်
ယခုအချိန်တွင် နင်းဖန်အပေါ်သို့ အေးစက်စွာ
ကျရောက်သွားသည်။ သူ၏ ပြိုင်ဘက်ကို
ညွှန်ပြလိုက်ရာ အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ်သည် နင်းဖန်အပေါ်သို့
ကျရောက်သွားခဲ့သည်။

ထိုအဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည်
အလေးချိန်နှင့် ဦးတည်ချက် ကင်းမဲ့နေသကဲ့သို့
ထင်နေရသော်လည်း နင်းဖန်အနေဖြင့်
ရှောင်တိမ်းရန် မဖြစ်နိုင်ခဲ့ချေ။ ကြည်လင်သော
အလင်းတန်း နှစ်တန်းကို မြင်တွေ့နိုင်၍
အခြားကမ္ဘာမှ လာခဲ့သလို ထင်နေရသည်။

သူသည် မြန်ဆန်ခြင်း မရှိသော်လည်း
သူတို့အကြားတွင် တည်ရှိနေသော
လေဟာနယ်အား လျစ်လျူရှုထားသည်ဟု
ထင်နေရပြီး သူ၏ အမြန်နှုန်းအား ဖော်ပြ၍
မရနိုင်ချေ။

နင်းဖန်သည် အဖြူရောင် အလင်းတန်း၏
အလယ်သို့ ကျရောက်သွားသော အချိန်တွင် သူ၏

ရင်အတွင်းမှ လှုပ်ရှားသွားသည်။ "ငါက ဘာဖြစ်လို့ လျှိုကြီးကို သတ်ချင်နေခဲ့ရတာလဲ... ငါက ယွင်ချန်းရဲ့ ကာကွယ်မှုအောက်မှာ ရှိနေတာ မဟုတ်လား... တကယ်လို့ သူကငါ့ကို သတ်ချင်ရန် ယွင်ချန်းရဲ့ ခံစစ်တွေကို အရင် ချိုးဖောက်ရမယ်"

"ဒီအချိန်မှာ ငါက ယွင်ချန်းနဲ့ အတူ ထွက်ခွာသွားသင့်တယ်... လျှိုကြီးကို တိုက်ခိုက်တာက ကိုယ့်ကိုယ်ကိုယ် သတ်သေတာနဲ့ အတူတူပဲ"

ဤအတွေးသည် သူ၏ စိတ်အတွင်း၌ ပေါ်လာသော အခါ နင်းဖန်သည် ထိတ်လန့် ကြောက်ရွံ့သွားခဲ့သည်။ သူသည် ဝမ်လင်းအား ကြည့်လိုက်ရာ ဝမ်လင်း၏ မျက်လုံးများ

အတွင်းတွင် ကွဲပြားထူးခြားသော အလင်းတန်းများစွာတို့ အဆက်မပြတ် လည်ပတ်နေသည်ကို တွေ့လိုက်ရသည်။ သူတို့၏ ရည်ရွယ်ချက်များမှာ ဘာဆိုသည်ကို တစ်ယောက်မှ မပြောနိုင်ပေ။

သို့သော်လည်း ထိုမျက်လုံးအစုံကို ကြည့်လိုက်ရသော အခါ နင်းဖန်သည် သူ၏ စိတ်အတွင်း၌ ကျပန်းအတွေးများ ပေါ်လာသည်ဟု ခံစားခဲ့ရသည်။ သူသည် ဤအတွေး အချို့ကို အားသုံး၍ ဖိနှိပ်ထားနိုင်ခဲ့ကာ အချို့ကို မေ့ပျောက်ရန် စွမ်းဆောင်နိုင်ခဲ့သော်လည်း ကျန်သော အတွေးများမှာ ပို၍ပို၍ ကြီးမားလာခဲ့သည်။

သူတို့တွင် သူတို့၏ ကိုယ်ပိုင် အသိစိတ်များ ရှိနေသကဲ့သို့ သူ့အနေဖြင့် ထိုအတွေးများ ရှိနေခြင်းသည် သဘာဝအတိုင်း ဖြစ်သည်ဟု ထင်နေခဲ့သည်။

"ဒီခံစားချက်... မဟုတ်မှလွဲရော... ဒါက ဒဏ္ဍာရီလာ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာလား" နင်းဖန်၏ စိတ်အတွင်းတွင် အတွေးများစွာ ပေါ်လာခဲ့သည်။ "မဟုတ်နိုင်ဘူး... ဒါက ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာ မဟုတ်နိုင်ဘူး... ဒီအတွင်းမှာ ဘဝသုံးမျိုး ကမ္ဘာကျိန်စာကလည်း ပါနေတဲ့ အပြင် အခြား တစ်စုံတစ်ရာလည်း ပါနေတယ်... သူ့တို့ဂိုဏ်းက နည်းစနစ်တွေများလား"

"ဒါကို ကွဲပြားခြားနားတဲ့ မှော်ကျိန်စာများစွာတို့နဲ့ ပေါင်းစည်းထားတာ..."

သတိပြန်ဝင်လာခဲ့သော နင်းဖန်သည် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်ထံမှ ချိုးဖောက်နိုင်ရန် ကြိုးစားခဲ့သော်လည်း ဘာမှ အသုံးမဝင်ခဲ့ပေ။ သူ၏ ခန္ဓာကိုယ်သည် ကြက်ခြေခတ်၏ အဖြူရောင် အလင်းတန်းတလျှောက် စီးဆင်းသွား၍ မကြာမီပင် အဖြူနှင့် အနက်တို့၏ ဆုံမှတ်နေရာသို့ ရောက်သွား၏။

ထိုနေရာတွင် သူ၏ ခန္ဓာကိုယ်သည် ဦးတည်ချက် ပြောင်းသွားကာ အနက်ရောင် အလင်းတန်း တလျှောက် ပါသွားပြန်သည်။ အနက်ရောင် အလင်းတန်း အတွင်းတွင် နင်းဖန်သည် သူ၏

အသွေးအသားများက ပြိုကွဲလာသည်ကို တွေ့ခဲ့ရ၍ သူ၏ မိစ္ဆာစွမ်းအားများ အားလုံးတို့သည် လွင့်ပြယ်သွားကြကာ သူ၏ မိစ္ဆာဝိညာဉ်ကလည်း ပျက်စီးလုနီးပါး ဖြစ်သွားခဲ့သည်။

သူ၏ အသက်သည် ပျက်စီးခြင်း အဆုံးသတ်ထံသို့ ကျဆင်းသွားလေသည်။

"သေစမ်း"

ဝမ်လင်းက အေးစက်သော အသံဖြင့် ပြောလိုက်သည်။ ဤအချိန်၌ နင်းဖန်၏ စိတ်အတွင်းတွင် ပေါ်လာသည်မှာ ထိုစကားသာ ဖြစ်သည်။ ထိုစကားသည် သူ၏ ကံကြမ္မာကို

သတ်မှတ်ထားသည့်ပုံ ပေါက်နေ၍ သူ့အနေဖြင့်
ပြောင်းလဲ၍ မရသလို တိုက်လည်း
မတိုက်ခိုက်နိုင်ခဲ့ပေ။

ဤအရာသည် သူ့ဘဝ၏ သဘာဝ
ရလဒ်ဖြစ်နေသကဲ့သို့ ဖြစ်နေသည်။

သူသည် တစ်စုံတစ်ခုကို လုပ်ခဲ့လျှင်ပင်
ပင်လယ်အတွင်းမှ လှိုင်းလုံးများပမာသာ
ဖြစ်နေလိမ့်မည်။ သူသည် ဤလမ်းကြောင်း
အပေါ်၌သာ ရှိနေပြီး သေးငယ်သော
ဤပြောင်းလဲမှုများသည် သူ့ဘဝ၏ ရှုခင်းများသာ
ဖြစ်နေလိမ့်မည်။

ဝမ်လင်းသည် ခါတ်နှစ်ပါး မူလပြန်လာခြင်း ကျမ်းစာကို လေ့လာအပြီးတွင် သူ၏ ကောင်းကင်နှင့် မြေကြီးအပေါ်မှ နားလည်မှုများနှင့် ပေါင်းစည်းခဲ့ကာ သူ့ကိုယ်သူ တီထွင်ခဲ့သော ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာ ဖြစ်သည်။

စကားတစ်လုံးနှင့်ပင် ဤမှော်ကျိန်စာသည် ကောင်းကင်၏ ဆန္ဒကို ပြန်လည် ရေးသားနိုင်သည်။

ဝမ်လင်းသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်ရှိခဲ့၍ စင်စစ် ဖြစ်တည်မှုကို ဖန်ဆင်းနိုင်ခဲ့သော အခါ အစွမ်းထက်၍ လျှို့ဝှက်ဆန်းကြယ်သော ဤမှော်ကျိန်စာအား

ထပ်မံ သန့်စင်နိုင်၍ သူ၏ စွမ်းအားများသည် ပို၍ ခန့်မှန်းရ ခက်လာခဲ့သည်။

တစ်ယောက်သည် သူ့အား မခုခံနိုင်သလို ချိုးဖျက်ရန်လည်း မတတ်နိုင်ပေ။ နင်းဖန် အနေဖြင့် ဤကဲ့သို့ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

ထို့ကြောင့် သူ၏ ကံကြမ္မာသည် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်၏ ဆုံးဖြတ်ခြင်းကို ခံခဲ့ရသည်။

သူ၏ ကံကြမ္မာသည် မည်သို့ပင် ဖြစ်စေကာမူ တစ်ယောက်ကမှ ဂရုမစိုက်တော့ပေ။ အဆုံးသတ် တစ်မျိုးသာ ရှိပေတော့သည်။

သေမင်း။

ယွင်ချန်းသည် ဝမ်လင်း၏ ကံကြမ္မာ ပြောင်းလဲခြင်းကို ခံခဲ့ရ၍ ချက်ချင်း အသက်ပျောက်သွားခဲ့သော နင်းဖန်ကို အံ့သြ တုန်လှုပ်စွာနှင့်သာ စိုက်ကြည့်နေနိုင်ခဲ့သည်။

ဤမြင်ကွင်းသည် လုံးဝ ယုံနိုင်ဖွယ်မကောင်းပဲ ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။ ယွင်ချန်းသည် သူ့အနေဖြင့် နင်းဖန်အား ဤကဲ့သို့ အလွယ်တကူ သတ်ဖြတ်နိုင်မည်လောဟု တွေးနေခဲ့သည်။ နင်းဖန်သည် ဒဏ်ရာရနေသဖြင့် သိပ်ခက်ခဲလှမည် မဟုတ်သော်လည်း ဤမျှအထိလည်း လွယ်ကူလိမ့်မည် မဟုတ်ချေ။

သူ၏ ရဲဘော်ရဲဘက်သည် အနက်ရောင် အလင်းတန်း အတွင်းတွင် အသတ်ခံခဲ့ရသည်ကို ကြည့်နေရင်း ယွင်ချန်းသည် သူ၏ မျက်လုံးအတွင်းမှ အနက်ရောင် အလင်းတန်းကို အသုံးပြု၍ နင်းဖန်အား ကူညီလိုသည့် စိတ်များ ပေါ်လာခဲ့သည်။ ဝမ်လင်းက သူ့အား သတ်ဖြတ်ခဲ့သည်ကို ဤအတိုင်းသာ လက်ပိုက်၍ ကြည့်မနေနိုင်ပေ။

အကယ်၍ ဝမ်လင်းတွင် သူ၏ခေါင်းအပေါ်တွင် အုပ်မိုးထားသည့် ဓားတစ်ချောင်းနှင့် တူနေသော ကံကြမ္မာကို ပြောင်းလဲနိုင်သည့် မှော်ကျိန်စာတစ်ခု ရှိနေလျှင်ပင် သူက ဂရုစိုက်နေမည် မဟုတ်ပေ။

နေဦး။

ယွင်ချန်းသည် နှလုံးခုန်တစ်ချက် မှားသွားခဲ့ပြီး အစောပိုင်းမှ နင်းဖန်၏ အလေ့ာတကြီး လုပ်ဆောင်ခဲ့ပုံကို ပြန်လည် တွေးတောခဲ့ကာ သူသည် ဝမ်လင်း၏ ထိန်းချုပ်မှုအောက်သို့ မသိမသာ ကျရောက်သွားသည်ကို သဘောပေါက်သွားခဲ့သည်။

သူသည် သူ၏စိတ်အတွင်းတွင် အတွေးများကို ကြိုးစား ပယ်ဖျက်နေခဲ့သော်လည်း ဝမ်လင်းသည် သူ့အား ထိန်းချုပ်နိုင်ခဲ့သေးသည်။

ဝမ်လင်း၏ လင်းလက် တောက်ပနေကာ ခံစားချက် ကင်းမဲ့နေသော မျက်လုံးများကို ကြည့်နေရင်း အရာအားလုံးသည် ယွင်ချန်းအတွက် ကြည်လင်လာခဲ့သည်။

ယခုအချိန်တွင် သူ၏ နောက်ဆုတ်လိုသော ဆန္ဒမှာလည်း ဝမ်လင်း၏ ထိန်းချုပ်မှုကြောင့် ဖြစ်သည်။

ဝမ်လင်း၏ လုပ်ဆောင်ချက်များသည် ဤတွင်သာ မရပ်ခဲ့ပေ။ ဝမ်လင်းသည် သူတို့နှစ်ယောက်စလုံး၏ စိတ်များကို ထိန်းချုပ်ခဲ့သော်လည်း သူ၏ ယွင်ချန်းနှင့် နင်းဖန်တို့အပေါ် အကျိုး သက်ရောက်မှုသည် ကွဲပြားခြားနားသည်။ တစ်ယောက်သည် လွတ်မြောက်လိုနေခဲ့ပြီး

ကျန်တစ်ယောက်က တိုက်ခိုက်လိုနေခဲ့ကာ
ရလဒ်များက သိသိသာသာ ကွဲပြားနေခဲ့သည်။

ယွင်ချန်း၏ ရင်အတွင်း၌ စိမ့်ကနဲ
ဖြစ်သွားစေခဲ့သည်မှာ ဝမ်လင်း၏
လွှမ်းမိုးမှုအောက်တွင် ပို၍ အစွမ်းထက်သော
ယွင်ချန်းသည် လွတ်မြောက်လိုနေခဲ့၍ ပို၍
အားနည်းသော နင်းဖန်သည် ဆက်လက်
တိုက်ခိုက်လိုနေခြင်း ဖြစ်သည်။ ဤကဲ့သို့သော
ယုတ္တိမရှိသည့် အရာသည် အမှန်တစ်ကယ်
ဖြစ်ပျက်ခဲ့ပြီး တစ်ယောက်အား အဆီအငေါ်
မတည့်ဟူ၍ ခံစားစေခဲ့သည်။

ရလဒ်မှာ ယွင်ချန်း၏ ကာကွယ်မှုအောက်တွင် လုံခြုံနေသည့် နင်းဖန်သည် ဝမ်လင်း၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရခြင်းပင် ဖြစ်သည်။

ယွင်ချန်းသည် ဝမ်လင်းအား စိုက်ကြည့်နေရင်း သူ၏ မျက်လုံး သူငယ်အိမ်များ ကျဉ်းမြောင်းသွားခဲ့သည်။ အနည်းငယ် သတိလွတ်သွားသည်နှင့် တိုက်ပွဲ၏ ရလဒ်မှာ ပြောင်းလဲသွား၍ အမှားတစ်ချက်သည် ပေးဆပ်မှု ကြီးမားပေသည်။

ထို့အပြင် တစ်ယောက်၏ ပြိုင်ဘက်သည် ဤအမှားကို မကျူးလွန်မီက ကြိုသိနေခဲ့သော အခါ အကျိုးသက်ရောက်မှုသည် ပို၍ ဆိုးရွားပေသည်။

နင်းဖန်အား လွှမ်းခြုံခဲ့သော အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည် အစကတည်းက မတည်ရှိနေသကဲ့သို့ သူနှင့်အတူ ဟင်းလင်းပြင် အတွင်းသို့ ပျောက်ကွယ်သွားခဲ့သည်။

ဝမ်လင်း၏ အကြည့်သည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားကာ ယွင်ချန်းအပေါ်သို့ ထပ်ဖန်တစ်ခါ ကျရောက်လာခဲ့ပြန်သည်။ သူ၏အကြည့်သည် သေပြီးသား အရာတစ်ခုကို ကြည့်နေခဲ့သကဲ့သို့ အေးစက်၍ ခံစားချက် ကင်းမဲ့နေခဲ့သည်။

## စာစဥ် ၆၉ : အပိုင်း ၅

## အပိုင်း ၁၃၃၅ : လွတ်မြောက်ရန် ခက်ခဲသည်

ဝမ်လင်းအား ကြည့်နေရင်း ယွင်ချန်း၏
နှလုံးသားက အေးစက်သွားသည်။

ယခုအချိန်တွင် သူကပို၍ အစွမ်းထက်သောသူ
ဖြစ်သော်လည်း သူ့ပြိုင်ဘက်၏ ပစ်မှတ်သည်
သူမဟုတ်ပဲ နင်းဖန်သာ ဖြစ်ခဲ့သည်။

မေးစရာပင် မလိုပဲ သူ့ရန်သူ၏ ရည်ရွယ်ချက်သည်
သူတို့ နှစ်ယောက်စလုံးကို ဤနေရာတွင်
ခေါ်ထားလိုနေခြင်း ဖြစ်သည်ကို သူသိလိုက်သည်။

ဤအရာသည် ဝမ်လင်းနှင့် ယွင်ချန်းတို့ တိုက်ခိုက်နေစဉ် နင်းဖန်က လွတ်မြောက်သွားမည်ကို တားဆီးခဲ့ခြင်း ဖြစ်သည်။

ဝမ်လင်းသည် ယခုကလေးတင် အမတန်မှ သန်မာသည့် မသေဝိညာဉ် တတိယ အဆင့်မှ ဟေးဒီးစ်တစ်ကောင်အား သတ်ဖြတ်ခဲ့သူနှင့် မတူနေပဲ ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့သည်။

ပြီးတာနှင့် သူသည် ယွင်ချန်းထံသို့ ရေခဲတမျှ အေးစက်နေသော အကြည့်ဖြင့် ကြည့်လိုက်သည်။

ဝမ်လင်းသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ပြီးသွားသော အခါ ရွှေရောင်ဗဟိုချက်နှင့်

အခြေတည်ဝိညာဉ် အဆင့်တွင် ရှိခဲ့စဉ်ကကဲ့သို့
အေးစက် ကြမ်းတမ်းခြင်း မရှိတော့ပေ။
သူ့အနေဖြင့် သာမန်လူသား တစ်ယောက်၏
အငွေ့အသက်များကို ပြန်လည် ရရှိခဲ့သော
တစ်စုံတစ်ယောက်နှင့် တူလာခဲ့သည်။

သူသည် သူ၏ မှော်ကျိန်စာများကို
အသုံးမပြုနေသော အချိန်တွင် သာမန်
လူတစ်ယောက်နှင့်သာ တူနေပြီး တိုက်ပွဲတွင်
အစွမ်းအထက်ဆုံး မှော်ကျိန်စာများကို
အသုံးပြုနေသည့် အချိန်တွင်ပင် ရက်စက်
ကြမ်းကြုတ်နေသည့်ပုံ ပေါက်မနေချေ။

ယနေ့တွင် ရှားပါးလှစွာဖြင့် သူ၏ အေးစက်
ကြမ်းကြုတ်သော အရှိန်အဝါသည်
ယခင်နေ့များကဲ့သို့ ဖြစ်လာခဲ့သည်။

ဤအရာသည် လျှိုကြီးကြောင့် ဖြစ်သည်။ သူနှင့်
နင်းဝမ်ကောတို့ တံခါးပိတ် ကျင့်ကြံနေသည့်
အချိန်တွင် လျှိုကြီး အနစ်နာခံခဲ့သော အရာများကို
ဝမ်လင်းအနေဖြင့် အဘယ်မှာ မသိပဲ ရှိနိုင်အံ့နည်း။

လျှိုကြီးသည် သူ၏ နောက်ခံနှင့် ပတ်သတ်၍
စိတ်ရှုပ်ထွေးနေခဲ့သည်။ ဝမ်လင်းကလည်း
ဤအကြောင်းကို သိနေပြီး လျှိုကြီးသည်
ဟေးဒီးစ်မျိုးနွယ်စုနှင့် တိုက်ခိုက်လိုခြင်း
မရှိနေသည်ကိုလည်း သိနေခဲ့သည်။

အစောပိုင်းတွင် နင်းဖန်သည် လျှိုကြီးကြောင့် ဒဏ်ရာရရှိခဲ့သည်။ ထိုတိုက်ပွဲသည် လျှိုကြီးအနေဖြင့် ရွေးချယ်မှု မရှိသဖြင့် တိုက်ခဲ့ရခြင်း ဖြစ်သည်။ အခြား ရှုထောင့်မှကြည့်၍ ပြောရလျှင် လျှိုကြီးသည် အဆုံးတိုင် တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ သူ့ကိုယ်သူ ထိန်းချုပ်မှု ကင်းလွတ်သွားအပြီးတွင် သူသည် ထိန်းသိမ်း၍ မရနိုင်သော အခြေအနေ တစ်ခုသို့ ကျရောက်သွားခဲ့သည်။

လျှိုကြီးသည် နင်းဖန်နှင့် ယွင်ချန်းတို့ နှစ်ယောက်စလုံးအား သတ်ဖြတ်လိုသော ရည်ရွယ်ချက် မရှိပေ။

သို့သော်လည်း ဝမ်လင်းအနေဖြင့် သူတို့သည် လျှိုကြီးအား ဤမျှအထိ ဒဏ်ရာရအောင် တိုက်ခိုက်ခဲ့သည့် အချက်ကို လျစ်လျူရှုထားနိုင်စွမ်း မရှိပေ။ သူတို့သည် မျိုးနွယ်စု တစ်ခုတည်းသာ ဖြစ်သော်လည်း ဝမ်လင်းသည် လျှိုကြီးဘက်မှ ရပ်တည်ပေးရပေမည်။

ဝမ်လင်းသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ တက်လှမ်းနိုင်ခြင်း မရှိခဲ့လျှင်ပင် ယွင်ချန်းအား ကြောက်ရွံ့နေမည် မဟုတ်ပေ။ သူသည် သူ့ပြိုင်ဘက်ထက် အားနည်းနေလျှင်ပင် နောက်ဆုတ်မည် မဟုတ်ပဲ သူ၏ တစ်ခုတည်းသော ရွေးချယ်မှုမှာ တိုက်ခိုက်ရန် ဖြစ်သည်။

ဝမ်လင်းသည် ယွင်ချန်းအား အေးစက်စွာ
စိုက်ကြည့်နေရင်း သူ့မျက်လုံးများ အတွင်းမှ
ထူးခြားသော အလင်းတန်း တစ်တန်း
လင်းလက်လာ၍ သူ၏ ကောင်းကင်ဆန့်ကျင်
ဘဝပြောင်းလဲ ကျိန်စာ၏ အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ်သည် ယွင်ချန်းအပေါ်သို့
ကျရောက်လာသည်။

သူသည် ဓားတစ်ချောင်းကဲ့သို့ ယွင်ချန်း၏
ခေါင်းအပေါ်တွင် ကျရောက်လာ၍ သူ၏
ဓားသွားသည် အေးစက်၍ အညှာအတာ
ကင်းမဲ့နေရာ ယွင်ချန်းအနေဖြင့် လျစ်လျူရှုထား၍
မရခဲ့ပေ။

ယွင်ချန်းသည် စိတ်အနှောင့်အယှက် ဖြစ်နေသည်။
ယခုလေးတင် ဝမ်လင်း၏ လွှမ်းမိုးမှုအောက်တွင်
သူ့အနေဖြင့် နင်းဖန်နှင့် ယှဉ်လျှင် လုံးဝ
ခြားနားသော နည်းလမ်းဖြင့် လှုပ်ရှားခဲ့သည်။

အကယ်၍ သူသည် နင်းဖန်နှင့်အတူ
တိုက်ခိုက်ခဲ့ပါက ဝမ်လင်းအနေဖြင့် နင်းဖန်အား
ဤမျှအထိ လွယ်ကူစွာ သတ်ဖြတ်နိုင်ခဲ့မည်
မဟုတ်ချေ။ နင်းဖန်သည် ဝမ်လင်း၏
လက်အတွင်းတွင် ကျဆုံးခဲ့ရလျှင်ပင်
ယွင်ချန်းအနေနှင့် ဝမ်လင်းအား တန်ဖိုးတစ်ခု
ပေးဆပ်စေခဲ့မည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် နင်းဖန်သည်
အချည်းနှီး အသက်ဆုံးရှုံးသွားခဲ့ခြင်း ဖြစ်သည်။

ယွင်ချန်းသည် အဘယ်မှာ အမျက်ဒေါသ မထွက်ပဲ နေနိုင်ပါအံ့နည်း။

သူ၏ စိတ်အတွင်းတွင် ထိုအတွေး ပေါ်လာသည်နှင့် တစ်ပြိုင်နက် ယွင်ချန်း၏ ရင်အတွင်းမှ စိမ့်ကနဲ ဖြစ်သွားခဲ့သည်။ သူသည် သူ့ကိုယ်သူ အားသုံး၍ တည်ငြိမ်အောင် ကြိုးစားခဲ့ပြီး မည်သည့်အတွေး ပေါ်လာသည် ဖြစ်စေ သူ့အား တည်ငြိမ်စွာနှင့် သုံးသပ်ရန် ကြိုးစားခဲ့သည်။

ပြီးတာနှင့် သူ့အနားသို့ ချဥ်းကပ်လာသော အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်အား စိုက်ကြည့်လိုက်သည်။ မီးခိုးရောင်နှင့် အဖြူရောင် အလင်းတန်းများသည် သူ၏ ခန္ဓာကိုယ်အား

အလင်းတန်း မြူခိုးငွေ့များအဖြစ် လွှမ်းခြုံထား၍
သူ့အား ကာကွယ်ထားကြလေသည်။

အစောပိုင်းက သူသည် နင်းဖန်နှင့် အတူရှိခဲ့စဉ်က
သူသည် နောက်ဆုတ်ရန် ကြိုးစားခဲ့သည်။
ထိုအရာသည် ဝမ်လင်း၏ လွှမ်းမိုးမှုကြောင့် ဖြစ်ဖြစ်
မဖြစ်ဖြစ် ယွင်ချန်းသည် အလွယ်တကူ
စိတ်ပြောင်းကာ သူ၏ အစောပိုင်းမှ
နည်းဗျူဟာအား ပြောင်းလဲလိမ့်မည် မဟုတ်ပေ။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင်
ဆုံးဖြတ်ချက် မပြတ်သားခြင်းသည် တစ်ယောက်၏
အခြေအနေ အမှန်က မည်သို့ပင် ဖြစ်စေ
အခြေအနေကို ပိုဆိုးစေမည် ဖြစ်သည်။

ယခုအချိန်တွင် သူတို့၏ တိုက်ခိုက်မှုနှင့် နင်းဖန်၏ သေဆုံးမှုထံမှ ယွင်ချန်းသည် သူက ဝမ်လင်း၏ ပြိုင်ဘက် မဟုတ်နိုင်ဟု ခန့်မှန်းနိုင်ခဲ့သည်။ သူ၏ အစောပိုင်းမှ ဝမ်လင်းအပေါ် သုံးသပ်ချက်သည် ဝမ်လင်း၏ ထူးခြားဆန်းကြယ်သော စွမ်းအားများ၏ လွှမ်းမိုးမှုကြောင့် မှားယွင်းခဲ့ကာ မောက်မာခဲ့မိသည်။

ယခုအချိန်တွင် ယွင်ချန်းအနေဖြင့် သူသေကိုယ်သေ တိုက်ပွဲတွင် သူသည် ဝမ်လင်းအား ကြီးကြီးမားမား ပေးဆပ်စေနိုင်မည် ဖြစ်သော်လည်း ပြင်ပမှ တစ်စုံတစ်ယောက်က ဝင်ပါခြင်း မရှိပါက နောက်ဆုံးတွင် သူကသာ ရှုံးနိမ့်သွားနိုင်မည်ဟု သေချာနေခဲ့သည်။

သို့မဟုတ် ဝမ်လင်းသည် သူ၏ လှည့်ကွက်ကို ပြောင်းလိုက်ပြီး ယွင်ချန်း၏ ကြောက်ရွံ့၍ မလုံမခြုံ ခံစားစေခဲ့ကာ သူ့ကိုယ်သူ ယုံကြည်မှု ဆုံးရှုံးစေရန် လုပ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

သို့သော်လည်း ယွင်ချန်းအနေဖြင့် ဤအချိန်တွင် အလွန်အမင်း တည်ငြိမ်နေခဲ့သည်။ သူသည် စိတ်ခံစားချက် မတည်မငြိမ် ဖြစ်ခဲ့၍ သူ၏ ပြိုင်ဘက်အား လျှော့တွက်ခြင်း သို့မဟုတ် ပိုတွက်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ယခုအချိန်တွင် အမှန်တရားကို ယုံကြည်စွာ တွက်ချက်နိုင်ခဲ့သည်။

သူ့အရှေ့တွင် ဝမ်လင်းသည် သူတို့နှစ်ယောက်စလုံးအား ကစားပြီး နင်းဖန်အား

အလွယ်တကူ သတ်ဖြတ်သွားနိုင်ခဲ့သည်။ ဤအရာသည် ယွင်ချန်းအား ဝမ်လင်းကို တိုက်ခိုက်နိုင်သည့် အခွင့်အရေးအား ဆုံးရှုံးစေခဲ့သည်။

ထိုအရာသည် သူ၏ မှော်ကျိန်စာ ကျွမ်းကျင်မှု သို့မဟုတ် သူ၏ နည်းဗျူဟာ စွမ်းအားများကြောင့် ဖြစ်စေ ဝမ်လင်းသည် သာမန်ပြိုင်ဘက် တစ်ယောက် မဟုတ်ပေ။ အခြားနေရာနှင့် အခြားအချိန်တွင် ယွင်ချန်းအနေနှင့် ဝမ်လင်း ပြုလုပ်ခဲ့သည့် အရာများကို ပြုလုပ်နိုင်စွမ်း မရှိပေ။

သို့ဖြစ်၍ ယွင်ချန်းသည် မူလ အကြံအစည်ဖြစ်သော လွတ်မြောက်ရန်သာ ကြိုးစားခဲ့သည်။

သူသည် ဝမ်လင်း၏ သတ်ဖြတ်လိုစိတ်ကို
ကောင်းကောင်း အာရုံခံနေနိုင်သည်။

ရန်သူက တစ်စုံတစ်ခုကို ပြုလုပ်လိုလေလေ
တစ်ယောက်သည် အလျှော့မပေးရလေလေပင်
ဖြစ်သည်။ အချိန်အများစုတွင် ဤအရာသည်
ရွှေရောင် သဘောတရား တစ်ခုပင် ဖြစ်သည်။

ယွင်ချန်းသည် တိုက်ပွဲ အတွေ့အကြုံ နုနယ်သော
သူတစ်ယောက် မဟုတ်ချေ။ ကမ္ဘာနှစ်ခု အကြားမှ
နောက်ဆုံးတိုက်ပွဲတွင် သူသည် မဟာလွင်တီးခေါင်
ကုန်းမြေအား ကြီးစိုးလွှမ်းမိုးနိုင်ခဲ့သည်။

ဤအချိန်တွင် သူသည် ထွက်ခွာရန်
ပြင်ဆင်နေခဲ့သော်လည်း အလောတကြီး
မဖြစ်နေပေ။ ဖရိုဖရဲနှင့် ဆုတ်ခွာခြင်း မဟုတ်ပဲ
စနစ်တကျ တွက်ချက်ပြီးမှ ဆုတ်ခွာခြင်း ဖြစ်သည်။
သူသည် ဝမ်လင်းက သူ့အနောက်သို့
လိုက်လာနိုင်သည့် လမ်းကြောင်းအားလုံးကို
ပိတ်ဆို့ခဲ့မည် ဖြစ်သည်။

တစ်ချိန်တည်းတွင် သူသည်
လမ်းကြောင်းတစ်လျှောက်တွင်
ထောင်ချောက်များကို ချခဲ့မည် ဖြစ်ပြီး ဝမ်လင်းက
သူ့အနောက်သို့ လိုက်လာခဲ့လျှင် သူက
ပြန်လည်တုံ့ပြန်ရန် တွေဝေနေမည် မဟုတ်ချေ။

ယွင်ချန်းသည် နောက်ဆုတ်ရန် အစီအစဥ်
ဆွဲနေသည်ကို ကြည့်နေရင်း ဝမ်လင်း၏
မျက်လုံးများ အတွင်းမှ အေးစက်သော အလင်းတန်း
တစ်တန်းက ထပ်ဖန်တစ်ခါ လင်းလက်လာသည်။
သာမန် လူသားတစ်ယောက်၏ အရွယ်အစားသာ
ရှိသော သူ၏ စင်စစ် ဖြစ်တည်မှုသည်
ဟင်းလင်းပြင် အတွင်းတွင် အရှေ့သို့
လျှောက်လာခဲ့သည်။

သူအရှေ့သို့ လျှောက်လာနေရင်း
သူ့ခြေအောက်တွင် အနက်နှင့် အဝါရောင်
လမ်းကြောင်းတစ်ခု သူ့ခြေအောက်တွင်
ပေါ်လာခဲ့သည်။ လမ်းကြောင်း၏ အဆုံးတွင်
အဝါရင့်ရောင် မြစ်တစ်စင်းက အဆက်မပြတ်
လှုပ်ရှားနေခဲ့သော်လည်း လုံးဝ ငြိမ်သက်နေခဲ့သည်။

မြင်ကွင်းတစ်ခုလုံးသည် ပဋ္ဌိပက္ခ ဖြစ်မနေသလို
အလွန်အမင်း ထူးဆန်းနေခဲ့သည်။

မေ့ပျောက်ခြင်းမြစ် ပေါ်လာသောအခါ ငရဲကမ္ဘာ
အကြွင်းမဲ့ရေများသည် ထိုးတက်လာ၍
ယွင်ချန်းအား ဝန်းရံလိုက်ကြသည်။

အဝါရင့်ရောင် ငရဲကမ္ဘာ အကြွင်းမဲ့ရေများသည်
ယွင်ချန်းအား လွှမ်းခြုံထားသော မြူခိုးငွေ့
အလင်းတန်းအား ဖုံးလွှမ်းသွား၍ မြူခိုးငွေ့
အလင်းတန်းသည် ပြင်းထန်စွာနှင့် တုန်ခါလာသည်။

နှစ်ဦးနှစ်ဘက်သားတို့ ထိပ်တိုက်
တွေ့ဆုံခဲ့သော်လည်း အသံတစ်စက်မှ

မကြားခဲ့ရပေ။ ငရဲကမ္ဘာ အကြွင်းမဲ့ရေနှင့် မြူခိုးငွေ့ အလင်းတန်းတို့ ထိတွေ့ခဲ့သော နေရာတွင် ထူးခြားဆန်းကြယ်စွာ ခွဲခြားထားသော လေဟာနယ်တစ်ခု ပေါ်လာသကဲ့သို့ ဖြစ်နေသည်။

ဤလေဟာနယ် အတွင်းတွင် ငရဲကမ္ဘာ အကြွင်းမဲ့ရေ ဖြစ်စေ၊ မြူခိုးငွေ့ အလင်းတန်း ဖြစ်စေ အရာအားလုံးတို့သည် ထိုနေရာအား ပြည့်အောင် မဖြည့်နိုင်ခဲ့ပေ။ သို့သော်လည်း ကျန်သောအရာများ အားလုံးတို့က ပျက်စီးသွားကြသည်။

ဖုန်မှုန့်နှင့် လေထုတို့က မရှိကြတော့ပဲ လေဟာနယ်သည် တွန့်လိမ်သွား၍ အလင်းတန်း များစွာတို့အား စုပ်ယူခဲ့ကြရာ ထိုနေရာ

တစ်ခုလုံးတွင် အလင်းရောင်
ပျောက်ကွယ်သွားခဲ့သည်။

ဤလေဟာနယ်သည် အဆက်မပြတ်
ကျယ်ပြန့်လာ၍ ငရဲကမ္ဘာ အကြွင်းမဲ့ရေနှင့်
မီးခိုးရောင်နှင့် အဖြူရောင် အလင်းတန်း
မြူခိုးငွေ့များကို တိုက်စားသွားခဲ့ရာ ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားကြသည်။

ဝမ်လင်းသည် အလျင် မလိုနေခဲ့ပဲ အရာအားလုံးကို
သန့်စင်၍ အခြေခံ အကျဆုံး ပုံစံအဖြစ်သို့
ပြောင်းလဲနိုင်သော အစွမ်းရှိသည့် ငရဲကမ္ဘာ
အကြွင်းမဲ့ရေဖြင့် ယွင်ချန်းအား ကာကွယ်ထားသော
မြူခိုးငွေ့ အလင်းတန်းအား ဖြည်းဖြည်းချင်း
တိုက်စားနေခဲ့သည်။

အခြားအချိန်တွင် ယွင်ချန်း၏ ပြင်းထန်စွာ ပေါက်ကွဲနိုင်သော မိစ္ဆာစွမ်းအားများဖြင့် သူသည် ငရဲကမ္ဘာ အကြွင်းမဲ့ရေ၏ တိုက်စားခြင်းကို ခံနေရသော်လည်း လွင့်ပြယ်အောင် လုပ်နိုင်စွမ်း ရှိသည်။ ထိုအချိန်တွင် သူသည် များစွာ ဆုံးရှုံးခြင်း မရှိပဲ ဝန်းရံ ပိတ်ဆို့မှုမှ လွတ်မြောက်သွားနိုင်ခဲ့မည် ဖြစ်သည်။

သို့သော်လည်း ယွင်ချန်းသည် သူ၏ အာရုံများကို ခံစစ်များ အပေါ်တွင်သာ စူးစိုက်ထားခဲ့သဖြင့် သူသည် ဝမ်လင်း၏ ဖြည်းဖြည်းချင်း အခုတ်ခံနေရသော အသားတုံး တစ်တုံးကဲ့သို့ ဖြစ်နေကာ အခြေအနေသည် လုံးဝ ပြောင်းလဲသွားသည်။

အခြေအနေကို ကြည့်နေရင်း ယွင်ချန်း၏ မျက်မှောင်များက ကြုတ်သွားခဲ့သည်။ အကယ်၍ သူတို့သည် မည်သူ၏ စွမ်းအားများက ပိုမို ကျယ်ပြန့်သည်ကို ပြိုင်ဆိုင်နေခြင်း ဖြစ်ပါက သူ့အနေဖြင့် ဤစိန်ခေါ်မှုကို ရင်ဆိုင်ရန် မည်သို့မှ သဘောထားမည် မဟုတ်ချေ။

ဝမ်လင်း၏ မှော်ကျိန်စာများသည် ပိုမို အစွမ်းထက်၍ တိုက်ခိုက်နိုင်စွမ်း ပိုကောင်းသော်လည်း ရေရှည် တိုက်ခိုက်ရမည် ဆိုပါက ယွင်ချန်းသည် ဝမ်လင်းအား ရှုံးချင်မှ ရှုံးပေလိမ့်မည်။ ဝမ်လင်း၏ အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်မှ စွမ်းအားများထက် ယွင်ချန်းသည် အားသာချက် ပိုရှိနေသည်။

အကယ်၍ ဝမ်လင်းတွင် ငရဲကမ္ဘာ ပုတီးလုံး ရှိနေလျှင်ပင် ယွင်ချန်းအနေနှင့် ကြောက်ရွံ့နေလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ဝမ်လင်းတွင် ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာ ရှိနေသည်။ အကယ်၍ ဝမ်လင်း၏ ငရဲကမ္ဘာ အကြွင်းမဲ့ရေသည် သူ၏ မြူခိုးငွေ့ အလင်းတန်းများကို တိုက်စား၍ သူ၏ အကာအကွယ်များကို ချိုးဖောက်နိုင်ခဲ့ပါက ဝမ်လင်း၏ တိုက်ခိုက်မှုများသည် သူ့အတွက် အန္တရာယ် များနိုင်သည်။

ဤအထိ တွေးပြီးသည်နှင့် ယွင်ချန်း၏ မျက်နှာပေါ်တွင် မည်းမှောင်သော အကြည့်တစ်ခု

ပေါ်လာခဲ့သည်။ သူ၏ ဦးချို သုံးချောင်းစလုံးသည်
စတင်၍ လင်းလက်လာ၍ သူ၏ ကိုယ်ပိုင်
စွမ်းအင်များဖြင့် ပူးပေါင်းလိုက်ကာ သူ၏နဖူး
အလယ်တွင် မီးခိုးနှင့် အဖြူရောင်
အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။

မယုံနိုင်အောင် ပြင်းထန်သည့် ဟေးဒီးစ်တို့၏
မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းသည်
ဝမ်လင်းတည့်တည့်သို့ ရောက်လာခဲ့သည်။

ယွင်ချန်း၏ အနားမှ မြူခိုးငွေ့
အလင်းတန်းများသည် ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်းကြောင့်
လှုပ်ရှားသွားခဲ့ကာ သူ့အား အလယ်တွင်ထား၍
ရောမ ဝဲကတော့ တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

စွမ်းအားများ အားလုံးသည် သူ့အပေါ်တွင်
သိပ်သည်းလာ၍ ဟေးဒီးစ်တို့၏
လင်းလက်တောက်ပခြင်း စွမ်းအားများသည်
အမြင့်ဆုံး အဆင့်သို့ ရောက်သွားသည်။

ကျယ်ပြန့်စွာ ပေါက်ကွဲနိုင်သည့် မီးခိုးဖြူရောင်
အလင်းတန်းသည် ယွင်ချန်းအား ဝန်းရံနေသည့်
ငရဲကမ္ဘာ အကြွင်းမဲ့ရေကို ထိုးဖောက်သွား၍
ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှုထံသို့
ဝင်ရောက်လာသည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင်
လင်းဖုန်းကြောင့် နောက်ဆုတ်ခဲ့ရပြီးနောက်
ဟေးဒီးစ်မျိုးနွယ်စုတို့သည် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ သတင်းများကို
စုဆောင်းနေခဲ့သည်။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
ဟောဒီးစ်တို့၏ နံပါတ်တစ် ပစ်မှတ်အဖြစ်
ဟင်းလင်းပြင် ဘုရားကျောင်းအား
အစားထိုးသွားခဲ့သည်။

သူတို့တွင် အချိန်များစွာ မရခဲ့၍ သတင်း
အချက်အလက်များက အကန့်အသတ်
ရှိသော်လည်း ဝမ်လင်း၏ အင်မော်တယ် ဝိညာဉ်
ဒုတိယ အဆင့်သို့ ရုတ်ခြည်း တက်သွားနိုင်ပြီး
စွမ်းအားများစွာ တိုးတက်လာခြင်းကြောင့်
ဟောဒီးစ်တို့က ဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း

ယွင်းချန်းအနေဖြင့် သူ့အား နားလည်
သဘောပေါက်မှုများ ရှိနေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နည်းစနစ်များ
အပြင် ဝမ်လင်းသည် စေတန်လမ်းစဥ်မှ
မှော်ကျိန်စာများကို ကျွမ်းကျင်ကာ ပြန်လည်
မွေးဖွားနိုင်စွမ်း ရှိသည်။

သို့သော်လည်း သူ၏ စင်စစ် ဖြစ်တည်မှု ပျက်စီးသွား
အပြီးတွင် ပြန်လည် မွေးဖွားနိုင်မည်လော
ဟူသည်ကို မည်သူမှ မသိချေ။

အကယ်၍ ကျင့်ကြံသူ တစ်ယောက်၏ စင်စစ်
ဖြစ်တည်မှုက ပျက်စီးသွားပါက သူ၏

စွမ်းအားများသည် အကြီးအကျယ် ကျဆင်းသွားကာ သူ၏ ကျင့်ကြံမှု အဆင့်ကလည်း နိမ့်ကျသွားမည် ဖြစ်သည်။ ယခုအချိန်တွင် ယွင်ချန်းအနေဖြင့် ဝမ်လင်းအား သူ၏ ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာကို ကိုယ့်ကိုယ်ကိုယ် ခုခံရာတွင် အသုံးပြုစေပြီး ဖောက်ထွက်နိုင်ရန် ကြံစည်နေခဲ့သည်။

အကယ်၍ ဝမ်လင်းသည် ဤကျိန်စာကို အသုံးပြု၍ သူ့ကိုယ်သူ မခုခံခဲ့ပါက နှစ်ဦးနှစ်ဘက်စလုံး အထိနာလိမ့်မည် ဖြစ်သည်။ အကယ်၍ ဝမ်လင်းသည် ပြန်လည် မွေးဖွားနိုင်ခဲ့လျှင်ပင် သူ၏ စင်စစ် ဖြစ်တည်မှုအား လွယ်လွယ်ဖြင့် အနစ်နာခံလိမ့်မည် မဟုတ်ချေ။

ဝမ်လင်း၏ မျက်လုံးများသည် မရေမတွက်နိုင်သော အလင်းတန်း ပုံရိပ်များဖြင့် တောက်ပလာသည်။ ဤအရာသည် သူ့ဂိုဏ်းမှ မဟာကောင်းကင်တာအိုကျမ်းစာ၊ ရှေးဟောင်းစေတန်ဂိုဏ်းမှ အဆုံးအမနှင့် မဟာမိုးကြိုး ကျောင်းတော်၏ စွမ်းအားများကို ပေါင်းစည်း၍ ဖန်တီးထားသည့် သူ၏ ခါတ်နှစ်ပါး နှလုံးသား ကျိန်စာဖြစ်သည်။

အစောပိုင်းတွင် သူအသုံးပြုခဲ့သော မိစ္ဆာနှင့် ဗောဓိနှလုံးသား တံဆိပ်သည် ဤမှော်ကျိန်စာ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။

ဤအချိန်တွင် ယွင်ချန်း၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရသော အခါ ဝမ်လင်းသည် တည်ငြိမ်နေခဲ့ပြီး သူ၏ ဘယ်မျက်လုံးက

လင်းလက်လာရာ ကောင်းကင်ပေါ်တွင် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် တစ်ခု ကျဆင်းလာ၍ ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းကို ခုခံလိုက်သည်။

တစ်ချိန်တည်းတွင် သူ၏ အခြားမျက်လုံးမှ နောက်ထပ် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်တစ်ခု ပေါ်လာ၍ ယွင်ချန်းထံသို့ ပျံသန်း ဝင်ရောက်လာသည်။

သူ့အရှေ့မှ အခြေအနေကို ကြည့်နေရင်း ယွင်ချန်းက အလန့်တကြားဖြင့် အော်ဟစ်လိုက်သည်။ "သူ့ကို ဖန်ဆင်းနိုင်ခဲ့ပြီ"

သူ၏ မျက်လုံးများ အတွင်းတွင် လည်ပတ်နေသော အဖြူရောင် ရောင်ခြည်တော်စက်ဝန်းသည် အနက်ရောင်သို့ ပြောင်းသွားခဲ့၍ အနက်ရောင် အလင်းတန်း တစ်တန်း ထွက်လာခဲ့သည်။

## စာစဉ် ၆၉ : အပိုင်း ၆

## အပိုင်း ၁၃၃၆ : ဟင်းလင်းပြင်ကို ပြိုကွဲစေခြင်း၊ အဆုံးမဲ့ လေပြင်းမုန်တိုင်း

ယွင်ချန်း၏ ပေါ့ဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းသည် ဝမ်လင်းထံသို့ ရောက်လာသည်။ ဝမ်လင်း၏ ဘယ်မျက်လုံးသည် အလင်းတန်း တစ်ခုဖြင့် လင်းလက်လာ၍

လေထုအလယ်တွင် လွင့်မျောနေသော အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည် ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်း အပေါ်သို့ ကျဆင်းလာလေသည်။

ဝမ်လင်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "မင်းရဲ့ပစ္စည်းကို ငါပြန်ပေးမယ်"

ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းသည် နဂါးတစ်ကောင် မြစ်အတွင်းသို့ သက်ဆင်းသွားသကဲ့သို့ အနက်ရောင် အလင်းတန်း အတွင်းသို့ ဝင်ရောက်စီးဆင်းသွားပြီး အဖြူနှင့် အနက်ရောင် ဆုံမှတ်ထံသို့ ရောက်သွားခဲ့သည်။ ထိုနေရာမှနေ၍

သူသည် လမ်းကြောင်းပြောင်းသွားကာ အဖြူရောင် အလင်းတန်း အတွင်းသို့ ဝင်ရောက်သွားသည်။

ခဏအကြာတွင် ပေါးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းသည် အဖြူရောင် အလင်းတန်း အတွင်းမှ ထွက်လာကာ သူ၏ ပစ်မှတ်မှာ ဝမ်လင်းမဟုတ်ပဲ ယွင်ချန်းကိုယ်တိုင်ပင် ဖြစ်နေခဲ့သည်။

သို့သော်လည်း ဤကဲ့သို့ ရယ်ရွှင်ဖွယ်ရာ ဟာသဖြစ်နေသော မြင်ကွင်းသည် အကျိုးအကြောင်း ဆီလျှော်ပေသည်။ ထိုအတွင်းမှ ထွက်လာသော စွမ်းအားသည် ပြောင်းလဲ၍မရပဲ ခုခံရန်လည်း မဖြစ်နိုင်ချေ။

ထိုအရာသည် သာမန် ရောင်ပြန်ဟပ်ခြင်း
သက်သက် မဟုတ်ပဲ ယွင်ချန်းသည်
ကြောက်မက်ဖွယ်ရာ အဖြူရောင် အလင်းတန်းအား
ကြည့်နေ၍ ဟာသ အလုပ်ခံခဲ့ရသကဲ့သို့
ခံစားနေရသည်။ ထိုအလင်းတန်း၏ ပစ်မှတ်သည်
ဝမ်လင်းမဟုတ်ပဲ သူကိုယ်တိုင် ဖြစ်နေခဲ့သည်။

ဝမ်လင်း အစောပိုင်းက ပြောခဲ့သကဲ့သို့ပင်
သူ့ပစ္စည်းအား သူ့ကို အမှန်ပင် ပြန်ပေးခဲ့သည်။
ထိုအရာသည် ဤဟေားဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်း၏ ကံကြမ္မာဖြစ်ပြီး
သူ့အား ပြောင်းလဲ၍ မရချေ။

ယွင်ချန်းသည် သူ့အနေဖြင့် သူကိုယ်တိုင်
ထုတ်လွှတ်ခဲ့သည့် ဟေားဒီးစ်တို့၏ မှုန်ဝါးဝါး

လင်းလက်တောက်ပခြင်းအား ထိန်းချုပ်နိုင်ရန်
မျှော်လင့်နေခဲ့သော်လည်း ဤအချိန်၌
မဖြစ်နိုင်ခဲ့ချေ။

သူ့အရှေ့မှ မြင်ကွင်းသည် မျှော်လင့်မထားပဲ
ရယ်ရွှင်ဖွယ်ရာ ကောင်းနေခဲ့သော်လည်း
ယွင်ချန်းအနေဖြင့် မှန်းဆထားခဲ့ပြီးသား ဖြစ်ကာ
သိပ်ပြီးမှ အံ့ဩ တုန်လှုပ်မနေခဲ့ချေ။

ထို့ကြောင့် ဝမ်လင်း၏ အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ်သည် သူ၏ ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်း အပေါ်သို့
ကျဆင်းလာသည်ကို မြင်လိုက်ရသည်နှင့် သူ၏
တိုက်ခိုက်မှုအား ထိန်းချုပ်နိုင်စွမ်း
ကင်းမဲ့သွားပြီဟူ၍ သိလိုက်သည်။

သူ၏ မိစ္ဆာစွမ်းအားများကို အဆုံးစွန်
မြှင့်တင်လိုက်ရာ သူ၏ ခေါင်းပေါ်မှ ဦးချိုသုံးခုတို့က
လည်ပတ်လာ၍ နောက်ထပ် ဟေးဒီးစ်တို့၏
မှုန်ဝါးဝါး လင်းလက်တောက်ပခြင်း တစ်ခုက သူ၏
နဖူးပေါ်မှ ထွက်လာခဲ့သည်။

ဝမ်လင်းသည် ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ
ကျိန်စာသည် တစ်ခဏအတွင်းပင် ထုတ်ဖော်ခဲ့ခြင်း
ဖြစ်သော်လည်း ယွင်ချန်းအနေဖြင့်
အချိန်ဆွဲမနေခဲ့ချေ။ သူ၏ ဒုတိယမြောက်
ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး
လင်းလက်တောက်ပခြင်းဖြင့် ပထမ တစ်ခုအား
ရင်ဆိုင်လိုက်သည်။

ဤအရာသည် သူ၏ အစွမ်းအထက်ဆုံး မှော်ကျိန်စာ ဖြစ်ကာ ချက်ချင်း ဆိုသလိုပင် သူ၏ ပထမ တိုက်ခိုက်မှုကို အဆုံးသတ်နိုင်ရန် သူ၏ မိစ္ဆာစွမ်းအား များစွာတို့အား အသုံးပြုခဲ့ရသည်။ ထိုအရာသည် သူ့အတွက် လွယ်ကူသော အရာတစ်ခု မဟုတ်ခဲ့ချေ။

သို့သော်လည်း ယွင်ချန်းသည် သူ၏ အစွမ်းထက်သော စွမ်းရည်နှင့် ထိန်းချုပ်နိုင်စွမ်းများကို ထုတ်ဖော် ပြသနိုင်ခဲ့သည်။ သူသည် ဝမ်လင်းက သူ့ထံသို့ ပြန်လည် ပို့လွှတ်လိုက်သော ဟေးဒီးစ်တို့၏ မှုန်ဝါးဝါး လင်းလက်တောက်ပခြင်းအား အောင်မြင်စွာဖြင့် တားဆီးနိုင်ခဲ့သည်။

ဤအချိန်တွင် ဝမ်လင်း၏ ကြေးမုံကဲ့သို့
လင်းလက်နေသော ညာဘက်မျက်လုံးမှ
နောက်ထပ် အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ်တစ်ခု ထပ်မံ ထွက်လာခဲ့သည်။

ထိုအဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည်
ဟင်းလင်းပြင်အား ပျံသန်းလာကာ ယွင်ချန်းအား
လုံးဝ ဖုံးအုပ်သွားသည်။

ယွင်ချန်းသည် ထိုအရာကို မြင်လိုက်ရသော အခါ
စိတ်သက်သာရာ ရသွားခဲ့၍ ပြောလိုက်သည်။ "ဒါက
အလုပ်ဖြစ်သွားပဲ"

သူ၏ မျက်လုံးများ အတွင်းတွင် အဖြူရောင်
ရောင်ခြည်တော်စက်ဝန်း နှစ်ခုရှိနေသည်။
အစောပိုင်းတွင် သူက တစ်ခုကို အသုံးပြုခဲ့ပြီး ဖြစ်၍
တစ်ခုကျန်နေသေးသည်။ ထိုရောင်ခြည်တော်
စက်ဝန်းသည် အနက်မှ အဖြူရောင်သို့
ပြောင်းသွားသော အခါ ထူးခြားဆန်းကြယ်၍
ကျယ်ပြန့်သော စွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

အနက်ရောင် အလင်းတန်း တစ်တန်းက သူ့ထံမှ
ထွက်လာ၍ အနက်ရောင် အလင်းတန်း မြူခိုးငွေ့
အဖြစ်သို့ ပြောင်းသွားသည်။ ထိုမြူခိုးငွေ့သည်
သူ့ထံသို့ ကျရောက်လာသည့် အဖြူနှင့်
အနက်ရောင် ကြက်ခြေခတ်အား
ကာကွယ်လိုက်သည်။

ဝမ်လင်း၏ ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာအား ခုခံပြီးသွားသော အခါ ယွင်ချန်း၏ ပုံစံသည် လျှင်မြန်စွာဖြင့် ပြောင်းလဲသွားသည်။ သူ့ခန္ဓာကိုယ် အတွင်းမှ မိစ္ဆာစွမ်းအားများ ပေါက်ကွဲထွက်လာကာ ဤအခွင့်အရေးအား အသုံးချ၍ လွတ်မြောက်နိုင်ရန် ကြိုးစားလိုက်သည်။

"မင်းက ဘယ်သွားချင်နေတာလဲ" ဤအချိန်တွင် ဝမ်လင်း၏ ခံစားချက် ကင်းမဲ့နေသော အသံက ထွက်ပေါ်လာသည်။

သူသည် လွတ်မြောက်ရန် ကြိုးစားနေသော ယွင်ချန်းအား အေးစက်စွာဖြင့် စိုက်ကြည့်နေရင်း သူ၏ နဖူးပေါ်မှ ထိုက်ကျိရုပ်ပုံက လည်ပတ်လာကာ အလင်းတန်း နှစ်တန်း ထွက်ပေါ်လာသည်။

အလင်းတန်း တစ်တန်းမှာ အဖြူရောင်ဖြစ်၍
ကျန်အလင်းတန်းမှာ အနက်ရောင် ဖြစ်သည်။
သူတို့သည် ဟင်းလင်းပြင် အတွင်း၌
တတိယမြောက် အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ် အဖြစ်သို့ ပြောင်းသွားခဲ့သည်။

လွတ်မြောက်ရန် ပြင်ဆင်နေသည့် ယွင်ချန်းသည်
ထိုအရာကို ထိတ်လန့် တုန်လှုပ်စွာဖြင့်
စိုက်ကြည့်နေရင်း သူ၏ တစ်ကိုယ်လုံးမှ အမွှေးများ
ထောင်လာခဲ့သည်။

"သူက ထူးခြားတဲ့ ဒီမှော်ကျိန်စာကို နှစ်ခါသာ မကပဲ
သုံးခါတောင် အသုံးပြုနိုင်တယ်"

သူ၏ခေါင်းအတွင်းတွင် ဤအတွေး ပေါ်လာရင်း ဝမ်လင်း၏ တတိယမြောက် ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာအား ခုခံရန် ကြိုးစားခဲ့သော်လည်း များစွာ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည် လေဟာနယ် အတွင်းတွင် လွင့်မျောနေသည့်ပုံ ပေါက်နေခဲ့ရင်း မြူခိုးငွေ့ကဲ့သို့ တစ်ခဏတာမျှသာ ရှိနေသည့်ပုံ ပေါက်နေသော်လည်း ယွင်ချန်းအနေဖြင့် ရှောင်ရှားရန် မတတ်နိုင်ခဲ့ပဲ ချက်ချင်းပင် အလွှမ်းခြုံခံခဲ့ရသည်။

ဤအချိန်၌ သူသည် ဝမ်လင်း၏ ရေခဲသမျှ အေးစက်နေသော ခံစားချက် ကင်းမဲ့နေသည့် အသံအား ကြားလိုက်ရသည်။ "သေစမ်း"

ထိုစကားနှစ်လုံးဖြင့်ပင် အဖြူရောင် အလင်းတန်း အကြားတွင် လွင့်မျောနေသော ယွင်ချန်းသည် ချက်ချင်းပင် ဦးတည်ချက် ပြောင်းသွားကာ အနက်ရောင် အလင်းတန်း အကြားသို့ ရောက်သွားခဲ့သည်။

ထိုကဲ့သို့ ဖြစ်သွားသော အခါ သူသည် နင်းဖန်၏ ခြေလှမ်းများ အနောက်သို့ လိုက်သွားခဲ့ရသည်။ သူ၏ အသွေးအသားများ အပါအဝင် သူ၏ မိစ္ဆာဝိညာဉ်သည် လုံးဝ ပျက်စီးသွား၍ သူ့ဘဝ၏ အဆုံးသတ်သို့ ရောက်သွားခဲ့သည်။

"ဟေးဒီးစ်တို့၏ တောက်ပသော ကောင်းကင်စွမ်းအင်" ဤအချိန်၌ပင် အဝေးမှနေ၍ မီးလျှံကဲ့သို့ နီရဲနေသော အလင်းတန်း တစ်တန်းသည် ရုတ်တရက် ကျဆင်းလာကာ မိစ္ဆာတံခါးကို ချိုးဖောက်ကာ အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် အပေါ်သို့ ကျဆင်းလာလေသည်။

မီးလျှံကဲ့သို့ နီရဲနေသော ထိုအလင်းတန်း ကျဆင်းလာသည်နှင့် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည် စတင်၍ လောင်ကျွမ်းလာခဲ့သည်။

အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် အတွင်းသို့ ကျရောက်သွားသော ယွင်ချန်းသည် ပြင်းထန်စွာနှင့်

တုန်ခါသွား၍ ထိုကြက်ခြေခတ်၏ ချုပ်နှောင်မှုမှ လွတ်မြောက်နိုင်ရန် အလေးတကြီး ရုန်းကန်လိုက်သည်။ သူသည် ကြောက်ရွံ့မှုများဖြင့် လွှမ်းခြုံနေ၍ သူ၏ ဝိညာဉ်သည် မတည်မငြိမ် ဖြစ်နေသည်။

မိစ္ဆာတံခါးထံမှ နောက်ထပ် ဟေးဒီးစ်တစ်ကောင် ပေါ်လာခဲ့သည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးတွင် မီးလျှံကဲ့သို့ နီရဲသော အလင်းတန်း ပုံစံများဖြင့် လင်းလက်နေ၍ သူ့အား မီးတောက်များဖြင့် ဖုံးလွှမ်းနေသကဲ့သို့ ထင်နေရသည်။

သူ၏ မိစ္ဆာစွမ်းအားများသည် အမတန်မှပင် ကြောက်မက်ဖွယ် ကောင်းလှ၍ ဝမ်လင်းကပင်

မျက်မှောင်ကြုတ်သွားခဲ့သည်။ သူသည် ယွင်ချန်းထက် များစွာပို၍ အစွမ်းထက်ပေသည်။

ဤမိစ္ဆာသည် ဟေးဒီးစ် မျိုးနွယ်စု အတွင်းမှ အစွမ်းထက် အဖွဲ့ဝင် တစ်ယောက်ဖြစ်၍ ဗီပရာလိုပါ အဆင့်အောက်တွင် အစွမ်းအထက်ဆုံး မိစ္ဆာတစ်ကောင် ဖြစ်သည်။ သူ၏ ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ ကျင့်ကြံမှုဖြင့် သူသည် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာများကိုပင် ယှဉ်နိုင်ပေသည်။

ကျင်းယန်သည် အနီးနှင့် အနက် ကမ္ဘာအတွင်းသို့ ရောက်လာသော အခါ အလယ်ကမ္ဘာ တစ်ခုလုံးနှင့် အတူ ကောင်းကင်နှင့် မြေကြီးတို့ကပါ

တုန်ခါသွားသည်။ သူတို့သည် သူ၏ ကြီးမားလှသော စွမ်းအားများကို လက်မခံနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

"လှျိုကြီး..." ကျင်းယန်သည် စတင် ပေါ်ပေါက်လာ၍ ယွင်ချန်းအား ကယ်တင်အပြီးတွင် ဝမ်လင်းအား မကြည့်နေပဲ သူ၏အကြည့်သည် သတိမေ့နေ၍ လက်ရှိအချိန်တွင် မိချောင်း နတ်ဘုရား၏ ကာကွယ်မှုအောက်သို့ ရောက်နေသော လှျိုကြီးအပေါ်သို့ ကျရောက်သွားသည်။

ယွင်ချန်းသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်ထိန်းလိုက်ကာ ကျင်းယန်အား ကြည့်လိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

လျှိုကြီးအား ကြည့်ပြီးသွားသော အခါ ကျင်းယန်သည် ဝမ်လင်းဘက်သို့ လှည့်ကြည့်လိုက်သည်။ ဝမ်လင်း၏ မျက်လုံးများသည် ရောင်စုံ အလင်းတန်းများဖြင့် လင်းလက်နေကာ သူ၏ အကြည့်သည် ရေခဲတမျှ အေးစက်နေ၍ ခံစားချက် ကင်းမဲ့နေသည်။

ဤအချိန်တွင် အနီနှင့် အနက်ရောင် ကမ္ဘာ အတွင်းရှိ အဝေးမှ စံအိမ်အတွင်းတွင် ရုတ်တရက် တုန်ခါသွားခဲ့သည်။ ထိုနေရာမှ အဖြူရောင် တိမ်တိုက်များဖြင့် ဖွဲ့စည်းထားသော တိုင်လုံးတစ်ခုသည် ကောင်းကင်ယံသို့ ထိုးတက်သွား၍ စံအိမ်တစ်ခုလုံးအား လွှမ်းခြုံ ဝါးမျိုသွားခဲ့သည်။

ထိုအဖြူရောင် တိမ်တိုက်တိုင်လုံးသည်
လေဆင်နှာမောင်း တစ်ခုကဲ့သို့ ပြင်ပသို့
ကျယ်ပြန့်လာကာ အနီနှင့် အနက်ကမ္ဘာ
တစ်ခုလုံးအတွင်းတွင် ဖြည်းဖြည်းချင်း
ပြည့်လာခဲ့သည်။

ဤအလယ်ကမ္ဘာသည် ပျက်စီးလုနီးပါး
ဖြစ်သွားခဲ့သည်။

အလယ်ကမ္ဘာ တစ်ခု၏ ပျက်စီးမှုမှ ထွက်လာသော
စွမ်းအားများကို လျှော့တွက်၍မရချေ။ အဖြူရောင်
တိမ်တိုက်တိုင်လုံးထံမှ ထွက်လာသော
လေပြင်းမုန်တိုင်းသည် ဟင်းလင်းပြင်အား
အဆက်မပြတ် တွန့်လိမ်နေစေ၍ ဟင်းလင်းပြင်၏

ပြင်ပမှ နေရာများကပင် စတင်၍
လည်ပတ်လာသည်။

မရေမတွက်နိုင်သော လေပြင်းမုန်တိုင်းများက
စတင်၍ ပျံ့နှံ့လာကြပြီး အလယ်ကမ္ဘာ ပျက်စီးခြင်းမှ
ထွက်လာသော စွမ်းအားများကို အသုံးချကာ
မယုံနိုင်လောက်အောင် ကြောက်မက်ဖွယ်ရာ
ကောင်းသည့် လှိုင်းလုံးတစ်ခုကို ဖန်တီးလိုက်သည်။

ဤကဲ့သို့သော ရောမ လှိုင်းလုံးမျိုးသည်
ဟင်းလင်းပြင် စစ်တလင်း အတွင်း၌ပင် ရှားပါးလှ၍
သဘာဝအားဖြင့် ပေါ်လာနိုင်ရန် ခဲယဥ်းသည်။

ဝမ်လင်း၊ မိချောင်း နတ်ဘုရား၊ လျှိုကြီး၊ ကျင်းယန်နှင့် ယွင်ချန်းတို့ အားလုံးသည် ထိုလှိုင်းလုံး၏ ဖုံးလွှမ်းမှုကို ခံခဲ့ကြရသည်။

မုန်တိုင်း၏ အလယ်ဗဟိုမှ အဖြူရောင် အလင်းတန်း တစ်တန်း လင်းလက်လာသည်။ ဝမ်လင်းသည် ထိုအလင်းတန်း၏ ဆွဲယူမှုကို ခံခဲ့ရရာ မခုခံခဲ့ပဲ လျှိုကြီးနှင့် မိချောင်း နတ်ဘုရားတို့ကို သူနှင့်အတူ ခေါ်ဆောင်၍ မုန်တိုင်း၏ မျက်လုံးထံသို့ သွားခဲ့လိုက်သည်။

မုန်တိုင်းအတွင်းတွင် တစ်ယောက်သည် ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်သံများကို ကြားနေနိုင်ပြီး နီရဲနေသော အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းမှ မုန်တိုင်းများကို

ချိုးဖောက်ချင်နေသကဲ့သို့ လေဟာနယ်ကို ထွင်းဖောက်လာကြသည်။

အဖြူရောင် တိမ်တိုက်များက လွင့်ပြယ်သွားသော အခါ ကျင်းယန်က ထိုအတွင်းမှ ထွက်လာ၍ သူ၏ ခန္ဓာကိုယ်နှင့် ဦးချို သုံးချောင်းတို့ထံမှ အနီနှင့် ခရမ်းရောင် အလင်းတန်းများ လင်းလက်နေကြသည်။ သို့သော်လည်း သူ့အနေဖြင့် မုန်တိုင်း၏ အလယ်ဗဟိုသို့ ချဉ်းကပ်ရန် ကြိုးစားခဲ့သော အခါ မုန်တိုင်းသည် ပို၍ အားကောင်းလာကာ သူ၏ မိစ္ဆာစွမ်းအားများဖြင့်ပင် အနားကပ်၍ မရခဲ့ပေ။

နောက်ဆုံးတွင် သူသည် ဝမ်လင်းနှင့် ကျန်သောသူများက မုန်တိုင်း၏ အလယ်ဗဟိုသို့

ဝင်သွားကာ ကျယ်ပြန့်စွာ တွန့်လိမ်နေသော လေဟာနယ်က ပျောက်ကွယ်သွားသည်ကို ကြည့်ရှုသာ ကြည့်နိုင်ခဲ့သည်။

မီးလျှံကဲ့သို့ နီရဲနေသော အလင်းတန်းများသည် ကောင်းကင်ပေါ်တွင် ကခုန်နေရင်း ပြင်ပမှ လေပြင်းမုန်တိုင်းအား ကာကွယ်ထား၍ ကျင်းယန်သည် သူ၏ ခန္ဓာကိုယ်အား တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။ ယွင်ချန်းသည် သူ၏ဘေးတွင် မည်းမှောင်နေသော အမူအရာဖြင့် ပြောလိုက်သည်။

"သူက လင်းဖုန်းလက်အောက်က တတိယတပည့် ဝမ်လင်းပဲ... နင်းဖန်က သူ့လက်အတွင်းမှာ သေဆုံးသွားခဲ့တယ်"

ကျင်းယန်၏ အမူအရာသည် ရေကဲ့သို့ နက်ရှိုင်းနေ၍ အချိန်အကြာကြီးကြာမှ ပြောလိုက်သည်။
"ခုန်းယွမ်ပြီးတော့ နင်းဖန်..."

"ဒါက လျှိုကြီးလား" အချိန်အတန်ကြာမှ ကျင်းယန်က ရုတ်တရက် မေးလိုက်သည်။

ယွင်ချန်းက ခေါင်းညိတ်လိုက်သည်။ ကျင်းယန်သည် ဟုန်လင်၏ မျိုးဆက်ဖြစ်သောကြောင့် သူ၏ တုံ့ပြန်မှုများကို သူ့အနေဖြင့် နားလည်နိုင်ခဲ့သည်။

လျှိုကြီး၏ အခြေအနေအား သူက ရှင်းပြပြီးသွားသော အခါ ကျင်းယန်၏

အမူအရာများက မပြောင်းလဲခဲ့ပေ။ သူ့အရှေ့ရှိ ဟင်းလင်းပြင်မှ လေစီးကြောင်းများကိုသာ ကြည့်နေ၍ ပြောလိုက်သည်။

"ဒါက ဟိုမိန်းမရဲ့ နေရာပဲ… လျှိုကြီးက အဲ့ဒီနေရာမှာ မင်းနဲ့ တိုက်ခိုက်ခဲ့တယ်ဆိုတော့ မှော်စွမ်းအင် အရုံအတားတွေကို ဘယ်သူက အသက်သွင်းခဲ့တာလဲ… ဟိုမိန်းမရဲ့ တပည့်ကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့အတူ ရှိနေတာလား"

"အရှင်မင်းမြတ်ရဲ့ အကြွင်းအကျန်တွေဟာ လင်းဖုန်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ရဲ့ လက်အတွင်းကို ကျရောက်သွားခဲ့တယ်…

အရှင်မင်းမြတ်ရဲ့ အစီအစဥ်တွေကိုလည်း သူတို့က သိသွားကြတော့မယ်"

ယွင်ချန်းက မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။ "ကျင်းယန်..."

ကျင်းယန်၏ အမူအရာများသည် တည်ငြိမ်နေခဲ့ပြီး ပြောလိုက်သည်။ "ငါက အရှင်မင်းမြတ်ကို စော်ကားဖို့ မရည်ရွယ်ပါဘူး... ဒါပေမဲ့ ငါက သိချင်နေတယ်... ဟိုမိန်းမရဲ့ တပည့်က ဘာဖြစ်လို့ ဒီလောက်အထိ ပြောင်းလဲသွားခဲ့တာလဲ... လောဘကြောင့်လား"

"ငါတို့က လင်းဖုန်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကို အခွင့်အရေး သိပ်မပေးသင့်ဘူး… ဟိုမိန်းမနဲ့ သူမတပည့်တို့မှာ လျှို့ဝှက်ချက်တွေ အများကြီး ရှိတယ်… ဒီကနေ့လိုမျိုး ပြောင်းလဲမှုတွေက ငါတို့အပေါ်မှာ အကျိုးသက်ရောက်မှုတွေ ရှိစေခဲ့တယ်"

"ဒါပေမဲ့ ဒီအချိန်မှာ ဒါတွေကို ပြောရတာ အဓိပ္ပာယ် မရှိတော့ဘူး… မုန်တိုင်း ငြိမ်သွားတာနဲ့ ကျွန်တော်တို့က သူတို့ရဲ့ သဲလွန်စတွေကို ရှာရလိမ့်မယ်" ယွင်ချန်းက ပြောလိုက်သည်။ "တကယ်လို့ ကျွန်တော်တို့က မြန်မြန် လှုပ်ရှားနိုင်ရန် အချိန်မီနိုင်သေးတယ်"

ကျောင်းယန်က သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဒီလိုပဲ မျှော်လင့်ရမှာပဲ"

ဟေးဒီးစ်နှစ်ကောင်တို့သည် လေပြင်းမုန်တိုင်း ငြိမ်သက်သွားချိန်ကို စောင့်နေခဲ့ပြီး မုန်တိုင်း၏ မျက်စိထံသို့ ချဉ်းကပ်လာကြသည်။

မုန်တိုင်းအတွင်းတို့ ဝင်ရောက်သွားသော ဝမ်လင်းနှင့် ကျန်သောသူများသည် ဟင်းလင်းပြင်၏ အခြားတစ်ဘက်သို့ အပို့ဆောင်ခံလိုက်ရပြီး ဖြစ်သည်။ သူတို့ မည်မျှဝေးဝေး ရောက်သွားသည်ကို မည်သူကမှ မသိနိုင်တော့ချေ။

မုန်တိုင်း ငြိမ်သက်သွားသော အခါ ဝမ်လင်းသည် သူ၏ မှော်ကျိန်စာများကို အသုံးပြု၍ အန္တရာယ် ရှိမရှိ စူးစမ်းလိုက်သည်။ ပြီးနောက် သူက မိချောင်း နတ်ဘုရားအား ခေါင်းညိတ်ပြလိုက်ရာ သူကလည်း သူ့အား ခေါင်းပြန်ညိတ်ပြခဲ့သည်။ လျှိုကြီးသည် လုံခြုံနေသည်။

ဝမ်လင်း၏ မျက်နှာတွင် နွေးထွေးမှု အနည်းငယ် ပြန်ပေါ်လာခဲ့သည်။ ပြီးတာနှင့် သူသည် ပြန်လည် တည်ငြိမ်သွားကာ ဘေးဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုနေရာတွင် အဖြူရောင် နန်းတော် ဝတ်စုံကို ဝတ်ဆင်ထားသည့် အမျိုးသမီး တစ်ယောက် ရပ်နေသည်။ သူမသည် နင်းဝမ်ကော ဖြစ်သည်။

သို့သော်လည်း နင်းဝမ်ကောသည် ယခင်ကနှင့် စာလျှင် ကွဲပြား ခြားနားနေခဲ့သည်။

သူမသည် ယခင်ကကဲ့သို့ အမူအရာ ကင်းမဲ့နေဆဲ ဖြစ်သော်လည်း တွေဝေနေမှုများ မရှိတော့ပေ။ သူမ၏ မျက်လုံးများသည် ပိုမို တောက်ပ၍ ကြည်လင်လာခဲ့သည်။

သို့သော်လည်း ဤတည်ငြိမ်မှု၏ အောက်တွင် လှုပ်ရှားနေသော ရေစီးကြောင်းများစွာ ရှိနေသည်။

နင်းဝမ်ကောသည် ဝမ်လင်း၏ အကြည့်ကို တွေ့လိုက်ရသော အခါ သူကဘာမှ မမေးခင်တွင်

သူမ၏ ပါးစပ်ကို ဟလိုက်ကာ ပြောလိုက်သည်။
"ရှင်သိလိုနေတဲ့ အကြောင်းတွေကို ဟိုနေရာကို သွားတဲ့လမ်းမှာ ပြောပြပါမယ်... အရင်ဆုံး ဒီနေရာကနေ ထွက်ခွာမှရမယ်... ဒီနေရာက မလုံခြုံဘူး"

## စာစဥ် ၆၉ : အပိုင်း ၇

## အပိုင်း ၁၃၃၇ : သူမက ကျွန်မ မဟုတ်ဘူး၊ ကျွန်မက သူမ မဟုတ်ဘူး

နင်းဝမ်ကော၏ စကားများကို ကြားရသော အခါ ဝမ်လင်း၏ မျက်လုံးများက

ကျဥ်းမြောင်းသွားခဲ့သည်။ သူသည် ဘာမှ မပြောခဲ့ပဲ သာမန်သာ ပြောလိုက်သည်။ "လမ်းပြပါ"

နင်းဝမ်ကောသည် မှော်ကျိန်စာ သင်္ကေတ တစ်ခုကို ဖော်ပြလိုက်ရာ အဖြူရောင် အလင်းတန်း တစ်တန်းက သူမ၏ လက်များထံမှ ထိုးထွက်လာသည်။ ထိုအဖြူရောင် အလင်းတန်းသည် အဝေးမှ ဟင်းလင်းပြင်ထံသို့ ပျံသန်းသွား၍ ပျောက်ကွယ်သွားသကဲ့သို့ ဖြစ်သွားသည်။

သို့သော်လည်း နင်းဝမ်ကောသည် ဟင်းလင်းပြင်အား ချိုးဖောက်သွားကာ ထိုအဖြူရောင် အလင်းတန်းဘက်သို့ ပျံသန်းသွားခဲ့ပြီး ဖြစ်သည်။ ဝမ်လင်းနှင့် မိချောင်း

နတ်ဘုရားတို့သည် သူမ၏ အနောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားကြလေသည်။

နင်းဝမ်ကောသည် မိချောင်း နတ်ဘုရားဘက်သို့ လှည့်၍ လေသံတိုးတိုးဖြင့် မေးလိုက်သည်။ "လျှိုကြီးက ဘယ်လိုနေသလဲ"

မိချောင်း နတ်ဘုရားက အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။ "သူရဲ့ ဒဏ်ရာတွေက တည်ငြိမ်သွားတဲ့ပုံ ပေါ်နေပေမဲ့ ပြင်းထန်နေဆဲပဲ… သူက သူ့ရန်သူတွေကြောင့်သာ ဒဏ်ရာရခဲ့ရုံတင် မကပဲ သူ့ကိုယ်သူကြောင့်လဲ ဒဏ်ရာရခဲ့တယ်… ဒါက ကြည့်လို့ကောင်းတဲ့ မြင်ကွင်းတစ်ခု မဟုတ်ဘူး"

သူသည် ဘာမှ သိပ်မပြောခဲ့သော်လည်း နင်းဝမ်ကောသည် လျှိုကြီး၏ အခြေအနေကို အာရုံခံ၍ ရသည့်ပုံ ပေါက်နေကာ သက်ပြင်းချ၍ ပြောလိုက်သည်။ "ဒါက ကျွန်မကြောင့်ပဲ… ကျွန်မက လျှိုကြီးကို ဒဏ်ရာရစေခဲ့တာ"

ဝမ်လင်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ကျုပ်လည်းပါတယ်"

ပြီးတာနှင့် သူသည် နင်းဝမ်ကောဘက်သို့ လှည့်၍ ပြောလိုက်သည်။ "အခုအချိန်မှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာကို ပြောလို့ရပြီလား"

နင်းဝမ်ကောသည် လျှိုကြီးအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "လုံခြုံမှုကို အဓိကထားတဲ့ အနေနဲ့ ကျွန်မတို့က လျှိုကြီးကို မဟာကမ္ဘာကို အရင်ပို့မှ ရမယ်"

ဝမ်လင်း၏ မျက်နှာမှာ မည်းမှောင်သွားပြီး ဘာမှ မပြောခဲ့ပဲ နင်းဝမ်ကောထံသို့ ဆက်၍ ကြည့်နေခဲ့သည်။ နင်းဝမ်ကောက ဆက်ပြောလိုက်၏။ "ကျွန်မဟာ အစောပိုင်းက အလယ်ကမ္ဘာ အတွင်းက အရိုး ယဇ်ပလ္လင်ကြောင့် မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားခဲ့တာ... အခုအချိန်မှသာ ကျွန်မက ပျောက်ဆုံးသွားတဲ့ မှတ်ဉာဏ်တွေကို ပြန်လည် ရရှိခဲ့တယ်... ဒါပေမဲ့..."

နင်းဝမ်ကောသည် အသက်ပြင်းပြင်း ရှုလိုက်ကာ သူမ၏ အကြည့်သည် ပို၍ လေးနက်လာ၍ ပြောလိုက်သည်။ "ဒါပေမဲ့ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကလည်း သူမရဲ့ ပျောက်ဆုံးနေတဲ့ မှတ်ဉာဏ်တွေကို ပြန်ရလာပြီလို့ ကျွန်မက ခံစားနေရတယ်"

"ဒီအချိန်မှာ သူမကလည်း ကျွန်မတို့ သွားနေတဲ့ နေရာကို လာနေနိုင်တယ်... တကယ်လို့ ကျွန်မတို့က အဲ့ဒီနေရာကို ရောက်သွားရင် လုံခြုံမှု မရှိနိုင်ဘူး"

"အစောပိုင်းက ရှင်တို့ရဲ့ တိုက်ပွဲကြောင့် အလယ်ကမ္ဘာက ပြိုကျသွားလို့ အခမ်းအနားက ရပ်သွားခဲ့တယ်... မဟုတ်ရင် ကျွန်မတို့ဟာ

ပန်းတိုင်ကို တိုက်ရိုက် သွားနိုင်ပေမဲ့ အခုအချိန်မှာ
အဲ့ဒီနေရာနဲ့ အတော်လေး ဝေးကွာနေတယ်...
ဘာပဲပြောပြော ဟင်းလင်းပြင် စစ်တလင်းဟာ
မတည်ငြိမ်ပဲ ပြောင်းလဲမှု တစ်ခုရဲ့
အကျိုးသက်ရောက်မှုဟာ ကြီးမားနိုင်တယ်"

နင်းဝမ်ကော၏ အကြည့်သည် လေးနက်လာ၍
ပြောလိုက်သည်။ "ကောင်းကင်ကျက်သရေ
မဟာပဏ္ဍိတဟာ ဒီသတင်းကို ရပြီးနောက်မှာ
သူမကလည်း ဟင်းလင်းပြင် စစ်တလင်း အတွင်းကို
ဝင်လာလောက်ပြီ... တကယ်လို့ ကျွန်မတို့က
သူမရဲ့ နေရာကို အတည်မပြုနိုင်ခဲ့ရင် ဘယ်သူက
ပန်းတိုင်နဲ့ ပိုနီးနေသလဲ ဆိုတာကို မသိနိုင်ဘူး"

ဝမ်လင်းက မရပ်တန့်ခဲ့ပဲ ဖွဖွလေး မေးလိုက်သည်။ "ကျုပ်တို့က ဘယ်နေရာကို သွားနေတာလဲ"

နင်းဝမ်ကော၏ နှုတ်ခမ်းများက တွန့်သွားကာ အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။ "လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဟေးဒီးစ်ကေရာဇ်ဟာ ဟင်းလင်းပြင် စစ်တလင်းနဲ့ ဆက်သွယ်ထားတဲ့ ထူးခြားဆန်းကြယ်တဲ့ ပြင်ပလောက တစ်ခုကို ပိုင်ဆိုင်ခဲ့တယ်"

"အဲ့ဒီနေရာက ရှာဖွေဖို့ ခက်ခဲပြီး အဲ့ဒီမှာ ဟေးဒီးစ်ကေရာဇ်က ဝိညာဥ်ပင်လယ် အတွင်းကို ဝင်ရောက်နိုင်ဖို့ အစီအစဥ် တချို့ကို ချထားခဲ့တယ်… လျှိုကြီးနဲ့ ကောင်းကင်ယောက်သွား ရွှေပုလဲတို့ရဲ့ အကူအညီနဲ့

သူဟာ တစ်စုံတစ်ယောက်ကို ဝိညာဉ်ပင်လယ် အတွင်းကို ဝင်ရောက်ဖို့ ကူညီနိုင်တယ်"

"ဒါပေမဲ့ အဲ့ဒီ ပစ္စည်းတွေက တစ်ဝက်တစ်ပျက်ပဲ ပြီးဆုံးသေးတယ်... အဲ့ဒီအချိန်က ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ ဟေးဒီးစ်ကေရာဇ်ဟာ သူတို့ကို အဲ့ဒီ ပြင်ပလောက အတွင်းမှာ ချန်ထားခဲ့တယ်"

နင်းဝမ်ကောသည် အဝေးသို့ ကြည့်လိုက်ကာ ပျံသန်းနေရင်း ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ အချိန်အနည်းငယ် ကျင့်ကြံလိုက်ရင် သူတို့ကို တိုက်ပွဲမှာ အသုံးပြုနိုင်တယ်... အကျိုး သက်ရောက်မှုဟာ လျှိုကြီးအတွက် ချန်ထားခဲ့တဲ့ ပစ္စည်းတွေနဲ့ ဆင်တူတယ်"

ဝမ်လင်းသည် သူ၏ခေါင်းကို လှည့်၍
နင်းဝမ်ကောအား ကြည့်လိုက်သည်။
ဝိညာဥ်ပင်လယ်မှ အဖြစ်အပျက်များနှင့် လျှိုကြီး၏
နောက်ခံအား နင်းဝမ်ကောအား မပြောပြထားခဲ့ပေ။

လျှိုကြီးနှင့် နင်းဝမ်ကောတို့သည် အတူတကွ
ခရီးသွားခဲ့ကြသဖြင့် သူမက လျှိုကြီး၏
အကြောင်းအား အနည်းငယ် သိထားလျှင်
အံ့သြစရာ မရှိပေ။ သို့သော်လည်း သူမအနေဖြင့်
သူ့ဘဝနှင့် ပတ်သတ်ပြီး ဤမျှအထိ အသေးစိတ်
သိနေစရာ အကြောင်းမရှိပေ။ သူမအနေဖြင့်
ဤအရာများကို သိနေခြင်းမှာ သူမ၏
မှတ်ဉာဏ်များကို ပြန်ရပြီဟု သက်သေပြနေခြင်း
ဖြစ်သည်။

"ဆရာ ပြောထားသလိုပဲ ခင်ဗျားဟာ လျှို့ကြီးကို လမ်းညွှန်ဖို့ ဟေးဒီးစ်ကေရာဇ် ချန်ထားခဲ့တဲ့ လူပဲ" ဝမ်လင်းက ပြောလိုက်သည်။

နင်းဝမ်ကောက သူမ၏ ခေါင်းကို ညိတ်လိုက်ကာ သူမ၏ မျက်နှာအပေါ်တွင် တွေဝေနေသည့် အမူအရာ တစ်ခု ပေါ်လာခဲ့သည်။ "အမှန်အတိုင်း ပြောရရင်... ကျွန်မမဟုတ်ဘူး"

ဝမ်လင်းက ဆက်မေးလိုက်၏။ "ခင်ဗျားနဲ့ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့ရဲ့ အကြားက ဆက်ဆံမှုက ဘယ်လိုလဲ... ဘယ်သူက မူလ ခန္ဓာကိုယ် ဖြစ်ပြီး ဘယ်သူက ကိုယ်ပွားလဲ"

နင်းဝမ်ကောသည် အနည်းငယ် ငြိမ်သက်သွားကာ ပြောလိုက်သည်။ "အမှန်ဆိုရင် ကျွန်မဟာ သူမဖြစ်သလို သူမကလည်း ကျွန်မပါပဲ"

"အခုအချိန်မှာတော့ ကျွန်မဟာ သူမ မဟုတ်တော့သလို သူမကလည်း ကျွန်မ မဟုတ်တော့ဘူး"

သူမသည် ဝမ်လင်းထံသို့ လှည့်ကြည့်လိုက်၍ မိချောင်း နတ်ဘုရား၏ ကာကွယ်မှုအောက်တွင် ရှိနေသော လျှိုကြီးထံသို့ ကြည့်လိုက်ကာ သူမ၏ အမူအရာများက ရှုပ်ထွေးလာခဲ့သည်။ "ကျွန်မရဲ့ ဆရာဟာ ပေးဒီးစ်ကေရာဇ်ရဲ့ ဇနီးဖြစ်ပြီး ပေးဒီးစ်ကေရီ ဖြစ်တဲ့ လျှိုကြီးရဲ့ မိခင်ဖြစ်တယ်"

"ကျွန်မဟာ လူသားတစ်ယောက် ဖြစ်ခဲ့တယ်... ကျွန်မ ငယ်စဥ်က ကျွန်မတို့ရဲ့ ရန်သူတွေကြောင့် ကျွန်မရဲ့ မိဘတွေဟာ အသတ်ခံခဲ့ရပြီး ကျွန်မရဲ့ ရုပ်ကိုယ်ခန္ဓာက ပျက်စီးသွားခဲ့သလို စိတ်ဝိညာဥ်တွေတောင် လွင့်ပြယ်သွားခဲ့တယ်"

"ဆရာဟာ ကျွန်မကို ကယ်တင်နိုင်ခဲ့ပေမဲ့ ကျွန်မရဲ့ ဒဏ်ရာတွေက ပြင်းထန်လွန်းတဲ့ အတွက် သေပြီလို့တောင် ပြောနေနိုင်ပြီး လက်ကျန် စိတ်ဝိညာဥ် တစ်ခုသာ ကျန်နေရစ်တယ်"

နင်းဝမ်ကော၏ မျက်လုံးများသည် နက်ရှိုင်းသော တွင်းနက်တစ်ခုနှင့် တူနေ၍ သူမ၏ အကြည့်သည် အချိန်မြစ်ရေ၏ တစ်ဘက်ကမ်းသို့ ကြည့်နေသည့်အတိုင်း ဖြစ်နေသည်။

"ကျွန်မရဲ့ ဆရာဟာ အထူးနည်းလမ်း တစ်မျိုးကို သုံးပြီးမှ ကျွန်မရဲ့ အသက်ကို ကယ်တင်ခဲ့တယ်... သေလုနီးပါး အခြေအနေကနေ ကျွန်မရဲ့ ကံကြမ္မာကလည်း ပြောင်းလဲသွားခဲ့တယ်... ဒါပေမဲ့ ကျွန်မဟာ လူသားတစ်ယောက်လို့ အပြည့်အဝ မပြောနိုင်တောဘူး... အတိအကျ ပြောရရင် ကျွန်မဟာ မိစ္ဆာတစ်ဝက် ဖြစ်သွားခဲ့တယ်"

ဝမ်လင်းသည် ထိုစကားကို ကြားရသော အခါ သူ၏ အမူအရာများက မည်းမှောင်သွားသည်။
"မိစ္ဆာတစ်ဝက်... ဟုတ်လား"

နင်းဝမ်ကောက ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်... မိစ္ဆာတစ်ဝက်... ကျွန်မဆရာရဲ့ လျှို့ဝှက်

မှော်ကျိန်စာနဲ့ သူမရဲ့ ကိုယ်ပိုင် စွမ်းအားတွေနဲ့ အတူ သူမဟာ လူသားကျင့်ကြံသူ တစ်ယောက်ရဲ့ အဆီအနှစ်တွေနဲ့ ကျွန်မရဲ့ စိတ်ဝိညာဉ်နဲ့ ရုပ်ကိုယ်ခန္ဓာကို ပြန်ပြီးမှ တည်ဆောက်နိုင်ခဲ့တယ်... ကျွန်မဟာ သူမ ဖန်တီးခဲ့တဲ့ မိစ္ဆာတစ်ဝက် ဖြစ်တယ်"

"အစောပိုင်းက အနီနဲ့ အနက်ကမ္ဘာ အတွင်းက အရိုးစု ယဇ်ပလ္လင်ဟာ ကျွန်မ ပြန်လည် မွေးဖွားခဲ့တဲ့ နေရာဖြစ်တယ်... ဒီမတိုင်ခင်က လှိုဏ်ကြီးနဲ့ ကျွန်မ ရှာဖွေ တွေ့ရှိခဲ့တဲ့ ပြင်ပလောကဟာ ကျွန်မဆရာ နေထိုင်ခဲ့တဲ့ နောက်ထပ် နေရာတစ်ခု ဖြစ်တယ်... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျွန်မ ပထမအကြိမ် ပြန်လည် မွေးဖွားပြီးနောက်မှာ အဲ့ဒီနေရာမှာ နေခဲ့တယ်"

ဝမ်လင်းက သူမအား ကြည့်နေရင်း မေးလိုက်သည်။
"ပထမအကြိမ် ပြန်လည်မွေးဖွားခြင်း... ဟုတ်လား"

နင်းဝမ်ကောက ပြုံး၍ ပြန်ပြောလိုက်သည်။
"အမှန်အတိုင်း ပြောရရင် ကျွန်မရဲ့ ဒုတိယ အကြိမ် ပြန်လည် မွေးဖွားခြင်းကလည်း အဲ့ဒီနေရာမှာပဲ"

"မာစတာလင်းရဲ့ ခန့်မှန်းချက်တွေက မှန်ကန်တယ်... ဟေးဒီးစ်ကေရာဇ် ကျဆုံးပြီးနောက်မှာ ဟေးဒီးစ် မျိုးနွယ်စုတွေက မဟာကမ္ဘာကနေ ရှောင်ခွာပြီး ဟေးဒီးစ်ကေရာဇ်ရဲ့ အကြံတွေကို အကောင်အထည် ဖော်ဖို့ လူတစ်ယောက်ကို ချန်ထားခဲ့တယ်"

"သူက လျှိုကြီးကို ဟေးဒီးစ် မျိုးနွယ်စုရဲ့ အဖွဲ့ဝင် တစ်ယောက်အနေနဲ့ ပြန်လည်ဝင်စားစေပြီး ဝိညာဉ်ပင်လယ်ကို ပြန်လည် ဖွင့်လှစ်ရမယ်… ပြီးတာနဲ့ ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ဖို့ တာဝန်ယူရမယ့်သူက ကျွန်မပဲ"

နင်းဝမ်ကော၏ လေသံများသည် လေထုကဲ့သို့ ပေါ့ပါးနေကာ ဆက်ပြောလိုက်သည်။ "ကျွန်မရဲ့ တည်ရှိနေမှုဟာ ဟေးဒီးစ် မျိုးနွယ်စုရဲ့ အချို့ အဖွဲ့ဝင်တွေသာ သိနိုင်ပြီး သူတို့ဟာ ကျွန်မရဲ့ စွမ်းအား အတိုင်းအတာနဲ့ ကျွန်မဆရာရဲ့ ပါဝင်မှုကို မသိကြဘူး"

"ဒါကြောင့်မို့ ကမ္ဘာအကြားက စစ်ပွဲအတွင်းမှာ ကျွန်မဟာ ဟေးဒီးစ်ကေရာဇ်ရဲ့ လျှို့ဝှက် ဖဲချပ်ဆိုတာကို ဘယ်သူကမှ မသိခဲ့ကြဘူး"

"ကျွန်မဟာ ကျွန်မကိုယ်ကိုယ် ကမ္ဘာကြီးကနေ အဆက်မသွယ် မဖြတ်ထားခဲ့ပေမဲ့ အချိန် အတော်များများမှာ သိုသိုသိပ်သိပ်ပဲ နေခဲ့တယ်... ကျွန်မဟာ ဟေးဒီးစ်ကေရာဇ်နဲ့ ကျွန်မဆရာရဲ့ နောက်ဆုံး အမိန့်တွေကို လိုက်နာပြီး လျှို့ကြီးရဲ့ ပြန်လည် ဝင်စားမှုကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေခဲ့တယ်... ဒါက မူလ အစီအစဥ် ဖြစ်တယ်"

နင်းဝမ်ကောက သက်ပြင်းချလိုက်သည်။ "ဒါပေမဲ့ နှစ်ပေါင်း ဖ၀၀လောက် အကြာမှာ ကျွန်မရဲ့

ခန္ဓာကိုယ် အတွင်းမှာ တစ်စုံတစ်ခု ဖြစ်လာခဲ့တယ်... ဟေးဒီးစ် ကေရာဇ်က ဒါကို မမျှော်လင့်ထားခဲ့သလို ကျွန်မဆရာနဲ့ ကျွန်မ ကိုယ်တိုင်ကလည်း မမျှော်မှန်းထားမိဘူး"

"ဒါက အဲ့ဒီ အခမ်းအနားရဲ့ ဘေးထွက်ဆိုးကျိုး ဖြစ်နိုင်တယ်... ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအပြီး နှစ်ပေါင်း ၅ဂဂလောက် ကြာတော့ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ ထူးခြားတဲ့ အဖြစ်တွေ အများကြီး ဖြစ်လာခဲ့တယ်... မသေဝိညာဉ် တတိယ အဆင့်မှာ ရောက်နေခဲ့ပေမဲ့ ကျွန်မရဲ့ စိတ်ဝိညာဉ်ဟာ မတည်မငြိမ် ဖြစ်လာခဲ့တယ်"

နင်းဝမ်ကောသည် သူမ၏ မသေ မိစ္ဆာဝိညာဉ်သည် ကွဲပြားသော အသိစိတ် နှစ်ခုအဖြစ်သို့

ပြောင်းသွားခဲ့ကြောင်းကို ပြန်လည် အမှတ်ရလာခဲ့သည်။

ထိုအရာအား ဖြေရှင်းနိုင်ရန် နှစ်ပေါင်း တစ်ရာခန့်ကြာအောင် ကြိုးစားခဲ့သော်လည်း သူမသည် မအောင်မြင်နိုင်ခဲ့ပေ။ ထို့ကြောင့် သူမသည် အနီနှင့် အနက်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ခဲ့ရကာ အရိုးစု ယဇ်ပလ္လင်ဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက အခမ်းအနားကို ထပ်မံ ပြုလုပ်ပြီး သူမ၏ စိတ်ဝိညာဉ်အား တည်ငြိမ်အောင် ကြိုးစားခဲ့သည်။

မည်သူက သိမည်နည်း၊ ထိုအခမ်းအနား၏ အကျိုးသက်ရောက်မှုသည် လုံးဝ ပြောင်းပြန် ဖြစ်သွားခဲ့သည်။ သူမ၏ စိတ်ဝိညာဉ်သည်

မတည်ငြိမ်လာခဲ့ရုံသာ မကပဲ သူမ၏ အသိစိတ်
နှစ်ခုသည် ကွဲကွာသွား၍ တစ်ခုမှ လူသားဝိညာဉ်
ဖြစ်သွားပြီး တစ်ခုမှာ မိစ္ဆာဝိညာဉ် ဖြစ်သွားသည်။

ပို၍ ထူးဆန်းသည်မှာ သူမ၏ ခန္ဓာကိုယ်ကလည်း
ပြောင်းလဲသွားခြင်း ဖြစ်သည်။ လူသား
ကျင့်ကြံသူ၏ အင်မော်တယ် ဝိညာဉ်
အဆီအနှစ်များဖြင့် ပေါင်းစည်းထားသော သူမ၏
အသွေးအသားများသည် လူသားဝိညာဉ်နှင့်
ပေါင်းသွားကာ အင်မော်တယ် ဝိညာဉ် အဆင့်မှ
လူသားတစ်ယောက် ဖြစ်လာသည်။

သို့ရာတွင် သူမ၏ အသွေးအသား တစ်ပိုင်းသည်
မိစ္ဆာဝိညာဉ်နှင့် ပေါင်းစည်းသွားကာ နတ်ဘုရား

မူလ အစစ်အမှန် စိတ်ဝိညာဉ် ပုံစံဖြင့်
မိစ္ဆာတစ်ကောင်ကို မွေးဖွားပေးခဲ့သည်။

ထိုခန္ဓာကိုယ် နှစ်ခုတို့သည် အနီနှင့် အနက်ရောင်
ကမ္ဘာအပြင်သို့ အပို့ခံခဲ့ရကာ နောက်ဆုံးအချိန်တွင်
ရှေးဟောင်း စေတန်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူ
ကျန်းဆောင်ယန် ချန်ထားခဲ့သော အနက်ရောင်
သလင်းကျောက်ကပင် ပျက်စီးသွားခဲ့သည်။

ထိုသလင်းကျောက် ပျက်စီးသွားချိန်မှ စ၍
နင်းဝမ်ကောသည် ယခင်က ဖြစ်ပျက်ခဲ့သမျှ သူမ၏
မှတ်ဉာဏ်များ အားလုံးကို ဆုံးရှုံးသွားခဲ့ပြီး
ယနေ့မှသာ လွန်ခဲ့သော နှစ်ပေါင်း၄ဂဂဂက
အရာများကို ပြန်လည် မှတ်မိနိုင်ခဲ့ခြင်း ဖြစ်သည်။

နင်းဝမ်ကောက ဆက်ပြောလိုက်သည်။ "ကျွန်မက လူသားဖြစ်ပြီး ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက မိစ္ဆာဖြစ်တယ်"

မိချောင်း နတ်ဘုရားသည် ထိုအရာကို ကြားရသောအခါ သူ၏ မျက်နှာတွင် အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်လာသည်။ "ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀၀ကျော်က ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ စတင်ပြီး နာမည်ကျော်လာခဲ့ပြီး ခင်ဗျားကလည်း နာမည်တစ်လုံး ရနိုင်ခဲ့တယ်"

"ခင်ဗျားတို့က ကွဲပြားသွားတဲ့ အချိန်မှာ မသေဝိညာဥ် တတိယ အဆင့်က မိစ္ဆာနဲ့

အင်မော်တယ် ဝိညာဉ် အဆင့်က လူသားတွေ ဖြစ်သွားကြတာလား"

"ဒီလိုသာ ဆိုရင် ကျုပ်တို့က တစ်ယောက်ထဲကနေ အစွမ်းထက်တဲ့ ကျင့်ကြံသူ နှစ်ယောက်ကို လုပ်လို့ရတာပေါ့"

နင်းဝမ်ကောက သူမ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ဆရာက ကျွန်မကို ကယ်တင်ခဲ့စဉ်က ရတနာ တစ်မျိုးတည်းကိုသာ သုံးခဲ့တာ မဟုတ်ဘူး... ရတနာ တစ်မျိုးကိုတောင် ရှာဖို့ ခက်ခဲတော့ သူတို့အားလုံးကို စုစည်းဖို့က မဖြစ်နိုင်သလောက်ပဲ"

ဝမ်လင်းသည် ထိုစကားကို ကြားခဲ့ရသော အခါ ခေတ္တမျှ စဉ်းစားလိုက်ပြီး ပြောလိုက်သည်။ "ဒါကို စဉ်းစားဖို့ မလွယ်သလို ယုံကြည်ဖို့လည်း ခက်ခဲတယ်… ဒါပေမဲ့ တကယ်လို့ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာရဲ့ အစိတ်အပိုင်းတချို့ ကျန်ခဲ့ရင် မဖြစ်နိုင်တာတော့ မဟုတ်ဘူး… ဒါပေမဲ့ အခုအချိန်မှာတော့ ကျုပ်က စဉ်းစားလို့ မရနေဘူး"

နင်းဝမ်ကောက ခါးသီးစွာဖြင့် ပြုံးကာ ပြောလိုက်သည်။ "ကျွန်မလည်း မစဉ်းစားနိုင်ဘူး… တကယ်လို့ ကျွန်မက တတ်နိုင်ခဲ့ရင် ဟိုအဖြစ်က ဖြစ်လာခဲ့မှာ မဟုတ်ဘူး… ဆရာက ဘာပဲပြောပြော ကျွန်မထက် အများကြီး အစွမ်းထက်တယ်"

ဝမ်လင်း၏ အကြည့်သည် သူမအပေါ်သို့ ကျရောက်သွား၍ ငြိမ်သက်စွာဖြင့် စိုက်ကြည့်နေရင်း ပြောလိုက်သည်။ "တကယ်လို့ ဟိုနှစ်တွေက ပြောင်းလဲမှုသာ မဖြစ်ခဲ့ရင် ဟေးဒီးစ် မျိုးနွယ်စုတွေက ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ပြီး မဟာကမ္ဘာ အတွင်းကို ပိုပြီးစောစော ဆင်းသက်လာနိုင်ခဲ့မှာပဲ"

နင်းဝမ်ကောက ဖွဖွလေး ပြုံး၍ ပြောလိုက်သည်။ "ရှင်ဆိုလိုနေတဲ့ အဓိပ္ပာယ်ကို ကျွန်မ နားလည်တယ်… ဒါပေမဲ့ ကျွန်မက အခုအချိန်မှာ လက်ရှိ အခြေအနေကို ပိုကြိုက်တယ်… တကယ်လို့ ဟိုနှစ်တွေက အပြောင်းအလဲ မဖြစ်လာရင် ဟေးဒီးစ်ကေရီရဲ့ တပည့် မိုယွင်ကျိဟာ သူမဆရာနဲ့

ဟေးဒီးစ် ကေရာဇ်တို့ရဲ့ နောက်ဆုံး ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ခဲ့မှာ"

သူမသည် ခေတ္တမျှ ရပ်နားပြီး ဆက်ပြောလိုက်သည်။ "ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ဒီအကြောင်းကို သိသွားအပြီးမှာ ဘာဆက်လုပ်မလဲ ဆိုတာကို ကျွန်မက မသေချာနေဘူး"

"ကျွန်မတို့ဟာ အချင်းချင်းရဲ့ ကိုယ်ပွားတွေ မဟုတ်ကြဘူး... ကျွန်မတို့ရဲ့ မှတ်ဉာဏ်တွေကို ပြန်လည် ရနိုင်အပြီးမှာတောင် ကျွန်မတို့ဟာ စိတ်ချင်း မဆက်သွယ်နိုင်ခဲ့ဘူး... ကျွန်မဟာ သူမအခု ဘာစဉ်းစားနိုင်သလဲ ဆိုတာကို မသိနိုင်ပေမဲ့ ကျွန်မရဲ့ မှတ်ဉာဏ်တွေကို

ပြန်ရအပြီးမှာ သူမကလည်း ပြန်ရနိုင်တယ်လို့ ခံစားနေရတယ်"

## စာစဥ် ၆၉ : အပိုင်း ၈

## အပိုင်း ၁၃၃၈ : ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ စွမ်းအား အစစ်အမှန်

ဝမ်လင်းနှင့် နင်းဝမ်ကောတို့သည် ဟင်းလင်းပြင်အား ချိုးဖောက်ကာ အရှေ့သို့ ပျံသန်းလာကြရာ နင်းဝမ်ကောက ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။

"ကျွန်မက အရာအားလုံးကို သဘောပေါက်သွား အပြီးမှာ အနီနဲ့ အနက်ကမ္ဘာကို ပြန်သွားဖို့ မလိုတော့ဘူး… ကျွန်မက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ အဆီအနှစ်ကို ဝါးမျိုလိုက်ရင်… ဒါမှမဟုတ် သူမက ကျွန်မရဲ့ အဆီအနှစ်ကို ဝါးမျိုလိုက်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်း၄၀၀၀ကျော်က မှတ်ဉာဏ်တွေကို ပြန်ရနိုင်တယ်… ဒါပေမဲ့ ဒါက ကျွန်မရဲ့ တတိယမြောက် ပြန်လည် မွေးဖွားခြင်း ဖြစ်လာပြီး စတုတ္ထမြောက် ကျွန်မ ဖြစ်လာလိမ့်မယ်"

"ဒီနှစ်တွေအတွင်းမှ ကျွန်မက အချိန်အများစုကို ယင်ပင်လယ် အတွင်းမှာပဲ ကုန်ဆုံးခဲ့တဲ့ အတွက် ကျွန်မတို့ နှစ်ယောက်က တစ်ခါမှ မတွေ့ခဲ့ဘူး"

သူမသည် ခေါင်းကိုခါ၍ ဆက်ပြောလိုက်သည်။
"ပြီးတာနဲ့ ကျွန်မဟာ ယင်ပင်လယ် အတွင်းမှာ
သူမရဲ့ စွမ်းအားတွေကို အာရုံခံမိလိုက်တော့
ကျွန်မရဲ့ စိတ်ဝိညာဉ်ဟာ မတည်မငြိမ်
ဖြစ်သွားခဲ့တယ်... ဒါကြောင့်မို့ တခြားမိစ္ဆာတွေက
ဒီအဖြစ်ကို သူမကို ပြန်ပြီးမှ တင်ပြမှာပဲ... သူမက
အကြောင်းရင်းကို မသိပေမဲ့ သူမဘာသာ
ခန့်မှန်းချက်တွေ ချနိုင်ခဲ့လိမ့်မယ်လို့ ကျွန်မက
ပြောနိုင်တယ်"

"ရှင့်ဆရာရဲ့ ကာကွယ်မှုသာ မရှိနေရင်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ
ကျွန်မကို ဖမ်းဆီးပြီး ဖြစ်နေလိမ့်မယ်"

ဝမ်လင်းက အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "အခု ခင်ဗျားပြောသလိုဆိုရင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ ခင်ဗျားနဲ့ အတူတူပဲဆိုတော့ သူမကလည်း မိုယွင်ကျိရဲ့ မှတ်ဉာဏ်တွေကို ပြန်ရခဲ့တာပေါ့"

နင်းဝမ်ကောက သူမ၏ခေါင်းကို ညိတ်၍ ပြန်ဖြေလိုက်သည်။ "အဲ့ဒီအချိန်က ကျွန်မက အာရုံခံခဲ့ရတယ်... ဒါက သေချာတယ်"

ဝမ်လင်း၏ အမူအရာသည် မပြောင်းလဲပဲ သူ၏ အကြည့်မှာ လင်းလက်လာ၍ ပြောလိုက်သည်။ "ဝိညာဥ်ပင်လယ် အတွင်းက အဖြစ်အပျက်က အရေးကြီးတယ်... ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက သူမကိုယ်ပိုင် အကြံတွေရှိနိုင်သလို

မိုယွင်ကျိ အနေနဲ့ ဟေးဒီးစ် မျိုးနွယ်စု အပေါ်မှာ သစ္စာခံပြီး ဟေးဒီးစ်ကေရာဇ်ရဲ့ အစီအစဥ်တွေကို ပြီးမြောက်အောင် ကူညီပေးနိုင်တယ်"

"သူမက ဒီအဖြစ်အပေါ်မှာ အလေးအနက် သဘောထားနေမှာပဲ... အခုကြည့်ရတာ ကျုပ်တို့ သွားနေတဲ့ နေရာကို သူမကလည်း လာနေလိမ့်မယ်"

ဝမ်လင်း၏ ခန့်မှန်းချက်အရ ပထမ ဖြစ်နိုင်ခြေမှာ ပို၍ ဖြစ်နိုင်ပေသည်။ ဘာပဲပြောပြော ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ခေါင်းဆောင်ဖြစ်နေသည်မှာ နှစ်ပေါင်း ၄ဝဝဝနီးပါး ရှိနေပြီ ဖြစ်၍ သူမ၏ ရည်ရွယ်ချက်မှာ ကြီးမားပြီး

သူမ၏ ကိုယ်ပိုင် စွမ်းအားများကို တိုးချဲ့နိုင်ရန် နည်းလမ်းမျိုးစုံ ရှာဖွေနေမည် ဖြစ်သည်။

ဟေးဒီးစ် မျိုးနွယ်စုနှင့် စာလျှင် သူမသည် အားနည်းနေသော်လည်း အရှုံးပေးလိမ့်မည် မဟုတ်ချေ။

ရည်မှန်းချက် ဟူသည်မှာ တစ်ခါက် ထားခဲ့ပြီးလျှင် သူ့အား ဖယ်ရှားရန် ခက်ခဲပေသည်။ ခေါင်းဆောင် ဖြစ်ခဲ့ဖူးသော သူများသည် အခြေအနေ အကြီးအကျယ် ပြောင်းလဲသွားခြင်း မရှိလျှင် အခြားသူများကို အညွှံခံလိုကြမည် မဟုတ်ချေ။

တည်ငြိမ်၍ ဖော်ရွေကာ ကမ္ဘာကြီးနှင့်
ပတ်သတ်လိုခြင်း မရှိသော နင်းဝမ်ကောကပင်
သူမသည် သူမ၊ မိုယွင်ကျိသည် မိုယွင်ကျိဟု
အမြဲတမ်း တွေးနေခဲ့သည်။ ကောင်းကင်ကျက်သရေ
မဟာပဏ္ဍိတက မည်ကဲ့သို့ တွေးလိမ့်မည်နည်း။

သူမ၏ စွမ်းအားများသည် လုံးဝ ကျဆင်းသွားပြီး
သူမသည် လုံးဝ ပြန်မလာနိုင်တော့သည်
အခြေအနေသို့ မရောက်မချင်း သူမသည် ဟေးဒီးစ်
မျိုးနွယ်စုနှင့် ပူးပေါင်းမည် မဟုတ်ချေ။

ထို့အတူ ဟေးဒီးစ် မျိုးနွယ်စုများကလည်း သူမ၏
နောက်ခံကို သိသွားပါက သူတို့အချင်းချင်း
တစောင်းစေးနှင့် မျက်ချေး ဖြစ်သွားကြပေမည်။

အချို့ အခြေအနေများတွင် သူတို့သည်
အကန့်အသတ်ဖြင့် ယာယီ
ပူးပေါင်းဆောင်ရွက်နိုင်သော်လည်း
မဟာလွင်တီးခေါင် ကုန်းမြေမှ အစွမ်းထက်သော
မိစ္ဆာများ အကြားတွင် ကောင်းကင်ကျက်သရေ
မဟာပဏ္ဍိတ အနိုင်မယူနိုင်သော အုပ်စုမှာ
ဟောဒီးစ် မျိုးနွယ်စုပင် ဖြစ်ပေလိမ့်မည်။

ဝမ်လင်းသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ
ပြီးဆုံးသွားသော အချိန်တွင် သူ့ဆရာ လင်းဖုန်းက
ပြောခဲ့သော အရာတစ်ခုကို ရုတ်တရက်
အမှတ်ရလာသည်။ "ဟောဒီးစ် မျိုးနွယ်စုက
မဟာကမ္ဘာကို ပြန်လာခြင်းဟာ
တစ်စုံတစ်ယောက်ကို ပြဿနာ အကြီးအကျယ်
ဖြစ်စေပြီး သူက လုံ့လကြီးစွာနဲ့ ဖြေရှင်းရလိမ့်မယ်"

ထိုအချိန်က သူ့တပည့်များသည် သူ့စကား နောက်ကွယ်မှ အဓိပ္ပာယ်များကို နားမလည်ခဲ့ကြပေ။ ယခုအချိန်တွင် ပြန်လည် စဉ်းစားမိသော အခါ ဝမ်လင်းသည် အတွေးတချို့ ရလာပေသည်။ လင်းဖုန်းသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကို ဆိုလိုနေသည်မှာ သိသာနေသည်။

လင်းဖုန်းသည် နင်းဝမ်ကောအား ကြည့်၍ ပြောလိုက်သည်။ "ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ ဒါမှမဟုတ် မိုယွင်ကျိရဲ့ စွမ်းအား အစစ်အမှန်တွေက ဘယ်လောက် ရှိသလဲ"

နင်းဝမ်ကောက ပြောလိုက်သည်။ "မိုယွင်ကျိ
ဒါမှမဟုတ် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့
စွမ်းအား အရင်းအမြစ်တွေက ကျွန်မဆရာထံက
လာခဲ့တာ... ကောင်းကင်တာအို မိစ္ဆာကျမ်းစာရဲ့
ပထမ အပိုင်းအပြင် သူမဟာ ကျန်တဲ့
အပိုင်းတွေကိုလည်း ကျင့်ကြံပြီးလောက်ပြီ"

"ကျွန်မက မသေဝိညာဉ် တတိယ အဆင့်ကို
တက်လှမ်းခဲ့စဉ်က ကျွန်မရဲ့ မူလ အစစ်အမှန်
စိတ်ဝိညာဉ် ပုံစံက ကျွန်မရဲ့ မိစ္ဆာခန္ဓာကိုယ်နဲ့
မိစ္ဆာဝိညာဉ်တို့ကို ဖန်ဆင်းခဲ့ပြီး ကျွန်မဆရာနဲ့
တူညီတဲ့ မိစ္ဆာအဖြစ်ကို ပြောင်းသွားခဲ့တယ်...
ဒါပေမဲ့ ဒါတွေရဲ့ အခြေခံက တိမ်တိုက်တွေပဲ"

နင်းဝမ်ကောသည် အနည်းငယ်
တိတ်ဆိတ်သွားပြီးမှ ဆက်ပြောလိုက်သည်။
"ကျွန်မဟာ ကျွန်မဆရာရဲ့ စွမ်းအား
အတိမ်အနက်ကို နားမလည်နိုင်ပေမဲ့
ကျွန်မဆရာဟာ မိစ္ဆာ အစစ်အမှန် မဟုတ်ပဲ
ကျွန်မလိုမျိုး မိစ္ဆာတစ်ဝက် ဖြစ်တယ်လို့
အာရုံခံနိုင်တယ်"

ဝမ်လင်းသည် ထိုစကားကို ကြားခဲ့ရသော အခါ
သူ၏ မျက်လုံးအစုံမှာ
ကျဉ်းမြောင်းသွားခဲ့သော်လည်း ဘာမှ မပြောခဲ့ပေ။
နင်းဝမ်ကောက ဆက်ပြောလိုက်၏။
"စွမ်းအားနေရာမှာ မိုယွင်ကျိ ဒါမှမဟုတ်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ
ကျွန်မဆရာနဲ့ နေရာသုံးမျိုးမှာ ဆင်တူနေတယ်"

"ပထမ... သူမဟာ သူမကိုယ့်ကိုယ်
ဖုံးကွယ်ထားရာမှာ အမတန်မှ ထူးချွန်တယ်...
အဲ့ဒီနေရာမှာ သူမဟာ အခြားသူတွေထက်
အများကြီး အထက်တန်းကျပြီး
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ စွမ်းအား
အစစ်အမှန်ကို တွေ့ရဖို့ အတော်လေး ခက်ခဲတယ်"

"တစ်ယောက်ဟာ သူမရဲ့ စွမ်းရည်တွေကို သိလိုရင်
အဆင့်တစ်ခုကို ရောက်ရမှာ ဖြစ်တယ်... ဒါပေမဲ့
သူမရဲ့ ဗီပရာလိုပါ အဆင့်က စွမ်းရည်တွေနဲ့ဆိုရင်
မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးမှာ သူမကို
ထွင်းဖောက်မြင်နိုင်တဲ့ သူအနည်းငယ်သာ
ရှိလိမ့်မယ်" နင်းဝမ်ကောက ပြောလိုက်သည်။

"ဒါက သူမကိုယ်ကိုယ် ဖုံးကွယ်ထားဖို့ ကူညီပေးခဲ့တယ်… ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ စွမ်းရည်တွေကို ဖုံးကွယ်ထားနိုင်တဲ့ အစွမ်းဟာ ယောက်သွားတွေ ဒါမှမဟုတ် ရွှေပုစဉ်းထက်တောင်မှ ပိုသာနိုင်တယ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဆရာ ကျဆုံးခဲ့ရတာဟာ သူမရဲ့ စွမ်းအားတွေကြောင့် မဟုတ်ဘူး"

"ဒုတိယ… ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ မာစတာလင်းဟာ သူမရဲ့ စွမ်းအားတွေကို အစွမ်းကုန် ထုတ်ဖော်ဖို့ ဖိအားပေးနိုင်ခဲ့တယ်… ဒါက သူမက ဘယ်သူဆိုတာကို ပေါ်လွင်စေခဲ့ပြီး တခြား မိစ္ဆာတွေနဲ့ မတူပဲ သူမအနားက

တိမ်တိုက်တွေ မလွင့်ပြယ်သေးသရွေ့ သူမက ပြန်လည် သက်သာနိုင်စွမ်း ရှိတယ်... ဒါကြောင့် သူသေကိုယ်သေ တိုက်ပွဲမှာ သူမဟာ သူမအဆင့်ထက် သာတဲ့ စွမ်းရည်တွေကို ထုတ်ဖော်နိုင်တယ်"

နင်းဝမ်ကောက ဆက်ပြောလိုက်သည်။ "တတိယ အနေနဲ့ သူမရဲ့ ကပ်ဘေးတွေကို ရင်ဆိုင်ပြီး ပြန်လည် သက်သာလာမှုဟာ သာမန် မိစ္ဆာတွေထက် အများကြီး ပိုမြန်တယ်"

"လူအများစု အတွက် ပထမနဲ့ ဒုတိယ ကပ်ဘေးမှာ အန္တရာယ် အကြီးမားဆုံးဟာ ပထမ ကပ်ဘေးပဲ ဖြစ်တယ်... ဒါက ဆရာနဲ့ ကောင်းကင်ကျက်သရေ

မဟာပဏ္ဍိတတို့ အတွက် အကျိုး သက်ရောက်မှုက အမတန်မှ ကြီးမားတယ်"

"အရေးအကြီးဆုံး အရာက ကပ်ဘေးကို ပထမဆုံး အကြိမ် ရင်ဆိုင်ပြီးရင် နောက်ပိုင်း ကပ်ဘေးတွေက အများကြီး ပိုလွယ်သွားတယ်… ဒါ့အပြင် ကပ်ဘေးတွေကို ရင်ဆိုင်ပြီးသွားရင် ကြုံရတဲ့ အားနည်းမှု အချိန်ကလည်း ပိုတိုသွားတယ်"

"ရွှေပုစဉ်းနဲ့ စာရင် သူတို့က အများကြီး ပိုပြီးမှ အစွမ်းထက်တယ်… ဒါပေမဲ့ သူတို့ရဲ့ အသွေးအသားတွေက တခြား မိစ္ဆာတွေကို ပြန်လည် သက်သာအောင် မကူညီပေးနိုင်ဘူး… ဒီအကြောင်းကို သိတဲ့သူက အမတန်မှ နည်းပါးတယ်"

ဝမ်လင်းသည် ထိုအကြောင်းကို ကြားလိုက်သော အခါ သူ၏ မျက်မှောင်များက ကြုတ်သွားသည်။ "ဒီလိုဆိုရင် သူတို့ဟာ မဟာကမ္ဘာ အတွင်းမှာ နှစ်ထောင်ပေါင်း အနည်းငယ်နဲ့ ဗီပရာလိုပါ အဆင့်ကို တက်လှမ်းနိုင်တာပေါ့... တကယ်လို့ သူမဟာ ကပ်ဘေး အနည်းငယ်ကိုပဲ ရင်ဆိုင်ရရင်တောင် ပြန်လည် သက်သာနိုင်တဲ့ ဒီအမြန်နှုန်းက အတော်လေး မြန်မနေဘူးလား"

နင်းဝမ်ကောက သူမ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "ရှင်ပြောတဲ့ အခြေအနေ အကြောင်းကို ကျွန်မ နားလည်တယ်... ဟုတ်တယ်... ဒါက ဒီလောက်အထိ မမြန်နိုင်ဘူး... ဆရာက ဟိုနှစ်တွေတုံးက ဒီလိုမျိုး

မစွမ်းဆောင်နိုင်ခဲ့ဘူး… ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကလည်း ဒီလိုမျိုး လုပ်နိုင်လိမ့်မယ်လို့ ကျွန်မမထင်ဘူး"

ဝမ်လင်းသည် ထိုအရာကို ကြားလိုက်သော အခါ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားပြီး နှလုံးခုန် မှားသွားခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် မိစ္ဆာများကို တိုက်ခိုက်သည့် နေရာတွင် အပြည့်အဝ ပူးပေါင်းခြင်း မရှိခဲ့သော်လည်း လူသားများ အချင်းချင်း ဖြစ်ကြသဖြင့် သတင်း အချက်အလက်များကို ဖလှယ်ခဲ့ကြသည်။

ဟေးဒီးစ် မျိုးနွယ်စုများ ဆင်းသက်လာသော အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင် ဘုရားကျောင်းအား တတ်နိုင်သမျှ အစောဆုံး အကြောင်းကြားခဲ့သည်။

နဂါးများ၏ ခေါင်းဆောင်ဖြစ်သော မူလနဂါး ဘုရင်၏ ကြမ္မာပန်းတိုင် ဒုတိယကပ်ဘေးမှ ပြန်လည် သက်သာလာမှုအားလည်း ဟင်းလင်းပြင် ဘုရားကျောင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် အခြားဂိုဏ်းများကို အကြောင်းကြားခဲ့သည်။

နဂါးများ အထူးသဖြင့် ရှေးပဝေသဏီမှ သန့်စင်သော သွေးမျိုးဆက် နတ်နဂါးတို့၏

စွမ်းအားများသည် အမတန်မှ ကျယ်ပြန့်သည်။ ထိုအရာသည် လူတိုင်း သိထားပြီးသော အရာတစ်ခု ဖြစ်သည်။ သို့ရာတွင် နဂါးများတွင် ကြီးမားသော စွမ်းအားများ ရှိသော်လည်း အားနည်းနေသည့် အချိန်ကာလတွင် ဤမျှအထိ လျင်မြန်စွာ သက်သာလာနိုင်မည် မဟုတ်ချေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူတို့ထံမှ အကူအညီကို ယူခဲ့သည်မှာလည်း မဖြစ်နိုင်ပေ။ သို့သော်လည်း ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ထူးခြားဆန်းကြယ်သော အရာတစ်ခုနှင့် တွေ့ကြုံခဲ့၍ နဂါးများကလည်း ထိုမှတဆင့် အကျိုးအမြတ် ရနိုင်ခဲ့သည်မှာ ဖြစ်နိုင်သည်။

ဝမ်လင်းသည် ထိုအကျိုးအမြတ်က ဘယ်ကနေ ရလာသည်ကို ဂရုမစိုက်ပေ။ သူဂရုစိုက်နေသည်မှာ အနာဂတ်တွင် ထိုကဲ့သို့ ဖြစ်လာနိုင်သလော ဟူသည်ကို ဖြစ်သည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကိုမူ ပူပန်စရာ မလိုပေ။ သူမသည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးကို ရင်ဆိုင်ရန် အချိန်များစွာ လိုသေးသည်။ သို့သော်လည်း မူလနဂါး ဘုရင်သည် ဒုတိယ ကပ်ဘေးအား ဒုတိယ အကြိမ် ထပ်မံ ရင်ဆိုင်ခဲ့ပါက သူ၏ ပြန်လည် သက်သာရန် အချိန်သည် ပို၍ တိုတောင်းသွားနိုင်မည်လော။

ဝမ်လင်းသည် ထိုအကြောင်းကို တွေးခဲ့ပြီး မဟာစေတန် ကိုယ်ပွားမှတဆင့် အရာအားလုံးကို လင်းဖုန်းထံသို့ တင်ပြလိုက်သည်။

ပြီးတာနှင့် ဝမ်လင်းသည် နင်းဝမ်ကောအား ကြည့်၍ ပြောလိုက်သည်။ "ခင်ဗျားပြောခဲ့တဲ့ နေရာကို သွားကြစို့"

"ကျုပ်တို့က ဂျူနီယာ လျှိုကြီးကို အတူခေါ်သွားမယ်… မိချောင်း နတ်ဘုရားရဲ့ စွမ်းအားတွေက ထူးချွန်ပေမဲ့ အခုလက်ရှိ အခြေအနေအရ ဂျူနီယာ လျှိုကြီးကို သူတစ်ယောက်တည်း ပြန်ခေါ်သွားရင် အန္တရာယ် များတယ်"

"ဒုတိယ စီနီယာနဲ့ ဂျူနီယာလေးတို့က ကျုပ်တို့နဲ့ တွေ့ဖို့ လမ်းပေါ်မှာ ရောက်နေပြီ"

ဇူရီနှင့် ရှီထျန်းဟောင်တို့က လာနေပြီကို ကြားရသော အခါ နင်းဝမ်ကောက သူမ၏ ခေါင်းကို ညိတ်လိုက်သည်။ ဇူရီနှင့် သူ၏ ဟီဂန် ရွှေရောင်တံတား ရှိနေပါက သူတို့သည် ကျင်းယန်ကို ရင်ဆိုင်နိုင်သည်။ ပို၍ အရေးကြီးသည်မှာ သူတို့သည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကိုလည်း ရင်ဆိုင်ရဦးမည် ဖြစ်သည်။

နင်းဝမ်ကောက ဆက်ပြောလိုက်သည်။ "ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ မာစတာလင်းကြောင့်မို့ သူမရဲ့ အစစ်အမှန် ပုံစံကို

ဖြို့ခွဲခဲ့ရပြီး ထွက်ပြေးခဲ့ရတယ်… ဒီလောက် အချိန်တိုတိုလေး အတွင်းမှာ သူမရဲ့ အထူးစွမ်းရည်နဲ့တောင် သူမဟာ ပြန်လည် သက်သာလာနိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ သူမဟာ ဘုံရန်သူကို ရင်ဆိုင်ဖို့ အတွက် ဟေးဒီးစ် မျိုးနွယ်စုနဲ့ ပူးပေါင်းနိုင်တယ်… ဒါပေမဲ့ ဒါက သူတို့နှစ်ဘက်က အရင်တွေ့မှ ဖြစ်နိုင်တယ်… အခုအချိန်မှာ သူမက ဘယ်နေရာမှာလဲ ဆိုတာကို ကျွန်မတို့ မသိဘူး"

အကယ်၍ သူတို့သည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် အရင် တွေ့ခဲ့ပါက ဇူရီနှင့် သူ၏ ဟီဂန် ရွှေရောင်တံတား မရှိပဲ ဝမ်လင်းနှင့်

နင်းဝမ်ကောတို့သည် ခက်ခဲသော အခြေအနေသို့ ကျရောက်သွားနိုင်သည်။

စွမ်းအားများ အနေဖြင့် ကျင်းယန်သည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက သူမ၏ အစစ်အမှန် ပုံစံကို မဖော်ပြခဲ့ပါက သူမထက်ပို၍ အစွမ်းထက်သည်။ သို့သော်လည်း ဝမ်လင်းအတွက်မူ သူမသည် ပို၍ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်သည်။

အကယ်၍ သူသည် ကျင်းယန်နှင့် ရင်ဆိုင်ရပါက သူနှင့် ရင်ဆိုင်နိုင်ဦးမည် ဖြစ်သော်လည်း ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် တွေ့ခဲ့ပါက သူမကို ရင်ဆိုင်ရန် ခက်ခဲပေသည်။

ဝမ်လင်းက ပြောလိုက်သည်။ "ဒါတွေကို ပြောနေလို့ ဘာမှ အကျိုးမရှိဘူး... အမြန်သွားကြစို့"

နင်းဝမ်ကောသည် သူမ၏ခေါင်းကို ညိတ်လိုက်သည်။ အရေးကြီးသည့် အရာမှာ ထိုနေရာသို့ အမြန်ဆုံး ရောက်နိုင်ရန် ဖြစ်သည်။ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကို ထည့်မတွက်လျှင်ပင် ကျင်းယန်နှင့် ယွင်ချန်းတို့သည် လေပြင်းမုန်တိုင်း ငြိမ်သက်သွားသည်နှင့် ထိုနေရာသို့ ရောက်လာကြမည် ဖြစ်သည်။

သူတို့နှစ်ယောက်သည် ဟင်းလင်းပြင် အတွင်းတွင် ပျံသန်းလာရင်း ရုတ်တရက်ပင် သူတို့အရှေ့မှ

အဖြူရောင် အလင်းတန်းသည် အနည်းငယ် တုန်ခါသွားခဲ့သည်။

"ကျွန်မတို့ ရောက်ပြီ" နင်းဝမ်ကောက ပြောလိုက်ပြီး ချက်ချင်းပင် သူမ၏ အမူအရာ ပြောင်းသွားခဲ့သည်။ "တစ်စုံတစ်ယောက်က ကျွန်မတို့ အရင် ရောက်နေတယ်"

သူမ၏ လက်ကို ဝှေ့ယမ်းလိုက်ရာ သူမ၏ အရှေ့မှ အနက်ရောင် ဟင်းလင်းပြင် အတွင်းတွင် ပိုးထည်ပါး တစ်လွှာကဲ့သို့ ရောင်စုံ အလင်းတန်း တစ်ခု ပေါ်လာသည်။ နင်းဝမ်ကောသည် သူမ၏ စွမ်းအားများကို အသုံးပြုခဲ့သော အခါတွင် ထိုအရာသည် ရေပြင်ကဲ့သို့ ဂယက်ထလာသည်။

နင်းဝမ်ကောသည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။ "သူမပဲ"

ဝမ်လင်းသည် သူ၏ စင်စစ် ဖြစ်တည်မှုကို ဖော်ပြလိုက်ရာ သူ၏ မျက်လုံးအစုံသည် ကြေးမုံကွဲသို့ လင်းလက်လာ၍ အလင်းတန်းများဖြင့် တောက်ပလာပြီး ပုံရိပ်များစွာ ပေါ်လာသည်။

ဤအချိန်တွင် ဝမ်လင်းသည် အလင်းတန်းများ မှတဆင့် ကမ္ဘာအကြားမှ လမ်းကြောင်းတစ်ခုကို တွေ့နိုင်ခဲ့သည်။ သို့သော်လည်း ထိုလမ်းကြောင်း၏ ဝင်ပေါက်တစ်ခုတွင် အဖြူရောင် တိမ်တိုက်များနှင့် ခရမ်းရောင် အလင်းတန်းကို ယှက်သန်းနေသည်ကို တွေ့နေနိုင်သည်။

ကမ္ဘာအကြားမှ လမ်းကြောင်း၏ အရံအတားများကို ဖယ်ရှားခဲ့ပြီး ဖြစ်သည်။ ဝေဝါးနေသော ရောင်စုံ အလင်းတန်းများကို တစ်စုံတစ်ယောက်က ချထားကာ ပြန်လည် ပိတ်ဆို့ထားခြင်း ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ယောက်က ဖြတ်လျှောက်သွားလျှင်ပင် သတိထားမိမည် မဟုတ်ချေ။ ထိုအကြောင်းကို သိနေသော နင်းဝမ်ကော တစ်ယောက်သာ အာရုံခံနိုင်ခဲ့သည်။

နင်းဝမ်ကောနှင့် ဝမ်လင်းတို့သည် ထိုအလင်းတန်း လိုက်ကာကို ဖြတ်သန်းသွား၍ အခြားတစ်ဘက်မှ ပြင်ပလောကကို ဝင်သွားခဲ့ရာ ထိုနေရာတွင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ ရှိနေသည်ကို အာရုံခံနိုင်ခဲ့သည်။

## စာစဥ် ၆၉ : အပိုင်း ၉

## အပိုင်း ၁၃၃၉ : ဖျက်စီးကြစို့

ဝမ်လင်းသည် သူ့အရှေ့မှ ဝေဝါးဝါး အလင်းတန်း လိုက်ကာကို ကြည့်လိုက်ပြီး သူ၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ သူ့မျက်လုံးများ အတွင်းမှ အလင်းတန်းများ လင်းလက်လာသည်။

နင်းဝမ်ကောသည် သူ၏ဘေးတွင် ရပ်နေရင်း သူ့အားကြည့်လိုက်သည်။ "ဇူရီနဲ့ ရှီထျန်းဟောင်တို့က အခု ဘယ်ကို ရောက်နေပြီလဲ"

ဝမ်လင်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ဆက်သွယ်နိုင်ဖို့က မလွယ်ဘူး... သူတို့က ဘယ်ရောက်နေသလဲ ဆိုတာကို ကျုပ်ကလည်း မသိဘူး"

သူ၏ အရှေ့မှ အလင်းတန်း လိုက်ကာအား ခေတ္တမျှ ကြည့်လိုက်ကာ သူမျက်လုံးများ အလယ်တွင် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်တစ်ခု ပေါ်လာသည်။ ပြီးတာနှင့် သူသည် ထူးခြားဆန်းကြယ်သော စွမ်းအားများဖြင့် ပြည့်နေသော ထိုကြက်ခြေခတ်အား ပစ်လွှတ်လိုက်သည်။

ထိုအရာကို ကြည့်လိုက်ပြီး နင်းဝမ်ကောက
ထိတ်လန့် တုန်လှုပ်သွားသည်။
"တာအိုရောင်းရင်းဝမ်... ရှင်..."

ဝမ်လင်းက ပြောလိုက်သည်။
"ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ကျုပ်ဆရာကြောင့် ဒဏ်ရာ ရသွားခဲ့တယ်... ဒါပေမဲ့
သူမရဲ့ ဗီပရာလိုပါ အဆင့်က စွမ်းအားတွေနဲ့ သူမကို
တိုက်ခိုက်ရတာက လွယ်ကူမှာ မဟုတ်ဘူး"

"ကျုပ်ကလည်း ကျုပ်ဆရာလိုမျိုး လောကနှစ်ပါး
လေဟာနယ် မန္တန်ရဲ့ လျှို့ဝှက်ချက်တွေကို
နားမလည်ဘူး... ဟင်းလင်းပြင် စစ်တလင်း
အတွင်းမှ အခြေအနေတွေက ရှုပ်ထွေးနေတယ်...
ကျုပ်က မဟာစေတန် ကိုယ်ပွားနဲ့ နေရာချင်း

လဲနိုင်ပေမဲ့ နတ်ဘုရားနယ်မြေ ဆေးမီးဖိုကိုတော့ မယူလာနိုင်ဘူး"

"ဒါကြောင့် ကျုပ်တို့က ဒီပြင်ပကမ္ဘာကို လုံးဝ ဖျက်စီးနိုင်ခဲ့ရင် ဟေးဒီးစ်ကေရာဇ် ချန်ထားခဲ့တဲ့ ပစ္စည်းတွေကိုပါ ဖျက်စီးပစ်နိုင်လိမ့်မယ်"

နင်းဝမ်ကောသည် ထိုစကားကို ကြားရသော အခါ မအောင့်နိုင်ပဲ ဝမ်လင်းအား လှမ်းကြည့်လိုက်သည်။ ယင်ပင်လယ် အတွင်းမှ အိမ်မက်များကြောင့် သူသည် ဝမ်လင်းအား အတန်ငယ် နားလည်နေသည်။ သို့သော်လည်း ဤအချိန်တွင် သူမသည် ဘာမှ မတတ်နိုင်ပဲ ကျောရိုးများအတွင်းမှ စိမ့်ကနဲ ခံစားခဲ့ရသည်။

သူ၏ ဆုံးဖြတ်ချက် ပြတ်သား၍ ညှာတာမှု
ကင်းမဲ့မှုသည် အမှန်တကယ်ပင်
တုန်လှုပ်ဖွယ်ကောင်းသည်။

တစ်စုံတစ်ယောက်သည် သူတို့ထက်အရင်
ရောက်လာ၍ သူ့အနေဖြင့် သူ့ပြိုင်ဘက်အား
အနိုင်ယူရန် ယုံကြည်ချက် မရှိသဖြင့် တစ်ယောက်မှ
မရနိုင်ရန် ထိုအရာကို ဖျက်စီးရန် ဆုံးဖြတ်ခဲ့သည်။

ဝိညာဉ်ပင်လယ် ပြန်လည် ပွင့်လာသော အခါ
ဟေးဒီးစ် မျိုးနွယ်စုနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့ကဲ့သို့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကလည်း အခွင့်အရေး
ရှိနေသည်။

ဝမ်လင်းနှင့် နင်းဝမ်ကောတို့သည် ဤနေရာသို့ လာရောက်ခဲ့ခြင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အောင်မြင်မှု အခွင့်အရေးကို ပိုမို တိုးမြှင့်နိုင်ရန် ဖြစ်သည်။ အကယ်၍ သူတို့သည် ဤပြင်ပလောကမှ ပစ္စည်းများကို မရလျှင်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် ဘာမှ ဆုံးရှုံးစရာ မရှိပေ။

လျှိုကြီးနှင့် နင်းဝမ်ကောတို့က ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဤတစ်ခေါက် ဝင်ရောက်ခဲ့ခြင်းဖြင့် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ နောက်ကွယ်မှ လျှို့ဝှက်ချက်များကို သိခဲ့ရသည်။ သို့ဖြစ်၍ ဤခရီးသည် အချည်းနှီး မဖြစ်ခဲ့ပေ။

လှိုကြီးသည် ဒဏ်ရာ ရသွားခဲ့သော်လည်း
ဝမ်လင်းသည် ပေးဒီးစ်နင်းဖန်အား
သတ်ဖြတ်နိုင်ခဲ့သည်။

သို့သော်လည်း ကောင်းကင်ကျက်သရေ
မဟာပဏ္ဍိတသည် နင်းဝမ်ကော၏ ကျေးဇူးဖြင့်
သူမ၏ မှတ်ဉာဏ်များကို ပြန်လည်
ရရှိနိုင်ခဲ့သော်လည်း ဤပြင်ပလောကမှ
ပစ္စည်းများကို မရနိုင်ခဲ့လျှင် သူမအနေဖြင့်
ဝိညာဉ်ပင်လယ်အား သိမ်းပိုက်ရန် ကြိုးစားနိုင်မည်
မဟုတ်ချေ။

အကယ်၍ သူမတွင် အခြား နည်းလမ်းများ
ရှိခဲ့လျှင်ပင် သူမသည် အကောင်အထည် ဖော်နိုင်ရန်
အချိန်လုံလောက်မည် မဟုတ်ချေ။

နင်းဝမ်ကောသည် ဝမ်လင်းအား ကြည့်၍ သူမ၏ ပါးစပ်ကို ဟလိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ဤပြင်ပလောကသို့ ဝင်ရောက်ခဲ့သည်မှာ အချိန်အတန်ငယ် ကြာခဲ့ပြီ ဖြစ်သော်လည်း မထွက်ခွာလာသေးပေ။ သူမသည် တစ်စုံတစ်ခုကို ရယူရန် ကြိုးစားနေ၍ ထိုအရာသည် လွယ်ကူမှု မရှိသည်မှာ သိသာနေသည်။ သူမ ချိုးဖောက်ရန် မှော်ကျိန်စာ အရံအတား တစ်ခုရှိနေပြီး သူ့ကို အားသုံး၍ မရသောကြောင့် ဖြည်းဖြည်းချင်းသာ ကျင့်ကြံနေရခြင်း ဖြစ်မည်။

ဝမ်လင်း၏ စွမ်းအားများဖြင့် ပြင်ပလောက မဆိုထားနှင့် အလယ်ကမ္ဘာ တစ်ခုကိုပင် ဖျက်စီးရန် မခက်ခဲပေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့် အန္တရာယ် မရှိနိုင်သော်လည်း ဤပြင်ပလောက အတွင်းမှ ပစ္စည်းများကို ကာကွယ်ရန်မှု လွယ်ကူမည် မဟုတ်ချေ။

ဝမ်လင်း၏ အစွမ်းထက်သော ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ ကျိန်စာဖြင့် ဟင်းလင်းပြင် အတွင်းမှ အဖြူနှင့် အနက်ရောင် ကြက်ခြေခတ်သည် ပို၍ပို၍ ကြီးမားလာကာ နောက်ဆုံးတွင် ပြင်ပလောက တစ်ခုလုံးအား ပြည့်နှက်သွားပေသည်။

ကြက်ခြေခတ်ထံမှ အလင်းတန်းသည်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ ထားခဲ့သော
မှော်ကျိန်စာ အရံအတားများကို ဖိနှိပ်နိုင်ခဲ့၍
ပြင်ပလောကမှ ဝင်ပေါက်အား ဝေဝါးသော
မြူခိုးငွေ့ အလင်းတန်း တစ်ခုဖြင့်
ဖုံးလွှမ်းသွားနိုင်ခဲ့သည်။

ထိုအဖြူရောင် အလင်းတန်း၏ အောက်တွင်
လေဟာနယ်သည် အဆက်မပြတ် တွန့်လိမ်နေကာ
ဘူးတောင်းပုံစံ ပြင်ပလောကသည် ဖြည်းဖြည်းချင်း
ပေါ်လာခဲ့သည်။ ပြီးတာနှင့် မြစ်အတွင်းသို့
ပြုတ်ကျသွားသော ဘူးတောင်းကဲ့သို့ သူသည်
အဖြူရောင် အလင်းတန်း အတွင်း၌
လွင့်မျောနေလေသည်။

အစွမ်းထက်လှသော သဘာဝလွန် အသိစိတ်
တစ်ခုသည် ပြင်ပကမ္ဘာ အတွင်းမှ ထွက်လာပြီး
ကျယ်ပြန့်လှသော အဆုံးမဲ့ မိစ္ဆာစွမ်းအားများ
ပေါ်လာခဲ့၍ အသံတစ်ခုက ဟင်းလင်းပြင်
အတွင်းတွင် ပေါ်လာခဲ့သည်။ "ဝမ်လင်းလား"

ထိုအသံသည် တိုးညင်း၍ အက်ကွဲနေသည်။
သူသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏
အသံပင် ဖြစ်သည်။

သူမ၏ လက်အောက်မှ ကျူးကျန်း
မဟာပဏ္ဍိတသည် ဤကောင်းကင်ဆန့်ကျင်
ဘဝပြောင်းလဲ ကျိန်စာ၏ အောက်တွင်
ကျဆုံးခဲ့ရသည်။ သူမသည် ထိုကျိန်စာအား

ပထမဆုံး အကြိမ် တွေ့ကြုံခဲ့ရသော်လည်း
မည်သူဆိုသည်ကို ကောင်းစွာ သိနိုင်ခဲ့သည်။

တစ်ချိန်တည်းတွင် သူမသည် သူမပြိုင်ဘက်၏
ရည်ရွယ်ချက်များကို နားလည်နိုင်ခဲ့သည်။

ဆုံးဖြတ်ချက် ပြတ်သား၍ ညှာတာမှု ကင်းမဲ့ကာ
သူ၏ ပြိုင်ဘက်များကို ဘယ်တော့မှ
နောက်ဆုတ်ရန် အခွင့်အရေး မပေးချေ။
ဤအရာသည် ဝမ်လင်း၏ ပုံစံဖြစ်သည်။

ကမ္ဘာနှစ်ခု အကြားမှ ဤစစ်ပွဲတွင်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရင်ဆိုင်ရန်

လွှယ်ကူသော အရာတစ်ခု မဟုတ်မှန်း
သိခဲ့လိုက်သည်။ ဇူရီနှင့် ဝမ်လင်းတို့က ပို၍
အစွမ်းထက်လာသည်နှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားများကလည်း ပို၍
တိုးတက်လာမည် ဖြစ်သည်။

ဇူဟုန်ဝူနှင့် တိုက်ပွဲအပြီးတွင် ဇူရီသည်
အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့
တက်လှမ်းနိုင်ခဲ့သည်။ ဤအချိန်တွင်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့်
လင်းဖုန်း၏ တပည့် နောက်တစ်ယောက်သည်
အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့
တက်လှမ်းနိုင်ခဲ့ပြီကို အာရုံခံနိုင်ခဲ့သည်။

ဇူရီနှင့် ဝမ်လင်းတို့ အနေဖြင့် သူတို့၏
အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်မှ
စွမ်းအားများသည် အခြားသာမန် ကျင့်ကြံသူများနှင့်
ယှဥ်၍ရမည် မဟုတ်ချေ။

ဝမ်လင်းသည် အဖြူရောင် အလင်းတန်းများ
အတွင်းမှ ဘူးတောင်းနှင့် တူနေသော
ပြင်ပလောကအား တည်ငြိမ်စွာဖြင့်
စိုက်ကြည့်နေခဲ့သည်။ သူမ၏ အသံကို ကြားခဲ့သော
အခါ သူ၏ အမူအရာများသည် ပြောင်းမသွားခဲ့ပဲ
တိုးညင်းစွာဖြင့်သာ ပြောလိုက်သည်။
"ဖျက်ဆီးစမ်း"

သူ၏ စကားအဆုံးတွင် ပြင်ပလောကသည် ကြက်ခြေခတ်၏ အနက်ရောင် အလင်းတန်း အတွင်းသို့ ဦးတည်ချက် ပြောင်းသွားခဲ့သည်။

အနက်ရောင် အလင်းတန်း အတွင်းသို့ ရောက်သွားသည်နှင့် ပြင်ပလောကသည် စတင်၍ ပျက်စီးလာပြီး တကယ့်ဘူးတောင်း တစ်ခုအလား စတင်၍ ယိုယွင်းလာခဲ့သည်။

ပြင်ပလောကသည် အပေါ်ယံသာ ပြိုကျသွားခြင်း မဟုတ်ပဲ သူ့အတွင်းမှ အရာအားလုံးသည် ပျက်စီးခြင်းထံသို့ ဦးတည်ခဲ့ခြင်း ဖြစ်သည်။ စိတ်ဝိညာဉ် စွမ်းအင်များ အားလုံးတို့သည် ပျက်စီးသွား၍ အတွင်းမှ အရာအားလုံးတို့က ပျက်သုဉ်းသွားခဲ့သည်။

ဤအချိန်တွင် မီးခိုးရောင် မြူခိုးငွေ့ တစ်တန်းသည် ဘူးတောင်းနှင့် တူနေသော ပြင်ပလောကမှ ထွက်လာပြီး သူ့အား လျင်မြန်စွာဖြင့် လွှမ်းခြုံသွားခဲ့သည်။

ပြိုကျလုနီးပါး ဖြစ်နေသော ပြင်ပလောကသည် ချက်ချင်းပင် ပြန်လည် တည်ငြိမ်သွားသည်။

ထိုမီးခိုးရောင် မြူခိုးငွေ့များ အတွင်းမှ လျှပ်စီးကဲ့သို့ အလင်းတန်း တစ်တန်း ထွက်လာ၍ မြူခိုးငွေ့များ၏ ကာကွယ်မှုအောက်တွင် ပြင်ပကမ္ဘာသည် ပျက်စီးမှုမှ ရှောင်လွဲနိုင်ခဲ့သည်။

သို့သော်လည်း အသေအချာ ကြည့်လိုက်လျှင် တိမ်တိုက်များက အဆက်မပြတ် လှုပ်ရှားနေကြ၍ ပြင်ပလောကသည် သူ၏ နောက်ဆုံး ပျက်စီးမှု လမ်းကြောင်းထံသို့ ဆက်လျှောက်နေသော်လည်း သူ၏ အမြန်နှုန်းမှာ သိသိသာသာ နှေးကွေးသွားသည်။

ဝမ်လင်းသည် ဝေဝါးနေသော ပြင်ပလောကနှင့် သူ့အား လွှမ်းခြုံထားသော မီးခိုးရောင် တိမ်တိုက်များကို ကြည့်လိုက်သော်လည်း သူ၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။

သူ့အနေဖြင့် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ကံကြမ္မာများကို ပြောင်းလဲခြင်းနှင့် ကမ္ဘတရားတို့၏ အလုပ်လုပ်ပုံကို

မကျွမ်းကျင်သော်လည်း သူ၏ မှော်ကျိန်စာကို ကောင်းစွာ တန်ပြန်နိုင်ခဲ့သည်ဟု ခံစားနေရသည်။

ကျူးကျန်း မဟာပဏ္ဍိတ၏ သေဆုံးသွားမှုကြောင့် သူမသည် ကောင်းကင်ဆန့်ကျင် ဘဝပြောင်းလဲ မှော်ကျိန်စာအား အာရုံစိုက်ခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

သို့သော်လည်း ဤအရာသည် ဝမ်လင်း၏ ပြင်ပလောကအား ဖျက်ဆီးမှုကို မတားဆီးနိုင်ပေ။ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ လက်ရှိပုံစံဖြစ်သော မီးခိုးရောင် တိမ်တိုက်များကပင် ဤပြင်ပလောကအား ကာကွယ်ရန် ကြိုးစားနေရင်း ဖြည်းဖြည်းချင်း အတိုက်စားခံနေရသည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမကိုယ်သူမ ကာကွယ်နိုင်ကာ ကြိုမမြင်နိုင်သော အရေးပေါ် ကိစ္စများ ပေါ်လာပါက သူမအနေဖြင့် နောက်ဆုတ်နိုင်စွမ်း ရှိသည်။ သို့သော်လည်း အကယ်၍ သူမသည် ဤပြင်ပလောကအား ကာကွယ်လိုပါက အတော်လေး ခက်ခဲမည် ဖြစ်သည်။

အကယ်၍ သူမ၏ အစစ်အမှန် ပုံစံကို ဖော်ပြနိုင်ခဲ့လျှင်မူ နောက်ထပ် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားနိုင်သည်။

သို့သော်လည်း သူမ၏ အထူးစွမ်းရည်နှင့်ပင်လျှင် လက်ရှိ အခြေအနေတွင် သူမ၏ ခန္ဓာကိုယ်ကို ပြန်လည် ဖန်ဆင်းရန် မဖြစ်နိုင်ပေ။

အကယ်၍ သူမသည် ဤပြင်ပလောကအား ကာကွယ်လိုပါက ပဏ္ဍိတ ၁၂ပါး လည်ပတ်နေသော ကောင်းကင်ဝက်ပါကို လိုအပ်မည် ဖြစ်သည်။ သို့ရာတွင် သူမသည် စောစီးစွာ ရောက်ရှိလာသော်လည်း ထိုဝက်ပါကို မထုတ်ဖော်ခဲ့သဖြင့် သူမနှင့် အတူ ထိုဝက်ပါ ပါမလာဟု ဝမ်လင်းက သိနေခဲ့သည်။

သို့ဖြစ်၍ ဝမ်လင်းသည် ညှာတာနေမည် မဟုတ်ပေ။ အကယ်၍ သူမသည် အခြား မိစ္ဆာဝက်ပါများကို ထုတ်ဖော်ခဲ့လျှင်ပင် သူ၏ အင်မော်တယ် ဝိညာဉ်

ဒုတိယ အဆင့်မှ စွမ်းအားများကို တားဆီးနိုင်မည် မဟုတ်ချေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတွင် အခြား လျှို့ဝှက်စွမ်းရည်များ မရှိလျှင် မဖြစ်နိုင်ပေ။ သို့သော်လည်း လက်ရှိ အခြေအနေကို ကြည့်ရလျှင် ထိုစွမ်းရည်များ မရှိနိုင်ပေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကလည်း လက်ရှိ အခြေအနေကို ကောင်းစွာ နားလည်နေခဲ့သည်။ သို့သော်လည်း သူမသည် အမျက်ထွက်ကာ စိတ်အနှောင့်အယှက် ဖြစ်နေပုံ မပေါ်နေပဲ အသာလေး ရယ်လိုက်သည်။ "ငါက ပစ္စည်းတစ်ဝက်ကို ရခဲ့ပြီးပြီ… နောက်ထပ်

လိုချင်နေသေးပေမဲ့ အနည်းဆုံးတော့ ဒီခရီးက
အချည်းနှီး မဖြစ်ခဲ့ဘူး"

"ဒီပြင်ပလောကကို မင်းဖျက်ဆီးချင်လည်း
ဖျက်ဆီးပစ်ပါ... ဒါပေမဲ့ ငါက ဝိညာဉ်ပင်လယ်
အတွင်းကို ဝင်နိုင်စွမ်း ရှိသွားပြီ"

ဘူးတောင်းပုံစံ ပြင်ပလောကအား
လွှမ်းခြုံထားသည့် မီးခိုးရောင် မြူခိုးငွေ့သည်
လျှင်မြန်စွာဖြင့် ရုပ်သိမ်းသွား၍
ဘူးတောင်းအတွင်းသို့ ပြန်ဝင်သွားသည်။ ပြီးတာနှင့်
အလင်းတန်း တစ်တန်းသည် ဘူးတောင်း၏
ဝင်ပေါက်ထံမှ ထွက်လာခဲ့သည်။

"ငါက မင်းရဲ့ ပြင်ပလောကကို ဖျက်ဆီးမှုကို မတားဆီးနိုင်တာ မှန်ပေမဲ့ မင်းကငါနဲ့ တစ်ယောက်ချင်း တိုက်ရဲသလား ဆိုတာကိုတော့ သိချင်မိတယ်" ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ခံစားချက် ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။ ပြင်ပလောကမှ ထွက်လာသော အလင်းတန်းသည် လူသားပုံစံသို့ စတင်၍ ပြောင်းလဲသွားသည်။

ထိုလူသားပုံစံသည် အမျိုးသမီး တစ်ယောက်နှင့် တူနေသော်လည်း ဝေဝါးနေကာ အပြင်ပန်းကိုသာ တွေ့နိုင်ခဲ့သည်။

ဝမ်လင်း၏ မျက်လုံးများက ကျဉ်းမြောင်းသွားသည်။ ဤအချိန်တွင် ကောင်းကင်ကျက်သရေ

မဟာပဏ္ဍိတသည် ပြင်ပလောကမှ ထွက်လာစသာ ရှိသေးသဖြင့် သူ့အနေဖြင့် ထွက်ပြေးလိုလျှင် အချိန်မီသေးသည်။ သူမသည် သူ့အား ဟန့်တားရန် ကြိုးစားမည် မဟုတ်ချေ။

သို့သော်လည်း အကယ်၍ သူမက ထိုပြင်ပလောကရှိ ပစ္စည်းတစ်ဝက်ကို ရယူပြီးသွားပြီဟု သူမပြောခဲ့သည်မှာ မှန်ခဲ့လျှင် ဝိညာဥ်ပင်လယ် ပြန်ပွင့်လာလျှင် အခြေအနေမှာ များစွာပို၍ ကစဥ့်ကလျား ဖြစ်သွားနိုင်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟေးဒီးစ်မျိုးနွယ်စု၊ ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် အချင်းချင်း ပြိုင်ဆိုင်ရမည် ဖြစ်သည်။ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမကိုယ်တိုင် တိုက်ရိုက်

ဝင်ပါမည် မဟုတ်သော်လည်း အတွင်းတွင် ပုန်းအောင်းနေကာ အခွင့်ကောင်း စောင့်နေနိုင်သည်။

ထိုကဲ့သို့ ဖြစ်လာလျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် မလိုလားအပ်သော ပြဿနာများနှင့် ကြုံတွေ့ရနိုင်သည်။ ထို့အပြင် ပြင်ပလောကနှင့် သူ့အတွင်းမှ အရာအားလုံး ပျက်စီးသွားလျှင်လည်း ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ အကျိုးအမြတ်များက ဘာမှ ထိခိုက်သွားမည် မဟုတ်ချေ။

သို့သော်လည်း သူမသည် ပြင်ပလောကကို စွန့်လွှတ်လိုက်ကာ ဝမ်လင်းအား လာရောက်

တိုက်ခိုက်ပါက ဝမ်လင်း အနေဖြင့်လည်း
သက်သာလိမ့်မည် မဟုတ်ချေ။

ဝမ်လင်း၏ အကြည့်မှ လက်ကနဲ ဖြစ်သွား၍
ဟင်းလင်းပြင် အတွင်းမှ အဖြူနှင့် အနက်ရောင်
ကြက်ခြေခတ်သည့် ပြင်းထန်စွာဖြင့် တုန်ခါသွားကာ
သူ့ကိုယ်သူ ဖျက်ဆီးလိုက်သည်။
ပြင်ပလောကကလည်း ထပ်ဖန်တစ်ခါ
ဟင်းလင်းပြင် အတွင်း၌ ပျောက်ကွယ်သွားပြီး
မည်းမှောင်နေသော လမ်းကြောင်းတစ်ခုသာ
ကျန်နေရစ်သည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည်
ပြင်ပလောက အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး
ကျန်နေသော ပစ္စည်းတစ်ဝက်အား ရယူရန်

မကြိုးစားတော့ပေ။ မဟုတ်လျှင် ဝမ်လင်းသည် အစောပိုင်းက ပြုလုပ်သကဲ့သို့ ထပ်မံ၍ ပြုလုပ်မည် ဖြစ်သည်။

ဝမ်လင်းကဲ့သို့ပင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ဆုံးဖြတ်ချက် ပြတ်သားပေသည်။ ဝမ်လင်းအနေဖြင့် ဘာမှ မလုပ်ခဲ့လျှင်ပင် သူမသည် ထိုပြင်ပလောကနှင့် သူ့အတွင်းမှ ရတနာများကို ဖျက်ဆီးပစ်မည် ဖြစ်သည်။

## စာစဥ် ၆၉ : အပိုင်း ၁၀

## အပိုင်း ၁၃၄၀ : စစ်ကူများ ရောက်လာခြင်း

ဝမ်လင်းသည် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတက ပြင်ပလောက အတွင်းမှ လုံးဝ
တွေဝေနေခြင်း မရှိပဲ ထွက်လာသည်ကို
တွေ့လိုက်ရသော အခါ သူမက အမှန်တရားကို
ပြောနေသည်ကို သိခဲ့လိုက်သည်။

ထိုပြင်ပလောက အတွင်းတွင် ဟေးဒီးစ်ဧကရာဇ်
ထားခဲ့သော ရတနာများသည် သီးခြားစီ
ခွဲထားခဲ့ခြင်း ဖြစ်ပြီး ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတသည် ထိုရတနာ တစ်စိတ်တစ်ပိုင်းကို
ရယူနိုင်ရန် အရံအတား အလွှာများစွာကို
ကျော်ဖြတ်ခဲ့ရခြင်း ဖြစ်သည်။

မဟုတ်လျှင် ယခုအချိန်၌ ထွက်ခွာလာရခြင်းသည် သူမအတွက် အဓိပ္ပာယ် ကင်းမဲ့နေမည် ဖြစ်သည်။ သူမသည် ဝမ်လင်းအား နောက်ဆုတ်ရန် ဖိအားပေးနိုင်သော်လည်း ဝမ်လင်းအနေဖြင့် အဝေးမှနေ၍ အခြေအနေ စောင့်ကြည့်နေကာ သူမအား ထိုရတနာများကို ရယူနိုင်ခြင်း မရှိရန် တားဆီးနိုင်မည် ဖြစ်သည်။

သူမသည် ထိုပြင်ပလောက အတွင်းသို့ ဝင်လာသည့် အချိန်တိုင်းတွင် ဝမ်လင်းသည် ပြင်ပလောကအား ဖျက်ဆီးရန် ကြိုးစားမည် ဖြစ်ပြီး သူမက ပြင်ပလောကမှ ထွက်လာသည်နှင့် ဝမ်လင်းသည် နောက်ဆုတ်သွားမည် ဖြစ်သည်။

ပြင်ပလောက အတွင်းမှ ရတနာများကို ငါးစာအဖြစ် အသုံးပြုခံရကာ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့် အကယ်၍ ဤရတနာများကို ဆက်လက် ရယူရန် ကြိုးစားနေပါက ဤကဲ့သို့သော ကသိကအောက် ဖြစ်ဖွယ် အခြေအနေမျိုးနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူမသည် ပြင်ပလောက အတွင်းမှ ချီတုံချတုံ ဖြစ်မနေပဲ ထွက်လာခဲ့ကာ ပြင်ပလောကအား သူမကိုယ်တိုင် ဖျက်ဆီးလိုနေသဖြင့် ဝမ်လင်းနှင့် နင်းဝမ်ကောတို့သည် သူမက ဆုလာဘ်အချို့ကို ရခဲ့ပြီးသား ဖြစ်မည်ဟု သိနိုင်ခဲ့ကြသည်။

ရတနာ တစ်စိတ်တစ်ပိုင်းကို ရခဲ့ပြီး ဖြစ်သဖြင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် ယခုအချိန်တွင် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပြီ ဖြစ်သည်။ သူမသည် ရှေ့တိုး၍ ရသလို နောက်ဆုတ်၍လည်း ရသည်။

သူမသည်လည်း ဆုံးဖြတ်ချက် ပြတ်သားကာ သူမ၏ လောဘများကို မျိုသိပ်နိုင်စွမ်း ရှိသည်။ ရတနာများ အားလုံးကို ရယူနိုင်ပါက အကောင်းဆုံး ဖြစ်သော်လည်း ဝမ်လင်းနှင့် နင်းဝမ်ကောတို့က အလောတကြီး ရောက်လာကြသဖြင့် သူမ၏ ဆန္ဒများကို အကောင်အထည်ဖော်၍ မရတော့ချေ။ မဟုတ်လျှင် သူမသည် ဝမ်လင်း၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားလိမ့်မည် ဖြစ်သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ ဆုံးဖြတ်မှုကို သတိထားမိသဖြင့် ဝမ်လင်းသည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူ၏ ကြေးမုံကဲ့သို့ မျက်လုံး သူငယ်အိမ်များသည် ဝေဝါးဝါး အလင်းတန်း တစ်ခုဖြင့် လင်းလက်လာ၍ အဆုံးမဲ့ ပုံရိပ်များသည် လည်ပတ်နေသော အလင်းတန်း အတွင်း၌ ပေါ်လာခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် လျှို့ဝှက်ဆန်းကြယ်သော တိမ်တိုက် အလင်းတန်း တစ်ခုဖြင့် လွှမ်းခြုံထား၍ သူမ၏ မျက်လုံးများကိုသာ တောက်ပနေသော ကြယ်စင်များအလား တွေ့နေရသည်။

သူမသည် ဝမ်လင်းအား တစ်ချက် ဝေ့ကြည့်လိုက်ပြီး သူမ၏ အကြည့်သည် နင်းဝမ်ကော အပေါ်သို့ ရောက်လာခဲ့ကာ တီးတိုး ရေရွတ်လိုက်သည်။ "ငါတို့က ဒီနေရာမှာ အတူတကွ မျက်နှာချင်းဆိုင် ရပ်နေရတာ ဘယ်လောက်အထိ အံ့ဩစရာ ကောင်းလိုက်သလဲ"

နင်းဝမ်ကောသည် အဖြူရောင် နန်းတွင်းဝတ်စုံကို ဝတ်ဆင်ထားကာ ယခင်ကဲ့သို့ ရောင်စုံ အလင်းတန်းများဖြင့် လွှမ်းခြုံနေခြင်း မရှိပဲ သူမ၏ အသွင်သဏ္ဍာန် အစစ်အမှန်ကို ဖော်ပြထားခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမအား ကြည့်လိုက်ရာ သူမ၏ ခန္ဓာကိုယ် အနားတွင် ဖုံးလွှမ်းနေသော မြူခိုးငွေ့များနှင့်

တူနေသည့် ကစဥ့်ကလျား ပုံရိပ်များသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွားပြီး ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ပြိုင်ဘက်ကင်း အလှဖြင့် အမျိုးသမီးငယ် တစ်ယောက်ကို ဖော်ပြလိုက်သည်။

သူမ၏ ပုံစံသည် နင်းဝမ်ကောနှင့် လုံးဝ ဆင်တူနေကာ သူတို့နှစ်ယောက်သည် တစ်ယောက်တည်းဟု ထင်နေရသည်။

သူမ၏ အသွင်သဏ္ဍာန်ကို မြင်ခဲ့ရအပြီးတွင် ဝမ်လင်းနှင့် နင်းဝမ်ကောတို့၏ မျက်လုံးအစုံတို့သည် လင်းလက်သွား၍ သူတို့သည် နင်းဝမ်ကောက ဝမ်လင်း၏ ပုံရိပ်ယောင် ကမ္ဘာအတွင်းသို့ ပထမဆုံး ကျရောက်သွားခဲ့စဥ်က

နင်းဝမ်ကော၏ နှလုံးသား အတွင်းတွင်
ပေါ်လာသော မီးခိုးရောင် ဝတ်စုံနှင့် အမျိုးသမီးအား
ပြန်လည် စဉ်းစားမိခဲ့သည်။

ယခု ကြည့်ရသည်မှာ ဤအရာသည်
နင်းဝမ်ကော၏ ရင်အတွင်းမှ အနက်ရှိုင်းဆုံး
နောင်ထုံးဖြစ်နေ၍ သူမ မှတ်ဉာဏ်များ
ပျောက်ဆုံးသွား အပြီးတွင် သူမကိုယ် သူမပင်
သတိမထားမိသော အရာတစ်ခု ဖြစ်သည်။

သူမအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှု နှင့်
အကြီးမားဆုံး ရန်သူသည် သူမကိုယ်တိုင် သို့မဟုတ်
အခြား စကားလုံးဖြင့် ပြောရလျှင် နောက်ထပ်
သူမတစ်ယောက် ဖြစ်သည်။

အကယ်၍ ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတနှင့် သူမတို့သည် အနီးနှင့်
အနက်ကမ္ဘာနှင့် အရိုးစု ယဇ်ပလ္လင်ကို
ရှာမတွေ့နိုင်ခဲ့လျှင် သူတို့အနေဖြင့်
မှတ်ဉာဏ်များကို ပြန်ရနိုင်သည့် အကြီးမားဆုံး
အခွင့်အရေးသည် သူတို့နှစ်ယောက် တွေ့ဆုံခဲ့သော
အခါ တစ်ယောက်က တစ်ယောက်အား ဝါးမျို၍
ကျင့်ကြံခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။

နင်းဝမ်ကောသည် စကားပြောရန်
ကြံခဲ့လိုက်သော်လည်း ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတ၏ အကြည့်သည် အေးခဲသွားသည်။
သူမ၏ မျက်နှာပေါ်မှ အပြုံးသည်
ပျောက်ကွယ်သွား၍ ဝမ်လင်းဘက်သို့ ရုတ်တရက်
လှည့်လိုက်သည်။

သူမသည် ဝမ်လင်း၏ မျက်လုံးများ အတွင်းသို့ အသေအချာ ကြည့်လိုက်ပြီး ထူးမခြားနား ပုံစံဖြင့် ပြောလိုက်သည်။ "ဒီလိုမျိုး မှော်ကျိန်စာဟာ တကယ်ပဲ ထူးခြား ဆန်းကြယ်လှတယ်… ဒါပေမဲ့ မင်းက ဘယ်လိုလုပ်ပြီး ဗုဒ္ဓ မှော်ကျိန်စာတွေနဲ့ ရှေးဟောင်း စေတန်ဂိုဏ်းရဲ့ လျှို့ဝှက် အဆုံးအမတွေကို ပေါင်းစည်းမှာလဲ"

"အရင်တုံးက နတ်ဆိုးဗုဒ္ဓ ဂူပေက ဗုဒ္ဓဂိုဏ်းကနေ စေတန်ဂိုဏ်းကို ဝင်ခဲ့တယ်… ဒါပေမဲ့ သူက မင်းနဲ့မတူဘူး… မင်းတို့ဂိုဏ်းရဲ့ မဟာကောင်းကင် တာအိုကျမ်းစာက တကယ်ကိုပဲ ပဟေဠိ ဆန်လှတယ်"

ထိုစကားကို ကြားခဲ့ရသော အခါ ဝမ်လင်း၏ အမူအရာသည် မပြောင်းလဲသွားပဲ သူ၏ မျက်လုံးများသည် သာမန်ဟုသာ ထင်နေရသော်လည်း ထူးခြားဆန်းကြယ်၍ ခန့်မှန်းရ ခက်ခဲသော အလင်းရောင် တစ်ခုကို ထုတ်လွှတ်နေခဲ့သည်။

သူသည် သူ၏ ခေတ်နှစ်ပါး နှလုံးသား ကျိန်စာအား ကြိုတင် သတိပေးခြင်း မရှိပဲ တိတ်ဆိတ်စွာဖြင့် ထုတ်လွှတ်နိုင်ကာ ရန်သူက သတိမထားမိခင်တွင် သူ့အား ထောင်ချောက်အတွင်းသို့ ပို့နိုင်ပေသည်။ သို့ရာတွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ စွမ်းရည်များမှာ ထူးချွန် ပြောင်မြောက်လှ၍ ထိုကျိန်စာ၏ အစွမ်းများကို

ချေဖျက်နိုင်ကာ သူမ၏ စိတ်ဝိညာဉ်ကို ပြန်လည်
ထိန်းသိမ်းနိုင်ခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏
မူလ အစစ်အမှန် ပုံစံကို ဖော်ပြရခြင်း
မရှိသေးသော်လည်း ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ
တစ်ကောင်အနေဖြင့် သူမသည် အမတန်မှ
အစွမ်းထက်ကာ ယွင်ချန်း၊ နင်းဖန်တို့နှင့်
ယှဉ်၍မရချေ။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည်
ဝမ်လင်းအား စိုက်ကြည့်နေရင်း သူမ၏
မျက်လုံးများကို အသာမှိတ်လိုက်သည်။

ဝမ်လင်းနှင့် နင်းဝမ်ကောတို့၏ အနောက်တွင်
ကျင်းယန်နှင့် ယွင်ချန်းတို့က အလျင်အမြန်
ရောက်လာနေသည်ကို သူမအနေဖြင့်
မသိနိုင်သော်လည်း ဝမ်လင်းကို တွေ့ခဲ့ပြီးသော
အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အခြား
အဖွဲ့ဝင်များ ရောက်လာနိုင်သည်ကို
သတိထားနေခဲ့သည်။ အထူးသဖြင့်
သူတို့ခေါင်းဆောင် လင်းဖုန်းဖြစ်သည်။

လင်းဖုန်းသည် ယခုအချိန်တွင် သူ၏
ကောင်းကင်ဖျက်ဆီး ဓားဖြင့် နတ်ဘုရား
နယ်မြေအား ကြီးစိုးလွှမ်းမိုး အုပ်စိုးထားကာ
အလွယ်တကူ ထွက်လာလိမ့်မည် မဟုတ်ချေ။
မူလနဂါး ဘုရင်သည် မဟာရာ ပင်လယ်အတွင်းမှ
မထွက်နိုင်ပဲ ဟောဒီးစ်တို့၏ လက်ရှိခေါင်းဆောင်

ပုံရိပ်ယောင်နေမင်း ပေးဒီးစ်ကလည်း နတ်ဘုရား
နယ်မြေ အတွင်းသို့ ဝင်နိုင်မည် မဟုတ်ချေ။

အလားတူပင် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတ၊ ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတ၊ အနီရောင် ဝေါ်ရီလာ မဟာပဏ္ဍိတ၊
မြေနဂါးဘုရင်၊ ရှန်နဂါးဘုရင် အစရှိသော
ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာများသည်
နောက်ဆုံး အခြေအနေသို့ မရောက်ပဲ နတ်ဘုရား
နယ်မြေ အတွင်းသို့ ဝင်လာကြမည် မဟုတ်ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့အား နှိမ်နင်းခဲ့ကာ ယင်ပင်လယ်အား
လုံးဝ အုပ်စိုးထားခဲ့သည်။ လူသား ကျင့်ကြံမှု
ကမ္ဘာနှင့် မိစ္ဆာမျိုးနွယ်စုများကလည်း လင်းဖုန်းနှင့်

သူ၏ ကောင်းကင်ဖျက်ဆီး ခံးကို
သတိထားနေရသဖြင့် တွန့်ဆုတ်စွာဖြင့်သာ
ထိုင်ကြည့်နေရသည်။

သို့သော်လည်း လင်းဖုန်းအနေဖြင့် နတ်ဘုရား
နယ်မြေ အတွင်းမှ ထွက်ခွာလိမ့်မည် မဟုတ်ဟု
မည်သူကမှ အာမမခံနိုင်ပေ။ ဘာပဲပြောပြော
လင်းဖုန်းတွင် လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိနေသည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့်
လက်ရှိအချိန်ကို အခွင့်ကောင်းယူကာ
အနာဂတ်တွင် ပြဿနာများ ဖြစ်မလာစေရန်
ဝမ်လင်းကို အပြတ်ရှင်းပစ်ရပေမည်။ သူမအနေဖြင့်
အဘယ်မှာ နင်းဝမ်ကောနှင့် အေးအေးဆေးဆေး
စကားစမြည် ပြောနေနိုင်မည်နည်း။

အကယ်၍ သူတို့တွင် ဆွေးနွေးစရာများ ရှိနေလျှင် သို့မဟုတ် နင်းဝမ်ကောအား နောက်ပိုင်းတွင် အသုံးချစရာ ရှိနေလျှင်ပင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့် သူမအား အရင်ဖမ်းဆီးကာ ဤနေရာမှ အရင် ထွက်ခွာသွားရမည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့် သူမ၏ ရင်အတွင်းမှ လှုပ်ရှားနေသော အတွေးများကို ထိန်းချုပ်နိုင်စွမ်း မရှိခဲ့သဖြင့် ချက်ချင်းပင် သတိတကြီး ဝင်လာခဲ့သည်။

အတိတ်နှင့် ပစ္စုပ္ပန်မှ မဟာမိစ္ဆာများ အနက် လူသားတို့၏ ရှေးဟောင်းစေတန်ဂိုဏ်း

အကြောင်းကို အနက်ရှိုင်းဆုံး
နားလည်နိုင်သောသူသည် သံသယဖြစ်ဖွယ် မရှိပဲ
ဟောဒ်းစ်ကေရီပင် ဖြစ်ပေလိမ့်မည်။ သူမသည်
ထိုဂိုဏ်းအကြောင်းကို အနည်းငယ်မျှ
စိတ်မဝင်စားသော ဟောဒ်းစ် ကေရာ့ဇ်ထက်ပင် ပို၍
နားလည်နိုင်ပေမည်။

ဟောဒ်းစ် ကေရီ၏ တပည့်တစ်ယောက် ဖြစ်၍ မိစ္ဆာ
မှော်ကျိန်စာများဖြင့် အသွေးအသားများကို
ဖွဲ့စည်းခဲ့သော မိုယွင်ကျိ အနေဖြင့် ရှေးဟောင်း
စေတန်ဂိုဏ်း၏ နည်းစနစ်များကို အတော်အတန်
နားလည်ထားပေမည်။

ဤနည်းစနစ်သည် ကြီးမားစွာ
ကွာခြားနေသော်လည်း ဗဟုသုတနှင့် ပြည့်စုံသော

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ အနေဖြင့် ပြဿနာ၏ အရင်းအမြစ်ကို လျင်မြန်စွာနှင့် သိရှိနိုင်ခဲ့ကာ ဝမ်လင်း၏ ခေတ်နှစ်ပါး နှလုံးသား ကျိန်စာ၏ လှည့်ကွက်များကို ဖော်ထုတ်နိုင်ခဲ့သည်။

ခေတ်နှစ်ပါး နှလုံးသား ကျိန်စာသည် လျှို့ဝှက်ဆန်းကြယ်ကာ ခန့်မှန်း၍ မရနိုင်ပဲ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတကပင် သူ၏ စွမ်းရည် အစစ်အမှန်ကို မခွဲခြားနိုင်ပေ။ သူမ၏ စိတ်ဝိညာဉ်ကို ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သော်လည်း မည်သည့်အချိန်တွင် ဤကျိန်စာ၏ သားကောင်အဖြစ်သို့ ကျရောက်သွားနိုင်သည်ကို မပြောနိုင်ခဲ့ပေ။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် လျှင်မြန်စွာဖြင့် ပြန်လည် တည်ငြိမ်လာပြီး ဘာမှ ဆက်မပြောနေတော့ပေ။ သူမသည် ဝမ်လင်းအား စိုက်ကြည့်နေရင်း သူမ၏ ခန္ဓာကိုယ်မှနေ၍ ကောင်းကင်၊ မြေကြီးနှင့် ဖန်ဆင်းမှု အားလုံးတို့သည် လမ်းဆုံးသို့ ရောက်သွားသကဲ့သို့ ကမ္ဘာဖျက် အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လိုက်သည်။

အသွင်မဲ့ အနက်ရောင် စွမ်းအင်သည် မှေးမှိန်သွားကာ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေ၍ ပုံရိပ်ယောင်ဟု ထင်နေရသလို တစ်ချိန်တည်းတွင် အစစ်အမှန်ဟု ထင်နေရကာ ဟင်းလင်းပြင်တွင် ပျံ့နှံ့လာခဲ့သည်။ ဖရိုဖရဲ ဖြစ်နေသည့် ဟင်းလင်းပြင် စစ်တလင်း၏ လေဟာနယ်ကပင် ပျက်စီး

ယိုယွင်းနေသော အငွေ့အသက်များကို
ထုတ်လွှတ်နေခဲ့သည်။

ဝမ်လင်း၏ အမူအရာများသည် မပြောင်းလဲခဲ့ပဲ
ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည်
ခုတ်နှစ်ပါး နှလုံးသား ကျိန်စာကို
ချိုးဖောက်သွားနိုင်၍ သူမ၏ ခံစားချက်များကို
ပြန်လည် ထိန်းသိမ်းနိုင်သည့် အချိန်၌ပင် သူသည်
နင်းဝမ်ကောကို သယ်ဆောင်၍ အဝေးသို့
ဆုတ်ခွာသွားခဲ့ပြီ ဖြစ်သည်။

ဤအရာကို တွေ့ခဲ့ရသော အခါ ကောင်းကင်
ကျက်သရေ မဟာပဏ္ဍိတ၏ မျက်လုံး
သူငယ်အိမ်များသည် အနည်းငယ်
ကျဉ်းမြောင်းသွားခဲ့သည်။

ဝမ်လင်း၏ ကြောက်ရွံ့မှု ကင်းမဲ့၍
အေးစက်မာကြောသော ပင်ကိုစရိုက်အား
နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင်
ကုန်းမြေ တစ်ခုလုံးတွင် သိနေကြပြီး ဖြစ်သည်။
အယ်လ်ဖာ ကြမ္မာပန်းတိုင် ကပ်ဘေး သို့မဟုတ်
သူ့ထက် သန်မာသော ပြိုင်ဘက်နှင့်
ရင်ဆိုင်ရလျှင်ပင် သူသည် ဤသို့ အလွယ်တကူဖြင့်
အရှုံးပေးကာ နောက်ဆုတ်လိမ့်မည် မဟုတ်ချေ။

ယခုအချိန်တွင် ဘာမှ ချီတုံချတုံ ဖြစ်မနေပဲ
အနောက်သို့ ဆုတ်ခွာသွားခြင်းဖြင့် သူသည်
မလိုအပ်ပဲ ဒဏ်ရာမရလိုနေကြောင်းမှာ
သိသာနေသည်။ သူ၏ အမူအရာကလည်း...

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏
ခန္ဓာကိုယ်သည် ရုတ်ခြည်းပင် မီးခိုးရောင် တိမ်တိုက်
မြူခိုးငွေ့ တစ်ခုအဖြစ်သို့ လွင့်ပြယ်သွားသည်။

တုန်ခါနေသော ဟင်းလင်းပြင် အတွင်းတွင် ခမ်းနား
ထည်ဝါသော ရွှေရောင် အလင်းတန်း
တစ်တန်းသည် မည်းမှောင်နေသော ဟင်းလင်းပြင်
တစ်ခုလုံးအား ဖြတ်ကျော် ရောက်ရှိလာခဲ့သည်။
ပြီးတာနှင့် ခမ်းနား ထည်ဝါသော ရွှေရောင်
အလင်းတန်းသည် ကောင်းကင်အနှံ့သို့ ပျံ့နှံ့သွားကာ
ဟီဂန် ရွှေရောင်တံတား အဖြစ်သို့
ပြောင်းလဲသွားသည်။

ဆယ်ပေခန့်မြင့်သော လူတစ်ယောက်သည်
ရွှေရောင်တံတား အပေါ်တွင် ထိုင်နေသည်။ သူသည်

တောက်ပသော ဝတ်ရုံများကို ဝတ်ဆင်ထား၍ သူ၏ လက်အတွင်းတွင် စာတစ်လိပ်ကို ကိုင်ထားကာ သူ၏ နဖူးအပေါ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု လည်းပတ်နေသည်။ သူသည် သူ၏ စင်စစ် ဖြစ်တည်မှုကို ဖော်ပြထားခဲ့သော ဇူရီပင် ဖြစ်သည်။

ဇူရီ၏ဘေးတွင် သနားချင်ယောင် ဟန်လုပ်ပြုံးထားသော မျက်နှာဖြင့် အရပ်ရှည်ရှည်နှင့် လူငယ်တစ်ယောက် ရပ်နေသည်။ သူသည် ရှီထျန်းဟောင်ပင် ဖြစ်သည်။

ဟီဂန် ရွှေရောင်တံတားမှ အလင်းတန်း ကျဆင်းလာသော အခါ မီးခိုးရောင် မြူခိုးငွေ့များက လွင့်ပြယ်သွားခဲ့သည်။ ထိုအရာကို တွေ့လိုက်ရသော အခါ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည်

သူမ၏ အကြံက အလုပ်မဖြစ်တော့မှန်းကို
သိခဲ့လိုက်သည်။

သူမသည် ဘူးတောင်းနှင့် တူနေသော
ပြင်ပလောကအား ဖျက်ဆီးရန် ဂရုမစိုက်နိုင်တော့ပဲ
မီးခိုးရောင် တိမ်တိုက် မြူခိုးငွေ့များ အကြားတွင်
တောက်ပစွာဖြင့် လင်းလက်လာ၍ အဝေးသို့
အသည်းအသန် ထွက်ပြေးသွားခဲ့သည်။

တစ်ချိန်တည်းတွင် လွန်စွာ ဝေးကွာသော
ဟင်းလင်းပြင် အတွင်း၌ မီးလျှံကဲ့သို့ နီရဲနေသော
အလင်းတန်း တစ်တန်း လင်းလက်လာ၍
အမှောင်ထုကို လောင်ကျွမ်းခဲ့ကာ
ဟေးဒီးစ်ကျင်းယန်နှင့် ဟေးဒီးစ်ယွင်ချန်းတို့၏
ရောမ ပုံရိပ်များကို ဖော်ပြခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ ခြေလှမ်းများကို ရပ်တန့်လိုက်ကာ ချဉ်းကပ်လာသော ထိုမိစ္ဆာနှစ်ကောင်နှင့် အတူ ရပ်လိုက်သည်။

နှစ်ဦးနှစ်ဘက်တို့သည် ရင်းနှီးသော ဆက်ဆံရေးများ မရှိကြသော်လည်း ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် ဟေးဒီးစ်ကျင်းယန်တို့သည် ပို၍ အစွမ်းထက်သော အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ရင်ဆိုင်နိုင်ရန် အတူတကွ ပူးပေါင်းဖို့ ဝန်မလေးကြပေ။

သူတို့၏ မိစ္ဆာစွမ်းအင်များသည် ဇူရီ၏ ဟီဂန် ရွှေရောင်တံတားနှင့် ဟင်းလင်းပြင်

တစ်လျှောက်တွင် ထိပ်တိုက် တွေ့ဆုံခဲ့၍
နောက်ထပ် ဟင်းလင်းပြင် မုန်တိုင်းတစ်ခုအား
ဖြစ်ပေါ်စေခဲ့သည်။

ဟေးဒီးစ်ကျင်းယန်၏ စွမ်းအားများသည်
ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ သာမန်
ကျင့်ကြံသူများထက် များစွာပို၍ သာလွန်သည်။
သူ၏ နည်းစနစ်နှင့် မိစ္ဆာစွမ်းအားများသည် ဇူရီနှင့်
သူ၏ ဟီဂန် ရွှေရောင်တံတားကိုပင်
ယှဉ်ပြိုင်နိုင်သည်။

အခြားတစ်ဘက်တွင် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတနှင့် ဟေးဒီးစ်ယွင်ချန်းတို့သည်
ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် နင်းဝမ်ကောတို့တွင်

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများ
မရှိကြသဖြင့် အနည်းငယ် အသာရနိုင်သည်။

သို့သော်လည်း နှမြောစရာ ကောင်းသည်မှာ
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့်
ဟေးဒီးစ်ကျင်းယန်တို့သည် အလွယ်တကူဖြင့်
နားလည်မှု ရနိုင်မည် မဟုတ်ပေ။

ဇူရီသည် ဟီဂန် ရွှေရောင်တံတား အပေါ်တွင်
ရပ်နေရင်း တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတဟာ
ဟေးဒီးစ်မျိုးနွယ်စုတွေ ပုန်းအောင်းနေတဲ့ အချိန်မှာ
ဟေးဒီးစ်ဂေဟာဇ်က မဟာကမ္ဘာ အတွင်းမှာ နေဖို့
ညွှန်ကြားထားတဲ့သူပဲ"

ဤစကားကို ကြားရသောအခါ ကျင်းယန်နှင့် ယွင်ချန်းတို့သည် အမူအရာများ မပြောင်းသွားခဲ့သော်လည်း သူတို့၏ အကြည့်များက တင်းမာလာကြသည်။

နင်းဝမ်ကောသည် ပြင်ပလောက ဝင်ပေါက်အနီးတွင် ဆင်းသက်လာ၍ ဖွဖွလေး ဝင်ပြောလိုက်သည်။ "ဒီနေရာက ရတနာ တစ်စိတ်တစ်ပိုင်းက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတရဲ့ လက်အတွင်းကို ကျရောက်သွားပြီ"

နင်းဝမ်ကော၏ အသံ မဆုံးသေးခင်တွင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ ပြောင်းလဲထားသော စီးဆင်းနေသည့်

အလင်းတန်းသည် ရုတ်တရက် လင်းလက်လာ၍ ဟင်းလင်းပြင်ကို ဖြတ်သန်း သွားခဲ့သည်။

"အိမ်မက် သူတော်စင်မယ် နင်းဝမ်ကော… ဒါက မင်းကိုယ်မင်း ပေးထားတဲ့ နာမည်မဟုတ်လား… ငါတို့က အနာဂတ်မှာ စကားကြာကြာ ပြောနိုင်ဖို့ အခွင့်အရေး ရှိနိုင်ပါစေလို့ မျှော်လင့်ပါတယ်" ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ နက်ရှိုင်း အက်ကွဲနေသော အသံသည် ဟင်းလင်းပြင် အတွင်း၌ ကြာရှည်စွာ တုန်ခါ ကျန်ရစ်နေခဲ့သည်။

ဟေးဒီးစ်ကျင်းယန်နှင့် ဟေးဒီးစ်ယွင်ချန်းတို့သည် ဝမ်လင်းနှင့် အပေါင်းပါတို့အား အသေအချာ ကြည့်နေခဲ့ပြီးမှ နောက်သို့ အသာဆုတ်သွားကာ ဟင်းလင်းပြင် အက်ကွဲကြောင်း တစ်ခုအား

ဖွင့်လှစ်၍ ပျောက်ကွယ်သွားခဲ့သည်။ မီးလျှံကဲ့သို့ နီရဲသော အလင်းရောင်များက မှေးမှိန်သွားပြီး အက်ကွဲကြောင်းကလည်း ဖြည်းဖြည်းချင်း ပိတ်သွားခဲ့သည်။

ရှီထျန်းဟောင်သည် ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရပ်နေပြီး သူ၏ခေါင်းကို အသာစောင်း၍ မေးလိုက်သည်။ "ကျွန်တော်တို့က သူတို့ကို လိုက်ဖမ်းသင့်သလား"

ဇူရီ၏ ခေါင်းပေါ်မှ 'ရီ'စာလုံးသည် လင်းလက်စွာဖြင့် တောက်ပလာ၍ ဝမ်လင်း၏ မျက်လုံး အတွင်းတွင်လည်း အလင်းတန်းများစွာ လည်ပတ်လာခဲ့သည်။ သူတို့ နှစ်ယောက်စလုံးက သူတို့၏ ခေါင်းများကို ပြိုင်တူ ခါလိုက်ကြသည်။

"မလိုက်တော့ဘူး... ဗီပရာလိုပါ အဆင့်က ဟေးဒီးစ်တစ်ကောင်ဟာ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ရောက်ရှိနေပြီး သူ့ရဲ့ နေရာကို အတည်ပြုလို့ မရဘူး... ဒါပေမဲ့ သူဟာ ငါတို့ဆီကို အလျင်အမြန်လာနေတာ သေချာနေတယ်"

ရှီထျန်းဟောင်သည် ခေါင်းညိတ်၍ ဟီဂန် ရွှေရောင်တံတား အပေါ်မှ ခုန်ချလိုက်ပြီး ပြင်ပလောက အတွင်းသို့ ဝင်ရောက်သွားလေသည်။ "ဒါဆိုရင်လည်း ကျန်တဲ့အရာတွေ မလုပ်ခင် ဒီကိစ္စကို အရင် ဖြေရှင်းလိုက်ကြတာပေါ့"

## စာစဥ် ၆၉ : အပိုင်း ၁၁

## အပိုင်း ၁၃၄၁ : အင်မော်တယ် နဂါးမြို့တော်၏ နေရာသဲလွန်စ

"ဒါကို ဝတ်ထားလိုက်" ဝမ်လင်းသည် သူ၏ လက်ချောင်းကို လှုပ်ရှားလိုက်ရာ ခရမ်းရောင် အလင်းတန်း တစ်တန်းသည် ရှီထျန်းဟောင်၏ လက်အပေါ်သို့ ကျရောက်လာသည်။ ထိုအရာသည် လက်စွပ်ကဲ့သို့ အရာတစ်ခု ဖြစ်သည်။

ထိုအရာသည် ဟေးဒီးစ်ဧကရာဇ် ချန်ရစ်ခဲ့သော လက်စွပ်ဖြစ်ပြီး ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ လျှိုကြီးက ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။ လျှိုကြီးသည် ယွင်ချန်းနှင့်

ရင်ဆိုင်ခဲ့ရသော အခါ သူသည် ထိုလက်စွပ်ကို
အသုံးပြုခဲ့၍ တိုက်ခိုက်ခဲ့သည်။

လျှိုကြီး ဒဏ်ရာ အပြင်းအထန် ရရှိသွား အပြီးတွင်
ဝမ်လင်းသည် အလျင်အမြန် ရောက်လာ၍
သူနှင့်အတူ ထိုလက်စွပ်အား အတူတကွ
ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။

သူ၏အရှေ့မှ ပြင်ပလောကသည် အမှန်ပင်
ဟေးဒီးစ်ကေရာဇ်နှင့် ပတ်သတ်နေသည်ကို
တွေ့ခဲ့ရသော အခါ ရှီထျန်းဟောင်သည်
အရံအတားများကို ချိုးဖောက်၍ ရတနာကို
ဝင်ယူလိုနေသဖြင့် ဝမ်လင်းက သူ့အား
ထိုလက်စွပ်ကို ပေးခဲ့ခြင်းဖြစ်သည်။

ရှီထျန်းဟောင်သည် လက်စွပ်ကို ယူဆောင်လိုက်ပြီး ပြင်ပလောက၏ ဝင်ပေါက်အတွင်းသို့ ဝင်သွားခဲ့သည်။ သူ့အပြင် နင်းဝမ်ကောကလည်း ဘူးတောင်းကဲ့သို့ လောကအတွင်းသို့ ဝင်သွားခဲ့ကာ ဇူရီနှင့် ဝမ်လင်းတို့သည် ပြင်ပတွင် အခြားသူများ၏ ဝင်ရောက် နှောင့်ယှက်မှုကို ကာကွယ်ရန် စောင့်နေခဲ့သည်။

ဇူရီသည် ဝမ်လင်းအား ကြည့်၍ လက်နှစ်ဘက်ဆုပ်ကာ ပြောလိုက်သည်။ "တတိယ ဂျူနီယာက စင်စစ် ဖြစ်တည်မှုကို အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့တဲ့ အတွက် ဂုဏ်ယူပါတယ်"

ဝမ်လင်းကလည်း လက်နှစ်ဘက်ဆုပ်၍ ပြန်လည် တုံ့ပြန်လိုက်ကာ သူ၏ တည်ငြိမ်နေသော

မျက်လုံးအစုံတွင် နွေးထွေးသော အရိပ်အယောင်များ ပေါ်လာသည်။ "ဒုတိယ စီနီယာက အရမ်း ကြင်နာတာပဲ"

ဇူရီသည် သူ၏ အကြည့်အား မိချောင်း နတ်ဘုရား၏ စောင့်ရှောက်မှုအောက်တွင် ရှိနေသော လှိုဏ်ကြီးထံသို့ ရွှေ့ပြောင်းလိုက်ကာ အချိန်အနည်းငယ် ကြည့်လိုက်ပြီး သူ၏ မျက်မှောင်များသည် ကြုတ်သွားခဲ့သည်။

"သူက သူ့ရဲ့ အကန့်အသတ်တွေကို အများကြီး ကျော်လွန်သွားခဲ့တယ်... သူ့ရဲ့ ဒဏ်ရာတွေကို အချိန်အကြာကြီး ပြန်လည် ကုစားရမယ် ထင်တယ်... ကံကောင်းတာက သူ့ရဲ့ ဒဏ်ရာတွေကို တတိယ ဂျူနီယာက

တည်ငြိမ်အောင် လုပ်ထားခဲ့တာပဲ… မဟုတ်ရင် အခြေအနေ အများကြီး ပိုဆိုးသွားနိုင်တယ်"

စကားပြောနေရင်း သူ၏ လက်ချောင်းများကို အသာ လှုပ်ရှားလိုက်ရာ နားဝင်ချိုသော ဖီးနစ်အော်သံ တစ်ခု ပေါ်လာခဲ့သည်။

စီးဆင်းနေသော အလင်းတန်းဖြင့် ဖန်တီးထားသော ဖီးနစ်တစ်ကောင်၏ လင်းလက်နေသော ပုံရိပ်သည် လေဟာနယ် အတွင်းတွင် လည်ပတ်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် မီးလျှံကဲ့သို့ လင်းလက်နေသော အလင်းတန်းဖြင့် တောက်ပနေကာ ပြာပုံအတွင်းမှ ပြန်လည် မွေးဖွား နိုးထလာသော ထူးခြားဆန်းကြယ်သည့် စွမ်းအားတစ်ခုကို ထုတ်လွှတ်နေခဲ့သည်။

ထိုဖီးနစ်သည် လှျိုကြီး၏ဘေးသို့ ဆင်းသက်လာပြီး သူ၏ ဒဏ်ရာများကို ထပ်မံ တည်ငြိမ်လာစေရန် ကူညီပေးခဲ့သည်။

လင်းဖုန်း၏ တပည့်များအနက် မူလ မြင့်မြတ်သော အလင်းတန်းကို ပိုင်ဆိုင်ထားသည့် ရှီထျန်းဟောင် အပြင် ရှောင်ယန်၊ ဝမ်လင်း၊ ယန်ချင်နှင့် လော်ချင်းဝူတို့သည် ဒဏ်ရာများကို ကုစားနိုင်သော နည်းစနစ်များကို ကျင့်ကြံထားကြသည်။

ရှောင်ယန်နှင့် ဝမ်လင်းတို့၏ နည်းစနစ်များသည် စိတ်ဝိညာဉ်၏ တာအို အခြေခံကို ကုစားပေး၍ ယန်ချင်နှင့် လော်ချင်းဝူတို့၏ နည်းစနစ်များသည်

တစ်ယောက်၏ အသက်စွမ်းအင်နှင့် အသွေးအသား အဆီအနှစ်များကို ကုစားပေးနိုင်ခြင်း ဖြစ်သည်။

ဇူရီ၏ ဖီးနစ် ပြန်လည် မွေးဖွားခြင်း မှော်ကျိန်စာသည် ဒုတိယ အမျိုးအစား အတွင်းတွင် ပါဝင်နေသည်။ ဝမ်လင်း၏ မှော်ကျိန်စာနှင့် ပူးပေါင်းလိုက်ခြင်းအားဖြင့် နှစ်မျိုးစလုံး၏ ပေါင်းစည်း စွမ်းအားများသည် လျှိုကြီး၏ ဒဏ်ရာများကို ပိုမိုကောင်းမွန်စွာ ကုစားနိုင်ခဲ့သည်။

"ကျွန်တော်နဲ့ ဂျူနီယာ လျှိုကြီးတို့ နှစ်ယောက်စလုံးမှာ အစ်ကိုကြီး ဖော်စပ်ထားတဲ့ ဆေးလုံးတွေ ပါလာတယ်... ကျွန်တော်က သူ့ကို ကျွေးထားပြီး ဆေးအစွမ်းတွေ ပျံ့နှံ့အောင် လုပ်ထားပြီးသွားပြီ" ဝမ်လင်းက ပြောလိုက်သည်။

ဇူရီက ပြန်ပြောလိုက်သည်။ "ကောင်းတယ်… ငါက ဘာဖြစ်ခဲ့သလို ဆိုတာကို ဆရာဆီကနေ သိပြီးသွားပြီ… အကယ်၍ မမျှော်လင့်ထားတဲ့ အရာတွေ ဖြစ်မလာခဲ့ရင် မင်းက ဂျူနီယာ လျှို့ကြီးကို မဟာကမ္ဘာ အတွင်းကို ပြန်ခေါ်သွားပေးရမယ်"

"အိုး… ဂျူနီယာလေးနဲ့ စီနီယာတို့က လုပ်စရာ တခြားကိစ္စတွေ ရှိသေးတာလား" ဝမ်လင်းက မေးလိုက်သည်။

ဇူရီ၏ ခေါင်းပေါ်မှ ရီအဆောင်လက်ဖွဲ့သည် လင်းလက်စွာဖြင့် တောက်ပလာ၍ ပြန်ဖြေလိုက်သည်။ "အင်မော်တယ် နဂါးမြို့တော်ရဲ့

ထူးခြားတဲ့ ပြောင်းလဲမှုတွေဟာ ဖြည်းဖြည်းချင်း အဆုံးသတ်လာပြီး သူ့ရဲ့ ကစဥ့်ကလျား ဖြစ်နေတဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကလည်း ပြန်လည် တည်ငြိမ်လာခဲ့ပြီ… ဒီရတနာဟာ ပြင်ပ ဟင်းလင်းပြင်ကနေ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ဝင်လာတယ်လို့ အာရုံခံနိုင်ခဲ့တယ်"

ဝမ်လင်း၏ မျက်လုံးများက လင်းလက်သွားသည်။ "အိုး… မဟာချင် အင်ပါယာက ဟိုယယုကို နှိမ်နင်းလိုက်ပြီလား"

ချင်ကေရာဇ် ရှီယုသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ကျဆုံးသွားခဲ့ကာ သူ၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သော အင်မော်တယ် နဂါးမြို့တော်သည် အဆုံးမဲ့

ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ပျောက်ဆုံးသွားခဲ့သည်။

မြေနဂါးဘုရင်နှင့် ဇူရီတို့ကလည်း သူ့အား ပြန်လည် ရယူနိုင်စွမ်း မရှိခဲ့ပဲ နောက်ဆုံးတွင် အင်မော်တယ် နဂါးမြို့တော်သည် ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ပျောက်ကွယ်သွားကာ သူဘယ်ရောက်သွားသည်ကို ရှာဖွေရန် အမတန်မှ ခက်ခဲနေခဲ့သည်။

ရှီယုက အင်မော်တယ် နဂါးမြို့တော် အပေါ်တွင် ချန်ထားသော မှော်စွမ်းအင် သဲလွန်စသည် လုံးဝ ပျောက်ကွယ်သွားခဲ့သည်။ အင်မော်တယ် နဂါးမြို့တော်အား ပိုင်ဆိုင် ကျင့်ကြံထားခဲ့သော

မဟာချင် အင်ပါယာကပင် သူတို့၏ ရတနာကို ရှာဖွေရန် အမတန်မှ ခက်ခဲနေခဲ့သည်။

အခြားတစ်ဘက်တွင် မြေနဂါးဘုရင်နှင့် ဇူရီတို့သည် သူတို့၏ မှော်စွမ်းအင် သဲလွန်စ အသီးသီးတို့ကို သူတို့ လုံးထွေး သတ်ပုတ်နေကြစဉ်တွင် အင်မော်တယ် နဂါးမြို့တော် အပေါ်တွင် ချန်ထားနိုင်ခဲ့ကြသည်။ အင်မော်တယ် နဂါးမြို့တော်၏ ထူးခြားသော ပြောင်းလဲမှု ဖြစ်စဉ်များ အဆုံးသတ်၍ သူ၏ စိတ်ဝိညာဉ် စွမ်းအင်များက ပြန်လည် တည်ငြိမ်လာလျှင် သူအား ပြန်လည်ရှာဖွေရန် ကြိုးစားနိုင်ကြမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မဟာကျိုး ကေရာဇ် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား နှိမ်နင်းလိုက်

အပြီးတွင် မဟာချင် အင်ပါယာ အနေဖြင့် ကျိုးကေရာဇ် အသစ် လျှမ်ကန်းနှင့် ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်နေခဲ့ပြီး ယယု မဟာပဏ္ဍိတ၏ အကြောင်းကို စုံစမ်းနေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ယယု မဟာပဏ္ဍိတသည် မဟာချင် အင်ပါယာမှ ကန်းယန်မင်းသားနှင့် အခြား ကျင့်ကြံသူများအား ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ကန်းယန်မင်းသားသည် ဒဏ်ရာ အပြင်းအထန် ရရှိသွား၍ ဟုန်နင် နဂါးဘုရင်သည် ဇူရီနှင့် ရှီယုတို့အား တိုက်ခိုက်နေသည့် မြေနဂါးဘုရင်နှင့် မိုးပြာရောင် ကောင်းကင် နဂါးဘုရင်တို့အား သွားရောက် ကူညီနိုင်ခဲ့သည်။ ချင်ကေရာဇ်

ရှီယုအား ဒဏ်ရာ အပြင်းအထန် ရရှိစေအပြီးတွင် သူသည် မိုးပြာရောင် ကောင်းကင် နဂါးဘုရင်နှင့် ပူးပေါင်း၍ ရှီယုအား သတ်ဖြတ်နိုင်ခဲ့သည်။

အကယ်၍ ဟုန်နင် နဂါးဘုရင်က တိုက်ပွဲအတွင်းသို့ ဝင်မလာခဲ့လျှင်လည်း ရှီယုအနေဖြင့် အသက်ရှင်နိုင်လိမ့်မည်ဟု မည်သူကမှ မသေချာနေပေ။ သို့သော်လည်း သူ၏ ကူညီမှုသည် ရှီယုအား ပို၍မြန်မြန် ရှုံးနိမ့်စေခဲ့သည်။

မဟာချင် အင်ပါယာ အနေဖြင့် နဂါးများအား နက်ရှိုင်းစွာ မုန်းတီးနေသည့် အပြင် ယယု မဟာပဏ္ဍိတကိုပါ အငြိုးကြီးနေခဲ့သည်။

မဟာကျိုး အင်ပါယာ၏ ရှေးဟောင်း ကောယွင်ကမ္ဘာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ချိပ်ပိတ်ထားခြင်း ဖြစ်သည်။ ပြင်ပလူများက ထိုအလယ်ကမ္ဘာသည် အိုမင်းလာ၍ အရင်းအမြစ်များ ကုန်ခန်းကာ စိတ်ဝိညာဉ် စွမ်းအင်များ အားနည်းသွားပြီး ပျက်စီးလုနီးပါး ဖြစ်နေပြီဟု ထင်နေကြသည်။

ထိုအရာသည် ယခင်က သိသာထင်ရှားခြင်း မရှိသော်လည်း ယခုအချိန်တွင် မဟာချင် အင်ပါယာ၏ သံသယဝင်ခြင်းကို ခံခဲ့ရသည်။

ဇူရီနှင့် ရှီထျန်းဟောင်တို့သည် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား တိုက်ခိုက်နေသည့် အချိန်တွင် မဟာချင် အင်ပါယာမှ ကျင့်ကြံသူများသည်

ရှေးဟောင်းကောယွင် ကမ္ဘာအတွင်းသို့ ချက်ချင်း ဝင်ရောက်ခဲ့ကြသည်။ ထိုကမ္ဘာသည် လွင်တီးခေါင်ကျကာ ဗလာဖြစ်နေသော်လည်း သူတို့အနေဖြင့် သဲလွန်စများကို ရှာဖွေတွေ့ရှိနိုင်ခဲ့သည်။

ကမ္ဘာနှစ်ခုအကြားမှ စစ်ပွဲ ပြီးဆုံးသွားသော အခါ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် သဲလွန်စများ ဖျောက်ဖျက်နိုင်ရန် အတွက် ယယု မဟာပဏ္ဍိတအား ချက်ချင်း နေရာ ရွှေ့ပြောင်းပေးခဲ့သည်။

သို့ရာတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း လျင်မြန်စွာ လှုပ်ရှားခဲ့ကြသဖြင့် မဟာချင် အင်ပါယာမှ ကျင့်ကြံသူများသည်

သဲလွန်စများနောက်ကို လိုက်၍ အသေအချာ ရှာဖွေခဲ့ကြရာ ယယု မဟာပဏ္ဍိတ၏ နေရာကို ရှာဖွေနိုင်ခဲ့ကြသည်။

ဝမ်လင်း၏ မေးခွန်းအား ဇူရီက ပြန်ဖြေလိုက်၏။
"ဟုတ်တယ်... သူတို့ဟာ သူ့ကို ရှာတွေ့သွားကြပြီ"

မဟာချင် ဧကရာဇ် အသစ် ရှီကျုံးထန်းသည် ကျင့်ကြံမှု အဆင့်နိမ့်သော ကိုယ်ပွားများကို ထျန်းကျင်းသို့ စေလွှတ်ခဲ့ကာ မဟာကျိုး ဧကရာဇ် အသစ် လျှမ်ကန်းနှင့် ညှိနှိုင်း ဆွေးနွေးနေခဲ့ပြီး သူကိုယ်တိုင်ကမူ ကန်းယန်မင်းသားနှင့် အတူ မဟာချင် အင်ပါယာမှ ထိပ်သီး ကျင့်ကြံသူများနှင့် အတူ ယယု မဟာပဏ္ဍိတအား

ပိတ်ဆို့တိုက်ခိုက်ခဲ့ရာ နောက်ဆုံးတွင် လုပ်ကြံ
သတ်ဖြတ်နိုင်ခဲ့သည်။

ဇူရီသည် သူ၏ခြေထောက်ကို ဟီဂန်
ရွှေရောင်တံတား အပေါ်သို့ အသာပုတ်လိုက်ပြီး
ဆက်ပြောလိုက်သည်။ "ငါက မဟာချင်
အင်ပါယာကို အင်မော်တယ် နဂါးမြို့တော်ကို
သဲလွန်စ ရထားပြီလို့ အကြောင်းကြားလိုက်ပြီ...
သူတို့မှာ သိဖို့အတွက် အခွင့်အရေး ရှိပေမဲ့
နောက်ဆုံးရလဒ်ဟာ သူတို့ မျှော်လင့်တဲ့အတိုင်း
ဖြစ်ချင်မှ ဖြစ်လာလိမ့်မယ်"

"ရှီယုရဲ့ အနစ်နာခံတဲ့ အခမ်းအနား ကျရှုံးသွား
အပြီးမှာ အင်မော်တယ် နဂါးမြို့တော်ရဲ့ ထူးခြားတဲ့

ပြောင်းလဲမှုဟာ လူတိုင်းရဲ့ မျှော်လင့်ချက်ကနေ ကျော်လွန်သွားခဲ့တယ်"

ဤကိစ္စနှင့် ပတ်သတ်၍ ဇူရီသည် သူ၏ ကိုယ်ပိုင် အတွေးအမြင်များကို ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် လင်းဖုန်းနှင့် သူ၏ ဂိုဏ်းတူ မောင်နှမများနှင့် ဝေမျှခဲ့သည်။ ထိုအရာကို ကြားခဲ့အပြီးတွင် ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ဆရာကတောင် အံ့အားသင့်သွားခဲ့တာ အဆန်းတော့ မဟုတ်ပါဘူး"

"ဟုတ်တယ်... ဒါပေမဲ့ မဟာချင် အင်ပါယာနဲ့ ငါတို့ဂိုဏ်းက လူတွေ သတိထားခဲ့သလို မြေနဂါးဘုရင်နဲ့ နဂါးမျိုးနွယ်က တခြား အစွမ်းထက် နဂါးတွေကလည်း အင်မော်တယ် နဂါးမြို့တော်ရဲ့

ပြောင်းလဲမှုတွေကို သတိထားမိကြမှာပဲ" ဇူရိက ပြောလိုက်သည်။

"ဆရာကြောင့် မူလနဂါး ဘုရင်က မဟူရာ ပင်လယ်အတွင်းကနေ မထွက်ရဲလို့ ငါတို့က သူ့ကို စိတ်ပူစရာ မလိုဘူး... ဒါပေမဲ့ မြေနဂါးဘုရင်နဲ့ ရှန်နဂါးဘုရင်တို့ဟာ ဘာပဲပြောပြော ဗီပရာလိုပါ အဆင့်က သန့်စင်တဲ့ သွေးမျိုးဆက် ရှေးပဝေသဏီမှ နတ်နဂါးတွေ ဖြစ်ကြတယ်... သူတို့က မဟူရာ ပင်လယ်အတွင်းကနေ တစ်ပြိုင်နက်ထဲ ထွက်လာကြရင် သူတို့ရဲ့ စွမ်းအားတွေကို လျှော့တွက်လို့မရဘူး"

"စီနီယာရဲ့ အရင်က ခန့်မှန်းမှုတွေ အရ ဒါက ဒီလောက်မြန်မြန် မဖြစ်လာသင့်ဘူး...

အင်မော်တယ် နဂါးမြို့တော်က ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ဝင်လာပြီးနောက်မှာ အချိန်ပိုမြန်တဲ့ လေဟာနယ် တစ်ခုအတွင်းကိုများ ရောက်သွားခဲ့တာများလား" ဝမ်လင်းက မေးလိုက်သည်။

ဇူရီက သဘောတူစွာ ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်... ဒါပေမဲ့ သူက အပြည့်အဝ ကောင်းမွန်လာဖို့ အတော်လေး လိုသေးတယ်... သူက အပြည့်အဝ သက်သာဖို့ နီးကပ်လာလေလေ သူ့ရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေက ပိုမို တည်ငြိမ်လာလေလေ ဖြစ်ပြီးမှ ငါတို့နဲ့ နဂါး မျိုးနွယ်စုတို့က သူ့ရဲ့ တည်နေရာကို ရှာဖွေဖို့ ပိုလွယ်လိမ့်မယ်"

"ဒါပေမဲ့ သူက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ ဆက်ရှိနေသ၍ သူ့ကိုရှာတွေ့ဖို့က မလွယ်ဘူး... ကြီးမားတဲ့ ဟင်းလင်းပြင် မုန်တိုင်းတစ်ခုက ငါတို့ရဲ့ အရင်က အားထုတ်မှုတွေ အားလုံးကို အလွယ်တကူနဲ့ အချည်းနှီး ဖြစ်သွားစေလိမ့်မယ်... ဒါပေမဲ့ ငါက အခုအချိန်မှာ စင်စစ် ဖြစ်တည်မှုကို ကျင့်ကြံနိုင်ပြီး ပြောင်းလဲမှု လမ်းစဥ်ကို ဖော်ထုတ်နိုင်ခဲ့တော့ နဂါး မျိုးနွယ်စုထက် ပိုမြန်နိုင်လိမ့်မယ်"

"ငါက ဒီတစ်ခေါက်မှာ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ဝင်ရောက်ခဲ့တဲ့ အချိန်မှာ အကျိုးအမြတ် အတော်လေး ရရှိခဲ့တယ်... ဒါတွေက မင်းနဲ့ ဂျူနီယာလေးတို့ အတွက်ပါ အသုံးဝင်နိုင်လိမ့်မယ်"

ဂိုဏ်းအတွင်းမှ တပည့်များစွာ အနက် အထူးသဖြင့်
ဂိုဏ်းအတွင်းသို့ အစောဆုံး ဝင်ခဲ့သော
တပည့်လေးယောက်တို့ အနက် ဝမ်လင်းနှင့်
ဇူရီတို့၏ ဆက်ဆံရေးသည် သူတို့၏
အတွေးအမြင်များ၊ ပင်ကိုစရိုက်များနှင့် ပုံစံများ
ကွဲပြားသောကြောင့် အနည်းငယ် ဝေးကွာသည်။

သို့သော်လည်း ဂိုဏ်းတစ်ဂိုဏ်း အတွင်းတွင်
နှစ်ပေါင်းများစွာ နေခဲ့အပြီးတွင် သူတို့၏
ဆက်ဆံရေးများ အကြားတွင် တစ်ခါမှ ပဋိပက္ခ
မဖြစ်ခဲ့ပေ။ သူတို့၏ ကိစ္စတစ်ခု အပေါ်မှ
အမြင်များသည် မတူညီကြသော်လည်း သူတို့၏
ခင်မင်မှုများက ပို၍ နက်ရှိုင်းလာကြသည်။
သို့ရာတွင် သူတို့၏ အမြင်များ

ကွဲပြားကြသော်လည်း သူတို့၏
ထင်မြင်ယူဆချက်များမှာ ယိမ်းယိုင်ခြင်း မရှိနေပေ။

သူတို့၏ နည်းစနစ်များ အကြောင်း
ဆွေးနွေးခြင်းသည် သူတို့အချင်းချင်း အဓိက
ဆက်ဆံခဲ့သည့် အချိန်များပင် ဖြစ်သည်။
တစ်ယောက်သည် တတ်မြောက်ကျွမ်းကျင်၍
ဗဟုသုတ ရှိပြီး အခြား တစ်ယောက်မှာမူ ဗဟုသုတ
ကြွယ်ဝ၍ တတ်မြောက် ကျွမ်းကျင်သည်။

သူတို့ နှစ်ယောက်စလုံးသည် ဗုဒ္ဓ
မော်ကျိန်စာများကို အထူးကျွမ်းကျင်ပြီး
အစောပိုင်းက ကမ္ဘဝါဒ ဆွေးနွေးပွဲတွင် သူတို့နှစ်ဦး
အကြားတွင် အကြောင်းအရာများစွာ
ဆွေးနွေးနိုင်ခဲ့သည်။

ဇူရီက ပြုံးလိုက်သည်။ "ငါက ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာ အကြောင်းကို ကြားဖူးနေတာ ကြာပြီ"

ဝမ်လင်းက ပြန်ပြောလိုက်သည်။ "ကျွန်တော်တို့ ဂိုဏ်းတူမောင်နှမတွေ အကြားမှာ ကျွန်တော့်အပြင် ဒီလိုမျိုး နည်းစနစ်ကနေ အကျိုးအမြတ် အများဆုံး ရရှိနိုင်တာက ဂျူနီယာလေးပဲ ဖြစ်မယ်"

ဇူရီက သဘောတူစွာဖြင့် ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်... ဂျူနီယာလေးက ဒီမှော်ကျိန်စာကို လေ့ကျင့်နိုင်ရင် စင်စစ် ဖြစ်တည်မှုကို ဖန်ဆင်းဖို့ လမ်းကြောင်းမှာ ခြေလှမ်း အကြီးကြီး လှမ်းနိုင်လိမ့်မယ်... သူက မင်းလိုမျိုး စင်စစ်

ဖြစ်တည်မှုကို ချက်ချင်းတောင် ဖန်ဆင်းကောင်း
ဖန်ဆင်းနိုင်လိမ့်မယ်"

သူတို့ စကားပြောနေရင်း သူတို့အရှေ့မှ
ပြင်ပလောကသည် စတင်၍ တုန်ခါလာကာ
ရှီထျန်းဟောင်နှင့် နင်းဝမ်ကောတို့က
အတွင်းမှနေ၍ ပျံသန်း ထွက်ခွာလာကြသည်။

"ကျွန်တော်တို့ လိုချင်တာကို ရခဲ့ပြီးပြီ... သွားကြစို့"
ရှီထျန်းဟောင်က သွားများအားလုံးပေါ်အောင်
ပြုံးလိုက်သည်။ "ဒါပေမဲ့ ကျွန်တော်တို့က
တစ်ဝက်ပဲ ရခဲ့တယ်... ကျန်တဲ့ တစ်ဝက်ကို
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ယူသွားပြီး ဖြစ်လိမ့်မယ်... တကယ်လို့ တတိယ

စီနီယာက အချိန်မီ ရောက်မလာခဲ့ရင် ဘာမှ ကျန်တော့မှာ မဟုတ်ဘူး"

ဝမ်လင်းက ပြန်ပြောလိုက်သည်။ "ဒုတိယ စီနီယာက ငါ့ကို အင်မော်တယ် နဂါးမြို့တော်ရဲ့ အခြေအနေ အကြောင်းကို ပြောပြီးသွားပြီ… မင်းက ခရီးဆက်ထွက်နေပြီး ငါက ဂျူနီယာ လျှိုကြီးနဲ့အတူ ဒီပစ္စည်းတွေကို မဟာကမ္ဘာ အတွင်းကို ယူပြန်သွားလိုက်မယ်"

"ဒါက ငါရှာဖွေထားတဲ့ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာပဲ… ဒါက အပြည့်အဝ မဟုတ်ပေမဲ့ မင်းက ခရီးတစ်လျှောက်မှာ ဆက်လက်ပြီးမှ လေ့လာနိုင်လိမ့်မယ်"

သူ၏ မျက်လုံးများထံမှ အလင်းတန်း နှစ်တန်း ထွက်ပေါ်လာကာ ဇူရီနှင့် ရှီထျန်းဟောင်တို့ အရှေ့သို့ ကျရောက်သွားခဲ့သည်။

သူတို့ နှစ်ယောက်စလုံးသည် သူတို့၏ သဘာဝလွန် အသိစိတ် အသိစိတ်ဖြင့် သူတို့အရှေ့မှ အလင်းတန်းကို လေ့လာခဲ့ကြကာ ရှီထျန်းဟောင်က ရယ်ရမ်းသွေး၍ ပြောလိုက်သည်။

"အင်... ဒါတွေက ဖန်ဆင်းမှု အားလုံးတို့ရဲ့ အစမှာ အရာအားလုံးတို့က ကစဥ့်ကလျား ဖရိုဖရဲ ဖြစ်နေပြီး ကောင်းကင်နှင့် မြေကြီးတို့က မကွဲပြားသေးခင်မှာ ပထမဆုံး ပေါ်လာတဲ့ ခံစားမှု၊ ဆန္ဒနဲ့ အတွေးတွေလား... တကယ်ပဲ ဒီသဘောတရားတွေကို နားလည်ခြင်းဟာ

ကျွန်တော့်ရဲ့ ယင်းယွမ်နဲ့ ဟွမ်စန်း ခန္ဓာကိုယ်တွေရဲ့ ကျင့်ကြံမှုကို အများကြီး အကျိုးရှိတယ်... ကျေးဇူးပါ... တတိယ စီနီယာ"

ဤစကားကို ကြားရသော အခါ ဝမ်လင်း၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး ပေါ်လာသည်။ အခြားတစ်ဘက်တွင် ဇူရီက သူ၏ မျက်လုံးများကို ဖွင့်၍ ပြောလိုက်သည်။ "လူသားတွေရဲ့ နှလုံးသား၊ ဆန္ဒ၊ ခံစားချက်နဲ့ အတွေးအခေါ်၊ စိတ်ဝိညာဉ်တို့က တစ်ခုတည်းအဖြစ်နဲ့ တည်ရှိနေခဲ့တယ်... ဒါက တကယ်ကို အံ့သြစရာပဲ... ကျေးဇူးပါ... တတိယ ဂျူနီယာ"

"ကိစ္စ မရှိပါဘူး... ဒါက အသုံးဝင်ရင်ပဲ ကျွန်တော်က ကျေနပ်ပါပြီ... ဒီလိုဆိုရင် ကျွန်တော်က

ဂိုဏ်းကိုပြန်ပြီး ဂျူနီယာ လျှိုကြီးကို ကုသဖို့ ဆရာ့ကို သွားတွေ့လိုက်မယ်" ပြီးတာနှင့် ဝမ်လင်းသည် ဘေးသို့ လှည့်လိုက်ပြီး နင်းဝမ်ကောအား ကြည့်လိုက်သည်။

နင်းဝမ်ကောက သက်ပြင်းတစ်ချက်ချ၍ ပြောလိုက်သည်။ "ဒီကိစ္စအပြီးမှာ ငါ့အနေနဲ့ ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ လုပ်စရာ ဘာမှ မရှိတော့ဘူး... ငါက မဟာကမ္ဘာကို မင်းနဲ့အတူ ပြန်လိုက်ခဲ့မယ်... ငါ့ရဲ့ အတွေးတွေကို အခြေကျအောင် သေချာပြန်ပြီးမှ စဥ်းစားရဦးမယ်"

ဝမ်လင်း၏ လက်ရှိ ကျင့်ကြံမှု အဆင့်နှင့်ပင် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ထွက်ခွာခြင်းသည် လွယ်ကူသော အရာတစ်ခု

မဟုတ်ချေ။ သူတို့သည် အားနည်းသော ပြောင်းလဲမှု နေရာတစ်ခုကို အချိန်အနည်းငယ်ယူ၍ ရှာဖွေကာ ဟင်းလင်းပြင်ကို ချိုးဖောက်ပြီးမှ ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ထွက်နိုင်လိမ့်မည် ဖြစ်သည်။

သူတို့သည် ယင်ပင်လယ်သို့ ပြန်သွားမည် မဟုတ်ပဲ ယုကျင်းတောင်သို့ တိုက်ရိုက်ပြန်ကာ လင်းဖုန်းကိုယ်တိုင်နှင့် ပြန်လည် တွေ့ဆုံမည် ဖြစ်သည်။

## စာစဥ် ၆၉ : အပိုင်း ၁၂

## အပိုင်း ၁၃၄၂ : ယခင်က မကြုံဖူးသော အရာ

နတ်ဘုရားနယ်မြေ အတွင်းရှိ
ခွန်းလွန်တောင်တန်းများ အတွင်း၌…

ယွင်တောင်ထိပ်၏ အပေါ်မှ သတိမထားမိနိုင်သော
ဟင်းလင်းပြင် အတွင်း၌ ခရမ်းရောင် တိမ်တိုက်
ပင်လယ်တစ်ခုနှင့် ယှဥ်တွဲ၍ အနက်ရောင်
ပင်လယ်တစ်ခုသည် အဖြူရောင်
ကျောက်စိမ်းနတ်တောင် တစ်လုံး၏ ခြေရင်းတွင်
ရှိနေသည်။ ထိုနတ်တောင် အပေါ်၌
မဟူရာကောင်းကင် ရတနာသစ်ပင်မှ
သစ်ကိုင်းများက ညင်သာစွာ ယိမ်းနွဲ့လျက်
ရှိကြလေသည်။

လင်းဖုန်းကိုယ်တိုင်က ထိုမဟူရာကောင်းကင်
ရတနာသစ်ပင်၏ ထိပ်ဖျားမှ

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် ရှိနေသည်။ ဝမ်လင်းနှင့် နင်းဝမ်ကောတို့သည် လျှိုကြီးအား ခေါ်ပြန်လာကြကာ ပထမဆုံး လင်းဖုန်းထံသို့ လာရောက်ခဲ့ကြသည်။

"လျှိုကြီးကို အရင်ချလိုက်ပါ" လင်းဖုန်းသည် မျက်လုံးများကို ဖွင့်လိုက်၍ ပြန်လာသော သူများကို ကြည့်လိုက်သည်။

မိချောင်း နတ်ဘုရားသည် ရှေ့တက်လာကာ လျှိုကြီးအား ချထားလိုက်သည်။ လင်းဖုန်းသည် လက်တစ်ဘက်ကို ဆန့်တန်းလိုက်ရာ သူ၏ လက်ဖဝါးထံမှ ချောမွေ့သော အလင်းတန်း တစ်တန်း လင်းလက်လာသည်။ သူ့အား

ကြည့်ရသည်မှာ သာမန်ဟု ထင်နေရသော်လည်း မရေမတွက်နိုင်သော ဝက်ပါပုံစံနှင့် အဆောင်လက်ဖွဲ့ သင်္ကေတများက ပေါ်လာကြသည်။

ထိုအလင်းတန်းသည် လျှိုကြီးအား လွှမ်းခြုံသွားကာ သူသည် လင်းဖုန်း၏ လက်ဖဝါး အလယ်တွင် ပျောက်ကွယ်သွားခဲ့သည်။

နင်းဝမ်ကောသည် ထိုမြင်ကွင်းအား မြင်လိုက်ရသော အခါ သူမ၏ ရင်အတွင်းမှ လှုပ်ရှားသွားသည်။ "ကောလဟာလတွေ အရ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ သူ့ရဲ့ မှော်စွမ်းအင်တွေနဲ့ ယင်-ယန် ဖန်ဆင်းခြင်းနှင့်

ယိုယွင်းခြင်း ဝက်ံပါလိုမျိုး အဆင့်မြင့် မှော်ဝက်ံပါ တစ်ခုလုံးကို ဖန်ဆင်းနိုင်တယ်လို့ ဆိုတယ်"

"ဒီဝက်ံပါ အတွင်းမှာ သေခြင်းနဲ့ ရှင်ခြင်းတို့ကို ပြောင်းပြန်လှန်နိုင်တဲ့ သေခြင်းနဲ့ ရှင်ခြင်း ပြောင်းလဲခြင်းလို့ ခေါ်တဲ့ အစိတ်အပိုင်း တစ်ခုရှိတယ်… သူက သက်ရှိတစ်ယောက်ကို သတ်နိုင်သလို သေလုမျှောပါး လူကို အသက်ပြန်ရှင်လာနိုင်တယ်တဲ့… ဒါက ငါအခု တွေ့နေရတဲ့ အရာပဲ ဖြစ်မယ်"

လင်းဖုန်းသည် လျှိုကြီးအား သူ၏ မှော်စွမ်းအင်များဖြင့် သိမ်းဆည်းလိုက်ပြီးနောက် ဝမ်လင်းဘက်သို့ ကြည့်၍ ပြုံးလိုက်သည်။ "မင်းရဲ့

သူသေကိုယ်သေ တိုက်ပွဲတွေကနေ ဘာဆုလာဘ်
အသစ်တွေ ရရှိခဲ့လဲ"

"ကျွန်တော်က ဒီတစ်ခေါက်မှာ အတော်လေး
အကျိုးအမြတ် ရခဲ့တယ်… ပြီးတော့
ကျွန်တော်တို့ဂိုဏ်းရဲ့ ခေတ်နှစ်ပါး မူလပြန်လာခြင်း
ကျမ်းစာနဲ့ ပတ်သတ်ပြီး အတွေးအမြင်
အသစ်အချို့ကို ရရှိခဲ့ပေမဲ့ အသေးစိတ် ဆက်ပြီးမှ
လေ့လာဖို့ လိုသေးတယ်"

ဝမ်လင်းသာ မကပဲ ဇူရီနှင့်
ကျန်သောသူများကလည်း အတူတူပင် ဖြစ်သည်။
သူတို့၏ ကျင့်ကြံမှု အဆင့်များ ပိုမြင့်လာလေ
မဟာကောင်းကင် တာအိုကျမ်းစာအတွင်းမှ အဆုံးမဲ့
သဘောတရားများ၏ နက်ရှိုင်းစွာ

နက်နဲသိမ်မွေ့မှုနှင့် ကမ္ဘာကြီး၏ သဘာဝ ဥပဒေသများနှင့် ဆက်စပ်မှုကို ပို၍ နားလည်လာလေ ဖြစ်သည်။

ထို့ကြောင့် သူတို့သည် အမြဲတမ်း ရှာဖွေ တွေ့ရှိမှု အသစ်များကို ထုတ်ဖော်နိုင်လေ့ ရှိကြပြီး သူတို့၏ နည်းစနစ်များကို တိုးတက်စေရန် အမြဲတမ်း တီထွင်ကြံဆနိုင်ခဲ့ကြသည်။

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "မင်းရဲ့ စင်စစ် ဖြစ်တည်မှုကို ပြန်လည်ကုစားပြီး မင်းရဲ့ နည်းစနစ်တွေကို ဆက်ပြီးမှ လေ့လာနေပါ... မင်းအနေနဲ့ ငါတို့ဂိုဏ်းရဲ့ ကိုယ်ပိုင် နည်းစနစ်တွေကို ဒီလောက်အထိ ဂရုစိုက်နေစရာ သိပ်မလိုဘူး... ဗုဒ္ဓ မှော်ကျိန်စာတွေကို

နှစ်ပေါင်းများစွာ လေ့လာအပြီးမှာ မင်းက သူတို့ရဲ့ သဘောတရားတွေကိုလည်း အတော်လေး ဉာဏ်အလင်းပွင့်နေပြီ"

"ဒါပေမဲ့ ရှေးဟောင်း စေတန်ဂိုဏ်းရဲ့ အဆုံးအမတွေနဲ့ ပတ်သတ်ရင် မင်းက လူသစ်လိုမျိုးပဲ ဖြစ်နေသေးတယ်… သူတို့ရဲ့ မှော်ကျိန်စာတွေက အတော်လေး ဆန်းကြယ်ပြီး ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာက အဆုံးမဲ့ ဖြစ်နိုင်ခြေတွေ ရှိနေတယ်… သူ့ကို ဖြည်းဖြည်းချင်း လေ့လာခဲ့ရင် မင်းက ဒီထက်အများကြီး ပိုပြီးမှ တိုးတက်လာနိုင်တယ်"

ဝမ်လင်း၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး တစ်ခုပေါ်လာခဲ့သည်။ "ကျွန်တော်ကလည်း ဒီအတိုင်း ဆန္ဒရှိပါတယ်"

လင်းဖုန်းသည် သူ၏ခေါင်းကို စောင်းလိုက်၍ ဝမ်လင်းအား ကြည့်ကာ ရယ်ရမ်းသွေးလိုက်သည်။ "မင်းအနေနဲ့ ဗီပရာလိုပါ အဆင့်က အစွမ်းထက်တဲ့ ပြိုင်ဘက်တွေ... အထူးသဖြင့် ဗီပရာလိုပါ အဆင့်က မဟာမိစ္ဆာတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အချိန်မှာ မင်းနဲ့အတူ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခု မရှိတဲ့အတွက် ကူရာမဲ့သလို ခံစားနေရသလား"

"မင်းက အဆက်မပြတ် တိုးတက်လာတာနဲ့ သူတို့ကသာ မင်းကို ဖိအားပေးနိုင်စွမ်း

ရှိတော့မယ်... တခြား စကားလုံးနဲ့ ပြောရရင်
မင်းအနာဂတ်မှာ ထိပ်တိုက် ရင်ဆိုင်ရမယ့်
ပြိုင်ဘက်တွေက ဒီအဆင့်ကပဲ ဖြစ်လိမ့်မယ်"

ဝမ်လင်းက တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။
"သူတို့ကို ရင်ဆိုင်ရတာဟာ ဗီပရာလိုပါ
အဆင့်အောက်က ပြိုင်ဘက်တွေနဲ့
ရင်ဆိုင်ရတာလောက် မလွယ်တာတော့ အမှန်ပဲ...
ဒါပေမဲ့ ဒါက ဖိအားအောက်မှာ ရောက်နေတယ်လို့
မဆိုလိုပါဘူး... ဘာပဲပြောပြော ကျွန်တော်က
အခုလေးတင်မှ စင်စစ် ဖြစ်တည်မှုကို
ကျင့်ကြံနိုင်ခဲ့တာလေ"

လင်းဖုန်းက ပြောလိုက်သည်။ "ဒီကိစ္စပြီးရင် မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်မှာ လာပြီးမှ ကျင့်ကြံပါ"

ဝမ်လင်း၏ အကြည့်သည် လင်းလက်သွား၍ ဖွဖွလေး ပြုံးလိုက်ကာ လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "ကျေးဇူးပါ... ဆရာသခင်"

"မင်းအရင်က ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှာ ကျင့်ကြံခဲ့တဲ့ အချိန်မှာ မဟူရာကောင်းကင် ရတနာသစ်ပင်နဲ့ မကြာခဏ ထိတွေ့ခဲ့တယ်... ဒါပေမဲ့ မင်းက အနည်းငယ် အစီအစဥ်မကျ ဖြစ်နေခဲ့သေးတယ်"

လင်းဖုန်းသည် သူ၏လက်အား ဖွေ့ယမ်းလိုက်ကာ ခပ်တည်တည်ဖြင့် ပြောလိုက်သည်။ "မင်းရဲ့ အသိဉာဏ်နဲ့ မင်းက လိုချင်တဲ့ ရလဒ်တွေကို အလျင်အမြန် ရနိုင်မယ်လို့ ငါယုံကြည်တယ်... ဒါပေမဲ့ မင်းရဲ့ မဟာစေတန် ကိုယ်ပွားက မင်းရဲ့ မူလ ခန္ဓာကိုယ်လိုမျိုး တတ်နိုင်မှာ မဟုတ်ဘူး"

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ... ကျွန်တော် နားလည်ပါတယ်"

လင်းဖုန်းသည် သူအား စိုက်ကြည့်၍ ပြောလိုက်သည်။ "မင်းက တိုင်ဇေကရာဇ်ရဲ့ တော်ဝင်နန်းတော်နဲ့ ဆက်သွယ်လိုစိတ် မရှိနေတာ သေချာသလား... သူက အပြည့်အဝ ပြန်လည် မသက်သာသေးပေမဲ့ သူ့ရဲ့ မူလစိတ်ဝိညာဉ်

အတွင်းက ခံစားချက်တွေက ဖြည်းဖြည်းချင်း တည်ငြိမ်လာခဲ့ပြီ"

ဝမ်လင်းက သူ၏ခေါင်းကို ခါလိုက်သည်။ "တိုင်ကောရာဇ်ရဲ့ တော်ဝင်နန်းတော်ဟာ နတ်ဘုရားနယ်မြေ ဆေးမီးဖိုထက် စာရင် ကျွန်တော်တို့ဂိုဏ်းရဲ့ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းကို ထည့်သွင်းဖို့ ပိုမိုသင့်တော်တယ်"

"နတ်ဘုရားနယ်မြေ ဆေးမီးဖိုနဲ့ မဟာကောင်းကင်ဘီးတို့ကလည်း ကျွန်တော်နဲ့ မသင့်တော်ဘူး... အမှန်အတိုင်း ပြောရရင် တိုင်ကောရာဇ်ရဲ့ တော်ဝင်နန်းတော်ကလည်း

အတူတူပဲ… ဒါ့အပြင် ကျွန်တော်က မဟာကောင်းကင်ဘီးနဲ့ ကံမပါလာဘူး"

ဝမ်လင်းသည် တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ သူသည် လက်တွေ့ဝါဒသမား တစ်ယောက်ဖြစ်သည်။ မည်သည့်နည်းလမ်းကို သုံးရသည်ဖြစ်စေ သူ၏ ကိုယ်ပိုင် စွမ်းအင်များကို တိုးတက်အောင် ပိုမို အလေးထား၍ ကြိုးစားမည် ဖြစ်သည်။

သူ၏ စွမ်းအားများသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုကို ရခဲ့ပါက များစွာပို၍ တိုးတက်လာနိုင်သည်။ ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ဇူရီနှင့် ရှီထျန်းဟောင်တို့ စစ်ကူမလာမီက သူသည် ကောင်းကင်ကျက်သရေ

မဟာပဏ္ဍိတအား အားနည်းစွာသာ
အနှောင့်အယှက် ပေးနိုင်ခဲ့သည်။

သို့သော်လည်း အကယ်၍ ဝမ်လင်းတွင်
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခု
ရှိခဲ့ပါက အခြေအနေများသည် ချက်ချင်း
ပြောင်းလဲသွားမည် ဖြစ်ကာ သူ၏ပြိုင်ဘက်အား
ဖိအားပေးနိုင်မည် ဖြစ်သည်။

ဝမ်လင်းအနေဖြင့် သူလေးစားရသော ဆရာက
ပေးအပ်နေသော ကြမ္မာပန်းတိုင် အဆင့်မှ
မှော်ရတနာ တစ်ခုအား အလကား ငြင်းပယ်ခဲ့ခြင်း
မဟုတ်ပေ။ သူသည် လင်းဖုန်းနှင့်
သူ၏ဂိုဏ်းအတွက် ထည့်သွင်း စဉ်းစားခဲ့ခြင်း
ဖြစ်သည်။ သို့မှသာ ထိုမှော်ရတနာတို့၏

အလားအလာများကို အဆုံးစွန်အထိ ဖော်ထုတ် အသုံးချနိုင်မည် ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ကျွန်တော့်ကိုယ်ပိုင် ကံကောင်းမှုတွေနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ ယုံကြည်ပါတယ်" ထိုသို့ပြောနေရင်း ဝမ်လင်းက ပြုံးလိုက်ကာ သူ၏ သံသယများကို ဖယ်ရှားနိုင်ခဲ့သည်။ "ဆရာကပဲ ပြောထားတယ်လေ… ကျွန်တော့်ရဲ့ အခွင့်အရေးတွေကို ကံကြမ္မာအတိုင်း ထားခဲ့ရင် ကျွန်တော့်ရဲ့ နှလုံးသားက ဉာဏ်အလင်းပွင့်သွားနိုင်တယ်လို့"

လင်းဖုန်းက ရယ်ရမ်းသွေး၍ သူ၏ခေါင်းကို ခါလိုက်သည်။ "မင်းကြိုက်သလို လုပ်ပါကွာ"

ဝမ်လင်းသည် သူ၏ ရင်အတွင်းမှ နှမြောစရာ ကောင်းသည်ဟု မခံစားခဲ့ရပေ။ သူ၏ ကံကောင်းမှုနှင့် စွမ်းအားတို့မှာ ထူးချွန်ပြောင်မြောက်၍ သူ၏ အကင်မခံရနိုင်သော ပြိုင်ဘက် အနည်းငယ်သာ ရှိပေသည်။

သို့သော်လည်း နင်းဝမ်ကောနှင့် လူသားပုံစံသို့ ပြောင်းထားသော သူ့မှော်ရတနာ၏ မူလစိတ်ဝိညာဉ် ဖြစ်သော မိချောင်း နတ်ဘုရားတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

သူတို့၏ အရှေ့တွင် ရပ်နေကြသော
ဤဆရာတပည့် အတွဲသည် အမှန်ပင်
ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

သို့သော်လည်း တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်၊
နတ်ဘုရားနယ်မြေ ဆေးမီးဖိုနှင့်
မဟာကောင်းကင်ဘီးတို့သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ လက်အတွင်းသို့ မည်ကဲ့သို့
ကျရောက်လာခဲ့ကြသည်ကို ပြန်တွေးမိလိုက်သော
အခါ သူတို့အရှေ့မှ မြင်ကွင်းသည်
မျှော်မှန်းချက်များ အတွင်းတွင် ရှိသေးမှန်းကို
ချက်ချင်းပင် သဘောပေါက်သွားကြသည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ ပြီးဆုံးသွားသော အခါ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏

ခမ်းနားထည်ဝါလှသည့် မဟာယာန အဆင့်မှ
ကြောက်မက်ဖွယ်ရာ မှော်ရတနာ
လက်နက်တိုက်ကြီးသည် ကမ္ဘာကြီး တစ်ခုလုံးအား
အံ့သြ တုန်လှုပ်သွားစေခဲ့ပြီး ဖြစ်သည်။

မိချောင်း နတ်ဘုရား ကိုယ်တိုင်သည် ထိုရတနာများ
အနက် တစ်ခု အပါအဝင် ဖြစ်၍ သန္ဓေလောင်း
အဆင့်မှ မဟာယာန အဆင့်သို့
လင်းဖုန်းကိုယ်တိုင်၏ အဆင့်မြှင့်တင်ခြင်းကို
ခံခဲ့ရခြင်း ဖြစ်သည်။

မိချောင်း နတ်ဘုရားသည် မွေးဖွားလာခဲ့သည်မှာ
သိပ်မကြာသေးပဲ အိမ်မက်မက်နေသကဲ့သို့
ခံစားနေရသည်။

သို့သော်လည်း လင်းဖုန်းသည် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား မည်ကဲ့သို့ ကိုင်တွယ်ခဲ့သည်ကို ပြန်လည် စဥ်းစားခဲ့အပြီးတွင် အားလုံးတို့၏ ကျောရိုးအတွင်းမှ စိမ့်ကနေ ဖြစ်သွားကြသည်။

မဟာယာန အဆင့်မှ မော်ရတနာများ၏ အပေါ်တွင် သူတို့အားလုံးအား ဖိနှိပ်နိုင်သည့် ပို၍ သန်မာကာ ရှားပါးလှသော ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများ ရှိသည်။ ဟီဂန် ရွှေရောင်တံတား အပါအဝင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပိုင်ဆိုင်မှု အတွင်းမှ ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများ အရေအတွက်သည် ကြောက်မက်ဖွယ်ရာ အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ဤအချိန် မတိုင်ခင်တွင် နတ်ဘုရားနယ်မြေ၏
လူသားကျင့်ကြံမှု ကမ္ဘာ သမိုင်းတစ်လျှောက်တွင်
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ အများဆုံး
ပိုင်ဆိုင်ထားနိုင်သည့် အင်အားစုသည်
ဟင်းလင်းပြင် ဘုရားကျောင်းပင် ဖြစ်သည်။

အန္တိမ ကောင်းကင်ကြေးမုံနှင့် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်တို့အပြင် တစ်ချိန်က သူတို့တွင်
ကိုးဆကောင်းကင် တောင်ဝှေးဟုခေါ်သော
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ တစ်ခု
ရှိသေးခဲ့သော်လည်း ပျက်စီးသွားခဲ့သည်။

ကိုးဆကောင်းကင် တောင်ဝှေး
ပျက်စီးသွားအပြီးတွင် ဟင်းလင်းပြင်
ဘုရားကျောင်းတွင် အန္တိမ ကောင်းကင်ကြေးမုံနှင့်

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့သာ ရှိခဲ့တော့သည်။ သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံ၏ အဆင့်အတန်းသည် မူလကောင်းကင် ကမ္ဘာ အတွင်းမှ အခြား ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများ၏ ထိပ်ဆုံးတွင် ရှိနေသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း လက်ရှိ ပိုင်ဆိုင်ထားသော ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ အရေအတွက်သည် အတိတ်က တစ်ခါမှ မကြုံဖူးသည့် အနေအထားသို့ ရောက်နေသည်။

အားလုံးသိထားကြသည့် အတိုင်း သူတို့တွင် ဟီဂန် ရွှေရောင်တံတား၊ နတ်ဘုရားနယ်မြေ ဆေးမီးဖို၊

တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်၊
မဟာကောင်းကင်ဘီးနှင့် မယုံနိုင်လောက်အောင်
ကြောက်မက်ဖွယ်ကောင်းသည့်
ကောင်းကင်ဖျက်ဆီး ဓားတို့ ရှိနေသည်။

တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်နှင့်
မဟာကောင်းကင်ဘီးတို့သည် ဒဏ်ရာများကို
ကုစားနေရဆဲ ရှိသေးသော်လည်း သူတို့၏
စွမ်းအားများသည် ကမ္ဘာကြီးအား မှင်သက်အောင်
လုပ်နိုင်စွမ်း ရှိနေသည်။

ဤအတွေး ခေါင်းအတွင်းသို့ ဝင်လာသော အခါ
နင်းဝမ်ကောနှင့် မိချောင်း နတ်ဘုရားတို့၏
အကြည့်သည် လင်းဖုန်းအနောက်တွင် ရပ်နေသော
ပုဂ္ဂိုလ်အပေါ်သို့ ကျရောက်သွားသည်။

ထိုနေရာတွင် အရပ်ရှည်ရှည်ဖြင့် တင့်တယ်ကာ ချောမောလှပသော မိန်းကလေး တစ်ယောက်က အမူအရာ ကင်းမဲ့ကာ အေးစက်သည့် အကြည့်ဖြင့် ငြိမ်သက်စွာ ရပ်နေခဲ့သည်။

သူမသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး အထူးသဖြင့် မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာများ ဒူးတုန်အောင် ကြောက်ရွံ့ရသည့် အမျိုးသမီး ဖြစ်သူ ရွှမ်းလီပင် ဖြစ်သည်။

သူမသည် စကားတစ်လုံးမှ မပြောပဲ ဒီအတိုင်းသာ ရပ်နေသည်။ သူမတွင် ယခင်ကကဲ့သို့ ထက်မြက်သော အကြည့်များ ရှိမနေပဲ သူမ၏ သွေးဆာမှုများကို သတိမထားနိုင်သော အဆင့်တစ်ခု အထိသို့ ရုပ်သိမ်းထားနိုင်ခဲ့ပြီ

ဖြစ်သည်။ သူမသည် လင်းဖုန်းကဲ့သို့
သာမန်ဆန်နေသော်လည်း ခန့်မှန်းရန်
ခက်ခဲသကဲ့သို့ ဖြစ်နေခဲ့သည်။

ဝမ်လင်းနှင့် စကားပြောပြီးသွားသော အခါ
လင်းဖုန်း၏ အကြည့်သည် နင်းဝမ်ကော အပေါ်သို့
ကျရောက်သွား၍ ညင်သာစွာ ပြုံးလိုက်သည်။
"ဒုက္ခခံခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်...
မိတ်ဆွေနင်း"

နင်းဝမ်ကောသည် သူမ၏ခေါင်းကို ခါလိုက်သည်။
"ရှင်က အရမ်း ကြင်နာတာပဲ... မာစတာလင်း...
ကျွန်မကသာ ကျေးဇူးတင်သင့်တဲ့သူပါ... ရှင်က
ကျွန်မရဲ့ မှတ်ဉာဏ်တွေကို ပြန်လည် ရရှိနိုင်အောင်

အခွင့်အရေး ပေးခဲ့ပြီး ကျွန်မ နှလုံးသားထဲက အကြီးမားဆုံး နှောင်ထုံးကို ဖြည်ပေးနိုင်ခဲ့တယ်"

သူမသည် အလွန်အမင်း တည်ငြိမ်နေပုံ ပေါက်နေကာ အတိတ်က ဖြစ်ခဲ့သမျှကို လက်ခံနိုင်သည့်ပုံ ပေါက်နေသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ သူမသည် အခြားကမ္ဘာ တစ်ခုတွင် ရောက်နေသည်ဟု မယုံနိုင်အောင် ခံစားခဲ့ရသည်။

လင်းဖုန်းကလည်း သူမ၏ ခံစားချက်များကို နားလည်နိုင်ခဲ့ကာ မေးလိုက်သည်။ "ခင်ဗျားမှာ ဘာအစီအစဉ်တွေများ ရှိသလဲ... မိတ်ဆွေနင်း"

နင်းဝမ်ကောသည် ဝမ်လင်းနှင့် ကျန်သောသူများကို ကူညီ၍ ဘူးတောင်းပုံစံ ပြင်ပလောက အတွင်း၌ ဟေးဒီးစ်ကေရာဇ် ချန်ရစ်ထားခဲ့သော ရတနာများကို ရှာဖွေပေးခဲ့သည်။ ဤလုပ်ဆောင်ချက်သည် သူမ၏ သဘောထားနှင့် ရပ်တည်ချက်ကို ဖော်ပြနေခဲ့သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

သူမသည် မိစ္ဆာတစ်ဝက် မိုယွင်ကျိနှင့် လုံးဝ ကွဲပြား ခြားနားပေသည်။

နင်းဝမ်ကော၏ စိတ်အနေအထားသည် တည်ငြိမ်ကာ ရန်လိုခြင်းမရှိပေ။ သူမသည် ဟေးဒီးစ် မျိုးနွယ်စုနှင့် တိုက်ရိုက် ပဋိပက္ခများလည်း

မရှိသဖြင့် သူတို့နှင့် ရန်ငြိုးပွားရန်လည်း အကြောင်းမရှိပေ။

သို့သော်လည်း သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဆက်ဆံရေး တည်ဆောက်ကာ ဂုဏ်ထူးဆောင် အကြီးအကဲပင် လုပ်ခဲ့သေးသဖြင့် နှစ်ဦးနှစ်ဘက်တွင် ပဋိပက္ခများ ပေါ်ပေါက်လာပါက သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဘက်မှ သေချာပေါက် ရပ်တည်လိမ့်မည် ဖြစ်သည်။

ခြုံ၍ ပြောရလျှင် လူသား ကျင့်ကြံမှု ကမ္ဘာနှင့် မိစ္ဆာ မျိုးနွယ်စုများ ပဋိပက္ခ ပေါ်ပေါက်လာပါက သူမသည် လူသားများဘက်မှ ရပ်တည်လိမ့်မည် ဖြစ်သည်။

ထို့ကြောင့် လင်းဖုန်းက သူမ၏ အနာဂတ် အစီအစဉ်များကို မေးခဲ့သော အခါ သူသည် သူမက ဘယ်ကိုသွားမည် သို့မဟုတ် နောက်ထပ် ဘာလုပ်ရန် ရွေးချယ်ထားသည်ကို ဆိုလိုနေခြင်း မဟုတ်ပေ။ သူမသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတအား မည်ကဲ့သို့ ကိုင်တွယ်မည်ကို မေးနေခြင်း ဖြစ်သည်။

နင်းဝမ်ကောသည် ဤနေရာသို့ လာရာ လမ်းတစ်လျှောက်တွင် ဤကိစ္စအား အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့ပြီး ဖြစ်သဖြင့် ဘာမှ ထပ်စဉ်းစားနေစရာ မလိုပဲ ချက်ချင်း ပြန်ဖြေလိုက်သည်။

"ကျွန်မက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ အပေါ်မှာ ကြီးမားတဲ့ အမုန်းတရားတွေ မရှိပါဘူး... တကယ်လို့ သူမက ကျွန်မကို သူမဘာသာ လာရောက် တိုက်ခိုက်ခြင်း မရှိရင် ကျွန်မက သူမနဲ့ တိုက်ခိုက်ဖို့ ရည်ရွယ်ချက် မရှိနေဘူး... ကျွန်မတို့က ကိုယ့်လမ်းကိုယ် လျှောက်လို့ရတယ်... တကယ်လို့ ကျွန်မက ဂိုဏ်းအတွင်းမှာပဲ နေခဲ့ရင် သူမကလည်း ကျွန်မကို အလွယ်တကူ လာတိုက်ခိုက်မှာ မဟုတ်ဘူးလို့ ယုံကြည်နေတယ်"

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။
"ကောင်းပြီလေ... ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်နိုင်တယ်"

"ကျွန်မရဲ့ အတားအဆီးတွေက ကြီးမားလှတဲ့ ဒီစိတ်ပိုင်းဆိုင်ရာ အရံအတားကို ချိုးဖောက်အပြီးမှာ ပြေလျော့လာတယ်လို့ ခံစားခဲ့ရတယ်... ကျွန်မက လာမယ့်နေ့တွေမှာ ကြိုးစား ကျင့်ကြံပြီး အဆင်သင့် ဖြစ်ရင် နောက်ထပ် ကာဒီနယ် ကပ်ဘေးတွေကို ရင်ဆိုင်ဖို့ ပြင်ဆင်လိုက်မယ်" နင်းဝမ်ကောက ပြောလိုက်သည်။

ကာဒီနယ် ကပ်ဘေးများသည် ကျင့်ကြံသူ တစ်ယောက်အတွက် အရေးကြီးသော ကျင့်ကြံမှု ခရီးမှတ်တိုင် တစ်ခုသာမက သေရေးရှင်ရေးလည်း ဖြစ်သည်။ အကယ်၍ ရှုံးနိမ့်သွားလျှင် သူတို့သည် ပြိုင်ဘက်၏ အသတ်ခံရသည်ထက်ပင် ပိုမိုလျင်မြန်စွာ အသက်ပျောက်သွားလိမ့်မည် ဖြစ်သည်။

နင်းဝမ်ကောက ကာဒီနယ် ကပ်ဘေးများကို နောက်ထပ် ရင်ဆိုင်လိုနေသည်ကို ကြားခဲ့ရသော အခါ လင်းဖုန်း၊ ဝမ်လင်းနှင့် မိချောင်း နတ်ဘုရားတို့ အားလုံးက ပြောလိုက်ကြသည်။ "အကောင်းဆုံး ဖြစ်ပါစေ"

နင်းဝမ်ကောသည် သူတို့အား ကျေးဇူးတင်ပြီးသွားသော အခါ ပြန်သွားခဲ့သည်။ ဝမ်လင်းကလည်း သူ၏ဗိမာန်သို့ ပြန်သွားခဲ့၏။

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် ထိုင်နေ၍ ခဏအကြာတွင် သူ၏ လက်ဝါးကို လှန်လိုက်ရာ အလင်းတန်း တစ်တန်း လင်းလက်လာ၍

အရပ်ရှည်ရှည်နှင့် လူငယ်တစ်ယောက်
ပေါ်လာခဲ့သည်။ သူသည် လှိုုကြီးပင် ဖြစ်သည်။

လှိုုကြီး၏ မျက်နှာသည် ဖြူဖျော့နေကာ သူ၏
အသက်ရှူသံသည် အားနည်းနေသော်လည်း သူ၏
ဒဏ်ရာများမှာ စိုးရိမ်စရာ မရှိတော့ပေ။

သူသည် လင်းဖုန်းအား ကြည့်လိုက်ပြီး
ဦးညွှတ်လိုက်ကာ သူ၏ နှုတ်ခမ်းများက
တွန့်သွားလေသည်။

လင်းဖုန်းသည် တည်ငြိမ်နေပုံ ပေါက်နေ၍
လှိုုကြီး၏ နှလုံးသားမှာ နာကျင်နေကာ သူ၏
ခန္ဓာကိုယ်အား နောက်ထပ် ဦးညွှတ်၍ မရတော့ချေ။

လှိုကြီး၏ မျက်နှာသည် အချိန်နှင့်အမျှ ဖြူဖျော့လာ၍ လင်းဖုန်း၏ တီးတိုး ပြောသံကို ကြားလိုက်ရသည်။ "ဖြစ်ခဲ့တဲ့ အရာအားလုံးကို ငါ့ကို အသေအချာ ပြန်ပြောပြပါ"

လင်းဖုန်း၏ အမူအရာသည် နွေးထွေးနေ၍ သူ၏ နှုတ်ခမ်းထောင့်များက ပြုံးယောင်သန်းနေခဲ့သည်။ ထိုအရာကို တွေ့လိုက်ရသော အခါ လှိုကြီးသည် များစွာပို၍ သက်တောင့်သက်သာ ဖြစ်သွားခဲ့သော်လည်း သူ၏ အကြည့်တွင် စိတ်ရှုပ်ထွေးမှုများနှင့် မရေရာမှုတို့ များစွာ ရှိနေဆဲ ဖြစ်သည်။

စာစဥ် ၆၉ : အပိုင်း ၁၃

## အပိုင်း ၁၃၄၃ : လျှိုကြီး၏ ဆုံးဖြတ်ချက်

လင်းဖုန်းနှင့် လျှိုကြီးတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြပြီး လျှိုကြီးသည် အိပ်ပျော်နေရင်း စကားပြောနေသကဲ့သို့ သူ၏ မှတ်ဉာဏ်များ ပြန်လည်ရရှိအပြီး ကြုံတွေ့ခဲ့ရသော အရာများအပြင် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ အတွေ့အကြုံများ အားလုံးတို့ကို ပြန်လည် ပြောပြခဲ့သည်။

သူပြောနေသည့် အချိန်တွင် လင်းဖုန်းသည် ဝင်ရောက် နှောင့်ယှက်ခြင်း မရှိခဲ့ပဲ ငြိမ်သက်စွာသာ နားထောင်နေခဲ့သည်။ လျှိုကြီးသည် သူ၏စကားများ ဆုံးသွားသောအခါ လင်းဖုန်းအား

မရေရာသော မျက်လုံးများဖြင့် ကြည့်လိုက်ရာ လင်းဖုန်းက ခေါင်းညိတ်ပြီး ချက်ချင်း ပြန်ပြောလိုက်သည်။

"ဟေးဒီးစ်ကေရာဇ်ဟာ မင်းကို သံသရာများစွာ ဝင်စားစေခဲ့တာဟာ ဝိညာဉ်ပင်လယ်ရဲ့ မှော်စွမ်းအင် သဲလွန်စတွေကို ဖျောက်ဖျက်ဖို့ အပြင် တခြား အကြောင်းရင်းတွေ ရှိဦးမယ်လို့ ငါဟာ အရင်က ခန့်မှန်းထားခဲ့ပြီး အခုအချိန်မှာ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို ပြန်စဥ်းစားလိုက်တော့ ငါ့ရဲ့ ခန့်မှန်းမှုတွေဟာ မှန်ကန်တယ်လို့ သက်သေပြနိုင်ခဲ့တယ်"

လျှိုကြီးသည် အနည်းငယ် တွေဝေစွာဖြင့် နာကျင်စွာ ခံစားနေရသည်။ "အမှန်အတိုင်း

ပြောရရင် ကျွန်တော်ဟာ ကျွန်တော့် မိဘတွေရဲ့ သားအစစ် မဟုတ်ပေမဲ့ ဟေးဒီးစ်သားရဲ တစ်ကောင် ဖြစ်နေသေးတယ်"

လင်းဖုန်းသည် သူ့အား တည်ငြိမ်စွာဖြင့် ကြည့်၍ ဖြည်းညင်းစွာ ပြောလိုက်သည်။ "ငါက ဟိုတုံးက မင်းကို တပည့်တစ်ယောက် အနေနဲ့ လက်ခံခဲ့တာက မင်းရဲ့ နောက်ခံကြောင့်ဖြစ်ပြီး ပြောရမယ်ဆိုရင် အလျှဉ်းသင့်တာကြောင့်လည်း ပါတယ်... ဒါပေမဲ့ ဒီနောက်ပိုင်းမှာ ဒီလိုမျိုး ကိစ္စအများကြီး ဖြစ်လာလိမ့်မယ်လို့ လုံးဝ ထင်မထားခဲ့ဘူး"

"ဒါပေမဲ့ အခုအချိန်မှာ ငါတို့က ဆရာတပည့်တွေ ဖြစ်နေကြတော့ ငါကမင်းကို

စောင့်ရှောက်ပေးမယ်… မင်းရဲ့ မှတ်ဉာဏ်တွေက ဒီအချိန်မှာ မပြည့်စုံသေးပဲ ဟိုတုံးက ဖြစ်ခဲ့တဲ့ အရာတွေဟာ မင်းရဲ့ မူလ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်နေခဲ့ပေမဲ့ သူတို့ဟာ အခုအချိန်မှာ မင်းရဲ့ နှလုံးသား အတွင်းမှာ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေကြတယ်"

"ဂိုဏ်းအပါအဝင် ငါကိုယ်တိုင်က မင်းရဲ့ လုပ်ဆောင်ချက်တွေကြောင့် အကျိုးအမြတ်တွေ ရရှိခဲ့တယ်… ငါက ဘာမှ သိပ်မပြောနိုင်ပေမဲ့ မင်းက ဘယ်လိုမျိုး ရွေးချယ်မှုတွေပဲ လုပ်လုပ်… ဘယ်လမ်းကြောင်းကိုပဲ ရွေးချယ်ရွေးချယ်… ငါကမင်းကို ကန့်ကွက်မှာ မဟုတ်ဘူးလို့ပဲ ပြောချင်တယ်"

လင်းဖုန်းသည် လျှိုကြီးအား ငြိမ်သက်စွာနှင့် စိုက်ကြည့်နေခဲ့သည်။ "ငါကမင်းကို အခုအချိန်မှာ ရွေးချယ်မှုတစ်ခု ပြုလုပ်ဖို့ ဖိအားပေးမှာ မဟုတ်သလို တစ်ချိန်တည်းမှာပဲ ဘယ်သူကမှ မင်းကို ဖိအားပေးမှာ မဟုတ်ဘူး"

လျှိုကြီး၏ မျက်လုံးများသည် ပြန်လည် ကြည်လင်လာခဲ့ပြီး လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "ကျေးဇူးပါ... မာစတာလင်း... ကျွန်တော်က အတိတ်က ဖြစ်ပျက်ခဲ့သမျှကို နောင်တမရပါဘူး... ကျွန်တော်က အခုအချိန်မှာ အနာဂတ် လမ်းကြောင်းကို မသေချာနေတာပါပဲ"

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကျွန်တော်က ဟေးဒီးစ် မျိုးနွယ်စုကို ရန်သူအနေနဲ့

မသတ်မှတ်နေသလို လူသား ကျင့်ကြံမှု ကမ္ဘာနဲ့
အထူးသဖြင့် ဒီဂိုဏ်းကို ပိုပြီးမှ
မဆန့်ကျင်နေလိုဘူး… ဒါပေမဲ့ အခုအချိန်မှာ
နှစ်ဦးနှစ်ဘက်က ပဋိပက္ခတွေ ဖြစ်ပွားလာတော့
ကျွန်တော်က ဘာမှ မဖြစ်သလို ဟန်ဆောင်ပြီး
ကိုယ့်ကိုယ်ကိုယ် မလှည့်စားနိုင်ဘူး"

"ကျွန်တော်က ဟေးဒီးစ် မျိုးနွယ်စုတွေနဲ့
ပူးပေါင်းပြီး ဒီဂိုဏ်းနဲ့ နတ်ဘုရားနယ်မြေတို့ရဲ့ ရန်သူ
မဖြစ်လိုဘူး… ဒါပေမဲ့ ဘာအကြောင်းပြချက်ပဲ
ပေးပေး ကျွန်တော်ဟာ အစကတည်းက
ကျွန်တော့်ရဲ့ မိဘတွေကို သစ္စာဖောက်ခဲ့သလို
ဖြစ်သွားခဲ့တယ်"

"ကျွန်တော်ဟာ သူတို့ရဲ့ အကြံတွေကို ပျက်စီးစေပြီး ဟေးဒီးစ် မျိုးနွယ်စုကို ထိခိုက်စေခဲ့တယ်... ကျွန်တော့်ကို မွေးဖွားပေးတဲ့ အတွက်နဲ့ သူတို့ရဲ့ ကြင်နာမှုတွေ အတွက် ကျွန်တော်က သူတို့ကို ကျေးဇူးတင်ရမှာပဲ... ကျွန်တော်ဟာ လှျိုယောင်ဖြစ်သလို တစ်ချိန်တည်းမှာပဲ လှျိုကြီးဟေးဒီးစ်လဲ ဖြစ်နေတယ်"

လှျိုကြီး၏ မျက်လုံးများတွင် စိတ်ပြတ်သားမှုများ ပေါ်လာ၍ သူ၏ခေါင်းကို မော့ကာ လင်းဖုန်း၏ မျက်လုံးများ အတွင်းသို့ ကြည့်လိုက်သည်။ "ကျွန်တော်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်က ကိုယ့်ကိုယ်ကိုယ် ဟေးဒီးစ် မျိုးနွယ်စုတွေထံကို ပေးဆပ်လိုပါတယ်"

လင်းဖုန်းသည် လျှိုကြီးအား ကြည့်လိုက်သည်။ လျှိုကြီးက သူ့ကိုယ်သူ ပေးဆပ်မည်ဟုသည့် အဓိပ္ပာယ်မှာ သူ့အသက်ကို စွန့်လွှတ်မည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။ အထူးသဖြင့် လတ်တလော ဖြစ်ပျက်ခဲ့သော အဖြစ်များ အပြီးတွင် လျှိုကြီးက ဆုံးဖြတ်ချက် ချခဲ့ခြင်း ဖြစ်သည်။

ယခင်က သူသည် သူ၏ မှတ်ဉာဏ်များကို ပြန်မရသေးပဲ ဟေးဒီးစ် မျိုးနွယ်စုများနှင့်လည်း တိုက်ရိုက် မတိုက်ခိုက်ခဲ့ရပေ။ သို့သော်လည်း သူသည် ယခုအချိန်တွင် ဝမ်လင်းနှင့် နင်းဝမ်ကောတို့အား ကူညီနိုင်ရန် ဟေးဒီးစ်ယွင်ချန်း၊ ဟေးဒီးစ်နင်းဖန်တို့နှင့် ပြင်းထန်သော တိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ရသည်။

ထိုပြင်းထန်သော တိုက်ပွဲကြောင့် သူသည်
ဝမ်လင်းအား အဖိုးတန်သော အချိန်များကို
ဆွဲပေးနိုင်ခဲ့ကာ ဝမ်လင်းကလည်း
ဟေးဒီးစ်နင်းဖန်အား သတ်ဖြတ်နိုင်ခဲ့သည်။

သူသည် ဝမ်လင်းအား ကာကွယ်ရန်
ဟေးဒီးစ်နင်းဖန်၏ လှုပ်ရှားမှုများကို
ခုခံခဲ့သော်လည်း ဝမ်လင်းက ဟေးဒီးစ်နင်းဖန်အား
သတ်ဖြတ်ခဲ့သော အချိန်တွင် သူသည်
ဘာမှမလုပ်နိုင်ခဲ့ပေ။

ထိုအချိန်တွင် လျှိုကြီးသည် ဟေးဒီးစ်နင်းဖန်နှင့်
ခက်ထန်သော တိုက်ပွဲအပြီးတွင် ဒဏ်ရာ
အပြင်းအထန် ရရှိသွား၍ သတိလစ်နေခဲ့ပြီး
ဘာဖြစ်ခဲ့သည်ကို မသိနိုင်ခဲ့ပေ။ သို့သော်လည်း

သတိပြန်ရလာ၍ ဘာဖြစ်ခဲ့သည်ကို သိခဲ့ရ အပြီးတွင် သူ၏ ပဋိပက္ခ ဖြစ်နေသော ခံစားချက်များသည် ယခင်ကထက် ပို၍ ပြင်းထန်လာခဲ့သည်။

လင်းဖုန်းသည် လျှိုကြီး၏ မျက်လုံးများအား ကြည့်လိုက်ရာ သူ၏ မျက်လုံးများ အတွင်းတွင် ခိုင်မာသော ပြတ်သားမှုများကို တွေ့နိုင်ခဲ့သည်။

"ကျွန်တော်က ဒီစကားကို သွေးပူနေတုံးမလို့ ပြောခဲ့တာ မဟုတ်သလို ဟန်ဆောင်နေတာလည်း မဟုတ်ပါဘူး..." ထိုစကားကို ကြားခဲ့ရသော အခါ လင်းဖုန်းသည် တိတ်တခိုး သက်ပြင်းချလိုက်သည်။

ဤကမ္ဘာအတွင်းတွင် အသက်ရှင် နေထိုင်ရသည်မှာ
သိပ်မလွယ်ချေ။ တစ်ယောက်သည် ပြဿနာများ၊
အခက်အခဲ များစွာတို့နှင့် ကြုံတွေ့ရနိုင်သည်။
ဤအရာသည် သာမန်လူများသာ မက
ကျင့်ကြံသူများ အတွက်ပါ အကျုံးဝင်သည်။

ကျင့်ကြံသူများသည် သူတို့၏ ကျင့်ကြံမှု
အဆင့်များနှင့် သို့မဟုတ် ပတ်ဝန်းကျင်
အခြေအနေများနှင့် ပတ်သတ်ပြီး ပြဿနာ
အမျိုးမျိုးကို ကြုံတွေ့နိုင်ကြသည်။ အကယ်၍
တစ်စုံတစ်ယောက်သည် တကယ်ပဲ သေလိုနေပါက
သူ၏ စိတ်ပိုင်းဖြတ်မှုသည် ပြတ်သားနေပါက
အလွယ်တကူ လုပ်ဆောင်နိုင်ပေသည်။

ဘာသံမှ မထွက်ပဲ၊ တစ်ယောက်ကိုမှ မသိစေပဲ သို့မဟုတ် အခြားသူများက ဝင်ရောက် မနှောင့်ယှက်နိုင်ပဲ လူတစ်ယောက်၏ အသက်ကို အဆုံးသတ်ရန် နည်းလမ်းပေါင်းမျိုးစုံ ရှိသည်။ သူ၏ သေဆုံးမှုသည် မမျှော်လင့်ထားသော အဖြစ်အပျက်များ၏ ဝင်ရောက် နှောင့်ယှက်မှုကို ခံရမည် မဟုတ်ပေ။

သူတို့ကိုယ် သူတို့ သတ်သေရန် ကြိုးစားကြသူများ၏ နက်ရှိုင်းသော နှလုံးသား တစ်နေရာ၌ အသက်ရှင်နေလိုသော ပြင်းထန်သည့် စိတ်ဆန္ဒတစ်ခု ရှိနေကြဆဲ ဖြစ်သည်။ သူတို့သည် မသိစိတ်မှနေ၍ တစ်စုံတစ်ယောက်က သူတို့အား ဟန့်တားရန် သို့မဟုတ် သူတို့ အသက်ရှင်ရန်

ဆန္ဒမရှိစေသည့် ပြဿနာကို ဖြေရှင်းပေးရန် မျှော်လင့်နေကြသည်။

မဟုတ်လျှင် သူတို့၏ နှလုံးသား အတွင်းတွင် နာကျင် ဝမ်းနည်းမှုများနှင့် မပြည့်ဝသေးသော ဆန္ဒများ ရှိနေကြဆဲ ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် တကယ်ပင် သေလိုနေပါက သူသည် သေရမည်ကို ကြောက်သောစိတ်အား ဖိနှိပ်ထားရန် ခိုင်မာသည့် စိတ်ဓာတ် ကြံ့ခိုင်မှုသာ လိုသည်။ ထိုသို့ဆိုလျှင် ဤအရာသည် မယုံနိုင်အောင် လွယ်ကူသော အလုပ်တစ်ခု ဖြစ်သွားပေမည်။

သို့သော်လည်း လျှိုကြီးသည် လင်းဖုန်းအား သူ၏ ပြဿနာများကို ဖြေရှင်းပေးရန် မျှော်လင့်ချက်များ မရှိနေပေ။

သူ၏ အကြည့်ကို တွေ့ပြီးသွားသော အခါ လင်းဖုန်းသည် လျှိုကြီး၏ ရည်ရွယ်ချက်များကို သိလိုက်သည်။ သူပြောခဲ့သည်မှာ သူ၏ ရည်ရွယ်ချက်ပင် ဖြစ်သည်။

သူ၏ ဝန်ခံချက်သည် လင်းဖုန်းအပေါ်မှ သူ၏ လေးစားမှုများမှ အခြေခံလာခြင်း ဖြစ်သည်။ သူသည် လင်းဖုန်းထံမှ မည်သည့် အရာကိုမှ ကွယ်ဝှက်ထားနေလိုခြင်း မရှိပေ။

လင်းဖုန်းသည် သူ့အား ဟန့်တားမည်လော ဟူသည်ကို သူက ထည့်သွင်း မစဉ်းစားထားပေ။ အမှန်တကယ် သေလိုနေသော သူတစ်ယောက်တွင် ထိုသို့ပြုလုပ်ရန် နည်းလမ်းများစွာ ရှိသည်။

လင်းဖုန်းသည် သူ့အား ဟန့်တားနိုင်သော စွမ်းရည်ရှိသည်။ အကယ်၍ လင်းဖုန်းကသာ ဆန္ဒရှိပါက သူသည် အလွယ်တကူပင် လျှိုကြီး၏ လွတ်လပ်မှုနှင့် လှုပ်ရှားမှုများကို ထိန်းချုပ်ထားနိုင်စွမ်း ရှိသည်။ သို့သော်လည်း လင်းဖုန်းတွင် ထိုကဲ့သို့ ပြုလုပ်ရန် ရည်ရွယ်ချက် မရှိပေ။

သေလိုနေသော မယိမ်းယိုင်သည့် စိတ်ပြတ်သားမှု ရှိနေသော တစ်စုံတစ်ယောက်ကို အားသုံး၍

ဟန့်တားထားခြင်းသည် လမ်းလျှောက်နေသော အလောင်းတစ်ကောင်ကို ထိန်းသိမ်းထားသည်နှင့် တူနေပေမည်။

"မင်းအနေနဲ့ မင်းရဲ့ အနာဂတ်လမ်းကြောင်းကို ကိုယ့်ကိုယ်ကိုယ် ရွေးချယ် ဆုံးဖြတ်နိုင်တယ်... မင်းအနေနဲ့ သွေးပူနေတုံး ဆုံးဖြတ်ချက် ချခဲ့တာ မဟုတ်ပဲ တည်ငြိမ်ရင့်ကျက်စွာ စဥ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာ မှန်ရင် ငါက ဝင်ပြီးမှ နှောင့်ယှက်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် သူ၏အရှေ့တွင် ရပ်နေသော လူျကြီးအား ကြည့်၍ ပြုံးလိုက်သည်။ "ဒါပေမဲ့ ဒီမတိုင်ခင် မင်းက ငါတို့ဂိုဏ်းအတွင်းကို ဝင်ပြီး

မင်းနာမည်ကို ကျောက်စိမ်းပြား အပေါ်မှာ ခတ်နှိပ်လိုနေသလား"

လှျိုကြီးသည် ပင့်သက်ရှိုက်လိုက်ကာ လင်းဖုန်းအား မော့ကြည့်လိုက်သည်။

သူ၏ နာမည်အား ကျောက်စိမ်းပြား အပေါ်တွင် ခတ်နှိပ်ခြင်းသည် ယခုအချိန်ကဲ့သို့ တရားမဝင် တပည့်တစ်ယောက် အနေဖြင့် မဟုတ်ပဲ လင်းဖုန်း၏ လက်ရင်းတပည့် တစ်ယောက်အနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအတွင်းသို့ တရားဝင် ဝင်ရောက်ရမည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ဂိုဏ်းအတွင်းတွင် အများစုက သူ့အား မသိကြသော်လည်း လျှို့ကြီးသည် ယခုအချိန်တွင် အခြား လက်ရင်းတပည့်များနှင့် မခြား အဆက်ဆံခံနေရခြင်း ဖြစ်သည်။ လင်းဖုန်း၊ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် သူ၏ စွမ်းရည်များကို တစ်ခါမှ လျှော့မတွက်ခဲ့ကြပေ။

သို့သော်လည်း အကယ်၍ သူသည် တရားမဝင် တပည့်တစ်ယောက် အဖြစ်မှ တရားဝင် လက်ရင်းတပည့် တစ်ယောက် ဖြစ်သွားပါက ဤသတင်းသည် တစ်ကမ္ဘာလုံးအား ပျံ့နှံ့သွားပေမည်။

လင်းဖုန်း၏ လက်ရှိ အဆင့်အတန်းအရ သူ၏ လက်ရင်းတပည့် တစ်ယောက်အား လက်ခံမှုသည်

မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့မည် ဖြစ်သည်။ လျှိုကြီး၏ တည်ရှိနေမှုနှင့် နောက်ခံကိုလည်း ကမ္ဘာကြီး တစ်ခုလုံးက သိသွားပေမည်။

လျှိုကြီးသည် လင်းဖုန်းအား ကြည့်၍ တိုးတိုးလေး ပြောလိုက်သည်။ "မာစတာလင်း... ဒါက မာစတာလင်းနဲ့ ဂိုဏ်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ မထင်ပါဘူး"

လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်၍ သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။ "ငါက ဒီအရာကို ပြင်ဆင်ထားခဲ့တာ အကြာကြီး ရှိပြီ... ငါ့အနေနဲ့ မင်းရဲ့ မှတ်ဉာဏ်တွေ ပြန်လည်ရရှိပြီး မင်းရဲ့

ကိုယ်ပိုင်လမ်းကြောင်းကို ရွေးချယ်နိုင်တဲ့ အချိန်ကို စောင့်နေတာ"

သူ၏ စကားဆုံးသည်နှင့် သူ၏လက်အား ဆန့်တန်းလိုက်ပြီး ဟင်းလင်းပြင်အား ဆုပ်ကိုင်လိုက်ရာ လင်းလက်နေသော အရာတစ်ခုသည် လျှိုကြီးအရှေ့သို့ ကျရောက်လာသည်။ ထိုအရာသည် ကျောက်စိမ်းပြား တစ်ချပ်ဖြစ်သည်။

ထိပ်ဆုံးနေရာတွင် 'ဇူ'ဟူသော စကားလုံးကို ခတ်နှိပ်ထားသော ကျောက်စိမ်းပြား တစ်ချပ်သာ ရှိနေခဲ့သည်။ လျှိုကြီးသည် ထိုကျောက်စိမ်းပြားက လင်းဖုန်းအား ကိုယ်စားပြုနေသည်ကို သိနေခဲ့သည်။

'ဇူ'ဟူသော ကျောက်စိမ်းပြား၏အောက်တွင် ကျောက်စိမ်းပြားများ တစ်တန်း ရှိနေကြသည်။ သူတို့သည် အရေအတွက် ကိုးခုရှိနေကြပြီး ပထမ ရှစ်ခုတွင် 'ယန်'၊ 'ရီ'၊ 'နီ'၊ 'လန်'၊ 'မင်'၊ 'ကော'၊ 'ချီ'နှင့် 'ဟွမ်' ဟူသော စကားလုံးများကို ရေးထွင်းထားပြီး ရှောင်ယန်နှင့် သူ၏ ဂိုဏ်းတူ မောင်နှမများကို ကိုယ်စားပြုနေကြခြင်း ဖြစ်သည်။

သူတို့သည် ပုံရိပ်ယောင် ကျောက်စိမ်းပြားများ ဖြစ်ကြပြီး တကယ့် ကျောက်စိမ်းပြားများသည် သူတို့၏ လက်အတွင်းတွင် ရှိနေကြသည်။

နောက်ဆုံး ကိုးခုမြောက် ကျောက်စိမ်းပြားသည် ပုံရိပ်ယောင် မဟုတ်ပဲ 'ယောင်'ဟူသော

စကားလုံးကို ရေးထိုးထားသည့် အစစ်အမှန် ကျောက်စိမ်းပြား တစ်ချပ်ဖြစ်သည်။

လျှိုကြီးသည် ထိုကျောက်စိမ်းပြားကို ကြည့်နေရင်း ခေတ္တမျှ စိတ်လှုပ်ရှားသွားခဲ့သည်။ ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် သူ၏ ထက်သန်လှသော ဆန္ဒသည် လင်းဖုန်း၏ ဂိုဏ်းအတွင်းသို့ တပည့်တစ်ယောက် အနေနှင့် ဝင်လိုနေခြင်း ဖြစ်သည်။

ဤနှစ်များ အတွင်းတွင် သူသည် တရားဝင် တပည့်တစ်ယောက်နှင့် ဘာမှ မခြားခဲ့သော်လည်း လင်းဖုန်းအနေဖြင့် ဤအခွင့်အရေးအား ယနေ့အထိ တစ်ခါမှ မကမ်းလှမ်းခဲ့ပေ။

လျှိုကြီးအနေဖြင့် လင်းဖုန်းသည် သူ့အား လွန်ခဲ့သော နှစ်များကတည်းက သူ့အား တပည့်တစ်ယောက် အနေဖြင့် သတ်မှတ်ထားခြင်း ဖြစ်ပြီး သူ၏ မှတ်ဉာဏ်များ ပြန်လည်ရရှိပြီးသော အခါမှ သူကိုယ်တိုင် ဆုံးဖြတ်ချက် ချစေလိုနေမှန်း ဖြစ်သည်ကို သိနေခဲ့သည်။

ထိုကဲ့သို့ဆိုလျှင် အကယ်၍ လျှိုကြီးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ထွက်ခွာ၍ ဟေးဒီးစ် မျိုးနွယ်စုသို့ ပြန်လိုလျှင်လည်း ဘာမှ ပြဿနာ ရှိနိုင်မည် မဟုတ်ပေ။

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "အမှန်အတိုင်း ပြောရရင် ဆရာတစ်ယောက်ဟာ သူ့ရဲ့ တပည့်ကောင်းကို သူ့ရဲ့ကိုယ်ပိုင် အသက်ကို

သူ့ကိုယ်သူ ဆုံးရှုံးအောင် လုပ်မှာကို မလိုလားပဲ ကမ္ဘာအတွင်းက ဘယ်တစ်ယောက်ကမှလဲ ဒီလိုမျိုး လုပ်စေလို့ မရဘူး"

"ငါကမင်းကို ဒီအရာတွေကို ပြောနေရခြင်းဟာ မင်းကို တွေဝေစေဖို့ မဟုတ်ဘူး… ဒါက မင်းသိဖို့ အခွင့်အရေး ရှိတဲ့ ကိစ္စတွေပဲ… မင်းက ပြင်ပကမ္ဘာက ဘာစဥ်းစားမယ် ဆိုတာကို ဂရုစိုက်နေဖို့ မလိုဘူး… မင်းရဲ့ နှလုံးသား အနောက်ကိုပဲ လိုက်ပြီးမှ ဆုံးဖြတ်ပါ"

"တကယ်လို့ မင်းက ဂိုဏ်းအတွင်းကို မဝင်ဖို့ ဆုံးဖြတ်ခဲ့ရင်လည်း ငါက မင်းသေသွား အပြီးမှာ မင်းရဲ့ မျိုးနွယ်စုက မင်းကို ထပ်ပြီး ဝေဖန်တာကို ရှောင်ရှားနိုင်ဖို့ သတင်းဖြန့်မှာ မဟုတ်ဘူး"

"တကယ်လို့ မင်းက ဂိုဏ်းအတွင်းကို ဝင်ခဲ့ပြီး မင်းရဲ့ သတင်းက တစ်ကမ္ဘာလုံးကို ပျံ့သွားခဲ့ရင်လည်း မင်းအနေနဲ့ နတ်ဘုရားနယ်မြေက လူသားကျင့်ကြံမှု ကမ္ဘာရဲ့ အထင်အမြင်နဲ့ တုံ့ပြန်မှုတွေကို စိုးရိမ်နေစရာ မလိုဘူး... သူတို့က ငါ့ကိုသာ ပြောကြပါစေ"

လင်းဖုန်းသည် တည်ငြိမ်စွာဖြင့် လျှိုကြီး၏ အကြည့်အား တုံ့ပြန်လိုက်သည်။ လျှိုကြီးသည် သူ၏ ခံစားချက်များကို ဖြည်းဖြည်းချင်း ထိန်းသိမ်းနိုင်ခဲ့ကာ သူ၏ အကြည့်သည် ပြန်လည် တည်ငြိမ်လာသည်။

သူသည် လင်းဖုန်းအား ဦးညွှတ်၍ ပြောလိုက်သည်။ "ဆရာ့ရဲ့ ထောက်ခံမှုအတွက် ကျေးဇူးတင်ပါတယ်… ကျွန်တော်က ကျွန်တော် နောင်တရမယ့် အရာမှန်သမျှကို လုပ်မှာ မဟုတ်ပါဘူး"

လင်းဖုန်း၏ အမူအရာများသည် မပြောင်းလဲခဲ့ပဲ သက်ပြင်းတစ်ချက်ကိုသာ ဖွဖွလေး ချလိုက်သည်။ သူစကား မပြောမီကပင် သူ၏ စကားလုံးများသည် လျှိုကြီးအား သွေးဆောင်နိုင်မည် မဟုတ်ပဲ သူ၏ ဆုံးဖြတ်ချက်များကိုသာ ပို၍ ခိုင်မာလာစေမည်ဟု သိခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း သူအစောပိုင်းက ပြောခဲ့သလို လျှိုကြီးအနေဖြင့် ဤအရာများကို သိနိုင်သည့်

အခွင့်အရေး ရှိသည်။ လှိုုကြီးနှင့် နက်ရှိုင်းစွာ ပတ်သတ်မှု ရှိနေသော်လည်း လင်းဖုန်းအနေဖြင့် လှိုုကြီး၏ ဆုံးဖြတ်ချက်များကို ဝင်ရောက် စွက်ဖက်နိုင်သည့် အနေအထား မရှိပေ။ ရှောင်ယန်၊ ဇူရီနှင့် ဟောဒီးစ် မျိုးနွယ်စုတို့ကလည်း အလားတူပင် ဖြစ်သည်။

ဤကမ္ဘာအတွင်းမှ မည်သည့်အရာကမှ အမြဲတမ်း ခန့်မှန်း၍ မရနိုင်ပဲ မရေမတွက်နိုင်သော ကံကြမ္မာဆိုးများက သေမျိုး ကမ္ဘာကြီးအား လွှမ်းခြုံထားပေသည်။

ဟောဒီးစ်ကေရာဇ်၏ အကြံအစည်များ၊ မိုယွင်ကျိ၏ မမျှော်လင့်ထားသော ပြောင်းလဲမှု၊ လင်းဖုန်းနှင့် လှိုုကြီးတို့၏ တွေ့ဆုံခဲ့မှု၊ ဟောဒီးစ်မျိုးနွယ်စုတို့၏

မဟာကမ္ဘာသို့ ပြန်လာခြင်း... ဤအရာများ အားလုံးတို့သည် လျှိုကြီး လက်ရှိ ကျရောက်နေသည့် အခြေအနေကို ဖြစ်ပေါ်လာစေခြင်း ဖြစ်သည်။

လျှိုကြီး၏ ဝေခွဲမရ ဖြစ်နေမှုသည် သူ၏ကိုယ်ပိုင် ပင်ကိုစရိုက်ကြောင့် ဖြစ်သည်။ အကယ်၍ အခြား ပင်ကိုစရိုက် ရှိသော တစ်စုံတစ်ယောက်သည် တူညီသော အခြေအနေများကို ကြုံတွေ့ခဲ့ရပါက လုံးဝကို ကွဲပြားခြားနားသော ရလဒ်များကို ရနိုင်ပေသည်။

လျှိုကြီးသည် လင်းဖုန်းအား ဦးညွှတ်၍ တည်ငြိမ်သော အသံတစ်ခုဖြင့် ပြောလိုက်သည်။ "ဆရာ... ကျွန်တော်က ဆရာရဲ့ဂိုဏ်းကို လုံးဝ

နောင်တမရပဲ ဝင်လိုပါတယ်… ဒါက ကျွန်တော်
အမြဲတမ်း အိမ်မက်မက်နေရတဲ့ အရာတစ်ခုပါ…
ကျွန်တော့် အဖေနဲ့ ဟေးဒီးစ် မျိုးနွယ်စုတို့
အတွက်ကတော့ ကျွန်တော့်အသက်ကို သူတို့ကို
ပေးဆပ်လိုက်မယ်"

"ကျွန်တော်က အသက်စွန့်ဖို့ ဆုံးဖြတ်ပြီးသား
ဆိုတော့ ကျွန်တော့်ကို ဂိုဏ်းအတွင်းကို လက်ခံခြင်း
သတင်းကို ကမ္ဘာကို ဖြန့်ဖို့ အစီအစဥ်ကို
ကျေးဇူးပြုပြီးမှ ပြန်လည်စဥ်းစားပေးပါ"

"ကျွန်တော့်အနေနဲ့ ဆရာ ဒါမှမဟုတ် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို နောက်ထပ် ဒုက္ခပေးဖို့
လုံးဝ မလိုအပ်ပါဘူး… ကျွန်တော့်ရဲ့ နာမည်ကို

ကျောက်စိမ်းပြားပေါ်မှာ ခတ်နှိပ်ပေးထားတာက ကျွန်တော့်အတွက် ကမ္ဘာကြီးအလား ဖြစ်နေပါပြီ"

## စာစဥ် ၆၉ : အပိုင်း ၁၄

## အပိုင်း ၁၃၄၄ : ကံကြမ္မာ၏ ကစားမှုကို ခံရခြင်း

လျှိုကြီး၏ လေသံသည် တည်ငြိမ်နေ၍ သူ၏ စိတ်ခံစားချက်များကို အနိမ့်အမြင့် မရှိစေရန် ထိန်းထားနိုင်ခဲ့ကာ လင်းဖုန်းအား တည်ငြိမ်သော မျက်လုံးအစုံဖြင့် ကြည့်နေခဲ့သည်။

ကြည့်ရသည်မှာ သူနှင့် လင်းဖုန်း ဆွေးနွေးနေသည့် အရာအားလုံးသည် သာမန် စကားစမြည် သို့မဟုတ်

မှော်ကျိန်စာများ အကြောင်းကို ဆွေးနွေးနေသကဲ့သို့သာ ဖြစ်နေပြီး သူ၏ သေခြင်းရှင်ခြင်းနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေသည်။

လင်းဖုန်းသည် လျှိုကြီးကို ကြည့်နေရင်း သက်ပြင်းတစ်ချက် အသာချလိုက်သည်။

သူ၏တပည့်အား ဤကဲ့သို့သော လမ်းကြောင်းကို လျှောက်စေရန် မည်သူကမှ ဖိအားပေး၍ မရပဲ ရန်သူတစ်ယောက်ကမှ ပြုလုပ်နိုင်လိမ့်မည် မဟုတ်ချေ။

လင်းဖုန်း၏ လက်ရှိ ကျင့်ကြံမှု အဆင့်နှင့် အဆင့်အတန်းကို မေ့ထားပြီး လွန်ခဲ့သော အချိန်များက သူအားနည်းနေသေးသည့် ကာလ၌ပင် တစ်ဘက်သားသည် ဟေးဒီးစ်မျိုးနွယ်စု ဖြစ်စေ၊ နတ်ဘုရားနယ်မြေမှ အခြား လူသားအင်အားစုများ ဖြစ်စေ၊ သူ့အနေဖြင့် နောက်ဆုံးအချိန်အထိ နောက်မဆုတ်ပဲ ကြံ့ကြံ့ခံနေခဲ့မည် ဖြစ်သည်။

တစ်ခုတည်းသော ခြွင်းချက်မှာ လျှိုကြီး၏ ကိုယ်ပိုင်ဆန္ဒပင် ဖြစ်သည်။ သူ့အနေဖြင့် ထိုအရာအား ဆန့်ကျင်၍ မရချေ။

ထို့အပြင် ကံကြမ္မာ၏ ရက်စက်သော အပြောင်းအလဲကြောင့် ဖြစ်စေ သို့မဟုတ် မီးစင်က

ကြည့်ကရသည် ဖြစ်စေ ဝိညာဉ်ပင်လယ် အတွင်းမှ ဖြစ်ရပ်များကြောင့် အကျိုးအမြတ် ရခဲ့သူတစ်ယောက် အနေဖြင့် လင်းဖုန်းသည် လျှို့ကြီးအား ဖျောင်းဖျနိုင်သည့် အနေအထားတွင် မရှိနေသဇ၉ ချေ။

သူသည် လူသားကမ္ဘာနှင့် မိစ္ဆာ မျိုးနွယ်စုတို့ကြားတွင် ဆက်ပေးထားသော တံတားတစ်စင်း ဖြစ်နိုင်သလော သို့မဟုတ် သူသည် ဟေးဒီးစ်မျိုးနွယ်စုနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ အကြားမှ ခက်ထန်သော စစ်ပွဲအပြီးတွင် ရှုံးနိမ့်သွားသောဘက်ကို ကာကွယ်ပေးမည့်သူ ဖြစ်လာနိုင်သလော။

ဤအရာသည် လျှိုကြီး၏ ရည်ရွယ်ချက်များ ဖြစ်နိုင်၍ သူ၏ တန်ဖိုး အစစ်အမှန်လည်း ဖြစ်လာနိုင်သည်။ သို့သော်လည်း ဤအရာသည် ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားပြီး သွေးမြေများ ကျပြီးမှ ဖြစ်လာနိုင်သည်ဟု လင်းဖုန်းရော လျှိုကြီးကပါ သိနေကြသည်။

ကောင်းကင်အောက်ရှိ အရာအားလုံးကို တစ်ချိန်က အုပ်စိုးခဲ့သော ဟေးဒီးစ် မျိုးနွယ်စု အနေဖြင့် အလယ်ကမ္ဘာ တစ်ခုတွင် နှစ်ထောင်ပေါင်းများစွာ ပုန်းအောင်းနေခဲ့ရသဖြင့် သူတို့သည် မဟာကမ္ဘာ အတွင်းသို့ ခမ်းနားစွာ ပြန်လာအပြီးတွင် သူတို့၏ ရည်မှန်းချက်မှာ သံသယဖြစ်ဖွယ်ရာ မရှိပဲ ယခင်ထီးနန်းကို ပြန်လည်ရယူရန် ဖြစ်ပေလိမ့်မည်။

သူတို့၏ ရှေ့တိုးလာမှုကို ဟန့်တားရန်
ပြိုင်ဘက်များတွင် သေသည်အထိ
တိုက်ခိုက်ခြင်းဟူသော ရွေးချယ်မှု တစ်ခုသာ
ရှိသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့်
ဟေးဒီးစ်မျိုးနွယ်စုများက မူလကောင်းကင်
ကမ္ဘာအား အုပ်စိုးကာ နတ်ဘုရားနယ်မြေမှ လူသား
ကျင့်ကြံမှုကမ္ဘာကို ဖျက်ဆီးမည့် အကြံကို
ဘေးမှနေ၍ ထိုင်ကြည့်နေနိုင်မည် မဟုတ်ချေ။

အနည်းငယ် အလျှော့ပေးခဲ့လျှင်ပင် သူတို့ဘက်မှ
ရှုံးနိမ့်မှုဟု သတ်မှတ်ရမည် ဖြစ်ပြီး
အနိုင်ရသူအတွက် စိန်ခေါ်မှု အသစ်တစ်ခု
ဖြစ်လာလိမ့်မည် မဟုတ်ချေ။

ဤဖြစ်စဉ်တွင် ဟောဒီးစ်ခုန်းယွမ်နှင့်
နင်းဖန်တို့သည် ပထမဆုံး သေကျေပျက်စီးသူများ
ဖြစ်လာကာ နောက်ပိုင်းတွင် သူတို့နှစ်ဦးတည်းသာ
ရှိနိုင်မည် မဟုတ်ချေ။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့အပြင်
ဟောဒီးစ် မျိုးနွယ်စုနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည် ဝိညာဉ်ပင်လယ်အား
ရယူရန် ပြိုင်ဆိုင်ကြမည် ဖြစ်ရာ ရောမ
တိုက်ပွဲတစ်ခုက ရှောင်ရှား၍ရမည် မဟုတ်ချေ။

ဆရာနှင့် တပည့်တို့သည် အချင်းချင်း
မျက်နှာချင်းဆိုင်၍ ရပ်နေကြပြီး

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းတွင် ခေတ္တမျှ
ကြောက်မက်ဖွယ်ကောင်းအောင်
တိတ်ဆိတ်သွားခဲ့သည်။

လှိုကြီးသည် 'ယောင်'ဟူသော စကားလုံး
ရေးထွင်းထားသည့် ကျောက်စိမ်းပြားကို သူ၏
လက်ဖြင့် အသာထိလိုက်ပြီး နွေးထွေးသော်လည်း
အေးမြနေသည့် မျက်နှာပြင်ကို ခံစားလိုက်ကာ
သူ၏ နှုတ်ခမ်းထောင့်စွန်းများသည်
ပြုံးယောင်သန်းလာခဲ့သည်။

ဤတစ်ခေါက်သည် သူက ဟေးဒီးစ်သားရဲ
အနေဖြင့် ပြန်လည် ဝင်စားလာခဲ့အပြီးတွင်

ပထမဆုံး အကြိမ်အနေနှင့် ထူးမခြားနား ပုံစံဖြင့် ငြိမ်းချမ်းနေသော အပြုံးကို ပြုံးခဲ့ခြင်း ဖြစ်သည်။

သူသည် ကျောက်စိမ်းပြားအား သူ၏ လက်နှစ်ဘက်စလုံးဖြင့် ပင့်မြှောက်လိုက်ကာ လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "ကျွန်တော်က သွားပါတော့မယ်... ဆရာသခင်"

လျှိုကြီးသည် ဦးညွှတ်နေရင်း သူ၏ ခန္ဓာကိုယ်မှနေ၍ ခရမ်းရောင် အလင်းစက်များ ပေါ်လာခဲ့ကာ သူတို့သည် ဟင်းလင်းပြင် အတွင်း၌ လင်းလက်နေသော ခရမ်းရောင် ကြယ်များအနေနှင့် တူနေခဲ့သည်။

ခရမ်းရောင် အလင်းတန်းသည် ပို၍ပို၍ တောက်ပလာပြီး အလင်းတန်း ပင်လယ်အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။ သူတို့သည် စီးဆင်းနေသော အလင်းတန်းများ အဖြစ် ပြောင်းသွားပြီး အဆက်မပြတ် တောက်ပနေကြသည်။

လင်းဖုန်းသည် လျှိုကြီးအား တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေရာ လျှိုကြီး၏ မျက်လုံးများသည် ခံစားချက်များဖြင့် ပြင်းထန်လာ၍ နောက်ဆုံးတွင် လုံးဝ ငြိမ်သက်သွားခဲ့သည်။

လျှိုကြီး၏ ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း ပုံရိပ်ယောင် အဖြစ်သို့ ပြောင်းသွားကာ ပို၍ပို၍

မှေးမှိန်လာခဲ့သည်။ ခရမ်းရောင် အလင်းတန်း
ဝဲကတော့ အတွင်းတွင် နဂါးငွေ့တန်း တစ်ခု
ပေါ်လာသကဲ့သို့ ဖြစ်နေကာ မရေမတွက်နိုင်သော
ကြယ်စင်များ လင်းလက်လာ၍ တောက်ပ
ကျယ်ပြန့်လာပြီး နောက်ဆုံးတွင်
ပေါက်ကွဲငြိမ်သက်သွားခဲ့သည်။

မဟာရေအိုင်များ၊ ကြီးကျယ်ခမ်းနားသော
တောင်တန်းများ၊ ငှက်နှင့် သားရဲများ၊
မရေမတွက်နိုင်သော လူသားတို့၏ ပြောင်းလဲမှုများ
အစရှိသော အလင်းတန်း ပုံရိပ်များသည်
ခရမ်းရောင် အလင်းတန်း ပင်လယ်အတွင်းတွင်
ပေါ်လာခဲ့၍ အချိန်ကာလ တစ်လျှောက်တွင်
ပြောင်းလဲနေသော ဖန်ဆင်းမှု ဖြစ်စဉ်ကို
ဖော်ပြနေသကဲ့သို့ ထင်နေရသည်။

လျှိုကြီးသည် သူ၏ ခန္ဓာကိုယ်ကို ပင့်မြှောက်လိုက်၍ လင်းဖုန်းအား ပြုံးပြလိုက်သည်။ သူ၏ ခန္ဓာကိုယ်သည် ပို၍ပို၍ မှေးမှိန် ဝေဝါးလာ၍ ခရမ်းရောင် အလင်းတန်း ပင်လယ်အတွင်းသို့ ပျော်ဝင်သွားခဲ့သည်။

လင်းဖုန်းသည် အရှေ့သို့ လျှောက်လာ၍ ခရမ်းရောင် အလင်းတန်း ပင်လယ်အတွင်းတွင် လျှောက်သွားနေခဲ့သည်။ လျှိုကြီး၏ ပုံရိပ်သည် လျင်မြန်စွာဖြင့် လုံးဝ ပျောက်ကွယ်သွား၍ မရေမတွက်နိုင်သော အလင်းတန်း မြူမှုန်များအဖြစ်သို့ ပြောင်းသွားပြီး လင်းဖုန်းအား လည်ပတ်နေသော အလင်းတန်း မြူခိုးငွေ့များနှင့် ပေါင်းစည်းသွားခဲ့သည်။

လျှိုကြီး မူလရပ်နေသော နေရာတွင်
'ယောင်'ဟူသော စကားလုံး ရေးထိုးထားသည့်
ကျောက်စိမ်းပြားနှင့် အတူ သာမန်ဟုသာ
ထင်နေရသည့် အရိုးစု တစ်ခုသာ ကျန်နေရစ်သည်။

သူ၏ ဝိညာဉ်သည် ပျော်ဝင်သွား၍ သူ၏
စိတ်ဝိညာဉ်ကလည်း လုံးဝ ပျက်စီးသွားခဲ့သည်။

သူသည် ဟေးဒီးစ်သားရဲ တစ်ကောင်အဖြစ်
ပြန်လည် ဝင်စားခဲ့အပြီးတွင် ဟေးဒီးစ်ဧကရာဇ်၏
လျှို့ဝှက်မှော်ကျိန်စာ အခမ်းအနားသည်
ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ လျှိုကြီး၏ ယခု
ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခဲ့ခြင်းသည် ယခင်

အတိတ်ဘဝမှ မှတ်ဉာဏ်များကို ထိန်းသိမ်းကာ အသစ် ပြန်လည် မွေးဖွားခြင်းနှင့် မတူတော့ပေ။

မဟာချင် မင်းဆက်များသည် ရှေးပဝေသဏီမှ နတ်နဂါးကျင်း၏ ဝိညာဉ် ရုပ်အလောင်းအား ထိန်းသိမ်းခဲ့သကဲ့သို့ လင်းဖုန်းတွင် လျှိုကြီး၏ ဝိညာဉ်အား လုံခြုံစွာဖြင့် ထိန်းသိမ်းပြီး လူသားအဖြစ်သို့ ပြန်လည်ဝင်စားစေကာ သူ၏ အတိတ်ဘဝမှ မှတ်ဉာဏ်များကိုပင် ထိန်းသိမ်းထားနိုင်သည့် စွမ်းရည်ရှိသည်။

သို့သော်လည်း လင်းဖုန်းသည် ထိုကဲ့သို့ ပြုလုပ်လိမ့်မည် မဟုတ်ချေ။ လျှိုကြီး၏ မိမိကိုယ်ကိုယ် ဖျက်ဆီးခြင်းသည် သူ၏ကိုယ်ပိုင် ခံစားချက်များမှ အခြေခံလာသည့်

ဆုံးဖြတ်ချက်ဖြစ်ပြီး သူ၏ မျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် မရှောင်လွဲနိုင်သည့် ကံကြမ္မာတစ်ခု မဟုတ်ချေ။

ဤလမ်းကြောင်းသည် လျှိုကြီးအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ရွေးချယ်ထားသည့် စမှတ်နှင့် ဆုံးမှတ်တို့ ထပ်တူကျနေသည့် လမ်းကြောင်းဖြစ်သည်။

လျှိုကြီးသည် ဟေးဒီးစ် မျိုးနွယ်စုကို ဆက်လက် အန္တရာယ်ပြုလိုခြင်း မရှိနေတော့သလို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် အခြားလူသားများကို တိုက်ခိုက်ခြင်းဖြင့် ဟေးဒီးစ် မျိုးနွယ်စုအား ကျေးဇူးပြန်ဆပ်လိုသည့် ရည်ရွယ်ချက်လည်း မရှိပေ။

သူသည် နှစ်ဦးနှစ်ဘက်တို့က သူသေကိုယ်သေ
တိုက်ခိုက်ကြသည်ကို ဘေးမှနေ၍
စောင့်ကြည့်နေလိုခြင်း မရှိသလို နှစ်ဘက်စလုံးအား
မကူညီပဲ သူ၏ ကံကြမ္မာထံမှလည်း
ထွက်ပြေးသွားလိုနေခြင်း မရှိပေ။

သူ၏ မှတ်ဉာဏ်များကို အပြည့်အဝ ပြန်လည်
မရခဲ့စဥ်က သူသည် မသိပဲနှင့် ဟေးဒီးစ်
မျိုးနွယ်စုအား ထိခိုက်စေခဲ့သည်။ သူ၏
မှတ်ဉာဏ်များ ပြန်လည် ရခဲ့ပြီးနောက်တွင်လည်း
သူသည် ဟေးဒီးစ်ကေရာဇ်အား ဆန့်ကျင်သည့်
အရာများကို ဆက်လုပ်ခဲ့ရသည်။

သူ၏ လက်ရှိဘဝ အတွေ့အကြုံများသည်
သူ့အတွက် အရေးအကြီးဆုံး ဖြစ်သော်လည်း
အတိတ်ဘဝမှ မှတ်ဉာဏ်များကို ပြန်ရအပြီးတွင်
သူသည် ဟေးဒီးစ်မျိုးနွယ်စုများကို
အကြွေးတင်နေသည့် အရာအားလုံးကို
ပြန်လည်ပေးဆပ်ရန် ဆုံးဖြတ်ချက် ချခဲ့လိုက်သည်။

ဤအရာသည် လျှိုကြီး၏ လွတ်လပ်သော ကိုယ်ပိုင်
ဆုံးဖြတ်ချက် ဖြစ်ကာ မလိုလားပဲ အတင်းအကျပ်
ဖိအားအပေးခံရခြင်း သို့မဟုတ် သွေးပူနေချိန်တွင်
ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ချေ။

လင်းဖုန်းသည် သူ၏ လက်ဝါးကို လှန်လိုက်ရာ
ထိုအရိုးစုနှင့် ကျောက်စိမ်းပြားတို့သည် သူ့လက်ဝါး
အလယ်သို့ ကျရောက်လာကြသည်။ လင်းဖုန်း၏

အမူအရာ ကင်းမဲ့နေသော မျက်နှာအပေါ်တွင် ညှိုးမှိုင်သော အရိပ်အယောင် အချို့ပေါ်လာကာ ပြောလိုက်သည်။ "လှျိုကြီး... မင်းက ငါတို့ရဲ့ ဆရာတပည့် ဆက်ဆံရေးကို ဒီလိုပဲ ဖြတ်တောက်သွားခဲ့တာလား"

လင်းဖုန်း၏ မျက်လုံးအစုံတွင် ထိုက်ကျိရုပ်ပုံ တစ်ခုစီ ဖြည်းညင်းစွာ လည်ပတ်လာ၍ မရေမတွက်နိုင်သော ဖန်ဆင်းမှု ရုပ်ပုံများ တစ်ခုပြီးတစ်ခု လင်းလက်လာကာ အဆက်မပြတ် ယှက်သန်းနေကြလေသည်။ သူ၏ခေါင်းကို မော့၍ အဆုံးမဲ့ ဟင်းလင်းပြင် အတွင်းသို့ ကြည့်လိုက်ရာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ တစ်ခုလုံးက စတင်၍ တုန်ခါလာခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ၏ အပြင်ဘက်တွင် မဟူရာကောင်းကင် ရတနာသစ်ပင် တစ်ခုလုံးက ယိမ်းယိုင်နေကာ ယုကျင်းတောင်အား ဖုံးလွှမ်းထားသော ခရမ်းရောင် တိမ်တိုက် ပင်လယ်ကလည်း ဆူညံ ယောက်ယက်ခတ်လာခဲ့သည်။

ယုကျင်းတောင်ပေါ်မှ လူအားလုံးတို့သည် မဟူရာကောင်းကင် ရတနာသစ်ပင်အား အံ့အားသင့်စွာဖြင့် ကြည့်နေကြသည်။ သူတို့သည် ကောင်းကင်နှင့် မြေကြီးတို့သည် ဝမ်းနည်းမှုဖြင့် အမျက်ဒေါသ ထွက်နေ၍ မဟာကမ္ဘာ တစ်ခုလုံးက ပြင်းထန်စွာနှင့် တုန်ခါနေသည်ဟု ခံစားနေရသည်။

ဝမ်လင်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ကိုင်း တစ်ကိုင်းပေါ်တွင်
သူ၏ မျက်လုံးများကို မှိတ်ထားကာ ငြိမ်သက်စွာဖြင့်
တရားထိုင်နေခဲ့သည်။ သူ၏ မျက်လုံးများကို
ဖွင့်လိုက်ပြီး ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ ထံသို့ မော့ကြည့်လိုက်သော
အခါ တစ်စုံတစ်ရာကို အာရုံခံမိပုံ ပေါက်သွားပြီး
သူ၏ အေးစက်နေသော မျက်နှာတွင်
ဝမ်းနည်းနေသော အရိပ်အယောင် တစ်ခု
ပေါ်လာခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းတွင် လင်းဖုန်းသည် သူ၏ မျက်လုံးများကို
ညင်သာစွာ မှိတ်လိုက်၍ သူ၏ ခံစားချက်များကို

ခံစားချက် ကင်းမဲ့သော အခြေအနေသို့ ပြန်လည်၍ ထိန်းချုပ်လိုက်သည်။

ယခုအချိန်အထိ သူ၏ ကျင့်ကြံမှု ခရီးလမ်းသည် ချောမွေ့ကာ အနှောင့်အယှက် သိပ်မရှိဟု ထင်နေရသည်။ သို့သော်လည်း သေလုနီးပါး အခြေအနေ အချို့ကို ကြုံတွေ့ခဲ့ရပြီး သူတစ်ယောက်တည်းသာ သိနိုင်သည့် ပျော်ရွှင်ဝမ်းနည်းရသည့် အချိန်များစွာ ရှိခဲ့သည်။

သို့သော်လည်း သူ့အနေဖြင့် ခရီးလမ်း တစ်လျှောက်တွင် အခက်အခဲ ကြီးကြီးမားမားနှင့် တစ်ခါမှ မကြုံခဲ့ရပဲ သူယနေ့ ပိုင်ဆိုင်ခဲ့သော အဆင့်အတန်းနှင့် ဂုဏ်သိက္ခာတို့အား ရနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် မူလကောင်းကင် ကမ္ဘာ အတွင်းသို့ စရောက်ချိန်ကတည်းက အကြီးမားဆုံး အခက်အခဲ တစ်ခုနှင့် နောက်ဆုံးတွင် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ သူ၏ မျက်စိရှေ့မှောက်တွင် သူ့တပည့်က သူ့ကိုယ်သူ သတ်သေသွားသည်ကို ကိုယ်တိုင်ကိုယ်ကျ ကြည့်နေခဲ့ရခြင်း ဖြစ်သည်။

သူ့တပည့်သည် မည်သည့်ပြိုင်ဘက်၏ အနိုင်ယူခြင်းကိုမှ ခံခဲ့ရခြင်း မဟုတ်သလို ယုတ်မာသော လုပ်ကြံမှုအောက်တွင် ကျဆုံးသွားခဲ့ရခြင်းလည်း မဟုတ်ပေ။ သူသည် ကံကြမ္မာ၏ ကစားခြင်းကို ခံခဲ့ရခြင်းသာ ဖြစ်သည်။

သူ၏ ဗုဒ္ဓ နည်းစနစ်များကို နားလည်မှုသည် ဇူရီနှင့် ဝမ်လင်းတို့ထက်ပင် ပိုသာသေးသည်။ သူသည် ဘဝသုံးမျိုး ကမ္ဘာကျိန်စာကို လေ့လာနိုင်ခဲ့ပြီး ရှေးဟောင်းစေတနာ နှလုံးသား ကျိန်စာအား တစ်ချက်ကြည့်ရုံမျှဖြင့်ပင် ချက်ချင်း နားလည်နိုင်ခဲ့သည်။

သူသည် အခြေအနေများက ဤကဲ့သို့ ဖြစ်လာလိမ့်မည်ကို ကြိုတင် ခန့်မှန်းထားခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း သူ့အနေဖြင့် လျှိုကြီးအား သူ၏ တည်ရှိမှု အမှန်တရားအား ရှာဖွေမှုကို မတားဆီးနိုင်ခဲ့သလို ဟေးဒီးစ် မျိုးနွယ်စုများက ယခင်ကဲ့သို့ ကမ္ဘာအား အုပ်စိုးနိုင်ရန် ကြိုးစားမှုကို ထိုင်၍ မကြည့်နိုင်ခဲ့ပေ။

သူသည် လျှိုကြီးအား နင်းဝမ်ကောနှင့် အတူ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်၍ ဟေးဒီးစ်ကေရီ ချန်ထားရစ်သော သဲလွန်စများကို ရှာဖွေခြင်းကို တားဆီးနိုင်ခဲ့သည်။ ထိုကဲ့သို့ဆိုလျှင် လျှိုကြီးအနေဖြင့် အမှန်တရားကို သိတော့မည် မဟုတ်ပဲ ဤကဲ့သို့ အဆုံးသတ်ရမည် မဟုတ်ချေ။

ဤအရာသည် ကြင်နာမှုကို ဖော်ပြခြင်းဟူ၍ သတ်မှတ်၍ ရသော်လည်း ဤကြင်နာမှုသည် လျှိုကြီးအနေဖြင့် ပျော်ရွှင်စွာ လက်ခံနိုင်မည့် အရာတစ်ခု မဟုတ်နိုင်ပေ။ သူသည် အမှန်တရားကို မသိပဲနှင့် နားလည် သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပေ။

ကြင်နာမှုသည် အခြားသူများအား ညှာတာခြင်း ဖြစ်ကာ သူတို့၏ ခံစားချက်နှင့် ဆန္ဒများကို ဖြည့်ဆည်းပေးခြင်း သို့မဟုတ် လမ်းပျောက်နေသော ဝိညာဉ်အား လမ်းမှန်အပေါ်သို့ ဆွဲတင်ပေးခြင်း ဖြစ်နိုင်သည်။ သို့သော်လည်း ဤရည်ရွယ်ချက်များသည် အကျိုးပြုသူဘက်မှ အတ္တနှင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရစေခြင်း အဖြစ်သို့လည်း အလွယ်တကူ ပြောင်းသွားနိုင်သည်။

ကံကြမ္မာ၏ ရက်စက်သော အလှည့်အပြောင်း အတွင်းတွင် လင်းဖုန်းသည် တိုက်ဆိုင်၍ သို့မဟုတ် မသိလိုက်ပဲ လျှိုကြီး၏ ကြမ္မာပန်းတိုင်အား သွယ်ဝိုက်၍ အကျိုးသက်ရောက်စေခဲ့သည်။ သူသည် လျှိုကြီးအား မည်သို့ လုပ်သင့်သည်

သို့မဟုတ် မည်သို့ မလုပ်သင့်ဟူ၍
အမိန့်ပေးနိုင်သည့် အခြေအနေတွင် ရှိမနေခဲ့ပေ။

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းတွင် ရပ်နေကာ သူ၏
ရင်အတွင်းမှ လှိုင်းထန်နေသော ခံစားချက်များကို
ငြိမ်သက်စွာဖြင့် ကြည့်နေခဲ့သည်။ သူ့အနေဖြင့်
ထိုခံစားချက်များသည် တစိမ်းဆန်သော
ခံစားချက်များ ဖြစ်သည်။

အချိန်အတန်ကြာမှ လင်းဖုန်းသည် သူ၏
မျက်လုံးများကို ဖွင့်လိုက်ရာ သူ့မျက်လုံးများ
အတွင်းမှ ထိုက်ကျိရုပ်ပုံများက
ပျောက်ကွယ်သွားခဲ့သည်။ သူ၏ မျက်လုံး
သူငယ်အိမ်များသည် မျက်သားအဖြူရောင်နှင့်

ဆန့်ကျင်ဘက်ဖြစ်စွာ မည်းနက်နေခဲ့ကာ သူ၏
အကြည့်သည် ငြိမ်းချမ်းနေခဲ့သည်။

လင်းဖုန်း၏ မျက်လုံးများမှနေ၍ ယခင်ကနှင့် လုံးဝ
ကွဲပြားနေသည့် စွမ်းရည်တစ်မျိုးကို
ထုတ်လွှတ်နေခဲ့သည်။

သူတို့သည် မွေးကင်းစ ကလေးတစ်ယောက်၏
အပြစ်ကင်းမှုနှင့် စွမ်းအားများ၊
လူငယ်တစ်ယောက်၏ တောက်ပ ထက်မြက်မှုများ၊
သက်လတ်ပိုင်း လူကြီးတစ်ယောက်၏ ဘဝ
အတွေ့အကြုံများနှင့် အသက်ကြီးသော
သူတစ်ယောက်၏ တည်ငြိမ် အေးချမ်းမှုများကို
ဖော်ပြနေခဲ့သလို တစ်ချိန်တည်းတွင် သူ၏

မျက်လုံးများသည့် အမျက်ဒေါသ တစ်စွန်းတစ်စမှ
မရှိပဲ လုံးဝ ငြိမ်သက်နေခဲ့သည်။

ဤမျက်လုံးတစ်စုံတည်း အတွင်း၌
လက္ခဏာမျိုးစုံတို့အား တစ်ပြိုင်နက်တည်း
ဖော်ပြနေ၍ တစ်သားတည်း အဖြစ်
ပေါင်းစည်းသွားခဲ့သလို သိသာစွာလည်း
ကွဲပြားနေခဲ့သည်။

လင်းဖုန်း၏ အရှေ့သို့ လူငယ်တစ်ယောက်
ရောက်လာ၏။ သူသည် အဖြူနှင့် အနက်ရောင်
တာအိုဝတ်စုံကို ဝတ်ဆင်ထား၍ သူ၏
မျက်လုံးများသည် လင်းဖုန်းကိုယ်တိုင်နှင့်
ထပ်တူညီနေကာ အသက် အပိုင်းအခြား မတူသော

လူမျိုးစုံ၏ လက္ခဏာများကို တစ်ချိန်တည်းတွင်
ဖော်ပြနေကြသည်။

အခြားသူများသည် သူ၏ မျက်လုံးများ အတွင်းသို့
ကြည့်ခဲ့သော အခါ သူတို့သည် ကလေးငယ်
သို့မဟုတ် ဆယ်ကျော်သက် တစ်ယောက်ကို
တွေ့ခဲ့ရသည်ကို ထင်နေခဲ့မည် ဖြစ်ပြီး
ခဏအကြာတွင် သက်လတ်ပိုင်း
လူကြီးတစ်ယောက် ဖြစ်သွားကာ အသေအချာ
ထပ်ကြည့်လိုက်လျှင် အသက်ကြီးကြီး
လူတစ်ယောက် ဖြစ်သွားပေမည်။

အဖြူနှင့် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသော
လူငယ်လေးသည် ကြမ္မာပန်းတိုင် ခေါင်းလောင်း၏

မူလ စိတ်ဝိညာဉ် ဖြစ်သော ကြမ္မာပန်းတိုင် ကောင်လေးပင် ဖြစ်သည်။

ကြမ္မာပန်းတိုင် ကောင်လေးက လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "သခင်"

လင်းဖုန်း၏ လက်ချောင်းဖြင့် ဖွဖွလေး ပုတ်လိုက်ရာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် လွင့်မျောနေသော ခရမ်းရောင် မြူခိုးငွေ့များသည် 'ယောင်' ကျောက်စိမ်းပြား ထံသို့ စုစည်းလာကြကာ သူ့အတွင်းသို့ ဝင်ရောက်သွားကြသည်။

"ဒါကို သေချာ ထိန်းသိမ်းထားပါ" သူ၏လက်အား ဖွေ့ယမ်းလိုက်ရာ ထိုကျောက်ပြားနှင့် အရိုးစုသည် ကြမ္မာပန်းတိုင် ကောင်လေး၏ လက်ဝါးအတွင်းသို့ ကျရောက်လာသည်။ ကြမ္မာပန်းတိုင် ကောင်လေးသည် စကားတစ်လုံးမှ မပြောပဲ ထိုပစ္စည်းနှစ်မျိုးအား ယူလိုက်၍ နောက်သို့ ဆုတ်သွားကာ သူ၏ ခန္ဓာကိုယ်သည် ပျောက်ကွယ်သွား၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းအဖြစ် ပြန်ပြောင်းသွားသည်။

"ခေါင်းလောင်းတီးလိုက်ပါ" လင်းဖုန်းက တီးတိုး ပြောလိုက်သည်။

သူ၏အနောက်မှ ကြမ္မာပန်းတိုင် ခေါင်းလောင်းမှနေ၍ မူလကောင်းကင် ကမ္ဘာ

တစ်ခုလုံးသို့ ပျံ့နှံ့သွားသော နားဝင်ချိုသည့်
ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။
သူတို့သည် အဆုံးမဲ့ လေဟာနယ်ကို
ဖြတ်သန်းသွား၍ သက်ရှိအားလုံးတို့၏ စိတ်ဝိညာဉ်
အတွင်းမှ မြည်ဟည်းလာသကဲ့သို့ ကြားနိုင်ခဲ့သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏
ခေါင်းလောင်းသံများသည် ကမ္ဘာများစွာတို့အား
ချက်ချင်း တုန်လှုပ်သွားစေခဲ့သည်။ ခေါင်းလောင်းသံ
ကိုးချက် မြည်ပြီးသွားသော အခါ အားလုံးတို့သည်
ခေါင်းလောင်း လှုပ်ခါသွားသံကို ကြားခဲ့ရကာ
သူတို့၏ အာရုံအားလုံးကို ဆွဲဆောင်နိုင်ခဲ့သည်။

လူသားကမ္ဘာ အတွင်းတွင် ဖြစ်စေ၊
မိစ္ဆာမျိုးနွယ်စုများ အကြားတွင် ဖြစ်စေ,

မူလကောင်းကင် ကမ္ဘာ အတွင်းမှ အားလုံးတို့သည် ဤနားဝင်ချိုသော ခေါင်းလောင်းသံများသည် လင်းဖုန်း၏ မော်ရတနာ ထံမှ ထွက်လာမှန်းကို သိခဲ့ကြသည်။ ခေါင်းလောင်းသံ ကိုးချက် ကြားခဲ့ရခြင်းကြောင့် အမတန်မှ ထူးခြားသော ကိစ္စတစ်ခု ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

## စာစဥ် ၆၉ : အပိုင်း ၁၅

## အပိုင်း ၁၃၄၅ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် အင်မော်တယ် ဝိညာဥ် အဆင့် ကျင့်ကြံသူများ

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် သူ၏ခေါင်းပေါ်တွင် မြည်ဟည်းနေရင်း လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ၏ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဝမ်လင်းသည် အပြင်တွင် သူ့အား စောင့်နေပြီး ဦးညွှတ်၍ နှုတ်ဆက်လိုက်သည်။

"ထျန်းချွမ်ကို ခေါ်လိုက်ပါ" လင်းဖုန်းက ပြောလိုက်သည်။ "သူမရဲ့ အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားတဲ့ သတင်းကို မင်းပြန်လာအပြီးမှာ ကြေညာမယ်လို့ ရည်ရွယ်ထားတယ်… လျှိုကြီးရဲ့ အဖြစ်အပျက်တွေ ရှိနေပေမဲ့ ငါတို့က သူမရဲ့ စွမ်းဆောင်မှုကို ပြင်ပကို ထုတ်လွှင့်ရမယ်… သူမက လျှိုကြီးနဲ့

ပတ်သတ်ရတာကို မလိုမလားဖြစ်နေမှာကိုတော့
ငါစိတ်ပူမိတယ်"

ဝမ်လင်းက ပြန်ပြောလိုက်သည်။ "စိတ်ပူစရာ
မလိုပါဘူး ဆရာ… ထျန်းချွမ်က ဘာမှ
စိတ်ထဲထားမှာ မဟုတ်ပါဘူး" သူကလည်း
စိတ်ထဲထားနေမည် မဟုတ်ချေ။

လင်းဖုန်းသည် ခေါင်းညိတ်လိုက်ကာ သူ၏
လက်ချောင်းများကို အသာ လှုပ်ရှားလိုက်သည်။
အလင်းတန်း တစ်တန်းသည် ဟင်းလင်းပြင်
အတွင်းမှ ထွက်လာ၍ ယုကျင်းတောင်ပေါ်မှတဆင့်
ခေါင်းလောင်းသံများနှင့် အတူ နေရာအနှံ့သို့
ပျံ့သွားခဲ့သည်။

သို့သော်လည်း နတ်ဘုရားနယ်မြေ အတွင်းတွင် မငြိမ်းချမ်းနေခဲ့ပေ။

နတ်ဘုရားနယ်မြေ အတွင်းမှ လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းတွင် ကောလဟာလ တစ်ခုက တောမီးကဲ့သို့ ပျံ့နှံ့နေခဲ့သည်။ သူသည် အစပိုင်းတွင် နေရာ အနည်းငယ်တွင်သာ ပြောနေခြင်း ဖြစ်သော်လည်း အချိန်တိုလေး အတွင်း၌ နတ်ဘုရားနယ်မြေ တစ်ခုလုံးသို့ ပျံ့သွားခဲ့သည်။

ထိုသတင်းမှာ ဟေးဒီးစ်သားရဲ တစ်ကောင်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာလျက် ရှိပြီး သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏

လမ်းညွှန် သင်ကြားမှုများကိုပင် ရရှိခဲ့ခြင်း ဖြစ်သည်။

ပို၍ အံ့အားသင့်စရာ ကောင်းသော အရာတစ်ခုမှာ ထိုဟေးဒီးစ်သားရဲသည် ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်၏ သားဖြစ်နေခြင်း ဖြစ်သည်။

ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်သည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတစ်လျှောက်တွင် အကြီးမြတ်ဆုံး မဟာမိစ္ဆာသုံးပါး အနက်တွင် တစ်ပါး အပါအဝင် ဖြစ်သည်။ သူသည် မျက်မှောက်ခေတ်၏ အစွမ်းအထက်ဆုံး မိစ္ဆာဖြစ်ခဲ့ကာ မဟာလွင်တီးခေါင် ကုန်းမြေကို အုပ်စိုးပြီး နတ်ဘုရားနယ်မြေ၏ အကြီးမားဆုံး အန္တရာယ် ဖြစ်ခဲ့သည်။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ဟေးဒီးစ် မျိုးနွယ်စုများသည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာ၍ လူသား မျိုးနွယ်စုတို့အား မျိုးဖြုတ်နိုင်လုနီးပါး ဖြစ်ခဲ့သည်။ သို့သော်လည်း သူတို့ မျိုးနွယ်စု တစ်ခုလုံး၏ စုပေါင်းစွမ်းအားသည် ဟေးဒီးစ်ကေရာဇ်၏ ကိုယ်ပိုင်စွမ်းအားလောက်ပင် အားမကောင်းချေ။

သို့တိုင်အောင် သူ၏သားသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ရောက်ကာ လင်းဖုန်း၏ လမ်းညွှန်မှုများကိုပင် ရခဲ့သည်လော။

ဤစကားများ ပျံ့နှံ့သွားသော အခါ နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ

နှစ်ခုစလုံး ပြင်းထန်စွာနှင့် လှုပ်ရှားလာကြသည်။ အားလုံးတို့သည် ဤအကြောင်းကို ဆွေးနွေးနေကြကာ ဤကောလဟာလ မှန်ကန်သလော ဟူသည်ကို အတည်ပြုနိုင်ရန် ကြိုးစားနေကြသည်။

အချိန် ကြာလာသည်နှင့် အမျှ မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာများသည် ဟေးဒီးစ် မျိုးနွယ်စုများက ဤအဖြစ်အား အရှက်ရစွာဖြင့် နှုတ်ဆိတ်နေကြသောကြောင့် မှန်ကန်သည်ဟု ယုံကြည်လာကြသည်။

နတ်ဘုရားနယ်မြေ အတွင်း၌လည်း လူသား အင်အားစု များစွာတို့က စိတ်လှုပ်ရှားစွာဖြင့် သံသယ ဖြစ်နေကြသည်။ သူတို့သည် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းထံသို့ သွားရောက်၍
သက်သေပြခိုင်းရန် မတတ်နိုင်ကြသဖြင့်
ထင်ကြေးများသာ ပေးနိုင်ခဲ့သည်။

ဤအချိန်၌ပင် ခွန်းလွန်တောင်တန်းများ အပေါ်မှ
ယုကျင်းတောင်မှနေ၍ ကြမ္မာပန်းတိုင်
ခေါင်းလောင်းသည် ရုတ်တရက် မြည်ဟည်းလာကာ
ခေါင်းလောင်းသံများက နယ်မြေ တစ်ခုလုံးကို
ပွဲတင်ရိုက်သွားခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် လင်းဖုန်းသည်
သူ၏ လက်ရင်းတပည့်များကို ဘွဲ့များပေးအပြီးတွင်
တစ်စုံတစ်ခုကို ဖော်ပြခဲ့သည်။

"ဒီအခမ်းအနားကို ကြမ္မာပန်းတိုင် ခေါင်းလောင်းရဲ့ ခေါင်းလောင်းသံ ၁၆ချက်နဲ့ ကျင်းပပြီး နောက်ပိုင်း မျိုးနွယ်စုက ငါတို့ဂိုဏ်းရဲ့ အထိမ်းအမှတ် အခမ်းအနားကို မှတ်မိနေစေရမယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုအချိန်မှစ၍ ဂိုဏ်းတံခါးဖွင့်ကာ တပည့်များကို လက်ခံသည့် အချိန်တွင် ထိုအခမ်းအနားကို ကျင်းပခဲ့သည်။ ဂိုဏ်းချုပ်သည် သူ့တပည့်တစ်ယောက်ကို ဘွဲ့ထူးဂုဏ်ထူး ပေးသည့် အချိန်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်းကို ၁၆ချက် တီးခဲ့သည်။

အကယ်၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ခုနစ်ချက်အထိ မြည်လာပါက သူသည် ဧည့်သည်တစ်ယောက် ရောက်လာကြောင်းကို

ဖော်ပြနေခြင်း ဖြစ်သည်။ အကြိမ်
အရေအတွက်သည် ညှော့သည်၏ အဆင့်အတန်း
အပေါ်တွင် မူတည်သည်။ တစ်ချက်သည်
အဆင့်အနိမ့်ဆုံး ဖြစ်၍ ခုနစ်ချက်သည် ဂုဏ်သရေ
အရှိဆုံး ညှော့သည်များ ဖြစ်သည်။

အကယ်၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းသံ ရှစ်ချက်
မြည်လာပါက ဂိုဏ်းအတွင်း၌ အထူး အတွင်း
အစည်းအဝေး ကျင်းပြခြင်း ဖြစ်သည်။ ဆက်ခံသူ
တပည့်များ ဖြစ်စေ၊ အခြေခံ တပည့်များ ဖြစ်စေ၊
ဂိုဏ်းအတွင်းမှ တပည့်များ အားလုံးသည်
အတူတကွ စုဝေးလာရမည် ဖြစ်သည်။

အကယ်၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းသည်
ကိုးချက် မြည်ခဲ့ပါက ဂိုဏ်းချုပ်လင်းသည်

ထိုအတွင်း အစည်းအဝေးကို ကိုယ်တိုင်ကိုယ်ကျ ကျင်းပမည် ဖြစ်သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ကိုးချက်အထိသာ မြည်လေ့ရှိပြီး ညှော်သည်များ ရောက်ရှိလာခြင်း သို့မဟုတ် ဂိုဏ်း၏ အတွင်းကိစ္စများကို ဂိုဏ်းသူဂိုဏ်းသားများကို အကြောင်းကြားခြင်း ဖြစ်သည်။ သို့သော်လည်း သူသည် ကိုးချက်ထက် ပိုမြည်ခဲ့ပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာကြီးအား ကြေညာစရာ တစ်စုံတစ်ခု ရှိသည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ခွန်းလွန်တောင်တန်းများ အပေါ်မှ ကောင်းကင်ယံတွင် ရောမ အလင်းတန်း

ပုံရိပ်ယောင် တစ်ခု ပေါ်လာခဲ့ကာ လေဟာနယ် အချိန်ကာလ နယ်နိမိတ် အရံအတားများကို ချိုးဖောက်၍ နတ်ဘုရားနယ်မြေ အတွင်းမှ လူအားလုံးနီးပါးတို့သည် ထိုအလင်းတန်း ပုံရိပ်ယောင် အတွင်းမှ ပုံရိပ်များကို တွေ့နိုင်ခဲ့သည်။

ထိုအလင်းတန်း ပုံရိပ်များ အကြားတွင် ရောမ ကြေးခေါင်းလောင်းကြီး တစ်လုံး ပေါ်လာကာ ပဋိပက္ခနှင့် တွေဝေစေသော ခံစားချက်မျိုးကို ထုတ်လွှတ်နေခဲ့သည်။ ပထမ ကြည့်လိုက်လျှင် သူသည် ဖုန်မှုန့်တစ်စက်ကဲ့သို့ အလွန်အမင်း သေးငယ်နေသကဲ့သို့ ခံစားခဲ့ရကာ အသေအချာ အနီးကပ် ကြည့်လိုက်လျှင် သူသည် စကြာဝဠာကြီး တစ်ခုလုံးအား ဖုံးလွှမ်းနိုင်သကဲ့သို့ ကြီးမားနေခဲ့သည်။

အလွန်အမင်း သေးငယ်နေသလို တစ်ချိန်တည်းတွင် လွန်စွာ ကြီးမားနေသည်ဟု ခံစားခဲ့ရခြင်းသည် အားလုံးတို့အား စိတ်ရှုပ်ထွေးစေခဲ့သည်။ သူတို့သည် ခေါင်းလောင်းကြီးအား စိုက်ကြည့်နေရင်း ကစဥ့်ကလျားမှုများ၏ စဦးပိုင်း အခြေအနေကို ကြည့်နေရသကဲ့သို့ ဖြစ်သည်။

ခေါင်းလောင်းက ပထမဆုံး အကြိမ် မြည်လာသော အခါ ကစဥ့်ကလျားမှုများသည် စကြာဝဠာ၏ ပျက်စီးခြင်း အဖြစ်သို့ ပြောင်းသွား၍ ဘီလီယံနှင့်ချီသော ကြယ်များက ငြိမ်းသွားကာ ထူးခြားဖြစ်စဥ် များစွာတို့ ပေါ်လာပြီး မရေမတွက်နိုင်သော သက်ရှိပုံစံများ မွေးဖွားလာ၍ နောက်ဆုံးတွင် ပျောက်ကွယ်သွားကြသည်။

ဤအရာသည် လင်းဖုန်း၏ ကြမ္မာပန်းတိုင်
ခေါင်းလောင်း၏ စွမ်းအားပင် ဖြစ်သည်။
ခေါင်းလောင်းသံများ မြည်လာသော အခါ
လူတိုင်း၏ နှလုံးသား အတွင်းမှ စိုးရိမ်ပူပန်
ကြောက်ရွံ့မှုများက မှေးမှိန်သွားကာ
ခေါင်းလောင်းသံ ဘယ်နှစ်ချက်ဟူသည်ကို
ငြိမ်သက်စွာ ရေတွက်နေကြသည်။

"… ၂၃… ၂၄… ၂၅… ခေါင်းလောင်းသံ ၂၅ချက်…"
ခေါင်းလောင်းသံများ ငြိမ်သက်သွားသော အခါ
အားလုံးတို့က အံ့ဩ မှင်သက်သွားကြလေ၏။
"၂၅ချက်… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ဆက်ခံသူ တပည့်တစ်ယောက်က အင်မော်တယ်
ဝိညာဉ် အဆင့်ကို ရောက်သွားနိုင်ပြီလား"

အားလုံးတို့သည် မျက်နှာ အမူအရာ အမျိုးမျိုးကို ဖော်ပြနေကြသည်။ လင်းဖုန်း၏ လက်ရင်းတပည့် ရှစ်ယောက်စလုံးတို့သည် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်ခဲ့ကြပြီး ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ၂၅ချက် မြည်ခဲ့သည်။ ထိုအရာသည်…

အားလုံးတို့သည် သူတို့၏ မျက်လုံးများကို အလင်းတန်း ပုံရိပ်ယောင် အပေါ်သို့ စူးစိုက်ထားကြသည်။ သူတို့သည် ယုကျင်းတောင် အပေါ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်၏ အောက်တွင် ခရမ်းရောင် ဝတ်စုံနှင့် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုသူသည်

အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင် လင်းဖုန်းပင် ဖြစ်ပေတော့သည်။

လင်းဖုန်း၏ဘေးတွင် တည်ငြိမ်သောပုံစံနှင့် အဖြူရောင် ဆံပင်နှင့် လူငယ်တစ်ယောက်သည် မလှုပ်မရှား ရပ်နေခဲ့သည်။ သူသည် လင်းဖုန်း၏ တတိယ တပည့် အစွန်းရောက် တာအို အန္တိမ ဝမ်လင်းပင် ဖြစ်ပေသည်။

လင်းဖုန်းနှင့် ဝမ်လင်းတို့၏ အရှေ့တွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်။ သူမသည် အသက်နှစ်ဆယ်ကျော်ဟုသာ ထင်နေရ၍ အရပ်ရှည်ရှည်၊ ဆီးနှင်းကဲ့သို့ ဖြူဖွေးသော အသားအရည်ဖြင့် လှပချောမောသော မျက်နှာ အသွင်အပြင်များ ရှိသည်။

သူမ၏ နောက်ကျောတွင် အနက်ရောင်
ဆံပင်ရှည်များ ခါးထိတိုင်အောင် ကျဆင်းနေ၍
သူမ၏ နှုတ်ခမ်းများသည် သာမန်လူများထက် ပို၍
ဖြူဖျော့နေသည်။ သူမ၏ အသားအရည်သည်
အလွန်အမင်း ဖြူဖွေးနေသော်လည်း သူမ၏
အကြည့်သည် နက်ရှိုင်း၍ ငြိမ်းချမ်းနေသည်။

နတ်ဘုရားနယ်မြေ အတွင်းမှ အင်အားစု
အသီးသီး၏ ခေါင်းဆောင်များသည်
ထိုအမျိုးသမီးအား တွေ့လိုက်ရသော အခါ
ဖြူဖျော့သွားကြလေသည်။

သူတို့အားလုံးသည် သူမအား သိနေကြသည်။
သူမအား တစ်ခါမှ မတွေ့ဖူးကြသော သူများကပင်

သူမသည် ဝမ်လင်း၏ ဆက်ခံသူ တပည့်ဖြစ်သော တောက်ယုတင်း ဖြစ်သည်ဟု သိနိုင်ခဲ့သည်။

သူမသည် ဂိုဏ်းသို့ စောစီးစွာ ဝင်ခဲ့ပြီး အစောကတည်းက ကျင့်ကြံမှု မြင့်မားနေသဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဒုတိယ မျိုးဆက် တပည့်များ အတွင်းတွင် အမြဲတမ်း ကျင့်ကြံမှု အဆင့်အမြင့်ဆုံး ကျင့်ကြံသူ ဖြစ်နေခဲ့သည်။ သူမ၏ နည်းစနစ်နှင့် မှော်စွမ်းအင်များသည် အံ့သြစရာ ကောင်းပြီး တိုက်ပွဲတွင် ညှာတာမှု ကင်းမဲ့စွာဖြင့် ကြောက်ရွံ့မှု မရှိပဲ တိုက်ခိုက်လေ့ရှိသည်။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် သူမသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံမှုဖြင့် မိစ္ဆာမျိုးနွယ်စုများမှ

မဟာပဏ္ဍိတများကို သုတ်သင်ခဲ့ကာ ဒုတိယ
မျိုးဆက် တပည့်များ အတွင်းတွင် အကြီးမားဆုံး
စွမ်းဆောင်နိုင်ခဲ့၍ အခြားဂိုဏ်းများမှ
ကျင့်ကြံသူများ၏ အာရုံကိုပင် ဆွဲဆောင်နိုင်ခဲ့သည်။

သို့သော်လည်း ထိုအရာများသည် အားလုံးတို့၏
မျက်နှာများ ဖြူဖျော့သွားစေသည့်
အကြောင်းရင်းများ မဟုတ်သေးပေ။

သူတို့အား ပိုမို အံ့အားသင့်စေသည့် အချက်မှာ
တောက်ယုတင်းသည် ခမ်းနားထည်ဝါ၍
တင့်တယ်သော မှော်စွမ်းအင်များကို
ထုတ်လွှတ်နေကာ ကောင်းကင်နှင့် မြေကြီးတို့နှင့်
ပေါင်းစည်းနိုင်နေသည်ဟု ထင်နေရပြီး

အင်မော်တယ် ဝိညာဥ် အဆင့်သို့ အောင်မြင်စွာနှင့် ရောက်သွားနိုင်ခြင်း ဖြစ်သည်။

တောက်ယုတင်းသည် သိပ်မကြာသေးခင်မှ အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်သွားနိုင်ခြင်း ဖြစ်သည်ဟု သူတို့က ပြောနိုင်ခဲ့သော်လည်း သူတို့အားလုံးတို့သည် မယုံနိုင်အောင် ခံစားနေရသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဒုတိယ မျိုးဆက် တပည့်တစ်ယောက်သည် အမှန်ပင် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်ရှိသွားနိုင်ခဲ့လေပြီ။

သူတို့၏ ခေါင်းများကို မမျှော်လင့်ထားပဲ
ပြင်းထန်စွာ ရိုက်နှက်ခြင်း ခံခဲ့ရသည့်အတိုင်း
နတ်ဘုရားနယ်မြေ အတွင်းမှ လူအားလုံးတို့သည်
မျက်စိလည် လမ်းပျောက်သကဲ့သို့
ဖြစ်သွားကြသည်။

လင်းဖုန်း၏ လက်ရင်းတပည့်များ ဖြစ်ကြသော
ရှောင်ယန်၊ ဇူရီတို့နှင့် မတူပဲ သူမသည် လင်းဖုန်း၏
ဒုတိယ မျိုးဆက် တပည့်များအနက်မှ
ထွက်ပေါ်လာသော အင်မော်တယ် ဝိညာဉ် အဆင့်မှ
ထိပ်သီး ကျင့်ကြံသူ တစ်ယောက်ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်နိုင်ရန်
ခက်ခဲမှုသည် အခြား အဆင့်များတွင် ကြုံတွေ့ရ
သော အခက်အခဲများထက် များစွာပို၍

ကြီးမားသည်။ ဤအဆင့်သို့
တက်လှမ်းနိုင်ခြင်းသည် တစ်ယောက်အား
ကောင်းကင်ပေါ်သို့ တက်လှမ်းနိုင်ကာ
လူသားကမ္ဘာ၏ နယ်နိမိတ်များကို ကျော်လွန်၍
ပူပင်ကြောင့်ကြ ကင်းမဲ့သော အသက်ရှည်ခြင်းကို
ခံစားနိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

သက်တမ်း ၃၆၀၀ အကန့်အသတ် အတွင်းတွင်
အပိတ်ဆို့ခံရ၍ သူတို့၏ ဘဝအဆုံးသတ်တွင်
ကြွေလွင့်သွားကာ ဖုန်မှုန့်များ အဖြစ်သို့
ပြောင်းသွားသည့် အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ မည်မျှ မြောက်မြားစွာ ရှိသည်ကို
တစ်ယောက်ကမှ မသိကြချေ။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် လျှပ်စီးခေးဂိုဏ်းသည် သူတို့၏ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အသစ်ဖြစ်သော ပန်လေကျိကို ဆုံးရှုံးခဲ့ရကာ လျှပ်စီးခေးမာစတာ အပါအဝင် လျှပ်စီးခေးဂိုဏ်း အတွင်းမှ လူများအားလုံးကို အကြီးအကျယ် ဝမ်းနည်းကြေကွဲစေခဲ့သည်။

သူတို့ဂိုဏ်းအတွင်းတွင် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် မပေါ်ထွက်လာသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပြီး နောက်ဆုံးတွင် ပန်လေကျိကို မွေးမြူနိုင်ခဲ့သော်လည်း နှစ်ပေါင်းအနည်းငယ် အကြာတွင် မိစ္ဆာမျိုးနွယ်စုများ၏ လက်အတွင်းတွင်

ကျဆုံးသွားခဲ့ပြီး လျှပ်စီးခေးဂိုဏ်း တစ်ခုလုံးကို အမျက်ထွက်စေခဲ့သည်။

တစ်ချိန်တည်းတွင် နေလခေးဂိုဏ်းမှ နေမင်းအလင်းတန်း ခေးမာစတာသည် လမင်း ခေးမာစတာအား အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်ရှိနိုင်ရန် နှစ်ပေါင်း တစ်ထောင်ကျော် စောင့်ဆိုင်းခဲ့ရသည်။

ချူးယန်သည် ထာဝရ တောင်တန်းဂိုဏ်းကို စတင်တည်ထောင်ခဲ့သူ ဂိုဏ်းချုပ်နောက်ပိုင်းတွင် ပေါ်လာခဲ့သည့် ဒုတိယမြောက် အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက် ဖြစ်သည်။ ဂိုဏ်းချုပ်ဟောင်း ကွယ်လွန်သွားပြီး နောက်တွင် ထာဝရ တောင်တန်းဂိုဏ်းသည်

ခွန်းလွန်တောင်ခြေ တောင်ပိုင်းတွင် လေနတ်ဘုရားဂိုဏ်းနှင့် ပြိုင်ဆိုင်ရင်း မပြိုကွဲရုံသာ ထိန်းထားနိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ဆန့်ကျင်သည့် စစ်ပွဲအတွင်းတွင် ရှောင်ယန်နှင့် သူ၏ ဂိုဏ်းတူ ညီအစ်ကိုများသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ အချိန်တိုလေး အတွင်း ရောက်နိုင်ခဲ့ကာ ကမ္ဘာကြီးအား အံ့အားသင့်စေခဲ့သည်။

ယခုအချိန်တွင်လည်း ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် လင်းဖုန်း၏ ကျန်သော လက်ရင်းတပည့် လေးယောက်ဖြစ်သည့် ယွဲ့ဟုန်ယန်၊ လော်ချင်းဂူ၊ လီယွမ်ဖန်းနှင့် ယန်ချင်တို့သည်လည်း အင်မော်တယ် ဝိညာဉ်

အဆင့်သို့ တစ်ယောက်ပြီး တစ်ယောက်
တက်လှမ်းနိုင်ခဲ့ကာ အားလုံးတို့၏ အာရုံများကို
ဆွဲဆောင်နိုင်ခဲ့သည်။

လင်းဖုန်း၏ လက်ရင်းတပည့်များ အားလုံး
အင်မော်တယ် ဝိညာဉ် အဆင့်သို့
ရောက်သွားနိုင်ခြင်းသည် ကမ္ဘာကြီးအား
မုန်တိုင်းကဲ့သို့ တိုက်ခတ်သွားခဲ့သည်။
သို့တိုင်အောင် တစ်ယောက်ကမှ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ မျိုးဆက်တပည့်များ
အတွင်းတွင် အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ နောက်ထပ်တစ်ယောက်
ထပ်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ထားကြပေ။

လင်းဖုန်းသည် သူ၏ လက်ရင်းတပည့်များအား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်သည့် အခမ်းအနား အပြီးတွင် တောက်ယုတင်းသည် ယုကျင်းတောင်သို့ ပြန်လာခဲ့သည်။ ဝမ်လင်း၏ လမ်းညွှန်မှုအောက်တွင် သူမသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် ဝင်ရောက် ကျင့်ကြံခဲ့ပြီး နောက်ဆုံးတွင် လက်ရှိ အောင်မြင်မှုများကို ရနိုင်ခဲ့ခြင်း ဖြစ်သည်။

သူမသည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်များ အတွင်းတွင် အင်မော်တယ် ဝိညာဉ် အဆင့်သို့ အောင်မြင်စွာ ရောက်နိုင်ခဲ့သော ပထမဆုံး တပည့်တစ်ယောက် ဖြစ်လာခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ အခြား
ကျင့်ကြံသူများကလည်း ဤမြင်ကွင်းအား အံ့သြ
တုန်လှုပ်စွာနှင့် မယုံနိုင်ဖြစ်စွာ
ကြည့်နေကြလေသည်။

အင်မော်တယ် ဝိညာဉ် အဆင့်သို့
တက်လှမ်းရခြင်းသည် မည်သည့်အချိန်မှစ၍
ဤမျှအထိ လွယ်ကူသွားသနည်း။

မဟာချင် အင်ပါယာမှ ရှင်ပျော်ပျော်
သူတော်စင်သည် သူ၏ခေါင်းကို မော့၍
သူအင်မော်တယ် ဝိညာဉ် အဆင့်သို့ စရောက်ခဲ့သည့်
အချိန်ကို ပြန်၍ စဉ်းစားနေခဲ့သည်။ ထိုအချိန်တွင်
သူသည် အသက် ၂၀၀၀ကျော် နေထိုင်ခဲ့ပြီး
ဖြစ်သည်။

"ငါ့ရဲ့အသက် ၂၅၄၄နှစ်မှာ မရေမတွက်နိုင်တဲ့ ဆုံးရှုံးမှုတွေနဲ့ အခက်အခဲများစွာတို့ကို ကြုံတွေ့ခဲ့ပြီး မရေမတွက်နိုင်တဲ့ အရင်းအမြစ်တို့ကို အသုံးပြုပြီးနောက်မှာမှ နောက်ဆုံးမှာ အောင်မြင်ခဲ့ခြင်း ဖြစ်တယ်"

အလင်းခားမြန်ဂိုဏ်းမှ ခရမ်းရောင် တိမ်တိုက် ဂရန်းမာစတာသည် တောက်ယုတင်းအား ကြည့်နေရင်း သူ့ကိုယ်သူ ဝမ်းနည်းပူဆွေးနေခဲ့သည်။ သူသည် အသက် ၁၄ဂဂနှစ် ရှိပြီဖြစ်သော်လည်း သူ၏ လမ်းကြောင်းတွင် ပိတ်ဆို့နေသော ထူထဲလှသည့် မြူခိုးငွေ့များကို မည်သို့ ကျော်ဖြတ်ရမှန်း မသိပဲ အင်မော်တယ် ဝိညာဥ် အဆင့်သည်

သူလက်လှမ်းမမှီနိုင်သော ဦးတည်ချက်တစ်ခု ဖြစ်နေခဲ့သည်။

လင်းဖုန်း၏ လက်ရင်းတပည့် ရှစ်ယောက်တို့က အင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ခြင်းသည် ဤမျှအထိ အံ့အားသင့်စရာ ကိစ္စတစ်ခု မဟုတ်ပေ။ ဘာပဲပြောပြော သူတို့၏ ဆရာသည် သာမန် ကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။

သို့သော်လည်း တောက်ယုတင်းကဲ့သို့သော ဒုတိယမျိုးဆက်မှ တပည့်တစ်ယောက်သည် တူညီသော စွမ်းဆောင်မှုများကို စွမ်းဆောင်နိုင်ခဲ့သော အခါတွင် မယုံနိုင်စရာ ကိစ္စတစ်ခု ဖြစ်သွားခဲ့သည်။ အထူးသဖြင့်

သူမ၏ဆရာ ဝမ်လင်းသည် မဟာကမ္ဘာ၏
အချိန်စီးဆင်းမှုအရ လွန်ခဲ့သော
ဆယ်နှစ်ကျော်ခန့်ကသာ ဤကဲ့သို့
စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူမ၏ ကျင့်ကြံမှု စွမ်းရည်အား ကျင့်ကြံသည့်
နေရာအတွင်းမှ ပို၍မြန်ဆန်သော
အချိန်စီးဆင်းမှုဖြင့် မြှင့်တင်နိုင်သော်လည်း
မဟာကမ္ဘာ အတွင်းမှ အချိန်ဆယ်နှစ်သည်
ကျင့်ကြံမှု ကမ္ဘာအတွင်းတွင် အလွန်အမင်း
တိုတောင်းသော အချိန်ကာလ ဖြစ်နေသေးသည်။

ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ပေါ်လာသည်မှာ မည်မျှသာ ကြာသေးသနည်း။

လင်းဖုန်းသည် ကျန်သော ထိပ်သီးဂိုဏ်းများစွာတို့ ဖွဲ့စည်းကြပြီး နောက်ပိုင်းမှသာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး သီးသန့် ကျင့်ကြံသူ ဖြစ်နေခဲ့စဉ်ကတည်းက မျိုးဆက်တစ်ခုထက်ပိုသော ဆက်ခံသူများကို စုဆောင်းနိုင်ခဲ့ကာ ယခုကဲ့သို့ အမွေအနှစ်များကို ဖြန့်ဖြူးနိုင်ခဲ့ခြင်း ဖြစ်သည်။

တောက်ယုတင်းသာ မကပဲ သူ၏ လက်ရင်းတပည့်များ ဖြစ်သော ယွဲ့ဟုန်ယန်၊ ယန်ချင်နှင့် ကျန်သောသူများသည် ဂိုဏ်းဖွင့်ပွဲ အခမ်းအနား မတိုင်ခင်ကတည်းက သူ၏လက်အောက်သို့ ရောက်နေခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းနှင့် သူ၏ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် စွမ်းအားများစွာ
တိုးတက်လာကာ ဆယ်စုနှစ် အနည်းငယ်
အတွင်း၌ပင် သူ၏ ပြိုင်ဘက်များကို
လွှမ်းမိုးနိုင်ခဲ့သည်။ သူတို့သည် မူလကောင်းကင်
ကမ္ဘာ၏ ဓလေ့ထုံးတမ်း စည်းမျဉ်း ဥပဒေသနှင့်
သာမန် ဗဟုသုတများကို ရိုက်ချိုးနိုင်ခဲ့ကာ
အားလုံးတို့က ပါးစပ်အဟောင်းသား
ဖြစ်နေကြလေသည်။

လင်းလက်နေသော ပုံရိပ်များ အကြားတွင်
တောက်ယုတင်းသည် လင်းဖုန်းနှင့် ဝမ်လင်းတို့အား
ဦးညွှတ်လိုက်ပြီး ပြန်လှည့်ကာ သူမ၏
အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား
ဖော်ပြလိုက်သည်။

သူမသည် သူမ၏ လူသားပုံစံကို စွန့်လွှတ်လိုက်ကာ ကောင်းကင်အား ဖုံးလွှမ်းသွားသည့် ရောမ ထိုက်ကျိရုပ်ပုံ တစ်ခုအဖြစ် ပြောင်းလဲသွားသည်။ ထိုရောမ ထိုက်ကျိရုပ်ပုံ၏ အပေါ်တွင် ရေခဲရေပန်းများက စီးဆင်းနေကာ မရေမတွက်နိုင်သော ရေခဲပြင်နှင့် ရေခဲပင်လယ်တို့အား ဖော်ပြလိုက်သည်။

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို အသာ လှုပ်ရှားလိုက်ရာ တောက်ယုတင်း၏ အင်မော်တယ် ဝိညာဉ်ဖြင့် ဖန်ဆင်းထားသည့် ထိုက်ကျိရုပ်ပုံ အပေါ်သို့ ရေခဲပြာရောင် ဆေဘာ အလင်းတန်းတစ်တန်း ကျရောက်သွားသည်။ ထိုအရာသည် မှော်ရတနာ တစ်ခုဖြစ်သည်။

"ထျန်းချမ်... မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဒုတိယမျိုးဆက် တပည့်တွေ အတွင်းမှာ အင်မော်တယ် ဝိညာဉ် အဆင့်ကို ပထမဆုံး ရောက်ခဲ့တဲ့သူ ဖြစ်တဲ့အတွက် ငါကမင်းကို မှော်ရတနာ တစ်ခု ချီးမြှင့်လိုက်မယ်... အနာဂတ်မှာလည်း ဆက်ပြီးမှ ကြိုးစား ကျင့်ကြံနေပါ"

စာစဥ် ၆၉ : အပိုင်း ၁၆

## အပိုင်း ၁၃၄၆ : ခေါင်းလောင်းဆက်၍ မြည်နေခြင်း

တောက်ယုတင်း၏ တိုးတက်မှုသည် သူမ၏ ဆရာဖြစ်သော ဝမ်လင်းက သူမအား အခွင့်အရေးများ၊ မှော်အိုင်တမ်များနှင့် ဆေးလုံးများကို စီစဥ် လမ်းညွှန်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

ကွေရေ ရေခဲဆေဘာသည် လင်းဖုန်းက သူမအား ပေးအပ်ခဲ့သော မှော်ရတနာ ဖြစ်သည်။ ထိုအရာသည် သူမက ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ပထမဆုံး ရောက်နိုင်ခဲ့သည့် အတွက် ရရှိခဲ့သော ဆုလာဘ်ဖြစ်သည်။

ဤမှော်ရတနာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက လင်းဖုန်း အနိုင်ယူခဲ့သော ရေချို

သူတော်စင်ထံမှ လာခဲ့ခြင်း ဖြစ်သည်။ ရေလှိုင်း သူတော်စင်သည် အရှေ့ပင်လယ်မှ ထွက်ခွာသွား အပြီးတွင် သူသည် လီဘိုတောင်အား သိမ်းပိုင်ခဲ့ကာ မှော်ရတနာ တစ်ခုကို ထုလုပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သူပြီးမြောက်ရန် ခြေတစ်လှမ်းသာ လိုတော့သည့် အချိန်တွင် ကွေ့နွားဘုရင်သည် လင်းဖုန်းနှင့် ကျန်သောသူများနှင့် အတူ လီဘိုတောင်သို့ ရောက်ရှိလာပြီး ရေချို သူတော်စင်၏ အကြံကို ဖျက်ဆီးခဲ့သည်။

ပြီးတာနှင့် စိတ်ဝိညာဉ် ရေနဂါးဘုရင်နှင့် သူ၏ မျိုးနွယ်စုများသည် အကယ်တင်ခံခဲ့ရကာ ရေချိုသူတော်စင် ထုလုပ်နေသော

မှော်ရတနာကလည်း လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သည်။

ဤမှော်ရတနာ ကိုယ်တိုင်က အရည်အသွေး အတော်ကောင်းသည်။ ရေချိုသူတော်စင်သည် ဤရတနာကြောင့် လီဘိုတောင်သို့ ပြန်လာခြင်း ဖြစ်ကာ သူ၏ ကိုယ်ပိုင် ထောင်ချောက်အတွင်းသို့ ကျရောက်သွားခဲ့ခြင်း ဖြစ်သည်။

ဤရတနာသည် လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သော အခါ လင်းဖုန်းသည် ရေချို သူတော်စင် ရယူနိုင်စွမ်း မရှိနိုင်သည့် အဖိုးတန် ရတနာများဖြင့် ထပ်မံ၍ မွမ်းမံခဲ့ကာ သူ၏ အရည်အသွေးကို ထပ်မံ၍ အဆင့်မြှင့်ပေးခဲ့သည်။ သူသည် ယခုအချိန်တွင် သန္ဓေလောင်း အဆင့်သာ

ရှိသေးသော်လည်း သူ၏ စွမ်းအားများမှာ ထူးချွန်
ပြောင်မြောက်လှသည်။

လင်းဖုန်းသည် သူ့တပည့်များအား ရတနာများ
ရွေးချယ်ပေးရာတွင် အမြဲတစေ နက်နဲစွာ
စဉ်းစားလေ့ရှိသည်။ ဤကြွေရေ ရေခဲဆေဘာသည်
တောက်ယုတင်းနှင့် အလွန်တရာမှ
လိုက်ဖက်လှပေသည်။

ရေခဲပြာရောင် ဆေဘာ အလင်းတန်းသည်
တောက်ယုတင်း၏ အင်မော်တယ် ဝိညာဉ်ဖြင့်
ဖန်ဆင်းထားသော ထိုက်ကျိရုပ်ပုံ အပေါ်သို့
ကျရောက်သွားရာ ရေခဲ ထိုက်ကျိရုပ်ပုံသည်
ဟင်းလင်းပြင် အတွင်းတွင် တစ်ကြိမ်
လည်ပတ်သွားပြီး တောက်ယုတင်း အဖြစ်သို့

ပြန်ပြောင်းသွားကာ လင်းဖုန်းနှင့် ဝမ်လင်းတို့ အရှေ့သို့ ပြန်ရောက်လာသည်။

တောက်ယုတင်းသည် လင်းဖုန်းနှင့် ဝမ်လင်းတို့အား ဦးညွှတ်လိုက်သည်။ "ဒီရတနာကို ပေးခဲ့တဲ့ အတွက် ဂိုဏ်းချုပ်ကို ကျေးဇူးတင်ပါတယ်"

လင်းဖုန်းက ပြန်ပြောလိုက်သည်။ "ကြိုးစားပြီး လေ့ကျင့်ပါ... မင်းရဲ့ နည်းစနစ်နဲ့ မှော်စွမ်းအင်တွေက အဆင့်တစ်ခု ထပ်တက်သွားရင် ရေခဲဝိညာဉ် တိမ်တိုက်က မင်းကို စောင့်နေသေးတယ်"

တောက်ယုတင်းက ခေါင်းညိတ်၍ ပြန်ပြောလိုက်သည်။ "ကျေးဇူးပါ... ဆရာဘိုးဘိုး... ကျေးဇူးပါ... ဆရာ..."

သူမသည် ရေခဲဝိညာဥ် တိမ်တိုက်အား ငယ်စဥ်ကတည်းက ကြားဖူး၍ အလွန်ကို ရင်းနှီး ကျွမ်းဝင်နေသည်။ ထိုအချိန်က ထိုရတနာသည် နတ်ရေကန်ဂိုဏ်း အတွင်းတွင် သူတို့ဂိုဏ်းကို တည်ထောင်ကတည်းက ရှိနေသည့် မဟာယာန အဆင့်မှ ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်း အပြီးတွင် အသန်မာဆုံး မှော်ရတနာ ဖြစ်သည်။

နတ်ရေကန်ဂိုဏ်း ပျက်စီးသွားအပြီးတွင် သူတို့၏ အကြီးအကဲများသည် အဖမ်းခံခဲ့ရကာ

ဤမှော်ရတနာသည် လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သည်။

တောက်ယုတင်း အနေဖြင့် နတ်ရေကန်ဂိုဏ်းသည် သူမအား ကောင်းမွန်သော မှတ်ဉာဏ်များကို ချန်မထားရစ်ခဲ့ပေ။

တောက်ယုတင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ စဝင်ခဲ့စဉ်က ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်း၏ မူလ စိတ်ဝိညာဉ် ဖြစ်သော ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်သည် သူမနှင့် စကားအကြာကြီး ပြောခဲ့သည်။

ထိုစဥ်က သူတို့နှစ်ယောက် အပြင် ထိုစကားဝိုင်း၏ အသေးစိတ် အချက်အလက်များကို လင်းဖုန်းနှင့် ဝမ်လင်းတို့သာ သိခဲ့ကြသည်။ ရှောင်ယန်နှင့် ဇူရီတို့ကပင် မသိခဲ့ကြပဲ လင်းဖုန်းနှင့် ဝမ်လင်းတို့ကလည်း နားမထောင်နေခဲ့ကြပေ။

သို့သော်လည်း သေချာသည့် အချက်တစ်ခုမှာ ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်သည် တောက်ယုတင်းအား အတင်းအကျပ် စေခိုင်းနေခြင်း မရှိပေ။ မဟုတ်လျှင် လင်းဖုန်းနှင့် ဝမ်လင်းတို့က သူတို့အား စကားပေးပြောလိမ့်မည် မဟုတ်ချေ။

စကားကြာမြင့်စွာ ပြောအပြီးတွင် တောက်ယုတင်းနှင့် ဝင်ရိုးစွန်းနှစ်ဘက်

တောင်ထိပ်တို့သည် သဘောတူညီမှု တစ်ချက်ကို ရသွားဟန်တူသည်။ ထိုအချိန်မှစ၍ လင်းဖုန်းနှင့် ဝမ်လင်းတို့သည် တောက်ယုတင်းအား ဝမ်လင်း၏ ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် သစ်တောဗိမာန်၏ ပထမတပည့် မခန့်အပ်ရန် အတည်ပြုခဲ့ကြသည်။

လင်းဖုန်းနှင့် ဝမ်လင်းတို့သည် တောက်ယုတင်း၏ ကိုယ်ပိုင်ဆန္ဒ အရသာ အသိအမှတ် ပြုခဲ့ခြင်း ဖြစ်ပြီး မဟုတ်လျှင် ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်ကလည်း သူမအား သွေးဆောင်နိုင်မည် မဟုတ်ချေ။

ထိုအချိန်မှ စ၍ တောက်ယုတင်းသည် တစ်နေ့တွင် ရေခဲဝိညာဉ် တိမ်တိုက်သည် သူမ၏

လက်အတွင်းသို့ ကျရောက်လာလိမ့်မည်ဟု သိနေခဲ့သည်။ ထိုအရာသည် သူမက ကြိုတင် တောင်းခံထားသည့် အရာတစ်ခုကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်းယနေ့ သူမအား ပေးခဲ့သော ကွေရေ ရေခဲဆေဘာသည် သူမက ဒုတိယမျိုးဆက် တပည့်များအတွင်းတွင် ပထမဆုံး အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ခဲ့သည့်အတွက် ရခဲ့သော ဆုလာဘ်သာ ဖြစ်သည်။

နတ်ဘုရားနယ်မြေ အတွင်းရှိ အင်အားစု အသီးသီးမှ ကျင့်ကြံသူများသည် တောက်ယုတင်းအား ကြည့်နေရင်း အနည်းငယ် မှင်သက်နေကြသည်။ "ဒုတိယမျိုးဆက်က တပည့်တစ်ယောက်ကတောင်

အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်နိုင်ခဲ့တယ်"

သူမ၏ စွမ်းဆောင်မှုသည် ရှောင်ယန်၊ ဗူရီ၊
ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့နှင့် စာလျှင် ပို၍
အားနည်းပေသည်။ သို့သော်လည်း ဤအရာသည်
ကမ္ဘာကြီးအား သတင်းပေးခဲ့သကဲ့သို့ ဖြစ်ကာ
နောက်ပိုင်းတွင် ဖြစ်လာတော့မည် ကိစ္စများသည်
အားလုံးတို့အား ကြောက်ရွံ့စေလိမ့်မည် ဖြစ်သည်။

တောက်ယုတင်း အပြင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ ဒုတိယမျိုးဆက်
တပည့်များတွင် တန်ကျွင်း၊ ဟန်ရန်၊ ယင်းလော်ရှု၊
ကျိုးယွင်ချုံး၊ ယန်တီ၊ ဟွမ်ကျန်းထင်… အစရှိသော
တပည့်များ ရှိသေးသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အစွမ်းထက်သော ဒုတိယမျိုးဆက် တပည့်များ အသီးသီးတို့သည် တောက်ယုတင်း၏ ခြေရာနောက်မှလိုက်၍ သူတို့၏ ကြောက်မက်ဖွယ်ရာ ကြီးမားသော အလားအလာများကို မယုံနိုင်စရာ စွမ်းအားများအဖြစ်သို့ ပြောင်းလဲနိုင်ကြတော့မည် ဖြစ်သည်။

အစွမ်းထက်သော ကျင့်ကြံသူများ တစ်ယောက်ပြီးမှ တစ်ယောက် ထွက်ပေါ်လာသည်နှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားသည် ကြောက်မက်ဖွယ်ရာ အဆင့်တစ်ခုသို့ ရောက်သွားပေမည်။

ဤကဲ့သို့သော မြင်ကွင်းမျိုးသည်
နတ်ဘုရားနယ်မြေ အတွင်းမှ အခြား
ကျင့်ကြံသူများအား တွေးလိုက်ရုံနှင့်ပင် အနည်းငယ်
ပျို့ချင်အန်ချင် ဖြစ်လာစေခဲ့သည်။

မဟာကျိုး အင်ပါယာ၏ နယ်မြေအတွင်းမှ
ကျင့်ကြံသူများသည် လူကွဲကုန်ကြပြီ ဖြစ်သည်။
အချို့ကျင့်ကြံသူများသည် အလင်းတန်း
ပုံရိပ်အတွင်းမှ တောက်ယုတင်းအား ကြည့်နေရင်း
သူတို့၏ ရင်အတွင်းတွင် ရှုပ်ထွေးသော
ခံစားချက်များကို ခံစားနေရသည်။

သူတို့သည် နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူများ
ဖြစ်ခဲ့ကြသည်။ သူတို့၏ဂိုဏ်း ပျက်စီးသွားသော
အခါ သူတို့ဂိုဏ်း၏ နယ်မြေများကို

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်က
သိမ်းပိုက်ခဲ့ပြီး သူတို့ ကိုယ်တိုင်ကမူ မဟာကျိုး
အင်ပါယာ၏ လက်အောက်သို့ ရောက်သွားခဲ့သည်။

ရှီးလင်မြို့ တိုက်ပွဲကို ပြန်လည် စဥ်းစားခဲ့ပြီး
ယခုအချိန်တွင် တောက်ယုတင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ကြည့်ခဲ့ရသော အခါ
သူတို့ အားလုံးတို့သည် အခြားကမ္ဘာသို့
ရောက်နေသည်ဟု ခံစားခဲ့ရသည်။ ထိုအချိန်က
နတ်ရေကန်ဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့သည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကြီးစိုးမှုကို ခံခဲ့ရပြီ
ဖြစ်သည်။

မဟာကျိုး အင်ပါယာ၏ တောင်ပိုင်းနယ်စပ်ရှိ
မြို့ကြီးတစ်မြို့ အတွင်းတွင်

လူငယ်တစ်ယောက်သည် သူ၏ အရှေ့မှ
အလင်းတန်း ပုံရိပ်အား အမူအရာ ကင်းမဲ့စွာဖြင့်
ကြည့်နေခဲ့သည်။

ထိုလူငယ်သည် အခြေတည်ဝိညာဥ် အဆင့်သို့
ရောက်နေပြီ ဖြစ်ကာ သူ့ဘေးမှ လူများအားလုံး၏
ရှိသေလေးစားခြင်းကို ခံနေရသည်။ သို့သော်လည်း
သူ၏ မျက်လုံးများသည် အခြားသူများ
အားလုံးတို့ကို လျစ်လျူရှုထားပြီး တောက်ယုတင်း
အပေါ်၌သာ စူးစိုက်ထားလေသည်။

ထိုသူသည် နတ်ရေကန်ဂိုဏ်း၏ ဆက်ခံသူ
ဖြစ်ခဲ့ကာ ဂိုဏ်းခေါင်းဆောင် ချောင်ဝေ၏
လက်ရင်းတပည့် ဖြစ်သူ စုန့်ချင်းယွမ်ပင် ဖြစ်သည်။

ယခင်က သူသည် အလင်းတန်း ပုံရိပ်အတွင်းမှ အမျိုးသမီးနှင့် ရှုပ်ထွေးသော ဆက်ဆံရေးများ ရှိခဲ့သည်။ ထိုအကြောင်းကို ပြန်လည် စဉ်းစားမိလျှင် အိမ်မက် တစ်ခုနှင့်သာ တူနေပေသည်။

သူသည် သူမအား တစ်ချိန်ကာ အဆုံးမဲ့ ကြောက်ရွံ့မှုနှင့် နာကျင်မှုများကို ပေးခဲ့သည်။

သို့သော်လည်း သူသည် ယခုအချိန်တွင် တောက်ယုတင်း၏ မျက်လုံးများ အတွင်း၌ မလောက်လေး မလောက်စား အဆင့်တွင်သာ ရှိနေတော့သည်။ သူက သူမအား ပေးခဲ့သော အိမ်မက်ဆိုးများ အတွက် သူမသည် သူ့အား ပြန်လည် လက်စားချေမည့် ရည်ရွယ်ချက်များလည်း မရှိပေ။

ထို့အစား စုန့်ချင်းယွမ်ကသာ ရှီးလင်မြို့ တိုက်ပွဲအပြီးတွင် နှစ်ပေါင်းများစွာ နာကျင်ခံစားခဲ့ရခြင်း ဖြစ်သည်။ ခွန်းလွန် စိတ်ဝိညာဉ်အစည်းအဝေးတွင် သူသည် စိတ်ရှုပ်ထွေးကာ ကြောက်ရွံ့နေခဲ့ပြီး နှစ်ပေါင်းများစွာ အကြာမှသာ သူ၏ ခံစားချက်များက သက်သာလာခဲ့ခြင်း ဖြစ်သည်။

သူသည် ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေးသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခဲ့ပြီး ထိုစဉ်က တောက်ယုတင်းသည် ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်တွင်သာ ရှိသေးကာ ပြိုင်ပွဲတွင် ပထမ မရခဲ့သော်လည်း ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ

သူ့ထက်ပို၍ သာလွန်နေပြီ ဖြစ်ကြောင်းကို သိခဲ့ရသည်။ ထို့အပြင် တောက်ယုတင်း၏ တိုးတက်လာမှုသည် သူ့အား အနောက်တွင် များစွာ ချန်ခဲ့ပြီ ဖြစ်သည်။

ယခုအချိန်တွင် စုန့်ချင်းယွမ်သည် မဟာကျိုး အင်ပါယာ၏ အကူအညီဖြင့် အခြေတည်ဝိညာဉ်ကို အောင်မြင်စွာ ဖန်ဆင်းနိုင်ခဲ့ပြီ ဖြစ်သော်လည်း သူကျော်ဖြတ်ခဲ့ရသော အခက်အခဲများကို သူကသာ သိပေသည်။ ယခုအချိန်တွင် တောက်ယုတင်းအား ထပ်မံ တွေ့ခဲ့ရသော အခါ သူတို့နှစ်ဦးအကြားမှ စွမ်းအားများသည် ကမ္ဘာခြားနေပြီ ဖြစ်ကြောင်းကို သိခဲ့လိုက်သည်။

"ကံကြမ္မာက ငါ့ကို ကစားနေတာပဲ"
ထိုအတွေးသည် စုန့်ချင်းယွမ်၏ ရင်အတွင်းတွင် ပေါ်လာခဲ့သည်။ သူသည် အမျက်ဒေါသ ထွက်ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းများ မဖြစ်လာတော့ပဲ ထို့အစား တောက်ယုတင်းက ပြန်၍ လက်စားမချေခြင်းကြောင့် အလွန်အမင်း စိတ်သက်သာရာ ရသွားခဲ့သည်။

သူ၏ ကံကြမ္မာနှင့် ကမ္ဘာအတွင်းမှ အမြဲမပြတ် ပြောင်းလဲနေသော အခြေအနေများကို စဥ်းစားနေရင်း စုန့်ချင်းယွမ်၏ အကြည့်သည် တောက်ယုတင်း၏ အရှေ့မှ လူများအပေါ်သို့ ကျရောက်သွားသည်။ လင်းဖုန်းအား ပြောစရာ ဘာမှ မရှိသော်လည်း စုန့်ချင်းယွမ်သည်

ဝမ်လင်းအား စိုက်ကြည့်နေရင်း ရှုပ်ထွေးသော ခံစားချက်များ ပေါ်လာသည်။

တောက်ယုတင်းသည် နတ်ရေကန်ဂိုဏ်း အတွင်း၌သာ ရှိသေးစဥ်က သူမသည် ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေးတွင်စတင်၍ ကျော်ကြားလာခဲ့သည်။ ဝမ်လင်းကလည်း အတူတူပင် ဖြစ်၏။

သို့သော်လည်း ဝမ်လင်းသည် ထိုအချိန်က အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်တွင်သာ ရှိသေးပြီး တောက်ယုတင်းမှာမူ အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်သာ ရှိသေး၍ ဝမ်လင်းသည် တောက်ယုတင်း၏ ဆရာ ဖြစ်လာလိမ့်မည်ဟု မည်သူကမှ တွေးမထားကြပေ။

ယနေ့အချိန်တွင် ဝမ်လင်းသည်
တောက်ယုတင်းအား ညွှန်ကြား ပြသပေးခဲ့ကာ
သူမ၏ အင်မော်တယ် ဝိညာဉ် အဆင့်သို့
တက်ရောက်ခြင်းကို ကြည့်နိုင်ခဲ့ပြီ ဖြစ်သည်။

ထိုအချိန်က စုန့်ချင်းယွမ်သည် ရွှေရောင်ဗဟိုချက်
နောက်ဆုံး အဆင့်တွင် ရောက်နေခဲ့ပြီ ဖြစ်ကာ
သူတို့အကြားမှ ကွာခြားချက်သည် ကြီးမားလှသဖြင့်
သူတို့အား ဂရုပင် မစိုက်ခဲ့ပေ။

ရုတ်တရက်ပင် ဝမ်လင်းသည် သူ၏ခေါင်းကို
လှည့်၍ သူ၏ တည်ငြိမ်နေသော အကြည့်ကို
ရွှေ့လိုက်ကာ အဆုံးမဲ့ လေဟာနယ်ကို

ဖြတ်သန်းသွားခဲ့ပြီး စုန့်ချင်းယွမ် အပေါ်သို့
ကျရောက်လာခဲ့သည်။

စုန့်ချင်းယွမ်သည် တုန်ခါသွားပြီး သူ၏ခေါင်းကို
ငုံ့လိုက်ကာ ဝမ်လင်း၏ အကြည့်ကို
ရင်မဆိုင်ရဲခဲ့ပေ။ ခဏအကြာမှ သူက
သက်ပြင်းတစ်ချက် ချလိုက်သည်။

ယုကျင်းတောင် အပေါ်တွင် တောက်ယုတင်းသည်
ကွေရေ ရေခဲဆေဘာကို သိမ်းလိုက်ကာ
လင်းဖုန်းနှင့် ဝမ်လင်းတို့အား နှုတ်ဆက်၍
ထွက်ခွာသွားခဲ့သည်။

တောင်ပေါ်မှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တပည့်များ အားလုံးတို့သည် သူမအား ဂုဏ်ပြုနေကြပြီး နတ်ဘုရားနယ်မြေ အတွင်းမှ ထိပ်သီးကျင့်ကြံသူ အသီးသီးတို့ကလည်း သူတို့၏ စိတ်များကို ဖြေလျှော့လိုက်ကြကာ သူတို့၏ တပည့်များကို ခွန်းလွန်တောင်သို့ သွား၍ ဂုဏ်ပြုလက်ဆောင်များ ပေးကြရန် ညွှန်ကြားခဲ့ကြသည်။

အချို့သူများသည် ခွန်းလွန်တောင်သို့ ကိုယ်တိုင်ကိုယ်ကျ သွား၍ တောက်ယုတင်းအား ဂုဏ်ပြုကြမည် ဖြစ်သည်။ သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက်မှ တပည့်တစ်ယောက်သာ ဖြစ်သော်လည်း

ယခုအချိန်တွင် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်နေခဲ့ပြီ ဖြစ်သည်။

သူမ၏ အဆင့်အတန်းနှင့် စွမ်းအားများသည် လျှော့တွက်၍ မရတော့ပဲ သူမအား သာမန် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဟုလည်း တွက်၍ရမည် မဟုတ်ချေ။ သူမ၏ ဆရာ ဝမ်လင်းနှင့် သူမ၏ အရှေ့မှ ဆက်ခံသူများ ဖြစ်ကြသော ယွဲ့ဟုန်ယန်ကဲ့သို့သော သူများသည် ထိုအချက်ကို အချိန်နှင့် အမျှ သက်သေပြခဲ့ကြပြီးသား ဖြစ်သည်။

အားလုံးတို့သည် ကြေညာချက်များ ပြီးဆုံးသွားပြီဟု ထင်နေကြသော အချိန်တွင် လင်းဖုန်း၏

ခေါင်းပေါ်မှ ကြမ္မာပန်းတိုင် ခေါင်းလောင်းသည်
ထပ်ဖန်တစ်ခါ မြည်လာပြန်သည်။

အားလုံးတို့သည် အလင်းတန်း ပုံရိပ်အား
ကြည့်နေကြပြီး သတိပြန်ဝင်လာကြကာ
ခေါင်းလောင်းသံများကို အသေအချာ
ရေတွက်နေကြသည်။ ရလဒ်မှာ သူတို့အား ပို၍ပင်
အံ့သြ တုန်လှုပ်သွားစေသည်။

ခေါင်းလောင်းသံ သုံးဆယ့်ခြောက်ချက်။

ဤအချိန်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်းသည်
သုံးဆယ့်ခြောက်ချက် တိုင်တိုင်
မြည်ဟည်းလာခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ထုံးတမ်းဓလေ့ အရ ကြမ္မာပန်းတိုင် ခေါင်းလောင်း သုံးဆယ့်ခြောက်ချက် မြည်ခြင်းသည် ဂိုဏ်းခေါင်းဆောင် လင်းဖုန်းက တပည့်တစ်ယောက် လက်ခံခြင်း ဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဂိုဏ်းတံခါးဖွင့်၍ တပည့်အသစ်များ လက်ခံခြင်း မဟုတ်ပဲ လင်းဖုန်းကိုယ်တိုင်က လက်ရင်းတပည့် တစ်ယောက်ကို လက်ခံခြင်း ဖြစ်သည်။

လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့အား လက်ခံခဲ့အပြီးတွင် လင်းဖုန်းသည် နောက်ထပ် လက်ရင်းတပည့် တစ်ယောက်ကိုမှ လက်ခံခဲ့ခြင်း မရှိတော့ပေ။ ထို့အပြင် သူလက်ခံထားသော လက်ရင်းတပည့်များ အားလုံးတို့သည်

နတ်ဘုရားနယ်မြေ တစ်လျှောက်တွင်
နာမည်ကျော်ကြားနေသော ထူးချွန် ထက်မြက်သည့်
ပါရမီရှင်များ ဖြစ်နေကြသည်။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင်
လင်းဖုန်းသည် တစ်ယောက်တည်းနှင့် မိစ္ဆာ
မျိုးနွယ်စုများအား တွန်းလှန်ခဲ့ကာ တိုက်ပွဲ၏
ရလဒ်များကို ပြောင်းလဲစေခဲ့သည်။ သူ၏
လက်ရင်းတပည့် ဖြစ်နိုင်ရန် မပြောနှင့် သူ၏
ဂိုဏ်းအတွင်းသို့ ဝင်နိုင်ခြင်းသည်ပင်လျှင်
အလွန်ခက်ခဲသော အရာတစ်ခု ဖြစ်နေပြီ ဖြစ်သည်။

လူအချို့သာ သိကြသော်လည်း
မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည်
တစ်ချိန်က သူတို့၏ တပည့်တစ်ယောက်အား

လင်းဖုန်း၏ လက်ရင်းတပည့် အဖြစ် လက်ခံပေးရန် အသနားခံခဲ့ဖူးသော်လည်း ပယ်ချခြင်း ခံခဲ့ရသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်ရင်းတပည့် တစ်ယောက် ဖြစ်ရခြင်းသည် အမတန်မှ ကြီးမားသော ဂုဏ်ကျက်သရေ တစ်မျိုး ဖြစ်သည်။ သူလက်ခံခဲ့သော တပည့်များသည် ဖုန်မှုန့်များဖြင့် လိမ်းကျံထားသော ပုလဲများကဲ့သို့ ဖြစ်ကာ ထူးချွန်ပြောင်မြောက်သော စွမ်းရည်များ ရှိကြသည်။

သူတို့သည် ဂိုဏ်းအတွင်းသို့ ဝင်ပြီးသွားသော အခါ ရိုသေလေးစားဖွယ်ရာ အဆင့်အတန်း၊ တောက်ပသော အနာဂတ်၊ ကြွယ်ဝသော အရင်းအမြစ်များနှင့် နတ်ဘုရားနယ်မြေ အတွင်းမှ

အစွမ်းအထက်ဆုံး နည်းစနစ်နှင့် မှော်ကျိန်စာများကို ရရှိနိုင်ခဲ့ပေသည်။

ထို့ကြောင့် လင်းဖုန်းသည် နောက်ထပ် လက်ရင်းတပည့် တစ်ယောက်အား လက်ခံမည်ဟု ကြေညာခဲ့သော အခါ အားလုံးတို့က အံ့အားသင့် တုန်လှုပ်နေကြခြင်း ဖြစ်သည်။

နတ်ဘုရားနယ်မြေ တစ်ခုလုံးသည် ငြိမ်သက်သွား၍ အလင်းတန်း ပုံရိပ်အား စူးစူးစိုက်စိုက် ကြည့်နေကြသည်။ သူတို့သည် ချက်ချင်း အောင်မြင်မှုရနိုင်သော ရွှေရောင်လတ်မှတ်အား မည်သည့် ကံကောင်းသော ပုဂ္ဂိုလ်က ရသွားခဲ့သည်ကို သိလိုနေကြပေသည်။

# စာစဉ် ၆၉ : အပိုင်း ၁၇

## အပိုင်း ၁၃၄၇ : ငါလုပ်ချင်လို့ လုပ်ခဲ့တာ

ဤခဏ၌ပင် အားလုံးတို့သည် အလင်းတန်း ပုံရိပ်အပေါ်သို့ သူတို့၏ အာရုံများကို စိုက်ထားခဲ့သည်။ သို့သော်လည်း လင်းဖုန်းနှင့် ကြမ္မာပန်းတိုင် ခေါင်းလောင်းတို့အပြင် တစ်ယောက်ကမှ သူတို့၏ မြင်ကွင်းအတွင်းသို့ ပေါ်မလာခဲ့ပေ။

ပြီးတာနှင့် သူတို့သည် လင်းဖုန်း၏ တီးတိုး ရေရွတ်သံအား ကြားလိုက်ရ၏။ "ခင်ဗျားတို့ အားလုံးဟာ ဒီကနေ့မှာ ကျုပ်တို့ဂိုဏ်းရဲ့

နောက်ထပ် တပည့်တစ်ယောက် လက်ခံခြင်း အခမ်းအနားကို ကြည့်ရှုခဲ့တဲ့ အတွက် ဂုဏ်ယူပါတယ်"

သူသည် နောက်လှည့်လိုက်၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းအား ညင်သာစွာဖြင့် တီးလိုက်ရာ ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ အရှေ့တွင် 'ယောင်'ဟူသော စကားလုံး ခတ်နှိပ်ထားသော ကျောက်စိမ်းပြား တစ်ချပ် လွင့်မျောလာခဲ့သည်။

"သူ့ရဲ့ နာမည်ဟာ လျှိုကြီးဟောဒီးစ် ဖြစ်တယ်"

ဤစကားကို ကြားလိုက်ရသော အခါ အသေအချာ အာရုံစူးစိုက်နေကြသော လူအုပ်ကြီးသည်

မယုံနိုင်အောင် အံ့ဩ မှင်သက်သွားကြကာ အချိန်အတော်ကြာသည့်အထိ သတိပြန်မဝင်လာကြပေ။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တွင် မင်းသားယူရှမ်းသည် သူ၏ခေါင်းကို ကသိကအောက် ဖြစ်စွာဖြင့် ခါလိုက်ပြီး တော်ဝင်အိမ်တော် သခင်နှင့် တော်ဝင်အိမ်တော် ဘုန်းတော်ကြီးတို့အား ကြည့်လိုက်သည်။
"လျှိုကြီးဟောဒီးစ်... ဒါက မိစ္ဆာတစ်ကောင်ရဲ့ နာမည် မဟုတ်လား... သူက ဟောဒီးစ် မျိုးနွယ်စုဝင် တစ်ယောက် မဟုတ်ဘူးလား"

တော်ဝင်အိမ်တော် သခင်နှင့် တော်ဝင်အိမ်တော် ဘုန်းတော်ကြီးတို့သည် အချင်းချင်း ကြည့်လိုက်ကြကာ ကြိုးစား၍ ပြုံးလိုက်ကြသည်။

နတ်ဘုရားနယ်မြေ အတွင်းတွင် လတ်တလော ပျံ့နှံ့နေသည့် ကောလဟာလ များသည် မမှားနေရုံသာ မကပဲ လိုပင် လိုနေသေးသည်ဟု ထင်နေရသည်။

ထို့ကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဤသတင်းကို ကိုယ်တိုင်ကိုယ်ကျ ကြေညာခဲ့သော အခါ အားလုံးတို့က အံ့သြ တုန်လှုပ်သွားကြခြင်း ဖြစ်သည်။

လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း အပေါ်တွင် ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့သည် ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။ ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ သူတို့၏

အဖြစ်အပျက်များကို ကြားထားရသော လော်ဖူး
သူတော်စင်ကလည်း အံ့အားသင့်နေခဲ့သည်။

ဟီကွမ်းပင်နှင့် ဟွမ်းမင်တို့က လျှိုကြီးသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတွင် မည်သည့် ချုပ်ချယ်မှုများ
မရှိပဲ ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင်
လွတ်လပ်စွာ သွားလာနေသည်ကို
ပြောခဲ့သောအချိန်က လော်ဖူး သူတော်စင်သည်
လျှိုကြီးက ကျားဖြူ မဟာပဏ္ဍိတ၊ လုယွမ်
မဟာပဏ္ဍိတနှင့် ခြေသည်းကိုးခု
သိမ်းငှက်ဘုရင်တို့ကဲ့သို့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ထိန်းချုပ်မှုအောက်မှ အခြား
မိစ္ဆာများကဲ့သို့ ဖြစ်သည်ဟူ၍သာ ထင်နေခဲ့သည်။

ဤကဲ့သို့သော ကိစ္စမျိုးသည် နတ်ဘုရားနယ်မြေ
အတွင်းမှ လူသား အင်အားစုများ အကြားတွင်
ရှားပါးသော ကိစ္စတစ်ခု မဟုတ်ချေ။
ဂိုဏ်းများအတွင်းတွင် မွေးမြူထားကြသော
မိစ္ဆာများသည် ဂိုဏ်း၏ စွမ်းအားအပေါ်
မူတည်၍သာ ကွဲပြားကြသည်။

ဥပမာအားဖြင့် ဟင်းလင်းပြင်
ဘုရားကျောင်းကဲ့သို့သော အစွမ်းထက်
အင်အားစုများသည် အန္တိမ နဂါးအသိုက်
အတွင်းတွင် နဂါးများကို မွေးမြူထားကြ၍
အားနည်းသော ဂိုဏ်းများဖြစ်ကြသည့် ယခင်က
နတ်ရေကန်ဂိုဏ်းတွင် ဆီးနှင်းပျံငှက်များကို
မွေးမြူထားကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင်လည်း မိစ္ဆာများစွာ ရှိသည်။ သူတို့အတွင်းတွင် ကျားဖြူ မဟာပဏ္ဍိတသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်တွင် ရှိ၍ ဗီပရာလိုပါ အဆင့်သို့ရောက်ရန် ခြေတစ်လှမ်းသာ လိုတော့ခြင်း ဖြစ်သည်။ သူသည် မူလကောင်းကင် ကမ္ဘာအတွင်းမှ အသန်မာဆုံးသော မိစ္ဆာများအနက် တစ်ကောင် အပါအဝင် ဖြစ်သည်။

သို့သော်လည်း ဟေးဒီးစ် မျိုးနွယ်စုများမှာ ပို၍ အထိမခံသော ကိစ္စတစ်ခု ဖြစ်သည်။

တစ်ဘက်တွင် ဟေးဒီးစ် မျိုးနွယ်စုများသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက နတ်ဘုရားနယ်မြေအား ခြိမ်းခြောက်နိုင်စွမ်း ရှိသည့်

တော်ဝင်မိစ္ဆာ မျိုးနွယ်စု တစ်ခုဖြစ်ကာ
မိစ္ဆာမျိုးနွယ်စုများ၏ နောက်ဆုံး တော်ဝင်မိစ္ဆာ
ကေရာဇ်၏ မျိုးနွယ်များ ဖြစ်ကြသည်။

ဟေးဒီးစ်ကေရာဇ်၏ လွှမ်းမိုးမှုသည်
ယနေ့တိုင်အောင်ပင် မလွင့်ပြယ်သေးပဲ
ဟေးဒီးစ်မျိုးနွယ်စုတို့၏ စွမ်းအားများသည်
ယခင်ကလောက် မကြီးမားတော့ကာ လက်ရှိ
ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ဗီပရာလိုပါ အဆင့်မှ
ထိပ်သီးမိစ္ဆာ တစ်ကောင်ဖြစ်သော
ခုန်းယွမ်ဟေးဒီးစ်ကို ဆုံးရှုံးခဲ့ရသော်လည်း
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ
အသန်မာဆုံး မိစ္ဆာမျိုးနွယ်စုတစ်ခု
ဖြစ်နေသေးသည်။

အခြားတစ်ဘက်တွင် သူတို့သည် နှစ်ထောင်ပေါင်းများစွာ ပုန်းကွယ်နေပြီးမှ မဟာကမ္ဘာအတွင်းသို့ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ပြန်လာခဲ့ခြင်းသည် အားလုံးတို့၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

လျှိုကြီးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် လွတ်လပ်စွာ လှုပ်ရှား သွားလာနိုင်ခြင်းကပင် ထူးခြားသော အရာတစ်ခု ဖြစ်နေပေပြီ။ ထို့အပြင် လျှိုကြီးသည် လင်းဖုန်း၏ လမ်းညွှန်မှုများကိုပင် မကြာခဏ ရယူနိုင်ခဲ့သည်ဟူသော အစောပိုင်းက ကောလဟာလ ထွက်လာခဲ့သေးသည်။

ယခုအချိန်တွင် လင်းဖုန်းသည်
ဤကောလဟာလကို မှန်ကန်သည်ဟု
အတည်ပြုပေးခဲ့ရုံသာ မက
ကောလဟာလများထက်ပင် ပို၍ ဆိုးနေသေးသည်။

မိစ္ဆာတစ်ကောင် ဖြစ်သော ဟောဒီးစ်သားရဲ
တစ်ကောင်သည် နတ်ဘုရားနယ်မြေ အတွင်းမှ
လူသားကျင့်ကြံမှု ကမ္ဘာအတွင်း၌
အသန်မာဆုံးဂိုဏ်းဖြစ်သော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏
လက်ရင်းတပည့် ဖြစ်သွားခဲ့လေပြီ။

အားလုံးတို့သည် ချက်ချင်းပင်
ဆွံ့အသွားကြလေသည်။

အစောပိုင်းတွင် နတ်ဘုရားနယ်မြေ အတွင်းမှ လူသားဂိုဏ်းအချို့သည် မိစ္ဆာမျိုးနွယ်စုများကို တပည့်အဖြစ် လက်ခံခဲ့ဖူးသည်။ သို့သော်လည်း ထိုအဖြစ်များသည် ယခင်ခေတ်များမှ ဖြစ်ကြသည်။

ယနေ့ခေတ်တွင် အတိတ်က ထိုအဖြစ်အပျက်များသည် ထိုဂိုဏ်းများ၏ သမိုင်းအတွင်းတွင် တစ်ခါမှ ပြန်မဖော်ခဲ့သော အရှက်ရစရာ ကိစ္စများ ဖြစ်နေခဲ့သည်။ ထို့အပြင် တပည့်များအဖြစ် လက်ခံခဲ့သော ထိုမိစ္ဆာမျိုးနွယ်စုများသည် လျှို့ကြီးလာခဲ့သော မျိုးနွယ်စုကဲ့သို့သော အထိမခံသည့် အရာတစ်ခု မဟုတ်ခဲ့ချေ။

တောက်ယုတင်း ထွက်ခွာသွားပြီးနောက်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်းက ထပ်မြည်လာခဲ့သဖြင့် အားလုံးတို့သည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အားလုံးတို့ကို ကြေညာရန် အရေးကြီးသည့် ကိစ္စတစ်ခု ရှိမှန်းကို သိခဲ့ကြသည်။ ဤအရာသည် တောက်ယုတင်းက အင်မော်တယ် ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ခြင်းထက်ပင် ပို၍ အံ့အားသင့်စရာကောင်းသည့် အရာတစ်ခု ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဤသတင်းသည် ဤမျှအထိ အံ့သြ တုန်လှုပ်ဖွယ်ရာ ကောင်းလိမ့်မည်ဟု တစ်ယောက်ကမှ မမျှော်လင့်ထားကြပေ။ ထိုအရာသည် လူအားလုံးတို့အား သူတို့၏

ခေါင်းများကို အုတ်ခဲဖြင့် အပေါက်ခံခဲ့ရသကဲ့သို့
တောက်ယုတင်း၏ အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်ခဲ့သည့် သတင်းထက်ပင် ပို၍
စိတ်လှုပ်ရှား တုန်လှုပ်စေခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ
မိစ္ဆာများကပင် ထိုသတင်းအား ရရှိခဲ့သောအခါ
အလွန်အမင်း ထိတ်လန့် တုန်လှုပ်သွားကြကာ
ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

အားလုံးတို့သည် သူတို့၏ အာရုံများကို
ယုကျင်းတောင် အပေါ်တွင် အာရုံစိုက်ထားခဲ့သည်။

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည် ဤကဲ့သို့ သာမန်သာ ပြောခဲ့လိမ့်မည်ဟု တစ်ယောက်ကမှ မမျှော်လင့်ထားကြပေ။ "ဒီလိုမျိုး ကိစ္စလေး တစ်ခုဟာ အားလုံးတို့ကို ထိတ်လန့် တုန်လှုပ်စေခဲ့တာကို တောင်းပန်ပါတယ်... ခင်ဗျားတို့ အားလုံးဟာ ဒီကြေညာမှုကို မြင်တွေ့ခဲ့ရတာဟာ ဂုဏ်ယူစရာ တစ်ခုပါ"

ပြီးတာနှင့် ခွန်းလွန်တောင် အပေါ်မှ အလင်းတန်း ပုံရိပ်ယောင်သည် ဖြည်းဖြည်းချင်း မှေးမှိန်သွားခဲ့လေသည်။

ဤပုံရိပ်အား ကြည့်နေကြသော သူများကလည်း ထပ်ဖန်တစ်ခါ အံ့အားသင့်သွားရပြန်သည်။ ဤအရာသည် ဤကဲ့သို့ပင် ပြီးသွားသည်လော။

သူတို့သည် လင်းဖုန်းက အသေးစိတ် ရှင်းပြမည်ကို စောင့်ဆိုင်းနေကြဆဲ ရှိသေးသည်။ သူတို့၏ ရင်အတွင်းတွင် မရေမတွက်နိုင်သော သံသယများ ရှိနေကြ၏။ သူတို့သည် လျှိုကြီးဟေးဒီးစ်၏ နောက်ခံနှင့် သူ့အား အဘယ်ကြောင့် တပည့်အဖြစ် လက်ခံသည်ကို သိလိုနေကြသည်။

မိစ္ဆာ မျိုးနွယ်စုများသာ မကပဲ လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းမှ ဂိုဏ်းအသီးသီးကလည်း ဤကိစ္စနှင့် ပတ်သတ်၍ အံ့အားသင့်နေပြီး မေးခွန်းများစွာ ရှိနေကြသည်။ လင်းဖုန်း အနေဖြင့်လည်း အသေးစိတ်ကို ရှင်းပြလိုသည့် ရည်ရွယ်ချက် မရှိပဲ သူတို့အား ဤသတင်းကို အကြောင်းကြားရုံ သက်သက်ဟူသည်မှာ သိသာနေသည်။

အချို့သူများသည် လှိုကြီးက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့
အကြားမှ တိုက်ပွဲနှင့် ပတ်သတ်နေရမည်ဟု
ယူဆနေကြကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
အခိုင်အမာ ထုတ်ဖော်ပြောကြားရန်
တောင်းဆိုခဲ့ကြသည်။

အချို့မှာမူ လင်းဖုန်းက လှိုကြီးအား သူ၏
လက်ရင်းတပည့် အဖြစ် လက်ခံခဲ့သည်ကို မယုံနိုင်
ဖြစ်နေကြပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
တိုက်ရိုက် မမေးရဲခဲ့သော်လည်း
အရိပ်အမြွက်အားဖြင့် ကန့်ကွက်ခဲ့ကြသည်။

သို့သော်လည်း သူတို့၏ ထင်မြင်ယူဆချက်နှင့် ရည်ရွယ်မှုများက မည်သို့ပင် ဖြစ်စေ သူတို့က ခွန်းလွန်တောင်သို့ ရောက်သွားကြသော အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အား နွေးထွေးစွာဖြင့် ကြိုဆိုခဲ့ကြသော်လည်း သူတို့၏ မေးခွန်းများကို မဖြေခဲ့ပဲ ဆိတ်ဆိတ်သာ နေခဲ့ကြသည်။

သူတို့ကလည်း အစပိုင်းတွင် အံ့သြနေကြသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဂိုဏ်းသူ ဂိုဏ်းသားများသည် သဘောထား တူညီစွာဖြင့် ဤကိစ္စနှင့် ပတ်သတ်သော ပြင်ပကမ္ဘာမှ မေးခွန်းများကို တစ်လေသံတည်း ပြန်ဖြေခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သဘောထားသည့်
ဤကိစ္စက လွန်ခဲ့သော နှစ်များက လီယွမ်ဖန်းနှင့်
လော်ချင်းဝူတို့က ဂိုဏ်းအတွင်းသို့
ဝင်ရောက်ခဲ့သည်နှင့် အတူတူပင် ဖြစ်သည်။
ဘာမှပို၍ ထူးခြားသော အကြောင်းကိစ္စများ မရှိချေ။

"ဒါပေမဲ့ လျှိုကြီးဟောဒီးစ်က မိစ္ဆာတစ်ကောင်
ဖြစ်တယ်... ပြီးတော့ သူဟာ
ဟောဒီးစ်မျိုးနွယ်စုက..."

တန်ကျွင်းသည် မေးခွန်းထုတ်နေသော
ညှော့သည်အား ငြိမ်သက်စွာဖြင့် ကြည့်နေရင်း
တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ကျုပ်ရဲ့
ဆရာဘိုးဘိုးဟာ မဟာလမ်းစဉ်ရဲ့ လျှို့ဝှက်
ဆန်းကြယ်မှုတွေကို ဖြေရှင်းနိုင်ခဲ့ပြီး ဖန်ဆင်းခြင်း

စွမ်းအားတွေကို အဆုံးစွန်အထိ ထုတ်ဖော်နိုင်ခဲ့ပြီ…
မိစ္ဆာတွေကို သင်ကြားပေးနိုင်ခြင်းကလည်း
သူ့အတွက် ဘာမှ မခက်ခဲဘူး"

သူ၏ညှော့သည်သည် ပါးစပ်အပေါင်းသား
ဖြစ်သွားကာ ဖျစ်ညှစ်၍သာ ပြုံးနိုင်ခဲ့သည်။ သူက
ဤမေးခွန်းများကို မေးရခြင်းသည် လင်းဖုန်းက
တပည့်တစ်ယောက်ကို မှားယွင်းပြီး
လက်ခံမိသည်ကို စိုးရိမ်၍ မေးနေခြင်း
မဟုတ်ကြောင်းကို တန်ကျွင်းက ကောင်းစွာ
သိနေပေမည်။ သို့သော်လည်း တန်ကျွင်း၏
အဖြေသည် သူ့အား နောက်ထပ်
ထပ်မေး၍မရအောင် ဖြစ်စေခဲ့သည်။

အခြားတစ်ဘက်တွင် ကောင်းကင်ဘုံကျောင်း အတွင်း၌ ယန်တီသည် ပြုံး၍ သူ၏ညှော့သည်ကို ပြန်ပို့ပေးနေခဲ့သည်။ "ဂိုဏ်းတူဦးလေး လှျိုကြီးက ဆရာဘိုးဘိုး လင်းဖုန်းအောက်မှာ သင်ယူခဲ့ခြင်းဟာ ဟေးဒီးစ် မျိုးနွယ်စုနဲ့ ဘာမှ မဆိုင်ပဲ ကျုပ်တို့ဂိုဏ်းရဲ့ ဟေးဒီးစ် မျိုးနွယ်စု အပေါ်က သဘောထားကို အကျိုးသက်ရောက်ခြင်း မရှိပါဘူး"

သူ၏ညှော့သည်က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကျုပ်တို့က ဒီလှျိုကြီးဟေးဒီးစ်… ကျုပ်တို့ရဲ့ မိတ်ဆွေလှျိုကြီးကို အသုံးချပြီးမှ ဟေးဒီးစ် မျိုးနွယ်စုကို လိုက်ရှာနိုင်မလား မသိ…"

ယန်တီကပြုံး၍ သူ၏ခေါင်းကို ခါလိုက်သည်။ "သူ့ရဲ့နာမည်ကို ကျောက်စိမ်းပြား အပေါ်မှ

ခတ်နိုပ်အပြီးမှာ ဂိုဏ်းတူဦးလေး လျှိုကြီးဟာ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
သားတော်တစ်ယောက် ဖြစ်သွားပြီ"

သူ၏ညွှေ့သည်သည် ပါးစပ်အဟောင်းသား
ဖြစ်သွားကာ အသံတစ်စက်မှ ထွက်မလာတော့ပေ။
သူ၏ စကားများကို ပြန်၍ မျိုချလိုက်ပြီး
အရှုံးပေးသည့် အနေဖြင့်သာ လုပ်ပြုံးတစ်ခုကို
ပြုံးလိုက်သည်။

ဤကဲ့သို့သော မြင်ကွင်းများကို သစ်တောဗိမာန်၊
မြေရိုင်းလျှိုမြောင်၊ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းနှင့်
အခြား ဗိမာန်များတွင်လည်း မြင်တွေ့နိုင်ပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ လာ၍
စနည်းနာသော လူတိုင်းသည် ယုကျင်းတောင်နှင့်
ခွန်းလွန်တောင်တို့မှ ထွက်ခွာလာခဲ့ကြသည်။
သူတို့သည် အချင်းချင်း ကြည့်နေကြပြီး
စကားတစ်လုံးမှ မပြောခဲ့ပဲ ခါးသီးသော
အပြုံးများကိုသာ ဖလှယ်နိုင်ခဲ့ကြသည်။

သဘောတရား အရ တစ်စုံတစ်ယောက်က
တပည့်တစ်ယောက်ကို လက်ခံခြင်းသည်
ထိုဆရာတပည့် နှစ်ဦးသားတို့ အကြားမှ
ကိစ္စသက်သက်သာ ဖြစ်သည်။ ပြင်ပလူများက ဝင်၍
စွက်ဖက်ရန် အခွင့်အရေး မရှိပေ။

သို့သော်လည်း လင်းဖုန်း၏ လက်ရှိ ဂုဏ်သိက္ခာနှင့်
အဆင့်အတန်း အရ လူအားလုံးတို့၏ အာရုံကို

ဆွဲဆောင်နိုင်ပေသည်။ ထို့အပြင် လျှိုကြီး၏
ဟေးဒီးစ်တစ်ကောင် ဟူသော ကိစ္စသည်
ဤအခြေအနေကို ပို၍ ရှုပ်ထွေးစေပြီး
နတ်ဘုရားနယ်မြေ အတွင်းမှ
လူသားကျင့်ကြံသူများသည် ဘာမှ မတတ်နိုင်ပဲ
သူတို့၏ သံသယများကို ဖွင့်ဟခဲ့ကြရသည်။

သို့သော်လည်း လင်းဖုန်းအနေဖြင့် အခြားသူများ၏
အထင်အမြင်များကို ဂရုမစိုက်ခဲ့ရာ မည်သူက
သူ့အား ဟန့်တားနိုင်မည်နည်း။

ဖွင့်မပြောခဲ့သော်လည်း လင်းဖုန်း၏
ရပ်တည်ချက်သည် ယခင်ကထက် ပို၍
ပြတ်သားနေခဲ့သည်။ ငါက သူ့ကို ငါ့တပည့်အဖြစ်
လက်ခံတာက လက်ခံချင်လို့ လက်ခံတာပဲ။

သို့သော်လည်း ဤကဲ့သို့ ရပ်တည်မှုသည် အခြားသူ
များစွာတို့အား ညှဥ်းပန်းသကဲ့သို့ ဖြစ်နေခဲ့သည်။

လှျိုကြီးသည် သူ၏မျက်နှာအား အစကတည်းက
မဖော်ပြခဲ့သော်လည်း သူ၏နာမည်သည်
ကမ္ဘာအစွန်းတိုင်အောင် ပျံ့နှံ့သွားခဲ့သည်။
အားလုံးတို့သည် လှျိုကြီးဆိုသူက
မည်ကဲ့သို့သောသူမျိုး ဖြစ်သည်ကို
သိလိုနေကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင်လည်း
မိစ္ဆာမျိုးနွယ်စုများ အကြား၌ ရုတ်ရုတ်သဲသဲ
ဖြစ်နေကြသည်။ အချို့သူများသည် ဟေးဒီးစ်

မျိုးနွယ်စုများအား စူးစမ်းရန် ကြိုးစားခဲ့သော်လည်း လက်ဗလာနှင့်သာ ပြန်ခဲ့ကြရသည်။

ဟေးဒီးစ်မျိုးနွယ်စုများ၏ နှုတ်ဆိတ်နေခြင်းသည် အရေးကြီးသော သတင်းတစ်ခုကို ဖော်ပြနိုင်ခဲ့သည်။ သူတို့သည် ဤဖြစ်ရပ်ကြောင့် အရှက်ရ၍ မကျေမနပ် ဖြစ်နေကြသော်လည်း အံ့အားမသင့်နေကြပဲ အစောကတည်းက မျှော်လင့်ပြီးသားကဲ့သို့ ဖြစ်နေကြသည်။ ဤအရာသည် အခြား မျိုးနွယ်စုများ အကြားတွင် ထင်မြင်ယူဆချက် များစွာတို့ကို ဖြစ်ပေါ်လာစေခဲ့သည်။

"စီနီယာ... လျှိုကြီးဟေးဒီးစ်ဟာ တကယ်ပဲ ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်ရဲ့ သားဖြစ်သလား...

သူက ဝိညာဥ်ပင်လယ် အပေါ်မှာတောင် အကျိုးသက်ရောက်မှု ရှိနိုင်တာလား" စီးရီးယပ် မဟာပဏ္ဍိတသည် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတအား အသံတိုးတိုးဖြင့် မေးလိုက်သည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် စီးရီးယပ် မဟာပဏ္ဍိတဘက်သို့ လှည့်ကြည့်လိုက်သည်။ သူကလည်း ဟေးဒီးစ်ကေရီ လက်ခံခဲ့သော တပည့်တစ်ယောက် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်က သူသည် ဟေးဒီးစ်ကေရီ ကံအားလျော်စွာ ကယ်တင်ခဲ့သော ကူရာမဲ့နေသည့် ဝံပုလွေ ပေါက်စတစ်ကောင်သာ ဖြစ်ခဲ့သည်။

သူသည် ဟေးဒီးစ်မျိုးနွယ်စု အတွင်းသို့ ဝင်ရောက်ပြီး မကြာမီတွင် ဟေးဒီးစ်ကေရီ

ကျဆုံးသွားခဲ့၍ မိုယွင်ကျိုက သူ့အား ပြုစု
စောင့်ရှောက်ခဲ့ပြီး မိစ္ဆာ နည်းစနစ်များကို
သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

စီးရီးယပ် မဟာပဏ္ဍိတသည် ဟေးဒီးစ်ကေရီက
မည်သူဖြစ်သည်ကို မသိပဲ ကျန်သော အရာများကို
ပို၍ မသိနေချေ။ ထိုအချိန်က မိုယွင်ကျိုသည်
အနီးနှင့် အနက်ကမ္ဘာ အတွင်းတွင် ရှုံးနိမ့်ခဲ့ကာ
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည်
မိုယွင်ကျို၏ မှတ်ဉာဏ်များကို ဆုံးရှုံးခဲ့ရသည်။

ပြီးတာနှင့် သူသည် စီးရီးယပ် မဟာပဏ္ဍိတနှင့်
ပြန်လည် ဆုံစည်းခဲ့ကာ သူမ မှတ်ဉာဏ်
ဆုံးရှုံးခဲ့ရသည်ကို မပြောပြပဲ သူ့အား ယဥ်ပါးအောင်
မွေးမြူထားခဲ့ခြင်း ဖြစ်သည်။

စီးရီးယပ် မဟာပဏ္ဍိတကလည်း မိုယွင်ကျို၏ အတိတ်မှ ဖြစ်ရပ်များကို မသိခဲ့ချေ။ သို့ဖြစ်၍ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကလည်း သူမ၏ အားနည်းချက်များကို ဖုံးကွယ်ထားနိုင်ခဲ့ကာ သူမအတိတ်မှ အမှန်တရားများကို မေးမြန်းခြင်းမှ ကာကွယ်ထားနိုင်ခဲ့သည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမအတိတ်မှ မှတ်ဉာဏ်များကို ပြန်လည် ရရှိခဲ့သော်လည်း သူမ၏ အမူအရာများမှာ မပြောင်းလဲခဲ့ပေ။ သူမသည် အမြဲတမ်းပင် လျှို့ဝှက်ချက် များစွာတို့ကို သယ်ဆောင်ထားသော ထူးခြားဆန်းကြယ်သည့် သူတစ်ယောက် ဖြစ်နေခဲ့သည်။

ထို့ကြောင့် သူမ၏ အမူအရာများသည် စီးရီးယပ် မဟာပဏ္ဍိတ သို့မဟုတ် သူမ၏ ထိန်းချုပ်မှုအောက်မှ အခြားမိစ္ဆာများအတွက် တမူထူးခြားမနေခဲ့ပေ။

"ဟုတ်တယ်... လင်းဖုန်းက လက်ရင်းတပည့်အဖြစ် လက်ခံခဲ့တဲ့ လျှိုကြီးဟေးဒီးစ်ဟာ သာမန် ဟေးဒီးစ်သားရဲ တစ်ကောင် မဟုတ်ဘူး... သူက အရင်ဟေးဒီးစ် ဧကရာဇ် ထျန်းဟိုင်ရဲ့ သားဖြစ်ပြီး သူ့ရဲ့ တည်ရှိနေမှုဟာ နှစ်ထောင်ပေါင်းများစွာ ချိပ်ပိတ်ထားတဲ့ ဝိညာဉ်ပင်လယ်ကို ပြန်ပွင့်စေကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ကို ဝင်ရောက်နိုင်စေခဲ့တယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ဖွဖွလေး ဆက်ပြောလိုက်သည်။ "အဲ့ဒီအချိန်က ယုကျင်းတောင်ဟာ ရုတ်တရက် သူ့ကိုယ်သူ ဖော်ပြခဲ့ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အချိန်အတန်ကြာ ပြန်မလာနိုင်ခဲ့ဘူး... ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အကြီးအကဲ များစွာတို့ကလည်း ထူးခြားဆန်းကြယ်စွာနဲ့ ပျောက်ဆုံးသွားကြတယ်"

"ပြန်စဥ်းစားကြည့်ရင် ဒီအဖြစ်အပျက်ဟာ ဝိညာဥ်ပင်လယ် ပြန်လည် ဖွင့်လှစ်ခြင်းနဲ့ ဆက်စပ်နေရမယ်"

"ဝိညာဥ်ပင်လယ်က အခုအချိန်မှာ ချိပ်ပိတ်နေဆဲ ဖြစ်ပေမဲ့ သူက တစ်နေ့မှာ ပြန်ပွင့်လာလိမ့်မယ်...

ငါက သူပြန်ပွင့်မယ့် အချိန်ကို မသေချာနေပေမဲ့ သိပ်ပြီးမှ မကြာတော့ဘူး… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့အပြင် ဟောဒီးစ်မျိုးနွယ်စုကလည်း ဝင်ရောက်နိုင်ဖို့ တူညီတဲ့ အခွင့်အရေး ရှိနေတယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ အကြည့်မှာ လင်းလက်လာခဲ့သည်။ "အခုအချိန်မှာ ငါတို့ကလည်း သူတို့နဲ့အတူ ယှဉ်ပြိုင်နိုင်တော့မယ်"

စီးရီးယပ် မဟာပဏ္ဍိတက အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ဟောဒီးစ် ဧကရာဇ်ရဲ့သားက လင်းဖုန်းရဲ့တပည့် ဖြစ်သွားခဲ့ခြင်းဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟောဒီးစ် မျိုးနွယ်စုတို့

အကြားက လျှို့ဝှက် သဘောတူညီချက်
တစ်ခုကြောင့် ဖြစ်နိုင်သလား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
သူမ၏ခေါင်းကို ခါလိုက်သည်။
"မဟုတ်လောက်ဘူး"

သူမသည် စီးရီးယပ် မဟာပဏ္ဍိတဘက်သို့
ပြန်လှည့်လိုက်၏။ "ဒါပေမဲ့ ဒီသတင်း ပျံ့သွားတာနဲ့
တခြားသူတွေဟာ မင်းလိုမျိုး သံသယတွေ
ဝင်လာလိမ့်မယ်… ငါတို့ဟာ အရင်တုံးက
သတင်းဖြန့်ခဲ့တုံးက လွန်လွန်ကျူးကျူး မဖြစ်အောင်
ထိန်းသိမ်းထားခဲ့တယ်"

"ဒါပေမဲ့ အခု ကြည့်ရတာက လျှိုကြီးဟေးဒီးစ်နဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်တို့ရဲ့ ဆက်ဆံရေးဟာ ငါတို့ ထင်ထားတာထက် အများကြီးပိုပြီး နီးကပ်နေတယ်... ဒီလိုဆိုတော့ ငါတို့က နတ်ဘုရားနယ်မြေက အခြေအနေတွေကို ပိုပြီးမှ ထကြွ လှုပ်ရှားလာအောင် ဂုဏ်ပြုလက်ဆောင်လေး တစ်ခု ပေးမှရမယ်"

စီးရီးယပ် မဟာပဏ္ဍိတက ခေါင်းညိတ်လိုက်သည်။ "ကျွန်တော်က ဒီသတင်း မြန်မြန်ပျံ့သွားအောင် လုပ်လိုက်ပါမယ်"

## စာစဥ် ၆၉ : အပိုင်း ၁၈

# အပိုင်း ၁၃၄၈ : ထူးဆန်းစွာဖြင့် ငြိမ်သက်နေသော ဟင်းလင်းပြင် ဘုရားကျောင်း

စီးရီးယပ် မဟာပဏ္ဍိတ ထွက်သွားအပြီးတွင် အဖြူရောင် ဝတ်စုံနှင့် မိန်းကလေး တစ်ယောက် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ အရှေ့တွင် ပေါ်လာခဲ့သည်။ ထိုသူသည် သူမ၏ တပည့်ဖြစ်သော လုံရဲ့ပင် ဖြစ်သည်။

လုံရဲ့သည် သူမဆရာ၏ အရှေ့သို့ ရောက်လာသော အခါ သူမ၏ ထူထဲလှသော မျက်ခုံးများကို ပင့်၍ မေးလိုက်သည်။ "ဆရာ... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က လျှိုကြီးဟာ ပေးဒီးစ်ကေရာဇ် ထျန်းဟိုင်ရဲ့ သားဆိုတာကို သိသလား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏
မျက်လုံးများသည် သူမ၏ မေးခွန်းအား
ကြားခဲ့ရသော အခါ အရောင်တောက်သွားခဲ့သည်။
"သိကောင်း သိနိုင်တယ်"

လုံရဲ့က ဆက်မေးလိုက်သည်။ "ဒါတောင်မှ သူဟာ
လျှိုကြီးဟေးဒီးစ်ကို သူ့ရဲ့ လက်ရင်းတပည့် အဖြစ်
လက်ခံခဲ့သေးတယ်... သူက အလောတကြီး
လုပ်ခဲ့တာလား... ဒါမှမဟုတ် ဘာမှကို
ဂရုမစိုက်တာလား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ပြုံးလိုက်သည်။ "ဒါက အရေးမကြီးဘူး...

အရေးကြီးတာက တခြားလူတွေက ဒီကိစ္စကို ဘယ်လို ဖြေရှင်းမလဲ ဆိုတာပဲ"

"နတ်ဘုရားနယ်မြေရဲ့ လက်ရှိ အခြေအနေအရ အခုပြီးသွားတဲ့ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲဟာ ထိပ်သီးဂိုဏ်း နှစ်ဂိုဏ်းဖြစ်ကြတဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ မျှခြေကို ပျက်သွားစေတယ်" လုံရဲ့က ပြောလိုက်သည်။

"လက်ရှိအချိန်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အင်အား ကြီးမားလာပြီး ဟင်းလင်းပြင် ဘုရားကျောင်းက အတော်လေး အားနည်းသွားခဲ့တယ်... ဟင်းလင်းပြင် ဘုရားကျောင်း အနေနဲ့ စွမ်းအား မျှခြေတွေကို

ပြန်ပြီးမှ ပြောင်းပြန်လှန်နိုင်ဖို့က နတ်ဘုရားနယ်မြေ အတွင်းက တခြားဂိုဏ်းတွေကို သူတို့ဘက်ကို ဆွဲဆောင်နိုင်မှ ရမယ်"

"ဒါပေမဲ့ နတ်ဘုရားနယ်မြေ အတွင်းက ကျင့်ကြံသူတွေ အများစုဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာမိတ်တွေ ဖြစ်နေကြပြီး ဒါက ဒီမျှခြေကို ပိုပြီးမှ တစ်ဘက်စောင်းနင်း ဖြစ်သွားစေတယ်"

"တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နမော်နမဲ့ မလုပ်ခဲ့ရင် ဒါမှမဟုတ် မမျှော်လင့်တဲ့ ပြောင်းလဲမှုတွေ ဖြစ်မလာခဲ့ရင် ဟင်းလင်းပြင် ဘုရားကျောင်းက အန္တိမ ကောင်းကင်ကြေးမုံ အပြည့်အဝ ပြန်လည် ကောင်းမွန်လာရင်တောင်မှ

အရင်က ဂုဏ်ကျက်သရေတွေကို ပြန်ရနိုင်ဖို့ မလွယ်ဘူး"

လုံရဲ့က ဘေးသို့ ကြည့်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ခေါင်းမာမာနဲ့ လျှိုကြီးဟေးဒီးစ်ကို သူ့တပည့်အဖြစ်နဲ့ လက်ခံပြီး ဒီသတင်းကိုလည်း ကမ္ဘာတစ်ခုလုံးကို ကြေညာခဲ့တယ်... တခြား လူသားအင်အားစုတွေက ဘယ်လို စဉ်းစားကြမလဲ ဆိုတာကို ခန့်မှန်းဖို့ခက်တယ်"

"ဟင်းလင်းပြင် ဘုရားကျောင်းက ပြန်လည် တုံ့ပြန်နိုင်ဖို့ အခွင့်အရေး ရှိနိုင်တယ်... တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ ဟေးဒီးစ် မျိုးနွယ်စုတို့ အကြားမှာ လျှို့ဝှက်

ဆက်သွယ်ပြီး ပူးပေါင်း ကြံစည်မှုတွေ မရှိဘူးလို့ သက်သေပြနိုင်မှသာ သူ့ရဲ့ အပြစ်ကင်းမှုကို သက်သေခံနိုင်လိမ့်မယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ လက်များအား နောက်ကျောတွင် ပစ်ထား၍ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ဒါဆိုရင်လည်း အခုအချိန်မှာ ပုံရိပ်ယောင်နေမင်း ဟောဒီးစ်က ဘယ်လိုလုပ်ဖို့ ရွေးချယ်မလဲ ဆိုတာကို စောင့်ကြည့်ကြတာပေါ့"

လုံရဲ့က သူမ၏ ဆရာအား ကြည့်လိုက်သည်။ "ဆရာ ဆိုလိုတာက တကယ်လို့ ဟောဒီးစ် မျိုးနွယ်စုတွေက ဒီကောလဟာလ အတိုင်း သူတို့က ပူးပေါင်း ကြံစည်တယ်လို့ ဝန်ခံလိုက်ရင်

နတ်ဘုရားနယ်မြေက လူသား ကျင့်ကြံသူတွေက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို သံသယ ဝင်လာနိုင်တာပေါ့"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ပြန်ပြောလိုက်သည်။ "ပြီးခဲ့တဲ့ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရယ်၊ လင်းဖုန်းနဲ့ သူ့ရဲ့ ကောင်းကင်ဖျက်ဆီး ဓားတို့ဟာ မိစ္ဆာ မျိုးနွယ်စုတွေကို နှိမ်နင်းခဲ့ပြီး လူသားတွေကို အောင်ပွဲရအောင် လုပ်ပေးနိုင်ခဲ့တယ်... စစ်ပွဲအပြီးမှာ လူသား ကျင့်ကြံမှု ကမ္ဘာက ငါတို့ကို ကြီးကြီးမားမား အသာစီးရသွားနိုင်ခဲ့တယ်"

"ဒီလိုမျိုး အခြေအနေ အောက်မှာ တကယ်လို့ မဟာလွင်တီးခေါင် ကုန်းမြေက အင်အား တိုးတက်ပြီး ပြန်လာနိုင်ဖို့ ဆိုရင် ငါတို့ရဲ့ ရန်သူတွေကို အားနည်းအောင် အရင်လုပ်ရမယ်"

"တကယ်လို့ နတ်ဘုရားနယ်မြေ အတွင်းမှာ ပဋိပက္ခတွေ ဖြစ်လာပြီး အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ တခြားလူသား မျိုးနွယ်စုတွေနဲ့ တိုက်ခိုက်ခဲ့ရင် ငါတို့လိုချင်တဲ့အတိုင်း ဖြစ်လာလိမ့်မယ်"

"ဒါက ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်က သူ့ရဲ့ အမျက်တွေကို ထိန်းထားနိုင်မလား ဆိုတာအပေါ်မှာပဲ မူတည်တယ်… ဘာပဲပြောပြော ဟေးဒီးစ်ကေရာဇ်ရဲ့ သားက ပြိုင်ဘက်ရဲ့

ဂိုဏ်းအတွင်းကို ဝင်သွားတာက
ဟေးဒီးစ်မျိုးနွယ်စုအတွက် အမတန်မှ အရှက်ရစရာ
ကိစ္စတစ်ခု ဖြစ်တယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ ရှင်းပြမှုကို
နားထောင်ပြီးသွားသော အခါ လုံရဲ့၏
စိတ်အတွင်းတွင် အတွေးတစ်ခု ပေါ်လာသည်။
"ကျွန်မက ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ရဲ့
အကြောင်းကို ကောင်းကောင်း မသိတဲ့အတွက်
မနှစ်မြို့ဖွယ်ရာ မှတ်ချက်ကို မချလိုနေဘူး"

"ဒါပေမဲ့ ပြီးခဲ့တဲ့ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ
သူ့ကို ကြည့်ရတာ မောက်မာတဲ့ပုံ ပေါက်နေပေမဲ့
နဂါးမျိုးနွယ်စုနဲ့ မတူပဲ လက်တွေ့ဆန်တဲ့ ဝါဒကို
ကျင့်သုံးတဲ့ပုံ ပေါ်တယ်… လျှိုကြီးဟေးဒီးစ်က

သူတို့ကို သစ္စာဖောက်ပြီး အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းကို ဝင်သွားတဲ့အတွက်
သူတို့ဟာ အရှက်ရသွားခဲ့တယ်"

"ဒါပေမဲ့ သူတို့ဟာ လျှို့ကြီးကို မသုတ်သင်နိုင်ခဲ့တဲ့
အတွက် သူ့ကို အသုံးချပြီး သူတို့ရဲ့ ဆုံးရှုံးမှုကို
နည်းလမ်း တစ်မျိုးမျိုးနဲ့ ကာမိအောင်
လုပ်ဆောင်မှာပဲ"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ပြန်ပြောလိုက်သည်။ "ငါတို့က ဒီကိစ္စကို
လက်တွေ့ကျကျ ကြည့်မှရမယ်... ဝိညာဉ်ပင်လယ်
တိုက်ပွဲမှာပဲ ဖြစ်စေ ဒါမှမဟုတ် နောက်ထပ်
ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာပဲ ဖြစ်စေ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနဲ့ ပေါ့ဒီးစ် မျိုးနွယ်စုတို့ဟာ
နောက်ထပ် သူသေကိုယ်သေ တိုက်ခိုက်ကြဦးမှာပဲ"

"အဲ့ဒီအချိန်ကျရင် ကောလဟာလတွေ
အားလုံးတို့က သူ့ဘာသာသူ ဖြေရှင်းပြီးသား
ဖြစ်သွားလိမ့်မယ်... ဒါပေမဲ့ အဲ့ဒီအချိန် မတိုင်ခင်မှာ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ပေါ့ဒီးစ်မျိုးနွယ်စုတွေနဲ့ တိုက်ရိုက် မတိုက်ခိုက်ပဲနဲ့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ
သူ့အပေါ်က စွပ်စွဲမှုတွေကို ဖြေရှင်းဖို့
ခက်ခဲလိမ့်မယ်"

"သူ့ကို အချိန်ခဏလောက် အနှောင့်အယှက်
ပေးရတာဟာ ငါတို့အတွက် လုံလောက်တာထက်
ပိုနေပြီ... ဘာပဲပြောပြော ဟင်းလင်းပြင်

ဘုရားကျောင်းဟာ သူတို့ကို တိုက်ခိုက်ဖို့
လုံလောက်တဲ့ အကြောင်းရင်း တစ်ခုကို ရသွားခဲ့ပြီး
ငါတို့က တခြား မိစ္ဆာ မျိုးနွယ်စုတွေနဲ့ အတူ
ဘေးကနေပြီး ဇာတ်လမ်းကောင်းကို
ထိုင်ကြည့်နေရုံပဲ"

လုံရဲ့က ထူးခြားသော အပြုံးတစ်ခုကို
ပြုံးလိုက်သည်။ "လူသားကျင့်ကြံမှု ကမ္ဘာရဲ့ အတွင်း
ပဋိပက္ခ တစ်ခုဟာ ကျွန်မတို့ကို အလကား
အကျိုးအမြတ် ရစေလိမ့်မယ်... ဒါကြောင့်မို့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းတို့ဟာ သူတို့ကိုယ်သူတို့
ထိန်းသိမ်းထားကြတယ်"

"ဒါပေမဲ့ သူတို့ တစ်ဘက်ဟာ မိစ္ဆာ မျိုးနွယ်စုတွေနဲ့ ပူးပေါင်း ကြံစည်တယ်လို့ သံသယဖြစ်ဖွယ် ရှိလာတဲ့အခါ အခြေအနေက တစ်မျိုး ပြောင်းသွားနိုင်တယ်"

သူမက ရယ်ရမ်းသွေးလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က သူ့ရဲ့ အပြစ်ကင်းမှုကို ပြသဖို့အတွက် ဟေးဒီးစ် မျိုးနွယ်စုတွေကို တကယ်ပဲ စစ်ကြေညာမလား ဆိုတာကိုတော့ ကျွန်မက မသိဘူး"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကလည်း ရယ်လိုက်သည်။ "ဒါက ပုံရိပ်ယောင်နေမင်းက ဘယ်လို့ တုံ့ပြန်မလဲ ဆိုတာအပေါ်မှာ မူတည်နေတယ်… တကယ်လို့ ဟေးဒီးစ်

မျိုးနွယ်စုတွေက မီးတောင်ဖန်ကျောက်
လောကအတွင်းကို ပြန်ဝင်သွားရင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ တိကျတဲ့
သတင်း အချက်အလက်တွေ မရပဲနဲ့ သူတို့ကို
တိုက်ခိုက်မှာ မဟုတ်ဘူး"

"တကယ်လို့ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်က
လုံလောက်တဲ့ ဖဲချပ်တွေကို ပြင်ဆင်ထားနိုင်ခဲ့ရင်
သူက တိုက်ပွဲကို ရှောင်လွဲနေမှာ မဟုတ်ဘူး"

"သံသယ မျိုးစေ့တွေကို ကောင်းစွာ
ချထားပေးနိုင်ခဲ့ရင် သူတို့ဘာသာ သူတို့
ကြီးထွားလာလိမ့်မယ်"

သူမသည် တစ်ဘက်သို့လှည့်၍ လုံရဲ့အား ရယ်ရမ်းသွေးကာ ကြည့်လိုက်သည်။

"အခြားတစ်ဘက်မှာ တကယ်လို့ ဟေးဒီးစ် မျိုးနွယ်စုတွေဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ငြိမ်းချမ်းရေးဖွဲ့ပြီး ဟေးဒီးစ်ကေရာဇ်ရဲ့ သားကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို လိုလိုလားလားနဲ့  ပေးအပ်ခဲ့ရင် ဟေးဒီးစ်မျိုးနွယ်စုရဲ့ ဂုဏ်သိက္ခာက အကြီးအကျယ် ကျသွားလိမ့်မယ်"

"ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ သူသေကိုယ်သေ တိုက်ခိုက်ခဲ့ရင်လည်း မဆိုးပါဘူး… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ သန်မာပေမဲ့ ဟေးဒီးစ်မျိုးနွယ်စုတွေ တစ်ခုလုံးကို

အပြတ်ရှင်းချင်ရင် လွယ်လွယ်နဲ့တော့ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး"

"မူလနဂါး ဘုရင်ဟာ မဟူရာ ပင်လယ် အတွင်းကနေ မထွက်နိုင်တဲ့ အတွက် အမတန်မှ အမျက်ထွက်နေတယ်… တကယ်လို့ သူကသာ ဒီကိစ္စမှာ ဝင်ပါလာခဲ့ရင် ကမ္ဘာနှစ်ခု အကြားမှာ နောက်ထပ် စစ်ပွဲတစ်ခု ထပ်ပေါ်လာနိုင်တယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက သူမ၏ခေါင်းကို မော့၍ ဟင်းလင်းပြင် အတွင်းသို့ ကြည့်လိုက်သည်။ "ငါတို့အတွက်က မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးရဲ့ အခြေအနေ ဖြစ်ဖြစ်… ဝိညာဥ်ပင်လယ်က

အခြေအနေဖြစ်ဖြစ်…  ပိုပြီးမှ ရှုပ်ထွေးလာလေလေ ပိုကောင်းလေလေပဲ"

လုံရဲ့က သူမ၏ခေါင်းကို ညိတ်လိုက်သည်။ ခဏအကြာတွင် သူမသည် တစ်စုံတစ်ခုကို ရုတ်တရက် တွေးမိလိုက်ကာ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတအား မေးလိုက်သည်။ "ဆရာ… တကယ်လို့ ကျွန်မတို့က သတင်းဖြန့်လိုက်ရင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟေးဒီးစ်မျိုးနွယ်စုတို့က ကျွန်မတို့ အပေါ်မှာ အာရုံ မစိုက်လာနိုင်ဘူးလား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ပြုံးလိုက်သည်။ "ငြိမ်သက် တည်ငြိမ် လည်ပတ်နေသော ဝက်ပါနဲ့ ဆိုရင် အပြည့်အဝ

ပြုပြင်ပြီးသွားတဲ့ အန္တိမ
ကောင်းကင်ကြေးမုံကတောင် ငါတို့က
သိုသိုသိပ်သိပ် နေခဲ့ရင် ရှာတွေ့နိုင်မှာ မဟုတ်ဘူး"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
ဗုဒ္ဓဝါဒကို မကျင့်ကြံထားပေမဲ့ သူရဲ့
နည်းစနစ်တွေက အမတန်မှ ထူးခြားပြီး စကြာဝဠာ
စကျင်ဗုဒ္ဓကလွဲလို့ သူ့ရဲ့အဆင့်ကို ဘယ်သူကမှ
မမီနိုင်ဘူး... ဒါပေမဲ့ သူကလည်း ငါတို့ရဲ့ နေရာ
အတိအကျကို လွယ်လွယ်နဲ့ ရှာလို့ရမှာ မဟုတ်ဘူး"

"ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ဟာ ကြမ္မာပန်းတိုင်
ဒုတိယကပ်ဘေးကို တစ်ခါမက ရင်ဆိုင်ထားပြီး
ကြောက်မက်ဖွယ်ရာ နည်းစနစ်နဲ့
မိစ္ဆာစွမ်းအားတွေကို ပိုင်ဆိုင်ထားကာ ငါ့ရဲ့

စွမ်းရည်တွေက သူ့ရဲ့ အာရုံခံနိုင်စွမ်းရည်ကို မယှဉ်နိုင်ပေမဲ့ သူက လုံလောက်တဲ့ သဲလွန်စတွေ မရှိပဲ ငါတို့ကို ရှာတွေ့နိုင်မှာ မဟုတ်ဘူး... ဒါပေမဲ့ ငါတို့က သတိတော့ ထားမှရမယ်"

လုံရဲ့က ဖွဖွလေးပြုံး၍ ပြောလိုက်သည်။ "ဟုတ်ကဲ့... ဒါဆိုရင်တော့ ဆရာ့ကိုပဲ အားကိုးရတော့မှာပဲ"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ပြောလိုက်သည်။ "စီးရီးယပ်ကလည်း သူ့ကိုယ်သူ သိတယ်... သူကသာ သေချာ သတိထားပြီး လှုပ်ရှားရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ ဟေးဒီးစ်တွေက ငါတို့ကို

မရှာနိုင်ရင်တောင် သူ့ကို ခက်ခဲအောင်လုပ်မှာ မဟုတ်ဘူး"

"ကမ္ဘာပေါ်မှာ ဘယ်အရာက တန်ဖိုးမပေးဆပ်ပဲ ရနိုင်လို့လဲ... တကယ်လို့ ငါတို့က တစ်စုံတစ်ခုကို လိုချင်နေရင် လိုအပ်တဲ့ စွန့်စားမှုတွေကို ပြုလုပ်ရမယ်"

လုံရဲ့က ခေါင်းညိတ်လိုက်၏။ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ဆက်ပြောလိုက်သည်။ "မင်းကလည်း အေးအေးဆေးဆေး လေ့ကျင့်နေပါ... မင်းရဲ့ အစီအစဥ်တွေ အောင်မြင်ဖို့က မင်းရဲ့ စွမ်းရည်တွေ အပေါ်မှာ လုံး၀ မူတည်နေတယ်... မင်းရဲ့

ရည်ရွယ်ချက်တွေကို ဒီနည်းနဲ့သာ
ဆောင်ရွက်နိုင်လိမ့်မယ်"

"ဟုတ်ကဲ့ပါ... ဆရာ" လုံရဲ့က ဦးညွှတ်လိုက်ပြီး
ထွက်ခွာသွားသည်။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ထိုနေရာတွင် တစ်ယောက်တည်း ကျန်နေခဲ့၍
ဟင်းလင်းပြင် အတွင်းသို့ တွေတွေကြီး
ကြည့်နေခဲ့ကာ သူမ၏ မျက်လုံးများသည်
ရည်ရွယ်ချက် ကင်းမဲ့နေသည်။

"ဆရာ... ကျွန်မက ဟေးဒီးစ်သားရဲ မဟုတ်ပဲ
ကျွန်မရဲ့ ဘဝတစ်သက်တာလုံးကို

ကိုယ့်အတွက်ကိုယ် မကြည့်ပဲ ဘာဖြစ်လို့
သူတို့တာဝန်ကို ထမ်းရမှာလဲ... ကျွန်မက ဘဝ
တစ်သက်တာလုံး ကြီးမြတ်လိုနေခဲ့တယ်"

"နင်းဝမ်ကောဟာ သူမကိုယ်သူမ
လူသားတစ်ယောက် အဖြစ် သတ်မှတ်ပြီး အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို ကူညီလိုနေရင်လည်း ဒါက
သူမရဲ့ ကိစ္စပဲ... ကျွန်မကတော့ ကိုယ့်အတွက်ကိုယ်
တိုက်ခိုက်ရမှာပဲ"

လျှိုကြီးသည် လင်းဖုန်း၏ တပည့်အဖြစ်သို့
ရောက်သွားသည့် သတင်းသည် ယုကျင်းတောင်မှ
ခေါင်းလောင်းသံ သုံးဆယ့်ခြောက်ချက် အပြီးတွင်
တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့ကာ ကြီးကြီးမားမား
ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့သည်။

ပထမ လှိုင်းလုံးများက မသေသေးခင်တွင် နောက်ထပ် တစ်လှိုင်း ထပ်ပေါ်လာကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုလုံးအား နောက်ထပ် ကမ္ဘာကို လှုပ်ခါစေသော သတင်းတစ်ပုဒ်ဖြင့် ထကြွ လှုပ်ရှားစေခဲ့သည်။

ထိုသတင်းသည် လျှို့ကြီးဟေးဒီးစ်က ဟေးဒီးစ် မျိုးနွယ်စုမှ သာမန်မျိုးဆက် တစ်ယောက်မဟုတ်ပဲ ယခင် ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်၏ သားဖြစ်သည် ဟူသော သတင်းဖြစ်သည်။

ထိုစကားများ ပျံ့သွားသောအခါ တစ်ကမ္ဘာလုံး ပွက်ပွက်ညံသွားခဲ့သည်။ သာမန် ဟေးဒီးစ်သားရဲ တစ်ကောင်သည် သူ၏ သွေးမျိုးဆက် အားလုံးကို

ဖြတ်တောက်၍ သူ၏ မျိုးနွယ်စုအား
စွန့်လွှတ်နိုင်စွမ်း ရှိသော်လည်း ဟေးဒီးစ်ကေရာဇ်၏
သားတော်သည် ကွဲပြားခြားနားပေသည်။

ဘာပဲပြောပြော လူအနည်းငယ်မှလွဲ၍ ယခင်
ဟေးဒီးစ်ကေရာဇ်၏ အစီအစဉ်များနှင့် လျှို့ကြီး၏
သမိုင်းကြောင်းကို မသိကြပေ။ ယခင် ဟေးဒီးစ်
ကေရာဇ်၏ သားသည် လင်းဖုန်း၏
လက်ရင်းတပည့် ဖြစ်လာခဲ့သည်။ ဤကိစ္စသည်
လူအများတို့၏ စိတ်အတွင်း၌ သံသယ
များစွာတို့အား ဖြစ်ပေါ်လာစေသည်။

ထိုအရာသည် နတ်ဘုရားနယ်မြေကို
လှုပ်ခါနိုင်ရုံသာ မကပဲ မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ မိစ္ဆာများကပင် အခြေအနေ ပြောင်းလဲ

တိုးတက်လာမှုကို အနီးကပ်
စောင့်ကြည့်နေကြပေသည်။

သို့ရာတွင် မုန်တိုင်း၏ မျက်စိဖြစ်သော
ခွန်းလွန်တောင်ရှိ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
တည်ငြိမ် အေးချမ်းနေခဲ့သည်။ လင်းဖုန်းသည်
ပြင်ပကမ္ဘာမှ ရိုက်ခတ်မှုများကို အမှုမထားသည့်
အလား ရှိနေသည်။ သူ၏ ဖိနှိပ်ထားမှုကြောင့်
ပြင်ပကမ္ဘာမှ ထကြွလှုပ်ရှားမှုများသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ရောက်မလာခဲ့ပေ။

လှိုင်းလုံးများက ထကြွနေပြီး သူတို့၏ ယခင်မှ
ဂုဏ်သတင်းများကို ရိုက်ခတ်မှုများ ရှိနေသော်လည်း
အများစုသည် လင်းဖုန်းအား တိုက်ရိုက်
ရင်မဆိုင်ရဲခဲ့ကြပေ။ သွယ်ဝိုက်သော

မေးခွန်းများစွာတို့အား ဂျူနီယာ တပည့်များထံသို့ သွေးတိုးစမ်းသော အနေဖြင့် မေးခဲ့ကြသည်။

အချိန်နှင့်အမျှ မုန်တိုင်းသည် အရှိန်လျော့သွားသော်လည်း အများစုသည် အခြေအနေကို အနီးကပ် စောင့်ကြည့်နေကြဆဲ ရှိသေးသည်။ နတ်ဘုရားနယ်မြေမှ အခြား လူသားအင်အားစုများသည် လင်းဖုန်းကိုယ်တိုင်အား တိုက်ရိုက် မေးခွန်းထုတ်နိုင်သော အစွမ်းရှိသည့် အင်အားစုတစ်ခု လှုပ်ရှားလာမည်ကို စောင့်နေခဲ့သည်။

ထိုအင်အားစုသည် ဟင်းလင်းပြင် ဘုရားကျောင်းပင် ဖြစ်ပေသည်။ သူတို့သည် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ကြီးမားစွာ ဆုံးရှုံးခဲ့ကာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ ဖိနှိပ်မှုကို အကြီးအကျယ်
ခံခဲ့ရသော်လည်း အခြေခံ ခိုင်မာသည့်
ဟင်းလင်းပြင် ဘုရားကျောင်းသည် လူအများ၏
မျှော်လင့်ချက် အတွင်းတွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် တန်းတူ ဆက်ဆံနိုင်စွမ်း
ရှိနေသေးသည်။

အချို့လူများ၏ အမြင်အရ ဤကိစ္စသည်
ဟင်းလင်းပြင် ဘုရားကျောင်း အနေဖြင့်
နတ်ဘုရားနယ်မြေ အတွင်းတွင် သူတို့၏
ဂုဏ်သိက္ခာများကို ပြန်လည်တည်ဆောက်ရန်
ရှားရှားရောင် အခွင့်အရေး တစ်ခုဖြစ်သည်။

မောက်မာမှုများကြောင့် ဖြစ်စေ သို့မဟုတ် အခြား
အကြောင်းရင်းများကြောင့် ဖြစ်စေ သူတို့၏

ပြိုင်ဘက်သည် အမှားတစ်ခုကို တမင်သက်သက် ကျူးလွန်ခဲ့ကာ သူတို့၏ အိမ်တံခါးဝသို့ လက်ဆောင်တစ်ခု လာပို့ခဲ့သဖြင့် ဟင်းလင်းပြင် ဘုရားကျောင်းသည် အဖိုးတန်သော ဤအခွင့်အရေးကို အဘယ်ကြောင့် ငြင်းပယ်မည်နည်း။

သို့သော်လည်း ပို၍ တွေးရခက်စေသည့် အချက်မှာ ဟင်းလင်းပြင် ဘုရားကျောင်းက မည်သည့် တုံ့ပြန်မှုများကို မလုပ်ခဲ့ခြင်း ဖြစ်သည်။ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထက်ပင် ပို၍ တိတ်ဆိတ်နေကြပြီး ပြင်ပကမ္ဘာနှင့် လုံးဝ အဆက်အသွယ် ဖြတ်ထားသကဲ့သို့ ထိုထကြွ လှုပ်ရှားမှုများကို လုံးဝ လျစ်လျူရှုထားခဲ့သည်။

ထိုကဲ့သို့သော တုံ့ပြန်မှုသည် အမတန်မှ
အံ့ဩစရာကောင်းပေသည်။

အဝေးရှိ မဟာလွင်တီးခေါင် ကုန်းမြေမှ
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတကပင်
အတော်လေး အံ့အားသင့်နေခဲ့သည်။
"ဟင်းလင်းပြင် ဘုရားကျောင်းက ဘာများ
ဖြစ်နေတာလဲ... ဒီကိစ္စက ထင်ထားတာလောက်
မကြီးမားပေမဲ့ သူတို့က ဒီလောက်အထိတော့
မငြိမ်နေသင့်ဘူး"

## စာစဥ် ၆၉ : အပိုင်း ၁၉

## အပိုင်း ၁၃၄၉ : အခြေအနေကို ပိုဆိုးစေခြင်း

ဟင်းလင်းပြင် ဘုရားကျောင်း၏ ထူးခြားစွာ
တိတ်ဆိတ်နေမှုသည် နတ်ဘုရားနယ်မြေနှင့်
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ
ကျန်သောသူများ အားလုံးကို ပဟေဠိ
ဖြစ်စေခဲ့သည်။

သူတို့သည် နတ်ဘုရားနယ်မြေ အတွင်း၌
ပဋိပက္ခများ မဖြစ်ပေါ်လာစေရန်
ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လိုနေသည်ဟု
နားလည်နိုင်ဖွယ်ရာ ရှိသော်လည်း သူတို့က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား မေးခွန်းပင်
မထုတ်ခဲ့ခြင်းသည် အံ့အားသင့်ဖွယ်ရာ
ကောင်းလှသည်။

ဟင်းလင်းပြင် ဘုရားကျောင်း အနေဖြင့် ဤကိစ္စသည် နတ်ဘုရားနယ်မြေ အတွင်းမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မဟာမိတ်များကို သူတို့ဘက်သို့ သွေးဆောင်နိုင်ရန် အမတန်မှ ကောင်းမွန်သော အခွင့်အရေး တစ်ခုဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် အမှားတစ်ခုကို တမင်သက်သက် ကျူးလွန်ခဲ့ခြင်း ဖြစ်၍ သူတို့၏ တံခါးဝတိုင်အောင် လက်ဆောင်လာပေးခဲ့သည်။ ဤကဲ့သို့သော အခွင့်အရေးသည် အမတန်မှ ရခဲပေသည်။

အကယ်၍ တစ်ယောက်သည် ကောင်းကင်၏ လက်ဆောင်များကို လက်မခံခဲ့လျှင် ကပ်ဆိုးများနှင့် ကြုံတွေ့ရနိုင်သည်။ အကယ်၍ ဟင်းလင်းပြင်

ဘုရားကျောင်းသည် ဤအခွင့်အရေးကို အပိုင်အသုံးမချပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထက် အားနည်းနေသည်ဟု ထင်ရမည်ဖြစ်ကာ အခြားလူသား အင်အားစုများ၏ စိတ်ပျက်မှုကို ခံရမည်မှာ မလွဲမသွေ ဖြစ်၏။

အခြားလူသား အင်အားစုများသည် လင်းဖုန်း၏ လုပ်ဆောင်ချက်များကို သံသယဝင်နေကြသော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း၏ ဦးဆောင်မှု မရှိသဖြင့် သူတို့၏ သံသယများကို မျိုသာ မျိုသိပ်ထားနိုင်ခဲ့ကြသည်။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အမှန်တကယ်ပင် ဟေးဒီးစ် မျိုးနွယ်စုများနှင့် ပူးပေါင်း ကြံစည်ခဲ့ပါက သံသယ မျိုးစေ့များသည်

တဖြည်းဖြည်း ကြီးထွားလာပြီး နောက်ဆုံးတွင် ပေါက်ကွဲလာခဲ့ပေမည်။

သို့သော်လည်း အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် ဟေးဒီးစ် မျိုးနွယ်စုနှင့် ဤကဲ့သို့သော ဆက်ဆံရေးမျိုး မရှိခဲ့ပါက အမှန်တရားသည် တစ်နေ့တွင် ပေါ်လာမည် ဖြစ်ပြီး အချိန် ကြာလာလေလေ ပို၍ သိသာလာမည် ဖြစ်သည်။ အချိန် ကျလာသော အခါ အမှန်တရားသည် ယခင်မှ သံသယများကို ချေဖျက်ခဲ့မည် ဖြစ်ပြီး ပြဿနာများ အားလုံးကို ဖြေရှင်းပြီးသား ဖြစ်သွားပေမည်။

သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိ မလှုပ်မရှား ငြိမ်သက်နေမှု၏ အကျိုးဆက်များမှာ ဆက်လက်၍ ဖြစ်ပေါ်နေသည်။

အကယ်၍ အနာဂတ်တွင် ကြီးကြီးမားမား ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာ၍ ဟင်းလင်းပြင် ဘုရားကျောင်း၏ စွမ်းရည်နှင့် လွှမ်းမိုးမှုများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထက် ပို၍ သာလွန်သွားလျှင် တော်သေးသည်။ မဟုတ်လျှင် သန်မာသူသည် ပို၍ပို၍ သန်မာလာမည် ဖြစ်ပြီး အားနည်းသူမှာ ပို၍ပို၍ အားနည်းသွားမည် ဖြစ်သည်။

သို့သော်လည်း မူလကောင်းကင် ကမ္ဘာ အတွင်းမှ လူသား ကျင့်ကြံသူများနှင့် မိစ္ဆာ မျိုးနွယ်စုများက

မည်ကဲ့သို့ ယူဆသည် ဖြစ်စေ ဟင်းလင်းပြင် ဘုရားကျောင်းသည် ပြင်ပကမ္ဘာမှ အဖြစ်အပျက်များကို ဘာမှ မသိသကဲ့သို့ ငြိမ်သက်စွာဖြင့် ပါးစပ်ပိတ်နေခဲ့သည်။

ဤကိစ္စတွင် တိုက်ရိုက် ပါဝင်ပတ်သတ်နေသော သူတစ်ယောက် အနေဖြင့် ဟေးဒီးစ် မျိုးနွယ်စုတို့၏ တုံ့ပြန်မှုများမှာ ပို၍ စဥ်းစားစရာ ကောင်းခဲ့သည်။ သူတို့သည် ဤကြေညာချက်ကို အတည်မပြုခဲ့သလို ငြင်းဆန်ခြင်းလည်း မပြုခဲ့ပဲ ငြိမ်သက်၍သာ နေခဲ့သည်။

အစောပိုင်းက ဟေးဒီးစ်သားရဲ တစ်ကောင်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်ရင်းတပည့် ဖြစ်လာသည်ဟူသော စကားများ ပျံ့နှံ့ခဲ့စဥ်က

သူတို့၏ အစပိုင်း တုံ့ပြန်မှုများသည် စိတ်ရှုပ်ထွေး၍ အရှက်ရကာ အမျက်ထွက်ခဲ့ကြသည်။

သို့သော်လည်း ထိုဟေးဒီးစ်သားရဲသည် ယခင် ဟေးဒီးစ်ကေရာ့ဇ် ထျန်းဟိုင်၏ သားဖြစ်သည်ဟူသော သတင်းပေါ်လာသည်နှင့် သူတို့၏ သဘောထားများသည် လုံးဝ ပြောင်းလဲသွားကြကာ ဒွိဟဖြစ်ဖွယ်ရာ ဖြစ်လာခဲ့သည်။

မူလကောင်းကင် ကမ္ဘာ အတွင်းမှ အခြား အင်အားစုများက ဤကိစ္စအား ပြင်းထန်စွာ စောင့်ကြည့်နေကြခြင်းကလည်း ဟေးဒီးစ် မျိုးနွယ်စုတို့၏ သဘောထားကို လွှမ်းမိုးမှု ရှိခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင်
ဖြည်းဖြည်းချင်း ပြန်လည်၍ တည်ငြိမ်လာသည့်
ကမ္ဘာနှစ်ခုစလုံးမှ အခြေအနေသည် တဖြည်းဖြည်း
ပြန်၍ ကစဉ့်ကလျား ဖြစ်လာကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည်
ဖြစ်ပျက်သမျှ အရာအားလုံးကို စောင့်ကြည့်နေပြီး
ဟင်းလင်းပြင် ဘုရားကျောင်း၏ ထူးခြားသော
တုံ့ပြန်မှုကို အကဲခတ်နေရင်း
အတွေးနက်နေခဲ့သည်။

"လုံရဲ့... မင်းရဲ့ ဦးလေးကို ခေါ်လိုက်ပါ"
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက

ရုတ်တရက် ပြောလိုက်သည်။ "ငါကသူ့ကို
လုပ်ခိုင်းစရာတွေ ရှိတယ်"

လုံရဲ့သည် သူမ၏ဘေးတွင် ပေါ်လာ၍
ခေါင်းညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ... ဆရာ...
ကျွန်မသူ့ကို ချက်ချင်း ခေါ်လိုက်ပါမယ်"

သူမသည် ခေတ္တမျှ ငြိမ်သွား၍ ရုတ်တရက်
မေးလိုက်သည်။ "ဆရာ... ဟင်းလင်းပြင်
ဘုရားကျောင်းက ဘာဖြစ်လို့ ဘာမှ မလုပ်တာလဲ...
သူတို့က သူတို့ကိုယ် သူတို့ ချိပ်ပိတ်ထားပေမဲ့
ပြင်ပကမ္ဘာနဲ့ ဆက်သွယ်မှု အားလုံးကို
ဖြတ်တောက်ထားတာ မဟုတ်ဘူး... သူတို့က
ဒီလောက်အထိ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့
ကိစ္စတစ်ခုကို ငြိမ်သက်နေစရာ အကြောင်းမရှိဘူး"

"တကယ်လို့ သူတို့က ဒီအကြောင်းကို
ကောင်းကောင်း မသိရင်တောင် တခြား
လူသားအင်အားစုတွေကို စုစည်းပြီး အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို ဆန့်ကျင်လို့ရတယ်...
ဘာပဲပြောပြော သူတို့ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့ ဟေးဒီးစ်မျိုးနွယ်စုတွေရဲ့
တုံ့ပြန်မှုတွေကို စောင့်ကြည့်နေကြပြီး
လျှိုကြီးဟေးဒီးစ်ဟာ တကယ်ပဲ ဟေးဒီးစ်
ဧကရာဇ်ရဲ့ သားဖြစ်တယ်လေ"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။
"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
နှုတ်ဆိတ်နေမှုဟာ လက်ရှိကိစ္စနဲ့

မသက်ဆိုင်နိုင်ဘူး… သူတို့ရဲ့ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်တဲ့ တခြားကိစ္စတွေ ရှိနေလိမ့်မယ်… ငါထင်တာ မမှားခဲ့ရင် အုံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက ဟင်းလင်းပြင်ဘုရားကျောင်းရဲ့ လူသိမခံနိုင်တဲ့ လျှို့ဝှက်ချက်အချို့ကို သိထားလိမ့်မယ်"

ဤစကားကို ကြားခဲ့ရသော အခါ လုံရဲ့က စဉ်းစားလိုက်သသည်။ "ဟင်းလင်းပြင်ဘုရားကျောင်းက ဒီလောက်အထိ ကြောက်ရွံ့အောက်ကျို့နေရလောက်အောင် အုံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဘယ်လိုမျိုး လျှို့ဝှက်ချက်တွေကို သိထားတာလဲ"

"တကယ်လို့ ဒီလျှို့ဝှက်ချက်တွေက ဒီလောက်အထိ အရေးကြီးရင် ဟင်းလင်းပြင် ဘုရားကျောင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ရင်ဆိုင်တဲ့ နေရာမှာ လုံးဝ ကူရာမဲ့နေမှာပေါ့… သူတို့က အရှုံးပေးရုံပဲ ရှိတယ် မဟုတ်လား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ပြန်ပြောလိုက်သည်။ "ဒီလျှို့ဝှက်ချက်တွေက ဟင်းလင်းပြင် ဘုရားကျောင်းကို တကယ် ပျက်စီးစေမှာ မဟုတ်ပဲ သူတို့ရဲ့ ဂုဏ်သိက္ခာကိုသာ ထိခိုက်စေမှာ ဖြစ်နိုင်တယ်… ဒါကြောင့်မို့ သူတို့က နှုတ်ဆိတ်နေတာ ဖြစ်မယ်"

"ပြီးတော့ သူတို့က အရင်ကလောက် အင်အား မကြီးတော့ပဲ ကြည့်ရတာ ကိစ္စတွေကို ဒီအတိုင်း

ကြည့်နေရုံပဲ တတ်နိုင်တော့တယ်နဲ့ တူတယ်... ဒါက အခြေအနေတွေကို ရှုပ်ထွေးလာအောင် သာမန် လုပ်ခဲ့တာပဲ... တကယ်လို့ ငါတို့ရဲ့ အကြံက အလုပ်မဖြစ်ခဲ့ရင်လည်း ငါတို့အတွက် ဘာမှအရှုံး မရှိပါဘူး"

လုံရဲ့က ရယ်ရမ်းသွေးလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဒီသတင်းဟာ ကျွန်မတို့ ဖြန့်တာဆိုတာကို သိနေမှာပဲ... ပြီးတော့ သူက ဆရာ့ရဲ့ အစစ်အမှန် ပုံစံနဲ့ နည်းစနစ်တွေ အစရှိတဲ့ လျှို့ဝှက်ချက် အချို့ကို သိနေတယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် ဤထောင်စုနှစ်များ အတွင်းတွင် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ လျှို့ဝှက်ဆန်းကြယ်မှု အရှိဆုံး

မိစ္ဆာတစ်ကောင် ဖြစ်သည်။ ဤအချိန် မတိုင်မီက မည်သူကမှ သူမ မည်သူမည်ဝါ ဖြစ်သည်ဟူသည်ကို မသိခဲ့ကြပေ။

မသိခြင်းသည် အမြဲတမ်း ပို၍ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားများကို ပိုင်ဆိုင်ထားလေသည်။

မိုယွမ်ကျိ၏ ဟေးဒီးစ်ကေရီနှင့် ဆက်သွယ်နေမှုသည် ဟေးဒီးစ် မျိုးနွယ်စု၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့ပြီး သူမအား ထိုအချိန်မှစ၍ စောင့်ကြည့်နေခဲ့သည်။

ဤကဲ့သို့သော အခြေအနေအောက်တွင် နင်းဝမ်ကောအား သူမ၏ အလီဘိုင်အနေဖြင့် သက်သေပြရန်မှာ မလွယ်ပဲ ဇာတ်လမ်းအမျိုးမျိုးကိုသာ လုပ်ကြံပြောဆိုရမည် ဖြစ်သည်။

သို့သော်လည်း လျှိုကြီး၏ ကိစ္စအတိုင်းပင် သူမ၏ ဇာတ်လမ်းသည် သူမ၏ လက်အောက်မှ မိစ္ဆာများ အပါအဝင် အများ၏ သံသယဝင်ခြင်းကို ခံရမည် ဖြစ်သည်။ ထို့ကြောင့် သူမသည် အစကတည်းက တင်းကျပ်စွာဖြင့် ထိန်းချုပ်ထားခဲ့သည်။

သူမအား ဒုက္ခပေးနေသည့် အချက်မှာ သူမသည် ပြင်ပလောက အတွင်းရှိ ဟေးဒီးစ်ကေရာဇ်၏ လက်ကျန် ရတနာများ ရယူသွားနိုင်သည်ကို အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနှင့် ဟေးဒီးစ် မျိုးနွယ်စု
နှစ်ဘက်စလုံးက သိနေခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ထိုသတင်းက ပျံ့သွားပါက
ဝိညာဉ်ပင်လယ်၏ အကြောင်းကို အခြားမိစ္ဆာ
မျိုးနွယ်စုများကလည်း သိသွားပေကာ သူမအား
အာရုံစိုက်လာကြပေမည်။ ဘာပဲပြောပြော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟေးဒီးစ်မျိုးနွယ်စုများနှင့်
စာလျှင် သူမ၏ အင်အားစုသည် အားအနည်းဆုံး
ဖြစ်သည်။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟေးဒီးစ်မျိုးနွယ်စုတို့က အခြားသူများ
ဝင်ရောက်လာမည်ကို ကာကွယ်သော အားဖြင့်
ဝိညာဉ်ပင်လယ် အကြောင်းကို

နှုတ်ဆိတ်နေကြလျှင်ပင် သူမက
လျှို့ကြီးအကြောင်းကို ဖော်ထုတ်ခဲ့အပြီးတွင်
သူတို့က ဝိညာဉ်ပင်လယ် အကြောင်းကို
ဖော်ပြကြမည် ဖြစ်သည်။

ထိုကဲ့သို့ဆိုလျှင် ပို၍များသော သူများက သူမကို
လိုက်ရှာကြမည် ဖြစ်ပြီး သူမ၏ ဖုံးကွယ်နိုင်မှု
စွမ်းရည်သည် အမတန်မှ အစွမ်းထက်သော်လည်း
ပို၍ခက်ခဲသော အခြေအနေအောက်သို့
ကျရောက်သွားမည် ဖြစ်သည်။

သို့သော်လည်း ဤအရာများ အားလုံးသည်
ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏
မျှော်လင့်ချက်များ အတွင်းတွင် ရှိနေပြီး ဖြစ်သည်။
အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်

ဟေးဒီးစ် မျိုးနွယ်စုများက မလှုပ်ရှားခဲ့လျှင်ပင် သူမကိုယ်တိုင်က သတင်းဖြန့်ခဲ့မည် ဖြစ်သည်။

သူမသည် လျှိုကြီး၏ ကိစ္စသည် မည်ကဲ့သို့ ဖြစ်လာမည်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် နတ်ဘုရားနယ်မြေ အတွင်းမှ အခြား လူသား အင်အားစုများက မည်ကဲ့သို့ တုံ့ပြန်ကြမည်ကို ကြည့်လိုနေခြင်းသာ ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းက နှုတ်ဆိတ်နေခဲ့သဖြင့် သူမသည် နောက်ထပ် စောင့်ဆိုင်းနေစရာ မလိုတော့ပေ။

စီးရီးယပ် မဟာပဏ္ဍိတ ရောက်လာသော အခါ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက သူမ၏ လက်ချောင်းများကို အသာလှုပ်ခါလိုက်ရာ စီးဆင်းနေသော အလင်းတန်း အချို့သည် သူ့အရှေ့သို့ ရောက်လာ၏။ "စီးရီးယပ်... ဒါတွေကို ဖြန့်လိုက်ပါ"

စီးရီးယပ် မဟာပဏ္ဍိတနှင့် လုံရဲ့တို့၏ မျက်လုံးများက အရောင်တောက်သွားကြသည်။ "ကျွန်တော်တို့က ဝိညာဉ်ပင်လယ် အတွင်းကို ဝင်နိုင်မယ့် နည်းလမ်းကို နောက်ဆုံးမှာ ရှာတွေ့နိုင်ခဲ့တယ်... ဒီလိုမျိုး ကြီးကျယ်တဲ့ အခွင့်အရေးကို ရပြီးနောက်မှာ တခြားသူတွေကို ဒီလိုပဲ လွယ်လွယ်နဲ့ ပေးလိုက်မှာလား"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက ဖွဖွလေး ပြုံးလိုက်သည်။ "စိတ်မပူပါနဲ့… ငါက ငါတို့အတွက် အစိတ်အပိုင်း တစ်ခုကို ဖယ်ထားပြီးပါပြီ… ဒါပေမဲ့ ငါတို့မှာ ပြင်ဆင်ဖို့ အချိန်ပိုလိုနေတယ်… ဝိညာဉ်ပင်လယ်က မကြာမီမှာ ပွင့်တော့မှာ ဖြစ်ပေမဲ့ အလောတကြီးလုပ်ဖို့လဲ မလိုသေးဘူး"

"ဒီအရာတွေကို လူကြားထဲ ထုတ်ပေးလိုက်တာကလည်း အကြောင်းရင်းရှိတယ်… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟောဒီးစ်မျိုးနွယ်စုနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ဟာ ဆုလာဘ် တစ်စိတ်တစ်ပိုင်းကို လိုချင်နေကြတယ်"

"အခြေအနေက ပိုပြီးမှ ရှုပ်ရှုပ်ထွေးထွေး
ဖြစ်နေလေလေ ပိုကောင်းလေလေ ဖြစ်ပြီး
ငါတို့အတွက် အခွင့်အရေး ပိုရနိုင်လိမ့်မယ်...
မဟုတ်ရင် ဒီအင်အားစု သုံးခုက ကြီးမားတဲ့
အားသာချက်တွေ ရှိနေတဲ့ အတွက်ကြောင့်
ငါတို့အတွက် မျှော်လင့်ချက် မရှိနိုင်ဘူး"

စီးရီးယပ် မဟာပဏ္ဍိတနှင့် လုံရဲ့တို့က အတူတကွ
ခေါင်းညိတ်လိုက်ကြကာ လုံရဲ့က ပြောလိုက်သည်။
"ဒီလိုဆိုရင် ကျွန်မတို့က ဒီပစ္စည်းတွေကို
ဒီအင်အားစု သုံးခုရဲ့ လက်ထဲကို
မရောက်သွားအောင် ဂရုစိုက်ရမယ်... မဟုတ်ရင်
အခြေအနေက ပိုဆိုးသွားလိမ့်မယ်"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက စီးရီးယပ် မဟာပဏ္ဍိတအား ကြည့်လိုက်ရာ သူက ကြိတ်၍ ရယ်လိုက်သည်။ "ဒါပေါ့… ကျွန်တော်က အသေအချာ ဂရုစိုက်ပါမယ်… ဒါပေမဲ့ ဒီအင်အားစု သုံးခုဟာ အမတန်မှ အစွမ်းထက်တဲ့ အတွက်ကြောင့် သူတို့က တခြားသူတွေရဲ့ လက်ထဲက ပစ္စည်းတွေကို လုမယူနိုင်ဘူးလို့တော့ အာမမခံနိုင်ဘူး"

"ဒီကမ္ဘာအတွင်းမှာ စွန့်စားမှု မလုပ်ပဲ လုပ်လို့ရတဲ့ အရာတွေ ရှိလို့လား… ဒီအင်အားစု သုံးခုတို့ဟာ ဖြေရှင်းရခက်တဲ့ ပြဿနာတွေနဲ့ ရှုပ်ထွေးနေပြီး သူတို့အချင်းချင်း နှောင်ဖွဲ့နေကြတယ်… ကျန်တဲ့သူတွေက သူတို့ရဲ့ ပစ္စည်းတွေကို သူတို့ရဲ့ လက်ကနေ ကာကွယ်ဖို့ သိပ်မခက်ခဲလောက်ဘူး"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက
ပြောလိုက်သည်။

"ငါတို့က ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ရင်
အကောင်းဆုံးပဲ… ဒီလိုမှ မဟုတ်ရင်တော့
တခြားသူတွေကလည်း သူ့ကို မရစေရဘူး…
ငါတို့က နောက်ထပ် အခွင့်အရေး တစ်ခုကို
စိတ်ရှည်စွာနဲ့ ပြန်စောင့်လို့ရတယ်… ဒါက
အကောင်းဆုံး အဆုံးသတ်ပဲ ဖြစ်တယ်"

"တတိယ အကောင်းဆုံး ရလဒ်က ဒီအင်အားစု
သုံးခုစလုံးက ဝိညာဉ်ပင်လယ်ကို မထိန်းချုပ်နိုင်ပဲ
တခြား အင်အားစု တစ်ခုက ရသွားခဲ့ရင်
မူလကောင်းကင် ကမ္ဘာရဲ့ အခြေအနေဟာ ပိုပြီးမှ
ရှုပ်ထွေးလာလိမ့်မယ်"

"ဒါပေမဲ့ အဆိုးဆုံး အခြေအနေက ဒီအင်အားစု သုံးခုအနက် တစ်ခုက ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်သွားနိုင်တာပဲ"

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတက စီးရီးယပ် မဟာပဏ္ဍိတအား လက်ဟန်ပြလိုက်သည်။ "စီးရီးယပ်... မင်းကို တာဝန်ပေးလိုက်ပြီ... ဒီသတင်းက တတ်နိုင်သမျှ အမြန်ဆုံး ပျံ့ရမှာ ဖြစ်ပေမဲ့ ငါတို့ရဲ့ လှုပ်ရှားမှုတွေကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားပြီး သိုသိုသိပ်သိပ် နေရမယ်... အထူး ဂရုစိုက်ပါ"

စီးရီးယပ် မဟာပဏ္ဍိတက ခေါင်းညိတ်၍ ပြန်ပြောလိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

"ဝိညာဥ်ပင်လယ် ပြန်ပွင့်လာတဲ့ အချိန်မှာ အမတန်မှ သက်ဝင်လှုပ်ရှားလာလိမ့်မယ်" ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် အဝေးမှ ဟင်းလင်းပြင်အား ငေးကြည့်နေရင်း သူမကိုယ်သူမ တီးတိုး ရေရွတ်လိုက်သည်။

ထင်ထားသည့် အတိုင်းပင် လှျိုကြီး၏ ကောလဟာလများ မဆုံးသေးခင်တွင် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး၌ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် ပတ်သတ်သည့် ကောလဟာလ အမျိုးမျိုး ထွက်ပေါ်လာသည်။ ထိုကောလဟာလများသည် လှျိုကြီး၏ သတင်းထက်ပင် ပို၍ ရှင်းလင်း တိကျနေသည်။

ထိုသတင်းများတွင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ မူလရင်းမြစ်မှစ၍ သူမ ပင်ကိုစွမ်းရည်၏ ထူးခြားချက်များအထိ ပါသည်။ သူမဘဝ၏ ယခင် အတွေ့အကြုံများ တစ်ချက်မှ မကျန်ပဲ အသေးစိတ် ဖော်ပြခဲ့ကာ အားလုံးတို့အား တုန်လှုပ်စေခဲ့သည်။

ဟေးဒီးစ် မျိုးနွယ်စုများက မီးတောင်ဖန်ကျောက် လောကအတွင်းသို့ ဝင်ရောက်သွားကြ အပြီးတွင် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူတို့၏ ပြောရေးဆိုခွင့်ရသည့် ပုဂ္ဂိုလ် ဖြစ်လာပြီလောဟု လူအများက ငြင်းခုန်နေကြဆဲတွင် မဟာလွင်တီးခေါင် ကုန်းမြေမှနေ၍ နောက်ထပ် အရေးကြီးသတင်း

တစ်ပုဒ် ထပ်ထွက်လာသည်။ မူလကောင်းကင်
ပင်လယ်ခုနစ်သွယ် အနက်မှ ဝိညာဉ်ပင်လယ်က
ပြန်ပွင့်တော့မည် ဖြစ်သည်။

ဤခေါင်းကြီးသတင်းနှင့် အတူ ဝိညာဉ်ပင်လယ်
ပြန်ပွင့်သော အချိန်တွင် ဝင်ရောက်နိုင်သည့် ရတနာ
အချို့၏ သတင်းနှင့် တည်နေရာများကို
ဖော်ပြထားသည်။

ချက်ချင်း ဆိုသလိုပင် မူလကောင်းကင် ကမ္ဘာကြီး
တစ်ခုလုံးက စိတ်လှုပ်ရှားမှုများဖြင့် ရုတ်ရုတ်သဲသဲ
ဖြစ်သွားခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲပြီး၍ သိပ်မကြာမီပင် အခြေအနေက ပြန်၍ ရှုပ်ထွေးလာခဲ့သည်။ နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့ နှစ်ခုစလုံးတို့တွင် ရည်မှန်းချက်များ၊ သွေးဆာမှုများနှင့် ထကြွ လှုပ်ရှားနေခဲ့သည်။

ခွန်းလွန်တောင် အပေါ်မှ ကောင်းကင်ယံရှိ ယုကျင်းတောင် အပေါ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်၏ ထိပ်ဖျားတွင် လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ ဝင်သွားခဲ့ပြီ ဖြစ်သည်။ သူသည် တည်ငြိမ်လျက်ပင် ရှိနေပြီး သူ၏အကြည့်သည့် ငြိမ်သက်နေသည့် ဟင်းလင်းပြင်သို့ ဖြတ်ကျော်သွားခဲ့သည်။ "ဝိညာဥ်ပင်လယ်... ဟေး..."

သူ၏ လက်ဝါးများကို ဖြန့်လိုက်ရာ လင်းလက်စွာ တောက်ပနေသော ခရမ်းရောင် သလင်းကျောက် အချို့နှင့် နီရဲနေသော ကျောက်စိမ်းစများ ပေါ်လာခဲ့သည်။

## စာစဥ် ၆၉ : အပိုင်း ၂၀

## အပိုင်း ၁၃၅၀ : အင်မော်တယ် နဂါးမြို့တော်အား ရှာဖွေခြင်း

လင်းဖုန်းသည် သူ၏ လက်အတွင်းမှ ပစ္စည်းကို ချိန်ဆနေရင်း စိတ်အတွင်းမှ တွက်ချက်နေခဲ့သည်။

"ဝိညာဉ်ပင်လယ်က နှစ်ပေါင်းတစ်ရာ အတွင်းမှာ ပြန်လည် ပွင့်လာနိုင်တယ်… ဒါရဲ့ အကြောင်းရင်းက ဘာဖြစ်နိုင်မလဲ"

"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ သူ့ကို အချိန်မတိုင်မီ ပြန်လည် ဖွင့်လှစ်လိုခဲ့တဲ့ ကြိုးပမ်းမှုက အကျိုးသက်ရောက်မှု ရှိခဲ့တာလား… ဒါပေမဲ့ အဲ့ဒါနဲ့လည်း မတူဘူး"

"ဟေးဒီးစ် မျိုးနွယ်စုတွေက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ဝိညာဉ်ပင်လယ်ကို အချိန်မတိုင်ခင် ပြန်လည် ပြန်လည် ဖွင့်လှစ်ဖို့ ကြိုးစားခဲ့မှုကြောင့် ဝိညာဉ်ပင်လယ်ရဲ့ အနှောင်အဖွဲ့တွေကနေ အချိန်စောပြီးမှ ပြန်လွတ်လာခဲ့တယ်… သူတို့ရဲ့ ရုန်းကန်မှုကြောင့်

ဒီပြောင်းလဲမှု ဖြစ်လာခဲ့တာလား… ဒီလိုမျိုးလည်း မဟုတ်နိုင်ဘူး"

"ဒါမှမဟုတ် ငါ့ရဲ့ ကောင်းကင်ဖျက်ဆီး ခားကို အသုံးပြုမှုကြောင့် ဝိညာဥ်ပင်လယ်က ပြောင်းလဲမှုတွေ ဖြစ်လာတာလား…. ဒီလိုနဲ့လည်း မတူပြန်ဘူး… ဒါက ဝိညာဥ်ပင်လယ်မှာ ဒီလောက်ကြီးမားတဲ့ နှောင့်ယှက်မှုကို လုပ်နိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် အချိန်အနည်းငယ် ဆက်လက် စဥ်းစားနေခဲ့ပြီးနောက် သူ၏ခေါင်းကို အသာခါလိုက်ရာ သူ၏ မျက်လုံးများ အတွင်းတွင် စဥ်းစား၍ မရနိုင်သည့် အလင်းတန်း တစ်ခုဖြင့် တောက်ပလာခဲ့သည်။

အဝေးတွင် တောက်ပသော ခါးအလင်းတန်း တစ်တန်း လင်းလက်လာ၍ ခရမ်းရောင် ဝတ်ရုံနှင့် မိန်းကလေး တစ်ယောက် ထွက်လာခဲ့သည်။ သူမသည် လော်ချင်းဝူ ဖြစ်ကာ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းသို့ ရောက်လာပြီးနောက် လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ "ဆရာ... ဆရာရဲ့ အမိန့်က ကျွန်မရဲ့ ဆန္ဒပါပဲ"

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "ပျံ့နေတဲ့ သတင်းတွေကို ငါကောင်းကောင်းသိနေပါတယ်"

လော်ချင်းဝူသည် လင်းဖုန်းအား ဝမ်းနည်းနေသော
မျက်လုံးအစုံဖြင့် ကြည့်၍ပြောလိုက်သည်။
"ဆရာ... လျှိုကြီးက..."

လော်ချင်းဝူသည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အတွင်းတွင် လျှိုကြီး၏ တည်ရှိနေမှုကို ပထမဆုံး
သိခဲ့သောသူ အချို့အနက် တစ်ယောက်ဖြစ်သည်။
သူမသည် လျှိုကြီးနှင့် သိခဲ့သည်မှာ ကြာပြီဖြစ်၍
သူတို့၏ ခင်မင်မှုမှာ နက်ရှိုင်းပေသည်။

လင်းဖုန်း၏ မျက်လုံးများသည် တည်ငြိမ်နေ၍
သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်"

လော်ချင်းဝူ၏ မျက်လုံးများ အတွင်းမှ
ဝမ်းနည်းမှုသည် ပို၍ နက်ရှိုင်းလာ၏။
သို့သော်လည်း သူမ၏ မျက်လုံးများသည်
ဖြည်းဖြည်းချင်း ပိတ်သွားခဲ့ကာ သူမ၏
ဝမ်းနည်းမှုကို မဖော်ပြခဲ့ပေ။

ဂိုဏ်းအတွင်းတွင် လျှိုကြီးနှင့် အနီးစပ်ဆုံး ပုဂ္ဂိုလ်မှာ
သူမ၏ ဆရာဖြစ်မှန်းကို သူမက
ကောင်းစွာသိနေသည်။ လင်းဖုန်းသည် လျှိုကြီး၏
သေဆုံးမှုကို သူ၏ကိုယ်ပိုင် မျက်လုံးများဖြင့်
တွေ့ခဲ့ရသဖြင့် သူ၏ ခံစားချက်များသည် သူမ
သို့မဟုတ် သူမ၏ စီနီယာ၊ ဂျူနီယာများထက် ပို၍
လေးလံနေပေမည်။

သို့သော်လည်း လင်းဖုန်းသည် နွေးထွေးစွာဖြင့် ပြုံးလိုက်၍ တည်ငြိမ်စွာ ပြောလိုက်သည်။ "ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတဟာ လျှို့ကြီးအကြောင်းကို သတင်းဖြန့်ပြီးမှ အခြေအနေတွေ ရှုပ်ထွေးအောင် လုပ်လိုနေတယ်... ငါတို့ကလည်း သူမအကြောင်း သတင်းတွေ ပြန်ဖြန့်ပြီး အခြေအနေကို ပိုရှုပ်အောင် လုပ်ရမယ်"

"သူမက ဟေးဒီးစ်ကေရာဇ်ရဲ့ ပျောက်ဆုံးနေတဲ့ ရတနာတွေကို ကမ္ဘာကြီးကို ဖော်ပြခဲ့ပြီး အင်အားစုပေါင်း များစွာက သူတို့ကို ရနိုင်ဖို့ ပြိုင်ဆိုင်နေကြတယ်... မင်းတို့ကလည်း ဝင်ပါရမယ်... ဒါပေမဲ့ အရမ်းကြီးတော့ အားသုံးဖို့ မလိုဘူး"

လော်ချင်းဝူက ထပ်မံ၍ ဦးညွှတ်ကာ ပြောလိုက်သည်။ "ကျွန်မနားလည်ပါပြီ… အခုပဲ သွားလိုက်ပါမယ်"

သူမက ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာအတွင်းမှ ထွက်ခွာသွား အပြီးတွင် လင်းဖုန်းသည် သူ့ခေါင်းပေါ်မှ ဟင်းလင်းပြင်အား စိုက်ကြည့်နေရင်း တွေးနေခဲ့သည်။

ခဏအကြာတွင် သူ၏အကြည့်ကို ရုပ်သိမ်းလိုက်၍ သူ့လက်ချောင်းကို ကောင်းကင်ပေါ်သို့ ထိုးလိုက်ရာ ရှောမ ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာသည်။ သူသည် ကောင်းကင်ပေါ်တွင် ခတ်နှိပ်ထားသကဲ့သို့ ဖြစ်နေပြီး ဖြည်းဖြည်းချင်း လည်ပတ်နေခဲ့သည်။

လင်းဖုန်း၏ မျက်လုံးများ အတွင်းတွင် အလင်းတန်း ပုံရိပ်များ လင်းလက်နေ၍ စီးဆင်းနေသော အလင်းတန်းများ တစ်တန်းပြီး တစ်တန်း ထွက်ပေါ်လာကာ ထိုက်ကျိရုပ်ပုံ အတွင်းသို့ ကျရောက်လာ၍ ပေါင်းစည်းသွားခဲ့သည်။

ပြင်ပကမ္ဘာတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသော်လည်း ခွန်းလွန်တောင်တန်း အပေါ်မှ ယုကျင်းတောင်သည် သာမန်အတိုင်း ငြိမ်းချမ်းနေသည်ဟု ထင်နေရသည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် လူသား ပုံရိပ်များသည် ဟင်းလင်းပြင်အား ချိုးဖောက်၍ ဟင်းလင်းပြင် မုန်တိုင်းများကို ရှောင်ရှားပြီး လှုပ်ရှားနေခဲ့သည်။

ဇူရီသည် ဟီဂန် ရွှေရောင်တံတား၏
သက်တန့်ပေါ်တွင် သူ၏ လက်နှစ်ဘက်အား
နောက်ကျောတွင် ပစ်ထား၍ ရပ်နေခဲ့သည်။
သူ၏ခေါင်းပေါ်တွင် ရောမ စိတ်ဝိညာဉ်
လိပ်တစ်ကောင်က လွင့်မျောနေကာ သူ၏
မျက်လုံးများ အတွင်းတွင် အလင်းတန်းများ
အမြောက်အများဖြင့် လင်းလက်နေ၍
မရေမတွက်နိုင်သော မှော်သင်္ကေတ ပုံစံများ
တစ်တန်းပြီးတစ်တန်း ထွက်လာခဲ့သည်။

ရောမ လိပ်ကြီး၏ ကျောပေါ်တွင် မယုံနိုင်အောင်
ကြီးမားသော ရီတာအို အဆောင်လက်ဖွဲ့
တစ်ခုရှိနေ၍ အဆက်မပြတ် ပြောင်းလဲနေခဲ့သည်။
သိခြင်းနှင့် မသိခြင်း၊ ကြည်လင်ခြင်းနှင့်

ဝေဝါးခြင်းတို့သည် အချင်းချင်း နှောင်ဖွဲ့နေကြကာ ဖြစ်နိုင်ခြေများစွာတို့အား တွက်ချက်နေကြသည်။

သူတို့သည် တစ်ခုပြီး တစ်ခု ပျောက်ကွယ်သွား၍ နောက်ဆုံး ဖြစ်နိုင်ခြေ အချို့တို့သာ မလင်းမမှောင် ဖြစ်နေသော ပါးလွှာသော မျဉ်းကြောင်းများနှင့် ဆက်စပ်သွားပြီး ဟင်းလင်းပြင် အတွင်းသို့ ဆန့်တန်းသွားကြသည်။ ထိုအရာသည် မယုံနိုင်အောင် ထူးခြားဆန်းကြယ်လှပေသည်။

ဇူရီ၏ ဘေးတွင် အရပ်ရှည်ရှည်နှင့် ချောမောသော လူငယ်တစ်ယောက် ရှိနေသည်။ သူသည် ရှီထျန်းဟောင်ဖြစ်၍ ဇူရီ၏ ဘေးတွင် တရားထိုင်နေသကဲ့သို့ တင်ပလ္လင်ခွေ ထိုင်ကာ မျက်လုံးများ မှိတ်၍ ထိုင်နေခဲ့သည်။

ရှိထျန်းဟောင်၏ ခန္ဓာကိုယ်တွင် သန်စွမ်းသော
အသက်စွမ်းအင်များ၊ အထီးကျန်မှုများ၊
ကစဥ့်ကလျား ဖြစ်နေသော မသိနိုင်သည့်
စွမ်းအားများဖြင့် တစ်ချိန်တည်းတွင် ပြည့်နှက်နေပြီး
နောက်ဆုံးမျှခြေသို့ ရောက်နိုင်အောင် အချင်းချင်း
ယှက်သန်းနေကြသည်။

ဝမ်လင်း၏ ရှေးဟောင်းစေတန် နှလုံးသား
ကျိန်စာသည် ရှိထျန်းဟောင်နှင့် အမှန်ပင်
လိုက်လျောညီထွေ ရှိလှ၍ သူ၏ စိတ်ဝိညာဥ်ပုံစံ
ကျင့်ကြံမှုများအား အကြီးအကျယ်
တိုးတက်စေခဲ့သည်။

ရှိထျန်းဟောင်သည် သူ၏ ရုပ်ကိုယ်ခန္ဓာအား ဟွမ်စန်းဖြင့် ပေါင်းစပ်ထား၍ စိတ်ဝိညာဉ်အား ယင်းယွမ်ဖြင့် ပေါင်းစပ်ထားသည်။ ရုပ်ကိုယ်ခန္ဓာ စွမ်းအားသည် သူ၏ အဓိက အားသာချက်ဖြစ်၍ ဟွမ်းစန်း ခန္ဓာကိုယ်အား ရရှိနိုင်မှုသည် လွယ်ကူသည်။

သို့သော်လည်း သူ၏ စိတ်ဝိညာဉ်အား ယင်းယွမ်သို့ ပြောင်းလဲရခြင်းသည် အနည်းငယ် စိန်ခေါ်မှုရှိ၍ နားလည်မှုနှင့် စုဆောင်းမှုများ ပို၍ လိုအပ်ပေသည်။

ဟွမ်စန်းနှင့် ယင်းယွမ်တို့ အကြားမှ မျှခြေမညီခြင်းကြောင့် သူက အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ တက်လှမ်းခဲ့လျှင် ပြီးပြည့်စုံနေမည် မဟုတ်ချေ။

ထို့ကြောင့် သူသည် နောင်တွင် နောင်တမရရစေရန် သူ၏ ဟွမ်စန်းခန္ဓာကိုယ် ကျင့်ကြံမှုအား ဖိနှိပ်ထား၍ ယင်းယွမ်ခန္ဓာကိုယ်ကို ပိုမို နားလည်စေရန် ကျင့်ကြံနေပြီး ဟွမ်စန်း ခန္ဓာကိုယ်နှင့် မျှခြေညီနိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

မဟာကောင်းကင် တာအိုကျမ်းစာမှ သူ၏ကိုယ်ပိုင် နားလည်မှုများနှင့် ရှေးဟောင်းစေတန် ကျမ်းစာတို့အား ပူးပေါင်းခဲ့ရာ ကောင်းကင်နှင့် မြေကြီးတို့အကြားမှ သဘောတရားများကို ပိုမို နက်ရှိုင်းစွာ နားလည်နိုင်ခဲ့ပြီး နောက်ဆုံးခြေလှမ်းကို လှမ်းနိုင်ခဲ့သည်။

ထိုအချိန်တွင် ဇူရီသည် ပြောင်းလဲမှု လမ်းစဉ်နှင့်
အသွင်သဏ္ဍာန် အားလုံးပြန်လာခြင်း
မှော်ကျိန်စာကို အသုံးပြုကာ အင်မော်တယ်
နဂါးမြို့တော်ကို ဆက်လက် ရှာဖွေနေခဲ့သည်။

သူ၏ တည်ငြိမ်နေသော အမူအရာအောက်တွင်
စိတ်ပျက်နေသော အမူအရာ အနည်းငယ်ကို
မြင်နိုင်ခဲ့သည်။ သူ၏ မူလခန္ဓာကိုယ်သည်
ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင်
ရှိနေသော်လည်း သူ၏ မဟာနေမင်း ကိုယ်ပွားသည်
မဟာကမ္ဘာ အတွင်းတွင် ရှိနေရာ လျှိုကြီး၏
သတင်းများကို ရရှိနိုင်ခဲ့သည်။

ဇူရီသည် လျှိုကြီး၏ ရွေးချယ်မှုနှင့် ပတ်သတ်၍
မည်ကဲ့သို့ စဉ်းစားရမည်ကို အမှန်ပင် မသိနေခဲ့ချေ။

"အာ" ဇူရီသည် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ခါနေရင်း နှလုံးခုန် တစ်ချက် မှားသွားခဲ့သည်။ သူ၏ မျက်လုံးအစုံသည် တောက်ပလာ၍ သူ၏ ခေါင်းပေါ်ရှိ ရောမ စိတ်ဝိညာဉ်လိပ်ထံမှ ရီတာအို အဆောင်လက်ဖွဲ့သည့် ပို၍လျှင်မြန်စွာ လည်ပတ်လာခဲ့သည်။

အဆုံးမဲ့ အမှောင်ထုအတွင်းသို့ ဆန့်တန်းနေသော မျဉ်းကြောင်းပါးများသည် စတင်၍ စုစည်းလာကာ နေရာတစ်ခုသို့ ညွှန်ပြနေသော မျဉ်းကြောင်းတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိုမျဉ်းကြောင်းများသည် နောက်ဆုံးတွင် တစ်ခုတည်း ဖြစ်သွားခဲ့ကာ စိတ်ဝိညာဉ်လိပ်၏

မျက်လုံးများသည် လင်းလက်နေသော
အလင်းတန်းတစ်ခုဖြင့် တောက်ပလာသည်။

ထိုမျဉ်းကြောင်းသည် ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားကာ စိတ်ဝိညာဉ်လိပ်၏
မျက်လုံးအတွင်းမှ အလင်းတန်းသည်
မယုံနိုင်အောင် တောက်ပလာ၍ အဝေးသို့
ဆန့်တန်းသွားခဲ့သည်။

ရောမ စိတ်ဝိညာဉ်လိပ်သည် ဟင်းလင်းပြင်
စစ်တလင်း အတွင်းမှ တွန့်လိမ်နေသော
လေဟာနယ် အချိန်ကာလ၏
အကျိုးသက်ရောက်မှုကို ခံခဲ့ရသော်လည်း
ထိုအလင်းတန်းသည် မြွေတစ်ကောင်ကဲ့သို့

တွန့်ကာလိမ်ကာဖြင့် အဝေးသို့
ဆန့်တန်းသွားနိုင်ခဲ့သည်။

ထိုအရာကို ကြည့်နေရင်း ဇူရီ၏ စိတ်ခံစားချက်များက
တက်ကြွလာခဲ့သည်။ ဟီဂန် ရွှေရောင်တံတားသည်
ကျယ်ပြန့်လှသော သက်တန့်တစ်ခုအလား
ကောင်းကင်ပေါ်သို့ တက်သွားကာ
စိတ်ဝိညာဉ်လိပ်၏ မျက်လုံးအတွင်းမှ
အလင်းတန်းအနောက်သို့ လိုက်သွားခဲ့သည်။

သူသည် ဟင်းလင်းပြင် မုန်တိုင်းတစ်သုတ်အား
အားသုံး၍ ချိုးဖောက်သွား၍ လေဟာနယ်
အလွှာများစွာတို့အား ဖြတ်ကျော်လာအပြီးတွင်
ဟင်းလင်းပြင် အတွင်း၌ ချက်ချင်း ရပ်တန့်ခဲ့သည်။

ခဏအကြာတွင် ဇူရီသည် သူ၏ စင်စစ်
ဖြစ်တည်မှုကို ဖော်ပြလိုက်၍ ပေသုံးဆယ်ခန့်
မြင့်မားသည့် သူ၏ ပုံရိပ်သည် ဟီဂန်
ရွှေရောင်တံတား အပေါ်တွင် ရပ်နေပြီး
သူ၏ခေါင်းပေါ်မှ ရောမ စိတ်ဝိညာဉ်လိပ်၏
အလင်းတန်း ပုံရိပ်က ပျောက်ကွယ်သွားသည်။
ကျန်နေခဲ့သည်မှာ ကြီးမားလှသော ရီတာအို
အဆောင်လက်ဖွဲ့သာ ဖြစ်သည်။

ရီတာအို အဆောင်လက်ဖွဲ့သည်
ကောင်းကင်အတွင်း၌ လည်ပတ်နေကာ ဇူရီ၏
မျက်လုံးများ အရှေ့မှ မြင်ကွင်းများက
ပြောင်းသွားခဲ့၍ မဆုံးနိုင်သော အမှောင်ထုများ
အကြားတွင် အဆုံးမဲ့ မြူခိုးငွေ့များက
လွင့်မျောလာခဲ့သည်။

ထိုမြူခိုးငွေ့များ အကြားတွင် တောက်ပနေသော အလင်းတန်းများ ရှိနေကာ ရီတာအို အဆောင်လက်ဖွဲ့သည် ဆက်လက် လည်ပတ်နေရင်း လင်းလက်လာခဲ့သည်။

တောက်ပလှသော အလင်းတန်းများ ပိုမို ပေါ်ပေါက်လာ၍ မြူခိုးငွေ့များက ဖြည်းဖြည်းချင်း လွင့်ပြယ် ပျောက်ကွယ်သွားခဲ့သည်။ အလင်းတန်းများသည် အချင်းချင်း ယှက်သန်းသွား၍ မြူခိုးငွေ့များကို ဖြတ်တောက်ခဲ့ကာ မြူခိုးငွေ့များ အကြားတွင် ကွယ်ဝှက်ထားသော အရာကို နောက်ဆုံးတွင် ဖော်ပြနိုင်ခဲ့သည်။

ထိုနေရာတွင် အဆုံးမဲ့ ဆန့်တန်းနေသော
ကျယ်ပြန့်လှသည့် မြို့ရိုးတစ်ခု ရှိနေကာ
အစွန်းနှစ်ဘက်တို့သည် ဟင်းလင်းပြင် အတွင်းသို့
မမြင်နိုင်သည်အထိ ဆန့်တန်းသွားခဲ့သည်။

မြို့ရိုးသည် အလွန်ကို ရှည်လျားလှ၍
မည်သည့်အထိ ကျယ်ပြန့်နေမှန်း မသိနိုင်ခဲ့ပေ။
သို့သော်လည်း ထိုမြို့ရိုး၏ အလျားသည်
ဟင်းလင်းပြင်အား ခန့်မှန်း တွက်ချက်၍
ရနိုင်သကဲ့သို့ ထင်နေရစေခဲ့သည်။

ဤအရာသည် မဟာချင် အင်ပါယာ၏
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သည့်
အင်မော်တယ် နဂါးမြို့တော်ပင် ဖြစ်သည်။

ကျယ်ပြန့်လှသော မြို့ရိုးသည် ဤအချိန်တွင် အသက်ကင်းမဲ့နေသကဲ့သို့ ဖြစ်နေ၍ ယခင်က ခမ်းနားထည်ဝါလှသော ဂုဏ်ကျက်သရေများ ဆုံးရှုံးသွားသည်ဟု ထင်နေရကာ အဆုံးမဲ့ အိပ်စက်ခြင်း သံသရာအတွင်းတွင် ပိတ်လှောင်ခြင်းခံနေရသကဲ့သို့ ဖြစ်နေသည်။

ဇူရီသည် သူ၏အရှေ့မှ အဆုံးမဲ့ မြို့ရိုးအား ကြည့်လိုက်ပြီး သူ၏ မျက်လုံးအစုံက တောက်ပလာသည်။ "လက်စသတ်တော့ ဒီလိုကိုး... ဒီပြောင်းလဲမှုကို ရှီယုတောင်မှ ခန့်မှန်းနိုင်ခဲ့မှာ မဟုတ်ဘူး"

ရီတာအို အဆောင်လက်ဖွဲ့သည် ကွယ်ပျောက်သွား၍ ဇူရီသည် သူ၏ စင်စစ်

ဖြစ်တည်မှုအား ရုပ်သိမ်းလိုက်သည်။ သူ၏ မျက်လုံးများ အရှေ့မှ မြင်ကွင်းသည် ထပ်ဖန်တစ်ခါ ပြောင်းလဲသွား၍ ဟင်းလင်းပြင်၏ အဆုံးမဲ့ အမှောင်ထုက ပြန်လည် ပေါ်ပေါက်လာခဲ့သည်။ သူ၏ အရှေ့မှ ဟင်းလင်းပြင် အတွင်းတွင် ဘာမှမရှိသကဲ့သို့ ထင်နေရသည်။

ဇူရီသည် သူ၏ မျက်နှာပြင်ပေါ်တွင် အရောင်ငါးမျိုး နဂါးပုံစံများကို ရေးထွင်းထား၍ အလယ်တွင် 'ချင်'ဟူသော စကားလုံးကို ခတ်နှိပ်ထားသည့် တိုကင်တစ်ခုအား ထုတ်ယူလိုက်သည်။

ဤအရာသည် သူဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ မဝင်ခင်က ရှီကျုံးမောင် သူ့ကို ပေးထားသော ရတနာတစ်ခု ဖြစ်သည်။

သူတို့၏ အချိန်းအချက်များ အရ ဤတိုကင်အား အသုံးပြုလိုက်လျှင် မဟာချင် အင်ပါယာမှ ကျင့်ကြံသူများသည် ဤနေရာသို့ လာနိုင်ခဲ့မည် ဖြစ်သည်။ သူတို့သည် အင်မော်တယ် နဂါးမြို့တော်အား ရယူနိုင်ရန် စွမ်းဆောင်နိုင်မည်လော ဟူသည်မှာ သူတို့၏ ကိုယ်ပိုင်စွမ်းရည်များ အပေါ်တွင် မူတည်နေ၏။

ဇူရီသည် သူ၏ မှော်စွမ်းအင်နှင့် အသိစိတ်တို့အား တိုကင်၏ အရောင်ငါးမျိုး နဂါးပုံစံများ အတွင်းသို့ ထည့်သွင်းလိုက်သည်။ တိုကင်သည် ချက်ချင်းပြင် တောက်ပစွာဖြင့် လင်းလက်လာကာ ဧကရာဇ် တစ်ပါး၏ တော်ဝင် အရှိန်အဝါများကို ထုတ်လွှတ်လိုက်လေသည်။

အနီ၊ အဝါ၊ အစိမ်း၊ အနက်နှင့် အဖြူရောင် အလင်းတန်း နဂါးများသည် ထိုအလင်းတန်းများ အကြားတွင် ကောင်းကင်ပေါ်သို့ ထိုးတက်လာ၍ အနက်ရောင် ဟင်းလင်းပြင် အကြားတွင် ဝဲပျံနေကြပြီး သူတို့အတွင်းတွင် ရှီကျုံးမောင်၏ အသံကို ကြားနိုင်ခဲ့သည်။ "ကျေးဇူးတင်ပါတယ်… ဇူရီ"

ရှီကျုံးထန်းသည် မဟာချင် အင်ပါယာ၏ ကေရာဇ် အသစ်ဖြစ်၍ ရှီးလင်မြို့တွင် နေနေရကာ မလိုအပ်ပါက ပြင်ပသို့ ကိုယ်တိုင်ထွက်လေ့ မရှိပေ။ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ လာခဲ့သော မဟာချင် အင်ပါယာမှ ကျင့်ကြံသူများကို ဦးဆောင်လာခဲ့သူမှာ အင်မော်တယ် ဝိညာဉ်

တတိယ အဆင့်မှ အကြီးအကဲ ဖြစ်သူ
ကန်းယန်မင်းသား ရှီကျုံးမောင်ပင် ဖြစ်သည်။

ဇူရီသည် လက်နှစ်ဘက်ကို ကျောနောက်တွင်
ပစ်ထားကာ ထိုတိုကင်အား တိတ်ဆိတ်စွာဖြင့်
ကြည့်နေခဲ့သည်။ သူသည် ဟီဂန် ရွှေရောင်တံတား
အပေါ်တွင် မလှုပ်ရှားခဲ့ပဲ သူတို့အား
စိတ်ရှည်လက်ရှည်ဖြင့် စောင့်နေခဲ့သည်။

သူ့အရှေ့မှ မှောင်မိုက်နေသော ဟင်းလင်းပြင်သည်
ယခင်ကဲ့သို့ပင် ကြောက်မက်ဖွယ်ရာ ငြိမ်သက်နေ၍
နယ်နိမိတ်များ မရှိဟူ၍ ထင်နေရသည်။

ရှိထျုန်းဟောင်၏ မျက်လုံးအစုံမှာ မှိတ်နေ၍
သူ့ဘေးမှ မည်သည့်အရာကိုမှ မကြားခဲ့ရသကဲ့သို့
တင်ပလ္လင်ခွေ ထိုင်နေဆဲသာ ရှိသေးသည်။

အချိန်များ ကြာလာသည်နှင့် အမျှ မဟာချင်
အင်ပါယာမှ ကျင့်ကြံသူများ
မရောက်လာသေးခင်တွင် ဇူရီ၏ အရှေ့မှ
အနက်ရောင် ဟင်းလင်းပြင်သည် စတင်၍
ပြင်းထန်စွာနှင့် တုန်ခါလာသည်။

လေဟာနယ်သည် ကွဲဟသွား၍ ဟင်းလင်းပြင်
အတွင်းတွင် ရောမ အက်ကွဲကြောင်းများ ပေါ်လာပြီး
အတွင်းမှနေ၍ ရွှေရောင်အလင်းတန်း များ
လင်းလက်လာခဲ့သည်။ ထိုအလင်းတန်းများသည်
အဆုံးမဲ့ မြို့ရိုးများမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

မြို့ရိုးကိုယ်တိုင်က ဘာမှ မလုပ်ခဲ့သော်လည်း
ရွှေရောင် အလင်းတန်းများ အဆက်မပြတ်
ထိုးတက်လာကာ မှောင်မိုက်နေသော ဟင်းလင်းပြင်
စစ်တလင်းအား လင်းလက်စေခဲ့သည်။

မယုံနိုင်အောင် အစွမ်းထက်သည့် ဖြစ်တည်မှု
တစ်ခုက နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ
နိုးထလာပြီး သူ၏ မျက်လုံးများကို ဖွင့်လိုက်ကာ
ကမ္ဘာကြီးအား စိုက်ကြည့်နေသကဲ့သို့ ဖြစ်သည်။

အချိန်ကြာမြင့်စွာ အိပ်မောကျနေသော
အင်မော်တယ် နဂါးမြို့တော်သည် ရုတ်တရက်
တောက်ပလှသော အလင်းတန်းများဖြင့်

လင်းလက်လာကာ ကြီးမားလှသော စွမ်းအားများကို အပြည့်အဝ ဖော်ပြခဲ့သည်။

ဇူရီသည် တိတ်ဆိတ်စွာဖြင့် စောင့်ကြည့်နေပြီး သူ၏ဘေးမှ မျက်လုံးများကို ပိတ်ထားခဲ့သော ရှီထျန်းဟောင်သည် ရုတ်တရက် သူ၏ မျက်လုံးများကို ဖွင့်လိုက်သည်။ သူ၏အကြည့်သည် လျှပ်စီးတစ်တန်းကဲ့သို့ အင်မော်တယ် နဂါးမြို့တော်၏ အပေါ်သို့ ကျရောက်သွားလေသည်။

သူသည် ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရပ်နေရင်း သူ၏ ခေါင်းပေါ်တွင် လည်ပတ်နေသော ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာခဲ့သည်။

## စာစဉ် ၇၀ : အပိုင်း ၁

## အပိုင်း ၁၃၅၁ : မမျှော်လင့်ထားသော အခြေအနေ တစ်ခု

ရှီထျန်းဟောင်သည် ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရပ်နေကာ အင်မော်တယ် နဂါးမြို့တော်အား စိုက်ကြည့်နေရင်း သူ၏ မျက်လုံးများသည် နတ်ဘုရား အလင်းတန်း အမြောက်အမြားတို့ဖြင့် လင်းလက်လာသည်။

သူ၏ ခန္ဓာကိုယ်သည် ရုပ်ကိုယ်ခန္ဓာ အသွေးအသားနှင့် အင်မော်တယ်

ဝိညာဉ်ကိုယ်ပွားဖြစ်သော ကမ္ဘာဦး ထိုက်ကျိရုပ်ပုံတို့ အကြားတွင် ပြောင်းလဲနေသည်။

သူသည် အသက်စွမ်းအင်များ၊ ဖန်ဆင်းမှု အားလုံးတို့၏ စွမ်းအားများဖြင့် ပြည့်ဝနေ၍ ထိုစွမ်းအားများသည် ကမ္ဘာဦး ကာလအစမှ အရာအားလုံးတို့ မသေမချာ မရေမရာ ဖြစ်နေသကဲ့သို့ ယှက်သန်းနေသော်လည်း သီးသန့်ဖြစ်နေ၍ လေထုအတွင်းတွင် အဆက်မပြတ် လှုပ်ရှားနေခဲ့သည်။

ထိုစွမ်းအား နှစ်မျိုးတို့သည် တစ်ချိန်တွင် ပြီးပြည့်စုံစွာ ပေါင်းစည်းသွား၍ မျှခြေ ညီသွားကြသော်လည်း ခဏအကြာတွင် သိသာကွဲပြားစွာဖြင့် သီးသန့် ဖြစ်သွားကြသည်။

ရှိထျန်းဟောင်သည် အင်မော်တယ် နဂါးမြို့တော်အား စိုက်ကြည့်နေသည့် အချိန်တွင် ထိုအင်အားစု နှစ်မျိုးတို့သည် တစ်မျိုးနှင့် တစ်မျိုးအကြားတွင် ပြောင်းလဲနေခဲ့သည်။ သူ၏ မျက်လုံးများ အတွင်းတွင် အနည်းငယ် စိတ်ရှုပ်ထွေးမှုများနှင့် သဘောပေါက်မှုများ ပေါ်လာခဲ့ကာ သူ၏ အကြည့်သည့် တဖြည်းဖြည်းနှင့် ပို၍ တောက်ပ ကြည်လင်လာခဲ့သည်။

သူ၏ခေါင်းပေါ်တွင် ကောင်းကင်ပေါ်မှ မြို့တော်သည် လင်းလက်နေကာ ကျယ်ပြန့်လှသော မြို့တော်သည် ကမ္ဘာကြီးအား ဖုံးလွှမ်းသွား၍ စတင်၍ ပြောင်းလဲလာခဲ့သည်။ နတ်ဗိုလ်ချုပ်

၁၂ပါးတို့၏ ပုံစံပေါ်လာကာ သူတို့အနားမှ
ဟင်းလင်းပြင် တစ်ခုလုံးအား တုန်ခါစေခဲ့သည်။

ကောင်းကင်ပေါ်မှ မြို့တော်၏ ရုပ်ပုံစံနှင့်
နတ်ဗိုလ်ချုပ် ၁၂ပါးတို့၏ စိတ်ဝိညာဉ် ပုံစံတို့သည်
အချင်းချင်း အကြား၌ အဆက်မပြတ်
ပြောင်းလဲနေခဲ့သည်။

ဇူရီသည် ဆက်လက် ကြည့်နေရင်း သူ၏
မျက်လုံးများမှ ရီတာအို အဆောင်လက်ဖွဲ့သည်
လင်းလက်လာ၍ ဖွဖွလေး ပြုံးလိုက်သည်။

ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာအပြင်
အင်မော်တယ် နဂါးမြို့တော် အတွင်းတွင်

ဖြစ်ပျက်နေသော ပြောင်းလဲမှုများသည်
ရှီထျန်းဟောင်၏ နောက်ဆုံး အတားအဆီးများကို
ချိုးဖျက်နိုင်ရန် ဒုတိယမြောက် အခွင့်ကောင်းဖြစ်၍
ခေတ်နှစ်ပါး ဖန်ဆင်းခြင်း လမ်းကြောင်းကို
ဆက်လျှောက်နေရင်း ပြီးပြည့်စုံသော စင်စစ်
ဖြစ်တည်မှုအား ဖန်ဆင်းနိုင်ရန် ကြိုးစားနေခဲ့သည်။

အင်မော်တယ် နဂါးမြို့တော် အတွင်းမှ
ဖြစ်ပျက်နေသော ပြောင်းလဲမှုများသည်
ရှီထျန်းဟောင်၏ လက်ရှိ အခြေအနေနှင့်
အခြေခံအားဖြင့် ဆင်တူနေခဲ့သည်။ သူတို့သည်
အချင်းချင်း အပြန်အလှန် အကျိုးပြုနိုင်ခဲ့ကာ
ရှီထျန်းဟောင်သည် နောက်ဆုံးခြေလှမ်းကို
များစွာပို၍ လျင်မြန်စွာ လျှောက်လှမ်းနိုင်ခဲ့သည်။

"ဒါဟာ ဆရာက ရှီထျန်းဟောင်ကို ငါနဲ့အတူ ထည့်လိုက်ရခြင်းရဲ့ အကြောင်းရင်း တစ်စိတ်တစ်ပိုင်း ဖြစ်တယ်" ဇူရီက သူ့ကိုယ်သူ တွေးလိုက်၏။

သူသည် ရှီထျန်းဟောင်၏ ပြောင်းလဲမှုများကို ကြည့်နေရင်း စိတ်လှုပ်ရှားလာခဲ့သည်။ သူတို့သည် တူညီသော တာအို သဘောတရား အခြေခံများကို ကျင့်ကြံခဲ့ကြပြီး သူတို့၏ လမ်းကြောင်းများမှာ မတူညီကြသော်လည်း ယခု ဖြစ်ပျက်နေသော အရာမှ သူကလည်း အတွေးအမြင်များကို ရနိုင်ခဲ့သည်။

အထူးသဖြင့် သူသည် ဝမ်လင်း၏ ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာကို

လေ့လာအပြီးတွင် ဖြစ်၏။ သူ၏ စိတ်သည် ယခင်ကထက် များစွာ သွက်လက်လာ၍ သူ၏ အတွေးများသည် ပို၍ ချောမွေ့လာကာ သူယခင်က အတွေးမပေါက်ခဲ့သော အရာများသည် ယခုအချိန်တွင် ရှင်းလင်းပြတ်သားလာခဲ့သည်။

ဟင်းလင်းပြင် အတွင်းမှ အင်မော်တယ် နဂါးမြို့တော်သည် ရှီထျန်းဟောင်နှင့် ဇူရီတို့၏ မျက်စိအောက်တွင် ဟင်းလင်းပြင်၏ အက်ကွဲကြောင်း အတွင်းမှ ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်။ သူ၏ ရောမ အရွယ်အစားကြောင့် ဟင်းလင်းပြင် တစ်ခုလုံးက ပြည့်သွားလုမတတ် ထင်နေရသည်။

ရောမ မြို့နံရံ၏ မျက်နှာပြင်သည်
မျက်စိကျိန်းလုမတတ် ရွှေရောင်အလင်းတန်းများ
အပြင် ရှည်လျားသော အချိန်မြစ်ရေကဲ့သို့
ဝေဝါးနေသော အလင်းတန်း တစ်လွှာဖြင့်လည်း
လင်းလက်နေသည်။

တစ်ယောက်သည် ထိုအလင်းတန်းအား
လေ့လာနေလျှင်ပင် သူ့အတွင်းတွင် ရှိနေသော
အချိန်ကာလ ဖြတ်သန်းမှုကို သိနိုင်ရန် ခက်ခဲသည်။
သူ့အား သာမန်သာ ကြည့်လိုက်လျှင်
အချိန်မြစ်ရေသည် လုံးဝ မလှုပ်ရှားပဲ အေးခဲနေ၍
အချိန်သည် လုံးဝ ရပ်တန့်နေသကဲ့သို့
ထင်နေရသည်။

သို့သော်လည်း အနီးကပ် အသေအချာ
ကြည့်လိုက်လျှင် လုံးဝကို ကွဲပြားခြားနားပေသည်။
တစ်လက်မတိုင်း၊ မျဉ်းကြောင်း တစ်ခုတိုင်း၊
အမှုန်တစ်ခုတိုင်းသည် အရှိန်အဟုန် ပြင်းစွာဖြင့်
နောက်ပြန်မလှည့်တမ်း စီးဆင်းနေကာ
အဆက်မပြတ် ပြောင်းလဲနေသည်ဟု
ထင်နေရသည်။

အချိန်ကြာကြာ ပို၍ စိုက်ကြည့်နေလျှင် ပိုမို
နက်ရှိုင်းစွာ နားလည်လာမည် ဖြစ်သည်။
အချိန်မြစ်ရေသည် လုံးဝ မလှုပ်ရှားပဲ
ကျယ်ပြန့်သော မြစ်သည် မလှုပ်ရှား မယိမ်းယိုင်ပဲ
ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် မည်သို့ပင်
ဖြစ်ပျက်ခဲ့ပါစေ ထာဝရ တည်မြဲနေသည်ဟု
ထင်နေရသည်။

ဝေဝါးနေသော ထိုအလင်းတန်းသည် အင်မော်တယ် နဂါးမြို့တော် အပေါ်တွင် လွှမ်းခြုံထား၍ မြို့ရိုးသည် အချိန်မြစ်ရေ ကိုယ်တိုင်နှင့် တူနေသည်။ သူသည် အကဲခတ်ရန် မဖြစ်နိုင်ပဲ အဆုံးမဲ့နေကာ ထာဝရဟု ထင်နေရသော်လည်း တစ်ခဏသာ တည်ရှိနေသည်ဟု ထင်နေရသည်။

အချိန်မြစ်ရေသည် မြို့ရိုးအပေါ်တွင် စီးဆင်းနေရင်း အသိစိတ် တစ်ခုက ဖြည်းဖြည်းချင်း နိုးထလာကာ ပို၍ပို၍ ကြည်လင် ပြတ်သားလာခဲ့သည်။

ရှီထျန်းဟောင်သည် အချိန်မြစ်ရေ၏ စွမ်းအား သဘောတရားများကို အသေးစိတ် မလေ့လာခဲ့ပေ။ သူ့တွင် ထိုကဲ့သို့ သဘောတရားများကို

လေ့လာနေလိုလျှင် လင်းဖုန်း၏
ကောင်းကင်အစွန်းရောက် စကြဝဠာ အလင်းတန်း
ရှိနေသည်။

သူ၏ အာရုံများ အားလုံးကို အချိန်မြစ်ရေ၏
လွှမ်းခြုံမှုအောက်တွင် အင်မော်တယ်
နဂါးမြို့တော်၏ နက်ရှိုင်းသော အတွင်းပိုင်းမှ
ဖြည်းဖြည်းချင်း နိုးထလာသော ကျယ်ပြန့်လှသည့်
အသိစိတ် အပေါ်တွင် စူးစိုက်ထားခဲ့သည်။

ထိုအသိစိတ် ပြန်လည် နိုးထလာသည်နှင့်
အင်မော်တယ် နဂါးမြို့တော်၏ စွမ်းအားများသည်
ပြန်လည်တိုးတက်လာ၍ ပြောင်းလဲမှု
များစွာတို့ကလည်း ဖြစ်ပျက်နေသည်ဟု သူက
ခံစားနေရသည်။

ရှိထျန်းဟောင်သည် ခဏအကြာတွင် အင်မော်တယ် နဂါးမြို့တော်အား စိုက်ကြည့်နေရင်း ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရုတ်တရက် တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။ သို့သော်လည်း သူ၏ ခန္ဓာကိုယ် အတွင်းမှ ပြောင်းလဲမှုများသည် ပို၍ သိသာထင်ရှားလာခဲ့သည်။

သူ၏ ရုပ်ကိုယ်ခန္ဓာနှင့် အင်မော်တယ် ဝိညာဉ်ကိုယ်ပွားတို့အား အဆင့်နှစ်မျိုး လည်ပတ်ခြင်း နတ်ကျောက်တုံးကို အသုံးပြုကာ တစ်ခုတည်း အနေသို့ ပြောင်းလဲထားနိုင်ခဲ့သလို ထိုကျောက်တုံးဖြင့် စိတ်ကြိုက် ပြန်လည် ခွဲခြား၍လည်း ရသည်။ ယခုအချိန်တွင် ထိုပုံစံ

နှစ်မျိုးတို့သည် အချင်းချင်း စတင်၍
ကွဲပြားလာခဲ့သည်။

သူ၏ ရုပ်ကိုယ်ခန္ဓာသည် ဟီဂန် ရွှေရောင်တံတား
အပေါ်တွင် ထိုင်နေသည်။ ကမ္ဘာဦးကျကာ
အထီးကျန်သည့် အရှိန်အဝါ တစ်ခုသည်
ရှိထျန်းဟောင်အား လွှမ်းခြုံသွား၍ သူ၏
အသွေးအသားများသည် ရှေးကျသော ကမ္ဘာဦး
စကြာဝဠာ အလား အသွင်ပြောင်းသွားသည်။

သို့တိုင်အောင် ကစဉ့်ကလျားကျသော
အထီးကျန်မှုများ အတွင်းမှ သန်စွမ်းသော
အသက်စွမ်းအင်များသည် မြေအောက်တွင်
အမြှုပ်နှံခံခဲ့ရရာမှ အချိန်မရွေး
ပေါက်ကွဲထွက်လာတော့မည်ကဲ့သို့ ဖြစ်နေသည်။

သူသည် စကြာဝဠာ၏ ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်းတို့အား ကိုယ်စားပြုနေသည့် သံသရာကဲ့သို့ ဖြစ်နေခဲ့သည်။

နတ်ဗိုလ်ချုပ် ၁၂ပါးတို့၏ စိတ်ဝိညာဉ် ပုံစံများကလည်း ရွှေရောင်ပုံရိပ်တို့၏ ရုပ်ပုံစံတို့နှင့် အပြန်အလှန် ပြောင်းလဲနေကြ၏။

အခြားတစ်ဘက်မှ ရှီထျန်းဟောင်၏ ကမ္ဘာဦး ထိုက်ကျိရုပ်ပုံထံမှ သန်စွမ်း၍ အားကောင်းသော အသက်စွမ်းအင်များက ပေါက်ကွဲလာကြသည်။ လွင်တီးခေါင် ကျနေသော စကြာဝဠာကြီးက တိုးတက် ထွန်းကားနေသည့် ကြမ္ဘာပန်းတိုင်

ကမ္ဘာတစ်ခု အဖြစ်သို့ ပြောင်းသွားသကဲ့သို့ ထင်နေရသည်။

ကြမ္မာပန်းတိုင်သည် လွန်စွာ တိုးတက်လာအပြီးတွင် နောက်ဆုံးပန်းတိုင် လမ်းကြောင်းထံသို့ လျှောက်လှမ်းသွားရမည် ဖြစ်သည်။ အဆုံးသတ်တွင် ကမ္ဘာသစ် တစ်ခုကို ဖန်တီးနိုင်မည် ဖြစ်၍ နောက်ဆုံး ပန်းတိုင်ကလည်း အစ ပြန်ဖြစ်လာမည် ဖြစ်သည်။

ရှီထျန်းဟောင်၏ ထိုက်ကျိရုပ်ပုံအား ကောင်းကင်တွင် ချိတ်ဆွဲထား၍ ကျယ်ပြန့်လှသော ကောင်းကင်ပေါ်မှ မြို့တော်သည် သူ၏ ခေါင်းအပေါ်တွင် လွင့်မျောနေသည်။ သူသည် အပျက်အစီးများနှင့် ပြည့်နေသော်လည်း

သူ့အတွင်းတွင် ပါနေသော ကြီးမားလှသည့် စွမ်းအားများသည် လူတိုင်း၏ နှလုံးသား အတွင်းတွင် ကြောက်ရွံ့မှုများကို ဖြစ်စေနိုင်ရန် လုံလောက်ပေသည်။

ကြီးမားလှသော ထိုမြို့တော်သည် နောက်ထပ် စိတ်ဝိညာဉ် မြို့တော်တစ်ခုနှင့် ကူးလူး ဆက်ဆံနေကာ အဆက်မပြတ် အသွင်ပြောင်းလဲနေကြသည်။

တောက်ပနေသော မြို့တော်သည် စိတ်ဝိညာဉ် ခန္ဓာကိုယ် တစ်ခုနှင့် တူနေ၍ လူအများသည် ကောင်းကင်အတွင်းမှ မြို့တော်ထံမှ လာသော ကမ္ဘာတစ်ခုလုံးအား အုပ်စိုးနိုင်သည့် ကြီးစိုး လွှမ်းမိုးနိုင်သည့် အရှိန်အဝါများကို မခံစားခဲ့ရပေ။

တောက်ပနေသော မြို့တော်သည် ယခင်ကဲ့သို့ သာမန်သာ ထင်နေရ၍ ထူးခြားသော မည်သည့် အရိုန်အဝါကိုမှ မထုတ်လွှတ်နေခဲ့ပေ။

သို့သော်လည်း တောက်ပနေသော မြို့တော်သည် ဇူရီ၏ မျက်လုံးများ အတွင်းသို့ ကျရောက်လာသော အခါ ကြယ်စင် ကောင်းကင်တစ်လျှောက် ပျံ့နှံ့နေကာ ကမ္ဘာအဆုံးတိုင်အောင် ဆန့်တန်းသွားသော ထူးခြားဆန်းကြယ်သည့် အင်အားတစ်ခုကို ခံစားခဲ့ရသည်။

ကောင်းကင်ပေါ်မှ မြို့တော်နှင့် တောက်ပနေသော မြို့တော်သည် ရှီထျန်းဟောင်၏ အင်မော်တယ် ဝိညာဉ်နှင့် ယှက်သန်းနေ၍ သက်ရှိတို့၏

စွမ်းအားများနှင့် ကမ္ဘာဦး အစတို့က အချင်းချင်း ဆက်ဆံနေသကဲ့သို့ ဖြစ်နေသည်။

ရှိထျုန်းဟောင်၏ အင်မော်တယ်ဝိညာဥ်နှင့် ရုပ်ကိုယ်ခန္ဓာတို့သည် ဤအချိန်တွင် ကွဲပြားနေကြသည်။ သူတို့သည့် သီးသန့်ဖြစ်နေသကဲ့သို့ ဖြစ်နေကြသော်လည်း ထူးခြားဆန်းကြယ်သော ဆက်စပ်မှုများ ရှိနေသကဲ့သို့ ဖြစ်နေသည်။ သူတို့သည် သီးခြား ဆက်သွယ်နေကြသော်လည်း တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းထားသကဲ့သို့ ဖြစ်သည်။

ကောင်းကင်ပေါ်မှ မြို့တော်သည် နတ်ကောင်းကင် ဝင်္ကပါနှင့် အကြားအစပ် မရှိပဲ ဆက်သွယ်ထားသကဲ့သို့ ဖြစ်နေပြီး

ရှေးဟောင်းခေတ်မှ စတင်၍ အချိန်ကာလ ကြာမြင့်စွာ အတူတကွ တည်ရှိနိုင်သကဲ့သို့ ဖြစ်နေသည်။ သို့သော်လည်း ယခုအချိန်တွင် သူတို့ နှစ်ခုစလုံးသည် ထူးခြားဆန်းကြယ်သော အသွင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာ၍ ကွဲပြားသွားနေသကဲ့သို့ ဖြစ်နေကြသည်။

သူတို့သည် ရုပ်ပိုင်းဆိုင်ရာ အရ ကွဲပြားနေကြသော်လည်း သူတို့၏ ဆက်သွယ်မှုသည် ရှီထျန်းဟောင်၏ ကိုယ်ပိုင် ခန္ဓာကိုယ်ကဲ့သို့ နီးစပ်စွာ ဆက်သွယ်ထားနေကြသကဲ့သို့ ဖြစ်နေသည်။

ဇူရီသည် ရှီထျန်းဟောင်အား စောင့်ကြည့်နေရင်း သူ၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး

တစ်ခုပေါ်လာသည်။ "ကြည့်ရတာ
ပြီးမြောက်တော့မယ် ထင်တယ်"

ရှီထျန်းဟောင်သည် အဆက်မပြတ် ပြောင်းလဲမှုများ
ဖြစ်ပေါ်နေ၍ အန္တရာယ်များဖြင့် ပြည့်နေသော
ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ရှိနေသည်။
နဂါး မျိုးနွယ်စုများမှ အစွမ်းထက်သော
ကျင့်ကြံသူများ အချိန်မရွေး
ပေါ်လာနိုင်နေသော်လည်း ရှီထျန်းဟောင် အနေဖြင့်
တစ်စက္ကန့်လေးမျှ ချီတုံချတုံ မဖြစ်နေခဲ့ပေ။

သူသည် ဤကဲ့သို့သော အန္တရာယ် ကြီးမားသည့်
အခြေအနေအောက်တွင်ပင် အင်မော်တယ်ဝိညာဉ်
ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ရန်
ကြိုးစားနေခဲ့လေသည်။

ဇူရီသည် သူ၏ ဆုံးဖြတ်ချက်ကို အငြင်းမပွားခဲ့ပဲ ဟီဂန် ရွှေရောင်တံတား အပေါ်တွင်သာ သူ၏ ဂျူနီယာလေးဘေး၌ ရပ်နေခဲ့သည်။ သူသည် အင်မော်တယ် နဂါးမြို့တော်အား စိုက်ကြည့်နေကာ ရှီထျန်းဟောင်အား ကာကွယ်ရန် မှော်ကျိန်စာများကို ငြိမ်သက်စွာဖြင့် ဖော်ထုတ်နေခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်း၏ ဧရိယာဒေသအတွင်းမှ ကစဥ့်ကလျား ဖရိုဖရဲ ဖြစ်နေသော စိတ်ဝိညာဥ် စွမ်းအင်များသည် ပို၍ပို၍ အစီအစဥ် ကျနလာကာ အားလုံးတို့သည် တစ်နေရာအတွင်းသို့ စုစည်းလာကြသည်။ ထိုနေရာသည် ဟီဂန်

ရွှေရောင်တံတား အပေါ်မှ ရှီထျန်းဟောင်ထံသို့ပင် ဖြစ်သည်။

ကျယ်ပြန့်၍ လျှို့ဝှက်ဆန်းကြယ်သော မှော်စွမ်းအင်များသည် ဟင်းလင်းပြင် တစ်လျှောက် လှုပ်ရှားနေ၍ လူအများသည် ဤနေရာ၌ ထူးခြားသော တစ်စုံတစ်ခု ဖြစ်ပျက်နေမှန်းကို ရိပ်စားမိနေကြသော်လည်း အနားသို့ မကပ်ရဲခဲ့ကြပေ။

အင်မော်တယ် နဂါးမြို့တော်၏ အသိစိတ်သည် ပို၍ပို၍ ကြည်လင် ပြတ်သားလာကာ သူ၏ အရှေ့တည့်တည့်တွင် ရှိနေသော  ရှီထျန်းဟောင်၏ ပြောင်းလဲမှုများကို စတင်၍ ခံစားလာရသည်။

အားကောင်းလှသည့် အသိစိတ်သည် သူ၏ကိုယ်ပိုင် စွမ်းအားများကို အနည်းငယ် ရုပ်သိမ်းလိုက်၍ ရှီထျန်းဟောင် ပြုလုပ်နေသည့် အရာများကို အကဲခတ်နေသကဲ့သို့ ဖြစ်နေသည်။

ဇူရီကလည်း ဝင်ရောက်နှောင့်ယှက်ရန် ရည်ရွယ်ချက် မရှိခဲ့ပဲ ရှီထျန်းဟောင်နှင့် အင်မော်တယ် နဂါးမြို့တော်တို့ကိုသာ ငြိမ်သက်စွာနှင့် စောင့်ကြည့်နေခဲ့သည်။

ထိုအချိန်၌ပင် သူ၏ ရင်အတွင်း၌ လှုပ်ရှားသွားပြီး မျက်လုံးများ အရောင်တောက်လာ၍ အဝေးသို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာ၌ ဟင်းလင်းပြင်က ကွဲဟသွား၍ ခန့်ညားထည်ဝါသော ဆံပင်ဖြူနှင့် အကြီးအကဲ တစ်ယောက်က အတွင်းမှ

ထွက်လာခဲ့သည်။ ထိုသူသည် မဟာချင် အင်ပါယာမှ ကန်းယန်မင်းသား ရှီကျုံးမောင်ပင် ဖြစ်သည်။

ရှီကျုံးမောင်သည် အင်မော်တယ် နဂါးမြို့တော်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် သက်သာရာ ရစွာ သက်ပြင်းတစ်ချက် ချ၍ ဟီဂန် ရွှေရောင်တံတား အပေါ်မှ ရှီထျန်းဟောင်ကို ကြည့်လိုက်ကာကာ ဖြစ်ပေါ်နေသော ပြောင်းလဲမှုများကို အာရုံခံလိုက်သည်။

သူ၏ ရင်အတွင်းမှ တုန်ခါသွား၍ သူ့ကိုယ်သူ တွေးလိုက်သည်။ "သူ... သူက စင်စစ် ဖြစ်တည်မှုကို ဖန်ဆင်းပြီးမှ အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်ကို တက်လှမ်းနိုင်အောင် ကြိုးစားနေတာလား"

"အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်ကို ချိုးဖောက်နိုင်ဖို့ ကြိုးစားရုံနဲ့တောင် ဒီလောက်အထိ ကြီးမားတဲ့ ထကြွ လှုပ်ရှားမှုတွေကို ဖြစ်စေခဲ့တယ်…" ရှီကျုံးမောင်သည် သူ၏ခေါင်းကို ခါလိုက်သော်လည်း အကြီးအကျယ် မတုံ့ပြန်ခဲ့ပေ။

နတ်ဘုရား နယ်မြေ တစ်ခုလုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူများ အထူးသဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သူရဲကောင်း လေးဖော်တို့၏ အံ့သြဖွယ်ရာ စွမ်းဆောင်မှုများကို ထုံနေကြပြီဖြစ်သည်။

အကယ်၍ အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ချိုးဖောက်ခြင်းသည် ဤကဲ့သို့သော ထကြွ

လှုပ်ရှားမှုများကို မဖန်တီးခဲ့မှသာ ရှီကျုံးမောင်အနေဖြင့် အံ့ဩလိမ့်မည် ဖြစ်သည်။

သို့တိုင်အောင် သူသည် အံ့ဩ ချီးကျူးမှုများဖြင့် ပြည့်နေခဲ့သည်။

ရှီကျုံးမောင်သည် ဟီဂန် ရွှေရောင်တံတားအရှေ့သို့ ရောက်လာ၍ ဇူရီအား ပြောလိုက်သည်။
"ကျေးဇူးတင်ပါတယ်... ရီကျို... ဟွမ်ထျန်း ကေရာဇ်ကိုလည်း အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်ကို တက်လှမ်းသွားနိုင်ပြီး စင်စစ် ဖြစ်တည်မှုကို ဖန်တီးနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

ဇူရိက ပြန်ပြောလိုက်သည်။ "ခင်ဗျားက အားနာနေပါပြီ... ကန်းယန်မင်းသား... ကျုပ်ရဲ့ ဂျူနီယာလေးက အရေးအကြီးဆုံး အဆင့်ကို ဖြတ်သန်းနေရတဲ့ အတွက် သူအောင်မြင်ပြီးသွားမှသာ ခင်ဗျားကို လာနှုတ်ဆက်ပါမယ်"

ရှီကျုံးမောင်က သူ၏ခေါင်းကို အဆက်မပြတ် ညိတ်လိုက်သည်။ "ဒါပေါ့... ဒါပေါ့..." သူသည် စကားပြောနေရင်း အင်မော်တယ် နဂါးမြို့တော်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ထိုအရာသည် သူဤသို့ လာခဲ့ရခြင်း၏ အကြောင်းရင်း ဖြစ်၍ လက်ရှိအချိန်တွင် မဟာချင်

အင်ပါယာ၏ အရေးအကြီးဆုံး ရတနာ တစ်ပါး ဖြစ်သည်။

ကွယ်လွန်သွားသော ကေရာဇ်အား အရိုအသေ အနည်းငယ်မျှရာ ကျနေသော်လည်း မဟာချင် အင်ပါယာမှ တော်ဝင် မျိုးနွယ်စုများသည် ရှီယုကို ဆုံးရှုံးရခြင်းထက် အင်မော်တယ် နဂါးမြို့တော်အား ဆုံးရှုံးရခြင်းကို ပို၍ အလေးထားခဲ့ကြသည်။

ဇူရီ၏ အကြည့်သည်လည်း အင်မော်တယ် နဂါးမြို့တော် အပေါ်သို့ ကျရောက်သွားသည်။
"ကန်းယန်မင်းသား... ခင်ဗျားက စိတ်ထဲကနေ ကိုယ့်ကိုယ်ကိုယ် ကြိုပြီးမှ ပြင်ဆင်ထားသင့်တယ်... ခင်ဗျား မျှော်လင့်ထားတာတွေထက် ပိုမိုတဲ့ အရာတွေက ဖြစ်ပျက်ခဲ့ပြီး ကွယ်လွန်သွားတဲ့

ရှိယုကတောင် ဒီအဖြစ်ကို မျှော်မှန်းထားတဲ့ပုံ မပေါ်ဘူး"

ရှိကျုံးမောင်က အနည်းငယ် အံ့အားသင့်သွားသည်။ သူသည် အင်မော်တယ် နဂါးမြို့တော်အား အချိန်အတန်ကြာ အကဲခတ်နေပြီးမှ သူ၏ မျက်လုံးများသည် အရောင်အနည်းငယ် ကင်းမဲ့သွား၍ တီးတိုး ရေရွတ်လိုက်သည်။ "ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ"

## စာစဥ် ၇၀ : အပိုင်း ၂

## အပိုင်း ၁၃၅၂ : နဂါးတို့၏ ကျူးကျော်မှု

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်သည် ပို၍ပို၍ အစွမ်းထက်လာကြသော်လည်း မဟာချင် အင်ပါယာအား လိုက်မီရန်မှာ အတော်လေး လိုသေးသည်။

မဟာကျိုး အင်ပါယာကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ညှာတာမှုကြောင့်သာ ယခင်က စွမ်းအားများ အနည်းငယ်ကို ပြန်လည်၍ ရရှိနိုင်ခဲ့သော်လည်း သူ၏ စွမ်းအားများသည် အသူရာချောက်အတွင်းသို့ ထိုးကျသွားခဲ့သည်။

မဟာချင် အင်ပါယာသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ကြီးမားစွာ ဆုံးရှုံးခဲ့ကာ အန္တရာယ် ကြီးမားသော အခြေအနေ တစ်ခုနှင့်

ရင်ဆိုင်ခဲ့ရသော်လည်း နောက်ဆုံးတွင်
ပြန်လည်တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။

သူတို့၏ စွမ်းအားများသည်
ကျဆင်းသွားခဲ့သော်လည်း မဟာကျိုး အင်ပါယာ
အပေါ်တွင် ကြီးမားသော အားသာချက်များ
ရှိနေသည်။

အကယ်၍ မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်နှင့် မဟာကျိုး
အင်ပါယာတို့သည် မဟာမိတ် ဖွဲ့ခဲ့ပါက မဟာချင်
အင်ပါယာ အနေနှင့် မည်သည့် အကျိုးကျေးဇူးမှ
မရှိနိုင်ချေ။

သို့သော်လည်း ဤကိစ္စသည် မဟာချင်
အင်ပါယာအား ဤမျှအထိ စိတ်မလှုပ်ရှားစေခဲ့ပေ။
သူတို့အား စိုးရိမ်ပူပန်စေသည့် အဓိက
အရင်းအမြစ်မှာ နတ်ဘုရား နယ်မြေမှ ဂူကေရာဇ်၏
မျိုးဆက်များထံမှ လာခဲ့ခြင်း ဖြစ်သည်။

သူတို့သည် ရှေးဟောင်းနိုင်ငံကို တည်ထောင်ခဲ့၍
ဂူမင်းဆက်ကို ဆက်လက် တည်တံ့စေခဲ့သည်။
သူတို့အတွင်းတွင် အစွမ်းထက်သော ကျင့်ကြံသူများ
မရေမတွက်နိုင်အောင် ရှိသည့်အပြင် ကြမ္မာပန်းတိုင်
အဆင့်မှ သက်ရှည်ကြာပန်း ထိုင်ခုံရှိနေကာ
မဟာချင် အင်ပါယာ၊ မဟာကျိုး အင်ပါယာနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့အား ဖိအားများကို
ခံစားစေခဲ့သည်။

မဟာချင် အင်ပါယာသည် မဟာကျိုး အင်ပါယာ၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့နှင့် စာလျှင် ဒီရေများကို ပြောင်းပြန်လှန်နိုင်သော အခွင့်အရေးများ ပိုရှိသော်လည်း အရာအားလုံးတို့သည် အင်မော်တယ် နဂါးမြို့တော်အား ပြန်လည် ရယူနိုင်သည့် အပေါ်တွင် မူတည်နေသည်။

မဟာချင် အင်ပါယာသည် ယခုအချိန်တွင် ဤကဲ့သို့သော အခွင့်အရေးကို ရနိုင်ခဲ့သည့် အတွက် အမတန်မှ ဝမ်းမြောက်နေခဲ့သည်။ သို့သော်လည်း အမှန်တရားသည် သူတို့အား ရေအေးတစ်ပုံးဖြင့် လောင်းခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက
ရှီယုတစ်ယောက်တည်းကသာ အင်မော်တယ်
နဂါးမြို့တော်အား ကျင့်ကြံခဲ့ခြင်း မဟုတ်ပေ။
မဟာချင် အင်ပါယာ၏ အဖိုးတန်သော အရင်းအမြစ်
များစွာတို့အား သူ့အတွင်းတွင်
ထည့်သွင်းထားခဲ့သည်။

မဟာချင် အင်ပါယာ၏ ကေရာဇ် အသစ်ဖြစ်သော
ရှီကျုံးထန်းနှင့် ရှီကျုံးမောင်တို့ကလည်း
ပါဝင်ခဲ့ကြသဖြင့် သူတို့သည် အင်မော်တယ်
နဂါးမြို့တော်၏ အပေါ်တွင် အတော်လေး
နက်ရှိုင်းစွာ နားလည် သဘောပေါက်ထားကြသည်။

ရှီကျုံးမောင်သည် အင်မော်တယ် နဂါးမြို့တော်၏
စွမ်းအားနှင့် အရှိန်အဝါတို့အပြင် အသိစိတ်

လှုပ်ရှားမှုများအား အနီးကပ်
စောင့်ကြည့်နေခဲ့သဖြင့် ခြားနားမှုများကို ချက်ချင်း
သိမြင်ခဲ့သည်။ သူ၏ မျက်လုံးများသည် အနည်းငယ်
မှေးမှိန်သွား၍ ပါးစပ်အပေါင်းသားဖြင့်
အံ့သြမှင်သက်နေကာ သူ၏ဣန္ဒြေကိုပင်
မထိန်းနိုင်တော့ချေ။

အရာအားလုံးတို့သည် သူ၏
တွက်ချက်မှုအတွင်းတွင် ရှိနေခဲ့သကဲ့သို့
ဇူရီကလည်း ရှီကျုံးမောင်၏ တုံ့ပြန်မှုအား
အံ့အားမသင့်နေခဲ့ပေ။

"ရီကျိ..." ရှီကျုံးမောင်သည် သတိပြန်ဝင်လာ၍
ဇူရီဘက်သို့ လှည့်ကြည့်လိုက်ရာ ဇူရီက
သူ၏ခေါင်းကို ခါ၍ပြောလိုက်သည်။ "ကျုပ်ရော

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကပါ ဒီကိစ္စမှာ ဝင်စွက်မှာ မဟုတ်ဘူး"

ထိုစကားများကို ကြားခဲ့ရသော အခါ ရှီကျုံးမောင်၏ မျက်နှာအပေါ်တွင် ခါးသီးသော အမူအရာများ ပေါ်လာသည်။ သူ၏ မျက်ခုံးများသည် တင်းကျပ်စွာဖြင့် ကြုတ်သွား၍ သူ့အရှေ့မှ အင်မော်တယ် နဂါးမြို့တော်အား စိုက်ကြည့်နေလေသည်။

မဟာချင် အင်ပါယာမှ နာယက အကြီးအကဲသည် အသက်ပြင်းပြင်း တစ်ချက် ရှုလိုက်၍ သူ၏ မျက်လုံးများ အတွင်းတွင် လူသတ်လိုစိတ်များ ပေါ်လာသည်။ သူ၏ လက်ဝါးများကို ဖြန့်လိုက်ရာ

သူ၏လက်အတွင်း၌ အသွားလေးဘက်
အနက်ရောင် တင်းပုတ်တစ်ခု ပေါ်လာ၏။

ထိုအသွားလေးဘက် အနက်ရောင် တင်းပုတ်၏
မျက်နှာပြင်သည် ခက်ထန်လှသော
ကြောက်မက်ဖွယ်ရာ အရှိန်အဝါများဖြင့်
စီးဆင်းနေကာ သွေးစများဖြင့် လိမ်းကျံထားသကဲ့သို့
ရွှေရောင် အလင်းတန်းများဖြင့် လင်းလက်နေသည်။

ရန်လိုနေသည့် အငွေ့အသက်များမှာ
ပြင်းထန်လွန်းလှသဖြင့် ရှီကျုံးမောင်၏
အရှိန်အဝါသည် မယှုံနိုင်အောင်
ခက်ထန်ကြမ်းတမ်း၍ လူသတ်လိုစိတ်
ပြင်းထန်နေသည်။ သွေးစွမ်းအင်များ  တစ်တန်းပြီး
တစ်တန်း လွင့်ပျံသွား၍ ကောင်းကင်အတွင်းတွင်

ပျံ့နှံ့သွားပြီး နောက်ဆုံးတွင် သွေးနဂါးများ အဖြစ်သို့ ပြောင်းလဲသွားကြသည်။

ထိုသွေးနဂါးများသည် ဆိုးရွားလှ၍ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ သူတို့၏ မျက်နှာပေါ်တွင် အကြီးအကျယ် နာကျင် ခံစားနေရသကဲ့သို့ သွေးများ စီးဆင်းနေပြီး အမုန်းတရားများ၊ လက်စားချေလိုမှုများဖြင့် ပေါက်ကွဲထွက်လာကြသည်။

ဇူရီသည် ထိုအရာက မဟာချင် အင်ပါယာ၏ မဟာယာန အဆင့်မှ မှော်ရတနာဖြစ်သော နဂါးနှိမ်နင်း တင်းပုတ်ဖြစ်မှန်းကို သိလိုက်သည်။

ဤမှော်ရတနာသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ရှီကျုံးမောင်နှင့် အတူ ပါလာခဲ့ခြင်း ဖြစ်သည်။ ဤမှော်ရတနာကြောင့်သာ မဟုတ်လျှင် ရှီကျုံးမောင်သည် ယယု မဟာပဏ္ဍိတ၊ ဟုန်နင် နဂါးဘုရင်တို့၏ လုပ်ကြံ သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး ဖြစ်နေလိမ့်မည်။

ထိုတိုက်ပွဲ အတွင်းတွင် နဂါးနှိမ်နင်း တင်းပုတ်နှင့် ရှီကျုံးမောင်တို့ နှစ်ဦးစလုံး ဒဏ်ရာရသွားခဲ့ကြသော်လည်း ယခုအချိန်တွင် ဖြည်းဖြည်းချင်း ပြန်လည် သက်သာလာသည့်ပုံ ပေါက်နေသည်။

ရှီကျုံးမောင်၏ မျက်လုံးများသည် ရန်ငြိုးများဖြင့် ပြည့်နေ၍ သူ၏လက်အား အရှေ့သို့

ဆန့်တန်းလိုက်သည်။ ရောင်စဉ်ငါးသွယ်
နဂါးတို့သည် ပေါက်ကွဲထွက်လာ၍ သူ၏ခန္ဓာကိုယ်
အနားတွင် လည်ပတ်နေရင်း တာအိုသစ်သီး
အဖြစ်သို့ ပြောင်းသွားသည်။ အင်မော်တယ်ဝိညာဉ်
တတိယ အဆင့်မှ အကြီးအကဲသည် သူ့တွင်ရှိသမျှ
အရာအားလုံးတို့ကို အကုန် အသုံးပြုတော့မည့်ပုံ
ပေါက်နေသည်။

သူ၏ကိုယ်ပိုင် တာအိုသစ်သီးကို အသုံးပြု၍
နဂါးနှိမ်နင်း တင်းပုတ်အား ထိန်းချုပ်ကာ
ကြောက်မက်ဖွယ်ရာ အနက်ရောင်
တင်းပုတ်ကြီးအား လေပေါ်သို့ မြှောက်လိုက်၍
အင်မော်တယ် နဂါးမြို့တော်၏ အပေါ်သို့ ထုချရန်
ဟန်ပြင်လိုက်သည်။

ရှီကျုံးမောင်နှင့် မဟာချင် အင်ပါယာတို့သည်
အခြားအရာများ အားလုံးထက် အင်မော်တယ်
နဂါးမြို့တော်အား ပြုပြင်၍
ပြန်လည်ရယူလိုနေကြသော်လည်း ယခုအချိန်တွင်
သူတို့သည် စိတ်ပြောင်းသွားခဲ့သည့်ပုံ
ပေါက်နေသည်။

သူသည် အင်မော်တယ် နဂါးမြို့တော်အား
ဖျက်ဆီးလိုနေခြင်း မဟုတ်ပဲ သူ၏ နိုးထလာမှုကို
နှောင့်ယှက်လိုနေခြင်း ဖြစ်သည်။

ယခုအချိန်တွင် အင်မော်တယ် နဂါးမြို့တော်၏
အသိစိတ်သည် အချိန်နှင့်အမျှ ပို၍
ကြည်လင်လာခဲ့သော်လည်း အပြည့်အဝ
နိုးထလာခြင်း မရှိသေးပေ။ ရှီကျုံးမောင်သည်

ထိုဖြစ်စဉ်ကို ဝင်ရောက်နှောင့်ယှက်ပြီးမှ အိပ်ပျော်နေသော အင်မော်တယ် နဂါးမြို့တော်အား ရှီးလင်မြို့သို့ ပြန်လည် ယူဆောင်သွားမည် ဖြစ်ပြီး နောက်ပိုင်းတွင် မည်ကဲ့သို့ ဆက်လုပ်ရမည်ကို ရှီကျုံးထန်းနှင့် တိုင်ပင်မည် ဖြစ်သည်။

နဂါးနှိမ်နင်း တင်းပုတ်သည် ခက်ထန်လှသော်လည်း အင်မော်တယ် နဂါးမြို့တော်၏ မျက်နှာပြင် အပေါ်မှ ရှည်လျားသည် အလင်းတန်း အချိန်မြစ်ရေကို မချိုးဖောက်နိုင်ခဲ့ပေ။ သံတင်းပုတ်သည် မြစ်ရေကို ရိုက်ချလိုက်ရာ သူသည် မရေမတွက်နိုင်သော အချိန်ကာလ အခိုက်အတန့်များ သန်းပေါင်းများစွာအဖြစ်သို့ ချက်ချင်း ကျိုးပဲ့သွားခဲ့သည်။

ရှိကျုံးမောင်၏ အမူအရာသည် မည်းမှောင်
လေးနက်နေ၍ သူ၏ လက်များသည် အဆက်မပြတ်
လှုပ်ရှားနေကာ သူ၏ ခန္ဓာကိုယ် အတွင်းမှ
အလင်းတန်း နဂါးများစွာ ပေါ်ထွက်လာပြီး
အချိန်မြစ်ရေထဲသို့ ဝင်သွားခဲ့သည်။

အလင်းတန်း နဂါး တစ်ကောင်တိုင်းသည်
နဂါးဆန့်ကျင် တင်းပုတ်၏ အလင်းတန်းပုံရိပ်
တစ်ခုစီကို ပစ်မှတ်ထားနေ၍
ချိတ်ဆက်လိုက်သည်။ အလင်းတန်း နဂါးများသည်
တစ်ပြိုင်နက်တည်း ထွက်ခွာလာကြ၍ နဂါးနှိမ်နင်း
တင်းပုတ်အား အချိန်မြစ်ရေ အတွင်းမှ
ဆွဲထုတ်ခဲ့လိုက်သည်။

အလင်းတန်းပုံရိပ် အမြောက်အမြားတို့သည်
အချိန်မြစ်ရေ အတွင်းမှ ထွက်လာနိုင်သည်နှင့်
အတူတကွ ပြန်လည် စုစည်းသွားပြီး
အသွားလေးဘက် တင်းပုတ်အဖြစ်သို့
ထပ်ဖန်တစ်ခါ ပြောင်းသွားကြပြန်သည်။ ရောမ
အလင်းတန်း နဂါးတစ်ကောင်သည် သူ့အား
ကိုင်ဆောင်ထား၍ အားဖြင့် လွှဲယမ်းနေပြီး
အင်မော်တယ် နဂါးမြို့တော်ထံသို့ ထပ်မံ၍
တိုက်ခိုက်လိုက်သည်။

အင်မော်တယ် နဂါးမြို့တော်နှင့် သူ၏
မျက်နှာပြင်ပေါ်တွင် စီးဆင်းနေသော
အချိန်မြစ်ရေတို့သည် အပြည့်အဝ နိုးထလာခြင်း
မရှိသေးပေ။ ရှီကျုံးမောင်နှင့် နဂါးဆန့်ကျင်
တင်းပုတ်တို့သည် အပြင်ပိုင်းတွင် သန်မာသော

ရုပ်ပိုင်းဆိုင်ရာ စွမ်းအားများ ရှိရုံသာမက
အတွင်း၌လည်း ထူးခြားဆန်းကြယ်သော
သဘောတရားများ ပါဝင်နေ၍ အချိန်မြစ်ရေအား
ချက်ချင်းပင် လှုပ်ရှား ထကြွစေခဲ့သည်။

သို့ရာတွင် ပုံရိပ်ယောင်ကမ္ဘာနှင့် အစစ်အမှန်
အကြားတွင် ပြောင်းလဲနေသည့်
ဤတိုက်ခိုက်မှုသည် အချိန်မြစ်ရေအား
ချိုးဖောက်နိုင်စွမ်း မရှိခဲ့ပေ။

ရှီကျုံးမောင်၏ မျက်နှာသည် ပို၍ပို၍
မည်းမှောင်လာကာ အင်မော်တယ် နဂါးမြို့တော်၏
နိုးထမှုနှင့် အသိစိတ်သည် ပို၍ပို၍ ကြည်လင်လာ၍
မြန်ဆန်လာသည်ကို ခံစားမိလိုက်သည်။

အချိန်မြစ်ရေသည် အချိန်နှင့်အမျှ ပို၍
သန်မာလာပေတော့မည်။

အကယ်၍ သူသည် ထိုမြစ်၏ ခံစစ်များကို
အချိန်တိုအတွင်း မချိုးဖောက်နိုင်ခဲ့ပါက
နောက်ပိုင်းတွင် အခွင့်အရေးများ ရနိုင်တော့မည်
မဟုတ်ချေ။

ရှီကျုံးမောင်သည် သူ၏ဘေးမှ ဇူရီအား
လှမ်းကြည့်လိုက်သော်လည်း ဇူရီသည် သူ၏
ခေါင်းကို အသာခါလိုက်၍ သူဝင်ပါမည်
မဟုတ်ကြောင်း အချက်ပြလိုက်သည်။ သူသည်
ရှီကျုံးမောင်အား ဝင်ရောက် ဟန့်တားမည်
မဟုတ်သော်လည်း ဝင်လည်း ကူညီလိမ့်မည်
မဟုတ်ချေ။

ဤအရာသည် ရှိကျုံးမောင်အတွက် သတင်းဆိုးပင်
ဖြစ်သည်။ အင်မော်တယ် နဂါးမြို့တော်၏ လက်ရှိ
စွမ်းအားအရ သူတစ်ယောက်တည်း
ချိုးဖောက်နိုင်လိမ့်မည် မဟုတ်ချေ။

ဇူရီ၏ မျက်လုံးများ အတွင်းတွင် ရီတာအို
အဆောင်လက်ဖွဲ့ တစ်ခုက ရုတ်တရက်
လင်းလက်သွား၍ သူ၏ ရင်အတွင်းတွင်
အနည်းငယ် လှုပ်ရှားသွားခဲ့ကာ စကားတစ်လုံးမှ
မပြောပဲ သူ၏ စင်စစ် ဖြစ်တည်မှုအား ချက်ချင်း
ဖော်ပြလိုက်သည်။

ရှေးဟောင်းစာသင်သား ဝတ်စုံကို ဝတ်ဆင်ထား၍
လက်အတွင်းတွင် စာလိပ်များကို

ကိုင်ဆောင်ထားသော ပေသုံးဆယ်ကျော်မြင့်သည့်
စိတ်ဝိညာဉ် ခန္ဓာကိုယ် တစ်ခုက ဟီဂန်
ရွှေရောင်တံတား အပေါ်၌ ပေါ်လာသည်။

ဟီဂန် ရွှေရောင်တံတားသည် ရောင်စုံ အလင်းတန်း
ရှစ်တန်းတို့ဖြင့် လင်းလက်လာ၍
ကောင်းကင်အတွင်း၌ အလျားလိုက်
ဆန့်တန်းနေသည့် ကျယ်ပြန့်လှသော
သက်တန့်တစ်စင်း အဖြစ်သို့ ပြောင်းသွားသည်။

ဤအချိန်တွင် ဟင်းလင်းပြင်က ကွဲဟသွား၍
ရွှေရောင် အလင်းတန်းများဖြင့်
လင်းလက်လာသည်။ ရွှေရောင်နဂါး
တိမ်တိုက်များက မြင်ကွင်းအတွင်းတွင် ပေါ်လာကာ

ဟီဂန် ရွှေရောင်တံတားနှင့် လေထုအလယ်တွင်
ထိပ်တိုက်တွေ့ခဲ့ကြသည်။

ကျယ်ပြန့်လှသော ရွှေရောင်အလင်းတန်း
နှစ်တန်းတို့သည် အချင်းချင်း တိုက်ခိုက်ခဲ့ကြကာ
တစ်ချိန်တည်းတွင် ကျိုးပျက်သွားကြသည်။ ရောမ
ဟီဂန် ရွှေရောင်တံတားသည် မြေနဂါးဘုရင်၏
ကြီးမားလှသော နတ်နဂါး အစစ်အမှန် ပုံစံနှင့်အတူ
ပေါ်လာခဲ့သည်။

မြေနဂါးဘုရင်သည် ဇူရီအား အေးစက်သော
မျက်လုံးအစုံဖြင့် စိုက်ကြည့်နေရင်း သူ၏ နဂါး
အကြေးခွံများသည် တုန်ခါနေ၍ ကောင်းကင်ပေါ်မှ
တိမ်တိုက်စွမ်းအင်များကို ဖန်ဆင်းထားသော
ရွှေရောင်နဂါး စွမ်းအားများကို ထုတ်လွှတ်နေသည်။

သူ၏အနားမှ ရန်လိုနေသော
အငွေ့အသက်များသည် လွန်စွာမှ ခက်ထန်
ကြမ်းကြုတ်လှသည်။

သူသည် အမျက်ကြီးစွာဖြင့် ကောင်းကင်ထံသို့
မဟိန်းဟောက်ခဲ့သလို စကားလည်း မပြောခဲ့ပေ။
မြေနဂါးဘုရင်၏ မြင့်မြတ်သော အရှိန်အဝါသည်
အေးစက်ကြမ်းကြုတ်မှုများနှင့် အတူတကွ
ယှက်သန်းနေရင်း ပတ်ဝန်းကျင်မှ အပူချိန်ကို
ကျဆင်းစေခဲ့သည်။ သူသည် အလွန်ပင်
ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

သူသည် အင်မော်တယ် နဂါးမြို့တော်နှင့် ဗူရီအား
နွေးထွေးမှု တစ်စက်မှမရှိသော မျက်နှာဖြင့်
စိုက်ကြည့်နေခဲ့သည်။

ရှိကျုံးမောင်ကလည်း သူ၏ အရှေ့မှ
မြေနဂါးဘုရင်အား စိုက်ကြည့်နေရင်း ရင်အတွင်းမှ
ထူးခြားသော ခံစားချက်များကို ခံစားလာခဲ့ရသည်။
အစွမ်းထက်လှသော ဗီပရာလိုပါ အဆင့်မှ
ဤနဂါးနှင့် ရင်ဆိုင်ခဲ့ရသော အခါ သူကဲ့သို့သော
အကြီးအကဲကပင် တည်ငြိမ်အောင် မနေနိုင်ခဲ့ပေ။

ကြောက်မက်ဖွယ်ရာ ပေါက်ကွဲနေသော နဂါးနှိမ်နင်း
တင်းပုတ်ကလည်း ဤအချိန်တွင် နောက်ကွယ်၌
မှေးမှိန် ပျောက်ကွယ်သွားခဲ့သကဲ့သို့ ထင်နေရသည်။
ကောင်းကင်ပေါ်တွင် ဝဲပျံနေကြသော သွေးနဂါး
များစွာတို့သည် ဤတင်းပုတ်အနားသို့
ပြန်ဆင်းလာကြသည်။ သူတို့သည် အန္တရာယ်

အသစ်ကို သတိထားနေကြ၍ ခက်ထန်စွာဖြင့် ဟိန်းဟောက်နေကြလေသည်။

မြေနဂါးဘုရင်သည် နဂါးဆန့်ကျင် တင်းပုတ်အား တစ်ချက် ကြည့်လိုက်ရာ တင်းပုတ်အနားတွင် ရစ်ဝဲနေသော သွေးနဂါးများသည် အစိတ်အပိုင်းများ အဖြစ်သို့ ကြေမွသွားကြသည်။

နဂါးဆန့်ကျင် တင်းပုတ်သည် စူးရှသော အနီရောင် အလင်းတန်းများဖြင့် လင်းလက်နေရင်း အဆက်မပြတ် တုန်ခါနေသည်။ ရှီကျုံးမောင်သည် တင်းပုတ်အား သူ၏ လက်အတွင်းမှ မလွတ်ထွက်သွားရအောင် အာရုံစိုက်၍ ထိန်းထားနေရသည်။

မြေနဂါးဘုရင်သည် သူ၏အကြည့်အား
ရုပ်သိမ်းလိုက်၍ အင်မော်တယ် နဂါးမြို့တော်အား
ဆက်လက်၍ ကြည့်နေခဲ့သည်။ ထိုမြို့တော်၏
စွမ်းအား လှုပ်ရှားမှုများနှင့် အသိစိတ်များကို
အာရုံခံလိုက်ပြီးနောက်တွင် သူ၏ မျက်လုံးများ
အတွင်း၌ အံ့အားသင့်သော အရိပ်အယောင်များ
ပေါ်လာပြီးမှ မူလ အေးစက်သော အမူအရာသို့
ပြန်ရောက်သွားသည်။

ဇူရီသည် သူ၏ စင်စစ် ဖြစ်တည်မှုအား ဖော်ပြခဲ့ပြီး
ရောမ ရီတာအို အဆောင်လက်ဖွဲ့သည်
သူ၏ခေါင်းပေါ်မှ ထွက်ပေါ်လာသည်။ သူသည်
အခြားတစ်ဘက်သို့ လှည့်ကြည့်လိုက်ရာ
ထိုနေရာ၌လည်း ဟင်းလင်းပြင်က ကွဲဟသွားပြီး
ရွှေရောင်တိမ်တိုက်များ၏ အောက်မှနေ၍

ရှေးပဝေသဏီ နတ်နဂါး နောက်ထပ်တစ်ကောင်
ထွက်လာခဲ့သည်။

သူသည် အစွမ်းထက်သော ဗီပရာလိုပါ အဆင့်မှ
နောက်ထပ် နဂါးတစ်ကောင် ဖြစ်သော
ရှန်နဂါးဘုရင်ပင် ဖြစ်သည်။

ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ နှစ်ကောင်တို့သည်
ဇူရီ၊ အင်မော်တယ် နဂါးမြို့တော်နှင့်
ကျန်သောသူများအား အလယ်တွင် ညှပ်ထားကာ
သူတို့၏ ရန်သူများအား အေးစက် တိတ်ဆိတ်စွာဖြင့်
စိုက်ကြည့်နေကြလေသည်။

သူတို့သည် ဇူရီထက် အနည်းငယ် နောက်ကျနေခဲ့သော်လည်း အစွမ်းထက်သော နဂါးများသည် အင်မော်တယ် နဂါးမြို့တော်က အပြည့်အဝ ပြန်လည် မနိုးထလာနိုင်ခင် ရောက်လာနိုင်ခဲ့ကြသည်။

"ဒီလိုမျိုး ကိစ္စက တကယ်ပဲ ဖြစ်ခဲ့တယ်... တကယ်ကို မမျှော်လင့်ထားတဲ့ အရာပဲ... ဒါပေမဲ့ သူ့ကို ခွင့်လွှတ်လို့ ရမှာ မဟုတ်ဘူး" ရှန်နဂါးဘုရင်သည် ကောင်းကင်ထံသို့ ဟိန်းဟောက်လိုက်ကာ သူ၏ အစစ်အမှန် ပုံစံအား ပြသလိုက်သည်။ ရောမ ရွှေရောင်လက်သည်း တစ်ခုသည် ဝဲပျံနေသော ရွှေရောင် တိမ်တိုက်များ အကြားမှ ထွက်လာပြီး အင်မော်တယ် နဂါးမြို့တော်အပေါ်သို့ ကျရောက်လာခဲ့သည်။

မြေနဂါးဘုရင်သည် ငြိမ်သက်၍ စဥ်းစားနေဆဲ
ရှိသေးကာ အမျက်ဒေါသနှင့် အငြိုးတရားများ
အားလုံးတို့သည် သွေးအေးအေးဖြင့်
လူသတ်လိုစိတ်များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။
သူသည် ဘာမှ မပြောလိုနေခဲ့ပဲ
သူလုပ်ချင်နေသည့်မှာ သူ၏ ရန်သူများအား
ပျက်သုဥ်းအောင် ပြုလုပ်ရန် ဖြစ်သည်။

ဗီပရာလိုပါ အဆင့်မှ အစွမ်းထက်သော
မိစ္ဆာနှစ်ကောင်တို့သည် သူတို့၏ အစစ်အမှန်
ပုံစံများကို တစ်ချိန်တည်းတွင်
ထုတ်ဖော်လိုက်ကြရာ ခက်ထန်သော
မိစ္ဆာစွမ်းအားများသည် လေထုအတွင်းတွင်
လှုပ်ရှားသွား၍ ဟင်းလင်းပြင် စစ်တလင်း

အတွင်းတွင် နေရာအနှံ့သို့ ပျံ့နှံ့သွားသည့် လေမုန်တိုင်း တစ်ခုကို ဖန်ဆင်းခဲ့သည်။

အချိန်ကာလ လေဟာနယ်သည် တွန့်လိမ်သွား၍ မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့သည် သူတို့၏ လက်သည်းများကို တစ်ပြိုင်နက်တည်း မြှောက်လိုက်၍ အင်မော်တယ် နဂါးမြို့တော် ထံသို့ ခုတ်ချလိုက်သည်။

သူတို့ နှစ်ယောက်စလုံးသည် သူတို့၏ ပါးစပ်များကို တစ်ပြိုင်နက်တည်း ဟလိုက်ကြရာ အစွမ်းထက်သော ရွှေရောင် အလင်းတန်းများသည် အတွင်းမှနေ၍ ပေါက်ကွဲထွက်လာ၍ ထိုအလင်းတန်းများ အတွင်းမှ ဖြတ်သန်းလာသော

အရာအားလုံးတို့သည် ကစဥ့်ကလျား ဖြစ်သွားကြပြီး ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုအလင်းတန်းများသည် ပင်လယ် တစ်ခုကဲ့သို့ စုစည်းသွား၍ ကမ္ဘာတစ်ခုလုံးကို ဖုံးလွှမ်းသွားသကဲ့သို့ ထင်နေရကာ ဇူရီနှင့် ကျန်သောသူများထံသို့ ရောက်ရှိလာလေသည်။

ဇူရီသည် သူ၏ မျက်ခုံးများကို ပင့်လိုက်၍ သူ၏ လက်နှစ်ဘက်စလုံးအား ရင်ဘတ်အရှေ့တွင် အတူတကွ စုစည်းလိုက်ပြီး မှော်သင်္ကေတများကို ထုတ်ဖော်လိုက်သည်။ အဆုံးမဲ့ အလင်းတန်းများ နေရာအနှံ့သို့ ပျံ့နှံ့သွားကာ ရွှေရောင် အလင်းတန်း ပင်လယ်အား တားဆီးထားသည့် ရောမ မှော်ဝက်ပါ တစ်ခုအဖြစ်သို့ ပြောင်းသွား၍ ဖျက်ဆီးနိုင်မှု

စွမ်းအားများသည် အနီးသို့ လုံးဝ
မရောက်လာနိုင်ခဲ့ပေ။

လင်းလက်နေသော အလင်းစက် ၁၂စက်တို့သည်
မှော်ဝက်ံပါ၏ အလယ်တွင် လှုပ်ရှားနေကြ၍ ရောမ
အစိမ်းနက်ရောင် ဆေးမီးဖို တစ်ခုကို တွေ့နိုင်သည်။
ထိုအရာသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ံပါနှင့် နတ်ဘုရား နယ်မြေ
ဆေးမီးဖိုတို့ပင် ဖြစ်ကြသည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖိုကလည်း
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်ကာ
တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်က အဆင့်သင့်
မဖြစ်ခင် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ံပါအား ထိန်းချုပ်ပေးနေခြင်း ဖြစ်သည်။

ဇူရီသည် ဟီဂန် ရွှေရောင်တံတားကို ထုတ်ဖော်လိုက်ပြီး ရှေးပဝေသဏီ နတ်နဂါး နှစ်ကောင်တို့၏ လက်သည်းများကို ခုခံရန် ကြိုးစားလိုက်သည်။ ရွှေရောင်တံတား အပေါ်တွင် အလင်းတန်း စက်ဝိုင်း ၁၂ကွင်းတို့ လင်းလက်နေ၍ လေစီးကြောင်းများက ဇူရီ၏ စင်စစ် ဖြစ်တည်မှု အနားတွင် လည်ပတ်နေကြသည်။

သူတို့သည် မဟာတာအို၏ အဆုံးစွန် သဘောတရားများကို သယ်ဆောင်ထား၍ အရာအားလုံးတို့ကို တစ်ပြိုင်နက်တည်း ဖောက်ခွဲလိုက်ကြသည်။ ထိုပေါက်ကွဲမှုသည် ကြောက်မက်ဖွယ်ရာ ကမ္ဘာဖျက် စွမ်းအားများကို ဖန်တီးခဲ့၍ ဟီဂန် ရွှေရောင်တံတားနှင့် အတူ

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့အား
တားဆီးခဲ့ကြသည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့ကလည်း
အဆက်မပြတ် လည်ပတ်လျက် ရှိကြသည်။
ကျယ်ပြန့်လှသော စွမ်းအားများက ထွက်ပေါ်လာ၍
သူတို့၏ ရန်သူများကို ပိတ်ဆို့နိုင်ခဲ့သည်။

တစ်ချိန်လုံး တိတ်ဆိတ်နေသော
မြေနဂါးဘုရင်သည် နောက်ဆုံးတွင်
စကားပြောလိုက်သည်။ သူ၏လေသံသည်
တိုက်ရိုက်ဆန်ကာ ရေခဲတမျှ အေးစက်နေသည်။
"သတ်စမ်း"

သူသည် ရှန်နဂါးဘုရင်နှင့် အတူ သူ၏
စွမ်းအားများကို မြှင့်တင်လိုက်ရာ
မိစ္ဆာစွမ်းအားများက ထပ်ဖန်တစ်ခါ
ပေါက်ကွဲထွက်လာသည်။

သို့သော်လည်း ဟင်းလင်းပြင် အတွင်းတွင်
နောက်ထပ် အသံတစ်ခုက ကျယ်လောင်စွာနှင့်
မြည်ဟည်းလာသည်။ "သတ်စမ်း"

ဟီဂန် ရွှေရောင်တံတား အပေါ်တွင် တင်ပလ္လင်ခွေ
ထိုင်နေသော အရပ်ရှည်ရှည်နှင့် ပုံရိပ်သည်
ရုတ်တရက် ထရပ်လာလေသည်။

## စာစဥ် ၇၀ : အပိုင်း ၃

## အပိုင်း ၁၃၅၃ : ဒီတိုက်ပွဲကို မင်းကြိုက်သလို တိုက်ခိုက်နိုင်တယ်

ရှီထျန်းဟောင်သည် တစ်ချိန်လုံး ဟီဂန် ရွှေရောင်တံတား အပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့ခြင်း ဖြစ်သည်။သူသည် ရုတ်တရက် ထရပ်လိုက်သော အခါ သူ၏ခေါင်းပေါ်မှ စိတ်ဝိညာဉ် ပုံစံနှင့် ရွှေရောင်ပုံစံတို့ အကြားတွင် ကူးပြောင်းနေသော နတ်ဗိုလ်ချုပ် ၁၂ပါးတို့ကလည်း ရပ်တန့်သွားကြသည်။

အခြားတစ်ဘက်မှ ရှီထျန်းဟောင်၏ ကမ္ဘာဦး ထိုက်ကျိရုပ်ပုံမှ အလင်းတန်း ပုံရိပ်တစ်ခု ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။ ထိုအရာမှာ

အနည်းဆုံး ပေတစ်ရာခန့် ရှည်သော လူသားပုံရိပ် တစ်ခုဖြစ်၏။

ပေတစ်ရာမြင့်သော လူသားပုံရိပ်သည် ကောင်းကင်အကြားတွင် လျှောက်လှမ်းလာခဲ့ရာ မရေမတွက်နိုင်သော ကြယ်များ၊ နေမင်းများနှင့် လမင်းများတို့သည် သူ၏ ခန္ဓာကိုယ်အား လည်ပတ်နေကြသည်ကို တွေ့နိုင်သည်။ ကမ္ဘာဦး ထိုက်ကျိုရုပ်ပုံကလည်း စီးဆင်းနေသော အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားကာ ထိုလူသားပုံရိပ်၏ ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက်သွားသည်။

ထိုလူသားပုံရိပ်၏ မျက်နှာ အသွင်အပြင်များသည် ရှီထျန်းဟောင်၏ မူလ ခန္ဓာကိုယ်နှင့် လုံးဝ

တူညီနေ၍ သူ၏ မျက်လုံးများကို
ဖွင့်လိုက်သောအခါ အဆုံးမဲ့ အလင်းတန်းများ
ပေါက်ကွဲထွက်လာ၍ အစွမ်းထက်သော
မိစ္ဆာအရိပ်များက သူ၏အရှေ့တွင်
ဒူးထောက်လိုက်ကာ အရိုအသေ ပြုနေကြသည်။

ကောင်းကင်ပေါ်မှ ကြီးမားလှသော မြို့တော်သည်
စိတ်ဝိညာဉ် ပုံစံနှင့် ရုပ်ပုံစံ အကြားတွင်
ပြောင်းလဲနေလျက် ရှိပြီး သူ၏ခေါင်းပေါ်တွင်
တိတ်ဆိတ်စွာ လွင့်မျောလျက် ရှိနေခဲ့သည်။

ရှီထျန်းဟောင်၏ ရုပ်ကိုယ်ခန္ဓာသည် ဤအချိန်တွင်
သူ၏ မျက်လုံးများကို ဖွင့်လိုက်ရာ သူ၏ မျက်လုံး
သူငယ်အိမ်များက အဆက်မပြတ် လင်းလက်လျက်
ရှိကြသည်။

မြေနဂါးဘုရင်၊ ရှန်နဂါးဘုရင်နှင့်
ရှီကျုံးမောင်တို့သည် ကြည့်နေကြရင်း သူတို့၏
အကြည့်သည် ခေတ္တမျှ အေးခဲသွား၏။
ပေတစ်ရာမြင့်သော လူသားပုံရိပ်သည်
ရှီထျန်းဟောင်၏ စင်စစ် ဖြစ်တည်မှုပင်
ဖြစ်ပေတော့သည်။

ခြားနားချက်မှာ ရှီထျန်းဟောင်၏ လက်ရှိ
အခြေအနေသည် အခြားသူများနှင့် စာလျှင်
အနည်းငယ် ထူးခြားနေခြင်း ဖြစ်သည်။

လူသား ကျင့်ကြံသူများသည် ပုံမှန်ဆိုလျှင် စင်စစ်
ဖြစ်တည်မှုကို ချောမွေ့စွာ ဖန်တီးနိုင်၍
အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့

တက်လှမ်းနိုင်ရန် အတွက် သူတို့၏
ရုပ်ကိုယ်ခန္ဓာများကို သူတို့၏ အင်မော်တယ်ဝိညာဉ်
အတွင်းသို့ ပေါင်းစည်းလေ့ရှိကြသည်။

သိုင်းလမ်းစဉ် ကျင့်ကြံသူများသည် သူတို့၏
အင်မော်တယ် ဝိညာဉ်များနှင့် ရုပ်ကိုယ်ခန္ဓာများကို
ပထမဆုံး အပြည့်အဝ ပေါင်းစည်းလေ့ ရှိကြသည်။
သူတို့၏ စင်စစ် ဖြစ်တည်မှုများကို ဖန်ဆင်းသော
အချိန်တွင်လည်း သူတို့၏ ရုပ်ကိုယ်ခန္ဓာများနှင့်
ပေါင်းစည်းကာ သူတို့၏ စွမ်းအားများကို
နောက်တစ်ဆင့်သို့ မြှင့်တင်ခြင်း ဖြစ်သည်။

ရှီထျန်းဟောင်၏ ရုပ်ကိုယ်ခန္ဓာသည် သူ၏ စင်စစ်
ဖြစ်တည်မှုနှင့် လုံးဝ ကွဲပြားနေသော်လည်း

နူးညံ့သိမ်မွေ့စွာ ဆက်စပ်လျက် ရှိနေပြီး တစ်ခါမှ မကြုံဖူးသော အရာတစ်ခု ဖြစ်သည်။

ရှီထျန်းဟောင်၏ ရုပ်ကိုယ်ခန္ဓာသည် ဘာမှမရှိသော အခွံသက်သက် မဟုတ်ပေ။ သူ၏ ရုပ်ကိုယ်ခန္ဓာတွင် သူ၏ကိုယ်ပိုင် အသိစိတ်ရှိ၍ သီးသန့် ဖြစ်တည်မှု တစ်ခုဖြစ်သည်။ သူမှနေ၍ ပေါက်ကွဲနိုင်သော စွမ်းအားနှင့် သန်စွမ်းသော အသက်စွမ်းအင်များကို ပိုင်ဆိုင်ထားသော ကမ္ဘာဦး စွမ်းအင်ကို ထုတ်လွှတ်လျက်ရှိသည်။

သူ၏ စင်စစ် ဖြစ်တည်မှုသည် ဤကဲ့သို့သော စွမ်းအားများဖြင့် ပြည့်ဝလျက်ရှိပြီး ဟင်းလင်းပြင်ကို တုန်ခါစေ၍ အတွေးရော လှုပ်ရှားမှုများပါ မယုံနိုင်အောင် လျင်မြန်လှသည်။

"သူက သူ့ရဲ့ ရုပ်ကိုယ်ခန္ဓာကို ရုပ်သေးရုပ်
ဒါမှမဟုတ် ကိုယ်ပွားတစ်ခု အဖြစ်ကို
ပြောင်းလဲလိုက်တာလား... ဒါမှမဟုတ် မှော်ရတနာ
တစ်ခုအဖြစ်ကို ဖန်ဆင်းခဲ့တာလား"
ရှီကျုံးမောင်သည် စောင့်ကြည့်နေရင်း သူ၏
စိတ်အတွင်းမှ တွေးတောလျက်ရှိသည်။

"ဒီဆက်သွယ်မှုဟာ မိစ္ဆာတစ်ကောင်ရဲ့ အစစ်အမှန်
ပုံစံနဲ့ သူ့ရဲ့ မသေဝိညာဉ် အကြားက ဆက်စပ်မှုနဲ့
တူနေသလို တစ်ချိန်တည်းမှာပဲ
ကွဲပြားခြားနားနေတယ်"

"ဒါက ဘယ်လိုမျိုး ဖြစ်တည်မှုမျိုးလဲ" သူသည်
ဇူရီနှင့် ရှီထျန်းဟောင်တို့၏ သိသိသာသာ

ကွဲပြားနေသော စင်စစ် ဖြစ်တည်မှုများကို
ပါးစပ်အပေါင်းသားဖြင့် ကြည့်နေခဲ့သည်။

သူသည် ဇူရီ၏ ခေါင်းအပေါ်မှ
ထူးခြားဆန်းကြယ်သော ရီတာအို
အဆောင်လက်ဖွဲ့နှင့် သူ၏ စင်စစ် ဖြစ်တည်မှု
လက်အတွင်းတွင် ကိုင်ဆောင်ထားသော
စာလိပ်များကို စိုက်ကြည့်နေရင်း ဗဟုသုတနှင့်
မသိမှုများ အကြားမှ ယှက်သန်းနေသော
ဆက်သွယ်မှု၊ သက်ရှိအားလုံးတို့ကို
အသက်စွမ်းအင်များ ပေးနိုင်သော စွမ်းအားများကို
ခံစားနိုင်ခဲ့သည်။

သူသည် ခေတ်အဆက်ဆက်မှ
လက်ဆင့်ကမ်းလာသော ကျမ်းစာများတွင်

ပါဝင်နေသော တာအို၏ ကြီးမားသော စွမ်းအားများကို ခံစားနိုင်ခဲ့ပြီး အရာအားလုံးတို့သည် သူ့အား မြင့်မြတ်သော ခံစားချက်မျိုးကို ပေးနိုင်ခဲ့သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ တပည့်တွေ အားလုံးက အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်ကို ရောက်သွားတဲ့ အခါ သီးသန့်ထူးခြားတဲ့ အချက်တွေကို ပိုင်ဆိုင်နိုင်ခဲ့ကြပြီး တကယ်ကို အံ့သြစရာ ကောင်းပြီး လေးစားအားကျဖို့ ထိုက်တန်ပါပေတယ်"

"သူတို့အားလုံးဟာ ဒဏ္ဍာရီတွေ ဖြစ်လာကြမှာ ဖြစ်ပြီး ဒါတင်မကသေးပဲ သူတို့ရဲ့ အောင်မြင်မှု လမ်းကြောင်း တစ်ခုစီက ကွဲပြားကြတယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီလိုမျိုးသာ ဆက်လက်ပြီးမှ တိုးတက်လာမယ် ဆိုရင် နောက်ဆုံးမှာ ဘယ်အဆင့်အထိ ရောက်သွားနိုင်မလဲ"

ရှီကျုံးမောင် တစ်ယောက်တည်းသာ လေးစားအားကျ၍ အံ့သြချီးကျူးနေခဲ့ခြင်း မဟုတ်ပဲ မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့ကလည်း ဗီပရာလိုပါ အဆင့်တွင် ရောက်နေကြသဖြင့် သူတို့၏ အာရုံခံနိုင်စွမ်းအားများမှာ ပို၍ ထက်မြက်ကြသည်။

မဟာနဂါး နှစ်ကောင်တို့သည် ရှီထျန်းဟောင်က စင်စစ် ဖြစ်တည်မှုကို ဖန်ဆင်းနိုင်ခဲ့ရုံသာ မကပဲ သူ၏ နည်းစနစ်နှင့် မှော်စွမ်းအင်များသည် ဗီပရာလိုပါ အဆင့်မှ လူသားကျင့်ကြံသူ တစ်ယောက်နှင့် ယှဥ်နိုင်နေကြောင်းကို ခံစားနိုင်ခဲ့ကြသဖြင့် တည်ကြည် လေးနက်လာကြသည်။

နတ်ဗိုလ်ချုပ် ၁၂ပါးတို့အား ထုတ်လွှတ်နေသော ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့သည် ရှီထျန်းဟောင်က အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်သို့ ရောက်သွားသည်နှင့် ပို၍ အစွမ်းထက်လာကြသည်။ သူတို့၏ အရှိန်အဝါများသည် ပို၍

သန်မာလာကြကာ သူတို့၏ ရွှေခေတ်က
စွမ်းအားများ၏ ထိပ်ဆုံး အခြေအနေ အနားသို့
ပြန်ရောက်လာနိုင်ခဲ့ကြသည်။

ကောင်းကင်ပေါ်က မြို့တော်နှင့် နတ်ကောင်းကင်
ဝင်္ကပါတို့အား ရရှိအပြီးတွင် လင်းဖုန်းနှင့်
ရှီထျန်းဟောင်တို့ နှစ်ဦးစလုံးသည် သူတို့၏ ယခင်မှ
ဂုဏ်ကျက်သရေများကို ပြန်ရနိုင်ရန်
မရေမတွက်နိုင်သော အရင်းအမြစ် ပစ္စည်းများကို
ထည့်သွင်း၍ ပြုပြင်ခဲ့ကြသည်။

သို့သော်လည်း ကောင်းကင်ပေါ်မှ မြို့တော်နှင့်
နတ်ကောင်းကင် ဝင်္ကပါတို့အား ပြန်လည်
ပြုပြင်သည့် ကိစ္စမှာ တစ်ညတည်းနှင့်
ပြီးဆုံးနိုင်သော အရာတစ်ခု မဟုတ်ချေ။

ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများကို ပြန်လည်ပြုပြင် ထုလုပ်နေရုံတင် မကပဲ သူတို့နှစ်ခုစလုံးသည် ရှီထျန်းဟောင်၏ ကိုယ်ပိုင် ကျင့်ကြံမှုနှင့် သူ၏ ကောင်းကင်နှင့် မြေကြီးတို့နှင့် မဟာတာအိုတို့အား နားလည်မှု အပေါ်တွင်လည်း မူတည်နေ၏။

ရှီထျန်းဟောင်၏ စွမ်းအားများသည် နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်ခဲ့သဖြင့် ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့ကလည်း စွမ်းအားများ တိုးတက်လာခဲ့သည်။

ကောင်းကင်ပေါ်မှ မြို့တော်သည် သာမန်မျက်စိဖြင့် ကြည့်လိုက်လျှင် ပျက်စီး ယိုယွင်းနေသည်ဟု ထင်နေရသော်လည်း အမှန်တွင် ယခင်ကလောက်

မဆိုးတော့ပဲ အတော်များများ ပြန်လည် ပြုပြင်နိုင်ခဲ့ပြီး ဖြစ်သည်။ မြို့တော်၏ နယ်နိမိတ်များနှင့် အဆောက်အအုံများသည် ပြန်လည် ကောင်းမွန်လာပြီ ဖြစ်၍ သူ၏ အရှိန်အဝါကလည်း ယခင်ကထက် ပို၍ သိပ်သည်းလာခဲ့သည်။

ကောင်းကင်ပေါ်မှ ကျယ်ပြန့်လှသော မြို့တော်သည် ရှီထျန်းဟောင်း၏ ပေတစ်ရာမြင့်သော စင်စစ် ဖြစ်တည်မှု၏ အပေါ်တွင် လွင့်မျောနေ၍ နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် ကောင်းကင်ပေါ်တွင် ဆန့်တန်းနေသော ဝက်ပါတစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည့် အလင်းတန်း စက်လုံး ၁၂လုံး အဖြစ်သို့ ပြောင်းသွားကြကာ သူ၏ ရုပ်ကိုယ်ခန္ဓာ အပေါ်တွင် ရပ်တည်နေခဲ့သည်။

အစွမ်းထက်သော ဖြစ်တည်မှု လေးခုတို့သည်
အချင်းချင်း ဆက်သွယ်နေကြကာ လုံးဝ
သီးသန့်ဖြစ်သည်ဟု ထင်နေရသော်လည်း
အသက်နှင့် အထီးကျန်မှု၊ ကစဥ္စကလျားတို့၏ အစ၊
ခေတ်များစွာမှ ကြမ္မာပန်းတိုင်တို့၏ ပြောင်းလဲမှုနှင့်
အရာအားလုံးတို့ကို ကိုယ်စားပြုနေသည့်
ပြီးပြည့်စုံသော မျှခြေတစ်ခုကို ဖန်တီးနိုင်ခဲ့သည်။

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့သည်
ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင်
ဝင်္ကပါတို့သည် ရှိထျန်းဟောင်အား
အစွမ်းထက်သည့် ဗီပရာလိုပါ အဆင့်မှ
မိစ္ဆာတစ်ကောင်အား စိန်ခေါ်နိုင်ရန်

လုံလောက်သည့် စွမ်းအားများကို ပေးနေသည်ဟု ခံစားနေရသည်။

ရှီထျန်းဟောင်၏ စင်စစ် ဖြစ်တည်မှုနှင့် သူ၏ ရုပ်ကိုယ်ခန္ဓာတို့မှ အလင်းတန်းသည် မှေးမှိန်သွား၍ သူတို့သည် ကြည်လင် နားလည်မှုများဖြင့် ဖိတ်ဖိတ်တောက်နေကြသည်။ သို့သော်လည်း သူသည် မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့အား ရေခဲတမျှ အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့သည်။

ဇူရီက အားရပါးရ ပြုံး၍ ပြောလိုက်သည်။ "စင်စစ် ဖြစ်တည်မှုကို ဖန်တီးနိုင်ခဲ့တဲ့ အတွက် ဂျူနီယာလေးကို ဂုဏ်ပြုပါတယ်... ဟွမ်စန်း

ခန္ဓာကိုယ်က ချို့ယွင်းချက်တွေ မရှိပဲ မင်းက အောင်မြင်သွားနိုင်ခဲ့ပြီ"

ရှီထျန်းဟောင်၏ ယင်းယွမ်နှင့် ဟွမ်စန်း ခန္ဓာကိုယ်တို့က တစ်ပြိုင်နက်တည်း ခေါင်းညိတ်လိုက်ကြသည်။ "ဒီဖြစ်စဉ် အတွင်းမှာ ကျွန်တော့်ကို ကာကွယ်ပေးထားတဲ့ အတွက် ကျေးဇူးတင်ပါတယ်... ဒုတိယ စီနီယာ"

သူသည် မျက်လုံးများကို ပင့်လိုက်၍ မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့အား ကြည့်ကာ အေးစက်စွာဖြင့် ပြောလိုက်သည်။ "နဂါးတွေ... လာချလေ"

ရှီထျန်းဟောင်၏ ရုပ်ကိုယ်ခန္ဓာသည် ဟွမ်စန်း ခန္ဓာကိုယ် အဖြစ်သို့ ပြောင်းလဲသွားပြီ ဖြစ်သည်။ သူသည် လက်ဝါးတစ်ဘက်အား မြှောက်လိုက်ရာ ကြည်လင်နေသော စွမ်းအင်စီးကြောင်း များစွာတို့သည် သူ၏ လက်ဝါးအလယ်တွင် လည်ပတ်လာ၍ သေးငယ်သော သစ်သီးများစွာတို့အား ဖန်ဆင်းခဲ့ကြသည်။

ထိုသစ်သီးအား စိတ်ဝိညာဉ် လျှပ်စီးသစ်သီးဟု ခေါ်သည်။ သူ့တွင် လျှပ်စီး အမျိုးအစား စိတ်ဝိညာဉ် စွမ်းအင်များ ပါဝင်၍ သူတို့အား စားသုံး၍ရသည်။ သူတို့သည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၏ ခရမ်းရောင် တောင်ထိပ်မှ အစပြုလာခြင်း ဖြစ်၍ အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများက

သူတို့၏ ကျင့်ကြံမှုအား အထောက်အကူ ပြုနိုင်ရန် စားသုံးကြခြင်း ဖြစ်သည်။

သို့သော်လည်း ရှီထျန်းဟောင် အတွက်မူ ထိုသစ်သီးများသည် သူ၏ပါးစပ်ကို အလုပ်ပေးရန် အပျင်းပြေ ဝါးရန်အတွက်သာ ဖြစ်သည်။

ဤစိတ်ဝိညာဉ် လျှပ်စီး သစ်သီးများကို ခူးဆွတ်ထားသည်မှာ အချိန်အတန်ကြာသွားပြီ ဖြစ်သော်လည်း ယခုကလေးတင် အပင်ပေါ်မှ ခူးထားသည့်အတိုင်း လတ်ဆတ်နေဆဲပင် ဖြစ်သည်။ ဤအရာသည် ရှီထျန်းဟောင်၏ စွမ်းအားများကြောင့် ဖြစ်သည်။

ရှိထျုန်းပောင်သည် သူ၏ ပါးစပ်များကို ဟလိုက်ကာ ထိုသစ်သီးများကို မျိုချနေရင်း သူ၏ ဟွမ်စန်း ခန္ဓာကိုယ်မှ မျက်လုံးများသည် မြေနဂါးဘုရင်အပေါ်တွင် စူးစိုက်နေခဲ့သည်။ သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏ အတွင်းမှ နတ်ဘုရား နယ်မြေ ဆေးမီးဖိုထံသို့ လက်ဝှေ့ယမ်းလိုက်ရာ ထိုဆေးမီးဖိုသည် ပျံသန်းလာ၍ သူ၏ လက်အတွင်းသို့ ကျရောက်လာခဲ့သည်။

သူ၏ ဟွမ်စန်း ခန္ဓာကိုယ်မှနေ၍ ပြင်းထန်သော စွမ်းအားများ လှုပ်ရှားလာ၍ နတ်ဘုရား နယ်မြေနှင့် ဆင်တူနေသော အစိမ်းနက်ရောင် ဆေးမီးဖိုအား ပင့်မြှောက်လိုက်ကာ မြေနဂါးဘုရင် အပေါ်သို့ ရိုက်ချလိုက်သည်။

ရောမ ဆေးမီးဖိုသည် ကောင်းကင်ပေါ်မှ ကျဆင်းလာသော အခါ အရွယ်အစား ကြီးမားလာ၍ ကမ္ဘာအဆုံးတိုင်အောင် ဆန့်တန်းသွားကာ နတ်ဘုရား နယ်မြေ တစ်ခုလုံးက အမှန်တကယ် ကျဆင်းလာသည့် အတိုင်း ဖြစ်နေသည်။

နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် သူတို့၏ စိတ်ဝိညာဉ် ပုံစံများကို ဖော်ပြလိုက်ပြီး သူတို့၏ လက်ဝါးများကို တစ်ချိန်တည်းတွင် ဆန့်တန်းလိုက်၍ ဟွမ်စန်း ခန္ဓာကိုယ်နှင့် အတူ နတ်ဘုရား နယ်မြေ ဆေးမီးဖိုကို ပင့်မြှောက်လိုက်၍ မြေနဂါးဘုရင် အပေါ်သို့ ထုချလိုက်သည်။

ရှိထျုန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်သည် ကောင်းကင်အတွင်းသို့ ခြေတစ်လှမ်း လှမ်းလိုက်ကာ ကောင်းကင်ပေါ်မှ မြို့တော်နှင့် အတူ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းသို့ ဝင်သွားခဲ့သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကလည်း လေထုအလယ်တွင် လည်ပတ်နေပြီး ကောင်းကင်အနှံ့ လင်းလက် တောက်ပသွားကာ ဆူနာမီ လှိုင်းလုံးကဲ့သို့ မြေနဂါးဘုရင် အပေါ်သို့ ကျဆင်းလာသည်။ ထိုအလင်းတန်းနှင့် ထိတွေ့မိသော အရာအားလုံးတို့သည် ဘာမှ မရှိခြင်း အဖြစ်သို့ ပျက်သုဥ်းသွားကြသည်။

ဟင်းလင်းပြင် စစ်တလင်း တစ်ခုလုံးသည်
ထိုအခိုက်အတန့်တွင် ရှိထျန်းဟောင်အား ဗဟိုပြု၍
ပြင်းထန်စွာ တုန်ခါလှုပ်ရှားသွားသည်ဟု
ထင်နေရသည်။ မရေမတွက်နိုင်သော လေဟာနယ်
ထကြွ လှုပ်ရှားမှုများသည် ထိုနေရာသို့
စုစည်းလာခဲ့သော်လည်း အလယ်ဗဟို အနီးသို့
အရောက်တွင် အရှေ့သို့ ဆက်မတိုးနိုင်ခဲ့ပေ။

ထို့ကြောင့် ဤနေရာ တစ်ခုလုံးသည်
လေဆင်နှာမောင်း တစ်ခု၏ မျက်လုံးနှင့် တူနေပြီး
ခက်ထန် ကြမ်းတမ်းမှုနှင့် တည်ငြိမ်နေမှုတို့က
အတူတကွ တည်ရှိနေကြသည်။

မြေနဂါးဘုရင်၏ မျက်နှာသည်
လေးနက်နေသော်လည်း သူ၏ မျက်လုံးများသည်

ယခင်ကဲ့သို့ အေးစက်လျက်ပင် ရှိနေသေးကာ ခက်ထန် ရန်လိုမှုများက ပိုမို ပြင်းထန်လာခဲ့သည်။

သူ၏ အစစ်အမှန် ပုံစံကို ထုတ်ဖော်လိုက်ရာ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှ နဂါး အကြေးခွံများက စတင်၍ တုန်ခါလာကြသည်။ ရွှေရောင် တိမ်တိုက်များသည် ကောင်းကင်တစ်လျှောက် ပျံ့နှံ့သွား၍ ရှီထျန်းဟောင်၏ တိုက်ခိုက်မှုများကို အနားကပ်ခွင့် မပေးပဲ သူ၏ လက်သည်းကို ဟင်းလင်းပြင် အတွင်းသို့ ဆန့်တန်း၍ ဖမ့်ယမ်းလိုက်သည်။

သူသည် အဆုံးမဲ့ ဟင်းလင်းပြင် အတွင်းမှ ဖြတ်သန်းလာခဲ့၍ လေထုအတွင်းတွင် နတ်ဘုရား

နယ်မြေ ဆေးမီးဖိုနှင့် ပြင်းထန်စွာ
တိုက်ခိုက်လိုက်သည်။

ရှန်နဂါးဘုရင်သည် မြေနဂါးဘုရင်အား
ကူညီလိုနေခဲ့သော်လည်း ဇူရီသည် သူ၏ ဟီဂန်
ရွှေရောင်တံတားဖြင့် အရှေ့သို့ တက်လာခဲ့သည်။
ကျယ်ပြန့်လှသော ရွှေရောင် အလင်းတန်းများသည်
လေဟာနယ်ကို ခွဲခြားလိုက်ကာ မြေနဂါးဘုရင်နှင့်
ရှန်နဂါးဘုရင်တို့အား အချင်းချင်း အဆက်မသွယ်
မလုပ်နိုင်အောင် လုပ်ထားခဲ့သည်။

ရှီထျန်းဟောင်ကဲ့သို့ ခက်ထန်စွာ
မပေါက်ကွဲခဲ့သော်လည်း ဇူရီ၏ မျက်လုံးများ
အတွင်း၌လည်း နွေးထွေးမှုများ တစ်စက်မှ
ရှိမနေပေ။ သူသည် ရှန်နဂါးဘုရင်အား

မြေနဂါးဘုရင်ကို မကူညီနိုင်ရန်
တားဆီးလိုက်သည်။

ရှေးပဝေသဏီ နတ်နဂါးများသည် အမှန်ပင်
အစွမ်းထက်လှသည်။ ရှန်နဂါးဘုရင်သည်
ဗီပရာလိုပါ အဆင့်သို့ ရောက်ခဲ့သည်မှာ
မကြာသေးသော်လည်း သူ၏ နည်းစနစ်များနှင့်
မိစ္ဆာစွမ်းအားများကို လျှော့တွက်၍မရချေ။

သူ၏ မိစ္ဆာစွမ်းအားများသည် ကျယ်ပြန့်၍
အဆုံးမရှိသော သမုဒ္ဒရာ တစ်ခုနှင့် တူနေကာ
အဆက်မပြတ် စီးဆင်းနေပြီး မြေနဂါးဘုရင်ကပင်
ဤအပိုင်း၌ သူ့အား မယှဉ်နိုင်ပေ။

ဇူရိကလည်း ဤတိုက်ပွဲတွင် အောက်စည်းသို့ မရောက်စေရန် စွမ်းအားများကို အစွမ်းကုန် ထုတ်ဖော်ခဲ့သည်။ သို့သော်လည်း သူ့ရန်သူအား မြေနဂါးဘုရင်နှင့် မဆက်သွယ်နိုင်ရန် တားဆီးနေရသဖြင့် အနည်းငယ်ပို၍ သတိထားနေရသည်။ အခြားတစ်ဘက်တွင် မြေနဂါးဘုရင်ကလည်း အခက်တွေ့နေခဲ့သည်။

ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်နှင့် ဟွမ်စန်း ခန္ဓာကိုယ်တို့သည် နတ်ဘုရား နယ်မြေ ဆေးမီးဖို၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပေါ၊ ကောင်းကင်ပေါ်မှ မြို့တော်၊ နတ်ကောင်းကင် ဝက်ပေါတို့နှင့် အတူ တစ်ချိန်တည်းတွင် တိုက်ခိုက်ခဲ့ကြသည်။ အစွမ်းထက်လှသော

ဤအင်အားများသည် မြေနဂါးဘုရင်၏ အပေါ်သို့ တရစပ် ကျရောက်လာကြလေသည်။

မြေနဂါးဘုရင်သည် ဗီပရာလိုပါ အဆင့်သို့ ရောက်နေသည်မှာ အတော်ကြာနေပြီ ဖြစ်၍ မယုံနိုင်လောက်အောင် အစွမ်းထက်သော မိစ္ဆာတစ်ကောင် ဖြစ်သည်။ သို့တိုင်အောင် ရှီထျန်းဟောင်၏ အဆက်မပြတ် ထိုးနှက်မှုများကို ခံနေရသော အခါ အသက်ပင် မရှူနိုင်အောင် ဖြစ်နေခဲ့သည်။

ရှေးပဝေသဏီ နတ်နဂါးတို့၏ သဘာဝ ပင်ကိုစွမ်းရည်နှင့် ကြီးမားလှသော စွမ်းအားများကြောင့်သာ မဟုတ်လျှင် သူသည် မျက်စိတစ်မှိတ် အတွင်းတွင် ရှုံးနိမ့်သွားနိုင်ပေသည်။

မြေနဂါးဘုရင်၏ နတ်နဂါး ပုံစံသည် အမတန်မှ
အစွမ်းထက်လှကာ သူ၏ အခြားပုံစံများ
အကြားတွင်လည်း အဆက်မပြတ်
ပြောင်းလဲနေသည်။ သူ၏ ခန္ဓာကိုယ် အတွင်းတွင်
ကျယ်ပြန့်လှသော ရွှေရောင် အလင်းတန်းများ
လင်းလက်နေ၍ မည်သည့်ပုံစံကိုမဆို
ရယူနိုင်သည်ဟု ထင်နေရသည်။

သို့သော်လည်း သူသည် မင်နဂါးဘုရင်၏
လေဟာနယ်ကို ရွှေ့ပြောင်းနိုင်သော စွမ်းရည်၊
ဖယောင်းနဂါး၏ အချိန်ကာလကို ထိန်းချုပ်နိုင်သော
စွမ်းရည်၊ အဖြူရောင် ကျောက်စိမ်းနဂါးတို့၏
ပုံရိပ်ယောင်နှင့် အစစ်အမှန် ကမ္ဘာတို့အား
နားလည်နိုင်စွမ်းတို့ကို အထူး အာရုံစိုက်ထား၍

ရှိထျုန်းဟောင်၏ ကြမ်းကြုတ်လှသော
တိုက်ခိုက်မှုများကို ရင်ဆိုင်နေခဲ့သည်။

အခြားတစ်ဘက်တွင် ဇူရီကလည်း ရှန်နဂါးဘုရင်နှင့်
အကြိတ်အနယ် တိုက်ခိုက်နေရင်း သာမန်သာ
ရေရွတ်လိုက်သည်။ "ဂျူနီယာလေး... ဆရာက
သူ့ကို လွန်ခဲ့တဲ့ နှစ်တွေတုံးက ဒဏ်ရာရအောင်
လုပ်ခဲ့လို့ သူ့ရဲ့ မိစ္ဆာစွမ်းအားတွေက အထွတ်အထိပ်
အခြေအနေကလို ပေါက်ကွဲနိုင်စွမ်း မရှိတော့ဘူး"

"သူ့ရဲ့ နဂါးအမြီးနဲ့ လက်သည်း တစ်ဘက်တို့က
အဖြတ်ခံခဲ့ရပြီး ဒါက သူ့ရဲ့ အားနည်းချက်တွေပဲ
ဖြစ်တယ်"

"သူ့ရဲ့ အနီးကပ် တိုက်ပွဲစွမ်းရည်ဟာ နဂါးလက်သည်း တစ်ဘက် လျော့နည်းသွားလို့ အားနည်းသွားတယ်... သူ့ရဲ့ နဂါးအမြီး မရှိတော့လို့ လေဟာနယ်ကို ထိန်းချုပ် ရွေ့ပြောင်းတဲ့ နေရာမှာ သွက်လက်မှု မရှိတော့ဘူး... သူ့ရဲ့ မိစ္ဆာစွမ်းအားတွေက အစွမ်းထက်နေသေးပေမဲ့ အမြီးနဲ့ လက်သည်း ရှိတုံးကနဲ့ မယှဥ်နိုင်တော့ဘူး"

"မင်းရဲ့ တိုက်ခိုက်မှုတွေကို ဆက်လက်ပြီးတော့ အားထည့်ပြီးမှ တိုက်ခိုက်နေပါ... အထူးသဖြင့် အမြန်နှုန်း ဖြစ်တယ်... မင်းက သူ့ကို ဖိနှိပ်ဖို့အတွက် တရစပ် အလျင်အမြန် တိုက်ခိုက်နိုင်သလို သူအားနည်းသွားတဲ့ အထိ အချိန်ဆွဲပြီး တိုက်ခိုက်လို့လည်း ရတယ်"

"နတ်ဘုရား နယ်မြေ ဆေးမီးဖို၊ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၊ ကောင်းကင်ပေါ်က မြို့တော်၊ နတ်ကောင်းကင် ဝက်ပါတို့ဟာ အမတန်မှ အစွမ်းထက်တဲ့ အရာတွေ ဖြစ်တဲ့အတွက် မင်းရဲ့ စွမ်းအင်တွေက အရင် မကုန်ခန်းသွားနိုင်ဘူး"

ဇူရီက တည်ငြိမ်စွာဖြင့် ဆက်ပြောလိုက်သည်။ "မင်းက ဒီတိုက်ပွဲကို ကြိုက်သလို တိုက်ခိုက်လို့ရတယ်"

သူသည် သူ၏အသံကို မိစ္ဆာနဂါး နှစ်ကောင်နှင့် ရှီကျုံးမောင်တို့ မကြားရအောင် ဖုံးကွယ်ထားခြင်း မရှိခဲ့ပေ။ ရှီကျုံးမောင်ကလည်း ထိုစကားများကို ကြားခဲ့ရသော အခါ ပါးစပ်အဟောင်းသား

ဖြစ်သွား၍ မြေနဂါးဘုရင်၏ မျက်လုံး များသည် အမျက်မီးတောက်များဖြင့် တောက်လောင်လာကာ ရှန်နဂါးဘုရင်၏ အမူအရာကလည်း ပို၍ လေးနက်လာ၏။

ဤအချိန်တွင် အင်မော်တယ် နဂါးမြို့တော်သည် အားလုံးတို့၏ အာရုံစိုက်မှု ဖြစ်နေသင့်သော်လည်း ယာယီအားဖြင့် လျစ်လျူရှုခြင်း ခံခဲ့ရသည်။

အချိန် ကြာလာသည်နှင့် အမျှ အင်မော်တယ် နဂါးမြို့တော်၏ အလင်းတန်းသည် ပို၍ တောက်ပလာ၍ သူ၏ အသိစိတ်ကလည်း ပို၍ ကြည်လည် ပြတ်သားလာကာ ရောမ မြို့နံရံသည် ဟင်းလင်းပြင် အတွင်း၌ ရုတ်တရက် လှုပ်ရှားလာခဲ့သည်။

# စာစဉ် ၇၀ : အပိုင်း ၄

## အပိုင်း ၁၄၅၄ : လူသားဝိညာဉ် ပြန်လည် မွေးဖွားလာခြင်း

အင်မော်တယ် နဂါးမြို့တော်၏ အလင်းတန်းသည် ပို၍ နွေးထွေး အားကောင်းလာသည်။ ကျယ်ပြန့်လှသော မြို့နံရံ အပေါ်မှ စီးဆင်းနေသော ရွှေရောင်အလင်းတန်းများကို ထုတ်လွှတ်နေ၍ အရာအားလုံးတို့အား လွှမ်းခြုံသွားခဲ့သည်။ ရွှေရောင် အလင်းတန်းများ ကျရောက်လာသော အခါ အချိန်မြစ်ရေနှင့် တူနေသော ဝေဝါးဝါး အရောင်အလွှာက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ရောမ နဂါးတစ်ကောင် နိုးထလာသည်နှင့် တူနေသော မြို့နံရံသည် အဆုံးမဲ့ ဟင်းလင်းပြင် အတွင်းတွင် အသက်ဝင်လာသကဲ့သို့ လှုပ်ရှားနေကာ နားကွဲလုမတတ် နဂါးအော်သံများက အတွင်းမှ ထွက်ပေါ်လာသည်။

ဇူရီနှင့် ရှီထျန်းဟောင်တို့ကြောင့် ရှီကျုံးမောင် အနေဖြင့် အစွမ်းထက် နဂါးများ၏ ပစ်မှတ်ထားခြင်းကို မခံခဲ့ရပေ။ ထို့ကြောင့်သူသည် အင်မော်တယ် နဂါးမြို့တော်အား စောင့်ကြည့်နေရင်း သူ၏ အမူအရာသည် ပို၍ပို၍ ရှုပ်ထွေးလာသည်။

နားကွဲလုမတတ် နဂါးဟိန်းသံများကို ကြားခဲ့ရသော အခါ ရှန်နဂါးဘုရင်နှင့် မြေနဂါးဘုရင်တို့သည် ပို၍ လေးနက်လာကြပြီး သူတို့၏ မျက်လုံးများ အတွင်းတွင် အမျက်ဒေါသများ ပေါက်ကွဲလာခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင် ရောမ ရွှေရောင် နဂါးပုံရိပ်တစ်ခု လင်းလက်လာ၍ သူသည် ကြီးမားလွန်းလှသဖြင့် ဤထက်ပို၍ မကြီးနိုင်တော့ဟု ထင်နေရသည်။ သူ၏ အရိပ်သည် ထူးခြားဆန်းကြယ်၍ ပဟေဠိဆန်သော ဖြစ်တည်မှု တစ်ခုအလား ဟင်းလင်းပြင် အတွင်းတွင် ကွယ်ပျောက်သွားခဲ့သည်။

ရောမ ပုံရိပ်သည် အမှောင်ထု အတွင်းတွင် ရွေ့လျားနေရင်း မြင်ကွင်းအတွင်းတွင် တစ်ခါတစ်ရံ ပေါ်လာခဲ့သည်။ နဂါးတစ်ကောင်သည် တိမ်တိုက်များ အကြားတွင် ဝဲပျံနေသကဲ့သို့ ဖြစ်ကာ သူ၏ နေရာနှင့် လှုပ်ရှားမှုများကို တစ်ယောက်ကမှ အတည်မပြုနိုင်ခဲ့ပေ။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်မှ ကျယ်ပြန့်လှသော ရွှေရောင်အလင်းတန်းများ အကြားတွင် လူသားပုံရိပ် တစ်ခုက ဖြည်းဖြည်းချင်း ထရပ်လာခဲ့သည်။

ထိုလူသားပုံရိပ်သည် လွန်ခဲ့သော နှစ်များစွာက ရှီကေရာဇ်၏ စိတ်ဝိညာဉ်နှင့် မတူတော့ပဲ အသက်နှစ်ဆယ်ကျော်သာ ရှိသေးသည့် အဝါရောင်

ဝတ်စုံနှင့် မိန်းကလေး တစ်ယောက်နှင့် တူနေခဲ့သည်။ သူမသည် ဆွဲဆောင်နိုင်မှု အားကောင်းကာ ထူးခြားစွာ တင့်တယ်ပြေပြစ်သော အလှတရားများကို ပိုင်ဆိုင်ထားသည်။

ထိုမိန်းကလေးသည် အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေ၍ နှစ်ခြိုက်စွာ အိပ်မောကျနေသကဲ့သို့ သူမ၏ မျက်လုံးများကို တင်းကျပ်စွာ ပိတ်ထားခဲ့သည်။

သူမခေါင်းပေါ်မှ ရောမ ရွှေရောင်နဂါး ပုံရိပ်သည် ဟင်းလင်းပြင် အတွင်းတွင် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ ပြီးပြည့်စုံသော ရောမ ခန္ဓာကိုယ်ကို ဖော်ပြလိုက်ပြီး အင်မော်တယ် နဂါးမြို့တော် အပေါ်သို့ ဆင်းသက်လာသည်။

ဤရွှေရောင်နဂါး ပုံရိပ်သည် အဆုံးမဲ့ အင်မော်တယ် နဂါးမြို့တော်နှင့် ပေါင်းစည်းသွားအပြီးတွင် မြို့နရံက ပြင်းထန်စွာနှင့် တုန်ခါလာသည်။

မြို့နံရံသည် ရွှေရောင် အလင်းတန်းများကို ဝါးမျိုနေရင်း ဘာတစ်ခုမှ မကျန်တော့ပေ။ ရောမ နဂါးခန္ဓာကိုယ်ကလည်း ပျောက်ကွယ်သွား၍ မှောင်မိုက်နေသော ဟင်းလင်းပြင်ကို ထိုးဖောက်နေသည့် ရွှေရောင် အလင်းတန်း တစ်တန်းသာ ကျန်တော့သည်။ သူသည် အလင်းတန်းများဖြင့် လင်းလက်နေသည့် စီးဆင်းနေသော မြစ်တစ်စင်းနှင့် တူနေခဲ့သည်။

ထိုရွှေရောင်မြစ် အတွင်းတွင် မရေမတွက်နိုင်သော လူသားပုံရိပ်များက ပေါ်လိုက်မြုပ်လိုက် ဖြစ်နေကြသည်။ သူတို့သည် စိတ်ပိုင်းဖြတ်ခြင်း၊ မယိမ်းယိုင်ခြင်း၊ အမျက်ဒေါသ၊ ကြောက်ရွံ့မှုနှင့် ဂုဏ်သိက္ခာတို့အား ဖော်ကျူးနေကြသည်။

စီးဆင်းနေသော မြစ်အတွင်းမှနေ၍ လူသားပုံရိပ် အမြောက်အမြားတို့သည် ထွက်ပေါ်လာ၍ ခဏအကြာတွင် ရှည်လျားသော မြစ်အောက်သို့ လုံးဝပြန်၍ နစ်မြုပ်သွားကြသည်။

တစ်ချိန်တည်းတွင် ရွှေရောင်မြစ် အတွင်း၌ နဂါးပုံရိပ်များကို တွေ့နေနိုင်၍ မြစ်အတွင်းမှ ထွက်လာကြကာ ကောင်းကင်ပေါ်တွင် ဝဲပျံနေပြီး မြစ်အတွင်းသို့ ပြန်လည် ဆင်းသက်သွားကြသည်။

မြေနဂါးဘုရင်နှင့် ရှုန်နဂါးဘုရင်တို့သည် တုန်လှုပ်သွားကြကာ သူတို့၏ မိစ္ဆာဝိညာဉ်များက လှုပ်ရှားသွားပြီး ကျောရိုးများ အတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြသည်။

လူသားပုံရိပ်များနှင့် နဂါးပုံရိပ်များသည် အချင်းချင်း ကူးလူး ယှက်သန်းနေကြ၍ စီးဆင်းနေသော ရွှေရောင်မြစ်သည် အဆုံးမဲ့ အသက်စွမ်းအင်များကို ပေးနေနိုင်ကာ တစ်ချိန်တည်းတွင် သူတို့အား ပျက်သုဉ်းအောင် လုပ်နိုင်ခဲ့သည်။

ရွှေရောင်မြစ်သည် မှောင်မိုက်နေသော ဟင်းလင်းပြင်၏ ကြယ်စင်ကောင်းကင် တစ်လျှောက်တွင် စီးဆင်းနေပြီး နဂါးနှင့်

လူသားပုံရိပ်များသည် ကောင်းကင်အတွင်းမှ ကြယ်များနှင့် တူနေ၍ တစ်ခုနှင့် တစ်ခု ယှက်သန်းနေကြသည်။

နောက်ဆုံးတွင် မြစ်ကဲ့သို့သော ရွှေရောင် အလင်းတန်းသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားကာ ရွှေရောင်များ လွင့်ပြယ်သွားပြီး အတွင်းတွင် ဖုံးကွယ်ထားသော ရောမ ဖြစ်တည်မှုကြီးသည် သူ၏ အစစ်အမှန် ပုံသဏ္ဌာန်အား ဖော်ပြလိုက်သည်။

ထိုအရာသည် မယုံနိုင်အောင် ကြီးမားလှသည့် နဂါးတစ်ကောင် ဖြစ်သည်။ သူ၏ ရွှေရောင် အကြေးခွံများသည် အသက်ရှုနေသကဲ့သို့

အဆက်မပြတ် လှုပ်ရှားနေကာ ရွှေရောင်တိမ်တိုက် အမြောက်အမြား ထွက်ပေါ်လာသည်။

ဤရောမ နဂါးတွင် ကြီးစိုးလွှမ်းမိုးနိုင်မှုနှင့် ဂုဏ်သိက္ခာများဖြင့် ပြည့်နေကာ သက်ရှိအားလုံး၏ အစကဲ့သို့ ကောင်းကင်ပေါ်တွင် ဝဲပျံနေသည်။ သူသည် သူ့အနားမှ ကျယ်ပြန့်လှသော ဟင်းလင်းပြင်ကို ပြည့်နှက်စေပြီး ကြည့်နေကြသော သူများကို သူ၏ ခန္ဓာကိုယ်သည် ဟင်းလင်းပြင်အား လွှမ်းခြုံထားသကဲ့သို့ ထင်နေစေသည်။

သူ၏ မျက်လုံးများသည် အသက်ကင်းမဲ့နေသကဲ့သို့ တင်းကျပ်စွာဖြင့် ပိတ်ထားသော်လည်း ကြီးစိုးလွှမ်းမိုး နိုင်သည့် ခံစားမှုမှာ အမှန်တကယ် အစစ်ကဲ့သို့ ထင်နေရသည်။

နဂါးခန္ဓာကိုယ်သည် ကောင်းကင်တစ်လျှောက် ပျံသန်းနေရင်း ရွှေရောင် ကျက်သရေ တိမ်တိုက်များကလည်း သူနှင့်အတူ လှုပ်ရှားနေ၍ လေထုအလယ်တွင် ထူးခြားဆန်းကြယ်သော 'တာအို'ဟူသည့် စကားလုံးကို ဖြည်းဖြည်းချင်း ဖန်ဆင်းလိုက်သည်။

ထိုနဂါး၏ မျက်လုံးအစုံသည် မှိတ်နေသော်လည်း အပြင်းအထန် တိုက်ခိုက်နေကြသည့် ဇူရီ၊ ရှီထျန်းဟောင်၊ မြေနဂါးဘုရင်၊ ရှန်နဂါးဘုရင်တို့အား စောင့်ကြည့်နေခဲ့သည်။

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့သည် ကောင်းကင်အတွင်းမှ ရွှေရောင်နဂါးအား

စိုက်ကြည့်နေရင်း သူတို့၏ အမူအရာများသည် ခံပြင်း နာကျည်းမှုများဖြင့် ပြည့်လာခဲ့သည်။

သူတို့၏ မျက်လုံးများသည် နဂါး၏ ခေါင်းနေရာသို့ စူးစိုက်ထားသည်။ ထိုနေရာတွင် ဝတ်စုံဝါဖြင့် မိန်းကလေး တစ်ကောင်သည် နဂါးဦးချိုများ အကြား၌ တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။

သူမ၏ မျက်လုံးများသည် ဤအချိန်၌ နောက်ဆုံးတွင် ပွင့်လာခဲ့သည်။

သူမ၏ မျက်လုံးများကို ဖွင့်လိုက်သော အချိန်တွင် နဂါးသည် ဝေဝါးသော အလင်းတန်း တစ်ခုဖြင့် လင်းလက်လာသည်။ ထိုအရာသည်

စီးဆင်းနေသော ရေများကဲ့သို့ အချိန်
ကုန်ဆုံးသွားမှုကို ကိုယ်စားပြုနေသကဲ့သို့ ဖြစ်သည်။

ဝေဝါးသော အလင်းတန်းသည် ရောမ နဂါး
ခန္ဓာကိုယ်အား ဖုံးလွှမ်းသွား၍ အလင်းတန်း
အလွှာဖြင့် လုံးဝ လွှမ်းခြုံထားသော
နဂါးခန္ဓာကိုယ်သည် ထပ်ဖန်တစ်ခါ
လျှို့ဝှက်ဆန်းကြယ်သည့်ပုံ ပေါက်လာခဲ့သည်။

ဟင်းလင်းပြင်သည် လုံးဝ ကစဉ့်ကလျား ဖြစ်နေ၍
ကမ္ဘာတစ်ခုလုံးသည် အဖြူနှင့် အနက်ကဲ့သို့
ဖြစ်သွားကာ အချိန်သည် အေးခဲနေသော်လည်း
တစ်ချိန်တည်းတွင် အဆက်မပြတ်
လှုပ်ရှားနေသကဲ့သို့ ဖြစ်နေသည်။ အချိန်သည်

ဤအခိုက်အတန့်၌ ရုပ်တန့်သွား၍ ထာဝရ ဖြစ်နေသကဲ့သို့ ထင်နေရသည်။

ထိုမိန်းကလေး၏ ပုံရိပ်ကိုသာ ကြည်လင်စွာ မြင်နေရ၏။ သူမ ခန္ဓာကိုယ် အပေါ်တွင် အရောင်များ လင်းလက်လာ၍ သူမအနားမှ ခန့်မှန်းရန် မဖြစ်နိုင်သော ကမ္ဘာအား တောက်ပစေခဲ့သည်။ သူမသည် နဂါး၏ အသက်ကို ပေးခဲ့၍ သူမ၏ အပြုအမူများသည် ဆွဲဆောင်မှု ရှိကာ အများ၏ အာရုံများကို ဖမ်းစားနိုင်ခဲ့သည်။

အနီးကပ် ကြည့်လိုက်လျှင် တစ်ယောက်သည် ထိုမိန်းကလေးက ဝိညာဉ် သို့မဟုတ် စိတ်ဝိညာဉ် ခန္ဓာကိုယ် ဖြစ်ကာ အစစ်အမှန် အသွေးအသား ခန္ဓာကိုယ် မဟုတ်ဟူ၍ ပြောနိုင်ပေမည်။

ရှီကျုံးမောင်သည် ထိုဝတ်ရုံဝါနှင့် မိန်းကလေးအား ကြည့်လိုက်ကာ သက်ပြင်းတစ်ချက် လေးလံစွာ ချ၍ ပြောလိုက်သည်။ "မတွေ့ရတာ ကြာသွားပြီ... ရှင်းယွမ်"

ထိုမိန်းကလေးသည် မဟာချင် အင်ပါယာ၏ မင်းသမီးဖြစ်သော ရှီရှင်းယွမ်ပင် ဖြစ်ပေသည်။

သူမသည် လွန်ခဲ့သော နှစ်များက နတ်နဂါးကျင်း၏ လက်ကျန် စိတ်ဝိညာဉ်မှ မွေးဖွားခဲ့ခြင်း ဖြစ်၍ ထိုအကြောင်းရင်းကြောင့်ပင် သူမ၏ ဖခင် ရှီယုက သူမအား အသုံးပြုကာ နဂါးဝိညာဉ် ယဇ်ပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး သူမကို အင်မော်တယ် နဂါးမြို့တော် အတွင်းသို့ ပေါင်းစည်းခဲ့သည်။

နောက်ပိုင်းတွင် သူမသည် အင်မော်တယ် နဂါးမြို့တော်နှင့် အတူ ဟင်းလင်းပြင် အတွင်းသို့ လွင့်မျော ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

သူမသည် ထိုအချိန်က အင်မော်တယ်ဝိညာဉ် အဆင့်သို့ မရောက်သေးသော်လည်း ရှီယုအနေဖြင့် ဘာမှ ရွေးချယ်ခွင့် မရှိပဲ သူမအား ယဇ်ပူဇော်ခြင်း အခမ်းအနားတွင် အသုံးပြုခဲ့ရသည်။ ထို့ကြောင့်ပင် မည်သူကမှ မမျှော်လင့်ထားသော အခြေအနေ တစ်ခု ပေါ်လာပြီး ရှီယုသည် နောက်ဆုံးတွင် သူ၏အသက်ဖြင့် ပေးဆပ်ခဲ့ရသည်။

ရှီရှင်းယွမ်သည် သူမ၏ မျက်လုံးများကို ဖွင့်လိုက်ရာ သူမ၏ မျက်လုံးများသည် သူမအနားမှ

လင်းလက်နေသော မြစ်အတွင်းမှ ရေကဲ့သို့ တည်ငြိမ်နေသည်။ သူမသည် ခေတ်အဆက်ဆက်မှ ကမ္ဘာအတွင်းရှိ အရာအားလုံးကို မြင်ပြီးခဲ့သကဲ့သို့ ဖြစ်သည်။

သူမသည် ရှီကျုံးမောင်ဘက်သို့ လှည့်၍ပြုံးလိုက်သည်။ "ဦးရီးတော်... မတွေ့ရတာ ကြာသွားပြီ... ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

ရှီကျုံးမောင်သည် ကောင်းကင်ပေါ်သို့ မော့၍ သက်ပြင်းအရှည်ကြီး တစ်ချက်ချလိုက်သည်။ "အရာအားလုံးက ကံကြမ္မာ စီစဉ်ရာအတိုင်း ဖြစ်လာခဲ့တာ... ငါက အရက်ကင်းမဲ့စွာနဲ့ မင်းကို မဟာချင် အင်ပါယာကို ပြန်လာပါလို့ မပြောလိုပါဘူး... ငါက... ငါကမင်းကို..."

ရှီရှင်းယွမ်သည် သူမ၏ခေါင်းကို ခါ၍
ပြောလိုက်သည်။ "ဦးရီးတော်က ဘာတွေ
ပြောနေတာလဲ... ကျွန်မက လူသားတစ်ယောက်
ဖြစ်ပြီး နဂါးတစ်ကောင် မဟုတ်ပါဘူး... ဒါကြောင့်
ကျွန်မက မဟူရာ ပင်လယ်အတွင်းက နဂါးတွေနဲ့
အတူ နေနိုင်မှာ မဟုတ်ဘူး... သူတို့က အခွင့်အရေး
ရတာနဲ့ ကျွန်မကို သတ်ဖြတ်လိုနေကြမှာ ဖြစ်တယ်"

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့သည်
ထိုစကားကို ကြားခဲ့ရသော အခါ အေးစက်စွာဖြင့်
နှာမှုတ်ခဲ့ကြသော်လည်း ဘာမှ မပြောခဲ့ကြပေ။

ဇူရီနှင့် ရှီထျန်းဟောင်တို့သည်လည်း ဤအချိန်၌
ရှီရှင်းယွမ်ဘက်သို့ လှည့်၍ တစ်ချိန်တည်းတွင်

ပြောလိုက်ကြသည်။ "ဂုဏ်ယူပါတယ်... မင်းသမီး ရှင်းယွမ်"

ရှီရှင်းယွမ်၏ အမူအရာသည် ယခင်ကကဲ့သို့ တည်ငြိမ်နေဆဲပင် ဖြစ်ကာ ပြုံး၍ ပြန်ပြောလိုက်သည်။ "မတွေ့ရတာ အချိန်အတော်ကြာသွားပြီ... မိတ်ဆွေတို့"

သူမသည် စိတ်လှုပ်ရှားနေသော ရှီကျုံးမောင်ဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ကျွန်မက အငြိုးတရားတွေ ထားနေဦးမယ်လို့ စိတ်မပူပါနဲ့... ဦးရီးတော်... ကျွန်မအဖေက သေသွားပြီ ဆိုတာကို ကျွန်မသိနေပြီး ကျွန်မရဲ့ ဒေါသတွေကို တခြားသူတွေအပေါ် ပုံချမှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ အဆင့်မြင့် ကျင့်ကြံသူတွေ အားလုံးဟာ ဒီအစီအစဉ်မှာ ပါဝင်ခဲ့ကြလို့ ကျွန်မက ရှီးလင်မြို့ကို ပြန်တော့မှာ မဟုတ်ဘူး... ကျွန်မကို နားလည်ခွင့်လွှတ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ရှီကျုံးမောင်သည် ထပ်ဖန်တစ်ခါ သက်ပြင်းချ၍ ပြောလိုက်သည်။ "ငါတို့လုပ်ခဲ့တဲ့ အရာအားလုံးဟာ မဟာချင် အင်ပါယာ အတွက်သာ ဖြစ်ပြီး တစ်ယောက်ကမှ မကောင်းတဲ့ ရည်ရွယ်ချက်တွေ မရှိဘူး... အခုအချိန်မှာ မင်းက ပြန်လည်မွေးဖွားလာပြီ ဖြစ်တဲ့အတွက်ကြောင့် ရှီးလင်မြို့ကိုပြန်ဖို့ ဆုံးဖြတ်ခဲ့ရင် ငါတို့အားလုံးက နွေးထွေးစွာနဲ့ ကြိုဆိုနေကြမှာပါ"

သူသည် ခေတ္တမျှ ငြိမ်သက်သွား၍ ပြောလိုက်သည်။
"မင်းက တိုက်ရိုက် တော်ဝင်မျိုးဆက်
ဖြစ်တဲ့အတွက်ကြောင့် မင်းအနေနဲ့ ထီးနန်းကို
ဆက်ခံနိုင်ဖို့ ဖြစ်နိုင်တယ်"

လူသား ကျင့်ကြံမှု ကမ္ဘာသည် သာမန်ကမ္ဘာနှင့်
လုံးဝ ကွဲပြားခြားနားပေသည်။ အင်ပါယာများ၏
သမိုင်းတွင် အမျိုးသမီး ဧကရာဇ်များ ရှိခဲ့ဖူးသည်။

ရှီရှင်းယွမ်က သူမ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။
"လာပြီးမှ မလှည့်စားပါနဲ့... ဦးရီးတော်...
ဦးရီးတော်က အခု ရောက်လာတဲ့အတွက်
ဦးရီးတော် နန်းမင်းက ထီးနန်းကို ဆက်ခံပြီး
ဖြစ်နေလိမ့်မယ်"

"ကမ္ဘာနှစ်ခု အကြားက စစ်ပွဲမှာ ဖခမည်းတော်က ကျဆုံးသွားပြီး အင်မော်တယ် နဂါးမြို့တော်ကလည်း ပျောက်ဆုံးသွားတဲ့ အတွက် အခြေအနေက အရေးပေါ်ဖြစ်နေတယ်… ကျွန်မရဲ့ အစ်ကိုက အဲ့ဒီအချိန်မှာ ထီးနန်းကို ဆက်ခံနိုင်မှာ မဟုတ်ဘူး"

"အခုအချိန်မှာ ဧကရာဇ် အသစ်က နန်းတက်ပြီးတာ အချိန်အတော်ကြာနေလောက်ပြီ"

ရှီကျုံးမောင်သည် တည်ငြိမ်နေပြီး ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့် ပြောလိုက်သည်။
"လက်ရှိဧကရာဇ်က ထီးနန်းကို မင်းကို ကျေနပ်ဝမ်းမြောက်စွာနဲ့ လွှဲပေးမှာပါ"

ရှီရှင်းယွမ်သည် ရှီကျုံးမောင်အား ခေတ္တမျှ
စိုက်ကြည့်လိုက်ကာ သူမ၏ခေါင်းကို ခါ၍
ပြောလိုက်သည်။ "ဒါက ကျွန်မရဲ့ ဆန္ဒမဟုတ်ဘူး…
ကမ်းလှမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်…
ဦးရီးတော် ကန်းယန်"

ရှီကျုံးမောင်သည် ခါးသီးစွာရယ်၍ ပြောလိုက်သည်။
"ဒီလိုမျိုး ကြီးမားတဲ့ ကိစ္စတစ်ခုဟာ
လက်ရှိကေရာဇ်နဲ့ ဆက်စပ်နေတယ်… ငါကမင်းကို
သွေးတိုးစမ်းနေတာ မဟုတ်ပါဘူး"

ရှီရှင်းယွမ်က သူ့အားဖြတ်၍ ပြောလိုက်သည်။
"တော်လောက်ပြီ… ဦးရီးတော် ကန်းယန်…
ကျွန်မတို့က လက်ရှိ ပြဿနာကို အရင်
ဖြေရှင်းရအောင်"

သူမ၏ အကြည့်သည် မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့ အပေါ်သို့ ကျရောက်သွားသည်။ "ကျွန်မက နတ်နဂါးကျင်းရဲ့ မှတ်ဉာဏ် တစ်စိတ်တစ်ပိုင်းကို ရရှိခဲ့ပေမဲ့ ကျွန်မဟာ လူသားတစ်ယောက် အနေနဲ့ မွေးဖွားလာတာ ဖြစ်တယ်… နဂါးဝိညာဉ်နဲ့ လူသားဝိညာဉ်တို့ဟာ အတူတကွ ယှဉ်တွဲ တည်ရှိနေခဲ့ပေမဲ့ ဒီအဖြစ် အပြီးမှာ လုံးဝ ကွဲပြားသွားခဲ့ပြီ"

"နဂါးဝိညာဉ်ဟာ နဂါးခန္ဓာကိုယ်နဲ့ အပြည့်အဝ ပေါင်းစည်းသွားပြီး အခု မြင်နေရတဲ့ လူသားဝိညာဉ်ပဲ ကျန်နေရစ်တယ်… ကျွန်မတို့က လမ်းကြောင်း တစ်ခုတည်းအပေါ်မှာ မရှိနေဘူး"

"ရှင်တို့ဟာ အခွင့်အရေးရတာနဲ့ ကျွန်မကိုသတ်ဖို့ ကြိုးစားမှာပဲ... ကျွန်မက ရှင်တို့နှစ်ယောက် လုပ်ချင်နေတဲ့ အရာကို ထိုင်ပြီးတော့မှ မကြည့်နိုင်တဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ"

ရှီရှင်းယွမ်သည် စကားပြောနေရင်း ကောင်းကင်အပေါ်သို့ အသာပုတ်လိုက်ရာ ဝေဝါးနေသော အလင်းတန်း အလွှာသည် ဟင်းလင်းပြင် အတွင်းသို့ ပျံ့နှံ့သွား၍ အချိန်မြစ်ရေသည် ရှန်နဂါးဘုရင်နှင့် မြေနဂါးဘုရင်တို့ထံသို့ ကျရောက်လာသည်။

ရောမ နတ်နဂါး ခန္ဓာကိုယ်သည် ဟင်းလင်းပြင်တစ်လျှောက် ဆန့်တန်းနေ၍ လင်းလက်နေသော အလင်းတန်းများဖြင့်

ဖုံးလွှမ်းနေသည်။ သို့သော်လည်း သူ၏ နဂါး
အရှိန်အဝါများသည် ယခင်ကဲ့သို့ ကြည်လင်နေ၍
ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်ကာ သူ၏
လက်သည်းများဖြင့် ရှုန်နဂါးဘုရင်နှင့်
မြေနဂါးဘုရင်တို့ အပေါ်သို့ တစ်ပြိုင်နက်တည်း
ခုတ်ချလိုက်သည်။

အစွမ်းထက်သော မိစ္ဆာနဂါး နှစ်ကောင်တို့ကလည်း
အမျက်ဒေါသ ပြင်းထန်စွာဖြင့်
ဟိန်းဟောက်လိုက်ကြလေသည်။

အင်မော်တယ် နဂါးမြို့တော်က မရှိတော့ပဲ
ရှီရှင်းယွမ်သည် နဂါးတစ်ကောင် အနေဖြင့်
ပြန်လည် မွေးဖွားလာသည်။ သူမ၏ လူသားဘဝမှ
ကျင့်ကြံမှု အဆင့်သည် အကန့်အသတ်

ကြီးမားစွာရှိကာ နဂါးခန္ဓာကိုယ်သည်
သန်မာလှသော်လည်း ဝိညာဥ်သည် သူ့အား
ကောင်းစွာ မထိန်းချုပ်နိုင်ခဲ့ပေ။ သို့တိုင်အောင်
သူမ၏ နည်းစနစ်နှင့် စွမ်းရည်များအား
လျှော့တွက်၍ မရချေ။

နဂိုကတည်းက အောက်စည်းသို့ ရောက်နေခဲ့သော
အစွမ်းထက်သည့် နဂါးနှစ်ကောင်တို့သည်
တိုက်ပွဲအတွင်းသို့ ရှီရှင်းယွမ်က ထပ်ဝင်လာသော
အခါ ဖိအားများ ပို၍ များလာခဲ့သည်။

ရှီရှင်းယွမ်က တိုက်ပွဲအတွင်းသို့ ဝင်လာသော အခါ
နဂါးတစ်ကောင်တို့သည် ရင်အတွင်းမှနေ၍
နက်ရှိုင်းစွာ ခံပြင်းဒေါသ ထွက်နေခဲ့သည်။
မြေနဂါးဘုရင်သည် ဤအချိန်တွင် အန္တရာယ်

ကြီးမားသော အခြေအနေသို့ ကျရောက်နေ၍ သူ၏ အရှိန်အဝါများသည် ပို၍ပို၍ ခက်ထန်လာကာ ဒဏ်ရာရမည်ကို အမှုမထားပဲ ရှီရှင်းယွမ်အား ရိုက်ချလိုက်သည်။

သူ၏လက်ရှိ ရည်ရွယ်ချက်မှာ ဒဏ်ရာရမည်ကို မကြောက်နေပဲ အသက်ချင်းပင် လဲ၍ တိုက်ခိုက်လိုနေခြင်း ဖြစ်သည်။ သူလုပ်ချင်နေသည်မှာ ဤအချိန် ဤနေရာ၌ ရှီရှင်းယွမ်အား သတ်ဖြတ်နိုင်ရန်ပင် ဖြစ်သည်။

ရှန်နဂါးဘုရင်ကလည်း အမျက်ကြီးစွာ ထွက်နေဆဲ ဖြစ်သော်လည်း သူသည် တည်ငြိမ်စွာ တွေးတောနိုင်ခဲ့သေးသည်။ "သူမက လှုပ်ရှားစရာ မလိုဘူး... သူမဟာ ငါတို့ရဲ့ အဓိက

ပစ်မှတ်ဖြစ်တယ် ဆိုတာကို သူမက သိနေတယ်… သူမက ဒါက တမင်သက်သက် လုပ်နေတာ"

"သူမဟာ ငါတို့ရဲ့ တည်ငြိမ်မှု ပျောက်သွားအောင် ဒေါသကို ဆွပေးနေပြီး ငါတို့ကို သူသေကိုယ်သေ တိုက်ခိုက်စေလိုနေတာ… သူမက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ပေါင်းပြီးမှ ငါတို့ကို ဒီနေရာမှာ အပြတ်ရှင်းဖို့ ရည်ရွယ်နေတာ"

လက်ရှိ အခြေအနေကို ကောင်းမွန်စွာ သုံးသပ်နိုင်ခဲ့သည်နှင့် ရှန်နဂါးဘုရင်၏ အမျက်ဒေါသများသည် လျင်မြန်စွာနှင့် ပျောက်ကွယ်သွား၍ ပြန်လည် တည်ငြိမ်လာခဲ့သည်။ သူသည် ဤအချိန်၌

ရှိရှင်းယှွမ်ကိုသာ အေးစက်စက် မျက်လုံးများဖြင့်သာ စိုက်ကြည့်နေခဲ့သည်။

ရှန်နဂါးဘုရင်သည် သူမအား တစ်ခါတည်း အပြတ်ရှင်းနေလိုသော်လည်း သူ၏ ခံစားချက်များကို ထိန်းချုပ်နိုင်ခဲ့သည်။ သူ၏ နဖူးအပေါ်တွင် ထူးခြားသော ပုံစံတစ်ခု ပေါ်လာ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ပျံ့နှံ့သွားကာ မျက်စိကျိန်းလုမတတ် အလင်းတန်းများ ထွက်ပေါ်လာသည်။

ထိုအလင်းတန်းသည် အဆုံးမဲ့ဟု ထင်နေရပြီး အနက်ရောင် အလင်းတန်း တစ်ခုဖြင့် လင်းလက်နေသည်။ သန့်စင်သော ရွှေရောင်အတိပြီးနေသည့် ပင်လယ်ရေများသည်

လှိုင်းလုံးများဖြင့် ရိုက်ခတ်နေသည်။ ထိုအရာသည် နဂါးများ၏ မဟူရာ ပင်လယ်ပင် ဖြစ်သည်။

## စာစဥ် ၇၀ : အပိုင်း ၅

## အပိုင်း ၁၃၅၅ : မင်းက လက်သည်းတစ်ဘက်တောင် ထုတ်လို့မရဘူး

မဟူရာ ပင်လယ်၏ စွမ်းအားများကို ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ယူဆောင်လာခဲ့သော အခါ ရှန်နဂါးဘုရင်၏ နဖူးတွင် ထူးခြားသော ပုံစံများဖြင့် လင်းလက်လာသည်။ သူ၏ တစ်ကိုယ်လုံးတွင် ရွှေရောင် အလင်းတန်းများဖြင့် တောက်ပလာ၍ သူသည် ရွှေရောင် အလင်းတန်းများဖြင့်

ပြောင်းသွားပြီး ကောင်းကင်အား ထိုးဖောက်ကာ မြေနဂါးဘုရင်ထံသို့ သွားခဲ့လိုက်သည်။

ဇူရီ၏ တိုက်ခိုက်မှုများသည် သူ၏ ခန္ဓာကိုယ် အပေါ်သို့ ကျရောက်လာ၍ ရွှေရောင်အလင်းတန်းသည် ကျိုးပျက်လုနီးပါးအထိ မှေးမှိန်သွားသည်။ နဂါး အကြေးခွံများသည် ကောင်းကင်အပေါ်တွင် ပျံသန်းလာ၍ နဂါးသွေးများသည် ဟင်းလင်းပြင် အတွင်းမှနေ၍ ကျဆင်းလာခဲ့သည်။

ရှန်နဂါးဘုရင်သည် ဇူရီ၏ ရိုက်ချက်ကို သူ၏အံကို ကြိတ်၍ တိုက်ရိုက် ခံယူလိုက်ပြီးနောက်တွင် မြေနဂါးဘုရင်နှင့် ရှီထျန်းဟောင်တို့၏ တိုက်ပွဲအနားသို့ ရောက်လာခဲ့သည်။

ရှီထျန်းဟောင်သည် လုံး၀ ကြောက်ရွံ့မှု မရှိခဲ့ပဲ သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည် ကောင်းကင်ပေါ်မှ မြို့တော်နှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ၀က်ပါတို့အား ထိန်းချုပ်နေ၍ ၀င်ရိုးစွန်းနှစ်ဘက် ပြောင်းပြန်လှန်ခြင်း၏ စွမ်းအားများကို ထုတ်လွှတ်ကာ လှုပ်ရှားနေသော အသက်စွမ်းအင်များကို လွင်တီးခေါင်ကျမှုများ အဖြစ်သို့ ပြောင်းလဲလိုက်သည်။

ရှန်နဂါးဘုရင်သည် ထိုအရာကို တိုက်ခိုက်ရန် မကြိုးစားခဲ့ပဲ ရှီထျန်းဟောင်၏ ရိုက်ချက်ကို ထပ်မံ ခံယူလိုက်ကာ အတားအဆီးများကို ချိုးဖောက်၍ မြေနဂါးဘုရင်၏ ဘေးသို့ ရောက်လာခဲ့သည်။

ဇူရီနှင့် ဟီဂန် ရွှေရောင်တံတားတို့က သူ၏အနောက်မှနေ၍ လိုက်ပါလာသည်။ သူ၏ စင်စစ် ဖြစ်တည်မှုသည် ရောမ ဘီလူးကြီးတစ်ကောင် အဖြစ် ဟီဂန် ရွှေရောင်တံတားနှင့် ပေါင်းစည်းနေ၍ သူ၏လက်အား ဆန့်တန်းကာ ရှန်နဂါးဘုရင်၏ အမြီးအား ဆုပ်ကိုင်လိုက်သည်။

မြေနဂါးဘုရင်သည် ရှီထျန်းဟောင်အား ဂရုမစိုက်နိုင်ပဲ ရှီရှင်းယွမ်ထံသို့ ခက်ထန်စွာဖြင့် ခုတ်ချလိုက်သည်။ ရှီရှင်းယွမ်၏ ဝိညာဉ်သည် သူ့မအောက်မှ နဂါးခန္ဓာကိုယ်နှင့် ပေါင်းစည်းထား၍ ရောမ နဂါးကြီးသည် သူ၏ လက်သည်းများကို ဆန့်တန်း၍ မြေနဂါးဘုရင်နှင့် ကြမ်းတမ်းစွာ ရင်ဆိုင်လိုက်သည်။

ရှီရှင်းယွမ်သည် အနောက်သို့ ဆုတ်လိုက်ရပြီး
မြေနဂါးဘုရင်က သူမအနောက်သို့
လိုက်လံတိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း
ရှီထျန်းဟောင်၏ ဟွမ်စန်း ခန္ဓာကိုယ်သည်
နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား
ကောင်းကင်ပေါ်သို့ မြင့်မားစွာ ပင့်မြှောက်လိုက်၍
သူ၏ခေါင်းပေါ်သို့ ထုချလိုက်သည်။

မြေနဂါးဘုရင်သည် ခက်ထန်စွာဖြင့်
ဟိန်းဟောက်လိုက်ကာ သူ၏ခေါင်းကို မော့၍
နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား
ရင်ဆိုင်လိုက်သည်။

ရှိထျုန်းဟောင်၏ နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် ရွှေရောင်လူသား ၁၂ယောက် အဖြစ်သို့ ပြောင်းလဲသွား၍ နတ်ဘုရား နယ်မြေ ဆေးမီးဖို အပေါ်သို့ ကျရောက်လာသည်။

ရွှေရောင်လူသား ၁၂ယောက်တို့သည် ကောင်းကင်ပေါ်မှ မြို့တော်ထက် ပို၍ သိပ်သည်းထူထဲကာ ကမ္ဘာကြီး၏ ကြမ္မာပန်းတိုင်အား စိစိညက်ညက် ခြေမွနိုင်သကဲ့သို့ ဖြစ်နေပြီး သူတို့၏ စွမ်းအားများသည် နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် လိုက်ဖက်လှပေသည်။

ရှိထျုန်းဟောင်၏ စွမ်းအားများသည် အောက်သို့ ကျဆင်းလာရာ မြေနဂါးဘုရင်သည်

သူ၏ခေါင်းပေါ်မှ အလေးချိန်သည် ပို၍ပို၍ လေးလံလာသည်ဟု ခံစားခဲ့ရသည်။

မြေနဂါးဘုရင်၏ ခန္ဓာကိုယ်သည် လေထုအတွင်းတွင် ရှေ့မတိုးနိုင်တော့ပဲ ရပ်တန့်သွားချိန်တွင်ပင် ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ထုတ်ဖော်၍ မြေနဂါးဘုရင်အား ထပ်မံ၍ တိုက်ခိုက်လိုက်သည်။

တစ်ချိန်တည်းတွင် သူ၏ ယင်းယွမ်ခန္ဓာကိုယ်၏ မျက်ခုံးများ အကြားမှ နတ်ဘုရား အလင်းတန်းတစ်ခု လင်းလက်လာ၍ ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါစေပြီး ဟင်းလင်းပြင်အား ကြေမွစေခဲ့သည်။ ထိုနတ်ဘုရား

အလင်းတန်းနှင့် ထိတွေ့ခဲ့သမျှ
အရာအားလုံးတို့သည် သူတို့၏
နောက်ဆုံးပန်းတိုင်သို့ ရောက်သွားခဲ့သကဲ့သို့
ခံစားနေရသည်။

မြေနဂါးဘုရင်သည် နတ်ဘုရား နယ်မြေ
ဆေးမီးဖိုနှင့် ရွှေရုပ်လူသား ၁၂ယောက်တို့၏
တိုက်ခိုက်မှုကို ခံနေရကာ ဖိအားများကို ကြိုးစား၍
ခုခံနေရပြီး သူ၏ ရွှေရောင်အလင်းတန်း
အကာအကွယ်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါနှင့် ကောင်းကင်ပေါ်မှ
မြို့တော်တို့၏ တိုက်စားမှုကို ခံနေရသည်။

သူ၏ အကြေးခွံများနှင့် ဘတ်စ်တလီ အနက်ရောင်
နဂါးတို့၏ ဘတ်စ်တလီ အနက်ရောင် ကျိန်စာနှင့်

ဆင်တူသော အကာအကွယ်
မှော်သင်္ကေတတို့သည်ပင် ကစဉ့်ကလျား
ဖြစ်နေကြသည်။

ရှီထျန်းဟောင်၏ နောက်ဆုံး မြင့်မြတ်သော
အလင်းတန်းသည် ဟင်းလင်းပြင် အတွင်းတွင်
ရိုက်ခတ်လာ၍ နဂါးတိမ်တိုက်များကို
ခုတ်ချလိုက်ကာ မြေနဂါးဘုရင်၏ ခန္ဓာကိုယ်
အပေါ်တွင် သွေးစီးကြောင်း ဒဏ်ရာတစ်ခုကို
ဖြစ်ပေါ်စေခဲ့သည်။

မြေနဂါးဘုရင်သည် ကောင်းကင်ထံသို့
အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။
ရွှေရောင် တိမ်တိုက်များ အကြားတွင် ကြယ်များ
တစ်လုံးပြီး တစ်လုံး ထွက်ပေါ်လာ၍ အဆက်မပြတ်

လင်းလက်နေကာ ကြယ်အလင်းတန်းများနှင့် ရွှေရောင် အလင်းတန်းများသည် တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားကြသည်။

မြေနဂါးဘုရင်၏ ရောမ ခန္ဓာကိုယ်ကြီးသည် လေထုအလယ်တွင် အဆက်မပြတ် တွန့်လိမ်နေကာ စွမ်းအားအကုန် ပေါက်ကွဲလာခဲ့၍ သူ၏ခေါင်းဖြင့် နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား တိုက်ထုတ်လိုက်သည်။ သူ၏ အမြီးကို အားကုန်လွှဲ၍ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ံပါအား အဝေးသို့ ရိုက်ချလိုက်ရာ သူ၏ နဂါးအမြီးသည် သွေးသံရဲရဲ ဖြစ်သွားခဲ့သည်။

သူ၏ လက်ကျန် လက်သည်းသုံးခုသည် လေထုအလယ်တွင် လှုပ်ရှားနေပြီး သူ့ဘေးမှ

လေဟာနယ်ကို ဆွဲဖြဲလိုက်၍ ရှီထျန်းဟောင်၏
နောက်ထပ် တိုက်ခိုက်မှုများကို တားဆီးလိုက်သည်။

မြေနဂါးဘုရင်သည် ထိန်းမရနိုင်အောင် ဒေါသ
ပေါက်ကွဲနေခဲ့သော်လည်း ဘာပဲပြောပြော သူသည်
ဝါရင့် တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်သဖြင့်
သူ၏ အာရုံများသည် မယုံနိုင်အောင် စူးရှ
ထက်မြက်နေသေးသည်။

သူသည် ရွှေရောင် အလင်းတန်း တစ်တန်းအဖြစ်သို့
ပြောင်းသွားကာ လေထုအလယ်တွင်
လင်းလက်နေရင်း အလင်းတန်း အလွှာများဖြင့်
ဖုံးကွယ်ထားသော အဖြူနှင့် အနက်ရောင်
နဂါးလက်သည်းအား ရှောင်ရှားလိုက်သည်။

ဤတိုက်ခိုက်မှုသည် ရှီရှင်းယွမ်၏
နောက်ထပ်တစ်ကြိမ် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။
အကယ်၍ မြေနဂါးဘုရင်သည် သူမ၏
လက်သည်းစာ မိသွားပါက အချိန်ကာလ
လေဟာနယ်ကို ထိန်းချုပ်နိုင်သည့်
ဖယောင်းနဂါး၏ အစွမ်းဖြင့် ရှောင်ရှားခဲ့လျှင်ပင်
လေထုအလယ်တွင် အချုပ်နှောင်ခံခဲ့ရမည်
ဖြစ်သည်။

ထိုအချိန်တွင် သူသည် ရှီထျန်းဟောင်၏
ဥက္ကာပျံများ ကြွေကျလာသကဲ့သို့ တရစပ်
တိုက်ခိုက်မှုများကို ကူရာမဲ့စွာဖြင့် ခံရတော့မည်
ဖြစ်သည်။

မြေနဂါးဘုရင်သည် ဤအချိန်တွင် တိုက်ပွဲကို
အနိုင်ရရန် မျှော်လင့်ချက်များ မရှိတော့ပေ။
သို့သော်လည်း ရှီရှင်းယွမ်အား ကြည့်လိုက်သော
အချိန်တိုင်းတွင် သူ၏ ရင်အတွင်းမှ ကြီးမား
ပြင်းထန်လှသော အမျက်ဒေါသများက
ပေါက်ကွဲထွက်လာခဲ့သည်။

နဂါးမျိုးနွယ်စု တစ်ခုလုံး၏ ကြီးမားသော
အရှက်တရား ဖြစ်နေသည့် ဤဖြစ်တည်မှုကို
အပြတ်ရှင်းနိုင်ရန် အတွက် သူ၏ အသက်အား
စွန့်လွှတ်တော့မည်ဟု သူ၏ ရင်အတွင်းမှ သန္နိဋ္ဌာန်
ချထားခဲ့ပြီး ဖြစ်သည်။

ရှန်နဂါးဘုရင်သည် သူ၏ ခန္ဓာကိုယ် အပေါ်သို့
တိုက်ခိုက်မှု နှစ်ကြိမ်တိုင်တိုင် တိုက်ရိုက်

ခံခဲ့ရသဖြင့် ဒဏ်ရာ အပြင်းအထန်
ရရှိသွားခဲ့သော်လည်း ဇူရီ၏ ချုပ်နှောင်မှုမှ
လွတ်မြောက်လာ၍ မြေနဂါးဘုရင် အရှေ့သို့
ရောက်လာပြီး သူ၏ အသံကိုနှိမ့်ကာ
ပြောလိုက်သည်။

"သွားကြစို့... ဒီကောင်မလေးဟာ သူမကိုယ်သူမ
ငါးစာအဖြစ် အသုံးချပြီး ငါတို့ကို ဒီနေရာမှာ
သေတဲ့အထိ ဆက်လက် တိုက်ခိုက်နေဖို့
ကြိုးစားနေတာ... သူမက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့ ပူးပေါင်းပြီး ငါတို့ကို
ဒီနေရာမှာ အပြတ်ရှင်းနိုင်ဖို့ ကြိုးစားနေခဲ့တာ"

မြေနဂါးဘုရင်က အော်ဟစ်လိုက်သည်။
"ငါသိတယ်... သူတို့က ငါ့ကို ဝိုင်းပြီးမှ

တိုက်ခိုက်ရင်တောင် ငါက ဒီငါးစာကို မျိုချပြီး ဝါးစားပစ်မယ်… သူမကို ဒီကမ္ဘာ အတွင်းမှာ ဆက်မထားနိုင်ဘူး"

သူ၏ မျက်လုံးများ အတွင်းမှ ရန်ငြိုးနှင့် တောက်လောင်နေသော အမုန်းတရားများသည် ချက်ချင်းပင် အေးစက်သော လူသတ်လိုစိတ်များ အဖြစ်သို့ ပြောင်းသွားသည်။ "တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် ကိုယ်တိုင်က ရောက်လာရင်တောင် ငါက လက်လျှော့မှာ မဟုတ်ဘူး... အလွန်ဆုံး သေရုံပဲပေါ့"

"ငါဟာ အရင်က နှစ်ခေါက်တိတိ နောက်ဆုတ်ခဲ့ပြီးပြီ… ဒီအရှက်တရားကို နောက်ထပ်တစ်ကြိမ် မခံစားနိုင်တော့ဘူး…

ဒီတစ်ခေါက်မှာတော့ နောက်မဆုတ်ပဲ အဆုံးအထိ တိုက်ခိုက်မယ်"

ရှန်နဂါးဘုရင်၏ နဖူးပေါ်မှ မဟူရာ ပင်လယ်၏ စွမ်းအားများကို ဆွဲယူနေသည့် ပုံစံများသည် ဤအချိန်တွင် အပြည့်အဝ ထွက်ပေါ်လာ၍ ကမ္ဘာနှစ်ခု အကြားမှ လမ်းကြောင်းတစ်ခု ပွင့်လာသည်။ လှိုင်းထနေသော ပင်လယ်ရေများ အတွင်းမှ ထွက်ပေါ်လာပြီး လျှို့ဝှက်ဆန်းကြယ်သော အခမ်းအနား တစ်ခုကို ပြုလုပ်ခဲ့ကာ ရှန်နဂါးဘုရင်၏ ခန္ဓာကိုယ်ကို မဟူရာပင်လယ် အတွင်းသို့ ဆွဲယူသွားသည်။

မြေနဂါးဘုရင်မှာမူ ဇူရီနှင့် ရှီထျန်းဟောင်တို့ကို လုံးဝ ဂရုမစိုက်တော့ပဲ ရှီရှင်းယွမ် အပေါ်၌သာ

အာရုံ စူးစိုက်ထားခဲ့သည်။ ရှန်နဂါးဘုရင်က
မြေနဂါးဘုရင်အား ပြောလိုက်သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အမတန်မှ
စွမ်းအားကောင်းပြီး ဟေးဒီးစ် မျိုးနွယ်စုကလည်း
မဟာကမ္ဘာ အတွင်းကို ပြန်လာခဲ့ကာ
အခြေအနေက အချိန်မရွေး ပြောင်းသွားနိုင်တယ်…
ငါတို့က အရင်က တစ်ခါမှ မကြုံဖူးတဲ့ ခက်ခဲတဲ့
အချိန်တစ်ခုကို ဖြတ်သန်းနေရပြီး ငါတို့ မျိုးနွယ်စုရဲ့
အနာဂတ်ကို ထည့်စဉ်းစားမှရမယ်"

သူစကားပြောနေရင်း သူ၏နဖူး အပေါ်မှ
ပုံစံများသည် ထပ်ဖန်တစ်ခါ လင်းလက်လာ၍
အနက်ရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာကာ
မြေနဂါးဘုရင်၏ ခန္ဓာကိုယ် အပေါ်သို့ ကျလာသည်။

"မင်း" မြေနဂါးဘုရင်၏ ခန္ဓာကိုယ်သည် တုန်ခါသွား၍ သူ၏ နဖူးအပေါ်တွင်လည်း တူညီသော ပုံစံများ ပေါ်လာသည်။

ထိုပုံစံများမှနေ၍ မဟူရာ ပင်လယ်နှင့် ဆက်သွယ်နေသည့် အလင်းတန်း ပုံရိပ်များကို ထုတ်ဖော်လိုက်ကာ ကြီးမားလှသည့် စွမ်းအားတစ်ခုက အဆုံးမဲ့ လေဟာနယ်ကို ဖြတ်သန်းကာ ဟင်းလင်းပြင် ပင်လယ်အတွင်းသို့ ရောက်ရှိလာ၍ မြေနဂါးဘုရင်အား မဟူရာ ပင်လယ်အတွင်းသို့ ဆွဲယူသွားခဲ့သည်။

မြေနဂါးဘုရင်သည် အံ့ဩ တုန်လှုပ်စွာဖြင့် ဟိန်းဟောက်လိုက်ကာ သူ၏ ခန္ဓာကိုယ်မှနေ၍

ရွှေရောင် အလင်းတန်းများ ထွက်ပေါ်လာသည်။
သူသည် မဟူရာ ပင်လယ်၏ အခမ်းအနားကို
ခုခံနေခြင်း ဖြစ်သည်။

ဤအချိန်တွင် ရှီထျန်းဟောင်၏ နောက်ထပ်
တိုက်ခိုက်မှုတစ်ကြိမ် ကျရောက်လာသည်။
ဤတစ်ခေါက်တွင် သူသည် ယခင်ကထက်
များစွာပို၍ မြန်ဆန်ကာ ခက်ထန် ကြမ်းတမ်းသည်။

ဇူရီ၏ လှုပ်ရှားမှုများသည် ခေတ္တမျှ ရပ်တန့်သွားကာ
ရီတာအို အဆောင်လက်ဖွဲ့က သူ၏ခေါင်းပေါ်သို့
ရွှေ့ပြောင်းလာ၍ သူ့ကိုယ်သူ တွေးလိုက်သည်။

"မဟူရာ ပင်လယ်ဟာ အရင်က အန္တိမ ကောင်းကင်ကြေးမုံနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ကို ရင်ဆိုင်နေရလို့ အဲ့ဒီအချိန်က အခမ်းအနားဟာ မတည်ငြိမ်ဘူး... ဒါပေမဲ့ အခုအချိန်က အခမ်းအနားဟာ ပြီးပြည့်စုံပြီး ဟာကွက် မရှိနေဘူး"

"ဒါပေမဲ့ ဘာပဲပြောပြော ငါတို့ဟာ အခုအချိန်မှာ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ရောက်နေတာဆိုတော့ အချိန်ကာလနဲ့ လေဟာနယ်တို့က အမတန်မှ ရှုပ်ထွေးနေပြီး မဟူရာ ပင်လယ်ရဲ့ စွမ်းအားတွေဟာ လုံးဝ ချောမွေ့မနေနိုင်ဘူး... ဒီအခမ်းအနားရဲ့ စွမ်းအားတွေက မဟာကမ္ဘာ အတွင်းကလို အစွမ်းမထက်နေနိုင်ဘူး"

သူ၏ မျက်လုံးများ အတွင်းမှ
အလင်းရောင်များသည် ပို၍ ကြည်လင်
ပြတ်သားလာ၍ တောက်ပသော အလင်းတန်း
တစ်တန်းကို ထုတ်လွှတ်လိုက်သည်။
မြူခိုးငွေ့များသည် ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားကာ သူ၏ စင်စစ် ဖြစ်တည်မှုနှင့်
ဟီဂန် ရွှေရောင်တံတားတို့ဖြင့် ဖန်ဆင်းထားသော
ဘီလူးကြီးသည် ရှန်နဂါးဘုရင်အား
လွှတ်ပေးလိုက်သည်။

ထိုဘီလူးကြီးသည် မျက်စိတစ်မှိတ် အတွင်းတွင်
မြေနဂါးဘုရင်၏ ဘေးသို့ရောက်လာ၍
နဂါးခန္ဓာကိုယ်နှင့် မဟူရာ ပင်လယ်၏ အဝင်ဝနှင့်

ဆက်သွယ်ထားသော လမ်းကြောင်းကို လက်သီးဖြင့် ထိုးချလိုက်သည်။

မြေနဂါးဘုရင်ကလည်း မဟူရာ ပင်လယ်၏ အခမ်းအနားကို ခုခံနေသဖြင့် ထိုလက်သီးချက်သည် ဤလမ်းကြောင်းကို ပို၍ မတည်မငြိမ် ဖြစ်သွားစေသည်။ မြေနဂါးဘုရင်၏ ခန္ဓာကိုယ်သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ထပ်ဖန်တစ်ခါ ပြန်ရောက်လာတော့မည်ကဲ့သို့ ဖြစ်နေသည်။

မြေနဂါးဘုရင်သည် ဖြစ်နေသည့် အရာများကို လုံးဝ လျစ်လျူရှုထားလိုက်ပြီး သွေးရူးသွေးတန်း ဟိန်းဟောက်နေကာ သူ၏ပါးစပ် အတွင်းမှ ယှက်သန်းနေသော ရွှေရောင်မီးတောက်နှင့်

လျှပ်စီးများကို ရှီရှင်းယွမ်ထံသို့
မှုတ်ထုတ်လိုက်သည်။

ရှီရှင်းယွမ်သည် ထိုတိုက်ခိုက်မှုကို ထိပ်တိုက်
ရင်မဆိုင်ပဲ အဝေးသို့ ဆုတ်ခွာသွား၍
အဆက်မပြတ် ရှောင်တိမ်းနေခဲ့သည်။

ရှီထျန်းဟောင်၏ ဟွမ်စန်း ခန္ဓာကိုယ်နှင့်
နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် နတ်ဘုရား နယ်မြေ
ဆေးမီးဖိုကို ကောင်းကင်အပေါ်သို့
ပင့်မြှောက်လိုက်၍ ဆေးမီးဖို၏ အဝအား
မြေနဂါးဘုရင်ထံသို့ ဦးတည်လိုက်ရာ ကြမ္မာပန်းတိုင်
ကမ္ဘာတစ်ခုနှင့် တူနေသော ရောမ အစိမ်းနက်ရောင်
ဆေးမီးဖိုကြီးသည် မြေနဂါးဘုရင်၏ ပါးစပ်အတွင်းမှ

ထွက်လာသော နဂါးမီးတောက်နှင့် လျှပ်စီးများကို မျိုချလိုက်သည်။

သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကို ထုတ်ဖော်လိုက်ရာ မှော်ဝက်ပါသည် ကောင်းကင်အတွင်း၌ လျင်မြန်စွာ လည်ပတ်နေ၍ ဝက်ပါ၏ အလယ်တွင် ရှိနေသော ကောင်းကင်ပေါ်မှ မြို့တော်သည် အလင်းတန်း မြို့တော်တစ်ခု အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့သည်။

ထိုအလင်းတန်း မြို့တော်သည် သူ့အတွင်းသို့ ထည့်သွင်းထားသော စိတ်ဝိညာဉ် စွမ်းအင်များကို

ဆွဲယူနေရင်း တောက်ပနေသော စေတီတစ်ခု
အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားသည်။

ထိုစေတီသည် အထပ်ပေါင်းများစွာ ရှိနေသည်ဟု
ထင်မနေရပဲ အဆောက်အအုံ တစ်ခုတည်းဟု
ထင်နေရသည်။ သူ၏ ပုံသဏ္ဍာန်ကို ဖော်ပြရန်
ခက်ခဲပြီး လေထုအတွင်းတွင် မားမားမတ်မတ်
ရပ်တည်နေကာ ကမ္ဘာအား လွှမ်းမိုး
အုပ်ချုပ်နိုင်သကဲ့သို့ ဖြစ်နေသည်။ သူသည်
ကောင်းကင်ပေါ်မှ ကြယ်နှင့် လများကို
ခူးဆွတ်နိုင်သကဲ့သို့ ဖြစ်နေပေသည်။

ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်သည်
မှော်ကျိန်စာ တစ်ခုပြီးမှ တစ်ခု ထုတ်ဖော်လိုက်ရာ
ကစဥ့်ကလျားမှုများနှင့် ရေနှောနေသည့်

သန့်စွမ်းလှသော အသက်စွမ်းအင်များ၊ လွှင်တီးခေါင်
ကျသော ကမ္ဘာဦး၏ အစစ်အမှန်
အဓိပ္ပာယ်များတို့သည် စေတီအတွင်းသို့
ဝင်ရောက်သွားကြပြီး စေတီအား ကမ္ဘာဦး
စွမ်းအင်များဖြင့် စီးဆင်းနေစေသည်။

ရှိထျုန်းဟောင်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ံပါနှင့် ဤစေတီကို
သယ်ဆောင်လာ၍ ဇူရီ၏ အနောက်မှ
ထပ်ကြပ်မကွာ လိုက်လာခဲ့သည်။ သူသည် မဟူရာ
ပင်လယ်၏ အဝင်ဝနှင့် မြေနဂါးဘုရင်၏
ခန္ဓာကိုယ်တို့အား ဆက်သွယ်ထားသည့်
လမ်းကြောင်းအပေါ်သို့ ကျဆင်းလာကာ
ထိုလမ်းကြောင်းကို ဖြတ်တောက်လိုက်ပြီး

မြေနဂါးဘုရင်အား ဟင်းလင်းပြင် စစ်တလင်း
အတွင်းသို့ ပြန်ဝင်လာစေခဲ့သည်။

သို့သော်လည်း မဟူရာ ပင်လယ်၏ ပုံရိပ်သည်
ဤအချိန်တွင် လှုပ်ခါသွား၍ ရွှေရောင် အလင်းတန်း
မြူခိုးငွေ့များသည် ဟင်းလင်းပြင် အတွင်းသို့
ပျံ့နှံ့လာသည်။ သူသည် မဟူရာ ပင်လယ်၏
နယ်နိမိတ်များကို ချိုးဖောက်လာ၍ ဟင်းလင်းပြင်
စစ်တလင်း အတွင်းသို့ ဝင်လာခဲ့သည်။

ခဏအကြာတွင် ဇူရီနှင့် ရှီထျန်းဟောင်တို့သည်
ထိုအလင်းတန်း မြူခိုးငွေ့ အတွင်းမှ ရောမ
နဂါးလက်သည်း တစ်ခုက ထွက်ပေါ်လာ၍ မဟူရာ
ပင်လယ်အတွင်းမှ ပင်လယ်ရေများကို

လှိုင်းထန်စေခဲ့ကာ မြေနဂါးဘုရင်ကို တစ်ခါတည်း ကုတ်ဆွဲလိုက်သည်ကို မြင်ခဲ့ရသည်။

"မူလနဂါး ဘုရင်" ထိုနေရာတွင် ရှိနေသော လူများအားလုံးက တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

မြေနဂါးဘုရင် ကိုယ်တိုင်ကလည်း အံ့အားတကြီးဖြင့် ဟိန်းဟောက်လိုက်သည်။

သို့သော်လည်း ရွှေရောင် အလင်းတန်း မြူခိုးငွေ့များ အတွင်းတွင် မည်သည့် တုံ့ပြန်မှုများကိုမှ မကြားခဲ့ရပေ။ အနက်ရောင် အလင်းတန်းများဖြင့် လင်းလက်နေသည့် ရွှေရောင် ပင်လယ်ရေများသည်

ရောမ နဂါးလက်သည်း အတွင်းမှ ထွက်လာ၍ မြေနဂါးဘုရင်အား လွှမ်းခြုံလိုက်ကာ အနောက်သို့ ဆုတ်သွားခဲ့သည်။

မဟူရာ ပင်လယ်အတွင်းမှ ရေများသည် ဟင်းလင်းပြင် ပင်လယ်အတွင်းသို့ စီးဆင်းလာ၍ ကမ္ဘာကို လွှမ်းခြုံလိုက်ရာ ကမ္ဘာနှစ်ခုက အချင်းချင်း ရိုက်ခတ်မိသကဲ့သို့ ခံစားခဲ့ရသည်။ ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ လေဟာနယ်ကလည်း ပြိုကွဲသွားတော့မည်ဟု ထင်နေရသည်။

ဇူရီနှင့် ရှီထျန်းဟောင်တို့သည် မဟူရာ ပင်လယ်၏ ပင်လယ်ရေနှင့် ရောမ နဂါးလက်သည်းအား

ကြည့်နေရင်း မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။

ဤအချိန်၌ပင် မဟာကမ္ဘာ အတွင်းရှိ နတ်ဘုရား
နယ်မြေမှ ခွန်းလွန်တောင်တန်းများ အပေါ်ရှိ
ယုကျင်းတောင်၏ ကောင်းကင်စကြာဝဠာ
အလင်းတန်း ကမ္ဘာ အတွင်းတွင် လင်းဖုန်း၏ မူလ
ခန္ဓာကိုယ်သည် ဇူရီ၏ မဟာနေမင်း ကိုယ်ပွားနှင့်
မျက်နှာချင်းဆိုင် ထိုင်နေကာ ငြိမ်သက်စွာဖြင့်
ကြည့်နေကြသည်။

ဇူရီ၏ မဟာနေမင်း ကိုယ်ပွားက ရုတ်တရက်
ပြောလိုက်သည်။ "ဆရာ..."

လင်းဖုန်းသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ဇူရီ၏ မဟာနေမင်း ကိုယ်ပွား၏ နဂါးအပေါ်သို့ အသာပုတ်လိုက်သည်။ ဇူရီ၏ မဟာနေမင်း ကိုယ်ပွားသည် သူ၏ မျက်လုံးများကို မှိတ်လိုက်ပြီး သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါသွားသည်။

မဟာနေမင်း ကိုယ်ပွားသည် ဟင်းလင်းပြင် အတွင်းသို့ ရွှေရောင် အလင်းတန်းများကို ထုတ်လွှတ်လိုက်ရာ အဝေးရှိ မိုးကုပ်စက်ဝိုင်းများထံသို့ ရောက်သွားခဲ့သည်။ သူတို့သည် အချိန်ကာလနှင့် လေဟာနယ်ကို ဖြတ်သန်းသွား၍ ဟင်းလင်းပြင် စစ်တလင်း အတွင်းရှိ ဇူရီ၏ မူလ ခန္ဓာကိုယ်နှင့် ဆက်သွယ်သွားခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို အနည်းငယ် စောင်း၍ အော်ခေါ်လိုက်သည်။ "ရှမ်းလီ"

သူ၏အနောက်မှ ရှမ်းလီသည် စကားတစ်ခွန်းမှ မပြောပဲ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှ ထွက်လာသည်။ ရှမ်းလီသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေပြီး သူမ၏ ညာလက်ကို မြှောက်လိုက်ရာ တောက်ပလှသော အလင်းတန်းများက သူမ၏ လက်ဖဝါး အပေါ်တွင် လည်ပတ်နေရင်း ဓားရှည်တစ်ချောင်း အဖြစ်သို့ ပြောင်းသွားကာ ပြင်းထန်စွာဖြင့် ခုတ်ချလိုက်သည်။

ကစဥ့်ကလျားမှုများဖြင့် ပြည့်နေသော ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်း

တစ်တန်းသည် ဇူရီ၏ မဟာနေမင်း ကိုယ်ပွားနှင့် သူ၏ မူလ ခန္ဓာကိုယ်တို့အား ဆက်သွယ်ထားသည့် မျဉ်းကြောင်း ရေးရေးလေးများ အနောက်သို့ လိုက်သွားခဲ့ကာ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ရောက်ရှိသွားသည်။

ဟင်းလင်းပြင် စစ်တလင်းသည် ထိုခေါ်အလင်းတန်း ပေါ်လာသည်နှင့် အမာရွတ်များဖြင့် ကွဲအက်သွားကာ ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားသည်။

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့၏ အမူအရာများကလည်း တစ်ပြိုင်နက်တည်း ပြောင်းသွားကြသည်။

မဟူရာ ပင်လယ်အတွင်းမှ မူလနဂါး ဘုရင်သည်
အေးစက်စွာဖြင့် နှာမှုတ်လိုက်ကာ သူ၏
လက်သည်းများ အပေါ်မှ အနက်ရောင်
အလင်းတန်းများဖြင့် လင်းလက်နေသော ရွှေရောင်
ပင်လယ်ရေများသည် ချက်ချင်းပင်
အရောင်ပြောင်းပြန် ဖြစ်သွားခဲ့သည်။

အနက်ရောင် ပင်လယ်ရေများသည် ရွှေရောင်
အလင်းတန်းများဖြင့် လင်းလက်လာပြီး
မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့အား
ဆုပ်ကိုင်လိုက်ကာ မဟူရာ ပင်လယ်အတွင်းသို့
လျှင်မြန်စွာဖြင့် ပြန်ဆုတ်သွား၏။

သို့သော်လည်း ထိုအချိန်တွင် ဓားအလင်းတန်းက
ခုတ်ချလာခဲ့ပြီး ဖြစ်သည်။ ရွှေရောင်

အလင်းတန်းများနှင့် လင်းလက်နေသော
ပင်လယ်ရေများက လွင့်ပြယ်သွားကာ ရွှေရောင်
နဂါးသွေးများ ပန်းထွက်လာသည်။

မူလနဂါး ဘုရင်၏ လက်သည်းအပေါ်တွင်
ကွဲဟနေသော ဒဏ်ရာတစ်ခု ပေါ်လာ၍ သူ၏
လက်အတွင်းမှ မြေနဂါးဘုရင်ကလည်း ဒဏ်ရာ
အပြင်းအထန် ရရှိသွားကာ သူ၏
တစ်ကိုယ်လုံးသည် သွေးသံရဲရဲ ဖြစ်သွားခဲ့သည်။

မဟူရာပင်လယ်၏ နက်ရှိုင်းသော နေရာအတွင်းမှ
နာကျည်းနေသော ဟိန်းဟောက်သံတစ်ခု
ပဲ့တင်ရိုက်လာခဲ့ပြီး နဂါးလက်သည်းသည်
ဆက်မနေရဲတော့ပဲ မဟူရာ ပင်လယ်အတွင်းသို့

အလျှင်အမြန် ပြန်ဝင်သွားကာ ဝင်ပေါက်ကလည်း ချက်ချင်း ပြန်ပိတ်သွားခဲ့သည်။

"ငါတို့က ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ တိုက်ခိုက်ရတာ ဖြစ်ပြီး ငါ့ရဲ့ မူလ ခန္ဓာကိုယ်က မဟာကမ္ဘာ အတွင်းမှာ ရှိနေလို့ မင်းကံကောင်းသွားတယ်" လင်းဖုန်း၏ အသံသည် လေဟာနယ် အတွင်းမှ ချိုးဖောက်ထွက်လာကာ မဟူရာ ပင်လယ်အတွင်းသို့ ဝင်သွားခဲ့ပြီး ကောင်းကင်ပေါ်တွင် ပဲ့တင်ရိုက်နေခဲ့သည်။

"မင်းက မဟူရာ ပင်လယ်အတွင်းက ထွက်လာရင် မင်းကို နှစ်ပိုင်းပိုင်းပစ်မယ်လို့ အစောကတည်းက ပြောထားတယ်... မင်းအနေနဲ့ လက်သည်းတစ်ဘက်တောင် ထွက်လာလို့မရဘူး"

## စာစဉ် ၇၀ : အပိုင်း ၆

## အပိုင်း ၁၃၅၆ : လိုက်လျောမှု မရှိပဲ ညှိနှိုင်း၍ မရချေ

ဟင်းလင်းပြင် စစ်တလင်းသည် လုံးဝကို ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ မဟူရာ ပင်လယ်၏ ရေများ ဝင်ရောက်လာပြီး ကောင်းကင်ဖျက်ဆီး ခြင်း၏ ကြောက်မက်ဖွယ်ရာ ကမ္ဘာဖျက် ခြင်းအလင်းတန်းကလည်း အဆုံးမသတ်နိုင်သော ဟင်းလင်းပြင် မုန်တိုင်းများကို ဖြစ်ပေါ်စေခဲ့ကာ သောင်းကျန်းနေလေသည်။

ရွှမ်းလီသည် ယုကျင်းတောင်ပေါ်မှ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းသို့ ပြန်လည် ရောက်ရှိလာသည်။ သူမ၏ အမူအရာသည် ယခင်ကကဲ့သို့ အေးစက်နေပြီး စကားတစ်ခွန်းမှ မပြောပဲ လင်းဖုန်း၏ အနောက်သို့ ပြန်ရောက်လာခဲ့သည်။

လင်းဖုန်းသည် မဟာရာကောင်းကင် ရတနာသစ်ပင် အသေးစားကို ကျောပေးထား၍ တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူ၏ မျက်လုံးများကို ထပ်ဖန်တစ်ခါ ပိတ်လိုက်၍ ဇူရီ၏ မဟာနေမင်း ကိုယ်ပွားအား သာမန်သာ ပြောလိုက်သည်။ "မင်းတို့က ကျန်တဲ့အရာတွေကို ရှင်းလိုက်ပါ"

မဟာနေမင်း ကိုယ်ပွား၏ စိတ်အတွင်းတွင် ကမ္ဘာဖျက် ခေါးအလင်းတန်း၏ ပုံရိပ်သည် အချိန်အတန်ကြာ ရှိနေခဲ့၍ သူ၏ မျက်နှာသည် အနည်းငယ် ဖြူဖျော့နေပြီး သူ၏ စိတ်ဝိညာဉ်သည် တုန်ခါနေသည့်ပုံ ပေါက်နေသည်။

သူ့ကိုယ်သူ ပြန်လည် တည်ငြိမ်အောင် ကြိုးစားခဲ့ပြီးမှ လင်းဖုန်းထံသို့ ရိုသေစွာ ဦးညွှတ်၍ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ... ဆရာ... ကျွန်တော် နားလည်ပါတယ်"

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ဇူရီသည် ဟီဂန် ရွှေရောင်တံတား အပေါ်သို့ တက်လိုက်၍ ကစဉ့်ကလျား လေဟာနယ် အတွင်းတွင် နေရာယူလိုက်သည်။

အခြားတစ်ဘက်တွင် ရှီထျန်းဟောင်သည် နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့ ရှိနေခဲ့သဖြင့် သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းနိုင်ခဲ့ပြီးတစ်ချိန်တည်းတွင် ရှီကျုံးမောင်ကိုလည်း ကာကွယ်ပေးနိုင်ခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ထကြွ လှုပ်ရှားမှုများသည် အမတန်မှ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ ဤကဲ့သို့သော အရာမျိုး မဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ပြီး ယခု စွမ်းအားများသည် ယခင်က အရာများထက် များစွာ သာလွန်သွားခဲ့သည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ဖြစ်သော ရှီကျုံးမောင်သည်ပင်
ဤကပ်ဆိုးကို အမတန်မှ သတိထား၍
ရင်ဆိုင်ခဲ့ရသည်။

ရှီထျန်းဟောင်၏ ကူညီမှုသာ မရခဲ့လျှင် သူသည်
သူ့ကိုယ်သူ ကာကွယ်နိုင်ခဲ့လျှင်ပင် အမည်မသိသည့်
နေရာတစ်ခုသို့ ရောက်သွားနိုင်သည်။

ရှီရှင်းယွမ်သည် ကစဉ့်ကလျားမှုများ အကြားတွင်
သူမကိုယ်သူမ တည်ငြိမ်အောင် မကြိုးစားခဲ့ပဲ
ဒဏ်ရာမရအောင်သာ အာရုံစိုက်နေပြီး
လေမုန်တိုင်း၏ ခေါ်ရာနောက်သို့
လိုက်ပါသွားလေသည်။

သူမသည် ဇူရီ၊ ရှီထျန်းဟောင်နှင့်
ရှီကျုံးမောင်တို့အား တစ်ချက် ပြုံးပြလိုက်သည်။
"ဒါက မာစတာလင်းလား... သူ့ရဲ့ ကျင့်ကြံမှုဟာ
အမတန်မှ အစွမ်းထက်ပြီး အားကျဖွယ်ရာ
ကောင်းလှပါပေတယ်"

ဇူရီ၏ အဖြေသည် မနှိမ့်ချသလို
မောက်မာခြင်းလည်း မရှိခဲ့ပေ။ "ကျုပ်တို့က ဆရာရဲ့
စွမ်းရည်နဲ့ နည်းလမ်းတွေကို
သုံးသပ်နိုင်လောက်အောင် အစွမ်းမရှိပါဘူး"

ရှီကျုံးမောင်သည် ရှီရှင်းယွမ်အား စဥ်းစား၍
မရနိုင်သည့် အကြည့်ဖြင့် ကြည့်လိုက်သည်။
"မင်းက ဘယ်သွားမလို့လဲ... ရှင်းယွမ်"

ရှီရှင်းယွမ်က ပြန်ဖြေလိုက်သည်။ "ဒီလောက်ကျယ်တဲ့ ကမ္ဘာအတွင်းမှာ ကျွန်မသွားရမယ့် နေရာတစ်ခု ရှိမှာပဲ… နဂါးတွေက အန္တရာယ်ကြီးမားတဲ့ ခြိမ်းခြောက်မှု တစ်ခု ဖြစ်ပေမဲ့ ကျွန်မက အပြည့်အဝ နိုးထလာပြီး မြေနဂါးဘုရင်ရဲ့ အမှတ်အသားကို လုံးဝ ပယ်ဖျက်နိုင်ခဲ့ရင် ကျွန်မကသာ သိုသိုသိပ်သိပ် နေခဲ့ရင် နဂါးတွေက ကျွန်မကို ရှာနိုင်မှာမဟုတ်ဘူး… ကျွန်မကို စိတ်ပူမနေပါနဲ့… ဦးရီးတော်"

"ငါကမ်းလှမ်းထားတဲ့ အချက်ကို သေသေချာချာ စဉ်းစားပါ" ရှီကျုံးမောင်က သက်ပြင်းချ၍ ဆက်ပြောလိုက်သည်။ "ငါတို့က ရှီးလင်မြို့ကို အတူပြန်ပြီးမှ မင်းအနေနဲ့ အချိန်ယူပြီး စဉ်းစားလို့လည်း ရတာပဲ"

ရှီရှင်းယွမ်၏ လက်ရှိအစွမ်းအရ ရှီးလင်မြို့သို့ လိုက်ခဲ့လျှင်လည်း သူမကသာ ထွက်ခွာလိုနေပါက မဟာချင် အင်ပါယာ အနေဖြင့် ဟန့်တားနိုင်လိမ့်မည် မဟုတ်ချေ။

ရှီရှင်းယွမ်က ပြုံး၍ ပြန်ပြောလိုက်သည်။ "ကျွန်မက ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်သွားအောင် လုပ်ပြီးသွားလို့ ရှိရင် အမေနဲ့ အစ်ကိုဆီကို လာလည်ဖို့ ကြိုးစားပါမယ်... ကျွန်မက ကျင်းယွမ်နဲ့ ကျန်တဲ့သူတွေကိုလည်း တွေ့ချင်သေးတယ်"

သူမ၏ မိခင်သည် ရှီယု၏ ကိုယ်လုပ်တော် ဖြစ်သည်။ သူမသည် ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ ရှိသေးသော်လည်း

နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိ၍ ကျန်းမာ ငြိမ်းချမ်းစွာ နေနိုင်သေးသည်။

ရှီရှင်းယွမ်၏ အစ်ကိုမှာ အိမ်ရှေ့မင်းသား ဖြစ်သော ရှီချုံးယွမ်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် မိခင်တစ်ဦးတည်းမှ မွေးဖွားလာခြင်း ဖြစ်သည်။

ရှီကျင်းယွမ်သည် ရှီယု၏ နောက်ထပ် ကိုယ်လုပ်တော် တစ်ယောက်မှ မွေးဖွားခဲ့ခြင်း ဖြစ်သော်လည်း ရှီရှင်းယွမ် အနေဖြင့် သူမ ကြီးပြင်းလာသည်ကို ငယ်စဉ်ကတည်းက စောင့်ကြည့်ခဲ့ရသဖြင့် သူတို့၏ ဆက်ဆံရေးများသည် နီးကပ်ပေသည်။

ရှီရှင်းယွမ်သည် ရှီကျုံးမောင်ကို ထည့်မပြောခဲ့သလို ရှီကျုံးထန်းနှင့် တော်ဝင်မိသားစု အတွင်းမှ ကျန်သောသူများကိုလည်း ထည့်မပြောခဲ့ပေ။ ရှီကျုံးမောင်ကလည်း ဘာမှ မတတ်နိုင်ပဲ ရင်ထဲမှနေ၍ ခါးသီးစွာသာ ရယ်နိုင်ပြီး ပြန်ပြောလိုက်သည်။ "ရှီးလင်မြို့က မင်းပြန်လာမှာကို အမြဲတမ်း စောင့်ကြိုနေပါတယ်"

"ဦးရီးတော် ကန်းယန်က ဒီလောက်အထိ တွေးနေစရာ မလိုပါဘူး" ရှီရှင်းယွမ်က ဆက်ပြောလိုက်သည်။ "ရှင်က ကျွန်မရဲ့ နိုးထလာမှုကို နှောင့်ယှက်ပြီးမှ အင်မော်တယ် နဂါးမြို့တော်ကို ပြန်ယူလိုနေခဲ့တယ်… ကျွန်မက ဒါကို နားလည်နိုင်ပါတယ်… ဘာပဲပြောပြော

ကျွန်မက မဟာချင် အင်ပါယာ အပေါ်မှ ရန်ငြိုးတွေ ထားနိုင်ခြေ ရှိတယ်လေ"

"အင်မော်တယ် နဂါးမြို့တော်ကို လုံခြုံစွာနဲ့ ပြန်ယူသွားနိုင်တာက မဟာချင် အင်ပါယာ အတွက် အကောင်းဆုံး အရာတစ်ခု ဖြစ်တယ်"

သူမ၏ စကားများကို ကြားခဲ့ရသော အခါ ရှီကျုံးမောင်၏ အမူအရာသည် ပိုမို လေးလံလာ၍ ရှုပ်ထွေးသွားခဲ့သည်။

ရှီရှင်းယွမ်က ဆက်ပြောလိုက်သည်။ "ရှင့်ရဲ့ အကြောင်းရင်းကို ကျွန်မက နားလည်နိုင်တဲ့ အတွက် ဘာမှ အရေးမယူတော့ဘူး... ဒါပေမဲ့

ကျွန်မဟာ မဟာချင် အင်ပါယာရဲ့ လက်အောက်ကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး... ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို နားလည်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်... လက်ရှိကေရာဇ်ကို ကျွန်မရဲ့ စကားတွေကို တစ်ဆင့် ပြန်ပြောပြလိုက်ပါ"

ရှီရှင်းယွမ်သည် ဆုံးဖြတ်ချက် ချပြီးသွားပြီကို ရှီကျုံးမောင်က ပြောနိုင်ခဲ့သည်။ အနည်းဆုံးတော့ လက်ရှိ အချိန်တွင် သူမ၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲလိမ့်မည် မဟုတ်ချေ။ သူတတ်နိုင်သည်မှာ ပါးစပ်ကိုပိတ်၍ စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချရုံသာ ဖြစ်သည်။

ဂူမင်းဆက်မှ ဂူကျွန်းသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ အစွမ်းထက် ကျင့်ကြံသူ

တစ်ယောက်ဖြစ်ကာ သူတို့တွင် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သော သက်ရှည်ကြာပန်း ထိုင်ခုံလည်း ရှိနေသည်။

သူတို့၏ စွမ်းအားများသည် မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့ သုံးဦးပေါင်း မဟာမိတ် ဖွဲ့ခဲ့လျှင်ပင် သူတို့အား လွှမ်းမိုးနိုင်စွမ်း ရှိသည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့သည် သူတို့၏ တောင်များကို ချိပ်ပိတ်ထားခဲ့ကြပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း သူတို့၏ သဘောထားကို ဖော်ပြထားပြီး ဖြစ်ကာ ဝင်စွက်လိမ့်မည် မဟုတ်ချေ။ အကယ်၍ မဟာချင်

အင်ပါယာ အနေဖြင့် ဂူမင်းဆက်၏ ဖိအားများကို မခံရဟု ဆိုလျှင် လိမ်ညာနေခြင်းသာ ဖြစ်ပေလိမ့်မည်။

မဟာချင် အင်ပါယာသည် အကယ်၍ အင်မော်တယ် နဂါးမြို့တော်အား ပြန်ယူနိုင်ခဲ့မည် ဆိုပါက ဂူမင်းဆက်ကို ရင်ဆိုင်ရာတွင် များစွာ အခြေအနေ ပိုကောင်းနိုင်၍ ဖိအားများသည် မဟာကျိုး အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့ အပေါ်သို့ ပုံကျသွားလိမ့်မည် ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော်အား ပြန်ယူနိုင်ရန်မှာ ဤအချိန်တွင် မျှော်လင့်ချက် ကင်းမဲ့သွားပြီ ဖြစ်သည်။ သူတို့သည် ရှိုရှင်းယွမ် အနေဖြင့် အိမ်သို့

သူမဘာသာ ပြန်လာရန်သာ
ဆုတောင်းနိုင်တော့သည်။

ရှီကျုံးမောင်သည် စကားများကို အလကား
ပြောခဲ့ခြင်း မဟုတ်ပေ။ ရှီရှင်းယွမ်သည်
ယခုအချိန်တွင် မဟာချင် အင်ပါယာ အတွင်းမှ
အစွမ်းအထက်ဆုံး ကျင့်ကြံသူဟု သတ်မှတ်၍
ရနိုင်ကာ အကယ်၍ သူမသည် ရှီးလင်မြို့သို့
အမှန်ပင် ပြန်လာ၍ ထီးနန်းကို ဆက်ခံခဲ့ပါကလည်း
မဟာချင် အင်ပါယာသည် ကောင်းမွန်စွာဖြင့်
လက်ခံမည် ဖြစ်သည်။

တစ်စုံတစ်ရာ ပြောစရာ ရှိမည့်သူမှာ လက်ရှိ
ဧကရာဇ်ဖြစ်သော ရှီကျုံးထန်းတစ်ယောက်သာ
ရှိပေမည်။ သို့သော်လည်း လက်ရှိ နိုင်ငံရေး

အခြေအနေနှင့် သူ၏ ပခုံးအပေါ်မှ ကြီးမားလှသည့် ဖိအားများကြောင့် ရှိကျုံးထန်း အနေဖြင့်လည်း ထီးနန်းကို လွှဲပြောင်းပေးမည် ဖြစ်သည်။

ကျင့်ကြံမှုကမ္ဘာ အတွင်းမှ တော်ဝင်ထီးနန်းကို လွှဲပြောင်းပေးခြင်းသည် သာမန် အင်ပါယာများနှင့် ဆင်တူသော်လည်း ကွဲပြားမှု အနည်းငယ် ရှိသေးသည်။

ဥပမာ ဇူဟုန်ဝူကဲ့သို့သော ရှေးရိုးဆန်၍ ခေါင်းမာသည့် သူများသည် အမျိုးသမီးများက မည်မျှပင် အစွမ်းထက်စေကာမူ နိုင်ငံရေး အတွင်းတွင် ဝင်စွက်ခွင့်ပြုမည် မဟုတ်ပဲ ကန့်ကွက်မည်သာ ဖြစ်သည်။

သို့သော်လည်း မဟာချင် အင်ပါယာ အတွင်းမှ လူများအားလုံး အနေဖြင့် ရှီရှင်းယွမ်သည် ပြန်လာလိမ့်မည် ဆိုပါက သူမအား ဘုရင်မအဖြစ် လိုလိုလားလား လက်ခံကြမည် ဖြစ်သည်။

ရှီကျုံးမောင်သည် ရှီရှင်းယွမ်၏ နိုးထလာမှုကို ဟန့်တားသည့် အစီအစဥ် ကျရှုံးသွားသည်နှင့် ချက်ချင်းပင် ဤပြဿနာကို စဥ်းစားမိသည်။ သူသည် မဟာချင် အင်ပါယာ၏ အကျိုးကို ရှေးရှု၍ ရှီရှင်းယွမ်အား ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

အကျိုးအမြတ် သက်သက်အတွက် ကြည့်လျှင် မဟာချင် အင်ပါယာသို့ ပြန်ခြင်းသည် ရှီရှင်းယွမ်၏ အကောင်းဆုံး ရွေးချယ်မှုသာ ဖြစ်သည်။ မဟာချင် အင်ပါယာသည် ကာလများစွာ ဖြတ်သန်းခဲ့ပြီ ဖြစ်၍

ကြီးမားစွာ ဆုံးရှုံးခဲ့သော်လည်း သူတို့၏ အခြေခံမှာ ခိုင်မာနေဆဲ ဖြစ်ကာ အရင်းအမြစ် ပစ္စည်းများစွာ ပိုင်ဆိုင်ထားဆဲ ဖြစ်သည်။

ငြိမ်းချမ်းစွာ ကျင့်ကြံ၍ လက်ရှိ ဖိအားများကို ရင်ဆိုင်ခြင်းသည် သူမအား ပိုမိုတည်ငြိမ်သော အနာဂတ်ကို ပေးစွမ်းနိုင်မည် ဖြစ်သည်။

မြောက်မြားလှစွာသော ကျင့်ကြံမှု အရင်းအမြစ် ပစ္စည်းများသည် ရှီရှင်းယွမ်၏ ကိုယ်ပိုင် ကျင့်ကြံမှုအတွက်လည်း အကျိုးရှိစေမည် ဖြစ်ကာ သူမ၏ စွမ်းရည်များကို ပိုမို သန်မာလာစေမည် ဖြစ်သည်။

အကယ်၍ သူမသည် အင်ပါယာ၏ ကေရီ ဖြစ်သွားပါက အရင်းအမြစ်များကို ခွဲဝေခြင်းသည် သူမအတွက် များစွာပို၍ လွယ်ကူ ချောမွေ့လာမည် ဖြစ်သည်။

သို့သော်လည်း ရှီကျုံးမောင်အား စိတ်ပျက်အားလျော့စေသည်မှာ ရှီရှင်းယွမ် အနေဖြင့် မဟာချင် အင်ပါယာထံသို့ ပြန်လာရန် ဆန္ဒလုံးဝ မရှိခြင်းပင် ဖြစ်သည်။

ရှီရှင်းယွမ် မပြန်လာရခြင်း၏ အဓိက အချက်မှာ သူမအနေဖြင့် ရက်ရွံ့နေခြင်း သို့မဟုတ် အကျိုးအမြတ်များကို ပိုလိုနေခြင်း မဟုတ်ပဲ ပြန်လာလိုစိတ် လုံးဝ မရှိခြင်းပင် ဖြစ်သည်ဟု

ရှီကျုံးမောင်က ပြောနိုင်ခဲ့သည်။ ထို့ကြောင့် သူ့အနေဖြင့် ပို၍ စိုးရိမ်ပူပန်နေရခြင်း ဖြစ်သည်။

သူ့အနေဖြင့် လွန်ကဲသော အချက်အလက်များကို ဆွေးနွေးညှိနှိုင်း၍ လက်ခံရန် စိုးရိမ်နေခြင်း မရှိပဲ သူမအနေဖြင့် ဆွေးနွေးလိုစိတ် လုံးဝ မရှိခြင်းကို ပူပန်နေခြင်း ဖြစ်သည်။ သူမသည် အခြေအနေများကို ခက်ခဲအောင် ပြုလုပ်နေလိုစိတ် မရှိပဲ ဆွေးနွေးရန်ပင် စဉ်းစားလိုစိတ် မရှိခဲ့လျှင် သူ့အနေဖြင့် ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်ချေ။

ဤအချိန်တွင် ရှီကျုံးမောင် အနေဖြင့် ရှီးလင်မြို့သို့ ပြန်၍ ရှီရှင်းယွမ်၏ မိခင်၊ အစ်ကို၊ ရှီကျင်းယွမ်နှင့် ကျန်သောသူများအား ဆွေးနွေးရန်သာ တတ်နိုင်တော့သည်။ သူ့အနေဖြင့် ရှီရှင်းယွမ်သည်

သူမ၏ ချစ်ခင်ရသူများကို တွေ့ရန် လာရောက် လည်ပတ်သည့် အချိန်ကိုသာ စောင့်နိုင်၍ ထိုအချိန်မှ ပြန်လည်ညှိနှိုင်းရန် ကြိုးစားရမည် ဖြစ်သည်။

ထို့အပြင် သူသည် လက်ရှိ ကေရာဇ်ဖြစ်သူ ရှီကျုံးထန်းနှင့် တရားဝင် အစည်းအဝေးခေါ်၍ ဆွေးနွေးရန်လည်း လိုအပ်ပေသည်။

ရှီကျုံးမောင်သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ စိတ်ဓာတ် တက်ကြွစွာဖြင့် လာခဲ့ခြင်း ဖြစ်သော်လည်း စိတ်ဓာတ်ကျစွာဖြင့် ပြန်ခဲ့ရသည်။ သူသည် အားတင်း၍သာ ရယ်လိုက်ပြီး သူ့ကိုယ်သူ နှစ်သိမ့်လိုက်သည်။

"အနည်းဆုံးတော့ နဂါးတွေက
နောက်ထပ်တစ်ခေါက် ဒဏ်ရာ အကြီးအကျယ်
ရသွားကြပြီး မဟာချင် အင်ပါယာ အနေနဲ့
နောက်ကာလ အနည်းငယ်အထိ မိစ္ဆာတွေရဲ့
ဖိအားတွေကို ခံရတော့မှာ မဟုတ်ဘူး"

ရှီရှင်းယွမ်၏ ဝိညာဉ်သည် ရောမ နဂါးခေါင်း၏
အပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေသည်။ ရောမ နဂါး
ခန္ဓာကိုယ်သည် ကစဉ့်ကလျား ဖြစ်နေသော
လေဟာနယ် ထကြွ လှုပ်ရှားမှုများ အောက်တွင်
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပြီး သူမသည်
ဇူရီနှင့် ရှီထျန်းဟောင်တို့အား လေးစားစွာဖြင့်
နှုတ်ဆက်လိုက်သည်။

"ဒီကနေ့မှာ ကျွန်မကို ကာကွယ်ပေးတဲ့ အတွက် ကျေးဇူးအများကြီး တင်ပါတယ်... ရှင်တို့ နှစ်ယောက်ကြောင့်သာ ကျွန်မက မြေနဂါးဘုရင်နဲ့ ရှန်နဂါးဘုရင်တို့ရဲ့ တိုက်ခိုက်မှုကနေ အသက်ရှင်နိုင်ခဲ့တာပါ... နှုတ်ဆက်ခဲ့ပါတယ်... နောက်တစ်ခေါက် ပြန်တွေ့နိုင်မယ်လို့ မျှော်လင့်နေပါတယ်"

"နောက်ပိုင်းကျရင် မာစတာလင်းကို ကျေးဇူးတင်ဖို့အတွက် ခွန်းလွန်တောင်ကို လာခဲ့ပါ့မယ်... အဲ့ဒီအချိန်မှာ ရှင်တို့နှစ်ယောက်ကိုလည်း တွေ့နိုင်ဖို့အတွက် မျှော်လင့်နေပါတယ်"

ဇူရီက ပြန်ပြောလိုက်သည်။ "အားနာမနေပါနဲ့… ရှင်းယွမ်… ငါတို့ဂိုဏ်းက မင်းအတွက်ဆိုရင် အမြဲတမ်း တံခါးဖွင့်ထားပါတယ်"

ရှီထျန်းဟောင်က ရယ်၍ ပြောလိုက်သည်။ "မင်းအတွက် ကျင့်ကြံဖို့ အသင့်တော်ဆုံး နေရာက ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်းမှာ ကျင့်ကြံဖို့ပဲ"

ရှီရှင်းယွမ်က ရယ်ရမ်းသွေး၍ ပြန်ပြောလိုက်သည်။ "ငါက မတောင်းဆိုရဲပါဘူး… မာစတာလင်းကိုသာ သတိရနေကြောင်း ပြောပေးပါ… နှုတ်ဆက်ခဲ့ပါတယ်"

စကားပြောနေရင်း ရှိရှင်းယွမ်၏ ဝိညာဉ်နှင့် သူမ၏ နဂါးခန္ဓာကိုယ်သည် လှိုင်းထန်နေသော လေဟာနယ် ထကြွလှုပ်ရှားမှုများ အကြားတွင် ပျောက်ကွယ်သွားသည်။ သူမသည် ဟင်းလင်းပြင် အလွှာများကို ဖြတ်သန်းသွားခဲ့၍ အားလုံးတို့၏ မြင်ကွင်းအတွင်းမှ နောက်ဆုံးတွင် ပျောက်ကွယ်သွားခဲ့သည်။

ဇူရိက ရှိကျုံးမောင်ထံသို့ လှည့်၍ ပြောလိုက်သည်။ "ကျုပ်နဲ့ ကျုပ်ရဲ့ ဂျူနီယာတို့က ခင်ဗျားကို မကူညီနိုင်တာကို ခွင့်လွှတ်ပါ... ကန်းယန်မင်းသား"

ရှိကျုံးမောင်သည် ခါးသီးစွာဖြင့်သာ ရယ်လိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကောင်းပါပြီ" သူသည် နောက်ထပ် သက်ပြင်းတစ်ချက် ချလိုက်၍

သူ၏ ရင်အတွင်းမှ လှုပ်ရှားနေသော ခံစားချက်များကို ထိန်းနိုင်ရန် ခက်ခဲနေပေသည်။

ဟင်းလင်းပြင် မှန်တိုင်းများ ငြိမ်သက်သွားသော အခါ ရှီကျုံးမောင်သည် ဇူရီနှင့် ရှီထျန်းဟောင်တို့အား နှုတ်ဆက်ပြီးနောက် နတ်ဘုရား နယ်မြေ အတွင်းသို့ လျင်မြန်စွာ ပြန်လာခဲ့သည်။

သူသည် လက်ဗလာဖြင့်သာ ပြန်လာခဲ့ရသော်လည်း မျှော်လင့်ချက်က လုံးဝ ပျောက်ဆုံးသွားသည် မဟုတ်ချေ။ မဟာချင် အင်ပါယာ အနေဖြင့် သူတို့၏ အနာဂတ် လမ်းကြောင်းကို ဆွေးနွေးရန် အတွက် သူတို့၏ အဆင့်မြင့် ကျင့်ကြံသူများကို စုဝေး၍ ဆွေးနွေးရမည် ဖြစ်သည်။

ဖူရီနှင့် ရှီထျန်းဟောင်တို့သည် အလောတကြီးဖြင့် မထွက်ခွာခဲ့ကြပေ။ ရှီထျန်းဟောင်၏ ယင်းယွမ်နှင့် ဟွမ်စန်း ခန္ဓာကိုယ်တို့သည် လေထုအလယ်တွင် တင်ပလ္လင်ခွေ ထိုင်နေ၍ သူတို့၏ စွမ်းအားများကို ငြိမ်သက်စွာနှင့် ပြန်လည် စုစည်းနေပြီး ကျင့်ကြံမှုကို တည်ငြိမ်စေရန် ကြိုးစားနေခဲ့သည်။

သူ့အနေဖြင့် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ယခုလေးတင် တက်လှမ်းနိုင်ခဲ့၍ မြေနဂါးဘုရင်နှင့် မော်ကွန်းဝင် တိုက်ပွဲတစ်ခုကို ရင်ဆိုင်ခဲ့ရသည်။ သူသည် သူ၏ အခြေခံများကို တည်ငြိမ်အောင် ပြုလုပ်ရန် လိုအပ်နေပြီး ယခုတိုက်ပွဲမှ အကျိုးအမြတ်များကို သုံးသပ်ရမည် ဖြစ်သည်။

ဤအရာသည် သူ၏ ကျင့်ကြံမှုကို ပိုမို မြန်ဆန်စေပြီး သူ့အားများစွာပို၍ အကျိုးရှိစေမည် ဖြစ်သည်။

ဇူရိသည် ဟီဂန် ရွှေရောင်တံတားနှင့် အတူ ဘေးတွင် ငြိမ်သက်စွာ ရပ်နေ၍ သူ၏ ဂျူနီယာလေးကို စောင့်ကြပ်ပေးနေခဲ့သည်။ သူ့အရှေ့မှ ဟင်းလင်းပြင် စစ်တလင်းအား အကဲခတ်နေရင်း သူ၏ မျက်လုံးများသည် စီးဆင်းနေသော အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။

ဤအချိန်တွင် သူ၏ စင်စစ် ဖြစ်တည်မှုအား ရုပ်သိမ်းခဲ့ပြီ ဖြစ်သော်လည်း သူ၏ မျက်လုံး

သူငယ်အိမ်များ အတွင်းတွင် ရီတာအို
အဆောင်လက်ဖွဲ့ တစ်ခုသည် ထပ်ဖန်တစ်ခါ
လင်းလက်လာပြန်သည်။

ရီတာအို အဆောင်လက်ဖွဲ့သည် သူ၏ မျက်လုံးများ
အတွင်းတွင် ငြိမ်သက်စွာ လည်ပတ်နေ၍
အနက်ရောင် ဟင်းလင်းပြင် အတွင်း
လှုပ်ရှားနေသည့် ရွှေရောင် အလင်းတန်း
များစွာတို့ကို ရုတ်တရက် ထုတ်လွှတ်လိုက်ကာ
နောက်ဆုံးတွင် အလင်းတန်း ပုံရိပ်တစ်ခုအား
ဖန်ဆင်းလိုက်သည်။

ထိုအလင်းတန်း ပုံရိပ်သည် ကျိုးပဲ့နေ၍ မပြည့်မစုံ
ဖြစ်နေကာ အလွန်အမင်းပင် သာမန်
ဆန်လှသော်လည်း သူသည် အစွမ်းထက်၍

ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော နဂါးတစ်ကောင် ဖြစ်သည်ဟု ပြောနိုင်ခဲ့သည်။

ဇူရီ၏ မျက်လုံးများသည် ထပ်ဖန်တစ်ခါ တောက်ပလာပြန်သည်။ "ရှေးပဝေသဏီ နတ်နဂါးတို့ရဲ့ စွမ်းအား သဘောတရားတွေက တကယ်ကိုပဲ လျှို့ဝှက်ဆန်းကြယ်ပြီး နက်နဲလှတယ်... ဒါပေမဲ့ သူတို့က ငါ့အတွက် ပိုပိုပြီးမှ ကြည်လင် ပြတ်သားလာခဲ့ပြီ"

ဇူရီသည် သူ၏ လက်အစုံကို ကျောအနောက်တွင် ပစ်ထား၍ သူ့အရှေ့မှ ရွှေရောင်နဂါး အလင်းတန်း ပုံရိပ်အား အသေအချာ ကြည့်နေခဲ့သည်။ ခဏအကြာတွင် သူ၏ခေါင်းကို အနည်းငယ် ခါလိုက်ကာ အလင်းတန်း ပုံရိပ်က

ပျောက်ကွယ်သွားပြီး သူသည်
ရှီထျန်းဟောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ရှီထျန်းဟောင်၏ ဟွမ်စန်း ခန္ဓာကိုယ် အပေါ်တွင်
အလင်းတန်းပုံရိပ် ၁၂ခုတို့က လင်းလက်နေ၍
နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် ရွှေရောင်လူသား
၁၂ယောက်တို့အဖြစ်သို့ ပြောင်းလဲသွားကာ သူတို့၏
စိတ်ဝိညာဉ် ပုံစံများ အဖြစ်သို့
ပြန်ရောက်သွားသည်။

သူ၏ ယင်းယွမ်ခန္ဓာကိုယ် အပေါ်တွင်မူ ဖော်ပြရန်
ခက်ခဲသော ထူးခြားဆန်းကြယ်သည့်
စေတီတစ်ဆူသည် လင်းလက်နေ၍
ကောင်းကင်ပေါ်မှ မြို့တော်နှင့် အဆက်မပြတ်
ဆက်သွယ်နေခဲ့သည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်မှနေ၍
လျှို့ဝှက်နက်နဲ၍ ဖော်ပြ၍ မရနိုင်သော စွမ်းအား
သဘောတရားများ ထွက်ပေါ်လာသည်။
ကျယ်ပြန့်သော အထီးကျန်မှုနှင့်
အသက်စွမ်းအင်များ၊ မဟာ ကစဉ့်ကလျားမှုများနှင့်
ဝေဝါးမှုများ၊ ကြမ္မာပန်းတိုင်၏ ခန့်မှန်း၍ မရသော
ပြောင်းလဲမှုများတို့သည် အချင်းချင်း
သွယ်ယှက်နေ၍ အဆက်မပြတ်
လည်ပတ်နေကြလေသည်။

ရှီထျန်းဟောင်၏ ဟွမ်စန်း ခန္ဓာကိုယ်နှင့် ယင်းယွမ်
ခန္ဓာကိုယ်တို့သည် သူတို့၏ မျက်လုံးများကို
တစ်ချိန်တည်းတွင် ဖွင့်လိုက်ကာ ခဏအကြာတွင်

ထရပ်လိုက်၍ အရှေ့သို့ ခြေတစ်လှမ်း
တက်လာခဲ့သည်။

သူတို့ နှစ်ယောက်သည် ဘေးချင်းယှဉ်၍ ရပ်နေကာ
ဖြစ်တည်မှု နှစ်ခုစလုံးတို့သည် အရှေ့သို့
ခြေတစ်လှမ်း တိုးနေလိုကြသည်။ သူတို့သည်
မျဉ်းပြိုင်အနေအထား ရှိနေ၍ သူတို့၏
လမ်းကြောင်းများသည် အချင်းချင်း ဖြတ်သန်းရန်
မဖြစ်နိုင်ကြပေ။

သို့သော်လည်း ထိုခြေလှမ်း လှမ်းခဲ့လိုက်သော
အချိန်တွင် ရှီထျန်းဟောင်၏ ဟွမ်စန်း ခန္ဓာကိုယ်နှင့်
ယင်းယွမ် ခန္ဓာကိုယ်တို့သည်  ဖြစ်တည်မှု
တစ်ခုတည်း အဖြစ်သို့ ချက်ချင်းပင်
ပေါင်းစည်းသွားကြသည်။

ကောင်းကင်ပေါ်မှ မြို့တော်နှင့် သူ၏ခေါင်းပေါ်မှ နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် အတူတကွ ပြန်လည်ပူးပေါင်းသွားကြကာ တောက်ပလှသော အလင်းတန်း အလွှာများစွာတို့ဖြင့် လွှမ်းခြုံထားသော ကျယ်ပြန့်လှသည့် မြို့တော်အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ တစ်ခုနှင့် တစ်ခုတို့အား ခွဲခြား၍ မရတော့ပေ။

## စာစဥ် ၇၀ : အပိုင်း ၇

## အပိုင်း ၁၃၅၇ : မိစ္ဆာနှင့် မိစ္ဆာ တိုက်ခိုက်ခြင်း

ဇူရီသည် ရှီထျန်းဟောင်အား ပြုံး၍ ပြောလိုက်သည်။ "ဒီနေရာမှာ ကိစ္စအားလုံး ပြီးသွားပြီဆိုတော့ တောင်ကို ပြန်ကြရအောင်"

ရှီထျန်းဟောင်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါနှင့် အတူ နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား သိမ်းဆည်းလိုက်သည်။ သူ၏ ပေတစ်ရာ မြင့်မားသော ယင်းယွမ် ခန္ဓာကိုယ်နှင့် ဟွမ်စန်း ခန္ဓာကိုယ်တို့သည် အကြားအစပ် မရှိပဲ ပူးပေါင်းသွားကာ သူ၏ မူလပုံစံသို့ ပြန်ပြောင်းသွား၍ ဟီဂန် ရွှေရောင်တံတား အပေါ်သို့ တက်လိုက်ကာ ရယ်ပြီးမှ ပြောလိုက်သည်။ "ကောင်းပြီလေ… သွားကြစို့"

ဟီဂန် ရွှေရောင်တံတားသည် ဇူရီ၏ အမိန့်အတိုင်း ရှည်လျားသော သက်တန့်အဖြစ်သို့ ပြောင်းသွားကာ မည်းမှောင်သော ဟင်းလင်းပြင် အတွင်းတွင် လက်ကနဲ ဖြစ်သွား၍ ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

သူတို့သည် နတ်ဘုရား နယ်မြေ အတွင်းသို့ ဝင်လာကာ ခွန်းလွန်တောင်တန်း အပေါ်မှ ယုကျင်းတောင်သို့ ပြန်ရောက်လာကြသည်။ ဇူရီသည် ကောင်းကင်အား ဖုံးအုပ်ထားသကဲ့သို့ ဖြစ်နေသော မဟူရာကောင်းကင် ရတနာသစ်ပင်အား ကြည့်နေရင်း ရှီထျန်းဟောင်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"တတိယ ဂျူနီယာက မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်မှ ကျင့်ကြံနေဆဲ ရှိသေးတယ်... မင်းက ဆရာရဲ့ ကောင်းကင် သယ်ယူပို့ဆောင်ခြင်း နည်းစနစ်ကို လေ့ကျင့်နိုင်အောင် သူနဲ့အတူ ကျင့်ကြံနေသင့်တယ်... ဒါဆိုရင် နောက်တစ်ခေါက်မှာ မင်းနဲ့အတူ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခု မရှိနေရင်တောင် ဗီပရာလိုပါ အဆင့်က ကျင့်ကြံသူတွေနဲ့ ရင်ဆိုင်နိုင်လိမ့်မယ်"

ရှီထျန်းဟောင်က ချက်ချင်း ခေါင်းညိတ်၍ ပြောလိုက်သည်။ "ကျွန်တော်ကလည်း ဒီလိုပဲ တွေးမိပါတယ်... မဟုတ်ရင် ကျွန်တော်က အဖိုးကို

ဆက်ရှာဖို့အတွက် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာပဲ နေနေခဲ့မှာ"

သူတို့အချင်းချင်း စကားပြောနေရင်း သူတို့၏ အမူအရာများသည် အနည်းငယ် ပြောင်းလဲသွားကာ ဘေးသို့ လှည့်ကြည့်လိုက်ကြသည်။ အနက်ရောင် အကြေးခွံ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော အရပ်ရှည်ရှည်နှင့် တုတ်ခိုင်သော လူတစ်ယောက်နှင့် အရပ်မြင့်ကာ တင့်တယ်သော အမျိုးသမီး တစ်ယောက်တို့ကို တွေ့လိုက်ရသည်။ သူတို့သည် ကျဲယုနှင့် ပိုင်ကွမ်းတို့ ဖြစ်ကြ၏။

သူတို့သည် ဇူရီနှင့် ရှီထျန်းဟောင်တို့အား ရိုသေစွာဖြင့် ဦးညွှတ်လိုက်ကြသည်။ "တွေ့ရတာ

ဝမ်းသာပါတယ်... ရီကျို... တွေ့ရတာ
ဝမ်းသာပါတယ်... ဟွမ်ထျန်း ကေရာဇ်"

ရှီထျန်းဟောင်က ရယ်ရမ်းသွေး၍ ပြောလိုက်သည်။
"မင်းတို့က နောက်ဆုံးမှာ ဂူထဲကနေ
ထွက်လာပြီပေါ့... ကြည့်ရတာ
မင်းတို့နှစ်ယောက်က အတော်လေး
တိုးတက်လာတယ် ထင်တယ်... မင်းတို့
နှစ်ယောက်စလုံးက မသေမိစ္ဆာ ဝိညာဉ်ကို
ဖန်ဆင်းနိုင်ဖို့ ခြေတစ်လှမ်းသာ လိုတော့တယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့ နှစ်ယောက်စလုံးသည်
မသေဝိညာဉ်အား ဖန်ဆင်းနိုင်ရန်
နောက်ဆုံးခြေလှမ်းအား မလှမ်းရသေးသော်လည်း
မိစ္ဆာသခင် အဆင့်၏ အထွတ်အထိပ်ကို

ရောက်နေကာ ကြီးမားသော တံခါးအား ဖွင့်လှစ်နိုင်ရန် ဆံချည်တစ်မျှင်စာသာ လိုတော့ခြင်း ဖြစ်သည်။

သို့ရာတွင် ကျဲယုသည် မပြုံးခဲ့ပဲ သူ၏ အမူအရာသည် အတွင်းမှနေ၍ သက်ပြင်းချနေသကဲ့သို့ ဖြစ်နေခဲ့သည်။ "ဒါတွေက ဂိုဏ်းခေါင်းဆောင်ရဲ့ ဂရုစိုက်မှုနဲ့ အဖိုးတန်တဲ့ အရင်းအမြစ်တွေကို ထောက်ပံ့မှုကြောင့်သာ ဖြစ်ပါတယ်… သူက ကျွန်တော်တို့ကို လမ်းညွှန်မှုတွေလည်း ပေးခဲ့သေးတယ်… ဒါကြောင့်မို့သာ ကျွန်တော်က ဒီအဆင့်ကို အချိန်တိုလေး အတွင်းမှာ ရောက်ခဲ့ခြင်း ဖြစ်တယ်"

"မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့ပြီး အနှိမ
နဂါးအသိုက် အတွင်းမှာ ကျွန်တော့်ရဲ့
ကျင့်ကြံမှုတွေကို ခိုင်မာအောင် လုပ်နိုင်ခဲ့တာက
ကျွန်တော့်အတွက် လုံလောက်နေပါပြီ"

ပိုင်ကွမ်းသည် သူ့ဘေးတွင်ရပ်နေကာ သူမ၏
ခင်ပွန်းအား အပြုံးဖွဖွလေးဖြင့်
ကြည့်နေခဲ့သော်လည်း ဘာမှ ဝင်မပြောခဲ့ပေ။

အမှန်အတိုင်းပြောရလျှင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် သူမ၏
တိုးတက်လာမှုသည် မယုံနိုင်အောင်
မြန်ဆန်လှသည်။ အနှိမ နဂါးအသိုက် အတွင်းတွင်
သူမ၏ အဆင့်အတန်းသည် ကျဲယုထက် များစွာပို၍
မြင့်မားကာ ပင်ကိုပါရမီလည်း ပို၍

မြင့်မားသော်လည်း မိစ္ဆာသခင် စဦးပိုင်း အဆင့်မှ နောက်ဆုံးအဆင့်သို့ ဤကဲ့သို့သော အချိန်တိုလေး အတွင်းတွင် ရောက်နိုင်ခဲ့ခြင်းသည် သူမ ရည်မှန်းထားသည်ထက် များစွာပို၍ မြန်ဆန်ပေသည်။

ဇူရိက ပြောလိုက်သည်။ "အင်မော်တယ်ဝိညာဉ် အဆင့်ကို တက်လှမ်းနိုင်ဖို့ စိန်ခေါ်မှုကို ဘာမှ သိပ်ပြောစရာ မလိုဘူး… အလောတကြီး မလုပ်နဲ့… တည်ငြိမ်စွာနဲ့ပဲ ဆက်လက် ကျင့်ကြံနေရင် အချိန် ကျလာတဲ့အခါမှာ မင်းတို့အနေနဲ့ အောင်မြင်နိုင်လိမ့်မယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် တစ်ချိန်တည်းတွင် ခေါင်းညိတ်လိုက်ကြကာ ပြောလိုက်သည်။
"ကောင်းပါပြီ"

ဗူရီ၏ မျက်လုံးများ အတွင်းတွင် အလင်းရောင်များ လင်းလက်လာ၍ အလင်းတန်း တစ်တန်း ထွက်ပေါ်လာကာ လေထုအလယ်တွင် ကခုန်နေခဲ့သည်။ သူသည် ရှည်လျားသော ရွှေရောင်နဂါး ပုံရိပ်တစ်ခု အဖြစ်သို့ ပြောင်းသွားကာ မပြည့်စုံနေသော်လည်း အလွန်တရာမှပင် ကြီးစိုး လွှမ်းမိုးနိုင်စွမ်း ကောင်းလှသည်။

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် ကောင်းကင် အတွင်းတွင် ပေါ်ပေါက်လာသော လင်းလက်နေသည့် နတ်နဂါး ပုံရိပ်အား

ကြည့်နေရင်း အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ သူတို့၏ နားများ အတွင်းတွင် နဂါး ဟိန်းဟောက်သံများ ပေါ်လာ၍ သူတို့၏ မျက်လုံးများသည် လင်းလက်လာကြသည်။

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခန္ဓာကိုယ်များ တုန်ခါသွားကြသည်ဟု ခံစားခဲ့ရကာ သူတို့အရှေ့မှ နဂါးပုံရိပ်အား လေးလံစွာဖြင့် စိုက်ကြည့်နေကြသည်။ သူတို့၏ ခေါင်းများသည် ချာချာလည်နေသကဲ့သို့ ဖြစ်လာပြီး မရေမတွက်နိုင်သော ပုံရိပ်များသည် သူတို့၏ စိတ်အတွင်းတွင် ပေါ်လာကာ မူးဝေလာသည်ဟု ခံစားခဲ့ရသည်။

ဇူရီသည့် သူ၏ လက်ချောင်းများဖြင့်
အသာပုတ်လိုက်ရာ နတ်နဂါး၏ ပုံရိပ်သည်
နှစ်ပိုင်းပိုင်းသွား၍ အလင်းတန်း နှစ်တန်းအဖြစ်သို့
ပြောင်းသွားကာ ကျဲယုနှင့် ပိုင်ကွမ်းတို့၏
မျက်ခုံးများ အကြားသို့ အသီးသီး
ဝင်ရောက်သွားကြသည်။

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် ကောင်းကင်ပေါ်သို့
ဟိန်းဟောက်လိုက်ကြကာ လူသားပုံစံများဖြင့်
မနေကြတော့ပဲ သူတို့၏ အစစ်အမှန် ပုံစံများကို
ဖော်ပြခဲ့ကြကာ အနက်ရောင် နဂါးနှင့် အဖြူရောင်
နဂါးများ အဖြစ်သို့ အသီးသီး
ပြောင်းလဲသွားကြသည်။

ဘတ်စ်တလီ အနက်ရောင် နဂါးတစ်ကောင်နှင့် အဖြူရောင် ကျောက်စိမ်းနဂါး တစ်ကောင်တို့သည် ယုကျင်းတောင် အပေါ်မှ ကောင်းကင်ပေါ်တွင် ကခုန်နေ၍ တစ်ခါတစ်ရံတွင် မိုးခြိမ်းသံများ ထွက်လာကြသည်။

သူတို့၏ မျက်လုံးများ အတွင်းတွင် ရွှေရောင် အလင်းတန်းများ ပုံမှန် လင်းလက်လာ၍ သူတို့၏ ခန္ဓာကိုယ်များ အနားတွင် ရွှေရောင်နဂါး တစ်ကောင်၏ နူးညံ့သော အရိပ်များ လည်ပတ်နေသည်ကို တွေ့နိုင်ပေသည်။

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် အချိန်အတော်ကြာမှ သတိပြန်ဝင်လာကြပြီး လူသားပုံစံများ အဖြစ်သို့ ပြန်ပြောင်းလိုက်ကြကာ ဇူရီနှင့် ရှီထျန်းဟောင်တို့

အရှေ့သို့ ရောက်လာကြသည်။ မြေပြင်ပေါ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် သူတို့သည် ဇူရီအား ရိုသေစွာဖြင့် ဦးညွှတ်၍ ပြောလိုက်သည်။ "ရီကျိုကို ကျေးဇူးအများကြီး တင်ပါတယ်"

ဇူရီက ပြန်ပြောလိုက်သည်။ "ဒါက ရှေးပဝေသဏီ နတ်နဂါးရဲ့ သွေးနဲ့ သူတို့ရဲ့ သဘာဝ စွမ်းရည်တွေကို လေ့လာအပြီးမှာ ရလာခဲ့တဲ့ အရာဖြစ်တယ်... ခင်ဗျားတို့က နတ်နဂါး အစစ်အမှန် ပုံစံကို ရရှိနိုင်ဖို့ အတော်လေး လိုသေးပေမဲ့ အသေအချာ လေ့လာပြီး ဒီအရာတွေကို ကြိုတင် သဘောပေါက်ထားနိုင်ခဲ့ရင် အကျိုးအမြတ်တွေ ရနိုင်တယ်"

"အထူးသဖြင့် ခင်ဗျားတို့ နှစ်ယောက်စလုံးက မသေဝိညာဥ် အဆင့်ကို ချိုးဖောက်လုနီးပါး

ဖြစ်နေခဲ့ပြီဆိုတော့ အဆင့်မြင့်တဲ့
လမ်းညွှန်မှုတွေကို လိုအပ်နေတယ်"

ကျဲယုက သူ၏ခေါင်းကို တစ်ဆတ်ဆတ်ဖြင့်
ညိတ်လိုက်သည်။ "ခင်ဗျားပြောတဲ့ အတိုင်းပဲ
ကျုပ်တို့နှစ်ယောက်က အလေးအနက်ထားပြီး
ကျင့်ကြံပါမယ်"

လူသားတို့၏ အင်မော်တယ်ဝိညာဉ်ကို
ဖန်ဆင်းနိုင်ခြင်း၏ အဓိပ္ပာယ်နှင့် မိစ္ဆာတို့၏
မသေဝိညာဉ် အဆင့်သို့ ရောက်ရှိခြင်းတို့၏
အဓိပ္ပာယ်တို့သည် လုံးဝ ကွဲပြားခြားနားကြသည်။
သူတို့အား ရယူနိုင်ရန် အတွက် ခက်ခဲမှုမှာ ပြောစရာ
မလိုချေ။

ကျဲယုသည် မိစ္ဆာဝိညာဉ်ကို စတင်
ဖန်ဆင်းနိုင်ခဲ့သည့် အချိန်တွင် ခြေသည်ကိုးခု
သိမ်းငှက်ဘုရင်နှင့် မြောက်ဝင်ရိုးစွန်း ဝေလငါး
ဘုရင်တို့သည် မိစ္ဆာသခင် နောက်ဆုံးအဆင့်တွင်
ရောက်နေကြပြီ ဖြစ်သည်။

ဤနှစ်များ အတွင်းတွင် မြောက်ဝင်ရိုးစွန်း ဝေလငါး
ဘုရင်သည် ဤအတားအဆီးကို ချိုးဖောက်နိုင်ခဲ့ကာ
မသေမိစ္ဆာ ဝိညာဉ်ကို အောင်မြင်စွာဖြင့်
ဖန်ဆင်းနိုင်ခဲ့ပြီး အနက်ရောင် ဝေလငါး
မဟာပဏ္ဍိတ အဖြစ်သို့ ရောက်နိုင်ခဲ့သော်လည်း
ခြေသည်ကိုးခု သိမ်းငှက်ဘုရင်သည် မိစ္ဆာသခင်
နောက်ဆုံးအဆင့်တွင်သာ ရှိသေးပြီး
နောက်ဆုံးခြေလှမ်းကို မလှမ်းနိုင်ခဲ့သေးပေ။

အမှန်မှာ အနက်ရောင် ဝေလငါး မဟာပဏ္ဍိတ အနေဖြင့် အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ မဝင်ခဲ့လျှင် ဤနောက်ဆုံးခြေလှမ်းကို လှမ်းနိုင်ရန် အချိန်များစွာ ပိုယူရနိုင်သည်။

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် အန္တိမ နဂါးအသိုက်တွင် မွေးဖွားလာခဲ့ခြင်း ဖြစ်သော်လည်း အန္တိမ နဂါးအသိုက်တွင် ရှေးပဝေသဏီ နတ်နဂါးတို့နှင့် ပတ်သတ်သည့် ဗဟုသုတများသည် အကန့်အသတ် ရှိသည်။

ဇူရီ၏ ရှေးပဝေသဏီ နတ်နဂါးတို့၏ စွမ်းအား သဘောတရားများကို နားလည် သဘောပေါက်မှုသည် ပြီးပြည့်စုံခြင်း မရှိသော်လည်း

သူ၏ လမ်းညွှန်မှုဖြင့် သူတို့၏ ကျင့်ကြံမှုများသည် များစွာပို၍ မြန်ဆန်လာမည် ဖြစ်သည်။

ထို့ကြောင့်ပင် ကျဲယုနှင့် ပိုင်ကွမ်းတို့သည် ဇူရီနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့အား ကျေးဇူးများစွာ တင်နေကြခြင်း ဖြစ်သည်။

ရှီထျန်းဟောင်သည် ဤမြင်ကွင်းကို ပြုံးစစဖြင့် စောင့်ကြည့်နေခဲ့ပြီး သူ၏ မျက်လုံးထောင့်စွန်းများမှ မြေရိုင်းလျှိုမြောင်အား အကဲခတ်နေ၍ ကျဲယုဘက်သို့ လှည့်ကာ မေးလိုက်သည်။
"ဟိုအရှုပ်ထုပ်က ဘာတွေ စိတ်ကောက်နေပြန်ပြီလဲ"

ထိုဆိုလိုနေသောသူမှာ တောက်တီမလေး ထွမ်းထွမ်းပင် ဖြစ်သည်။

ကဲ့ယုသည် ဝင့်ကြွားနေသည့် အလား သူ၏ ရင်ကိုကော့လိုက်သော်လည်း သူ၏ မျက်နှာပေါ်မှ အပြုံးသည် အနည်းငယ် ပြောင်ချော်ချော် ဖြစ်နေခဲ့သည်။ "ကျုပ်က မသေဝိညာဉ် အဆင့်ကို မကြာခင်မှာ ရောက်တော့မယ်လို့ သူမက သိနေခဲ့တဲ့ အတွက်ကြောင့်... အာ..."

ရှီထျန်းဟောင်၏ နှုတ်ခမ်း ထောင့်စွန်းများသည် တွန့်သွားခဲ့၍ သူ၏ အမူအရာသည် ကဲ့ယုနှင့် အတူ ရယ်ချင်နေသည်ပုံ ပေါက်သွားခဲ့သည်။

ကဲ့ယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခေါင်းများကို တစ်ချိန်တည်းတွင် ခါလိုက်ကြ၍ သူတို့၏ မျက်နှာများ အပေါ်တွင် ကူရာမဲ့သော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

ထွမ်းထွမ်းသည် မိစ္ဆာသခင် အလယ်အလတ် အဆင့်သို့ ချိုးဖောက်သွားနိုင်ခဲ့သော်လည်း မွေးရာပါ အကြောင်းရင်းများကြောင့် သူမ၏ ကျင့်ကြံမှု အမြန်နှုန်းသည် မယုံနိုင်အောင် နှေးကွေးပေသည်။

သို့ရာတွင် သူမ၏ လက်ရှိ ကျင့်ကြံမှု အမြန်နှုန်းသည် ထင်ထားသည်ထက် များစွာပို၍ မြန်ဆန်ပေသည်။ သူမ၏ တိုးတက်မှုများသည် ကဲ့ယု၏ ခန့်မှန်းထားသော အမြန်နှုန်းထက်စာလျှင် များစွာပို၍ မြန်သည်ဟု ပြော၍ရသည်။ သာမန်

အခြေအနေများ အောက်တွင် သူမသည် မိစ္ဆာသခင် စဦးပိုင်း အဆင့်တွင် နှစ်ပေါင်း ရာနှင့်ချီ၍ သို့မဟုတ် ထောင်နှင့်ချီ၍ ကြာခဲ့လျှင်ပင် အံ့အားသင့်စရာ မရှိပေ။

ထွမ်းထွမ်းသည်လည်း သာမန် အချိန်တွင် ကျေနပ်နေဦးမည်သာ ဖြစ်သည်။ သူမသည် မတတ်နိုင်သော အရာအားလုံးကို မကျေမနပ် ဖြစ်နေလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း အရာအားလုံးသည် နှိုင်းယှဥ်ရန် လိုအပ်ပေသည်။ သူမသည် ယခင်က သူမထက် များစွာပို၍ အားနည်း၍ သူမ ရိုက်နှက်နေကျဖြစ်သော ကျဲယုသည် အဆင့်များစွာ တက်သွားသည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

သို့ဖြစ်၍ ဤတောက်တီမလေးသည် မခံမရပ်နိုင်ဖြစ်ကာ မကျေမနပ် ဖြစ်နေသည်မှာ သဘာဝ ကျပေသည်။

ကျဲယု၏ ကျင့်ကြံမှု အဆင့်သည် ယခုအချိန်တွင် သူမထက် ပိုမို မြင့်မားနေပြီး သူ၏ စွမ်းရည်များကလည်း သူမထက် ပို၍ သန်မာပေသည်။ အကယ်၍ သူတို့သာ တကယ် တိုက်ခိုက်ကြပါက သူမ၏ ဦးနှောက်များက မြေပေါ်တွင် ပြန့်ကျဲသွားပေမည်။

ခွေးများပင် ကောင်းစားသည့် နေ့များရှိကာ ယခုအချိန်တွင် ကျဲယုသည် သူမထက် သာသွားပြီ ဖြစ်သဖြင့် သူသည် ယခင်က သူမ အနိုင်ကျင့်ခဲ့သည့် အချိန်များကို ပြန်လည် စဥ်းစားမိမည် ဖြစ်သည်။

အကယ်၍ ပိုင်ကွမ်း၏ ကာကွယ်မှုများသာ မရှိခဲ့လျှင် ကျဲယုသည် ယခင်က အချိန်များအတွက် လက်စားပြန်ချေလိမ့်မည် ဖြစ်သည်။

ရှီထျန်းဟောင်သည် သူ၏အကြည့်ကို ကောင်းကင်ပေါ်သို့ ရွှေ့လိုက်၍ ဟင်းလင်းပြင်ကို ချိုးဖောက်၍ ကြည့်လိုက်သည်။ မြေရိုင်းလျှိုမြောင် အတွင်းတွင် ထွမ်းထွမ်းသည် စိတ်ပျက် အားလျှော့စွာနှင့် ကျောက်တုံးကြီး တစ်တုံးအပေါ်တွင် ထိုင်နေသည်ကို တွေ့နေရသည်။ သူမ၏ လက်အတွင်းတွင် သစ်ကိုင်းလေး တစ်ကိုင်းကို ကိုင်ထား၍ စိတ်ဝိညာဉ် သစ်သီးတစ်လုံးအား ဖြည်းဖြည်းချင်း ဝါးနေခဲ့သည်။

"ဟွန့်… ငါ့က မသေဝိညာဥ် အဆင့်ကို ရောက်သွားပြီးရင် ငါ့ရဲ့ ကျင့်ကြံမှု အမြန်နှုန်းက ပုံမှန်အတိုင်း ပြန်ဖြစ်သွားလိမ့်မယ်… အဲ့ဒီအချိန်ကျမှ ဒီနဂါးအိုကြီးဆီမှာ တရားမျှတမှုကို ပြန်တောင်းရမယ်"

မသေဝိညာဥ် အဆင့်သို့ ရောက်သွားအပြီးတွင် ဆက်လက် တိုးတက်ရန်မှာ ယခင်ကထက် များစွာပို၍ စိန်ခေါ်မှု ရှိကာ ယူရမည့် အချိန်မှာလည်း သာမန်ထက်ပို၍ ကြာမည်ဖြစ်သည်။ သို့ဖြစ်၍ ထွမ်းထွမ်းသည် ကျဲယု၏ အမြန်နှုန်းကို လိုက်မမီနိုင်လိမ့်မည်ဟု ယုံကြည်နေပေသည်။

"နဂါးတွေက နတ်နဂါး အစစ်အမှန် ပုံစံကို ရနိုင်ဖို့အတွက် ဗီပရာလိုပါ အဆင့်ကို ရောက်ဖို့ လိုအပ်တယ်... ဒါက နှစ်ပေါင်းများစွာ ကြာမှာဖြစ်တယ်... ငါက မသေဝိညာဉ် အဆင့်ကို ရောက်သွားရင် နင့်ကိုကြောက်ဖို့ မလိုတော့ဘူး... အဲ့ဒီအချိန်ကျမှ နင်က အသနားခံတဲ့ အချိန်အထိ ကောင်းကောင်း ရိုက်နှက်ရမယ်"

ထွမ်းထွမ်းသည် သူမကိုယ်သူမ ဆက်လက် ရေရွတ်နေရင်း သူမ၏ ဒေါသကို ပုံချလိုက်သည့်အတိုင်း စိတ်ဝိညာဉ် သစ်သီးအား အားရပါးရ ကိုက်ချလိုက်၍ ဒေါသတကြီးဖြင့် ဝါးလိုက်သည်။

သူမသည် လူသားပုံစံဖြင့် ရှိနေကာ ဆယ်နှစ်ကျော်ရုံသာ ရှိသေးသည်ဟု ထင်နေရသည်။ သူမ၏ ပုံစံသည် ပန်းချီကား တစ်ချပ်ကဲ့သို့ ချစ်ဖွယ်ရာ ကောင်းလှသည်။ သို့သော်လည်း သူမ၏ အပြုအမူနှင့် လုပ်ဆောင်ချက်များသည် စွဲမက်စရာ မကောင်းလှပေ။

"အန်တီ... အန်တီ..." သူမ၏ ရင်ခွင်အတွင်းမှ အသံတစ်သံကို ကြားလိုက်ရသည်။ သူသည် ကလေးမလေး တစ်ယောက်ဖြစ်ကာ ထွမ်းထွမ်းထက် များစွာပို၍ ငယ်ရွယ်ပေသည်။ သူမသည် လူသားပုံစံ အနေဖြင့် ရှိနေသော်လည်း တစ်ယောက်သည် သူမက ရွှမ်းမင်သားရဲ

တစ်ကောင်နှင့် အနည်းငယ် ဆင်တူနေသည်ကို တွေ့နိုင်ခဲ့သည်။

သူမသည် သူမ၏ လက်ချောင်းများကို စုပ်နေရင်း ထိုစိတ်ဝိညာဉ် သစ်သီးနှင့် ထွမ်းထွမ်း၏ လက်အတွင်းမှ သစ်ကိုင်းအား စိတ်ဝင်တစားဖြင့် ကြည့်နေကာ ကလေးတစ်ယောက်ကဲ့သို့ ခေါ်လိုက်သည်။

ထွမ်းထွမ်းသည် ညည်းညူ၍ ပြောလိုက်သည်။
"ငါပြောထားတာ ဘယ်နှစ်ခေါက် ရှိပြီလဲ... ဖွားဖွားလို့ခေါ်... အန်တီမဟုတ်ဘူး"

လူသားပုံစံဖြင့် ရွှမ်းမင်သားရဲ ပေါက်စလေးသည် အနက်ရောင် အဏ္ဏဝါ ရွှမ်းမင်၏ သမီးဖြစ်သော လှိုလင်ပင် ဖြစ်သည်။ သူမ၏ မျက်လုံးရွဲကြီးများဖြင့် ထွမ်းထွမ်းအား စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်နေကာ အဘယ်ကြောင့် ထွမ်းထွမ်းသည် သူမထက် နောက်ထပ်မျိုးဆက် တစ်ဆက် ပိုကြီးသွားသည်ကို နားမလည်နိုင် ဖြစ်နေခဲ့သည်။

ထွမ်းထွမ်းက စိတ်တိုစွာဖြင့် ပြောလိုက်သည်။ "ဖွားဖွားက အခုအချိန်မှာ နေလို့ သိပ်မကောင်းနေလို့ နင့်ကို ဂရုသိပ်မစိုက်နိုင်ဘူး"

ထိုကဲ့သို့ ပြောလိုက်သော်လည်း သူမသည် သစ်ကိုင်းထံမှ သစ်သီးတစ်လုံးကို ခူးဆွတ်လိုက်ကာ

အခွံနွှာပြီး လျှိုလင်၏ ပါးစပ်အတွင်းသို့ ခွံ့ပေးလိုက်သည်။

ရွှမ်းမင်သားရဲ ပေါက်စလေးသည် သစ်သီးအသားကို မျိုချလိုက်၍ သူမ၏ မျက်နှာတွင် နွေးထွေးသော အပြုံးတစ်ခု ချက်ချင်းပေါ်လာသည်။ သူမ၏ လက်သေးသေးလေးများကို အဆက်မပြတ် လက်ခုပ်တီးနေ၍ တစ်ခစ်ခစ်နှင့် ရယ်၍ မဆုံးနေတော့ချေ။

ထွမ်းထွမ်းက နှုတ်ခမ်းစူ၍ ပြောလိုက်သည်။ "နင်က ကလေးလေးသာ ရှိသေးပေမဲ့ ချေးများတတ်နေပြီ… ငါကတောင် ငါစားတဲ့ အရာတွေကို ဒီလောက်အထိ မရွေးဘူး"

ထွမ်းထွမ်းသည် တစ်တွတ်တွတ်နှင့် ရေရွတ်နေရင်း
နောက်ထပ် စိတ်ဝိညာဉ် သစ်သီးတစ်လုံးအား
အခွံနွှာကာ လျှိုလင်၏ ပါးစပ်အတွင်းသို့
ခွံ့ပေးလိုက်သည်။ သူမ၏ လက်အား
လေထုအတွင်းသို့ ဆန့်တန်းလိုက်ရာ အဝေးရှိ
စိတ်ဝိညာဉ် သစ်ပင်တစ်ပင်မှ
သစ်ကိုင်းတစ်ကိုင်းသည် သူမ၏ လက်အတွင်းသို့
ရောက်လာ၍ နောက်ထပ် သစ်သီးတစ်လုံးကို
ဆွတ်ယူလိုက်သည်။

ရွှမ်းမင် မျိုးနွယ်စုနှင့် တောက်တီ မျိုးနွယ်စုတို့သည်
အကြောင်း အမျိုးမျိုးကြောင့် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအတွင်းတွင် မပါဝင်ခဲ့ကြပေ။ တောက်တီ
မဟာပဏ္ဍိတနှင့် ရွှမ်းမင် မဟာပဏ္ဍိတတို့သည်

သူတို့၏ မျိုးနွယ်စု အသီးသီးတို့အား ခေါ်၍
ပုန်းကွယ်နေခဲ့ကြသည်။

မဟာ မိစ္ဆာများသည် အခြား အစွမ်းထက်သော
မိစ္ဆာများကို သူတို့၏ လက်အောက်သို့
ခေါ်ယူမည်ဖြစ်ကာ ပုန်းအောင်းနေရန် လွယ်မည်
မဟုတ်သော်လည်း ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲသည်
ရုတ်တရက် ဖြစ်ပေါ်လာခဲ့၍ တောက်တီနှင့်
ရွှမ်းမင်တို့သည် ဤကပ်ဆိုးအား
ရှောင်ရှားနိုင်ခဲ့ကြသည်။

ယခုနှစ်များ အတွင်းတွင် ထွမ်းထွမ်းသည်
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင်
ကျင်လည် ကျက်စားခဲ့ကာ သူမသည် အနက်ရောင်
အဏ္ဏာဝါ ရွှမ်းမင်နှင့် ဆက်ဆံရေး

မကောင်းခဲ့သော်လည်း လျှိုလင် ရှမ်းမင်လေးနှင့်မှု ခင်မင် ရင်းနှီးခဲ့သည်။

သူမသည် လျှိုလင်လေးကို ယုကျင်းတောင်သို့ အမှန်ပင် အလည်ခေါ်လာခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း ဘာမှ မပြောခဲ့ပဲ ရှမ်းမင် မျိုးနွယ်စုကလည်း ခွင့်ပြုခဲ့သည်။

လျှိုလင်သည် သူမအရှေ့မှ စိတ်ဝိညာဉ် သစ်သီးအား ချစ်စရာကောင်းသော မျက်လုံးများဖြင့် ကြည့်နေရင်း လက်ခုပ်တီး၍ ပြောလိုက်သည်။ "အန်တီရော တစ်လုံးစား... အန်တီရော တစ်လုံးစား"

ထွမ်းထွမ်းက စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။
"အေးပါ... အေးပါ... ငါမစားခင် နင့်ကို ဗိုက်အရင်
ဖြည့်ထားပေးတာ... ပြီးမှ ငါစိတ်ကြိုက်စားမယ်"
ပြီးတာနှင့် သူမသည် စိတ်ဝိညာဉ် သစ်သီး
နောက်တစ်လုံးအား အခွံနွှာ၍ လျှိုလင်၏
ပါးစပ်အတွင်းသို့ ခွံ့ပေးလိုက်ရာ သူမ၏ဘေးမှ
အားကောင်းသော စုပ်အားတစ်ခု ပေါ်လာ၍
ထိုသစ်သီးကို ဆွဲယူသွားလေသည်။

ထွမ်းထွမ်းသည် ချက်ချင်းပင် ဒေါသအိုး
ပေါက်ကွဲသွား၍ လှည့်ကြည့်လိုက်ရာ သူမ၏
သွေးများ ဆူပွက်လာခဲ့သည်။ ရောမ
မျက်လုံးတစ်စုံသည် သူမနှင့် အကြည့်ချင်း
ဆုံခဲ့သည်။ ထိုမျက်လုံး နှစ်ဘက်စလုံးတွင် ရောမ
အနက်ရောင် စက်ဝိုင်းများ ရှိနေကာ

သဘာဝအတိုင်း အပြစ်ကင်းစင်သကဲ့သို့ ဖြစ်နေခဲ့သည်။

## စာစဥ် ၇၀ : အပိုင်း ၈

## အပိုင်း ၁၃၅၈ : နောက်တစ်လုံး ထပ်စားမယ်

ထွမ်းထွမ်း၏ အရှေ့တွင် တောင်ပူစာ တစ်လုံးနှင့် တူနေသည့် အဖြူနှင့် အနက်ရောင် သားမွေးနှင့် ရောမ အကောင်တစ်ကောင် ရောက်လာသည်။ သူ့တွင် အနက်ရောင် မျက်ကွင်းများဖြင့် ဝန်းရံထားသည့် ရောမ မျက်လုံးတစ်စုံ ရှိနေပြီး အပျင်းထူသည့်ပုံ ပေါက်နေခဲ့သည်။

ထွမ်းထွမ်း၏ လက်များအတွင်းမှ သစ်သီးအကိုင်းကို မြင်လိုက်ရသော အခါ သူ၏ မျက်လုံးများသည် အသက်ပြန်ဝင်လာခဲ့ကာ သူမအား နွေးထွေးသော အပြုံးတစ်ခုအား ပြုံးပြလိုက်၏။

ဤအရာသည် မြေရိုင်းလျှို့မြောင် အဖွဲ့အစည်း၏ နောက်ဆုံး အသစ်တိုးလာသည့် အဖွဲ့ဝင်ဖြစ်သော ရိုးရိုးဟုခေါ်သည့် ရောမ ပန်ဒါကြီးပင် ဖြစ်သည်။

ထွမ်းထွမ်းသည် သူ့အား ယခင်က မြင်ခဲ့ဖူးသော်လည်း ရိုးရိုးသည် အမြဲတစေ ပျင်းရိနေ၍ လှုပ်ရှားလိုစိတ် မရှိချေ။ သူလုပ်ခဲ့သည်မှာ စားသောက်ပြီးနောက် အိပ်ပြီး အိပ်ရာမှ နိုးလာသည်နှင့် ပြန်လည် စားသောက်ခြင်းပင် ဖြစ်သည်။

သူတို့နှစ်ယောက်သည် လုံးဝ အဆက်အဆံ မရှိဖူးခဲ့ပဲ ထိုကောင်သည် သူမ၏ မျက်လုံးများ အောက်တွင်ပင် သူမထံမှ အစားအသောက်များကို ခိုးယူလိမ့်မည်ဟု သူမက တစ်ခါမှ မတွေးဖူးခဲ့ပေ။

ကျဲယုသည် ပိုင်ကွမ်းက သူမကို ကာကွယ်ပေးထားသဖြင့် သူမအား ရိုက်နှက်ရဲလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း ထိုနဂါးအိုကြီးသည် လွယ်ကူစွာဖြင့် အလျှော့မပေးပဲ သူမအား အကြမ်းမဖက်သောနည်းဖြင့် လက်စားပြန်ချေခဲ့သည်။ သူမ စားသောက်လိုနေသော အရာများ အားလုံးကို သူ၏ ပါးစပ်ကိုဖွင့်၍ အရင် ဝါးမျိုခဲ့သည်။

ထွမ်းထွမ်းသည် ဖြည်းဖြည်းချင်း စားသုံးရန်အတွက်
ကွယ်ဝှက်ထားသော အရာများ ရှိနေပြီး
ဖုံးကွယ်ထားသော ထိုရတနာများကိုပင်
ထိုနဂါးအိုကြီးက ယူစားခဲ့သည်။

ထွမ်းထွမ်းအနေဖြင့် ထိုအရာသည် သူမ
အရိုက်ခံရခြင်းထက်ပင် ပိုမို နာကျင်စေခဲ့သည်။
ထို့ကြောင့်ပင် သူမ၏ စိတ်အခြေအနေက
သိပ်မကောင်းနေခြင်း ဖြစ်သည်။ အကယ်၍
ပိုင်ကွမ်းက ကျဲယုအား ထိန်းသိမ်းထားခြင်း မရှိပါက
သူမသည် ခေါင်းနှင့်နံရံနှင့် ပြေးဆောင့်မိတော့မည်
ဖြစ်သည်။

နဂါးအိုကြီးက နောက်ဆုံးတွင် မရှိတော့သဖြင့်
ထွမ်းထွမ်းသည် နောက်ဆုံးတွင် သက်သာရာ

ရသွားခဲ့သည်။ သူမ၏ ဒဏ်ရာရထားသော စိတ်ကို ပြန်လည်ကုသရန် အတွက် စားကောင်းသောက်ဖွယ်များဖြင့် ပွဲတော်တည်ရန် ပြင်ဆင်နေချိန်တွင် သူမ၏ အစာကို ခိုးယူမည့် နောက်ထပ်တစ်ယောက် ပေါ်လာမည်ဟု သူမအနေဖြင့် လုံးဝ မမျှော်လင့်ထားခဲ့ပေ။

ဤတောက်တီမလေးသည် အဘယ်မှာ ဒေါသမထွက်ပဲ နေနိုင်အံ့နည်း။

သူမသည် လျှိုလင်ကို ဆွဲယူလိုက်ပြီး ခုန်ထလိုက်ကာ ရိုးရိုး၏ နှာခေါင်းအား လက်ညှိုးထိုးလိုက်သည်။ သူမ၏ တစ်ကိုယ်လုံးသည် ဒေါသဖြင့် တုန်ခါနေ၍ သူမ၏ ပါးစပ်မှ စကားတစ်လုံးမှပင် မပြောနိုင်ခဲ့ပေ။

ရိုးရိုးသည် ထွမ်းထွမ်းအား သူ၏
အပြစ်ကင်းစင်သော မျက်လုံးကြီးများဖြင့်
စိုက်ကြည့်နေခဲ့သည်။ သူသည် နွေးထွေး ရိုးသားစွာ
ပြုံးပြနေသကဲ့သို့ ထင်နေရသောလည်း သူ၏လျှာကို
ပါးစပ်အတွင်းမှ ရုတ်တရက် ထုတ်လိုက်သောအခါ
ထွမ်းထွမ်း၏ လက်အတွင်းမှ သစ်ကိုင်းထံမှ
စိတ်ဝိညာဉ် သစ်သီးများစွာ
ပျောက်ကွယ်သွားခဲ့သည်။

"နင်... အား..." ထွမ်းထွမ်းသည်
ဒေါသထွက်နေသလို စတင်၍ ရယ်ချင်စိတ်များ
ပေါ်လာခဲ့သည်။ သူသည် ရိုးရိုးအား အသေအချာ
အကဲခတ်၍ သူမကိုယ်သူမ မုန်းတီးစွာဖြင့်
တွေးလိုက်သည်။ "အင်း... မိစ္ဆာသခင်

နောက်ဆုံးအဆင့်... ငါ့ထက်ပိုမြင့်တယ်... ဒါပေမဲ့ သူက ခပ်ဝဝနဲ့ တုံးအတဲ့ပုံ ပေါက်နေတယ်... သူ့ရဲ့ ဘဝတစ်လျှောက်မှာ ဘယ်သူနဲ့မှ တိုက်ခိုက်ဖူးပုံ မရဘူး"

"သူရဲ့ စွမ်းအားနဲ့ နည်းစနစ်တွေကို ထိန်းချုပ်မှုက ငါ့ကို ဘယ်လိုလုပ်ပြီးမှ ယှဉ်နိုင်မှာလဲ"

"ဟွန့်... ဟိုနဂါးအိုကြီးက ငါ့ကို အနိုင်ကျင့်နေပြီး အခု ဒီဖက်တီးက ထပ်တိုးလာပြီ... လုံးဝ လက်မခံနိုင်ဘူး"

သူမကိုယ်သူမ တွေးတောနေရင်း လျှိုလင်ကို မြေပေါ်တွင် ချထားလိုက်ပြီး နှာခေါင်းရှုံ့လိုက်ကာ ရိုးရိုးထံသို့ ခုန်အုပ်လိုက်သည်။

ရိုးရိုးသည် သူမအား စိတ်ရှုပ်ထွေးနေသော မျက်လုံးအစုံဖြင့် စပ်စုစွာ ကြည့်နေခဲ့သည်။ တောက်တီမလေးသည် သူမ၏ လက်တစ်ဘက်အား ကောင်းကင်ပေါ်သို့ မြှောက်လိုက်ရာ သူမ၏ ဖြူဖွေးသောလက်သည် ချက်ချင်းပင် အေးစက်နေသော သံမဏိရောင်များဖြင့် လင်းလက်နေသော ရောမ လက်သည်းတစ်ခု အဖြစ်သို့ ပြောင်းသွား၍ ရိုးရိုး၏ ခေါင်းပေါ်သို့ ခုတ်ချလိုက်သည်။

သူမ၏ လက်သည်းသည် ထက်မြက်လှသော ဓားသွားကဲ့သို့ အရှိန်အဟုန် ပြင်းထန်စွာဖြင့် တစ်ဟူးဟူး ကျဆင်းလာခဲ့သည်။

သို့သော်လည်း မြေရိုင်းလျှိုမြောင် အတွင်းတွင် စူးရှသော အော်သံတစ်ခု ထွက်ပေါ်လာ၍ ထွမ်းထွမ်းသည် အနောက်သို့ အလျင်အမြန် ပြန်ဆုတ်သွားခဲ့ရသည်။ သူမ ထုတ်လွှတ်ခဲ့သော ဂန်ဂျင်လက်သည်းသည် မီးအား ထိတွေ့ခဲ့သော လူ၏လက်ကဲ့သို့ လျင်မြန်စွာဖြင့် ပြန်လည် ရုပ်သိမ်းခဲ့ရသည်။

"ဒီဖက်တီးက ဘယ်လို လုပ်လိုက်တာလဲ" ထွမ်းထွမ်းသည် ဘာမှ မဖြစ်ခဲ့သလိုသာ ရှိနေသော

ရိုးရိုးအား ပါးစပ်အပေါက်သားဖြင့်
စိုက်ကြည့်နေခဲ့သည်။

ရိုးရိုးသည် သူမ၏ ယခင်က တိုက်ခိုက်မှုအား ဘာမှ
ပြန်မလုပ်ခဲ့ပေ။ ထို့အစား သူသည် အားလုံးတို့က
ရယ်ရွှင်ဖွယ်ဟု ယူဆနေသော အရာတစ်ခုကိုသာ
ပြုလုပ်ခဲ့သည်။

သူ၏လျှာကို ထုတ်၍ ထွမ်းထွမ်း၏ လက်သည်းကို
လျှက်လိုက်ခြင်း ဖြစ်သည်။ သူသည် ရန်လိုနေသော
မကောင်းသည့် ရည်ရွယ်ချက်များလည်း မပါပဲ
ကျီစားလိုသည့် သဘောဖြင့်သာ လုပ်လိုက်သည်နှင့်
တူနေသည်။

သို့သော်လည်း ထိုအရာသည် ထွမ်းထွမ်းအတွက် သတင်းဆိုးပင် ဖြစ်သည်။ သူမသည် ဂန်ဂျင်ကျားဘုရင်အား ဝါးမျို၍ သူမ၏ ရုပ်ကိုယ်ခန္ဓာကို ပြန်လည် တည်ဆောက်ထားခြင်း ဖြစ်သည်။ သို့သော်လည်း သူမ၏ မာကျော ခိုင်မာသည့် လက်သည်းအလယ်တွင် တိုက်စားခြင်း ခံခဲ့ရသော အကွက်ကြီးတစ်ကွက် ပေါ်လာကာ သူမ၏ လက်သည်းခွံအချို့ပင် ပါသွားခဲ့သည်။

ထွမ်းထွမ်းသည် ရိုးရိုးအား အသေအချာ စိုက်ကြည့်နေရင်း ဘာဖြစ်သွားသည်ကို အသေးစိတ် စဉ်းစားနေခဲ့သည်။ ဤဖက်တီး၏ တံတွေးသည် သတ္တုများကို တိုက်စားနိုင်သည့် စွမ်းရည်ရှိပြီး ထိုအရာသည် သူ၏ သဘာဝ စွမ်းရည်ဖြစ်သည်ကို သူမက သဘောပေါက်သွားခဲ့သည်။

ဘာဖြစ်နေသည်ကို သဘောပေါက်သွားသော အခါ
သူမသည် မျက်ရည် ပေါက်ပေါက်ကျအောင်
ငိုလိုသောစိတ်များ ပေါက်လာခဲ့သည်။

သူမသည် ဂန်ဂျင် ကျားဘုရင်အား ဝါးမျိုခဲ့၍ သူမ၏
ရုပ်ကိုယ်ခန္ဓာကို ပြန်လည် တည်ဆောက်ခဲ့ကာ
ကျင့်ကြံမှု အဆင့်တူသော
အခြားတောက်တီများထက် ပို၍
အထက်တန်းကျသော ရုပ်ကိုယ်ခန္ဓာ
စွမ်းအားများကို ရနိုင်ခဲ့သည်။

သူမသည် တူညီသော ကျင့်ကြံမှု အဆင့်မှ
ကျန်သော တောက်တီများထက် ခံစစ်ရော
တိုက်စစ်ပါ ပိုမိုသန်မာ၍ တောက်တီတို့၏ သဘာဝ

စွမ်းရည်ဖြစ်သော ဝါးမျိုခြင်းကိုလည်း ပိုင်ဆိုင်ထားသည်။

သို့သော်လည်း သူမ၏ ယနေ့မှ ပြိုင်ဘက်သည် ရိုးရိုး ဖြစ်နေခဲ့သည်။ သူမ၏ ဂန်ဂျင်ခန္ဓာကိုယ်ကလည်း တိုက်ဆိုင်စွာဖြင့်ပင် ဤဖက်တီး၏ အလွယ်တကူ တန်ပြန်ခြင်းကို ခံခဲ့ရသည်။ ထွမ်းထွမ်းအနေဖြင့် သူမ၏ ဘဝသည် အမတန်မှ ခက်ခဲလာသည်ဟု အဘယ်မှာ မခံစားမိပဲ နေပါအံ့နည်း။

သူမသည် ရိုးရိုးအား ဝမ်းနည်းမှုနှင့် အမျက်ဒေါသများ နှစ်မျိုးစလုံး ပါနေသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။ "ကောင်းပြီ... မင်းက ငါ့ရဲ့အစာကို ခိုးယူရဲတာ အဆန်းတော့ မဟုတ်ပါဘူး... မင်းမှာ အားကိုးစရာ တစ်စုံတစ်ခု

ရှိတာပဲ… ဒါပေမဲ့ မင်းကငါ့ကို
လျှော့တွက်လွန်းနေရာ မကျဘူးလား"

သူမ၏ ပါးစပ်အား ကျယ်လောင်စွာ ဟလိုက်ရာ
ရောမ နေမင်းနှင့် တူနေသော အလင်းတန်း
ဘီးတစ်ဘီးသည် ကောင်းကင်ပေါ်တွင်
မြင့်တက်လာ၏။ အပ်များကဲ့သို့ တောက်ပစူးရှသော
မီးအလင်းတန်းများ ထွက်ပေါ်လာ၍ နေရာအနှံ့သို့
ပျံ့နှံ့သွားသည်။

ထွမ်းထွမ်း၏ ထိန်းချုပ်မှုအောက်တွင် မဟာသူရိယ
အကြွင်းမဲ့ မီးတောက်သည် နေမင်းအသေးစားလေး
တစ်ခုအဖြစ်သို့ ပြောင်းသွားကာ မြေရိုင်းလျှိုမြောင်
အပေါ်သို့ မြင့်တက်လာသည်။

ရွှမ်းမင်လေးသည် ထိုအရာကို မြင်လိုက်ရသော အခါ
ချက်ချင်းပင် အနောက်သို့ ဆုတ်သွား၍ သူမ၏
ပါးများအပေါ်တွင် မျက်ရည်များ စီးကျလာသည်။
"အန်တီ..."

"ခဏလေး စောင့်နေပါ... မကြာခင်
ပြီးသွားလိမ့်မယ်... ဒီကောင်စုတ်ကို
ပညာပေးပြီးသွားရင် ဖွားဖွားက မင်းကို
စားကောင်းတဲ့ဟာတွေ ယူပေးမယ်"
ထွမ်းထွမ်းသည် ကြုံးဝါးလိုက်ကာ
နေမင်းငယ်လေးကို ထိန်းချုပ်ပြီး ရိုးရိုးအပေါ်သို့
ကျဆင်းလာစေခဲ့သည်။

ရိုးရိုးသည် သူ၏ မူလနေရာ၌သာ ပျင်းရိ
လေးကန်စွာဖြင့် ထိုင်နေခဲ့သည်။ သူ၏ ခေါင်းပေါ်သို့

ကျဆင်းလာသော နေမင်းအား မော့ကြည့်လိုက်ရင်း
ဘာဖြစ်နေသည်ကို မသိနေသည့်ပုံ
ပေါက်နေခဲ့သည်။

သူ၏ ရောမ မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်
လုပ်နေရင်း သူ၏ ခေါင်းကို ဟိုဘက်ဒီဘက်
လှဲ့ယမ်းနေခဲ့သည်။ သူသည် ဘာဖြစ်နေသည်ကို
နားမလည်နေသည့်ပုံ ပေါက်နေသဖြင့်
မစဥ်းစားတော့ရန် ဆုံးဖြတ်လိုက်ပြီး
သူ၏ပါးစပ်အား အကျယ်ကြီး ဟလိုက်သည်။

အတွင်းမှနေ၍ ကြီးမားသော မြေဆွဲအားတစ်ခု
ပေါ်လာ၍ နေမင်း အသေးစားအား တစ်ခုလုံး
မျိုချလိုက်တော့မည့်ပုံ ပေါက်နေသည်။

ထွမ်းထွမ်း၏ ရင်အတွင်းမှ နေ၍ မယုံနိုင်အောင် မခံမရပ်နိုင်သည့် ခံစားချက်တစ်ခု ပေါ်လာခဲ့သည်။ ပို၍ ရယ်စရာကောင်းသည့် အချက်မှာ ရိုးရိုးသည် သူမ၏ မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား မျိုချခဲ့သော အခါ ပူလောင်သည့် အရာတစ်ခုကို ဝါးမျိုခဲ့ရသကဲ့သို့ ဟစိဟစိ ဖြစ်နေခဲ့သော်လည်း သူမ၏ မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား ဖြည်းဖြည်းချင်း ဝါးမျိုနိုင်ခဲ့သည်။

"တောက်တီတစ်ကောင်ရဲ့ အရှေ့မှာ ဒီလိုမျိုး လာဆော့ချင်နေတာလား" ထွမ်းထွမ်းသည် ဤအချိန်တွင် အမှန်ပင် အမျက်ထွက်လာခဲ့သည်။ သူမ၏ မျက်နှာပေါ်မှ ပြင်းထန်လှသော အမျက်ဒေါသများ ပျောက်ကွယ်သွား၍ သူမ၏ အမူအရာသည် များစွာပို၍ လေးနက်လာသည်။

သူမ၏ ဟိန်းဟောက်လိုက်၍ ချက်ချင်းပင် သူမ၏ အစစ်အမှန် ပုံစံကို ဖော်ပြလိုက်သည်။ သူမတွင် ဆိတ်တစ်ကောင်၏ ခန္ဓာကိုယ်၊ လူသားတစ်ယောက်၏ မျက်နှာရှိ၍ သူမ၏ မျက်လုံးများသည် ချိုင်းအောက်တွင် ရှိနေသည်။

သူမတွင် ကျားတစ်ကောင်၏ သွား၊ လူသားတစ်ယောက်၏ ခြေလက်များ ရှိနေ၍ သူမ၏ ဟိန်းဟောက်သံသည် များစွာပို၍ စူးရှသည်မှ လွဲ၍ ကလေးများ၏ ငိုကြွေးသံနှင့် တူနေခဲ့သည်။

ထွမ်းထွမ်းသည် သူမ၏ ပါးစပ်များကို ထပ်ဖန်တစ်ခါ ကျယ်လောင်စွာဖြင့် ဟလိုက်၍ တောက်တီတို့၏

နောက်ဆုံးအကွက်ဖြစ်သော ဝါးမျိုခြင်းကို ဖော်ထုတ်လိုက်သည်။ တွင်းနက်တစ်ခုသည် မည်သည့်နေရာမှ မသိ ပေါ်လာခဲ့ပြီး ပြင်းထန်လှသော မြေဆွဲအား တစ်ခုဖြင့် ပေါက်ကွဲထွက်လာခဲ့သည်။

ရိုးရိုး မျိုချနေသော နေမင်းငယ်လေးသည် ချက်ချင်းပင် ရပ်တန့်သွား၍ ဖြည်းဖြည်းချင်း ရိုးရိုး၏ ပါးစပ်အတွင်းမှ ပြန်ထွက်လာသည်။

ရိုးရိုးသည် မျက်တောင်တစ်ချက် ခတ်လိုက်ရာ သူ၏ ပါးစပ်အတွင်းမှ စုပ်အားကလည်း ပို၍ သန်မာလာသည်။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဖြင့် ဖန်ဆင်းထားသော နေမင်းကလည်း ပြန်၍ ကျဆင်းလာခဲ့သည်။

ထွမ်းထွမ်းသည် သူမ၏ ရန်သူအား
စိုက်ကြည့်နေရင်း မျက်လုံးများက
ကျယ်လောင်စွာဖြင့် ပြူးကျယ်လာသည်။ သူမ၏
သဘာဝ စွမ်းရည်ကို ပိုမို ပြင်းထန်စွာ
ထုတ်လွှတ်လိုက်၍ မိစ္ဆာနှစ်ကောင်တို့သည် သူတို့၏
ပါးစပ်များကို ဟထားကာ နေမင်းငယ်လေးအား
ပြိုင်ဆိုင်နေကြသည်။ မြင်ကွင်း တစ်ခုလုံးသည်
ဟာသ တစ်ခုကဲ့သို့ ရယ်ရွှင်ဖွယ်ရာ
ကောင်းနေခဲ့သည်။

သို့သော်လည်း ကြည့်နေကြသူ အားလုံးတို့မှာ
ရယ်ချင်စိတ်များ မဖြစ်ခဲ့ကြပေ။ ရောမ ပါးစပ်ကြီး
နှစ်ခုတို့မှာ တွင်းနက်နှစ်ခုကဲ့သို့ သူတို့အနားမှ
အရာအားလုံးကို အဆက်မပြတ်

စုပ်ယူနေခဲ့ကြသည်။ အရာအားလုံးသည် မုန်တိုင်းအတိုက်ခံခဲ့ရသကဲ့သို့ ထိုတွင်းနက်ကြီး နှစ်ခုအတွင်းသို့ တစ်လှည့်စီ အစုပ်ယူ ခံနေရသည်။

တောက်တီ၏ ဝါးမျိုခြင်းသည် ပို၍ သန်မာသော်လည်း ရိုးရိုး၏ ကျင့်ကြံမှု အဆင့်သည် ပိုမြင့်နေသဖြင့် ထွမ်းထွမ်းအနေဖြင့် အားသာချက် မရနေခဲ့ပေ။

သို့သော်လည်း ရိုးရိုးသည် မိစ္ဆာသခင် နောက်ဆုံးအဆင့်မှ အစွမ်းအထက်ဆုံး အရာဖြစ်သည့် စကြာဝဠာ ပုံသဏ္ဍာန်ကို ဖော်ပြလိုစိတ် မရှိသဖြင့် ခဏအကြာတွင် ထွမ်းထွမ်းသည် ထိုနေမင်းကို ပြန်လည်၍ စုပ်ယူနိုင်ခဲ့သည်။

ထွမ်းထွမ်းသည် ဒီရေများကို ပြောင်းနိုင်ခဲ့၍ သူမက အသာစီး ရတော့မည်ဟု တွေးနေခဲ့သည့် အချိန်၌ပင် ရိုးရိုးသည် သူ၏ပါးစပ်အား ရုတ်တရက် ပိတ်လိုက်သည်။ ထွမ်းထွမ်းသည် အားကုန် ထုတ်သုံးနေခဲ့ပြီး သူမသည် ဝါးမျိုခြင်းအား စိတ်ကြိုက် ထိန်းချုပ်နိုင်စွမ်း ရှိနေ၍သာ မဟုတ်ပါက ထိုနေမင်းသည် ထိန်းချုပ်မှု ကင်းလွတ်သွား၍ သူမ၏ နဖူးပေါ်သို့ လာဆောင့်လိမ့်မည် ဖြစ်သည်။

"နင်က ချစ်စရာကောင်းပြီး အပြစ်ကင်းနေတဲ့ပုံ ပေါက်ပေမဲ့ အမှန်တကယ်ဆိုရင် အရမ်း ကောက်ကျစ်တယ်... နင်က လေဘ်ချင်းဝူနဲ့ အတူတူပဲ" ထွမ်းထွမ်းသည် ခံပြင်း

နာကျည်းနေခဲ့သည်။ သူမသည် မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ရုပ်သိမ်း၍ ရိုးရိုးအား ထပ်ဖန်တစ်ခါ စိုက်ကြည့်လိုက်သည်။

သို့သော်လည်း ရိုးရိုးသည် သူမကို ပြုံးပြနေ၍ ခေါင်းကိုငုံ့လိုက်ကာ သူ၏လျှာကို နူးညံ့ သိမ်မွေ့စွာဖြင့် လျှက်လိုက်သည်။ အစောပိုင်းမှ သူတို့၏ တိုက်ပွဲကြောင့် အောက်သို့ ပြုတ်ကျနေသော သစ်သီးကိုင်းသည် ချက်ချင်းဆိုသလိုပင် သူ၏ ပါးစပ်အတွင်းသို့ ရောက်ရှိသွားလေသည်။

အရာအားလုံးတို့သည် ထွမ်းထွမ်း၏ မျက်လုံးများ အတွင်းသို့ ကျရောက်သွား၍ ချက်ချင်းဆိုသလိုပင် သူမသည် ရှုံးနိမ့်သွားသကဲ့သို့ ခံစားခဲ့ရသည်။ "ငါက

ဒီလိုမျိုးကောင်နဲ့ တကယ်ပဲ
တိုက်ခိုက်နေခဲ့ရတာလား"

ရိုးရိုးသည် စိတ်ဝိညာဉ် သစ်သီးများကို
မျိုချလိုက်ပြီးနောက်တွင် ထွမ်းထွမ်းအား ကြီးမား၍
အပြစ်ကင်းစင်သော မျက်လုံးများဖြင့်
ကြည့်လိုက်သည်။ ပြီးတာနှင့် သူသည်
လူသားစကားဖြင့် ပြောခဲ့သော်လည်း
သင်ယူခဲ့သည်မှာ မကြာသေးသဖြင့်
ထစ်ငေါ့ထစ်ငေါ့ ဖြစ်နေခဲ့သည်။ "နောက်..
နောက်တစ်ခု ထပ်စားမယ်... ကျွန်တော် နောက်...
နောက်တစ်ခု ထပ်စားမယ်"

ထိုတိုက်ပွဲအား စောင့်ကြည့်နေကြသော
မြေရိုင်းလျှိုမြောင်မှ တပည့်များသည် ရိုးရိုးအား

တစ်ချက်ကြည့်လိုက်ကာ ဘေးတွင်ရှိနေသော
လျှို့လင်ကို လှည့်ကြည့်လိုက်ကြပြီးနောက်
ချက်ချင်းပင် ဝါးလုံးကွဲ ရယ်မောလိုက်ကြလေသည်။

ထွမ်းထွမ်း၏ မျက်နှာသည် အလွန်အမင်း
မည်းမှောင်နေကာ သူမသည် ယခုကဲ့သို့
ပြုလုပ်ခဲ့သည်မှာ မည်မျှ မိုက်မဲမှန်းကို
သဘောပေါက်သွားသဖြင့် အမှန်ပင်
ငိုချင်နေခဲ့သည်။

သူမသည် အဝေးမှ သစ်ပင်အား
စိတ်ပျက်လက်ပျက်ဖြင့် ညွှန်ပြလိုက်ကာ
ပြောလိုက်သည်။ "မင်းက မိစ္ဆာသခင်
နောက်ဆုံးအဆင့်ကို ရောက်နေပြီလေ... မင်းရဲ့

မိစ္ဆာစွမ်းအားတွေကို အသုံးပြုပြီးမှ
ခူးစားလို့ရတာပဲ"

ရိုးရိုးသည် ခေါင်းကို ဘယ်ညာ ခါယမ်းလိုက်၍
စိတ်ပျက်စွာဖြင့် တီးတိုး ရေရွတ်လိုက်သည်။
"ကျွန်တော်က လုပ်လို့မရဘူး"

ဤအချိန်တွင် မြေရိုင်းလျှိုမြောင်မှ တပည့်အချို့က
ထွမ်းထွမ်းအား အသံလွှင့်၍ ပြောလိုက်သည်။
"အန်တီထွမ်းထွမ်း... ဒီကောင်ကြီးက
မြေရိုင်းလျှိုမြောင်ကို စရောက်တဲ့
ပထမနေ့ကတည်းက သန့်စင်သောမီး
သစ်တော်ပင်က အသီးတွေ အားလုံးကို
စားပစ်လိုက်တယ်"

"စီနီယာ ဟွမ်နဲ့ စီနီယာ ကျူးကော်တို့က ဘာမှ မတတ်နိုင်ပဲ မာစတာခန်းကို လျှိုမြောင်အတွင်းကို ဖိတ်ခေါ်ပြီးမှ ဒီထဲက စိတ်ဝိညာဉ် အပင်တွေကို သူမခူးနိုင်အောင် အကာအကွယ် မှော်ကျိန်စာတွေ ထားခဲ့ရတယ်... သူစားချင်တဲ့ အရာတွေကို ကျွန်တော်တို့က ခူးပေးခဲ့ရတာ"

ထွမ်းထွမ်းသည် ချက်ချင်းပင် စိတ်သက်သာရာ ရသွား၍ ပျော်ရွှင်လာခဲ့သည်။ "နည်းတောင် နည်းသေးတယ်... ငါတောင်မှ ဒီလို အဖြစ်မျိုးကို မကြုံခဲ့ရဘူး"

သို့သော်လည်း ထွမ်းထွမ်းသည် သူမအား အသနားခံသော မျက်လုံးများဖြင့် ကြည့်နေသော ရိုးရိုးကို လှမ်းကြည့်နေရင်း သူမ၏ မျက်နှာပေါ်မှ

အပြုံးသည် အေးခဲသွားခဲ့သည်။ "မင်း… မင်းက တကယ်ပဲ…"

ရိုးရိုးသည် ရိုးသား အပြစ်ကင်းစင်စွာဖြင့် ပြုံး၍ ပြောလိုက်သည်။ "နောက်… နောက်တစ်လုံး စားချင်တယ်"

မိစ္ဆာနှစ်ကောင်တို့သည် အချင်းချင်း စိုက်ကြည့်နေကြရင်း ထွမ်းထွမ်းသည် ရုတ်တရက် အော်ဟစ်လိုက်ကာ အဝေးသို့ လှည့်ပြေးသွားခဲ့သည်။ ခြေနှစ်လှမ်း လှမ်းအပြီးတွင် သူမသည် ရုတ်တရက် ပြန်လှည့်လာ၍ လျှိုလင်အား ကောက်ချီလိုက်ပြီး တတ်နိုင်သမျှ အမြန်ဆုံး ထွက်ပြေးသွားခဲ့သည်။

သို့သော်လည်း သူမ အဝေးသို့ မရောက်နိုင်မီ အနက်ရောင် အရိပ်တစ်ခုက သူမအရှေ့သို့ လျှပ်ကနဲ ရောက်လာခဲ့သည်။ တောင်ပူစာလေး တစ်လုံးမျှ ကြီးမားသော ရောမ ပန်ဒါကြီးသည် သူမရှေ့သို့ ထပ်ဖန်တစ်ခါ ရောက်လာ၍ သူမအား အသနားခံသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။

"ဒီအမြန်နှုန်း... သူက ခြေသည်ကိုးခု သိမ်းငှက်ဘုရင်လောက်နီးပါး မြန်တာပဲ... အာ... ဒါတောင်မှ သူက အကောင်းဆုံး ကြိုးစားနေတာ မဟုတ်သေးဘူး" ထွမ်းထွမ်းသည် အရပ်မျက်နှာ ပေါင်းစုံသို့ ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း အခေါက်တိုင်းတွင် ရိုးရိုး၏ ဟန့်တားမှုကို ခံခဲ့ရသည်။

သူမသည် ဟင်းလင်းပြင်ကို ချိုးဖောက်၍ လွတ်မြောက်ရန် ကြိုးစားခဲ့သော်လည်း သူ့အား မျက်ခြေဖြတ်၍ မရခဲ့ပဲ စိတ်လှုပ်ရှား ရှုပ်ထွေးလာခဲ့သည်။

လျှိုလင်သည် ထွမ်းထွမ်း၏ ရင်ခွင်အတွင်းတွင် လှဲလျောင်းလျက်သာ ရှိသေးသည်။ သူမသည် သူမအရှေ့မှ ရောမ ကောင်ကြီးအား ကြည့်နေရင်း သူမ၏ မျက်လုံးများ အတွင်းတွင် သိလိုစိတ်များ ပေါက်လာခဲ့ကာ သူမ၏ လက်ခုပ်ကို ဆက်တိုက်တီး၍ အော်လိုက်သည်။ "အန်တီ… အန်တီ… သူက အရမ်း ချစ်ဖို့ကောင်းတာပဲ"

"သစ္စာဖောက်မလေး…" ထွမ်းထွမ်းက ဒေါသထွက်စွာဖြင့် နှာမှုတ်လိုက်ရာ လျှိုလင်က

ပြောလိုက်သည်။ "အန်တီ… အန်တီရဲ့ဟာ အန်တီစားပါ… လျှိုလင်ရဲ့ ဝေစုကို သူ့ကို ပေးလိုက်ပါ"

ထွမ်းထွမ်းသည် မည်သို့မှ မတတ်နိုင်တော့ပဲ သူမ၏ လက်ကို ဖော့ယမ်း၍ လျှိုလင်အား သစ်သီးအချို့ ခူးပေးလိုက်သည်။ "မင်းက သူ့ကို ကျွေးနိုင်တယ်… ငါကသူနဲ့ ဘာမှ မဆက်ဆံလိုဘူး"

လျှိုလင်သည် စိတ်ဝိညာဉ် သစ်သီးအား ရိုးရိုးထံသို့ အသေအချာ လှမ်းပေးလိုက်သည်။ ရိုးရိုးသည် အပြစ် ကင်းစင်စွာဖြင့် ပြုံးလိုက်ကာ သူ၏ ရောမ လျှာကြီးကို လျှက်လိုက်ပြီး သစ်သီးအား စိတ်လှုပ်ရှားစွာဖြင့် စားသုံးလိုက်သည်။ လျှိုလင်သည် သဘောကျစွာဖြင့် ကြည့်နေပြီး

သူမ၏ လက်သေးသေးလေးဖြင့် ရိုးရိုး၏ခေါင်းကို ပွတ်သပ်လိုက်သည်။

ရိုးရိုးသည် ရှောင်တိမ်းရန် လုံးဝ မကြိုးစားခဲ့ပဲ ရွှမ်းမင် ပေါက်စလေးက သူ၏ ခေါင်းကို ထိ၍ နူးညံ့သော အမွှေးများကို ပွတ်သပ်နေသည်ကို ငြိမ်ခံနေ၏။ သူ၏ လျှာကိုပင် ထုတ်လိုက်၍ ရွှမ်းမင်လေးအား နူးညံ့ ညင်သာစွာဖြင့် လျှက်လိုက်သေးသည်။

လျှိုလင်က ဝမ်းသာ ပျော်ရွှင်နေခဲ့ရာ သူတို့အား စောင့်ကြည့်နေသော ထွမ်းထွမ်းက နှုတ်ခမ်းစူ၍ ပြောလိုက်သည်။ "သစ္စာဖောက်မလေး"

ရုတ်တရက်ပင် ရိုးရိုး၏ လျှာသည်
ဆန့်တန်းထွက်လာကာ သူမ၏ပါးကို
လျှက်လိုက်သည်။

မြေရိုင်းလျှိုမြောင် အတွင်းတွင် ငိုကြွေး
အော်ဟစ်နေသော အသံတစ်သံက
ပဲ့တင်ရိုက်လာခဲ့လေသည်။

"နင်… နင်…" ထွမ်းထွမ်းသည် ရိုးရိုးအား
စိုက်ကြည့်နေရာ ရိုးရိုးသည် သူ၏ မျက်လုံးများကို
အပြစ် ကင်းစင်စွာဖြင့် ပုတ်ခတ်ပုတ်ခတ်
လုပ်နေရင်း ဘာကိုမှ နားမလည်နေသည့်အတိုင်း
ဖြစ်နေခဲ့သည်။

## စာစဉ် ၇၀ : အပိုင်း ၉

## အပိုင်း ၁၃၅၉ : ဆယ်နှစ်ကြာပြီးနောက်

ဤအရာသည် သူမအနေဖြင့် ရှောင်ပြေးနိုင်သော
အရာတစ်ခု မဟုတ်ပေ။ သူမသည် သူ့အား
အနိုင်မယူနိုင်သလို မောင်းထုတ်၍လည်း မရချေ။
အပျင်းထူသော ဤကောင်ကြီးသည် သူမ၏
အစာများကို အမြဲတမ်း ခိုးယူနေခဲ့သဖြင့်
ထွမ်းထွမ်းသည် သေချင်စိတ်ပင် ပေါက်သွားခဲ့သည်။
အနာဂတ်မှ သူမ၏ ဘဝသည် ငြီးငွေ့
ခြောက်ကပ်၍သာ နေတော့သည်။

သူမသည် ရှီထျန်းဟောင်နှင့် ညဏ်နီညဏ်နက်နှင့် အရုက်ကင်းမဲ့မှု ပြိုင်ပွဲအား ဆင်နွှဲခဲ့သော်လည်း တစ်ခါမှ ဤမျှအထိ ကူရာမဲ့စွာ မခံစားရဖူးပေ။ အနည်းဆုံးတော့ ရှီထျန်းဟောင်သည် သူမအား နေ့နေ့ညည စောင့်ကြည့်နေခြင်း မရှိပေ။ ထို့အစား သူမကသာ ရှီထျန်းဟောင်အား တစ်ချိန်လုံး စောင့်ကြည့်နေ၍ သူ၏ အစာများကို ခိုးယူရန် ကြံစည်နေခဲ့ခြင်း ဖြစ်သည်။

ရှီထျန်းဟောင်နှင့် ကျဲယုတို့သည် မြေရိုင်းလျှိုမြောင်၏ ပြင်ပမှနေ၍ ပွဲကြီးပွဲကောင်းကို စောင့်ကြည့်နေကြကာ ဇူရီနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခေါင်းများကို ဆက်တိုက် ခါယမ်းလိုက်ကြသည်။

ရှီထျန်းဟောင်သည် တစ်ဟားဟားနှင့်
ရယ်မောနေရင်း မြေရိုင်းလျှိုမြောင်သို့ ပြန်သွားပြီး
ထွမ်းထွမ်းအား ရိုးရိုးထံမှ ကယ်တင်ခဲ့ပြီး
မဟူရာကောင်းကင် ရတနာသစ်ပင်ထံသို့
ပြန်လာခဲ့သည်။

ထွမ်းထွမ်းသည် ဝမ်းသာအားရ ဖြစ်လွန်း၍
မျက်ရည်များပင် ကျလာခဲ့သည်။ သူမသည်
ရှီထျန်းဟောင်အား အားရပါးရ ဖက်၍
အော်ပြောလိုက်သည်။ "ငါက နင်ဖွက်ထားတဲ့
အစာတွေကို ဘယ်တော့မှ မခိုးစားတော့ဘူး...
အာ... နေဦး... ငါဆိုလိုတာက ငါက တစ်ဝက်ပဲ
ခိုးစားပြီး ဒီထက် ပိုမစားတော့ဘူး"

ရှီထျန်းဟောင်သည် သူမအား မျက်စောင်းထိုး၍ ကြည့်ကာ ပြောလိုက်သည်။ "ဘာပဲပြောပြော ကျားသစ်ဟာ သူ့ရဲ့ အစက်အပြောက်တွေကို ဘယ်တော့မှ မပြောင်းနိုင်ဘူး"

ရှီထျန်းဟောင်သည် မြေရိုင်းလျှို့မြောင် အတွင်းတွင် နောက်ထပ် အစားပုတ်တစ်ယောက် တိုးလာသဖြင့် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေသည်။ ဤမတိုင်ခင်တွင် သူ၏ ရတနာများကို တောက်တီမလေးထံမှ ကာကွယ်ထားရပြီး အခုအချိန်တွင် နောက်ထပ် ဧရာမ ပန်ဒါတစ်ကောင်ကိုပါ စောင့်ကြည့်ရတော့မည် ဖြစ်သည်။

အစ ပထမတွင် သူသည် ရောမ ပန်ဒါမျိုးနွယ်စု
တစ်ခုလုံးအား ထိုအလယ်ကမ္ဘာမှ
ခေါ်ဆောင်လာရန် ရည်ရွယ်ချက် ရှိသော်လည်း
ယခုအချိန်တွင် အလေးအနက် ပြန်လည်၍
စဉ်းစားသုံးသပ်ရတော့မည် ဖြစ်သည်။

ရှီထျန်းဟောင်နှင့် ဇူရီတို့သည် နဂါးများနှင့် သူတို့၏
တိုက်ပွဲအကြောင်းကို တမင်သက်သက် မဖြန့်ခဲ့ပေ။
သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
နဂါးမျိုးနွယ်စုတို့၏ မော်ကွန်းဝင်
တိုက်ပွဲအကြောင်းသည် နတ်ဘုရား နယ်မြေ
အတွင်း၌ ပျံ့နှံ့သွားခဲ့သည်။

ဇူရီသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့
ရောက်သွားအပြီးတွင် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ သူရဲကောင်း
လေးဖော်အနက် နောက်တစ်ယောက်သည်
နောက်တစ်ဆင့်သို့ တက်သွားနိုင်ခဲ့ကာ
မူလကောင်းကင် ကမ္ဘာကြီး အတွင်းတွင်
လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့သည်။

သိပ်မကြာမီပင် နောက်ထပ် သတင်းတစ်ပုဒ်
ထပ်ထွက်လာသည်။ အစွန်းရောက် တာအို အန္တိမ
ဝမ်လင်းကလည်း ရှီထျန်းဟောင် မတိုင်မီကပင်
အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့
ရောက်ရှိခဲ့ပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တဖြည်းဖြည်း
ပို၍ပို၍ သန်မာလာခဲ့သည်။

အားလုံးတို့၏ အာရုံကို အဆွဲဆောင်နိုင်ဆုံး အချက်မှာ မူလနဂါး ဘုရင်သည် မဟူရာ ပင်လယ်၏ စွမ်းအားများကို ဆင့်ခေါ်ထားသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော လင်းဖုန်းသည် ဟင်းလင်းပြင် စစ်တလင်းမှ တဆင့် သူ့အား ဓားတစ်ချက်တည်းဖြင့် ဒဏ်ရာရစေခဲ့ခြင်း ဖြစ်သည်။

ကောင်းကင်ဖျက်ဆီး ဓား၏ အစွမ်းသည် ကမ္ဘာကြီးအား ထပ်ဖန်တစ်ခါ တုန်လှုပ်စေခဲ့သည်။ ထိုအဖြစ်သည် လူအားလုံး၏ ခေါင်းအတွင်းသို့ ရောက်သွားကြပြီး သူတို့အားလုံးသည် လင်းဖုန်း၏ လက်ရှိအစွမ်းကို နောက်ထပ် တွေ့လိုက်ရသဖြင့် သူတို့ရင်များသည် ပို၍ လေးလံလာကြသည်။

အဆင့်မြင့် ကျင့်ကြံသူများ အများစုသည် မဟာချင်
အင်ပါယာ၏ ကန်းယန်မင်းသား ရှီကျုံးမောင်နှင့်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဇူရီနှင့်
ရှီထျန်းဟောင်တို့သည် အဘယ်ကြောင့်
ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့
ဝင်ရောက်ခဲ့သည်ကို ခန့်မှန်းနိုင်ခဲ့ကြသည်။

ဘာပဲပြောပြော အင်မော်တယ် နဂါးမြို့တော်၏
တည်ရှိနေမှုသည် မဟာချင် အင်ပါယာ အတွက်
လွန်စွာမှ အရေးပါသော အချက်တစ်ခု ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော် ရှိနေသော မဟာချင်
အင်ပါယာနှင့် အင်မော်တယ် နဂါးမြို့တော်
မရှိနေသော မဟာချင် အင်ပါယာတို့သည်

ကွဲပြားခြားနားသော စွမ်းအားအဆင့်အတန်းများ ရှိနေသည်ဟု ပြော၍ရသည်။

လူအချို့သည် ရှီကျုံးမောင်၏ အပြန်ခရီးကို စောင့်ကြည့်နေကြပြီး သူတို့သည် ရှီကျုံးမောင်က လက်ဗလာဖြင့် ပြန်လာရသည်ကို သတိထားမိခဲ့ကြသည်။

သိပ်မကြာမီပင် ရှီးလင်မြို့မှနေ၍ အင်မော်တယ် နဂါးမြို့တော်သည် ဆက်လက် မတည်ရှိတော့ပဲ ရှီယု၏ သမီးဖြစ်သော ရှီရှင်းယွမ်သည် အင်မော်တယ် နဂါးမြို့တော်နှင့် ပေါင်းစည်းသွားကာ တစ်နေရာတွင် ကျင့်ကြံနေသည်ဟူသော သတင်း ထွက်လာခဲ့သည်။

အားလုံးတို့သည် ဤသတင်းကြောင့် အံ့သြ
တုန်လှုပ်သွားကြသည်။

မဟာချင် အင်ပါယာသည် ဤသတင်းကို
အာရုံလွဲသည့် အနေဖြင့် ထုတ်လွှင့်ခဲ့ခြင်း ဖြစ်သည်။
ရှီရှင်းယွမ်သည် အမှန်ပင် တစ်နေရာတွင်
သူမဘာသာ သူမ ကျင့်ကြံနေခြင်း ဖြစ်သော်လည်း
သူမအနေဖြင့် မဟာချင် အင်ပါယာ၏
လက်အောက်သို့ ပြန်လာလိုခြင်း မရှိသည့်
အချက်ကို မဟာချင် အင်ပါယာအနေဖြင့်
ဖုံးကွယ်ထားခဲ့သည်။

နောက်ပိုင်းတွင် ပြဿနာ တက်လာမည်ကို
ကာကွယ်သောအားဖြင့် သူတို့ကလည်း

ရှီရှင်းယွမ်၏ ကိုယ်စား ပြောဆိုခဲ့ခြင်းမျိုး မပြုလုပ်ခဲ့ပေ။

ရှီရှင်းယွမ်သည် မဟာချင် အင်ပါယာက သိပ်မလွန်လာသရွေ့ သူတို့ ပြုလုပ်ခဲ့သည့် အရာများကို မျက်လုံးတစ်ဖက် မှိတ်ထားပေးမည် ဖြစ်ကာ သူတို့အား အခက်တွေ့စေရန် ပြုလုပ်မည် မဟုတ်ချေ။ ရှီကျုံးထန်း၊ ရှီကျုံးမောင်နှင့် ကျန်သောသူများသည် ရှီရှင်းယွမ်အား ပြန်လာလိုနေကြကာ သူမနှင့် ဆက်ဆံရေး ကောင်းမွန်စေရန် အတတ်နိုင်ဆုံး ကြိုးစားနေကြသည်။

အမှန်တရား တစ်ခုလုံးကို မတင်ပြပဲ ဖုံးကွယ်ထားခဲ့ခြင်းသည် နတ်ဘုရား နယ်မြေ

အတွင်းမှ ကျန်သောသူများ အားလုံးကို လှည့်စားနိုင်ရန် လုံလောက်နေပြီ ဖြစ်သည်။

အချို့သူများသည် ဇာတ်လမ်း အပြည့်အစုံကို သိနိုင်ရန် ဇူရီနှင့် ရှီထျန်းဟောင်တို့အား စူးစမ်း မေးမြန်းခဲ့သော်လည်း သူတို့က မဟာချင် အင်ပါယာကို ဒုက္ခမပေးလိုသဖြင့် သူတို့၏ ပါးစပ်များကို ပိတ်ထားခဲ့သည်။

မဟာချင် အင်ပါယာ၏ အတွင်းပိုင်းတွင် ရှီချုံးယွမ်နှင့် သူ့မိခင်တို့၏ အဆင့်အတန်းများသည် အချိန်နှင့်အမျှ တိုးတက်လာ၍ ယခင်ကနှင့် နှိုင်းယှဉ်၍ မရတော့ချေ။

ရှီကျုံးထန်းသည် နန်းတက်ပြီးသွားသော အခါ သူ၏ မျိုးဆက်များကို လွန်လွန်ကျူးကျူး ဦးစားမပေးခဲ့သလို အိမ်ရှေ့မင်းသား ရာထူးကိုလည်း အခြားသူများကို မပေးခဲ့ပေ။ သို့သော်လည်း ယခင် အိမ်ရှေ့မင်းသား ရှီချုံးယွမ်၏ အခြေအနေသည် အလွန်အမင်း ကသိကအောက် ဖြစ်လာသည်မှာ မေးခွန်းထုတ်စရာ မလိုချေ။

ရှီကျုံးထန်းသည် သူ့အား တတ်နိုင်သမျှ အကောင်းဆုံး ဆက်ဆံခဲ့သော်လည်း မဟာချင် အင်ပါယာ၏ ထီးနန်းသည် ရှီချုံးယွမ်နှင့် လွန်စွာ ဝေးကွာသွားပြီ ဖြစ်ပြီး အနာဂတ်တွင် ရယူနိုင်ရန်လည်း မျှော်လင့်ချက်များ သိပ်မရှိချေ။

ယခုအချိန်တွင် ရှီရှင်းယွမ်သည် အင်မော်တယ် နဂါးမြို့တော်နှင့် ပေါင်းစပ်သွားပြီ ဖြစ်သဖြင့် ရှီချုံးယွမ်၏ အခြေအနေသည် ထပ်ဖန်တစ်ခါ နူးညံ့ သိမ်မွေ့လာခဲ့သည်။

လျှမ်ကန်းသည် လျှမ်ပန်း နန်းကျသွားအပြီးတွင် မဟာကျိုး အင်ပါယာ၏ ထီးနန်းကို ဆက်ခံခဲ့သူ ဖြစ်သည်။ မဟာချင် အင်ပါယာ၏ တော်ဝင် မိသားစုသည် နောက်ထပ် အတွေးတစ်မျိုးကို တွေးခဲ့ကြသည်။

ရှီရှင်းယွမ်သည် ဘုရင်မ မဖြစ်လိုနေသော်လည်း သူတို့က သူမအား ပြန်လာစေလိုနေသဖြင့် ရှီချုံးယွမ်ကို နန်းတက်စေမည် ဖြစ်ကာ

ရှီရှင်းယွမ်အား မဟာချင် အင်ပါယာသို့ ပြန်လာရန် ဆွဲဆောင်မည် ဖြစ်သည်။

ရှီချုံးယွမ်သည် မြင်းရိုင်းတစ်ကောင်ကဲ့သို့ ကြမ်းတမ်းပြီး ဝံပုလွေ တစ်ကောင်ကဲ့သို့ လောဘကြီးကာ ကျားတစ်ကောင်ကဲ့သို့ ခက်ထန်သော်လည်း သူနှင့် သူ၏ညီမ အရင်းဖြစ်သူ ရှီရှင်းယွမ်နှင့် ဆက်ဆံရေးမှာ အတော်လေး နီးကပ်သည်။

အစောပိုင်းက ရှီရှင်းယွမ်၏ နောက်ခံအား ရှီယု၊ ရှီကျုံးထန်း၊ ရှီကျုံးမောင်နှင့် မဟာချင် အင်ပါယာ၏ အဆင့်မြင့် တော်ဝင် မိသားစုများကသာ သိခဲ့ခြင်း ဖြစ်ပြီး ရှီချုံးယွမ်နှင့် ကျန်သောသူများက သူမ၏

နဂါးဝိညာဥ်သည် သူမ မွေးဖွားပြီးနောက်တွင်မှ ရခဲ့ခြင်း ဖြစ်သည်ဟူ၍သာ ထင်နေကြသည်။

သို့သော်လည်း ရှီချုံးယွမ် အနေဖြင့် ဤအရာနှင့် ပတ်သတ်၍ မည်သည့် မကောင်းသော အတွေးမှ မရှိခဲ့ချေ။ ဤအရာသည် အမြဲတမ်း အနိုင်ကျင့်ကာ ကြီးစိုးတတ်သော ရှီချုံးယွမ် အတွက် အမတန်မှ ရှားပါး၍ အံ့သြစရာ ကောင်းသော ကိစ္စဖြစ်သည်။

ရှီရှင်းယွမ်သည် သူ့ထက်စာလျှင် ကျင့်ကြံမှု ပါရမီ ပိုကောင်းကာ နတ်ဘုရား နယ်မြေ အတွင်းတွင် ထီးနန်းအတွက် အမျိုးသမီးများက အမျိုးသားများထက် ပို၍ ဦးစားပေးခြင်း ခံခဲ့ရသော ဥပမာများ ရှိခဲ့သော်လည်း ရှီချုံးယွမ် အနေဖြင့် ရှီရှင်းယွမ် အပေါ်တွင် မနာလိုစိတ်များ မရှိခဲ့ပေ။

ရှီရှင်းယွမ်ကလည်း သူမ၏ အစ်ကိုအား အမြဲတစေ ထောက်ခံပေးလေ့ ရှိသည်။ ယခင်က ဒွိစုံသူငယ်အိမ်နှင့်သူ ရှီထျန်းရီအား အိမ်ရှေ့မင်းသား အဖြစ် ပြောင်းလဲ ခန့်အပ်မည်ဟု မဟာချင် အင်ပါယာ တစ်ခုလုံးက ပြောဆိုနေကြသည့် အချိန်တွင်လည်း သူမအနေဖြင့် ရှီချုံးယွမ်အား ထောက်ခံပေးခဲ့သည်။ သူမနှင့် သူမမိခင်၏ ဆက်ဆံရေးကလည်း အမတန်မှ နီးကပ်ပေသည်။

ရှီချုံးယွမ်အား ထီးနန်း ပြန်လည် ဆက်ခံစေရန် အကြံသည် အဓိက မဟုတ်သေးပဲ ရှီကျုံးထန်း၏ အမြင်များကိုလည်း စဉ်းစားရဦးမည် ဖြစ်သည်။ သို့သော်လည်း ဤစကားသည် ဖြည်းဖြည်းချင်း ပျံ့သွားကာ ရှီကျုံးထန်းကလည်း ဒေါသ

မပေါက်ကွဲလာခဲ့ပဲ သဘောတူသည့် အလား
ဆိတ်ဆိတ်သာ နေခဲ့သည်။

ရှီချုံးယွမ်နှင့် သူ၏မိခင်တို့ မဟာချင် အင်ပါယာတွင်
ဆက်ရှိနေသရွေ့ ရှီရှင်းယွမ်သည် သူတို့နှင့်
ဆက်ဆံရေး လုံးဝ ဖြတ်တောက်လိမ့်မည်
မဟုတ်ချေ။ သို့သော်လည်း မဟာချင် အင်ပါယာ၏
အန္တရာယ် အကြီးမားဆုံး အခိုက်အတန့်တွင်
ရှီရှင်းယွမ်က သူတို့အား အဝေးသို့
ခေါ်သွားလိုပါကလည်း မဟာချင် အင်ပါယာ
အနေဖြင့် သူမအား ရပ်တန့်နိုင်လိမ့်မည် မဟုတ်ချေ။

သူတို့အား အကျဉ်းချထားခြင်း၊ ခြိမ်းခြောက်ခြင်း
သို့မဟုတ် အခြား ရက်စက်သော နည်းလမ်းများကို

အသုံးပြုခြင်းသည် အခြေအနေများကို ပိုမို
ဆိုးဝါးလာစေနိုင်သည်။

သိပ်မကြာမီပင် ရှီရှင်းယွမ်သည် သူမ
ပြောထားသည့် အတိုင်း ရှီးလင်မြို့သို့
လာရောက်ခဲ့သည်။ သူမသည် သူမ၏ မိခင်၊ သူမ၏
အစ်ကို၊ ရှီကျင်းယွမ်နှင့် အခြား
နီးစပ်သောသူများထံသို့ လာလည်ခဲ့ခြင်း ဖြစ်သည်။

သူမသည် တော်ဝင်နန်းတော် အတွင်းတွင်
ရှီကျုံးထန်း၊ ရှီကျုံးမောင်တို့နှင့် လျှို့ဝှက်
အစည်းအဝေး တစ်ခု ပြုလုပ်ခဲ့သော်လည်း
အသေးစိတ် အချက်အလက်များကို မည်သူကမှ
မသိကြပေ။ သို့သော်လည်း ရှီရှင်းယွမ်သည်

အကြာကြီး မနေခဲ့ပဲ ရှီးလင်မြို့မှ ထပ်ဖန်တစ်ခါ ထွက်ခွာသွားခဲ့သည်။

ထို့နောက် ရှီရှင်းယွမ်သည် ခွန်းလွန် တောင်တန်းများထံသို့ သွားရောက်ကာ ယုကျင်းတောင် အပေါ်တွင် လင်းဖုန်းအား အရိုအသေ သွားပေးခဲ့သည်။ လင်းဖုန်းသည် သူမအား လမ်းညွှန်မှုအချို့ ပေးခဲ့ကာ သူမသည် များမကြာမီ တောင်ပေါ်မှ ပြန်ဆင်းသွား၍ ကမ္ဘာကြီးထံမှ ထပ်ဖန်တစ်ခါ ပြန်ပျောက်သွားခဲ့သည်။

စိတ်ရှုပ်ထွေးဖွယ်ရာ ဤခရီးသည် နတ်ဘုရား နယ်မြေ အတွင်းမှ လူများအား နားမလည်နိုင်စွာဖြင့် ခေါင်းကုတ်စေခဲ့သည်။ ရှီရှင်းယွမ်နှင့် မဟာချင်

အင်ပါယာတို့ အကြားမှ ဆက်ဆံရေးအား
မည်သူကမှ မသိခဲ့ကြပေ။

သို့သော်လည်း အားလုံးတို့သည် မဟာချင်
အင်ပါယာ၏ စွမ်းအားများကို စဥ်းစားရာတွင်
ရှီရှင်းယွမ်ကိုလည်း တစ်စိတ်တစ်ပိုင်း အနေဖြင့်
ထည့်သွင်း တွက်ချက်နေခဲ့ရသည်။

မဟာချင် အင်ပါယာ၏ မူလ ရည်ရွယ်ချက်သည်
တစ်စိတ်တစ်ပိုင်း ပြည့်မြောက်သွားသည်ဟူ၍
ပြော၍ရသည်။ သူတို့သည် စိတ်သက်သာရာ
ရစွာဖြင့် သက်ပြင်းချကာ ယခင်မှ
ဂုဏ်ကျက်သရေများကို တတ်နိုင်သမျှ အမြန်ဆုံး
ပြန်ရနိုင်အောင် အစွမ်းကုန်
ကြိုးစားနေကြလေသည်။

နတ်ဘုရား နယ်မြေ၏ အခြေအနေသည်
ယခင်ကထက်စာလျှင် အတော်လေးပို၍
တည်ငြိမ်လာခဲ့ပြီ ဖြစ်သည်။ ဂူမင်းဆက်သည်
သူတို့၏ အခြေခံကို အခိုင်အမာ
တည်ဆောက်အပြီးတွင် နယ်မြေများကို
ဖြည်းဖြည်းချင်း ချဲ့ထွင်လာခဲ့သည်။ သို့သော်လည်း
နောက်ထပ် သတိထားစရာ အချက်တစ်ခုမှ
ထပ်မရှိနေတော့ချေ။

မဟာချင် အင်ပါယာနှင့် မဟာကျိုး
အင်ပါယာတို့သည် ထိန်းထိန်းသိမ်းသိမ်းဖြင့်
သူတို့၏ နယ်မြေများကို အတတ်နိုင်ဆုံး
ကာကွယ်နေကြပြီး ဂူမင်းဆက်၏

နယ်ချဲ့လာနိုင်သည့် ဖြစ်နိုင်ခြေကို အမြဲတမ်း ပြင်ဆင်ထားနေကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့သည် တောင်အတွင်းတွင် သူတို့ကိုယ်သူတို့ ချိပ်ပိတ်ထားကြဆဲ ဖြစ်၍ လျှို့ကြီးကြောင့် ဖြစ်ပေါ်လာသော ထကြွ လှုပ်ရှားမှုများကလည်း ဖြည်းဖြည်းချင်း ငြိမ်သက်လာကြသည်။ အနည်းဆုံးတော့ တစ်ယောက်ကမှ ထိုအကြောင်းကို မပြောနေကြတော့ပေ။

လူအများတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဤတပည့်အသစ်က မည်သည့်နေရာမှ လာခဲ့သည်ကို ပို၍ အာရုံစိုက်နေကြသည်။

သို့သော်လည်း ထိုအချိန်နောက်ပိုင်းမှစ၍ လျှိုကြီးကို တစ်ခါမှ မမြင်ရပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အတွင်းမှ လူများကပင် သူတို့၏ နံပါတ်ကိုး ဂိုဏ်းတူဦးလေး သို့မဟုတ် နံပါတ်ကိုး ဂိုဏ်းတူဘိုးလေးတို့အား တစ်ခါမှ မတွေ့ခဲ့ရပေ။ ဤအရာတစ်ခုလုံးကလည်း မဖြေရှင်းနိုင်သည့် ပဟေဠိ တစ်ခုအလား ဖြစ်လာခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ နောက်ဆုံးတိုက်ပွဲ အတွင်းတွင် မဟာလွင်တီးခေါင် ကုန်းမြေ အနေဖြင့် ကြီးမားစွာ ဆုံးရှုံးခဲ့ရသည်။ လူသားတို့ထံမှ ဖိအားများကြောင့် မိစ္ဆာများ အကြားတွင်လည်း အချင်းချင်း တိုက်ခိုက်မှုများ မရှိကြတော့ပေ။

သို့သော်လည်း ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတထံမှ ပျံ့လာသော ဝိညာဉ်ပင်လယ်နှင့်
ဆက်စပ်နေသော ရတနာ၏ သတင်းသည်
အားလုံးတို့၏ အာရုံများကို ဆွဲဆောင်နိုင်ခဲ့သည်။

နောက်ထပ် လှိုင်းလုံး တစ်လုံးက ထကြွ
လှုပ်ရှားလာခဲ့ကာ အင်အားစု များစွာတို့သည်
ထိုရတနာအား စိန်ခေါ်ခဲ့ကြသည်။ သူတို့သည်
လူသားများ၏ ဖိအားများကြောင့် အတတ်နိုင်ဆုံး
ထိန်းသိမ်းခဲ့ကြသော်လည်း ပြိုင်ဆိုင်မှုသည်
အတော်လေး ပြင်းထန်ပေသည်။

ထိုသတင်းကို ရအပြီးတွင် လူသား
အင်အားစုများကလည်း ပါဝင်ခဲ့ကြကာ
အခြေအနေသည် ပို၍ပို၍ ရှုပ်ထွေးလာသည်။

သို့သော်လည်း မူလကောင်းကင် ကမ္ဘာ၏ ယေဘုယျ နိုင်ငံရေး အခြေအနေသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် ပြန်လည်၍ အေးချမ်း တည်ငြိမ်လာသည်။ လူသားနှင့် မိစ္ဆာများ နှစ်ဘက်စလုံးသည် စစ်ပွဲအပြီးတွင် အချိန်ယူ၍ ပြန်လည် ကုစားနေကြကာ ကမ္ဘာကြီးသည် မျှခြေအသစ် တစ်ခုအတွင်းသို့ ဝင်ရောက်လာလေသည်။

လင်းဖုန်းသည် လျှို့ကြီးအား သူ၏ လက်ရင်းတပည့် အနေဖြင့် လက်ခံလိုက်သော သတင်းသည် ဤမျှခြေကို မဖျက်ဆီးနိုင်ခဲ့ပဲ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ ထုတ်လွှင့်ခဲ့သော

ဝိညာဥ်ပင်လယ် သတင်းကလည်း ဤမျှခြေကို မချိုးဖျက်နိုင်ခဲ့ပေ။

ဝိညာဥ်ပင်လယ်၏ တည်ရှိနေမှုကပင် အခြေအနေကို ပို၍ တည်ငြိမ်လာစေရခြင်း၏ အကြောင်းရင်း ဖြစ်သည်ဟူ၍ပင် ပြော၍ရသည်။

အားလုံးတို့သည် ဝိညာဥ်ပင်လယ် ပြန်လည် ပွင့်လာမည့် နေ့ကို စောင့်မျှော်နေရင်း ပြင်ဆင်နေကြလေသည်။

ဤကဲ့သို့သော အေးချမ်းတည်ငြိမ်သည့် အချိန်သည် လျင်မြန်စွာနှင့် ကုန်ဆုံးသွားခဲ့ပြီး မဟာကမ္ဘာ

အတွင်းတွင် ဆယ်နှစ်ကျော် ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။

နတ်ဘုရား နယ်မြေ အတွင်းမှ အခြေနေသည့် ယခင်ကနှင့် များစွာ မကွဲပြားခဲ့ပဲ ခြွင်းချက်မှာ ဂူမင်းဆက်သည် နယ်မြေများစွာ ချဲ့ထွင်နိုင်ခဲ့ခြင်း ဖြစ်သည်။

နတ်ဘုရား နယ်မြေ၏ အာရုံအား ပို၍ ဆွဲဆောင်နိုင်သည့် အချက်မှာ တောက်ယုတင်း နောက်ပိုင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် တပည့်များသည် အင်မော်တယ်ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤစွမ်းဆောင်မှုကို တစ်ယောက်မက ရရှိနိုင်ခဲ့ပြီး အားလုံးတို့သည်

အထက်တန်းကျသော စွမ်းအားများကို ပြသနိုင်ခဲ့ကြသည်။

အားလုံးတို့က တွေးတော ပူပန်နေသည့် အရာများသည် ဖြည်းဖြည်းချင်း အမှန်တရား အဖြစ်သို့ ပြောင်းလာခဲ့သည်။

ကမ္ဘာတစ်ခုလုံးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အစွမ်းအထက်ဆုံး ဖြစ်တည်မှု တစ်ခုအဖြစ်သို့ ရောက်ရှိလာပြီး သူတို့၏ စွမ်းအားများကလည်း အထွတ်အထိပ် အခြေအနေသို့ မရောက်သေးပဲ လျင်မြန်စွာနှင့် တိုးတက်နေသည့် အခြေအနေတွင်သာ ရှိနေသေးသည်။

သူတို့၏ အခြေခံများနှင့် အဆင့်အတန်းသည်
ပို၍ပို၍ သိသာလာကာ အချိန် ကြာလာသည်နှင့်
အမျှ ပို၍ အစွမ်းထက်လာခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အတွင်းပိုင်းသည်
ဤအကြောင်းကို များစွာ မတွေးနေပဲ
လူငယ်မျိုးဆက်များ အားလုံးတို့ကလည်း
ကြိုးကြိုးစားစား ကျင့်ကြံနေကြလေသည်။

တစ်နေ့တွင် ကောင်းကင်ဘုံကျောင်း၏ သခင်ဖြစ်သူ
ဇူရီသည် သူ၏ ဗိမာန်သို့ ပြန်ရောက်လာသည်။
သူ၏ အင်္ကျီလက်စကို ဝှေ့ယမ်းလိုက်ရာ
ဆံပင်ဖြူများဖြင့် ပြည့်နေသော အဘိုးအို
တစ်ယောက်သည် သူ့အရှေ့တွင် ပေါ်လာခဲ့သည်။

ထိုအဘိုးအိုသည် မဟာခန်းမ အတွင်းမှ ပရိဘောဂနှင့် အရာများကို အကဲခတ်လိုက်ပြီး သူ၏ မျက်လုံးများ အတွင်းတွင် ခန့်မှန်းရခက်၍ ရှုပ်ထွေးသော အကြည့်တစ်ခု ပေါ်လာခဲ့သည်။ သို့သော်လည်း သူ၏ ခံစားချက်များကို လျင်မြန်စွာဖြင့် ရုပ်သိမ်းလိုက်ကာ ဇူရီ၏ အရှေ့တွင် ရှိသေစွာနှင့် ဒူးထောက်လိုက်သည်။

## စာစဥ် ၇၀ : အပိုင်း ၁၀

## အပိုင်း ၁၃၆၀ : နှစ်ပေါင်းတစ်ရာ အပြီးတွင် ပြန်လာခြင်း

ထိုအဘိုးအိုသည် အလွန်အမင်း အားနည်းသည့်ပုံ ပေါက်နေသည်။ သူ၏ အသားအရေသည် ပြင်းထန်စွာ နေလောင်ထား၍ သူ၏ အရေပြားသည် ကြမ်းတမ်းနေကာ သူ၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံသည် တောင့်တင်းသည်။ သူသည် အလုပ်ကြမ်းကို အမြဲတမ်း လုပ်နေရသော သူတစ်ယောက်နှင့် တူနေသည်။

သူသည် ဇူရီအရှေ့တွင် ဒူးထောက်ချလိုက်၍ ရိုသေစွာဖြင့် ပြောလိုက်သည်။ "ဆရာ"

ဇူရီသည် သူ၏အရှေ့မှ အဘိုးအိုအား ကြည့်၍ ပြောလိုက်သည်။ "နှစ်ပေါင်းတစ်ရာ ပြည့်သွားပြီ… ယွင်စန်း… မင်းအနေနဲ့ ပြန်လာဖို့ အချိန်ကျပြီ"

ထိုအဘိုးအိုသည် မြေကြီးပေါ်သို့ မျက်နှာမှုနေဆဲ ရှိသေးကာ တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"ဟုတ်ကဲ့ပါ... ဆရာ"

ဇူရီသည် လက်ရင်းတပည့်များကို ဆက်၍ မလက်ခံတော့ပဲ ကောင်းကင်ဘုံကျောင်းမှ ဒုတိယမျိုးဆက် တပည့်များသည် ကြီးပြင်း လာခဲ့ကာ အောင်မြင်နေကြပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အရေးပါသောသူများ ဖြစ်နေကြပြီ ဖြစ်သည်။

အကယ်၍ ဤအချိန်တွင် သူတို့ ရှိနေခဲ့ပါက မည်သည့် ကျင့်ကြံမှုမှ ရှိနေသည့်ပုံ မပေါ်သော ဤအဘိုးအိုသည် တစ်ချိန်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် တပည့်များ

အတွင်းတွင် အထူးချွန်ဆုံး တပည့်များ အနက်မှ
တစ်ယောက်ဖြစ်သော ရှုယွင်စန်း
ဖြစ်နေလိမ့်မည်ဟု တစ်ယောက်ကမှ
ယုံကြည်ကြမည် မဟုတ်ချေ။

ခွန်းလွန် စိတ်ဝိညာဥ် အစည်းအဝေး မပြုလုပ်ခဲ့ခင်
တစ်ချိန်တစ်ခါက ရှုယွင်စန်းနှင့်
ယင်းလော်ရှတို့သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် ဆက်ခံသူ
တပည့်များ အတွင်းတွင် ဒဏ္ဍာရီလာ
ပါရမီရှင်များဟူ၍ သတ်မှတ်ခြင်းကို ခံခဲ့ရဖူးသည်။
အခြေအနေ အနည်းငယ် ထူးခြားနေသော
တောက်ယုတင်းမှလွဲ၍ သူတို့သည်
အချင်းချင်းကိုသာ ပြိုင်ဘက်များအဖြစ်
သတ်မှတ်ခဲ့ကြသည်။

ရှုယွင်စန်းသည် သူတို့၏ ပြင်းထန်လှသော ပြိုင်ဆိုင်မှုအတွင်းတွင် အမြဲတမ်း အသာစီးရခဲ့သူ ဖြစ်သည်။

ဤအရာသည် စွမ်းရည်များကိုသာ ပြိုင်ဆိုင်မှုဖြစ်သည်။ လူမှုရေးအရ လွှမ်းမိုးနိုင်မှုတွင် ရှုယွင်စန်းက ယင်းလော်ရှထက် များစွာပို၍ အထက်တန်းကျသည်။ ရှုယွင်စန်းသည် ထိုစဉ်က လူငယ်မျိုးဆက် တပည့်များ အတွင်းတွင် ခေါင်းဆောင်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရကာ သူ၏အရှေ့တွင် တောက်ပလှသော အနာဂတ်က စောင့်ကြိုနေသည်။

ကောင်းကင်ဘုံကျောင်း အတွင်းမှ
တပည့်တိုင်းသည် သူ့အား စံနမူနာအဖြစ်
သတ်မှတ်၍ အထင်ကြီး လေးစားခဲ့ကြသည်။

သို့သော်လည်း မဟာကမ္ဘာ အတွင်းမှ လက်တလော
နှစ်ဆယ့်ငါးနှစ် အတွင်းတွင် ရှုယွင်စန်းသည်
ရွှေရောင်ဗဟိုချက်ကို အောင်မြင်စွာ
ဖန်ဆင်းခဲ့အပြီးတွင် ဂိုဏ်းအတွင်းမှ ရုတ်တရက်
ပျောက်ကွယ်သွားခဲ့ကာ တစ်ခါမှ သတင်း
မကြားရတော့ပေ။

လင်းဖုန်းနှင့် ဇူရီတို့သည်
သူဘယ်ရောက်နေသည်ကို လျှို့ဝှက်ထားကာ
မည်သူကိုမှ ပြောပြခဲ့ခြင်း မရှိပေ။ သူတို့သည်
ရှုယွင်စန်းက ပြင်ပကမ္ဘာတွင်

သွားရောက်လေ့ကျင့်ကာ အတွေ့အကြုံ ရှာနေသည်
ဟူ၍သာ ပြောထားခဲ့သည်။

သို့သော်လည်း ထိုအချိန်မှစ၍ ရှုယွင်စန်းသည်
ပါးလျသော လေထုအတွင်းသို့
ပျောက်ကွယ်သွားသည့်ပုံ ပေါက်နေကာ သူ၏ညီမ
ရှုမြောင်ရင် အပါအဝင် မည်သူနှင့်မျှ
အဆက်အသွယ် မလုပ်ခဲ့ပေ။

ယခုအချိန်တွင် ဇူရီအရှေ့မှ အဘိုးအိုသည်
လွန်ခဲ့သော နှစ်များက ဒဏ္ဍာရီလာ ပုဂ္ဂိုလ်ဖြစ်သော
ဇူရီ၏ တန်ဖိုးထားရသော တပည့် ရှုယွင်စန်းပင်
ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းမှ အချိန်သည် မဟာကမ္ဘာထက် လေးဆပိုမြန်သည်။ မဟာကမ္ဘာ အတွင်းတွင် နှစ်ဆယ့်ငါးနှစ် ကုန်သွားသောအခါ အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းတွင် နှစ်ပေါင်းတစ်ရာ ပြည့်သွားပြီ ဖြစ်သည်။

ရှုယွင်စန်း၏ ကျင့်ကြံမှုသည် ဤနှစ်ပေါင်းတစ်ရာ အတွင်းတွင် ရပ်တန့်နေ၍ အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းမှ သတ္တုတွင်းများတွင် အလုပ်ကြမ်း လုပ်နေခဲ့ရသည်ကို တစ်ယောက်ကမှ မသိခဲ့ကြပေ။

ပထမ နှစ်ပေါင်းငါးဆယ် အပြီးတွင် သူသည် ဇူရီ၏ စီစဥ်မှုအတိုင်း အသက်ကြီး၍ သေသွားအပြီးတွင် နောက်ထပ် နေရာတစ်ခုသို့ ပြောင်းရွှေ့ခဲ့ကာ

လူငယ်တစ်ယောက် အဖြစ် နောက်ထပ်
နှစ်ပေါင်းငါးဆယ်ကို ဆက်လက် စတင်ခဲ့သည်။

သူသည် သာမန်လူ တစ်ယောက်၏ အားထုတ်မှုနှင့်
ဘဝပုံစံမျိုးကို ဤဘဝ နှစ်မျိုးတွင် တွေ့ကြုံ
ခံစားခဲ့၍ နှစ်ပေါင်းတစ်ရာကို ကျော်ဖြတ်ခဲ့သည်။

ယနေ့သည် နှစ်ပေါင်းတစ်ရာ တရားဝင်
ပြည့်သည့်နေ့ ဖြစ်ကာ တစ်ရက်မှ ပိုမစောသလို
တစ်ရက်မှလည်း နောက်မကျခဲ့ပေ။ ဇူရီသည်
သူ့အား အံ့ဖွယ် ကောင်းကင်ကမ္ဘာထံမှ
ယုကျင်းတောင် အပေါ်သို့ ကိုယ်တိုင်ကိုယ်ကျ
သွားရောက် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

ဇူရီသည် ရှုယွင်စန်းအား ကြည့်နေရင်း သူ၏ ခေါင်းအတွင်းတွင် အတွေးတစ်ခု ပေါ်လာခဲ့ကာ ရှုယွင်စန်းသည် ရုတ်တရက်ပင် ငှက်တောင်တစ်ခုကဲ့သို့ ပေါ့ပါးသွားသည်ဟု ခံစားခဲ့ရ၏။

သူ၏ ချိပ်ပိတ်ခြင်း ခံထားရသော ရွှေရောင်ဗဟိုချက်သည် အသက်စွမ်းအင်များဖြင့် ထပ်ဖန်တစ်ခါ လင်းလက်လာ၍ မှော်စွမ်းအင်နှင့် စိတ်ဝိညာဉ် စွမ်းအင်များသည် သူ၏ အားနည်းနေသော အဘိုးအို ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ရှုယွင်စန်းသည် မြေပေါ်တွင် ဒူးထောက်နေဆဲ ဖြစ်သည်။ သို့သော်လည်း သူ၏

အရေးအကြောင်းများ၊ ကြမ်းတမ်း ခြောက်သွေ့နေသော အရေပြားတို့သည် အနီရောင် သန်းလာ၍ ပြန်လည် ပျော့ပျောင်းလာခဲ့သည်။ သူ၏ ဆံပင်ဖြူများကလည်း ပြန်လည်၍ နက်မှောင် သန်စွမ်းလာခဲ့သည်။

သူ၏ အနည်းငယ် ကုန်းနေသော ခါးသည် ဖြည်းဖြည်းချင်း ပြန်လည် ဖြောင့်မတ်လာ၍ မှေးမှိန်နေသော မျက်လုံးများသည် ပြန်လည်၍ ကြည်လင် စူးရှလာခဲ့သည်။ သူသည် စုတ်ပြဲနေသော အဝတ်များကို ဆက်လက် ဝတ်ဆင်ထားဆဲ ဖြစ်နေသော်လည်း ရှုယွင်စန်း၏ အပြုအမူနှင့် အမူအရာများသည် အတွင်းမှနေ အပြင်အထိ လုံးဝ ပြောင်းလဲသွားခဲ့သည်။

သူသည် လွန်ခဲ့သော နှစ်များက ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အဖြစ်သို့
ပြန်ပြောင်းသွားကာ နှစ်ပေါင်းတစ်ရာသည်
သူ့အပေါ်တွင် မည်သည့် အမှတ်အသားမှ
မချန်ထားခဲ့သကဲ့သို့ ချောမော ခန့်ညားသော
လူငယ်တစ်ယောက် အဖြစ်သို့
ပြန်ပြောင်းသွားခဲ့သည်။

တစ်ခုတည်းသော ကွဲပြားခြားနားသည့် အရာသည်
သူ၏ မျက်လုံးများပင် ဖြစ်သည်။ သူတို့သည်
လွန်စွာ နက်ရှိုင်း တည်ငြိမ်နေ၍ မည်သည့်အရာမှ
သူ့အား လှုပ်ရှားစေရန် မတတ်နိုင်သကဲ့သို့
ဖြစ်နေသည်။

အတိတ်မှ ရှုယွင်စန်းသည် ပြင်ပလူများကို ယဉ်ကျေးစွာ ဆက်ဆံ၍ သူ၏ မိတ်ဆွေများကို ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ သို့သော်လည်း သူ၏ တည်ငြိမ် အေးဆေးသော အမူအရာများ အောက်တွင် နက်ရှိုင်းစွာ ရှိနေသော မောက်မာမှုနှင့် ကိုယ့်ကိုယ်ကိုယ် အထင်သေးမှုများ ရှိနေသည်။

သူသည် တောင်ပံကျိုးနေသော လင်းယုန် တစ်ကောင်ကဲ့သို့ အမြင့်ပျံနိုင်ရန် ခေါင်းမာစွာဖြင့် အတတ်နိုင်ဆုံး ကြိုးစားနေခဲ့သော်လည်း အချိန်မရွေး ပြုတ်ကျသွားနိုင်သည်ကို အမြဲတမ်း စိုးရိမ်နေခဲ့ရသည်။

ထိုအရာသည် ယင်းလော်ရှ၏ မဖုံးကွယ်ထားသော အလျှော့မပေးမှုနှင့် မောက်မာမှုတို့နှင့် မတူချေ။

ရှုယွင်စန်းသည် အပြင်ပန်း၌ နှိမ့်ချနေသကဲ့သို့ ထင်နေရသော်လည်း အမှန်တွင်မူ တူညီစွာနှင့် မောက်မာ၍ မာနကြီးသူ ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူ၏ မျက်လုံးများသည် ရေကဲ့သို့ တည်ငြိမ်နေ၍ သူ၏ မာနသည် ဖြည်းဖြည်းချင်း ထူးမခြားနားမှု ပုံစံသို့ ပြောင်းသွားခဲ့ကာ ကိုယ့်ကိုယ်ကိုယ် သနားမှုနှင့် အထင်သေးမှုတို့ကလည်း လုံးဝ ပျောက်ကွယ်သွားခဲ့သည်။

ရှုယွင်စန်းက ဇူရီထံသို့ ဦးညွတ်၍ ပြောလိုက်သည်။
"ကျွန်တော် ပြန်လာပါပြီ… ဆရာ"

ဤဘဝသည် လွန်ခဲ့သော နှစ်များအတွင်းတွင် သူတောင့်တနေခဲ့သော ဘဝဖြစ်ကာ သူနေနေကျ ဖြစ်ခဲ့သော တောက်ပ ဆန်းကြယ်သည့် ကမ္ဘာဖြစ်သည်။ သူသည် နောက်ဆုံးတွင် အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းရှိ မှောင်မိုက်သော သတ္တုတွင်းများ ထံမှ ထွက်လာနိုင်ခဲ့ကာ ပြန်လာနိုင်ခဲ့ပြီ ဖြစ်သည်။

သူ့အား လွှမ်းမိုး ထိန်းချုပ်နေသော မဟာကျိုး အင်ပါယာကလည်း မရှိတော့ပဲ သူသည် အခြားသူများက သူမည်သူဆိုသည်ကို သိသွားမည်ကို ကြောက်ရွံ့နေစရာလည်း မလိုတော့ပေ။ သူသည် သူ့ဂိုဏ်းအား သစ္စာဖောက်၍ မကောင်းသော အရာများကို

ပြုလုပ်ရမည်ဟူသည့် အတွေးများ၏
နှိပ်စက်မှုကိုလည်း မခံရတော့ပေ။

သူနေထိုင်နေသည့် တောက်ပသည့် ကမ္ဘာနှင့်
သူခံစားနေရသည့် လှပသော ဘဝသည်
တစ်နေ့တွင် ဆုံးရှုံးသွားနိုင်သည်ဟူ၍လည်း စိုးရိမ်
ပူပန်နေစရာ မလိုတော့ပေ။

ယခုအချိန်မှ စ၍ သူသည် နေရောင်အောက်တွင်
ရပ်နေလျှင် သူ့အနောက်တွင် သူ၏အရိပ်သာ
ရှိတော့မည် ဖြစ်၍ နတ်ဆိုးဝိညာဥ်များ ရှိတော့မည်
မဟုတ်ချေ။

သူသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းတွင် နှစ်ပေါင်းတစ်ရာကျော် အလုပ်ကြမ်း လုပ်ခဲ့ရကာ သာမန် သေမျိုးတစ်ယောက် အနေနှင့် နှစ်ဘဝကို ဖြတ်သန်းခဲ့ရသော်လည်း သူသည် လုံးဝ တွေဝေခြင်း မရှိပဲ အပြစ်ကို ကျေနပ်စွာ ခံယူခဲ့သည်။

ဇူရီသည် သူ့အရှေ့မှ ရှုယွင်စန်းကို ကြည့်၍ ပြောလိုက်သည်။ "မင်းက ဂိုဏ်းအတွင်းကို ပြန်ရောက်ခဲ့ပြီ… ယွင်စန်း… အရာအားလုံးဟာ မင်းအတွက် အသစ်ကနေ ပြန်စသလို ဖြစ်သွားပြီ… မင်းက အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းမှာ ကုန်ဆုံးခဲ့ရတဲ့ နှစ်ပေါင်းတစ်ရာက အလကား မဟုတ်ဘူးဆိုတာကို သိလာလိမ့်မယ်… ဒါပေမဲ့

မင်းက ကျန်တဲ့သူတွေ အားလုံးထက်
နှစ်ပေါင်းတစ်ရာ နောက်ကျသွားပြီ"

"အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းက
နှစ်ပေါင်းတစ်ရာဟာ မဟာကမ္ဘာ အတွင်းမှာ
နှစ်ဆယ့်ငါးနှစ်နဲ့ ညီမျှတယ်... အရာများစွာတို့က
ပြောင်းလဲသွားပြီ ဖြစ်ပြီး အရာအားလုံးဟာ
မင်းအရင်က မှတ်မိနေတာနဲ့ တူတော့မှာ
မဟုတ်ဘူး"

ရှုယွင်စန်းက ဖွဖွလေးပြုံး၍ ပြောလိုက်သည်။
"ကျွန်တော် နားလည်ပါတယ်... ဆရာ...
ကျွန်တော်က အဆင်သင့် ဖြစ်နေပါပြီ"

ဇူရီသည် ဘာမှ မပြောခဲ့လျှင်ပင် ရှုယွင်စန်း
အနေဖြင့် အရာများစွာတို့ကို စဥ်းစားပြီးသား
ဖြစ်သည်။ သူသည် ဤကိစ္စများကို အံ့ဖွယ်
ကောင်းကင်ကမ္ဘာအတွင်းသို့ မဝင်ခင်ကတည်း
စဥ်းစားခဲ့ခြင်းပင် ဖြစ်သည်။

မဟာကမ္ဘာ အတွင်းမှ နှစ်ဆယ့်ငါးနှစ်သည် လူသား
ကျင့်ကြံမှု ကမ္ဘာအတွင်းတွင် ကြာသည်ဟု မထင်ရပဲ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာနှင့်
တပည့်ခန်းမဆောင်မှ အချိန်ပိုမြန်စေသော
ဗိမာန်များကို ထည့်စဥ်းစားလျှင်ပင်
အချို့လူများသည် တံခါးပိတ် ကျင့်ကြံရာတွင်
ဤအချိန်ထက် ပိုကြာနိုင်သည်။

သို့သော်လည်း ဤအချိန်သည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ အတွက် အချိန် လုံလောက်နေပေသည်။

ရှုယွင်စန်း ကိုယ်တိုင်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တစ်ယောက်ဖြစ်၍ သူ၏ စီနီယာများနှင့် သူ့နောက်မှ လူငယ်မျိုးဆက် တပည့်များ၏ တိုးတက်မှုနှုန်းကို အဘယ်မှာ မသိပဲ ရှိပါအံ့နည်း။

သူသည် လက်ရှိအချိန်တွင် ရွှေရောင်ဇဟိုချက် စဦးပိုင်း အဆင့်တွင်သာ ရှိနေသေးပြီး ထိုအချိန်က ဒုတိယ မျိုးဆက် တပည့်များသည် ယခုအချိန်တွင် သူ့ထက်များစွာ ပို၍ သာလွန်နေကြပြီ ဖြစ်သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီး ဆယ်နှစ်အကြာတွင် ဒုတိယမျိုးဆက် တပည့်များ အတွင်းတွင် အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများစွာ ပေါ်ထွက်လာခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ အခြေတည် ဝိညာဉ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် ရေပင် မရေတွက်နိုင်တော့ပဲ သူတို့၏ အရေအတွက်သည် ကမ္ဘာတစ်ခုလုံးကို အံ့သြ တုန်လှုပ်စေခဲ့သည်။

တတိယ မျိုးဆက်မှ ဆက်ခံသူတပည့် အချို့သည်ပင် အခြေတည် ဝိညာဉ် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ရှုယွင်စန်းနှင့် မျိုးဆက်တူသော တပည့်များသာမက သူ၏ ဂျူနီယာများကပင် သူ့အား လိုက်မီလာကာ ဖုန်မှုန့်များ အတွင်းတွင် ချန်ထားရစ်ခဲ့ပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် စတုတ္ထမျိုးဆက် တပည့်များကို အတော်လေး နောက်ကျမှ လက်ခံခဲ့ခြင်း ဖြစ်သည်။ မဟုတ်ပါက ရှုယွင်စန်းသည် သူ၏ မြေးတပည့် အဆင့်မှ ဂျူနီယာများက သူ့ထက် သန်မာနေသည့် ကသိကအောက် ဖြစ်ဖွယ်ရာ အခြေအနေနှင့် ကြုံတွေ့နေရမည် ဖြစ်သည်။

သို့သော်လည်း အမှန်တွင် ထိုကဲ့သို့သော အခြေအနေသည် နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်သော ဂိုဏ်းများအတွင်းတွင် မရှားချေ။

လက်ရှိအဆင့်တွင် အချိန်ကြာမြင့်စွာ
တုံ့ဆိုင်းနေသော စီနီယာများသည်
နောက်မျိုးဆက်မှ လူငယ်များ၏ လိုက်မီလာ၍
ကျော်တက်ခြင်းကို ခံရလေ့ရှိသည်။

ဤအရာသည် ထိုကဲ့သို့သော အခြေအနေနှင့်
ဆုံတွေ့ရသော အခါ သူ၏ စိတ်ခံတော်ကြံ့ခိုင်မှုနှင့်
ပြတ်သားမှုတို့ကို စမ်းသပ်သည့် အစစ်အမှန်
စစ်ဆေးမှုပင် ဖြစ်သည်။

ဘာပဲပြောပြော သူသည် လွန်ခဲ့သော နှစ်များက
သာမန် ဒုတိယမျိုးဆက်
တစ်ယောက်သက်သက်သာ မဟုတ်ခဲ့ချေ။ သူသည်
သူ့အချိန်က အထူးချွန်ဆုံး တပည့်များအနက်
တစ်ယောက် အပါအဝင် ဖြစ်ပြီး အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ တန်ကျွင်း၊ ကျိုးယွင်ချုံး၊ ဟန်ရန် အစရှိသော ပါရမီရှင်များ အကြား၌ပင် ထိပ်ဆုံးဆယ်ယောက် အတွင်းတွင်ပင် ရှိနေပေသည်။

သူသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းတွင် အချိန်သက်သက် ဖြုန်းနေလိုခြင်း မဟုတ်သလို သူသည် သူ၏ ဘဝကို ကျေနပ်နေ၍ မကြိုးစားနေလိုခြင်းကြောင့်လည်း မဟုတ်ပေ။ သူ၏စိတ်သည် ဗလာဖြစ်နေ၍ ကြိုးစားလိုနေလျှင်ပင် နည်းလမ်းမရှိခြင်းကြောင့် ဖြစ်သည်။

ရှုယွင်စန်း၏ အမူအရာသည် တည်ငြိမ် ချောမွေ့နေသေး၍ ပြောလိုက်သည်။

"ရွှေရောင်ဗုဟိုချက် အဆင့်က ကျင့်ကြံသူတွေက
နှစ်ပေါင်းတစ်ထောင်ကြာအောင် နေနိုင်တယ်...
ကျွန်တော့်ရဲ့စိတ်ဟာ နှစ်ပေါင်းတစ်ထောင်လောက်
ဗလာဖြစ်နေခဲ့ရင်တောင် အခုအချိန်မှာ
ကြိုးစားခဲ့ရင် နောက်ကျသေးမှာ မဟုတ်ဘူး"

"အားလုံးတို့ရဲ့ ဘဝတွေဟာ အင်မော်တယ်ဝိညာဉ်
အဆင့်ကို ရောက်သွားပြီးရင် အမြဲမပြတ်
ဆက်လက်နေမှာ ဖြစ်တယ်... သူတို့က
အဲ့ဒီအဆင့်ကို ရောက်သွားပြီးရင်
နောက်ထပ်တိုးတက်ဖို့ အချိန်များစွာ လိုအပ်မှာ
ဖြစ်တယ်... ကျွန်တော်က ဆက်လက်
ကြိုးစားနေရင် ကျွန်တော့်ရဲ့ စီနီယာနဲ့
ဂျူနီယာတွေကို အမီလိုက်နိုင်ဖို့ ဖြစ်နိုင်သေးတယ်"

သူ၏လေသံသည် သာမန်အတိုင်းသာ ဖြစ်၍ တည်ငြိမ်နေသည်။ သူသည် မောက်မာနေသကဲ့သို့ မဖြစ်နေသလို စိတ်လှုပ်ရှားနေခြင်းလည်း မရှိနေပဲ ယုံကြည်ချက်များဖြင့် ပြည့်ဝနေသည်။

အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းမှ နှစ်ပေါင်းတစ်ရာသည် အမှန်ပင် လုံးဝ အလဟဿ ဖြစ်သွားခဲ့ခြင်း မရှိပေ။ အကယ်၍ သူ၏ စိတ်အခြေအနေသည် လွန်ခဲ့သော နှစ်များကအတိုင်းသာ ရှိနေသေးပါက ဤကဲ့သို့သော အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရလျှင် စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာပေမည်။ သို့ရာတွင် သူ၏ စိတ်အခြေအနေသည် ယခုအချိန်တွင် တည်ငြိမ်နေသေး၍ လှုပ်ရှားယိမ်းယိုင်ခြင်း မရှိခဲ့ပေ။

ဤနှစ်များအတွင်းတွင် သူ၏ စိတ်အခြေအနေနှင့် စိတ်စွမ်းအားများကို ကောင်းစွာ သွေးနိုင်ခဲ့ပြီ ဖြစ်ကာ ဘ၀တစ်ခုလုံး ဆက်လက် ရှင်သန်သွားရန် လုံလောက်နေပြီ ဖြစ်သည်။ သူ့ကိုယ်သူသာ နှိုင်းယှဥ်မည်ဖြစ်၍ အခြားသူများနှင့် နှိုင်းယှဥ်တော့မည် မဟုတ်ပေ။ အနာဂတ်မှ သူ၏ ကျင့်ကြံမှု လမ်းကြောင်းသည် ယခင်ကထက် များစွာပို၍ လွယ်ကူချောမွေ့သွားတော့မည် ဖြစ်သည်။

တစ်ခုတည်းသော အရာမှာ သူဆက်လက် တိုးတက်နေသည့် အချိန်တွင် ကျန်သောသူများကလည်း ရပ်တန့်နေကြမည် မဟုတ်ချေ။ သူသည် အခြားသူများနှင့် စာလျှင်

နှစ်ပေါင်းတစ်ရာ နောက်ကျခဲ့သည့် အချက်မှာ ငြင်း၍မရချေ။

ရှုယွင်စန်းသည် မဟာကမ္ဘာ အတွင်းသို့ ခမ်းနားထည်ဝါစွာ ပြန်လည်ဝင်လာရန် တစ်ခါမှ မစဉ်းစားခဲ့ဖူးပဲ ညတွင်းချင်းပင် အလွန်အမင်း အစွမ်းထက်လာလိမ့်မည်ဟု မျှော်လင့်နေခြင်းလည်း မရှိပေ။ သူသည် မျက်စိတစ်မှိတ် အတွင်းတွင် အခြေတည် ဝိညာဉ်ကို ဖန်ဆင်းနိုင်၍ နောက်တစ်ရက်တွင် အင်မော်တယ်ဝိညာဉ် အဆင့်သို့ ရောက်သွားလိမ့်မည်ဟု စိတ်ကူးယဉ်နေခြင်းလည်း မရှိပေ။

အကယ်၍ ကျင့်ကြံမှုသည် ဤမျှအထိ လွယ်ကူနေပါက ကမ္ဘာအတွင်းမှ ရွှေရောင်ဗဟိုချက်

အဆင့် ကျင့်ကြံသူများသည် သူတို့၏ ကိုယ်ပိုင် ကျင့်ကြံမှုများကို ချိပ်ပိတ်၍ နှစ်ပေါင်းတစ်ရာ အလုပ်ကြမ်း သွားလုပ်နေပြီး နောက်ပိုင်းတွင် ကမ္ဘာတစ်ဝှမ်းလုံးတွင် အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများစွာ ပေါ်ထွက်လာမည် ဖြစ်သည်။

သူရရှိခဲ့သော အကျိုးအမြတ်များသည် အစစ်အမှန် ဖြစ်သော်လည်း သူပေးဆပ်ခဲ့ရသော တန်ဖိုးကလည်း ကြီးမားသည်။ သူယခုလုပ်ရမည့် အချက်မှာ ကျင့်ကြံမှုအား အာရုံစိုက်၍ သူပေးဆပ်ခဲ့ရသော အရာများကို သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုတွင် အသုံးချရန် ဖြစ်သည်။ သူသည် ကုန်ဆုံးသွားသော အချိန်များကို ပြန်လည်ကာမိရန် အစွမ်းကုန် ကြိုးစားရမည် ဖြစ်သည်။

သူသည် သူ၏ ယခင်က မိတ်ဆွေဟောင်းများကို ပြန်လည် တွေ့ဆုံရမည် ဖြစ်၍ သူတစ်ခါမှ မတွေ့ဖူးသော လူငယ်မျိုးဆက် တပည့်များကိုလည်း တွေ့ရမည် ဖြစ်ပြီး အခြေအနေများသည် အနည်းငယ် ကသိကအောက် ဖြစ်စဖွယ် ဖြစ်လာနိုင်ပေသည်။

သူ၏ကိုယ်ပိုင်ဂိုဏ်းနှင့် ယှဉ်လျှင် သူသည် ဂိုဏ်းပြင်ပသို့ ထွက်၍ ကျင်လည် ကျက်စားခဲ့လျှင် ပြင်ပကမ္ဘာမှ လက်ညှိုးထိုး၍ ကဲ့ရဲ့မှုများကို ပိုမို ရင်ဆိုင်ရမည် ဖြစ်သည်။ ပြင်ပလူများသည် သူ့အား ပြစ်တင် လှောင်ပြောင်ကြမည့် အပြင် အချို့သည် သူ့ကို အသုံးပြုကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို သရော်ကြနိုင်သေးသည်။

ရှူယွင်စန်းသည် အရာအားလုံးကို အံ့ဖွယ်ကောင်းကင်ကမ္ဘာအတွင်းသို့ မဝင်ရသေးခင်ကပင် ထည့်တွက်ထားခဲ့ပြီးသား ဖြစ်ကာ စိတ်ထဲမှနေ၍ ကြိုတင် ပြင်ဆင်ထားခဲ့သည်။ ဤအချိန်တွင် သူ၏ စိတ်အခြေအနေကို မည်သည့်အရာကမှ လှုပ်ရှားနိုင်စွမ်း ရှိနိုင်တော့မည် မဟုတ်ချေ။

သူသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းတွင် မည်သူနှင့်မျှ ဆက်သွယ်ခဲ့ခြင်း မရှိခဲ့သော်လည်း ဇူရီသည် သူ့အား လုံးဝ အဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်း မရှိပေ။

သူစိတ်ပူပန်ခြင်း မရှိစေရန် သူ၏ ညီမဖြစ်သူ ရှူမြောင်ရင်၏ သတင်းကို ပြောပြခဲ့သဖြင့်

သူ့ညီမသည် ယခုအချိန်တွင် ယန်တီ၏
လက်အောက်တွင် ရောက်နေကြောင်းကို သိနေပြီး
ယခုအချိန်တွင် ယွမ်လင်မာစတာဟု အမည်ရသော
အခြေတည် ဝိညာဥ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် ဖြစ်နေပြီကို သိနေခဲ့သည်။

သို့သော်လည်း ရှုယွင်စန်း အနေဖြင့် သတင်းလုံးဝ
မကြားခဲ့သော တစ်စုံတစ်ယောက်ကလည်း
ရှိနေသေးသည်။ သူသည် ထိုအရာကို မေ့ပစ်ရန်
သူ့ကိုယ်သူ အဆက်မပြတ်
သတိပေးနေခဲ့သော်လည်း ဤအတွေးသည် သူ၏
ရင်အတွင်းတွင် အမြဲတစေ လှုပ်ရှားနေခဲ့သည်။

စာစဥ် ၇၀ : အပိုင်း ၁၁

# အပိုင်း ၁၃၆၁ : ချစ်ခြင်းက အမြဲတမ်း ရှိနေမှာပါ

ကောင်းကင်ဘုံကျောင်း၏ ခန်းမတစ်ခု အတွင်းတွင် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီး ကျင့်ကြံသူ တစ်ယောက် ရှိနေသည်။ သူမ၏ အရှေ့တွင် အလင်းတန်း ပုံရိပ်များ လင်းလက်လျက် ရှိနေပြီး ဘဝ၏ သိမ်မွေ့ နက်နဲမှုများကို ဖော်ပြနေခဲ့သည်။

သူမ၏ အောက်တွင် လူငယ် တပည့်များစွာ ညီညာစွာ ထိုင်နေကြပြီး အားလုံးတို့သည် သူမ ပြောနေသည်ကို စူးစိုက်စွာ နားထောင်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် ဆက်ခံသူ တပည့်တစ်ယောက် ဖြစ်လာပါက သူတို့၏ ကိုယ်ပိုင်ဆရာ တစ်ယောက်ကို ရရှိမည် ဖြစ်သည်။ ထိုအချိန်တွင် သူတို့၏ ဆရာနောက်သို့ လိုက်ကာ သင်ယူ ကျင့်ကြံရမည် ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် သူတို့ အခြေခံတပည့်များ ဖြစ်ခဲ့စဉ်က ယွင်တောင်ထိပ်၏ မဟာခန်းမဆောင်တွင် သင်ယူခဲ့ရသကဲ့သို့ စုဝေး၍ သင်ခန်းစာ

များကို နားထောင်ရသည့် အချိန်လည်း ရှိနေသေးသည်။

အဘယ်ကြောင့်ဆိုသော် သူတို့၏ စီနီယာများတွင် ကိုယ်ပိုင် စွမ်းအားများ ရှိနေပြီး လူငယ်တပည့်များ

အားလုံး လေ့လာရမည့် သဘောတရားများ ရှိနေသောကြောင့် ဖြစ်သည်။

သူတို့သည် ထိုအရာများကို အပြည့်အဝ တတ်မြောက်ရန် လိုအပ်မည် မဟုတ်သော်လည်း အနည်းဆုံးတော့ ကြားဖူးနားဝ ရှိရပေမည်။ တိကျသော အချိန်ဇယားများ မရှိသော်လည်း စီနီယာ ကျင့်ကြံသူများသည် သူတို့၏ သင်ခန်းစာများကို အချိန်အားလျော်စွာ ပို့ချလေ့ ရှိကြသည်။

ထိုအချိန်တွင် တံခါးပိတ်၍ ကျင့်ကြံနေသော သို့မဟုတ် ပြင်ပကမ္ဘာသို့ သွားရောက်လေ့ကျင့်နေကြသော တပည့်များမှ လွဲ၍ ကျန်တပည့်များသည် လာရောက်

နားထောင်ရပြီး နောက်ပိုင်းတွင် သင်ပြပေးခဲ့သော စီနီယာများက ပြန်လည် ဆန်းစစ်ကြမည် ဖြစ်သည်။

"ဒီကနေ့တော့ ဒီလောက်ပဲ... မင်းတို့ ပြန်သွားတဲ့ အချိန်မှာ ပြန်လည်ပြီးမှ စဥ်းစားကြပါ... ငါသင်ခန်းစာ နောက်တစ်ခေါက် ပို့ချတဲ့ အချိန်ကျရင် မင်းတို့အားလုံးကို မေးခွန်းတွေ ပြန်မေးမယ်... ဒါက သိပ်ခက်ခဲမှာ မဟုတ်ပေမဲ့ လေးလေးနက်နက် သဘောထားဖို့ လိုအပ်တယ်" ထိုအမျိုးသမီး ကျင့်ကြံသူသည် ယနေ့သင်ခန်းစာကို အဆုံးသတ်၍ နူးညံ့သော အသံဖြင့် ပြောလိုက်သည်။

လူငယ်တပည့်များ အားလုံးတို့က မတ်တတ်ရပ်လိုက်ကြကာ ရိုသေစွာဖြင့်

ဦးညွှတ်လိုက်ကြသည်။ "ကျွန်တော်တို့ မှတ်ထားပါမယ်"

အားလုံးတို့က ထွက်သွားကြပြီးသော အခါ ထိုအမျိုးသမီး ကျင့်ကြံသူသည် မျက်နှာကြက် အပေါ်သို့ ငေးကြည့်နေကာ သူ၏ မျက်လုံးများအတွင်းတွင် စိုးရိမ်ပူပန်နေသော အရိပ်အယောင် အချို့ကို တွေ့နိုင်ခဲ့သည်။ သူက လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။ "ငါက ဘာဖြစ်လို့ မတည်မငြိမ် ခံစားနေရတာလည်း… ဘာတွေများ…"

သူမ၏ ရင်ခုန်သံသည် တစ်ချက်မှားသွားကာ ခန်းမ ဝင်ပေါက်ဘက်သို့ လှည့်ကြည့်လိုက်ရာ တံခါးဝတွင် လူငယ်တစ်ယောက်အား တွေ့လိုက်ရသည်။

သူတို့နှစ်ယောက်သား အချင်းချင်း စိုက်ကြည့်နေရင်း ထိုလူငယ်က နွေးထွေးသော အပြုံးတစ်ခုကို ပြုံးပြလိုက်သည်။ "ညီမလေး... ငါပြန်လာပြီ"

ရှုမြောင်ရင်သည် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်နေ၍ စတုတ္ထမျိုးဆက်မှ တပည့်များကို သင်ကြားပေးနေခဲ့ခြင်း ဖြစ်သည်။ သူမသည် ဤအချိန်တွင် မလှုပ်မယှက် ရပ်နေခဲ့ကာ သူမ၏ ခံစားချက်များ ပေါက်ကွဲလာမှုကို မထိန်းချုပ်နိုင်ခဲ့ပေ။ "အစ်ကိုကြီး..."

ရှုယွင်စန်းသည် သူ၏ညီမအား ကြည့်နေကာ အတိတ်ကို လွမ်းဆွတ် သတိရသော

ခံစားချက်များကို သူ၏ ရင်အတွင်းမှနေ၍
ခံစားခဲ့ရသည်။

သူတို့သည် အချင်းချင်း မတွေ့သည်မှာ
အချိန်ကြာလှပြီ ဖြစ်သော်လည်း သူတို့ မောင်နှမ၏
ခံစားချက်များသည် ရင်းနှီး၍ နီးစပ်လှသည်။
သူတို့သည် ကလေးဘဝကတည်းက
အသက်ရှင်နိုင်ရန် အချင်းချင်း မှီခိုခဲ့ရ၍ သူတို့၏
ဆက်ဆံရေးသည် အချိန်နှင့်အမျှ ပို၍
နီးကပ်လာခဲ့သည်။

ရှုမြောင်ရင်သည် ဤနှစ်များ အတွင်းတွင်
ရှုယွင်စန်းအား ရှာဖွေနေခဲ့ကာ သူမ၏ အစ်ကိုအား
နေ့နေ့ညည သတိရနေခဲ့သည်။ ရှုယွင်စန်း
အနေဖြင့်လည်း အံ့ဖွယ် ကောင်းကင်ကမ္ဘာ

အတွင်းတွင် ကြာမြင့်စွာ နေခဲ့ရချိန်တွင် သူ၏ တစ်ဦးတည်းသော မိသားစုအား အဘယ်မှာ သတိမရပဲ ရှိပါအံ့နည်း။

ရှုယွင်စန်းသည် ရှုမြောင်ရင် အရှေ့သို့ ရောက်လာ၍ ပြုံးလိုက်သည်။ "နင်က အခြေတည် ဝိညာဉ် အဆင့်ကို ရောက်သွားပြီး အခုအချိန်မှာ နင့်အစ်ကိုထက် ပိုပြီးမှ သန်မာသွားပြီ... အရင်က ငါဟာ နင့်ကို အမြဲတမ်း ကာကွယ်ပေးခဲ့ရပြီး အခုအချိန်မှာ နင်က ငါ့ကို ဂရုစိုက်ရတော့မယ်"

ရှုမြောင်ရင်သည် ရှုယွင်စန်း၏ စနောက်နေသော စကားများကို နားထောင်နေရင်း တစ်ခစ်ခစ်နှင့် ရယ်မောလိုက်သည်။ သူသည် ခြေလှမ်းနှစ်လှမ်း ဆုတ်လိုက်ကာ ရှုယွင်စန်းအား အကြီးအကျယ်

ဦးညွတ်၍ ပြောလိုက်သည်။ "ဂိုဏ်းတူဦးလေး ထျန်းရှုကို နှုတ်ဆက်ပါတယ်"

"ဂိုဏ်းတူအစ်မ မြောင်ရင်… နင်…" ကောင်းကင်ဘုံကျောင်း၏ ဝတ်စုံကို ဝတ်ဆင်ထားသော နောက်ထပ် အမျိုးသမီး ကျင့်ကြံသူ တစ်ယောက်သည် ဤအချိန်တွင် ခန်းမအတွင်းသို့ ဝင်ရောက်လာသည်။ သူမသည် ဘာဖြစ်နေသည်ကို ကြည့်နေရင်း ခေတ္တမျှ မှင်သက်သွားခဲ့သည်။

ရှုမြောင်ရင်သည် နောက်ထပ် အမျိုးသမီး ကျင့်ကြံသူဘက်သို့ လှည့်လိုက်ကာ သူမ၏ မျက်ခုံးများက တွန့်သွားခဲ့၍ ရှုယွင်စန်းဘက်သို့ တစ်ချက် ခိုးကြည့်လိုက်သည်။ သို့သော်လည်း

ရှုယွင်စန်း၏ အမူအရာသည် သူ့အား မိတ်ဆက်ပေးရန် စောင့်နေသည့်အလား ယခင်ကဲ့သို့ တည်ငြိမ်နေခဲ့သည်။

"ဂိုဏ်းတူညီမလေးကျောင်း... ဒါက ငါ့ရဲ့အစ်ကိုကြီး ရှုယွင်စန်း... သူက ကောင်းကင်ဘုံကျောင်းရဲ့ ထျန်းမျိုးဆက် တပည့်ဖြစ်ပြီး ဂိုဏ်းတူဦးလေး ထျန်းပိနဲ့အတူ ငါတို့ ဆရာဘိုးဘိုးရဲ့ အစောဆုံး တပည့်တွေအထဲက တစ်ယောက်ဖြစ်တယ်" ရှုယွင်စန်းက မည်ကဲ့သို့မှ သဘောမထားသည်ကို တွေ့ခဲ့ရသော အခါ ရှုမြောင်ရင်က ဆက်လက်၍ မိတ်ဆက်ပေးလိုက်သည်။

"အစ်ကို... ဒါက ကျွန်မရဲ့ ဂိုဏ်းတူညီမလေး ကျောင်းချင် ဖြစ်ပြီး သူမရဲ့ဘွဲ့က

ယွမ်ပေ့ဟွလို့ခေါ်တယ်… ကျွန်မတို့က ဆရာတစ်ယောက်တည်းပေမဲ့ သူက ဂိုဏ်းကိုဝင်တာ အနည်းငယ် နောက်ကျတဲ့အတွက် အစ်ကိုက သူမကို အရင်က တွေ့ဖူးမှာ မဟုတ်ဘူး"

ယခု ရောက်လာသောသူသည် ယန်တီ၏ ဆက်ခံသူတပည့် ဖြစ်သော ကျောင်းချင်ပင် ဖြစ်သည်။ သူမက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်ရောက်ခဲ့သော အခါ ရှုယွင်စန်းသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းတွင် ရောက်နေခဲ့သည်မှာ အချိန် အတော်ကြာနေခဲ့ပြီ ဖြစ်သည်။

ကျောင်းချင်သည် နောက်ပိုင်းမှသာ ဝင်လာသူ ဖြစ်သော်လည်း သူမ၏ ကျင့်ကြံမှု ပါရမီသည်

အမတန်မှ ထူးချွန်သဖြင့် သူမ၏ ကျင့်ကြံမှုသည် များစွာတိုးတက်လာခဲ့သည်။ သူမသည် ဂိုဏ်းအတွင်းသို့ စဝင်ကတည်းက အထက်တန်းကျသော ပါရမီ စွမ်းရည်များကို ထုတ်ဖော် ပြသခဲ့သူ ဖြစ်သည်။

အချိန်ပိုမြန်သော ဗိမာန်အတွင်းတွင် ကျင့်ကြံခဲ့သော အချိန်များ အပါအဝင် နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့အပြီးတွင် သူမသည် ယခုအချိန်တွင် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်နေခဲ့ပြီ ဖြစ်ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယမျိုးဆက် ဆက်ခံသူ တပည့်များ အနက် အထူးချွန်ဆုံး တပည့်များမှ တစ်ယောက် ဖြစ်သည်။

သူမသည် ရှုယွင်စန်းအား ကြည့်လိုက်အပြီးတွင် ထိုသူက မည်သူဆိုသည်ကို ပြန်လည် စဥ်းစားမိခဲ့ပြီ ဖြစ်ကာ အံ့သြ တုန်လှုပ်သွားခဲ့သည်။

သူတို့သည် ယခင်က တစ်ခါမှ မတွေ့ဖူးခဲ့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ရှုယွင်စန်း၏ ရုပ်ပုံနှင့် အလင်းတန်း ပုံရိပ်များ ရှိနေသေးသည်။ ကျောင်းချင်သည် ဂိုဏ်းအတွင်းသို့ ဝင်အပြီးတွင် သူ့အား အပြင်တွင် မမြင်ဖူးသော်လည်း သူ့အား မြင်လိုက်သည်နှင့် မှတ်မိခဲ့သည်။ ထို့ကြောင့်ပင် သူ့အား မြင်ခဲ့အပြီးတွင် သူမ၏ မျက်လုံးများကို မယုံနိုင် ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

စတုတ္ထမျိုးဆက် တပည့်များသည် ရှုယွင်စန်း
အကြောင်းကို သိပ်မသိကြတော့သော်လည်း
တတိယ မျိုးဆက်တပည့်များသည် ဒဏ္ဍာရီ
ပုံပြင်တစ်ပုဒ်နှင့် တူနေသော သူတို့၏
ဤဂိုဏ်းတူဦးလေး အကြောင်းကို အနည်းနှင့်အများ
ကြားဖူးထားခဲ့ကြသည်။

ကျောင်ချင်သည် ရှုယွင်စန်းက အဘယ်ကြောင့်
ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်တွင်သာ
ရှိနေသေးသည်ကို မသိခဲ့သော်လည်း သူ့အား
ရိုသေစွာဖြင့် ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။
"ဂိုဏ်းတူဦးလေး ထျန်းရှုကို နှုတ်ဆက်ပါတယ်"

ရှုယွင်စန်းက ပြုံး၍ ပြန်ပြောလိုက်သည်။
"သင်ယူမှုမှာ စီနီယာ အဆင့်ဆိုတာ မရှိပါဘူး…

ဟိုနေရာကို အရင်ရောက်တဲ့သူက ခေါင်းဆောင်ပဲ ဖြစ်တယ်... ဂိုဏ်းရဲ့ စည်းမျဉ်းစဉ်းကမ်းနဲ့ ကျင့်ဝတ်တွေကို လျစ်လျူရှုထားလို့ မရပေမဲ့ ပထမတစ်ခေါက်ဆိုရင် လုံလောက်ပြီး နောက်ပိုင်းမှာ ဒီလောက်အထိ အရိုအသေ ပေးစရာ မလိုပါဘူး"

ကျောင်းချင်က ရယ်ရမ်းသွေး၍ ပြောလိုက်သည်။ "ဘာပဲပြောပြော စီနီယာက ကျွန်မရဲ့ ဂိုဏ်းတူဦးလေး ဖြစ်တယ်... ကျွန်မက ဒါကို ဘာမှ မဖြစ်ပေမဲ့ မြောင်ရင်ကတော့ အနည်းငယ် ကသိကအောက် ဖြစ်နေနိုင်တယ်"

သူမတွင် ပြောင်းလဲလွယ်သော ပင်ကိုစရိုက် ရှိသည်။ သူမသည် အလျှော့မပေးပဲ ပြိုင်ဆိုင်လိုစိတ်

ပြင်းထန်သော်လည်း ပွင့်လင်းကာ
သွက်လက်သူလေး ဖြစ်သည်။ သူမသည်
ယခုနှစ်များ အတွင်း ကျင့်ကြံခဲ့ပြီးနောက် များစွာ
အသက်ကြီးလာပြီ ဖြစ်ကာ ယခင်ကထက်စာလျှင်
များစွာပို၍ တည်ငြိမ်လာသည်။ သို့သော်လည်း
ကျားသစ်သည် အစက်အပြောက်များကို
ပြောင်း၍မရချေ။

သူမသည် နောက်ကျမှ ဂိုဏ်းအတွင်းသို့
ဝင်လာခဲ့သော်လည်း ပါရမီနှင့် စွမ်းရည်များအရ
တတိယမျိုးဆက် တပည့်များ အတွင်းတွင်
ပထမတပည့် နေရာကို စိန်ခေါ်နိုင်ရန်
ထိုက်တန်သည့် အရည်အချင်း ရှိသည်။

ယင်းလော်ရှ၏ တပည့်ဖြစ်သော မုန့်ဟုန်လူသည်လည်း ယန်တီ၏ တပည့်ဖြစ်သော ရဲ့ရှင်းဟွေနှင့်အတူ ဤနေရာကို စိန်ခေါ်ရန် ထိုက်တန်ပေသည်။

နောက်ဆုံးတွင် ရဲ့ရှင်းဟွေက အနိုင်ရရှိသွားကာ သူမသည် ကောင်းကင်ဘုံကျောင်း၏ တတိယမျိုးဆက် တပည့်များ အတွင်းတွင် ပထမတပည့် ဖြစ်လာခဲ့သည်။ သို့သော်လည်း မုန့်ဟုန်လူနှင့် ကျောင်းချင်တို့သည် တိုက်ခိုက်မှုစွမ်းအား သက်သက်တွင် သူမထက်ပို၍ သန်မာကြသည်။

သို့သော်လည်း တစ်ယောက်သည် အလွန်အမင်း အေးစက်၍ သီးသန့်နေတတ်ပြီး တစ်ယောက်မှာ

အမတန်မှ တက်ကြွပြီး ထိန်းသိမ်းမှု မရှိပေ။ ထို့ကြောင့် သူတို့ နှစ်ယောက်စလုံးသည် ဆန်ခါတင် စာရင်းမှနေ၍ အပယ်ချ ခံခဲ့ရသည်။

ရှုမြောင်ရင်သည် သူမဘက်သို့ လှည့်၍ ရယ်လိုက်သည်။ "ဘာများ ကသိကအောက် ဖြစ်စရာ ရှိလို့လဲ… သူက ငါ့ရဲ့ အစ်ကိုကြီး ဖြစ်သလို ငါ့ရဲ့ ဂိုဏ်းတူဦးလေးလည်း ဖြစ်တယ်… ငါတို့က ကလေးဘဝ ကတည်းက တစ်ယောက်အပေါ်မှာ တစ်ယောက် မှီခိုခဲ့ရတာ… အစ်ကိုကြီး အဖအရာ ဆိုတဲ့ စကားပုံဟာ ငါ့အတွက် အရမ်းမှန်တယ်"

ကျောင်ချင်သည် ရှုမြောင်ရင်အား ကြည့်၍ သွားများပေါ်အောင် ပြုံးလိုက်သော်လည်း ဘာမှ ဆက်မပြောခဲ့ပေ။ သူမသည် အတိတ်ကို

သတိရသကဲ့သို့ ခံစားခဲ့ရသည်။ ယနေ့ ရှုမြောင်ရင်သည် ယခင်နှင့် များစွာ ကွာခြားနေသည်။

ရှုမြောင်ရင်သည် ယဉ်ကျေးသိမ်မွေ့ကာ အားလုံးအပေါ်၌ ဖော်ရွေသော်လည်း သူမ၏ သွေးအတွင်းမှ ယှဉ်ပြိုင်လိုမှုနှင့် ခေါင်းမာမှုသည် ပြင်း၍မရပဲ ကျောင်ချင်နှင့် ကျန်သောသူများထက်ပင် ပို၍ များနေသေးသည်။

ရှုမြောင်ရင်သည် တစ်ခါမှ မျက်နှာတင်းမာလေ့ မရှိသော်လည်း သူမ၏ စိတ်အတွင်းတွင် တစ်စုံတစ်ခု ရှိနေသကဲ့သို့ ဤနှစ်များ အတွင်းတွင် သူမ၏ မျက်မှောင်များကို အမြဲလိုလို တင်းကျပ်စွာဖြင့် ကြုတ်ထားလေ့ရှိသည်။

ယနေ့တွင် တွေ့နိုင်သော သက်တောင့်သက်သာ ဖြစ်စွာဖြင့် ရှင်လန်းနေမှုကို ယခင်က တစ်ခါမှ တွေ့ရလေ့ မရှိပေ။

သူတို့ သုံးယောက်သားသည် စကားစမြည် ပြောနေရင်း ခန်းမအတွင်းမှ ဟင်းလင်းပြင်တွင် သာမန် တံခါးတစ်ခုကဲ့သို့ အက်ကွဲကြောင်း တစ်ခုပေါ်လာခဲ့သည်။

ခရမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်သည် အတွင်းမှ ဖြည်းဖြည်းချင်း ထွက်လာသည်။ သူ၏ တစ်ကိုယ်လုံးသည် ကောင်းကင်နှင့် မြေကြီးတို့နှင့် တစ်သားတည်း ဖြစ်နေသကဲ့သို့ ထင်နေရ၍ နေရာတိုင်း၌ ရှိနေသလို ထင်နေရသည်။

ရှုမြောင်ရင်နှင့် ကျောင်းချင်တို့သည် ထိုလူငယ်အား တွေ့ခဲ့ရသော အခါ ရိုသေစွာဖြင့် ဦးညွှတ်လိုက်ကြသည်။ "ဆရာ့ကို နှုတ်ဆက်ပါတယ်"

ရောက်လာသောသူသည် ကောင်းကင်ဘုံကျောင်း၏ ဒုတိယမျိုးဆက် ဆက်ခံသူ တပည့်များအနက် ပထမ တပည့်ဖြစ်သူ ယန်တီပင် ဖြစ်သည်။

ယန်တီသည် ဤအချိန်တွင် အင်မော်တယ်ဝိညာဥ် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်ကာ ထျန်းတိုင် သူတော်စင်ဟူသော ဘွဲ့ကို ရရှိခဲ့ပြီ ဖြစ်သည်။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် တပည့်သာ ဖြစ်သော်လည်း နတ်ဘုရား နယ်မြေ တစ်လျှောက်တွင်

ကျင်လည်ကျက်စားခဲ့သော အခါ
များစွာလွှမ်းမိုးနိုင်၍ ရိုသေလေးစားခြင်းကို
ခံခဲ့ရသည်။

ဂိုဏ်းများစွာတို့၏ အကြီးအကဲတို့က သူ့အား
အလေးအနက် သဘောထား၍ ကိုယ်တိုင်ကိုယ်ကျ
ကြိုဆိုနှုတ်ဆက်ကာ လေးစားစွာ
ဆက်ဆံခဲ့ကြသည်။

ယန်တီသည် ရှုယွင်စန်းအား မြင်လိုက်ရသော အခါ
ချက်ချင်း ရိုသေစွာနှင့် ဦးညွှတ်လိုက်သည်။
"ဂိုဏ်းတူ အစ်ကိုကြီး"

ရှုယွင်စန်းကလည်း ပြန်လည် နှုတ်ဆက်လိုက်သည်။ "မတွေ့တာ အတော်ကြာသွားပြီ... ယန်တီ"

ယန်တီ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာ၍ ပြောလိုက်သည်။ "ဂိုဏ်းတူအစ်ကို အဆင်ပြေနေတာ တွေ့ရလို့ ဝမ်းသာပါတယ်"

ဇူရီသည် ကောင်းကင်ဘုံကျောင်း၏ အုပ်ချုပ်မှု ကိစ္စများနှင့် အခြားအရာများကို ကိုင်တွယ်လေ့ သိပ်မရှိတော့ပဲ ဤတာဝန်သည် ယန်တီအပေါ်သို့ ဖြည်းဖြည်းချင်း ကျရောက်လာခဲ့သည်။ ယန်တီ၏ ဂိုဏ်းအတွင်းနှင့် အပြင်မှ ဂုဏ်သိက္ခာသည် အတော်ပင် အထင်ကြီးဖွယ်ရာ ရှိနေသည်။

သို့သော်လည်း သူသည် ရှုယွင်စန်း အရှေ့တွင် ရပ်နေရင်း ဂိုဏ်းအတွင်းသို့ ပထမဆုံး အကြိမ် စဝင်လာခဲ့သည့် အချိန်သို့ ပြန်ရောက်သွားသကဲ့သို့ ခံစားခဲ့ရသည်။ သူသည် ဂိုဏ်းအတွင်းသို့ အနည်းငယ် နောက်ကျပြီးမှ ဝင်လာခဲ့သည့် အတွက် ဇူရီ၏ သင်ခန်းစာများကို နားထောင်ခဲ့သည့် အပြင် နားမလည်သော အရာများ ရှိခဲ့ပါက ရှုယွင်စန်းထံသို့ ချဉ်းကပ်၍ အကြံဉာဏ်များ တောင်းခံခဲ့ရသည်။

ရှုယွင်စန်းကလည်း သူသိသော အရာများ အားလုံးကို ထိမ်ချန်လေ့ မရှိပဲ သူတို့အကြားမှ ရဲဘော်ရဲဘက် စိတ်သည် အတော်လေးကို ခိုင်မာသည်။

ဘဝ၏ အပြောင်းအလဲများသည် ခန့်မှန်းရန် ခက်ခဲပြီး ကမ္ဘာကြီးသည် အဆက်မပြတ် ပြောင်းလဲနေ၏။ သူတို့၏ ကျင့်ကြံမှုသည် ဤအချိန်တွင် အလွန်တရာမှ ကွာခြားနေပြီ ဖြစ်ကာ ယခင်နှင့် နှိုင်းယှဉ်၍ မရတော့ချေ။

သူ့နေရာတွင် အခြားသူ ဖြစ်ခဲ့ပါက မည်ကဲ့သို့ ခံစားနေရမည်ကို ယန်တီအနေဖြင့် မသေချာနေခဲ့သော်လည်း ရှုယွင်စန်းအား ကြည့်နေရင်း သူ့ရင်အတွင်းတွင် ဝမ်းသာမှုနှင့် လေးစားမှုများကိုသာ ခံစားနေခဲ့ရသည်။

ရှုယွင်စန်းကလည်း ယန်တီအား ပြန်ကြည့်လိုက်သည်။ သူ့မျက်လုံးများ အတွင်းတွင် ကိုယ့်ကိုယ်ကိုယ် သံသယ ဖြစ်နေမှုများ၊

ကိုယ့်ကိုယ်ကိုယ် အထင်သေးမှုများ၊ ဟန်ဆောင် စိတ်ကြီးဝင်မှုများ မရှိနေပဲ တည်ငြိမ် ပျော်ရွှင်မှုများသာ ရှိနေသည်။ "ငါက ဂိုဏ်းကို ပြန်လာနိုင်တာကိုပဲ ကျေနပ်နေပါပြီ"

ယန်တီသည် ရှုမြောင်ရင်နှင့် ကျောင်ချင်တို့အား ကြည့်လိုက်သည်။ "မင်းတို့ရဲ့ အဆောင်ကို ပြန်ပြီးမှ ကျင့်ကြံနေပါ... ငါက မင်းတို့ ဂိုဏ်းတူဦးလေးနဲ့ တိုင်ပင်စရာတွေ ရှိတယ်... စိတ်မပူပါနဲ့... မြောင်ရင်... ငါက သူ့ရဲ့အချိန် အနည်းငယ်ကိုသာ ယူမှာပါ"

ကျောင်ချင်သည် သူမ၏ခေါင်းကို ညိတ်လိုက်ပြီး ရှုမြောင်ရင်၏ မျက်နှာပေါ်တွင် အနည်းငယ် စိုးရိမ်နေသော အမူအရာ တစ်ခု ပေါ်လာသည်။

ရှုယွင်စန်းက ထိုအရာကို မြင်သောအခါ ပြုံး၍ ပြောလိုက်သည်။ "စိတ်မပူပါနဲ့… ငါက ဒီတစ်ခေါက်မှာ တောင်ပေါ်ကနေ အလွယ်တကူ ထွက်သွားတော့မှာ မဟုတ်ပါဘူး"

သူသည် ဘာဖြစ်ခဲ့သည်ကို လုံးဝ မပြောခဲ့သဖြင့် ယန်တီနှင့် ရှုမြောင်ရင်တို့ကလည်း မစူးစမ်းခဲ့ကြပေ။ ရှုမြောင်ရင်သည် သူ၏ စကားများကို ကြားခဲ့ရသော အခါ အနည်းငယ် တောင်းပန်သကဲ့သို့ ပြုံးလိုက်ကာ ယန်တီကို အလေးတကြီး ဦးညွှတ်၍ ကျောင်းချင်ကို ဆွဲခေါ်ကာ အဝေးသို့ သွားခဲ့လိုက်သည်။

သူတို့နှစ်ယောက် ထွက်သွားပြီးသော အခါတွင် ယန်တီသည် ရယ်ရမ်းသွေး၍ ပြောလိုက်သည်။

"ကျွန်တော်က မြောင်ရင်ရဲ့ ဆရာဖြစ်ပေမဲ့ သူမရဲ့ ဒီလိုမျိုး ပုံစံကို ပထမဆုံးအကြိမ် တွေ့ခဲ့ရတာပဲ... သူမက ဒီနှစ်တွေ အတွင်းမှာ စီနီယာကို အမြဲတမ်း စိုးရိမ်နေခဲ့တာ"

ရှုယွင်စန်းက ပြုံးလိုက်၍ သက်ပြင်းဖွဖွလေး တစ်ချက်ချလိုက်ကာ ပြန်ပြောလိုက်သည်။
"ငါသိပါတယ်... ငါက နောက်တစ်ခါ ဘယ်တော့မှ ထွက်မသွားတော့ပါဘူး"

ယန်တီက သူ့အား တစ်ချက် ခိုးကြည့်လိုက်သည်။ ရှုယွင်စန်း၏ အာမေဋိတ်သံမှနေ၍ သူ၏ စကားလုံးများ အောက်တွင် ထူးခြားသော ခံစားချက်များ ရှိနေသည်ကို ပြောနိုင်ခဲ့သည်။

သို့သော်လည်း သူက ထိုအကြောင်းကို မမေးမြန်းပဲနှင့် ပြောလိုက်သည်။

"ယင်းလော်ရှက စီနီယာကို ရှာနေတယ်... သူက သူ့တပည့်တွေသာမက သူ့ရဲ့ မြေးတပည့်တွေကိုပါ ပြင်ပကမ္ဘာကို သွားခဲ့ရင် စီနီယာရဲ့ သတင်းတွေကို စုံစမ်းခိုင်းနေတယ်"

"ငါက သူ့ရဲ့ပြိုင်ဘက် မဟုတ်တော့ပဲ သူ့ရဲ့ တပည့်တွေကတောင် ငါ့ထက်အများကြီး ပိုပြီးမှ သန်မာနေလောက်ပြီ" ရှုယွင်စန်းသည် ယန်တီ၏ အရှေ့တွင် သူ့ကိုယ်သူ ရယ်စရာ ဖြစ်နေမည်ကို ဂရုမစိုက်ပဲ ပြုံးလိုက်သည်။

"ဒါ့အပြင် ဒီကနေ့ အခြေအနေက အရင်ကနဲ့
အများကြီး ကွဲပြားတယ်... အခုအချိန်မှာ
ဂိုဏ်းအတွင်းမှာ ဘာဖြစ်နေသလဲ ဆိုတာကို
ငါ့အနေနဲ့ သိပ်မသိနေပေမဲ့ မင်းနဲ့ နိဗ္ဗာန်ကမ္ဘာက
ဂျူနီယာကျိုးတို့ဟာ ယင်းလော်ရှထက် ပိုပြီးမှ
သန်မာနေလိမ့်မယ်လို့ ငါထင်နေတယ်...
ဂျူနီယာလင်း... စီနီယာတောက်...
ဂျူနီယာဟွမ်တို့လည်း ရှိနေတော့ သူက ယှဉ်ပြိုင်ဖို့
ပြိုင်ဘက်တွေ အများကြီး ရှိနေတာပဲ"

"ဒီလိုမျိုး အခြေအနေအောက်မှာ သူကငါ့ကို
ပညာပြဖို့ လိုက်ရှာနေသေးတယ် ဆိုရင်တော့ သူ့ရဲ့
ရည်ရွယ်ချက်တွေက အတော်လေး နိမ့်ကျတယ်လို့
ဆိုရမှာပဲ"

ယန်တီသည် ရှုယွင်စန်းအား စိုက်ကြည့်နေရင်း ပြန်ပြောလိုက်သည်။ "စီနီယာက တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားနေတာမလား... စီနီယာက တစ်ခုခုကို သိနေသေးတယ် မလား"

ရှုယွင်စန်း၏ အမူအရာသည် မပြောင်းလဲခဲ့သော်လည်း သူ၏ ရင်အတွင်းမှနေ၍ ခါးသီးစွာဖြင့် ရယ်လိုက်လေသည်။

သူ၏ ငယ်စဥ်ဘဝက သွန်သင် ဆုံးမလာမှု အရ သူသည် ခံစားလွယ်သူ တစ်ယောက် ဖြစ်ခဲ့ကာ ထိုအချိန်က ကျူးကော်ဝမ်ချိုး၏ ခံစားချက်များကို နားလည်နိုင်ခဲ့သည်။ ယင်းလော်ရှ၏ ကျူးကော်ဝမ်ချိုး အပေါ်မှ ခံစားချက်များကိုလည်း

အနည်းငယ် ရိပ်စားခဲ့မိသော်လည်း သူ့အနေဖြင့် မသေချာနေခဲ့ပေ။

သို့ရာတွင် ယခုအချိန်၌ ယန်တီ၏ စကားများကို နားထောင်လိုက်ရသော အခါ အဘယ်မှာ နားမလည်ပဲ ရှိနိုင်ပါအံ့နည်း။ ယင်းလော်ရှသည် သူ့အား အပင်ပန်းခံ၍ လိုက်ရှာနေရခြင်းမှာ ကျူးကော်ဝမ်ချိုးကြောင့်ပင် ဖြစ်ပေလိမ့်မည်။

သူသည် ယန်တီနှင့် နီးကပ်သော်လည်း ထိုအရာများကို အသေးစိတ် ရှင်းပြ၍ မရချေ။

"နေပါဦး…" ရှုယွင်စန်းသည် သူ၏ ရင်အတွင်းတွင် လေးလံစွာ ခံစားခဲ့ရ၍ သူ၏ မျက်လုံးများမှာ

လေးနက်လာခဲ့သည်။ "ယင်းလော်ရှကា ငါ့ကို ဒီနှစ်တွေအတွင်းမှာ တစ်ချိန်လုံး လိုက်ရှာနေခဲ့တော့ ဂျူနီယာ ကျူးကော်က..."

## စာစဥ် ၇၀ : အပိုင်း ၁၂

## အပိုင်း ၁၃၆၂ : ငါကမင်းကို ရှင်းပြစရာ ရှိတယ်

ရှုယွင်စန်း ပြောခဲ့သကဲ့သို့ ယင်းလော်ရှ အနေဖြင့် ယှဥ်ပြိုင်စရာ လူများစွာ ရှိနေသဖြင့် သူ့အား လိုက်ရှာနေစရာ မလိုချေ။

ယင်းလော်ရှ အနေဖြင့် ရှုယွင်စန်းအား ဤမျှအထိ ဇွဲကောင်းကောင်းဖြင့် လိုက်ရှာနေရခြင်းသည် သူနှင့်

ယှဉ်ပြိုင်တိုက်ခိုက်ရန် မဟုတ်ပဲ
ကျူးကော်ဝမ်ချိုးကြောင့်သာ ဖြစ်သည်။

သို့ရာတွင် ယင်းလေ်ရှုနှင့်
ကျူးကော်ဝမ်ချိုးတို့အနေဖြင့်
လက်မတွဲနိုင်ရခြင်းသည် တစ်စုံတစ်ယောက်က
ဤဇာတ်လမ်းအတွင်းသို့ ထပ်ဝင်လာခြင်းကြောင့်
မဟုတ်ပဲ ရှုယွင်စန်းကြောင့်သာ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းမှ
နှစ်ပေါင်းတစ်ရာသည် မဟာကမ္ဘာ အတွင်း၌
နှစ်ဆယ့်ငါးနှစ်နှင့် ညီမျှသည်။ ကျူးကော်ဝမ်ချိုး
ကိုယ်တိုင်က အချိန်ပိုမြန်သော ဗိမာန်များ အတွင်း၌
ဝင်ရောက်ကျင့်ကြံနေခဲ့သေးသည်။

ဤကဲ့သို့သော ကြာမြင့်သော အချိန်သည် ကျင့်ကြံသူ တစ်ယောက်အတွက် ဘာမှ မပြောပလောက်သော်လည်း ရှုယွင်စန်း အနေဖြင့် ကျုံးကော်ဝမ်ချိုးအား အချိန်ကြာမြင့်စွာ သူ့အား စောင့်ဆိုင်း၍ မခံစားရနေလိုစေပေ။

ရှုယွင်စန်း အနေဖြင့် သူသည် ကျုံးကော်ဝမ်ချိုးနှင့် သူ၏ဂိုဏ်းအား လွန်ခဲ့သော နှစ်ပေါင်းများစွာက အပြစ်လုပ်မိခဲ့သည်ကို ဝန်ခံရပေမည်။ ထို့ကြောင့် သူ၏ မသိစိတ်မှနေ၍ တတ်နိုင်သမျှ အဝေးဆုံးသို့ သွားလိုနေခဲ့သည်။

သို့သော်လည်း ကျုံးကော်ဝမ်ချိုး အနေဖြင့် အမြဲတမ်း နူးညံ့သိမ်မွေ့ကာ သူမအနေဖြင့် မည်သည့် ထင်မြင်ချက်မှ မရှိချေ။ သူမသည် သူမ၏

ခံစားချက်နှင့် ယုံကြည်မှုများ အပေါ်၌ တစ်ချိန်လုံး မယိမ်းယိုင်သော စိတ်ပိုင်းဖြတ်မှုများ ရှိနေသည်။

ဇူရီသည် သူမအား ရှုယွင်စန်းက ဘာဖြစ်ခဲ့သည်နှင့် သူဘယ်ရောက်နေသည်ကို မပြောပြခဲ့သော်လည်း သူ့အနေဖြင့် အသက်ရှင်နေကာ အန္တရာယ် မရှိနေဟူ၍တော့ ပြောခဲ့သည်။ သို့ဖြစ်၍ သူမသည် မည်မျှကြာအောင် စောင့်ရမည်ကို မသိနေသော်လည်း ဆက်လက်၍ စောင့်နေရန် ဆုံးဖြတ်ခဲ့သည်။

ရှုယွင်စန်းသည် ဤအချက်ကို ယန်တီနှင့် စကားပြောနေရင်း သဘောပေါက်လာခဲ့သော်လည်း သူ၏ စိတ်အတွင်းတွင် ပေါ်လာသော ပထမ တုံ့ပြန်မှုမှာ ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်းနှင့်

မာနတို့ မဟုတ်ပဲ ထိုအစား နက်ရှိုင်းသော ဝမ်းနည်းမှုနှင့် အပြစ်ရှိသည်ဟု ခံစားရခြင်း ဖြစ်သည်။

ရှုယွင်စန်း၏ မျက်နှာအပေါ်တွင် နာကျင်သော အမူအရာ တစ်ခု ပေါ်လာ၍ ပြောလိုက်သည်။ "ဘာပဲပြောပြော ငါက သူမကို အပြစ်လုပ်မိခဲ့တယ်"

သူသည် အသက်ပြင်းပြင်း တစ်ချက် ရှူ၍ သူ၏ခေါင်းကို ခါလိုက်သည်။ "မင်းမှာ လုပ်ဆောင်ရမယ့် တာဝန်တွေ အများကြီး ရှိတယ်ဆိုတာ ငါသိတယ်... မင်းကငါ့ကို စိတ်ပူနေစရာ မလိုဘူး... ငါတို့က အချိန်ရှိရန် ပြန်တွေ့လို့ရတယ်... ငါက တခြားလူတွေ အနားကို သွားလည်လိုက်ဦးမယ်"

ယန်တီသည် ရှုယွင်စန်း၏ အမူအရာများကို ကြည့်ခြင်းအားဖြင့် သူ၏စိတ်အတွင်းတွင် တစ်စုံတစ်ခု ရှိနေသည်ကို သိနေခဲ့သဖြင့် နောက်ထပ် မစူးစမ်းတော့ပဲ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "စီနီယာက ကောင်းကောင်းမွန်မွန်နဲ့ အိမ်ပြန်ရောက်လာတာကိုပဲ ကျွန်တော်က ဝမ်းသာနေပါပြီ... အားလုံးတို့က စီနီယာကို သတိရနေတာ"

ရှုယွင်စန်းသည် ယန်တီအား နှုတ်ဆက်ပြီးနောက် ကောင်းကင်ဘုံကျောင်းမှ ထွက်ခွာလာခဲ့ကာ မြေရိုင်းလျှိုမြောင်သို့ သွားလိုက်သည်။ သူသည် လျှိုမြောင်၏ အဝင်ဝသို့ ရောက်လာပြီးနောက်

ရပ်တန့်လိုက်ကာ သူ၏အရှေ့မှ လျှိုမြောင်အား
စိုက်ကြည့်နေ၍ စကားတစ်လုံးမှ မပြောခဲ့ပေ။

ခက်ထန်သော မျက်လုံးများနှင့် ထူထဲသော
မျက်ခုံးများ ရှိနေသော လူငယ်တစ်ယောက်သည်
ရတ်တရက်ပင် ဟင်းလင်းပြင်ကို ဖွင့်လှစ်၍
ရှုယွင်စန်း၏ အရှေ့သို့ ရောက်လာခဲ့သည်။ သူသည်
ရှုယွင်စန်းအား အသေးစိတ် အကဲခတ်လိုက်ကာ
အနည်းငယ် ချီတုံချတုံ ဖြစ်စွာဖြင့် မေးလိုက်သည်။
"ခင်ဗျားက ဂိုဏ်းတူဦးလေး ထျန်းရှုလား"

ဤလူငယ်သည် ယုကျင်းတောင်ပေါ်မှ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း တပည့်များ အားလုံးကို
တွေ့ဖူးခဲ့သော်လည်း ရှုယွင်စန်းအား တစ်ခါမှ
မတွေ့ဖူးခဲ့ပေ။ သို့သော်လည်း သူသည် ယခင်က

ရှုယွင်စန်း၏ ရုပ်ပုံကို တွေ့ဖူးခဲ့သဖြင့် မှတ်မိနေကာ
သေချာစေရန် မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ယုကျင်းတောင်ထိပ်တွင် တစ်ယောက်ကမှ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ တပည့်တစ်ယောက်အဖြစ်
ဟန်ဆောင်နိုင်လိမ့်မည် မဟုတ်ချေ။
လူလိမ်သူခိုးများကလည်း တောင်အပေါ်သို့
ရှာမတွေ့ပဲ ခိုးဝင်လာနိုင်မည် မဟုတ်ချေ။

သို့ရာတွင် ဤလူငယ်၏ ဆရာဘိုးဘိုးနှင့်
ဆရာတို့သည် တိုက်ပွဲစွမ်းရည်ကို အဓိကထားကာ
အမတန်မှ လုပ်တတ်ကိုင်တတ်သည်။ သို့ဖြစ်၍
သူတို့သည် တောင်ပေါ်သို့ လူဆိုးတစ်ယောက်ကို
ဝင်လာစေပြီး လူငယ်တပည့်များ အနေဖြင့် သူတို့၏
ပတ်ဝန်းကျင်ကို မည်ကဲ့သို့ သတိထား

ကိုင်တွယ်သည်ကို လေ့ကျင့်ပေးခြင်းလည်း ဖြစ်နိုင်နေသည်။

ထို့ကြောင့်ပင် ထိုလူငယ်သည် ရှုယွင်စန်းအား တွေ့ခဲ့လိုက်သော အခါ မသေမချာ ဖြစ်နေခြင်း ဖြစ်သည်။

အထူးသဖြင့် လျှို့ဝှက်ဆန်းကြယ်သော ရှုယွင်စန်းသည် ဒုတိယမျိုးဆက် တပည့်များ အနက် အသန်မာဆုံး တပည့်တစ်ယောက် ဖြစ်ကာ ကောင်းကင်ဘုံကျောင်း၏ သခင် ဇူရီ၏ ထိုစဥ်က တန်ဖိုးထားရသော တပည့်တစ်ယောက် ဖြစ်သည်။

ယန်တီ အစွမ်းမထက်လာသေးခင်က သူ့အနေဖြင့်
ကောင်းကင်ဘုံကျောင်း၏ ဒုတိယမျိုးဆက်မှ
ပထမတပည့် ဖြစ်လာနိုင်သည်ဟု
ထင်ကြေးအပေးခံရသူလည်း ဖြစ်သည်။

လူအများစု၏ မျက်လုံးအတွင်းတွင်
ယန်တီအနေဖြင့် လိုက်မီလာနိုင်ကာ
ကောင်းကင်ဘုံကျောင်း၏ ဒုတိယမျိုးဆက်မှ
ပထမတပည့် ဖြစ်လာနိုင်ခြင်းမှာ ရှုယွင်စန်းက
တောင်ပေါ်မှ ရုတ်တရက် ထွက်ခွာသွား၍
ထိုအချိန်မှစ၍ သူ၏သတင်းများကို
မကြားခဲ့ရခြင်းကြောင့် ဖြစ်သည်ဟု
ယူဆထားကြသည်။

ယန်တီသည် ယခုအချိန်တွင် အင်မော်တယ်ဝိညာဉ်
အဆင့်သို့ ရောက်နေခဲ့သော်လည်း ရှုယွင်စန်းသည်
ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်တွင်သာ
ရှိနေသေးသည်။ သူ့အား ယန်တီ၊ ယင်းလော်ရှ
သို့မဟုတ် ဤလူငယ်၏ ဆရာနှင့် နှိုင်းယှဉ်စရာ
မလိုပဲ ဤကျားမျက်လုံးနှင့် လူငယ်ကပင်
ရှုယွင်စန်းထက် ကျင့်ကြံမှုအဆင့် များစွာ
မြင့်မားသည်။

အခြေအနေက လွန်စွာ ထူးခြားနေသဖြင့်
ထိုလူငယ်က အနည်းငယ်
သံသယဝင်နေသည်မှာလည်း သဘာဝ ကျပေသည်။

ရှုယွင်စန်းက ဖွဖွလေးပြုံး၍ ပြောလိုက်သည်။ "ငါက
ရှုယွင်စန်း ဖြစ်ပါတယ်"

သူသည် ထိုလူငယ်က ဘာတွေးနေသည်ကို သိနေခဲ့ပြီး သူ့အား ခက်ခဲအောင် မပြုလုပ်လိုနေပေ။ ရှယွင်စန်းသည် သူ၏ညာလက်ကို မြှောက်လိုက်ရာ သူ၏ လက်အနောက်တွင် အလင်းတန်း ပုံရိပ်တစ်ခု လင်းလက်လာ၍ ယင်နှင့်ယန်တို့ အဆက်မပြတ် ယှက်သွယ်နေသည့် ထိုက်ကျိရုပ်ပုံ အလင်းတန်း ပုံစံ ဖျော့ဖျော့လေး တစ်ခု ပေါ်လာခဲ့သည်။

ထိုလူငယ်၏ မျက်လုံးများ အတွင်းမှ သံသယများသည် လုံးဝ မပျောက်ကွယ်သွားသေးသော်လည်း သူ၏ အမူအရာသည် သိသာစွာဖြင့် ပြေလျော့သွားခဲ့သည်။

ထိုလူငယ်သည် ရှုယွင်စန်းအား ရိုသေစွာဖြင့် ဦးညွှတ်၍ ပြောလိုက်သည်။ "ကျွန်တော့်နာမည်က ရှီယန်ဖြစ်ပြီး ကျွန်တော့်ရဲ့ တာအိုနာမည်က ယွမ်တန်ဖြစ်ပါတယ်... ဂိုဏ်းတူဦးလေး ထျန်းရှုကို နှုတ်ဆက်ပါတယ်"

သူသည် ဟွမ်ကျန်းထင်၏ တပည့်ဖြစ်ကာ မြေရိုင်းလျှိုမြောင်၏ တတိယမျိုးဆက်၏ ပထမတပည့် ဖြစ်သော ရှီယန်ပင် ဖြစ်သည်။ သူသည် ငယ်စဉ်က ပြဿနာရှာတတ်သော ရွှတ်နောက်နောက် ကောင်လေးတစ်ယောက် ဖြစ်ခဲ့သော်လည်း အရွယ်ရောက်လာ၍ ကျင့်ကြံမှုအဆင့် မြင့်မားလာသော အချိန်တွင် များစွာပို၍ တည်ငြိမ်လာကာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်တတ်လာပြီ ဖြစ်သည်။

သူသည် ရှုယွင်စန်း၏ လက်ရှိ ကျင့်ကြံမှု အဆင့်အား အနည်းငယ် စိတ်ရှုပ်ထွေးနေခဲ့သော်လည်း ရှိသေ ယဥ်ကျေးစွာဖြင့် ထုံးတမ်းစဥ်လာအတိုင်း နှုတ်ဆက်လိုက်သည်။

သို့သော်လည်း ရှုယွင်စန်းသည် သူ၏ တာအိုနာမည်ကို အနည်းငယ် အံ့အားသင့်သွားကာ ဘာမှ မတတ်နိုင်ပဲ ပြုံးလိုက်မိသည်။

"ဒီမှာ ဂိုဏ်းတူဦးလေး ရှိနေလား" ရှုယွင်စန်းက ချက်ချင်း မေးလိုက်သည်။ အကယ်၍ ရှီထျန်းဟောင်က မြေရိုင်းလျှိုမြောင် အတွင်းတွင် ရှိနေပါက သူပထမဆုံး လုပ်ရမည့် အရာမှာ

ရှီထျန်းဟောင်အား အရိုအသေ သွားပေးရန် ဖြစ်သည်။

ရှီယန်က ပြန်ဖြေလိုက်သည်။ "ဆရာဘိုးဘိုးက ဒီမှာ မရှိနေဘူး... ဆရာကလည်း မြေရိုင်းအိမ်တော်မှာ ရောက်နေတယ်... ဒါကြောင့်မို့ ဂိုဏ်းတူဒေါ်လေး ထျန်းဟုန်က လောလောဆယ် ဒီဗိမာန်ကို တာဝန်ယူ ကြီးကြပ်နေရတယ်"

သူသည် ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် ဆက်ပြောလိုက်သည်။ "အိုး... ဂိုဏ်းချုပ်က ကိုးယောက်မြောက် ဂိုဏ်းတူဘိုးဘိုး တစ်ယောက်ကို လက်ခံလိုက်ပြီ... ကျွန်တော်က သူ့ကို တစ်ခါမှ မတွေ့ဖူးပေမဲ့ ကျွန်တော့်ရဲ့

ဆရာဘိုးဘိုးဟာ ဂိုဏ်းချုပ်ရဲ့ ယောကျ်ားလေး တပည့်တွေ အထဲမှာ အငယ်ဆုံး မဟုတ်တော့ဘူး"

သူသည် သူ့မျိုးဆက် တပည့်များ အတွင်းတွင် ထူးချွန် ထက်မြက်သူ တစ်ယောက်ဖြစ်၍ မြေရိုင်းလျှိုမြောင်၏ တတိယမျိုးဆက် တပည့်များ အတွင်း၌လည်း ခေါင်းဆောင်ဖြစ်သည်။ သူသည် ဂိုဏ်း၏ ထုံးတမ်းစဉ်လာများကို ကောင်းစွာ ရင်းနှီးနေသော်လည်း ဤစကားသည် လွန်ခဲ့သော နှစ်များက အခြေအနေများသည် မပြောင်းလဲသေးသည်ကို ဆိုလိုနေခြင်း ဖြစ်သည်။

ရှုယွင်စန်းသည် စိတ်အတွင်းတွင် ဘာမှမထားပဲ ရယ်လိုက်သည်။ "ဟုတ်လား... ငါက အပြင်မှာ နှစ်ပေါင်းများစွာ ရောက်နေခဲ့ပြီး အခုမှ

တောင်ပေါ်ကို ပြန်ရောက်လာတဲ့ အတွက် ဒီလိုမျိုး ကိစ္စ ကြီးကြီးမားမား တစ်ခု ဖြစ်သွားတယ်လို့ မသိလိုက်ဘူး... ဒါပေမဲ့ မင်းပြောတဲ့ ဂိုဏ်းတူဒေါ်လေး ထျန်းဟုန်က ဘယ်သူ့ကို ပြောတာလဲ"

ရှီယန်က ပြောလိုက်သည်။ "ထျန်းဟုန်ဆိုတာက ဂိုဏ်းတူဒေါ်လေး ကျူးကော်ရဲ့ တာအိုနာမည်ကို ပြောတာပါ"

ရှုယွင်စန်း၏ မျက်လုံးများသည် အနည်းငယ် အေးခဲသွား၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "အိုး... ငါအခု နားလည်ပါပြီ" သူသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်အပြီးတွင် အံ့ဖွယ် ကောင်းကင်ကမ္ဘာသို့ သွားခဲ့ရပြီး ထိုစဉ်က

ကျူးကော်ဝမ်ချီးသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ မရောက်သေးသဖြင့် သူမ၏ တာအိုနာမည်ကို မရခဲ့သေးချေ။

"ငါက ဂျူနီယာ ကျူးကော်ဆီကို သွားလည်လိုက်ဦးမယ်... မင်းက မင်းရဲ့ ကိုယ်ပိုင် ကိစ္စတွေကို သွားလုပ်နိုင်တယ်... ငါ့အနောက်ကို လိုက်လာစရာ မလိုဘူး" ရှုယွင်စန်းက ပြုံး၍ ရှီယန်အား ပြောလိုက်ရာ ရှီယန်က ချက်ချင်းပင် နှုတ်ဆက်လိုက်ပြီး ထွက်သွားခဲ့သည်။

သူအတွင်းသို့ ရောက်သွားသည်နှင့် မြေရိုင်းလျှိုမြောင်မှ ဆက်ခံသူ တပည့်များသည် ကျူးကော်ဝမ်ချီး ရှိနေသည့် နေရာကို

ပြောပြခဲ့သည်။ ရှုယွင်စန်းသည် ဝါးအိမ်တစ်ခု၏ အရှေ့သို့ ရောက်သည်အထိ ရှေ့ဆက်သွားခဲ့သည်။

သူသည် အဝေးမှနေ၍ ကြည့်လိုက်ရာ ဝါးအိမ်၏ တံခါးသည် မပွင့်တပွင့် ဟနေသည်ကို တွေ့လိုက်ရသည်။ ရှုယွင်စန်း၏ မျက်လုံးများသည် လေးနက် ရှုပ်ထွေးသွား၏။ ကျူးကော်ဝမ်ချိုးသည် စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းပြီး၍ အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်တွင် ရှိနေပြီကို သူသိနေခဲ့သည်။

သူမ၏ စိတ်ဝိညာဉ် အာရုံဖြင့် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူတစ်ယောက်က မြေရိုင်းလျှိုမြောင် အတွင်းသို့ ဝင်လာသည်ကို မသိပဲနေမည် မဟုတ်ပေ။

သူသည် အရှေ့သို့ လှမ်းသွားလိုက်၍ တံခါးအရှေ့သို့ ရောက်လာသည်။ ထိုနေရာတွင် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော တင့်တယ်သည့် ပုံရိပ်တစ်ခုက တံခါးကို ကျောပေးပြီး ရပ်နေခဲ့သည်။ ထိုပုံရိပ်သည် လုံးဝ မလှုပ်ရှားသလို အသံလည်း မထွက်ခဲ့ပေ။

ရှုယွင်စန်းသည် ထိုသူအား တွေ့လိုက်သည်နှင့် အသေအချာ အာရုံ စူးစိုက်လိုက်သည်။ သူသည် အဓိပ္ပာယ် ကင်းမဲ့နေသကဲ့သို့ ဖြစ်နေ၍ ပြောစရာ စကားမရှိသကဲ့သို့ ချက်ချင်းပင် ခံစားခဲ့ရသည်။

အချိန်အတော်ကြီး ကြာသွားမှသာ ရှုယွင်စန်းက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ငါပြန်လာပြီ"

သူပြောလိုက်သော ခဏာ၌ပင် ကျောပေးထားသော ပုံရိပ်သည် အနည်းငယ် တုန်ခါသွား၍ ရှုယွင်စန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ သူမ၏ အသွင်အပြင်သည် ယခင်ကကဲ့သို့ ချောမောလှပ၍ ဆွဲဆောင်မှု ကောင်းနေဆဲ ရှိသေးသည်။ သို့ရာတွင် သူမ၏ မျက်လုံးများ အတွင်းတွင် ခံစားချက်များ လှုပ်ရှားနေသကဲ့သို့ တည်ငြိမ်မှု မရှိနေခဲ့ပေ။

သို့သော်လည်း သူမ၏ လေသံသည် လွန်ခဲ့သော နှစ်များက သူတို့ အတူတကွ လေ့ကျင့်ခဲ့စဉ်ကကဲ့သို့

နွေးထွေး နူးညံ့နေဆဲ ရှိသေးသည်။ "အချိန်
အကြာကြီး ရှိသွားပြီ... စီနီယာရှု"

ရှုယွင်စန်းသည် သူ၏ခေါင်းကို အသာညိတ်လိုက်ရာ
သူတို့နှစ်ဦးအကြားတွင် ပြောစရာစကား
မရှိတော့သကဲ့သို့ ထပ်ဖန်တစ်ခါ တိတ်ဆိတ်
ငြိမ်သက်သွားခဲ့သည်။

"ငါက မဟာချင် အင်ပါယာရဲ့ ရှုမိသားစု အတွင်းမှာ
မွေးဖွားခဲ့ပေမဲ့ ငါက အဲ့ဒီ မိသားစုက မဟုတ်ဘူး...
ဒီမတိုင်ခင်က ငါ့ရဲ့ ရင်းမြစ်ဟာ မဟာချင်
အင်ပါယာမှာ မဟုတ်ပဲ မဟာကျိုး အင်ပါယာကသာ
ဖြစ်တယ်" ရှုယွင်စန်းသည် သူ၏ လက်သီးများကို
တင်းကျပ်စွာ ဆုပ်ထားပြီးမှ ပြန်ဖြည်လိုက်သည်။

သူသည် နောက်ထပ်တစ်ခေါက် ထပ်ဆုပ်လိုက်ပြီး နောက်ဆုံးတွင် ဖြည်လိုက်၍ ယခင်ကထက် များစွာပို၍ သက်တောင့်သက်သာ ဖြစ်သွားသည်ဟု ခံစားခဲ့ရသည်။ သူသည် တည်ငြိမ်သော လေသံဖြင့် ဆက်ပြောလိုက်သည်။

"မြောင်ရင်နဲ့ ငါတို့ဟာ ငယ်စဉ်ကတည်းက မဟာကျိုး အင်ပါယာမှာ မှီခိုနေရပြီး မဟာကျိုး အင်ပါယာရဲ့ သူလျှို အဖွဲ့အစည်းကနေ ခေါ်ယူခြင်းကို ခံခဲ့ရတယ်... ငါက မကြာခင်မှာပဲ အိမ်ကို ပြန်ခဲ့ရပြီး မဟာကျိုး အင်ပါယာရဲ့ မဟာချင် အင်ပါယာ အတွင်းမှာ ထားထားတဲ့ စစ်တုရင်ရုပ် တစ်ရုပ် ဖြစ်လာခဲ့တယ်... မြောင်ရင်ကတော့ မဟာကျိုး အင်ပါယာ အတွင်းမှာပဲ ကျန်နေခဲ့တယ်"

ကျူးကော်ဝမ်ချိုးသည် နားထောင်နေရင်း သူမ၏ မျက်နှာပေါ်တွင် အနည်းငယ် အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်လာခဲ့သည်။ ဤအချိန်သည် သူမအနေဖြင့် ရှုယွင်စန်းနှင့် ရှုမြောင်ရင်တို့၏ အတွေ့အကြုံများကို ပထမဆုံး အကြိမ်အနေဖြင့် ကြားခဲ့ရခြင်း ဖြစ်သည်။

ရှုယွင်စန်းသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းသို့ နှစ်ပေါင်းတစ်ရာ ဝင်ရန် ဆုံးဖြတ်ခဲ့ပြီး ဇူရီသည် သူ၏ ဂုဏ်သိက္ခာနှင့် လျှို့ဝှက်ချက်များကို ထိန်းသိမ်းထားပေးခဲ့သည်။ ထို့ကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ရှုယွင်စန်းက မည်သူမည်ဝါ ဖြစ်သည်ကို သိသောသူ အနည်းငယ်သာ ရှိခဲ့သည်။

"ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ စမ်းသပ်မှုတွေကို အောင်မြင်ပြီး ဂိုဏ်းအတွင်းကို ဝင်နိုင်ခဲ့တယ်... ဒါကြောင့်မို့ မဟာကျိုး အင်ပါယာဟာ ငါ့အပေါ်က သူတို့ရဲ့ အစီအစဉ်တွေကို ပြောင်းလဲခဲ့တယ်... ဒါပေမဲ့ ငါရော မဟာကျိုး အင်ပါယာကပါ ဆရာနဲ့ ဂိုဏ်းချုပ်တို့က အဲ့ဒီအချိန်ကတည်းက အရာအားလုံးကို သိနေပြီးသား ဆိုတာကို မသိခဲ့ဘူး"

ရှုယွှင်စန်းသည် အရာအားလုံးကို အမှန်အတိုင်း ပြန်လည် ပြောပြခဲ့သည်။ သူ၏အသံသည် သူနှင့် မသက်ဆိုင်သော အရာတစ်ခုကို ပြောနေရသကဲ့သို့ မလှုပ်ရှားပဲ တည်ငြိမ်နေခဲ့သည်။

လွန်ခဲ့သော နှစ်များက ရှုယွင်စန်း ပြုလုပ်ခဲ့သော ရွေးချယ်မှု အကြောင်းကို ကြားခဲ့ရသော အခါ ကျူးကော်ဝမ်ချိုး၏ အမူအရာသည် ပြန်လည်၍ တည်ငြိမ် အေးချမ်းလာခဲ့သည်။ သို့သော်လည်း သူမ၏ ရင်အတွင်းတွင် ခံစားချက် အမျိုးမျိုးတို့သည် ပေါက်ကွဲတော့မည့်ကဲ့သို့ ဖြစ်နေသလို ငြိမ်သက်နေသကဲ့သို့လည်း ဖြစ်နေ၍ သူမ၏ မျက်လုံးများအား ခန့်မှန်း၍ မရခဲ့ပေ။

သူမသည် ရှုယွင်စန်းအား ကြည့်၍ တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ဒုတိယ ဂိုဏ်းတူဦးလေးက ဒီအကြောင်းတွေကို တစ်ခါမှ မပြောခဲ့ပဲ မြောင်ရင်ဆိုတဲ့ ကောင်မလေးရဲ့ ငယ်စဉ်ဘဝက သိပ်မရိုးဘူး ဆိုတာကို ကျွန်မက ခန့်မှန်းနိုင်ခဲ့ပေမဲ့

သူမကလည်း စီနီယာ ဘယ်ရောက်နေခဲ့သလဲ ဆိုတာကို သိပ်မသိခဲ့ဘူး"

"ဒုတိယ ဂိုဏ်းတူဦးလေးနဲ့ ကျန်တဲ့သူတွေက စီနီယာရဲ့ လျှို့ဝှက်ချက်တွေကို ထိန်းသိမ်းပေးထားတဲ့ အတွက် စီနီယာကသာ ကိုယ့်ဘာသာကိုယ် မပြောခဲ့ရင် ဒီအကြောင်းတွေကို ဘယ်သူကမှ သိမှာ မဟုတ်ဘူး"

ရှယွင်စန်းက ပြုံး၍ ပြန်ဖြေလိုက်သည်။ "ငါက ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး… ငါက လွန်ခဲ့တဲ့ နှစ်တွေက ဘာမှမပြောပဲနဲ့ ထွက်ခွာသွားခဲ့တဲ့ အတွက် ဒီဆုံးဖြတ်ချက်ဟာ နင့်ကို အချိန်အကြာကြီး

စောင့်မျှော်နေစေခဲ့တယ်… ငါကနင့်ကို ရှင်းပြဖို့ အကြွေးတင်နေတယ်"

ရှုယွင်စန်းက ဤစကားများကို ပြောခဲ့သောအခါ ကျူးကော်ဝမ်ချိုး၏ မျက်လုံးများသည် ချက်ချင်း အေးခဲသွားကာ ရှုယွင်စန်းက ဆက်ပြောလိုက်သည်။ "ငါက ဂိုဏ်းတူညီမလေးရဲ့ ရင်ထဲမှာ ဘယ်လို ခံစားနေရသလဲ ဆိုတာကို သိနေပေမဲ့ အမှန်မှာ ငါကနင့်ကို အပြစ်လုပ်မိခဲ့တယ်… ငါက နင့်ရဲ့မေတ္တာကို ပြန်လည် မတုံ့ပြန်နိုင်ခဲ့ပဲ နင့်ကို နှစ်ပေါင်းများစွာ မစောင့်စေလိုနေခဲ့ဘူး"

"အဲ့ဒီအချိန်က ငါဟာ နှစ်ပေါင်းတစ်ရာတိုင်အောင် စောင့်ဆိုင်းနေရမှာထက် မေ့ပစ်လိုက်တာက ပိုကောင်းမယ်လို့ တွေးမိခဲ့တယ်…

တစ်ခါတစ်လေမှာ စွန့်လွှတ်ရတာကလည်း
ချစ်ခြင်းပုံစံ တစ်မျိုးပါပဲ"

"အခုအချိန်မှာ ငါကဒါကို ပြန်တွေးလိုက်တော့ ငါက နင့်ရဲ့ အထင်အမြင်ကို တစ်ခါမှ မမေးခဲ့တဲ့အတွက် ငါက တစ်ကိုယ်ကောင်း ဆန်မိခဲ့တယ်လို့ သဘောပေါက်လာခဲ့တယ်... နင်ရဲ့စိတ်ထဲမှာ ဘယ်လို တွေးနေလိမ့်မယ်လို့ ငါက တစ်ခါမှ မတွေးမိခဲ့ဘူး"

ရှုယွင်စန်းက တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"နင့်ရဲ့ အဆင့်အတန်းနဲ့ ဆိုရင် နင်က နောက်ထပ် လူတစ်ယောက် ထပ်ရှာဖို့ ဘာမှ ပြဿနာ မရှိနိုင်ဘူးလို့ ငါထင်ခဲ့တယ်... ငါက နင့်ရဲ့ ခံစားချက် အစစ်အမှန်ကို မယုံကြည်လို့

မဟုတ်ပါဘူး... ငါကနင့်ကို စောင့်ဆိုင်းနေပြီး ဒုက္ခ မခံစားစေချင်လို့ပါ"

"ဒါပေမဲ့ ဒါက ငါဟာ နင့်ရဲ့ ဆန္ဒနဲ့ အထင်အမြင်တွေကို မလေးစားသလိုလည်း ဖြစ်နေခဲ့တယ်... ဒါတွေက ငါကိုယ်တိုင် လုပ်ခဲ့မိတဲ့ အမှားတွေ ဖြစ်လို့ ငါကပဲ သူတို့ကို တာဝန်ယူရမယ်... ငါကနင့်ကို ဘယ်လိုမျိုး ပြန်လည် ပေးဆပ်ရမလဲ ဆိုတာကို မသိတော့ပါဘူး"

"နင်ကငါ့ကို မေတ္တာပေးခဲ့ပြီး သစ္စာရှိနေခဲ့တယ်... ဒါပေမဲ့ အခြားတစ်ဘက်မှာ ငါက ကြောက်ရွံ့နေပြီး သတ္တိ ကင်းမဲ့စွာနဲ့ ငါ့နည်းလမ်းနဲ့ ငါပဲ ပြုလုပ်ခဲ့တယ်... ငါက နင်နဲ့ လုံးဝ

မထိုက်တန်ပါဘူး… ငါက ဒီကနေ့မှာ ဒါတွေကို ပြောပြခဲ့တာက ငါ့ကိုခွင့်လွှတ်ဖို့ ရှင်းပြနေတာ မဟုတ်ပဲ အရာအားလုံးကို ပြန်ယူနိုင်ဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး"

"နင်က ဒါတွေအားလုံးကို သိပိုင်ခွင့် ရှိတယ်လို့ ခံစားနေရပြီး မင်းဒီနှစ်တွေ အတွင်းမှာ စောင့်မျှော်နေခဲ့တဲ့သူက အမှန်ဆိုရင် စောင့်နေဖို့ လုံးဝ ထိုက်တန်တဲ့သူ မဟုတ်ပါဘူး"

ယနေ့မှ ရှုယွင်စန်းနှင့် ကျူးကော်ဝမ်ချိုးတို့သည် ငယ်စဥ်ကနှင့် မတူနေတော့ပေ။ ရှုယွင်စန်းသည် ဇာတ်လမ်းအား ပြောပြနေသော အချိန်တွင် ကျူးကော်ဝမ်ချိုးသည် ဘေးမှ ငြိမ်သက်စွာသာ နားထောင်နေပြီး သူတို့သည် ကသိကအောက်

ဖြစ်ခြင်း၊ အရှက်ရနေခြင်းမျိုး မရှိခဲ့ပဲ
အရာအားလုံးကို ပွင့်လင်းစွာသာ ပြောဆိုခဲ့သည်။

## စာစဥ် ၇၀ : အပိုင်း ၁၃

## အပိုင်း ၁၃၆၃ : မင်းကငါ့အတွက် ခံစားချက် မရှိတော့ ငါက လက်လျှော့လိုက်ပြီ

ကျူးကော်ဝမ်ချိုးသည် ရှုယွင်စန်းအား ထူးခြားသော အကြည့်တစ်ခုဖြင့် စိုက်ကြည့်နေသည်။ သူမသည် သူပြောပြီးသည့် အချိန်အထိ စောင့်နေပြီး နူးညံ့စွာဖြင့် ပြောလိုက်သည်။ "တကယ်လို့ ကျွန်မက ဒီနှစ်တွေ အတွင်းမှာ စီနီယာကို မစောင့်နေပဲ တစ်ခြားတစ်ယောက်ကို

ရွေးလိုက်မယ် ဆိုရင်လည်း ဒီအကြောင်းတွေကို ကျွန်မကို ပြောပြဦးမှာလား"

ရှုယွင်စန်းက ပြန်ဖြေလိုက်သည်။ "တကယ်လို့ နင်ဟာ တစ်စုံတစ်ယောက်နဲ့ လက်တွဲခဲ့ပြီ ဆိုရင် ငါက နင့်ရဲ့ ဘဝကို ဝင်ပြီးမှ နှောင့်ယှက်မှာ မဟုတ်ပဲ နင်နဲ့ နင့်အဖော်တို့ရဲ့ ဆက်ဆံရေးကို ကဖျက်ယဖျက် လုပ်မှာမဟုတ်ဘူး... ငါက နင့်ရဲ့စိတ်ကို အနှောင့်အယှက် ဖြစ်စေမှာ မဟုတ်ဘူး"

ကျူးကော်ဝမ်ချိုးက မေးလိုက်သည်။ "အခုအချိန်မှာရော စီနီယာက ကျွန်မရဲ့ စိတ်အခြေအနေကို နှောင့်ယှက်နေတာ မဟုတ်ဘူးလား... စီနီယာက စီနီယာရဲ့

နည်းလမ်းအတိုင်း နောက်ထပ်လုပ်ဖို့
ကြိုးစားနေပြန်ပြီ... စီနီယာရှု"

ရှုယွင်စန်းက သက်ပြင်း ဖွဖွလေး ချ၍
ပြောလိုက်သည်။ "အခုအချိန်မှာ နင်က
အရာအားလုံးကို သိရမှ နင့်အတွက်
တရားမျှတမှာပါ... ငါကနင့်ကို နှစ်ပေါင်းများစွာ
စောင့်နေရအောင် လုပ်ထားခဲ့ပြီး နင့်ရဲ့
အချိန်တွေကို ဆက်ပြီးမှ မဖြုန်းတီးစေလိုတော့ဘူး"

ကျူးကော်ဝမ်ချိုးသည် အရှေ့သို့ တစ်လှမ်းချင်း
လျှောက်လာပြီး ရှုယွင်စန်း အရှေ့သို့
ရောက်လာသည်။ သူတို့သည်
လက်မအနည်းငယ်သာ ကွာတော့ပြီး

ကျူးကော်ဝမ်ချိုးက သူ၏ မျက်လုံးများ အတွင်းသို့ နက်ရှိုင်းစွာ ကြည့်လိုက်သည်။

"ကျွန်မ စောင့်မျှော်နေခဲ့တဲ့ နေ့တွေ လတွေက အချည်းနှီး ဖြစ်ခဲ့တယ်လို့ စီနီယာက ဘယ်လိုလုပ်ပြီးမှ သေချာနေရတာလဲ... ကျွန်မက ဆက်လက်ပြီးမှ စောင့်နေရင်လည်း အချိန်ဖြုန်းရာ ကျနေမယ်လို့ စီနီယာက ဘယ်လိုလုပ်ပြီး သေချာနေရတာလဲ"

သူမသည် သူမ လုပ်နေကျအတိုင်း မဟုတ်ပဲ ရှားပါးစွာဖြင့် သူ့အား နေရကျပ်စေခဲ့သည်။ ရှုယွင်စန်းသည် အချိန်အတန်ကြာ ငြိမ်သက်သွားခဲ့၍ တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "တကယ်လို့ ငါကနင့်ကို လွန်ခဲ့တဲ့

နှစ်တွေကတည်းက အရာအားလုံးကို ပြောခဲ့မယ်ဆိုရင် ဒီကနေ့ဟာ အများကြီး ကွဲပြားခြားနားသွားမှာပဲ… ငါက ဒီအမှားကို လုပ်ခဲ့ပြီး ဖြစ်နေပြီ"

ကျူးကော်ဝမ်ချိုး၏ မျက်လုံးများသည် ဖြည်းဖြည်းချင်း ပြန်လည်၍ နူးညံ့ သိမ်မွေ့လာခဲ့သည်။ "စီနီယာရဲ့ နှလုံးသားဟာ အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းကို မဝင်ခင်ကတည်းက ကျွန်မနဲ့ ရှိနေတာ မဟုတ်လား… ဒီနှစ်တွေ အတွင်းမှာလည်း စီနီယာရဲ့ နှလုံးသားက ကျွန်မနဲ့အတူ အမြဲတမ်း ရှိနေခဲ့တယ် မဟုတ်လား"

ရှုယွင်စန်းက လုံး၀ တွေဝေနေခြင်း မရှိပဲ ပွင့်လင်းစွာဖြင့် ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်"

"နင်... မြောင်ရင်နဲ့ ဆရာတို့ဟာ ငါ့ဘ၀မှာ အရေးအကြီးဆုံး လူသုံးယောက် ဖြစ်တယ်"

"ငါ့ညီမနဲ့ ငါတို့ဟာ ငယ်စဥ်ကတည်းက အသက်ရှင်နိုင်ဖို့ အတွက် အချင်းချင်း အားကိုးခဲ့ရတယ်... သူမက ငါ့အတွက် တစ်ဦးတည်းသော ကျန်နေခဲ့တဲ့ မိသားစု၀င် ဖြစ်တယ်... ငါက သူမအတွက် ဘာမဆို စွန့်လွှတ်နိုင်ပြီး မဟာကျိုး အင်ပါယာအတွက် သူလျှိုလုပ်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်"

"ဆရာက ငါ့ရဲ့ဘဝကို ပြောင်းလဲပေးခဲ့ပြီး ငါ့ရဲ့ အနှောင်အဖွဲ့တွေကို ရှင်းလင်းပေးခဲ့တယ်... သူနဲ့ ဂိုဏ်းကို ပြန်လည် ကျေးဇူးဆပ်ဖို့ အတွက် ငါက ဘယ်လိုမျိုး ပြစ်ဒဏ်ကိုမဆို ခံယူနိုင်တယ်"

"ပြီးတော့နင်... ငါက နင်နဲ့အတူ လက်တွဲပြီး နေဝင်ဆည်းဆာကို အတူကြည့်ကာ အနာဂတ်ကို အတူတကွ ဝေမျှလိုတယ်... ဒါပေမဲ့ ငါ့ရဲ့အတိတ်ကြောင့် အရာအားလုံးတို့က စိတ်ကူးယဉ်အိမ်မက် ဖြစ်သွားခဲ့တယ်"

"ငါက နင့်အပေါ်မှာ အကြွေးတင်နေတဲ့ အရာတွေကို ဘယ်လို ပြန်ဆပ်ရမလဲ ဆိုတာကို မသိပဲ အနာဂတ်မှာ ငါ့ကို အကြွေးပြန်ဆပ်တဲ့ အနေနဲ့ ပိုပြီးမှ ဂရုစိုက်မယ်လို့လည်း မပြောရဲဘူး...

ဒါက အကြွေးပြန်ဆပ်တာ မဟုတ်ပဲ နင့်ကို
အမြတ်ထုတ်နေသလိုမျိုးလည်း ဖြစ်နေနိုင်တယ်"

ကျူးကော်ဝမ်ချိုးက သူ့အား စိုက်ကြည့်နေ၍
ပြောလိုက်သည်။ "စီနီယာရဲ့ ရင်အတွင်းမှာ
စိတ်အတားအဆီး တစ်ခု ရှိနေသေးတယ်...
ကျွန်မက စီနီယာကို အကြွေးပြန်ဆပ်ဖို့ လိုမလို...
ဒါမှမဟုတ် စီနီယာက ကျွန်မကို ဘယ်လိုမျိုး
အကြွေးပြန်ဆပ်စေလိုနေသလဲ ဆိုတာကို ကျွန်မကို
မေးဖို့ရော စဉ်းစားမိခဲ့လား"

ရှုယွင်စန်းသည် သူ၏ခေါင်းကို ငုံ့၍ အားနည်း
တွန့်ဆုတ်နေသော မျက်နှာ အမူအရာ တစ်ခုကို
ရှားပါးစွာဖြင့် ဖော်ပြလိုက်သည်။ သူ၏
နှုတ်ခမ်းများသည် တုန်ခါနေပြီး ခါးသီးစွာ ရယ်၍

ပြောလိုက်သည်။ "ဟုတ်တယ်... ငါက
အရာအားလုံးကို ငါ့နည်းလမ်းအတိုင်းပဲ လုပ်ဖို့
ကြိုးစားနေခဲ့ပြန်ပြီ"

သူသည် နောက်ထပ် သက်ပြင်းတစ်ချက်
ချလိုက်ကာ ကျူးကော်ဝမ်ချိုးအား ကြည့်၍
တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ငါက တကယ်ပဲ
စိတ်မကောင်းပါဘူး... ဝမ်ချိုး"

သူတို့၏ အတွေးများသည် ခံစားလွယ်ကာ
နူးညံ့သော်လည်း ရှူယွင်စန်းနှင့်
ကျူးကော်ဝမ်ချိုးတို့သည် အချစ်နှင့် ပတ်သတ်သော
ဆက်ဆံရေးများတွင် အတွေ့အကြုံ မရှိကြပေ။
ရှူယွင်စန်းသည် သူ၏ ပင်ကိုစရိုက်ကြောင့်
ထိန်းထိန်းသိမ်းသိမ်း နေခဲ့ကာ ကောင်မလေး

မည်ကဲ့သို့ စဥ်းစားနေသည်ကို အကြမ်းဖျင်းသာ ခန့်မှန်းနိုင်၍ သင့်တော်စွာ ဆက်သွယ်နိုင်ခြင်း မရှိခဲ့ပေ။

ရှုယွင်စန်း အနေဖြင့် အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းမှ နှစ်ပေါင်းတစ်ရာ အတွင်းတွင် အချစ်နှင့် ပတ်သတ်သော ဆက်ဆံရေးများ မရှိခဲ့ပေ။ သူသည် များစွာပို၍ ရင့်ကျက်လာပြီး သူ၏ စိတ်အခြေအနေသည် ယခင်ကထက် စာလျှင် များစွာပို၍ တည်ငြိမ်လာသော်လည်း ဤကဲ့သို့သော အရာမျိုးတွင် အတွေ့အကြုံ လုံးဝ မရှိခဲ့ပေ။

ကျူးကော်ဝမ်ချိုးသည် သူမ၏ခေါင်းကို စောင်း၍ သူ၏မျက်လုံးများ အတွင်းသို့ ကြည့်လိုက်ကာ ရုတ်တရက် တီးတိုးပြောလိုက်သည်။

"ကျေးဇူးပြုပြီးမှ ကျွန်မကို အချိန်ခဏပေးပါ... ကျွန်မက မကြာခင် ပြန်လာခဲ့မယ်"

"ကျွန်မက ယင်းလေဝ်ရှကို ကျွန်မရဲ့ အတွေးတွေနဲ့ ပတ်သတ်ပြီး တိတိကျကျ ပြောထားပြီးပေမဲ့ သူက စီနီယာ ပြန်လာပြီးတဲ့ အချိန်ကျရင် ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ကြားချင်နေတယ်လို့ တောင်းဆိုနေခဲ့လို့ ကျွန်မကလည်း သူ့ကို ရှင်းပြချက်တစ်ခု အကြွေးတင်နေတယ်"

ရှုယွင်စန်း၏ မျက်ခုံးများသည် တုန်သွားခဲ့ကာ သူ၏ မျက်လုံးများက အနည်းငယ် ပြူးကျယ်သွားသည်။ သူ၏ ရင်အတွင်းတွင် ပြည့်ကျပ်နေသော ပြောချင်နေသည့် စကားများစွာ ရှိနေသော်လည်း

အားလုံးတို့ကို မျိုသိပ်ထားကာ စကားတစ်ခွန်းသာ နောက်ဆုံးတွင် ပြောနိုင်ခဲ့သည်။ "ကောင်းပြီ"

ကျူးကော်ဝမ်ချိုးသည် သူ၏ပခုံးနားမှနေ၍ ဖြတ်သွားပြီး ဝါးအိမ်အတွင်းမှ ထွက်သွားကာ ကောင်းကင်ဘုံကျောင်းထံသို့ ခြေလှမ်းကျဲများဖြင့် သွားခဲ့လိုက်သည်။

သူမ၏ ခေါင်းများကို ငုံ့ထားသောအခါ သူမ၏ နှင်းဆီရောင် သန်းနေသော ပါးများသည် အနည်းငယ် နီရဲနေကာ လွန်ခဲ့သော နှစ်များက သူမကိုယ်သူမ ကောင်းကောင်း မဖော်ပြတတ်သေးသည့် ကောင်မလေး တစ်ယောက်အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။

သူမသည် ခြေလှမ်းအနည်းငယ် လှမ်းပြီးသွားသော အခါ သူမ၏ မျက်နှာပေါ်မှ ရှက်သွေးဖြန်းနေမှုသည် ဖြည်းဖြည်းချင်း ပျောက်သွားကာ သူမ၏ မျက်လုံးများသည် ယခင်ကကဲ့သို့ နူးညံ့ သိမ်မွေ့လာခဲ့သည်။ သို့သော်လည်း သူမ၏ စိတ်ဓာတ်သည် ပြတ်သားနေကာ ပြောလိုက်သည်။ "ဒီကိစ္စကို ကျွန်မကပဲ ဆုံးဖြတ်ပါရစေ… အဖေ"

သူမ၏ဘေးမှ ဟင်းလင်းပြင် အတွင်းတွင် ပုံရိပ်တစ်ခု လွင့်မျောလာသည်။ သူသည် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် တောင့်တင်းသော သက်လတ်ပိုင်း လူကြီးတစ်ယောက် ဖြစ်ကာ သူ၏ မျက်နှာ အသွင်အပြင်သည် ထက်မြက်၍ သူ၏ မျက်ခုံးများသည် ရွှေရောင်ဖျော့ဖျော့ သန်းနေသည်။

သူသည် ကျူးကော်ဝမ်ချိုး၏ ဖခင်ဖြစ်သူ အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ အစွမ်းထက်သော ကျင့်ကြံသူ တစ်ယောက်ဖြစ်သည့် တောက်ပနေမင်း သူတော်စင် ကျူးကော်ကျန်းပင် ဖြစ်သည်။

ကျူးကော်ကျန်းသည် ကျူးကော်ဝမ်ချိုး၏ ဘေးတွင် ဖြည်းဖြည်းချင်း လမ်းလျှောက်နေကာ သူမ၏ မျက်လုံးများ အတွင်းသို့ ချစ်မြတ်နိုးသော အကြည့်ဖြင့် ကြည့်လိုက်သည်။ "တုံးအလိုက်တဲ့ ကောင်မလေး... ငါက မင်းရဲ့ဖခင် အနေနဲ့ မင်းအတွက် ကျန်တဲ့ အရာအားလုံးကို စီစဉ်ပေးလို့ရတယ်.. ဒါပေမဲ့ ဒီကိစ္စကတော့ မင်းအနေနဲ့ ကိုယ့်ကိုယ်ပဲ ဆုံးဖြတ်ရမှာ ဖြစ်တယ်"

"အမှန်ကတော့ ရှုယွင်စန်းရော ယင်းလော်ရှုပါ ငါ့ရဲ့
သမီးလေးအတွက် ထိုက်တန်တယ်လို့
ငါမထင်ဘူး... ဒါပေမဲ့ မင်းက တကယ်ပဲ
သူတို့အထဲက တစ်ယောက်ကို နှစ်သက်တယ်ဆိုရင်
ငါတတ်နိုင်တာက မင်းရဲ့အရှေ့မှာ
ဘာအတားအဆီးမှ မရှိနိုင်အောင် လမ်းရှင်းပေးဖို့ပဲ"

"မင်းက နှစ်ပေါင်းများစွာ စောင့်နေခဲ့ပြီး ဒီကနေ့
အမှန်တရားကို သိပြီးသွားပေမဲ့ မင်းရဲ့ နှလုံးသားက
အရင်အတိုင်း ရှိသေးတယ်...
မင်းဘာစဥ်းစားနေသလဲ ဆိုတာကို ငါသိတယ်...
သွားပြီးမှ မင်းလုပ်စရာ ရှိတာကို လုပ်ပါ"

ကျူးကော်ကျန်းက သူ၏ ရွှေရောင်
မျက်ခုံးမွေးများကို အနည်းငယ် ပင့်လိုက်သည်။
"ဒါပေမဲ့ သူကမင်းကို အနာဂတ်မှာ စိတ်ပျက်အောင်
လုပ်ခဲ့မိရင် တကယ်လို့ ငါက ဇူရီနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်တို့ကို
အပြစ်လုပ်မိခဲ့မယ် ဆိုရင်တောင် သူ့ကို သင်ခန်းစာ
ပေးရလိမ့်မယ်... ဘာကမှ ငါ့ကို ဟန့်တားနိုင်မှာ
မဟုတ်ဘူး"

ကျူးကော်ဝမ်ချိုးက သူမ၏ခေါင်းကို ခါ၍
ပြောလိုက်သည်။ "ဒါက ကျွန်မဖြစ်ဖို့
မျှော်လင့်နေတဲ့ အရာတစ်ခု မဟုတ်ဘူး... အဖေ...
တကယ်လို့ အဲ့ဒီနေ့က ရောက်လာခဲ့ရင်တောင်
နောက်ဆက်တွဲ အကျိုးဆက်တွေကို

ကျွန်မကိုယ်တိုင် လက်ခံလိုက်မယ်... ကျွန်မက
နောင်တတွေ ရှိနေခဲ့မှာ မဟုတ်ဘူး"

သူမ၏ မျက်နှာပေါ်မှ အပြုံးသည် ပို၍
တောက်ပလာကာ ပြောလိုက်သည်။ "ဒါပေမဲ့
ကျွန်မအနေနဲ့ မှားယွင်းပြီးတော့ ရွေးချယ်မိမှာ
မဟုတ်ဘူးလို့ ကျွန်မ ယုံကြည်နေတယ်"

"ကျွန်မအနေနဲ့ ဒီအသက်အရွယ်မှာ ဘယ်သူ့ကိုပဲ
ရွေးရွေး စိတ်ကစားပြီးမှ ရွေးချယ်တော့မှာ
မဟုတ်ဘူး... ကျွန်မတို့ရဲ့ အချစ်ဟာ
ကြည်လင်နေတဲ့ တောင်ကျစမ်းရေလိုမျိုး
အဓိပ္ပာယ်နဲ့ ပြည့်စုံနေမှာ ဖြစ်တယ်"

ကျူးကော်ကျန်းက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "တကယ်လို့ မင်းက တကယ်ပဲ သူတို့နှစ်ယောက် အကြားမှာ ရွေးရမယ်ဆိုရင် ငါက ယင်းလော်ရှကို ပိုပြီးမှ သဘောကျတယ်… အနည်းဆုံးတော့ သူဟာ ဆုံးဖြတ်ချက် ပြတ်သားပြီး လူတိုင်းအပေါ်မှာ ပွင့်ပွင့်လင်းလင်း ရှိတယ်… ဒီလိုမျိုး လူတစ်ယောက်က မင်းကို ဒီလောက်အချိန်အကြာကြီး စောင့်နေဖို့ဆိုတာ မလွယ်ဘူး"

ကျူးကော်ဝမ်ချိုးက ပြန်ပြောလိုက်သည်။ "စီနီယာ ယင်းလော်ရှနဲ့ ကျင့်ကြံမှု အဖော်အဖြစ် နေရမယ်ဆိုရင်တော့ ကျွန်မအတွက် ဖြစ်နိုင်ပါတယ်… ဒါပေမဲ့ ကျွန်မတို့က အလွန်ဆုံး ကျင့်ကြံမှု အဖော်တွေပဲ ဖြစ်လာနိုင်ပြီး

ဇနီးခင်ပွန်းတော့ ဘယ်တော့မှ ဖြစ်လာမှာ
မဟုတ်ဘူး… ကျွန်မက သူ့အပေါ်မှာ
ကျေးဇူးတင်တဲ့စိတ်သာရှိပြီး လုံးဝချစ်လို့
မရနိုင်ဘူး"

"တကယ်လို့ ကျွန်မက ယင်းလော်ရှရဲ့ ပေးဆပ်မှုနဲ့
စိတ်ပိုင်းဖြတ်မှုကို အချစ်နဲ့ ပြန်ပြီးမှ ပေးဆပ်ခဲ့ရင်
သူ့ထက်ပိုပြီး ပေးဆပ်နိုင်တဲ့ သူတစ်ယောက်နဲ့
တွေ့ခဲ့ရရင် ဘယ်လို လုပ်ရပါ့မလဲ"

"ဒါက သဘောတရား အရ ပြောတာပါ… ဒါပေမဲ့
ဒီကနေ့မှာ ယင်းလော်ရှလိုမျိုး ကျွန်မကို
စောင့်နေတဲ့လူ တစ်ယောက်ထက်ပိုရှိရင် ကျွန်မက
ဘယ်သူနဲ့ လက်တွဲရမယ်လို့ ဘယ်လို
ဆုံးဖြတ်ရမှာလဲ"

သူမ၏ စကားများကို ကြားခဲ့ရသော အခါ ကျူးကော်ကျန်း၏ အမူအရာများသည် များစွာပို၍ ခံစားချက် ပြင်းထန်လာခဲ့သော်လည်း သူ၏ မျက်လုံးများတွင် စိတ်ပျက်လက်ပျက် ဖြစ်နေသည့် အရိပ်အယောင်များဖြင့် စီးဆင်းလာခဲ့သည်။

သူ၏သမီးသည် နောက်ဆုံးတွင် ကြီးပြင်းလာခဲ့လေပြီ။

ဤခံစားချက်သည် သူ့အား အနည်းငယ် လှုပ်ခါစေခဲ့ပြီး ရှုပ်ထွေးနေသည့် အတွေးနှင့် ခံစားချက်များသည် သူ၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။

ကျူးကော်ကျန်း၏ ပုံရိပ်သည် ပျောက်ကွယ်သွားပြီး ကျူးကော်ဝမ်ချိုးသည် ကောင်းကင်ဘုံကျောင်း အတွင်းသို့ သူမဘာသာ သူမ ဝင်သွားခဲ့သည်။ သူမသည် ခန်းမငယ် တစ်ခုအတွင်းသို့ ဝင်သွားခဲ့သော အခါ အေးစက်သော အကြည့်ဖြင့် စိတ်ပိုင်းဖြတ်မှု အားကောင်းကာ မျက်လုံးများ အတွင်းတွင် ခေါင်းမာမှုများဖြင့် ပြည့်နေသော ကောင်မလေး တစ်ယောက် စောင့်ကြပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုကောင်မလေးသည် ကျူးကော်ဝမ်ချိုးအား တွေ့ခဲ့ရသော အခါ ချက်ချင်း နှုတ်ဆက်လိုက်သည်။ "ဂိုဏ်းတူဒေါ်လေး ထျန်းဟုန်ကို နှုတ်ဆက်ပါတယ်"

ကျူးကော်ဝမ်ချိုးသည် ထိုကောင်မလေးကို
သိနေပေသည်။ သူမသည် ယင်းလော်ရှု၏
တပည့်ဖြစ်သော မုန့်ဟုန်လူပင် ဖြစ်သည်။
သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
တတိယမျိုးဆက် တပည့်များ အတွင်းတွင်
တိုက်ခိုက်မှု စွမ်းအင်အရ အသန်မာဆုံး
တပည့်များအနက် တစ်ယောက်ဖြစ်သည်။

တစ်ခုရှိသည်မှာ ထိုမိန်းကလေးသည် အမြဲတမ်း
သီးသီးသန့်သန့်နေတတ်၍ အခြားသူများနှင့်
ဆက်ဆံလေ့ သိပ်မရှိချေ။ သူမသည် ခေါင်းမာ၍
အေးစက်မာကျောကာ ထက်မြက်သူလေး
ဖြစ်သည်။

သူမသည် နတ်ဘုရား နယ်မြေ အတွင်းမှ ကျန်သောသူများနှင့် စာလိုက်လျှင် ရှားပါးသော ပါရမီရှင် တစ်ယောက်အနေဖြင့် သတ်မှတ်၍ ရသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် သာမန်ထက် ပိုသာရုံသာ ရှိနေသည်။

သို့ရာတွင် မုန့်ဟုန်လူသည် သူမ၏ဆရာ ယင်းလော်ရှနှင့် ဆင်တူသည်။ သူမတွင် မယုံနိုင်လောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းသော တိုက်ခိုက်နိုင်မှု စွမ်းရည်ရှိ၍ သူမ၏ တိုက်ပွဲ စွမ်းရည်များသည် အများစုထက် များစွာပို၍ အထက်တန်းကျသည်။

သူမသည် တတိယမျိုးဆက် တပည့်များ အတွင်းတွင် ကျင့်ကြံမှု အဆင့်တူသော

တပည့်များအနက် ထိပ်ဆုံးငါးယောက် အတွင်းတွင် ပါနေကာ ပြင်ပကမ္ဘာတွင် ကျက်စားခဲ့သော အခါ သူမထက် ပို၍သန်မာသော ပြိုင်ဘက်များကို အနိုင်ယူနိုင်သည် ဟူသော ဂုဏ်သတင်းဖြင့် ကျော်ကြားသည်။

မုန့်ဟုန်လူ၏ မျက်နှာသည် အမြဲတမ်း အေးစက်စက် ဖြစ်နေကာ သူမ၏ မျက်နှာအပေါ်တွင် အပြုံးကို မမြင်ရသလောက် ဖြစ်သည်။ သို့သော်လည်း ကျူးကော်ဝမ်ချိုး အနေဖြင့် သူမ၏ ဤကဲ့သို့ ဖြစ်နေရခြင်း အကြောင်းရင်းကို သိနေပေသည်။

ဤမိန်းကလေးသည် အမတန်မှ ပြိုင်ဆိုင်လိုစိတ် ပြင်းထန်ကာ သူမအနေဖြင့် တတိယမျိုးဆက် တပည့်များ အတွင်းတွင် အမြဲတမ်း အသန်မာဆုံး

တပည့်ဖြစ်ရန် မျှော်လင့်နေသည်။ ယခင်က သူမသည် ရွှေရောင်ဗဟိုချက် အဆင့်ကို ပထမဆုံး ရောက်ခဲ့သောသူ တစ်ယောက် ဖြစ်ခဲ့သည်။

သို့သော်လည်း ယခင်နေ့များက ရှုယွင်စန်းနှင့် ယင်းလော်ရှုတို့ ကြုံတွေ့ခဲ့ရသည့် အတိုင်း ရှာမှရှားသော ပါရမီရှင်များသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်လာကြကာ တတိယမျိုးဆက် တပည့်များ အတွင်းတွင် အစွမ်းထက်သောသူများ တစ်ယောက်ပြီး တစ်ယောက် ပေါ်

လာကြ

သည်။

မုန့်ဟုန်လူ အနေဖြင့် တတိယ မျိုးဆက်မှ ပထမ တပည့်များ ဖြစ်ကြသော ချင်းဝူစံအိမ်မှ လျှုန်ဟွာကျောက်၊ သစ်တောဗိမာန်မှ ချန်းဖန်ကော၊ မြေရိုင်းလျှိုမြောင်မှ ရှီယန်၊ ငရဲမီး ချောက်ကမ်းပါးမှ တွမ့်မုဟုန်နှင့် ကောင်းကင်ဘုံကျောင်းမှ ကျောင်ချင်ကိုပင် ယှဉ်ပြိုင်နိုင်စွမ်း ရှိသော်လည်း သူမအား တောင်တစ်တောင်ကဲ့သို့ လွှမ်းမိုးထားသူ တစ်ယောက် ရှိနေသေးသည်။

ထိုသူသည် တတိယမျိုးဆက် ဆက်ခံသူ တပည့်များ အနက် နံပါတ်တစ် ဖြစ်သည်ဟု အများက သတ်မှတ်ထားခြင်းကို ခံနေရကာ နတ်ဘုရား နယ်မြေ အတွင်းတွင် သူ၏ မျိုးဆက် တစ်ခုလုံးကို လွှမ်းမိုး အုပ်စိုးနိုင်မည်ဟု ထင်ကြေးပေးခြင်း ခံနေရသည့် ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ

တတိယမျိုးဆက် ပထမ တပည့်ဖြစ်သော
ကောကျုံးဟွမ်ပင် ဖြစ်သည်။

ကောကျုံးဟွမ်သည် ကျင့်ကြံမှု အဆင့်တူသော
သူများအားလုံးကို ကျင့်ကြံမှု အမြန်နှုန်းနှင့်
တိုက်ခိုက်နိုင်မှု စွမ်းရည်တို့တွင် ကြီးစိုး
လွှမ်းမိုးထားနိုင်ခဲ့သည်။ သူ့အား ဂိုဏ်းအတွင်းနှင့်
အပြင်မှ လူတိုင်းက လေးစား ချစ်ခင်ကြကာ သူ့တွင်
ခေါင်းဆောင်တစ်ယောက်၏ အရှိန်အဝါ ရှိပြီး
အားလုံးတို့က သူ့ကို ကောင်းမွန်စွာ
ဆက်ဆံခဲ့ကြသည်။

မုန့်ဟုန်လူသည် ကောကျုံးဟွမ်အား
မနာလိုဖြစ်ခြင်း၊ အားကျခြင်း မရှိပဲ သူမတွင်

ရှိရှိသမျှသော အလားအလာတို့ကို ညှစ်ယူ၍
အစွမ်းကုန် ကြိုးစားခဲ့ခြင်းသာ ဖြစ်သည်။

သို့သော်လည်း သူမအနေဖြင့် ကောကျုံးဟွမ်သည်
သူမထက် ပို၍ သန်မာနေသေးသ၍
ပျော်ရွှင်နေလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ကျူးကော်ဝမ်ချိုး၊ ယင်းလော်ရှ၊
ကျောက်ဟွမ်နှင့် ကျန်သောသူများသည်
ကောကျုံးဟွမ်၏ တည်ရှိနေမှုသည် မုန့်ဟုန်လူအား
မူလ ရည်မှန်းချက်များထက် ပိုမို
သန်မာလာစေသည်ကို သိနေကြသည်။

"နေသာသလို နေပါ" ကျူးကော်ဝမ်ချိုးက မုန့်ဟုန်လူကို ခေါင်းညိတ်ပြလိုက်သည်။ မုန့်ဟုန်လူက မတ်တတ်ပြန်ရပ်၍ ပြောလိုက်သည်။ "ဆရာက ဂိုဏ်းတူဒေါ်လေး ထျန်းဟုန်ကို စောင့်နေပါတယ်"

ရှုယွင်စန်းသည် ကောင်းကင်ဘုံကျောင်းသို့ ပြန်ရောက်ပြီး မကြာမီပင် မြေရိုင်းလျှိုမြောင်သို့ သွားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ယင်းလော်ရှသည် သူပြန်လာသည်ကို ကောင်းစွာ သိနေခဲ့ပြီး ဖြစ်သည်။

ယင်းလော်ရှသည် သူ့အနောက်မှ မြေရိုင်းလျှိုမြောင် အတွင်းသို့ လိုက်မသွားခဲ့ပဲ ကောင်းကင်ဘုံကျောင်း အတွင်း၌သာ စောင့်နေရန် ဆုံးဖြတ်ခဲ့သည်။

ကျူးကော်ဝမ်ချီးသည် တံခါးများကို
တွန်းဖွင့်လိုက်သော အခါ ခန်းမအတွင်းတွင်
မည်သည့်အရာမှ မရှိနေချေ။ စားပွဲများ၊
ကုလားထိုင်များ မရှိပဲ မွေ့ရာပင် ရှိမနေချေ။
အသားမည်းမည်း၊ ပိန်ပိန်ပါးပါးနှင့်
လူငယ်တစ်ယောက်သည် မြေပေါ်မှ
ကျောက်ဖျာပေါ်တွင် ထိုင်နေပြီး သူ၏ မျက်လုံးများ
အတွင်းတွင် လျှပ်စီးများ လင်းလက်လာသကဲ့သို့
ဖြစ်လာကာ သူတို့အား ဖွင့်လိုက်၍
ကျူးကော်ဝမ်ချီးအား ကြည့်လိုက်သည်။

"သူပြန်လာပြီ" ယင်းလော်ရှသည်
ကျူးကော်ဝမ်ချီးအား တည်ငြိမ်စွာဖြင့်
ကြည့်လိုက်သည်။ "နင်က သူ့ကို တွေ့ပြီးတာနဲ့

ငါ့ဆီကို ချက်ချင်းဆိုသလိုပဲ လာခဲ့တယ်...
ဒါဆိုတော့ နင်က သူ့ကိုပဲ ရွေးချယ်ခဲ့တာပေါ့"

ကျူးကော်ဝမ်ချိုးက သက်ပြင်းချ၍
ပြန်ပြောလိုက်သည်။ "ကျွန်မ စိတ်မကောင်းပါဘူး...
စီနီယာယင်း"

ထိုသူကလည်း အခြေတည် ဝိညာဉ် နောက်ဆုံး
အဆင့်တွင် ရှိနေခဲ့သည်။ သို့သော်လည်း သူ၏
စဦးပိုင်း အရှိန်အဟုန်အရ သူသည် ယန်တီနှင့်
ကျန်သောသူများကဲ့သို့ အင်မော်တယ်ဝိညာဉ်
အဆင့်သို့ ရောက်နေရမည် ဖြစ်သည်။

ယင်းလော်ရှသည် သူ၏ မျက်လုံးများကို ဖြည်းဖြည်းချင်း ပိတ်လိုက်၍ သူ၏ လျှပ်စီးကဲ့သို့ အကြည့်သည် ပျောက်ကွယ်သွားသည်။

"ရှုယွင်စန်းကသာ မင်းကို တောင်းပန်ရမယ့်သူ ဖြစ်တယ်... မင်းကငါ့ကို ဒီနေရာအထိ လာပြီးမှ ပြောစရာ မလိုပါဘူး"

"မင်းက ငါလာခဲ့တဲ့ အချိန်တိုင်းမှာ မယိမ်းယိုင်တဲ့ ပြတ်သားမှုနဲ့ ငါ့ကို ငြင်းပယ်ခဲ့ပြီး ငါ့ကို မျှော်လင့်ချက် တစ်စက်မှ မပေးခဲ့ဖူးဘူး... ငါကသာ ငါ့ကို စိတ်မဝင်စားတဲ့ သူကို အစကတည်းက အတင်း တွယ်ကပ်နေခဲ့တာပါ"

"မင်းက ငါ့အပေါ်မှ ခံစားချက် လုံးဝ မရှိတဲ့အတွက် ငါက လက်လျှော့လိုက်တော့မယ်... ငါက ရှုပ်ထွေးမှု

အတွင်းမှာ တွယ်ကပ်
ငြိတွယ်နေမယ့်သူတစ်ယောက် မဟုတ်ပဲ
နှုတ်ဆက်စကားလေး တစ်ခွန်းတောင်မှ မပြောပဲ
အစရှာမရအောင် ပျောက်သွားတဲ့ သူလိုမျိုး
သူရဲဘောကြောင်တဲ့သူ မဖြစ်ချင်နေဘူး"

ယင်းလော်ရှက ပွင့်လင်းစွာဖြင့် ပြောလိုက်သည်။
"ဒါပေမဲ့ သူက နောက်ဆုံးမှာ ပြန်လာခဲ့ပြီ... မင်းရဲ့
ဆုံးဖြတ်ချက်ကလည်း အစကနေ အဆုံးအထိ
မပြောင်းလဲခဲ့ဘူး... ငါတို့အကြားမှာ ဘာမှ
ပြောစရာ မလိုတော့ဘူး... မင်းအခု သွားလို့ရပြီ"

ကျူးကော်ဝမ်ချိုးသည် သူမ၏ အရှေ့မှ
နေလောင်ထားသော အသားအရည်နှင့် ပိန်ပိန်ပါးပါး
လူငယ်ကို ကြည့်နေရင်း ငြိမ်သက်သွားခဲ့သည်။

သူမသည် အချိန်အတန်ကြာမှ ဦးညွတ်လိုက်ပြီး စကားတစ်လုံးမှ မပြောခဲ့ပဲ ခန်းမအတွင်းမှ ထွက်သွားခဲ့သည်။

အချိန်များစွာ မကြာမီပင် ကောင်းကင်ဘုံကျောင်း၏ ဒုတိယမျိုးဆက် အကြီးအကဲ ထျန်းပိမာစတာ ယင်းလော်ရှသည် အင်မော်တယ်ဝိညာဉ် အဆင့်သို့ ရောက်ရှိသွားလေသည်။

## စာစဉ် ၇၀ : အပိုင်း ၁၄

## အပိုင်း ၁၃၆၄ : သင့်တော်ပါ့မလား

ယုကျင်းတောင်ပေါ်မှ တိပိဋ္ဌက
ကျမ်းစာခန်းမဆောင်၏ တတိယ အထပ်တွင်
ဇူရီသည် သူ၏ကိုယ်ပိုင်
ကောင်းကင်ဘုံကျောင်းထံသို့ ကြည့်လိုက်ပြီး
ထိုနေရာမှ မှော်စွမ်းအင် တုန်ခါမှုများကို
အာရုံခံမိခဲ့သည်။

ဆံပင်ဖြူနှင့် အေးစက်သော ပုံစံရှိနေသော
လူငယ်တစ်ယောက်က သူ၏အနောက်တွင်
ထိုင်နေသည်။ သူကလည်း
ကောင်းကင်ဘုံကျောင်းဘက်သို့ ကြည့်၍
မေးလိုက်သည်။ "ယင်းလော်ရှလား"

ဇူရီက ခေါင်းညိတ်၍ ပြောလိုက်သည်။
"ဟုတ်တယ်... သူက သူ့ရဲ့ အနှောင်အဖွဲ့နဲ့

အရုံအတားတွေကို ဖယ်ရှားနိုင်ခဲ့တော့
အင်မော်တယ်ဝိညာဉ် အဆင့်ကို
ရောက်သွားနိုင်ခဲ့ပြီ"

ဆံပင်ဖြူနှင့် လူငယ်သည် လင်းဖုန်း၏ တတိယ တပည့်ဖြစ်သော အစွန်းရောက် တာအို အန္တိမ ဝမ်လင်းပင် ဖြစ်သည်။ ဝမ်လင်း၏ အနောက်တွင် ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် နောက်ထပ် လူငယ်တစ်ယောက် ရှိနေသည်။ သူ၏ မျက်လုံးများသည် ယင်နှင့်ယန်ကဲ့သို့ တစ်ဘက်သည် အနက်ရောင် ဖြစ်နေ၍ တစ်ဘက်သည် အဖြူရောင် ဖြစ်နေသည်။ သူသည် လင်းဖုန်း၏ နံပါတ်ငါး တပည့်ဖြစ်သော ယင်ယန်ဘုန်းတော်ကြီး ယန်ချင်ပင် ဖြစ်သည်။

ယန်ချင်သည် ကောင်းကင်ဘုံကျောင်းဘက်သို့ တစ်ချက် ကြည့်လိုက်ပြီး မြေရိုင်းလျှိုမြောင်ဘက်သို့ ပြန်လှည့်ကြည့်လိုက်ကာ ဇူရီအား မေးလိုက်သည်။ "စီနီယာက ဘာကိုမှ ကိုင်တွယ်ခြင်း မရှိခဲ့တော့ အရာအားလုံးက အဆင်ပြေပါ့မလား"

ဇူရီက ပြန်ဖြေလိုက်၏။ "ထျန်းဟုန်က ယွင်စန်းကို တွေ့ပြီးသွားချင်းမှာ ယင်းလော်ရှကို ချက်ချင်း သွားတွေ့ခဲ့တယ်... ဒါဆိုတော့ သူမရဲ့ ဆုံးဖြတ်ချက်က အစကနေ အဆုံးအထိ ပြောင်းလဲခြင်း မရှိခဲ့ဘူးလို့ ဆိုလိုနေတာ ဖြစ်တယ် ... တကယ်လို့များ ယင်းလော်ရှက သူမကို တွေ့ပြီးတာနဲ့ သူ့ရဲ့ အရံအတားတွေကို ချိုးဖောက်နိုင်စွမ်း မရှိခဲ့ရင် ငါက ပူပန်လာမှာ ဖြစ်တယ်"

"အခုအချိန်မှာ ယင်းလော်ရှက
အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်သွားပြီမို့
အရာအားလုံးက အဆင်ပြေသွားပြီ… ငါက
ထျန်းဟုန်နဲ့ ယွင်စန်းတို့ရဲ့ ကိစ္စကို သူတို့ဘာသူတို့
ကိုင်တွယ်စေလိုက်မယ်"

ယန်ချင်က ခေါင်းညိတ်၍ ပြောလိုက်သည်။
"စီနီယာလုပ်တာ မှန်ပါတယ်"

ဝမ်လင်းက မေးလိုက်သည်။ "ယွင်ချုံးက
ဘယ်လိုနေသလဲ… သူက နောက်ဆုံးအဆင့်ကို
တက်နိုင်ဖို့ အဆင်သင့် ဖြစ်ပြီလား"

ယန်ချင်က ပြုံး၍ ပြောလိုက်သည်။
"ကျွန်တော်တို့ဟာ အရာအားလုံးက အဆင်ပြေတယ် ဆိုတာကို သေချာအောင် အချိန်ယူနေခဲ့တယ်... သူက လုံလောက်အောင် ပြင်ဆင်ထားပြီး ဖြစ်လို့ မကြာခင်မှာ ကျွန်တော်က သူ့ကို အင်မော်တယ်ဝိညာဉ် အဆင့်ကို တက်နိုင်ဖို့ ကြိုးစားစေတော့မယ်"

"ယွင်ချုံးက ဒီနှစ်တွေ အတွင်းမှာ ဒါကို ကျင့်သားရသွားခဲ့ပြီ... သူ့ရဲ့ မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကြောင့် အလွယ်တကူ အမျက်ထွက်လွယ်တယ်... ဒါပေမဲ့ အခုအချိန်မှာ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း ရှိလာပြီ"

ဇူရီနှင့် ဝမ်လင်းတို့က သူတို့၏ ခေါင်းများကို စောင်း၍ ကြည့်လိုက်ကြသည်။ "ဒါဆိုရင် ကောင်းတာပေါ့... သူက အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်သွားပြီးရင် ဒီပြဿနာတွေ ရှိတော့မှာ မဟုတ်ပဲ ချောမွေ့တဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်လိမ့်မယ်"

"ဟုတ်တယ်... ဒီနောက်ဆုံး အတားအဆီးကို ဘေးကင်းစွာနဲ့ ကျော်ဖြတ်နိုင်ဖို့က အရေးကြီးတယ်... သူက ပြီးတာနဲ့ အဆုံးမဲ့ မြင်ကွင်းကျယ်တွေကို ကြည့်နိုင်လိမ့်မယ်" ယန်ချင်က ဝမ်လင်းအား ကြည့်၍ပြုံးကာ ဆက်ပြောလိုက်သည်။

"အစ်ကိုကြီးမှာ ထျန်းချန်နဲ့ ထျန်းချင်တို့ရှိပြီး အခုအချိန်မှာ ဒုတိယ စီနီယာက ထျန်းတိုင်နဲ့ ထျန်းပိတို့ ရှိပြီဆိုတော့ တတိယ စီနီယာရဲ့ လက်အောက်မှာ ဒုတိယမြောက် အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူက ဘယ်အချိန်မှာ ပေါ်လာမလဲ ဆိုတာကို ကျွန်တော်က သိချင်နေတယ်"

ဝမ်လင်းက ပြောလိုက်သည်။ "အရာအားလုံးကို နောက်ရက်အနည်းငယ် အတွင်းမှာ သိလာလိမ့်မယ်... သူမက ယွင်ချုံးထက် ပိုပြီးမှ နောက်ကျနေမှာ မဟုတ်ဘူး"

ဇူရီနှင့် ယန်ချင်တို့က အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ "သူမက ဒီကနေ့ အပြင်ထွက်မှာလား"

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်... ရှင်းဖေးက ဒီကနေ့ပဲ တောင်ပေါ်ကနေ ဆင်းသွားပြီး အခုအချိန်မှာ အိမ်ကိုသွားတဲ့ လမ်းပေါ်ကို ရောက်နေလောက်ပြီ"

ဇူရီ၏ မျက်လုံးများ အတွင်းတွင် ရီတာအို အဆောင်လက်ဖွဲ့ တစ်ခုကို ရေးရေးလေး တွေ့နေနိုင်သည်။ သူသည် အရောင်ဖျော့ဖျော့လေးဖြင့် လင်းလက်နေ၍ အဆက်မပြတ် လည်ပတ်နေခဲ့သည်။ တိပိဋ္ဌကက ကျမ်းစာခန်းမဆောင်၏ အတွင်းမှ

ဟင်းလင်းပြင်သည် သူ့မျက်လုံး
ကျရောက်သွားသည့် နေရာတိုင်းတွင် စကြာဝဠာ
တစ်ခုလုံးက သူ့မျက်စိအောက်တွင်
ကျရောက်လာသကဲ့သို့ အဆုံးမဲ့
နက်ရှိုင်းလာခဲ့သည်။

ဤကျယ်ပြန့်လှသော နေရာအတွင်းတွင် အသွင်မဲ့
လူသားပုံရိပ် တစ်ခု ရှိနေသကဲ့သို့ ဖြစ်နေပြီး
ထိုပုံရိပ်သည် နေမင်း၊ လမင်းနှင့် ကြယ်စင်များနှင့်
တူနေသည်။ ထိုပုံရိပ်သည် တောင်တန်းနှင့်
ပင်လယ်တို့အား အင်္ကျီကဲ့သို့ ဝတ်ဆင်ထားပြီး
ကောင်းကင်အောက်မှ အရာတိုင်းကို
ကြည့်နေခဲ့သည်။ ထိုသူ၏ မျက်နှာသည်
မျက်နှာပြောင်ကဲ့သို့ လုံးဝ ဖြူဖွေးနေခဲ့သည်။

သို့သော်လည်း မျက်နှာမဲ့နေသော ဤပုံရိပ်သည်
အစွမ်းထက်လှသော ကြောက်မက်ဖွယ်ရာ
အရှိန်အဝါများကို ဖော်ပြခဲ့၍ သူသည်
ကမ္ဘာအတွင်းတွင် တစ်ခုတည်းသော
အမှန်တရားကို ကိုယ်စားပြုနေသကဲ့သို့
ဖြစ်နေသည်။ သူသည် အရာအားလုံး၏ အာဏာရှင်
ဖြစ်ကာ စည်းမျဉ်းများကို သတ်မှတ်ပြီး ကောင်းကင်၊
မြေကြီးနှင့် မဟာတာအိုတို့အား
ကိုယ်စားပြုသကဲ့သို့ ဖြစ်နေသည်။

ထိုလူ၏ ခန္ဓာကိုယ် အတွင်းတွင် ခံစားချက်များစွာ
စီးဆင်းနေသော်လည်း အနီးကပ် အသေအချာ
အကဲခတ်လိုက်လျှင် ဘာမှ မရှိပဲ ဗလာ
ဖြစ်နေသကဲ့သို့ ဖြစ်နေသည်။

ခံစားချက်များက နက်ရှိုင်းလာ အပြီးတွင် ထပ်မံ၍ ပါးလျသွားသည်။ ခံစားချက်များကို မေ့ဖျောက်ခဲ့ခြင်းသည် တစ်ယောက်က ခံစားချက်များ မရှိဟု ဆိုလိုနေခြင်း မဟုတ်ပေ။ ဇူရီ၏ မျက်လုံးများ အကြားမှ ပုံရိပ်သည် အံ့သြစရာ ကောင်းလောက်အောင်ပင် ဟင်းလင်းပြင် ဘုရားကျောင်း၏ အစွမ်းအထက်ဆုံး နည်းစနစ် နှစ်ခုအနက်မှာ ဥပေက္ခာ မဟာလမ်းစဉ်ကို ဖော်ပြနေခြင်း ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ အနေဖြင့် ဇူရီ ထုတ်ဖော်ထားသော ပုံရိပ်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ အစစ်အမှန် ဥပေက္ခာ မဟာလမ်းစဉ်နှင့် အနည်းငယ် ကွဲပြားနေသည်ကို သိကြမည် ဖြစ်သည်။

သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း အပြင်မှ လူများအနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဤထိပ်သီး နည်းစနစ်အား ဖော်ထုတ်သွားနိုင်ခဲ့ပြီဟု ကောက်ချက်ချခဲ့ကြမည်သာ ဖြစ်သည်။

ဇူရီ၏ မျက်လုံးများ အတွင်းမှ ရီတာအို အဆောင်လက်ဖွဲ့သည့် ဖြည်းဖြည်းချင်း လည်ပတ်နေသည်။ "ဒါက ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာရဲ့ ကျေးဇူးကြောင့်သာ အလုပ်ဖြစ်ခဲ့တာပဲ... သူတို့ရဲ့ မျိုးဆက်တွေက မတူပေမဲ့ ငါ့အနေနဲ့ ဆင်တူတဲ့ အရာတွေကို လေ့လာနိုင်ခဲ့တယ်... ဒီအရာဟာ ဆင်တူပေမဲ့ လုံးဝ

ကွဲပြားနေတယ်... ဒါပေမဲ့ သုသေတန
ရည်ရွယ်ချက်အတွက်တော့ လုံလောက်နေပြီ"

ဝမ်လင်းသည် သူ၏ခေါင်းကို စောင်းလိုက်ရာ
ယန်ချင်၏ မျက်လုံးများ အတွင်းမှ အဖြူနှင့်
အနက်ရောင် အလင်းတန်းများက ယှက်သန်းသွား၍
အလင်းတန်း နှစ်တန်းတို့သည် ယင်နှင့်ယန်
အစွန်းနှစ်ဘက်နှင့် တူနေခဲ့သည်။

ဇူရီ၏ အခြားမျက်လုံးမှနေ၍ ရီတာအို
အဆောင်လက်ဖွဲ့ တစ်ခု ထပ်ပေါ်လာပြီး
အလင်းတန်း တစ်တန်းကို ထုတ်လွှတ်လိုက်ကာ
အဝေးတွင် ဟင်းလင်းပြင် နောက်တစ်ကွက်ကို
ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင် ထိုဒေသသည်
မည်းနက်နေကာ ယန်ချင်၏ ယင်နှင့်ယန်

အလင်းတန်းများက ထိုအမှောင်ထု အတွင်းသို့
ကျဆင်းလာသော အခါ အဆက်မပြတ်
လည်ပတ်နေ၍ အချင်းချင်း ဆက်သွယ်နေကြသည်။

ယင်နှင့် ယန် အလင်းတန်းများသည် အဖြူနှင့်
အနက်ရောင် အလင်းတန်း တစ်တန်းစီ အဖြစ်သို့
ပြောင်းသွားကြကာ အဆုံးမဲ့ ဟင်းလင်းပြင်
အကြားတွင် အချင်းချင်း ယှက်သန်းနေကြပြီး
အဆက်မပြတ် လည်ပတ်နေကြသည့်
စက်ဝိုင်းတစ်ခုအလား ဖြစ်သွားခဲ့သည်။

ယင်နှင့်ယန်တို့သည် အချင်းချင်း ချိုးဖျက်ခဲ့ကြသလို
ကူညီ၍ ပြန်လည် တည်ဆောက်နေကြပြီး
ဖြည်းဖြည်းချင်း ကြမ္မာပန်းတိုင် ကမ္ဘာတစ်ခု
အဖြစ်သို့ ပြောင်းသွားကြသည်။

ယင်နှင့်ယန်တို့သည် ဆက်လက်၍ လည်ပတ်ယှက်သန်းနေကြပြီး ဟင်းလင်းပြင် အတွင်းမှ အရာအားလုံးကို မှုမမှန် ဖြစ်စေခဲ့သည်။

ဝမ်လင်း၏ မျက်လုံးများသည် တောက်ပလာ၍ ပြောလိုက်သည်။ "ပြောင်းပြန်လှန်စမ်း"

လည်ပတ်နေသော အဖြူနှင့် အနက်ရောင် အလင်းတန်းများက ရပ်တန့်သွားကာ အမှန်တကယ်ပင် စတင်၍ ပြောင်းပြန် လည်ပတ်လာကြသည်။ သူသည် မကျယ်ပြန့်လာတော့ပဲ စတင်၍ ပြန်လည် သေးငယ်လာသည်။

ယင်နှင့် ယန်တို့သည် ပို၍ပို၍ သေးငယ်လာကြကာ
သူတို့အနားမှ အဆုံးမဲ့ ဟင်းလင်းပြင်သည်
ထိုစွမ်းအင် အလင်းတန်း နှစ်ခုကို ဗဟိုတွင်ထားကာ
အတူတကွ ပြိုကျလာသကဲ့သို့ ဖြစ်လာသည်။
အရာအားလုံးတို့သည် ဆက်လက် ပြိုကျလာကြပြီး
အစက်တစ်ခုတည်း အဖြစ်သို့
သိပ်သည်းသွားကြသည်။

အခြားတစ်ဘက်တွင် မဟာဥပက္ခာနှင့်
ဆင်တူနေသော ကောင်းကင်ကလည်း
ပြောင်းလဲလာသည်။ အဆုံးမဲ့ လူသားပုံရိပ်ကလည်း
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။

ဤအရာသည် မြင်နိုင်သော အသွင်မဲ့မှု သက်သက်
မဟုတ်ချေ။ ထိုလူ၏ တစ်ကိုယ်လုံးသည်

ဆက်လက် တည်မရှိနေတော့ဟု ခံစားနေရကာ စကြာဝဠာနှင့် သူ၏ ကျယ်ပြန့်မှုသည် အရာအားလုံးကို လွှမ်းခြုံထားကာ ပို၍ ဆန်းကြယ် နက်နဲလာခဲ့သည်ဟု ထင်နေရသည်။

ယန်ချင်က တီးတိုး ရေရွတ်လိုက်သည်။
"ကျွန်တော်တို့က နောက်ထပ် သေချာဖို့ လိုနေသေးတယ်"

ဇူရီက ခေါင်းညိတ်၍ ပြောလိုက်သည်။
"ဟင်းလင်းပြင် ဘုရားကျောင်းက ကျင့်ကြံသူတွေက ဒါကို လေ့လာတဲ့ အချိန်မှာ ကောင်းကင်နဲ့ မြေကြီးတို့က တုံ့ပြန်လာကြမှာ ဖြစ်တဲ့အတွက် ငါတို့က ခံစားနိုင်ကြလိမ့်မယ်"

ယန်ချင်က ဝမ်လင်းဘက်သို့ လှည့်လိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက ကျင့်ကြံသူတွေက ကျွန်တော်တို့ရဲ့ အဓိပ္ပာယ် ဖော်နေတဲ့ အရာတွေကို မဟာတာအိုကနေ တဆင့် ခံစားနိုင်ကြလိမ့်မယ်... သူတို့က သိနေနိုင်တယ် ဆိုတော့ ထျန်းချီကို တစ်ယောက်တည်း စေလွှတ်ဖို့ သင့်တော်ပါ့မလား"

ဝမ်လင်း၏ အမူအရာသည် တည်ငြိမ်နေကာ သူ၏ မျက်လုံးများသည် ကြည်လင်နေသည်။ "တကယ်လို့ တစ်စုံတစ်ခုက မှားယွင်းသွားရင် ငါက အချိန်မီ ရောက်နိုင်တယ်"

ညီအစ်ကို သုံးယောက်သား စကားပြောနေစဉ်တွင်ပင် မဟာကမ္ဘာထံမှ

ဝေးကွာသော ဟင်းလင်းပြင်သည် ကွဲဟသွား၍ ခရမ်းရောင် ဝတ်စုံနှင့် မိန်းကလေး တစ်ယောက်က အတွင်းမှ ထွက်လာခဲ့သည်။ သူမသည် တည်ငြိမ်နေကာ သူမ ဖွင့်လှစ်လိုက်သည့် ဟင်းလင်းပြင်သည် တွန့်လိမ်မနေပဲ သာမန်တံခါး တစ်ခုကဲ့သို့ ညီညာနေသည်။

ထိုကောင်မလေးသည် အတော်ပင် ချောမော၍ ကြည့်ကောင်းကာ အသက်နှစ်ဆယ်ကျော် ဟူ၍ပင် ထင်နေရသည်။ သူမ၏ ခန္ဓာကိုယ်မှ အရှိန်အဝါများ ထွက်ပေါ်မနေသော်လည်း သူမအား သိနေကြသော သူများအားလုံးသည် သူမကို လျှော့တွက်ရဲကြမည် မဟုတ်ချေ။

အဘယ်ကြောင့် ဆိုသော် သူမသည်
သစ်တောဗိမာန်မှ ဒုတိယမျိုးဆက် တပည့်များ၏
ပထမ အကြီးအကဲဖြစ်သော လီရှင်းဖေး
ဖြစ်နေသောကြောင့် ဖြစ်သည်။

သူမ၏ စီနီယာဖြစ်သော တောက်ယုတင်းသည်
အင်မော်တယ်ဝိညာဉ် အဆင့်သို့
ရောက်သွားသည်မှာ ကြာလှပြီ ဖြစ်သော်လည်း
လီရှင်းဖေး အနေဖြင့် အင်မော်တယ်ဝိညာဉ်
အဆင့်သို့ မရောက်သေးချေ။ သို့ရာတွင် သူမသည်
အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်သို့
ရောက်နေခဲ့သည်မှာ ကြာလှပြီ ဖြစ်သည်။

လီရှင်းဖေး၏ ကျင့်ကြံမှု အမြန်နှုန်းသည်
အစပိုင်းတွင် နှေးကွေးသော်လည်း ပြီးတာနှင့်

ပို၍ပို၍ ပြန်လာသည်။ ဝမ်လင်း၏
လမ်းညွှန်မှုအောက်တွင် သူမ၏
တိုးတက်မှုနှုန်းသည် များစွာပို၍ သိသာလာသည်။

သူမသည် မူလတွင် ဟွမ်ကျန်းထင်၊
ယန်တီတို့နှင့်အတူ အင်မော်တယ်ဝိညာဉ် အဆင့်သို့
အတူ တက်လှမ်းနိုင်မည် ဖြစ်သော်လည်း
မထင်မှတ်ထားသော အခြေအနေ တစ်ခု
ပေါ်လာခဲ့ကာ သူမကို နှောင့်နှေးစေခဲ့သည်။

သူမသည် ထိုကိစ္စများကို ယခုအချိန်တွင်
ကိုင်တွယ်ရမည် ဖြစ်သည်။

လီရှင်းဖေးသည် ဟင်းလင်းပြင် အတွင်းမှ
အေးအေးဆေးဆေး လျှောက်လှမ်းလာရင်း သူမ၏
အမူအရာသည် တည်ငြိမ်နေသည်။ သူမသည်
တစ်ယောက်ကိုမှ မထိတ်လန့်စေပဲ
ဤအလယ်ကမ္ဘာ အတွင်းမှ မြို့တစ်မြို့ထံသို့
ဆင်းသက်လာသည်။ ဤမြို့အတွင်းတွင်
လီအိမ်တော်ဟုခေါ်သော စံအိမ်တစ်လုံး ရှိသည်။
ထိုနေရာသည် သူမ၏ မိဘများ နေထိုင်သော
နေရာဖြစ်သည်။

ဤစံအိမ်သည် သာမန် စံအိမ် တစ်လုံးနှင့်သာ
တူနေသော်လည်း မိုင်ပေါင်းတစ်သန်း အတွင်းမှ
လူများအားလုံးသည် ဤစံအိမ် အတွင်းမှ လူများကို
အပြစ်လုပ်မိမည်ထက် စာလျှင် မြို့တော်ဝန်၏
ဒေါသကိုသာ ခံယူလိုနေကြမည် ဖြစ်သည်။

လီမိသားစု၏ ပတ်ဝန်းကျင်သည် သိပ်မဆိုးရွားပဲ သူတို့၏ ကြီးစိုးနိုင်သော အရှိန်အဝါသည် လီရှင်းဖေးကြောင့်သာ ဖြစ်သည်။ လီရှင်းဖေး၏ နောက်ကွယ်မှ သစ်တောဗိမာန်နှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ကို ထည့်မတွက်လျှင်ပင် သူမကိုယ်တိုင်က မဟာကမ္ဘာ တစ်ခုလုံးတွင် နာမည်ကျော်နေပြီ ဖြစ်သည်။

လီရှင်းဖေးသည် ထိုစံအိမ် အတွင်းသို့ ဝင်လာခဲ့သည်။ အစေခံများသည် သူမကို မမြင်ခဲ့ကြသကဲ့သို့ ဖြစ်နေပြီး သူမသည် စံအိမ်နောက်ကျောမှ အိမ်လေးတစ်လုံး အတွင်းသို့ ရောက်လာခဲ့သည်။

သူတို့၏ သမီးက သူတို့၏ အရှေ့တွင် ရုတ်တရက် ပေါ်လာသော အခါ သူမ၏ မိဘများက အံ့အားသင့်သွားကြသည်။

"အဖေ... အမေ..." လီရှင်းဖေးက သူမ၏ မိဘများကို နှုတ်ဆက်လိုက်ရာ သူမ၏ ဖခင်က ပြုံးလိုက်သည်။ "မင်းက ဒီကိုလာမယ် ဆိုတာကို ငါတို့ကို ဘာဖြစ်လို့ ကြိုမပြောတာလဲ... ချန်းကျွင်း... မင်းကဒီကို မင်းတစ်ယောက်တည်း လာတာလား... ဒါမှမဟုတ် မင်းရဲ့တပည့် တစ်အုပ်စုနဲ့လား"

သူမ၏ မိဘများက သူမအား အိမ်နာမည်ကို ခေါ်ခဲ့သည်ကို ကြားခဲ့ရသော အခါ လီရှင်းဖေး၏ မျက်လုံးများသည် ခံစားချက်များဖြင့်

လှုပ်ရှားသွားသည်။ သူမ၏ ခံစားချက်များသည် ပြင်းထန်သော လှိုင်းလုံးများကဲ့သို့ ပေါက်ကွဲထွက်လာကာ သူမ၏ တည်ငြိမ်မှုကို ထိန်းမထားနိုင်တော့ချေ။

သူမ၏ မိဘများသည် သူမ၏ တုံ့ပြန်မှုကို တွေ့ခဲ့ရသော အခါ အံ့အားသင့်သွားကြသည်။ သူတို့၏ သမီးသည် အမြဲတစေ တည်ငြိမ် အေးဆေးသူ ဖြစ်သည်ကို သူတို့က သိထားကြသည်။ ယခုအချိန်တွင် သူမသည် မြင့်မားသော ကျင့်ကြံမှုကို ပိုင်ဆိုင်ထားသဖြင့် သူမ၏ အဆင့်အတန်းသည် မြင့်မားနေပြီး များစွာ ရှိသေ လေးစားခြင်းကို ခံနေရပြီ ဖြစ်သည်။

သူမသည် သူတို့နှင့်အတူ ရှိခဲ့စဉ် အချိန်ကပင်
သူမအား ဤကဲ့သို့ ပုံစံမျိုးဖြင့် မမြင်ဖူးခဲ့ကြပေ။

လီရှင်းဖေးသည် အသက်ပြင်းပြင်း ရှူလိုက်၍
တိုးညင်းစွာ ပြောလိုက်သည်။ "အဖေ... အမေ...
ဒီအရာတွေက အသုံးဝင်နိုင်သလား ဆိုတာကို
သေချာကြည့်ထားပါ"

သူမသည် ကျောက်စိမ်း အဆောင်လက်ဖွဲ့ တစ်ခုကို
ထုတ်ယူလိုက်ပြီး သူမ၏ လက်များဖြင့်
ဖိခြေလိုက်ကာ ပြောလိုက်သည်။

ထိုကျောက်စိမ်း အဆောင်လက်ဖွဲ့မှနေ၍
အလင်းတန်းတစ်ခု ထွက်လာကာ အိမ်အတွင်းမှ

လေဟာနယ်သည် စတင်၍ တုန်ခါလာ၍
တွန့်လိမ်သွားပြီး ပုံစံ ပြောင်းသွားခဲ့သည်။

သူတို့ သုံးယောက်၏ အရှေ့တွင် ကျယ်ပြန့်သော
ကောင်းကင်တစ်ခု ပေါ်လာသည်။ သူမ မိဘများ၏
မျက်လုံးများသည် တောက်ပလာ၍ သူမ၏ မိခင်က
ပြောလိုက်သည်။ "ငါတို့က ကျင့်ကြံမှုကို
နားမလည်ဘူး ဆိုတာကို မင်းသိတာပဲ... ငါတို့ကို
ဘာဖြစ်လို့ ဒါကိုပြရ..."

သူမသည် ရုတ်တရက်ပင် သူမ၏ စကားကို
ဆုံးအောင် မပြောနိုင်တော့ချေ။ သူမသည် သူမ၏
အရှေ့မှ အလင်းတန်း ပုံရိပ်ကို စိုက်ကြည့်နေရင်း
သူမ၏ မျက်လုံးများသည် မှေးမှိန်
လေးကန်လာခဲ့သည်။ "ဒါ... ဒါက"

သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် တုန်ခါလာ၍ ထရပ်လိုက်သည်။ သူမ၏ မျက်လုံးများသည် သူမအရှေ့မှ အလင်းတန်း ပုံရိပ်အား စိုက်ကြည့်နေရင်း သူမအနောက်မှ ခင်ပွန်းအား လှမ်းပုတ်လိုက်သည်။ "ဒါက တကယ်ပဲ..."

သူမ၏ ဖခင်ကလည်း အံ့သြ တုန်လှုပ်စွာဖြင့် ထရပ်လိုက်သည်။ သူသည် အလင်းတန်း ပုံရိပ်အား အချိန်အကြာကြီး စိုက်ကြည့်နေ၍ သူ၏ မျက်လုံးများသည် လီရှင်းဖေး ယခင်က တစ်ခါမှ မမြင်ဖူးသော ထူးခြားသည့် အလင်းတန်းများဖြင့် တောက်ပလာသည်။

ဤအချိန်တွင် သူမ၏ မိဘများသည် ယခင်က တစ်ခါမှ မတွေ့ဖူးခဲ့သည့် သူစိမ်းများအလား ဖြစ်သွားသည်ဟု အမှန်ပင် ခံစားခဲ့လိုက်ရသည်။

"မဟုတ်ဘူး... သူတို့က အတူတူ မဟုတ်ဘူး" သူမ၏ ဖခင်သည် အချိန်အတန်ကြာမှ သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်သည်။ သူမ၏ မိခင်သည် အချိန်အနည်းငယ် ပိုကြည့်နေခဲ့ပြီးမှ သူမ၏ ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်... သူတို့က ကွဲပြားနေတယ်"

ပြီးတာနှင့် သူတို့သည် လီရှင်းဖေးထံသို့ လှည့်ကြည့်လိုက်ကြလေသည်။

လီရှင်းဖေး၏ ခံစားချက်များသည် နောက်ဆုံးတွင် ငြိမ်သက်လာ၍ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "အဖေနဲ့ အမေတို့က ဥပေက္ခာ မဟာလမ်းစဉ်ကို တကယ်ပဲ သိနေကြတဲ့ အတွက် အဖေတို့ရဲ့ သမီးကို အနည်းငယ် လမ်းညွှန်မှုတွေ ပေးပါလား"

## စာစဉ် ၇၀ : အပိုင်း ၁၅

## အပိုင်း ၁၃၆၅ : မိဘနှင့် ကလေး

လီရှင်းဖေး၏ မိဘများသည် ယခုအချိန်တွင် သူမအား စိုက်ကြည့်နေကြသည်။ သူတို့၏ မျက်နှာများ အတွင်းတွင် လွန်စွာ ရှုပ်ထွေးနေသော ခံစားချက်များကို တွေ့နေနိုင်သည်။

သူမ၏ ဖခင်သည် ဘာမှ မပြောခဲ့ပဲ သူမ၏ မိခင်က သက်ပြင်းချလိုက်သည်။ သူမသည် လီရှင်းဖေးအား ကြည့်၍ ပြောလိုက်သည်။ "မင်းက ဘာကို တွေ့ရှိခဲ့သလဲ"

"ကျွန်မက လတ်တလောမှသာ သိခဲ့တာပါ... အဖေနဲ့ အမေတို့ဟာ ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှာ အရေးပါတဲ့ နေရာတွေမှာ ရှိခဲ့ပြီး ကျွန်မ အရင်က ထင်ထားသလိုမျိုး သာမန်လူတွေ မဟုတ်ခဲ့ဘူး... အမေတို့ နှစ်ယောက်စလုံးဟာ ကျွန်မလိုမျိုး ကျင့်ကြံသူတွေပဲ... ဒါ့အပြင် အမေတို့ရဲ့ နောက်ခံကလည်း သာမန်မဟုတ်ဘူး"

လီရှင်းဖေးက ပြောလိုက်သည်။ "ဒီလိုဆိုတော့ အမေတို့က ဘာဖြစ်လို့ ကျွန်မကို ပိုင်ယွင်တောင်မှာ မကျင့်ကြံစေခဲ့တာလဲ"

"အမေတို့ နှစ်ယောက်စလုံးဟာ ဥပေက္ခာ မဟာလမ်းစဥ်ကို ကျင့်ကြံနေရင်း ကျင့်ကြံမှုတွေ ဆုံးရှုံးသွားခဲ့ပြီး ပိုင်ယွင်တောင်ကနေ ထွက်ခွာခဲ့ရတယ်… ဒီလိုဆိုတော့ ကျွန်မကို ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှာ သင်ယူနိုင်အောင် စီစဥ်ပေးဖို့ အာဏာ မရှိတော့ဘူး… ဒါပေမဲ့ ကျွန်မကို ဂိုဏ်းအတွင်းကို ဝင်နိုင်ဖို့ ဆန်းစစ်မှုတွေကို ပေးဖြေလို့ ရသေးတာပဲ"

သူမ၏ မိခင်သည် အချိန်အတန်ကြာ ငြိမ်သက်နေပြီးမှ သူမ၏ မျက်လုံးများ အတွင်းတွင်

ရှုပ်ထွေးသော အကြည့်တစ်ခု ပေါ်လာသည်။
"ငါတို့က အဲ့ဒီလိုမျိုးပဲ ဖြစ်စေချင်တယ်…
အဲ့လိုဆိုရင် အခြေအနေတွေက အခုလိုမျိုး
ကသိကအောက် ဖြစ်သွားတောမှာ မဟုတ်ဘူး"

သူမ၏ ဖခင်က ရုတ်တရက် ဝင်ပြောလိုက်သည်။
"အခုလည်း ကောင်းနေတယ် မဟုတ်လား… မင်းက
အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်သွားပြီး
ကျင့်ကြံမှုတွေ အများကြီး တိုးတက်သွားတယ်…
မင်းက ငါတို့ အတိတ်တုံးကထက်တောင်
ပိုကောင်းနေပြီး ငါတို့က မင်းအတွက်
ပျော်ရွှင်နေတယ်"

"မင်းကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို
ခင်တွယ်ပြီး မင်းရဲ့ အကြီးအကဲတွေကို

ရှိသေလေးစားကာ မင်းရဲ့ ဂိုဏ်းတူ
မောင်နှမတွေနဲ့လည်း ချစ်ချစ်ခင်ခင် ရှိတယ်"

"မင်းက ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းကို
မဝင်နိုင်တာက နှမြောစရာ ကောင်းပေမဲ့ အခုလည်း
မဆိုးပါဘူး... ချန်းကျွင်း... မင်းအခု ငါတို့ကို
ပြသခဲ့တဲ့ နည်းစနစ်ဟာ ဥပေက္ခာ မဟာလမ်းစဉ်နဲ့
ဆင်တူနေပေမဲ့ ကွဲပြားနေတယ်... ဒါက
ဘယ်ကနေ လာခဲ့တာလဲ... သူ့ရဲ့
ရည်ရွယ်ချက်ကရော ဘာလဲ"

သူသည် ယခုအချိန်တွင် ပုံမှန်အတိုင်း
ပြန်ဖြစ်သွားကာ တွန့်ဆုတ်နေခြင်း အလျဉ်း
မရှိတော့ပေ။

သူသည် ကျင့်ကြံမှုလုံးဝ မရှိနေတော့သော်လည်း သူ၏ အားကောင်းသော အရှိန်အဝါကို ခံစားနေရသေး၍ သူယခင်က အများကို ပြသခဲ့သော သာမန်ပုံစံနှင့် အနည်းငယ် ကွဲပြားနေသည်။

လီရှင်းဖေး၏ မိခင်သည် အခြားတစ်ဘက်တွင် ထိုင်နေကာ သူမ၏ အမူအရာကလည်း ပြောင်းလဲသွားခဲ့သည်။ သူမသည် ရုတ်တရက်ပင် သန့်စင် တင့်တယ်လာသည်ဟု ထင်နေရသည်။

လီရှင်းဖေးက ပြန်ဖြေလိုက်သည်။ "ဒါက ကျွန်မရဲ့ ဆရာနဲ့ အကြီးအကဲတွေက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ဥပေက္ခာ မဟာလမ်းစဉ်ကို လေ့လာအပြီးမှာ ရလာတဲ့ ရလဒ်ဖြစ်ပါတယ်"

သူမ၏ ဖခင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "သူတို့က ဥပေက္ခာ မဟာလမ်းစဉ်ရဲ့ မူလကျမ်းစာကို ဘယ်ကနေ ရခဲ့တာလဲ"

သူသည် သူမ၏ လက်ရှိ စိတ်အခြေအနေကို အကြမ်းဖျင်း ရိပ်မိနေပြီး သူမ၏ ရင်အတွင်းတွင် အထုံးတစ်ထုံး ရှိနေသည်ကို သိနေခဲ့သည်။ သူသည် သူမနှင့် အငြင်းမပွားနေလိုပဲ သူတို့အကြားတွင် မပျော်ရွှင်သော ခံစားမှုများကို ဖြစ်ပေါ်မလာစေလိုပေ။

သို့သော်လည်း ဤမေးခွန်းသည် ဟင်းလင်းပြင် ဘုရားကျောင်း အတွက် အမတန်မှ အရေးကြီးသည်။ အကယ်၍ ဥပေက္ခာ

မဟာလမ်းစဉ်သည် အပြင်သို့ ပေါက်ကြားသွားခဲ့ပါက နောက်ဆက်တွဲ အကျိုးဆက်များသည် များစွာ အန္တရာယ် ကြီးမားပေသည်။

လီရှင်းဖေးက အမှုထားနေသည့်ပုံ ပေါက်မနေချေ။ သူမသည် ပွင့်လင်းစွာဖြင့် ပြန်ဖြေလိုက်၏။ "ကျွန်မတို့က ဥပေက္ခာ မဟာလမ်းစဉ်ရဲ့ မူလကျမ်းစာကို ရယူခဲ့တာ မဟုတ်ပါဘူး... ဒါက သူတို့ရဲ့ ကိုယ်ပိုင် လေ့လာဆန်းစစ်မှုရဲ့ ရလဒ်ပါ... ဒါကြောင့်မို့ သူက အဖေတို့ရဲ့ မျက်လုံးထဲမှာ ဥပေက္ခာ မဟာလမ်းစဉ်နဲ့ အတော်လေး ဆင်တူနေတာ ဖြစ်တယ်"

သူမ၏ မိဘ နှစ်ယောက်စလုံးတို့က
မှင်သက်သွားကြသည်။ "... မဖြစ်နိုင်ဘူး"

သူတို့သည် မသိစိတ်မှနေ၍
ငြင်းဆန်နေလိုကြသော်လည်း ထိုစကားလုံးများက
သူတို့၏ ပါးစပ်အတွင်းသို့ ရောက်လာကြသော အခါ
ငြိမ်သက်သွားကြသည်။ သူတို့သည် ဘာမှ
မတတ်နိုင်ပဲ လွန်ခဲ့သော နှစ်ပေါင်းများစွာက
ခွန်းလွန်တောင် အပေါ်မှ ကမ္ဘလမ်းစဥ် ကိစ္စကို
ပြန်လည်၍ အမှတ်ရလာကြသည်။

လီရှင်းဖေးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။
"ကျွန်မရဲ့ ဆရာဘိုးဘိုးက အမတန်မှ ဗဟုသုတ
ကြွယ်ဝပြီး ကျွန်မတို့ဂိုဏ်းရဲ့ နည်းစနစ်တွေက
ကောင်းကင်နဲ့ မြေကြီးတို့နဲ့ အနီးကပ်ဆုံး

ဖြစ်တယ်… ဒါဆိုတော့ ကျန်တဲ့ နည်းစနစ်တွေကို လေ့လာဖို့က သိပ်မခက်ခဲဘူး… ဒါပေမဲ့ ကျွန်မတို့က သဲလွန်စတွေ လုံးဝမရှိပဲ ကျန်တဲ့ နည်းစနစ်တွေကို လေ့လာနိုင်မှာ မဟုတ်ဘူး… ဒါပေမဲ့ ရလဒ်တွေက သိပ်ပြီးမှ မကွဲပြားဘူး"

သူမ၏ အသံသည် လွန်စွာ တည်ငြိမ်နေ၍ သဘာဝအတိုင်း ဖြစ်နေသည်။ သူမသည် ကြွားလုံးထုတ်နေသည်နှင့် မတူပဲ အလွန်အမင်း သာမန်ဆန်သော အရာတစ်ခုကို ပြောနေခဲ့သည့် အတိုင်းဖြစ်သည်။

သူမ၏ မိဘများသည် ထိုစကားများကို ကြားခဲ့ရသော အခါ ငြိမ်သက်သွားကြသည်။

"ဥပေက္ခာ မဟာလမ်းစဥ်သာ မဟုတ်ပဲ ကျွန်မရဲ့ ဆရာက ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာကိုလည်း ဆင်ခြင်သုံးသပ်ထားသေးတယ်" လီရှင်းဖေးက ဆက်ပြောလိုက်သည်။ "စကြာဝဠာ စကျင်ဗုဒ္ဓက ပြန်လည် ဆင်းသက်လာပြီး ဗုဒ္ဓဝါဒကို ပြန်လည် ရှင်သန်စေခဲ့လို့ ဗုဒ္ဓဝါဒရဲ့ ပျောက်ဆုံးနေတဲ့ ကွက်လပ်တွေက ပြည့်သွားခဲ့တယ်"

"ဒါပေမဲ့ ကျွန်မတို့ ဂိုဏ်းထဲမှာလည်း တထာဂတ ဓမ္မကျမ်းစာတွေ အတွင်းက မပြည့်စုံသေးတဲ့ ဗိရိကာနာ မန္တန်ကိုလည်း ဖြည်းဖြည်းခြင်း လေ့လာသုံးသပ်နိုင်နေပြီ"

"ဒါက ဗုဒ္ဓဝါဒက လက်ဆင့်ကမ်းလာတဲ့ အရာတွေနဲ့ ထပ်တူမညီနေပေမဲ့ သိပ်ပြီးမှ မကွာနေဘူး"

သူမ၏ မိဘများသည် အချင်းချင်း ကြည့်လိုက်ကြသည်။ "ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာကိုတောင်… ဒါပေမဲ့… ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

သူတို့ နှစ်ယောက်သားသည် အချင်းချင်း ပဟေဠိ ဖြစ်နေသော အကြည့်များဖြင့် လီရှင်းဖေး ခြေမွလိုက်သော ကျောက်စိမ်း အဆောင်လက်ဖွဲ့အား ကြည့်လိုက်ကြသည်။ ဥပေက္ခာ မဟာလမ်းစဥ်အား သုံးသပ်ထားမှုများသည် ပုံရိပ်ယောင် အလင်းတန်း ပုံရိပ်တစ်ခု အတွင်းတွင် ပေါ်လာကြသည်။

သူတို့အနေဖြင့် ထိုအရာသည် တစ်စုံတစ်ယောက်က ဂိုဏ်းအတွင်းမှ နည်းစနစ်များကို အပြင်သို့ ဖြန့်ထားခြင်းသာ ဖြစ်ပါစေဟုသာ ဆုတောင်းနေကြသည်။

ဤကဲ့သို့ဆိုလျှင် ပြဿနာသည် လေးနက်သော်လည်း တစ်စုံတစ်ယောက်ကြောင့်သာ ဖြစ်ပြီး ယခုကဲ့သို့ ဖြစ်နေလိမ့်မည် မဟုတ်ချေ။ သူတို့သည် သူတို့၏ ကမ္ဘာက ပုံရိပ်ယောင် ဖြစ်သွားသကဲ့သို့ ခံစားနေကြရသည်။

သူတို့ နှစ်ယောက်သားသည် ယခုအချိန်တွင် ကူရာမဲ့နေကာ ခံစားချက် ပြင်းထန်နေကြသည်။

သူတို့၏ တာအို နှလုံးသားများက ကြေမွသွား၍
သူတို့၏ ကျင့်ကြံမှုများ ဆုံးရှုံးခဲ့ရသော်လည်း
သူတို့သည် ပိုင်ယွင်တောင် အပေါ်တွင် အလွန်
သစ္စာရှိနေကြသေးသည်။

သူတို့တွင် နာကြည်းသော ခံစားချက်များ မရှိပဲ
လင်းတောက်ဟန်က သူတို့၏ သမီးအား အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသို့ ပို့ရန် အစီအစဥ်ကို
လက်ခံခဲ့သည်။ သူတို့သည် ဟင်းလင်းပြင်
ဘုရားကျောင်း အပေါ်တွင် များစွာ ယုံကြည်ချက်
ရှိနေကာ သူတို့သမီး၏ အနာဂတ်သည်
ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင်သာ
ရှိနေလိမ့်မည်ဟု ယုံကြည်နေခဲ့ကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
မထင်မှတ်ပဲ မြင့်တက်လာမှုသည် ယခုအချိန်တွင်
သူတို့နှစ်ယောက်စလုံးအား လွန်စွာမှ
ဘာလုပ်ရမှန်းမသိ ဖြစ်စေခဲ့သည်။

သူတို့၏ ကိုယ်ပိုင်ဂိုဏ်း၏ အခြေခံသည် သန်မာ၍
ကြွယ်ဝသော အမွေအနှစ်များ ရှိနေသည်ဟု
ယုံကြည်နေကြသော်လည်း ယခုအချိန်တွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရား နယ်မြေ၏
အဓိက အင်အားစုအဖြစ် ဟင်းလင်းပြင်
ဘုရားကျောင်းကို အစားထိုးခဲ့ပြီ ဖြစ်သည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ယခုအချိန်တွင်
မဟာကမ္ဘာ တစ်ခုလုံး၏ ဗဟိုချက် ဖြစ်နေခဲ့ပြီ
ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းကပင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား နေရာပေးကာ
မီးရောင်အောက်မှ ဖယ်ပေးခဲ့ရသည်။

ဤကဲ့သို့သော ပြောင်းလဲမှုသည် လီရှင်းဖေး၏
မိဘများအား ကြောက်ရွံ့ တုန်လှုပ်စေခဲ့သည်။

ဥပေက္ခာ မဟာလမ်းစဥ်ကြောင့် သူတို့၏
အနာဂတ်သည် ဟင်းလင်းပြင် ဘုရားကျောင်း
အတွင်းတွင် ရှိနေသည်။ သို့သော်လည်း
သူတို့သမီး၏ အနာဂတ်သည် ဟင်းလင်းပြင်
ဘုရားကျောင်း အတွင်းတွင် ရှိနေဦးမည်လော။

သူတို့ နှစ်ယောက်စလုံးသည် လီရှင်းဖေးအား အမတန်မှ ချစ်မြတ်နိုးကြသေးသည်။ သူတို့၏ ကိုယ်ပိုင် အကျိုးသည် ယခုအချိန်တွင် သူတို့သမီး၏ အကျိုးနှင့် ပဋိပက္ခ ဖြစ်နေကြပြီ ဖြစ်၍ သူတို့သည် စိတ်ရှုပ်ထွေးနေကြလေသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ဤနှစ်များ အတွင်းတွင် သိုသိုသိပ်သိပ် နေနေခဲ့ပြီး လင်းတောက်ဟန်ကလည်း ယခုအချိန်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ထည့်ထားသော သူလျှိုအား ထုတ်သုံးဦးမည် မဟုတ်ချေ။

လီရှင်းဖေး၏ မိဘများသည် ထိုအတွက်ကြောင့် စိတ်သက်သာရာ ရနေခဲ့ပြီး သူတို့၏ သမီးက အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် မြင့်တက်လာသည်ကို ကြည့်နေပြီး ပျော်ရွှင်နေကြသည်။ သို့သော်လည်း သူတို့၏ စိတ်အတွင်းတွင် စိုးရိမ်ပူပန်မှုများ ရှိနေကြသေးသည်။

ယခုအချိန်တွင် လီရှင်းဖေး၏ ရုတ်တရက် ပေါ်ပေါက်လာမှုသည် အရာအားလုံးကို ဖော်ပြခဲ့ပြီး သူတို့အနေဖြင့် ဆက်လက် ဟန်ဆောင်နေ၍ မရတော့ပေ။

"ဆရာနဲ့ ကျန်တဲ့သူတွေက အဖေနဲ့ အမေတို့က ဘယ်သူတွေလဲ ဆိုတာကို သိနေကြပြီး ကမ္ဘာနှစ်ခု အကြားက စစ်ပွဲ မတိုင်ခင်ကတည်းက ဖော်ထုတ်နိုင်ခဲ့တာ" လီရှင်းဖေးက ပြောလိုက်သည်။

"ဒါပေမဲ့ သူတို့က ကျွန်မကို
အခက်မတွေ့စေလိုနေလို့ ဘာမှ မလုပ်ခဲ့ဘူး...
ဆရာကလည်း အဖေတို့ရဲ့ အခြေအနေကို
သိနေတယ်... ဒါကြောင့်မို့ အခုအချိန်အထိ
စောင့်ပြီးမှ အဖေတို့ကို ပြောခိုင်းဖို့ ဆုံးဖြတ်ခဲ့တာ"

သူတို့ နှစ်ယောက်စလုံး၏ မျက်နှာများက
တည်သွားကြ၍ မေးလိုက်သည်။ "ဒါကဘာကို
ဆိုလိုနေတာလဲ"

လီရှင်းဖေးသည် ဥပေက္ခာ မဟာလမ်းစဥ်၏
ပုံရိပ်ယောင် အလင်းတန်း ပုံရိပ်အား
ကြည့်လိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ဥပေက္ခာ မဟာလမ်းစဥ်ဟာ အမတန်မှ ထူးခြားတဲ့

နည်းစနစ် တစ်ခုဖြစ်တယ်...
ထိပ်သီးပုဂ္ဂိုလ်တွေတိုင်းက သူ့ကို
ချီးကျူးကြတယ်... ဒါပေမဲ့ သူ့မှာ ချို့ယွင်းချက်တွေ
ရှိနေတယ်... ဒါကြောင့်မို့ အဖေတို့ရဲ့
တာအိုနှလုံးသားတွေက ကြေမွသွားပြီး
ကျင့်ကြံမှုတွေက ပျောက်ကွယ်သွားတာ....
အဖေတို့က နောက်ထပ် နည်းစနစ်တွေကိုလည်း
မကျင့်ကြံနိုင်ကြဘူး"

လီရှင်းဖေး၏ မိဘများသည် သူမ၏ စကားများကို
ကြားခဲ့ရသော အခါ မျက်နှာများ
ပျက်သွားကြသော်လည်း ဘာမှ မတုံ့ပြန်ခဲ့ကြပေ။

အကယ်၍ သူတို့နေရာတွင် ဟင်းလင်းပြင်
ဘုရားကျောင်းမှ အခြား တပည့်များဆိုလျှင်

ကွဲပြားခြားနားသော တုံ့ပြန်မှုများ ရှိနေလိမ့်မည်။ သို့သော်လည်း သူတို့ နှစ်ယောက်စလုံးသည် သူမ၏ စကားများကို မတုံ့ပြန်ခဲ့ကြပေ။ ထို့အပြင် သူတို့သည် သူတို့၏ အကြီးအကဲများက ဤပြဿနာ အကြောင်းအား ပြောဆိုနေကြသည်ကို အတိတ်က ကြားဖူးခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ထိပ်တန်း ကျင့်ကြံသူများသည် သူတို့၏ ကိုယ်ပိုင် နည်းစနစ်များ၏ အားနည်းချက်ကို လျစ်လျူရှုထားခြင်း အားဖြင့် သူတို့ကိုယ်တိုင်နှင့် အခြားသူများအား လိမ်ညာနေကြမည် မဟုတ်ချေ။ ချို့ယွင်းချက်များကို ပြင်ဆင်သည့် ဖြစ်စဥ်အတွင်းတွင် သူတို့အနေဖြင့်

ဤနှစ်များအတွင်း တိုးတက်မှု အချို့ကို ရခဲ့ကြသည်။

လီရှင်းဖေးက ပြောလိုက်သည်။ "ဥပေက္ခာ မဟာလမ်းစဥ်ကို သုံးသပ်ခဲ့တဲ့ ကျွန်မဆရာနဲ့ ကျန်တဲ့သူတွေ အပြင် ဆရာဘိုးဘိုးကလည်း သူ့ရဲ့ကိုယ်ပိုင် အတွေးအမြင်တွေကို ထည့်သွင်းပေးခဲ့တယ်... ဒါကြောင့်မို့ ဒီနည်းစနစ်က အများကြီး ပြောင်းလဲသွားခဲ့ပြီ"

"အချိန် အကန့်အသတ်ကြောင့် သူ့ဆီမှာ ချို့ယွင်းချက် အနည်းငယ် ရှိနေသေးပေမဲ့ တကယ်လို့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အစွမ်းထက် ကျင့်ကြံသူ တစ်ယောက်က ဒီပြုပြင်ထားတဲ့ နည်းစနစ်ကို ကျင့်ကြံပြီး

နောက်ထပ် ဆင်ခြင် သုံးသပ်ခဲ့မယ် ဆိုရင် ဥပေက္ခာ မဟာလမ်းစဥ်ရဲ့ ချို့ယွင်းချက်တွေကို အမှားပြင်နိုင်လိမ့်မယ်"

သူမသည် သူမ၏ မိဘများကို ကြည့်လိုက်သည်။ "ဒါက အဖေတို့ နှစ်ယောက်စလုံး အတွက်ရော ဥပေက္ခာ မဟာလမ်းစဥ်ကြောင့် တာအိုနှလုံးသားတွေ ကြေမွသွားခဲ့တဲ့ ကျန်တဲ့သူတွေ အတွက်ပါ ကောင်းမွန်တဲ့ ကိစ္စတစ်ခု ဖြစ်တယ်"

လီရှင်းဖေး၏ မိဘများသည် သူမ၏ စကားများကို ကြားခဲ့ရသော အခါ နှစ်ယောက်စလုံး အံ့သြ တုန်လှုပ်သွားကြသည်။

သူမ၏ ဖခင်သည် သူ၏အာရုံများ အားလုံးတို့အား ထိုအလင်းတန်း ပုံရိပ်ယောင် အပေါ်သို့ စူးစိုက်လိုက်ကာ သူ့အား နားလည်အောင် ကြိုးစားနေခဲ့သည်။

သူမ၏ မိခင်သည် စိတ်ရှုပ်ထွေးစွာနှင့် သူမ၏ သမီးအား ကြည့်လိုက်သည်။ "ချန်းကျွင်း... နင်က..."

လီရှင်းဖေးက သက်ပြင်းတစ်ချက် ချလိုက်သည်။ "အမေ... ဟင်းလင်းပြင် ဘုရားကျောင်းက ထိပ်တန်း ကျင့်ကြံသူတွေဟာ ဥပေက္ခာ မဟာလမ်းစဉ်ကို သုံးသပ်နေကြရင်းနဲ့ ချက်ချင်း အာရုံခံမိကြလိမ့်မယ်လို့ ဆရာက ပြောခဲ့တယ်"

သူမ၏ မိခင်သည် သူမ၏ စကားများကို
ကြားခဲ့ရသော အခါ တိတ်ဆိတ်သွားသည်။
သူမအနေဖြင့် ဤကိစ္စတွင် ဘာမှ
ပြောခွင့်မသာတော့သည်ကို
သဘောပေါက်သွားခဲ့သည်။

လီရှင်းဖေးကလည်း ဤကိစ္စအား နောက်ထပ်ထပ်၍
မပြောခဲ့ပေ။ သူမသည် သူမမိခင်ဘေးသို့
လျှောက်လာ၍ သူမဘေးတွင် ထိုင်လိုက်သည်။
ပြီးတာနှင့် သူမ၏ လက်ဝါးများကို
ဆုပ်ကိုင်လိုက်သည်။

ခဏအကြာတွင် လီရှင်းဖေး၏ ဖခင်သည် သူ၏
မျက်လုံးများကို ပိတ်လိုက်ကာ ဖြည်းဖြည်းချင်း
ပြန်ဖွင့်လိုက်သည်။ သူ၏ မျက်လုံးများ အတွင်းတွင်

ထူးခြားဆန်းကြယ်သော အလင်းတန်းတစ်ခု လည်ပတ်နေကာ သူ၏ အရှိန်အဝါက ပြောင်းလဲသွားသည်ဟု ထင်နေရသည်။

သူသည် လီရှင်းဖေးနှင့် သူ့ဇနီးထံသို့ လှည့်၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "သူမပြောတာ မှန်တယ်နဲ့ တူတယ်"

ယခုအချိန်တွင် သူသည် စိတ်လှုပ်ရှားရမည်လော၊ ကြောက်ရွံ့ရမည်လောကို မသေချာနေခဲ့ပေ။ သူ၏လေသံသည် တည်ငြိမ်နေသော်လည်း သူ၏အသံသည် သိသိသာသာ တုန်ခါနေခဲ့သည်။

လီရှင်းဖေးက ပြုံးလိုက်သည်။ "အဖေက ဟင်းလင်းပြင် ဘုရားကျောင်းက အကြီးအကဲ တစ်ယောက်ကို ဆက်သွယ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်... သူတို့ကလည်း ဒီပြဿနာကို ဖြေရှင်းချင်နေကြမှာပဲ"

လီရှင်းဖေး၏ မိဘ နှစ်ယောက်စလုံးက မှင်သက်သွားကြသည်။ လီရှင်းဖေးက ဆက်၍ပြုံးနေကာ ပြောလိုက်သည်။ "ဒါက ကျွန်မ ဒီကနေ့ လာရတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ်... ဒီကနေ့အပြီးမှာ အဖေတို့ နှစ်ယောက်ဟာ အဖေတို့ရဲ့ အနာဂတ်ကို ဆုံးဖြတ်ဖို့ လိုအပ်လိမ့်မယ်... တကယ်လို့ အဖေတို့က ပိုင်ယွင်တောင်ကို ပြန်သွားနိုင်ခဲ့ရင်လည်း မဆိုးပါဘူး"

"ဒါပေမဲ့ ကျွန်မရဲ့ဂိုဏ်းဟာ အမြဲတမ်းပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ဖြစ်နေလိမ့်မယ်"

သူမ၏ မိဘများသည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ အကယ်၍ ဥပေက္ခာ မဟာလမ်းစဥ်သည် ချို့ယွင်းချက်များ မရှိတော့ပါက ဟင်းလင်းပြင် ဘုရားကျောင်းမှ ဤနည်းစနစ်ကို ကျင့်ကြံထားသော သူများအနေဖြင့် ဤပြဿနာများကို ကြုံတွေ့ရတော့မည် မဟုတ်ရုံသာမက သူတို့၏ ကျင့်ကြံမှု လမ်းကြောင်းသည် ပိုမို ချောမွေ့လာကာ အစွမ်းပိုထက်လာမည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ထို့အပြင် လီရှင်းဖေး ပြောပုံအရ ဥပေက္ခာ မဟာလမ်းစဉ်သာ မကပဲ ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာကလည်း ပါနေသေးသည်။

လီရှင်းဖေး၏ ဖခင်က မေးလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဘာများ လိုချင်နေတာလဲ"

## စာစဉ် ၇၀ : အပိုင်း ၁၆

## အပိုင်း ၁၃၆၆ : ဂိုဏ်း

လီရှင်းဖေး၏ မိဘများသည် သူတို့အရှေ့တွင် ထိုင်နေသော သူတို့၏ သမီးအားကြည့်နေရင်း သူတို့၏ အမူအရာများက လေးနက်လာကြသည်။

သူတို့သည် သာမန် စကားစမြည် ပြောနေကြခြင်း မဟုတ်တော့ပဲ ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျင့်ကြံသူ အကြားမှ စကားဝိုင်း ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ထိုနည်းစနစ် နှစ်ခုတို့အား ပြီးမြောက်သွားပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း သိရှိခဲ့မည် ဖြစ်ကာ သူတို့ကလည်း အကျိုးအမြတ် ရရှိလိမ့်မည် ဖြစ်သည်။

သို့သော်လည်း မည်သူက အကျိုးပိုရှိမည်ကို တွေးရခက်ပေသည်။

လီရှင်းဖေး၏ မိဘများနှင့် လူအများစု၏ အမြင်အရ ဟင်းလင်းပြင် ဘုရားကျောင်းသည် ပို၍ အကျိုးအမြတ် ရရှိပေမည်။

ဤအထိ တွေးမိပြီးသောအခါ လီရှင်းဖေး၏ မိဘများသည် ကြီးမားသော လက်ဆောင်တစ်ခုကို ရသွားအပြီးတွင် ချီတုံချတုံ ဖြစ်သွားခဲ့သည်။

လီရှင်းဖေးသည် သူမ ဖခင်၏ မေးခွန်းကို နားထောင်အပြီးတွင် သူမ၏ခေါင်းကို ခါလိုက်သည်။ "ဆရာက ဒါကို အဖေတို့ဆီကို ယူသွားပေးဖို့ပဲ မှာလိုက်တယ်… အဖေတို့က ဒါကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတာကိုတော့ မပြောလိုက်ဘူး… တကယ်လို့ အဖေတို့က သံသယ ရှိနေမယ် ဆိုရင်

ဂိုဏ်းက အကြီးအကဲတွေကို ဆက်သွယ်ပြီး သူတို့ကို အခြေအနေ ပြောပြလို့ရတာပဲ"

လီရှင်းဖေး၏ ဖခင်က ပြောလိုက်သည်။
"ကောင်းပြီ... ဒီလိုမျိုး ကြီးမားတဲ့ ကိစ္စကို အဆင့်မြင့်တဲ့သူတွေကပဲ ကိုင်တွယ်မှဖြစ်မယ်"

လီရှင်းဖေးက လျှို့ဝှက်စွာဖြင့် တိတ်တဆိတ် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပဲ ဤကဲ့သို့သော ကိစ္စမျိုးသည် သူတို့အဆင့်မှ လူများက ကိုင်တွယ်နိုင်သော ကိစ္စမဟုတ်ပေ။
လီရှင်းဖေးကလည်း ဆုံးဖြတ်နိုင်သော အာဏာ မရှိပေ။ သူမသည် သတင်းပေးပို့သူ သက်သက်သာ ဖြစ်သည်။

သူမသည် သူမ၏ အထူး အခြေအနေကြောင့် သတင်းပေးပို့သူ ဖြစ်လာရခြင်း ဖြစ်သည်။ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဖော်ထုတ်ခြင်း ခံလိုက်ရပြီကို သိခဲ့ပြီးသော အခါ လီရှင်းဖေး၏ မိဘများသည် သူတို့သမီး၏ အရှေ့တွင် အနည်းငယ် ကသိကအောက် ဖြစ်နေကြသည်။

လီရှင်းဖေး၏ မိဘများသည် ထုတ်မပြောခဲ့ပဲ အမြင်များ ဖလှယ်ခြင်း မပြုခဲ့ကြသော်လည်း သူတို့အနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဤနှစ်များ အတွင်းတွင် ပို၍ပို၍ သန်မာလာသည်ကို မသက်မသာ ခံစားနေရပြီး သံသယများ ဝင်လာခဲ့သည်။

သူတို့၏ ဟင်းလင်းပြင် ဘုရားကျောင်း အပေါ်မှ ယုံကြည်ချက်သည် တစ်ခါမှ မယိမ်းယိုင်ခဲ့ပေ။ သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်းသည် သူတို့သမီး၏ အနာဂတ်အတွက် အကောင်းဆုံး ရွေးချယ်မှု ဖြစ်သလော ဟူသည်ကို စတင်၍ သံသယ ဝင်လာခဲ့သည်။

အရာအားလုံးကို သိခဲ့ရပြီး၍ လီရှင်းဖေး၏ ရပ်တည်ချက်ကို ကြားခဲ့ရအပြီးတွင် သူတို့ နှစ်ယောက်စလုံးသည် အမျက်မထွက်ခဲ့သလို စိတ်ရှုပ်ထွေး၍ မနေခဲ့ပဲ ထို့အစား စိတ်သက်သာရာ ရသွားကြသည်။

သို့သော်လည်း သူတို့ နှစ်ယောက်စလုံးသည် သူတို့ တွေ့ကြုံခဲ့ရသော ခံစားချက်များကြောင့် အံ့သြ မှင်သက်နေကြလေသည်။

သူတို့သည် တစ်ချိန်က ဟင်းလင်းပြင် ဘုရားကျောင်း၏ မျိုးဆက်တပည့်များ ဖြစ်ခဲ့ကြသော်လည်း သူတို့၏ ဂိုဏ်းအပေါ်တွင် ထားသော ယုံကြည်မှုသည် ညှိမှုအထိ ယိမ်းယိုင်သွားခဲ့သည်။

သူတို့နှစ်ယောက်သည် အချင်းချင်း ကြည့်ခဲ့ကြ၍ ငြိမ်သက်သွားကြသည်။ လီရှင်းဖေး၏ မိခင်သည် ဆံပင်အစွာဖြင့် သူမ၏ ဘေးတွင် ထိုင်နေခဲ့ကာ လီရှင်းဖေး၏ ဖခင်သည် အိမ်အပြင်သို့

ထွက်သွားသည်။ သူသည် လမ်းလျှောက်နေရင်း သက်ပြင်းချလိုက်သည်။

"ငါတို့က ဂိုဏ်းကို တိုက်ရိုက် ဆက်သွယ်လို့ မရဘူး… ငါတို့က တစ်နေရာကို သွားပြီးမှ အမှတ်အသား လုပ်ရမယ်… ပြီးတာနဲ့ သူတို့က ငါတို့ကို ဆက်သွယ်လာလိမ့်မယ်"

လီရှင်းဖေးသည် သူမ၏ ခေါင်းကို ညိတ်လိုက်သည်။ ဤအရာသည် မျှော်လင့်ချက် အတွင်းတွင် ရှိနေသည်။ အကယ်၍ သူတို့တွင် သူတို့၏ဂိုဏ်းကို ဆက်သွယ်နိုင်သော စိတ်ဝိညာဉ် ရတနာ တစ်မျိုးရှိနေလျှင် ဇူရီအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက လာရောက်စုံစမ်းခဲ့သော အခါ အလှည့်စားခံခဲ့ရမည် မဟုတ်ချေ။

လီရှင်းဖေး၏ မိခင်က သူမအား ကြည့်၍ မေးလိုက်သည်။ "ချန်းကျွင်း... နင်က ငါတို့ကို အပြစ်တင်နေသလား"

"ကျွန်မက အမေတို့ နှစ်ယောက်စလုံးကို အပြစ်မတင်ပါဘူး... ဒါပေမဲ့ ကျွန်မ အစပထမ နားထောင်ခဲ့ရစဉ်က မယုံနိုင်အောင် ဖြစ်သွားခဲ့တယ်" လီရှင်းဖေးက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"အမေတို့ရဲ့ အကျိုးအမြတ်တွေ ပါနေပေမဲ့ အမေတို့ဟာ အကောင်းဆုံးဖြစ်မယ်လို့ ထင်တာကို လုပ်ခဲ့တယ် ဆိုတာကို ကျွန်မသိနေတယ်... အမေတို့ နှစ်ယောက်ဟာ ကျွန်မအတွက်

လမ်းကြောင်းတစ်ကြောင်း ဖောက်ပေးခဲ့ပြီး
ကျွန်မရဲ့ ဘဝကို ချောမွေ့စေဖို့
မျှော်လင့်နေခဲ့တာပဲ"

"ဒါပေမဲ့ ကျွန်မမှာလည်း ကျွန်မရဲ့ ကိုယ်ပိုင်
အတွေးတွေ ရှိတယ်... ဒါဟာ ဂိုဏ်းက တိုးတက်
စည်ပင်နေပြီး ဆရာဘိုးဘိုးက မူလကောင်းကင်
ကမ္ဘာကြီးကို အုပ်စိုးထားနိုင်လို့ မဟုတ်ဘူး...
တကယ်လို့ ဂိုဏ်းက ဟင်းလင်းပြင်
ဘုရားကျောင်းထက် ပိုမို အားနည်းနေရင်တောင်
ကျွန်မက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို စွန့်ခွာမှာ
မဟုတ်ဘူး"

လီရှင်းဖေးက သူမမိခင်၏ လက်ဝါးများကို
ဆုပ်ကိုင်ထားကာ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဆိုကြပါစို့… တကယ်လို့ ဟင်းလင်းပြင်
ဘုရားကျောင်းနဲ့ ကျွန်မတို့ဂိုဏ်းဟာ အချင်းချင်း
စစ်ဖြစ်ခဲ့ကြပြီး ကျွန်မရဲ့ဂိုဏ်းက ပျက်စီးသွားမယ်
ဆိုရင် ကျွန်မက ဂိုဏ်းနဲ့အတူ
ကြွေလွင့်သွားလိုတယ်… ကျွန်မက အမေတို့
နှစ်ယောက်စလုံးနဲ့ မတိုက်ခိုက်ရဖို့သာ
မျှော်လင့်နေတယ်"

သူမသည် ဤကဲ့သို့ ပြောခဲ့သော်လည်း
လီရှင်းဖေး၏ အမူအရာသည် အနည်းငယ်မှ
ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။ သူမသည်
သူမ၏ဂိုဏ်း အပေါ်တွင် ယုံကြည်ချက် ရှိနေပြီး
ဤကဲ့သို့သော နေ့မျိုးက ရောက်လာလိမ့်မည်
မဟုတ်ဟု ထင်နေခဲ့သည်။

လီရှင်းဖေး၏ မိခင်သည် သူမ၏ စကားများကို ကြားခဲ့ရသော အခါ ခါးသီးစွာဖြင့် ရယ်လိုက်သည်။ "တုံးအတဲ့ ကောင်မလေး... မင်းပြောခဲ့သလို အဲ့ဒီနေ့မျိုး ရောက်လာခဲ့မယ် ဆိုရင် နင့်အဖေနဲ့ ငါက မင်းကို ဒီလမ်းကို ဘယ်လျှောက်ခိုင်းပါ့မလဲ"

လီရှင်းဖေးသည် အချိန်အနည်းငယ် ငြိမ်သက်သွားပြီးမှ ပြောလိုက်သည်။ "အမေ... ကျွန်မဆရာက အမေတို့ နှစ်ယောက်စလုံး ကြည့်နိုင်ဖို့ ဒီနည်းစနစ်ကို ယူလာစေခဲ့တယ်... ဟိုတုံးက ကမ္ဘလမ်းစဥ် အချေအတင် ဆွေးနွေးခဲ့စဥ်က ပါရမီ ဇန်မာစတာဟာ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သလို အမေတို့ နှစ်ယောက်စလုံးက ဥပေက္ခာ မဟာလမ်းစဥ်ရဲ့ ချို့ယွင်းချက်တွေကို ပြုပြင်ဖို့ ကြိုးစားနိုင်တယ်"

"အမေတို့ ကျင့်ကြံခဲ့တဲ့ နည်းစနစ်ကို ကျွန်မတို့ဂိုဏ်းကို ပေးလိုက်ဖို့လည်း မလိုပါဘူး... အမေတို့က အကိုးအကား လုပ်ခဲ့ရင် ရပြီ... ဒါဆိုရင် မျှော်လင့်ချက် ရှိနိုင်တယ်"

လီရှင်းဖေး၏ မိခင်က သူမအား ငြိမ်သက်စွာဖြင့် ကြည့်နေရာ လီရှင်းဖေးက ဆက်ပြောလိုက်သည်။ "အမေတို့ နှစ်ယောက်စလုံးက အခုအချိန်မှာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အစိတ်အပိုင်း မဖြစ်နေတော့ဘူး မလား"

"တကယ်လို့ မင်းအဖေနဲ့ ငါတို့ဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နည်းစနစ်တွေကြောင့် ပြန်လည် သက်သာလာမယ် ဆိုရင် ငါတို့က အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းကို
အကြွေးတင်သွားလိမ့်မယ်... ဒါ့အပြင် ဒီလိုမျိုး ကိစ္စ
မရှိခဲ့ရင်တောင် မင်းရဲ့ နှလုံးသားက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းမှာပဲ ရှိနေတယ်...
ငါတို့က မင်းကို အခက်မတွေ့စေလိုဘူး"

လီရှင်းဖေး၏ မိခင်သည် အကြံကုန်နေသည့်ပုံဖြင့်
သူမ၏ခေါင်းကို ခါလိုက်သည်။ "ဒါပေမဲ့ ငါက
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
တပည့်တစ်ယောက် ဖြစ်ခဲ့ပြီး ပိုင်ယွင်တောင်
အပေါ်မှာ ကျင့်ကြံခဲ့တယ်... ငါ့ရဲ့ တာအိုနှလုံးသား
ကြွေမွသွားတဲ့ အချိန်မှာ ဂိုဏ်းရဲ့ နည်းစနစ် အပြင်
ငါ့ကြောင့်လည်း ပါတယ်"

"ငါက ဂိုဏ်းကနေ ထွက်ပြီးမှာ သာမန်ဘဝနဲ့ နေရအောင် အတင်းအကျပ် ဖိအားပေးခံခဲ့ရတာလည်း မဟုတ်ဘူး... ငါက ငါ့ရဲ့ တာအိုနှလုံးသားကို ပြန်လည် ဖန်ဆင်းလိုတာပဲ ရှိတယ်"

"ဒါပေမဲ့ ငါတို့ဟာ နင့်ကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ပို့ဖို့အတွက် ညွှန်ကြားမှုတွေ ရရှိခဲ့တဲ့အခါ  လိုလိုလားလားနဲ့ လက်ခံခဲ့တယ်... ငါတို့က သာမန်လူတွေသာ ဖြစ်သွားခဲ့ပေမဲ့ ဂိုဏ်းကို အကျိုးဆောင်လိုစိတ် ရှိနေသေးတယ်"

"ငါတို့ဂိုဏ်းက ငါတို့အပေါ်မှာ ဘာအကြွေးမှ မရှိနေဘူး.. ဘာဖြစ်လို့ ငါတို့က ဂိုဏ်းကို

သစ္စာဖောက်ရမှာလဲ" လီရှင်းဖေး၏ မိခင်သည် ကျေးဇူးသိသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။ "ဥပေက္ခာ မဟာလမ်းစဉ်ဟာ နှလုံးသား ကင်းမဲ့တယ်… ချန်းကျွင်း… မင်းက မင်းဂိုဏ်းအပေါ်မှာ သစ္စာရှိပေမဲ့ ငါတို့က မင်းနဲ့မတူဘူး"

လီရှင်းဖေးက သူမ၏ခေါင်းကို ညိတ်၍ပြောလိုက်သည်။ "ဟုတ်ကဲ့… အမေ… ကျွန်မအစောက ပြောတာ အတော်များသွားတယ်"

သူမသည် စကားပြောနေရင်းနှင့် နားလည်လာခဲ့သည်။ ဘာပဲပြောပြော သူတို့သည် သူမ၏ မိဘများ ဖြစ်ကြပြီး သူတို့အနေဖြင့် သူမကို စိုးရိမ် ပူပန်နေခြင်းသာ ဖြစ်သည်။

လီရှင်းဖေး၏ မိခင်သည် သူမ၏ လက်ဝါးများကို ဆန့်၍ လီရှင်းဖေး၏ ဆံပင်များကို ပွတ်သပ်နေခဲ့သည်။ သူမသည် လီရှင်းဖေး၏ ဆံပင်များကို သေသပ်အောင် ပြုပြင်ပေးခဲ့ကာ ပြုံးလိုက်သည်။

"ငါတို့ရဲ့ လမ်းကြောင်းတွေက မတူညီကြပေမဲ့ မင်းရဲ့ဂိုဏ်းဟာ တကယ်ပဲ သဘောထား အတော်ကြီးတယ် ဆိုတာကိုတော့ ဝန်ခံရလိမ့်မယ်... သူတို့ဟာ တပည့်တွေ အပေါ်မှ အမတန်မှ ကောင်းမွန်ပြီး တခြားဘာမှ မလုပ်ခင် မင်းက ငါတို့ကို အရင်လာတွေ့ဖို့ ခွင့်ပြုပေးခဲ့တယ်"

သူမသည် ဤအထိ ပြောပြီးသည်နှင့် ခါးသီးစွာဖြင့် ရယ်လိုက်သည်။ "ဒါပေမဲ့ မင်းဆရာနဲ့ ကျန်တဲ့သူတွေဟာ တကယ်ကိုပဲ ထူးချွန် ပြောင်မြောက်လှတယ်... တကယ်လို့ သူတို့ဟာ တကယ်ပဲ ဥပေက္ခာ မဟာလမ်းစဉ်ကို ဘာမှမရှိတဲ့ လေထုထဲကနေ ယူပြီးမှ သုံးသပ်နိုင်ခဲ့တယ် ဆိုရင် ငါက တကယ်ကို မယုံနိုင်ဘူးလို့ပဲ ပြောရမှာပဲ"

လီရှင်းဖေးက မဲ့ပြုံး ပြုံးလိုက်သည်။ "ကျွန်မက စကြာဝဠာ ပုံသဏ္ဌာန်ကို ကျင့်ကြံနိုင်ပြီး အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်သွားတုံးကလည်း အမေက ဒီလိုမျိုး မယုံနိုင်သလို ဖြစ်သွားခဲ့သေးတယ် မဟုတ်လား"

လီရှင်းဖေး၏ မိခင်သည် ရယ်၍ သူမ၏ခေါင်းကို ခါလိုက်သည်။ "ဟုတ်တယ်... ပြီးတော့ မင်းတို့ဂိုဏ်းက တချို့သူတွေရဲ့ ကျင့်ကြံမှု အမြန်နှုန်းက တကယ့်ကို မြန်လွန်းတဲ့အတွက် မင်းအဖေနဲ့ ငါတို့က မယုံနိုင်အောင် ဖြစ်ခဲ့ကြတယ်... ဘာပဲပြောပြော ငါတို့ ပိုင်ယွင်တောင်ပေါ်မှာ ရှိခဲ့စဉ်က..."

စကားပြောနေရင်း သူမသည် သူမ၏ခေါင်းကို ခါလိုက်လေသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် တစ်ချိန်က ပါရမီရှင်များ စုဝေးရာဟု အသတ်မှတ်ခံခဲ့ရပြီး ထူးချွန်သော လူငယ်များစွာ ရှိခဲ့သည်။ သူတို့၏ ကျင့်ကြံသူများသည် ထူးချွန် ပြောင်မြောက်ရုံသာ

မက သူတို့၏ ကျင့်ကြံမှု အမြန်နှုန်းသည်လည်း မြန်ဆန်လွန်းလှသည်။ သူတို့သည် နတ်ဘုရား နယ်မြေ အတွင်းမှ အခြားဂိုဏ်းနှင့် အင်အားစုများထက် များစွာပို၍ အထက်တန်း ပိုကျခဲ့သည်။

သူတို့တွင် တပည့်များစွာ မရှိနေသော်လည်း သူတို့၏ တပည့်များသည် အကောင်းတကာ့ အကောင်းဆုံးများ ဖြစ်ခဲ့ကြသည်။ သူတို့အနက်မှ တစ်ယောက်ချင်းစီသည် ပြင်ပကမ္ဘာတွင် ဆရာတစ်ဆူ ဖြစ်နိုင်ကြသည်။

ယခုအချိန်တွင်လည်း ဟင်းလင်းပြင် ဘုရားကျောင်းသည် ဤအချက်တွင် အခြားဂိုဏ်းနှင့် အင်အားစုများထက် အထက်တန်း

ပိုကျနေသေးသော်လည်း သူတို့၏ ဂုဏ်သိက္ခာသည် ယခင်ကလောက် မကြီးတော့ပေ။

အဘယ်ကြောင့်ဆိုသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဤနေရာတွင် သူတို့အား လုံးဝ နောက်ကောက်ချသွားခဲ့ခြင်းကြောင့် ဖြစ်သည်။

လီရှင်းဖေး၏ မိခင်သည် သူမသမီး၏ လက်ကို ကိုင်ထား၍ သူမ၏ ခေါင်းကိုမော့ကာ မျက်နှာကြက် အပေါ်သို့ ကြည့်လိုက်ပြီး တီးတိုး ရေရွတ်လိုက်သည်။ "ဒီကိစ္စကို အကြီးအကဲတွေရဲ့ လက်အတွင်းကိုသာ အပ်လိုက်ကြရအောင်.. ငါတို့က ကျန်တဲ့ အရာတွေကို ဝင်စွက်လို့ မရဘူး"

လီရှင်းဖေးကလည်း သူမ၏ခေါင်းကို ငြိမ်သက်စွာဖြင့် ညိတ်လိုက်သည်။ သူမသည် သူမ မိခင်နှင့်အတူ အတူတကွ ထိုင်နေခဲ့ပြီး နေရာ တစ်ခုလုံးကလည်း ထပ်ဖန်တစ်ခါ တည်ငြိမ်အေးချမ်းသွားလေသည်။

လင်းတောက်ဟန်ကလည်း လီရှင်းဖေး၏ ဖခင်ကို ဆက်သွယ်ခဲ့ပြီ ဖြစ်သည်။ ခေတ္တမျှ ငြိမ်သက်သွား အပြီးတွင် လင်းတောက်ဟန်က သာမန်သာ ပြောလိုက်သည်။ "သူတို့က မင်းတို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး မင်းရဲ့သမီးကလည်း စိတ်ပိုင်းဖြတ်ပြီးသား ဖြစ်နေတော့ ငါတို့ရဲ့ အစီအစဥ်တွေကို အဆုံးသတ်လိုက်ရအောင်… မင်းတို့ နှစ်ယောက်က ဒီအတိုင်းပဲ ငြိမ်းချမ်းစွာ ဆက်နေနိုင်တယ်"

"ဂိုဏ်းက နောက်ပိုင်းမှာ ဒီနည်းစနစ် အပေါ်မှာ ဆုံးဖြတ်ချက် ချလိမ့်မယ်... တကယ်လို့ သူက တကယ်ပဲ မင်းတို့ရဲ့ ကျင့်ကြံမှုတွေကို ပြန်လည်ရယူနိုင်အောင် ကူညီနိုင်မယ်ဆိုရင် ငါတို့က မင်းတို့ကို အခက်တွေ့အောင် လုပ်မှာ မဟုတ်ဘူး... မင်းတို့နှစ်ယောက် ပြန်လည် ကောင်းမွန်လာပြီးရင် ပိုင်ယွင်တောင်ကို ပြန်နိုင်သလို မင်းတို့သမီး အနောက်ကိုလိုက်ပြီး ခွန်းလွန်တောင်ကို သွားနိုင်တယ်"

"ဒါက မင်းတို့ရဲ့ အပေါ်မှာပဲ မူတည်နေတယ်... တကယ်လို့ မင်းတို့က ခွန်းလွန်တောင်ကို သွားဖို့ ဆုံးဖြတ်ခဲ့ရင်တောင် ငါတို့က မင်းတို့ကို အခက်တွေ့အောင် လုပ်မှာ မဟုတ်ဘူး"

ဆက်သွယ်မှု ဖြတ်တောက်ပြီးသော အခါ
လင်းတောက်ဟန်သည် သူ၏ခေါင်းကို
ကောင်းကင်ပေါ်သို့ မော့၍ ကြည့်လိုက်သည်။
"ငါတို့က ဥပေက္ခာ မဟာလမ်းစဥ်နဲ့
ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့ကို
တစ်စုံတစ်ယောက်က ဝင်ပြီးမှ စွက်ဖက်နေတယ်လို့
အာရုံခံနေမိတာဟာ တကယ်ပဲ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ လက်ချက် ဖြစ်နေတာပဲ"

နောက်ပိုင်းတွင် ဖြစ်လာမည့် အရာများသည်
လီမိသားစုနှင့် မဆိုင်တော့ပေ။ ထိုအရာသည်
ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ အကြားမှ ကိစ္စ
ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

နှစ်ဦးနှစ်ဘက်စလုံးတို့တွင် သက်ဆိုင်ရာ ကိုယ်ပိုင် လျှို့ဝှက်ချက်များ ရှိကြပြီး ပြင်ပလူများက တစ်ခုမှ မသိကြပေ။ သို့သော်လည်း မူလကောင်းကင် ကမ္ဘာမှ ထိပ်တန်း ကျင့်ကြံသူများ အနေဖြင့် ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ မဟာတာအို၏ ပြောင်းလဲမှုများကို အာရုံခံနိုင်စွမ်း ရှိကြသည်။

ခွန်းလွန်တောင် အပေါ်မှ တိပိဋကကျမ်းစာခန်းမဆောင်တွင် ဇူရီ၊ ဝမ်လင်း၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့သည် အချင်းချင်း မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

လီယွမ်ဖန်းက ညင်သာစွာဖြင့် ပြောလိုက်သည်။
"လင်းတောက်ဟန်ကို လျှော့တွက်လို့ မရဘူး"

ဇူရိသည် သူ၏လက်ချောင်းကို ထူးခြားသော
စည်းချက်ဖြင့် ခေါက်နေရင်း ပြောလိုက်သည်။
"သူ့ရဲ့ စဥ်းစားပုံဟာ ယန်နန်းလိုင်၊
ထိုက်ရိသူတော်စင်တို့နဲ့ တစ်သားတည်း ဖြစ်ပြီး
ကွန်ဆားဗေးတစ် ပါတီရဲ့ သဘောထားအတိုင်း
ဖြစ်တယ်... သူက ဒီလိုမျိုး တုံ့ပြန်တာဟာ အရမ်း
အံ့အားသင့်စရာ မကောင်းပါဘူး"

ယန်ချင်က ဝမ်လင်းအား ကြည့်လိုက်သည်။
"ထျန်းချီကို သူမရဲ့ မိသားစုနဲ့ နည်းနည်းကြာကြာ
ပေးနေလိုက်ပါလား"

ဝမ်လင်းက ပြန်ဖြေလိုက်သည်။ "ဒါက သူမရဲ့ အပေါ်မှာ မူတည်တယ်… ဒီအတားအဆီးကို ကျော်ဖြတ်သွားနိုင်ပြီ ဆိုတော့ သူမက အနာဂတ်မှာ သိပ်ပြီးမှ အခက်တွေ့တော့မှာ မဟုတ်ဘူး"

ယန်ချင်က သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဒါကလည်း ကောင်းတာပဲ… ဩော်…ဒါနဲ့… နံပါတ်လေး စီနီယာနဲ့ ဂျူနီယာလေးတို့က တံခါးပိတ် ကျင့်ကြံတာကနေ ထွက်လာကြပြီလား"

လီယွမ်ဖန်းက ပြန်ဖြေလိုက်သည်။ "နံပါတ်လေး စီနီယာက အောင်မြင်သွားပြီ… ဒါပေမဲ့ သူမက သူမရဲ့ မှော်ရတနာကို ကျင့်ကြံနေသေးတယ်… ဂျူနီယာလေးက အနည်းငယ် ထူးခြားနေသလိုပဲ"

သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ထင်ထားတာထက် ပိုကြာနေတယ်... ဒါပေမဲ့ ငါတို့က ဘာကြောင့်မှန်းတော့ မသိဘူး"

ယန်ချင်က ပြန်ပြောလိုက်သည်။ "သူမ ဘာလုပ်နေသလဲ ဆိုတာကို သူမသိတယ်... သူတို့ နှစ်ယောက်ထက် စာရင် ငါဟာ ထျန်းဟောင်က အချိန်မီ ပြန်မလာနိုင်တာကို ပိုပြီးမှ စိတ်ပူနေတယ်... နောက်ပြီးမှ အစ်ကိုကြီး ရှိသေးတယ်"

"ကျန်တဲ့သူတွေ မရှိရင် ဘာမှ မဖြစ်ပေမဲ့ တကယ်လို့ အစ်ကိုကြီးက အဲ့ဒီမှာ မရှိခဲ့ရင် အတော်လေးကို..."

သူ၏ စကားများကို ကြားခဲ့ရသော အခါ ဇူရီနှင့် ဝမ်လင်းတို့သည် သူတို့၏ ခေါင်းများကို ခါ၍ ရယ်လိုက်ကြသည်။ လီယွမ်ဖန်းက လေးနက်စွာဖြင့် ပြောလိုက်သည်။ "အစ်ကိုကြီး နောက်ဆုံး သတ်မှတ်ထားတဲ့ ရက်ကိုရောက်ဖို့ နှစ်ရက် လိုသေးတာပဲ"

## စာစဥ် ၇၀ : အပိုင်း ၁၇

## အပိုင်း ၁၃၆၇ : ငရဲကမ္ဘာ ပင်လယ်အား ကျင့်ကြံခြင်း

ရက်နှစ်ရက်သည် လျင်မြန်စွာနှင့် ကုန်လွန်သွားသည်။ ရှောင်ယန်သည် လီယွမ်ဖန်းအား စိတ်ပျက်စေခဲ့သည်။ သူသည်

နောက်ဆုံး သတ်မှတ်ထားသော ရက်ကို ကျော်လွန်သွားသော်လည်း တံခါးပိတ် ကျင့်ကြံနေရာမှ ထွက်မလာခဲ့သေးချေ။

ထိုအရာသည် ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများအား ကူရာမဲ့စေခဲ့သည်။ ယန်ချင်က နှစ်သိမ့်လိုက်သည်။ "ဘာပဲပြောပြော အစ်ကိုကြီးကို ဆွဲချလိုနေတဲ့ အဖွဲ့က နှစ်ဖွဲ့ ရှိနေတယ်... စီစဉ်ထားသလို ဖြစ်မလာခဲ့တာကလည်း လုံးဝ လက်မခံနိုင်တဲ့ အရာတစ်ခု မဟုတ်ပါဘူး"

ပုံမှန်ဆိုလျှင် အလေးနက်ဆုံး ဖြစ်သည့် လီယွမ်ဖန်းကပင် ယန်ချင်၏ စကားများကို ကြားခဲ့ရသော အခါ သူ၏ခေါင်းကို ညိတ်လိုက်ကာ

သက်ပြင်းတစ်ချက် ချ၍ ပြောလိုက်သည်။ "တကယ်လို့ အစ်ကိုကြီးက ဒီကနေ့မှာ တံခါးပိတ် ကျင့်ကြံတာကနေ ထွက်မလာခဲ့ရင်လည်း ပြဿနာတော့ မဟုတ်ပါဘူး... ဒါပေမဲ့ တကယ်လို့ အကြာကြီး ဖြစ်သွားရင် ငါတို့ကလည်း တတ်နိုင်မှာ မဟုတ်ဘူး"

တစ်ဘက်တွင် ရပ်နေသော ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "ထုံးတမ်းစဥ်လာ အရတော့ အစ်ကိုကြီးက ရှိမနေလည်း ရတယ်... ဒါပေမဲ့ သူက ကျန်းအာ မိန်းကလေးနဲ့ မတွေ့ရတာ အကြာကြီး ရှိနေပြီး သူတို့က တွေ့ဖို့ ချိန်းထားကြတယ်"

ယန်ချင်က ပြောလိုက်သည်။ "ဆယ်ရက်တောင် ကျန်သေးတာပဲ… အစ်ကိုကြီးက ထွက်ရင် ထွက်လာမှာပေါ့"

ထိုဆယ်ရက်မှာ အကယ်၍ အရေးပေါ် အခြေအနေများ ပေါ်လာပါက အသုံးပြုနိုင်ရန် ချန်ထားခဲ့ခြင်း ဖြစ်သည်။ ကျင့်ကြံသူများ အတွက် ဆယ်ရက်သည် ဘာမှ မဟုတ်ပေ။ တံခါးပိတ်၍ တစ်ခါ ကျင့်ကြံလျှင် ဆယ်ရက်မကပဲ ဆယ်နှစ် ဖြစ်သွားနိုင်ကာ တစ်ခါတစ်ရံတွင် နှစ်ပေါင်းတစ်ရာပင် ဖြစ်သွားနိုင်သည်။

သို့သော်လည်း ယန်ချင်နှင့် ကျန်သောသူများ၏ အဆင့်တွင် သူတို့သည် အချိန်ကို သေချာတိကျစွာ ထိန်းချုပ်နိုင်စွမ်း ရှိနေခဲ့ပြီ ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်မလာခဲ့ပဲ တစ်ယောက်သည် သူ၏စိတ်ကို ပြောင်းလဲခြင်း မရှိပါက သူ၏ တံခါးပိတ် ကျင့်ကြံမှုသည် အချိန်မှန်စွာ စတင်၍ ပြီးဆုံးနိုင်မည် ဖြစ်သည်။ အကယ်၍ တစ်နှစ် သတ်မှတ်ထားပါက တစ်နှစ်သာ ဖြစ်ပေလိမ့်မည်။ တစ်ရက်မှပင် အတိုးအလျော့ ရှိလိမ့်မည် မဟုတ်ချေ။ အချိန်တိကျမှုသည် စက္ကန့်နှင့်ပင် တွက်၍ရသည်။

လော်ချင်းဝူသည် သူမ၏ မှော်ရတနာအား ကျင့်ကြံနေချိန်တွင် ပြဿနာ အချို့နှင့် ကြုံတွေ့ခဲ့ရ၍ သူမ၏ တံခါးပိတ် ကျင့်ကြံမှုသည် နောက်ကျသွားခဲ့သည်။ သို့သော်လည်း သူမသည် သတ်မှတ်ထားသော အချိန်ထက် အကြာကြီး

နောက်မကျခဲ့ပေ။ သူမသည် မကြာမီပင် တံခါးပိတ်ကျင့်ကြံနေရာမှ ထွက်လာကာ ကျန်သောသူများနှင့်အတူ ရှောင်ယန်အား စောင့်နေခဲ့သည်။

ထို့ကြောင့် အရေးပေါ် အခြေအနေအတွက် အချိန်ဆယ်ရက်သာ သတ်မှတ်ထားခြင်း ဖြစ်သည်။ အကယ်၍ သူတို့သည် နေရာတစ်ခုသို့ သွားလိုနေပါက အချိန်များစွာ ယူရန် မလိုချေ။

သို့သော်လည်း ရှောင်ယန်၏ အခြေအနေသည် ကောင်းသည့်ပုံ မပေါ်နေချေ။ အချိန်များက ဖြည်းဖြည်းချင်း ကုန်ဆုံးသွားသော်လည်း သူသည် သူ့ကိုယ်သူ မဖော်ပြသေးခဲ့ပေ။

ဇူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့သည် အချင်းချင်း ကြည့်လိုက်ကြကာ ခါးသီးစွာဖြင့် ပြုံးလိုက်ကြသည်။

"မင်းတို့အားလုံးက သက်ရှည်မြို့တော်ကို အရင်သွားပြီးမှ ဂူအင်ပါယာက ကျင့်ကြံသူတွေနဲ့ အတူ ပြင်ဆင်မှုတွေ ပြုလုပ်ထားကြပါ... မင်းတို့ အစ်ကိုကြီးနဲ့ ငါက မကြာခင်မှာ ရောက်လာလိမ့်မယ်" လင်းဖုန်း၏ အသံသည် သူတို့၏ နားအတွင်းတွင် ပေါ်လာသည်။ ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် သူ့အသံကို ကြားလိုက်ရသော အခါ ခေါင်းညိတ်လိုက်ကြသည်။
"ဟုတ်ကဲ့ပါ... ဆရာသခင်"

ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် ဇူရီက မေးလိုက်သည်။ "ဆရာ... နံပါတ်ခုနစ် ဂျူနီယာက ဟင်းလင်းပြင် စစ်တလင်းကနေ အချိန်မီ ပြန်လာနိုင်ပါ့မလား"

လင်းဖုန်းက ပြန်ပြောလိုက်သည်။ "လာလိမ့်မယ်... သူက မင်းတို့ထက် အနည်းငယ် နောက်ကျပေမဲ့ ငါနဲ့ မင်းတို့ အစ်ကိုကြီးတို့ထက် ပိုစောလိမ့်မယ်"

"ဒါဆိုရင် ကျွန်တော်တို့က သွားနှင့်တော့မယ်... အစ်ကိုကြီးရဲ့ ငရဲမီး ချောက်ကမ်းပါးက တပည့်တွေဟာ ကျွန်တော်တို့ အနောက်ကို လိုက်လာလိမ့်မယ်" ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် လင်းဖုန်းအား နှုတ်ဆက်လိုက်ကြ၍ သူတို့၏ ကိုယ်ပိုင်

ဗိမာန်များသို့ ပြန်သွားကြကာ မထွက်ခွာမီ
အရာအားလုံးတို့ကို စီစဉ်ခဲ့ကြသည်။

ရှောင်ယန်က မရှိနေသော်လည်း
သူ့တပည့်များသည် ဘာလုပ်ရမည်ကို
သိနေခဲ့ကြသည်။ သူတို့သည် ဇူရီ၏
ညွှန်ကြားချက်များ အတိုင်း အလုပ်များကို
လုပ်ဆောင်ခဲ့ကြသည်။

ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည်
တောင်ပေါ်မှ ထွက်သွားခဲ့သော အခါ လင်းဖုန်းသည်
မဟူရာကောင်းကင် ရတနာသစ်ပင်ပေါ်တွင်
ရပ်နေခဲ့သည်။ သူ၏ မျက်လုံးများသည်
အလင်းတန်း တစ်တန်းဖြင့် လင်းလက်နေ၍ သူ၏

ရင်အတွင်းတွင် တစ်စုံတစ်ခုကို
တွက်ချက်နေခဲ့သည်။

သူ၏ မျက်ခုံးများသည် အနည်းငယ် တွန့်သွား၍
သူ၏လက်ဝါးအား ဖွင့်လိုက်သည်။ သူ၏လက်ဝါး
အလယ်တွင် အနီရင့်ရောင် အဆောင်လက်ဖွဲ့
အလင်းတန်းတစ်ခုက လင်းလက်နေ၍
ခက်ထန်သော အရှိန်အဝါ တစ်ခုကို
ထုတ်လွှတ်နေသည်။

လင်းဖုန်းသည် ထိုအဆောင်လက်ဖွဲ့အား
ခြေမွလိုက်ရာ အနီရောင် အလင်းတန်း တစ်တန်း
လင်းလက်လာသည်။ ထိုအနီရောင်
အလင်းတန်းသည် လင်းဖုန်း၏ အရှေ့တွင်
တံခါးကဲ့သို့ ဖြစ်တည်မှု တစ်ခုကို ဖော်ပြခဲ့သည်။

လင်းဖုန်းသည် ထိုတံခါးသို့ ဝင်သွားခဲ့သော အခါ သူ၏ မျက်လုံးများ အတွင်းမှ ခရမ်းရောင် ကျိန်စာများ ထွက်လာခဲ့သည်။ သူတို့သည် အနီရင့်ရောင် တံခါးနှင့် ပေါင်းစည်းသွား၍ လမ်းကြောင်းတစ်ခုအား ဖန်တီးလိုက်သည်။

လင်းဖုန်းသည် ထိုလမ်းကြောင်း အတွင်းသို့ လျှောက်လှမ်းသွားသော အခါ မတည်ငြိမ်သော ဤလမ်းကြောင်း၏ ဘေးတွင် အရုံအတားများ ပေါ်လာခဲ့သည်။ ထိုအရုံအတားများ၏ ပြင်ပတွင် မရေမတွက်နိုင်သော ကပ်ဘေးများက ဒေါသူပုန် ထနေကြသည်။

ထိုအရာသည် မူလကောင်းကင် ပင်လယ်ခုနစ်သွယ် အနက်မှ ငရဲကမ္ဘာ ပင်လယ်ဖြစ်သည်။ ငရဲကမ္ဘာ အကြွင်းမဲ့ရေ၊ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ ငရဲကိုးလွှာ လေပြင်း၊ အကြွင်းမဲ့ သွေးမြစ်ရေ၊ အဝီစိ ငရဲမုန်တိုင်းနှင့် အခြား ကြောက်မက်ဖွယ်ရာ အင်အားများသည် ဤနေရာတွင် ရှုပ်ထွေးနေကြ၍ ကမ္ဘာပျက်သကဲ့သို့ ဖြစ်နေခဲ့သည်။

စေတန်မီးတောက်သည် ကောင်းကင်နှင့် မြေကြီးတို့အား ဖျက်ဆီးခဲ့ကာ နေရာတစ်ခုလုံးကို ရေလွှမ်းနေ၍ ထိန်းချုပ်၍ မရနိုင်သော ကြောက်မက်ဖွယ်ရာ လေမုန်တိုင်းများက ကုန်းမြေ တစ်ခုလုံးအား လွှမ်းခြုံထားခဲ့သည်။ သူ့အား ကြည့်ရသည်မှာ ငရဲနှင့်တူနေသော်လည်း ငရဲကပင်

ငရဲကမ္ဘာ ပင်လယ်ထက် ပို၍
ငြိမ်းချမ်းနိုင်သေးသည်။

ဤကမ္ဘာ၏ အလယ်တွင် အနီရောင် အလင်းတန်း တစ်ခု ထိုးတက်နေသည်။ သူ့အား ကြည့်ရသည်မှာ ကျောက်ဆူးနှင့် တူနေသော်လည်း ကပ်ဘေးများ အားလုံးတို့၏ မူလရင်းမြစ်နှင့်လည်း တူနေသည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်ဖူးခဲ့ကြသူများမှာ အနည်းငယ်သာ ရှိသော်လည်း မူလကောင်းကင် ကမ္ဘာ အတွင်းမှ လူအားလုံးက ထိုပင်လယ်သည် မည်သည့်ပုံ ပေါက်နေသည်ကို သိနေကြသည်။

သို့ရာတွင် ငရဲကမ္ဘာ ပင်လယ်က မည်ကဲ့သို့ပုံ
ရှိသည်ကို မြင်ခဲ့ဖူးသော သူများကပင်
ထိုပင်လယ်သည် ယခုအချိန်တွင် မည်ကဲ့သို့
ဖြစ်နေသည်ကို တွေ့ခဲ့ရလျှင် မယုံနိုင်အောင်
ဖြစ်နေကြမည် ဖြစ်သည်။

ငရဲကမ္ဘာ ပင်လယ်၏ တစ်စိတ်တစ်ပိုင်းသည်
ကစဉ့်ကလျား ဖြစ်နေ၍ ကပ်ဆိုးမျိုးစုံတို့ဖြင့်
လွှမ်းခြုံခြင်းကို ခံနေရသည်။ သို့သော်လည်း သူ၏
တစ်နေရာသည် လုံးဝ ငြိမ်းချမ်းနေခဲ့သည်။

ငြိမ်းချမ်းနေသော ထိုနေရာတွင် ငရဲကမ္ဘာ
အကြွင်းမဲ့ရေသည် ငြိမ်သက်စွာ စီးဆင်းနေသော
မြစ်တစ်မြစ် အဖြစ်သို့ ပြောင်းလဲသွားသည်။
အကြွင်းမဲ့ သွေးမြစ်ရေများသည် အနံ့စူးရှသော

အရည်များ အဖြစ်သို့ ပြောင်းနေကြသော်လည်း ငြိမ်သက်နေကြသေးသည်။

ငရဲကိုးလွှာ လေပြင်းသည် ကောင်းကင်ယံတွင် အနက်ရောင် မျဉ်းကြောင်းများအတိုင်း လွင့်မျောနေကြသည်။ ထိုအနက်ရောင် မျဉ်းကြောင်းများသည် ကောင်းကင်ပေါ်တွင် မြင့်မားစွာ တည်ရှိနေကာ သူတို့၏အောက်မှ လေဟာနယ်ကို နှောင့်ယှက်ခြင်း မပြုခဲ့ပေ။

မြေအောက်တွင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့သည် ငြိမ်သက်နေကြပြီး သူတို့နှင့် ထိတွေ့နေသော အရာများကို လောင်ကျွမ်း၍ မဖျက်ဆီးခဲ့ကြပေ။ အဝီစိ ငရဲမုန်တိုင်းသည်

ဆက်လက် တိုက်ခတ်နေသေးသော်လည်း
လေပြည်လေညင်းနှင့်သာ တူနေခဲ့သည်။

ငရဲကမ္ဘာ ပင်လယ်သည် ငရဲကမ္ဘာ ပင်လယ်နှင့်သာ
တူနေခဲ့သော်လည်း ယခုအချိန်တွင်
ငြိမ်းချမ်းနေခဲ့သည်။ ထိုအရာသည်
မယုံနိုင်လောက်အောင် ငြိမ်းချမ်းသော
ခံစားချက်မျိုးကို ထုတ်လွှတ်နေခဲ့သော်လည်း
အလွန်အမင်းပင် ပုံမမှန် ဖြစ်နေခဲ့သည်။

အထူးသဖြင့် ငရဲကမ္ဘာ ပင်လယ်၏ ကျန်သော
အစိတ်အပိုင်းများသည် ယခင်ကဲ့သို့ ကစဥ့်ကလျား
ဖရိုဖရဲ ဖြစ်နေကြဆဲပင် ဖြစ်သည်။

ထိုအစိတ်အပိုင်း နှစ်ခုအား မမြင်နိုင်သော
အရံအတား တစ်ခုဖြင့် ခွဲခြားထားကာ သူတို့သည်
ကွဲပြားခြားနားသော ကမ္ဘာနှစ်ခုနှင့် တူနေသည်။
ကမ္ဘာတစ်ခုသည် ရာသီဥတု ကောင်းမွန်နေ၍
ကျန်ကမ္ဘာ တစ်ခုတွင် လေပြင်းမုန်တိုင်းများ
ကျရောက်နေသည်။

ငရဲကမ္ဘာ ပင်လယ်၏ ကြမ်းတမ်းသော အပိုင်းသည်
တားဆီးထားသော အရံအတားကို ချိုးဖောက်၍
ငြိမ်းချမ်းနေသော အပိုင်းအား ကစဥ့်ကလျား
ဖြစ်အောင် ပြန်လုပ်လိုနေသည်။

သို့ရာတွင် ငြိမ်းချမ်းနေသော ဒေသအပေါ်တွင် လုံးဝ
အကျိုးသက်ရောက်ခြင်း မရှိခဲ့ပေ။ အမှန်ဆိုရလျှင်
ငြိမ်းချမ်းနေသော အပိုင်းသည် ဖြည်းဖြည်းချင်း

ကျယ်ပြန့်လာကာ ကစဥ့်ကလျား ဖြစ်နေသော ဒေသအား လွှမ်းခြုံနေခဲ့သည်။

လင်းဖုန်းသည် ထိုမြင်ကွင်းကို တွေ့ခဲ့ရသော အခါ ပြုံးလိုက်သည်။ သူသည် အနီရောင် အလင်းတန်း ရှိရာဆီသို့ ဆက်လျှောက်လာခဲ့သည်။

အနီရောင် အလင်းတန်းသည် ငရဲကမ္ဘာ ပင်လယ်၏ အလယ်တွင် ငြိမ်သက်စွာ ထောင်မတ်နေ၍ ဤပင်လယ်၏ ထောင့်လေးထောင့်အား ပြောရန် ခက်ခဲလှသည်။ သို့သော်လည်း အားလုံးတို့သည် ထိုအနီရောင် အလင်းတန်းသည် ငရဲကမ္ဘာ ပင်လယ်၏ အလယ်ဗဟို ဖြစ်သည်ဟု ပြောနိုင်ခဲ့သည်။

ငရဲကမ္ဘာ ပင်လယ်၏ အတွင်းမှ လေဟာနယ်သည်
တွန့်လိမ်နေ၍ အနီရောင် အလင်းတန်းသည်
သူ့နေရာတွင်သူ ရှိနေသည်ဟု ထင်နေရသော်လည်း
တစ်ယောက်ကမှ သူ့အနားသို့ မကပ်နိုင်ခဲ့ပေ။

လင်းဖုန်းသည် သူယခင်ကတည်းက
ပြင်ဆင်ထားခဲ့သော အခမ်းအနား တစ်ခုကို
အသုံးပြုခဲ့သည့် အတွက် အတားဆီးမခံခဲ့ရပေ။
သူသည် အနီရောင် အလင်းတန်း၏ အနီးသို့
ရောက်လာသော အခါ အလင်းတန်း ပတ်ဝန်းကျင်မှ
လေဟာနယ်သည် ထပ်သွားခဲ့ပြီး ပူဖောင်းများနှင့်
တူနေသော ကမ္ဘာငယ်လေးများလည်း ရှိနေသည်။

ငရဲကမ္ဘာ ပင်လယ်အတွင်းမှ ကမ္ဘာငယ်များ အနက်မှ
တစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီးသော အခါ

လင်းဖုန်း၏ အရှေ့မှ အရာအားလုံးတို့သည် မည်းမှောင်သွားကြသည်။ ဤကမ္ဘာအား အနီရောင် ကစဥ့်ကလျား ပင်လယ်တစ်ခုဖြင့် လွှမ်းခြုံထားသည်။

ဤကစဥ့်ကလျား အနီရောင် ပင်လယ်အတွင်းတွင် လေဟာနယ်နှင့် အကွာအဝေးကို ပြောရန် အမတန်မှ ခက်ခဲသည်။ အပေါ်နှင့်အောက်၊ အရပ်မျက်နှာ အစရှိသော သဘောတရားများကလည်း မှန်ကန်ခြင်း မရှိတော့ပေ။ အချိန်ကုန်လွန်လာသည်နှင့် အမျှ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့က တစ်ခုတည်း အဖြစ်သို့ ပူးပေါင်းသွားသည်ဟူ၍ ထူးခြားစွာ ခံစားနေရသည်။

ဤကြက်စဉ်ကြကလျှား ပင်လယ်အတွင်းတွင် ပုံရိပ်တစ်ခု ထိုင်နေသည်။ သူသည် ဤကမ္ဘာ၏ အလယ်တွင် ထိုင်နေခြင်း ဖြစ်သည်။ သူ၏ တည်ရှိနေမှုကြောင့် လေဟာနယ်နှင့် အကွာအဝေးတို့၏ သဘောတရားများက ထပ်ဖန်တစ်ခါ ပြန်ပေါ်လာကြလေသည်။

အချိန်ကာလသည် ထိုသူ၏ အနားတွင် ပြန်လည် ကြည်လင်လာသည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကလည်း ပြန်လည်၍ ကွဲပြားသွားကြသည်။

ထိုလူသည် ကိုးပေခန့်မြင့်သော ရောမ ဘီလူးကြီး တစ်ကောင်ဖြစ်သည်။ သူသည် မီးတောက်ကြာပန်း အပေါ်တွင် ထိုင်သော မီးနတ်ဘုရား တစ်ပါးနှင့်

တူနေခဲ့သည်။ ကြာပန်းထိုင်ခုံသည်
မီးတောက်များဖြင့် ဖွဲ့စည်းထား၍
သူ၏အရောင်သည် ခရမ်းပြာရောင်၊ သန့်စင်သော
ရွှေရောင်၊ နို့နှစ်ရောင်၊ မဟူရာအရောင် စသဖြင့်
အဆက်မပြတ် ပြောင်းလဲနေသည်။

ကိုးပေမြင့်သော ဘီလူးကြီးထံမှ ဖော်ပြ၍
မရနိုင်သော အလင်းတန်း တစ်တန်း
လင်းလက်နေသည်။ တစ်ချိန်တွင်
ထိုအလင်းတန်းသည် မျက်စိ ကျိန်းလုမတတ်
တောက်ပနေ၍ ခဏအကြာတွင် သူသည် မှောင်မိုင်း
မှေးမှိန်သွားခဲ့သည်။ သူသည် လင်းလိုက် မှိန်လိုက်
ဖြစ်နေသော မီးခဲတစ်ခုနှင့် တူနေကာ လုံးဝ
ငြိမ်းမသွားခဲ့သော်လည်း ငြိမ်းလုနီးပါး
ဖြစ်နေသည်နှင့် တူနေသည်။

ဤမီးနတ်ဘုရား၏ နဖူးပေါ်တွင် အဖြူနှင့် အနက်ရောင်တို့ ယှက်သန်းနေသည့် ထိုက်ကျိုရုပ်ပုံ ရှိနေပြီး သူသည် ဖြည်းညင်းစွာဖြင့် လည်ပတ်နေခဲ့သည်။

သူ၏ မျက်လုံးများသည် လင်းဖုန်းသူ့အား ခေါ်လိုက်သည့်တိုင်အောင် မှိတ်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါသွားပြီးမှ သူ၏ မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။

ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဆိုးများသည် သူ၏ မျက်လုံးများ အတွင်းတွင် ရောင်ပြန်ဟပ်နေပြီး အနီရင့်ရောင် အလင်းတန်း တစ်ခုက သူ၏ မျက်လုံးများ အတွင်းမှ ထွက်လာသည်။

တစ်ချိန်တည်းတွင် ငရဲကမ္ဘာ ပင်လယ်၏ အလယ်မှ အနီရောင် အလင်းတန်းသည် ရုတ်တရက် တောက်ပလာလေသည်။

သူ၏ မျက်လုံးများကို ဖွင့်လိုက်သော အခါ ငရဲကမ္ဘာ ပင်လယ်၏ ငြိမ်းချမ်းနေသော အပိုင်းသည် ထပ်ဖန်တစ်ခါ ခက်ထန် ကြမ်းတမ်းလာခဲ့သည်။ သူသည် ငရဲကမ္ဘာ ပင်လယ်၏ ကစဉ့်ကလျား အပိုင်းနှင့် ထပ်ဖန်တစ်ခါ ပေါင်းစည်းသွားခဲ့သည်။

မီးနတ်ဘုရားသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားကာ မီးတောက်ပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ မီးတောက်ပင်လယ်သည် ခရမ်းရောင်

ကိုယ်ကျပ်ဝတ်စုံနှင့် အနက်ရောင် ဝတ်ရုံကို ဝတ်ဆင်ထားသည့် လူငယ်ကို ဖော်ပြလိုက်သည်။ သူသည် ကြည့်၍ကောင်းကာ အစောပိုင်းမှ မီးနတ်ဘုရားနှင့် တစ်ထေရာတည်း တူနေသည်။

ထိုလူငယ်သည် လင်းဖုန်းအား တွေ့ခဲ့သောအခါ ပြုံး၍ ပြောလိုက်သည်။ "ကျွန်တော်က ပြဿနာ အနည်းငယ် တွေ့ခဲ့ပြီး နောက်ကျသွားခဲ့တယ်… ဆရာအရှေ့မှာ ရယ်စရာ ဖြစ်သွားခဲ့တဲ့ အတွက် တောင်းပန်ပါတယ်"

လင်းဖုန်းသည် ထိုလူငယ်အား ကြည့်ကာ ရယ်လိုက်သည်။ "ငါက ဘာမှ မဖြစ်ဘူး… ဒါပေမဲ့ မင်းရဲ့မိန်းမ… နောက်မကျစေနဲ့"

ထိုလူငယ်၏ အမူအရာသည် သက်တောင့်သက်သာ
ဖြစ်သွားပြီးမှ မည်းမှောင်သွားခဲ့သည်။
"ကျွန်တော်က... တကယ်ပဲ နည်းနည်း
နောက်ကျတော့မယ် ထင်တယ်"

ငရဲကမ္ဘာ ပင်လယ်၏ ပြင်ပတွင် ဂိုဏ်းနှင့် အင်အားစု
အသီးသီးမှ ခေါင်းဆောင်များသည် နတ်ဘုရား
နယ်မြေ၏ တောင်ပိုင်းတွင် စုစည်းနေကြသည်။
ထိုခေါင်းဆောင်များသည် ဂိုဏ်းနှင့် အင်အားစု
အသီးသီးတို့မှ အဓိက ခေါင်းဆောင်များ
မဟုတ်ကြသော်လည်း အာဏာရှိသည့်
အရေးပါသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

သူတို့တွင် တူညီသော ပန်းတိုင်ရှိနေသည်။
ထိုအရာသည် ဂူအင်ပါယာ၏ သက်ရှည်မြို့တော်ပင်
ဖြစ်သည်။

ဂူကေရာဇ်၏ မျိုးဆက်များသည် ကမ္ဘာနှစ်ခု
အကြားမှ စစ်ပွဲအပြီးတွင် နတ်ဘုရား နယ်မြေသို့
ပြန်လာအပြီးတွင် တောင်ပိုင်း ဒေသတွင်
အခြေစိုက်ခဲ့ကာ သူတို့၏ လွှမ်းမိုးမှုများကို
ဖြည်းဖြည်းချင်း ချဲ့ထွင်လာကြသည်။

မဟာချင် အင်ပါယာနှင့် မဟာကျိုး
အင်ပါယာတို့သည် သူတို့၏ ချဲ့ထွင်ခြင်းကို ခုခံရန်
ကြိုးစားခဲ့သော်လည်း သူတို့သည် ဂူအင်ပါယာ၏
ဖိနှိပ်မှုကို ခံခဲ့ရသေးသည်။

ရှီရှင်းယွမ် ပြန်လာသည့် သတင်းသည် နတ်ဘုရား
နယ်မြေ အတွင်းသို့ ရောက်လာသော အခါ
မဟာချင် အင်ပါယာသည် မဟာကျိုး
အင်ပါယာထက် အခြေအနေ အနည်းငယ်
ပိုကောင်းသေးသော်လည်း ပြန်မလှန်နိုင်ခဲ့ပေ။

သိပ်မကြာသေးမီက ဂူအင်ပါယာမှ လက်ရှိ
ဂူကေရာဇ် ဖြစ်သူ ဂူကျွန်းသည် ကာဒီနယ်
ကပ်ဘေးများကို အောင်မြင်စွာနှင့် ပြီးဆုံးခဲ့ပြီး
ဗီပရာလိုပါ အဆင့်သို့ ရောက်သွားခဲ့သည်။
ထိုအရာသည် မဟာချင်နှင့် မဟာကျိုး အင်ပါယာတို့
အပေါ်မှ ဖိအားများကို ပိုတိုးလာစေသည်။

ယနေ့တွင် ဂူအင်ပါယာနှင့် ပတ်သတ်သော
ကြီးမားသည့် နောက်ထပ် ကိစ္စတစ်ခု
ဖြစ်ပေါ်တော့မည် ဖြစ်သည်။

## စာစဥ် ၇၀ : အပိုင်း ၁၈

## အပိုင်း ၁၃၆၈ : ဒါက သာမန်အရာ တစ်ခုပါ

နတ်ဘုရား နယ်မြေမှ တောင်ပိုင်း
တောရိုင်းဒေသသည် ယခုအချိန်တွင် ဂူအင်ပါယာ၏
ပိုင်နက် ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ ရှေးဟောင်းစိမ့်မြေ
ဒေသ တစ်ခုလုံးသည် ဂူအင်ပါယာ၏
နယ်မြေအတွင်းတွင် ပါသွားပြီ ဖြစ်သည်။
သူတို့သည် မဟာကျိုး အင်ပါယာ၏

တောင်ပိုင်းနယ်စပ်များကိုပင် စတင်၍ ကျူးကျော်လာကြပြီ ဖြစ်သည်။

ပထဝီဝင် အနေအထား အရ ပြောရလျှင် မဟာကျိုး အင်ပါယာသည် ယခုအချိန်တွင် ကျယ်ပြန့်သော ပင်လယ်ခေါးဂိုဏ်း၊ သံသရာဂိုဏ်းတို့နှင့် ကွဲပြားနေပြီ ဖြစ်သည်။ ထိုဂိုဏ်း နှစ်ဂိုဏ်းတို့သည် ယခုအချိန်တွင် ဂူအင်ပါယာ၏ နယ်နိမိတ် အတွင်းသို့ ရောက်သွားပေပြီ။

သံသရာဂိုဏ်းသည် သိုသိုသိပ်သိပ်သာ ဆက်နေသေးသည်။ သို့သော်လည်း မင်းကျွန်းသည် သံသရာဂိုဏ်း၏ ခေါင်းဆောင် ဖြစ်လာပြီးသော အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထံသို့ စတင်၍ ယိုင်လာခဲ့သည်။ သူသည် ဂူအင်ပါယာကိုလည်း

အတော် ရိုသေလေးစားပြီး သူတို့နှစ်ဘက်
အကြားတွင် ပဋိပက္ခများ မရှိပဲ ဒေသအတွင်းတွင်
ငြိမ်းချမ်းနေသည်။

ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်း၏
ခေါင်းဆောင်ဖြစ်သူ ကျယ်ပြန့်သော ပင်လယ်
ဓားမာစတာသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးတွင် တံခါးပိတ် ကျင့်ကြံနေရာမှ
နောက်ဆုံးတွင် ထွက်လာခဲ့ကာ စင်စစ် ဖြစ်တည်မှု
လမ်းစဉ်ကို အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့သည်။
သို့ရာတွင် သူသည် ဂူအင်ပါယာနှင့် ထိပ်တိုက်
မရင်ဆိုင်ရဲခဲ့ပဲ ကုန်းမြေမှ ထွက်ခွာကာ
ပင်လယ်အတွင်းသို့ ပြန်သွားခဲ့သည်။ သူသည်
ယခုအချိန်တွင် ပင်လယ်အတွင်း၌သာ ကျက်စားပြီး
ဤဒေသတွင် မလှုပ်ရှားခဲ့ပေ။

သို့သော်လည်း ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်း အနေဖြင့် ယခုအချိန်တွင် မဟာကျိုး အင်ပါယာနှင့် ရင်ဆိုင်ရန် ယုံကြည်ချက် ရှိနေပြီ ဖြစ်သည်။ နှစ်ဦးနှစ်ဘက်တို့သည် နီးကပ်သော ဆက်ဆံရေးများ ဆက်ရှိနေကာ အချင်းချင်း ပုံမှန် ဆက်သွယ်ခဲ့ကြသည်။ သို့သော်လည်း ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်းသည် မဟာကျိုး အင်ပါယာ၏ ဩဇာအောက်တွင် မရှိနေတော့ချေ။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့သည် သူတို့၏ တောင်များကို ချိပ်ပိတ်ထားကြသည်။ ဗုဒ္ဓဝါဒသည် ထပ်ဖန်တစ်ခါ မြင့်တက်လာသော်လည်း နတ်တောင် တစ်တောင်ကို ရှာဖွေရန်မှာ မလွယ်ချေ။

နတ်ဘုရား နယ်မြေ အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ပို၍ပို၍ ထင်ရှားလာသည်နှင့် အမျှ ဂိုဏ်းနှင့် အင်အားစုများ အသီးသီးတို့သည် ဂူအင်ပါယာ၏ အခြေအနေကို ကိုင်တွယ်ရန် အချင်းချင်း စုစည်းခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခုအချိန်၌ နတ်ဘုရား နယ်မြေ အတွင်းတွင် အတော် ဂုဏ်သိက္ခာ ရှိနေပြီး နတ်ဘုရား နယ်မြေ၏ ခေါင်းဆောင်နေရာကို အခိုင်အမာ သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်သည်။ အကယ်၍ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲနောက်တစ်ခေါက် ထပ်ဖြစ်ခဲ့လျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် စစ်ပွဲတွင် နတ်ဘုရား

နယ်မြေကို သေချာပေါက် ဦးဆောင်လိမ့်မည် ဖြစ်သည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် နတ်ဘုရား နယ်မြေ အတွင်းမှ ဂိုဏ်းများနှင့် အင်အားစုတို့၏ အကြားမှ ပဋိပက္ခများကို ဝင်ရောက် စွက်ဖက်ခြင်း မရှိခဲ့ပေ။

သို့ရာတွင် နတ်ဘုရား နယ်မြေ အတွင်းမှ အခြေအနေသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တည်ရှိနေမှုကြောင့် ပိုမို ငြိမ်းချမ်း တည်ငြိမ်လာခဲ့သည်။ ဂူအင်ပါယာ၏ စွမ်းအားကို လျှော့တွက်၍ မရပဲ သူတို့သည် ကျန်သော အင်အားစုများကို အတူတကွ ပေါင်းစည်းစေခဲ့သည်။

ကျန်သော အင်အားစုများသည် မဟာချင် နှင့် မဟာကျိုး အင်ပါယာတို့အား သူတို့၏ ခေါင်းဆောင်များ အဖြစ် သတ်မှတ်၍ အတူတကွ မဟာမိတ် ဖွဲ့ခဲ့ကြသည်။ ဂူအင်ပါယာကလည်း သူ၏ ကြီးစိုး လွှမ်းမိုးမှုများကို ချဲ့ထွင်နေပြီး ကျန်သော အင်အားစုများကလည်း သူတို့၏ မဟာမိတ်ကို အလေးတကြီးနှင့် အားကောင်းအောင် မလုပ်ခဲ့သော်လည်း ပို၍ စည်းလုံးလာကြသည်။

ဂူအင်ပါယာ အနေဖြင့် သူတို့က အမှားများကို မပြုလုပ်မိခဲ့လျှင် သို့မဟုတ် သူတို့၏ လွှမ်းမိုးမှုကို ကြီးမားစွာ ထိခိုက်စေသော အဖြစ်များ မဖြစ်ခဲ့လျှင် သူတို့၏ နေရာသည် လွန်စွာမှ တည်ငြိမ်နေသည်။

ယခုအချိန်တွင် ဂူအင်ပါယာ၏ အားသားချက်သည် ပို၍ တိုးတက်လာပြီ ဖြစ်သည်။ သူတို့၏ စွမ်းအားများ တိုးတက်လာခြင်း မဟုတ်ပဲ အခြားဂိုဏ်းများနှင့် အင်အားစုများ အပေါ်မှ သူတို့၏ စိတ်ပိုင်းဆိုင်ရာ အားသာချက်များ ပို၍ အားကောင်းလာခြင်း ဖြစ်သည်။

နောင်လာမည့် သုံးရက်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တပည့်ကြီး ငရဲမီး ကေရာဇ် ရှောင်ယန်သည် ဂူကေရာဇ်၏ မျိုးဆက်နှင့် စေ့စပ်တော့မည် ဖြစ်သည်။

လင်းဖုန်းကို ထည့်မတွက်လျှင်ပင် ရှောင်ယန်သည်လည်း ယခုအချိန်တွင် ကျင့်ကြံမှု ကမ္ဘာအတွင်းတွင် လွှမ်းမိုးနိုင်သော

ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေခဲ့ပြီ ဖြစ်သည်။ သူ၏ ဂုဏ်သတင်းသည် လက်ရှိ ဂူကေရာဇ်ထက် အောက်မကျချေ။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် ရှောင်ယန်သည် ရိုးရှင်းစွာ နေထိုင်ခဲ့ကာ မူလကောင်းကင် ကမ္ဘာ အတွင်းတွင် သူ့ကိုယ်သူ သိပ်မဖော်ပြခဲ့ပေ။ သို့သော်လည်း သူ့အား တစ်ယောက်မှ လျှော့မတွက်ရဲကြပေ။

လွန်ခဲ့သော တစ်နှစ်ခန့်ကပင် နှစ်ဘက်သားတို့သည် ရက်ကို သတ်မှတ်ခဲ့ကြသည်။ နောက်သုံးရက် အကြာတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သက်ရှည်ကမ္ဘာသို့ ရောက်လာမည် ဖြစ်ကာ ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့က စေ့စပ်ကြမည်

ဖြစ်ပြီး လက်ထပ်ရန် ရက်ကိုလည်း ဆုံးဖြတ်မည် ဖြစ်သည်။

သို့သော်လည်း အထူးခြားဆုံး သတင်းမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လင်းဖုန်းသည် သက်ရှည်ကမ္ဘာသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်မည်ဟု ကြေညာခဲ့ခြင်း ဖြစ်သည်။

ဤသတင်းသည် လူတိုင်းအား အံ့သြ တုန်လှုပ်စေခဲ့သည်။

ဤစေ့စပ်ပွဲတွင် အကြီးအကဲ တစ်ယောက်က တက်ရောက်ရမည် ဖြစ်သော်လည်း ရှောင်ယန်၏ အဖိုးသည် အသက်ထင်ရှား ရှိသေးကာ

ကျန်းကျန်းမာမာ ရှိနေသည်။ သူ၏ ကျင့်ကြံမှုသည် အဆင့်နိမ့်သော်လည်း သူသည် ရှောင်ယန်၏ ဆွေမျိုးရင်းချာ ဖြစ်သည်။

လင်းဖုန်းသည် ကမ္ဘာအတွင်းမှ ကိစ္စများတွင် ဝင်မပါသည်မှာ နှစ်ပေါင်းများစွာ ရှိပြီဟု အများက သိထားကြသည်။ ထို့ကြောင့် ဤစေ့စပ်ပွဲအား သူတက်ရောက်မည်ဟု ရုတ်တရက် ကြေညာခဲ့ခြင်းသည် အားလုံးတို့အား အံ့အားသင့်သွားစေသည်။

အားလုံးတို့သည် လင်းဖုန်းက သူ၏ တပည့်ကြီးအား အလွန်ဂရုစိုက်၍ ချစ်ခင်သည်ကို သိထားကြသော်လည်း ဤကဲ့သို့သော အခြေအနေမျိုးတွင် ထင်ကြေးအမျိုးမျိုး

ပေးနေကြလေသည်။ သူသည် သက်ရှည်ကမ္ဘာသို့ ရှောင်ယန်၏ စေ့စပ်ပွဲကို တက်ရောက်ရန်သာ လာခဲ့ခြင်း မဟုတ်ပဲ အခြား ကိစ္စများကို ဖြေရှင်းရန်လည်း ပါသည်။

ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အားလုံးတို့ကို သက်ရှည်မြို့တော်တွင် စုစည်းရန် လှုံ့ဆော်ခဲ့သူ ဖြစ်သည်။ ဤအရာသည် အားလုံးတို့အား ပဟေဠိ ဖြစ်စေခဲ့သည်။

သို့သော်လည်း ပုံမမှန်သည့် အရာတစ်ခုသည် ဆိုးရွားသော ကိစ္စတစ်ခု ဖြစ်ချင်မှ ဖြစ်မည်။ အားလုံးတို့သည် လင်းဖုန်း၏ ရည်ရွယ်ချက်ကို သိချင်နေကြကာ သက်ရှည်ကမ္ဘာသို့ အလျင်အမြန် လာရောက်နေကြသည်။

မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့ကပင် ဂူအင်ပါယာနှင့် တင်းမာသော ဆက်ဆံရေးများ ရှိနေကြသော်လည်း သက်ရှည်မြို့တော်သို့ ကိုယ်စားလှယ်များ စေလွှတ်ခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အားလုံးတို့အား စုစည်းခဲ့သူ ဖြစ်သဖြင့် ဂူအင်ပါယာက သူတို့အား တစ်ခုခု ပြုလုပ်မည်ကို သူတို့အနေဖြင့် မစိုးရိမ်နေခဲ့ပေ။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကြားနေဝါဒကို စွန့်လွှတ်၍ ဂူအင်ပါယာအား

နတ်ဘုရား နယ်မြေအား လွှမ်းမိုးနိုင်ရန်
ထောက်ခံမည် ဆိုပါက သူတို့သည် ဤမျှ ဒုက္ခခံ၍
လုပ်နေစရာ မလိုချေ။

သက်ရှည်မြို့တော်သည် ယခုအချိန်တွင်
လူများစွာဖြင့် စည်ကားလျက်ရှိသည်။
စီးဆင်းနေသော အလင်းတန်းများသည်
ဟင်းလင်းပြင် အတွင်းတွင် လင်းလက်နေ၍
ဂူအင်ပါယာမှ ကျင့်ကြံသူများသည် ညေ့်သည်များကို
ကြိုဆိုရန် စီစဥ်နေကြသည်။

သူတို့သည် မဟာချင်နှင့် မဟာကျိုး အင်ပါယာမှ
သူများကိုပင် ပျူငှာစွာနှင့် ဆက်ဆံခဲ့ပြီး အရာ
အားလုံးတို့သည် ချောမွေ့စွာဖြင့်
ရှေ့ဆက်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် သက်ရှည်မြို့တော်သို့ စောစီးစွာ ရောက်လာကြပြီး သူတို့၏ ရောက်ရှိလာမှုသည် ကျန်သော ကျင့်ကြံသူများ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

ဂူအင်ပါယာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များကို နေရာချထား အပြီးတွင် ထိုတပည့်များသည် အပြင်သို့ ထွက်လာကာ အခြားဂိုဏ်းနှင့် အင်အားစုများမှ တပည့်များနှင့် ဆက်ဆံခဲ့ကြသည်။

သူတို့သည် အိမ်ရှင်တစ်ပိုင်း ဖြစ်နေကြသော်လည်း သူတို့၏ အကန့်အသတ်များကို သိကြကာ တကယ့်အိမ်ရှင်၏ ရေပန်းစားမှုကို မခိုးယူခဲ့ကြပေ။

ဤအရာသည် ရှီကျုံးထန်း၊ လျှမ်ကန်း၊ တော်ဝင်အိမ်တော် သခင်နှင့် ကျန်သောသူများကို လျှို့ဝှက်စွာ ကြံစည် လှုပ်ရှားစေခဲ့သည်။

သို့သော်လည်း သူတို့သည် အပေါ်ယံတွင် သာမန်အတိုင်းသာ ဟန်ဆောင်နေ၍ ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများနှင့် အေးအေးဆေးဆေးပင် စကားစမြည် ပြောနေကြသည်။

ဤအချိန်တွင် ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ကိုယ်ပိုင် ဂုဏ်သတင်းဖြင့် ကျော်ကြားနေသူများ ဖြစ်နေကြပြီ ဖြစ်သည်။

သူတို့၏ တပည့်များကလည်း အင်မော်တယ်ဝိညာဉ်
အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသဖြင့် သူတို့၏
အဆင့်အတန်းများကလည်း အရင်အတိုင်း
မဟုတ်တော့ချေ။ သူတို့သည် ယခုအချိန်တွင်
အခြားဂိုဏ်းများမှ ခေါင်းဆောင်များနှင့်ပင်
ယှဉ်နေနိုင်ပြီ ဖြစ်သည်။

အခြားဂိုဏ်းများ၏ အာရုံစိုက်မှု အခံရဆုံးသူမှာ
ဇူရီ၏ ကောင်းကင်ဘုံကျောင်းမှ ပထမ
တပည့်ဖြစ်သူ ယန်တီပင် ဖြစ်သည်။ သူသည် ဇူရီနှင့်
အတူ သက်ရှည်မြို့တော်သို့ ပါလာခဲ့သည်။

သို့ရာတွင် ရှောင်ယန်၏ ငရဲမီး ချောက်ကမ်းပါးမှ
ပထမ တပည့်ဖြစ်သူ တန်ကျွင်းသည်
ယုကျင်းတောင်ပေါ်တွင် ကျန်နေခဲ့ပြီး မပါလာခဲ့ပေ။

ယနေ့သည် ရှောင်ယန်၏ ပျော်ရွှင်ဖွယ်ရာ အချိန်ဖြစ်သည်။ သူ၏ကိုယ်ပိုင် စေ့စပ်ပွဲတွင် သူသည် ရှိနေစရာ မလိုသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူလာမည်ဟု ပြောထားသည်။

ယခုအချိန်တွင် ဇူရီ၊ ဝမ်လင်းနှင့် ကျန်သော လေးယောက်တို့သည် ရောက်လာကြသော်လည်း ရှောင်ယန်ကမူ မပေါ်လာသေးချေ။

ဤကဲ့သို့သော အရေးကြီးသည့် အချိန်တွင် တန်ကျွင်းသည် သူ့ဆရာ၏ ကိုယ်စား ကိစ္စများကို စီစဉ်နေရမည် ဖြစ်ကာ ငရဲမီး ချောက်ကမ်းပါးတွင်သာ မနေနေသင့်ချေ။

သို့သော်လည်း တန်ကျွင်းသည်
ယုကျင်းတောင်ပေါ်၌သာ နေနေခဲ့သည်။

ကြေညာချက်အရ တန်ကျွင်းမှအပ ရှောင်ယန်၏
ကျန်သော လက်ရင်းတပည့်များသည်
သက်ရှည်မြို့တော်သို့ လာကာ ဤပျော်ရွှင်ဖွယ်ရာ
အချိန်အခါကို စောင့်ကြည့်ကြမည် ဖြစ်သည်။

ဤကဲ့သို့ဆိုလျှင် တန်ကျွင်း၏ တာဝန်သည်
ယုကျင်းတောင် ပေါ်တွင် တစ်စုံတစ်ခု
မဖြစ်ရအောင် တာဝန်ယူရမည် ဖြစ်သည်။

အကယ်၍ ဤတာဝန်ကို ယန်တီအား ပေးခဲ့လျှင်
ဘာမှ ထူးခြားသည်ဟု ပြော၍ရမည် မဟုတ်ချေ။
ဘာပဲပြောပြော တန်ကျွင်းအနေဖြင့်
သက်ရှည်မြို့တော်တွင် သူ့ဆရာအား
ကူညီရသည်မှာ ဖြစ်သင့်သော အရာတစ်ခု
ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် တန်ကျွင်းသည်
ဤကဲ့သို့ မလုပ်ပဲ ယုကျင်းတောင်ပေါ်တွင်သာ
နေနေခဲ့သည်။ ဤအရာသည် နတ်ဘုရား နယ်မြေမှ
အင်အားစုများ၏ မျက်စိများ အတွင်းတွင် အမတန်မှ
ကြီးမားသော အကျိုး သက်ရောက်မှု တစ်ခုပင်
ဖြစ်သည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့ အပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် ဆက်ခံသူကို ရွေးချယ်ပြီးသွားဟန် တူနေသည်။

တန်ကျွင်းသည် ယန်တီထက်ပို၍ အားသာချက် ရှိသွားခဲ့သည်။

ဤအဖြစ်သည် အချိန်များစွာ လိုသေးပြီး ကြားတွင် ဘာဖြစ်ဦးမည်ကို မည်သူကမှ မသိကြသော်လည်း ဤသတင်းသည် လူတိုင်း၏ အလေးအနက် အာရုံစိုက်ခြင်းကို ခံခဲ့ရသည်။

ဂူအင်ပါယာကလည်း အပါအဝင် ဖြစ်၏။

သို့သော်လည်း သူတို့သည် အခြားသူများ
ထင်နေကြသကဲ့သို့ သက်တောင့်သက်သာ
မဖြစ်နေခဲ့ပေ။

ဂူအင်ပါယာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
နီးကပ်သော ဆက်ဆံရေးများ ရှိသည်။ အထူးသဖြင့်
ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့၏
ဆက်ဆံရေးကြောင့် ငရဲမီး ချောက်ကမ်းပါးနှင့်
ပိုမိုနီးစပ်သည်။ အကယ်၍ ရှောင်ယန်အပြီးတွင်
တန်ကျွင်းက နေရာ ဆက်ခံခဲ့လျှင် သူတို့က
နီးစပ်ကြသဖြင့် ဂူအင်ပါယာ အတွက်
အကျိုးပိုရှိမည် ဖြစ်ကာ မဟာကျိုးနှင့် မဟာချင်
အင်ပါယာတို့ အပေါ်တွင် ဖိအားများ ပိုလာပေမည်။

သို့သော်လည်း ရေရှည်ကို မြင်နိုင်ကြသူများ
အနေဖြင့် ခေါင်းမာသော တန်ကျွင်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်နေရာကို
ဆက်ခံခဲ့ပါက ဂူအင်ပါယာ အတွက် အကောင်းဆုံး
ရွေးချယ်မှု မဖြစ်လာနိုင်သည်ကို ပြောနိုင်ကြသည်။

အကယ်၍ ယန်တီသည် ရောင်ယန်၏ တပည့်ဖြစ်ပြီး
ခေါင်းဆောင်နေရာကို ရွေးချယ်ခြင်း ခံထားရပါက
ဂူအင်ပါယာ အနေဖြင့် ပို၍ ပျော်ရွှင်မည် ဖြစ်သည်။

အချို့အရာများသည် ဂူအင်ပါယာ အပါအဝင်
ကျန်သော ဂိုဏ်းနှင့် အင်အားစုများအတွက် သံသယ
ဖြစ်ဖွယ်ရာ မရှိပဲ ဝေဝါးနေကြသေးသည်။

သက်ရှည်ကမ္ဘာ အတွင်းတွင် လော်ချင်းဝူက ရယ်လိုက်သည်။ "ဒီဆုံးဖြတ်ချက်ကို အများကြီး စဥ်းစားစရာ မလိုပါဘူး… ဘာဖြစ်လို့လဲ ဆိုတော့ ထျန်းချန်က ထျန်းတိုင်ထက် ပိုပြီးမှ ထူးချွန်ပြီး ပိုမို သင့်တော်လို့ပဲ"

ဇူရီသည် သူမ၏ စကားများကို ကြားခဲ့ရသော်လည်း စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပဲ ပြုံးကာ ပြောလိုက်သည်။ "ငါတို့ဂိုဏ်းက ဟင်းလင်းပြင် ဘုရားကျောင်းလိုမျိုး စွမ်းအားတွေကို မျှခြေညီအောင် ပြုလုပ်တဲ့ ကစားပွဲတွေကို မပြုလုပ်ဘူး… ဆရာရဲ့ ဂုဏ်သတင်းနဲ့ ဂိုဏ်းရဲ့ လက်ရှိ စွမ်းအားတွေကို သက်သေပြပြီးသွားပြီ"

"ငါတို့က မလုပ်ချင်နေပေမဲ့ ငါတို့ဟာ နတ်ဘုရား နယ်မြေက ကျန်တဲ့လူတွေရဲ့ ဆုံးဖြတ်မှုနဲ့ စဉ်းစားပုံတွေ အပေါ်မှ အကျိုးသက်ရောက်မှု ရှိစေခဲ့တယ်... ငါတို့က နတ်ဘုရား နယ်မြေ အတွင်းက အခြေအနေကို ပြောင်းလဲစေခဲ့တယ်"

"အစ်ကိုကြီးနဲ့ ကျန်းအာ မိန်းကလေးတို့ဟာ အချင်းချင်း ချစ်မြတ်နိုးကြပြီး သူတို့ရဲ့ အချစ်ဟာ ပြင်ပ အကြောင်းအရာတွေကြောင့် ပြောင်းလဲမှာ မဟုတ်ဘူး... ဒါပေမဲ့ သူတို့ရဲ့ ဆက်ဆံရေးဟာ ငါတို့ဂိုဏ်းနဲ့ ဂူအင်ပါယာတို့ရဲ့ အကြားက မဟာမိတ် လက်ထပ်ပွဲလို့ သတ်မှတ်ခြင်းကို ခံရလိမ့်မယ်"

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုအချက်အား အတည့်အလင်း ငြင်းဆန်ခြင်း

မပြုခဲ့လျှင် ဂူအင်ပါယာ၏ ဂုဏ်သိက္ခာသည် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့ စေ့စပ်ပြီးသွားသော အခါ မြင့်တက်လာမည်မှာ သေချာသည်။ အခြားသူများ၏ မျက်လုံးများ အတွင်းတွင်လည်း ဂူအင်ပါယာ အနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အနီးကပ်ဆုံး မဟာမိတ် ဖြစ်လာပေမည်။

အကယ်၍ ဂူအင်ပါယာက ဘာမှ မပြုလုပ်ခဲ့လျှင်ပင် ကျန်သော အင်အားစုများ အနေဖြင့် ဂူအင်ပါယာအား ရင်ဆိုင်သောအခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားကို ထည့်တွက်ရဦးမည် ဖြစ်သည်။ ဂူအင်ပါယာသည် ခုခံ၍ မရနိုင်သော စွမ်းအားစုတစ်ခု ဖြစ်လာတော့ပေမည်။

သို့သော်လည်း တန်ကျွင်း၏ ကိစ္စသည်
အခြေအနေကို အနည်းငယ် ပြောင်းလဲစေပြီး
လူအများတို့သည် ထိုအရာက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ စကားဖြင့် မဖော်ပြသည့်
သတင်းဖြစ်ကြောင်းကို ယုံကြည်နေကြသည်။

ဂူအင်ပါယာကပင် စတင်၍ စဥ်းစား
သုံးသပ်နေခဲ့သည်။

သို့သော်လည်း ဤအရာသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား အတည်ပြုခိုင်း၍ရသော
အရာတစ်ခု မဟုတ်ချေ။ သူတို့သည် သူတို့ကိုယ်တိုင်
စဥ်းစားဆင်ခြင်ကာ ဝေဖန် သုံးသပ်ရမည်
ဖြစ်သည်။

သို့သော်လည်း တစ်ယောက်၏ သုံးသပ်မှုသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မူလ
ရည်ရွယ်ချက်နှင့် တူညီချင်မှ တူညီပေမည်။

ယန်ချင်က ခါးသီးစွာနှင့် ရယ်လိုက်သည်။
"အတိုင်းအတာ တစ်ခုအထိ ဒါက အစ်ကိုကြီးရဲ့
လက်ထပ်ပွဲကြောင့် ဖြစ်ပေါ်လာစေတဲ့
တခြားဂိုဏ်းနဲ့ အင်အားစုတို့ရဲ့ ဖိအားအချို့ကို
လျော့နည်းစေလိမ့်မယ်… ဒါပေမဲ့ ဒါဟာ သူတို့ရဲ့
ဆက်ဆံရေးကို ပိုပြီးမှ ရိုးရှင်းစေမလား…
ဒါမှမဟုတ် ပိုပြီးမှ ရှုပ်ထွေးစေမလား"

ဝမ်လင်းက ပြောလိုက်သည်။ "ကျန်းအာ
မိန်းကလေးက နားလည်မှု လွဲမှာမဟုတ်ဘူး…

ဒါဆိုရင် ရပြီ... ဒါ့အပြင် သူ့ရဲ့ အဖေကလည်း
သာမန်လူ မဟုတ်ဘူး... သူက နားလည်မှာပါ"

လော်ချင်းဝူက သူမ၏ ခေါင်းကို ခါလိုက်သည်။
"ဘာပဲပြောပြော လူတိုင်းမှာ အမှားတွေ ရှိကြစမြဲပဲ"

သူတို့သည် အချင်းချင်း ကြည့်လိုက်ကြပြီးမှ
သက်ပြင်းတစ်ချက် ချလိုက်ကြကာ အနည်းငယ်
ရယ်ချင်ပက်ကျိ ဖြစ်နေခဲ့သည်။

သူတို့အနေဖြင့် ထိုအရာသည် အမတန်မှ သန့်စင်၍
ရိုးရှင်းသော အရာတစ်ခု ဖြစ်သည်။

စာစဥ် ၇၀ : အပိုင်း ၁၉

# အပိုင်း ၁၃၆၉ : အားလုံးတို့တွင် သူတို့၏ ကိုယ်ပိုင် ပြဿနာများ ရှိသည်

လျှမ်ကန်းသည် သူ့အရှေ့တွင် ရပ်နေသော ယန်တီအား ကြည့်၍ ပြုံးလိုက်သည်။ "ငါဟာ မင်းအင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်သွားတုံးက ဂုဏ်မပြုခဲ့ရသေးဘူး"

ယန်တီက ပြုံး၍ ပြန်ပြောလိုက်သည်။ "အရှင်မင်းမြတ်က အမတန်မှ ကြင်နာတာပဲ... အရှင်မင်းမြတ် ကိုယ်တိုင်ကလည်း အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်ဖို့ ခြေတစ်လှမ်းသာ လိုတော့တယ်"

ယခုအချိန်တွင် လျှမ်ကန်းသည် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်တွင်သာ ရှိနေသေးသည်။
မဟာကျိုး အင်ပါယာသည် ဤနှစ်များ အတွင်းတွင်
စွမ်းအားများကို တည်ဆောက်နိုင်ခဲ့သော်လည်း
သူတို့၏ ယခင်နေ့များကို ပြန်ရောက်ရန် အများကြီး
လိုသေးသည်။ ယန်တီ၏ လက်ရှိ ကျင့်ကြံမှုနှင့်
အဆင့်အတန်း အရ သူတို့နှစ်ယောက်သည်
အဆင့်တူနေသည်။ အနည်းငယ် မသင့်တော်ဟု
ထင်နေရသော်လည်း လွန်ကဲသည်ဟု
ပြော၍မရပေ။

သို့သော်လည်း ယန်တီသည် လျှမ်ကန်းအား
အမတန်မှ ရိုသေနေသည်။ အဘယ်ကြောင့်ဆိုသော်

လျှမ်ကန်းသည် သူ၏ဆရာ ဇူရီနှင့် နီးစပ်သော ဆက်ဆံရေးများ ရှိသောကြောင့် ဖြစ်သည်။

ဇူရီသည် ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ ရှိသေးပြီး မဟာကျိုး အင်ပါယာသို့ စာမေးပွဲဖြေရန် သွားရောက်ခဲ့သော အခါ သူတို့နှစ်ယောက်သား ခင်မင် ရင်းနှီးခဲ့ကြသည်။ ဇူရီသည် ထျန်းကျင်းမြို့တွင် ရှိနေစဥ်က လျှမ်ကန်းသည့် သူ့အား အတော် ကြည့်ရှုပေးခဲ့သည်။

ထိုအချိန် မတိုင်မီက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့ အကြားမှ ဆက်ဆံရေးသည် တဖြည်းဖြည်း ဆိုးဝါးလာသဖြင့် လျှမ်ကန်းသည် သူ၏ဖခင်

လျှမ်ပန်းနှင့် ရင်ဆိုင်ခဲ့ရသော အခါ အနည်းငယ် ခက်ခဲခဲ့သည်။

လင်းဖုန်းသည် သူ့အား တမင်သက်သက် အခက်တွေ့အောင် မလုပ်ခဲ့သော်လည်း လျှမ်ကန်းအနေဖြင့် ထိုအချိန်က မဟာကျိုး အင်ပါယာ အတွင်းတွင် အကြဥ်ခံခဲ့ရကာ စောင့်ကြည့်ခြင်းခံခဲ့ရသည်။

ဤအကျပ်အတည်းကို နှစ်ပေါင်းများစွာ ခံစားခဲ့ပြီး လျှမ်ပန်းသည် ယင်ပင်လယ်သို့ ထွက်ပြေးသွားသော အချိန်တွင်မှ လျှမ်ကန်းသည် လွတ်လပ်မှုကို ပြန်လည် ရရှိနိုင်ခဲ့သည်။

ဤနှစ်များ အတွင်းတွင် လျှမ်ကန်းအနေဖြင့် ဇူရီနှင့် အဆက်အသွယ် မပြတ်နေခဲ့ပေ။ သူသည် အားထုတ်ကြိုးစားသော ဧကရာဇ် တစ်ပါးဖြစ်ကာ သူ၏ လူများကို ကောင်းမွန်စွာ ဆက်ဆံခဲ့သည်။ သူသည် ရိုးသားသော သူတစ်ယောက်လည်း ဖြစ်ကာ မဟာကျိုး အင်ပါယာ အတွင်းတွင် ကျော်ကြားသော သူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ယန်တီက လျှမ်ကန်းအား အမတန်မှ ရိုသေခြင်း ဖြစ်သည်။ သူ၏ ကျင့်ကြံမှု အဆင့်က ပိုမို မြင့်မားသော်လည်း လျှမ်ကန်းအား အကြီးအကဲ တစ်ယောက်ကဲ့သို့ ဆက်ဆံခဲ့သည်။

"အင်မော်တယ်ဝိညာဉ်ကို ဖန်ဆင်းရတာ တကယ်ကိုပဲ မလွယ်ဘူး" လျှမ်ကန်းက

သူ၏ခေါင်းကို ခါ၍ ရယ်လိုက်သည်။ သူ့ကို ကြည့်ရသည်မှာ အမတန်မှ တည်ငြိမ်သည့်ပုံ ပေါက်နေသည်။

သူသည် ထီးနန်းကို ဆက်ခံခဲ့သော အချိန်တွင် အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်တွင် ရှိနေပြီ ဖြစ်ကာ ထိုအချိန်က ယန်တီထက် ကျင့်ကြံမှု ပို၍ မြင့်မားသည်။

သို့သော်လည်း ယခုနှစ်များ အတွင်းတွင် ယန်တီက အမြင့်ပျံနေသော အချိန်တွင် သူက ကျန်နေရစ်ခဲ့သည်။ ဤအရာသည် လျှမ်ကန်းအတွက် သနားစရာ အခြေအနေပင် ဖြစ်သည်။

ယန်တီ၏ တိုးတက်မှုတွင် သူ၏ ပါရမီနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ အရင်းအမြစ်များက
အဓိက အချက်များအဖြစ် ပါနေသော်လည်း
ထိုအရာများက အဓိက မဟုတ်ပေ။
လျှမ်ကန်းကလည်း ဤအကြောင်းကို
ကောင်းစွာသိနေသည်။

ယခုအချိန်တွင် မဟာကျိုး အင်ပါယာ၏ အုပ်စိုးသူ
ဖြစ်နေပြီ ဖြစ်သဖြင့် သူ့တွင် အသုံးပြုနိုင်သော
အရင်းအမြစ် ပစ္စည်း အမြောက်အမြား ရှိနေသည်။

လျှမ်ကန်းသည် သူ၏ ကျင့်ကြံမှု အဆင့်က
အနည်းငယ် နိမ့်ကျနေသော်လည်း
သူနန်းတက်သော အခြေအနေ၏ ထူးခြားမှုကြောင့်
မဟာကျိုး အင်ပါယာ၏ အင်မော်တယ်ဝိညာဉ်

အဆင့်မှ အကြီးအကဲတို့၏ ကြိုးကိုင်မှုကို မခံနေရချေ။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကြောင့် မဟာကျိုး အင်ပါယာ၏ ဧကရာဇ် အသစ်ဖြစ်ရန် အသင့်တော်ဆုံးသူ ဖြစ်သည်။ ကျန်သောသူများသည် သူ့အား အာဏာပြလိုလျှင် အသေအချာ ဆင်ခြင် သုံးသပ်ရမည် ဖြစ်သည်။

လျှမ်ကန်းကလည်း လုံးဝ အသုံးမကျသောသူ မဟုတ်ပေ။ သူ၏ နည်းလမ်းများသည် ပြုလွယ်ပြောင်းလွယ် ရှိကာ အင်ပါယာ အတွင်းမှ အင်အားစု အသီးသီးတို့အား လျင်မြန်စွာဖြင့် မျှခြေညီအောင် လုပ်နိုင်ခဲ့ပြီး သူ၏ ထီးနန်းကို တည်ငြိမ်စေခဲ့သည်။ သူသည် သူ၏ ကတိများ

အားလုံးကို ဖြည်းဆည်းပေးရန်
မတတ်နိုင်သော်လည်း တတ်နိုင်သမျှ
ကြိုးစားခဲ့သည်။

အများစုသည် သူ့အား မဟာကျိုး အင်ပါယာ၏
မှန်ကန်သော အုပ်ချုပ်သူဟူ၍ လက်ခံခဲ့ကာ
ထောက်ခံခဲ့ကြသည်။ သူတို့သည် သူ၏
ကျင့်ကြံမှုက တိုးတက်လာလိမ့်မည်ဟု
မျှော်လင့်ထားကြသည်။ ဤသို့ဆိုလျှင် မဟာကျိုး
အင်ပါယာ အနေဖြင့် အကျိုးရှိနိုင်ပေမည်။

ထို့ကြောင့်ပင် လျှမ်ကန်းသည် မဟာကျိုး
အင်ပါယာ၏ အုပ်ချုပ်သူ အနေဖြင့်
အရင်းအမြစ်များ ရှားပါးခြင်း မရှိခဲ့ပေ။
သူကျင့်ကြံထားသော နည်းစနစ်ဖြစ်သည့်

တိုင်ကေရာဇ်၏ မှော်ကျိန်စာကျမ်းသည်လည်း အမတန်မှ ထူးခြားသည်။ သူ့တွင် ဗုဒ္ဓဝါဒနှင့် ကောင်းကင်တံခါးဂိုဏ်းတို့၏ ကျမ်းစာပေါင်းချုပ်ပင် ရှိနေသေးသည်။

ထို့အပြင် သူသည် မဟာကျိုး ကေရာဇ်လည်း ဖြစ်သဖြင့် ကေရာဇ်၏ အန္တိမ လမ်းစဉ် နည်းစနစ်ကို ကျင့်ကြံနိုင်ကာ နဂါးစွမ်းအင်များဖြင့် သူ၏ ခန္ဓာကိုယ်အား အားဖြည့်ပေးနိုင်သည်။ ဤအရာများ အားလုံးသည် သူ့အား ကျင့်ကြံရန် များစွာ လွယ်ကူစေသည်။

သူ၏ ပင်ကိုစွမ်းရည်သည် ယန်တီနှင့် မယှဉ်နိုင်သော်လည်း သူသည် သာမန်လူ တစ်ယောက်လည်း မဟုတ်ပေ။

တစ်ခုရှိသည်မှာ အင်မော်တယ်ဝိညာဉ် အဆင့်မှ အရံအတားသည် ကျန်သော ကျင့်ကြံမှု အဆင့်များမှ အရံအတားများထက် ကျော်လွှားရန် များစွာ ခက်ခဲသောကြောင့် ဖြစ်သည်။

ထို့အပြင် ဧကရာဇ်၏ အန္တိမ လမ်းစဉ် နည်းစနစ်သည် အသွားနှစ်ဘက်ပါဓားနှင့် တူနေသည်။ သူတို့တွင် ကောင်းကျိုးများ ရှိသလို ဆိုးကျိုးများလည်း ရှိသည်။ နဂါးစွမ်းအင်သည် တစ်ယောက်၏ ကျင့်ကြံမှုအတွက် များစွာ အသုံးဝင်သည်။ အကယ်၍ လျှမ်ကန်းသည် မဟာကျိုး၏ လွှမ်းမိုးမှုများကို ပိုမို ချဲ့ထွင်နိုင်ပါက သူ၏ကိုယ်ပိုင် ကျင့်ကြံမှုအတွက် များစွာ အကျိုးရှိပေမည်။

သို့သော်လည်း အကယ်၍ အင်ပါယာသည် ဒုက္ခတွေ့၍ စွမ်းအားများ ဆုံးရှုံးသွားပါက သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုကလည်း နှောင့်နှေးနေမည် ဖြစ်သည်။

အကယ်၍ သူသည် အင်ပါယာအား ဆုံးရှုံးသွားခဲ့ရပါက နဂါးစွမ်းအင်များသည် အသုံးဝင်တော့မည် မဟုတ်ပဲ သူ၏ ကျင့်ကြံမှုသည် ပြန်၍ပင် ဆုတ်ယုတ်သွားမည် ဖြစ်သည်။

အတိတ် ဆယ်စုနှစ်တွင် မဟာကျိုး အင်ပါယာ အနေဖြင့် ဂူအင်ပါယာ၏ ကြီးမားသော ဖိအားများကို ရင်ဆိုင်နေရသည်။ သူတို့သည် သတိတကြီးဖြင့် ရှေ့ဆက်နေကာ အလောတကြီး

မလုပ်ခဲ့သော်လည်း သူတို့၏ နယ်မြေ
တစ်စိတ်တစ်ပိုင်းအား ဆုံးရှုံးခဲ့သည်။ အင်ပါယာ၏
လွှမ်းမိုးမှုကလည်း ကျဆင်းသွားခဲ့သည်။

ဤအရာသည် လျှမ်ကန်း၏ ကျင့်ကြံမှုနှင့်
အင်မော်တယ်ဝိညာဉ် အဆင့်သို့
တက်လှမ်းနိုင်ခြင်းကို ကြိုးဖြင့်
ချုပ်နှောင်ထားသကဲ့သို့ ဖြစ်နေသည်။

လျှမ်ကန်းသည် ယန်တီအားကြည့်၍
သက်ပြင်းချလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက မျိုးဆက် တပည့်တွေက
တကယ်ပဲ ထူးချွန် ပြောင်မြောက်လှတယ်...
တခြားသူတွေရဲ့ အရံအတားတွေက သူတို့အတွက်
ဘာမှ မဟုတ်သလိုပဲ"

သို့သော်လည်း လျှမ်ကန်းသည် ယန်တီအား ကြည့်နေရင်း မတတ်နိုင်ပဲ ပြုံးလိုက်သည်။ "ဒါပေမဲ့ သူက လက်ရှိအချိန်မှာ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဆက်ခံသူခေါင်းဆောင် ဖြစ်လာမယ့် ပြိုင်ပွဲမှာ တန်ကျွင်းကို ရှုံးနိမ့်နေတာကို ဂူအင်ပါယာ အနေနဲ့ ပျော်နိုင်မှာ မဟုတ်ဘူး"

တန်ကျွင်း၏ အလုပ်လုပ်ပုံမှာ ပိုမို ခေါင်းမာပြီး လျှမ်ကန်းအနေဖြင့် စိုးရိမ်နေခြင်း မရှိပေ။ အကယ်၍ ကောင်းကင်က ပြိုကျလာလျှင် မဟာကျိုး အင်ပါယာ အနေဖြင့် ပထမဆုံး ထိခိုက်မည့်သူ ဟုတ်မည် မဟုတ်ချေ။

မဟာကျိုး အင်ပါယာတွင် ကြီးမားသော ရည်ရွယ်ချက်များ ရှိနေပြီး ယခင်က အခြေအနေသို့ ပြန်ရောက်နေလိုသဖြင့် ခေါင်းမာသော အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နှင့် ဆက်ဆံရသည်မှာ သူတို့အတွက် လွယ်မည် မဟုတ်ချေ။ သို့သော်လည်း လက်ရှိ မဟာကျိုး အင်ပါယာ အတွက်မူ သူတို့၏ စွမ်းအားများကို တည်ငြိမ်အောင် အရင်လုပ်ပြီးမှ ဖြည်းဖြည်းချင်း ပြန်လည် တိုးတက်အောင် လုပ်ရပေမည်။

ထိုကဲ့သို့သော ရလဒ်ကို အားရနေသူမှာ သူတစ်ယောက်တည်း မဟုတ်ပဲ လျှမ်ကန်းက ယုံကြည်နေခဲ့သည်။ ရှီကျုံးထန်း၊ တော်ဝင် အိမ်တော်သခင်နှင့် ကောင်းကင်မာစတာ ခေးဂိုဏ်း၊ ကျယ်ပြန့်သော ပင်လယ်ခေးဂိုဏ်း၊ လျှပ်စီး

ဓားဂိုဏ်း၊ သံသရာဂိုဏ်းနှင့် ကျန်သော ဂိုဏ်းများစွာတို့၏ ခေါင်းဆောင်များကလည်း အလားတူပင် ကျေနပ်နေကြပေမည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် နီးစပ်စွာ နေပြီး သူတို့အား မှီခိုနေခြင်းသည် ဂိုဏ်းတစ်ဂိုဏ်း အနေဖြင့် သူတို့၏ ကိုယ်ပိုင် တိုးတက်မှုများကို စွန့်လွှတ်လိမ့်မည်ဟု ဆိုလိုနေခြင်း မရှိပေ။

အကယ်၍ တန်ကျွင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နောင်လာမည့် ခေါင်းဆောင် ဖြစ်လာပါက အစိုးရိမ်ဆုံး ဖြစ်နေမည့် သူများမှာ ဟင်းလင်းပြင် ဘုရားကျောင်း၊ စုတောင်ဓားဂိုဏ်း၊ ဂူကေရာဇ်နှင့်

မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာများပင် ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ယန်တီအား ကြည့်နေရင်း လျှမ်ကန်းက သူ၏ ရင်အတွင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။ "သူ့ရဲ့ အနာဂတ်မှာ အကန့်အသတ်မဲ့ အလားအလာတွေ ရှိတယ်... သူ့ရဲ့ ကျင့်ကြံမှုဟာ ကျိုးယွင်ချုံးနဲ့ ဟန်ရန်တို့ထက် နောက်ကျပေမဲ့ သူ့ရဲ့ ပါရမီနဲ့ ကျော်ကြားမှုဟာ သူတို့ နှစ်ယောက်စလုံးထက် ပိုသာတယ်"

"သူက တန်ကျွန်းနဲ့ ယှဉ်ဘက်ဖြစ်ရတာ နှမြောစရာပဲ... ဒါက လင်းဖုန်း၊ ငရဲမီး ကေရာဇ်နဲ့ ဇူရီတို့ရဲ့ ဂိုဏ်းတွင်း အစီအစဉ်တွေလား မသိပါဘူး"

သူသည် ယန်တီအား ကြည့်နေရင်း သူ၏ မျက်လုံးများ အတွင်းတွင် နူးညံ့သော အကြည့်ကိုသာ တွေ့ခဲ့ရသည်။ "သူ့ရဲ့ စိတ်အခြေအနေက အမတန်မှ တည်ငြိမ်တယ်... သူ့လိုမျိုး တစ်စုံတစ်ယောက်ကို တွေ့ရဖို့ အမတန်မှ ခက်ခဲတယ်"

ဘာပဲပြောပြော ယန်တီသည် အရာအားလုံးက အတည်မဖြစ်ခင် လျှမ်ကန်း၏ ပလ္လင်ထက်ပင် ပို၍ အရေးပါသည့် နေရာကို ဆုံးရှုံးသွားခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အခြေအနေနှင့် ဆက်လက် ရွေ့လျားနေသော ပုံစံအရ ထိုအရာသည် အနာဂတ်တွင် နတ်ဘုရား နယ်မြေ အတွင်းတွင် အာဏာအရှိဆုံး နေရာ ဖြစ်လာမည် ဖြစ်သည်။

ယခုအချိန်တွင် ယန်တီအား အဝေးမှ ကြည့်နေကြသော သူအချို့လည်း ရှိနေကြသည်။

သူတို့မှာ မိန်းကလေး နှစ်ယောက်တို့ ဖြစ်ကြသည်။ တစ်ယောက်သည် အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ တစ်ယောက်မှ အဖြူရောင်ကို ဝတ်ဆင်ထားသည်။

အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးသည် ယန်တီအား ရှုပ်ထွေးသော အကြည့်ဖြင့် ကြည့်နေသည်။ ထိုအကြည့်တွင် ချစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ မသက်မသာ ဖြစ်နေခြင်းနှင့် ဝမ်းနည်းခြင်းတို့ ပါနေသည်။

အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေးက သူမ၏ အင်္ကျီလက်စကို ဆွဲလိုက်သည်။ "အစ်မကြီး... အဖေရဲ့ စကားကို နားထောင်လိုက်ပါ... သူက တန်ကျွင်းကို ရှုံးနေပြီ"

အဖြူရောင် ဝတ်စုံနှင့် မိန်းကလေး၏ နှုတ်ခမ်းများက တွန့်သွားသည်။ "ဒါ... ဒါက ငါနဲ့ တစ်စုံတစ်ခု သက်ဆိုင်နေနိုင်တယ်... ငါက သူ့ကို ဆွဲချသလို ဖြစ်သွားခဲ့တယ်"

အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေးသည် သူမ၏ စကားများကို ကြားခဲ့ရသော အခါ မျက်နှာပျက်သွားသည်။ သူမသည် သူမ၏ အစ်မကို ကြည့်နေရင်း ဘာပြောရမည်မှန်း မသိတော့ချေ။

အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးသည် ဂူချင်
ဖြစ်သည်။ သူမသည် ရှောင်ကျန်းအာ၏ တူမဖြစ်၍
ရှောင်ကျန်းအာ အပြီးတွင် နောက်ထပ်
ပေါ်လာသည့် ပါရမီရှင်လေး ဖြစ်သည်။

သူမသည် ယခင်က ယန်တီနှင့် သိကျွမ်းခဲ့ပြီး
သူ့အပေါ်တွင် ခံစားချက်များ ပေါ်လာခဲ့သည်။ သူတို့
နှစ်ယောက်သားသည် အချင်းချင်း နီးကပ်ကြပြီး
အဆက်အသွယ် မပြတ်ကြပေ။ သို့သော်လည်း
သူမတို့ အကြားတွင် တစ်စုံတစ်ခုက
တားဆီးထားသကဲ့သို့ ဖြစ်နေသည်။

ယန်တီသည် တစ်ခါမှ မပြောခဲ့သော်လည်း
ဂူချင်နေဖြင့် သူသည် သူ၏ အချစ်ဟောင်းဖြစ်သူ

ဖန်းရှောင်လန်အား တမ်းတနေဆဲဟု သိနေခဲ့သည်။ သူတို့နှစ်ယောက်သည် ကွဲကွာသွားခဲ့သည်မှာ အချိန်အတန်ကြာ ရှိပြီ ဖြစ်သော်လည်း ယန်တီအနေဖြင့် ဖန်းရှောင်လန်အား မမေ့နိုင်ခဲ့ချေ။

ဂူအင်ပါယာ အနေဖြင့် ဂူချင်နှင့် ယန်တီတို့က တာအိုစုံတွဲ ဖြစ်လာမည်ကို ကျေနပ်အားရနေသည်။

တာအိုစုံတွဲ တစ်တွဲသည် လက်ထပ်စရာ မလိုပေ။ သို့သော်လည်း သူတို့သည် အချင်းချင်း လက်တွဲကာ ထောက်ပံ့ရမည် ဖြစ်သည်။ သူတို့သည် ရှည်လျားသော ကျင့်ကြံမှု ခရီးလမ်းအား အတူတကွ လျှောက်လှမ်းရမည် ဖြစ်သည်။

ယန်တီသည် တန်ကျွင်းအား ရှုံးခဲ့နေပြီ ဖြစ်သည်။ ဤကိစ္စသည် ဂူအင်ပါယာ၏ မျက်လုံးများ အတွင်းတွင် ကွဲပြား ခြားနားစွာဖြင့် ရှုမြင်ခြင်းကို ခံခဲ့ရသည်။ အချို့မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့အား မနှစ်သက်သည်ကို ပြသနေသည်ဟု ရင်လေးစွာဖြင့် ယုံကြည်နေကြသည်။

အစိမ်းရောင် ဝတ်စုံဖြင့် အမျိုးသမီးသည် အနည်းငယ် ချီတုံချတုံ ဖြစ်စွာဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ နင်နဲ့ ယန်တီတို့ကို အမြဲတမ်း နှစ်ယောက်တည်း ပေးတွဲပြီး တစ်ခါမှ ဝင်စွက်ဖက်ခြင်း မရှိခဲ့ဘူး… မဟုတ်မှ လွဲရော ကျန်းအာ မိန်းကလေးနဲ့ ငရဲမီး ကေရာဇ်တို့က စေ့စပ်တော့မှာ မလို့ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းဟာ ဂူအင်ပါယာနဲ့ အရမ်းကြီး နီးကပ်လိုနေခြင်း မရှိလို့ နင်တို့ နှစ်ယောက်ကို ခွဲခဲ့တာလား"

"ငါမသိဘူး... ငါ့မှာ ဒီကိစ္စနဲ့ ပတ်သတ်ပြီး ဘာမှ ထင်မြင်ချက် ပေးလို့မရဘူး ဆိုတာကိုပဲ သိတယ်... စီနီယာယန်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဆက်ခံသူပဲ ဖြစ်ဖြစ်၊ သာမန် တပည့်ပဲ ဖြစ်ဖြစ် ငါ့အတွက်က ဘာမှ ကိစ္စမရှိဘူး"

ဂူချင်သည် ယန်တီအား စိတ်ရှုပ်ထွေးသော အကြည့်ဖြင့် ကြည့်လိုက်သည်။ ဂူချင်ညီမ၏ မျက်နှာသည် သူမအား ကြည့်နေရင်း ပြောင်းသွားသည်။ "အစ်မကြီး... ယန်တီက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဆက်ခံသူ နေရာအတွက်

စိန်ခေါ်ချင်နေလို့ အစ်မနဲ့ အဆက်အသွယ်ဖြတ်ခဲ့တယ်လို့ ထင်နေတာလား"

ဂူချင်သည် နာကျင်စွာ ခံစားနေရသကဲ့သို့ဖြစ်နေသည်။ "သူက ဒီလိုလုပ်မှာ မဟုတ်ဘူး... သူလုပ်ချင်ရင်တောင် ဒီလိုမျိုး ကိစ္စကြောင့် လုပ်မှာ မဟုတ်ဘူး... အဲ့ဒီအစား ဘာဖြစ်လို့လဲ ဆိုတော့..."

သူမသည် သက်ပြင်းချ၍ အဝေးသို့ လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင် ခရမ်းရောင် ဝတ်စုံကို ဝတ်ထားသော အရပ်ရှည်ရှည်နှင့် အမျိုးသမီး တစ်ယောက်ရှိနေသည်။ သူမသည်လည်း ယန်တီအား ကြည့်နေခဲ့သည်။

ဂူချင်သည် သူမက ဖန်းရှောင်လန် ဖြစ်သည်ဟု မှတ်မိနေ၏။

ဖန်းရှောင်လန်သည် ယန်တီအား ခေတ္တမျှ စိုက်ကြည့်နေပြီးနောက် သူမ၏ အကြည့်အား ရုပ်သိမ်းလိုက်ကာ လှည့်ထွက်သွားသည်။

ယန်တီသည် သူမ ထွက်သွားပြီးမှသာ လျှန်ကန်းနှင့် စကား အဆုံးသတ်သွားခဲ့သည်။ သူကလည်း လျှမ်ကန်း ထွက်သွားသည်ကို ကြည့်နေခဲ့သည်။

ဖန်းရှောင်လန် ဖြစ်စေ၊ ဂူချင်ဖြစ်စေ၊ သူတို့၏ ကျင့်ကြံမှုများသည် ယန်တီထက် နိမ့်ကျနေသည်။ ယန်တီသည် လျှမ်ကန်းနှင့်

စကားပြောနေခဲ့သော်လည်း သူတို့က
မည်သည့်နေရာတွင် ရှိနေသည်နှင့်
ဘာလုပ်နေသည်ကို အာရုံခံနိုင်ခဲ့သည်။

သူမသည် ဖန်းရှောင်လန် ပျောက်ကွယ်သွားသည့်
နေရာကို လှည့်ကြည့်လိုက်ပြီး တိတ်တခိုး
သက်ပြင်းချလိုက်ကာ ဂူချင် ရှိရာထံသို့
လျှောက်လာခဲ့သည်။

"နင့်ရဲ့ ကျင့်ကြံမှုက တိုးတက်လာသလိုပဲ"
ယန်တီက ညင်သာစွာဖြင့် ပြောလိုက်သည်။

ဂူချင်က တောက်ပစွာဖြင့် ပြုံးလိုက်၏။
"ကံကောင်းလို့ ကျွန်မက အချိန်ကို

မဖြုန်းတီးမိခဲ့ဘူး" သူမသည် သူမ၏
ညီမငယ်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။
"ညော့သည်တွေကို ကြိုဆိုဖို့ရာ နောက်မကျစေနဲ့…
နင်အရင်သွားလိုက်… ငါနောက်ကနေ
လိုက်လာခဲ့မယ်"

အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေးသည် ဂူချင်အား
အနည်းငယ် စိုးရိမ်စွာဖြင့် ကြည့်လိုက်သည်။
သို့သော်လည်း သူမသည် ယန်တီအား
နှုတ်ဆက်အပြီးတွင် ထွက်သွားခဲ့သေးသည်။

ယန်တီသည် ဂူချင်အား ကြည့်၍ သိချင်စိတ်ဖြင့်
မေးလိုက်သည်။ "မင်းမှာငါ့ကို မေးဖို့ တစ်ခုခုများ
ရှိနေသလား"

ဂူချင်သည် သူ့အား စိုက်ကြည့်လိုက်ပြီး ညင်သာစွာဖြင့် ပြောလိုက်သည်။ "စီနီယာယန်... ကျွန်မတို့ရဲ့ အနာဂတ်ကို ဘယ်လိုထင်သလဲ"

ယန်တီသည် အနည်းငယ် မှင်သက်သွား အပြီးတွင် သူ၏ အမူအရာသည် လေးနက်လာသည်။ သူသည် ဂူချင်အား အချိန်အတန်ကြာ စိုက်ကြည့်နေပြီးမှ သူမ ဆိုလိုသည်ကို သဘောပေါက်သွားခဲ့သည်။

"ဂျူနီယာဂူ... တကယ်လို့ မင်းက ငါ့ရဲ့ဂိုဏ်းကို ဆိုလိုနေတယ် ဆိုရင်တော့ မင်းက ပူပန်နေစရာ မလိုပါဘူး... ငါ့ရဲ့ဂိုဏ်းက ချစ်ကြည်ရေးအရ လက်ထပ်တာကို စိတ်မဝင်စားပဲ ငါတို့ရဲ့ အကြီးအကဲတွေက ဒီလိုမျိုး ကိစ္စမှာ ဝင်ရောက်စွက်ဖက်မှာ မဟုတ်ဘူး...

နှစ်ဦးနှစ်ဘက်တို့က ကြည်ဖြူရင် သူတို့ကလည်း ဘာမှပြောမှာ မဟုတ်ဘူး"

"ဒါက ငါ့ဆရာ ငါ့ကို ပြောထားတဲ့ အရာဖြစ်ပြီး ငါ့တပည့်တွေက တပည့်တွေကို လက်ခံတဲ့ အချိန်မှာလည်း ငါက ဒီလိုပြောထားတယ်... ဂိုဏ်းတူဦးကြီးနဲ့ ချင်းရဲ့ သူတော်စင်မယ်တို့ကလည်း အတူတူပဲ"

## စာစဥ် ၇၀ : အပိုင်း ၂၀

## အပိုင်း ၁၃၇၀ : နောက်ကျခြင်း

ယန်တီ၏ စကားဆုံးသွားသော အခါ ဂူချင်က ပြုံးလိုက်သည်။ သို့သော်လည်း သူမသည် အလွန် လေးနက်သည့်ပုံ ပေါက်နေခဲ့သေးကာ နူးညံ့စွာဖြင့် ပြောလိုက်သည်။ "စီနီယာယန်... ကျွန်မတို့က အချင်းချင်း သိလာတာ နှစ်ပေါင်းများစွာ ရှိပြီ... စီနီယာက ဘယ်လိုမျိုးလူ ဆိုတာ ကျွန်မက ကောင်းကောင်းသိတယ်"

"ကျွန်မ မေးနေတဲ့ အရာက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မပတ်သတ်ပဲ စီနီယာ အကြောင်းကို မေးနေတာ"

ယန်တီသည် သူမ၏ စကားများကို ကြားခဲ့ရသော အခါ ဘာကိုမှ မပြောခဲ့ပဲ ဂူချင်အား ငြိမ်သက်စွာ

ကြည့်နေကာ သူမ၏ စကားများဆုံးအောင် စောင့်နေခဲ့သည်။

"ကျွန်မက ကျွန်မတို့ရဲ့ အနာဂတ်အပေါ် စီနီယာရဲ့ ထင်မြင်ချက်ကို သိချင်နေတာ" ဂူချင်က သူမ မေးလိုနေသည်ကို ထပ်မံ ပြောလိုက်သည်။

ယန်တီသည် ငြိမ်သက်သွားခဲ့ကာ သူမ၏ မေးခွန်းကို ပြန်မဖြေခဲ့ပေ။

ဂူချင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ပြောလိုက်သည်။ "စီနီယာယန်... စီနီယာက တစ်ခါမှ မပြောဖူးခဲ့ပေမဲ့ စီနီယာဟာ ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက ပိကျန်းမာစတာ ဖန်းရှောင်လန်နဲ့

တာအိုစုံတွဲ ဖြစ်လုနီးပါး ဖြစ်ခဲ့တယ် ဆိုတာကို ကျွန်မ သိနေတယ်"

"ကြည့်ရတာ ဒါက တာအိုစုံတွဲသာ မကပဲ စီနီယာ ကျန်းအာနဲ့ ငရဲမီး ကေရာဇ်တို့လိုမျိုး ဇနီးခင်ပွန်း ဖြစ်လိမ့်မယ်နဲ့ တူတယ်"

ယန်တီသည် သူ၏ခေါင်းကို ဖြည်းညင်းစွာညိတ်၍ ဂူချင်အား ကြည့်လိုက်ကာ ရိုးသားစွာဖြင့် ပြန်ဖြေလိုက်သည်။ "မင်းပြောတာ မှန်တယ်"

ဂူချင်က မေးလိုက်သည်။ "သူမက လမ်းခွဲဖို့ ပြောခဲ့တာလား"

ယန်တီက ပြုံး၍ တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။
"ဟုတ်တယ်... အစ်မရှောင်လန်ဟာ အရမ်း
ခေါင်းမာပြီး ပြိုင်ဆိုင်လိုစိတ် ပြင်းထန်တယ်... ငါက
သူမကို ဖိအားများစွာ ပေးခဲ့သလို ဖြစ်နေတယ်"

ဂူချင်သည် သူ၏ စကားများကို ကြားခဲ့ရသော အခါ
ရင်အတွင်းမှနေ၍ သက်ပြင်းချလိုက်သည်။

အခြားသူများ အနေဖြင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ဆက်ခံရန် အလားအလာ
ရှိသောသူနှင့် ဆက်ဆံရေး
တည်ဆောက်လိုနေပေမည်။

သို့သော်လည်း အချို့မှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ဆက်ခံသူနှင့် အတူ
ရှိနေရခြင်းမှာ မီးရောင်အောက်တွင် တစ်ချိန်လုံး
ရှိနေရသဖြင့် ကိစ္စများစွာ ကိုင်တွယ်ရမည်ဟု
ယုံကြည်နေကြသည်။ ထို့အပြင် ထိုမီးရောင်သည်
ပို၍ပို၍ တောက်ပလာမည် ဖြစ်သည်။

ဂူအင်ပါယာ၏ မြင့်တက်လာသော ပါရမီရှင်
တစ်ယောက်ဖြစ်သည့် ဂူချင်သည်ပင်လျှင်
ယန်တီနှင့် တာအိုစုံတွဲ ဖြစ်လာခဲ့လျှင် သူ၏
အရိပ်အောက်တွင်သာ နေရမည်ဟု
ခန့်မှန်းနိုင်သည်။

အကယ်၍ သူမသည် ခြေတစ်လှမ်းတက်ကာ
သူ၏ဇနီး ဖြစ်လာပါက ဂူအင်ပါယာမှ ချင်းယန်

မာစတာ ဂူချင်သည် ဆက်လက်၍
တည်ရှိနေတော့မည် မဟုတ်ချေ။ သူမသည်
ထျန်းတိုင် သူတော်စင် ယန်တီ၏ ဇနီးအဖြစ်သာ
အသိမှတ်ပြုခြင်း ခံရတော့မည် ဖြစ်သည်။

ဖန်းရှောင်လန်၏ ခေါင်းမာမှုနှင့် စာလျှင် ဂူချင်သည်
များစွာပို၍ နူးညံ့ သိမ်မွေ့သည်။ သူမသည်
ဤအရာကို လက်ခံနိုင်ပေသည်။

ဂူချင်သည် ယန်တီအား ကြည့်၍ ဖွဖွလေး
မေးလိုက်သည်။ "စီနီယာယန်... စီနီယာက သူ...
သူမကို လွမ်းနေသေးလား"

"ကျွန်မက စီနီယာရဲ့ အတိတ်၊ အတွေးနဲ့ ကိုယ်ပိုင်ကိစ္စတွေကို သိချင်နေတာ မဟုတ်ဘူး… ဒါပေမဲ့ ဒီကိစ္စဟာ ကျွန်မနဲ့လည်း သက်ဆိုင်နေတယ်" ဂူချင်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"စီနီယာရဲ့ အဖြေက ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မ လက်ခံနိုင်တယ်... ကျွန်မက စိတ်ချောက်ချားသွားမှာ မဟုတ်ပဲ စီနီယာက ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ကျွန်မက လက်ခံပြီး တည်ငြိမ်စွာနဲ့ ရင်ဆိုင်မှာပါ"

"ကျွန်မက ကလေးတစ်ယောက် မဟုတ်တော့ဘူး… တကယ်လို့ တကယ်ပဲ မျှော်လင့်ချက် မရှိနိုင်ဘူးဆိုရင် ကျွန်မက ရှေ့ဆက်နိုင်မှာ ဖြစ်ပြီး စီနီယာကို ဒုက္ခပေးတော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကျွန်မက အကောင်းဆုံး ကြိုးစားမှရမယ်… ကျွန်မက ကိစ္စတွေကို နားလည်လိုနေပြီး မျက်စိမှိတ်ပြီး မနေလိုဘူး"

ယန်တီသည် ဂူချင်အား ကြည့်၍ သူ၏ခေါင်းကို ခါလိုက်သည်။ "မဟုတ်ဘူး… ဂျူနီယာဂူ… မင်းမှာ ဒီကိစ္စကို သိပိုင်ခွင့် ရှိတယ်… မင်းကို တွေ့ပြီးနောက်မှာ ငါက ဒီအကြောင်းကို မကြာခဏ စဥ်းစားခဲ့တယ်… မင်းကငါ့ကို မမေးရင်တောင် ငါက တစ်နေ့မှာ မင်းကိုရှာပြီး ကိစ္စတွေကို ရှင်းရှင်းလင်းလင်း ဖြစ်အောင်လုပ်မှာ ဖြစ်တယ်"

ဂူချင်သည် ငြိမ်သက်သွားကာ ယန်တီ၏ စကားများကို နားထောင်နေသည်။ ယန်တီသည်

သူ၏ခေါင်းကို မော့ကာ ကောင်းကင်သို့ ကြည့်၍ ပြောလိုက်သည်။ "မင်းပြောတာ မှန်တယ်... ငါက အစ်မရှောင်လန်ကို လွမ်းနေတယ်"

"ငါက သူမကို ငါတို့ရဲ့ ဆက်ဆံရေး အတွက် ဆက်လက် တိုက်ခိုက်ဖို့ မျှော်လင့်နေတယ်... ဒါပေမဲ့ သူမရဲ့ ဆုံးဖြတ်ချက်က အမတန်မှ ပြတ်သားတဲ့အတွက် ငါက သူမရဲ့ ဆုံးဖြတ်ချက်ကို လေးစားရုံသာ တတ်နိုင်တယ်"

"ဒီနှစ်တွေအတွင်းမှာ ငါက အသက်ပိုကြီးလာပြီး ကျင့်ကြံမှု အဆင့်ကလည်း ပိုမြင့်လာတယ်... ငါက ကိစ္စတွေ အများကြီးနဲ့လည်း တွေ့ကြုံခဲ့ရတယ်... ငါက ကိစ္စတွေကို လက်ခံနိုင်ဖို့ ဖြည်းဖြည်းချင်း သင်ယူလာနိုင်တယ်... ပြီးတော့ ငါက အခုအချိန်မှာ

သူတို့ကို ကွဲပြားတဲ့ နည်းလမ်းတစ်ခုနဲ့
ရင်ဆိုင်ခဲ့တယ်… ငါက ပြဿနာတွေကို မတူတဲ့
အမြင်နဲ့ ချဉ်းကပ်ခဲ့တယ်"

"ဒါပေမဲ့ နောက်ဆုံးမှာ ငါက သူမကို
မမေ့နိုင်သေးဘူးလို့ သဘောပေါက်လာခဲ့တယ်"
ယန်တီသည် အနည်းငယ် စိတ်ဓာတ်ကျနေသကဲ့သို့
ထင်နေရသော်လည်း တည်ငြိမ်နေသေးသည်။

"ဂျူနီယာဂူ… မင်းက ထူးချွန် ထက်မြက်တယ်…
မင်းနဲ့ အစ်မရှောင်လန်တို့ နှစ်ယောက်စလုံးက
ထူးချွန် ထက်မြက်တယ်… တကယ်လို့ ငါကမင်းနဲ့
ဘဝတစ်လျှောက်လုံး အတူတကွ နေနိုင်မယ် ဆိုရင်
ငါက ကံအရမ်းကောင်းမှာပါ"

ဂူချင်သည် ယန်တီအား အမတန်မှ နှစ်သက်
မြတ်နိုးသော်လည်း ယန်တီသည် သူမနှင့်
ထုံးတမ်းစဉ်လာ အတိုင်းသာ ဆက်ဆံခဲ့သည်။
သူသည် သူမအား ပေါ့ပျက်ပျက် တစ်ခါမှ မပြောခဲ့ပဲ
လွန်ကဲစွာလည်း မဆက်ဆံခဲ့ပေ။ သူသည် သူမအား
မှားယွင်းသော သဲလွန်စများကို ပေးမည်မဟုတ်ပဲ
သူမအား နားလည်မှု လွဲမှားစေမည် မဟုတ်ပေ။

ယန်တီဖြစ်စေ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ဖြစ်စေ၊
သူတို့သည် သူနှင့် ဂူချင်တို့က အလားအလာ ရှိသော
တာအိုစုံတွဲများဟု ယုံကြည်ကြပေမည်။
သို့သော်လည်း သူတို့သည် လက်ထပ်ရန် ကိစ္စကိုမူ
မည်တော့မှ စဉ်းစားလိမ့်မည် မဟုတ်ချေ။

ယန်တီသည် ဂူချင်အား ကြည့်၍ ရိုးသားစွာဖြင့် ပြောလိုက်သည်။ "တကယ်လို့ ငါတို့က အနာဂတ်မှာ ဒီအဆင့်ကို တကယ်ပဲ ရောက်ခဲ့လို့ရှိရင် မင်းကို ငါ့ဇနီးအဖြစ် လက်ထပ်ရခြင်းဟာ ငါ့အတွက် အကောင်းဆုံး ကံကောင်းမှု ဖြစ်လာမှာပါ"

"ဒါပေမဲ့ အစ်မရှောင်လန် အပေါ်က ငါ့ရဲ့ ခံစားမှုတွေဟာ မင်းအပေါ်က ခံစားမှုတွေနဲ့ မတူဘူး" ယန်တီသည် ဂူချင်၏ မျက်လုံးများ အတွင်းသို့ ကြည့်ကာ ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "မင်းက ဘယ်သူ့ရဲ့ အစားထိုးမယ့်သူ မဟုတ်ဘူး... မင်းက ထူးခြားတယ်"

"တကယ်လို့ ငါတို့က တကယ်ပဲ အတူတကွ နေနိုင်ခဲ့မယ် ဆိုရင် ငါကမင်းကို လုံးဝ သစ္စာရှိမယ်လို့ အာမခံပါတယ်... ငါက အစ်မရှောင်လန်နဲ့ ဘာမှ ပတ်သတ်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ဒါက အချစ်မဟုတ်ဘူး"

ဂူချင်သည် သူ၏ စကားများကို ကြားခဲ့ရသော အခါ အနည်းငယ် စိတ်သက်သာရာ ရသွားသော်လည်း အနည်းငယ် စိတ်ပျက်သွားခဲ့သည်။ "ဟုတ်တယ်... ကျွန်မကလည်း အစကတည်းက ဒီလိုမျိုး ခံစားခဲ့ရတယ်... စီနီယာကလည်း လွန်တာ မဟုတ်ပါဘူး... ကျွန်မကလည်း ကိုယ့်ကိုယ်ကိုယ် ညာဖို့ မဖြစ်နိုင်ဘူး"

"စီနီယာက ဒီလိုမျိုး ပြောခဲ့ပေမဲ့ ကျွန်မကလည်း ကျွန်မတို့က အလွန်ဆုံး တာအိုစုံတွဲပဲ ဖြစ်နိုင်တယ်လို့ သိနေခဲ့တယ်"

"ပိကျန်း မာစတာ မရှိခဲ့ရင်တော့ ကျွန်မတို့ဟာ တကယ့်စုံတွဲ တစ်တွဲ ဖြစ်နိုင်လိမ့်မယ်"

"ဒါပေမဲ့ စီနီယာ ပြောခဲ့တဲ့ အတိုင်း ကျွန်မတို့က တကယ်ပဲ အတူတကွ နေခဲ့ရင် အချစ်စစ်နဲ့ ချစ်နေတဲ့ စုံတွဲတစ်တွဲ ဖြစ်လာမှာ မဟုတ်ဘူး... ဒါပေမဲ့ တကယ်လို့ စီနီယာက ပိကျန်း မာစတာနဲ့ တစ်ခါမှ မတွေ့ဖူးခဲ့ရင် ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ ခြားနားနိုင်မလားလို့ ကျွန်မက စဉ်းစားမိတယ်"

ယန်တီသည် ခေတ္တမျှ ရပ်လိုက်ပြီးမှ ပြောလိုက်သည်။ "မင်းက အနာဂတ် အကြောင်း ငါဘယ်လို တွေးနေသလဲလို့ မေးတဲ့ အချိန်မှာ ငါက တစ်ခါမှ ပြန်မဖြေခဲ့ဘူး"

"ငါက အချို့အရာတွေကြောင့် ဒါကို လုံးဝ တစ်ခါမှ မစဥ်းစားဖြစ်ပဲ မင်းကို ဘယ်လို ပြောပြရမလဲ ဆိုတာကိုလည်း မသိနေဘူး… ဒါပေမဲ့ ဒီကနေ့မှာမှ ငါဟာ မင်းကို လုံးဝ အထင်မှားနေတယ် ဆိုတာကို သိလိုက်ရတယ်… ဂျူနီယာဂူ… မင်းက တကယ်ကိုပဲ ထူးချွန် ထက်မြက်ပါပေတယ်… မင်းရဲ့ အကြံကြောင့်သာ ငါက အနာဂတ်အတွက် ပိုပြီးမှ ဆုံးဖြတ်ချက် ပြတ်သားခဲ့တယ်"

သူသည် ဂူချင်အား ကြည့်၍ ဖွဖွလေး ပြောလိုက်သည်။ "ငါက အစ်မရှောင်လန်ကို သွားရှာပြီး သူမနဲ့ ထပ်ပြောလိုက်မယ်"

"လိမ်ညာခြင်းဟာ နာကျင်မှု ပုံစံတစ်မျိုး ဖြစ်တယ်... ငြင်းပယ်ခြင်းကလည်း ဒီအတိုင်းပဲ... ဒါပေမဲ့ ငါကမင်းကို ဆက်ပြီးမှ မလိမ်နေလိုဘူး... တကယ်လို့ ငါကမင်းကို နာကျင်စေခဲ့ရင် တောင်းပန်ပါတယ်"

"ယောကျ်ားတစ်ယောက် အနေနဲ့ ငါက တာဝန်ယူရလိမ့်မယ်... အမှန်အတိုင်း ပြောရရင် ငါက မင်းကို ရှင်းပြရမဲ့ အစား မင်းကငါ့ကို အရင် လာရှာခဲ့လို့ ငါက ကသိကအောက် ဖြစ်မိတယ်...

ငါက မင်းကို ဒီနှစ်တွေ အတွင်းမှာ
နှောင့်နှေးစေခဲ့တယ်"

ဂူချင်က သူမ၏ခေါင်းကို ခါလိုက်သည်။
"စီနီယာယန်... စီနီယာရဲ့ စကားတွေက
ပြင်းထန်လွန်းပါတယ်... ကျွန်မကသာ စီနီယာကို
နောက်ကျစေခဲ့တာပါ... ကျွန်မကြောင့် စီနီယာဟာ
အကျပ်တွေ့ခဲ့တယ်... ဒီနှစ်တွေ အတွင်းမှာ
ကျွန်မက စီနီယာနဲ့ တာအိုအကြောင်း ဆွေးနွေးပြီးမှ
အကျိုးအမြတ် များစွာ ရခဲ့တယ်"

"စီနီယာက ကျွန်မကို ဗဟုသုတ အများကြီး
ပေးခဲ့ပေမဲ့ ကျွန်မက စီနီယာကို မကူညီနိုင်ခဲ့ဘူး...
အချစ်အကြောင်း ပြောရရင်လည်း ဒါက
တစ်ဖက်သက်ပါပဲ"

သူမသည် ခေါင်းကိုမော့၍ ယန်တီအား ကြည့်လိုက်သည်။ "ဒီကနေ့မှာ စီနီယာက ကျွန်မကို အားလုံး ရှင်းလင်းအောင် ပြောပြပေးခဲ့တဲ့ အတွက် ကျွန်မ ပျော်ရွှင်ပါတယ်… တကယ့်ကို ပျော်ရွှင်ပါတယ်"

အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးသည် တောက်ပစွာနှင့် ပြုံးလိုက်သည်။ "စီနီယာ… စီနီယာဟာ ပိကျန်း မာစတာနဲ့ အတူတကွ ပြန်နေနိုင်ပြီး ကောင်းစွာ အဆင်ပြေပါစေလို့ မျှော်လင့်ပါတယ်"

ယန်တီသည် ဂူချင်အား ကြည့်၍ ဖွဖွလေး ပြောလိုက်သည်။ "မင်းရဲ့ ကောင်းချီး မင်္ဂလာအတွက် ကျေးဇူးတင်ပါတယ်... ဂျူနီယာဂူ"

ဂူချင်က ပြုံး၍ ပြန်ပြောလိုက်သည်။ "ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက အကြီးအကဲနဲ့ ရဲဘော်ရဲဘက်တွေက သက်ရှည်မြို့တော်ရဲ့ တောင်ဘက်က သူတို့ရဲ့ အဆောင်တွေမှာ ရှိနေနိုင်တယ်... စီနီယာယန်... အခုပဲ သွားလိုက်ပါ"

ယန်တီသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ သူမသည် အရင် လှည့်ထွက်သွားလိုစိတ် မရှိသည်ကို မြင်လိုက်ရ အပြီးတွင် ပြောလိုက်သည်။ "ဂျူနီယာဂူ... ဂရုစိုက်ပါ"

ဂူချင်သည် ယန်တီ ထွက်သွားသော အခါ သူ၏နောက်ကျောကို စိုက်ကြည့်နေရင်း သူမ၏ အပြုံးများသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်။ သူမသည် ချက်ချင်းပင် ဝမ်းနည်းမှုများဖြင့် ပြည့်လာ၍ မတားဆီးနိုင်ခဲ့ပေ။

ယန်တီသည် သူမ၏ စိတ်ခံစားချက်များကို အာရုံခံနေနိုင်၍ သူ၏ မျက်လုံးများ အတွင်းတွင် တွန့်ဆုတ်မှုနှင့် သနားမှုတို့ ပေါ်လာသည်။

ဂူချင်သည် ယန်တီ၏ ခြေလှမ်းများက နှေးလာသည်ကို တွေ့ခဲ့သော အခါ သူမ၏ နှုတ်ခမ်းများကို ကိုက်လိုက်သည်။ "ပြန်မလှည့်လာနဲ့… ပြန်မလှည့်လာနဲ့… တကယ်လို့ စီနီယာ ပြန်လှည့်လာရင် ကျွန်မက

ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တော့မှာ မဟုတ်ဘူး...
ကျွန်မက စီနီယာ အရှေ့မှာ ငိုမိလိမ့်မယ်"

ဂူချင်သည် သူမ၏ ရင်အတွင်းမှ ဝမ်းနည်းမှုများကို
မထိန်းချုပ်နိုင်ခဲ့ပဲ သူမ၏ ခန္ဓာကိုယ်က
တောင့်တင်းလာသည်ကို ခံစားခဲ့ရသည်။ သူမသည်
သူ့အား နောက်ထပ်တစ်ခေါက်
ထပ်ကြည့်နေလိုရုံသာ ဖြစ်သည်။

ယန်တီသည် ရပ်တန့်လိုက်သော်လည်း နောက်သို့
ပြန်မလှည့်လာခဲ့ပေ။ သူသည် လုံးဝ မလှုပ်ရှားခဲ့ပဲ
သူမ၏ အသံကိုသာ နားထောင်နေခဲ့သည်။

ဂူချင်၏ မျက်နှာအပေါ်တွင် နောက်ဆုံး၌ မျက်ရည်များ စီးကျလာခဲ့သည်။ သို့သော်လည်း သူမ၏ ခေါင်းကိုသာ ငုံ့လိုက်ပြီး စကား တစ်ခွန်းကိုမှ မပြောခဲ့ပေ။

"ဂျူနီယာဂူ... ငါဝမ်းနည်းပါတယ်" ယန်တီသည် တိတ်တဆိတ် သက်ပြင်းချလိုက်ပြီး အရှေ့သို့ ဆက်လျှောက်သွားခဲ့သည်။ သူသည် ဤအချိန်တွင် ဟင်းလင်းပြင်ကို ချိုးဖောက်သွား၍ ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

သူသည် သူမအား ဘာမှ ကတိမပေးနိုင်ခဲ့သဖြင့် သူမအား ယခုအချိန်တွင် ကောင်းမွန်စွာ ဆက်ဆံခဲ့လျှင် နာကျင်မှုများကို ပိုပေးသလိုသာ ဖြစ်နေပေလိမ့်မည်။

သူသည် ဖန်းရှောင်လန်အား စကားပြောပြီးနောက်တွင် ဘာမှ မထူးခြားလာနိုင်သော်လည်း ဂူချင်အား သူ့အား စောင့်နေစေလျှင် တရားမည် မဟုတ်ပေ။ ထိုကဲ့သို့ဆိုလျှင် ဂူချင်အား စော်ကားသလို ဖြစ်နေပေမည်။

သက်ရှည်မြို့တော်၏ အခြားတစ်ဘက်တွင် ရှိရှိသည် ဂူအင်ပါယာမှ အင်မော်တယ်ဝိညာဉ် တတိယ အဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်သော ဂူချန်းနှင့် စကားပြောနေခဲ့သည်။ သူတို့သည် နေရာ တစ်ခုတည်းကို ကြည့်နေကြသည်။ ထိုနေရာသို့ ကြည့်လိုက်ကြ အပြီးတွင် သူတို့သည် အချင်းချင်း ပြန်ကြည့်လိုက်ကြသည်။

ဂူချန်းက သက်ပြင်းချကာ ပြောလိုက်သည်။ "ဒါက သူတို့ နှစ်ယောက်စလုံးအတွက် အကောင်းဆုံး ရလဒ် ဖြစ်ကောင်း ဖြစ်လိမ့်မယ်"

ဇူရီက ပြောလိုက်သည်။ "ဒီလိုမျိုး ကိစ္စတွေမှာ သဘာဝ အတိုင်းပဲ စီးမျောသွားစေတာ ကောင်းတယ်... လူသားတွေရဲ့ ဆက်ဆံရေးဟာ အမတန်မှ သိမ်မွေ့တယ်... ကျုပ်တို့က စေ့စပ်ညှိနှိုင်းပြီး ပဋိပက္ခတွေ အားလုံးကို ဖယ်ရှားလို့ရတယ်... ဒါပေမဲ့ ဒါက တစ်ယောက်ရဲ့ အပေါ်မှာ ဝန်ပိစေလိမ့်မယ်"

ဂူချန်းသည် ဤအကြောင်းကို ဆက်မပြောတော့ချေ။ "ခင်ဗျားရဲ့ ဆရာက ဘယ်အချိန် ရောက်မလဲ မသိဘူး"

ဇူရီက ပြန်ပြောလိုက်သည်။ "သူက အစ်ကိုကြီးနဲ့ အတူလာလိမ့်မယ်"

ဂူချန်းက သူ၏ခေါင်းကို တိတ်တဆိတ် ညိတ်လိုက်သည်။ ဂူအင်ပါယာသည် လင်းဖုန်းက အဘယ်ကြောင့် ကိုယ်တိုင်ကိုယ်ကျ လာသည့်အပြင် သူ၏ လက်ရင်း တပည့်များနှင့် အခြားဂိုဏ်းနှင့် အင်အားစုများကို ဖိတ်ခေါ်ခဲ့သည်ကို မသေချာနေပေ။

ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့၏ စေ့စပ်ပွဲအပြင် လူငယ်တပည့်များ အတွက် အချင်းချင်း ယှဥ်ပြိုင်ရန် ပြိုင်ပွဲတစ်ခု ရှိသေးသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူအင်ပါယာတို့ ပူးပေါင်းကျင်းပမည့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲလည်း ရှိသည်။ ဂူကျွန်း၊ ဂူချန်းနှင့် ဂူအင်ပါယာမှ ကျန်သောသူများသည် ပြိုင်ပွဲ အစီအစဥ်များ အားလုံးတို့ကို သိထားသည်။

သို့သော်လည်း လင်းဖုန်းသည် သူတို့နှင့် ဆွေးနွေးရန် အခြားကိစ္စများ ရှိသေးသည်ဟု ပြောထားသည်။ သူတို့သည် အသေးစိတ်ကိုတော့ မသိပေ။ ဤကိစ္စနှင့် ပတ်သတ်၍ ဂူကျွန်း၊ ဂူချန်းနှင့် ကျန်သောသူများသည် ကိုယ်ပိုင် ထင်မြင်ယူဆချက်များကိုသာ ပေးနိုင်ခဲ့သည်။

အချိန်က ပိုနီးကပ်လာသည်နှင့်
သက်ရှည်မြို့တော်တွင် လူများက စုဝေး
ရောက်ရှိလာကြသည်။ ဟင်းလင်းပြင် စစ်တလင်း
အတွင်းတွင် ရောက်နေသော ရှီထျန်းဟောင်ကပင်
အခမ်းအနား မတိုင်မီ တစ်ရက်အလိုတွင်
သက်ရှည်မြို့တော်သို့ ရောက်လာခဲ့သည်။

သို့သော်လည်း အားလုံးတို့အား စိတ်ပျက်စေခဲ့သည့်
အချက်မှာ လျှိုကြီးဟေးဒီးစ်က ပေါ်မလာခဲ့ခြင်း
ဖြစ်သည်။

လျှိုကြီးသည် ဂိုဏ်းအတွင်းသို့ ဝင်ပြီးကတည်းက
သူ့ကိုယ်သူ တစ်ခါမှ မဖော်ပြခဲ့ပေ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ဂျူနီယာ တပည့်များကပင်

သူတို့၏ နံပါတ်ကိုး ဂိုဏ်းတူဦးလေးနှင့် နံပါတ်ကိုး ဂိုဏ်းတူ ဘိုးလေးတို့ကို မမြင်ဖူးကြပေ။

သို့သော်လည်း နှစ်ပေါင်းများစွာ ကြာအပြီးတွင် ဤအရာသည် ပုံမှန်ဖြစ်သွားသည်။ လင်းဖုန်း၏ လက်ရင်းတပည့်များ အားလုံး စုဝေးခဲ့ကြသော်လည်း လျှိုကြီးဟေးဒီးစ် ပေါ်လာမည်ကို မည်သူကမှ မမျှော်လင့်ခဲ့ကြပေ။

လျှိုကြီးထက်စာလျှင် ကသိကအောက် ဖြစ်စရာ အကောင်းဆုံး ကိစ္စမှာ ဤအခမ်းအနား၏ အဓိက ပုဂ္ဂိုလ်များ ဖြစ်ကြသော လင်းဖုန်းနှင့် ရှောင်ယန်တို့က အခမ်းအနားနေ့တွင် ပေါ်မလာခဲ့ခြင်း ဖြစ်သည်။

# စာစဥ် ၇၁ : အပိုင်း ၁

## အပိုင်း ၁၃၇၁ : တစ်ဒင်္ဂသာ လင်းလက်တောက်ပသော အသွင်သဏ္ဌာန်

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် စေ့စပ်ပွဲတွင် ရှိနေစရာ မလိုပေ။ သို့သော်လည်း သူတို့က ဧည့်သည်အထိ ကြီးကြီးကျယ်ကျယ် လုပ်ထားပြီး အားလုံးတို့အား သူတို့က စေ့စပ်ပွဲသို့ လာမည်ဟု ပြောထားခဲ့သောကြောင့် ယခုအချိန်တွင် အနည်းငယ် ကသိကအောက် ဖြစ်စရာ ဖြစ်နေခဲ့သည်။

ဂူကျွန်းသည် ဇူရီ၊ ဝမ်လင်းနှင့်
ကျန်သောသူများထံသို့ အာရုံပြောင်းလိုက်သည်။
ဝမ်လင်း၏ အမူအရာသည်
မပြောင်းလဲခဲ့သော်လည်း ဇူရီက ဂူကျွန်းအား
ခေါင်းအနည်းငယ် ညိတ်ပြလိုက်သည်။ သူသည်
သူ့အား စိတ်ဆက်ရှည်ပေးရန် အချက်ပြခဲ့ခြင်း
ဖြစ်သည်။

ဂူကျွန်းသည် သူ၏အကြည့်အား ရုပ်သိမ်းလိုက်ကာ
အခြားတစ်ဘက်သို့ ကြည့်လိုက်သည်။
ထိုနေရာတွင် သက်လတ်ပိုင်း လူကြီးတစ်ယောက်
ရှိနေသည်။ သူ၏ လက်များအား နောက်ကျောတွင်
ပစ်ထားကာ သူ၏ တစ်ကိုယ်လုံးသည်
ဣန္ဒြေရစွာဖြင့် ရှိနေသည်။ သူ့ထံမှနေ၍

အားကောင်းလှသော ခေါ်းအရှိန်အဝါ တစ်ခု
ထွက်ပေါ်နေသည်။

အမှန်အတိုင်း ပြောရလျှင် ရောက်လာကြသော
သူများအားလုံးက ဤသက်လတ်ပိုင်း လူကြီးအား
စိတ်ဝင်စားနေကြသည်။

အဘယ်ကြောင့်ဆိုသော် ဤလူသည်
စူတောင်ခေါ်းဂိုဏ်း၏ လက်ရှိ
ဂိုဏ်းခေါင်းဆောင်ဖြစ်သော ကျိုဝမ်လွေ
ဖြစ်နေသောကြောင့် ဖြစ်သည်။

သူ၏ ပေါ်ပေါက်လာမှုသည် လူအများအား
အံ့အားသင့်စေခဲ့သည်။ ဂူအင်ပါယာသည်

ထိုသတင်းကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထံမှ ရခဲ့စဥ်ကလည်း အံ့သြ မှင်သက်သွားခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် စူတောင်ဓားဂိုဏ်းသည် သူတို့၏ တောင်ကို ထပ်ဖန်တစ်ခါ ချိပ်ပိတ်ခဲ့သည်။ ဂျူနီယာ တပည့်များကိုပင် တောင်မှထွက်ရန် ခွင့်မပြုခဲ့ပေ။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ချန်းမင် ဓားမာစတာနှင့် ကျန်သောသူများကြောင့် ဖြစ်ခဲ့သော အတွင်း ပဋိပက္ခအား ကျန်သောသူများ သိသွားကြအပြီးတွင် ခန့်မှန်းချက်များစွာ ထွက်ပေါ်လာခဲ့ကြသော်လည်း စူတောင်ဓားဂိုဏ်းနှင့် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းတို့သည် ဤကိစ္စနှင့် ပတ်သတ်၍ ဘာမှ မပြောခဲ့ပေ။

ဘာပဲပြောပြော ကောင်းကင်ကိုးလွှာ ကမ္ဘာဦးဓား ဝက်ပါ၏ ပြောင်းလဲမှုအား ကောင်းကင်ကိုးလွှာ ဓားမဟာမိတ် အဖွဲ့မှ ကျန်သော ဓားဂိုဏ်း ရှစ်ဂိုဏ်းတို့က သိရှိနိုင်ပေသည်။ သူတို့ အများစုသည် သေလုနီးပါး ဖြစ်ခဲ့ကျ၍ သူတို့၏ ကိုယ်ပိုင် ဓားဝက်ပါများကလည်း ပြိုကျလုနီးပါး ဖြစ်ခဲ့ရသည်။ သူတို့၏ ဓားဝက်ပါများ အတွင်းမှ ဓားအော်ရာများသည် အစုပ်ယူခံခဲ့ရကာ ဘာမှ မကျန်တော့ပေ။

စစ်ပွဲအပြီးတွင် ဓားဂိုဏ်း ရှစ်ဂိုဏ်းတို့က ရှင်းပြချက် တစ်ခုကို တောင်းခံခဲ့သည်။ ပြင်ပလူများသည်

စူတောင်က ဤကိစ္စအား မည်ကဲ့သို့ ရှင်းပြမည်ကို ခန့်မှန်းခဲ့ကြကာ စူတောင်ဂိုဏ်းတွင်းမှ အတွင်း ပဋိပက္ခ ဖြစ်ပွားရခြင်း၏ အကြောင်းအား တဖြည်းဖြည်း သိလာကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် စူတောင်ဓားဂိုဏ်းတို့သည် အချင်းချင်း ရန်ငြိုးရန်စ ကြီးမားကြပြီး ဤကိစ္စ အပြီးတွင် ဆက်ဆံရေး ပိုဆိုးမလာခဲ့သော်လည်း အခြေအနေသည် ပို၍ ကသိကအောက် ဖြစ်စရာ ဖြစ်လာခဲ့သည်။

ထိုကိစ္စပြီးသည်နှင့် စူတောင်ဓားဂိုဏ်းသည် သိုသိုသိပ်သိပ်သာ နေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ခေးဂိုဏ်းတစ်ဂိုဏ်း မဟုတ်သော်လည်း ခေးပညာရပ်နှင့် ပတ်သတ်၍ နံပါတ်တစ် မြင့်မြတ်နယ်မြေ နေရာကို ဖြည်းဖြည်းချင်း ရရှိနိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လင်းဖုန်း၏ခေးသည် မိစ္ဆာများကို နှိမ်နင်းနိုင်ခဲ့ပြီး လော်ချင်းဝူ၏ မူလဝိညာဉ် အစွန်းရောက်ခေးကလည်း သူ့ဘာသာသူ နာမည်ရလာသောကြောင့် ဖြစ်သည်။

လော်ချင်းဝူ၏ ပထမ တပည့်ဖြစ်သော ဟန်ရန်ကလည်း အင်မော်တယ်ဝိညာဉ်အား ဖန်ဆင်းပြီးသွားသော အခါ လော်ယွမ် ဖျက်ဆီးသူခေးကို ကျင့်ကြံနိုင်ခဲ့ပြီး အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းအား ခေါင်းကျင့်ကြံသူများကို
ဆွဲဆောင်နိုင်သည့် နေရာအဖြစ် ခိုင်မာစေခဲ့သည်။

စူတောင်ခေါင်းဂိုဏ်းသည် ကသိကအောက်
ဖြစ်ဖွယ်ရာ အခြေအနေသို့ ရောက်သွားခဲ့ပြီး
လူငယ်မျိုးဆက် ကျင့်ကြံသူများ၏ ဖြည်းဖြည်းချင်း
မေ့ပျောက်ခြင်းကို ခံခဲ့ရသည်။

ကျိဝမ်လွေ ရောက်လာသည်ကို တွေ့ခဲ့ရသော အခါ
ကျန်သော ကျင့်ကြံသူများက မငြိမ်မသက်
ဖြစ်လာကြသည်။ သူတို့၏ မသိစိတ်မှနေ၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အားလုံးကို
စုစည်းခဲ့ခြင်းမှာ အမတန်မှ အရေးကြီးသော
ကိစ္စတစ်ခုကြောင့် ဖြစ်မည်ဟု ပြောနေခဲ့သည်။
ဤကိစ္စသည် သူတို့ အစပိုင်းက

တွေးထားသည်ထက် များစွာပို၍ လွှမ်းမိုးနိုင်စွမ်း ရှိနေသည်။

ကောင်းကင်မာစတာ ခေးမာစတာ၊ လျှပ်စီး ခေးမာစတာ၊ အလင်းခေးမြန် ခေးမာစတာနှင့် ကျန်သော ခေးကျင့်ကြံသူများသည် ကျိဝမ်လေ့အား မြင်လိုက်ရသော အခါ တည်ငြိမ်နေကြသော်လည်း ပို၍ လေးနက်လာကြသည်။

ကျန်သောသူများနှင့် မတူပဲ ဂူကျွန်းနှင့် ဂူချန်းတို့သည် ကျိဝမ်လေ့ ရောက်လာခြင်းမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဖိတ်ခေါ်မှုကြောင့်သာ ဖြစ်သည်ဟု သိနေခဲ့သည်။

ကျိဝမ်လွေသည် အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဖိတ်ခေါ်မှုကို လက်ခံခဲ့သည့် အတွက် သူသည် လင်းဖုန်းက ဘာလုပ်ချင်နေသည်ကို သိမည်ဟု ယူဆရသည်။

သို့သော်လည်း သူတို့သည် ကျိဝမ်လွေအား တိုက်ရိုက်မေးနိုင်သည့် အနေအထားတွင် ရှိမနေခဲ့ပေ။ အခမ်းအနားက စတင်တော့မည် ဖြစ်သဖြင့် လင်းဖုန်းနှင့် ရှောင်ယန်တို့က ရောက်လာကြသော အခါ သူတို့၏ သံသယများကို ဖြေရှင်းပြီးသား ဖြစ်သွားပေမည်။

သို့သော်လည်း နေ့လည်ခင်းသို့ ရောက်လာသော်လည်း လင်းဖုန်းနှင့် ရှောင်ယန်တို့က ပေါ်မလာသေးပေ။

အားလုံးတို့သည် ဘာဖြစ်နေသနည်းဟု စတင်၍ တွေးတောနေကြသည်။

ဤအချိန်တွင် အဝေးမှ ဟင်းလင်းပြင် အတွင်းတွင် အက်ကွဲကြောင်းတစ်ခု ပေါ်လာ၍ သူ့အတွင်းမှ ခက်ထန်သော အင်အားတစ်ခုကို ခံစားနိုင်ခဲ့သည်။

သက်ရှည်မြို့တော် အတွင်းတွင် ကျန်သောသူများ အားလုံးတို့သည် သူတို့၏ အာရုံများကို အဝေးမှ ဟင်းလင်းပြင် အတွင်းသို့ ပို့လိုက်သည်။

ထိုနေရာတွင် သက်ရှည်မြို့တော် အပေါ်တွင် လည်ပတ်နေသော ရှေးမ မှော်ဝက်ပါ တစ်ခု

ရှိနေသည်။ သူသည် အန္တာတိက မဟာသက်ရှည် ဝက်ပါပင် ဖြစ်သည်။

ဤခက်ထန်သော အရိုန်အဝါသည် ဂူအင်ပါယာမှ လူများအတွက် အမတန်မှ ရင်းနှီးနေသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က သူတို့သည် ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်း၌ ထိုအရာနှင့် နီးကပ်စွာ ထိတွေ့ခဲ့ရသဖြင့် ထိုအရာသည် ငရဲကမ္ဘာ ပင်လယ်မှ ကပ်ဘေးများ ဖြစ်သည်ဟု ပြောနိုင်ခဲ့ကြသည်။

သူတို့သည် သေမင်းကေရာဇ်က လာရောက်ပြသနာ ရှာရဲမည် မဟုတ်ဟု ယုံကြည်နေကြသော်လည်း မထင်မှတ်ထားသော အခြေအနေ ပေါ်လာခဲ့လျှင် ကြိုတင်

ပြင်ဆင်ထားသည့် အနေဖြင့် အန္တာတိက
မဟာသက်ရှည် ဝက်ံပါအား ကြိုတင်၍
ပြင်ဆင်ထားခဲ့သည်။ သေမင်းဧကရာဇ် အပြင်
ရှောင်ယန်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ
ဝူမန့်ချီတို့ကလည်း ငရဲကမ္ဘာ ပင်လယ်ကို
ဖွင့်လှစ်နိုင်သည်။

အားလုံးတို့၏ မျက်လုံးရှေ့တွင် ပေါ်လာသော
မြင်ကွင်းသည် သူတို့အား အံ့သြ
မှင်သက်သွားစေသည်။ အဘယ်ကြောင့်ဆိုသော်
မရေမတွက်နိုင်သော ကပ်ဘေးများသည် ဒေါသူပုန်
ထနေကြသော်လည်း နတ်ဘုရား နယ်မြေ
အတွင်းသို့ ဝင်လာခြင်း မရှိသောကြောင့် ဖြစ်သည်။

ငရဲကမ္ဘာ ပင်လယ်သည် ပွင့်သွားသော်လည်း
မမြင်နိုင်သော အရံအတား တစ်ခု ရှိနေပြီး
ကပ်ဘေးများအား ကျန်သော နေရာများကို
မဖျက်ဆီးနိုင်ရန် တားဆီးထားခဲ့သည်။

အဝါဖျော့ရောင် ငရဲကမ္ဘာ အကြွင်းမဲ့ရေနှင့်
သွေးနီရောင် အကြွင်းမဲ့ သွေးမြစ်ရေတို့သည်
ထိုအက်ကွဲကြောင်း အတွင်းမှ စီးဆင်းလာကြသည်။
သူတို့သည် စိတ်ဝိညာဉ် စွမ်းအင်များကို
ညစ်ညမ်းအောင် ပြုလုပ်နေခဲ့ကြသော်လည်း
ကစဉ့်ကလျား ဖြစ်မနေကြပေ။ သူတို့သည်
အချင်းချင်း ယှက်သန်းနေကြပြီး စည်းချက်ကျသော
လမ်းကြောင်းတစ်ခုကို ဖန်ဆင်းလိုက်သည်။

ထိုလမ်းကြောင်းသည် ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်နှင့်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့နှင့်
လောင်ကျွမ်းနေသော်လည်း သူတို့သည်
အချုပ်နှောင် ခံထားရသော သားရဲများကဲ့သို့
ကြောက်မက်ဖွယ်ရာ ဖျက်ဆီးမှုများကို
မလုပ်နိုင်ခဲ့ပေ။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့သည်
အကြွင်းမဲ့ သွေးမြစ်ရေနှင့် ငရဲကမ္ဘာ
အကြွင်းမဲ့ရေတို့ကိုပင် ဖိနှိပ်ထားခဲ့သေးသည်။

ညစ်ညမ်းနေသော သွေးမြစ်ရေများသည် လွန်စွာမှ
အနံ့စူးရှကာ မီးတောက်များ၏ လွှမ်းခြုံခြင်းကို

ခံနေရပြီး အစိမ်းရောင် မီးခိုးတန်း အချို့ကို နောက်တွင် ချန်ထားခဲ့သည်။ ငရဲကမ္ဘာ အကြွင်းမဲ့ရေသည် အရာအားလုံးကို သန့်စင်ခဲ့၍ အထီးကျန်သော ခံစားချက်များကို ဖယ်ရှားပေးခဲ့သည်။

လမ်းကြောင်း အပေါ်တွင် ငရဲကိုးလွှာ လေပြင်းနှင့် အဝီစိ ငရဲမုန်တိုင်းတို့သည် တဖြည်းဖြည်း ညင်သာလာကာ အနက်ရောင် ပိုးမျှင်နှင့် အနီရောင် ကျက်သရေ တိမ်တိုက်များဖြင့် လမ်းကြောင်းတစ်လျှောက် လမ်းပြပေးသကဲ့သို့ ဖြစ်နေသည်။

ဂူကျွန်း၊ ဂူချန်း၊ ကျိဝမ်လေ့နှင့် ရှီကျုံးထန်းတို့သည် ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ သူတို့၏ မျက်လုံး

သူငယ်အိမ်များက ကျဥ်းမြောင်းသွားခဲ့သည်။
"ပြင်းထန်လှတဲ့ ငရဲကမ္ဘာ ပင်လယ်က ဘာဖြစ်လို့ ဒီလောက်အထိ တည်ငြိမ်သွားခဲ့တာလဲ"

ဤလမ်းကြောင်း၏ အဆုံးတွင် ဧရာမ မီးတောက်ကြာပန်းနှစ်ခု ဖူးပွင့်လာသည်။ သူတို့သည် မျက်စိကျိန်းလုမတတ် ဖြစ်နေကာ မျက်စိကျဖွယ်ရာကောင်း၍ တောက်ပစွာဖြင့် လောင်ကျွမ်းနေကြသည်။ သူတို့သည် ငရဲကမ္ဘာပင်လယ်အတွင်းမှ အဆုံးမဲ့ ကပ်ဆိုးများကြောင့် ဖြစ်ပေါ်လာသော မှောင်မိုက်မှုကို ဖယ်ရှားခဲ့ကာ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် လှပစွာဖြင့် ဖူးပွင့်နေကြလေသည်။

ထိုမီးတောက်ကြာပန်း နှစ်ခု၏ အပေါ်တွင် ပုံရိပ်နှစ်ခု ရှိနေသည်။ သူတို့သည် လင်းဖုန်းနှင့် ရှောင်ယန်တို့ပင် ဖြစ်ကြသည်။ သူတို့ နှစ်ယောက်သားသည် မီးတောက်ကြာပန်းများ အပေါ်တွင် ရပ်နေကြရင်း ကြာပန်းများက လမ်းကြောင်းအတိုင်း အရှေ့သို့ ရွေ့လျားလာကြသည်။

ထိုလမ်းကြောင်းသည် ဖြတ်သန်းလာနေရင်း အဖျက်ဆီးခံခဲ့ရသည်။ ကောင်းကင်ယံမှ နတ်ဆိုး အရှိန်အဝါသည် ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းသွား၏။ ပြီးတာနှင့် ထိုမီးတောက်ကြာပန်း နှစ်ခုတို့သည် ကျုံ့ဝင်လာပြီး သက်ရှည်မြို့တော် အပေါ်သို့ ကျလာကြသည်။ ဟင်းလင်းပြင် အတွင်းမှ အက်ကွဲကြောင်းသည် အစကတည်းက

မရှိခဲ့သကဲ့သို့ ဘာအရာမှ မကျန်အောင်
ပြန်ပိတ်သွားသည်။

ရှီကျုံးထန်းနှင့် ကျန်သောသူများသည်
လင်းဖုန်းအောက်မှ မီးတောက် ကြာပန်းကို
မြင်ခဲ့ရသော အခါ နောက်ဆုံးတွင်
သဘောပေါက်သွားကြသည်။
"ကောလဟာလတွေက မှန်နေတာပဲ… ငရဲကမ္ဘာ
ပင်လယ်ကို ကျင့်ကြံခဲ့သူဟာ လင်းဖုန်းမဟုတ်ပဲ
သူ့ရဲ့တပည့် ရှောင်ယန်သာ ဖြစ်တယ်"

ဤအထိ တွေးခဲ့ပြီးသော အခါ အားလုံးတို့သည်
ရှောင်ယန်အား ကွဲပြားခြားနားသော
အကြည့်တစ်ခုဖြင့် ကြည့်လိုက်ကြသည်။

ရှောင်ယန်သည် ယခုအချိန်တွင် သူ့ကိုယ်သူ သိပ်မဖော်ပြခဲ့သော်လည်း တစ်ယောက်ကမှ သူ့အား အထင်မသေးရဲကြပေ။ သို့သော်လည်း သူ၏ ငရဲကမ္ဘာ၏ ကပ်ဆိုးများအား ဖိနှိပ်ထားနိုင်မှုသည် အားလုံးတို့အား အံ့သြ တုန်လှုပ်စေခဲ့သေးသည်။

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ ကျိဝမ်လွေ၏ အကြည့်သည် အနည်းငယ် တွန့်ဆုတ်သွားခဲ့သည်။ "သူက ကမ္ဘာနှစ်ခုက စစ်ပွဲအတွင်းကနဲ့ စာရင် ပိုပြီးမှ လွတ်လပ်လာခဲ့တယ်... သူက ငရဲကမ္ဘာ ပင်လယ်ကို ဘယ်လောက်အထိများ ကျင့်ကြံခဲ့ပြီးလောက်ပြီလဲ"

အားလုံးတို့သည် ရှောင်ယန်အား ထိတ်လန့် တုန်လှုပ်နေသော အကြည့်များဖြင့်

ကြည့်လိုက်ကြသည်။ သူတို့သည် ရှောင်ယန်အရှေ့မှ လင်းဖုန်းအပေါ်သို့ အာရုံ ပြန်ပြောင်းလိုက်သော အချိန်တွင် သူတို့၏ နှလုံးသားများသည် ခံစားချက်များဖြင့် လှိုင်းထလာခဲ့သည်။

ယင်ပင်လယ်၏ နတ်တောင် သုံးတောင်တို့သည် လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သည်။ သူ၏ ကိုယ်ပွား သုံးခုတို့သည် ဤနှစ်များ အတွင်းတွင် ယင်ပင်လယ် ပေါ်တွင် နေနေကြခြင်း ဖြစ်သည်။

ယခင်က ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့ကြသော သူများအနေဖြင့် ယခုအချိန်တွင် ယင်ပင်လယ် အတွင်းသို့ ထပ်မံ

ဝင်ရောက်ခဲ့သော အချိန်တွင် ထိုပင်လယ်သည်
ယခင်ကနှင့် မတူတော့ဟု အာရုံခံနိုင်ခဲ့ကြသည်။

ထိုခံစားချက်သည် စစ်မှန်သည်ဟု
မထင်နေရသော်လည်း အားလုံးတို့က သူတို့သည်
မမှားနိုင်ဟု သိနေကြသည်။

ကြယ်စင်ပင်လယ်၏ ဝင်ပေါက်ခြောက်ခု အနက်
ယခုအချိန်တွင် လင်းဖုန်း၏ လက်အတွင်းသို့ လေးခု
ရောက်နေကြပြီ ဖြစ်သည်။ မိစ္ဆာများသည်
ကြယ်စင်ပင်လယ် အတွင်းသို့ ဝင်ထွက်၍
ရနေသေးသော်လည်း လင်းဖုန်းသည်
ထိုဝင်ပေါက်များကို တွေ့ခဲ့ပါက ပိတ်ပစ်၍ ရသည်။

ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်းသည် လူသားများအတွက် နိဗ္ဗာန်နယ်မြေ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူ့အတွင်းတွင် အရင်းအမြစ် မြောက်မြားစွာ ရှိနေရုံတင် မကပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အချို့ဂိုဏ်းများအား သူတို့၏ တပည့်များအား ပို့၍ လေ့ကျင်နိုင်ရန် ခွင့်ပြုပေးထားသည်။

ငရဲကမ္ဘာ ပင်လယ်ကလည်း ဖြည်းဖြည်းချင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပိုင်ဆိုင်မှု ဖြစ်နေဟန် ပေါက်နေသည်။ ကောလဟာလများ အရ ဝိညာဥ်ပင်လယ်သည် ထပ်မံ၍ ပွင့်တော့မည် ဖြစ်ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း သူ့အား ကျင့်ကြံရန် ကြိုးစားမည်မှာ သေချာနေသည်။ ဤအရာများသည် ကျန်သော

လူသား ကျင့်ကြံမှု ကမ္ဘာအား
မျက်စိကျိန်းစေခဲ့သည်။

ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
နတ်ဘုရား နယ်မြေ တစ်ခုလုံးအား ကြီးစိုး
လွှမ်းမိုးထားနိုင်ပြီ ဖြစ်သော်လည်း သူတို့သည်
အားလုံးတို့အား အံ့သြ တုန်လှုပ်စေခဲ့သေးသည်။
အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
လျင်မြန်စွာ တိုးတက်နေဆဲ ရှိသေးသည်ကို
သိနေကြသည်။ သူတို့၏ အလားအလာမှာ
ကြီးမားစွာ ရှိနေသေးသည်။

လင်းဖုန်းသည် သူ့အရှေ့မှ အားလုံးတို့အား ကြည့်၍
သူ့ကိုယ်သူ တွေးလိုက်သည်။ "ငါတို့က
နောက်ကျနေခဲ့ပေမဲ့ ကြည့်ရတာ

တောက်တောက်ပပ ဖြစ်နေသေးတာပဲ... သူတို့က ငါတို့ကို ဝါးစားတော့မယ့်အတိုင်း ကြည့်နေကြတယ်"

သူ၏အတွေးများကို ဖယ်ရှားလိုက်ပြီးမှ သူ၏ခေါင်းအား ခါလိုက်သည်။ သူသည် အားလုံးတို့အား ပြုံးပြ၍ ခေါင်းညိတ်ပြလိုက်သည်။ "ဒီလောက်ထိ အရေးကြီးတဲ့ အခမ်းအနားကို နောက်ကျသွားခဲ့တဲ့ အတွက် တောင်းပန်ပါတယ်... ခင်ဗျားတို့ အားလုံး စောင့်နေရတဲ့အတွက် အားနာပါတယ်... ကျေးဇူးပြုပြီးမှ ကျုပ်ကို ခွင့်လွှတ်ကြပါ"

ဂူကျွန်းနှင့် ကျန်သောသူများသည် ပြန်၍ နှုတ်ဆက်ခဲ့ကြသည်။ "မာစတာလင်း... ခင်ဗျားရဲ့ စကားလုံးတွေက လေးနက်လွန်းပါတယ်"

ရှောင်ယန်ကလည်း အရှေ့သို့ တက်လာ၍ သူ၏လက်များကို ဆုပ်ပြီး ပြောလိုက်သည်။ "ကျွန်တော်က ကျင့်ကြံမှုမှာ အခက်အခဲ အနည်းငယ် တွေ့ခဲ့လို့ နောက်ကျသွားခဲ့တယ်... အကြီးအကဲနဲ့ ရဲဘော်ရဲဘက်တို့... ကျုပ်ကို ခွင့်လွှတ်ကြပါ"

ဂူကျွန်းက ပြုံးလိုက်သည်။ "ကိစ္စမရှိပါဘူး... ကျုပ်တို့အဆင့်က ကျင့်ကြံသူတွေက အချိန်ကို တိကျစွာ ထိန်းချုပ်နိုင်ပေမဲ့ တစ်ခါတစ်လေမှာ

ကျင့်ကြံမှု ဖြစ်စဉ်အတွင်းမှာ အတားအဆီး တွေကို ကြုံတွေ့ရတာက အဆန်းမဟုတ်ပါဘူး"

ဂူကျွန်းသည် ရာသီဥတုအား ကြည့်ကာ ပြုံးလိုက်သည်။ "မွန်းတည့်ချိန်က ရောက်တော့မယ် ဖြစ်တဲ့အတွက်ကြောင့် အခမ်းအနားကို စတင်လို့ရပြီ"

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် သူတို့၏ နေရာများသို့ ဂူချန်း၏ ခေါ်သွားခြင်းကို ခံခဲ့ရသည်။

ဂူကျွန်းက နေရာယူပြီးသွားသော အခါ ဂူချန်းသည် အခမ်းအနားကို ကျင်းပရန် တာဝန်ယူခဲ့သည်။

နောက်ပိုင်းတွင် ကျင်းပမည့် ယှဉ်ပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲအပြင် လင်းဖုန်းသည် သူ၏ အကြီးဆုံး တပည့်အား လာရောက် အားပေးခဲ့ခြင်း ဖြစ်သည်။

အခြားလုပ်စရာ ကိစ္စများ ရှိနေသေးသော်လည်း လင်းဖုန်း၏ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာမှုသည် အခြားဂိုဏ်းနှင့် အင်အားစုများ အားလုံးတို့က ထည့်တွက်ရမည့် ကိစ္စဖြစ်သည်။ သူသည် ရှိသေလေးစားမှု အခံရဆုံးသောသူ ဖြစ်နေပြီ ဖြစ်သည်။

ထို့အပြင် ဂူအင်ပါယာ တစ်ခုလုံးကလည်း ရှောင်ကျန်းအာကို အလွန် အရေးထားကြသည်။ သူတို့သည် ထုံးတမ်းစဥ်လာများကို

ကျော်သွားကြမည် မဟုတ်သဖြင့် အခမ်းအနား
တစ်ခုလုံးသည် လွန်စွာမှ ကြီးကျယ်
ခမ်းနားလှသည်။

သို့သော်လည်း လင်းဖုန်းအနေဖြင့် ခန်းဝင်
ပစ္စည်းများကို သယ်လာမည် မဟုတ်ချေ။ အရင်
ရောက်နေကြသော ဇူရီ၊ ဝမ်လင်းနှင့်
ကျန်သောသူများသည် သူ့အတွက်
ယူလာကြပြီးသား ဖြစ်သည်။ အခမ်းအနား
တရားဝင် မစခင်ကတည်းက သူတို့သည် ခန်းဝင်
ပစ္စည်းအား လင်းဖုန်းကို ပေးခဲ့ပြီး ဖြစ်သည်။

လင်းဖုန်းသည် သူ၏ တပည့်ကြီးအတွက်
ခန်းဝင်ပစ္စည်း ပေးရာတွင် နှမြောနေ၍ မရချေ။

# စာစဥ် ၇၁ : အပိုင်း ၂

## အပိုင်း ၁၃၇၂ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခန်းဝင်ပစ္စည်းများ

ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်း အတွင်းမှ အဖိုးအတန်ဆုံး အရင်းအမြစ် တစ်မျိုးမှာ စိတ်ဝိညာဥ် ကောင်းကင်ကြယ်စင် ပုလဲပင် ဖြစ်သည်။ ပုလဲ တစ်လုံးကို ရရှိရန် နှစ်ထောင်ပေါင်းများစွာ လိုအပ်သည်။ ကျင့်ကြံသူ တစ်ယောက်သည် ထိုပုလဲအား သူနှင့်အတူ သယ်ဆောင်ထား၍ ရသည်။

အကယ်၍ ကျင့်ကြံသူ တစ်ယောက်သည် ထိုပုလဲအား မှော်ရတနာ တစ်ခုအတွင်းသို့ ထည့်သွင်း ကျင့်ကြံခဲ့ပါက ထိုရတနာသည် သန္ဓေလောင်း အဆင့်မှ ပွားစည်းခြင်း အဆင့်သို့ တက်သွားနိုင်ပေမည်။ ကြယ်စင်ပုလဲသည် စိတ်ဝိညာဉ် စွမ်းအင်များကို စုစည်းနိုင်ပြီး တစ်ယောက်၏ ကျင့်ကြံမှုအတွက် များစွာပို၍ အကျိုးရှိသည်။ ခန်းဝင်ပစ္စည်း အတွင်းတွင် ထိုပုလဲပေါင်း တစ်ရာပါသည်။

ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်း အတွင်းမှ နောက်ထပ် အဖိုးတန်သော အရင်းအမြစ် တစ်ခုမှာ ကြယ်စင်ပင်လယ် ကောင်းကင် ကျောက်စရစ် ဖြစ်သည်။ ကျောက်စရစ် တစ်ခုစီသည် ရယူရန် ခက်ခဲ၍ သူသည် မှော်ရတနာများကို ထုလုပ်ရန်

ကောင်းမွန်သည့် ပစ္စည်းတစ်ခု ဖြစ်သည်။ အထူးသဖြင့် ဆေးမီးဖိုများကို ထုတ်လုပ်သည့် နေရာတွင် ဖြစ်သည်။

ထိုကျောက်စရစ်သည် မှော်ရတနာများ၏ အရည်အသွေးကို မြှင့်တင်နိုင်ကာ ခန်းဝင်ပစ္စည်း အနေဖြင့် ထိုကျောက်စရစ်ခဲများ ဆယ်ခွက်ကို ပေးအပ်ခဲ့သည်။ သူတို့သည် အလွန် နည်းပါးသည်ဟု ထင်နေရသော်လည်း သူတို့အား ပေါင်းလိုက်လျှင် တစ်ယောက်သည် ရဲတိုက်တစ်တိုက်အား ဆောက်လုပ်နိုင်ပေသည်။

ဆေးဝါးများကို ဖော်စပ်မှု ဖြစ်စဉ် အတွင်းတွင် ကျောက်စရစ်အား ထည့်သွင်းခဲ့လျှင် အောင်မြင်စွာ ကျင့်ကြံနိုင်မှုနှုန်းကို မြှင့်တင်ပေးနိုင်သည်။

အတိတ်ကာလ အချိန်၌ပင် ဤမျှအထိ များပြားသော ကြယ်စင်ပင်လယ် ကောင်းကင် ကျောက်စရစ် များသည် အမတနက်ကိုမှ ကြီးမားသော ပမာဏ ဖြစ်သည်။

ဤတစ်ခေါက် ပေးအပ်ခဲ့သော ကြယ်စင်ပင်လယ် ကောင်းကင် ကျောက်စရစ် အရေအတွက် အရ သူတို့အား ဂူအင်ပါယာ၏ ဆက်ခံသူများကို ခွဲဝေပေးရန် လုံလောက်သည်။ အားလုံးတို့သည် ဝေစုရကြမည် ဖြစ်၍ ပိုပင် ပိုနိုင်သေးသည်။

စိတ်ဝိညာဉ် ကောင်းကင် ကြယ်စင်ပုလဲနှင့် ကြယ်စင်ပင်လယ် ကောင်းကင် ကျောက်စရစ်တို့ အပြင် နောက်ထပ် အဖိုးတန်သည့် တစ်စုံတစ်ရာ

ရှိနေသေးသည်။ ထိုအရာသည် ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်း အတွင်းမှ အဖိုးအတန်ဆုံး အရင်းအမြစ် ဖြစ်သည့် ကြယ်စင်အုတ်ဂူများ အတွင်းတွင်သာ ရရှိနိုင်သည့် ကြယ်စင် ဦးခေါင်းခွံများပင် ဖြစ်သည်။ ခန်းဝင်ပစ္စည်းများ အတွင်းတွင် ကြယ်စင် ဦးခေါင်းခွံ ဆယ်ခုတိတိ ပါသည်။

ကြယ်စင် ဦးခေါင်းခွံများသည် မိစ္ဆာများအတွက် ပိုမို အသုံးဝင်သော်လည်း လူသားများ အတွက်လည်း အလွန် အဖိုးတန်သည်။

နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့သည် အချင်းချင်း မတည့်ကြသော်လည်း ကမ္ဘာနှစ်ခု အကြားတွင်

ဖလှယ်မှုများ ရှိနေသေးသည်။ အကယ်၍ ဂူအင်ပါယာသည် ထိုကြွယ်စင် ဦးခေါင်းခွံများအား အသုံးမတည့်လျှင်ပင် သူတို့အား မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ အခြား အသုံးဝင်သည့် ပစ္စည်းများနှင့် ဖလှယ်၍ ရသည်။

ဂူအင်ပါယာ အပါအဝင် အခြားဂိုဏ်းများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခွင့်ပြုချက်ကြောင့် ကြွယ်စင်ပင်လယ် အတွင်းသို့ ဝင်နိုင်သော်လည်း အရင်းအမြစ်များကို စုဆောင်းရာတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အဘယ်မှာ ယှဉ်နိုင်မည်နည်း။ ဘာပဲပြောပြော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကြွယ်စင်ပင်လယ်၏ ဝင်ပေါက်လေးခုအား ထိန်းချုပ်ထားခြင်း ဖြစ်သည်။

ထိုပစ္စည်းများသည် ကြယ်စင်ပင်လယ် အတွင်းမှ
ပစ္စည်းများသာ ရှိကြသေးသည်။
ကြယ်စင်ပင်လယ်မှ ရတနာများ အပြင်
ရစ်ခွေသိပ်သည်း သလင်းကျောက်နှင့် ခရမ်းရောင်
သိပ်သည်း ဆီးနှင်းပေါက် ကဲ့သို့သော
ယင်ပင်လယ်မှ ရတနာများလည်း ရှိကြသေးသည်။

အလွန်အမင်း အသုံးဝင်သော ရှုခင်းပုလဲလည်း
ရှိသေးသည်။ ရှီကျုံးထန်း၊ ကျိဝမ်လွေ၊
ကောင်းကင်မာစတာ ဓားမာစတာနှင့်
ကျန်သောသူများကပင် သူ့အား
စိတ်ဝင်စားနေကြသည်။

ထိုအရာသည် ယင်ပင်လယ် အတွင်းတွင်
အရင်းခံလာသော ရတနာတစ်ပါး ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာ၏ သမိုင်း
တစ်လျှောက်လုံးတွင် သူသည် ဆယ်ကြိမ်ထက်ပို၍
မပေါ်လာခဲ့ပေ။ သူ၏ အကျိုး
သက်ရောက်မှုများတွင် အင်မော်တယ်ဝိညာဉ်
တတိယ အဆင့် ကျင့်ကြံသူ တစ်ယောက်မှ
ကောင်းကင်နှင့် လူသားတို့၏ ယိုယွင်းခြင်း
ငါးပါးတို့အား စိန်ခေါ်နိုင်စေစွမ်း ရှိသည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူ
ဖြစ်စေ၊ ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူများ
ဖြစ်စေ၊ သူတို့သည် အဆင့်သစ် တစ်ခုအား
ချိုးဖောက်တော့မည် ဆိုလျှင် အခက်ခဲဆုံးနှင့်
အန္တရာယ် အများဆုံး အရာသည် ပထမ
ကပ်ဘေးသာ ဖြစ်သည်ဟု သိနေကြသည်။

ပထမ ကပ်ဘေးအား ရှင်သန်နိုင်မှသာလျှင်
တစ်ယောက်သည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း
အဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။

ပထမ ခြေလှမ်းကို မလှမ်းရခင် တစ်ယောက်ကမှ
အပြည့်အဝ ယုံကြည်မှု မရှိနိုင်ပေ။

အားလုံးတို့သည် သတ္တိများ၊
စိတ်ပြတ်သားမှုများဖြင့်သာ အန္တရာယ်ကို
ရင်ဆိုင်ရမည် ဖြစ်သည်။

ဤအဆင့်တွင် တစ်ယောက်သည် ယုံကြည်ချက်နှင့်
အောင်မြင်မှုနှုန်းကို တိုးမြင့်ရန် အရေးကြီးကာ
ပြင်ဆင်မှုများ အားလုံးကို အသေအချာ

ပြုလုပ်ထားရမည် ဖြစ်သည်။ မဟုတ်လျှင် အရာအားလုံးတို့သည် သတိလက်လွတ် ဖြစ်သွားသော အချိန်၌ အချည်းနှီး ဖြစ်သွားခဲ့မည် ဖြစ်သည်။

ယခုအချိန်တွင် နတ်ဘုရား နယ်မြေ အတွင်း၌ အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများစွာ မရှိသော်လည်း ဤအဆင့်တွင် နှစ်ပေါင်းများစွာ ရှိနေကြသူများ၏ ကျင့်ကြံမှုသည် များစွာ မြင့်မားနေကြပြီ ဖြစ်သည်။ သို့သော်လည်း သူတို့အနက်မှ အနည်းငယ်ကသာ နောက်ထပ် ခြေလှမ်းကို လျှောက်လှမ်းကြခြင်း ဖြစ်သည်။

ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်ကို စိန်ခေါ်ကြသော အင်မော်တယ်ဝိညာဉ် တတိယ

အဆင့်မှ ကျင့်ကြံသူများ အနေဖြင့်
ကပ်ဘေးများအောက်တွင် အသက် ဆုံးရှုံးခဲ့ရသော
အဖြစ်များ ရှိဖူးသည်။

ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူများ အနေဖြင့်
ကြမ္ဘာပန်းတိုင် ဒုတိယ ကပ်ဘေးအား
ရင်ဆိုင်ရခြင်းသည် ပို၍ပင် ခက်ခဲ၍ အန္တရာယ်
များသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊
မြေနဂါးဘုရင်၊ ဖီးနစ် မဟာပဏ္ဍိတ အစရှိသော
မဟာမိစ္ဆာများ အားလုံးတို့သည် ဗီပရာလိုပါ
အဆင့်မှ မိစ္ဆာများ ဖြစ်ကြသည်။

ကျန်းရီသူတော်စင်၊ ချင်းရီ သူတော်စင်မယ်၊ ထျန်းကန်း ခေးမာစတာတို့သည် ဗီပရာလိုပါ အဆင့်သို့ ရောက်နေသည်မှာ နှစ်ပေါင်းများစွာရှိပြီ ဖြစ်သော်လည်း သူတို့သည် နောက်တစ်ဆင့်သို့ မတက်လှမ်းနိုင်ကြသေးပေ။

ဂူမိသားစုသည် ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းတွင် ဂူအောင်းနေခဲ့စဥ် ဗီပရာလိုပါ အဆင့်မှ ဘိုးဘေးတစ်ယောက် ရှိခဲ့သော်လည်း သူသည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ရင်ဆိုင်ခဲ့ရာတွင် ကြွေလွင့်သွားခဲ့သည်။

ရှူခင်းပုလဲသည် ကြမ္မာပန်းတိုင် ဒုတိယ အဆင့်ကို စိန်ခေါ်နေကြသော ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူများ အတွက် အသုံး

သိပ်မဝင်သော်လည်း အင်မော်တယ်ဝိညာဥ် တတိယ အဆင့်မှ ကျင့်ကြံသူများ အတွက် များစွာ အသုံးဝင်သည်။

သေချာချက်သည် မိမိ အပေါ်တွင်သာ အဓိက မူတည်နေသော်လည်း ကပ်ဘေးများအား ရင်ဆိုင်ခြင်း စသော တစ်စုံတစ်ခု အတွက် ပို၍ ဂရုစိုက်နေလျှင် အမှားမရှိချေ။

ရှုခင်းပုလဲအား မြင်ခဲ့ရသော အခါ အင်မော်တယ်ဝိညာဥ် တတိယ အဆင့်မှ ကျင့်ကြံသူများ အားလုံးတို့၏ မျက်လုံးများက တောက်ပလာကြသည်။ သူတို့အတွင်းတွင် ဂူယွမ်ခိုင်၊ ဂူချန်း၊ ကောင်းကင်မာစတာ ဓားမာစတာ၊ တော်ဝင်အိမ်တော် သခင်၊ လျှပ်စီး

ခေါးမာစတာနှင့် ကျယ်ပြန့်သော
ပင်လယ်ခေါးမာစတာတို့ ပါကြသည်။

စတင်ပြင်ဆင်ရန် ဘယ်တော့မှ
နောက်ကျသည်ဟူ၍ မရှိချေ။

အချို့သူများသည် ကိုယ်ပိုင် အတွေးများ
ရှိနေကြသည်။ "ယင်ပင်လယ်ကို
ထိန်းချုပ်နိုင်ခြင်းဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ စွမ်းအားတွေကို
အကြီးအကျယ် တိုးတက်စေတယ် ဆိုတာကို
အကုန်လုံးက သိနေကြပေမဲ့ အခု အချိန်မှာ သူတို့ရဲ့
စွမ်းအားတွေက ဘယ်လောက်အထိ
နက်ရှိုင်းနေသလဲ ဆိုတာကို အားလုံးက
သိသွားကြတယ်"

"ဒီရှူခင်းပုလဲဟာ အခုလေးတင်မှ ရခဲ့တာ ဖြစ်ပေမဲ့ နောက်ထပ် တစ်လုံး၊ နှစ်လုံးလောက် ရှိလောက်ဦးမယ်... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အင်မော်တယ်ဝိညာဉ် တတိယ အဆင့်က ဂုဏ်ထူးဆောင် အကြီးအကဲ ကျူးကော်ကျန်း ရှိနေပြီး... ပေါင်းစည်းကြယ်စင် အဆင့်က လုယွမ်လည်း ရှိတယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ရက်ရောမှုသည် အားလုံးကို မှင်သက်စေခဲ့သည်။ ခန်းဝင်ပစ္စည်းများ အတွင်းတွင် မှော်ရတနာ သန္ဓေလောင်း ကဲ့သို့သော အခြား ရတနာများစွာလည်း ပါသေးသည်။

နောက်ဆုံးတွင် အားလုံးတို့၏ အာရုံများသည် ရှောင်ယန်၏ မြေးတပည့်တစ်ယောက်ဖြစ်သော တွမ့်မုဟုန် ယူဆောင်လာသည့် ဗူးတောင်းအချို့ အပေါ်တွင် ကျရောက်သွားကြသည်။

ထိုအရာများသည် ဆေးဘူးတောင်းများ ဖြစ်ကြသဖြင့် အတွင်းတွင် ရှိနေကြသော အရာများသည် သံသယ ဖြစ်ဖွယ်ရာ မရှိပဲ ဆေးလုံးများသာ ဖြစ်ကြပေမည်။

ဂူအင်ပါယာသည် သူ၏ ဆေးလုံး ကျင့်ကြံမှုများကြောင့် နာမည်ကြီးသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အား ခန်းဝင်ပစ္စည်းများ အဖြစ် ဆေးလုံးများကို ပေးခဲ့သောကြောင့် ထိုဆေးလုံးများသည်

အကောင်းဆုံး ဆေးလုံးများ ဖြစ်ရမည်။ မဟုတ်လျှင် သူတို့သည် ရယ်စရာ ဖြစ်သွားမည် ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် ရှောင်ယန်အနေဖြင့် ချင်းနင်သူတော်စင်၊ ဂူယွမ်ခိုင်တို့ထက် ဆေးလုံးကျင့်ကြံမှုတွင် ပို၍ အထက်တန်းကျသည်ဟု လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သက်သေပြခဲ့ပြီး ဖြစ်သည်။

လင်းဖုန်းသည် ထိုနေရာတွင် ရှောင်ယန်ထက်ပင် ပို၍ ကောင်းသေးသည်ဟု ကောလဟာလများ ထွက်နေသည်။ သို့သော်လည်း လင်းဖုန်းအနေဖြင့် သူ၏ စွမ်းရည်များကို တစ်ခါမှ ဖော်မပြခဲ့ပေ။

ထို့ကြောင့် ဤသတင်းသည် ကောလဟာလများ အနေဖြင့်သာ ရှိနေခဲ့ခြင်း ဖြစ်သည်။

ရှောင်ယန်အပြင် သူ၏ ဂျူနီယာများ ဖြစ်ကြသော ဇူရီနှင့် ယန်ချင်တို့ကလည်း ယခုအချိန်တွင် နတ်ဘုရား နယ်မြေ အတွင်း၌ အကောင်းဆုံးသော ဆေးလုံး ကျင့်ကြံသူများ အတွင်းတွင် အပါအဝင် ဖြစ်နေကြပြီ ဖြစ်သည်။

သူတို့၏ တပည့်များ ဖြစ်ကြသော တန်ကျွင်း၊ တွမ့်မုဟုန်၊ ယန်တီ၊ ရဲ့ရှင်းဟွေနှင့် ရဲ့ရှင်းဟွမ်တို့ကလည်း ဆေးလုံး ကျင့်ကြံမှု နေရာတွင် ထူးချွန် ပြောင်မြောက်ပေသည်။

ထို့ကြောင့်ပင် အားလုံးတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ပေးအပ်ခဲ့သော ဆေးလုံးများကို များစွာ စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

တွမ့်မုဟုန်သည် ကြီးပြင်းလာပြီ ဖြစ်ပြီး အရပ် ရှည်ရှည်နှင့် ချောမောကာ ကြည့်၍ကောင်းသည်။

တန်ကျွင်းနှင့်စာလျှင် တွမ့်မုဟုန်သည် ပို၍ နူးညံ့သိမ်မွေ့သော သူတစ်ယောက် ဖြစ်သည်။ သူသည် အခြားသူများကိုလည်း အမတန်မှ ရိုသေသူလည်း ဖြစ်သည်။ သူသည် ပြိုင်ဆိုင်လိုစိတ် ပြင်းထန်သူ တစ်ယောက် မဟုတ်သော်လည်း သူသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ငရဲမီး ချောက်ကမ်းပါးမှ တတိယမျိုးဆက် ပထမ

တပည့်ဖြစ်သော ယွမ်မိ မာစတာဟူ၍
နာမည်ကြီးသည်။

သူသည် ကောင်းကင်ဘုံကျောင်းမှ တတိယ
မျိုးဆက် ပထမတပည့် ဖြစ်သော ရဲ့ရှင်းဟွေ၊
နိဗ္ဗာန်ကမ္ဘာမှ တတိယ မျိုးဆက် ပထမတပည့်
ဖြစ်သော လူရိလင်တို့နှင့် အတူ အကောင်းဆုံး
ဆေးလုံးကျင့်ကြံသူများ အနက်မှ တစ်ယောက်ဟု
နာမည်ရနေသည်။

တွမ့်မုဟုန်သည် ပထမ ဘူးတောင်းကို
ပေးလိုက်သော အခါ ဂူအင်ပါယာမှ
တစ်စုံတစ်ယောက်က လက်ခံလိုက်သည်။
ပြီးတာနှင့် သူ၏ အမူအရာသည် ပြောင်းသွားသည်။
"စိတ်ဝိညာဥ် အားဖြည့်ဆေးလုံး"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သိက္ခာသည် ပို၍ပို၍ မြင့်မားလာသည်နှင့် အမျှ သူတို့၏ အာဏာကလည်း ကြီးထွားလာသည်။ နတ်ဘုရား နယ်မြေတွင် ဖြစ်စေ၊ မဟာလွင်တီးခေါင် ကုန်းမြေတွင် ဖြစ်စေ၊ အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အာရုံစိုက်နေကြသည်။

အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပြောင်းလဲမှု အသေးစိတ်ကို စောင့်ကြည့်နေကြသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သတင်းလေး တစ်ခုသည် အဓိပ္ပာယ် မရှိစေကာမူ အားလုံးတို့၏ အာရုံများကို ဆွဲဆောင်နိုင်ခဲ့သည်။

ဤအချိန်တွင် လင်းဖုန်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည် အကယ်၍
အရေးမကြီးသော သတင်းအချို့က ပြင်ပကမ္ဘာသို့
ပျံ့သွားခဲ့လျှင် အမှုထားနေတော့မည် မဟုတ်ချေ။

စိတ်ဝိညာဉ် အားဖြည့်ဆေးလုံး၊ ၃၃ဘုံ ဖန်ဆင်းခြင်း
သက်စောင့်ဆေးလုံးနှင့် ကောင်းကင်ဆန်းကြယ်
ရွှေရောင်ဆေးလုံးတို့၏ အကျိုး
သက်ရောက်မှုများအား အခြားသူများကလည်း
ဖြည်းဖြည်းချင်း သိလာကြပြီ ဖြစ်သည်။

အနားတွင် ရှိနေကြသူ အားလုံးတို့သည် စိတ်ဝိညာဉ်
အားဖြည့်ဆေးလုံးအား ကြားဖူးကြကာ
ထိုဆေးလုံးသည် ကျင့်ကြံသူ တစ်ယောက်၏ အရိုး

အရင်းမြစ်ကို တိုးမြှင့်ပေးနိုင်သည်ဟု သိထားကြသည်။

အားလုံးတို့သည် ဤကဲ့သို့သော အစွမ်းထက်၍ အဖိုးတန်သော ဆေးလုံးမျိုးကို လိုချင် တပ်မက်နေကြမည်သာ ဖြစ်သည်။

ဝမ်လင်း၏ အတိတ်ဇာတ်လမ်းသည် နတ်ဘုရားနယ်မြေ အတွင်း၌ ဒဏ္ဍာရီ တစ်ခု ဖြစ်သွားခဲ့သည်။ သူသည် အရိုးအရင်းမြစ် နည်းပါးသော သူများကို ကျင့်ကြံသူများ ဖြစ်လာနိုင်ရန် လှုံ့ဆော်မှုတစ်ခု ဖြစ်လာခဲ့သည်။

ဂိုဏ်းနှင့် အင်အားစုများကလည်း တပည့်များကို လက်ခံသည့် စံနှုန်းများကို ပြန်လည်၍ သုံးသပ်ခဲ့ကြသည်။ သူတို့၏ စံနှုန်းများက များစွာ တင်းကျပ်နေလျှင် အလားအလာရှိသော ပါရမီရှင် များစွာတို့အား ဆုံးရှုံးသွားနိုင်သည်ကို ပြန်လည်၍ စဉ်းစားခဲ့ကြသည်။

အရိုးအရင်းမြစ်မှ လွဲ၍ ကျန်သော ပင်ကိုစွမ်းရည် အချက်အလက်များကို စမ်းသပ်ရန် မလွယ်ပေ။ သို့သော်လည်း စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးသည် ဤကဲ့သို့သော ပြဿနာမျိုးကို အတိုင်းအတာ တစ်ခုအထိ ဖြေရှင်းနိုင်သည်။

တစ်ချိန်တည်းတွင် အရိုးအရင်းမြစ် အားနည်း၍ သဘောပေါက် နားလည်နိုင်စွမ်းနှင့်

စိတ်စွမ်းအားများတွင် အလားအလာ ရှိသော တပည့်များအား စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးဖြင့် ကုစားနိုင်မည် ဖြစ်သည်။

ဂူအင်ပါယာကလည်း သူတို့၏ တပည့်များကို မည်ကဲ့သို့ ပြုစုပျိုးထောင်ရမည်ကို စဉ်းစားနေကြသည်။ ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အား စိတ်ဝိညာဉ် အားဖြည့်ဆေးလုံးများကို ပေးအပ်ခဲ့သဖြင့် အလားအလာ ရှိသော်လည်း အရိုးအရင်းမြစ် အားနည်းနေသည့် တပည့်များအတွက် သတင်းကောင်းပင် ဖြစ်သည်။ ပါရမီရှင် များစွာတို့သည် ယခုအချိန်တွင် ဂူအင်ပါယာကို ရွေးချယ်ကြတော့မည် ဖြစ်သည်။

ဆေးလုံးစုစုပေါင်း ၃၆လုံး ရှိသဖြင့်
နည်းနည်းနောနော အရေအတွက် တစ်ခု
မဟုတ်ချေ။

သို့သော်လည်း ဤအရာသည် အစသာ ရှိသေးသည်။
စိတ်ဝိညာဉ် အားဖြည့်ဆေးလုံး အပြီးတွင်
နောက်ထပ် ဆေးလုံး ၃၆လုံး ရှိသေးသည်။
ဆေးလုံးသုံးမျိုး ဖြစ်ပြီး တစ်မျိုးစီတွင် ၁၂လုံး
ပါသည်။ ထိုဆေးလုံးများကို တွေ့ခဲ့ရသော အခါ
အားလုံးတို့သည် မှင်သက် အံ့သြသွားကြသည်။

သူတို့တွင် အသက် အစားထိုးခြင်း
ကောင်းကင်ဆေးလုံး ၁၂လုံးတို့ ပါသည်။ သူတို့သည်
လူတစ်ယောက်၏ ဘဝတွင် တစ်ခေါက်သာ
အသုံးဝင်သဖြင့် လူ၁၂ယောက်တို့

သောက်၍ရသည်။ ထိုဆေးလုံး ၁၂လုံးတို့ ရှိနေသဖြင့် လူ၁၂ယောက်တို့သည် နောက်ထပ် အသက်အပိုတစ်ခု ရနိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ဤဆေးလုံးသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ အစပြုလာခြင်း ဖြစ်သော်လည်း ဆေးဖော်စပ်နည်းမှာ ပျောက်ဆုံးနေပြီ ဖြစ်သည်။ သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခုအချိန်တွင် ဆေးလုံးများစွာတို့ကို ပိုင်ဆိုင်ထားသဖြင့် သူတို့သည် ဆေးဖော်စပ်နည်းကို ရသွားခဲ့ပြီဟု ခန့်မှန်းနိုင်သည်။

သူတို့သည် တစ်ခါတည်း ၁၂လုံး ပေးခဲ့သဖြင့်
အားလုံးတို့အား သံသယဖြစ်ဖွယ် မရှိပဲ အံ့သြ
တုန်လှုပ်စေခဲ့သည်။

နောက်ထပ် ကောင်းကင်ဆန်းကြယ်
ရွှေရောင်ဆေးလုံး ၁၂လုံးနှင့် ၃၃ဘုံ ဖန်ဆင်းခြင်း
သက်စောင့်ဆေးလုံး ၁၂လုံးတို့ ရှိကြသေးသည်။

ထိုဆေးလုံး နှစ်မျိုးတို့သည် သူတို့အား
လက်ခံခဲ့သော ကျင့်ကြံသူအား ပို၍ပင် ထိတ်လန့်
တုန်လှုပ်စေခဲ့သည်။

ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံး ဖြစ်စေ၊
၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး ဖြစ်စေ၊

သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်း၌သော လက်ဆင့်ကမ်းကြခြင်း ဖြစ်ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုတည်းသော ထိုဆေးဖော်စပ်နည်းများ ရှိပေသည်။ သူတို့၏ မယုံနိုင်ဖွယ်ရာ အကျိုးသက်ရောက်မှုများအား နတ်ဘုရား နယ်မြေ အတွင်းမှ လူတိုင်း သိခဲ့ကြပြီးသား ဖြစ်ကြသည်။

ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးသည် ကျင့်ကြံသူ တစ်ယောက်အား တာအိုကို နားလည်သဘောပေါက်စေနိုင်သည်။ သူ့အား သောက်သုံးခဲ့သော အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အနေဖြင့် သူ၏ စိတ်ဝိညာဉ် တာဝါ၏ အဆင့်ကို မြှင့်တင်ပေးနိုင်သည်။

၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံးတွင် မဟာတာအို၏ သဘောတရားများ ပါဝင်နေပြီး ကျင့်ကြံသူ တစ်ယောက်အား တာအိုဝါဒ အမျိုးမျိုးကို နားလည်နိုင်ရန် ကူညီပေးနိုင်သည်။ သူ့အား သောက်သုံးခဲ့သော အခြေတည် ဝိညာဥ် နောက်ဆုံးအဆင့်မှ ကျင့်ကြံသူတစ်ယောက် အနေဖြင့် နောက်တစ်ဆင့်သို့ တက်နိုင်သည်။ သူသည် အင်မော်တယ်ဝိညာဥ် အဆင့်သို့ ရောက်နိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ဆေးလုံး နှစ်မျိုးစလုံးမှာ လွန်စွာ အဖိုးတန်လှသဖြင့် သူတို့၏ ပေါ်လာမှုသည် နတ်ဘုရား နယ်မြေအား တုန်လှုပ်စေခဲ့သည်။

## စာစဥ် ၇၁ : အပိုင်း ၃

## အပိုင်း ၁၃၇၃ : နောက်ထပ် လက်ဆောင်များ ရှိသေးသည်

"နတ်ဘုရား နယ်မြေ ဆေးမီးဖို… ယင်ပင်လယ်… ကြယ်စင်ပင်လယ်"

ဂူချန်းနှင့် ဂူယွမ်ခိုင်တို့သည် အချင်းချင်း ကြည့်လိုက်ပြီးမှ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြလေသည်။

လင်းဖုန်းသည် ရှေးဟောင်း သက်ရှည်ကမ္ဘာသို့ ပထမအကြိမ် လာခဲ့သော အချိန်တွင် အန္တိမ

အသိဉာဏ် ဆေးလုံး၏ ဖော်စပ်နည်းကို ပေးခဲ့သည်။ သို့သော်လည်း ထိုဆေးလုံးသည် ယနေ့ ခန်းဝင်ပစ္စည်းများ အဖြစ် ပေးခဲ့သော ဆေးလုံးများနှင့် မတူပေ။

သူတို့သည် ဂျင်ဆင်းသစ်သီး မရှိပဲ အန္တိမ အသိဉာဏ် ဆေးလုံးအား ကျင့်ကြံ၍ မရနိုင်ချေ။ သို့သော်လည်း ဆေးဖော်စပ်နည်း၏ အခြား အပိုင်းများကို အထင်သေး၍ မရချေ။ သူတို့သည် ဆေးဖော်စပ်နည်း ကိုယ်တိုင်ထက်ကို ပို၍များစွာ အထက်တန်းကျပေသည်။

ဂူအင်ပါယာသည် အံ့ဩ တုန်လှုပ်နေကြသော အခြားသူများနှင့် စာလျှင် များစွာပို၍ တည်ငြိမ်ပေသည်။ သူတို့၏ ဆေးကျင့်ကြံမှု

စွမ်းရည်များသည် ကျန်သောသူများထက် များစွာပို၍ မြင့်မားသည်။

ဆေးဖော်စပ်နည်းများ အနေဖြင့်လည်း သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မကြာခဏ အဆက်အသွယ် ရှိနေသဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ထုတ်လုပ်ခဲ့သော ဆေးလုံးများကို ကောင်းစွာ နားလည်နေသည်။

ရှေးဟောင်းခေတ်က ဂူကေရာဇ်သည် နတ်ဘုရား နယ်မြေကို အုပ်စိုးခဲ့သည်။ သူသည် ကျွမ်းကျင်သော အဆင့်မြင့် ဆေးကျင့်ကြံသူ တစ်ယောက်လည်း ဖြစ်သည်။ ထိုအချိန်က ကြယ်စင်ပင်လယ်အား လူသားကေရာဇ်က ထိန်းချုပ်ထားနိုင်ခဲ့သည်။

ရှုကေရာဇ် ဖြစ်စေ၊ ဂူကေရာဇ် ဖြစ်စေ၊ သူတို့သည်
ထူးချွန် ပြောင်မြောက်သော ဆေးလုံး
များစွာတို့အား ကျင့်ကြံခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရား
နယ်မြေ တစ်ခုလုံးအား အုပ်စိုးရန် ရည်ရွယ်ချက်
ရှိနေပုံ မရပဲ အရင်းအမြစ် ပစ္စည်းများစွာတို့အား
ကုန်သွယ်ခဲ့သည်။ သူတို့သည် သူတို့လိုချင်သော
အရာများကို လွယ်ကူစွာ ရရှိနိုင်ပေသည်။

ထို့အပြင် လူသားများသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲတွင် ကြီးမားစွာ အောင်ပွဲရခဲ့ပြီး
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့
နယ်ချဲ့နိုင်ခဲ့ကြကာ မိစ္ဆာများ တစ်ချိန်က

ထိန်းချုပ်ခဲ့သည့် အလယ်ကမ္ဘာ များနှင့် သီးသန့်
လေဟာနယ်များကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

သူတို့၏ ခေါင်းဆောင်အနေဖြင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အကြီးမားဆုံးသော
အကျိုးအမြတ်များကို ရရှိနိုင်ခဲ့သည်။

ထို့အပြင် ယခုအချိန်တွင် လျှို့ဝှက်ဆန်းကြယ်သော
ယင်ပင်လယ်အား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
အပြည့်အဝ ပိုင်ဆိုင်ခဲ့ပြီ ဖြစ်သည်။ ထိုပင်လယ်
အတွင်းတွင် ရှာဖွေနိုင်သော အဖိုးတန်သည့်
အရင်းအမြစ် ပစ္စည်းများစွာ ရှိနေသည်။

ငရဲကမ္ဘာ ပင်လယ်သည် ကပ်ဆိုးများဖြင့်
ဒေါထနေပြီး မဟူရာ ပင်လယ်သည် နဂါးများ၏
စောင့်ကြပ်ခြင်းကို ခံနေရသော်လည်း ဟင်းလင်းပြင်
ပင်လယ်အား တစ်ယောက်သည် လွတ်လပ်စွာ
ဝင်ထွက်နိုင်သည်။

ရှုထောင့်တစ်ခုမှ ပြောရလျှင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း စုဆောင်းထားသော
အရင်းအမြစ်များသည် နတ်ဘုရား နယ်မြေ၏
သမိုင်းတွင် အမြင့်မားဆုံး ဖြစ်သည်ဟူ၍
ပြောနိုင်သည်။

ထိုအရင်းအမြစ်များသည် ရှောင်ယန်၏
လက်အတွင်းသို့ ကျရောက်သွားသော အခါ

နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ အကူအညီဖြင့် ပိုမို
အသုံးဝင်လာကြသည်။

ကောင်းကင်မာစတာ ဓားမာစတာနှင့်
ကျန်သောသူများသည် သူတို့ တပည့်များက
အမတန်မှ ထူးချွန် ပြောင်မြောက်မှန်း
သိနေကြသော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား
လျှော့တွက်မိနေသေးမိကြောင်းကို
သဘောပေါက်လာခဲ့ကြသည်။

အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
ယခင်က ကြည့်သည့် နည်းလည်းအတိုင်း
ဆက်ကြည့်၍ မရတော့ကြောင်းကို သိခဲ့ကြသည်။
ယနေ့ စေ့စပ်ပွဲသည် သူတို့အား အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းအား ပုံစံအသစ်ဖြင့်
နားလည်လာစေခဲ့သည်.

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် လင်းဖုန်းနှင့်
သူ၏မျိုးဆက်တပည့် အဆက်ဆက် ဖြစ်ကြသော
ရှောင်ယန်၊ဇူရီမှ နေ၍ တန်ကျွန်း၊ ယန်တီ၊ ဟန်ရန်၊
ကျိုးယွင်ချုံး၊ တောက်ယုတင်း၊ ထိုမှတဆင့်
လျှန်ဟွားဆောင်၊ မုန့်ဟုန်လူ၊ ချန်းဖန်ကောတို့သည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားကို
ကျန်သောသူများ အားလုံးတို့ကို ပြသနိုင်ခဲ့ကြသည်။

သူတို့နှင့် မဟာကျိုး အင်ပါယာတို့၏
ပဋိပက္ခများသည် ဤအချက်ကို ထပ်မံ၍
သက်သေပြနိုင်ခဲ့သည်။

ယခုအချိန်တွင် ရှိနေကြသူများ အားလုံးတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တိုက်ခိုက်မှု စွမ်းရည်များသာ မက သူတို့၏ အရင်းအမြစ် စုဆောင်းမှုများသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ပြိုင်ဘက်ကင်းနေပြီ ဖြစ်သည်ကို သိမြင်လာကြသည်။

ရှောင်ယန်၏ စေ့စပ်ပွဲ အခမ်းအနားသည် ထိုအရာကို ပို၍ ထင်ရှားအောင် ပြုလုပ်ပေးခဲ့သကဲ့သို့ ဖြစ်နေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဂူအင်ပါယာသို့ ပေးအပ်ခဲ့သော ခမ်းနားသည့် လက်ဆောင်များကို

အမှုမထားခဲ့သော်လည်း ဂူအင်ပါယာကမူ ထိုကိစ္စကို ခြားနားစွာဖြင့် ရှုမြင်ခဲ့သည်။

သူတို့ အနေဖြင့် ထိုလက်ဆောင်များသည် လွန်စွာမှ ကြီးကျယ်လှသည်။

သူတို့သည် အမတန်မှ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေကြသဖြင့် ဂူကျွန်းနှင့် ကျန်သောသူများသည် သူတို့ ပြင်ဆင်ထားသော ခန်းဝင်ပစ္စည်းတို့အား ပြန်လည် ပြင်ဆင်ရန်ပင် စဉ်းစားခဲ့ကြသည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ခန်းဝင် ပစ္စည်းများကို အရေးမထားကြသော်လည်း

ဂူအင်ပါယာ အနေဖြင့် အလေးအနက်
ထားနေကြသည်။

ဂူအင်ပါယာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ယှဉ်၍ မရချေ။ သူတို့ ပေးအပ်ခဲ့သော
ခန်းဝင်ပစ္စည်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ခန်းဝင်ပစ္စည်းကဲ့သို့ ကြီးကျယ် ခမ်းနားမည်
မဟုတ်ဟု အားလုံးတို့က မျှော်လင့်ထားခဲ့ပြီးသား
ဖြစ်သည်။ သို့ရာတွင် ကွာခြားချက်က လွန်စွာ
ကြီးမားနေခဲ့ပါက ဂူအင်ပါယာ အနေဖြင့် ရယ်စရာ
ဖြစ်သွားလိမ့်မည် ဖြစ်သည်။

ဂူချန်းက ဂူယွမ်ခိုင်ဘက်လှည့်၍ ပြောလိုက်သည်။
"နံပါတ်ကိုး ဦးလေး... ကျန်းအာတို့က ဘယ်တော့မှ
တရားဝင် လက်ထပ်မလဲ ဆိုတာကို

မသေချာသေးပေမဲ့ စောစောစီးစီး ပြင်ဆင်ထားတာ
အကောင်းဆုံးပဲလို့ ကျွန်တော်ထင်တယ်...
ဦးလေးက ဆေးလုံးတွေကို ဖော်စပ်ထားပြီး
အရည်အသွေးကိုလည်း ဂရုစိုက်စေလိုတယ်"

ဂူယွမ်ခိုင်က သူ၏ခေါင်းကို တည်ငြိမ်စွာဖြင့်
ညိတ်လိုက်သည်။ "စိတ်ချပါ"

"ကြာပန်းဆေးလုံးက ရေးဟောင်း အင်မော်တယ်
ကျမ်းစာကို ကျင့်ကြံထားတဲ့ ဂူမိသားစု အဖွဲ့ဝင်တွေ
အပေါ်မှာပဲ အကျိုးသက်ရောက်မှု ရှိတယ်...
ဒါကြောင့်မို့ ငါတို့ဟာ သက်ရှည်ဆေးလုံးကို အဓိက
ဖော်စပ်ရမယ်... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
တပည့်တွေ အားလုံးက အမတန်မှ ထူးချွန်လို့
သူတို့ကို လိုအပ်မှာ မဟုတ်ပေမဲ့ တခြားဂိုဏ်းနဲ့

အင်အားစုတွေက အရင်းအမြစ်တွေနဲ့ ဖလှယ်လို့ရတယ်"

"သူတို့ တပည့်တွေရဲ့ မိသားစုဝင်တွေကလည်း သက်ရှည်ဆေးလုံးကို စားပြီးမှ အသက်ပိုရှည်အောင် လုပ်လို့ရတယ်"

ဂူယွမ်ခိုင်သည် တွန့်မုဟုန်၏ လက်အတွင်းမှ ဘူးတောင်းများကို ကြည့်လိုက်ရင်း သူ၏ မျက်လုံးများက ကျဥ်းမြောင်းသွားသည်။ "ငါတို့က သက်ရှည်ဆေးလုံးတွေရဲ့ အရေအတွက်ကို အနည်းဆုံး ၂၄လုံး အထိ တိုးမှရမယ်… တခြား ဆေးလုံးတွေရဲ့ ပမာဏကိုလည်း တိုးမြှင့်မှရမယ်"

သူက အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ ဆက်ပြောလိုက်သည်။ "ခဏာနေဦး… ငါတို့က တခြား လက်ဆောင် အမျိုးအစားတွေကိုလည်း ထပ်တိုးမှရမယ်… ရှုခင်းပုလဲ၊ ကြယ်စင် ဦးခေါင်းခွံ၊ ကြယ်စင်ပင်လယ် ကောင်းကင် ကျောက်စရစ်၊ ခရမ်းရောင် သိပ်သည်း ဆီးနှင်းပေါက်တို့နဲ့ စာရင် ငါတို့ရဲ့ လက်ဆောင် အမျိုးအစားတွေက နည်းပါးနေတယ်"

"ဟုတ်ပြီ… ကျွန်တော်က ခဏာနေကျရင် အရှင်မင်းမြတ်နဲ့ တိုင်ပင်ပြီးမှ အသေးစိတ် ပြန်ပြောပြမယ်" ဂူချန်းက သူ၏ခေါင်းကို ညိတ်၍ ရုတ်တရက် သက်ပြင်းချလိုက်သည်။ "၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး၊ ကောင်းကင်ဆန်းကြယ် ရွှေရောင်ဆေးလုံးတို့နဲ့

စာရင် ကျွန်တော်က အသက် အစားထိုးခြင်း ဆေးလုံးကို ပိုပြီးမှ အံ့သြနေတယ်"

"တခြား ဆေးလုံး နှစ်မျိုးတို့ရဲ့ မှော်အစွမ်းက အမတန်မှ ထူးခြားပြီး အရမ်း အဖိုးတန်ပေမဲ့ သူတို့ကို အများကြီး ထုတ်လုပ်နိုင်တယ်... ဘာပဲပြောပြော သူတို့ရဲ့ ဆေးဖော်စပ်နည်းတွေက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပိုင်ဆိုင်နေတာပဲ... ပြီးတော့ သူတို့မှာ နတ်ဘုရား နယ်မြေ ဆေးမီးဖိုလည်း ရှိနေတယ်"

"လိုအပ်တဲ့ ဆေးအမယ်တွေ ရှိရုံနဲ့ သူတို့ဟာ ဒီဆေးလုံးတွေကို ကျင့်ကြံနိုင်စွမ်း ရှိတယ်... ရှောင်ယန်ရဲ့ ဆေးကျင့်ကြံမှု စွမ်းရည်အရ သူတို့ အကုန်လုံးက ပြီးပြည့်စုံနေကြမှာပဲ"

"ဒါပေမဲ့ အသက် အစားထိုးခြင်း ဆေးလုံးကျတော့ မတူဘူး... ကြည့်ရတာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီဆေးလုံး ဖော်စပ်နည်းကို ဖော်ထုတ်နိုင်ခဲ့ပြီ ထင်တယ်... ဒါက အံ့အားသင့်ပြီးမှ အထင်ကြီးဖွယ်ရာပဲ"

ဂူယွမ်ခိုင်က သူ၏ခေါင်းကို ညိတ်လိုက်သည်။ သူတို့သည် အသက် အစားထိုးခြင်း ဆေးလုံး၏ ဆေးလုံး ဖော်စပ်နည်း တစ်ဝက်တစ်ပျက်ကို ရရှိခဲ့သော အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ပြီးသဖြင့် ထိုဆေးလုံး ဖော်စပ်နည်း တစ်ဝက်တစ်ပျက်အား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ပေးခဲ့သည်။

ဤနှစ်များ အတွင်းတွင် ဂူယွမ်ခိုင်သည် ဤဆေးဖော်စပ်နည်း တစ်ဝက်တစ်ပျက်အား လေ့လာနေပြီး ပြန်လည် ဖော်ထုတ်ရန် ကြိုးစားနေခဲ့ရာ တိုးတက်မှု အနည်းငယ် ရရှိနိုင်ခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အသက် အစားထိုးခြင်း ဆေးလုံး၏ ဆေးဖော်စပ်နည်း အပြည့်အဝကို ဖော်ထုတ်သွားနိုင်ခဲ့သည်နှင့် တူနေသည်။

ဘာပဲပြောပြော ဟင်းလင်းပြင် ဘုရားကျောင်းသည် အသက် အစားထိုးခြင်း ဆေးလုံး သုံးလုံးတို့အား ရှေးဟောင်း သက်ရှည်ကမ္ဘာ အတွင်းမှ ဆေးလုံးကျင့်ကြံမှု ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။

ဆေးလုံး သုံးလုံးသာ ရှိသော်လည်း အနည်းဆုံး တစ်လုံးကို ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် သုံးခဲ့ပြီး ဖြစ်သည်။

"ကြည့်ရတာ လင်းဖုန်းက ကိုယ်တိုင်ကိုယ်ကျ လှူပ်ရှားခဲ့တယ် ထင်တယ်" ဂူယွမ်ခိုင်က တိုးညင်းစွာ မှတ်ချက်ပြုလိုက်သည်။ "ဒီနှစ်တွေ အတွင်းမှာ ရှောင်ယန်ရဲ့ ဆေးလုံးကျင့်ကြံမှု စွမ်းရည်ဟာ အတော်လေး တိုးတက်လာပေမဲ့ အသက် အစားထိုးခြင်း ဆေးလုံးရဲ့ ဆေးဖော်စပ်နည်းကို ပြန်လည် ဖော်ထုတ်နိုင်မှာတော့ မဟုတ်လောက်ဘူး"

ဂူချန်းက လင်းဖုန်းထံသို့ အာရုံပြောင်းလိုက်ကာ သူ၏ခေါင်းကို အသာညိတ်လိုက်သည်။

"လင်းဖုန်းက တကယ်ပဲ ဗဟုသုတနဲ့ ပြည့်စုံပါပေတယ်"

လျှမ်ကန်းသည် ခါးသီးစွာဖြင့် ရယ်လိုက်ပြီး ယန်လျှန်မင်းသား လျှမ်ဖူအား ကြည့်လိုက်သည်။ "ဦးလေး ယန်လျှန်… ကျွန်တော့်မှာ လက်ထပ်ဖို့ အရွယ်ရောက်နေပြီ ဖြစ်တဲ့ ညီမတစ်ယောက် ရှိနေလား"

လျှမ်ဖူက သွားများပေါ်အောင် ပြုံးလိုက်သည်။ "အရှင်မင်းမြတ်က နောက်နေပါပြီ"

လျှမ်ကန်းက သူ၏ခေါင်းကို ခါလိုက်သည်။ "ငါက ဟာသလုပ်နေပေမဲ့ မရယ်နိုင်ပါဘူး"

မဟာကျိုးသည် ယခင်ကလောက် အစွမ်းမထက်တော့သော်လည်း သူတို့၏ ကိုယ်ပိုင် လက်အောက်ခံများကို ရောင်းချရလောက်သည့် အထိတော့ မနိမ့်ကျသေးပေ။ အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မဟာကျိုး အင်ပါယာအား ခန်းဝင်ပစ္စည်း ရက်ရောစွာ ပေးခဲ့ပါက သူတို့ကလည်း တူညီစွာ တန်ဖိုးရှိသော ခန်းဝင်ပစ္စည်းများကို ပြန်လည်ပေးအပ်မည် ဖြစ်သည်။

သို့သော်လည်း အကယ်၍ ထိုကဲ့သို့သော ဆက်ဆံရေးမျိုး ရှိခဲ့ပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး

အင်ပါယာတို့သည် များစွာပို၍
နီးကပ်လာနိုင်ပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မဟာကျိုး
အင်ပါယာနှင့် အခြား အင်အားစုများ၏ ပဋိပက္ခကို
ဝင်ရောက် စွက်ဖက်ခြင်း မပြုခဲ့သော်လည်း
သူတို့သည် ပြိုလဲလုနီးပါး ဖြစ်နေခဲ့ပါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ဝင်ရောက် ကူညီမည်
ဖြစ်သည်။

လျှမ်ဖူနှင့် လျှမ်ကန်းတို့၏ အကြားမှ
ဆက်ဆံရေးသည် အတော်လေး ကောင်းမွန်သည်။
လျှမ်ကန်းသည် လျှမ်ပန်း၏ ခွဲခြား ဆက်ဆံခြင်းကို
ခံခဲ့ရစဉ်က လျှမ်ဖူက သူ့အား စောင့်ရှောက်ခဲ့သည်။
လျှမ်ကန်းက ထီးနန်း ဆက်ခံအပြီးတွင်

လျှမ်ဖူကလည်း ဆုလာဘ်များစွာ ရရှိခဲ့သည်။ အနည်းငယ် စောင့်ကြည့်အပြီးတွင် နယ်ခြားသဘော်ာကိုလည်း လျှမ်ဖူအား ပေးအပ်ခဲ့သည်။

"အရှင်မင်းမြတ်... ဧကရီ နေရာက လွတ်နေသေးတာပဲ" လျှမ်ဖူက လျှမ်ကန်းအား စနောက်သလိုဖြင့် ပြောလိုက်ရာ လျှမ်ကန်းက ရယ်ချင်ပက်ကျိ ဖြစ်စွာဖြင့် ပြောလိုက်သည်။ "ဦးလေးယန်လျှန်က ကျွန်တော့်ကို အရူးလုပ်နေတာပဲ"

လျှမ်ဖူက သက်ပြင်းချလိုက်သည်။ "ကျွန်တော်မျိုး မလုပ်ရဲပါဘူး"

လျှမ်ကန်းကလည်း သူ၏အပြုံးအား ရုပ်သိမ်းလိုက်ပြီး ပြောလိုက်သည်။ "ဦးလေး ဆိုလိုနေတာကို ကျွန်တော် နားလည်ပါတယ်… ဒါပေမဲ့ ရှောင်ယန်နဲ့ ချင်းရဲ့ သူတော်စင်မယ်တို့လိုမျိုး ပြီးပြည့်စုံတဲ့ ပေါင်းစပ်မှုမျိုးကို ရှာဖို့ခက်တယ်"

" သိုင်းကောင်းကင် သခင်မနဲ့ ဓားကောင်းကင် သခင်မတို့ကလည်း သူတို့ရဲ့ ကျင့်ကြံမှုတွေ အပေါ်မှာပဲ အာရုံစိုက်နေတယ်" လျှမ်ဖူက သူ၏ခေါင်းကို သဘောတူစွာဖြင့် ညိတ်လိုက်သည်။ "ဒါ့အပြင် သူတို့က တာအိုစုံတွဲတွေ လုပ်စရာလည်း မလိုဘူး… တကယ်လို့ သူတို့က တခြား တစ်စုံတစ်ယောက်နဲ့ တာအိုစုံတွဲတွေ ဖြစ်ခဲ့ကြရင်

သူတို့ကပဲ သူတို့ရဲ့ အဖော်တွေကို
ထောက်ပံ့ပေးနေရမှာ"

"ဒီလိုဆိုတော့ သူတို့ဟာ အဖော်တွေကို ရှာမှာ
မဟုတ်သလို လက်ထပ်မှာလည်း
မဟုတ်လောက်ဘူး"

သူသည် စကားပြောနေရင်း ရပ်လိုက်ကာ
အနည်းငယ် ချီတုံချတုံ ဖြစ်စွာဖြင့် လျှမ်ကန်းအား
ကြည့်လိုက်သည်။

လျှမ်ကန်းသည် သူဘာတွေးနေသည်ကို
သိနေသကဲ့သို့ ပြုံးလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဟာ အမတန်မှ

အစွမ်းထက်တယ်… တကယ်လို့
မထင်မှတ်ထားတာတွေ မဖြစ်ခဲ့ဘူးဆိုရင် သူတို့ဟာ
အနာဂတ်မှာ ပိုပြီးမှ သန်မာလာကြမှာ"

"တကယ်လို့ ငါက သူတို့ရဲ့ ဒုတိယမျိုးဆက်
တပည့်တွေ အနက်က တစ်ယောက်ကို
လက်ထပ်ခွင့် တောင်းခဲ့မယ် ဆိုရင်တောင်
အရှက်ရစရာ ကိစ္စတစ်ခု မဟုတ်ဘူး"

လျှမ်ဖူက သူ့စကားများကို ဘာမှ မတုံ့ပြန်ခဲ့ပေ။
အကယ်၍ ဤအရာသည် အရှက်ရစရာ
ဖြစ်နေခဲ့လျှင်ပင် ဘာမှ မထူးခြားပေ။ လွန်ခဲ့သော
နှစ်ပေါင်းများစွာက မဟာကျိုး အင်ပါယာ
မမြင့်တက်လာသေးစဥ်က သူသည် မဟာချင်
အင်ပါယာဘေးမှ နိုင်ငံငယ်လေးသာ ဖြစ်ခဲ့သည်။

ထိုစဉ်က မဟာကျိုး ကေရာဇ်သည် မဟာချင်၏ တော်ဝင်မိသားစု တစ်ယောက်အား လက်ထပ်ရန် ကြိုးပမ်းခဲ့ဖူးသည်။

ပြီးတာနှင့် မဟာကျိုး အင်ပါယာသည် အခွင့်အရေးများ ရလာနိုင်ခဲ့ကာ မဟာချင် အင်ပါယာနှင့် ယှဉ်နိုင်သော နိုင်ငံတစ်ခု အဖြစ်သို့ တိုးတက်လာခဲ့သည်။

အနာဂတ်တွင် ဘာဖြစ်မည်ကို မည်သူက ပြောနိုင်မည်နည်း။ အရေးအကြီးဆုံး အရာမှာ ပစ္စုပ္ပန်ပင် ဖြစ်သည်။ ပစ္စုပ္ပန်ကို ဆုပ်ကိုင်ထားနိုင်မှသာ တစ်ယောက်သည် အနာဂတ်ကို မျှော်လင့်နိုင်ပေသည်။

လျှမ်ကန်းက လျှမ်ဖူအား လှည့်ကြည့်လိုက်သည်။
"ဒုတိယ မျိုးဆက် တပည့်တွေနဲ့ သိုင်းကောင်းကင်
သခင်မ၊ ဓားကောင်းကင် သခင်မတို့ အကြားမှ
ကွဲပြားမှုတွေ ရှိသလား"

လျှမ်ဖူက ငြိမ်သက်သွားခဲ့ပြီး
ခေါင်းညိတ်လိုက်သည်။

အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ရက်ရောမှုနှင့် သူတို့ စုဆောင်းထားသော
အရင်းအမြစ် များကို အံ့သြ တုန်လှုပ်နေကြသည်။
ဂူအင်ပါယာကလည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား မည်သို့ အကောင်းဆုံး
ပြန်လည် ပေးအပ်ရမည်ကို တွက်ချက်နေခဲ့သည်။

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "နောက်ဆုံး လက်ဆောင်ကို ကျုပ်ရဲ့ တပည့်က ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ပါလိမ့်မယ်"

ဂူကျွန်း အပါအဝင် ကျန်သောသူများ အားလုံးတို့သည် ဤအချိန်တွင် အာရုံ အပြည့်စိုက်ထားခဲ့ကြသည်။

လက်ဆောင်များက မကုန်သေးသလော။

နောက်ဆုံး လက်ဆောင် တစ်ခုရှိသေးရာ ထိုလက်ဆောင်သည် မည်မျှပင် တန်ဖိုး ကြီးမားလိုက်မည်နည်း။

အားလုံးတို့သည် ရှောင်ယန်အပေါ်၌ အာရုံများကို စိုက်ထားခဲ့ကြသည်။

ရှောင်ယန်သည် သူ၏ လက်ဝါးကို ဖွင့်လိုက်ရာ ရွှေရောင် မီးတောက်တစ်ခု ထွက်ပေါ်လာသည်။ ထိုမီးတောက်သည် အနီနှင့် အပြာရောင်တို့ဖြင့် လင်းလက်နေသည်။

"ဒါက နန်းမင် အကြွင်းမဲ့ မီးတောက် မဟုတ်လား... ဂူအင်ပါယာမှာ မြင့်မြတ်သော လီဟော်မန္တန် ရှိနေပြီးသားပဲ..." အားလုံးတို့သည် စိတ်ပျက်သွားခြင်း မရှိကြပဲ သိလိုစိတ်များ ပြင်းပြလာသည်။

# စာစဉ် ၇၁ : အပိုင်း ၄

## အပိုင်း ၁၃၇၄ : ရက်ရောမှု

ဂူအင်ပါယာ မျိုးဆက်များ၏ အခြေခံ နည်းစနစ်မှာ ရှေးဟောင်း အင်မော်တယ် ကျမ်းစာပင် ဖြစ်သည်။ သူသည် အင်မော်တယ်တို့၏ လျှို့ဝှက်ချက်နှင့် အသက်၏ အစစ်အမှန် အဓိပ္ပာယ်တို့အား လေ့လာ သုံးသပ်ခြင်း ဖြစ်သည်။

ရှေးဟောင်း စေတန်ဂိုဏ်း၏ အဆင့်အမြင့်ဆုံး ကျမ်းစာမှာ ရှေးဟောင်းစေတန် နည်းစနစ် ဖြစ်သော်လည်း သူတို့တွင် ရှေးဟောင်းစေတန် နည်းစနစ်နှင့် ဆက်စပ်နေသော ရှေးဟောင်းစေတန်

အဝီစိ ကျမ်းစာ အစရှိသော အခြား
နည်းစနစ်များလည်း ရှိသေးသည်။

အလားတူပင် ရှေးဟောင်း အင်မော်တယ်
ကျမ်းစာတွင် မြင့်မြတ်သော လီဟော်မန္တန်
အစရှိသော အခြား နည်းစနစ်များလည်း ရှိနေသည်။
သူသည် ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက်
ခုနစ်မျိုးတို့ အတွင်းတွင် တစ်ခု အပါအဝင်ဖြစ်သော
နန်းမင် အကြွင်းမဲ့ မီးတောက်အား
ကျင့်ကြံနိုင်သည်။

နန်းမင် အကြွင်းမဲ့ မီးတောက်သည်
တိုက်ပွဲအတွင်းတွင် အလွန် အသုံးဝင်သည်။သူ၏
နောက်ထပ် မှော်အစွမ်း တစ်ခုမှာ

ဆေးလုံးကျင့်ကြံရာတွင် ပြိုင်ဖက်ကင်းခြင်း ဖြစ်သည်။

ရှေးဟောင်းခေတ်က ဂူကေရာဇ်မှ စ၍ ဂူမျိုးဆက်များသည် နန်းမင် အကြွင်းမဲ့ မီးတောက်ကို ထိန်းချုပ်နိုင်ကြကာ ဆေးလုံး ကျင့်ကြံမှုနေရာတွင် အစွမ်းထက်ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခုအချိန်တွင် အကြွင်းမဲ့မီးတောက် ခုနစ်မျိုး စလုံးကို ကျင့်ကြံထားနိုင်ပြီ ဖြစ်သည်။ လင်းဖုန်း၏ တပည့်ကြီးဖြစ်သော ငရဲမီး ကေရာဇ် ရှောင်ယန်သည် ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနစ်မျိုး အနက်မှ မီးတောက်များစွာတို့အား ထိန်းချုပ်နိုင်သည်။

အကြွင်းမဲ့မီးတောက်များသည် ကမ္ဘာအတွင်းတွင် ပေါက်ကွဲနိုင်စွမ်း အကြီးမားဆုံးသော စွမ်းအင်တစ်မျိုးဖြစ်သည်။ သူတို့သည် အတူတကွ ယှဉ်တွဲ၍ မရှိနိုင်ပေ။ သူတို့အား တစ်နေရာတည်းတွင် အတူတကွ ထားခဲ့ပါက ပြဿနာများကိုသာ ဖြစ်စေနိုင်သည်။

ရှောင်ယန်သည် အကြွင်းမဲ့မီးတောက် များစွာတို့ကို တစ်ပြိုင်တည်း ပိုင်ဆိုင်ထားနိုင်သော်လည်း လောင်ကျွမ်းနေသော ကောင်းကင်မန္တန်ကို ကျင့်ကြံထားသော သူ၏ တပည့်များသည် အကန့်အသတ်များ ရှိကြသည်။ တစ်ယောက်ကမှ ရှောင်ယန်ကဲ့သို့ အကြွင်းမဲ့မီးတောက် များစွာတို့အား မပိုင်ဆိုင်ထားနိုင်ပေ။

နန်းမင် အကြွင်းမဲ့ မီးတောက်သည် ရှောင်ယန်က အစကတည်းက ထိန်းချုပ်ထားနိုင်ခဲ့သော အကြွင်းမဲ့မီးတောက် သုံးမျိုးအနက်မှ တစ်ခုဖြစ်သည်။

ရှောင်ယန်သည် ဆေးလုံးကျင့်ကြံမှုနှင့် မှော်ရတနာကျင့်ကြံမှုတို့တွင် ထူးချွန်သည်။ သူ့တွင် နန်းမင် အကြွင်းမဲ့ မီးတောက် မရှိလျှင်ပင် သူ၏ ဆေးလုံးကျင့်ကြံမှု စွမ်းရည်သည် နတ်ဘုရား နယ်မြေ တစ်ခုလုံးတွင် အကောင်းဆုံး ဖြစ်သည်။ ယခုအချိန်တွင် သူ့အား နတ်ဘုရား နယ်မြေ အတွင်းတွင် အကောင်းဆုံး ဆေးလုံးကျင့်ကြံသူဟု သတ်မှတ်ခြင်းကို ခံထားရသည်။

သို့တိုင်အောင် နန်းမင် အကြွင်းမဲ့ မီးတောက်သည် သူ့အား ဆေးလုံး ကျင့်ကြံမှုတွင် အကြီးအကျယ် အထောက်အကူပြုနိုင်သည်။

သူသည် လင်းဖုန်း၏ လက်ရင်းတပည့်များ အတွင်းတွင် မှော်ရတနာများ ထုလုပ်ရာတွင်လည်း အကောင်းဆုံး ဖြစ်သည်။ နန်းမင် အကြွင်းမဲ့ မီးတောက်၏ အကျိုးသက်ရောက်မှုများမှာ ရေတွက်၍ပင် မရချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရှောင်ယန်တို့သည် နန်းမင် အကြွင်းမဲ့ မီးတောက်အား ပိုင်ဆိုင်နိုင်ခဲ့ခြင်းမှာ ရှောင်ကျန်းအာက နန်းမင် အကြွင်းမဲ့ မီးတောက် မျိုးစေ့နှင့် မြင့်မြတ်သော လီဟော်မန္တန်တို့အား လွှန်ခဲ့သော

နှစ်ပေါင်းများစွာက ရှောင်ယန်အား လျှို့ဝှက်စွာ ပေးအပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

မြင့်မြတ်သော လီဟော်မန္တန်သည် ဂူအင်ပါယာ၏ မျိုးဆက်များ၏ ပိုင်ဆိုင်မှု ဖြစ်သဖြင့် ရှောင်ယန်သည် လောင်ကျွမ်းနေသော ကောင်းကင်မန္တန်နှင့် ပေါင်းစည်းခဲ့ကာ သူ၏ကိုယ်ပိုင် နန်းမင် အကြွင်းမဲ့ မီးတောက်ကို ဖော်ထုတ်ခဲ့သည်။ သူသည် နန်းမင်မန္တန်ကိုလည်း တီထွင်နိုင်ခဲ့ကာ သူ့တပည့်များကို လက်ဆင့်ကမ်းပေးခဲ့သည်။

နန်းမင် မန္တန်ဖြစ်စေ၊ မြင့်မြတ်သော လီဟော်မန္တန် ဖြစ်စေ၊ သူတို့သည် နန်းမင် အကြွင်းမဲ့ မီးတောက်အား ကျင့်ကြံနိုင်သည်။

ရှောင်ယန်သည် သူ၏ လက်ဝါး နှစ်ဘက်စလုံးကို ဖွင့်လိုက်၍ နန်းမင် အကြွင်းမဲ့ မီးတောက်ကို ဖော်ထုတ်လိုက်သည်။ အားလုံးတို့ကလည်း သူ၏ လုပ်ဆောင်ချက်များကို အနည်းငယ် အံ့အားသင့်သွားကြသည်။

သို့သော်လည်း ဂူအင်ပါယာမှ ကျင့်ကြံသူများသည် ထိုမီးတောက်ကို ကြည့်နေကြရင်း အတွင်းမှ သဘောတရားများကို အာရုံခံမိကြသော အခါ သူတို့၏ အမူအရာများက ပြောင်းသွားကြသည်။

ပထမဆုံးသောသူမှာ လက်ရှိ ဂူကေရာဇ် ဂူကျွန်းဖြစ်သည်။ ပြီးတာနှင့် ဂူယွမ်ခိုင်နှင့် ဂူချန်းတို့က ထိုပြဿနာကို ဖြေရှင်းနိုင်ခဲ့ကြသည်။

ဂူဖန်းနှင့် ဂူအင်ပါယာမှ အခြား
အင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲများ၏
မျက်လုံးများကလည်း တောက်ပလာကြသည်။

အားလုံးတို့သည် အချင်းချင်း စိုက်ကြည့်နေကြရင်း
ဂူဖန်းက အနည်းငယ် ချီတုံချတုံ ဖြစ်စွာဖြင့်
ဂူယွမ်ခိုင်နှင့် ဂူချန်းတို့ဘက်သို့ လှည့်လိုက်သည်။
"ရှောင်ယန်က ဒီနန်းမင် အကြွင်းမဲ့ မီးတောက်ကို
အသုံးပြုပြီး နည်းစနစ် တစ်ခုကို
ဖော်ထုတ်ခဲ့တယ်... ဒါပေမဲ့ ဒါက နန်းမင်မန္တန်
မဟုတ်ဘူး... ဒါက ကျွန်တော်တို့ရဲ့ မြင့်မြတ်သော
လီဟော်မန္တန်နဲ့ ဆင်တူပေမဲ့ အနည်းငယ်
ကွဲပြားနေတယ်"

ဂူယွမ်ခိုင်သည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ပြောလိုက်သည်။
"မဟုတ်ဘူး... ဒါက ငါတို့ရဲ့ လီဟော်မန္တန်ထက်
ပိုပြီးမှ အဆင့်မြင့်တယ်"

ဂူဖန်းနှင့် ကျန်သောသူများက
မှင်သက်သွားကြသည်။ သူတို့သည် ထိုအရာကို
ရေးရေးလေး အာရုံခံမိသော်လည်း ကြည့်ရုံနှင့်
မပြောနိုင်ခဲ့ပေ။ ဂူယွမ်ခိုင်၏ စကားများကို
ကြားခဲ့အပြီးတွင် သူတို့၏ ခန့်မှန်းချက်များကို
အတည်ပြုနိုင်ခဲ့ကြပြီး အံ့သြ
တုန်လှုပ်သွားကြသည်။

ဂူချန်းသည် ထိုမီးတောက်မှ စွမ်းအား
သဘောတရားများကို အာရုံခံလိုက်၍ သူ၏ခေါင်းကို

ညိတ်လိုက်သည်။ "နံပါတ်ကိုး ဦးလေးပြောတာ မှန်တယ်… ဒါက ငါတို့ရဲ့ မြင့်မြတ်သော လီဟော်မန္တန်ထက် ပိုကောင်းတယ်"

ဂူဖန်းက တီးတိုး ရေရွတ်လိုက်သည်။ "ဒီလက်ဆောင်က အတော်လေးကို ခန့်မှန်းရခက်တယ်"

ဂူအင်ပါယာ၏ မျိုးဆက်များတွင် ရှေးဟောင်းခေတ်မှစ၍ အလွန် အစွမ်းထက်သော ကျင့်ကြံသူများ ပေါ်ထွက်ခဲ့သည်။

ရှေးဟောင်း အင်မော်တယ် ကျမ်းစာနှင့် မြင့်မြတ်သော လီဟော်မန္တန်ကဲ့သို့သော

ကျမ်းစာများကို အတိတ်မှ အကြီးအကဲ များစွာတို့က အပြန်ပြန် အလှန်လှန် လေ့လာသုံးသပ်၍ အဆက်မပြတ် ပြုပြင်ခဲ့ကြသည်။

သူတို့သည် ရှိနိုင်သမျှ ချို့ယွင်းချက်များကို ပြင်ဆင်၍ တိုးတက်အောင် လုပ်နိုင်သမျှ လုပ်ခဲ့ပြီး ဖြစ်သည်။

ဤအဆင့်တွင် သူ့အား နောက်ထပ်ပို၍ တိုးတက်အောင် လုပ်ဆောင်ရန် အမတန်မှ ခက်ခဲနေပြီ ဖြစ်သည်။ နည်းစနစ် တစ်ခုသည် ပို၍ အဆင့်မြင့်လေလေ သူ့အား ပိုကောင်းအောင် လုပ်ရန် ခက်ခဲလေလေ ဖြစ်သည်။ ပိုမို ကောင်းမွန်အောင် လုပ်နိုင်ခဲ့လျှင် အမတန်မှ အဖိုးထိုက်တန်သည်။

သို့သော်လည်း ရှောင်ယန် ဖော်ပြခဲ့သော နန်းမင်
အကြွင်းမဲ့ မီးတောက်သည့် မြင့်မြတ်သော
လီဟော်မန္တန်၏ နက်ရှိုင်းသော
သဘောတရားများကို သယ်ဆောင်ထား၍
ဂူအင်ပါယာ မျိုးဆက်၏ မြင့်မြတ်သော
လီဟော်မန္တန်ထက် များစွာပို၍
အထက်တန်းကျသည်။ ဤကဲ့သို့
အဆင့်မြှင့်တင်မှုသည် အမတန်မှ အရေးပါသည်။

"တကယ်လို့ မြင့်မြတ်သော လီဟော်မန္တန်
တစ်ခုတည်းဆိုရင် ကိစ္စမရှိဘူး" ဂူချန်းက
ဂူဖန်းအားကြည့်၍ ပြောလိုက်သည်။ "အဓိက
သော့ချက်က ရှေးဟောင်း အင်မော်တယ်
ကျမ်းစာအပေါ်မှာ ရှိနေတယ်"

ဂူဖန်းသည် ထိုစကားလုံးများကို ကြားခဲ့ရသော အခါ ထိတ်လန့် တုန်လှုပ်သွားခဲ့သည်။

သူသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ အကြီးအကဲ တစ်ယောက် မဟုတ်ခဲ့လျှင် ယခုအချိန်တွင် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ထိန်းထားနိုင်မည် မဟုတ်တော့ချေ။

ရှောင်ကျန်းအာသည် ရှောင်ယန်အား မြင့်မြတ်သော လီဟော်မန္တန်ကိုသာ လက်ဆင့်ကမ်းပေးခဲ့၍ ရှေးဟောင်း အင်မော်တယ် ကျမ်းစာအား ထုတ်မပေးခဲ့ချေ။

သို့သော်လည်း ဂူချန်းနှင့် ဂူဖန်းတို့သည် အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းတွင် မဟာကောင်းကင်ကိုးလွှာ မြင့်မြတ်သောဓားနည်းစနစ်ကို ပိုင်ဆိုင်ထားကြောင်း သိနေကြသည်။ မဟာယာန အဆင့်မှ မှော်ရတနာဖြစ်သော ချန်ကောင်းကင် မှော်ကျိန်စာဓားသွားကလည်း သူတို့၏ လက်အတွင်းတွင် ရောက်နေသည်။

အရှေ့ချန် ကောင်းကင်ဓား၏ ဓားဆန္ဒသည် ဂူကေရာဇ် မျိုးဆက်များ၏ နည်းစနစ်များကို သုံးသပ်နိုင်ပြီး ပြန်လည် ထုတ်လုပ်နိုင်စွမ်း ရှိသည်။ ဤအရာသည် ဓားပညာ၏ အနှစ်သာရတွင် ရှေးဟောင်း အင်မော်တယ်တို့၏ သဘောတရားများ ပါနေသည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

ရှေးဟောင်း အင်မော်တယ် ကျမ်းစာသည် ကွဲပြား ခြားနားသော်လည်း လမ်းကြောင်း တစ်ခုတည်းကို ညွှန်ပြနေခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အရှေ့ချန် ကောင်းကင်ဓားကို အသုံးပြုကာ ရှေးဟောင်း အင်မော်တယ် ကျမ်းစာအား ဖော်ထုတ်နိုင်ခြင်း မရှိသော်လည်း သူ၏ အစမူလကိုမူ သုံးသပ်နိုင်ခဲ့သည်။

ကမ္ဘဝါဒ အချေအတင် ဆွေးနွေးပွဲသည် ဂူချန်းနှင့် ဂူဖန်းတို့၏ စိတ်အတွင်းတွင် ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။

ဂူဖန်းသည် တည်ငြိမ်လာခဲ့ကာ သူ၏
မျက်မှောင်များကို ကြုတ်လိုက်ပြီး ပြောလိုက်သည်။
"ဒါပေမဲ့ ကျွန်တော်တို့ သာမန်အတိုင်း
ကျင့်ကြံနေစဉ်က ဘာမှ အာရုံမခံမိဘူးပဲ"

ဂူချန်းက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဒါက
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ လုပ်ပုံကိုင်ပုံပဲ…
မြင့်မြတ်သော လီဟောင်မန္တန်က
ငါးစာသက်သက်ပဲ… ငါတို့ဟာ ရှေးဟောင်း
အင်မော်တယ် ကျမ်းစာကို အဆင့်မြှင့်ဖို့ အကူအညီ
တောင်းမှသာ သူတို့က ငါတို့ကို ကူညီမှာ
ဖြစ်တယ်… ငါတို့က ကျမ်းစာရဲ့ မူရင်းကို
သူတို့ဆီကို ပေးဖို့တောင် လိုမှာမဟုတ်ဘူး"

"ရှေးဟောင်း အင်မော်တယ် ကျမ်းစာကို အဆင့်မြှင့်ပေးခြင်းဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပေးတဲ့ ခန်းဝင်ပစ္စည်းတွေ အတွင်းမှာ အကြီးမားဆုံး လက်ဆောင်ပဲ ဖြစ်လိမ့်မယ်"

"တကယ်လို့ ကျွန်တော်တို့က မလိုလားဘူး ဆိုရင် သူတို့က ဖိအားပေးမှာ မဟုတ်ဘူး... ဒါက သူတို့ရဲ့ ရိုးသားမှုကို ပြသခြင်း သဘောပဲ"

ဂူဖန်းက လွန်စွာ တည်ငြိမ်နေသော လင်းဖုန်းအား ကြည့်လိုက်ပြီးမှ ရှောင်ယန်၏ လက်အတွင်းမှ နန်းမင် အကြွင်းမဲ့ မီးတောက်အား ကြည့်လိုက်သည်။ "မြင့်မြတ်သော လီဟော်မန္တန်က ရှေးဟောင်း အင်မော်တယ် ကျမ်းစာနဲ့

ကွဲပြားတယ်... ရှေးဟောင်း အင်မော်တယ် ကျမ်းစာမှာ ဗဟုသုတတွေ အများကြီးပါတယ်... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လုပ်နိုင်ပါ့..."

ဤအထိ ပြောပြီးသည်နှင့် သူကရပ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော ကမ္ဘဝါဒ ဆွေးနွေးပွဲ အကြောင်းကို တွေးမိသောကြောင့် ဖြစ်သည်။

ဂူဖန်းက မတတ်နိုင်ပဲ သက်ပြင်းချလိုက်သည်။
"ဒါက သူတို့ရဲ့ တကယ့် ရက်ရောမှုပဲ"

ဂူချန်းက သဘောတူစွာဖြင့် ခေါင်းညိတ်လိုက်သည်။
"ဟုတ်တယ်... သူတို့က တကယ်ကို ရက်ရောတာပဲ"

ဂူအင်ပါယာသည် အခြား လက်ဆောင်များကို ပြန်လည် ပေးအပ်နိုင်စွမ်း ရှိသော်လည်း ဤအရာသည် အမတန်မှ အဖိုးတန်လွန်းနေသည်။

ရှေးဟောင်း အင်မော်တယ် ကျမ်းစာကို အဆင့်မြှင့်တင်နိုင်ခြင်းသည် ဂူကျွန်းနှင့် ဂူအင်ပါယာမှ အခြား ကျင့်ကြံသူများကိုသာ အကျိုးရှိစေမည် မဟုတ်ပဲ သူတို့၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သည့် သက်ရှည်ကြာပန်း ထိုင်ခုံကိုပါ အကျိုးရှိစေမည် ဖြစ်သည်။

ဂူကျွန်း၏ အဆင့်တွင် နောက်ထပ် ထပ်မံ၍ တိုးတက်နိုင်ရန် အမတန်မှ ခက်ခဲသည်။ မည်ကဲ့သို့

တိုးတက်ခြင်း ဖြစ်စေ အဖိုးတန်သည်ဟု ပြော၍ရသည်။

ဂူအင်ပါယာသည် အလွန်ကို တပ်မက်နေခဲ့သော်လည်း အနည်းငယ် ချီတုံချတုံ ဖြစ်နေခဲ့သည်။ ဤအရာမှ ရနိုင်သော အကျိုးအမြတ်များသည် အခြားသူက သူတို့၏ ကိုယ်ပိုင် နည်းစနစ်များကို တိုးတက်အောင် လုပ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကသိကအောက် ဖြစ်မှုထက် များစွာပိုသာသည်။

ဂူဖန်း၏ အမူအရာသည် အနည်းငယ် ထူးခြားနေ၍ ရယ်ရမလို ငိုရမလို ဖြစ်နေခဲ့သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ ကျွန်တော်တို့ရဲ့

အမျိုးသမီးတွေကို ရောင်းချနေတယ်လို့
ထင်နေအောင် တကယ် လုပ်နေသလိုပဲ"

ဂူချန်းက နောက်လိုက်သည်။ "ဘယ်သူက
မင်းနဲ့တူလို့လဲ... မင်းရဲ့ ကိုယ်ပိုင်တူမကို ရောင်းဖို့
ကြိုးစားနေတာလား"

ဂူအင်ပါယာမှ အကြီးအကဲ တစ်အုပ်စုသည်
ယခုအချိန်တွင် စိတ်လက် ပေါ့ပါးနေကြသည်။

သို့သော်လည်း ကျန်သော ကျင့်ကြံသူများသည်
ယခုအချိန်တွင် ဘာလုပ်ရမှန်း မသိ
ဖြစ်နေကြသည်။ ကျိဝမ်လွေနှင့် မိုးကြိုးတိမ်တိုက်
သူတော်စင်တို့ကသာ အနည်းငယ်

စိတ်လှုပ်ရှားနေကြသည်။ သူတို့သည် ရှောင်ယန်၏
လက်ဝါးများ အတွင်းမှ နန်းမင် အကြွင်းမဲ့
မီးတောက်ကို ကြည့်လိုက်ပြီး
အတွေးနက်သွားကြသည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းနှင့်
စူတောင်ဓားဂိုဏ်းတို့သည် တည်ရှိနေကြသည်မှာ
အချိန်အတော်ကြာသွားပြီ ဖြစ်သည်။ သူတို့သည်
ဂူကေရာဇ်က နတ်ဘုရား နယ်မြေအား
အုပ်စိုးခဲ့သည့် ခေတ်ကို မှီခဲ့ကြသည်။ သူတို့သည်
ဂူအင်ပါယာ မျိုးဆက်များနှင့် ပတ်သတ်၍
အတော်များများကို သိထားကြသည်။
အနည်းဆုံးတော့ ကျန်သောဂိုဏ်းများထက် ပို၍
ဗဟုသုတ ရှိပေသည်။

သူတို့၏ ကိုယ်ပိုင်ဂိုဏ်းများ အတွင်းတွင် ရှေးဟောင်း ကျမ်းစာများစွာတို့ပင် ရှိကြသေးသည်။

သို့သော်လည်း သူတို့သည် ဂူအင်ပါယာမှ ကျင့်ကြံသူများကဲ့သို့ ရှောင်ယန်၏ မြင့်မြတ်သော လီဟော်မန္တန်၏ နောက်ကွယ်မှ တောက်ပမှုကို နားမလည်နိုင်ကြပေ။

သို့သော်လည်း သူတို့သည် ရှောင်ယန်က နန်းမင် အကြွင်းမဲ့ မီးတောက်ကို ဖော်ပြရုံသက်သက် မဟုတ်ကြောင်းကို ပြောနိုင်ကြသည်။ သူသည် ထိုမီးတောက်ကို အသုံးပြု၍ တစ်စုံတစ်ခုအား သက်သေပြလိုနေခြင်း ဖြစ်မည်။

ဤကဲ့သို့သော အချိန်တွင် ဂူကျွန်းနှင့် ကျန်သောသူများသည် ရောင်ယန် သုံးသပ်ခဲ့သော နည်းစနစ်အား ချီးမွမ်းနိုင်စွမ်း မရှိနေကြပေ။

ကျိုဝမ်လေ့နှင့် မိုးကြိုးတိမ်တိုက် သူတော်စင်တို့သည် ကမ္ဘဝါဒ ဆွေးနွေးပွဲ အကြောင်းကို ပြန်လည် စဥ်းစားမိခဲ့သော အခါ အတော်ပင် စိတ်လှုပ်ရှားလာကြသည်။

ဤအချိန်တွင် ရောင်ယန်သည် ဂူအင်ပါယာမှ အားလုံးတို့အား ဦးညွှတ်၍ ပြုံးကာ ပြောလိုက်သည်။ "ကျွန်တော်က နန်းမင် အကြွင်းမဲ့ မီးတောက်ကို ကျင့်ကြံခဲ့တဲ့ အချိန်မှာ ဂူအင်ပါယာကြောင့် အကျိုးအမြတ်တွေ ရရှိခဲ့တယ်… အခုအချိန်မှာ ကျွန်တော်က တိုးတက်လာပြီ ဆိုတော့

လက်ဆောင် အဖြစ်နဲ့ ပြန်ပေးနိုင်ပြီ… ဒါက သိပ်မဆိုးလောက်ဘူးလို့တော့ ထင်ပါတယ်"

အားလုံးတို့သည် သူ၏ စကားများကို ကြားခဲ့ရသော အခါမှ သတိပြန်ဝင်လာကြသည်။ သူတို့သည် ရှောင်ယန်နှင့် လင်းဖုန်းတို့အား ကြည့်နေရင်း အံ့သြ တုန်လှုပ်နေကြသည်။

လူတစ်ယောက်ပြီးမှ တစ်ယောက်တို့သည် မြင့်မြတ်သော လီဟောင်မန္တန်နှင့် ရှေးဟောင်း အင်မော်တယ် ကျမ်းစာတို့အား စတင်၍ ဆက်စပ်လာမိကြသည်။

ပြီးတာနှင့် သူတို့သည် သူတို့၏ ကိုယ်ပိုင်
နည်းစနစ်များကို ပြန်လည်၍ စဉ်းစားမိခဲ့ကြသည်။

ယခုအချိန်တွင် အားလုံးတို့သည် ရှုပ်ထွေးသော
ခံစားချက်များကို ခံစားနေကြရလေသည်။

ကမ္ဘာ့ဝါဒကို အချေအတင် ဆွေးနွေးခဲ့ကြစဉ်က
နတ်ဘုရား နယ်မြေ အတွင်းမှ
ကျန်သောဂိုဏ်းများသည် မတည်မငြိမ်
ဖြစ်ခဲ့ကြသည်။ ကွဲပြားခြားနားသော
အထင်အမြင်များက ထိုမတည်ငြိမ်မှုအား
ပိုဆိုးစေခဲ့သည်။

သို့သော်လည်း နောက်ပိုင်းတွင် ဆင်တူသော အဖြစ်အပျက်များ မပေါ်လာခဲ့ပေ။ ထိုကိစ္စအား မည်သူကမှ မမေ့ပျောက်ခဲ့သော်လည်း သူ၏ အကျိုးသက်ရောက်မှုများသည် အချိန်အနည်းငယ် အကြာတွင် ဖြည်းဖြည်းချင်း လျော့ပါးသွားခဲ့သည်။

သို့သော်လည်း သူသည် အနည်းငယ် လွှမ်းမိုးနိုင်မှု ရှိနေသေးသည်။ အချိန်မရွေး မီးထတောက်နိုင်သော မီးစာကဲ့သို့ သူသည် နောက်ထပ်တစ်ခါက် မတည်မငြိမ် ထပ်ဖြစ်နိုင်၏။

ယခုအချိန်တွင် သူတို့၏ အရှေ့တွင် အလားတူ ကိစ္စမျိုး ထပ်ဖြစ်နေခဲ့သဖြင့် သူတို့အနေဖြင့် တည်ငြိမ်စွာ မနေနိုင်တော့ချေ။

အားလုံးတို့သည် သူတို့၏ ကိုယ်ပိုင်ဂိုဏ်းများက တိုးတက်နိုင်ကာ သူတို့ ကြုံတွေ့နေရသော အတားအဆီးများကို ကျော်လွှားနေကြလိုသည်။

အကယ်၍ အခြားသူများက တိုးတက်ပြီး တစ်ယောက်သည် ရပ်တန့်နေပါက ဆုတ်ယုတ်နေသည်နှင့် တူနေပေမည်။

လင်းဖုန်းသည် ဂူကျွန်းအား ဤအချိန်၌ ကြည့်၍ ပြုံးလိုက်သည်။ "ကျုပ်တို့က ရယ်စရာ လုပ်ခဲ့မိရင် တောင်းပန်ပါတယ်... ဒီလိုမျိုး ရုတ်တရက် လုပ်ခဲ့ရတာကို အပြစ်မတင်ပါနဲ့... နောက်ဆုံးလက်ဆောင်က ကျုပ်နောက်ပိုင်းမှာ ဆွေးနွေးလိုတဲ့ အရာနဲ့ ဆက်စပ်နေတယ်"

လင်းဖုန်းသည် လက်စားချေခြင်းနှင့်
ကျေးဇူးတရားတို့၏ သဘောတရားများကို
နားလည်နေသည်။ ဘာပဲပြောပြော
ဂူအင်ပါယာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
နောက်လိုက် မဟုတ်ချေ။

ဂူကျွန်းသည် တည်ငြိမ်နေဆဲ ရှိသေးကာ
ပြုံးလိုက်သည်။ "ခင်ဗျားရဲ့ စကားတွေက အရမ်းကို
ပြင်းထန်လွန်းပါတယ်... ဘယ်လိုပဲ ဖြစ်ဖြစ်...
ဂူအင်ပါယာက ခင်ဗျားကို ကျေးဇူးတင်နေမှာပါ"

## စာစဥ် ၇၁ : အပိုင်း ၅

# အပိုင်း ၁၃၇၅ : ကောင်းကင်မှ ဖန်ဆင်းထားပေးသော စုံတွဲ

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း စတင်တည်ထောင်ပြီးသည့် အချိန်မှစကာ သူသည် အခြားဂိုဏ်းနှင့် စွမ်းအားစုများကို သတ်ဖြတ်ခဲ့ခြင်းမျိုး ရှိသော်လည်း သူတို့အား အညံ့ခံစေရန် အားသုံး၍ ဖိအားပေးခြင်း မရှိချေ။

ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နေရာသည် နတ်ဘုရား နယ်မြေ အတွင်းတွင် အမတန်မှ ထင်ရှားနေ၍ သူတို့လက်အောက်တွင် ဂိုဏ်းငယ်ပေါင်း မြောက်မြားစွာ ရှိနေသည်။ ထိုဂိုဏ်းများသည် သူတို့၏ ဆန္ဒအလျောက် သူတို့ထံသို့ အညံ့ခံလာခြင်း ဖြစ်သည်။ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အား
အညံ့ခံလာစေရန် ဖိနှိပ်ခြင်းမျိုး မလုပ်ခဲ့ချေ။

ယနေ့တွင် ရှောင်ယန်က သူ၏ စေ့စပ်ပွဲ
အခမ်းအနားသို့ ရောက်လာခြင်းသည်
ပျော်ရွှင်ဖွယ်ရာ ကိစ္စ ဖြစ်သည်။ သို့သော်လည်း
ခမ်းနား ကြီးကျယ်လှသော ခန်းဝင်ပစ္စည်းများသည်
အခြား အတွေးများကို ဖြစ်ပေါ်စေနိုင်သည်။

ဥပမာအားဖြင့် လင်းဖုန်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည်
စိတ်များပြောင်းသွား၍ သူတို့လက်အောက်မှ
ဂိုဏ်းနှင့် အင်အားစုများကို
ထိန်းချုပ်လိုနေသည်လော။

ခန်းဝင် လက်ဆောင်ပစ္စည်းများသည် အားလုံးတို့၏ မျှော်လင့်ချက်များမှ ကျော်လွန်သွားခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏ စွမ်းအားများကို ဤကဲ့သို့သော ပုံစံဖြင့် ပြသ၍ ပစ္စည်းအင်အားဖြင့် ကျန်သောသူများကို ဖိနှိပ်နေလိုသည်လော။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရား နယ်မြေ အတွင်းတွင် အသန်မာဆုံး အင်အားစု ဖြစ်လာနေသော ဂူအင်ပါယာအား တမင်သက်သက် ရွေးပြီးမှ လုပ်နေသလော။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဤကဲ့သို့သော ဆုံးဖြတ်ချက်မျိုးကို ချခဲ့လျှင် ပညာမရှိရာ ကျပေလိမ့်မည်။ ဘာပဲပြောပြော

ဂူအင်ပါယာနှင့် ကျန်သောဂိုဏ်းများသည် သူတို့၏ မဟာမိတ်များသာ ဖြစ်ကြသည်။

သူတို့သည် နတ်ဘုရား နယ်မြေ တစ်ခုလုံးအား ကြီးစိုးလွှမ်းမိုးနိုင်ရန် လိုအပ်သည့် တစ်ခုတည်းသော ခြေနင်းကျောက်တုံးမှာ ဤနှစ်များ အတွင်းတွင် သိုသိုသိပ်သိပ်သာ နေနေခဲ့သော ဟင်းလင်းပြင် ဘုရားကျောင်းသာ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏ နေရာကို ဝင်ယူခဲ့သော်လည်း သူတို့သည် နတ်ဘုရား နယ်မြေ အတွင်းတွင် ဒုတိယ အစွမ်းအထက်ဆုံးဂိုဏ်း ဖြစ်နေသေးသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အားကုန်သုံး၍
ဟင်းလင်းပြင် ဘုရားကျောင်းကို ဖျက်ဆီးခဲ့မည်
ဆိုလျှင်ပင် ရလဒ်ကို ခန့်မှန်းနိုင်ရန် ခက်ခဲသည်။
သူတို့သည် နိုင်ပွဲအား ရရှိရန် တန်ဖိုး ကြီးကြီးမားမား
ပေးဆပ်ရမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် နတ်ဘုရား
နယ်မြေ အတွင်းတွင် ကြီးစိုး လွှမ်းမိုးလိုပါက
သူတို့၏ ပထမ ပစ်မှတ်အား စူတောင်ဓားဂိုဏ်းကို
ရွေးချယ်ပါက ပိုမို သင့်တော်ပေလိမ့်မည်။

ဤအထိ တွေးပြီးသော အခါ အားလုံးတို့သည်
သူတို့၏ ယခင်မှ ခန့်မှန်းချက်များက
မမှန်ကြောင်းကို သဘောပေါက်လာခဲ့သည်။

သူတို့သည် လင်းဖုန်းနှင့် ရှောင်ယန်တို့အား
ကြည့်နေရင်း စိတ်များ ရှုပ်ထွေးလာကြသည်။

ကျိဝမ်လွေသည် တစ်စုံတစ်ခုအား တွေးမိသကဲ့သို့
ဖြစ်သွားသည်။

ဂူကျွန်းသည် သူ၏ အခိကနေရာတွင် ထိုင်နေရင်း
သူ၏ အမူအရာကို ထိန်းထားခဲ့သည်။
သူ၏အကြည့်သည် အနည်းငယ် တွန့်ဆုတ်သကဲ့သို့
ဖြစ်သွားပြီးမှ ပြန်လည် တည်ငြိမ်လာသည်။
သူသည်လည်း တစ်စုံတစ်ခုကို တွေးမိသကဲ့သို့
ဖြစ်သွားသည်။

"ခင်ဗျားတို့ဂိုဏ်းဟာ တကယ်ကိုပဲ ပါရမီရှင်တွေနဲ့ ပြည့်နေတာပဲ" ဂူကျွန်းက စကားလမ်းကြောင်း ပြောင်းလိုက်ကာ တွမ့်မုဟုန်နှင့် ကျန်သောသူများကို ကြည့်နေရင်း ပြောလိုက်သည်။ "ဒီက ရဲဘော်လေးကို ကျုပ်နောက်ဆုံး တွေ့ခဲ့ရတာ မာစတာလင်းက ရှေးဟောင်း သက်ရှည်ကမ္ဘာကို ပထမဆုံး လာခဲ့တဲ့ အချိန်မှာပဲ… ဒါပေမဲ့ အခုအချိန်မှာ သူက အများကြီး ပြောင်းလဲသွားခဲ့ပြီ"

လင်းဖုန်းက ရယ်လိုက်သည်။ "ဂျူနီယာတွေက လေ့ကျင့်ဖို့ လိုပါသေးတယ်… ရဲဘော်ဂူ.. ခင်ဗျားရဲ့ စကားလုံးတွေက အမတန်မှ ကြင်နာတာပဲ"

ရှောင်ယန်သည် နန်းမင် အကြွင်းမဲ့ မီးတောက်ကို သိမ်းလိုက်၍ ပြန်ထိုင်လိုက်သည်။ ဂူအင်ပါယာမှ

ကျန်သောသူများကလည်း နောက်ထပ်
မေးခွန်းများကို ထပ်မမေးတော့ချေ။

ဂူကျွန်း၏ တုံ့ပြန်မှုအရ သူသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ အကူအညီကို လက်ခံမည်
ဖြစ်သည်။ သို့သော်လည်း အခမ်းအနားပြီးမှ
နှစ်ဦးနှစ်ဘက်သား အသေးစိတ် ဆွေးနွေးရမည်
ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခန်းဝင်
ပစ္စည်းများကို ပေးအပ်ပြီးသော အခါ ဂူအင်ပါယာမှ
ကျင့်ကြံသူများက သိမ်းဆည်းလိုက်သည်။
နှစ်ဘက်သားတို့သည် အခမ်းအနား အချို့ကို
ပြုလုပ်အပြီးတွင် ရှောင်ကျန်းအာ ထွက်လာခဲ့သည်။

သူမနှင့် ရှောင်ယန်တို့သည် လူသားကျင့်ကြံမှု ကမ္ဘာအတွင်းတွင် အလွန်ငယ်သေးသည်ဟု သတ်မှတ်၍ ရသော်လည်း အင်မော်တယ်ဝိညာဥ် အဆင့်သို့ ရောက်နေကြပြီ ဖြစ်သည်။ သူတို့သည် ထုံးတမ်းစဥ်လာများကို လိုက်နာခဲ့ကြသော်လည်း အယူ သိပ်မသည်းခဲ့ပေ။

သူတို့ နှစ်ယောက်သားသည် စုံတွဲအဖြစ် အတူတကွ ရပ်နေကြသော အခါ အားလုံးတို့ထံမှ ချီးမွမ်းမှုများကို ရရှိခဲ့သည်။

ရှောင်ယန်သည် ရှောင်ကျန်းအာ၏ လက်အား တွဲထား၍ ဖွဖွလေး ရယ်လိုက်သည်။ "ဒါက ငါ့ဘဝမှာ ဒုတိယမြောက် အခမ်းနားဆုံး အချိန်ပဲ…

ငါရဲ့ ဘဝ့ထူးဂုဏ်ထူး ရခဲ့တဲ့ အချိန်ကထက်တောင် ပိုကောင်းသေးတယ်"

ရှောင်ကျန်းအာ၏ မျက်နှာပေါ်တွင်လည်း အပြုံးတစ်ခု ဖူးပွင့်လာ၍ သူမ၏ခေါင်းကို ညိတ်လိုက်သည်။ သူမသည် ရှောင်ယန်၏ အခမ်းနားဆုံး အချိန်ကို သိနေပေသည်။

ထိုအချိန်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ပြီး ရှောင်ယန်က အသက် ၁၅နှစ်သာ ရှိသေးသည်။ ထိုအချိန်က သူသည် သူ့ဘဝ၏ အနိမ့်ကျဆုံးသော အချိန်အား ဖြတ်သန်းနေရသည်။

သို့သော်လည်း ထိုအချိန်သည် သူ့ဘဝ စတင်၍
တိုးတက်ပြောင်းလဲလာသည့် အချိန်ပင် ဖြစ်သည်။
သူသည် လင်းဖုန်းနှင့် တွေ့ခဲ့၍
သူ့လက်အောက်တွင် တပည့်အဖြစ် ခံယူခဲ့သည်။

ထိုအချိန်သည် ရှောင်ယန်၏ ဘဝ တစ်ခုလုံး၌
အခမ်းနားဆုံးသော အချိန်ဖြစ်သည်။ ထိုအရာသည်
သူ့ဘဝမှ မည်သည့်အချိန်ထက်မဆို ပို၍
သာလွန်သည်။

ရှောင်ကျန်းအာကလည်း ဤအကြောင်းကို
အစောကြီး ကတည်းက သိနေပြီး ဖြစ်သည်။
ရှောင်ယန်၏ စကားများကို ကြားခဲ့ပြီးသော အခါ
သူမသည် မပျော်မရွှင် မဖြစ်သွားခဲ့ပဲ သူနှင့်အတူ
တူညီစွာ ခံစားခဲ့ရသည်။

သူမသည် ရှောင်ယန်က သူမအား အမှန်တကယ် တန်ဖိုးထား၍ သူတို့၏ ဘဝတစ်လျှောက်လုံး အတူတကွ အတူနေနိုင်ကြမည်ဟု ယုံကြည်နေသော်လည်း သူတို့၏ ဆက်ဆံရေးသည် လင်းဖုန်းကြောင့်သာ ဤမျှအထိ ချောမွေ့နိုင်သည်ဟု သိနေခဲ့သည်။

ဤအချိန်အထိ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဂူအင်ပါယာအား အလွန်အမင်း ကောင်းမွန်စွာ ဆက်ဆံခဲ့သည်။ ဤစေ့စပ်ပွဲ အခမ်းအနား အတွက် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ခမ်းနား ထည်ဝါသော လက်ဆောင်များစွာတို့ကိုပင် ပြင်ဆင်လာခဲ့သည်။

ရှေးဟောင်းခေတ်က လူသားကေရာဇ်များ
အုပ်စိုးနေသည့် အချိန်ကပင် ဤကဲ့သို့သော
အရာမျိုးကို မကြုံဖူးခဲ့ပေ။

အချို့သူများသည် ယခင်က ရှောင်ယန်နှင့်
ကျန်သောသူများသည် လင်းဖုန်း၏ တပည့်များနှင့်
မတူပဲ သူ၏ မွေးစား သားသမီးများနှင့်သာ
တူနေသည်ဟုပင် ဟာသလုပ်ခဲ့ကြသေးသည်။

တစ်စုံတစ်ယောက်ကမှ ထိုအကြောင်းကို
လင်းဖုန်း၏ အရှေ့တွင် မနှောက်ရဲခဲ့ကြသော်လည်း
လင်းဖုန်း၏ လုပ်ဆောင်ချက်များသည်
ထိုစကားများနှင့် ကိုက်ညီနေသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း သူ့အနေဖြင့် အခြားသူများ
မည်ကဲ့သို့ ပြောနေကြသည်ကို ဂရုမစိုက်ခဲ့ပေ။

ရှောင်ကျန်းအာနှင့် ရှောင်ယန်တို့သည်
လှည့်ကြည့်လိုက်ကြရာ လင်းဖုန်းက သူတို့အား
ပြုံး၍ ကြည့်နေသည်ကို တွေ့လိုက်ရသည်။

လင်းဖုန်းသည် သူ၏ တပည့်ကြီးအား ကြည့်နေရင်း
ခံစားချက်များ ပြင်းထန်လာခဲ့သည်။ အမှုမဲ့
အမှတ်မဲ့နှင့်ပင် ရှောင်ယန် ငယ်စဉ်က ပုံစံသည်
လင်းဖုန်း၏ မျက်စိများ အရှေ့တွင် ပေါ်လာခဲ့သည်။

အနက်ရောင် ဝတ်စုံနှင့် လူငယ်၊ လွန်စွာ သတ္တိရှိ၍
ခွဲကောင်းသော လူငယ်ဖြစ်သည်။ ထိုလူငယ်သည်

သူ့ဘဝ၏ အနိမ့်ကျဆုံးသော အချိန်သို့
ရောက်နေခဲ့သည်။ ထိုလူငယ်သည် ပြင်ပတွင်
အေးတိအေးစက်သာ နေတတ်သည်ဟု
ထင်နေရသော်လည်း သူ၏ ရင်အတွင်းတွင်
မီးတောက်တစ်ခု လောင်ကျွမ်းနေခဲ့သည်။
အချိန်မရွေး ပေါက်ကွဲလာနိုင်သော
မီးတောက်ဖြစ်သည်။

လင်းဖုန်းသည် ထိုအချိန်က သူ့အား တွေ့ခဲ့ရသော
အချိန်တွင် စနစ်က သတ်မှတ်ထားသော
စံနှုန်းများဖြင့် ရှောင်ယန်သည် သူ၏တပည့်
ဖြစ်နိုင်မည်လော ဟူသည်ကိုသာ တွေးနေခဲ့သည်။
သူသည် သူ၏ မစ်ရှစ်ကို ပြီးမြောက်ရန်သာ
အာရုံစိုက်နေခဲ့သည်။

သူသည် ထိုပါရမီရှင် လူငယ်၏ ဆရာဖြစ်လာရပါက မည်မျှအထိ ကောင်းလိမ့်မည်ကို တွေးနေခဲ့သည်။ သို့သော်လည်း သူ့ဆရာဖြစ်လာခဲ့ပါက မည်မျှအထိ ဖိအားများလိမ့်မည်ကိုလည်း တွေးထားခဲ့သည်။

လင်းဖုန်းသည် သူ၏ ရင်အတွင်းမှ ရယ်လိုက်သည်။ "မင်းက အခုအချိန်မှာ တကယ်ပဲ ရာထူးတက်သွားပြီ… မင်းက ချောမောလှပတဲ့ ဇနီးတစ်ယောက်ကို ရသွားပြီး မင်းဘဝရဲ့ အထွတ်အထိပ် နေရာကို လျှောက်လှမ်းနေရပြီ… မင်းက နည်းနည်းလေး စိတ်မလှုပ်ရှားနေဘူးလား… အိုး… ထားလိုက်ပါတော့… ငါကမင်းကို မလှောင်တော့ပါဘူး"

ဤအချိန်တွင် လင်းဖုန်းသည် ရှောင်ယန်အား ကြည့်နေရင်း လွတ်လပ်ပေါ့ပါးကာ ပျော်ရွှင်ဝမ်းမြောက် နေခဲ့သည်။ သူသည် သူ၏ ကိုယ်ပိုင်တပည့်နှင့် အတူ မြူးတူးနေခဲ့သည်။

အပြစ်ကင်းသော လူငယ်၏ အသွင်သဏ္ဍာန်သည် ဘယ်တော့မှ မပြောင်းခဲ့ပေ။ သူ့အရှေ့မှ ကြည့်၍ကောင်းသော လူငယ်၏ ပုံစံအတိုင်းသာ ဖြစ်နေခဲ့သည်။

သူသည် ပြုံးလိုက်၍ ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့အား ခေါင်းညိတ်ပြလိုက်ရာ သူတို့ကလည်း ပြန်ပြုံးပြခဲ့ကြသည်။

ဂူကျွန်းကလည်း အိမ်ရှင်ဖြစ်သည်နှင့် အညီ ထရပ်လိုက်သည်။ သူသည် ကိုယ်တိုင်ကိုယ်ကျပင် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့နှင့် လိုက်သွား၍ ယနေ့ အခမ်းအနားသို့ လာရောက် ချီးမြှင့်ခဲ့ကြသော သူများကို ကျေးဇူးတင်စကား ပြောခဲ့သည်။

အလင်းဓားမြန် ဓားမာစတာသည် ရှောင်ယန်အား ကြည့်နေရင်း အလွန်အမင်း ငြိမ်းချမ်းစွာ ခံစားလိုက်ရသည်။ အလင်းဓားမြန် ဓားမာစတာ၏ ဘေးတွင်ရပ်နေသော ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည် ရှောင်ယန် အစောပိုင်းက ပြသခဲ့သည့် မီးတောက်အကြောင်းကို စဉ်းစားနေခဲ့သည်။

သူသည် အခြားတစ်ဘက်သို့ လှည့်လိုက်သော အခါ အလင်းခေးမြန် ခေးမာစတာ၏ အနောက်တွင် အမျိုးသမီး နှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။ သူတို့သည် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ တစ်ယောက်သည် ရှင်လန်း တက်ကြွနေကာ တစ်ယောက်သည် အမတန်မှ တည်ငြိမ် ရင့်ကျက်သည်ဟု ထင်နေရသည်။

သူတို့သည် အလင်းခေးမြန် ခေးမာစတာ၏ လက်ရင်းတပည့်များ ဖြစ်ကြသော ထောင်ရောင်ရောင်နှင့် မုယုံယန်ရန်တို့ပင် ဖြစ်ကြသည်။

မုယုံယန်ရန်သည် ရှောင်ကျန်းအာနှင့် ရှောင်ယန်တို့အား တည်ငြိမ်သော အမူအရာဖြင့် ကြည့်နေခဲ့ကာ ထောင်ရောင်ရောင်ကိုပင် နောက်လိုက်သေးသည်။ "စီနီယာ... စီနီယာက မြစ်ပြင်ဂေဟာ နတ်မင်းသားနဲ့ စာလုံးရှစ်လုံး တိုက်ဆိုင်တယ်"

ထောင်ရောင်ရောင်သည် ထိုနေရာတွင် ကြီးစိုးနိုင်သည့် ပုံစံဖြင့် ရပ်နေပြီး သူမ၏ ပုံရိပ်သည် စီးဆင်းနေသော အလင်းတန်း တစ်တန်းဖြင့် လင်းလက်နေသည်။ သူမသည် သိပ်မကြာသေးမီကပင် အင်မော်တယ်ဝိညာဉ်အား ဖန်ဆင်းနိုင်ခဲ့၍ အလင်းဓားမြန် ဂိုဏ်းအတွင်းတွင် အလင်းဓားမြန် ဓားမာစတာပြီးနောက်

ဒုတိယမြောက် အင်မော်တယ်ဝိညာဥ် အဆင့်မှ
ခေါ်ထားကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက သူမ၏
ရွှေရောင်ဗဟိုချက်သည် အက်ကွဲသွားခဲ့ကာ သူမ၏
ကျင့်ကြံမှုသည် နှစ်ပေါင်းရာနှင့်ချီ၍
နှောင့်နှေးခဲ့ရသည်။ သူမသည် ဤနှစ်များ
အတွင်းတွင် အဆက်မပြတ် ကြိုးစားခဲ့၍
နောက်ဆုံးတွင် အောင်မြင်မှု ရရှိနိုင်ခဲ့သည်။
သူမသည် ခရမ်းရောင် တိမ်တိုက် ဂရန်းမာစတာ၊
မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာနှင့် ကျန်သော
အကြီးအကဲများကို ဖြတ်ကျော်၍
အင်မော်တယ်ဝိညာဥ် အဆင့်သို့
ရောက်သွားနိုင်ခဲ့သည်။

ထောင်ရောင်ရောင်သည် သူမ၏ စကားများကို ကြားခဲ့ရသော အခါ စိတ်မဆိုးသွားခဲ့ပဲ သူမ၏ နှုတ်ခမ်းများကို တွန့်၍ ပြုံးလိုက်သည်။ "မင်းကငါ့ကို မဟုတ်တာတွေ ပြောပြီးမှ နောက်ရဲတယ်... ဟုတ်လား... ငါက မင်းပါးစပ်ကို ဆွဲဖြဲလိုက်မှာ မကြောက်ဘူးလား... တကယ်လို့ မင်းက ဟိုတုံးကသာ စေ့စပ်ပွဲကို မဖျက်ခဲ့ရင် အခုအချိန်မှာ အခြေအနေတွေ ပြောင်းလဲနေလောက်ပြီ"

မုယုံယန်ရန်က ပြုံးလိုက်သည်။ "တကယ်လို့ ကျွန်မက လက်ထပ်ပွဲကို မဖျက်သိမ်းခဲ့ရင် ကျွန်မတို့က အခုလိုမျိုး အတူနေရမှာ မဟုတ်ဘူး... ဒါ့အပြင် ဒါက အတိတ်က ကိစ္စတစ်ခု ဖြစ်သွားပြီမို့ ဒီအတိုင်းပဲ ထားလိုက်ပါတော့"

ထောင်ရောင်ရောင်က ရယ်လိုက်သည်။ "မင်းရဲ့ ကျင့်ကြံမှု အပေါ်မှာပဲ ဂရုစိုက်ပါ... ဒါက မင်းလျှောက်ရမယ့် လမ်းကြောင်းပဲ... ကြိုးစားမှသာ ရလဒ်ကောင်းတွေကို ရနိုင်လိမ့်မယ်... တခြား တစ်စုံတစ်ယောက်က လာပေးမှာ မဟုတ်ဘူး"

မုယုံယန်ရန်က ရယ်လိုက်သည်။ "ဟုတ်ကဲ့... ကျွန်မက စီနီယာရဲ့ စကားတွေကို မှတ်ထားပါ့မယ်"

စေ့စပ်ပွဲ အခမ်းအနား ပြီးဆုံးသွားသော အခါ ဂျူနီယာ တပည့်များ၏ အလှည့်သို့ ရောက်လာသည်။

လူငယ် ကျင့်ကြံသူများ အနေဖြင့် ငရဲမီး ကေရာဇ် ရှောင်ယန်၏ စေ့စပ်ပွဲ အခမ်းအနားကို ကြည့်ရှုရခြင်းသည် ကောင်းမွန်သော အတွေ့အကြုံ ဖြစ်သည်။ ထို့အပြင် သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ခင်မင် ရင်းနှီးခွင့်ရ၍ သူတို့၏ ဆက်သွယ်မှုများကို ချဲ့ထွင်နိုင်ခဲ့သည်။

သို့သော်လည်း ယခင်က တစ်ယောက်နှင့် တစ်ယောက် ပဋိပက္ခ ဖြစ်ခဲ့ဖူးသော သူများမှာ ကသိကအောက် ဖြစ်ဖွယ်ရာ အခြေအနေသို့ ရောက်သွားကြသည်။

သက်ရှည်မြို့တော် အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူအင်ပါယာတို့ ပူးပေါင်းကြီးမှူး ကျင်းပသည့် မဟာပြိုင်ပွဲသည်

ဂျူနီယာ တပည့်များ၏ အရည်အသွေးကို
အရောင်တင်နိုင်သည့် အကောင်းဆုံးသော
အခွင့်အရေး ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

ဤပြိုင်ပွဲတွင် ကောင်းမွန်စွာ
စွမ်းဆောင်နိုင်ကြသူများကို အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူအင်ပါယာတို့မှ
ကောင်းကောင်း ချီးမြှင့်မည် ဖြစ်သည်။ ထိပ်ဆုံးမှ
လူအချို့သည် ကြယ်စင်ပင်လယ် အတွင်းသို့
ဝင်ရောက်၍ မူလကြယ်စင် အလင်းတန်း၏ နှစ်ခြင်း
မင်္ဂလာကိုပင် ခံရမည် ဖြစ်သည်။

ထိုပြိုင်ပွဲအပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဂူအင်ပါယာတို့သည် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲများ
အမြဲမပြတ် ကျင်းပလေ့ ရှိသည့်

ရှေးဟောင်းခေတ်ကို ပြန်လည် အမှတ်ရသည့် အနေဖြင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲတစ်ခုကိုလည်း ကျင်းပပေးမည် ဖြစ်သည်။

ရှေးဟောင်းခေတ် အပြီးတွင် ကျင်းပသော ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲများသည် ယခင်ကကဲ့သို့ ခမ်းနားထည်ဝါခြင်း မရှိတော့ပေ။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူအင်ပါယာတို့က ဤဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲအား ပူးပေါင်း ကျင်းပခဲ့သဖြင့် အားလုံးတို့၏ စိတ်ဝင်စားမှုများက အမြင့်ဆုံးသို့ ရောက်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခန်းဝင်ပစ္စည်းများ အဖြစ် ပေးအပ်ခဲ့သည့် ဆေးလုံးများသည် ကျန်သောသူများ အားလုံးတို့ကို စိတ်လှုပ်ရှားစေခဲ့သည်။

ပြိုင်ပွဲအပြင် ကျင့်ကြံသူများသည် အချင်းချင်း တွေ့ဆုံ ဆွေးနွေး၍ ရသည်။ ထိုအရာသည် အားလုံးတို့က သူတို့လိုချင်နေသည့် ဆေးလုံးများကို ဖလှယ်နိုင်ရန် အခွင့်အရေး များစွာတို့ကို ယူဆောင်လာပေးနိုင်သည်။ အားလုံးတို့၏ ဆေးလုံးကျင့်ကြံမှု အပေါ်မှ ဗဟုသုတများကိုလည်း များစွာ တိုးပွားလာစေနိုင်သည်။

သက်ရှည်မြို့တော်သည် ယခုအချိန်တွင် စည်ပင် ထွန်းကားလျက် ရှိနေသည်။ ဂျူနီယာ

တပည့်များသည်လည်း မျက်စိပွင့် နားပွင့်
ဖြစ်လာကြသည်။

လင်းဖုန်း၊ ဂူကျွန်းနှင့် နတ်ဘုရား နယ်မြေ အတွင်းမှ
အခြား ထိပ်သီး ခေါင်းဆောင်များသည်
သိုင်းပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲတို့အား
ကြည့်နေကြရင်း မှတ်ချက်များ ချနေကြသည်။

မိုးကြိုးတိမ်တိုက် သူတော်စင်၊ ကောင်းကင်မာစတာ
ဓားမာစတာ၊ ရှီကျိုးထန်းနှင့် ကျန်သောသူများသည်
သူတို့၏ အာရုံများကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ပြောလိုနေသည့် ကိစ္စအပေါ်တွင်
စိုက်ထားကြသည်။

ဂူကျွန်းကလည်း လင်းဖုန်း အစောပိုင်းမှ ပြောထားသည့် အရာအပေါ်တွင် သိလိုစိတ် ပြင်းပြနေသည်။

## စာစဥ် ၇၁ : အပိုင်း ၆

## အပိုင်း ၁၃၇၆ : ဝိညာဥ်ပင်လယ်သည် ပြန်လည် ပွင့်တော့မည် ဖြစ်သည်

လူသားကျင့်ကြံမှု ကမ္ဘာ၏ ထုံးတမ်းစဥ်လာ အရ ဤကဲ့သို့သော ပြိုင်ပွဲသည် လူငယ်မျိုးဆက် တပည့်များ၏ လက်ရှိ ကျင့်ကြံမှုနှင့် သူတို့၏ အလားအလာများကို စမ်းသပ်ရန် ဖြစ်သည်။ ဤအရာသည် သူတို့အား အတွေ့အကြုံများ

ရနိုင်ရန် ကူညီမည့် နည်းလမ်းတစ်ခု ဖြစ်၍
ရွှေရောင်ဗဟိုချက်နှင့် အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံသူများ အတွက် အဓိက ဖြစ်သည်။

လင်းဖုန်းနှင့် ကျန်သော အဆင့်မြင့် ပုဂ္ဂိုလ်များ
အနေဖြင့် ဤကဲ့သို့သော ပြိုင်ပွဲသည် သူတို့အတွက်
ဘာမှ ဂရုစိုက်စရာ မဟုတ်ချေ။
ထူးချွန်ထက်မြက်သော သူများ
ပေါ်ထွက်လာပါကလည်း လင်းဖုန်းနှင့်
ကျန်သောသူများ အနေဖြင့် သူတို့၏ လက်ရှိ
စွမ်းရည်များ အစား သူတို့၏ အလားအလာများကို
ပို၍ တန်ဖိုးထားကြမည် ဖြစ်သည်။

ကျင့်ကြံသူများ အားလုံးတို့ အကြားတွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည်

အာရုံစိုက်မှုကို အခံရဆုံးဖြစ်သည်။ သူတို့
တစ်ယောက်ချင်းစီသည် သူတို့အား
ကြည့်နေကြသော သူများ၏ အာရုံများကို
ဆွဲဆောင်နိုင်ခဲ့သည်။

သူတို့သည် ဤမျှအထိ အာရုံအစိုက်ခံရခြင်းမှာ
သူတို့၏ စွမ်းရည်များ သက်သက်ကြောင့်သာ
မဟုတ်ပဲ သူတို့သည် အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
ဖြစ်နေ၍ ဖြစ်သည်။

စကားပုံဟောင်း တစ်ခုအရ စောစီးစွာ
သေသွားသော ပါရမီရှင်သည် တကယ့်ပါရမီရှင်
တစ်ယောက် မဟုတ်ချေ။ အကယ်၍
တစ်ယောက်တွင် အလားအလာ ရှိသည် ဆိုလျှင်ပင်
ထိုအလားအလာသည် အစစ်အမှန်

စွမ်းရည်အဖြစ်သို့ မပြောင်းလဲခဲ့လျှင် ဘာမှ မဟုတ်ပေ။

ရှီထျန်းရီ၊ ကျင်းဟွမ်အမတ်နှင့် လေကျဲတို့သည် ရှီထျန်းဟောင်၊ ရှောင်ယန်နှင့် တန်ကျွင်းတို့၏ သတ်ဖြတ်ခြင်းကို အသီးသီးခံခဲ့ရသည်။ သူတို့သည် သူတို့မျိုးဆက်၏ ပါရမီရှင်များ ဖြစ်ကြ၍ အနာဂတ်တွင် ဒဏ္ဍာရီများ ဖြစ်လာကြမည်ဟု ယုံကြည်ထားခြင်းကို ခံခဲ့ရသည်။

သို့သော်လည်း သူတို့တစ်ယောက်ကမှ သူတို့၏ ကြမ္မာပန်းတိုင်ကို ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ကြပေ။ အကယ်၍ တစ်ယောက်သည် သူတို့အား အမှတ်ရခဲ့လျှင်ပင် သက်ပြင်းကိုသာ ချနိုင်ကြမည် ဖြစ်သည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် သူတို့ဂိုဏ်း၏ ကာကွယ်မှုများ အောက်တွင် ရှင်သန် ကြီးထွားလာကြမည် ဖြစ်သည်။ သူတို့သည် လုံးဝမသေရန် အပြည့်အဝ အာမမခံနိုင်သော်လည်း ဖြစ်နိုင်ခြေမှာ အမတန်မှ နည်းပါးသည်။

ဤနည်းအားဖြင့် သူတို့သည် သူတို့၏ ကြမ္မာပန်းတိုင်များကို ပြီးမြောက်အောင် ပြုလုပ်နိုင်ကြမည့် အစစ်အမှန် ပါရမီရှင်များ ဖြစ်လာကြမည် ဖြစ်သည်။

ယနေ့ ပြိုင်ပွဲတွင် အစွမ်းပြနိုင်ကြမည့် လူငယ် ပါရမီရှင်များသည် သူတို့ဂိုဏ်းနှင့် အင်အားစုများ၏

အနာဂတ် ထောက်တိုင်များ ဖြစ်လာနိုင်ကြမည် ဖြစ်သည်။ အနာဂတ်သည်လည်း သိပ်ဝေးလိမ့်မည် မဟုတ်ချေ။

တောက်ယုတင်း၊ ကျိုးယွင်ချုံး၊ ယင်းလော်ရှ၊ လင်းတုန်နှင့် ကျန်သောသူများသည် အကောင်းဆုံးသော ဥပမာများ ဖြစ်ကြသည်။ သူတို့သည် ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေးတွင် သူတို့၏ အစွမ်းများကို ပြသနိုင်ခဲ့ကြသည်။

ထို့ကြောင့်ပင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကောင်းစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ဂျူနီယာ တပည့်များကို ကျန်သောဂိုဏ်းများက အနီးကပ် စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

အခြားဂိုဏ်းများမှ လူငယ် ကျင့်ကြံသူများ အတွက်
လင်းဖုန်းနှင့် ကျန်သောသူများ၏
စကားတစ်ကြောင်းကပင် သူတို့အား
အကြီးအကျယ် အကျိုးရှိစေမည် ဖြစ်သည်။
သူတို့သည် သူတို့၏ အကြံဉာဏ်များကို
တစ်သက်လုံး မှတ်သားထားနိုင်သည်။

ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲအား ကြည့်နေကြသော
အင်မော်တယ်ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည် အသေအချာ
အာရုံစိုက်နေကြသည်။

တစ်ယောက်၏ ဆေးလုံးကျင့်ကြံမှု စွမ်းရည်သည်
သူ၏ ကျင့်ကြံမှု အဆင့်နှင့် တိုက်ရိုက်
အချိုးမကျသော်လည်း အထူးချွန်ဆုံးသော ဆေးလုံး

ကျင့်ကြံသူများ အားလုံးသည် အင်မော်တယ်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြသည်။

ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲသည် လူငယ်
ကျင့်ကြံသူများအား တိုးတက်လာရန် ကူညီရုံ မကပဲ
အင်မော်တယ်ဝိညာဉ် အဆင့်မှ ဆေးလုံး
ကျင့်ကြံသူများ အကြားမှ ယှဉ်ပြိုင်မှု စင်မြင့်လည်း
ဖြစ်သည်။

ယခု ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူအင်ပါယာတို့ ပူးပေါင်း
ကျင်းပခြင်း ဖြစ်သဖြင့် ပုံမှန်အချိန်တွင် ရှားပါးသော
ဆေးဝါးများ၊ ဆေးလုံးများသည် ယခုအချိန်တွင်
ပေါများစွာ တွေ့နေရသည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများကပင် ထိုဆေးလုံးများကို
တန်ဖိုးထားနေကြသည်။ သူတို့က မလိုအပ်လျှင်ပင်
သူတို့၏ တပည့်များ အတွက် ကောင်းစွာ
အသုံးဝင်နိုင်သည်။

ထို့အပြင် ဆေးလုံးကျင့်ကြံမှု၏ လွှမ်းမိုးမှုသည်
လွန်စွာ ကြီးမားသည်ဟု ထင်မနေရသော်လည်း
အမှန်တွင် အမတန်မှ အရေးကြီးသည်။ သူသည်
အနာဂတ် တိုးတက်မှုများ အပေါ်တွင် တိုင်းတာ၍
မရသည့် သက်ရောက်မှုရှိပြီး ထိုသက်ရောက်မှုသည်
လူတစ်ယောက်ထက် ပိုနိုင်သည်။

အကယ်၍ အချို့ဂိုဏ်းများသည် ဆေးလုံးအသစ်
တစ်ခုကို ဖန်တီးနိုင်ပါက ကျန်သောသူများ၏

အာရုံကို ဆွဲဆောင်နိုင်မည် ဖြစ်သည်။
ဤအရာသည် အနာဂတ်တွင် ပြောင်းလဲမှုများကို
ဖြစ်ပေါ်စေနိုင်သည်။

"မီးတောက်ဖြတ်ကျော် ဆေးလုံးလား" မီးလျှံ
ဓားမာစတာသည် တွမ့်မုဟုန် ပြသခဲ့သော
စိတ်ဝိညာဉ် ဆေးလုံးတစ်မျိုးကို ကြည့်နေရင်း
အနည်းငယ် စိတ်လှုပ်ရှားသွားလေသည်။

သူ့ဘေးတွင် ထိုင်နေသော ကြယ်စင် ဓားမာစတာက
ဖွဖွလေး ရယ်လိုက်သည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ မီးတောက်ဖြတ်ကျော်
ဆေးလုံးသည် မီးအနွယ်ဝင် နည်းစနစ်များကို
ကျင့်ကြံထားသူတို့အား မီးအနွယ်ဝင် စိတ်ဝိညာဉ်

စွမ်းအင်များကို စုပ်ယူ ထုတ်လွှတ်နိုင်ရန် ကူညီနိုင်စွမ်း ရှိသည်။

ထိုအရာသည် ခက်ထန်သော မီးတောက်များကို သူတို့ကိုယ်တွင်းသို့ စုပ်ယူနိုင်၍ ကျင့်ကြံမှုကို အထောက်အကူပြုကာ သူတို့အား ကာကွယ်ပေးနိုင်သည်။ ဤအရာသည် အန္တရာယ်များကို ကာကွယ်ပေးနိုင်၍ သူတို့ ကျင့်ကြံမှုကို တိုးတက်စေနိုင်သည်။

ငရဲမီး ချောက်ကမ်းပါးမှ တပည့်များသည် သူတို့ကျင့်ကြံရန် အကြွင်းမဲ့မီးတောက် ခုနစ်မျိုး အနက်မှ တစ်မျိုးမျိုးကို ရွေးချယ်လေ့ ရှိကြသည်။ ထူးချွန်ထက်မြက်သော သူများမှာ တစ်ခုထက်ပို၍ ရွေးချယ်ကြသည်။ မီးတောက်ဖြတ်ကျော်

ဆေးလုံးသည် သံသယဖြစ်ဖွယ် မရှိပဲ ငရဲမီး ချောက်ကမ်းပါးမှ တပည့်များကို များစွာ အထောက်အကူ ပြုနိုင်သည်။

ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနစ်မျိုးတို့ အပြင် မီးအနွယ်ဝင် နည်းစနစ်များနှင့် ဆက်စပ်နေ၍ ဤကဲ့သို့သော နည်းစနစ်များကို ကျင့်ကြံထားသော ကျင့်ကြံသူများအား အကျိုးရှိစေနိုင်သော အခြား စိတ်ဝိညာဉ် မီးတောက်များစွာလည်း ရှိသေးသည်။

ဥပမာအားဖြင့် ဂူအင်ပါယာမှ ကျင့်ကြံသူများသည် နန်းမင် အကြွင်းမဲ့ မီးတောက်ကို ကျင့်ကြံကြ၍ သံသရာဂိုဏ်းမှ ကျင့်ကြံသူများသည် အနီရောင် ကြာပန်းမီးတောက်ကို ကျင့်ကြံထားကြသည်။

မီးလျှံဓားဂိုဏ်းသည် သူတို့၏ ဓားအရိုန်အဝါများကို ပြင်းထန်သော မီးလျှံများ အဖြစ်သို့ ဆင့်ကဲ တိုးတက်စေ၍ ထိုမီးလျှံများဖြင့် သူတို့၏ ကျင့်ကြံမှုကို အထောက်အကူ ဖြစ်စေခဲ့ဖြစ်သည်။ မီးတောက်ဖြတ်ကျော် ဆေးလုံးသည် သူတို့အတွက် များစွာ အကျိုးရှိစေသည်။

ဂူကျွန်းသည် တွမ့်မုဟုန်အား ကြည့်၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "သူက ဒီဆေးလုံးကို သူ့ဘာသာသူ ဖော်ထုတ်ခဲ့တာလား... သူက တကယ့်ကို ပါရမီရှင်လေးပဲ"

လင်းဖုန်းက ရယ်လိုက်သည်။ "တိုးတက်ဖို့ အများကြီး လိုပါသေးတယ်... သူ့ကို ဒီဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲမှာ ဝင်ပါစေခြင်းဟာ တခြား

ဆေးလုံးကျင့်ကြံမှု နည်းစနစ်တွေ အပေါ်မှာ အမြင်ကျယ်လာစေဖို့ ကူညီရာလည်း ရောက်တယ်"

ရှီကျုံးထန်းက ပြောလိုက်သည်။ "မာစတာလင်း... ငရဲမီး ကေရာဇ်နဲ့ ခင်ဗျားတို့ရဲ့ အကြံဉာဏ်တွေနဲ့တင် လုံလောက်နေပါပြီ... ခင်ဗျားတို့ နှစ်ယောက်ဟာ အခုအချိန်မှာ ကမ္ဘာကြီး အတွင်းက အထူးချွန်ဆုံး ဆေးလုံး ကျင့်ကြံသူနှစ်ယောက် ဖြစ်နေကြပြီ ဖြစ်တယ်"

လင်းဖုန်းက ပြန်ဖြေလိုက်၏။ "ရဲဘော်ရှီ... ခင်ဗျားမြှောက်တာ လွန်နေပါပြီ... ကျုပ်ရဲ့ ပုံမှန် ကျင့်ကြံမှုနဲ့ ဆေးလုံး ကျင့်ကြံမှုဟာ ပြီးပြည့်စုံခြင်း မရှိသေးဘူး... ရှမ်းယန်ကလည်း အတူတူပဲ"

ရှီကျုံးထန်းက ဖွဖွလေး ရယ်လိုက်သည်။
"မာစတာလင်း... ခင်ဗျားပြောတာ မှန်တယ်...
ဒါပေမဲ့ ကျုပ်တို့ ကျန်တဲ့သူတွေ အားလုံးက
အရှက်ရမိပါတယ်"

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။
"ရဲဘော်ရှီ... ခင်ဗျားပြောတာ များသွားပြီ...
ကျုပ်တို့က ဆေးလုံး ကျင့်ကြံမှု စွမ်းရည်ကို
စိတ်ဝင်စားတဲ့ လူတွေမို့လို့ပါ"

သူသည် သူ၏ အဓိကနေရာတွင် ထိုင်နေရင်း
ထိုင်ခုံလက်ရန်းကို အသာခေါက်နေလေသည်။
သူက သာမန်သာ ပြောလိုက်၏။ "ခင်ဗျားတို့
အားလုံးဟာ ဝိညာဉ်ပင်လယ်က မကြာမီမှာ

ပွင့်တော့မယ် ဆိုတာကို သိကြမယ်လို့
မျှော်လင့်ပါတယ်"

ဂူကျွန်း၊ ရှီကျုံးထန်း၊ ကျိဝမ်လွေ၊ တော်ဝင်အိမ်တော်သခင်၊ မိုးကြိုးတိမ်တိုက် သူတော်စင်နှင့် ကျန်သော အကြီးအကဲများသည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ "ဟုတ်တယ်... ကျွန်တော်တို့ အားလုံးက သိနေကြတယ်"

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် ဝိညာဉ်ပင်လယ် ပြန်ပွင့်လာတော့မည့် သတင်းသည် တောမီးကဲ့သို့ ပျံ့သွားခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် ပင်လယ်အတွင်းသို့ ဝင်နိုင်သည့် သင်္ဘောများကို ထိုသတင်းနှင့် အတူ ထုတ်ပေးခဲ့၍ ကျန်သော စွမ်းအားစုများ အကြားတွင် ပြိုင်ဆိုင်မှုများ ဖြစ်စေခဲ့သည်။ ယခု ရောက်လာကြသော သူများအတွင်းတွင်လည်း ဝင်ရောက်ပြိုင်ဆိုင်ခဲ့သော သူများ ရှိနေကြသည်။

သို့ရာတွင် ဝိညာဉ်ပင်လယ် လျှို့ဝှက်သင်္ဘောများမှာ အလွန်နည်းပါးလှသဖြင့် သူတို့အား ရရှိရန် မလွယ်ပဲ အချို့ကသာ ရနိုင်ခဲ့ကြသည်။

ဤအင်အားသည် မဟူရာပင်လယ်၊ ယင်ပင်လယ်၊ ငရဲကမ္ဘာ ပင်လယ်၊ ကြယ်စင်ပင်လယ်နှင့်

ဟင်းလင်းပြင် ပင်လယ်တို့ထက် ပို၍ အထက်တန်းကျသည်။

သူသည် နေရာတကာတွင် ရှိနေသကဲ့သို့ ဖြစ်နေသော်လည်း သဲလွန်စ တစ်ခုမှ ရှာဖွေ၍ မရနိုင်ချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဟောဒီးစ် မျိုးနွယ်စုတို့သည် အားသာချက်များ ရထားကြပြီး ဖြစ်သည်။

ကောလဟာလ အမြောက်အမြားတို့သည် အမှန်ဟုတ်ဟုတ်၊ မဟုတ်ဟုတ် တောမီးကဲ့သို့ ပျံ့နှံ့လာခဲ့သည်။ လင်းဖုန်းသည်

ဟေးဒီးစ်ကေရာဇ်၏ သားကို သူ၏
လက်ရင်းတပည့်အဖြစ် လက်ခံခဲ့ခြင်း၊ ကမ္ဘာနှစ်ခု
အကြားမှ စစ်ပွဲအတွင်းတွင် သူနှင့် ဟေးဒီးစ်
မျိုးနွယ်စုအကြားမှ ရန်ငြိုးများ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့၏ ပဋိပက္ခများ၊ ဟေးဒီးစ်
မျိုးနွယ်စုတို့၏ ဟင်းလင်းပြင် ဘုရားကျောင်း
အပေါ်မှ အငြိုးတရား၊ ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတ၏ လျှို့ဝှက်သော နောက်ခံ၊
အစရှိသော သတင်းများသည် လူအားလုံးတို့အား
ဖမ်းစားထားနိုင်ခဲ့သည်။

လင်းဖုန်းက ဖြည်းဖြည်းချင်း ပြောလိုက်သည်။
"ကျုပ်ရဲ့ တွက်ချက်မှုတွေ အရ ဟိုရက်ကို
ရောက်တဲ့အထိ ကြာတော့မှာ မဟုတ်ဘူး"

အားလုံးတို့၏ အကြည့်သည် သူ၏စကားများကို ကြားခဲ့ရသော အခါ တည်သွားကြပြီး သူ့အား ကြည့်လိုက်ကြလေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့သည် ဝိညာဥ်ပင်လယ် အကြောင်းကို အနက်ရှိုင်းဆုံး သိထားကြသည်ဟု ကောလဟာလများ ပေါ်နေသည်။

လင်းဖုန်းသည် ပြောနေရင်းနှင့် သက်ပြင်းချလိုက်သည်။ သူသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အတူ ဝိညာဥ်ပင်လယ် အတွင်းမှ ပြန်ထွက်လာကတည်းက ထိုပင်လယ်သည်

ပိုမိုစောစီးစွာ ပြန်ပွင့်လာမည်ဟု သိနေခဲ့သော်လည်း သူထင်ထားသည်ထက် များစွာပို၍ စောနေခဲ့သည်။

သူသည် ယခုဖြစ်ရပ်၏ နောက်ကွယ်မှ အကြောင်းရင်းများကို အနည်းငယ် အာရုံခံမိနေခဲ့ပြီး ထိုကဲ့သို့သော ပြောင်းလဲမှုများ အတွက် အနည်းငယ်ပင် အစီအစဥ်များ ဆွဲထားခဲ့သေးသည်။ သူသည် ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့် လှုပ်ရှားတော့မည် ဖြစ်သည်။

"ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ ဖြန့်ဖြူးခဲ့တဲ့ ဝိညာဥ်ပင်လယ် လျှို့ဝှက်သော့တွေက အစစ်အမှန်တွေပဲ" လင်းဖုန်းက အားလုံးတို့၏ ခန့်မှန်းချက်များကို အတည်ပြုပေးခဲ့သည်။ ပြီးတာနှင့် သူက ပြောလိုက်သည်။

"ဝိညာဉ်ပင်လယ်ဟာ မဟာတာအိုက
မူလရင်းမြစ်ထံကို ပြန်လာတယ်ဆိုတဲ့
ခံစားချက်တွေကို ပေးစွမ်းနိုင်တယ်... ပြီးတော့
ဝိညာဉ်ပင်လယ် အတွင်းကနေ အချိန်တိုအတွင်းမှာ
ပြန်ထွက်ဖို့ မဖြစ်နိုင်ဘူး"

သူ၏ စကားများကို ကြားခဲ့ရသော အခါ ဂူကျွန်းနှင့်
ကျန်သောသူများ၏ မျက်မှောင်များက
ကြုတ်သွားခဲ့သည်။ သူတို့သည် အကြောင်းအရာ
များစွာတို့ကို တွေးမိသော်လည်း သူ့အား ဖြတ်၍
ဝင်မပြောခဲ့ပေ။ သူတို့သည် လင်းဖုန်းက
ဆက်ပြောနေသည်ကို ငြိမ်သက်စွာဖြင့်သာ
နားထောင်နေကြသည်။

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "တကယ်လို့ မထင်မှတ်ထားတာတွေ ဖြစ်မလာခဲ့ရင် ကျုပ်ဟာ ကျုပ်တပည့်တွေနဲ့ အတူ ဝိညာဥ်ပင်လယ် အတွင်းကို ဝင်ရောက်မှာ ဖြစ်တယ်... ဟင်းလင်းပြင် ဘုရားကျောင်းကလည်း အတူတူပဲ နေမှာပဲ... ဟောဒီးစ် မျိုးနွယ်စုတွေကလည်း လိုက်ဝင်လာလိမ့်မယ်... ပုံရိပ်ယောင်နေမင်း ဟောဒီးစ်ကလည်း ဝင်လာလိမ့်မယ်လို့ ကျုပ်ယုံကြည်နေတယ်"

ဝိညာဥ်ပင်လယ်အား ပြိုင်ဆိုင်မှုသည် လွန်စွာ ပြင်းထန်သည်။ လင်းဖုန်းဖြစ်စေ၊ ဟင်းလင်းပြင် ဘုရားကျောင်း ဖြစ်စေ၊ ဟောဒီးစ် မျိုးနွယ်စုတို့ ဖြစ်စေ၊ သူတို့သည် အတတ်နိုင်ဆုံး ကြိုးစား၍ ယှဥ်ပြိုင်ကြမည် ဖြစ်သည်။

အကယ်၍ သူတို့သည် ဝိညာဉ်ပင်လယ်အား
ရယူနိုင်မည် ဆိုပါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ယင်ပင်လယ်အား၊
ဟင်းလင်းပြင် ဘုရားကျောင်းသည်
ပိုင်ယွင်တောင်အား၊ ဟေးဒီးစ် မျိုးနွယ်စုသည်
ဟေးဒီးစ်မြို့တော်အား စွန့်လွှတ်ရန် ဝန်လေးကြမည်
မဟုတ်ချေ။

ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်သူသည်
မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး၏ အခြေအနေကို
အကျိုးသက်ရောက်မှု ရှိနိုင်မည်မှာ
သံသယဖြစ်ဖွယ်ရာ မရှိချေ။

ကျိုဝမ်လေ့က ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "မေးခွန်းက ဝိညာဉ်ပင်လယ်ဟာ တစ်စုံတစ်ယောက်တည်းက သီးသန့် ထိန်းချုပ်နိုင်မှာလား... ကျုပ်တို့ဟာ အရင်တုံးက ဟင်းလင်းပြင် ဘုရားကျောင်းဟာ ဝိညာဉ်ပင်လယ် အတွင်းကို သွားနိုင်တဲ့ လမ်းကြောင်းကိုသာ ထိန်းချုပ်နိုင်တယ်လို့ သိထားခဲ့ပေမဲ့ သူတို့ဟာ ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ဖို့ အဝေးကြီး လိုနေသေးတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ဒါက ကျုပ်တို့ရနိုင်တဲ့ အကောင်းဆုံး အခွင့်အရေးပဲ"

သူသည် သူ၏ဘေးမှ တစ်ယောက်ချင်းစီအား အကဲခတ်လိုက်သည်။ "ကောင်းကင် ကျက်သရေ

မဟာပဏ္ဍိတဟာ ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့တွေကို ထုတ်လွှတ်လိုက်ပေမဲ့ သူတို့ဟာ အမတန်မှ ရှားပါးပြီး သူတို့ကို ရနိုင်တဲ့ သူတွေက အနည်းငယ်သာ ရှိနိုင်တယ်"

"သော့တွေကို ရသွားတဲ့ သူတွေကလည်း တခြားသူတွေ သိသွားမှာစိုးလို့ လျှို့ဝှက်ထားကြမှာ ဖြစ်တယ်... ဒါကြောင့် ကျုပ်တို့ဟာ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတမှ အပ ဘယ်မိစ္ဆာတွေက ဝိညာဉ်ပင်လယ် အတွင်းကို ဝင်နိုင်မလဲ ဆိုတာကို မသိနိုင်ဘူး"

"နတ်ဘုရား နယ်မြေ အကြောင်းကို မပြောနဲ့ဦး... ကျုပ်တို့ဟာ မဟာလွင်တီးခေါင် ကုန်းမြေမှာ ဘာဖြစ်နေသလဲ ဆိုတာကို မသိနေပဲ သတင်း

အသေးစိတ် ရရှိဖို့ မဖြစ်နိုင်ဘူး... သူတို့မှာ ဘာအကြံအစည်တွေ ရှိနေသလဲ ဆိုတာကို ခန့်မှန်းနိုင်ဖို့ကလည်း ခက်ခဲတယ်"

လင်းဖုန်းသည် သူ၏စကားများကို ဆုံးအောင် မပြောရသေးသော်လည်း ကျန်သောသူများသည် သူဆိုလိုနေသည်ကို အပြည့်အဝ သဘောပေါက်နေကြ၍ သူတို့၏ အမူအရာများသည် အလွန်အမင်း လေးနက်လာကြသည်။

အကယ်၍ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အတူ ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်သွားပါက နတ်ဘုရား နယ်မြေ အတွင်းတွင် ကွက်လပ် ဖြစ်သွားခဲ့မည် ဖြစ်သည်။

အနည်းငယ် ကသိကအောက် ဖြစ်စရာ
ကောင်းနေသော်လည်း ဂူအင်ပါယာနှင့်
စူတောင်ခေးဂိုဏ်းမှ လွဲ၍ ကျန်သောသူများ
အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟင်းလင်းပြင် ဘုရားကျောင်းတို့ မရှိလျှင်
မိစ္ဆာများကို ရင်ဆိုင်ရန် ခက်ခဲမည်ကို
ဝန်ခံရပေလိမ့်မည်။

အကယ်၍ ရှီရှင်းယွမ်က လှူပ်ရှားရန် လိုလားခဲ့ပါက
မဟာချင် အင်ပါယာ အနေဖြင့် မိစ္ဆာများကို
ရင်ဆိုင်ကောင်း ရင်ဆိုင်နိုင်ပေလိမ့်မည်။

ဟေးဒီးစ် မျိုးနွယ်စုနှင့် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတတို့က ဝိညာဉ်ပင်လယ် အတွင်းသို့

ဝင်ရောက်မည် ဖြစ်ကာ မိစ္ဆာဖီးနစ်
မျိုးနွယ်စုတို့ကလည်း နတ်ဘုရား နယ်မြေကို
ဝင်ရောက် ကျူးကျော်မည် မဟုတ်သော်လည်း
နဂါးများနှင့် ရှေးဟောင်းလူဝံ မိစ္ဆာတို့
ရှိနေကြသေးသည်။ သူတို့အနေဖြင့် ဝိညာဥ်ပင်လယ်
အတွင်းသို့ ဝင်ရောက်ရန် လျှို့ဝှက်သော့များ
ရထားသလား ဆိုသည်ကို ခန့်မှန်းရန် ခက်ခဲသည်။

အကယ်၍ သူတို့သည် သူတို့၏ အင်အားများကို
အစွမ်းကုန် ထုတ်သုံးခဲ့ပါက ဂူအင်ပါယာ၊
စူတောင်ဓားဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့ကပင်
ကြီးမားသော ဖိအားများနှင့် ရင်ဆိုင်ရမည်
ဖြစ်သည်။

ထို့အပြင် စကြာဝဠာ စကျင်ဗုဒ္ဓကိုလည်း
ဆက်သွယ်၍ မရပေ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့ မရှိလျှင် သူက မည်ကဲ့သို့
တုံ့ပြန်မည်ကို ခန့်မှန်းရန် ခက်ခဲသည်။
သေမင်းဧကရာဇ်သည် ဒဏ်ရာ အပြင်းအထန်
ရရှိသွားပြီးနောက် ပုန်းအောင်းနေခဲ့သည်။
ယခုအချိန်တွင် သူ၏ အခြေအနေက
မည်သို့ဖြစ်နေသည်ကို တစ်ယောက်မှ မသိချေ။

ဂူကျွန်းက လင်းဖုန်းအား ကြည့်လိုက်ကာ
သူ၏ခေါင်းကို အနည်းငယ် ညိတ်လိုက်သည်။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ကမ်းလှမ်းထားသော ပြုပြင် ပြောင်းလဲထားသည့်

မြင့်မြတ်သော လီဟော်မန္တန်နှင့် ယခု ပြောခဲ့သော သဲလွန်စများသည် ဤကိစ္စကြောင့်ပင် ဖြစ်သည်။

## စာစဉ် ၇၁ : အပိုင်း ၇

## အပိုင်း ၁၃၇၇ : သတိထား၍ ကြိုတင် ပြင်ဆင်ခြင်း

အကယ်၍ လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ထိပ်တန်း ကျင့်ကြံသူများသည် ဝိညာဉ်ပင်လယ် အတွင်းသို့ သွားခဲ့ပါက ဂိုဏ်းမှ တပည့်များ အနေဖြင့် သူတို့၏ အကာအကွယ်များ အနေဖြင့် ယင်ပင်လယ် ရှိနေသည်။

လင်းဖုန်းက ယင်ပင်လယ်အား ပွဲကိုင်ခြင်းနှင့်
အခြား တစ်စုံတစ်ယောက်က ယင်ပင်လယ်ကို
ထိန်းချုပ်ခြင်းသည် ကြီးမားသော ခြားနားချက်များ
ရှိနိုင်သော်လည်း သို့တိုင်အောင် ယင်ပင်လယ်ကို
တိုက်ခိုက်ရန် မလွယ်ကူချေ။

မဟူရာကောင်းကင် ရတနာသစ်ပင်၏ ဆန္ဒသည်
ပြန်လည် ကောင်းမွန်လာသော အခါ သစ်ပင်နှင့်
ယုကျင်းတောင်တို့သည် လင်းဖုန်းက
ဝိညာဉ်ပင်လယ် အတွင်းသို့
ဝင်သွားသည့်တိုင်အောင် ဟင်းလင်းပြင်
အတွင်းတွင် ပုန်းအောင်းနေနိုင်ဦးမည် ဖြစ်သည်။

ဤကဲ့သို့သော အာမခံချက်များကြောင့်
လင်းဖုန်းအနေဖြင့် လုံးဝ ပူပန်နေခြင်း မရှိပေ။

သို့သော်လည်း လူသား ကျင့်ကြံမှု ကမ္ဘာမှ ကျန်သော ဂိုဏ်းနှင့် အင်အားစုများက ထိုကဲ့သို့ မဟုတ်ချေ။ အကယ်၍ ဗီပရာလိုပါ အဆင့်မှ မိစ္ဆာသုံးကောင်တို့က နတ်ဘုရား နယ်မြေ အတွင်းသို့ ဆင်းသက်လာပါက လူသားများ အနေဖြင့် ကြီးမားသော ဖိအားများအောက်သို့ ရောက်သွားပေမည်။

အကယ်၍ ထိုမိစ္ဆာသုံးကောင် အတွင်းတွင် နဂါးတို့၏ ခေါင်းဆောင်ဖြစ်သော မူလနဂါး ဘုရင်က ပါလာမည် ဆိုပါက ကပ်ဘေးဆိုက်သွားမည် ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ မရှိကြသဖြင့် အကယ်၍ ထိုနဂါးသည် မဟူရာ

ပင်လယ်အတွင်းမှ ထွက်လာပါက လူသားတို့အနေဖြင့် ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

လင်းဖုန်းသည် အားလုံးတို့အား ကြည့်၍ ပြောလိုက်သည်။ "ရွှမ်းလီက ဝိညာဥ်ပင်လယ် အတွင်းကို လိုက်လာမှာ မဟုတ်ပဲ နတ်ဘုရား နယ်မြေ အတွင်းမှာသာ နေနေလိမ့်မယ်"

"ဒါပေမဲ့ နတ်ဘုရား နယ်မြေက အမတန်မှ ကျယ်ပြန့်လှတဲ့ အတွက် သူမအနေနဲ့တောင် အချိန် တစ်ခုမှာ တစ်နေရာမှာပဲ နေနိုင်လိမ့်မယ်… တကယ်လို့ မိစ္ဆာတွေက နေရာပေါင်းစုံကနေ တိုက်ခိုက်လာခဲ့ရင် သူမကလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

"ရဲဘော်တို့… ကျုပ်တို့က သတိထားဖို့ လိုအပ်တယ်"

လင်းဖုန်းသည် သူ၏ ကောင်းကင်ဖျက်ဆီး ဓားအား နတ်ဘုရား နယ်မြေ အတွင်းတွင် ထားခဲ့မည်ကို ကြားရသော အခါ အားလုံးတို့၏ မျက်လုံးများက တောက်ပလာကြသည်။ သူပြောခဲ့သည်ကို သဘောတူသည့် အနေဖြင့် သူတို့၏ ခေါင်းများကိုလည်း ညိတ်လိုက်ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် သူတို့၏ တပည့်များကို ကာကွယ်ရန် ယုကျင်းတောင်နှင့် ယင်ပင်လယ်တို့ ရှိနေသည်။ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခွင့်ပြုချက်ကို ရယူ၍

ယုကျင်းတောင် သို့မဟုတ် ယင်ပင်လယ် အတွင်းသို့ ဝင်ရောက် ခိုလှုံနိုင်ကြသော်လည်း ဤသို့ဆိုလျှင် နတ်ဘုရား နယ်မြေ အတွင်းမှ သူတို့၏ ခံစစ်များကို စွန့်လွှတ်ခဲ့သကဲ့သို့ ဖြစ်နေပေမည်။ ဤအရာသည် နတ်ဘုရား နယ်မြေ တစ်ခုလုံးကို အကြီးအကျယ် ဒုက္ခရောက်စေလိမ့်မည် ဖြစ်သည်။

ကမ္ဘာနှစ်ခု အကြားမှ သူတို့ ရရှိထားသော ဆုလာဘ်များကို မိစ္ဆာများအား လက်ကမ်း၍ ပြန်ပေးခဲ့သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ပို၍ အရေးကြီးသည်မှာ ဂိုဏ်းနှင့် အင်အားစုများ၏ အခြေခံသည် ဤကဲ့သို့ပင် ပျက်စီးသွားနိုင်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အခြေအနေကို စောင့်ကြည့်နေနိုင်စွမ်း ရှိနေသော်လည်း ကျန်သော ဂိုဏ်းနှင့် အင်အားစုများတွင် လုံလောက်သော တုံ့ပြန်ချိန်များ ရှိမနေချေ။ အကယ်၍ သူတို့သည် ယုကျင်းတောင် သို့မဟုတ် ယင်ပင်လယ် အတွင်းသို့ ဆုတ်ခွာလိုနေပါက စောစောစီးစီး ကြိုလုပ်ထားရပေမည်။

သို့သော်လည်း ဤကဲ့သို့ဆိုလျှင် သူတို့၏ ကိုယ်ပိုင် နယ်မြေများကို ကာကွယ်နိုင်မည် မဟုတ်တော့ချေ။ မိစ္ဆာသခင် အဆင့်မှ မိစ္ဆာများကပင် ဤကဲ့သို့သော အခြေအနေမျိုးတွင် အကြီးအကျယ် သောင်းကျန်းကာ ဖျက်ဆီးမှုများ များစွာပြုလုပ်နိုင်သည်။

မလိုအပ်ပဲနှင့် မည်သည့်ဂိုဏ်းနှင့် အင်အားစုများက သူတို့၏ကိုယ်ပိုင် အခြေခံ အုတ်မြစ်များကို စွန့်လွှတ်လိုကြမည် မဟုတ်ချေ။

ဘာပဲပြောပြော ယုကျင်းတောင်သည် ခြွင်းချက်ဖြစ်သည်။

မည်သည့်ဂိုဏ်းနှင့် အင်အားစု ဖြစ်စေ သူတို့၏ ဌာနချုပ်သည် အချိန်ကြာမြင့်စွာ တည်ရှိနေပြီ ဖြစ်သည်။ သူတို့၏ ခံစစ်စွမ်းရည်များသည် တောင့်တင်းရုံသာ မက သူတို့ ကိုယ်ပိုင်တောင်များပေါ်မှ စိတ်ဝိညာဉ် စွမ်းအင်များအား သူတို့ ကိုယ်ပိုင် တပည့်များ၏ ကျင့်ကြံမှုနှင့် ကိုက်ညီအောင် ပြုပြင်ထားကြပြီး ဖြစ်သည်။

ဂိုဏ်းတိုင်း၏ တည်ထောင်သူများသည်
သူတို့ဂိုဏ်းများကို ထူထောင်ရန် အသင့်လျော်ဆုံး
နေရာတစ်ခုကို ရွေးချယ်ရမည် ဖြစ်သည်။
ထိုနေရာသည် စိတ်ဝိညာဉ် စွမ်းအင်များ
ကြွယ်ဝသော နေရာတစ်ခု ဖြစ်ရန် လိုအပ်သည်။

အကယ်၍ ဂိုဏ်းတစ်ဂိုဏ်း၏ တောင်က
အဖျက်ဆီးခံခဲ့ရလျှင် အချိန်၊ စွမ်းအင်နှင့်
အရင်းအမြစ်တို့ လုံလောက်စွာ ရှိပါက ပြန်လည်
တည်ဆောက်ရန် ဖြစ်နိုင်သေးသော်လည်း
အကယ်၍ စိတ်ဝိညာဉ် စွမ်းအင်များ
လွင့်ပြယ်သွားပါက အခြားနေရာ တစ်ခုကို ထပ်မံ၍
ရှာဖွေရမည် ဖြစ်သည်။

ဤကဲ့သို့ဆိုလျှင် ဂိုဏ်း၏ စွမ်းအားများသည်
အကြီးအကျယ် ယိုယွင်းလာပေမည်။

နတ်ဘုရား နယ်မြေသည် တည်ရှိနေသည်မှာ
ကြာလှပြီ ဖြစ်၍ စိတ်ဝိညာဥ် စွမ်းအင် ကြွယ်ဝသော
တောင်အများစုမှာ နေရာယူထားခြင်းကို ခံခဲ့ရပြီး
ဖြစ်သည်။ ရှာဖွေတွေ့ရှိခြင်း မရှိသေးသော
တောင်များမှ လွဲ၍ သင့်တော်သော အခြေအနေများ
ရှိနေကာ လွတ်နေသော တောင်များက
မရှိနိုင်ကြတော့ပေ။

အကယ်၍ ဂိုဏ်းများစွာတို့၏ တောင်များက
အဖျက်ဆီးခံခဲ့ရလျှင် သူတို့အနေဖြင့်
သူတို့ဂိုဏ်းများကို ပြန်လည် ထူထောင်ရန်

သင့်တော်သည့် နေရာအသစ် တစ်ခုကို ရှာနိုင်ရန် အမတန်မှ ခက်ခဲသွားမည် ဖြစ်သည်။

အကယ်၍ ဂိုဏ်းတစ်ဂိုဏ်းသည် သူတို့၏ အရင်းအမြစ်များကို သူတို့နှင့်အတူ ယူသွား၍ရလျှင် တော်သေးသည်။ သို့သော်လည်း ဤကဲ့သို့ မလုပ်နိုင်ပါက သူတို့သည် မိစ္ဆာများက သူတို့၏ အရင်းအမြစ်များကို ယူသွားမည်ကို ကြည့်သာ ကြည့်နေနိုင်ပေမည်။

ယေဘုယျအားဖြင့် ပြောရလျှင် လူသားနှင့် မိစ္ဆာတို့၏ တိုက်ပွဲများ အကြားမှ အဓိက ပစ်မှတ်များသည် အရင်းအမြစ်နှင့် နယ်မြေများ ဖြစ်ကြသည်။ နှစ်ဦးနှစ်ဘက်တို့၏ အကြားတွင် ကြီးမားသော ရန်ငြိုးရှိနေခြင်း မရှိပါက

တစ်ဘက်ဘက်က အကြီးအကျယ် ဖျက်ဆီးမှုမျိုးကို ပြုလုပ်လေ့ မရှိချေ။

သို့သော်လည်း ယခု အချိန်တွင် အခြေအနေက ထူးခြားနေသည်။ မိစ္ဆာများသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် အကြီးအကျယ် ရှုံးနိမ့်သွားခဲ့သဖြင့် သူတို့က မည်ကဲ့သို့ တုံ့ပြန်လာလိမ့်မည်ကို ခန့်မှန်း၍ မရချေ။

သူတို့သည် ဝိညာဥ်ပင်လယ် တိုက်ပွဲအပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့က လက်စားပြန်ချေမည်ကို စိုးရိမ်နေကြဦးမည် ဖြစ်သော်လည်း ဝိညာဥ်ပင်လယ်၏ ရလဒ်ကို မည်သူကမှ ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်ချေ။

ဟေးဒီးစ် မျိုးနွယ်စုများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့နှင့် ယှဉ်ပြိုင်ရန် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်မည်မှာ သေချာနေသည်။

ဝိညာဉ်ပင်လယ်၏ အခြေအနေသည် ရှုပ်ထွေး၍ ထူးခြားသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် အချင်းချင်း ယာယီပူးပေါင်းကာ ဟေးဒီးစ်မျိုးနွယ်စုအား နှိမ်နင်းပြီးမှ အချင်းချင်း ပြန်လည် ယှဉ်ပြိုင်နိုင်ခြေ ရှိသော်လည်း ထိုအရာသည် သဘောတရားသာ ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ရန် ခက်ခဲသည်။ ပါဝင် ယှဉ်ပြိုင်သော သူများသည် သူတို့၏ ကိုယ်ပိုင်

အစီအစဉ်များအတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သည်.

သူတို့သည် နောက်ဆုံး တိုက်ခိုက်ကြသော အချိန်သည် အရေးပါသော အခိုက်အတန့် ဖြစ်၍ မည်သူကမှ အလျှော့ပေးရန် ပြော၍ရမည် မဟုတ်ချေ။ လူတိုင်းသည် အတတ်နိုင်ဆုံး အနိုင်ရရန် ကြိုးစားရမည် ဖြစ်သည်။

ဤကဲ့သို့သော ထူးခြားသည့် အခြေအနေကြောင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် ကျန်သောသူများသည် နတ်ဘုရား နယ်မြေအား ခြိမ်းခြောက်နိုင်သည့် အခွင့်အရေး ရှိနေသည်။

လင်းဖုန်း ပြောထားခဲ့သကဲ့သို့ပင် ရွှမ်းလီသည် နတ်ဘုရား နယ်မြေ အတွင်းတွင် နေနေမည် ဖြစ်သည်။ သူမသည် မိစ္ဆာများအား ခြိမ်းခြောက်နိုင်သော်လည်း နတ်ဘုရား နယ်မြေသည် လွန်စွာ ကျယ်ပြန့်လှသဖြင့် သူမသည် နတ်ဘုရား နယ်မြေ တစ်ခုလုံးကို ကာကွယ်နိုင်မည် မဟုတ်ချေ။

ရွှမ်းလီသည် ကိုယ်ပိုင် လွတ်လပ်မှုကို ရရှိနေသော်လည်း မိစ္ဆာများသည် နတ်ဘုရား နယ်မြေအား တိုက်ခိုက်ခဲ့သော အချိန်တွင် သူမအား ရှောင်ရှားနေကြမည် ဖြစ်သည်။

လင်းဖုန်းက ပြောလိုက်သည်။ "ရဲဘော်တို့… ခင်ဗျားတို့ အားလုံးက စိတ်သိပ်ပူနေစရာလည်း

မလိုပါဘူး… ဟင်းလင်းပြင် ဘုရားကျောင်းက ထိုက်ရီသူတော်စင်နဲ့ ကျန်တဲ့သူတွေက ကျုပ်နဲ့အတူ ဝင်ရောက်မှာ ဖြစ်တယ်… ဆက်သွယ်မှုတွေ ပြတ်တောက်နေပြီး ကျုပ်တို့က ဘာဖြစ်နေမှန်းကို မသိနိုင်ပေမဲ့ မိစ္ဆာတွေကလည်း ကျုပ်တို့လိုမျိုး စိုးရိမ် ပူပန်နေနိုင်တယ်"

"နတ်ဘုရား နယ်မြေ အတွင်းက အခြေအနေတွေက ကျိုးပေါက်တဲ့ အဆင့်ကို မရောက်သေးပဲ အချိန်ဆွဲလိုရနေသေးရင် ရွှမ်းလီက အခြေအနေတွေကို ကိုင်တွယ်နိုင်လိမ့်မယ်"

ဂူကျွန်း၊ ရှီကျုံးထန်းနှင့် ကျန်သောသူများသည် လင်းဖုန်းအား ကြည့်လိုက်ကြကာ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ နောက်ဆုံးတွင်

တစ်ယောက်သည် သူ့ကိုယ်သူသာ ကာကွယ်နိုင်မည် ဖြစ်သည်။ ရှမ်းလီက လူသားများကို စောင့်ကြည့်နေပေးသည့်တိုင် သူတို့သည် ဘေးကင်း လုံခြုံစေရန် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရမည် ဖြစ်သည်။

အကယ်၍ တစ်ယောက်သည် သူ၏ ကိုယ်ပိုင် စွမ်းရည်များကိုပင် အသုံးပြုကာ စစ်ကူများ ရောက်လာသည် အထိ ရန်သူများကို အချိန်မဆွဲပေးနိုင်ပါက အရာအားလုံးတို့သည် အချည်းနှီး ဖြစ်သွားမည် ဖြစ်သည်။

မဟာ အခွင့်အရေးများ အကြားတွင် ကြီးမားသော အန္တရာယ်များ ရှိနေနိုင်သည်။ ဝိညာဥ်ပင်လယ် တိုက်ပွဲကလည်း ဤအတိုင်းပင် ဖြစ်သည်။

ရှီကျုံးထန်းသည် သူ၏နေရာတွင် ထိုင်နေရင်း သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူသည် စဥ်းစားနေသော်လည်း စကား မပြောခဲ့ပေ။ သူသည် သူမဖြေရှင်းနိုင်သော တစ်စုံတစ်ခုကြောင့် ဒုက္ခရောက်နေသကဲ့သို့ ဖြစ်နေသည်။

သူသည် လင်းဖုန်းအား ကြည့်၍ ရုန်းကန်နေသော အကြည့်တစ်ခုကို ဖော်ပြလိုက်သည်။ သို့သော်လည်း သူသည် ပြီးတာနှင့် တည်ငြိမ်သည့်ပုံ ပေါက်လာပြီး သူ၏ မျက်မှောင်များကို ကြုတ်ထားခြင်း မရှိတော့ပေ။

ရှီရှင်းယွမ်သည် ဤနှစ်များအတွင်းတွင် သူမမိခင်နှင့် ရှီချုံးယွမ်တို့အား တွေ့ရန် ရှီးလင်မြို့သို့

တစ်ခါတစ်ရံ ပြန်လာခဲ့သော်လည်း မဟာချင်
အင်ပါယာနှင့် နီးစပ်စွာ မနေခဲ့ပေ။

မဟာချင် အင်ပါယာ အနေဖြင့် သူတို့၏
စွမ်းအားများကို အရေးပေါ် တိုးမြှင့်ရန်
လိုအပ်နေသည်။

ဗုဒ္ဓဝါဒ၏ ကမ္ဘလမ်းစဉ်နှင့် ဂူအင်ပါယာ၏
မြင့်မြတ်သော လီဟော်မန္တန်၏
ပြောင်းလဲမှုများသည် သူ့အား စမ်းကြည့်ရန်
စိတ်ပိုင်းဖြတ်စေခဲ့သည်။

အကယ်၍ တော်ဝင်နဂါး ငါးကောင်တို့၏
လျှို့ဝှက်ကျမ်းစာကို အဆင့်မြှင့်နိုင်ခဲ့မည် ဆိုပါက

မဟာချင် အင်ပါယာမှ ကျင့်ကြံသူများကသာ
အကျိုးအမြတ် ရရှိလိမ့်မည် မဟုတ်ချေ။
ရှီးလင်မြို့၏ ဝက်ပါနှင့် မဟာချင် အင်ပါယာ
စုဆောင်းနိုင်သော နဂါးစွမ်းအင်များကလည်း
အကျိုးအမြတ် ရရှိပေလိမ့်မည်။

အကယ်၍ ထိုပြောင်းလဲမှုများသည် ရေတိုတွင်
မလုံလောက်သေးပါကလည်း ပြုပြင်ထားသော
တော်ဝင်နဂါး ငါးကောင်တို့၏
လျှို့ဝှက်ကျမ်းစာသည် ရှီရှင်းယွမ်အတွက်
အကျိုးရှိစေမည် ဖြစ်သည်။

ယခုအချိန်တွင် ရှီရှင်းယွမ်၏ စွမ်းရည်များသည်
ဖြည်းဖြည်းချင်း တိုးတက်နေသည်။ သူသည်

အရံအတားများကို ချိုးဖောက်ကာ ပိုမို တိုးတက်ရန် လိုအပ်နေသည်။

ရှီကျုံးထန်း အနေဖြင့် ရှီရှင်းယွမ်နှင့် ဇူရီ၊ ရှီထျန်းဟောင်တို့ အကြားမှ ဆက်ဆံရေးများကို သိနေခဲ့သည်။ သူသည် ယခင်က ရှီရှင်းယွမ် အနေဖြင့် ဇူရီနှင့် နည်းစနစ် အကြံဉာဏ်များကို ဖလှယ်ခဲ့သည်ကိုပင် သိနေသေးသည်။

သို့သော်လည်း တော်ဝင်နဂါး ငါးကောင်တို့၏ လျှို့ဝှက်ကျမ်းစာသည် မဟာချင် အင်ပါယာ၏ အဆင့်အမြင့်ဆုံး ကျမ်းစာဖြစ်သည်။ မဟာချင် အင်ပါယာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာမိတ် ဖြစ်သဖြင့် သူတို့သည် မဟာချင် အင်ပါယာအား မပြောပဲ ထိုကျမ်းစာကို

ထိမည်မဟုတ်ချေ။ ထို့အပြင် ရှီကျုံးထန်းနှင့် ကျန်သောသူများသည် တစ်စုံတစ်ခုကိုမှ အာရုံမခံမိကြချေ။

ထို့အတူပင် ရှီရှင်းယွမ်သည် ယခုအချိန်တွင် သီးသန့် ကျင့်ကြံသူတစ်ယောက် ဖြစ်သွားခဲ့သော်လည်း သူမနှင့် ဇူရီ၊ ရှီထျန်းဟောင်တို့ အကြားမှ တာအိုဝါဒ ဆွေးနွေးမှုတွင် တော်ဝင်နဂါး ငါးကောင်တို့၏ လျှို့ဝှက်ကျမ်းစာ မပါပေ။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရှေးဟောင်း အင်မော်တယ် ကျမ်းစာအား အမှန်ပင် တိုးတက်အောင် ပြုလုပ်နိုင်စွမ်း ရှိပါက ဂူအင်ပါယာ အတွက် အကြီးမားဆုံး အထောက်အပံ့ ဖြစ်ပေလိမ့်မည်။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အနေဖြင့် အမှန်ပင် မဟာချင် အင်ပါယာအား တော်ဝင်နဂါး ငါးကောင်တို့၏ လျှို့ဝှက်ကျမ်းစာအား အဆင့်မြှင့်ပေးခဲ့ပါ မဟာချင် အင်ပါယာသည် သူတို့အား ကျေးဇူးအကြွေး ကြီးမားစွာ တင်သွားပေမည်။

သို့သော်လည်း ရှီကျုံးထန်း အနေဖြင့် ဤကိစ္စအား အလေးအနက် စဉ်းစားနေခြင်း မရှိပေ။ နဂါးများသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်ရန် လျှို့ဝှက်သော့ ရထားသလော ဟူသည်ကို မည်သူကမှ အတည်ပြုနိုင်စွမ်း မရှိပေ။ ဝိညာဉ်ပင်လယ် ပွင့်လာပါက နဂါးများသည် ထိုပင်လယ် အတွင်းသို့ ဝင်မည်လော သို့မဟုတ်

မဟာကမ္ဘာ အတွင်းတွင်သာ နေနေမည်လော
ဟူသည်ကို တစ်ယောက်မှ မသိချေ။

မဟာချင် အင်ပါယာ တစ်ခုလုံး အနေဖြင့်
နဂါးများသည် ဝိညာဥ်ပင်လယ် လျှို့ဝှက်သော့အား
ပိုင်ဆိုင်ထားလျှင်ပင် သူ့အတွင်းသို့ ဝင်လိမ့်မည်
မဟုတ်ဟု ယုံကြည်ရန် လုံလောက်သော
အကြောင်းရင်းများ ရှိနေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့က ဝိညာဥ်ပင်လယ် အတွင်းသို့
ဝင်ရောက်သွားပါက သူတို့သည် နတ်ဘုရား
နယ်မြေကို တိုက်ခိုက်ရန် စောင့်ဆိုင်းနေနိုင်သည်။
သူတို့သည် မဟာချင် အင်ပါယာနှင့်
ရှီရှင်းယွမ်တို့အား ဖျက်ဆီးနိုင်ရန်

ဝိညာဥ်ပင်လယ်ကို ယှဥ်ပြိုင်နိုင်သည့်
အခွင့်အရေးကို လက်လွတ်ခံနိုင်ကိန်း ရှိသည်။

လင်းဖုန်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သာ
မရှိလျှင် မဟာချင် အင်ပါယာ အနေဖြင့် အကယ်၍
မူလနဂါး ဘုရင်က ရှီးလင်မြို့ အတွင်းသို့
ဝင်လာပါက အကြီးအကျယ် ဒုက္ခရောက်နိုင်သည်။
အကယ်၍ ရွှမ်းလီက ရှီးလင်မြို့တွင် တစ်ချိန်လုံး
စောင့်ကြပ်မနေလျှင် ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် မဟာချင် အင်ပါယာ
အနေဖြင့် ဤပြဿနာအား နှစ်ပေါင်းများစွာ
စဥ်းစားနေခဲ့ခြင်း ဖြစ်သည်။ သူတို့သည်
ရှီရှင်းယွမ်အား မဟာချင် အင်ပါယာထံသို့
ပြန်လာရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုနေသည်။

ရှောင်ယန်၏ နန်းမင် အကြွင်းမဲ့ မီးတောက်အား တွေ့ခဲ့ရပြီး ဝိညာဉ်ပင်လယ်က ပြန်ပွင့်တော့မည်ဟု လင်းဖုန်းက အတည်ပြုအပြီးတွင် ရှီကျုံးထန်းသည် စိတ်ပိုင်းဖြတ်လိုက်သည်။

ကျန်သော ကျင့်ကြံသူများသည်လည်း ရှီကျုံးထန်းအတိုင်း စိတ်ရှုပ်ထွေးစွာ ခံစားနေရပြီး သူတို့၏ စိတ်အတွင်းတွင် မရေမတွက်နိုင်သော အတွေးများ ပေါ်လာကြသည်။

လင်းဖုန်းသည် သူ၏ ပတ်ဝန်းကျင်အား အကဲခတ်၍ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ကျုပ်က ဒီကိစ္စကြောင့်မို့ တစ်ယောက်ကိုမှ အတိုက်ခိုက်မခံရစေလိုဘူး… သုံးရက်အပြီးမှာ

ကျုပ်က သင်ခန်းစာ ပို့ချမယ်…
စိတ်ဝင်စားတဲ့သူတိုင်းဟာ သူတို့ရဲ့ တပည့်တွေနဲ့
အတူ လာတက်နိုင်တယ်… တကယ်လို့
ခင်ဗျားတို့က ဒီကနေ အကျိုးအမြတ် ရရှိခဲ့ရင်
ကျုပ်ရဲ့ သဘောထားက ရိုးသားတယ်ဆိုတာကို
သိနိုင်လိမ့်မယ်"

သူ့စကားကို ကြားခဲ့ရသော အခါ အားလုံးတို့က
တုန်ခါသွားကြသည်။ သူတို့သည် လင်းဖုန်း
ဆိုလိုနေသည့် အဓိပ္ပာယ်ကို ကောင်းစွာ
နားလည်နေကြသည်။ မည်သည့်ဂိုဏ်းမဆို သူတို့၏
နည်းစနစ်များ ပြည့်စုံစေရန် လင်းဖုန်းကို
တိုင်ပင်နိုင်ကြမည် ဖြစ်သည်။

## စာစဉ် ၇၁ : အပိုင်း ၈

## အပိုင်း ၁၃၇၈ : အခြေအနေ အသစ်

ကမ္ဘောဝါဒ ဆွေးနွေးပွဲကြောင့် ဖြစ်ပေါ်ခဲ့သည့် ရုတ်ရုတ်သဲသဲ အခြေအနေသည် အချိန် ကြာလာသည်နှင့် အမှု တည်ငြိမ်လာပြီ ဖြစ်သည်။ သို့သော်လည်း ပြုပြင်ထားသည့် မြင့်မြတ်သော လီဟော်မန္တန်နှင့် ပြုပြင်နိုင်ရန် အလားအလာ ရှိသည့် ရှေးဟောင်း အင်မော်တယ် ကျမ်းစာတို့ကြောင့် နောက်ထပ် ရုတ်ရုတ်သဲသဲ ထပ်ဖြစ်လာခဲ့သည်။

သူတို့ အများစုသည် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာများက နတ်ဘုရား နယ်မြေကို လာရောက် တိုက်ခိုက်ခဲ့ပါက ရင်ဆိုင်နိုင်ရန် သူတို့၏

စွမ်းရည်များကို အချိန်မီ မြှင့်တင်နိုင်မည် မဟုတ်ကြသော်လည်း ဤဖြစ်စဉ်ကို လွန်စွာမှ စိတ်ဝင်စားနေကြသည်။ ဘာပဲပြောပြော ဤကိစ္စ၏ လွှမ်းမိုးမှုသည် ရေတိုမဟုတ်ပဲ ရေရှည်အတွက် ကြီးမားသည့် သက်ရောက်မှုများ ရှိနိုင်သည်။

အားလုံးတို့သည် တည်ငြိမ်နေသော လင်းဖုန်းအား ကြည့်လိုက်ပြီး သူတို့၏ စိတ်အတွင်းတွင် အတွေးများစွာ ပေါ်လာကြသည်။ "လင်းဖုန်းက အခုအချိန်မှာ သူ့ကိုယ်သူ ကမ္ဘာအတွင်းမှာ နံပါတ်တစ်လို့ ထင်နေသလား မသိဘူး"

တည်ငြိမ်နေသော ရှီကျုံးထန်းနှင့် ယှဉ်လိုက်လျှင် ကျိဝမ်လွေသည် သူ၏ မျက်လုံးများကို ပိတ်ထားပြီး မည်သည့် အမူအရာကိုမှ မပြနေချေ။

သူ၏ မျက်လုံးများ အတွင်းမှ လင်းလက်နေသော
အလင်းတန်းအား မည်သူကမှ မမြင်နိုင်ချေ။
ဤခေါးကျင့်ကြံသူ၏ စိတ်အခြေအနေကလည်း
ရိုက်ခတ်မှု ခံခဲ့ရသည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

သူ၊ ထျန်းကန်း ခေါးမာစတာနှင့်
ကျန်သောသူများသည် ယခင်က ချန်းမင်
ခေါးမာစတာကဲ့သို့ တစ်ယူသန်ခြင်း မရှိချေ။
သူတို့သည် ဤနှစ်များ အတွင်းတွင် သူတို့၏
ကိုယ်ပိုင် နည်းစနစ်များကို ပြန်လည်သုံးသပ်၍
တိုးတက်အောင် တီထွင် ကြံဆနေကြသည်။

သို့သော်လည်း ယခုအချိန်တွင် အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသော ခံစားချက်ကို သူက ပြင်းထန်စွာဖြင့် ခံစားနေရသည်။

နတ်ဘုရား နယ်မြေက အားနည်းသွားပါက စူတောင်ခေးဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့သည် အကြီးမားဆုံးသော အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်သည်။ မဟာချင် အင်ပါယာသည် နဂါးတို့၏ ဖိအားများကို ရင်ဆိုင်ရမည် ဖြစ်၍ စူတောင်ခေးဂိုဏ်းသည် ရှေးဟောင်းလူဝံ မိစ္ဆာတို့၏ ခြိမ်းခြောက်မှုကို ခံရနိုင်သည်။

စူတောင်ခေးဂိုဏ်းနှင့် ရှေးဟောင်းလူဝံ မိစ္ဆာတို့၏ ရန်ငြိုးရန်စသည် ရန်ချန်းမေ့က ထိုအချိန်က အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား

သတ်ဖြတ်ခဲ့ချိန်မှ စတင်ခဲ့သည်။ ထို့ကြောင့်ပင် ရှန်းယွမ်က စူတောင်အား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အခြား လူသား ကျင့်ကြံသူများ၏ ကူညီမှုကိုသာ မရခဲ့ပါက စူတောင်သည် ပျက်သုဥ်းသွားခဲ့မည် ဖြစ်သည်။ သို့တိုင်အောင် သူတို့သည် အကြီးအကျယ် ဆုံးရှုံးခဲ့ရပြီး ဂိုဏ်း၏ သမိုင်းအတွင်းတွင် အကြီးမားဆုံး အကျပ်အတည်းများ အနက်မှ တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသေးသည်။

ရှန်းယွမ် ကျဆုံးသွား အပြီးတွင် ရှေးဟောင်းလူဝံ မိစ္ဆာများသည် နိမ့်ကျသွားခဲ့သည်။ စူတောင်ဓားဂိုဏ်းနှင့် ရှေးဟောင်းလူဝံ

မိစ္ဆာများကလည်း ထိုအချိန်ကစပြီး နောက်ထပ်
ထိပ်တိုက် ရင်ဆိုင်ခြင်း မရှိကြတော့ပေ။
စူတောင်ခေါးဂိုဏ်းသည် သူတို့အား
အပြတ်ရှင်းနေကြလိုသော်လည်း သူတို့၏
ဆန္ဒများသည် ဘယ်တော့ကမှ မပြည့်ခဲ့ပေ။

နှစ်ဦးနှစ်ဘက်တို့ အကြားတွင် သတ်ဖြတ်မှုများ
ရှိခဲ့သော်လည်း ပဋိပက္ခ ကြီးကြီးမားမား
မဖြစ်ပွားခဲ့ပေ။ အနီရောင် ဂေါ်ရီလာ
လူဝံမိစ္ဆာများသည် စူတောင်ခေါးဂိုဏ်းအား သူတို့၏
မဟာရန်သူ အဖြစ် သတ်မှတ်ထားကြသည်။

ယခုအချိန်တွင် အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတသည် ဗီပရာလိုပါ အဆင့်သို့
ရောက်သွားပြီ ဖြစ်သဖြင့် လက်ရှိမျိုးဆက်

အနီရောင် ဂေါ်ရီလာများသည် ပို၍
အစွမ်းထက်လာကြသည်။ အကယ်၍ မိစ္ဆာများသည်
နတ်ဘုရား နယ်မြေ အထူးသဖြင့် စူတောင်အား
တိုက်ခိုက်ခဲ့ပါက သူတို့သည် အလွှမ်းမိုး ခံရမည်
ဖြစ်သည်။

ကျိဝမ်လွေသည် သူ၏ မျက်လုံးများကို ပိတ်လိုက်ပြီး
အနားယူနေပုံ ပေါက်နေသည်။ သို့သော်လည်း
အမှန်တွင် သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင်
ထိန်းနေပြီး ကိစ္စများကို စဉ်းစားနေခြင်း ဖြစ်သည်။

သူယခုလာခဲ့ရခြင်း၏ အကြောင်းရင်းမှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ဝိညာဉ်ပင်လယ်
အကြောင်းကို ဖော်ပြခဲ့၍ ဖြစ်သည်။

ဤအရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အတွက် ရောမ အခွင့်အရေး တစ်ခု ဖြစ်နိုင်သော်လည်း စူတောင်ဓားဂိုဏ်း အတွက်မူ ကပ်ဆိုးတစ်ခု ဖြစ်လာနိုင်သည်။

အကယ်၍ ရှေးဟောင်းလူဝံ မိစ္ဆာများသည် ဝိညာဥ်ပင်လယ် လျှို့ဝှက်သေ့အား ရရှိခဲ့ပါက သူတို့သည် ဝိညာဥ်ပင်လယ် အပေါ်တွင် အာရုံစူးစိုက်ကြမည် ဖြစ်သည်။ ဝိညာဥ်ပင်လယ် ပွင့်လာသော အချိန်တွင် သူတို့သည် ဝိညာဥ်ပင်လယ် အတွင်းသို့သာ ဝင်ရောက်ကြမည် ဖြစ်ပြီး စူတောင်ဓားဂိုဏ်း အနေဖြင့် စိတ်ပူစရာ မလိုနေပေ။

အကယ်၍ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတက
လာရောက် တိုက်ခိုက်ခဲ့သေးပါကလည်း
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ
မပါလာပါက စူတောင်ဓားဂိုဏ်းသည်
ရေတိုအနေဖြင့် သူ့အား ခုခံနိုင်မည် ဖြစ်သည်။

ကောင်းကင်ဖျက်ဆီး ဓားသည် နတ်ဘုရား နယ်မြေ
အတွင်းတွင် ကျန်နေခဲ့မည် ဖြစ်သဖြင့် အကယ်၍
အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
အချိန်တိုအတွင်း သူ၏ ကိစ္စများကို
မဖြေရှင်းနိုင်ပါက မဟာလွင်တီးခေါင် ကုန်းမြေကို
ပြန်နိုင်မည်လော ဟူသည်ကို ပူပန်ရမည် ဖြစ်သည်။

သို့သော်လည်း အကယ်၍ ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတသည် ဝိညာဉ်ပင်လယ်

လျှို့ဝှက်သော့အား မရထားပါက
စူတောင်ခေးဂိုဏ်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့က နတ်ဘုရား နယ်မြေ
အတွင်းမှ ထွက်သွားသည်နှင့် ကြီးမားသော
ဖိအားများနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

ကျန်သောဂိုဏ်းနှင့် အင်အားစုများကလည်း
အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။ သို့သော်လည်း
သူတို့သည် မဟာချင် အင်ပါယာနှင့်
စူတောင်ခေးဂိုဏ်းတို့ကဲ့သို့ အဓိက ပစ်မှတ်များ
ဖြစ်နေကြမည် မဟုတ်ချေ။

သူတို့နှင့် မိစ္ဆာများ၏ ရန်ငြိုးရန်စသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်

ဘုရားကျောင်းတို့နှင့် ယှဉ်လိုက်လျှင် ဤမျှအထိ
မနက်ရှိုင်းချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင်
ယုကျင်းတောင်နှင့် ယင်ပင်လယ်တို့ ရှိနေပြီး ခုခံရန်
လွယ်ကူကာ အတိုက်ခိုက်ခံရရန် ခက်ခဲသည်။
ဟင်းလင်းပြင် ဘုရားကျောင်းသည်
စူတောင်ဓားဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့နှင့်
အတူ လွယ်ကူသော ပစ်မှတ်တစ်ခု ဖြစ်သည်။
သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်းသည်
စူတောင်ဓားဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့နှင့်
စာလျှင် ပို၍ သန်မာသည်။

ကောင်းကင်မာစတာ ဓားမာစတာသည်
ဤအချိန်တွင် သူ၏ပါးစပ်အား ဟလိုက်သည်။

"မာစတာလင်း… ဝိညာဥ်ပင်လယ် ပြန်ပွင့်လာတာနဲ့ နတ်ဘုရား နယ်မြေ အတွင်းကို လာရောက်တိုက်ခိုက်မယ့် မိစ္ဆာတွေကို ခြုံခိုတိုက်ခိုက်နိုင်ဖို့ နည်းလမ်းတစ်ခုကို စဥ်းစားလို့ မရဘူးလား"

"ခင်ဗျား အစောက ပြောထားသလိုပဲ ခင်ဗျားတို့ အားလုံးက ဝိညာဥ်ပင်လယ် အတွင်းကို ရောက်သွားတာနဲ့ ဆက်သွယ်ဖို့ ခက်ခဲသွားပြီ… မိစ္ဆာတွေကလည်း ခင်ဗျားတို့ဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ဟာ ဝိညာဥ်ပင်လယ် အတွင်းကို ဝင်သွားပြီလား ဆိုတာကို အတည်ပြုဖို့ ခက်ခဲနေမှာပဲ"

သူသည် တစ်စုံတစ်ရာကိုမှ မဖော်ပြခဲ့သော်လည်း အားလုံးတို့သည် သူပြောချင်နေသည့် အရာကို အာရုံခံနိုင်ခဲ့သည်။

နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ထိပ်သီး စွမ်းအားစုများသည် ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်ရောက်ကြမည် ဖြစ်သည်။ သို့သော်လည်း လူသားများတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ ပါကြပြီး မိစ္ဆာများတွင် ဟေးဒီးစ် မျိုးနွယ်စုသာ ပါနေခဲ့သည်။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် အချင်းချင်း ညှိနှိုင်းပြီး သူတို့အနက်မှ တစ်ဖွဲ့သာ

ဝိညာဥ်ပင်လယ် အတွင်းသို့ အရင် ဝင်သွားခဲ့လျှင် ဟေးဒီးစ် မျိုးနွယ်စုများသည် အသာစီး မရနိုင်ပဲ ကျန်သောဂိုဏ်းများသည် ဤအခွင့်အရေးကို အသုံးချကာ အခြား မိစ္ဆာများကို သတ်ဖြတ်နိုင်ကြမည် ဖြစ်သည်။ ဤအရာသည် လူသားများအတွက် ပို၍ အခွင့်သာစေသော အခြေအနေ ဖြစ်သည်။

သို့သော်လည်း မေးခွန်းမှာ မည်သူက အခြားတစ်ဘက် အတွက် မိမိကိုယ်ကိုယ် အနစ်နာ ခံနိုင်ရန် လိုလားသနည်း ဟူသည်ပင် ဖြစ်သည်။ ဤအရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့၏ ဆက်ဆံရေးများက တင်းမာနေသည်ကို ထည့်မတွက်ထားရသေးပေ။

ဝိညာဥ်ပင်လယ် အတွင်းသို့ ပထမဆုံး ဝင်နိုင်သည့် အဖွဲ့သည် အသာစီး ရနိုင်မည်ဟု အသေအချာ ပြော၍မရချေ။ ဝိညာဥ်ပင်လယ်အား ကျင့်ကြံမှုသည် ဤမျှ လျင်မြန်စွာ မပြီးမြောက်နိုင်ချေ။

ထို့အပြင် ဝိညာဥ်ပင်လယ် အတွင်းသို့ ပထမဆုံး ဝင်သွားသည့် အဖွဲ့သည် ဟေးဒီးစ် မျိုးနွယ်စုနှင့် တိုက်ခိုက်ရမည် ဖြစ်သည်။

သို့သော်လည်း ဝိညာဥ်ပင်လယ် အတွင်းသို့ ပထမဆုံး ဝင်နိုင်သည့် အဖွဲ့သည် အားသာချက် ရှိနေသည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခုအချိန်တွင် နတ်ဘုရား နယ်မြေ အတွင်းတွင် အသာစီး ရနေသည်။ သို့သော်လည်း အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်းသည် ဝိညာဉ်ပင်လယ်အား ထိန်းချုပ်နိုင်ခဲ့ပါက နတ်ဘုရား နယ်မြေ အတွင်းမှ အခြေအနေသည် ပြောင်းလဲသွားတော့မည် ဖြစ်သည်။

အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်းသည် ဝိညာဉ်ပင်လယ်အား ထိန်းချုပ်သွားနိုင်ခဲ့ပါက အိမ်မက်ဆိုး ဖြစ်သွားမည်ဟု အားလုံးတို့က ယုံကြည်နေကြသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဝိညာဉ်ပင်လယ်အား ရရှိနိုင်ခဲ့လျှင်လည်း ကောင်းမွန်သော ကိစ္စတစ်ခု ဖြစ်လာမည်ဟု မဆိုလိုပေ။

ဤအရာသည် သူတို့နှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့ အကြားမှ ဆက်ဆံရေးနှင့်
ဘာမှမဆိုင်ပဲ ကိုယ်ရေးကိုယ်တာများ မပါချေ။
ဤအရာသည် ဂိုဏ်းအသီးသီးမှ ခေါင်းဆောင်များ၏
ခံစားချက် သက်သက်သာ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အပေါ်တွင် လုံးဝ
မှီခိုနေသော ထာဝရ တောင်တန်းဂိုဏ်းမှ လွဲ၍
ကျန်သော ဂိုဏ်းနှင့် အင်အားစုများတွင် သူတို့၏
ကိုယ်ပိုင်သီးသန့် အတွေးအခေါ်များ ရှိသည်။
သူတို့သည် တစ်စုံတစ်ယောက်က သူတို့၏
အပေါ်တွင် အမြဲ ရပ်တည်နေမည်ကို
မလိုလားနေကြပေ။

အကယ်၍ တစ်စုံတစ်ယောက်သည် ဝင်ရောင်
စွက်ဖက်နိုင်သော စွမ်းရည်ရှိပါက သူတို့သည်
ထိုသို့ပြုလုပ်ရန် တွေဝေနေမည် မဟုတ်ချေ။
ဟင်းလင်းပြင် ဘုရားကျောင်းကလည်း အတူတူပင်
ဖြစ်သည်။

သို့သော်လည်း ဝိညာဥ်ပင်လယ် အတွင်းသို့
ဝင်ရောက်ရန် လိုအပ်ချက်မှာ အလွန်အမင်း
တင်းကျပ်၍ တောင်းဆိုမှု များပြားသည်။ အကယ်၍
တစ်စုံတစ်ယောက်သည် ထိုလိုအပ်ချက်များကို
မဖြည့်ဆည်းနိုင်ပါက ဝိညာဥ်ပင်လယ် အတွင်းသို့
ဝင်ရောက်နိုင်မည် မဟုတ်ချေ။

ဂူကျွန်းသည် ကောင်းကင်မာစတာ ခါးမာစတာအား
ကြည့်၍ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဘယ်မိစ္ဆာ မျိုးနွယ်စုက ဝိညာဥ်ပင်လယ် အတွင်းကို ဝင်နိုင်လိမ့်မယ်လို့လည်း ကျုပ်တို့က အတည်မပြုနိုင်သေးဘူး"

"တကယ်လို့ နဂါးတွေနဲ့ ရှေးဟောင်းလူဝံ မိစ္ဆာတွေက ဟေးဒီးစ် မျိုးနွယ်စု၊ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့နဲ့ အတူ ဝိညာဥ်ပင်လယ် အတွင်းကို ဝင်သွားခဲ့ရင် ဝိညာဥ်ပင်လယ် အတွင်းကို တစ်ယောက်တည်း ဝင်သွားတဲ့ အဖွဲ့ရဲ့ ဖိအားတွေက အမတန်မှ ကြီးသွားလိမ့်မယ်"

"တကယ်လို့ ကျုပ်တို့က အဲ့ဒီနေရာမှာ ခြံခိုတိုက်ခိုက်ရုံသာ ရည်ရွယ်ထားရင် တကယ်လို့ ရန်သူတွေက ပေါ်မလာခဲ့ရင် ကျုပ်တို့ရဲ့

အားထုတ်မှုနဲ့ အချိန်တွေက အလဟဿ ဖြစ်သွားလိမ့်မယ်"

"တကယ်လို့ ကျုပ်တို့က သွားရောက်ပြီးမှ တိုက်ခိုက်ခဲ့ရင်လည်း အစောပိုင်းက ပြဿနာတွေကိုပဲ ပြန်တွေ့ရမယ်... ကျုပ်တို့က ဘယ်မိစ္ဆာ မျိုးနွယ်စုတွေက ကျန်နေပြီး ဘယ်မိစ္ဆာ မျိုးနွယ်စုတွေက ဝိညာဉ်ပင်လယ် အတွင်းကို ဝင်သွားသလဲ ဆိုတာကို မသိနေဘူး"

လျှပ်စီး ခေါမာစတာက ဤအချိန်တွင် သူ၏ပါးစပ်ကို ဟလိုက်သည်။ "တကယ်လို့ ကျုပ်တို့ သွားရောက် တိုက်ခိုက်တာက အောင်မြင်သွားရင်တောင် ဝိညာဉ်ပင်လယ်က

မိစ္ဆာတွေရဲ့ လက်အတွင်းကို ကျရောက်သွားခဲ့ရင် ကျုပ်တို့က အောက်စည်းကို ရောက်နေဦးမှာပဲ"

ကောင်းကင်မာစတာ ခါးမာစတာက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်"

အားလုံးက ကသိကအောက် ဖြစ်စွာ ငြိမ်သက်သွားပြီး ပတ်ဝန်းကျင်သည် အနည်းငယ် နေရခက်သကဲ့သို့ ဖြစ်လာသည်။

လင်းဖုန်းသည် သူ၏နေရာတွင် ထိုင်နေရင်း ထိုင်ခုံလက်ရန်းအား အသာခေါက်နေကာ သူ၏နှုတ်ခမ်း ထောင့်စွန်းများသည် လွန်စွာ မသိမသာ တွန့်သွားခဲ့သည်။

တစ်ယောက်ကမှ ဘာမှ မပြောကြသော်လည်း
လင်းဖုန်းအနေဖြင့် သူ့အရှေ့မှ တစ်မျိုးကြီး
ဖြစ်နေသော အခြေအနေသည်
မည်သည့်အတွက်ကြောင့် ဆိုသည်ကို
ကောင်းစွာသိနေသည်။

နတ်ဘုရား နယ်မြေ အတွင်းမှ ကျန်သော ဂိုဏ်းနှင့်
အင်အားစုများ အနေဖြင့် အကယ်၍ ဟေးဒီးစ်
မျိုးနွယ်စုများက ဝိညာဉ်ပင်လယ်ကို
ထိန်းချုပ်နိုင်ခဲ့လျှင် သူတို့အတွက် လုံးဝ
လက်မခံနိုင်သော အခြေအနေ တစ်ခု မဟုတ်ပေ။

အတိုင်းအတာ တစ်ခုအနေဖြင့် ထိုအရာသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်

ဘုရားကျောင်းတို့က ဝိညာဥ်ပင်လယ်ကို
ထိန်းချုပ်နိုင်သည်ထက်ပင် ပို၍ ကောင်းသေးသည်။

အကယ်၍ ဟေးဒီးစ် မျိုးနွယ်စုများက
ဝိညာဥ်ပင်လယ်ကို ရရှိခဲ့လျှင် မဟာလွင်တီးခေါင်
ကုန်းမြေ အတွင်းမှ မိစ္ဆာများက ဖိအားများကို
ပထမဆုံး ခံရမည့်သူများ ဖြစ်ကြသည်။
မြင့်မြတ်သော မိစ္ဆာဧကရာဇ် အသစ်တစ်ပါးက
ထပ်မံ၍ ပေါ်ပေါက်လာနိုင်သည်.

ပြီးမှသာ ဟေးဒီးစ် မျိုးနွယ်စုများသည် နတ်ဘုရား
နယ်မြေ အတွင်းမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟင်းလင်းပြင် ဘုရားကျောင်းတို့ အပေါ်သို့ သူတို့၏
အာရုံများကို ရွှေ့လာမည် ဖြစ်သည်။

ရေရှည်အနေဖြင့် ကြည့်လျှင် ထိုအရာသည် လုံး၀ကို
ကပ်ဆိုးတစ်ပါး ဖြစ်သည်။ အကယ်၍
ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ စွမ်းအားများသည်
ပို၍ တိုးတက်လာပါက သို့မဟုတ် အခြား ဟေးဒီးစ်
မိစ္ဆာများသည် ဟေးဒီးစ် ကေရာဇ်၏
စွမ်းအားအဆင့်သို့ ရောက်လာနိုင်ခဲ့ပါက ဟေးဒီးစ်
မျိုးနွယ်စုသည် ဝိညာဉ်ပင်လယ်မှ တဆင့်
မူလကောင်းကင် ကမ္ဘာအား လုံး၀ ကြီးစိုး
လွှမ်းမိုးမည် ဖြစ်သည်။

သို့သော်လည်း အကယ်၍ ကြိုမသိနိုင်သော
အချက်တစ်ခု ရှိပါက ထိုအရာသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းပင် ဖြစ်ပေလိမ့်မည်။

အကယ်၍ အရေးပေါ် အခြေအနေ ဖြစ်လာပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ပူးပေါင်းမည် ဖြစ်ပြီး ကောင်းကင်ဖျက်ဆီး ဓားသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် တွဲဖက်မည် ဖြစ်သည်။

နှစ်ဦးနှစ်ဘက်တို့၏ စွမ်းရည်နှင့် အောင်မြင်ရန် အခွင့်အရေးတို့မှာ မသေချာနေပဲ မူလကောင်းကင် ကမ္ဘာကြီး၏ ယေဘုယျ အခြေအနေသည် ရှုပ်ထွေးသော်လည်း မျှခြေညီနေသော အဆင့်တွင် ရောက်နေခဲ့သည်။

ဤကဲ့သို့သော အခြေအနေမျိုးသည် အခြားဂိုဏ်းနှင့် စွမ်းအားစုများ၏ အသက်ရှင်သန်မှုနှင့်

မြင့်တက်နိုင်မှုတို့၏ အပေါ်တွင် အပြုသဘော
ဆောင်သော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။

သို့သော်လည်း ထိုကဲ့သို့သော အတွေးမျိုးသည်
တစ်ယောက်၏ စိတ်အတွင်း၌သာ ရှိနိုင်ပြီး
တစ်ယောက်ကမှ ထုတ်ဖော် မပြောရဲကြပေ။

ထို့အပြင် ယခု ရှိနေကြသော ဂိုဏ်းအများစုသည်
ဝိညာဉ်ပင်လယ် ပြိုင်ပွဲအတွင်းတွင် ဝင်မပါနိုင်ကြပဲ
အကယ်၍ သူတို့တွင် အတွေးများ ရှိပါက ကိုယ်ပိုင်
ထင်မြင် ယူဆချက်များသာ ဖြစ်ပေလိမ့်မည်။

သူတို့ လက်ရှိ ရင်ဆိုင်နေရသည့် အကြီးမားဆုံးသော ပြဿနာမှာ ဝိညာဉ်ပင်လယ်ကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များပင် ဖြစ်သည်။

ထို့ကြောင့်ပင် လင်းဖုန်းသည် နောက်သုံးရက်တွင် သက်ရှည်မြို့တော် အတွင်း၌ သင်ခန်းစာ ပို့ချမည် ဖြစ်၍ ဂိုဏ်းတိုင်းမှ အထူးချွန်ဆုံး တပည့်များကို လာရောက် နားထောင်ရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် အဖိုးတန်သော အမြင်များနှင့် အကြံဉာဏ်များကို ပေးစွမ်းနိုင်သည်။ သူတို့သည် နည်းစနစ် တစ်ခုအတွက် သီးသန့်မဟုတ်ပဲ မဟာတာအို၏ သဘောတရားများနှင့်သာ သက်ဆိုင်သည်။

နားထောင်နေကြသော သူများသည် သူ့အား အပြည့်အဝ မနားလည်နိုင်ခဲ့လျှင်ပင် သူတို့၏ အကြီးအကဲများသည် ဤဗဟုသုတမှ အကျိုးအမြတ်များ ရရှိနိုင်သည်။

သို့သော်လည်း သင်ခန်းစာ အပြီးတွင် ကိုယ်ပိုင် လမ်းညွှန်ချက်များကို ရနိုင်ကြသူများ အနေဖြင့် ပို၍ အကျိုးအမြတ် ရရှိကြမည် ဖြစ်သည်။

သူတို့ ရရှိခဲ့သော လမ်းညွှန်မှုများသည် လျှို့ဝှက်ချက် ဖြစ်လာမည် ဖြစ်ပြီး သူတို့ဘေးမှ သူများကပင် ပြောနိုင်လိမ့်မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော အားလုံးတို့သည်

တူညီသော အကြောင်းရင်းများ ရှိနေသောကြောင့် ဖြစ်သည်။

အနာဂတ်တွင် ဂိုဏ်းအချို့မှ ကျင့်ကြံသူများသည် သူတို့၏ နည်းစနစ်များကို ကျင့်ကြံနေရင်း မဟာတာအို၏ ပြောင်းလဲမှု အနည်းငယ်ကို အာရုံခံနိုင်ကြမည် ဖြစ်သည်။ ထိုအရာသည် ဖြစ်နိုင်သလောဟု မေးရမည် မဟုတ်ပဲ မည်သည့် အချိန်တွင် ဖြစ်မည်ကိုသာ စောင့်ကြည့်ရမည် ဖြစ်သည်။ ပြီးတာနှင့် တစ်စုံတစ်ယောက်သည် ယုကျင်းတောင်သို့ လာ၍ အကြံဉာဏ်များ တောင်းခံသည့် သတင်းများကို ကြားရမည် ဖြစ်သည်။

နတ်ဘုရား နယ်မြေ အတွင်းမှ လူသား ကျင့်ကြံမှု ကမ္ဘာသည် ဖြည်းဖြည်းချင်း အခြေအနေ အသစ်တစ်ခုထံသို့ ရောက်လာနေပြီ ဖြစ်သည်။

## စာစဉ် ၇၁ : အပိုင်း ၉

## အပိုင်း ၁၃၇၉ : တောင်သို့ပြန်၍ ပြင်ဆင်ခြင်း

သိုင်းပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲများသည် ဆက်လက် ကျင်းပနေဆဲ ဖြစ်သည်။ သို့သော်လည်း ဂိုဏ်းနှင့် အင်အားစု အသီးသီးမှ အကြီးအကဲများသည် လင်းဖုန်း သင်ခန်းစာ ပို့ချမည့် အချိန်ကိုသာ အာရုံစိုက်နေကြသည်။

လင်းဖုန်းသည် သက်ရှည်မြို့တော် အတွင်းတွင် သင်ခန်းစာ ပို့ချခြင်း ဖြစ်သဖြင့် ဂူအင်ပါယာမှ ကျင့်ကြံသူများသည် အိမ်ရှင်များ အနေဖြင့် လာခဲ့ကြရသည်။ ဂူကျွန်းကလည်း ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ကာ ကျန်သော ကျင့်ကြံသူများကလည်း လာရောက် နားထောင်ခဲ့ကြသည်။

သင်ခန်းစာ အပြီးတွင် ဂူယွမ်ခိုင်က ခေတ္တမျှ စဉ်းစားလိုက်ပြီး ပြောလိုက်သည်။ "အတိမ်ဆုံး သဘောတရားတွေက ရိုးရှင်းတယ်လို့ ထင်ရပေမဲ့ သူတို့ကို အသေအချာ စဉ်းစားလိုက်ရင် အနက်ရှိုင်းဆုံး အဓိပ္ပာယ်တွေ ရှိနေတယ်… သူတို့အကြောင်းကို နောက်ထပ်တစ်ခါ

စဉ်းစားလိုက်ရင် အသစ် တစ်စုံတစ်ရာကို
တွေ့ရှိနိုင်တယ်"

သူသည် သူ၏ စွမ်းအားများကို အသုံးပြု၍
ဂူအင်ပါယာမှ ကျင့်ကြံသူများအား
ဆက်သွယ်နေခြင်း ဖြစ်သည်။

အဆင့်နိမ့်သော ကျင့်ကြံသူများ အနေဖြင့် သူ၏
စကားလုံးများကို ကြားခဲ့ရသော အခါ
အတွေးနက်သွားကြပြီး သူတို့၏ မျက်လုံးများတွင်
ဉာဏ်အလင်းပွင့်သွားသော အရိပ်အယောင်များ
ပေါ်လာခဲ့သည်။

ဂူချန်းက ဂူယွမ်ခိုင်အား ကြည့်၍ ပြောလိုက်သည်။
"အရိုးရှင်းဆုံး သဘောတရားတွေ အနောက်က
အစစ်အမှန် အဓိပ္ပာယ်ကို တွေ့နိုင်ခြင်းဟာ
တစ်ယောက်ရဲ့ ကျင့်ကြံမှု အဆင့်အတန်းကို
ပြနေတာပဲ"

သူတို့သည် ယခင်က ဟင်းလင်းပြင်
ဘုရားကျောင်းဘက်သို့ ယိမ်းပြီး အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ပုံမှန်သာ
ဆက်ဆံခဲ့သည်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
ရန်သူအဖြစ် သဘောထားနေ၍ မဟုတ်ချေ။
သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
အလားအလာကို မဆုပ်ကိုင်နိုင်ကြသေး၍
ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် ဂူအင်ပါယာမှ ကျင့်ကြံသူ အများစု၏ ရပ်တည်ချက်သည် ပြောင်းလဲသွားပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့၏ စွမ်းအားများသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အပေါ်တွင် ရှိမှန်းကို အောင်မြင်စွာ သက်သေပြခဲ့ပြီး ဖြစ်သည်။ ထို့အပြင် သူတို့သည် အထွတ်အထိပ် အခြေအနေသို့ မရောက်သေးပဲ ဆက်လက်၍ တိုးတက်နေဆဲသာ ရှိသေးသည်။

အကယ်၍ တစ်ခုခု မဖြစ်ခဲ့ပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အကြားမှ ကွာဟချက်သည် ပို၍

ကြီးမားလာပြီး သူတို့၏ အသာစီးရမှုမှာ ပို၍ ကြီးမားလာမည် ဖြစ်သည်။

ဂူအင်ပါယာ၏ ရှုထောင့်မှနေ၍ ကြည့်ရလျှင် သူတို့သည် နတ်ဘုရား နယ်မြေ အတွင်းတွင် ဤမျှအထိ အစွမ်းထက်သော အဖွဲ့တစ်ဖွဲ့ ပေါ်လာမည်ကို လိုလားနေခြင်း မရှိပေ။

သို့သော်လည်း သူတို့သည် ဦးတည်ချက် ပြောင်းလိုက်အပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပြောင်းလဲမှုနှင့် တိုးတက်မှုများကို တည်ငြိမ်စွာနှင့် ရင်ဆိုင်နိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လျင်မြန်စွာဖြင့် ကျယ်ပြန့်လာခဲ့သော်လည်း သူတို့သည် ဂူအင်ပါယာနှင့် ကျန်သောဂိုဏ်းများ၏ တိုးတက်လာမှုကို ဝင်ရောက် မစွက်ဖက်ခဲ့ပေ။

ဂူချန်း၏ စကားများကို ကြားခဲ့ရအပြီးတွင် ဂူယွမ်ခိုင်က သူ၏ခေါင်းကို ညိတ်လိုက်သည်။ "သူက အရိုးရှင်းဆုံး သဘောတရားတွေရဲ့ အစစ်အမှန် အဓိပ္ပာယ်ကို မြင်နေနိုင်တယ်... လင်းဖုန်းက ဒီလိုမျိုး စွမ်းဆောင်နိုင်တော့ သူက မဟာတာအိုကို ကောင်းစွာ မြင်နိုင်စွမ်း ရှိနေခဲ့ပြီ"

ဂူချန်းက သက်ပြင်း အသာချလိုက်သည်။ "ကျန်တဲ့ ခန်းဝင်ပစ္စည်းတွေကို ထားလိုက်ပါတော့... ဒါပေမဲ့

နောက်ဆုံးလက်ဆောင်က တကယ်ကိုပဲ
ကြီးကျယ်လွန်းလှတယ်"

ဂူယွမ်ခိုင်နှင့် ကျန်သောသူများသည် သူတို့၏
ပါးစပ်များကို မဟခဲ့သော်လည်း သူတို့၏
အမူအရာများ အရ သူတို့က သဘောတူနေသည်ကို
သိနိုင်သည်။

ရှေးဟောင်း အင်မော်တယ် ကျမ်းစာအား
အဆင့်မြှင့်နိုင်ခြင်းသည် ဂူအင်ပါယာ အတွက်
အမတန်မှ အရေးကြီးသော အရာတစ်ခု ဖြစ်ခြင်းမှာ
သံသယဖြစ်ဖွယ် မရှိချေ။ သို့သော်လည်း
ကျန်သောဂိုဏ်းများကလည်း သူတို့နှင့် အလားတူ
ဖြစ်ခဲ့သောကြောင့် သူတို့သည် ပိုမိုထူးခြားသည်ဟု
ပြော၍ မရခဲ့ချေ။

လင်းဖုန်းသည် သင်ခန်းစာကို
သက်ရှည်မြို့တော်တွင် ပို့ချခဲ့ပြီး
ယုကျင်းတောင်ပေါ်တွင် မပို့ချခဲ့ပေ။ သူသည်
ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့၏ စေ့စပ်ပွဲတွင်
ပို့ချရန်လည်း ဆုံးဖြတ်ခဲ့သည်။ သူသည်
ဤဆုံးဖြတ်ချက်များကို အသေအချာ စဥ်းစား
သုံးသပ်ပြီးမှ ချခဲ့ခြင်း ဖြစ်သည်။

မြင်နိုင်သော အရာများကိုသာ
လက်ဆောင်အနေဖြင့် သတ်မှတ်၍ မရနိုင်ချေ။

ဂူကျွန်းက ပြောလိုက်သည်။ "လင်းဖုန်းက
သဘောထား အမတန်မှ ကြီးမားပြီး
သူ့တပည့်တွေကို ဂရုစိုက်တယ်... သူ့ရဲ့

ရက်ရောမှုတွေက အနည်းငယ် အံ့သြစရာ ကောင်းပေမဲ့ နားလည်နိုင်စွမ်း ရှိတယ်"

"သူ၊ ရှောင်ယန်နဲ့ ကျန်တဲ့သူတွေက ငါတို့က သူတို့ကို ပြန်လည် တုံ့ပြန်ရမယ်လို့ မျှော်လင့်ထားကြမှာ မဟုတ်ဘူး... ဒါပေမဲ့ ငါတို့က တုံ့ပြန်တဲ့ အနေနဲ့ တစ်စုံတစ်ခုကို ပြန်ပေးမှ ရမယ်"

ဂူချန်းနှင့် ဂူယွမ်ခိုင်တို့သည် ဂူကျွန်းအား ကြည့်လိုက်ရာ ဂူကျွန်းက လင်းဖုန်းအား တစ်ချက်ကြည့်လိုက်၏။ "ဝိညာဉ်ပင်လယ် စစ်ပွဲကျရင် နတ်ဘုရား နယ်မြေ အတွင်းမှာ အရိပ်အတွင်းမှာ ဖြည်းဖြည်းချင်း လှုပ်ရှားလာမယ့် တစ်စုံတစ်ခု ရှိနိုင်တယ်"

သူ့စကားကို ကြားခဲ့ရသော အခါ ဂူအင်ပါယာမှ
လူအားလုံးတို့က ခေါင်းများကို ညိတ်လိုက်ကြသည်။

မူလကောင်းကင် ကမ္ဘာ အတွင်းမှ လူသားနှင့်
မိစ္ဆာအများစု အနေဖြင့် သူတို့သည်
ဝိညာဉ်ပင်လယ်အား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊
ဟင်းလင်းပြင် ဘုရားကျောင်း သို့မဟုတ် ဟေးဒီးစ်
မျိုးနွယ်စုတို့၏ လက်တွင်းသို့
ကျရောက်သွားသည်ကို မမြင်လိုကြပေ။

ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့များကို
ရရှိခဲ့ကြသူများ အနေဖြင့် သူတို့သည်
ကံကောင်းထောက်မ၍ ဝိညာဉ်ပင်လယ်အား
ထိန်းချုပ်နိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။
ဤကဲ့သို့ဆိုလျှင် သူတို့အတွက် အကောင်းဆုံး

ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ထိုကဲ့သို့ ဖြစ်မလာပါက သူတို့အနေဖြင့် တစ်ယောက်မှ ဝိညာဉ်ပင်လယ်အား မထိန်းချုပ်နိုင်စေရန် မျှော်လင့်နေကြသည်။ အခြေအနေကို မူလအတိုင်း ထိန်းထားနိုင်ခြင်းသည်လည်း ဆိုးဝါးသော အရာတစ်ခု မဟုတ်ချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်း၊ ပေးဒီးစ် မျိုးနွယ်စုတို့မှ အပ ကျန်သော အင်အားစုများက ဝိညာဉ်ပင်လယ်ကို ထိန်းချုပ်နိုင်ခဲ့လျှင် လက်ခံနိုင်ဖွယ်ရာ ရှိသေးသည်။ သို့သော်လည်း ထိုအင်အားစု သုံးစုအနက်မှ တစ်စုသည် ဝိညာဉ်ပင်လယ်အား ထိန်းချုပ်နိုင်ခဲ့ပါက အဆိုးဆုံးရလဒ် ဖြစ်သွားပေမည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့၏ အကြီးမားဆုံး ပူပန်မှုမှာ မည်သည့် မိစ္ဆာများက ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်နိုင်ကြမည်ကို မသေချာနေခြင်းပင် ဖြစ်သည်။ သူတို့သည် မိစ္ဆာများက မည်ကဲ့သို့ ကြံစည်နေကြသည်ကိုလည်း မသိနိုင်ကြပေ။

ဝိညာဉ်ပင်လယ်တွင် ဖိအားများနှင့် ကြုံတွေ့နိုင်ပြီး နတ်ဘုရား နယ်မြေ အတွင်းတွင်လည်း မိစ္ဆာများ၏ ဝင်ရောက် တိုက်ခိုက်မှုကို ခံရနိုင်သည်။

သဲလွန်စ မရနိုင်သော စကြာဝဠာ စကျင်ဗုဒ္ဓနှင့် သေမင်းဧကရာဇ်တို့ကလည်း ဤအချိန်

အတွင်းတွင် မည်ကဲ့သို့ ပြုလုပ်မည်ကို ခန့်မှန်းရန် ခက်ခဲသည်။

နှစ်ဦးနှစ်ဘက်တို့မှ သတင်း အချက်အလက်များသည် လွန်စွာမှ နည်းပါးသည်။ သို့ဖြစ်၍ မမျှော်လင့်ထားသော အဖြစ်အပျက်များ ဖြစ်လာနိုင်သည်။ လင်းဖုန်းသည် ကမ္ဘလမ်းစဥ် ခန့်မှန်းခြင်းကို ကျွမ်းကျင်သော်လည်း အရာအားလုံးသည် သူ့အတွက် ဝေဝါးနေသကဲ့သို့ ဖြစ်နေသည်။ သူသည် အရာများကို ကြည့်လင် ပြတ်သားစွာ မမြင်နိုင်ခဲ့ပေ။

ဂူကျွန်းက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဒီအချိန်မှာ ပဋိပက္ခတွေဟာ ကမ္ဘာနှစ်ခု အကြားက

စစ်ပွဲလိုမျိုး ပြင်းထန်နိုင်ကိန်း ရှိတယ်… ငါတို့က သတိထားမှရမယ်"

ဂူအင်ပါယာသည် ဝိညာဉ်ပင်လယ် လှိုဝှက်သော့ကို မရထားခဲ့သဖြင့် သူတို့သည် နတ်ဘုရား နယ်မြေ အတွင်းတွင်သာ နေနေရမည် ဖြစ်သည်။

ဂူအင်ပါယာသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအား တစ်ဝက်မှသာ ဝင်ပါခဲ့ခြင်း ဖြစ်သော်လည်း ယခုအချိန်တွင် သူတို့အနေဖြင့် အစကတည်းက ပါဝင်ရတော့မည် ဖြစ်သည်။

အချိန်များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ဂူကေရာဇ်သည် သူ၏ အထွတ်အထိပ် အချိန်တွင်

မိစ္ဆာများနှင့် သွေးလွှမ်းသော တိုက်ပွဲကို ဆင်နွှဲခဲ့သည်။

စူတောင်ခေးဂိုဏ်းသည် အနီရောင် ဂေါ်ရီလာ လူဝံမိစ္ဆာများနှင့် နက်ရှိုင်းသော ရန်ငြိုးရန်စ ရှိပြီး ဂူကေရာဇ်သည် ကောင်းကင်မိစ္ဆာ လူဝံများနှင့် ဆိုးရွားသော ဆက်ဆံရေးများ ရှိခဲ့ကာ မိစ္ဆာလူဝံများ၏ လက်ရှိခေါင်းဆောင်မှာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ ဖြစ်သည်။

တစ်ချိန်တည်းတွင် ဂူအင်ပါယာ အနေဖြင့် နဂါးများနှင့်လည်း နက်ရှိုင်းသော ရန်ငြိုးများ ရှိခဲ့သည်။ ထိုရန်ငြိုးသည် မဟာချင် အင်ပါယာနှင့် နဂါးတို့ အကြားမှ ရန်ငြိုးကဲ့သို့

မနက်ရှိုင်းသော်လည်း သူတို့ နှစ်ဦးနှစ်ဘက်တို့သည် တင်းမာသော ဆက်ဆံရေးများ ရှိနေသည်။

ဂူအင်ပါယာ၏ တောင်ဘက်တွင် နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့အား ဆက်သွယ်ထားသော နယ်နိမိတ် လမ်းကြောင်းများ ရှိနေသည်။

သို့သော်လည်း ဤအရာသည် ဂူအင်ပါယာ အတွက် အခွင့်အရေး တစ်ခုလည်း ဖြစ်နေနိုင်သည်။

ဂူအင်ပါယာသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ပါဝင် တိုက်ခိုက်ခဲ့ပြီး သူတို့၏ စွမ်းရည်များကိုလည်း အစွမ်းကုန် ထုတ်ဖော်ခဲ့သော်လည်း စစ်ပွဲအား

နောက်ကျမှ ဝင်ရောက်လာသဖြင့် သူတို့၏
ဂုဏ်သတင်းသည် ထင်သလောက် မမြင့်မားခဲ့ပေ။
သူတို့သည် ကမ္ဘာတစ်ဝှမ်း၌ ကြီးစိုးနိုင်ရန်
လုံလောက်သော အချိန်လည်း ရှိမနေချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့သည် ဝိညာဉ်ပင်လယ် အတွင်းသို့
ဝင်ရောက်ကြမည် ဖြစ်သဖြင့် နတ်ဘုရား နယ်မြေ
အတွင်းမှ ကျန်သောဂိုဏ်းနှင့် အင်အားစုများသည်
အကျပ်အတည်းနှင့် အခွင့်အရေးတို့ နှစ်မျိုးစလုံးနှင့်
တွေ့ကြုံရမည် ဖြစ်သည်။

အကယ်၍ သူတို့သည် ကောင်းစွာ
ပြင်ဆင်ထားနိုင်၍ နည်းဗျူဟာကျကျ
ဆောင်ရွက်နိုင်ခဲ့လျှင် သူတို့၏ စွမ်းရည်များက

ကြီးမားစွာ တိုးတက်လာနိုင်ရန် အခွင့်အရေး ရှိနေသည်။

"ငါတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကနေ သတင်းကောင်းတွေကို စောင့်နေနိုင်ပေမဲ့ ငါတို့က သူတို့အပေါ်မှာသာ မှီခိုနေပြီး ကိုယ့်ဘာသာကိုယ် ဘာမှမလုပ်ပဲ နေလို့မရဘူး... ငါက ငါတို့ရဲ့ ကျင့်ကြံမှုကို ထိခိုက်စေလိမ့်မယ်... မင်းတို့က ငါဘာဆိုလိုနေတယ် ဆိုတာကို နားလည်နေမှာ ဖြစ်လို့ ထပ်ပြီးမှ ရှင်းပြတော့မှာ မဟုတ်ဘူး" ဂူကျွန်းက ပြောလိုက်သည်။

"ရှေးဟောင်း အင်မော်တယ် ကျမ်းစာဟာ ငါတို့ အင်ပါယာရဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်... သူ့ရဲ့

အစွမ်းဟာ အကုန်လုံးကို လွှမ်းခြုံနိုင်တယ်... အားလုံးပဲ... ကျေးဇူးပြုပြီးမှ ပြင်ဆင်ထားကြပါ"

"ဝိညာဉ်ပင်လယ် တိုက်ပွဲ အတွင်းမှာ တကယ်လို့ မိစ္ဆာတွေက အသာစီး မရခဲ့ရင် နတ်ဘုရား နယ်မြေ အတွင်းက အခြေအနေက ပြောင်းလဲသွားနိုင်တယ်... ငါတို့ရဲ့ အင်ပါယာကလည်း ကောင်းကောင်း ပြင်ဆင်ထားမှ ရမယ်"

သူသည် အဝေးသို့ ငေးကြည့်လိုက်သည်။
"ငါထင်တာ မမှားရင် လင်းဖုန်းရဲ့ ရည်မှန်းချက်တွေက ပိုကြီးလာပြီး သူ့ရဲ့အကြံက အောင်မြင်ဖို့ များတယ်... ငါတို့က သူ့အနောက်ကို ဆက်လိုက်နေရမယ်"

ဂူချန်း၊ ဂူယွမ်ခိုင်နှင့် ဂူအင်ပါယာမှ ကျန်သော အကြီးအကဲများက ဂူကျွန်းအား ဦးညွှတ်လိုက်ကြသည်။ "အရှင်မင်းမြတ်ရဲ့ အမိန့်အတိုင်းပါ"

သိုင်းပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲသည် ချောမွေ့စွာ ဆက်လက် ကျင်းပနေသည်။ အကြီးအကဲများ၏ အာရုံသည် လင်းဖုန်း၏ တာအိုသင်ခန်းစာ အပေါ်တွင် ရောက်နေကြပြီး လူငယ် ကျင့်ကြံသူများသည် သိုင်းပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲတို့ အပေါ်တွင် စိတ်ဝင်စားနေကြသည်။

သိုင်းပြိုင်ပွဲသည် အကြိတ်အနယ်
ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်များမှာ
အံ့အားသင့်စရာ မရှိပေ။ အထူးချွန်ဆုံး
စွမ်းဆောင်ခဲ့နိုင်ကြသူများသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှပင် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တပည့်များနှင့်
ကျန်သော ကျင့်ကြံသူများ၏ အကြားမှ
ကွာဟချက်သည် ပို၍ပို၍ ကြီးမားလာပြီး သူတို့၏
အားသာချက်များကလည်း ပိုများလာကြသည်။

ရွှေရောင်ဇဟိုချက် အဆင့်နှင့် အခြေခံအုတ်မြစ်
အဆင့်မှ ကျင့်ကြံသူများအား ကြည့်နေရင်း
ကျန်သော လူငယ် ကျင့်ကြံသူများသည် သူတို့က
သူတို့အား လိုက်မမီနိုင်တော့ဟု ခံစားနေခဲ့ရသည်။

ကွာဟချက်သည် အခြေအနေ တစ်ခုသို့
ရောက်သွားသော အခါ မနာလိုခြင်းနှင့်
အမုန်းတရားတို့၏ နေရာတွင် လေးစား
အားကျသော ခံစားချက်များက
အစားထိုးလာနိုင်သည်။

ဤအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
တောက်ပမှုသည် ကျန်သော ကျင့်ကြံသူများအား
အမုန်တကယ် မအံ့ဩစေတော့ပဲ သူတို့က
ရှုံးနိမ့်ခဲ့မှသာ အာရုံစိုက်မှုများကို ခံရမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ဖျက်မြင်းအချို့လည်း
ပေါ်လာကြသေးသည်။ သူတို့သည်
စူတောင်ဓားဂိုဏ်းမှ ဖြစ်ကြသည်။

ကျိုဝမ်လေ့၏ ဦးဆောင်မှုအောက်တွင်
စူတောင်ခေးဂိုဏ်းမှ ဂျူနီယာ တပည့် အချို့တို့သည်
ပြိုင်ပွဲအား ဝင်ပြိုင်ရန် ပါလာကြသည်။

သူတို့၏ စွမ်းဆောင်ရည်များသည် အားလုံးတို့အား
အံ့အားသင့်၍ အထင်ကြီးစေခဲ့သည်။
ဤအချိန်မှသာ စူတောင်ခေးဂိုဏ်းသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ကျော်တက်မှုကို
ခံခဲ့ရသော်လည်း ခေးပညာရပ်နှင့် ပတ်သတ်လျှင်
မြင့်မြတ်နယ်မြေ တစ်ခုဖြစ်နေသေးသည်ကို
ကျန်သောသူများက ပြန်လည်
အမှတ်ရလာကြသည်။

စုတောင်အား နှစ်ပေါင်းများစွာ ချိပ်ပိတ်ထား၍ ပြင်ပကမ္ဘာနှင့် ဆက်ဆံမှု အနည်းငယ်သာ ရှိခဲ့ကြသဖြင့် ခေးပညာရပ်တွင် ပါရမီပါသောသူများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့သာ အာရုံကျနေခဲ့ခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ချင်းဝူစံအိမ်သည် သူတို့၏ ပထမ ရွေးချယ်မှု ဖြစ်သည်။သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်ခံမှုကို မခံခဲ့ရလျှင်ပင် ကောင်းကင်မာစတာ ခေးဂိုဏ်း၊ လျှပ်စီး ခေးဂိုဏ်း၊ အလင်းခေးမြန်ဂိုဏ်းနှင့် ကျန်သော ခေးဂိုဏ်းများသည် သူတို့အား လက်ခံလိုနေကြသည်။

စူတောင်ခေါးဂိုဏ်းသည် ပါရမီရှင်များ လုံးဝ မကုန်ခန်းသေးသော်လည်း သူတို့ ရွေးချယ်နိုင်သော ပါရမီရှင် အရေအတွက်က လျော့နည်းသွားသည်။ ဤအရာသည် ဂိုဏ်း၏ အသက်စွမ်းအင်အား ကြီးမားစွာ အကျိုးသက်ရောက်မှု ရှိသည်။ လူငယ် ကျင့်ကြံသူများသည် အရင်းအမြစ်များ မလုံလောက်သဖြင့် စွမ်းအင်များကို ပြန်လည် ဖြည့်တင်းရန် အချိန်ပို၍ အနားယူရသည်။

သို့သော်လည်း စူတောင်ခေါးဂိုဏ်းသည် ထျန်းကန်း ခေါးမာစတာ၊ ကျိုဝမ်လွေ၊ လီရှုံ ခေါးမာစတာနှင့် ကျန်သောသူများ၏ လွှမ်းမိုးမှုအောက်တွင် အသက်စွမ်းအင်များကို ပြန်လည် အားဖြည့်နေကြသည်မှာ သိသာနေသည်။

သူတို့၏ ထက်မြက်မှုသည် ခေးအိမ်အတွင်းသို့ ပြန်ထည့်ထားသော ခေးတစ်ချောင်းကဲ့သို့ ပြန်လည် ရုပ်သိမ်းထားသကဲ့သို့ ထင်နေရသည်။ သို့သော်လည်း ခေးအိမ်အတွင်းတွင် သိမ်းထားသော ခေးသည် ယခင်က တစ်ခါမှ မမြင်ဖူးသည့် အသက်စွမ်းအင်များဖြင့် ပြည့်ဝသကဲ့သို့ ဖြစ်နေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များမှ အပ ပြိုင်ပွဲသို့ ဝင်ပြိုင်ခဲ့ကြသော စူတောင်ခေးဂိုဏ်းမှ ကျင့်ကြံသူများသည် အထူးချွန်ဆုံး ဖြစ်ခဲ့ကြပြီး ဂူအင်ပါယာမှ ကျင့်ကြံသူများကသာ သူတို့နှင့် ယှဥ်နိုင်ခဲ့ကြသည်။ မဟာကျိုး၊ မဟာချင်၊ ကောင်းကင်မာစတာ ခေးဂိုဏ်း၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့်

အခြားဂိုဏ်းများသည် သူတို့၏ လွှမ်းမိုးခြင်းကို ခံခဲ့ကြရသည်။

သိုင်းပြိုင်ပွဲနှင့် စာလျှင် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲတွင် ဝင်ပြိုင်ခဲ့ကြသော သူများသည် ပို၍ အကျိုးအမြတ်များကို ရခဲ့ကြသည်။ ပြိုင်ပွဲဝင်များ အားလုံးတို့သည် ဆုလာဘ်အချို့ကို ရနိုင်ခဲ့ကြသည်။

လင်းဖုန်းသည် သင်ခန်းစာများကို ရက်ပေါင်းများစွာ ပို့ချခဲ့ကာ သိုင်းပြိုင်ပွဲနှင့် ဆေးလုံး ကျင့်ကြံမှု ပြိုင်ပွဲများက တရားဝင် ပြီးဆုံးသွားမှာသာ သူက ရပ်နားခဲ့သည်။ သူသည် ဂူကျွန်းနှင့် ကျန်သောသူများအား နှုတ်ဆက်ပြီး သူ့တပည့်များနှင့် အတူ ယုကျင်းတောင်သို့ ပြန်သွားခဲ့သည်။

ယုကျင်းတောင်သို့ ပြန်ရောက်အပြီးတွင် ဂျူနီယာ တပည့်များသည် သက်ဆိုင်ရာ ဗိမာန်များသို့ ပြန်သွားကြ၍ လင်းဖုန်းသည် တိပိဋ္ဌက ကျမ်းစာခန်းမဆောင်၏ တတိယထပ်သို့ တက်သွားခဲ့သည်။ သူသည် သူ၏ လက်ရင်းတပည့်များ အရှေ့တွင် ထိုင်နေရင်း ပြုံးလိုက်သည်။ "မဟာတာအိုက အမတန်မှ မှော်ဆန်တယ်... မင်းတို့အားလုံးက အချိန်ယူပြီးမှ သူ့ကို လေ့လာသင့်တယ်"

"ဝိညာဉ်ပင်လယ်က မကြာခင်မှာ ပြန်ပွင့်တော့မှာ ဖြစ်တဲ့အတွက် ငါတို့ကလည်း ပြင်ဆင်ထားဖို့သင့်ပြီ"

လင်းဖုန်းက ဇူရီအား ပြောလိုက်သည်။ "မင်းက တခြားဂိုဏ်းနဲ့ အင်အားစုတွေရဲ့ နည်းစနစ်တွေကို ပြီးမြောက်စေဖို့ တာဝန်ယူရမယ်"

ပြီးတာနှင့် လင်းဖုန်းသည် ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့အား ကြည့်လိုက်သည်။ "မင်းတို့ရဲ့ ဒုတိယ စီနီယာ အနောက်ကို လိုက်သွားပြီးမှ မင်းတို့ လေ့လာလိုတဲ့ အရာကို ရွေးချယ်လိုက်ပါ... ဒါတွေကို ခေတ်နှစ်ပါး မူလပြန်လာခြင်း ကျမ်းစာနဲ့ မင်းတို့ အရင်က သင်ယူထားတဲ့ အရာတွေ အားလုံးနဲ့ အကိုးအကား လုပ်ပြီးမှ မင်းတို့ရဲ့ ကိုယ်ပိုင် လမ်းကြောင်းတွေကို ရှာဖွေပါ"

"ဟုတ်ကဲ့ပါ... ဆရာသခင်" ဇူရီနှင့် ကျန်သောသူများက သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ သူ၏ စကားများကို နာခံခဲ့ကြသည်။

## စာစဥ် ၇၁ : အပိုင်း ၁၀

## အပိုင်း ၁၃၈၀ : လင်းဖုန်း၏ စီစဥ်မှုများ

ဇူရီနှင့် ကျန်သောသူများအား ညွှန်ကြားအပြီးတွင် လင်းဖုန်းသည် ရှောင်ယန်၊ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့ အပေါ်သို့ သူ၏ အာရုံများကို ပြောင်းလိုက်သည်။

"ရှောင်ယန်… ကျန်နေတဲ့ ရက်တွေ အတွင်းမှာ ငရဲကမ္ဘာ ပင်လယ်အတွင်းမှာသာ ဆက်နေပြီး ကောင်းကင်ကပ်ဘေးနဲ့ ငရဲကမ္ဘာ ပင်လယ်ကို ကျင့်ကြံနေပါ… အောင်မြင်ဖို့ အလောမကြီးနဲ့… သဘာဝအတိုင်းသာ ဖြစ်ပစေ" လင်းဖုန်းက ရှောင်ယန်အား ပြောလိုက်သည်။

"မင်းက ဒီတစ်ခေါက်မှာ ဝိညာဉ်ပင်လယ်ကို လိုက်လာစရာ မလိုဘူး… ငရဲကမ္ဘာ ပင်လယ်ကို ကျင့်ကြံဖို့က မင်းအတွက် ဦးစားပေးပဲ"

ရှောင်ယန်က လင်းဖုန်း၏ စကားများကို ကြားခဲ့ရသော အခါ ရယ်လိုက်သည်။ "ဆရာ… ဒီလောက်အထိ ကြီးမားတဲ့ ကိစ္စမှာ ကျွန်တော်က မပါခဲ့ရရင် နောင်တရစရာ ဖြစ်နေတော့မှာပဲ"

ဤကဲ့သို့ ပြောနေခဲ့သော်လည်း သူ၏ မျက်လုံးများမှာ တည်ငြိမ်နေသည်။ သူသည် လင်းဖုန်း၏ ကြောင့်ကြမှုနှင့် လုံ့လများကို နားလည်နေပေသည်။

ရှီထျန်းဟောင်က နောက်လိုက်သည်။ "အစ်ကိုကြီးက ဒီမှာနေနေပြီး ကိုယ့်မိသားစုကို ကိုယ်စောင့်ရှောက်ပါ"

ရှောင်ယန်က ရှီထျန်းဟောင်အား လက်သီးထောင်ပြလိုက်ရာ လင်းဖုန်းနှင့် ကျန်သောသူများက မအောင့်နိုင်ပဲ ရယ်လိုက်ကြလေသည်။

"ဒီနှစ်တွေ အတွင်းမှာ တစ်စုံတစ်ယောက်က မင်းရဲ့ ငရဲကမ္ဘာ ကျင့်ကြံမှုကို နှောင့်ယှက်နေတယ်လို့ ခံစားနေခဲ့ရတယ် မလား... သူတို့အနက်က တစ်ယောက်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းက ဝူမန့်ချီပဲ" လင်းဖုန်းက ပြောလိုက်သည်။

"နောက်ထပ်တစ်ယောက် ရှိနေသေးတယ်... ဟိုအချိန်က ငါတို့နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ကို ကျေနပ်အောင်လုပ်ဖို့ သေမင်းဧကရာဇ်ဟာ ကောင်းကင်ကပ်ဘေးနဲ့ ငရဲကမ္ဘာ ပင်လယ်အပေါ်က သူ့ရဲ့ လွှမ်းမိုးမှုကို စွန့်လွှတ်ခဲ့တယ်... ဒါကြောင့်မို့ သူက အနန္တမ ကောင်းကင်ကြေးမုံကို ထိန်းချုပ်နိုင်ဖို့ အခွင့်အရေးကို ရနိုင်ခဲ့တာ"

"သူ့ရဲ့ တပည့်ဖြစ်တဲ့ ငရဲဘုန်းတော်ကြီးကလည်း ငရဲကမ္ဘာ ပင်လယ်ရဲ့ စွမ်းအားတွေကို ဆင့်ခေါ်နိုင်တယ်... ဒါပေမဲ့ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းမှာ သူ့ကိုယ်သူ ဖော်ပြခဲ့အပြီးမှာ သူ့ရဲ့ စွမ်းအားအချို့ကို ဆုံးရှုံးသွားခဲ့တယ်... ဒါက သူ့တပည့် စန်ထူဇီက သူ့ကို သစ္စာဖောက်သွားလို့ ဖြစ်ရမယ်... ကျန်တဲ့တစ်ယောက်က စန်ထူဇီ ဖြစ်နိုင်တယ်"

လင်းဖုန်း၏ အကြည့်သည် အလင်းတန်းများဖြင့် လင်းလက်လာသည်။ "ဝိညာဉ်ပင်လယ် ပြန်ပွင့်လာရင် ဝူမန့်ချီနဲ့ စန်ထူဇီတို့က ငရဲကမ္ဘာ ပင်လယ်အတွင်းမှာ လှုပ်ရှားလာနိုင်ကိန်း ရှိတယ်"

"တကယ်လို့ မင်းက ငါ့နောက်ကနေ
ဝိညာဥ်ပင်လယ် အတွင်းကို လိုက်လာခဲ့ရင် သူတို့က
ဒီအခြေအနေကို အခွင့်ကောင်းယူပြီး မင်းဒီနှစ်တွေ
အတွင်း ငရဲကမ္ဘာ ပင်လယ်အတွင်းမှာ ထားထားတဲ့
အမှတ်အသားကို ဖယ်ရှားခဲ့လိမ့်မယ်... တကယ်လို့
မင်းက ဝိညာဥ်ပင်လယ် အတွင်းကို
မဝင်ခဲ့ရင်တောင် သူတို့က ဆက်လက်ပြီး
အနှောင့်အယှက် ပေးနေမှာ ဖြစ်တယ်"

ဇူရီနှင့် ဝမ်လင်းတို့သည် ဤအကြောင်းကို
ကြားခဲ့ရသော အခါ လှုပ်ရှားလာကြသည်။
လင်းဖုန်းက ဆက်ပြောလိုက်သည်။ "မင်းက
သေမင်းဧကရာဇ်ကို သတိထားရမယ်... သူက
အမတန်မှ ဉာဏ်များပြီး ဒီအခွင့်အရေးကို
အသုံးချပြီးမှ ဝင်ရောက် နှောင့်ယှက်နိုင်တယ်...

သူက သူ့ကိုယ်သူ ဖုံးကွယ်ထားဖို့ ကြိုးစားနေပေမဲ့
သူနဲ့ ငရဲဘုန်းတော်ကြီး၊ စန်ထူဇီတို့နဲ့ ဆက်စပ်နေတဲ့
သဲလွန်စတွေကို ငါက ရေးရေးလေး မြင်နိုင်ခဲ့တယ်"

"တကယ်လို့ ငါထင်တာ မမှားရင်
သေမင်းကေရာဇ်ဟာ ဒီနှစ်တွေ အတွင်းမှာ
ခြုံခိုတိုက်ခိုက်ဖို့ ကြိုးစားနေခဲ့တာ... သူက
ဟိုအချိန်က အပြင်းအထန် ဒဏ်ရာ ရခဲ့ပေမဲ့
ဒီနှစ်တွေ အတွင်းမှာ အချိန် မဖြုန်းခဲ့ဘူး"

"ဝိညာဉ်ပင်လယ် တိုက်ပွဲဟာ သူ့အတွက်
အခွင့်အရေး ဖြစ်တယ်... သူက ဒီအရာကို
လက်လွတ်ခံမှာ မဟုတ်ဘူး... ဝိညာဉ်ပင်လယ်
လျှို့ဝှက်သော့ မရှိရင်တောင် သူက

ဒီအခွင့်အရေးကို အသုံးချပြီး တစ်နေရာမှာ တစ်ခုခု လုပ်မှာပဲ"

လင်းဖုန်း၏ စကားများကို ကြားခဲ့ရသော အခါ ရှောင်ယန်က သူ၏ခေါင်းကို လေးနက်စွာဖြင့် ညိတ်လိုက်သည်။ "ဆရာ… စိတ်မပူပါနဲ့… ကျွန်တော်က အရေးကြီးတာကို သိပါတယ်"

ရွှမ်းလီသည် လင်းဖုန်းနှင့်အတူ ဝိညာဉ်ပင်လယ် အတွင်းသို့ လိုက်ဝင်လိမ့်မည် မဟုတ်ချေ။ သို့သော်လည်း ရှောင်ယန်သည် လင်းဖုန်း၏ တပည့်ကြီး ဖြစ်သည်နှင့် အညီ နတ်ဘုရား နယ်မြေ တစ်ခုလုံးအား စောင့်ကြပ်ရန်လည်း တာဝန်ရှိသည်။ သူသည် နမော်နမဲ့လုပ်၍ မရချေ။

သူ့တွင် အာမခံချက် အနေဖြင့်
ကောင်းကင်ကပ်ဘေးနှင့် ငရဲကမ္ဘာ ပင်လယ်တို့
ရှိနေသော်လည်း တစ်ခုကမှ ကောင်းစွာ ထိန်းချုပ်၍
မရသေးချေ။ ထို့အပြင် ကောင်းကင်ကပ်ဘေးသည်
ကောင်းကင်ဖျက်ဆီး ခေးအား ရန်သူအဖြစ်နှင့်
ဆက်ဆံနေသည်။

ဝိညာဉ်ပင်လယ်တွင် ဖြစ်စေ၊ ငရဲကမ္ဘာ
ပင်လယ်တွင် ဖြစ်စေ၊ ရှမ်းလီ၏ ကံကြမ္မာသည်
အတူတူပင် ဖြစ်သည်။ ငရဲကမ္ဘာ ပင်လယ်
အတွင်းသို့ ရောက်ခဲ့လျှင် ရှောင်ယန်သည်
သူ့ကိုယ်သူသာ အားကိုးရတော့မည် ဖြစ်၍ သူ၏
အာမခံချက်သည် ထိုအချိန်တွင် သူ့အတွက်
အနှောင်အဖွဲ့ ဖြစ်လာတော့မည် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို လှည့်၍ ရှီထျန်းဟောင်အား ကြည့်ကာ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ထျန်းဟောင်... မင်းကလည်း ဝိညာဉ်ပင်လယ် အတွင်းကို အလောတကြီးနဲ့ လာစရာ မလိုဘူး... ငါက မင်းအတွက် သော့တစ်ခု ထားပေးခဲ့မယ်... ဒါပေမဲ့ မင်းက နတ်ဘုရား နယ်မြေ အတွင်းမှာ အရင် စောင့်နေရမယ်"

ရှီထျန်းဟောင်က မှင်သက်သွားကာ ရှောင်ယန်က ရယ်လိုက်သည်။ "ကောင်စုတ်လေး... မင်းက ငါနဲ့အတူ နောက်တန်းမှာ နေခဲ့ရမယ်"

ရှီထျန်းဟောင်သည် ရှောင်ယန်အား လက်သီးထောင်ပြလိုက်ကာ လေးနက်လာခဲ့၍

လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ... ဆရာက ကျွန်တော့်အဘိုးရဲ့ တည်နေရာကို တွေ့ခဲ့ပြီလား"

ရှီထျန်းဟောင်သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ရှာဖွေနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်သော်လည်း သူ့အဘိုးအား ရှာမတွေ့ခဲ့သေးပေ။

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်... သဲလွန်စတွေက မသေချာသေးပေမဲ့ မင်းနဲ့သူနဲ့က မကြာမီ ပြန်ဆုံတော့မယ်လို့ အာရုံခံမိနေတယ်... ဒါပေမဲ့ မဟာ ကံကောင်းမှုတွေ အတွင်းမှာ ကြီးမားတဲ့ အန္တရာယ်တွေ ရှိနေတယ်... ဒါကြောင့်မို့ မင်းက ဝိညာဉ်ပင်လယ် ပြန်ပွင့်တဲ့ အချိန်မှာ နတ်ဘုရား နယ်မြေ အတွင်းမှာ နေမှရမယ်...

မင်းက မင်းအဘိုးနဲ့ ပြန်တွေ့ပြီးမှ ဆုံးဖြတ်နိုင်တယ်"

ရှီထျန်းဟောင်က သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဟုတ်ကဲ့... ဆရာ"

"အခုအချိန်မှာ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို မဝင်နဲ့တော့... မင်းက အဲ့လိုဆိုရင် သူ့ကိုတွေ့ဖို့ ပိုခက်နိုင်တယ်" လင်းဖုန်းက ပြောလိုက်သည်။ "မင်းက ဒီနှစ်တွေ အတွင်းမှာ တစ်ခါတစ်လေမှ ပြန်လာတယ်... ဒီရက်တွေမှာ ကြမ္မာပန်းတိုင် ကောင်လေးနဲ့ အတူကျင့်ကြံပါ... ဒါက မင်းရဲ့ ကျင့်ကြံမှုအတွက် အမတန်မှ အကျိုးရှိနိုင်တယ်"

သူ၏အနောက်တွင် ပုံရိပ်တစ်ခု ပေါ်လာသည်။ ထိုပုံရိပ်သည် အဖြူနှင့် အနက်ရောင် တာအိုဝတ်စုံ တစ်ခုအား ဝတ်ထားသည်။ သူ၏ မျက်လုံးများတွင် ကလေးငယ်၊ လူငယ်၊ သက်လတ်ပိုင်းအရွယ် အစရှိသော အရိပ်အယောင်များ အားလုံး ပါနေသည်။ အချိန်နှင့် ဘဝတို့က ပေါင်းစည်းနေသကဲ့သို့ ဖြစ်သည်။

သူသည် အသက် လေးဆယ်၊ ငါးဆယ်ခန့် ရှိနေသော သက်လတ်ပိုင်း လူကြီးတစ်ယောက် ဖြစ်သည်။ သူ့တွင် ကြည့်၍ကောင်းသော ရုပ်ရည်ရှိသည်။

ရှီထျန်းဟောင်နှင့် ကျန်သောသူများသည် ဤသက်လတ်ပိုင်း လူကြီးမှာ ကြမ္မာပန်းတိုင်

အဆင့်မှ မှော်ရတနာ ဖြစ်၍ လင်းဖုန်း၏ မွေးရာပါ မှော်ရတနာ ဖြစ်သော ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ မူလစိတ်ဝိညာဉ် ဖြစ်သည်ဟု မှတ်မိခဲ့ကြသည်။

လင်းဖုန်းက ပြောလိုက်သည်။ "ထျန်းဟောင်... မင်းရဲ့ နည်းစနစ်တွေက စကြာဝဠာရဲ့ မွေးဖွားခြင်း၊ ပြောင်းလဲခြင်းတွေနဲ့ ဆက်စပ်နေတယ်... မင်းက ကြမ္မာပန်းတိုင်နဲ့ အတူတကွ ကျင့်ကြံနိုင်တယ်"

ရှီထျန်းဟောင်က သူ၏ခေါင်းကို ညိတ်၍ ပြန်ပြောလိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

ထိုသက်လတ်ပိုင်း လူကြီးသည် ရှီထျန်းဟောင်အား ပြုံးပြလိုက်ကာ ဦးညွှတ်လိုက်သည်။
"ကျေးဇူးပြုပြီးမှ ကျုပ်ကို အကြံပေးပါ"

ရှီထျန်းဟောင်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သူနှင့် ရင်းနှီးခဲ့ပြီး ဖြစ်သဖြင့် သူကလည်း ပြုံး၍ ဦးညွှတ်လိုက်သည်။
"ကျေးဇူးပြုပြီးမှ ကျုပ်ကိုလည်း အကြံပေးပါ"

"သူက ငါနဲ့အတူ ဝိညာဉ်ပင်လယ် အတွင်းကို လိုက်လာမှာ… ဒါပေမဲ့ ဒီအချိန်မတိုင်ခင်မှာ မင်းတို့ နှစ်ယောက်က ဘယ်လောက်အထိ တိုးတက်နိုင်မလဲ ဆိုတာက မင်းတို့ အပေါ်မှာပဲ မူတည်နေတယ်" လင်းဖုန်းက ရယ်လိုက်ပြီး

သူ၏လက်များကို ဝေ့ယမ်းကာ ပြောလိုက်သည်။ "ကဲ... မြန်မြန် သွားလေ့ကျင့်ကြ"

ရှီထျန်းဟောင်အား ညွှန်ကြားအပြီးတွင် လင်းဖုန်းသည် ဝမ်လင်းအား ကြည့်၍ ပြောလိုက်သည်။ "ဝမ်လင်း... မင်းကရော ဘယ်လိုနေလဲ"

ဝမ်လင်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာကာ ပြန်ဖြေလိုက်သည်။ "ကျွန်တော်က အတော်လေး တိုးတက်လာပေမဲ့ သူ့ကို ဆက်ပြီးမှ လေ့လာဖို့ လိုနေသေးတယ်"

သူ၏ မျက်လုံးများမှ အလင်းတန်းများဖြင့်
လင်းလက်လာသည်။ သူတို့သည်
မျက်စိကျိန်းလောက်အောင် မစူးရှသော်လည်း
ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဝမ်လင်း၏ အရှိန်အဝါကလည်း စတင်၍
ပြောင်းလဲလာကာ သူ၏ စွမ်းအင်များက စတင်၍
မြင့်တက်လာသည်။ သူသည် ရှီထျန်းဟောင်၏
ဟွမ်စန်း ခန္ဓာကိုယ်လောက် ကြီးစိုး လွှမ်းမိုးနိုင်စွမ်း
မရှိသော်လည်း ကြောက်မက်ဖွယ်ရာ
မြင်ကွင်းတစ်ခု ဖြစ်နေသေးသည်။

သူသည် ရှောင်ယန်၊ ဇူရီနှင့်
ကျန်သောသူများကဲ့သို့ပင် လင်းဖုန်းနှင့်
မျက်နှာချင်းဆိုင် ထိုင်နေခြင်း ဖြစ်သည်။

ခက်ထန်သော ရောမ သားရဲကြီးကဲ့သို့
ကြမ်းတမ်းသည့် အရိုန်အဝါများကို
ထုတ်လွှတ်နေသည့် ဟွမ်စန်း ခန္ဓာကိုယ်နှင့် စာလျှင်
ဝမ်လင်းသည် ခက်ထန်၍ ညှာတာမှု
ကင်းမဲ့နေသော အရှိန်အဝါများကို
ထုတ်လွှတ်နေသည်။

သို့သော်လည်း မှုမမှန်သည့် အချက်မှာ ဝမ်လင်း၏
လက်များနှင့် ညာခြေတို့သည် သာမန်အတိုင်း
ဖြစ်နေကာ တုန်လှုပ်ဖွယ်ရာ စွမ်းအားများကို
ထုတ်လွှတ်နေခြင်း မရှိသောကြောင့် ဖြစ်သည်။

သူ့စွမ်းအားများ တိုးတက်လာခြင်းသည် သူ၏
ခေါင်း၊ ကျောရိုးနှင့် ဘယ်ခြေတို့တွင်သာ စုနေခြင်း

ဖြစ်သည်။ သူ၏ လက်များနှင့် ညာခြေတို့သည် အစစ်အမှန် မဟုတ်ဟူသော ထူးခြားသည့် ခံစားချက် တစ်မျိုးကို ဖော်ပြပေးနေသည်။

လင်းဖုန်းသည် ထိုအရာကို တွေ့ရသော အခါ ပြုံးလိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "အိုး... မဆိုးပါဘူး... မင်းရဲ့ တိုးတက်မှု အမြန်နှုန်းနဲ့ ဆိုရင် ဝိညာဉ်ပင်လယ် ပြန်မပွင့်ခင် ထပ်ပြီးမှ တိုးတက်နိုင်သေးတယ်"

ဝမ်လင်းက ပြန်ပြောလိုက်သည်။ "ကျွန်တော်က သက်သက်သာသာ မနေရဲပါဘူး... ပိုပြီးမှ ကြိုးစားပါ့မယ်"

လင်းဖုန်းသည် ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့အား ကြည့်နေရင်း သူ၏အကြည့်သည် နောက်ဆုံးတွင် လီယွမ်ဖန်း အပေါ်သို့ ကျရောက်သွားကာ ပြောလိုက်သည်။

"ဝိညာဉ်ပင်လယ် ပွင့်လာတဲ့ အချိန်မှာ ငါ့ရဲ့ ကိုယ်ပွားတွေပါ လိုက်သွားကြမယ်... ယွမ်ဖန်း... ယင်ပင်လယ် အတွင်းကို တစ်စုံတစ်ယောက် ခိုးဝင်လာမှာကို စောင့်ကြပ်ဖို့ မင်းက ဒီမှာ နေခဲ့ရမယ်"

"တကယ်လို့ ကြီးကြီးမားမား တစ်ခုခု ဖြစ်ခဲ့ရင် မင်းက အားလုံးတို့ကို ဦးဆောင်ပြီး ယင်ပင်လယ် အတွင်းကို ဆုတ်ခွာရမယ်"

လီယွမ်ဖန်းက သူ၏ခေါင်းကို လေးနက်စွာဖြင့် ညိတ်လိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

တစ်ယောက်သည် အခြားသူများအား အန္တရာယ် ပြုရန် အတွေးများ မရှိသော်လည်း သတိ မထား၍လည်း မရချေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အခြားဂိုဏ်းများက ယင်ပင်လယ် အတွင်းသို့ ခိုလှုံရန် တောင်းဆိုလာပါက ငြင်းပယ်မည် မဟုတ်သော်လည်း အကယ်၍ ဤအချိန်တွင် အခွင့်ကောင်းယူ၍ ပြဿနာရှာရန် ကြိုးစားလာခဲ့ပါက လီယွမ်ဖန်းအား အခြေအနေကို ကြည့်၍ လှုပ်ရှားနိုင်ရန် အာဏာအပြည့် ပေးထားသည်။

သူသည် အမတန်မှ ဖြောင့်မတ်သောသူ ဖြစ်သဖြင့် အားလုံးတို့ကို သင့်တော်သလိုသာ ဆောင်ရွက်မည် ဖြစ်သည်။ အားလုံးတို့အား အစီအစဥ် တကျ ဆောင်ရွက်မည် ဖြစ်ပြီး သူသည် တွေဝေတတ်သောသူ တစ်ယောက် မဟုတ်ချေ။ အကယ်၍ စည်းကမ်းတင်းကျပ်ရန် လိုအပ်လာပါက သူသည် လျှော့ပေါ့လိမ့်မည် မဟုတ်ချေ။

လင်းဖုန်းသည် ပြီးတာနှင့် ယန်ချင်ဘက်သို့ အာရုံပြောင်းလိုက်ကာ ပြုံးလိုက်သည်။ "ယန်ချင်… စုတောင်တိုက်ပွဲ အပြီးမှာ မင်းက နှစ်ပေါင်းတစ်ရာ ပြီးရင် မင်းချစ်သူနဲ့ ပြန်တွေ့နိုင်ဖို့ အခွင့်အရေး တစ်ခုရှိတယ်လို့ ငါပြောခဲ့တယ်နော်"

ယန်ချင်၏ အသက်ရှူသံမှာ ခေတ္တမျှ ရပ်သွား၏။ သူ၏ခေါင်းကို မော့၍ လင်းဖုန်းအား ကြည့်နေခဲ့သော်လည်း ဘာကိုမှ မပြောခဲ့ပေ။ သူသည် အိမ်မက်ဆိုး တစ်ခုမှ လန့်နိုးလာမည်ကို ကြောက်ရွံ့နေသကဲ့သို့ ဖြစ်သည်။

လင်းဖုန်းသည် ပြုံး၍ သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ငါအဲ့ဒီအချိန်က ပြောခဲ့တဲ့ အခွင့်အရေးဟာ ဝိညာဉ်ပင်လယ် ပြန်ပွင့်လာတာကို ဆိုလိုနေတာပဲ"

"ဝိညာဉ်ပင်လယ်ဟာ စိတ်ဝိညာဉ် စွမ်းအင်တွေနဲ့ ပြည့်နေတဲ့ ကမ္ဘာတစ်ခု ဖြစ်တယ်... အဲ့ဒီနေရာဟာ မဟာတာအိုကို ဖော်ပြပြီး အသက်တွေကို ဖန်တီးတဲ့

နေရာဖြစ်တယ်... သူက မင်းချစ်သူ ပြန်လည်ရှင်သန်လာဖို့ အဖြစ်နိုင်ဆုံး နေရာပဲ"

"စူတောင်တိုက်ပွဲ အပြီးမှာ ဝိညာဥ်ပင်လယ်ဟာ နောက်နှစ်ပေါင်း တစ်ရာအပြီးမှာ ပြန်ပွင့်လာမယ်လို့ ငါက ခန့်မှန်းခဲ့တယ်... ဒါပေမဲ့ ပြောင်းလဲမှုတွေ ဖြစ်လာခဲ့ပြီး ရက်တွေက ရှေ့တိုးသွားတယ်" လင်းဖုန်းက ပြုံးလိုက်သည်။ "ဒါပေမဲ့ ဒါက မင်းအတွက် ကောင်းတဲ့အရာ တစ်ခုပဲ"

ယန်ချင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူကာ တီးတိုး ရေရွတ်လိုက်သည်။ "ဝိညာဥ်ပင်လယ်... ထင်းထင်း..."

သူသည် သတိပြန်ဝင်လာပြီးနောက် လင်းဖုန်းအား ဦးညွှတ်လိုက်သည်။ သူသည် ဘာမှ မပြောခဲ့သော်လည်း သူ၏ ငြိမ်သက်နေမှုသည် သူ၏ ရည်ရွယ်ချက်ကို ဖော်ပြနေသည်။

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "မင်းက စိတ်အခြေအနေကို တည်ငြိမ်နေအောင် ထိန်းသိမ်းထားဖို့ လိုအပ်တယ်... ဝိညာဥ်ပင်လယ်ကို ထိန်းချုပ်ဖို့က လွယ်တဲ့အရာ တစ်ခုမဟုတ်ဘူး... မင်းတို့ နှစ်ယောက်က ပြန်လည် ဆုံစည်းနိုင်မလား ဆိုတာက မသေချာသေးဘူး"

ယန်ချင်က ထရပ်လိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။ "ဆရာ... ကျွန်တော်

နားလည်ပါတယ်... ဒါက မျှော်လင့်ချက်ရေးရေးလေးပေမဲ့ ကျွန်တော်က ကျေနပ်နေပါပြီ"

လင်းဖုန်းက ခေါင်းအသာညိတ်လိုက်သည်။ "မင်းရဲ့ ကျင့်ကြံမှုကို ဆက်ပြီးမှ အာရုံစိုက်ပါ... မင်း၊ ဟုန်ယန်၊ မင်းရဲ့ ဒုတိယ စီနီယာနဲ့ တတိယ စီနီယာတို့ဟာ ငါနဲ့အတူ ဝိညာဉ်ပင်လယ် အတွင်းကို လိုက်လာခဲ့မယ်"

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ "ဟုတ်ကဲ့ပါ... ဆရာ"

လင်းဖုန်းသည် လော်ချင်းဝူဘက်သို့ လှည့်လိုက်သည်။ "ချင်းဝူ... ယွမ်ဖန်းနဲ့အတူ နေခဲ့ပါ... သူက ယင်ပင်လယ်ကို စောင့်ကြပ်နေပြီး မင်းက နတ်ဘုရား နယ်မြေမှာ နေနေရမယ်"

လော်ချင်းဝူက ပြန်ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ... ဆရာ... ကျွန်မ နားလည်ပါတယ်"

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေ အတွင်းမှာ ဖြစ်နေတဲ့ အရာတွေ အပြင် မင်းက တစ်စုံတစ်ရာကို စောင့်ကြည့်နေဖို့ လိုအပ်သေးတယ်"

## စာစဥ် ၇၁ : အပိုင်း ၁၁

## အပိုင်း ၁၃၈၁ : အဲ့ဒီနေရာမှာ ဘယ်သူ ရှိမလဲ

လင်းဖုန်း၏ ညွှန်ကြားချက်များကို ကြားခဲ့ရသော အခါ လော်ချင်းဝူက သိချင်စိတ် ပြင်းပြသွားသည်။ "ဘာကိစ္စလည်း... ကျေးဇူးပြုပြီးမှ ကျွန်မကို ပြောပြပါ... ဆရာ"

လင်းဖုန်းက သူ၏အာရုံအား ယန်ချင်ဘက်သို့ ပြန်ပြောင်းလိုက်သည်။ "ဒါက မင်းနံပါတ်ငါး စီနီယာရဲ့ တပည့် ကျိုးယွင်ချုံးနဲ့ ပတ်သတ်နေတယ်"

သူ့စကားကို ကြားခဲ့ရသော အခါ ယန်ချင်၊ လော်ချင်းဝူနှင့် ကျန်သောသူများက အနည်းငယ် မှင်သက်သွားကြသည်။ သူတို့သည် တစ်စုံတစ်ရာကို စဥ်းစားမိသကဲ့သို့ ဖြစ်နေသည်။

ယန်ချင် အပါအဝင် အားလုံးတို့သည် အံ့အားသင့်သွားကြသော်လည်း လင်းဖုန်းတွင် အကြောင်းရင်းများ ရှိကြမည်ကို သိနေကြသည်။

ဇူရီနှင့် ဝမ်လင်းတို့သည် သဘောပေါက်သွားသည့်ပုံ ပေါက်သွားပြီး အချင်းချင်း ကြည့်လိုက်ကြကာ ဇူရီက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဒါက ရွှေပုစဥ်း ဆရာတော်က သူ့ကို ပြန်ပေးဆွဲသွားတဲ့ အချိန်မှာ စခဲ့တာ... ဒါပေမဲ့ ဒါက ရွှေပုစဥ်း ဆရာတော်နဲ့ ဘာမှ မဆိုင်ဘူး"

ဝမ်လင်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဒါက ယွင်ချုံးကိုယ်တိုင်ကနေ စခဲ့တာ"

သူတို့၏ စကားများကို ကြားခဲ့ရသော အခါ အားလုံးတို့က တုံ့ပြန်လိုက်ကြသည်။ ရှောင်ယန်သည် တင်ပလ္လင်ခွေ ထိုင်နေပြီး သူ၏လက်များကို ဒူးပေါ်တွင် တင်ထားခဲ့သည်။ သူက မျက်မှောင်များကို ကြည့်လိုက်ကာ ပြောလိုက်သည်။

"ရွှေပုစဉ်း ဆရာတော်နဲ့ စကြာဝဠာ စကျင်ဗုဒ္ဓတို့ဟာ ဘယ်နေရာ ရောက်နေမှန်းကို ကျွန်တော်တို့ မသိရပေမဲ့ ဒီကိစ္စက ပြေလည်သွားပြီ မဟုတ်လား... တကယ်လို့ သူတို့က ယွင်ချုံးကို

ထပ်ပြီးမှ ပြန်ပေးဆွဲသွားရင်တောင် ဘာမှ ရနိုင်မှာ မဟုတ်ဘူး... ဒါ့အပြင် စကြာဝဠာ စကျင်ဗုဒ္ဓက သူ့ဘာသူသာ ဆင်းသက်လာပြီ မဟုတ်လား"

"ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကလည်း ဝိညာဥ်ပင်လယ်ကို သွားခဲ့ရင် သူတို့က ကျွန်တော်တို့ကို ပြဿနာရှာဖို့ လူဘယ်နှစ်ယောက် ထားခဲ့နိုင်မှာလဲ"

ဇူရီ၏ မျက်လုံးများ အတွင်းတွင် ရီတာအို အဆောင်လက်ဖွဲ့သည် အဆက်မပြတ် လင်းလက်နေ၍ ဝမ်လင်း၏ မျက်လုံးများသည် ကြေးမုံ မျက်နှာပြင်များကဲ့သို့ ပြောင်းသွားကာ ထူးခြားဆန်းကြယ်၍ နက်နဲသော အလင်းတန်းများကို ရောင်ပြန်ဟပ်နေသည်။

"ကျွန်တော်က သေချာ မပြောနိုင်ပေမဲ့ ဒါက ပြန်ပေးဆွဲတာနဲ့ မဆိုင်နေဘူး… တစ်ခြား တစ်စုံတစ်ခု ဖြစ်နိုင်တယ်"

ဇူရီက တစ်စိမ့်စိမ့် စဉ်းစားနေ၍ ပြောလိုက်သည်။ ဝမ်လင်း၏ အကြည့်မှာ အေးစက်သွားသည်။ "အန္တိမ ယင်ယန်ကြေးမုံဟာ အတိတ်က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ရတနာ ဖြစ်တယ်… သူတို့မှာ ထူးခြားတဲ့ အကြံအစည် မရှိရင်တောင် ကျွန်တော်တို့ မသိထားတဲ့ သတင်း အချို့ကို သိထားနိုင်တယ်"

လီယွမ်ဖန်းက မေးလိုက်သည်။ "ဆရာ... မစ္စတာမြောင်က အန္တိမ ယင်ယန်ကြေးမုံနဲ့ ပတ်သတ်ပြီး ရှင်းပြထားတာမျိုး ရှိသေးလား"

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။ "ချန်းရှင်းယုက ဂိုဏ်းကို မဝင်ခင်ကတည်းက ရှီးဟောင်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းကနေ ထွက်လာခဲ့ပြီး သူ့ရဲ့ ဗဟုသုတကလည်း အကန့်အသတ် ရှိတယ်... ဒီမတိုင်ခင် ဒီကိစ္စကို အမတန်မှ တင်းတင်းကျပ်ကျပ် ဖုံးကွယ်ထားတယ်... နာယက အကြီးအကဲတွေကတောင် ဒီကိစ္စကို အနည်းငယ်သာ သိထားတယ်"

ရှောင်ယန်က အနည်းငယ် နောင်တရစွာဖြင့် ပြောလိုက်သည်။ "ချီယန် သူတော်စင်ဟာ မဟာဟင်းလင်းပြင် သူတော်စင်က အန္တိမ ယင်ယန်ကြေးမုံကို သေမင်းပင်လယ် အတွင်းကို ယူသွားခဲ့တာကို သိနေပေမဲ့ ကျိုးပဲ့နေတဲ့ အန္တိမ ယင်ယန်ကြေးမုံဟာ မဟာကမ္ဘာ အတွင်းကို ပြန်မလာနိုင်ခင် သူက ရှန်းယွမ်ကြောင့် ငရဲကမ္ဘာ ပင်လယ်အတွင်းကို ဝင်သွားရတယ်... ဒီကိစ္စနဲ့ ပတ်သတ်လို့ သူ့ရဲ့ ဗဟုသုတကလည်း အကန့်အသတ် ရှိတယ်"

လင်းဖုန်းက ရယ်လိုက်သည်" ငါတို့က သဲလွန်စတွေ အများကြီး မရှိပေမဲ့ ငါက အကြမ်းဖျင်း သိနေတယ်... ချင်းဝူ... မင်းက သတိထားပြီး နေရင်ရပြီ"

အားလုံးတို့သည် သူ၏ စကားများ အပေါ်တွင် အာရုံစိုက်နေကြပြီး လော်ချင်းဝူက သူမ၏ ခေါင်းကို ညိတ်လိုက်သည်။ "ဆရာ... ကျေးဇူးပြုပြီးမှ ကျွန်မကို ညွှန်ကြားပါ"

*****************

ယခုအချိန်တွင် ပိုင်ယွင်တောင်ပေါ်၌လည်း ဆွေးနွေးပွဲ တစ်ခုကို ကျင်းပနေသည်။ တောင်ထိပ်တွင် အကြီးအကဲ တစ်အုပ်စုသည် ပုံရိပ်များဖြင့် ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ စုဝေးနေကြသည်။

"ဝိညာဉ်ပင်လယ်ဟာ ကျွန်တော်တို့ ခန့်မှန်းထားတာထက် အချိန်များစွာ ပိုစောပြီးမှ ပြန်ပွင့်လာတော့မယ်... ဒီကိစ္စမှာ ကောင်းကျိုးရော ဆိုးကျိုးပါ ရှိနေတယ်" လင်းတောက်ဟန်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

ရှွမ်းလင်သူတော်စင်၊ ယန်ယွင်ကျန်းနှင့် သူ့အရှေ့မှ ကျန်သောသူများသည် စကား မပြောကြပဲ သူ၏ ခေါင်းများကိုသာ ညိတ်လိုက်ကြသည်။

တစ်ယောက်ကမှ မပြောခဲ့သော်လည်း သူတို့၏ ရင်အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ပို၍ပို၍ လွှမ်းမိုးလာနိုင်သည်ကို သိနေကြသည်။ ပို၍ ကြောက်မက်ဖွယ်ကောင်းသည့် အချက်မှာ သူတို့၏ တိုးတက်မှုသည် ရပ်တန့်မည့်ပုံ မပေါက်နေခြင်း

ဖြစ်သည်။ သူတို့သည် အစပိုင်းသာ ရှိသေးပြီး အထွတ်အထိပ် အခြေအနေသို့ မရောက်နေသေးပေ။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားများက ဆက်လက် ကြီးထွားနေပါက သူတို့သည် မည်ကဲ့သို့ ဖြစ်လာကြမည်ကို ခန့်မှန်းရန် အလွန်ခက်ခဲသည်။

ဤရှုထောင့်မှ ကြည့်လိုက်လျှင် ဝိညာဥ်ပင်လယ်က စောစော ပြန်ပွင့်လာခြင်းသည် ကောင်းမွန်သော ကိစ္စတစ်ခု ဖြစ်သည်။

သို့သော်လည်း အချိန်မှာ များစွာ ပိုစောခဲ့သည်။
အန္တိမ ကောင်းကင်ကြေးမုံသည် အချိန်မီ ပြန်လည်
ကောင်းမွန်လာမည် မဟုတ်ချေ။ ဟင်းလင်းပြင်
ဘုရားကျောင်း အတွက် ဤအရာသည်
ကြီးမားသော အားနည်းချက် တစ်ခုဖြစ်သည်။
ဘာပဲပြောပြော ဝိညာဥ်ပင်လယ် အတွင်းမှ သူတို့၏
ပြိုင်ဘက်များသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
တစ်ခုသာ မဟုတ်ချေ။

ကောင်းကင်ဖျက်ဆီး ဓားသည် ဝိညာဥ်ပင်လယ်
အတွင်းသို့ ဝင်၍မရသော်လည်း
ပုံရိပ်ယောင်နေမင်း၏ ဦးဆောင်မှုအောက်တွင်
ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်ရောက်လာကြမည့်
အစွမ်းထက် ဟေးဒီးစ်သားရဲ များစွာ ရှိနေနိုင်သည်။

ထို့အပြင် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတသည် ဝိညာဥ်ပင်လယ်
လှိုင်းလှိုင်းဖွဲ့ရှက်သေ့များကို ထုတ်လွှတ်ခဲ့သဖြင့် မည်သူက
ထိုသေ့များကို ရရှိကာ ပြိုင်ပွဲအတွင်းသို့
ဝင်လာကြမည်ကို ခန့်မှန်းရန် ခက်ခဲပြီး ကြိုတင်
သတိထားနေရန် လိုအပ်သည်။

ကောင်းဟန်က တိုးညင်းစွာ ပြောလိုက်သည်။
"ကိစ္စက ဒီအဆင့်အထိ ရောက်လာတဲ့အတွက်
ငါတို့က ဘာမှ ဆွေးနွေးနေဖို့ သိပ်မလိုတော့ဘူး...
ငါတို့က အစွမ်းကုန် ကြိုးစားဖို့သာ လိုအပ်တယ်"

လင်းတောက်ဟန်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "ဟုတ်တယ်... ကျွန်တော်တို့က
ဒီလိုမျိုး လုပ်သင့်တယ်"

ရွှမ်းရီ သူတော်စင်က ပြောလိုက်သည်။ "ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းမှာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်တို့က ကြေမွသွားခဲ့တယ်… ငါတို့က ဒီနှစ်တွေ အတွင်းမှာ သူတို့ကို ပြန်လည် ပြုပြင်ဖို့ ကြိုးစားနေပေမဲ့ သူ့ရဲ့ အသက်စွမ်းအင်တွေက အရင်အတိုင်း ပြန်မဖြစ်သေးဘူး… ဝိညာဉ်ပင်လယ် ပြန်ပွင့်လာပြီး မိစ္ဆာတွေက နတ်ဘုရား နယ်မြေကို တိုက်ခိုက်ခဲ့ရင် ငါတို့ဂိုဏ်းကို ပစ်မှတ်ထားလာနိုင်တယ်"

"အန္တိမ ကောင်းကင်ကြေးမုံက နတ်ဘုရား နယ်မြေကနေ ထွက်ခွာပြီး ဝိညာဉ်ပင်လယ် အတွင်းကို ဝင်ရလိမ့်မယ်… ပိုင်ယွင်တောင်က အမတန်မှ အားနည်းသွားလိမ့်မယ်"

ကျန်းရှီသူတော်စင်က သူ၏ပါးစပ်ကို ဟလိုက်သည်။ "ဒီတစ်ခေါက်မှာ ငါက နတ်ဘုရား နယ်မြေ အတွင်းမှာ နေခဲ့မယ်"

လင်းတောက်ဟန်က ပြောလိုက်သည်။ "မဟုတ်ဘူး... ကျွန်တော့်ရဲ့ တပည့်တွေနဲ့ အတူ အကြီးအကဲ သုံးယောက်တို့က ဝိညာဉ်ပင်လယ် အတွင်းကို ဝင်မှရမယ်"

အားလုံးတို့သည် သိချင်စိတ်ဖြင့် လင်းတောက်ဟန်အား ကြည့်လိုက်ကြသည်။ လင်းတောက်ဟန်၏ လေသံသည် ပြောင်းလဲပုံ မရပဲ ဆက်ပြောလိုက်သည်။ "လင်းဖုန်းက ဟေးဒီးစ်ကေရာဇ်ရဲ့ သားကို ဘာဖြစ်လို့

သူ့တပည့်အဖြစ် လက်ခံခဲ့သလဲ ဆိုတာကို ကျွန်တော် အကြမ်းဖျင်း ခန့်မှန်းလို့ရတယ်"

"သူ့ရဲ့ စဥ်းစားပုံကို မှားတယ်… ဒါမှမဟုတ် မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး… ဒါပေမဲ့ သူက အောင်မြင်နိုင်သလို ရှုံးနိမ့်နိုင်ခြေလည်း ရှိတယ်… ရှုံးနိမ့်မှုရဲ့ အကျိုးဆက်တွေဟာ ပြင်းထန်လွန်းလှတဲ့ အတွက် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသာ မကပဲ နတ်ဘုရား နယ်မြေကတောင် ခံနိုင်မှာ မဟုတ်ဘူး… ကျွန်တော်တို့က သူ့လိုမျိုး အတွေးတွေးလို့ မရဘူး… ဒီတိုက်ပွဲက ရှောင်လွဲလို့ မရနိုင်ဘူး"

"တကယ်လို့ ဝိညာဥ်ပင်လယ်ဟာ ဟေးဒီးစ်မျိုးနွယ်စု ဒါမှမဟုတ် တခြား မိစ္ဆာတွေရဲ့

လက်အတွင်းကို ကျရောက်သွားရင်လည်း
အကျိုးဆက်တွေက အန္တရာယ် ကြီးမားတယ်"

လင်းတောက်ဟာန်က တည်ငြိမ်စွာဖြင့်
ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေ အတွင်းက
အရှုပ်ထုပ်တွေကို ဖြေရှင်းနိုင်ဖို့… ဒါမှမဟုတ်
မိစ္ဆာတွေကို ခုခံနိုင်ဖို့ အတွက် ဝိညာဉ်ပင်လယ်
တိုက်ပွဲဟာ ဂိုဏ်းအတွက် အမတန်မှ အရေးကြီးတဲ့
ကိစ္စတစ်ခု ဖြစ်တယ်… ကျွန်တော်တို့က
အမှားလုပ်လို့ မရဘူး… တကယ်လို့
ကျွန်တော်တို့ဟာ ဝိညာဉ်ပင်လယ်ကို
ကျင့်ကြံနိုင်ခဲ့ရင် မိစ္ဆာတွေက ပြဿနာ
လာရှာခဲ့ရင်လည်း သူတို့ကို ဖြေရှင်းလို့ရတယ်"

ချိုင်ဖန်းကျိုးက သူ၏ မျက်မှောင်များကို အနည်းငယ် ကြုတ်လိုက်သည်။ "ဒါက အန္တရာယ် မများလွန်းဘူးလား... တကယ်လို့ နတ်ဘုရား နယ်မြေ အတွင်းမှာ မမျှော်လင့်ထားတဲ့ ကိစ္စတစ်ခု ဖြစ်လာခဲ့ရင် ငါတို့က လျင်မြန်စွာနဲ့ တုံ့ပြန်နိုင်မှာ မဟုတ်ဘူး"

လင်းတောက်ဟန်က ဖြည်းဖြည်းချင်း ပြန်ပြောလိုက်သည်။ "အရေးကြီးတာက အန္တိမ ကောင်းကင်ကြေးမုံ ဒါမှမဟုတ် ကောင်းကင်ဖျက်ဆီး ဓားပဲ... သေမင်းဧကရာဇ်ဟာ ဒီရတနာ နှစ်မျိုး မဟုတ်ရင် လှုပ်ရှားမှာ မဟုတ်ဘူး... ဒါပေမဲ့ အန္တိမ ကောင်းကင်ကြေးမုံဟာ ဝိညာဉ်ပင်လယ် အတွင်းကို ဝင်မှာဖြစ်ပြီး သူက

ကောင်းကင်ဖျက်ဆီး ခေးကို လုယူဖို့
အစီအစဥ်လည်း ရှိမှာမဟုတ်ဘူး"

"ဒါကြောင့်မို့ သေမင်းကေရာဇ်က နေနေခဲ့ရင်
သူဟာ ငရဲကမ္ဘာ ပင်လယ် အပေါ်မှာပဲ
လှုပ်ရှားလိမ့်မယ်... သူ့ကို စိုးရိမ်ရမယ့်သူက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းပဲ ဖြစ်တယ်"

"စကြာဝဠာ စကျင်ဗုဒ္ဓက ပြန်လည်
ဆင်းသက်လာပြီ... တကယ်လို့ သူက
ဝိညာဥ်ပင်လယ် အတွင်းကို မဝင်ခဲ့ရင်
ကျွန်တော်တို့ဂိုဏ်းကို လာပြီးမှ ကမ္ဘလမ်းစဥ်
ကိစ္စကို ဖြေရှင်းနိုင်တယ်... ဒါဆိုရင်
ကျွန်တော်တို့ကလည်း သူ့ကို ကမ္ဘဝါဒအကြောင်း
ဆွေးနွေးပေးလိုက်မယ်"

"သူ့ရဲ့ရွှေခွက်ဟာ ရွှေပုစဉ်း ဆရာတော်ရဲ့
အမှားကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
လက်တွင်းကို ကျရောက်သွားခဲ့တယ်... ဒါကလည်း
သူ့ရဲ့ ကံဆိုးမှု တစ်ရပ်ပဲ"

လင်းတောက်ဟန်က အချိန် အနည်းငယ်မျှ
ရပ်နားလိုက်သည်။ "ဒီအချိန်မှာ ပိုပြီးမှ
အရေးကြီးတာ တစ်ခု ရှိနေတယ်... ကျွန်တော်နဲ့
အကြီးအကဲ သုံးယောက်တို့က ဝိညာဉ်ပင်လယ်
အတွင်းကို ဝင်သွားတဲ့ အချိန်မှာ နတ်ဘုရား
နယ်မြေ အတွင်းက အစီအစဉ်ကိုလည်း စတင်မှာ
ဖြစ်တယ်"

"လင်းဖုန်း၊ ဇူရီနဲ့ ဝမ်လင်းတို့ဟာ ကမ္ဘာ့ဝါဒကို သုံးသပ်တဲ့ နေရာမှာ ထူးချွန်တဲ့သူတွေ ဖြစ်ကြလို့ သူတို့ဟာ တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိ နိုင်ကြပေမဲ့ အသေအချာတော့ သိနေမှာ မဟုတ်ဘူး"

"ကျွန်တော်တို့ရဲ့ ဝင်စွက်မှု နည်းလေလေ... သူတို့ရနိုင်တဲ့ သဲလွန်စတွေက နည်းလေလေ ဖြစ်တဲ့အတွက်ကြောင့် အစီအစဉ်ကို ဆောင်ရွက်တဲ့ နေရာမှာ ပိုပြီးမှ အကျိုးရှိနိုင်တယ်"

ယုယွမ် သူတော်စင်မယ်က သက်ပြင်းချလိုက်သည်။ "တကယ်လို့ ဂိုဏ်းခေါင်းဆောင်နဲ့ ဦးလေးထိုက်ရီတို့က မပြောခဲ့ဘူး ဆိုရင် ကျွန်မတို့က ကိစ္စတွေဟာ ဒီအတိုင်း ဖြစ်လာမယ်လို့ မျှော်မှန်းမိမှာ မဟုတ်ဘူး"

လင်းတောက်ဟန်က ဆက်ပြောလိုက်သည်။
"ကောင်းကင်မွေးဖွား တာအိုဆရာက ကိန်းရှင်တစ်ခု ဖြစ်တယ်... ဒါပေမဲ့ သူက ပိုင်ယွင်တောင်ကို ပြန်လာခဲ့မယ် ဆိုရင် ကျွန်တော်တို့မှာ သူ့ကို စောင့်မျှော်နေတဲ့ အရာတစ်ခု ရှိတယ်... အနည်းဆုံးတော့ သူက လက်ဗလာနဲ့ ပြန်သွားရမယ်"

"ငရဲကမ္ဘာ ပင်လယ်အတွင်းက အခြေအနေကို စောင့်ကြည့်ဖို့ ဦးလေးဝူကိုလည်း လိုအပ်တယ်"
လင်းတောက်ဟန်က ဝူမန့်ချီအား ကြည့်လိုက်သည်။
ဝူမန့်ချီသည် သူ၏ခေါင်းကို တိတ်တဆိတ် ညိတ်လိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

လင်းတောက်ဟန်က ပြောလိုက်သည်။

"ကောင်းကင်ဖျက်ဆီး ခေါ်းက နတ်ဘုရား နယ်မြေ အတွင်းမှာ နေနေမှာ ဆိုတော့ မိစ္ဆာတွေကို နတ်ဘုရား နယ်မြေ အတွင်းမှာ သိပ်ပြီးမှ စိတ်ပူနေစရာ မလိုဘူး... ဒါက နတ်ဘုရား နယ်မြေ အတွက် ကောင်းချီးမင်္ဂလာ တစ်ပါးဖြစ်ပြီး ကျွန်တော်တို့ကလည်း ဒီကနေ အကျိုးအမြတ် ရနိုင်ခဲ့တယ်"

"ဒါပေမဲ့ တစ်ချိန်တည်းမှာ လင်းဖုန်းက ဝိညာဉ်ပင်လယ် အတွင်းကို ဝင်သွားပြီးရင် ဒီခေါ်းကို တစ်ယောက်ကမှ ထိန်းချုပ်နိုင်တော့မှာ မဟုတ်ဘူး... တကယ်လို့ သူက ထိန်းချုပ်မှု ကင်းလွတ်သွားရင် နတ်ဘုရား နယ်မြေဟာ မိစ္ဆာတွေနဲ့ သေမင်းဇကေရာဇ်တို့

မသောင်းကျန်းခဲ့ရင်တောင် ကစဉ့်ကလျား ဖြစ်သွားလိမ့်မယ်"

"ဒါက ကျွန်တော့်တို့ အနေနဲ့ ချုပ်ကိုင်နိုင်စွမ်း မရှိတဲ့ အရာတစ်ခုပဲ… ကျွန်တော်တို့က ဒီကိစ္စကို ဘာမှ ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး"

လင်းတောက်ဟန်၏ လေသံသည် တောက်လျှောက် တည်ငြိမ်နေခဲ့သည်။ သူ၏ ခံစားချက်များကလည်း လှုပ်ရှားနေခြင်း မရှိပေ။ သို့သော်လည်း ဤအချိန်တွင် လှုပ်ရှားမှု အချို့ ပေါ်လာခဲ့သည်။

ကောင်းကင်ဖျက်ဆီး ဓားသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်နိုင်ခြင်း မရှိသည့်အတွက်

ဝိညာဉ်ပင်လယ် အတွင်းမှ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ အင်အားသည်
အကြီးအကျယ် လျော့နည်းသွားသည်။
သို့သော်လည်း ဖုံးကွယ်နေသော အန္တရာယ်
အချို့လည်း ရှိနေနိုင်သည်။
လင်းတောက်ဟန်ကလည်း ဤကိစ္စကို
ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

အကယ်၍ ကောင်းကင်ဖျက်ဆီး ခေါ်ကြာ အမှန်ပင်
ထိန်းချုပ်မှု ကင်းလွတ်သွားခဲ့ပါက
ကျန်းရှီသူတော်စင်သည် နတ်ဘုရား နယ်မြေ
အတွင်း နေခဲ့လျှင်ပင် ဘာမှ တတ်နိုင်မည်
မဟုတ်ပေ။ အန္တိမ ကောင်းကင်ကြေးမုံ မရှိနေလျှင်
ထိုက်ရှီသူတော်စင်ကပင် ကူရာမဲ့နေခဲ့မည်
ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ဝိညာဥ်ပင်လယ် တိုက်ပွဲတွင် လုံးဝ ထိမ်ချန်နေ၍ မရချေ။ သူတို့၏ အကောင်းဆုံး လူများနှင့် ရတနာများကို ထိုနေရာသို့ ယူသွားရန် လိုအပ်သည်။

"လူသားတွေက အကြံပေးတယ်...
နတ်ဘုရားတွေက စီမံတယ်... ဝိညာဥ်ပင်လယ်ကို ကျင့်ကြံနိုင်ပြီး အန္တိမ ကောင်းကင်ကြေးမုံနဲ့ ပေါင်းလိုက်ရင် ဒီခေါးကို ဖိနှိပ်နိုင်ဖို့ ဖြစ်နိုင်တယ်" ထိုက်ရီသူတော်စင်က ဤအချိန်တွင် ဝင်ပြောလိုက်၏။ "ဝိညာဥ်ပင်လယ် ပြန်ပွင့်လာတာဟာ မူလကောင်းကင် ကမ္ဘာရဲ့ ကံကြမ္မာနဲ့ ဆက်စပ်နေတယ်... ငါတို့က အစွမ်းကုန် ကြိုးစားမှရမယ်"

လင်းတောက်ဟန်၊ ကျန်းရီသူတော်စင်၊ ရွှမ်းရီသူတော်စင်နှင့် ကျန်သောသူများက သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ "အမှန်ပဲ"

ကျန်းရီသူတော်စင်သည် ကောင်းဟန်အား ကြည့်၍ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေ အတွင်းက ကိစ္စတွေကို မင်းကို အပ်ထားလိုက်မယ်… ဝိညာဉ်ပင်လယ်က အရေးပိုကြီးတယ်… မဟာကမ္ဘာ အတွင်းက ကိစ္စကို ငါတို့က စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်ရမယ်"

ကောင်းဟန်၏ အသံမှာ အလွန် တည်ငြိမ်နေသည်။ "ကျွန်တော် နားလည်ပါတယ်… ကျွန်တော်က မူလ အစီအစဉ်ကို အရေးပေးပြီးမှ အခြေအနေ အပေါ်မှာ

မူတည်ပြီး ဆောင်ရွက်ပါမယ်... ဝိညာဥ်ပင်လယ် တိုက်ပွဲ ပြီးဆုံးသွားတဲ့ အခါမှ ဘာဆက်လုပ်ရမလဲ ဆိုတာကို ဆုံးဖြတ်နိုင်တယ်"

သူ၏ အကြည့်သည် အနည်းငယ် လေးနက်၍ ငြိမ်းချမ်းလာသည်။ "တကယ်လို့ လိုအပ်ရင် ကျွန်တော်က ဂျူနီယာယန်အတိုင်း လုပ်လိုက်မယ်"

ရှမ်းရီ သူတော်စင်က ပြောလိုက်သည်။ "ငါတို့ဂိုဏ်းက ဝိညာဥ်ပင်လယ် တိုက်ပွဲမှာ အသာစီးရနေတယ်... ဒါပေမဲ့ ငါတို့ရဲ့ ပြိုင်ဘက်တွေကလည်း အမတန်မှ သန်မာတဲ့အတွက် သတိထားမှ ရမယ်"

"တကယ်လို့ ကိစ္စတွေက ငါတို့ မှန်းထားတဲ့အတိုင်း မဖြစ်လာခဲ့ရင် ငါတို့က အရန် အစီအစဉ် အတိုင်း လုပ်ဆောင်ရမယ်" ထိုက်ရီသူတော်စင်က သူ၏ မျက်လုံးများကို မှိတ်လိုက်ကာ သူ၏ မျက်နှာပေါ်တွင် မည်သည့် ခံစားချက်မှ ရှိမနေချေ။ "အတိုချုံး ပြောရရင် ငါတို့ရဲ့ အစွမ်းတွေကို အကုန် ထုတ်ရလိမ့်မယ်"

အားလုံးတို့သည် သူတို့၏ ခေါင်းများကို မော့လိုက်ကြကာ ပိုင်ယွင်တောင် အပေါ်မှ ဟင်းလင်းပြင်အား ကြည့်လိုက်ကြသည်။ တိမ်တိုက်များ အကြားတွင် စက်ဝိုင်းပုံ ကြေးမုံ အလင်းတန်း တစ်တန်း ရှိနေသည်။ သူ့ကို ရေးရေးလေးသာ မြင်နေရပြီး သူသည်

ကောင်းကင်နှင့် ဆက်သွယ်နေကာ မဟာကမ္ဘာ
တစ်ခုလုံးအား လမ်းပြနေသကဲ့သို့ ဖြစ်နေသည်။

ခွန်းလွန်တောင်ခြေ မြောက်ပိုင်းအပေါ်မှ
ဟင်းလင်းပြင် အတွင်းတွင် လင်းဖုန်းသည်
ယုကျင်းတောင်ပေါ်မှ မဟူရာကောင်းကင်
ရတနာသစ်ပင်၏ ထိပ်ဖျားတွင် ထိုင်နေသည်။ သူ၏
တပည့်များသည် သူ၏ ညွှန်ကြားချက်များကို
ရရှိခဲ့ပြီး ဖြစ်သည်။ သူတို့သည် ပြင်ဆင်မှု သို့မဟုတ်
ကျင့်ကြံမှုများကို ပြုလုပ်နေကြသည်။

လင်းဖုန်းသည် အဝေးမှ ဟင်းလင်းပြင်ကို
ကြည့်နေပြီး သူ၏ စိတ်အတွင်းမှ စဉ်းစားနေသည်။
"အဲ့ဒီနေရာမှာ ဘယ်သူတွေများ လာကြမလဲ"

# စာစဥ် ၇၁ : အပိုင်း ၁၂

## အပိုင်း ၁၃၈၂ : ဝိညာဉ်ပင်လယ်သို့ ခရီးထွက်ခြင်း

အချိန် ကုန်လွန်လာသည်နှင့် အမျှ ဝိညာဉ်ပင်လယ် ပြန်ပွင့်မည့် ရက်ကလည်း တဖြည်းဖြည်း နီးကပ်လာသည်။

မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးသည် ပြန်လည် ငြိမ်းချမ်းသွားခဲ့သည်။ အမှန်တွင် ဤအရာသည် မုန်တိုင်းမလာမီ ငြိမ်သက်နေခြင်း ဖြစ်သည်။

သို့သော်လည်း အခြေအနေများသည် အပြင်ပန်း တည်ငြိမ်မှု အောက်တွင် လှုပ်ရှားနေခဲ့ကာ အချိန်နှင့်

အမျှ ပို၍ ပြင်းထန်လာသည်။ မဟာလွင်တီးခေါင်
ကုန်းမြေမှ သတင်းများ အရ ရွှေပုစဥ်း
ဆရာတော်သည် ရုတ်တရက် ပေါ်လာပြီး သူ့အား
နောက်ယောင်ခံနိုင်ခဲ့သည်။

သူသည် နဂါးများ၏ ခြံုခို တိုက်ခိုက်မှုကို
လွတ်မြောက်သွားခဲ့သော်လည်း သူရရှိထားသည့်
ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့သည် နဂါးများ၏
လက်အတွင်းသို့ ကျရောက်သွားသည်။

ဤသတင်း ပျံ့သွားအပြီးတွင် အားလုံးတို့က အံ့သြ
တုန်လှုပ်သွားကြသည်။ နဂါးများသည်
ဝိညာဉ်ပင်လယ် အတွင်းသို့ သေချာပေါက် ဝင်ကာ
ဝိညာဉ်ပင်လယ် တိုက်ပွဲကို ဝင်ပါကြတော့မည်
ဖြစ်သည်။

ဝိညာဥ်ပင်လယ် အတွင်းမှ အခြေအနေသည် ပို၍ပို၍ စိတ်ရှုပ်ထွေးစရာ ကောင်းလာကာ ခန့်မှန်းရ ခက်ခဲလာခဲ့သည်။

သို့သော်လည်း နတ်ဘုရား နယ်မြေ အတွင်းမှ လူသား ကျင့်ကြံမှုကမ္ဘာ၊ အထူးသဖြင့် မဟာချင် အင်ပါယာသည် သက်တောင့်သက်သာ မဖြစ်နေခဲ့ပေ။ နဂါးများသည် ဝိညာဥ်ပင်လယ် ကိစ္စကို ဘေးချိတ်ထားပြီး မဟာချင် အင်ပါယာနှင့် ရှီရှင်းယွမ်တို့အား အရင် ဖြေရှင်းမည်လော ဟူသည်မှာ မသေချာသေးပေ။

ဟေးဒီးစ် မျိုးနွယ်စုများက အသာစီး ရသွားမည်ကို ကာကွယ်သည့် အနေဖြင့် အုံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့သည် ဝိညာဥ်ပင်လယ်
ပြန်ပွင့်သည်နှင့် တစ်ပြိုင်နက် အတွင်းသို့
ဝင်သွားကြမည် ဖြစ်သည်။

ထိုအချိန်တွင် နတ်ဘုရား နယ်မြေသည်
အားနည်းသွားမည် ဖြစ်၍ နဂါးများအတွက်
ကြီးမားသော အခွင့်အရေး တစ်ခုပင် ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာ အတွင်းမှ အခြေအနေသည်
ပို၍ပို၍ တင်းမာလာခဲ့သည်။

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည်
ကောင်းကင်ယောက်သွား ရွှေပုလဲအား

တည်ငြိမ်စွာနှင့် ကြည့်နေခဲ့သည်။
ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းတွင် ရွှေရောင် အလင်းတန်း မြူခိုးငွေ့ တစ်ခုက လှုပ်ရှားနေသည်။

ထိုရွှေရောင် အလင်းတန်း မြူခိုးငွေ့များ အကြားတွင် စီးဆင်းနေသော ခရမ်းရောင် အလင်းတန်းများက လင်းလက်နေသည်။
သူတို့သည် ပို၍ပို၍ တောက်ပနေကာ ပို၍ ပြင်းထန်လာခဲ့သည်။

"အချိန်ကျပြီ..." လင်းဖုန်း၏ အကြည့်သည် လက်ကနဲ ဖြစ်သွားကာ သူ၏ မျက်လုံးများ အတွင်းတွင် ထိုက်ကျိရုပ်ပုံ တစ်ခု လည်ပတ်နေသည်ကို မြင်နိုင်ခဲ့သည်။

သူ၏အကြည့်အား အဝေးမှ မိုးကုပ်စက်ဝိုင်း အပေါ်သို့ ရွှေ့လိုက်သည်။ လင်းဖုန်း၏ မျက်လုံးများ အတွင်းတွင် သာမန်ဟုသာ ထင်နေရသည့် လေဟာနယ်သည် စီးဆင်းနေသော အလင်းတန်းများဖြင့် ပြည့်နေခဲ့သည်။ သူ၏ နားများ အတွင်းတွင် မဟာတာအို၏ အသံများကိုပင် ကြားနေရသည်။

သူ၏အနောက်တွင် ဇူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့က ငြိမ်သက်စွာ စောင့်နေကြလေသည်။

ဤအချိန်တွင် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ဝိညာဉ်ပင်လယ် လှိုင့်ဝှက်သော့ကို

ပိုင်ဆိုင်ထားကြသူများသည် ခံစားချက် တစ်မျိုးကို ရရှိခဲ့ကြ၍ သတိဝင်လာကြသည်။

မီးတောင်ဖန်ကျောက် လောကမှ ဟောဒီးစ် မျိုးနွယ်စုတို့နှင့် ပိုင်ယွင်တောင်ပေါ်မှ ဟင်းလင်းပြင် ဘုရားကျောင်းတို့သည်လည်း လင်းဖုန်းအတိုင်းပင် ဤအချိန်ကို စောင့်မျှော်နေခဲ့ကြခြင်း ဖြစ်သည်။

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ အပေါ်တွင် ထိုင်နေကာ သူ၏ဘယ်လက်ဖြင့် မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့သည်။ သူ၏ ညာလက်ချောင်း တစ်ဘက်အား ကောင်းကင်ယောက်သွား ရွှေပုလဲ အပေါ်သို့ ဆန့်တန်းကာ အသာပုတ်လိုက်သည်။

ကောင်းကင်ယောက်သွား ရွှေပုလဲသည်
ယခုအချိန်တွင် လုံးဝ ခရမ်းရောင် သန်းသွားခဲ့ပြီ
ဖြစ်သည်။ လင်းဖုန်း ပုတ်လိုက်သော အခါ
ခရမ်းရောင် အလင်းတန်း တစ်ခုသည်
ကောင်းကင်အပေါ်သို့ ထိုးတက်သွားကာ အဝေးမှ
ဟင်းလင်းပြင်ထံသို့ ဆန့်တန်းသွားလေသည်။

ခရမ်းရောင် အလင်းတန်းသည် လင်းလက်လာပြီးမှ
ချက်ချင်း ပျောက်ကွယ်သွားသည်။ သူသည်
ဟင်းလင်းပြင် အတွင်းတွင် လုံးဝ
ပျောက်ကွယ်သွားသကဲ့သို့ ထင်နေရသည်။

လင်းဖုန်းသည် သူ၏ဘယ်လက်အား ဤအချိန်တွင်
ရုပ်သိမ်းလိုက်သည်။ သူ၏ ဘယ်လက်ချောင်းသည်
သူ့နဖူးအား အသာဖိလိုက်ကာ သူ၏

ညာလက်ချောင်း ငါးချောင်းတို့ကို လှုပ်ရှားလိုက်ပြီး မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် ခရမ်းရောင် အလင်းစက် တစ်စက်က လင်းလက်လာ၍ ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာသည်။ သူသည် ထိုခရမ်းရောင် အလင်းစက်၏ လွှမ်းခြုံခြင်းကို ခံခဲ့ရသကဲ့သို့ ဖြစ်နေသည်။

ထိုက်ကျိရုပ်ပုံသည် အဖြူနှင့် အနက်ရောင် ဖြစ်၍ ထိုအရောင် နှစ်မျိုးတို့သည် သိသာစွာ ကွဲပြားနေကြသည်။ ယင်နှင့်ယန်တို့က ယှက်သန်းနေရင်း ထိုက်ကျိရုပ်ပုံက လည်ပတ်နေသည်။ အဖြူရောင် အလင်းတန်း တစ်တန်းသည် သူ့အလယ်မှ လင်းလက်လာ၍

နေရာအနှံ့သို့ ကျယ်ပြန့်သွားသည်။ နောက်ဆုံးတွင် ထိုက်ကျိုရုပ်ပုံသည် ကွယ်ပျောက်သွား၍ သူ့နေရာတွင် အစားထိုးလာသည်မှာ တံခါးတစ်ခု ဖြစ်သည်။

ထိုတံခါးသည် ရေးရေးလေး ပေါ်လာကာ လွန်စွာ အဆုံးမဲ့သည်ဟု ထင်နေရ၍ လေဟာနယ်နှင့် ထပ်နေသည်ဟု ထင်နေရသည်။

ထိုတံခါး အနားတွင် အဖြူရောင် တိမ်တိုက်များက ထိုးတက်လာသည်။ မရေမတွက်နိုင်သော တောက်ပလှသည့် အလင်းတန်းများက ကောင်းကင်ပေါ်သို့ ထိုးတက်သွားကာ တစ်ခုနှင့် တစ်ခု ယှက်သန်းနေကြလေသည်။

လင်းဖုန်း၏ ညာလက်မှ မှော်ကျိန်စာသည် ပြောင်းလဲသွားကာ ထိုတံခါးအား ညွှန်ပြလိုက်သည်။ ခရမ်းရောင် ခေတ်ငွေ့တစ်တန်းသည် တံခါးထံမှ တိုးထွက်လာ၍ ဟင်းလင်းပြင် အပေါ်သို့ ထိုးတက်သွားသည်။

ခရမ်းရောင် ခေတ်ငွေ့များက အပေါ်သို့ ထိုးတက်သွားသော အခါ မရေမတွက်နိုင်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ သူ၏ အရောင်သည် မှေးမှိန်သွား၍ ထွင်းဖောက်မြင်နေရသည်။ သို့သော်လည်း ခရမ်းရောင် ခေတ်ငွေ့အတွင်းမှ အင်အားသည် ပို၍ လျှို့ဝှက်ဆန်းကြယ်သကဲ့သို့ ဖြစ်လာပြီး အသွင်မဲ့ကာ ခြေရာမဲ့နေသော

လမ်းကြောင်းတစ်ခုသည် ဖြည်းဖြည်းချင်း ပေါ်လာသည်။

ထိုလမ်းကြောင်းသည် ကောင်းကင်ကိုးလွှာ တိုင်အောင် မြင့်မားနေသည်ဟု ထင်နေရသော တံခါးထိတိုင်အောင် ဆန့်တန်းသွားသည်။

ဇူရီနှင့် ကျန်သောသူများသည် လင်းဖုန်း၏ အနောက်တွင် ရပ်နေကြသည်။ သူတို့သည် ထိုလမ်းကြောင်း အတွင်းမှ သဘောတရားများကို အာရုံခံနေကြရင်း တစ်စုံတစ်ခုကို နားလည်သွားကြသကဲ့သို့ ဖြစ်သွားကြသည်။

လမ်းကြောင်းသည် အပေါ်သို့ ဆန့်တန်းသွားရင်း လေဟာနယ် အတွင်းတွင် ပိုမြင့်သော နေရာသို့ ရောက်သွားရုံ သက်သက်ကိုသာ ဖော်ပြနေခြင်း မဟုတ်ချေ။ သူသည် ဤလမ်းကြောင်းမှ သဘောတရားများသည် ကမ္ဘာအတွင်းမှ ကျန်သော သဘောတရားများနှင့် ယှဉ်လျှင် အထက်တန်း ပိုကျနေသည်ဟု ဖော်ပြနေသည်။ လမ်းကြောင်းက ပိုမြင့်လာလေလေ သဘောတရား အဓိပ္ပာယ်များက ပိုမို နက်ရှိုင်းလာလေလေ ဖြစ်သည်။

ခရမ်းရောင် ဓာတ်ငွေ့၏ အလင်းရောင်များက လုံးဝ ပျောက်ကွယ်သွားသော အခါ ထူးခြား ဆန်းကြယ်သော လမ်းကြောင်းတစ်ခုသည် လင်းဖုန်းနှင့် ကျန်သောသူများ၏ အရှေ့တွင် ပေါ်လာခဲ့လေသည်။

အားလုံးတို့သည် ထိုလမ်းကြောင်း အပေါ်တွင် လျှောက်လှမ်းနေကြရင်း သူတို့၏ စိတ်ဝိညာဉ် တာဝါများ အတွင်းတွင် မရေမတွက်နိုင်သော မဟာတာအို သဘောတရား ပုံရိပ်များကို ကောင်းစွာ တွေ့နိုင်ကြကာ အကျိုးအမြတ် ကြီးမားစွာ ရရှိခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် ယုကျင်းတောင် အပေါ်တွင် ခေါင်းလောင်းတစ်စင်း၏ အသံသည် ပဲ့တင်ရိုက်လာခဲ့သည်။

ထိုခေါင်းလောင်းသံသည် လေထုအတွင်းတွင် ပဲ့တင်ရိုက်နေခဲ့ရင်း မဟာတာအို၏ ဖမ်းစားနိုင်သော အသံများကို ကြားနေရသည်။ အသိစိတ် တစ်ခုသည်

ညှာတာမှု ကင်းမဲ့စွာ အသတ်ခံခဲ့ရသကဲ့သို့ ဖြစ်သည်။

ရွှမ်းလီက သူ့အနောက်တွင် ခံစားချက် ကင်းမဲ့စွာ ရပ်နေသည်ကို တွေ့ခဲ့ရသော အခါ လင်းဖုန်းက ဖွဖွလေး ရယ်လိုက်သည်။ သူမကလည်း ထိုတံခါးအား အေးစက် စူးရှသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။

တံခါးမှနေ၍ ထူးခြားသော အရှိန်အဝါ တစ်ခု ထွက်ပေါ်လာ၍ ရွှမ်းလီအပေါ်သို့ အာရုံစိုက်နေခဲ့သည်။

ဤအချိန်တွင် ထူးခြားဆန်းကြယ်သော
ဝိညာဉ်ပင်လယ်သည် သက်ရှိတစ်ယောက်နှင့်
ဆင်တူနေကာ  အိပ်ပျော်နေရာမှ နိုးလာ၍
ရွှမ်းလီအား စောင့်ကြည့်နေလေသည်။

နှစ်ဘက်သားတို့၏ အရှိန်အဝါများ တစ်ခုနှင့် တစ်ခု
ထိတွေ့မိသော အခါ အချင်းချင်း ပဋိပက္ခ
ဖြစ်ကုန်ကြသည်။ သူတို့သည် တစ်ယောက်နှင့်
တစ်ယောက် အလျှော့မပေးလိုနေကြပေ။

ဤအရာသည် သူတို့ အချင်းချင်း အပေါ်တွင်
ထားရှိသော အမုန်းတရားနှင့် အငြိုးတရားများမှ
အခြေခံလာခြင်း ဖြစ်သည်။

ရွှမ်းလီ၏ အကြည့်သည် လုံး၀ အေးစက်နေ၍ ထိုတံခါးအား စိုက်ကြည့်နေသည်။ သူမ၏ အကြည့်သည် ထက်မြက်သော ဓားတစ်ချောင်းအလား ထူးခြား ဆန်းကြယ်သော ကမ္ဘာ၏ နယ်နိမိတ်များကို ကျူးကျော်နေခဲ့သည်။ ဓားသည် ဝိညာဉ်ပင်လယ် အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွား၍ အတွင်းမှ မရေမတွက်နိုင်သည့် မဟာတာအို သဘောတရားများကို ထကြွလှုပ်ရှားစေခဲ့သည်။

ထိုတံခါးသည် ဤအချိန်တွင် အမျက်တကြီးဖြင့် တွန့်လိမ်လာကာ အလင်းတန်း များစွာတို့အား ထုတ်လွှတ်လိုက်သည်။

"ဒါကြောင့်မို့ မင်းက ငါနဲ့အတူ ဝိညာဉ်ပင်လယ် အတွင်းကို မလိုက်နိုင်ဘူး" လင်းဖုန်းက ရယ်လိုက်သည်။ "နတ်ဘုရား နယ်မြေ အတွင်းမှာပဲ နေနေခဲ့ပါ"

ရွှမ်းလီ၏ မျက်လုံးများ အတွင်းမှ အေးစက်သော အကြည့်သည် ပျောက်ကွယ်သွားကာ ပြန်လည် တည်ငြိမ်လာခဲ့သည်။ သူမ၏ ဖျက်ဆီးနိုင်သော ခက်ထန်သည့် အရှိန်အဝါကလည်း ပျောက်ကွယ်သွား၍ ပြန်လည် တည်ငြိမ်လာသည်။

လမ်းကြောင်းအဆုံးမှ တံခါးကလည်း မူလပုံစံသို့ ဖြည်းဖြည်းချင်း ပြန်ရောက်သွား၍ ဆက်လက်ပြီး မတွန့်လိမ်နေတော့ချေ။

လင်းဖုန်းက ရွှမ်းလီအား ကြည့်၍ ပြောလိုက်သည်။
"မင်းကိုယ်မင်း ဂရုစိုက်ပါ... ငါမရှိတဲ့ အချိန်မှာ
မင်းက ဓားချက် သုံးချက်ပဲ ထုတ်ခွင့်ရှိတယ်... ဒါကို
မှတ်ထားပါ... ဒါက သေချာမှတ်ထားပါ"

ရွှမ်းလီ၏ ထူးမခြားနား အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူမ၏ နှုတ်ခမ်းများသည်
အနည်းငယ် လှုပ်ရှားသွားကာ အနည်းငယ်
စိတ်ဓာတ်ကျနေသကဲ့သို့ ဖြစ်နေသည်။

"အတိအကျ ပြောရရင် နှစ်ချက်ပဲရမယ်...
ဘာဖြစ်လို့လဲ ဆိုတော့ ဓားချက် တစ်ချက်ကို
အရန်အနေနဲ့ ထားရမှာမို့ ဖြစ်တယ်" လင်းဖုန်းက
ဖွဖွလေး ရယ်လိုက်ကာ ဆက်ပြောလိုက်သည်။
"စိတ်ဓာတ် မကျနေပါနဲ့... တကယ်လို့ ငါထင်တာ

မမှားရင် မင်းပျော်ရွှင်ရမယ့် အချိန်ကလည်း ရောက်လာတော့မယ်... မင်းက ဆက်ပြီးမှ တိုးတက်နိုင်သေးတယ်"

"ဒါပေမဲ့ အခုအချိန်မှာ မင်းက စိတ်ရှည်လက်ရှည်နဲ့ စောင့်နေရမယ်... သေချာမှတ်ထားပါ... ခေါးချက် နှစ်ချက်ပဲ ရမယ်"

ရွှမ်းလီသည် လင်းဖုန်း၏ စကားများကို ကြားခဲ့ရသော အခါ သူမ၏ခေါင်းကို ညိတ်လိုက်သည်။ သူမ၏ ခံစားချက် ကင်းမဲ့နေ၍ အေးစက်နေသော မျက်နှာသည် အနည်းငယ် ပြန်၍ နူးညံ့လာသည်။

လင်းဖုန်းသည် ရှီထျန်းဟောင်နှင့် လော်ချင်းဝူတို့အား ကြည့်၍ ပြောလိုက်သည်။ "မင်းတို့ နှစ်ယောက်စလုံးက နတ်ဘုရား နယ်မြေအတွင်းမှ စောင့်ကြပ်နေရမယ်... မပေါ့ဆကြနဲ့" ရှောင်ယန်နဲ့ ယွမ်ဖန်းတို့က အခုအချိန်မှာ ငရဲကမ္ဘာ ပင်လယ်အတွင်းကို ရောက်သွားကြပြီ"

ရှီထျန်းဟောင်နှင့် လော်ချင်းဝူတို့သည် အသိအမှတ်ပြုသော အနေဖြင့် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ လင်းဖုန်းသည် သူ၏ ဝတ်ရုံအား ဖုန်ခါလိုက်၍ လမ်းကြောင်းအတိုင်း လျှောက်သွားခဲ့သည်။ ဇူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ကလည်း သူ့အနောက်မှ လိုက်သွားကြသည်။

သူတို့အပြင် ကျားဖြူ မဟာပဏ္ဍိတကလည်း ဝိညာဉ်ပင်လယ် အတွင်းသို့ လိုက်ဝင်သွားလေသည်။

ကျားဖြူ မဟာပဏ္ဍိတသည် ယခုအချိန်တွေ ရွှေဖြူရောင် အလင်းတန်းများဖြင့် လင်းလက်နေသည်။ သူ၏ အေးစက်၍ ခက်ထန်သော အရှိန်အဝါက ပျောက်ကွယ်သွား၍ ယခုအချိန်တွင် သာမန် ကျားတစ်ကောင်နှင့်သာ တူနေခဲ့သည်။

သို့သော်လည်း ဇူရီနှင့် ဝမ်လင်းတို့ကပင် သူ့အား လျှော့မတွက်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော ကျားဖြူ မဟာပဏ္ဍိတသည် နောက်ဆုံးကပ်ဘေးအား ကျော်လွှန်သွားနိုင်ခဲ့ကာ

ကာဒီနယ် ကပ်ဘေးများ ပြီးဆုံး၍ ဗီပရာလိုပါ အဆင့်သို့ ရောက်သွားနိုင်သောကြောင့် ဖြစ်သည်။

ဗီပရာလိုပါ အဆင့်သို့ ရောက်နိုင်သည့် သန့်စင်သော သွေးမျိုးဆက် ကျားဖြူသည် အမတန်မှ အစွမ်းထက်သည်။ သူသည် ယခုအချိန်တွင် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အထူးချွန်ဆုံး မိစ္ဆာများ အနက် တစ်ကောင် အပါအဝင် ဖြစ်သွားပြီ ဖြစ်သည်။

လင်းဖုန်းသည် ကျားဖြူ မဟာပဏ္ဍိတအား မဟာကမ္ဘာ အတွင်းတွင် မထားခဲ့ပဲ ဝိညာဉ်ပင်လယ် အတွင်းသို့ ခေါ်လာရန် ဆုံးဖြတ်ခဲ့သည်။ ကျားဖြူ မဟာပဏ္ဍိတကလည်း သူ၏ ဆုံးဖြတ်ချက်အား အလွန်အမင်း ကျေနပ်နေလေသည်။

သူသည် ဝိညာဉ်ပင်လယ်နှင့် ပတ်သတ်၍ သူ၏ကိုယ်ပိုင် အတွေးအမြင်များ ရှိနေသည်။ သို့သော်လည်း သူသည် လင်းဖုန်းအနောက်သို့ လိုက်လာခဲ့သဖြင့် အခြေအနေများက အကြီးအကျယ် ပြောင်းလဲသွားခြင်း မရှိလျှင် သူ့ဘာသာသူ လုပ်ဆောင်လိမ့်မည် မဟုတ်ချေ။

လင်းဖုန်းကသာ ရှုံးနိမ့်သွားခြင်း မရှိပါက သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အပေါ်တွင် ကျေနပ်စွာဖြင့် တာဝန် ထမ်းဆောင်မည် ဖြစ်သည်။ ဤနှစ်များအတွင်းတွင် နောက်ဆုံးကပ်ဘေးအား ငြိမ်းချမ်းစွာ ကျော်လွှားနိုင်ခဲ့ခြင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အကူအညီများကြောင့် ဖြစ်သည်။

ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်ခြင်းသည် သူ့အား ဟေးဒီးစ်မိစ္ဆာများကို တွေ့ရန် အခွင့်အရေးကိုလည်း ပေးနိုင်သည်။ ဤအရာသည် သူ၏ အကြီးမားဆုံး ဆန္ဒများအနက် တစ်ခုဖြစ်သည်။

မီးတောင်ဖန်ကျောက် ကမ္ဘာအား ရှာဖွေရန် အလွန်ခက်ခဲသည်။ ကျားဖြူ မဟာပဏ္ဍိတသည် ဟေးဒီးစ် မိစ္ဆာများကို တိုက်ခိုက်လိုလျှင်ပင် သူတို့အား ရှာနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ဝိညာဉ်ပင်လယ် အတွင်းသို့ လင်းဖုန်း၏နောက်မှ လိုက်လာခဲ့ခြင်းသည် သူ၏ ဆန္ဒများကို ပြည့်ဝစေသည်။

သူတို့အုပ်စုသည် လမ်းကြောင်းအတိုင်း လျှောက်လာကြရင်း တံခါးအနားသို့ ရောက်လာကြသည်။ ပြီးတာနှင့် သူတို့သည် တံခါးအတွင်းသို့ ဝင်ခဲ့ကြသည်။

တံခါးအတွင်းသို့ ဝင်သွားသည်နှင့် ကျယ်ပြန့်လှသော အဆုံးမဲ့ စိတ်ဝိညာဉ် စွမ်းအင်များသည် သူတို့အား လျင်မြန်စွာနှင့် လွှမ်းခြုံ ရစ်ပတ်ခဲ့ကြလေသည်။

ထိုနေရာတွင် အလင်းတန်း ခါးပတ်များ ရှိနေကြသကဲ့သို့ ဖြစ်နေပြီး သူတို့သည် ဟင်းလင်းပြင် အတွင်းတွင် တောက်ပစွာနှင့် လွင့်မျောနေကြသည်။

အလွန်အမင်း အားကောင်းသော စိတ်ဝိညာဥ်စွမ်းအင်များကြောင့် အားလုံးတို့သည် အနည်းငယ်ထုံနေသကဲ့သို့ ခံစားခဲ့ရသည်။ သူတို့၏ အရှေ့မှ မြင်ကွင်းသည် ဘာမှ မှုမမှန်ခြင်း မရှိနေသကဲ့သို့ အလွန်အမင်းကို သာမန် ဆန်နေသည်။

လင်းဖုန်းနှင့် ကျန်သောသူများသည် မည်သည့်အသံများကိုမှ မကြားခဲ့ပေ။ သူတို့သည် ထူးခြားဆန်းကြယ်သော မြင်ကွင်းတစ်ခုနှင့် တွေ့ကြုံခဲ့ရ၍ သူတို့ အခုလေးတင် ရောက်လာသည့် ပတ်ဝန်းကျင်နှင့် တစ်သားတည်း ဖြစ်သွားသကဲ့သို့ ခံစားခဲ့ရသည်။

ထင်ထားသည့် အတိုင်းပင် လင်းဖုန်းနှင့် ကျန်သောသူများက ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်လာကြအပြီးတွင် တံခါးက ပြန်ပိတ်သွားသည်။

အလင်းတန်း အချို့ လင်းလက်သွားကြပြီး လင်းဖုန်း၏ အရှေ့တွင် ပုံရိပ်သုံးခု ရုတ်တရက် ပေါ်လာကြသည်။ တစ်ယောက်မှာ ကိုးပေမြင့်သော ဘီလူးကြီးဖြစ်သည့် ကိုးနဝင်းချီ ကိုယ်ပွား ဖြစ်သည်။ နောက်တစ်ယောက်မှာ ငွေဖြူရောင် ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထား၍ ခေါင်းပေါ်တွင် နဂါးဦးချိုများ ရှိနေသည့် မိုးကြိုးနဂါး ကိုယ်ပွား ဖြစ်သည်။ နောက်ဆုံးတစ်ယောက်မှာ စွမ်းအင်များဖြင့် ပြည့်ဝနေသော လူငယ်တစ်ယောက် ဖြစ်သည့် အေးရီးစ်ကိုယ်ပွားပင် ဖြစ်သည်။

လင်းဖုန်းအပြင် ဇူရီ၏ အရှေ့တွင် ရောမ ပုံရိပ်တစ်ခုက ရုတ်တရက် ပေါ်လာသည်။ သူသည် စွမ်းအင်များဖြင့် ပြည့်ဝနေကာ ဟင်းလင်းပြင် တစ်ခုလုံးကို လွှမ်းခြုံသွားစေသည်။ သူသည် မဟာနေမင်း ကိုယ်ပွား ဖြစ်သည်။

ဝိညာဉ်ပင်လယ်သည် မဟာတာအိုတို့က မူလရင်းမြစ်သို့ ပြန်သွားသော နေရာဖြစ်သည်။ သူသည် အလွန်အမင်း လျှို့ဝှက် ဆန်းကြယ်ကာ ခန့်မှန်းရ ခက်ခဲသည်။ သူသည် လင်းဖုန်းအရှေ့တွင် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့ပြန်သည်။

ယခုအချိန်တွင် ပိုင်ယွင်တောင်ပေါ်၌ ထိုက်ရီသူတော်စင်နှင့် ဟင်းလင်းပြင်

ဘုရားကျောင်းမှ အကြီးအကဲများသည် သူတို့၏
မျက်လုံးများကို ပိတ်လိုက်ကြ၍
ထိုက်ရှီသူတော်စင်က ဖြည်းဖြည်းချင်း
ပြောလိုက်သည်။ "သွားကြစို့"

သူ့အပေါ်တွင် ရောမ ကြေးမုံတစ်ခုက
လွင့်မျောနေကာ ဝိညာဉ်ပင်လယ်နှင့်
ဆက်သွယ်နေသကဲ့သို့ ထင်နေရသည်။
ကျန်းရှီသူတော်စင်၊ ရွှမ်းရှီသူတော်စင်၊
လင်းတောက်ဟာန်နှင့် ကျန်သောသူများသည်
သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ
အနောက်မှ လိုက်သွားကြလေသည်။

မီးတောင်ဖန်ကျောက် လောကအတွင်းတွင်
ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မျက်လုံးများ

အတွင်းတွင် အနက်ရောင် အလင်းတန်းများ ပေါ်လာကြသည်။ သူသည် လေးနက်သော အသံဖြင့် ပြောလိုက်၏။ "ငါတို့ စောင့်မျှော်နေကြတဲ့ အချိန်ရောက်လာပြီ"

သူ့အနောက်တွင် ဟေးဒီးစ်မိစ္ဆာ တစ်အုပ်စုသည် ဟင်းလင်းပြင်အား စောင့်ကြည့်နေကြသည်။ သူတို့၏ မျက်လုံးများ အတွင်းတွင် ရှုပ်ထွေးသော အကြည့်များ ရှိနေကြသော်လည်း သူတို့သည် ပို၍ စိတ်လှုပ်ရှားနေကြသည်။

မဟာတာအိုဂ၏ သဘောတရားများက လှုပ်ရှားလာသော အခါ တံခါး တစ်ခုထက်ပို၍ ပွင့်လာကြသည်။ သူတို့သည် ဝိညာဥ်ပင်လယ်နှင့် မဟာကမ္ဘာအား ဆက်သွယ်ထားကြခြင်း ဖြစ်သည်။

သူတို့က ပွင့်ပြီးသွားသော အခါ ထပ်ဖန်တစ်ခါ ပြန်ပိတ်သွားကြသည်။

## စာစဉ် ၇၁ : အပိုင်း ၁၃

## အပိုင်း ၁၃၈၃ : ဝိညာဉ်ပင်လယ်အား ပြုပြင်ခြင်း

လင်းဖုန်းသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။ သူ့ဘေးတွင် ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများကလည်း ရောက်နေကြသည်။

လင်းဖုန်းသည် ဤနေရာသည် မည်မျှ မှော်ဆန်ကြောင်းကို ဖော်ပြခဲ့ဖူးသော်လည်း

ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာခြင်းသည်
ကွဲပြားသော ခံစားချက်တစ်ခု ဖြစ်နေသေးသည်။

ကျားဖြူ မဟာပဏ္ဍိတသည် အသက်ရှင်နေသည်မှာ
အချိန်များစွာ ကြာပြီဖြစ်သည်။ သူသည်
ဟင်းလင်းပြင် ပင်လယ်၊ ကြယ်စင်ပင်လယ်နှင့်
ယင်ပင်လယ် အတွင်းသို့ပင် ရောက်ဖူးသည်။
သို့တိုင်အောင် သူသည် ဝိညာဉ်ပင်လယ် အတွင်းသို့
ရောက်ရှိလာသော အခါ အံ့သြ
တုန်လှုပ်သွားခဲ့သေးသည်။

လူသားများ ဖြစ်စေ၊ မိစ္ဆာများဖြစ်စေ၊ သူတို့သည်
ဤနေရာက မည်မျှအထိ လျှို့ဝှက်
ဆန်းကြယ်သည်ကို ကောင်းစွာ
အာရုံခံနိုင်ခဲ့ကြသည်။

သူသည် သူသိထားခဲ့သမျှကို အလင်းတန်း
ခါးပတ်များ အတွင်းတွင် ဖော်ပြထားသော
မဟာတာအို သဘောတရားများနှင့် မှီငြမ်းခဲ့သော
အခါ များစွာ အကျိုးအမြတ် ရရှိခဲ့သည်။

လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။
"မင်းတို့အားလုံးက အချိန်ယူပြီးမှ သူတို့ကို
နားလည်အောင် ကြိုးစားနိုင်တယ်... ဒါပေမဲ့
လှုပ်ရှားတာ မရပ်ကြနဲ့... ငါ့အနောက်ကို
လိုက်ခဲ့ကြပါ"

သူ၏ စကားဆုံးသည်နှင့် ရှေ့ဆက်သွားခဲ့ရာ ဇူရီ၊
ဝမ်လင်းနှင့် ကျန်သောသူများက သူ့အနောက်မှ
နီးကပ်စွာ လိုက်ပါလာကြသည်။

ဝိညာဥ်ပင်လယ် အတွင်းတွင် မည်သည့်အရာမှ မရှိပဲ ရှင်းလင်းနေသည်။ ထိုနေရာတွင် နယ်နိမိတ်သို့မဟုတ် အကွာအဝေး ရှိနေသည့်ပုံ ပေါက်မနေချေ။ သူတို့ ရှေ့တိုးလာကြသော အခါ မြင်ကွင်းက ပြောင်းမသွားခဲ့ပေ။ ဤအရာသည် သူတို့အား နေရာတစ်ခုတည်း အပေါ်တွင် လမ်းလျှောက်နေရသကဲ့သို့ ဖြစ်စေခဲ့သည်။

သို့သော်လည်း လင်းဖုန်းက ကောင်းစွာ သိပြီးသားဖြစ်နေသဖြင့် သူ၏လက်များကို ကျောနောက်တွင် ပစ်ထားကာ သက်တောင့်သက်သာဖြင့် အရှေ့သို့ ဆက်လျှောက်နေခဲ့သည်။ သူသည် လုံးဝ အမှုမထားသည့်ပုံ ပေါက်နေသည်။

မိုးကြိုးနဂါး ကိုယ်ပွား၊ အေးရိုးစ်ကိုယ်ပွားနှင့် ကိုးနဝင်းချီ ကိုယ်ပွားတို့သည် စီးဆင်းနေသော အလင်းတန်း သုံးခုအဖြစ်သို့ ပြောင်းသွားကြ၍ သူ၏ အဖြူနှင့် အနက် ထိုက်ကျိရုပ်ပုံက လင်းလက်လာသည်။ စီးဆင်းနေသော အလင်းတန်းများသည် ထိုက်ကျိရုပ်ပုံ အတွင်းသို့ ဝင်သွားကြသည်။

ဇူရိကလည်း သူ၏ မဟာနေမင်း ကိုယ်ပွားအား သိမ်းဆည်းခဲ့၍ လင်းဖုန်း၏ အနောက်သို့ လိုက်လာခဲ့သည်။ သူ၏ ရိတာအို အဆောင်လက်ဖွဲ့သည် သူ၏ မျက်လုံးများ အတွင်းတွင် ပေါ်လာ၍ ယှက်သန်းနေသော အလင်းတန်းများဖြင့် လင်းလက်နေသည်။ အလင်းတန်း တစ်ခေါက် လက်သွားခြင်းသည် ဇူရိ

ပြုလုပ်နေသော မရေမတွက်နိုင်သည့်
တွက်ချက်မှုများကို ကိုယ်စားပြုနေခြင်း ဖြစ်သည်။

ဝမ်လင်းကလည်း တည်ငြိမ်စွာဖြင့် လင်းဖုန်း၏
အနောက်မှ လိုက်လာခဲ့သည်။ သူသည် သူတို့
ဘယ်နေရာသို့ သွားနေသည်ကို မမေးခဲ့ပဲ သူ၏
အာရုံများကို ဝိညာဥ်ပင်လယ် အတွင်းမှ
မဟာတာအို အတွင်းတွင်သာ ထားထားခဲ့သည်။

လမ်းလျှောက်နေရင်း ဝမ်လင်း၏ မျက်လုံးများသည်
စီးဆင်းနေသော အလင်းတန်းများဖြင့်
လင်းလက်လာကာ သူ့ပတ်ပတ်လည်မှ
အရှိန်အဝါများကလည်း ဆက်တိုက်
ပြောင်းလဲနေသည်။ တစ်ချိန်တွင် သူတို့က
ပုံမှန်ဖြစ်သည်ဟု ထင်နေရသော်လည်း

အခြားအချိန်တွင် သူသည် စွမ်းအင်များဖြင့် ပေါက်ကွဲနေသည်ဟု ထင်နေရသည်။

ဝမ်လင်း၏ စွမ်းအင်များသည် ဟင်းလင်းပြင်အား တုန်ခါသွားစေခဲ့ကာ အားလုံးတို့ကို ထိတ်လန့်သွားစေခဲ့သော်လည်း သူတို့သည် သူ၏ ကျောရိုးနှင့် ဦးခေါင်းတို့မှသာ လာခဲ့ခြင်းဖြစ်သည်။ သူ၏ လက်နှင့် ခြေထောက်များသည် သူ၏ ကျောရိုးနှင့် ဦးခေါင်းတို့ထံမှ ကွဲပြားနေသကဲ့သို့ အရှိန်အဝါ ကင်းမဲ့နေခဲ့သည်။

ယွဲ့ဟုန်ယန်သည် သာမန်အတိုင်းသာ လှုပ်ရှားနေသည်ဟု ထင်နေရသည်။ သို့သော်လည်း သူမ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူမ၏ မွေးညင်းပေါက်များက ပွင့်လာခဲ့ကာ

မွေးညင်းပေါက် တစ်ခုတိုင်းသည် မဟာတာအိုနှင့်
ဆက်စပ်နေသည်ဟု ထင်နေရသည်။

ယန်ချင်၏ မျက်လုံးများကလည်း အဖြူနှင့်
အနက်ရောင် အဖြစ်သို့ ပြောင်းသွားခဲ့သည်။
သို့သော်လည်း အဖြူနှင့် အနက်ရောင်တို့သည်
အဆက်မပြတ် ပြောင်းလဲနေကြသည်။

ဝိညာဉ်ပင်လယ်မှ ရှုခင်းများကို ကြည့်နေရင်း
ကျားဖြူ မဟာပဏ္ဍိတ၏ အနားမှ ရွှေဖြူရောင်
အလင်းတန်းသည်လည်း အလွန်အမင်း
တောက်ပလာကာ အေးစက်သော သတ္တု
အလင်းတန်းတစ်ခု လင်းလက်လာသည်။

သူတို့သည် အရှေ့သို့ ဆက်လျှောက်လာကြရင်း
အလင်းတန်း ခါးပတ်များကို ပို၍ မြင်လာခဲ့ရသည်။
သူတို့သည် ဟင်းလင်းပြင်အား မကြာမီ
ပြည့်သွားခဲ့ကာ တစ်ခုနှင့် တစ်ခု
ယှက်သန်းနေကြသည်။

သိပ်သည်းလှသော အလင်းတန်း ခါးပတ်များကို
မြင်ခဲ့ရသော အခါ ဇူရီ၊ ဝမ်လင်းနှင့်
ကျန်သောသူများသည် သူတို့၏ မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။ "သူ့ကို ကြည့်ရတာ
ကစဥ့်ကလျား ဖြစ်နေကြပြီး အစောပိုင်းက
ကျွန်တော်တို့ တွေ့ခဲ့ရတဲ့ မဟာတာအိုလိုမျိုး
သဘာဝကျပြီး ထူးခြားဆန်းကြယ်ခြင်း မရှိဘူး…
ဒီသဘောတရားတွေက မပြည့်စုံသလိုမျိုး
ဖြစ်နေတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ဟုတ်တယ်… ဒါကြောင့်မို့ပဲ ငါတို့က ဝိညာဉ်ပင်လယ်ကို ကျင့်ကြံဖို့ အချိန်က တိုတောင်းသွားတာ… မဟုတ်ရင် ငါတို့က နှစ်ထောင်နဲ့ ဒါမှမဟုတ် သောင်းနဲ့ချီပြီး ကြာသွားရင်တောင် တိုးတက်နိုင်မှာ မဟုတ်ဘူး"

စကားပြောနေရင်း လင်းဖုန်းသည် မရပ်တန့်ပဲ ရှေ့ဆက်သွားနေခဲ့သည်။ ကျန်သောသူများကလည်း သူ့အနောက်မှ လိုက်ပါလာကြသည်။ အချိန်အတန်ကြာပြီးနောက် ဟင်းလင်းပြင် အတွင်းတွင် အလင်းတန်း တစ်တန်း လင်းလက်နေသည်ကို တွေ့ခဲ့ရသည်။

အားလုံးတို့သည် အရှေ့သို့ ကြည့်လိုက်သော အခါ အလင်းတန်း ပင်လယ်တစ်ခုအား တွေ့နိုင်ခဲ့သည်။ ထိုအလင်းတန်း ပင်လယ်သည် ထိုနေရာကို လွှမ်းခြုံထားကာ ဝိညာဉ်ပင်လယ် တစ်ခုလုံးကို လွှမ်းမိုးထားနိုင်သကဲ့သို့ ထင်နေရသည်။

အားလုံးတို့သည် ကွဲပြားခြားနားသော ကမ္ဘာနှစ်ခု၏ နယ်နိမိတ် အနားတွင် ရောက်နေခဲ့သကဲ့သို့ ဖြစ်နေသည်။ ကမ္ဘာတစ်ခုသည် ဝိညာဉ်ပင်လယ် ဖြစ်၍ ကျန်ကမ္ဘာ တစ်ခုမှာ အလင်းတန်းများဖြင့်သာ ဖွဲ့စည်းထားသော သမုဒ္ဒရာဖြစ်သည်။

ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် မသိစိတ်မှနေ၍ အနောက်သို့

ပြန်ကြည့်လိုက်ကြသည်။ သူတို့၏ အရှေ့တွင် ဘာမှ မရှိပဲ သူတို့၏ မြင်ကွင်းအား မည်သည့်အရာမှ တားဆီးနေခြင်း မရှိခဲ့ပေ။

ဝိညာဉ်ပင်လယ် အတွင်းတွင် လေဟာနယ် အကွာအဝေးက မရှိနေသကဲ့သို့ ဖြစ်နေပြီး သူတို့သည် လွန်စွာဝေးကွာသော နေရာမှ အရာများကို အလွန် ကြည်လင်ပြတ်သားစွာ တွေ့နိုင်ခဲ့သည်။

သို့သော်လည်း သူတို့သည် ဝိညာဉ်ပင်လယ် အတွင်းမှ တစ်ဦးတည်းသော အဖွဲ့ ဖြစ်နေသည့်ပုံ ပေါက်နေသည်။ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတက ပျောက်နေရုံသာမက

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဟောဒီးစ် မျိုးနွယ်စုတို့ကလည်း မရှိနေကြပေ။

အားလုံးတို့သည် အရှေ့သို့ ပြန်ကြည့်လိုက်ကြရာ ထိုနေရာသည် လွန်စွာ ဝေဝါးနေသည်။ သူတို့၏ မြင်ကွင်းနှင့် သဘာဝလွန် အသိစိတ်က အပိတ်ဆို့ ခံထားရသော်လည်း အလင်းတန်း ပင်လယ်အတွင်းတွင် ရှိနေသော အရာများကိုမူ မြင်နိုင်ခဲ့သည်။

ဇူရီနှင့် ဝမ်လင်းတို့က စိတ်ရှုပ်ထွေးနေသည်ကို သိနေခဲ့သဖြင့် လင်းဖုန်းက ရှင်းပြလိုက်သည်။ "ကျန်တဲ့သူတွေက အလင်းတန်း ပင်လယ်ရဲ့ အခြားတစ်ဘက်မှ ရောက်နေကြတယ်"

"အားလုံးတို့က မတူတဲ့ တံခါးတွေကနေ လာခဲ့ကြပေမဲ့ သူတို့ရဲ့ အရှေ့က မြင်ကွင်းတွေကတော့ အတူတူပဲ... ဘာမှမရှိတဲ့ ဒီကမ္ဘာ အတွင်းမှာ တစ်ယောက်ဟာ တစ်ခုတည်းသော ဖြစ်တည်မှုလို့ ထင်နေရတယ်... မင်းတို့က ဝိညာဉ်ပင်လယ် အတွင်းကို ဝင်လာကြတဲ့ တခြားသူတွေကို မြင်ရမှာ မဟုတ်ဘူး"

လင်းဖုန်း၏ အကြည့်သည်လည်း သူ့အရှေ့မှ အလင်းတန်း ပင်လယ်အပေါ်သို့ ကျရောက်သွားသည်။ "ငါတို့ဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ဟေးဒီးစ် မျိုးနွယ်စုတွေဟာ ဒီနေရာကို အလွယ်တကူ ရှာဖွေနိုင်တယ်... ဒါပေမဲ့ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနဲ့

ကျန်တဲ့သူတွေက လှံ့လအနည်းငယ်
ပိုထုတ်ရလိမ့်မယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့သည်
ဝိညာဉ်ပင်လယ်အား ထိန်းချုပ်နိုင်ရန် အလားအလာ
အရှိဆုံးသူများ ဖြစ်ကြသည်။ ဤအရာသည်
ဝိညာဉ်ပင်လယ်အား ကျင့်ကြံရာတွင် သူတို့
ရထားသည့် အားသာချက်များ သက်သက်ကိုသာ
တွက်ထားခြင်း မဟုတ်ပေ။

လင်းဖုန်းနှင့် ကျန်နှစ်ဖွဲ့သည် အခြား
အပိုင်းများတွင်လည်း ဝိညာဉ်ပင်လယ် အတွင်းသို့
ဝင်လာကြသော အခြားသူများထက် ပိုသာပေသည်။

ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် အရာများကို စဉ်းစားနေကြသည်။ ဇူရီ၏ ရီတာအို အဆောင်လက်ဖွဲ့သည် အဆက်မပြတ် လင်းလက်နေကာ သူတို့အရှေ့မှ မြူခိုးငွေ့များသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ သူတို့အရှေ့မှ မြင်ကွင်းသည် ပို၍ ကြည်လင်လာသည်။

"ဒီအလင်းတန်း ပင်လယ်ဟာ မပြည့်စုံနေတဲ့ မဟာတာအိုတွေကို ဖော်ပြနေတဲ့ အလင်းတန်း ခါးပတ်တွေရဲ့ မူလရင်းမြစ်ပဲ"

"ဝိညာဉ်ပင်လယ်မှာ ချို့ယွင်းချက် တစ်ခုရှိတယ်… အဲ့ဒီ ချို့ယွင်းချက်ကို ပြင်နိုင်တဲ့ သူဟာ ဝိညာဉ်ပင်လယ်ကို အောင်မြင်စွာနဲ့ ကျင့်ကြံနိုင်လိမ့်မယ်"

ဝမ်လင်းသည် သူ့အရှေ့မှ အလင်းတန်း ပင်လယ်အား ကြည့်နေရင်း သူ့အနောက်မှ ဝိညာဉ်ပင်လယ်ကို ကြည့်လိုက်သည်။ သူသည် စဉ်းစားနေရင်း ပြောလိုက်သည်။ "ချို့ယွင်းချက်ကို ဖြည်းဖြည်းချင်း ပြင်လိုက်ရင် အလင်းတန်း ပင်လယ်က ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားမယ်... ဝိညာဉ်ပင်လယ် အတွင်းက အချိန်ကာလနဲ့ လေဟာနယ်ကလည်း ဖြည်းဖြည်းချင်း ပြောင်းလဲသွားမယ်"

"မတူတဲ့ ကမ္ဘာနှစ်ခု အကြားက နယ်နိမိတ်ဟာ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပြီး အားလုံးတို့ဟာ ဖြစ်တည်မှု တစ်ခုတည်း ဖြစ်သွားလိမ့်မယ်... အဲ့ဒီအချိန်ကျရင်

ဝိညာဉ်ပင်လယ် အတွင်းက အဖွဲ့အားလုံးဟာ
တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ပြန်တွေ့နိုင်ကြမယ်"

သူ၏ အကြည့်မှာ အေးစက်လာသည်။
"အဲ့ဒီအချိန်ကျရင် အလင်းတန်း ပင်လယ်က
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပြီး တကယ့်
အရေးပါတဲ့ အချိန် ရောက်လာလိမ့်မယ်"

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "ကျွန်မတို့က
အဲ့ဒီအချိန်ကျရင် တစ်ယောက်နဲ့ တစ်ယောက်
တိုက်ခိုက်နိုင်ကြပြီ… ပထမဆုံး ရောက်လာတဲ့သူက
နောက်ဆုံး ရယ်နိုင်တဲ့သူ ဖြစ်ချင်မှ ဖြစ်မယ်…
ဒါပေမဲ့ ချို့ယွင်းချက် အများစုကို ပြင်ဆင်နိုင်တဲ့
အဖွဲ့က အသာစီး ရလိမ့်မယ်… အဲ့ဒီအဖွဲ့ဟာ
အတိုင်းအတာ တစ်ခုအထိ ဝိညာဉ်ပင်လယ်ရဲ့

စွမ်းအားတွေကို အသုံးပြုပြီးမှ ကျန်တဲ့သူတွေကို ချုပ်နှောင်နိုင်လိမ့်မယ်"

"အစွမ်းထက် ကျင့်ကြံသူတွေရဲ့ အကြားက တိုက်ပွဲဟာ ပွတ်ကာသီကာနဲ့ပဲ အဆုံးအဖြတ်ပေးနိုင်တယ်... ဒါ့အပြင် ဝိညာဉ်ပင်လယ်ရဲ့ စွမ်းအားတွေက အဆုံးမဲ့တယ်... သူ့ရဲ့စွမ်းအား တစ်ပိုင်းတစ်စကတောင် ကြီးကျယ်တဲ့ မြင်ကွင်းတွေကို ဖြစ်ပေါ်စေနိုင်တယ်"

ယန်ချင်က လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ... ကျွန်တော်တို့က ဒီအလင်းတန်း ပင်လယ်ကို ပြင်ဆင်နေရင်း တစ်ချိန်တည်း ယှဉ်ပြိုင်နေလို့ ရသလား"

"ရတယ်" လင်းဖုန်းက စကားပြောနေရင်း သူ၏ ညာလက်ကို ဆန့်တန်းလိုက်ပြီ ဖြစ်သည်။ သူသည် သူ့အရှေ့မှ အားလုံးတို့အား လွှမ်းခြုံထားသည့် အဆုံးမဲ့ အလင်းတန်းကို ဖိနှိပ်လိုက်သည်။ "အမှန်အတိုင်း ပြောရရင် ဒါက ပြိုင်ပွဲသက်သက် မဟုတ်ဘူး… ဒီအလင်းတန်း ပင်လယ်ဟာ ငါနောက်ဆုံး ရောက်ခဲ့တဲ့ အချိန်ကနဲ့ ကွဲပြားနေတယ်"

"သူ့ကို ပြုပြင်ရမယ့် နည်းလမ်းက မတူတော့သလို သူ့ရဲ့ ဝိသေသ လက္ခဏာတွေကလည်း မတူတော့ဘူး"

"ပြင်ဆင်နေရင်းနဲ့ ငါတို့ဟာ ဒီအလင်းတန်း ပင်လယ်က တဆင့် ငါတို့ရဲ့ စွမ်းအားတွေကို

အသုံးပြုပြီးမှ အခြားသူတွေကို တိုက်ခိုက်လို့ ရတယ်… ဒါပေမဲ့ သူတို့ကလည်း ငါတို့ကို အလားတူ ပြုလုပ်နိုင်တယ်"

လင်းဖုန်း၏ ညာလက်သည် အလင်းတန်းများ လင်းလက်လာရင်း ထွင်းဖောက် မြင်ရသကဲ့သို့ ဖြစ်သွားသည်။ သူ၏ လက်မောင်းတွင် မန္တန်များဖြင့် ဖန်ဆင်းထားသည့် ခရမ်းရောင် အဆောင်လက်ဖွဲ့ ပုံစံတစ်ခု ပေါ်လာသည်။ သူတို့သည် လင်းဖုန်း၏ လက်ဝါးအကြားတွင် သွေးကြောများကဲ့သို့ လှည့်လည်နေကြသည်။

"ဒါပေမဲ့ ဒါက အဓိက မဟုတ်ဘူး… ငါတို့ဟာ ဒီအလင်းတန်း ပင်လယ်ကို ပြင်ချင်ရင် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရမယ်"

လင်းဖုန်းသည် သူ၏ ဘယ်လက်ဖြင့် မှော်ကျိန်စာများကို ဆက်လက် ထုတ်လွှတ်နေသည်။ သူ၏ မျက်လုံးများ အတွင်းတွင် ထိုက်ကျိုရုပ်ပုံ တစ်ခု လည်ပတ်နေရင်း ခရမ်းရောင် အလင်းတန်းများဖြင့် လင်းလက်နေသည့် ရွှေရောင်ပုလဲ တစ်ခု ပေါ်လာသည်။ ထိုအရာသည် ကောင်းကင်ယောက်သွား ရွှေပုလဲပင် ဖြစ်သည်။

ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းတွင် ခရမ်းရောင် အလင်းတန်း မြူခိုးငွေ့များ စတင်ပေါ်လာ၍ အလင်းတန်း ပင်လယ်ထံသို့ ပျံ့နှံ့သွားသည်။

လင်းဖုန်းအပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် ခေါင်းလောင်းတစ်ခု မြည်လာသည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့ စတင် ပေါ်ပေါက်လာစဉ်က ပထမဆုံး ဖြစ်တည်မှုကဲ့သို့ ထင်နေရသည်။ သူသည် ကြမ္မာပန်းတိုင်၏ ပြောင်းလဲမှုနှင့် စကြာဝဠာ၏ အစကို ဖန်တီးပေးခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်း၏ ခေါင်းပေါ်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်းက ပေါ်လာသည်။ ပြီးတာနှင့် သူသည် လင်းဖုန်း၏ ဘေးသို့ ကျလာကာ ရိုးရှင်းသော ရှေးဟောင်းခေါင်းလောင်းသည် အလင်းတန်း ပုံရိပ်တစ်ခုအား ဖော်ပြလိုက်သည်။ သူသည် ကြည့်၍ကောင်းသော သက်လတ်ပိုင်း လူကြီးတစ်ယောက် ဖြစ်သည်။ သူသည်

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ မူလ
စိတ်ဝိညာဉ်ပင် ဖြစ်သည်။

ထိုခေါင်းလောင်းသည် အဆက်မပြတ် မြည်နေ၍
လှိုင်းတွန့်များကို ဖန်ဆင်းခဲ့သည်။
ထိုလှိုင်းတွန့်များသည် လင်းဖုန်းအား
ထောက်ပံ့နေရင်း အလင်းတန်း ပင်လယ်အတွင်းသို့
ဝင်ရောက်သွားသည်။

ဝမ်လင်းနှင့် ဇူရီတို့က အရှေ့သို့
လျှောက်လှမ်းလာကြကာ သူတို့၏ လက်ဝါးများကို
ဆန့်တန်း၍ အလင်းတန်းပေါ်သို့ ဖိနှိပ်လိုက်သည်။
သူတို့သည် အတွင်း၌ သူတို့ကိုယ့်ကိုယ်
နစ်မြှုပ်ထားကြလေသည်။

ခဏအကြာတွင် သူတို့ နှစ်ယောက်စလုံးသည် သူတို့၏ စင်စစ် ဖြစ်တည်မှုများကို ဖော်ပြခဲ့ကြသည်။

ဇူရီ၏ ပေသုံးဆယ်မြင့်သော စင်စစ် ဖြစ်တည်မှုသည် ရှေးဟောင်းစာလိပ် တစ်ခုအား ကိုင်ဆောင်ထားသည်။ သူ၏လက်ကို အရှေ့သို့ ဆန့်တန်းလိုက်၍ သူ၏ နဖူးပေါ်မှ ထိုက်ကျိုရုပ်ပုံသည် အဆက်မပြတ် လည်ပတ်နေသည်။ သူ၏ ခေါင်းပေါ်တွင် ရောမ ရီတာအို အဆောင်လက်ဖွဲ့သည် လွင့်မျောနေ၍ အလင်းတန်းများဖြင့် လင်းလက်နေသည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှုမှာမူ ယခင်ကနှင့် ပြောင်းလဲသွားသည့်ပုံ ပေါက်နေသည်။ သူ၏

ခြေလက်များသည် အလင်းတန်း ပုံရိပ်များ ဖြစ်သွားကြ၍ သူ၏ ခေါင်းနှင့် ကျောရိုးသည် မည်းနက်နေကြသည်။ သူသည် မဟာစေတန် ကိုယ်ပွားနှင့် တူညီသော ပုံသဏ္ဌာန် ဖြစ်သွားသည်။

တစ်ခုတည်းသော ခြားနားမှုမှာ ဝမ်လင်း၏ နဖူးသည် စေတန်အမာရွတ် ရှိနေသည့် မဟာစေတန် ကိုယ်ပွားနှင့် မတူနေခြင်း ဖြစ်သည်။ ထို့အစား သူသည် ဇူရီနှင့် ဆင်တူသည့် ထိုက်ကျိရုပ်ပုံ ပုံစံတစ်ခု ရှိနေသည်။

ထို့အပြင် ဝမ်လင်း၏ မျက်လုံးများသည် ယခင်ကနှင့် မတူနေချေ။ သူတို့သည် တောက်ပ လင်းလက်နေသော သလင်းကျောက်များနှင့် တူနေသလို ကြေးမုံများနှင့်လည်း တူနေသည်။

ကြေးမုံ မျက်နှာပြင် အပေါ်တွင်
မရေမတွက်နိုင်သော အလင်းတန်း ပုံရိပ်များသည်
အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်များကို
ဖော်ပြနေကြသည်။ သို့သော်လည်း ထိုအလင်းတန်း
ပုံရိပ်များသည် ပြောင်းလဲနေကြဆဲ ရှိသေးသည်။
သူတို့သည် ရယ်ရှင်ဖွယ် ကောင်းနေသလို
ထူးခြားဆန်းကြယ်သော ခံစားချက်များ
ရှိနေကြသည်။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ကလည်း ရှေ့သို့
ခြေတစ်လှမ်း လှမ်းလိုက်ကြ၍ သူတို့၏
လက်ဝါးများကို ဆန့်တန်းလိုက်ကာ အလင်းတန်းကို
ထိတွေ့ခဲ့ကြသည်။

သူတို့အနေဖြင့် ထိုအရာများသည် သူတို့၏
စိနီယာများနှင့် မယှဉ်နိုင်သော်လည်း
အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ
ကျင့်ကြံသူများထက် များစွာပို၍
အထက်တန်းကျသည်။ အလင်းတန်း ပင်လယ်အား
ပြုပြင်ခြင်းသည် သူတို့အတွက် ရှားပါးသော
အခွင့်အရေး တစ်ခုဖြစ်သည်။ သူတို့အနေဖြင့်
ထိုအခွင့်အရေးအား လက်လွှတ်ခံ၍ မဖြစ်ချေ။

ကျားဖြူ မဟာပဏ္ဍိတသည် အရှေ့သို့
ဆက်မသွားခဲ့ပဲ လင်းဖုန်း၏ ဘေးတွင်သာ
ငြိမ်သက်စွာ ဝပ်တွားနေရင်း တိတ်ဆိတ်စွာ
စောင့်ကြည့်နေခဲ့သည်။

လင်းဖုန်းနှင့် ကျန်သောသူများက လှုပ်ရှားခဲ့ကြသည်နှင့် အလင်းတန်း ပင်လယ်သည် လှိုင်းလုံးများဖြင့် ထကြွလာခဲ့သည်။ သူတို့ အနောက်မှ ဝိညာဥ်ပင်လယ်ကလည်း စိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံးများ၏ ရိုက်ခတ်မှုကို ခံခဲ့ကြရသည်။

လင်းဖုန်း၏ စိတ်သည် အလင်းတန်း ပင်လယ်နှင့် ဆက်သွယ်နေသည်။ သူ့အရှေ့မှ ပင်လယ်သည် အလွန်အမင်းကို မျက်စိကျိန်းလောက်အောင် တောက်ပနေသဖြင့် သူသည် အခြားမည်သည့် အရာကိုမှ မမြင်နိုင်ခဲ့ပေ။

သို့သော်လည်း မကြာမီပင် သူ့အရှေ့မှ မြင်ကွင်းက ပြောင်းသွားခဲ့သည်။ လင်းဖုန်းသည် အဆုံးမဲ့

အလင်းတန်း ပင်လယ်အတွင်းတွင် တောက်ပသော ကြေးမုံ အလင်းတန်း တစ်တန်းကို တွေ့နိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် မည်းနက်နေသော ပုံရိပ်ယောင် နေမင်းတစ်ခုက မြင့်တက်လာသည်။

## စာစဥ် ၇၁ : အပိုင်း ၁၄

## အပိုင်း ၁၄၈၄ : မတူညီသော အဖွဲ့သုံးဖွဲ့

ထိုကြေးမုံ အလင်းတန်းနှင့် မည်းနက်နေသော နေမင်းကို တွေ့ခဲ့ရသော အခါ လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

ကြေးမုံ အလင်းတန်း အတွင်းတွင် အဖြူရောင် တိမ်တိုက်များ ထိုးတက်လာသည်ကို တွေ့နေနိုင်ပြီး မည်းနက်နေသော နေမင်း ပေါ်လာသည်နှင့် မတူညီသော အလင်းရောင်များကို တွေ့နိုင်ခဲ့သည်။

ကြေးမုံ အလင်းတန်းသည် အန္တိမ ကောင်းကင်ကြေးမုံထံမှ လာခြင်းဖြစ်၍ မည်းနက်နေသော နေမင်းသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မိစ္ဆာစွမ်းအားများကို ဖော်ပြနေခြင်း ဖြစ်သည်။

ယခုအချိန်တွင် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့၏ အရှေ့တွင် ကွဲပြားသော မြင်ကွင်းများ ပေါ်လာခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည်လည်း မည်းနက်နေသော နေမင်း မြင့်တက်လာသည်ကို မြင်နေရသည်။ ထို့အပြင် ခရမ်းရောင် ကျက်သရေ တိမ်တိုက် တစ်စုလည်း ရှိနေသည်။ ထိုခရမ်းရောင် ကျက်သရေ တိမ်တိုက် အတွင်းမှနေ၍ မတူညီသော မြင်ကွင်းများစွာ ပေါ်လာခဲ့သည်။

ဟေးဒီးစ် မျိုးနွယ်စုကလည်း ခရမ်းရောင် ကျက်သရေ တိမ်တိုက်များနှင့် တောက်ပသော ကြေးမုံ အလင်းတန်းအား မြင်နိုင်ခဲ့သည်။

အဖွဲ့သုံးဖွဲ့တို့သည် သူတို့အရှေ့မှ မြင်ကွင်းများကို မြင်ခဲ့ရသော အခါ သူတို့ပြိုင်ဘက်များက ရောက်ရှိလာပြီဟု သိခဲ့ကြသည်။

သို့သော်လည်း သူတို့ တစ်ဖွဲ့ကမှ
ကျန်သောသူများကို လိုက်လံ တိုက်ခိုက်ကြခြင်း
မပြုခဲ့ကြပေ။ သူတို့၏ အာရုံများကို သူတို့အရှေ့မှ
အလင်းတန်း ပင်လယ် အပေါ်၌သာ
စူးစိုက်ထားခဲ့ကြသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ အဆုံးမဲ့ စိတ်ဝိညာဉ်
စွမ်းအင်များသည် သူတို့ စွမ်းအားများ၏
လမ်းညွှန်မှုအောက်တွင် ရောမ လှိုင်းလုံးကြီး
အဖြစ်သို့ ပြောင်းသွားကာ ထိုအလင်းတန်း ပင်လယ်
အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

အလင်းတန်း ပင်လယ်သည် ဤအချိန်တွင် အဆုံးမဲ့
တွင်းနက်ကြီးတစ်ခု ဖြစ်သွားသည်နှင့်
တူနေခဲ့သည်။ သူ့အတွင်းသို့ ဝင်ရောက်လာသော

စိတ်ဝိညာဉ် စွမ်းအင်များသည် အဝါးမျိုခံခဲ့ရ၍
လှိုင်းတွန့်လေးများ တစ်ခုပင် မဖြစ်လာခဲ့ချေ။

သို့သော်လည်း ဇူရီ၊ ဝမ်လင်းနှင့်
ကျန်သောသူများသည် အနည်းငယ်
စိတ်လှုပ်ရှားသွားကြသည်။ သူတို့သည်
အလင်းတန်း ပင်လယ်က အနည်းငယ်
မှေးမှိန်သွားသည်ဟု ရေးရေးလေး
အာရုံခံနိုင်ခဲ့သည်။

လေဟာနယ် အကွာအဝေး အရ ပြောရလျှင်
သူတို့အရှေ့မှ အလင်းတန်း ပင်လယ်သည်
ဖြည်းဖြည်းချင်း ကျုံ့ဝင်လာခဲ့သည်။

သူသည် ဖြည်းဖြည်းချင်းသာ အနည်းငယ် ကျုံ့သွားနေခြင်း ဖြစ်သော်လည်း အမှန်တကယ် ဖြစ်ပျက်နေခြင်း ဖြစ်သည်။ ဝိညာဉ်ပင်လယ် အတွင်းသို့ ရောက်နေသောသူများ အားလုံးကလည်း ထိုပြောင်းလဲမှုများကို ခံစားခဲ့ရသည်။

စီးဆင်းနေသော အလင်းတန်းများကဲ့သို့ ဖြစ်နေသော မဟာတာအိုသည် ဆန့်တန်း ထွက်ပေါ်လာခဲ့၍ လင်းဖုန်းနှင့် သူ၏ တပည့်များကို လာရောက် နှောင့်ယှက်နေခဲ့သည်။

စီးဆင်းနေသော ထိုအလင်းတန်းများသည် ရှုပ်ထွေးနေကာ ပြည့်စုံနေခြင်း မရှိပေ။ သို့သော်လည်း သူတို့သည် အချိန်နှင့် အမျှ ပြီးပြည့်စုံ၍ စည်းချက်ကျလာခဲ့သည်။ ပြီးတာနှင့်

သူတို့သည် အလင်းတန်း ပင်လယ်ထံမှ
ကွာကျလာ၍ အဝေးသို့ လွင့်မျောသွားပြီး
ဟင်းလင်းပြင် အတွင်းသို့
ပျောက်ကွယ်သွားကြလေသည်။

သို့သော်လည်း ကောင်းကင်နှင့် မြေကြီးတို့
အကြားမှ မဟာတာအို အလင်းတန်းသည်
မျက်စိကျိန်းလုမတတ် ဖြစ်လာခဲ့သည်။

အလင်းတန်း ပင်လယ်မှနေ၍ စီးဆင်းနေသော
အလင်းတန်းများ ထပ်မံ၍ ထိုးတက်လာကြပြီး
လင်းဖုန်းနှင့် ကျန်သောသူများအား လာရောက်
နှောင့်ယှက်နေကြသည်။

သူတို့အားလုံးတို့သည် ဤအချိန်တွင် တင်ပလ္လင်ခွေ ထိုင်နေကြသည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းမှနေ၍ အဆုံးမဲ့ အလင်းတန်း ပင်လယ်အား မျက်နှာချင်းဆိုင်နေကြသည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် သူ၏ မူလ အသွင်သဏ္ဍာန်ကို စွန့်လွှတ်လိုက်၍ ဒုတိယ ပုံရိပ်ဖြစ်သော အချိန်မြစ်ရေကို ထုတ်ဖော်လိုက်သည်။ ရောမ ရှေးဟောင်းခေါင်းလောင်းသည် အဆက်မပြတ် စီးဆင်းနေသော မြစ်တစ်စင်း အဖြစ်သို့ ပြောင်းသွားသည်။ သူသည် တည်ရှိနေသော အရာအားလုံးကို ဆေးကြောခဲ့သည့် အချိန်မြစ်ရေနှင့် တူနေလေသည်။

အချိန်မြစ်ရေသည် လင်းဖုန်းနှင့် ကျန်သောသူများအား ဝိုင်းရံနေကာ ဆက်လက်စီးဆင်းနေသည်။ သူသည် ကောင်းကင်နှင့် မြေကြီး တစ်ခုလုံး အဖြစ်သို့ ပြောင်းသွားသည်နှင့် တူနေခဲ့သည်။

အလင်းတန်း ပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့သည် ကွဲပြားနေသကဲ့သို့ ထင်နေရသည်။ လင်းဖုန်း၏ စွမ်းအင်များ လည်ပတ်မှုအောက်တွင် အချိန်မြစ်ရေသည် လင်းဖုန်းနှင့် ကျန်သောသူများအား အလင်းတန်း ပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ထံမှ ခွဲခြားထားသည့် နယ်နိမိတ် တစ်ခုအဖြစ်သို့ ပြောင်းသွားကာ တတိယ ကမ္ဘာတစ်ခု ပေါ်လာခဲ့သကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ဤကမ္ဘာသည် ဝိညာဉ်ပင်လယ်၊ အလင်းတန်း ပင်လယ်နှင့် နီးကပ်စွာ ဆက်သွယ်နေသကဲ့သို့ ဖြစ်နေသည်။ နယ်နိမိတ်သည် မပြတ်သားပဲ ကမ္ဘာသုံးခုတို့ အကြားတွင် မှော်ဆန်သော မျှခြေတစ်ခု ရှိနေကာ သူတို့သည် အချင်းချင်း ဆက်သွယ်နေသကဲ့သို့ ဖြစ်နေသည်။

အချိန် ကြာလာသည်နှင့် အမျှ လင်းဖုန်းအရှေ့မှ အလင်းတန်း ပင်လယ်သည် ဖြည်းဖြည်းချင်း ပုံစံ ပြောင်းသွားသည်။ သူ့ထံမှ ထုတ်လွှတ်နေသော အလင်းတန်းကလည်း ဖြည်းဖြည်းချင်း ခရမ်းရောင်သန်းလာခဲ့သည်။

စီးဆင်းနေသော ခရမ်းရောင် အလင်းတန်းများသည် အလင်းတန်း ပင်လယ် အတွင်းတွင် ပြည့်နေခဲ့ပြီး လွန်းထိုးနေခဲ့သည်။ သူတို့သည် တစ်တန်းပြီး တစ်တန်း ပေါ်လာ၍ အလွန်အမင်း သိပ်သည်းလာခဲ့သည်။ အလင်းတန်း ပင်လယ် တစ်ခုလုံးသည် ခရမ်းရောင် အဖြစ် ပြောင်းသွားတော့မည်ကဲ့သို့ ဖြစ်လာသည်။

တစ်ချိန်တည်းတွင် မဟာပင်လယ် အရှေ့မှ အလင်းတန်း ပင်လယ်သည် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းနှင့် ဖြည်းဖြည်းချင်း တူလာခဲ့ကာ ကြေးမုံ မျက်နှာပြင် အတိုင်း တည်ငြိမ်လာခဲ့သည်။

ဟောဒီးစ် မျိုးနွယ်စုများ၏ အရှေ့မှ အလင်းတန်း ပင်လယ်ကမူ မည်းနက်သွားသည်။ အနက်ရောင် ပင်လယ်အတွင်းတွင် မရေမတွက်နိုင်သော နတ်ဘုရား ပုံစံများ ပေါ်လာကာ ပူဖောင်းများ အတိုင်း ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် သူ၏ မျက်လုံးများကို မှိတ်ထားကာ ငြိမ်းချမ်းသော အမူအရာ အတိုင်း ဖြစ်နေသည်။ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဟောဒီးစ် မျိုးနွယ်စုတို့သည် သူတို့၏ စွမ်းအားများကို အသုံးပြု၍ အလင်းတန်း ပင်လယ်အား လွှမ်းမိုးနိုင်ရန် ကြိုးစားနေကြသည်။

ချို့ယွင်းချက်များဖြင့် ပြည့်နေသော အလင်းတန်း ပင်လယ်ကလည်း ဖြည်းဖြည်းချင်း သေးငယ်လာခဲ့သည်။

အလင်းတန်းပင်လယ် အတွင်းတွင် အဖွဲ့ တစ်ဖွဲ့ချင်းစီ နေရာယူထားသည့် ဒေသ၏ အလယ်တွင် ဗဟိုချက်တစ်ခု ပေါ်လာသည်။ သူသည် ပုံရိပ်ယောင် အဖြစ်မှ အစစ်အမှန် ဖြစ်လာခဲ့သည်။

လင်းဖုန်းနှင့် ကျန်သောသူများ ရှိနေသည့် ဗဟိုချက်သည် ခရမ်းရောင် ကျက်သရေ တိမ်တိုက်များဖြင့် ပြည့်နေသည်။ ထိုကျက်သရေ တိမ်တိုက်များသည် ပို၍ပို၍ ကျင့်ကြံပြီးသား ဖြစ်လာကာ အစစ်အမှန် ဖြစ်လာကြသည်။ သူသည်

ပုံရိပ်ယောင် တိမ်တိုက်တစ်ကွက် အလား
ဖြစ်နေသေးသော်လည်း အစစ်အမှန် ပုံစံသို့
ဖြည်းဖြည်းချင်း ပြောင်းလာခဲ့သည်။

သူတို့သုံးဖွဲ့ နေရာယူထားသော ဒေသများကလည်း
ဖြည်းဖြည်းချင်း ပိုကြီးလာသည်။ သူတို့ ဒေသများ၏
နယ်နိမိတ်များသည် တစ်ခုနှင့် တစ်ခု
ဖြည်းဖြည်းချင်း နီးစပ်လာကြသည်။

လင်းဖုန်း၏ အသိစိတ် ပင်လယ်အတွင်းတွင်
အရေအတွက်သုံးခု အင်းရှစ်ကွက် ပုံရိပ်များသည်
ကြမ္မာပန်းတိုင် အခြေခံများကို
တည်ဆောက်နေကြသည်။ မြေ၊ ရေ၊ လေ၊ မီး
အစရှိသော ပုံရိပ်များသည် အလွန်အမင်း

ရှုပ်ထွေးနေ၍ ဖြည်းဖြည်းချင်း တည်ငြိမ်လာကာ ကြမ္မာပန်းတိုင်၏ အစနှင့် တူလာခဲ့သည်။

ကြမ္မာပန်းတိုင် လမ်းကြောင်းသည် ရှေ့တိုးလိုက် နောက်ဆုတ်လိုက် ဖြစ်နေခဲ့သည်။

သူ့ခေါင်းအပေါ်တွင် အလင်းတန်း ပုံရိပ်တစ်ခုကို ဖော်ပြခဲ့၍ သူ့တွင်ပါနေသော မဟာတာအို သဘောတရားများသည် အလွန်အမင်း လွှမ်းမိုးနိုင်စွမ်း ရှိကာ မရေမတွက်နိုင်သော ဝက်ပါပုံစံများဖြင့် ယှက်သန်းနေခဲ့သည်။ ထိုအရာသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ ဖြစ်သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ
အတွင်းတွင် ခမ်းနားထည်ဝါသော ရောမ
နန်းတော်တစ်ခု ရှိနေသည်။ သူသည် ကောင်းကင်
ဖန်ဆင်းသူ နေထိုင်သည့် နေရာနှင့် တူနေ၍ သူ့အား
မရေမတွက်နိုင်သော အလင်းတန်းများဖြင့်
ဖုံးလွှမ်းထားသည်။ သူ့အား ကောင်းစွာ
မမြင်နိုင်သော်လည်း နန်းတော်၏ ကြီးစိုး
လွှမ်းမိုးနိုင်သော အရှိန်အဝါကို ခံစားနိုင်ခဲ့သည်။

လင်းဖုန်း၏ နဖူးပေါ်မှ ထိုက်ကျိရုပ်ပုံသည်
ဆက်လက် လည်ပတ်နေ၍ အလင်းတန်းများ
တစ်တန်းပြီး တစ်တန်းတို့သည် အလင်းတန်း
ပင်လယ်အတွင်းသို့ စီးဝင်သွားကြသည်။

အချိန်ကြာလာသည်နှင့် အမျှ သူ၏ အရှိန်အဝါသည် ပို၍ပို၍ ထူးခြား ဆန်းကြယ်လာ၍ သူသည် ပို၍ပို၍ ခန့်မှန်းရန် ခက်ခဲလာခဲ့သည်။

သူ့အနားတွင် စီးဆင်းနေသော အချိန်မြစ်ရေကလည်းပို၍ ခက်ခဲနက်နဲ လာခဲ့သည်။

မြစ်ရေ၏ ရေစီးကြောင်းကို ခန့်မှန်း၍ မရတော့သလို မြစ်ရေ၏ အစကိုလည်း မပြောနိုင်တော့ချေ။ သူသည် အချိန်အတွင်းတွင် အပိတ်ခံရခဲ့သကဲ့သို့ ဖြစ်နေကာ အလျားနှင့် နေရာအပေါ်တွင် မူတည်၍ မသတ်မှတ်နိုင်တော့ပေ။

သို့သော်လည်း မြစ်အပေါ်တွင် သက်လတ်ပိုင်း လူကြီးတစ်ယောက် ထိုင်နေသကဲ့သို့ ဖြစ်နေကာ သူသည် မြစ်၏ အလယ်ဗဟိုတွင် ထိုင်နေခဲ့သကဲ့သို့ ထင်နေရသည်။ မြစ်ရေက မည်မျှပင် စီးဆင်းနေကာမူ သူသည် ငြိမ်သက်စွာသာ ရှိနေခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးသည် ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ မူလ စိတ်ဝိညာဉ် ဖြစ်သော ကြမ္မာပန်းတိုင် ကောင်လေးပင် ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် သူ့အား ကောင်လေးဟု ခေါ်၍ မသင့်တော်တော့ချေ။ သူသည် အသက်လေးဆယ်၊ ငါးဆယ်ခန့်ရှိသော သက်လတ်ပိုင်း လူကြီးတစ်ယောက်နှင့် တူနေပြီး

သူ၏ အသွင်သည် ဖြည်းဖြည်းချင်းပို၍
အသက်ကြီးလာခဲ့သည်။

လင်းဖုန်းနှင့် ကျန်သောသူများသည်
ဝိညာဉ်ပင်လယ်ကို ဆက်လက် ကျင့်ကြံနေရင်း
အချိန်ကြာလာသော အခါ ကြမ္မာပန်းတိုင်
ကောင်လေးသည် တူညီသော အဖြူနှင့်
အနက်ရောင် တာအိုဝတ်စုံကို
ဝတ်ဆင်ထားသော်လည်း ပို၍ပို၍
အိုမင်းလာခဲ့သည်။

သူ၏ အကြည့်သည် သန်မာနေဆဲ
ရှိသေးသော်လည်း သူ၏ ဆံပင်များက ဖြူလာ၍
အားနည်းလာသည့်ပုံ ပေါက်လာသည်။

သို့သော်လည်း သူ၏ မျက်လုံးများသည် ကလေးငယ်၊ လူငယ်၊ သက်လတ်ပိုင်း လူကြီးနှင့် ကျန်သောသူများ စုပေါင်းထားသည်နှင့် တူနေသည်။ သူ၏ မျက်လုံးများမှ တဆင့် သူ၏အသက်အား ခန့်မှန်းရန် မဖြစ်နိုင်ချေ။

လင်းဖုန်း၏ တပည့်များသည်လည်း ကိုယ်ပိုင် ပြောင်းလဲမှုများနှင့် တွေ့ကြုံနေရပေသည်။

ဇူရီသည် သူ၏ စင်စစ် ဖြစ်တည်မှုအား ဖော်ပြခဲ့၍ ငြိမ်းချမ်းနေသော အမူအရာကို ဆောင်ထားသည်။ သို့သော်လည်း သူ၏အောက်တွင် ဟီဂန် ရွှေရောင်တံတားက ပေါ်လာခဲ့ပြီ ဖြစ်သည်။ ဟီဂန် ရွှေရောင်တံတား၏ အပေါ်တွင် အလင်းတန်း ပုံရိပ်များစွာ ပေါ်လာခဲ့၍ သူတို့သည် အတိတ်မှ

သူတော်စင်နှင့် စာသင်သား ပေါင်းစုံတို့
ဖြစ်ကြသည်။

စာပေ ရွတ်ဖတ်သံများသည် နေရာ တစ်ခုလုံးတွင်
ပြည့်နေကာ စာအံသံများသာ မကပဲ အခြား
အသံပေါင်း မျိုးစုံ ပေါ်လာကြသည်။

ဟီဂန် ရွှေရောင်တံတား၏ ဆန္ဒနှင့်
စိတ်ဝိညာဉ်တို့ကလည်း ပို၍ပို၍ သန့်စင်လာကာ
ကျင့်ကြံပြီးသား ဖြစ်လာကြသည်။

ထိုတံတား အပေါ်တွင် နဂို ရှိနေပြီးသား
အလင်းတန်း စက်ကွင်း ရှစ်ကွင်းအပြင် နဝမမြောက်

အလင်းတန်း စက်ကွင်းတစ်ခုက ဖြည်းဖြည်းချင်း ပေါ်လာသည်။

အခြားတစ်ဘက်တွင် ဝမ်လင်း၏ ပြောင်းလဲမှုများမှာ ပို၍ သိသာနေသည်။ သူသည် ပို၍ပို၍ မျက်စိကျိန်းလောက်အောင် တောက်ပလာ၍ သူ၏ခေါင်းသည် သူ၏ စင်စစ်ဖြစ်တည်မှု၏ မူလပုံစံသို့ ဖြည်းဖြည်းချင်း ပြန်ပြောင်းသွားသည်။ သူသည် သူ၏ မဟာစေတန် ကိုယ်ပွားကဲ့သို့ အစွမ်းထက်သော အရှိန်အဝါများကို ထုတ်လွှတ်နေခြင်း မရှိတော့ပေ။

သူ၏ ခန္ဓာကိုယ်ကလည်း တူညီသော ပြောင်းလဲမှုများကို ဖော်ပြနေခဲ့သော်လည်း သူ၏ စွမ်းအားများ အားလုံးတို့သည် သူ့ခန္ဓာကိုယ်

အတွင်းမှ နေရာတစ်ခုထံသို့ ဦးတည်သွားနေကြသည်။ ထိုနေရာသည် သူ၏ နှလုံးသား ဖြစ်သည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှုအား စတင် ဖန်ဆင်းခဲ့သော အချိန်တွင် သူ၏ နှလုံးသားသည် ယမမင်း တော်ဝင်စံအိမ်၏ ပုံစံအတိုင်း ဖြစ်သွားခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း သူ၏ ဘယ်လက်သည် အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားသည်။ အလင်းတန်းများ အကြားတွင် ရှေးဟောင်း အနက်ရောင် နန်းတော်တစ်ခု ရှိနေသည်။ ထိုအရာသည် ယမမင်း တော်ဝင်စံအိမ် ဖြစ်သည်။

ယမမင်း တော်ဝင်စံအိမ်၏ တံခါးသည် ပွင့်သွားရာ လည်ပတ်နေသော အဖြူနှင့် အနက်ရောင် အလင်းတန်း ဘီးနှစ်ဘီးတို့ အပြင် အရပ်ရှည်ရှည်နှင့် ပုံရိပ်တစ်ခုသည် ပလ္လင်တစ်ခု အပေါ်တွင် ထိုင်နေသည်။ ထိုပုံရိပ်သည် အနက်ရောင် နဂါးဝတ်ရုံ တစ်ခုအား ဝတ်ထားကာ သရဖူ တစ်ခု ဆောင်းထားသည်။ သူသည် ငရဲကိုးလွှာ၏ အုပ်စိုးသူနှင့် တူနေသည်။

ဤပုံရိပ်သည် ဝမ်လင်းနှင့် ထပ်တူညီသော အသွင်အပြင် ရှိနေသည်။ သို့သော်လည်း သူသည် များစွာ တသီးတခြား ဆန်ကာ ထူးမခြားနားပုံ ပေါက်နေသည်။ သူသည် ဘဝအား လျစ်လျူရှုထားသည့် အလားဖြစ်သည်။

သူ၏ နဖူးအပေါ်တွင် မဟာစေတန် ကိုယ်ပွား၏ နဖူးပေါ်က အတိုင်း ဒေါင်လိုက် စေတန်ပုံစံ တစ်ခု ရှိနေသည်။

ဝမ်လင်း၏ ညာခြေသည် အလင်းတန်း အဖြစ်သို့ ပြောင်းသွားကာ ထိုအလင်းတန်း အတွင်းတွင် အနက်ရောင် ကျောက်တုံးတံတား တစ်ခု ရှိနေသည်။ သူသည် ရှေးပဝေသဏီကတည်းက တည်ရှိနေသကဲ့သို့ ဖြစ်နေပြီး ဖျက်ဆီး၍ မရချေ။ ထိုတံတားသည် ငရဲကမ္ဘာသို့ ဦးတည်နေခြင်း ဖြစ်သည်။

ကျောက်တုံးတံတား၏ အပေါ်တွင် အစိမ်းရောင် လူတစ်ယောက် ရှိနေသည်။ သူသည် အလွန်အမင်း

သာမန်ဆန်ကာ သက်တောင့်သက်သာ ဖြစ်နေသည်။ သို့သော်လည်း သူ့တွင် ဝမ်လင်းနှင့် တူညီသော အသွင်အပြင် ရှိနေသည်။ သို့သော်လည်း သူသည် ယမမင်း တော်ဝင်စံအိမ် အတွင်းမှ ငရဲကိုးလွှာ အုပ်ချုပ်သူထက် များစွာပို၍ ဖော်ရွေသော ပုံစံပေါက်နေသည်။

သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေကာ သူ၏ မျက်စိကျစရာကောင်းသည့် တစ်ခုတည်းသော အချက်မှာ သူ၏ နဖူးမှ ဒေါင်လိုက် စေတန်ပုံစံပင် ဖြစ်သည်။

ဝမ်လင်း၏ ဘယ်လက်နှင့် ညာလက်တို့သည် ငရဲကမ္ဘာသို့ သွားသောလမ်းနှင့် မေ့ပျောက်ခြင်း မြစ်ရေ အဖြစ်သို့ အသီးသီး ပြောင်းသွားကြသည်။

ထိုလမ်းနှင့် မြစ်အပေါ်တွင်လည်း ဝမ်လင်း၏ ပုံရိပ်များ ရှိနေသည်။

လမ်းအပေါ်တွင် ဝမ်လင်းသည် အရွယ်မရောက်သေးပဲ လူငယ်ပုံစံဖြင့်သာ ရှိနေသည်။ သူသည် ခေါင်းမာ၍ တစ်ယူသန်ကာ တစ်ယောက်တည်း လမ်းလျှောက်နေသည်။ မြစ်အပေါ်မှ ဝမ်လင်း၏ ပုံရိပ်သည် အမူအရာ ကင်းမဲ့နေကာ သူ၏ မျက်လုံးများကို ပိတ်ထားသည်။ သူသည် မြစ်အတွင်းမှ ကျောက်ဆောင်တစ်ခုနှင့် တူနေကာ ငြိမ်သက်နေ၍ မည်သည့်အသံမှ မထွက်နေခဲ့ချေ။

ဝမ်လင်း၏ ဤပုံရိပ် နှစ်ခုတို့၏ နဖူးများ အပေါ်တွင်လည်း ဒေါင်လိုက် စေတန်ပုံစံများ ရှိနေခဲ့သည်။

သူ၏ စင်စစ် ဖြစ်တည်မှုအား ဖော်ပြခဲ့အပြီးတွင် ဝမ်လင်းသည် သူ၏ခေါင်းထံမှ မည်သည့်အရာကိုမှ ထပ်မံ၍ ထုတ်လွှတ်ခြင်း မပြုတော့ပေ။ သူသည် ဝေဝါးသော အလင်းတန်း တစ်ခုအဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့သည်။

ထိုအလင်းတန်း အကြားတွင် ဘဝသုံးမျိုး ကျောက်တုံးသည် ရေးရေးလေး ပေါ်လာကာ ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာသည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် အဖွဲ့ သုံးဖွဲ့တို့သည် ကွဲပြားစွာ တည်ရှိနေကြ၍ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ယှဉ်ပြိုင်နေကြသော်လည်း ပြင်းထန်မှုများ မရှိကြသေးပေ။ သို့ရာတွင် ဤအချိန်သည် မုန်တိုင်းမလာမီ တည်ငြိမ်နေသော နောက်ဆုံးအချိန် ဖြစ်သည်ဟု အားလုံးတို့က သိနေကြသည်။

မကြာမီပင် ပြောင်းလဲမှု အသစ်များ စတင်၍ ပေါ်လာကြသည်။ လင်းဖုန်းနှင့် သူ့တပည့်များ ဖြစ်စေ၊ ဟင်းလင်းပြင် ဘုရားကျောင်း သို့မဟုတ် ဟောဒီးစ် မျိုးနွယ်စုများ ဖြစ်စေ၊ သူတို့သည် ဤပြောင်းလဲမှုများကို အာရုံခံနိုင်ခဲ့ကြသည်။

အခြားသူများကလည်း ကမ်းခြေသို့
ရောက်လာကြကာ ထိုအရာနှင့်
ကြုံတွေ့ခဲ့ရလေသည်။

## စာစဥ် ၇၁ : အပိုင်း ၁၅

## အပိုင်း ၁၃၈၅ : မိုးကြိုးမုန်တိုင်း ရောက်လာပြီ

လင်းဖုန်းက သူ၏ မျက်လုံးများကို ပိတ်လိုက်သည်။
သူ၏ အသိစိတ် ပင်လယ် အတွင်းတွင် နောက်ထပ်
မြင်ကွင်းတစ်ခုက ပေါ်လာလေသည်။

ကြေးမုံ အလင်းတန်းနှင့် မည်းနက်နေသော
နေမင်းတို့ အပြင် နောက်ထပ် မည်းမှောင်နေသော

တိမ်တိုက်တစ်ခု ရှိနေသည်။ ထိုတိမ်တိုက်သည် ဖြန့်ကြက်လိုက်၍ ပြောင်းလဲလာသည်။ သူ၏ မျက်နှာပြင် ဧရိယာသည် ကျယ်ပြန့်လာကာ ပုံရိပ်ယောင်မှ အစစ်အမှန်သို့ ပြောင်းလာခဲ့သည်။

ခဏအကြာတွင် ရွှေရောင် အလင်းတန်း တစ်ခုက လင်းလက်လာသည်။ ထိုအလင်းတန်း သိပ်သည်းလာခဲ့သော အခါ သူသည် နေရာတိုင်းတွင် ရှိနေသော ဗုဒ္ဓတစ်ပါး အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားသည်။

သို့သော်လည်း ဤဗုဒ္ဓ ကြုံတွေ့နေရသော ပြောင်းလဲမှုများသည် မည်းမှောင်နေသော တိမ်တိုက်ကဲ့သို့ မြန်ဆန်ခြင်း မရှိပဲ လုံးဝ မသိသာနေခဲ့ပေ။

လင်းဖုန်းသည် ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ အနည်းငယ် စိတ်လှုပ်ရှားသွားခဲ့သည်။ "စကြာဝဠာ စကျင်ဗုဒ္ဓက ဘာတွေများ စဥ်းစားနေတာလဲ"

မည်းမှောင်နေသော တိမ်တိုက်သည် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ မိစ္ဆာစွမ်းအားများကို ဖော်ပြနေခြင်း ဖြစ်သည်။ ဗုဒ္ဓပုံရိပ်မှာမူ စကြာဝဠာ စကျင်ဗုဒ္ဓ၏ စွမ်းအားများကို ကိုယ်စားပြုနေသည်။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ပျံ့နေသော သတင်းများ အရ နဂါးများ၏ ဝိညာဥ်ပင်လယ် လျှို့ဝှက်သော့သည် ရွှေပုစဥ်း ဆရာတော်ထံမှ ရလာခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် စကြာဝဠာ စကျင်ဗုဒ္ဓ ဆင်းသက်လာသော အခါ ရွှေပုစဥ်း ဆရာတော်သည် ဗုဒ္ဓဘာသာ အတွင်းသို့ ဝင်သွားခဲ့သည်။ သူသည် ကမ္ဘဖြစ်စဥ်များကို ဖုံးကွယ်ပြီး သူ့ကိုယ်သူ ပုန်းအောင်းနေနိုင်ခဲ့သဖြင့် ကျန်သောသူများကလည်း သူ့အား ရှာဖွေရန် ခက်ခဲကြပေသည်။

အခြား မိစ္ဆာများသည် ရွှေပုစဥ်း ဆရာတော်အား မရှာဖွေနိုင်ခြင်းအား နားလည်နိုင်သော်လည်း သူ့အား လိုက်ရှာနေသည့် မျောက်ကပင်လျှင် လင်းဖုန်း၏ အကူအညီကို ယူခဲ့သော်လည်း ရွှေပုစဥ်း ဆရာတော်အား မရှာနိုင်ခဲ့ပေ။

နဂါးများသည် ရွှေပုစဉ်း ဆရာတော်အား
ဟန့်တားနိုင်ခဲ့သဖြင့် လှည့်ကွက် တစ်ခုခုတော့
ရှိရမည်ဟု ယုံကြည်နေခဲ့သည်။ ကြည့်ရသည်မှာ
ယခုအချိန်တွင် စဉ်းစားစရာများကို
ပိုများလာခဲ့လေပြီ။

စကြာဝဠာ စကျင်ဗုဒ္ဓတွင် အနည်းဆုံး
ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့ နှစ်ချောင်း
ရှိနေပေမည်။

ပုံရိပ်မှတဆင့် လင်းဖုန်းသည် စကြာဝဠာ
စကျင်ဗုဒ္ဓ၏ ကျင့်ကြံမှုသည် သူ၏ ဒုတိယ
လူဝင်စား၏ ကျင့်ကြံမှုကို ဖြည်းဖြည်းချင်း

လိုက်မီလာပြီး ဆက်လက်၍ပင်
မြင့်တက်လျက်ရှိသည်ကို တွေ့နိုင်ခဲ့သည်။

ဗုဒ္ဓ၏ တတိယ လူဝင်စားသည် သူ၏ ဒုတိယ
လူဝင်စားထက်ပင် ပို၍ သန်မာလာတော့မည်
ဖြစ်သည်။ အဓိက သော့ချက်မှာ ဗီပရာလိုပါ၏
အပေါ်တွင် ဓမ္မကို တည်ဆောက်နိုင်ခဲ့မှုကြောင့်
ဖြစ်သည်။ (တတိယ လူဝင်စားသည် စကြာဝဠာ
စကျင်ဗုဒ္ဓ ဖြစ်သည်)

သို့သော်လည်း ဓမ္မကို သဘောပေါက်ခြင်းနှင့်
စကြာဝဠာ စကျင်ဗုဒ္ဓ ဆင်းသက်လာမှုတို့သည်
အလွယ်တကူ စွမ်းဆောင်နိုင်သည့် အရာများ
မဟုတ်ချေ။ ဗုဒ္ဓ ကိုယ်တိုင်ကပင် နောက်ဆုံးတွင်

အောင်မြင်ရန် အတိတ်၊ ပစ္စုပ္ပန်နှင့်
အနာဂတ်တို့အား ကျော်လွှားခဲ့ရသေးသည်။

ထို့အပြင် လင်းဖုန်း၏ ပေါ်လာမှုကြောင့် လွဲချော်မှု
အချို့ ပေါ်လာခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓ၏ တတိယ
လူဝင်စားသည် ဒုတိယ လူဝင်စားထက်
ပိုမိုသာလွန်ရန် ခက်ခဲနေခြင်း ဖြစ်သည်။

သို့တိုင်အောင် စကြာဝဠာ စကျင်ဗုဒ္ဓသည် သူစတင်
ဆင်းသက်လာသည့် အချိန်ကထက် များစွာပို၍
အစွမ်းထက်နေပြီ ဖြစ်သည်။

သို့သော်လည်း သူ၏ လက်ရှိ အပြုအမူများသည်
အလွန်အမင်း ပုံမမှန် ဖြစ်နေသည်။ အားလုံးတို့သည်

ဝိညာဥ်ပင်လယ် အတွက်
တိုက်ခိုက်နေကြသော်လည်း စကြာဝဠာ
စကျင်ဗုဒ္ဓက အမှုမထားသကဲ့သို့ ဖြစ်နေသည်။
သူသည် တစ်စုံတစ်ခုအား စိတ်ရှည်စွာဖြင့်
စောင့်နေသည့်ပုံ ပေါက်နေသည်။

လင်းဖုန်းသည် သူ၏ မျက်ခုံးများကို
အသာကြုတ်လိုက်၍ သူ၏ မျက်လုံးများကို
ဖွင့်လိုက်သည်။ သူ၏ မျက်လုံးများသည်
စကြာဝဠာအား ထည့်သွင်းထားနိုင်သကဲသို့
ဖြစ်နေ၍ အလင်းတန်းများ ယှက်သန်းကာ
တောက်ပနေကြလေသည်။

မူလနဂါး ဘုရင်သည် ဝိညာဥ်ပင်လယ်
လျှို့ဝှက်သော့ တစ်ခုကို ရရှိထားခဲ့သော်လည်း

ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်လာခြင်း
မရှိပေ။ လင်းဖုန်းကလည်း ဤအရာအား
မျှော်လင့်ထားပြီးသား ဖြစ်သည်။

ဝိညာဉ်ပင်လယ်သည် အလွန်အမင်း
အရေးကြီးသော်လည်း နဂါးများသည်
ယခုအချိန်တွင် မဟာချင် အင်ပါယာအား
တိုက်ခိုက်ရန် အတွက် နတ်ဘုရား နယ်မြေ
အတွင်းသို့ ဝင်ရောက်ရန်ကိုသာ ရွေးချယ်ခဲ့သည်။

မဟာချင် အင်ပါယာသည် ရှီရှင်းယွမ်၏ ကိစ္စအား
တမင်သက်သက် ဖုံးကွယ်ထား၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကလည်း
မကြေညာခဲ့သော်လည်း သတင်းသည်
ပျံ့သွားခဲ့သေးသည်။

သူမ၏ မိခင်နှင့် အစ်ကိုဖြစ်သူ ရှီချုံးယွမ်တို့ နှစ်ယောက်စလုံးက မဟာချင် အင်ပါယာ အတွင်း၌သာ ရှိနေသေးသည်။ အကယ်၍ မဟာချင် အင်ပါယာသည် ဒုက္ခရောက်နေပါက သူမက သွား၍ ကူညီမည်သာ ဖြစ်သည်။

မဟာချင် အင်ပါယာနှင့် စာလျှင် သူမသည် နဂါးများ၏ ပို၍ အဓိကထားသော ပစ်မှတ်ဖြစ်သည်။

သို့သော်လည်း ရှမ်းလီသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ရှိနေသည်။ အကယ်၍ နဂါးများသည် သူတို့၏ ရည်ရွယ်ချက်ကို အောင်မြင်လိုလျှင် လွယ်ကူမည် မဟုတ်ချေ။ အကယ်၍ သူတို့၏ အကြံ

အထမြောက်လိုပါက အစီအစဥ် တစ်ခု လိုအပ်မည် ဖြစ်သည်။ သို့သော်လည်း မူလနဂါး ဘုရင်သည် အကယ်၍ အခြေအနေများက အစီအစဥ် အတိုင်း မဖြစ်လာပါက ဝိညာဥ်ပင်လယ်ကိုသာ ရွေးချယ်နိုင်ကိန်း ရှိသည်။

လင်းဖုန်းသည် ဤအကြောင်းကို တွေးနေဆဲတွင်ပင် အလင်းတန်း ပင်လယ် အတွင်းမှ အလင်းတန်း ပုံရိပ်တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။

အနီးကပ် ကြည့်လိုက်လျှင် ထိုအလင်းတန်း ပုံရိပ်သည် ဟင်းလင်းပြင် အတွင်းတွင် ရှိနေသော ကျောက်တုံး တစ်ခုနှင့် တူနေသည်။

ဤကျောက်တုံးသည် ဖျက်ဆီး၍ မရနိုင်ပဲ အရှုံးမပေးသော ခံစားချက်ကို ထုတ်လွှတ်နေသည်။ သူသည် မလှုပ်ရှားနိုင်သော ကျောက်တုံးတစ်တုံးနှင့် တူနေသော်လည်း ပုန်ကန်လိုနေ၍ ယဥ်ပါးအောင် လုပ်၍မရသည့် အရာနှင့်လည်း တူနေသည်။

"ဒီခံစားချက်... သူကမျောက်ပဲ" လင်းဖုန်းက မျက်နှာသည် တည်သွားခဲ့သည်။ "မင်းကလည်း ရောက်လာတာလား"

ဝိညာဥ်ပင်လယ် အတွင်းတွင် လူသားတစ်ယောက်၏ အရွယ်အစားသာ ရှိသော သာမန်ဟုသာ ထင်နေရသည့် မျောက်တစ်ကောင်သည် အလင်းတန်း

ပင်လယ်အရှေ့တွင် တစ်ကောင်တည်း ရပ်နေခဲ့သည်။

ထိုမျောက်သည် သူ၏ လက်သည်းများကို ဆန့်တန်းကာ အလင်းတန်း ပင်လယ်အား ထိတွေ့ရန် ကြိုးစားလိုက်သည်။ သူသည် ဘောဘီဝဲယာကိုလည်း လှည့်ကြည့်နေကာ ပတ်ဝန်းကျင်အား အကဲခတ်နေခဲ့သည်။ ပြီးတာနှင့် သူသည် ပြုံး၍ ပြောလိုက်သည်။
"စိတ်ဝင်စားစရာပဲ... စိတ်ဝင်စားစရာပဲ... ဒီနေရာက စိတ်ဝင်စားစရာပဲ... ငါက ခဏနေကျရင် ဆော့ရမယ်"

ဝိညာဥ်ပင်လယ်အား ကျင့်ကြံရန် ကြိုးစားနေကြသည့် အခြားသူများကလည်း

ဤကျောက်တုံးနှင့် သူဖော်ပြနေသော
မိစ္ဆာစွမ်းအားများကို အာရုံခံနိုင်ခဲ့ကြသည်။

အချို့သည် သူ့အား ရင်းနှီး ကျွမ်းဝင်နေခြင်း မရှိပဲ
မသိနေကြသော်လည်း အချို့မှာ လင်းဖုန်းအတိုင်း
လျင်မြန်စွာ တုံ့ပြန်နိုင်ခဲ့ကြသည်။ "ဒါက
မန္တန်တစ်သောင်းမျောက် မလား"

မျောက်သည် မပေါ်လာသည်မှာ အချိန်ကြာလှပြီ
ဖြစ်သော်လည်း သူပေါ်လာတိုင်း ကြီးမားစွာ
ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့သည်။

လွန်ခဲ့သော နှစ်အချို့က သူသည် ရွှေပုစဉ်း
ဆရာတော်အား နေရာအနှံ့ လိုက်ရှာနေရင်း

နတ်ဘုရား နယ်မြေ တစ်ခုလုံးအား ကပြောင်းကပြန် ဖြစ်စေခဲ့သည်။ ထိုအချိန်က နတ်ဘုရား နယ်မြေ အတွင်းတွင် မငြိမ်းချမ်းနိုင်ခဲ့ပေ။

သူ၏ ရောက်လာမှုသည် လင်းဖုန်း အပါအဝင် ကျန်သောသူများ၏ နှစ်မြို့မှုကို မခံခဲ့ရပေ။

"ဒီမျောက်ဟာ မတည်ငြိမ်တဲ့ ကိန်းရှင်တစ်ခု ဖြစ်လာနိုင်တယ်" လင်းဖုန်းက သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူသည် မျောက်၏ ရွှေကွင်းကျိန်စာကို ဖယ်ရှားပေးခဲ့၍ နှစ်ဦးနှစ်ဘက်သားတို့သည် ရင်းနှီးသော ဆက်ဆံရေးများ ရှိကြသော်လည်း မျောက်သည် ဝိညာဉ်ပင်လယ် တိုက်ပွဲအတွင်းတွင် သူ့အား ကျေးဇူး ပြန်ဆပ်လိမ့်မည် မဟုတ်ချေ။

ထို့အပြင် အကယ်၍ လင်းဖုန်းသည် ဝိညာဥ်ပင်လယ်အား ကျင့်ကြံမှုတွင် အသာစီး ရလာခဲ့လျှင် မျောက်သည် ပြဿနာပင် ရှာနိုင်သေးသည်။

ဤအရာသည် ကျေးဇူးတရားနှင့် ဆက်စပ်နေခြင်း မရှိပေ။ မည်သူကပင် ဖြစ်စေ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဝိညာဥ်ပင်လယ်အား ကျင့်ကြံ၍ သူတို့၏ ကြီးစိုး လွှမ်းမိုးမှုများကို ချဲ့ထွင်မည်ကို ကြည့်နိုင်ကြမည် မဟုတ်ပေ။

ထို့အပြင် မျောက်သည် အပူအပင် ကင်းမဲ့၍ ကြီးစိုး လွှမ်းမိုးတတ်သူ ဖြစ်သည်။ သူသည် လင်းဖုန်းအား

ကူညီလိုစိတ် ရှိလျှင်ပင် ဘာဆက်ဖြစ်မည်ကို ခန့်မှန်းရန် ခက်ခဲသည်။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါ၍ အလင်းတန်း ပင်လယ်အား ပြုပြင်ရန်သာ  အာရုံ စိုက်နေခဲ့သည်။

ကျန်သောသူများသည်လည်း မျောက်၏ ပေါ်ပေါက်လာမှုကို သတိထားနေကြသော်လည်း သူတို့ လုပ်နေကြသည်များကို မရပ်တန့်ခဲ့ပေ။

ဤအချိန်သည် သူတို့အနေဖြင့် တစ်ယောက်နှင့် တစ်ယောက် တိုက်ခိုက်ရန် အချိန်မကျသေးပေ။ သူတို့ ထိုကဲ့သို့ မလုပ်မီ သူတို့၏ လက်အတွင်းတွင် ရှိနေသော ဖဲချပ်များကို တွက်ရဦးမည် ဖြစ်သည်။

လင်းဖုန်းအပြင် ဇူရီ၊ ဝမ်လင်းနှင့်
ကျန်သောသူများသည် မျောက်၏ ပေါ်လာမှုကြောင့်
စိတ်လှုပ်ရှားသွားကြသော်လည်း လျင်မြန်စွာဖြင့်
ပြန်လည် တည်ငြိမ်လာကာ သူတို့အရှေ့မှ
အရေးကြီးသော အရာများကို အာရုံစိုက်ခဲ့ကြသည်။

ဟီဂန် ရွှေရောင်တံတား အပေါ်မှ ကိုးခုမြောက်
အလင်းတန်း စက်ကွင်းသည် ပို၍ပို၍
ကြည်လင်လာကာ ပို၍ပို၍ ကျင့်ကြံလာနိုင်ခဲ့သည်။

ဝမ်လင်း၏ စင်စစ် ဖြစ်တည်မှု၏ ခေါင်းသည်
အလင်းတန်းများ အဖြစ်သို့ လုံးဝ
ပြောင်းလဲသွားသည်။ အလင်းတန်းများ အကြားတွင်

ဘဝသုံးမျိုး ကျောက်တုံးနှင့် တူညီသော
အရာတစ်ခုသည် ဖြည်းဖြည်းချင်း ပုံစံပေါ်လာသည်။

ထိုဘဝသုံးမျိုး ကျောက်တုံးအတွင်းတွင်
မတူညီသော ပုံရိပ်သုံးခုက ထွက်ပေါ်လာသည်။
သူတို့သည် အချင်းချင်း အတူတကွ
ပေါင်းစည်းနေသည်ဟု ထင်နေရသော်လည်း
အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဟူသော
မတူညီသော အချိန် ဒိုင်မန်းရှင်း သုံးခုအတွင်းတွင်
ရှိနေကြသည်ဟုလည်း ထင်နေရသည်။

ဝမ်လင်း၏ အရိုးစုသည် အလင်းတန်း ပုံရိပ်တစ်ခု
အဖြစ်သို့ ပြောင်းသွားကာ သူ၏ စွမ်းအားများသည်
ပေါက်ကွဲနေခြင်း မရှိတော့ပေ။

မဟာစေတန် ကိုယ်ပွားထံမှ လာခဲ့သော စွမ်းအားသည် သူ၏ နှလုံးသား နေရာတွင် စုစည်းနေ၍ သူ၏ နှလုံး တစ်ချက်ခုန်လိုက်တိုင်း စကြာဝဠာ၏ ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ စတင်လာသည်နှင့် တူနေသော စွမ်းအားတစ်မျိုး ပေါ်ထွက်လာသည်။

သူ၏ မည်းနက်နေသော နှလုံးသားသည်လည်း စကြာဝဠာ၏ ဆိုးယုတ်မှုကို လက်ခံထားသကဲ့သို့ ဖြစ်နေသည်။ ဤအရာသည် တစ်ယောက်အား ထိတ်လန့် ကြောက်ရွံ့စေခဲ့သည်။

ယွဲ့ဟုန်ယန်သည် ဇူရီနှင့် ဝမ်လင်းတို့၏ ဘေးတွင် တင်ပလ္လင်ခွေ ထိုင်နေသည်။ သူမသည် သူမ၏ လက်တစ်ဘက်ကို အလင်းတန်း ပင်လယ်အတွင်းသို့

ဆန့်တန်းလိုက်၍ ကျန်လက်တစ်ဘက်ဖြင့်
မှော်ကျိန်စာ တစ်ခုကို ဖော်ထုတ်လိုက်သည်။
သူမ၏ လက်ဝါးကို သူမ၏ ရင်ဘတ်အရှေ့တွင်
ဒေါင်လိုက် ထောင်ထားခဲ့သည်။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် အလင်းစက်များ
လင်းလက်နေကြသည်။ သူတို့သည် သူမ
ခန္ဓာကိုယ်၏ အပြင်တွင် ရှိမနေကြပဲ သူမ၏
ခန္ဓာကိုယ် အတွင်းဘက်မှသာ အပြင်ဘက်သို့
လင်းလက်နေကြသည်။

ထိုအလင်းစက်များသည် ကြယ်အလင်းတန်း
အစက်များနှင့် တူနေသည်။ သူတို့
လင်းလက်လာသော အခါ ယွဲ့ဟုန်ယန်၏

မွေးညင်းပေါက်များမှ နေ၍ အလင်းရောင်များကို
ထုတ်လွှတ်နေကြသည်။

သူမ ခန္ဓာကိုယ်၏ မွေးညင်းပေါက်
တစ်ခုချင်းစီသည် ကြယ်တစ်စင်းနှင့် တူနေကာ
အံ့သြဖွယ်ရာ အလင်းတန်းဖြင့် တောက်ပနေကြ၏။
ထိုကြယ်စင်များ အတွင်းမှ ကြီးကျယ်လှသော
စွမ်းအားသည် သူမ၏ သန့်စွမ်းလှသော
စွမ်းအားများနှင့် လိုက်ဖက်ညီနေကြသည်။

ယွဲ့ဟုန်ယန်သည် အသက်ရှူသွင်းနေရင်း သူမ၏
စွမ်းအားများ တိုးတက်လာကာ ကြယ်စင်များက
တောက်ပလာကြလေသည်။

အချိန် ကြာလာသည်နှင့် အမျှ ယွဲ့ဟုန်ယန်၏ ရုပ်ကိုယ်ခန္ဓာ စွမ်းအားသည် ရှီထျန်းဟောင်က အင်မော်တယ်ဝိညာဉ် ပထမ အဆင့်၏ အထွတ်အထိပ်သို့ ရောက်ခဲ့စဉ်က အဆင့်နှင့် တူညီလာခဲ့သည်။

ယန်ချင်၏ အရှိန်အဝါမှာမူ များစွာပို၍ အေးချမ်းတည်ငြိမ်နေသည်။ သူသည် ဟင်းလင်းပြင် အတွင်းတွင် တင်ပလ္လင်ခွေ ထိုင်နေ၍ သူ၏ မျက်လုံးများ အကြားတွင် အဖြူနှင့် အနက်ရောင်တို့ ယှက်သန်းနေကြ၍ သူ့ခန္ဓာကိုယ် အနားတွင် အဖြူနှင့် အနက်ရောင် တိမ်တိုက် တစ်တန်းစီ လည်ပတ်နေကြသည်။

ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျင့်ကြံသူ တစ်ယောက်က ဟင်းလင်းပြင်၏
ယင်ယန်ကျမ်းစာအား ကျင့်ကြံနေသော အခါ
ဖြစ်ပေါ်လာသည့် အရာနှင့် ဆင်တူနေသည်။

သို့သော်လည်း စွမ်းအား သဘောတရားများနှင့်
အရှိန်အဝါတို့မှာမူ မတူချေ။ ယန်ချင်၏ ခန္ဓာကိုယ်
အပေါ်တွင် ခရမ်းရောင် အလင်းတန်း တစ်လွှာ
ပေါ်လာ၍ အလွန်အမင်း လင်းလက်လာကာ
သူ့အား သလင်းကျောက် တစ်ခုနှင့်
တူနေစေခဲ့သည်။

သူ့နဖူးပေါ်မှ ထိုက်ကျိရုပ်ပုံကလည်း အဆက်မပြတ်
လည်ပတ်နေလေသည်။

အလင်းတန်း ပင်လယ်သည် ဆက်လက်
လှုပ်ရှားနေရင်း သူ၏ အရွယ်အစားသည်
ဖြည်းဖြည်းချင်း လျော့နည်းလာသည်။ အလင်းတန်း
ပင်လယ် အတွင်းတွင် အဖွဲ့ အသီးသီးတို့
နေရာယူထားသည့် ဒေသများသည် တစ်ခုနှင့် တစ်ခု
ပို၍ နီးကပ်လာကြသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်
လှိုင်းလုံးများကလည်း စုရုံးကာ အလင်းတန်း
ပင်လယ်ထံသို့ ရွေ့လျားလာကြသည်။

အားလုံးတို့သည် နေရာဒေသ အသီးသီးတွင်
ရောက်နေကြသော်လည်း တူညီသော
မြင်ကွင်းတစ်ခုကိုသာ မြင်နေကြရသည်။
ဟင်းလင်းပြင်သည် အဆက်မပြတ် အသွင်

ပြောင်းလဲနေ၍ ကွဲပြားသော နေရာများသည်
တစ်ခုနှင့် တစ်ခု ထပ်နေကြသကဲ့သို့ ဖြစ်နေသည်။

စိတ်ဝိညာဉ် စွမ်းအင် လှိုင်းလုံးများ
ငြိမ်သက်သွားသော အခါ အလင်းတန်း
ပင်လယ်ကလည်း အကန့်အသတ်သို့ ရောက်ကာ
ပြိုကျသွားသည်။ တစ်ချိန်တည်းတွင်
ဟင်းလင်းပြင်က ပေါင်းစည်းသွား၍
အားလုံးတို့သည် အတူတကွ စုစည်းလာခဲ့ကြသည်။

စိတ်ဝိညာဉ် စွမ်းအင် လှိုင်းလုံးများ
ငြိမ်သက်မသွားခင် သူတို့သည် အလင်းတန်း
ပင်လယ်အတွင်းတွင် အချင်းချင်း
တွေ့ဆုံခဲ့ကြသည်။ ဤအချိန်ကို

စောင့်မျှော်နေကြသော အဖွဲ့ အသီးသီးတို့သည်
ငြိမ်းချမ်းမှုကို ဖြိုခွဲခဲ့ကြလေသည်။

မိုးကြိုးမုန်တိုင်း တစ်ခုက ရုတ်တရက်
ပေါက်ကွဲလာသည်။ အားလုံးတို့သည် ဤအချိန်ကို
အသုံးချကာ လက်ဦးမှု ယူခဲ့ကြသည်။

မည်းနက်နေသော နေမင်းက ပထမဆုံး
တောက်ပစွာနှင့် လင်းလက်လာသည်။
မည်းမှောင်နေသော နေအလင်းတန်းသည်
ကောင်းကင်အား လွှမ်းခြုံသွားကာ နေရာအနှံ့သို့
စတင်၍ ကျယ်ပြန့်လာသည်။

လင်းဖုန်း၏ ခရမ်းရောင် ကျက်သရေ တိမ်တိုက်များ၊ ဟင်းလင်းပြင် ဘုရားကျောင်း၏ တောက်ပသော ကြေးမုံ အလင်းတန်း၊ မျောက်၏ ကျောက်တုံးနှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့၏ မည်းမှောင်နေသော တိမ်တိုက်များကလည်း စတင်၍ ကျယ်ပြန့်လာခဲ့ကြသည်။

ဤအင်အားစုများ အကြားတွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ တောက်ပသော ကြေးမုံ အလင်းတန်းသည် အာရုံများကို အကြီးမားဆုံး ဆွဲဆောင်နိုင်ခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် အန္တိမ ကောင်းကင်ကြေးမုံသည် မြင့်မားစွာ တည်ရှိနေပြီး အလင်းတန်း ပင်လယ် တစ်ခုလုံးအား

လင်းလက်စေခဲ့သည်။ ကြေးမုံ၏ အနားသားများမှ
နေ၍ စီးဆင်းနေသော အလင်းတန်းများကို
ထုတ်လွှတ်နေ၍ နေရာအနှံ့သို့
ကျယ်ပြန့်လာခဲ့သည်။

စီးဆင်းနေသော အလင်းတန်းများသည်
အလင်းတန်း ပင်လယ်ထံမှလည်း
ပေါ်ထွက်လာသည်။ သူတို့သည် ကြေးမုံ
အလင်းတန်းနှင့် ပေါင်းစည်းသွားကြကာ
ပင်လယ်၏ ဗဟိုချက် ဖြစ်လာခဲ့သည်။

စာစဉ် ၇၁ : အပိုင်း ၁၆

# အပိုင်း ၁၃၈၆ : အန္တိမ တောင်ဝှေးကို ကိုင်ဆောင်ထားသော ရွှေမျောက်

ဝိညာဥ်ပင်လယ်သည် ထင်ထားသည်ထက် များစွာပိုစော၍ ပြန်ပွင့်လာခဲ့ခြင်း ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်း အနေဖြင့် အကြီးမားဆုံးသော ပြဿနာမှာ အန္တိမ ကောင်းကင်ကြေးမုံက အပြည့်အဝ ပြန်လည် မသက်သာလာသေးခြင်း ဖြစ်သည်။

သို့တိုင်အောင် အန္တိမ ကောင်းကင်ကြေးမုံသည် ဝိညာဥ်ပင်လယ် အတွင်းတွင် မဟာကမ္ဘာ အတွင်းကထက် ပိုမိုကြီးမားသော စွမ်းအားများကို ထုတ်ဖော် ပြသနိုင်ခဲ့သည်။

မဟာတာအို အလင်းတန်းများသည် တောက်ပသော ကြေးမုံ အလင်းတန်းအား ထောက်ပံ့ပေးနေကာ အန္တိမ ကောင်းကင်ကြေးမုံအား ဝိညာဉ်ပင်လယ်၏ ဗဟိုချက် ဖြစ်လာစေသည်။ သူသည် ဝိညာဉ်ပင်လယ်အား အနည်းငယ် ထိန်းချုပ်နိုင်သည့် စွမ်းအားကိုပင် ပေးနိုင်ခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံနှင့် ရင်းနှီး ကျွမ်းဝင်နေကြသည့် လင်းဖုန်းနှင့် ပုံရိပ်ယောင်နေမင်းကဲ့သို့သော သူများသည် ဤအရာကြောင့် အံ့အားမသင့်သွားကြပေ။

အန္တိမ ကောင်းကင်ကြေးမုံ၏ စွမ်းရည်များကို ထည့်မတွက်လျှင်ပင် ဟင်းလင်းပြင် ဘုရားကျောင်းသည် ရှိနေကြသော အဖွဲ့များ

အတွင်းတွင် အကြီးမားဆုံး နေရာကို
သိမ်းပိုက်ထားနိုင်သည်။ သူတို့သည် နေရာ
တစ်ခုလုံး၏ တစ်ဝက်နီးပါးကို
နေရာယူထားနိုင်ကြသည်။

ဝိညာဉ်ပင်လယ် နောက်ဆုံး ပွင့်ခဲ့သည့် အချိန်က
ဟင်းလင်းပြင် ဘုရားကျောင်းသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့
ပါဝင်သည့် အဖွဲ့သုံးဖွဲ့ အတွင်းတွင်
ဦးဆောင်နိုင်ခဲ့သည်။

ဤအချိန်တွင် သူတို့၏ အားသာချက်များကို
မြင်နိုင်ခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ တိုက်ပွဲသည် ဤအဖွဲ့ အသီးသီးတို့၏ ဆက်ဆံရေး မျဉ်းကြောင်းများကို ဝေဝါးစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အားသာချက် အကြီးမားဆုံး ရခဲ့သော အဖွဲ့သည် အားလုံးတို့၏ ဘုံရန်သူ ဖြစ်လာသောကြောင့် ဖြစ်သည်။ အတိတ်က ရန်သူများကပင် ယခုအချိန်တွင် အတူတကွ ပူးပေါင်းကာ ဘုံရန်သူကို ချေမှုန်းကြမည် ဖြစ်သည်။

တစ်ချိန်တည်းတွင် အနက်ရောင် နေမင်း၊ မည်းမှောင်နေသော တိမ်တိုက်နှင့် ကျောက်တုံးတို့သည် တောက်ပနေသော ကြေးမုံ အလင်းတန်းအား တိုက်ခိုက်ခဲ့ကြသည်။

ထိုက်ရီသူတော်စင်သည် ဤအရာကို ပြင်ဆင်ထားခဲ့သည်မှာ သိသာနေသည်။ သူသည် ကြီးမားသော ဖိအားများအောက်သို့ ရောက်နေခဲ့သော်လည်း ထိတ်လန့်တုန်လှုပ်ခြင်း မရှိခဲ့ပဲ အခြေအနေကို တည်ငြိမ်စွာ ဖြေရှင်းနိုင်ခဲ့သည်။

တောက်ပနေသော ကြေးမုံ အလင်းတန်းအား ရုတ်တရက် ရုပ်သိမ်းလိုက်ကာ ချက်ချင်း မှေးမှိန်သွားသည်။ သူသည် မကြာမီပင် အနက်ရောင် နေမင်း၏ လွှမ်းခြုံမှုကို ခံခဲ့ရသည်။ သို့သော်လည်း တောက်ပနေသော ကြေးမုံ အလင်းတန်းသည် အနက်ရောင် နေမင်းအား ပြန်လည် ဖိနှိပ်နိုင်ခဲ့သည်။

ကြေးမုံ အလင်းတန်းသည် အနည်းငယ် ထိုးတက်လာ၍ အလင်းတန်း ပင်လယ်သည် တောက်ပသော အလင်းတန်း တစ်တန်းဖြင့် လင်းလက်လာသည်။ သို့သော်လည်း အနက်ရောင် နေမင်းသည် မလှုပ်ရှားခဲ့ပဲ ဘေးပတ်ဝန်းကျင်နှင့် လုံးဝ ပြောင်းပြန် ဖြစ်နေခဲ့သည်။

အနက်ရောင် နေမင်းအား လွှမ်းခြုံထားသည့် အလင်းတန်းသည်လည်း ဤအချိန်တွင် ငြိမ်သက်သွားခဲ့သည်။

ပြီးတာနှင့် အနက်ရောင် နေမင်းသည် ရုပ်ထု တစ်ခုနှင့် တူသွားခဲ့သည်။ အတိုက်ခိုက်ခံခဲ့ရ အပြီးတွင် သူသည် ပျက်စီး ယိုယွင်းလာ၍ သူ၏

မျက်နှာပြင်သည် ကွာကျလာကာ ပြိုကျလုနီးပါး ဖြစ်နေခဲ့သည်။

ဤအချိန်တွင် ဝိညာဥ်ပင်လယ် အတွင်းတွင် ရှည်လျားသော ဟိန်းဟောက်သံတစ်ခုကို ကြားနိုင်ခဲ့သည်။ အနက်ရောင် နေမင်းသည် လျင်မြန်စွာနှင့် ပျက်စီးသွား၍ ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သည်။ ထိုအနက်ရောင် အလင်းတန်းများသည် ဘေးပတ်ပတ်လည်မှ မဟာတာအိုး၏ လှုပ်ရှားမှုများကို စတင်ခဲ့၍ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

တောက်ပသော ကြေးမုံ အလင်းတန်း၏ တိုက်ခိုက်မှုကို ခံနေရသည့် အနက်ရောင်

နေမင်းသည် စွမ်းအင်များဖြင့် ပြန်လည်ပြည့်ဝလာသည်။ သူသည် ယခုအချိန်တွင် များစွာပို၍ သေးငယ်သွားသော်လည်း ပို၍ တောက်ပလာသည်။

သို့သော်လည်း အနက်ရောင်နေမင်း အသွင်ပြောင်းလဲသွားသည့် အချိန်တွင် ကြေးမုံ အလင်းတန်းကလည်း ပို၍ပို၍ ခန့်မှန်းရ ခက်ခဲလာသည်။

မဟာတာအို အလင်းတန်းများသည် မမြင်နိုင်သော စွမ်းအားတစ်ခု၏ လမ်းညွှန်မှုအောက်တွင် ကြေးမုံ အလင်းတန်းထံသို့ စုစည်းလာသည်။ ပြီးတာနှင့် သူတို့သည် ကြေးမုံ အလင်းတန်းနှင့် ပေါင်းစည်းသွားခဲ့သည်။

မရေမတွက်နိုင်သော ပုံရိပ်များသည် မဟာတာအို
အတွင်းတွင် ရေးရေးလေး ပေါ်လာသည်။
သူတို့သည် တိကျသော အရာများကို မဖော်ပြပဲ
သဘောတရား အမျိုးမျိုးကို ပြသနေကြသည်။
အချို့မှာ ရိုးရှင်း၍ အချို့မှာ ခက်ခဲနက်နဲသည်။

မဟာတာအို၏ ထောက်ပံ့မှုအောက်တွင် ကြေးမုံ
အလင်းတန်း လွှမ်းခြုံထားသော လေဟာနယ်သည်
ကျယ်ပြန့်လာကာ အချိန်ကာလသည် ပြောင်းပြန်
ဖြစ်သွားသကဲ့သို့ ဖြစ်နေသည်။

ကြေးမုံ အလင်းတန်း အထိုးခံလိုက်ရသော အခါ
အနက်ရောင် နေမင်းသည် အဆွဲယူခံခဲ့ရသကဲ့သို့
ဖြစ်သွားသည်။ သူသည် သူ၏ ယခင်

အရွယ်အစားကို ပြန်လည် ရရှိရန်
ကြိုးစားနေခဲ့သည်။

ဤဖြစ်စဉ် အတွင်းတွင် အနက်ရောင် နေမင်း၏
စွမ်းအင်နှင့် တုန်ခါမှုတို့သည် ကျဆင်းသွားကာ
အစိုင်အခဲ အခြေအနေကို ပြန်ရောက်လုနီးပါး
ဖြစ်သွားသည်။

တစ်ချိန်တည်းတွင် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတ၏ မည်းမှောင်နေသော
တိမ်တိုက်သည် အန္တိမ ကောင်းကင်ကြေးမုံ၏
အပေါ်သို့ လွင့်မျောလာခဲ့သည်။ မည်းမှောင်နေသော
တိမ်တိုက်များသည် ကောင်းကင်အား
ဖုံးလွှမ်းသွား၍ ကြေးမုံ အလင်းတန်းအား များစွာပို၍
မှေးမှိန်စေခဲ့သည်။

မျောက်၏ မိစ္ဆာစွမ်းအားများဖြင့် ဖန်ဆင်းထားသော ကျောက်တုံးကမူ အလင်းတန်း ပင်လယ်အား ကျော်လွှန်သွား၍ အန္တိမ ကောင်းကင်ကြေးမုံအား ကြယ်တံခွန် တစ်ခုအလား ရိုက်ချလိုက်သည်။ သူပိုင်ဆိုင်နေသော အရှိန်အဟုန်ဖြင့် သူသည် ကြေးမုံအား ခြေမွနိုင်တော့မည်ကဲ့သို့ ထင်နေရသည်။

သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံက ကြေးမုံအလင်းတန်းဖြင့်  မှိန်မှိန်လေး လင်းလက်လာသော အခါ ကျောက်တုံးက သူ့အပေါ်မှ ဖြတ်သန်းသွားခဲ့သည်။ ကြေးမုံသည် ပုံရိပ်ယောင် တစ်ခု ဖြစ်နေသကဲ့သို့ ဖြစ်သည်။

မည်းမှောင်နေသော တိမ်တိုက်များ၏
ဖုံးလွှမ်းခြင်းကို ခံခဲ့ရသော်လည်း ကြေးမုံ
အလင်းတန်းသည် အကျိုးသက်ရောက်မှု
မရှိနေသကဲ့သို့ ဖြစ်သည်။ သူတို့သည် တူညီသော
အချိန်ကာလနှင့် လေဟာနယ် ဒိုင်မန်းရှင်း
အတွင်းတွင် မရှိနေကြသကဲ့သို့ ဖြစ်သည်။

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ လင်းဖုန်းက
သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "သူက
တကယ့်ကို ထူးချွန် ပြောင်မြောက်လှပါပေတယ်...
မျောက်နဲ့ ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတတို့ရဲ့ အဆင့်တွေနဲ့တောင် ဒီကြေးမုံက
အချိန်ကာလနဲ့ လေဟာနယ်တို့ရဲ့
ပြောင်းလဲမှုတွေကို အသုံးချပြီး မှားယွင်းစွာ

ဆိုးဖြတ်စေခဲ့တယ်... ဒါက တကယ်ကို
ရှားပါးလှတယ်"

သို့သော်လည်း မျောက်နှင့် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတတို့အား လွယ်ကူစွာ ဖယ်ရှား၍ရမည်
မဟုတ်ပဲ သူတို့က လျင်မြန်စွာဖြင့်
တုံ့ပြန်ခဲ့ကြသည်။

ခဏအကြာတွင် အလင်းတန်း ပုံရိပ်တစ်ခုသည်
မျောက်၏ ကျောက်တုံးအပေါ်တွင်
လင်းလက်လာသည်။ ထိုအလင်းတန်း ပုံရိပ်သည်
အဆက်မပြတ် ပြောင်းလဲနေကာ ဖယောင်းနဂါး၊
နီရဲသော ဂေါ်ရီလာ၊ မဟာနတ်ငှက်၊ မင်နဂါး၊
အဖြူရောင် ကျောက်စိမ်းနဂါးနှင့် အခြားမိစ္ဆာများကို
ဖော်ပြခဲ့သည်။

အလင်းတန်း ပုံရိပ် ပြောင်းလဲသွားသော အခါ မိစ္ဆာများသည် ကွဲပြားသွားသည့်ပုံ မပေါက်ကြပဲ အတူတကွ ပေါင်းစည်းသွားကာ အချိန်ကာလနှင့် လေဟာနယ် ဒိုင်မန်းရှင်း သဘောတရားများက သူတို့အား ထောက်ပံ့ခဲ့ကြသည်။ ပြီးတာနှင့် ကျောက်တုံးသည် အန္တိမ ကောင်းကင်ကြေးမုံထံသို့ ပျံသန်းလာခဲ့သည်။

အခြားတစ်ဘက်တွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ မည်းမှောင်နေသော တိမ်တိုက်များထံမှ စီးဆင်းနေသော အလင်းတန်းများ ထိုးတက်လာသည်။ အလင်းတန်း ၁၂တန်းတို့ ပေါ်လာကြ၍ အလွန်အမင်း တောက်ပသော အလင်းတန်း လေးတန်းအဖြစ်သို့

သိပ်သည်းသွားကြသည်။ ထိုအလင်းတန်းများသည် မည်းမှောင်နေသော တိမ်တိုက် လွှမ်းခြုံထားသော နေရာမှ ချိုးဖောက်လိုနေကြသည်။

မည်းမှောင်နေသော တိမ်တိုက်သည် ဤအလင်းတန်း လေးတန်းတို့၏ ထောက်ပံ့မှုအောက်တွင် ပို၍ စစ်မှန်လာခဲ့သည်။ သူသည် မရေမတွက်နိုင်သော ဒိုင်မန်းရှင်းများ အတွင်းတွင် ရှိနေသကဲ့သို့ ဖြစ်နေပြီး နေရာတကာတွင် ရှိနေသကဲ့သို့ ဖြစ်နေသည်။ပြီးတာနှင့် ထိုတိမ်တိုက်သည် အန္တိမ ကောင်းကင်ကြေးမုံ အပေါ်သို့ ကျဆင်းလာခဲ့သည်။

ကြေးမုံ အလင်းတန်းသည် ထပ်ဖန်တစ်ခါ
လင်းလက်စွာဖြင့် တောက်ပလာကာ အန္တိမ
ကောင်းကင်ကြေးမုံထံမှ ထွက်ပေါ်လာကြသည်။

ကြေးမုံ အလင်းတန်း တစ်တန်းစီသည်
လေထုအတွင်းသို့ ရောက်လာသော အခါ
ဦးတည်ချက် ရုတ်တရက် ပြောင်းသွားကြသည်။
ထိုနေရာတွင် နောက်ထပ် ကြေးမုံ မျက်နှာပြင်
တစ်ခု ရှိနေသကဲ့သို့ ဖြစ်ကာ ထိုကြေးမုံ
အလင်းတန်း လမ်းကြောင်းများကို
သွေဖည်စေခဲ့သည်။

ကြေးမုံ အလင်းတန်းများသည် တစ်ခုပြီး တစ်ခု
သွေဖည်သွား၍ ဟင်းလင်းပြင် အတွင်းတွင်
ကြေးမုံများ ပို၍ပို၍ ပေါ်လာခဲ့သည်။ ကြေးမုံ

မျက်နှာပြင် တစ်ခုချင်းစီသည် မဟာတာအို၏ စွမ်းအားများကို စုစည်းနေသကဲ့သို့ ထင်နေရသည်။

ပုံရိပ်ယောင် ကြေးမုံများသည် အစစ်အမှန် အဖြစ်သို့ စတင်၍ ပြောင်းသွားကြသည်။ မရေမတွက်နိုင်သော အလင်းတန်းများသည် ယှက်သန်းနေကြ၍ အလင်းတန်း ပင်လယ်အား အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းနှင့် ပြည့်နေစေခဲ့သည်။

ဤနေရာ၌ ရှိနေကြသော သူများအားလုံးတို့က သူတို့၏ မျက်မှောင်များကို ကြုတ်လိုက်ကြသည်။ "ဝိညာဉ်ပင်လယ်က အန္တိမ ကောင်းကင်ကြေးမုံရဲ့ အိမ်ကွင်းလိုမျိုး ဖြစ်နေတယ်… သူ့ကို မဟာကမ္ဘာရဲ့ မှော်ရတနာလို့ ခေါ်တာ အဆန်းတော့

မဟုတ်ပါဘူး... သူက အခုအချိန်မှာ ပြည့်စုံလုနီးပါး ဖြစ်နေလောက်ပြီ"

မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့၏ ခြိမ်းခြောက်မှုများ ရှိနေသော်လည်း ပို၍ပို၍ များသော ကြေးမုံ အလင်းတန်းများသည် အနက်ရောင် နေမင်းအပေါ်၌ အာရုံစိုက်ထားကြသည်။ သူတို့သည် နေမင်းအပေါ်သို့ အားသုံး၍ ဖိချလိုက်ကာ သူ့အား အရင် ခြေမွနေလိုခဲ့သည်။

အနက်ရောင် နေမင်းသည် ကြီးမားစွာ ကျယ်ပြန့်လာကာ သူ့ထံသို့ လင်းလက်လာသည့် ကြေးမုံ အလင်းတန်းထံမှ

အဆွဲထုတ်ခံလိုက်ရသည်။ သို့သော်လည်း သူ၏
အရှိန်အဝါသည် ပို၍ပို၍ အားနည်းလာခဲ့သည်။

အနက်ရောင် အလင်းတန်းများ မှေးမှိန်သွားသော
အခါ အနက်ရောင် နေမင်း ယခင်က
ကျင့်ကြံထားသော အလင်းတန်း ပင်လယ်၏
ဒေသများသည် ကြေးမုံ အလင်းတန်းများ၏
ကျူးကျော်မှုကို ခံခဲ့ရသည်။

အနက်ရောင် မှော်သင်္ကေတများက စတင်၍
ထိုးတက်လာကာ အတူတကွ ပေါင်းစည်းသွားကြပြီး
မန္တန်များ အဖြစ်သို့ ပြောင်းသွားကြသည်။
ထိုမန္တန်များသည် လက်စွပ်ပုံစံသို့
ပြောင်းသွားကြကာ အနက်ရောင် နေမင်းအား
ဝန်းရံ၍ လည်ပတ်နေကြလေသည်။

အနက်ရောင် နေမင်းထံမှ နတ်ဘုရား
အလင်းတန်းများ ထိုးတက်လာသည်။ ထိုနတ်ဘုရား
အလင်းတန်းများသည် တုန်ခါနေကာ အနက်ရောင်
နေမင်း၏ ပုံစံအား တည်ငြိမ်စေ၍ ကြေးမုံ
အလင်းတန်းများအား ခုခံနေကြသည်။

မျောက်၏ ကျောက်တုံးသည် ရန်အစခံခဲ့ရသကဲ့သို့
ခက်ထန် ကြမ်းတမ်းသော အရှိန်အဝါများကို
ရုတ်တရက် ထုတ်လွှတ်ခဲ့သည်။

ကျောက်တုံး၏ မျက်နှာပြင်ပေါ်တွင်
အက်ကွဲကြောင်းတစ်ခု စတင်၍ ပေါ်လာသည်။
အက်ကွဲကြောင်း အကြားတွင် သွေးနီရောင်
မျက်လုံး တစ်စုံက အနည်းငယ်

လင်းလက်လာသည်။ သူတို့သည် သွေးနီရောင် နေမင်းနှစ်စင်းနှင့် တူနေပေသည်။

ထိုကျောက်တုံး၏ အလယ်တွင် အလင်းတန်း ပုံရိပ်တစ်ခု ပေါ်လာသည်။ ထိုအလင်းတန်း ပုံရိပ်သည် နောက်ဆုံးတွင် ခက်ထန်သော ရောမ ရွှေမျောက်တစ်ကောင်၏ ပုံရိပ်ကို ဖော်ပြလိုက်သည်။ ထိုရွှေမျောက်၏ ခြေထောက်များသည် မြေပြင်ပေါ်တွင် မြဲမြံစွာ ရပ်တည်နေ၍ သူ၏ခေါင်းသည် စကြာဝဠာ၏ ထိပ်ဆုံးသို့တိုင် ရောက်နေသည်။

သူသည် အမတန်မှ ကြီးမားလှ၍ သူ၏ ကြမ်းတမ်းလှသော စွမ်းအားများသည် သူ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသည်။ သူ၏ လက်ကို

လှုပ်ယမ်းလိုက်သော အခါ ကောင်းကင်တိုင်လုံးနှင့် တူနေသည့် ထူထဲသော သံတောင်ဝှေးတစ်ချောင်း ပေါ်လာခဲ့သည်။

ထိုအရာသည် အဆုံးသတ် မဟုတ်သေးပေ။ ရွှေမျောက်၏ လည်ပင်းနောက်မှ ဆံပင်နှစ်ချောင်း ပေါ်လာကာ လေတိုက်ခတ်လာသည်နှင့် ထိုဆံပင် နှစ်ချောင်းတို့သည် ထပ်တူညီသော အခြား မျောက်နှစ်ကောင်အဖြစ်သို့ ချက်ချင်း ပြောင်းသွားသည်။

ထိုမျောက်သုံးကောင်တို့သည် ကြေးမုံ အလင်းတန်းအား သွားများကို ဖြဲပြလိုက်သည်။ ပြီးတာနှင့် သူတို့သည် လေဟာနယ် အတွင်းသို့ ခုန်ဝင်လာခဲ့သည်။ သူတို့၏ ရောမ ပုံရိပ်များသည်

အချင်းချင်း ထိတိုက်သွားကြပြီး နောက်ဆုံးတွင် ပုံရိပ်တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားသည်။ သို့သော်လည်း ထိုပုံရိပ်သည် ခေါင်းသုံးလုံးနှင့် လက်ခြောက်ချောင်း ရှိနေသည်။

ဤပေါင်းစည်းခြင်း ပြီးမြောက်သွားသော အခါ ဗလာဖြစ်နေသော လက်လေးချောင်းတွင် ရောမ သံတောင်ဝှေး နှစ်ချောင်း ပေါ်လာခဲ့သည်။

ဤရောမ ရွှေမျောက်၏ အနောက်တွင် ဖယောင်းနဂါး၊ ဟွန်တွန်း၊ ရွှေရောင်နတ်ငှက်နှင့် အခြား မိစ္ဆာ ပုံရိပ်များက လင်းလက်နေသည်ကို တွေ့နေနိုင်သည်။

"ကြီးထွားစမ်း… ကြီးထွားစမ်း… ကြီးထွားစမ်း" မျောက်၏ ခေါင်းသုံးလုံးတို့က အော်ဟစ်လိုက်သည်။ ထူထဲသော သံတောင်ဝှေးသည် အလင်းတန်း ပင်လယ်ကို ဝှေ့ယမ်းလိုက်၍ မရေမတွက်နိုင်သော အလင်းတန်းများကို ခြေမွလိုက်သည်။

ကြေးမုံ အလင်းတန်းများဖြင့် ထုတ်လွှတ်ထားသော ပုံရိပ်ယောင် ကြေးမုံ အမြောက်အမြားတို့သည် မျောက်၏ ခြေမွခြင်းကို ချက်ချင်းပင် ခံခဲ့ရသည်။

ခက်ထန်လှသော ထိုမျောက်အား တွေ့လိုက်ရသော အခါ အားလုံးတို့သည် ဘာမှ မတတ်နိုင်ပဲ သူတို့၏ မျက်ခုံးများကို ပင့်လိုက်သည်။ "ဒီမျောက်က ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးကို ရင်ဆိုင်ခဲ့ပြီးပြီလား"

"ဒါက ကပ်ဘေးတစ်ခုပဲ ရှိသေးပြီး အားနည်းနေတဲ့ အခြေအနေကတောင် မပြီးဆုံးသေးဘူး... ဒါပေမဲ့ သူက ဒီလောက်အထိတောင် ခက်ထန် ကြမ်းတမ်းနေပြီလား"

မျောက်၏ စွမ်းအားများသည် အားလုံးတို့၏ မျှော်မှန်းချက်များမှ ကျော်လွန်သွားခဲ့သည်။ ဤမြင်ကွင်းကို မြင်လိုက်ရသော အခါ တစ်ယောက်ကမှ မပျော်ရွှင်နိုင်ခဲ့ကြပေ။

အန္တိမ ကောင်းကင်ကြေးမုံသည် ဝိညာဉ်ပင်လယ်နှင့် အတိုင်းအတာ တစ်ခုအထိ ပေါင်းစည်းနိုင်သဖြင့် မျောက်၏ စွမ်းအားများကို စိုးရိမ်စရာ မလိုခဲ့ပေ။

သို့သော်လည်း မျောက်သည် ထင်ရာစိုင်းလွန်းသည်။ အကယ်၍ ဤအတိုင်းသာ ဆက်ဖြစ်နေပါက ဝိညာဥ်ပင်လယ်၏ ချို့ယွင်းချက်များ မပြင်နိုင်မီ ပြန်လည်၍ ကျိုးပျက်သွားပေလိမ့်မည်။

အနက်ရောင် နေမင်းသည် လင်းလက်လာကာ ပုံရိပ်တစ်ခုက သူ၏ အလင်းတန်းများ အကြားတွင် ပေါ်လာခဲ့သည်။ ပြီးတာနှင့် အနက်ရောင် အလင်းတန်း စက်ကွင်းများသည် နေရာအနှံ့ ကျယ်ပြန့်လာသည်။ သူတို့သည် ကြေးမုံ အလင်းတန်းများကို ဖိနှိပ်နေရင်း တုန်ခါနေခဲ့သည်။

ဤအနက်ရောင် အလင်းတန်းများသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ဟေးဒီးစ်တို့၏

အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်ပင် ဖြစ်သည်။

သို့သော်လည်း ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်သည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ထိန်းချုပ်မှုအောက်တွင် မခက်ထန်နေခဲ့ပေ။ သူသည် ဟင်းလင်းပြင် အတွင်းတွင် နေရာယူထားသော လှိုင်းလုံးများနှင့် တူနေကာ အလင်းတန်း ပင်လယ်အား တည်ငြိမ်စေရန် ကူညီပေးနေခဲ့သည်။

ကြေးမုံ အလင်းတန်းနှင့် အနက်ရောင် အလင်းတန်းများသည် အဆက်မပြတ် ထိပ်တိုက်တွေ့ခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏
မည်းမှောင်နေသော တိမ်တိုက်များကလည်း
အရွယ်အစား ကြီးမားလာကာ အန္တိမ
ကောင်းကင်ကြေးမုံအား ဝန်းရံလိုက်သည်။ သူသည်
ကြေးမုံထံမှ ထွက်လာသော ယှက်သန်းနေသည့်
ကြေးမုံ အလင်းတန်းများအား တားဆီးလိုက်သည်။

ကြေးမုံ အလင်းတန်းများသည် တိမ်တိုက်များ
အကြားတွင် ဆက်လက် ထိုးဖောက်နေသော်လည်း
ဖြည်းဖြည်းချင်း ပို၍ နှေးလာခဲ့သည်။

အခြားတစ်ဘက်တွင် ရွှေမျောက်သည် အန္တိမ
တောင်ဝှေးအား အသုံးပြုကာ ပုံရိပ်ယောင်
ကြေးမုံများအား ခြေမွနေခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် သက်ပြင်းချခဲ့သကဲ့သို့ ထင်နေရသည်။ ကြေးမုံ အလင်းတန်းများသည် တက်လာ၍ မျောက်အား ပစ်မှတ်ထားလိုက်သည်။

ကြေးမုံ အလင်းတန်းများက သူ့အား ပစ်မှတ်ထားလာသော အခါ မျောက်က နောက်ဆုံးတွင် အရှိန်နှေးလာခဲ့သည်။ သူသည် ဟင်းလင်းပြင် အတွင်းတွင် အဖိနှိပ်ခံခဲ့ရသကဲ့သို့ ဖြစ်လာသည်။

သို့သော်လည်း ဤအချိန်တွင် အနက်ရောင် နေမင်းက လုံးဝ အကောင်အထည် ပေါ်လာခဲ့ပြီ ဖြစ်သည်။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည်

အနက်ရောင် နေမင်းအတွင်းမှ ထွက်ပေါ်လာ၍
သူ့အား မျိုချလိုက်သည်။

တြိဂံပုံစံ အလင်းတန်း တစ်တန်းသည်
သူ၏ခေါင်းပေါ်တွင် လည်ပတ်နေရင်း
ကြောက်မက်ဖွယ်ရာ ထူးခြားဆန်းကြယ်သည့်
အလင်းတန်းသည် အန္တိမ ကောင်းကင်ကြေးမုံထံသို့
တိုးဝင်လာခဲ့သည်။

ကြေးမုံ အလင်းတန်းများ ထိုးတက်လာရင်း
ဟောဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော
စွမ်းအင်သည် ထပ်ဖန်တစ်ခါ
အတားဆီးခံလိုက်ရသည်။ အခြား တစ်ဘက်တွင်မူ
မျောက်သည် ကောင်းကင်ပေါ်သို့ ကြည့်လိုက်ရင်း
ဟိန်းဟောက်လိုက်သည်။ သူသည် ခုန်လိုက်ရာ

ကြေးမုံ အလင်းတန်းများ လွှမ်းခြုံထားသော နေရာမှ လွတ်မြောက်သွားခဲ့သည်။

သူ၏ တောင်ဝှေး သုံးချောင်းတို့သည် နေရာ တစ်ခုတည်းသို့ ရိုက်ချလိုက်ကြသည်။ ဤရိုက်ချက်သည် ပြင်းထန်လွန်းကာ သူ၏ အစစ်အမှန် ပစ်မှတ်ဖြစ်သည့် တကယ့် အန္တိမ ကောင်းကင်ကြေးမုံအား ပစ်မှတ် ထားနေခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ၏ အရှေ့မှ တိုက်ပွဲကို ကြည့်ရှုနေရင်း သူ၏ အာရုံများကို အလင်းတန်း ပင်လယ်အတွင်းတွင် ငြိမ်သက်နေသော ဗုဒ္ဓ အလင်းတန်းအား စူးစိုက်ထားခဲ့သည်။

# စာစဉ် ၇၁ : အပိုင်း ၁၇

## အပိုင်း ၁၃၈၇ : လင်းဖုန်း စတင် လှုပ်ရှားခြင်း

ဗုဒ္ဓ အလင်းတန်းသည် အလင်းတန်း ပင်လယ်၏ ထောင့်တစ်နေရာတွင် တိတ်ဆိတ်စွာဖြင့် ငြိမ်နေခဲ့သည်။ သူသည် ဉာဏ်အစွမ်းအရေးကို အသုံးချကာ သူနေရာယူထားသော နယ်မြေကို ချဲ့ထွင်ရန် မကြိုးစားခဲ့သလို မည်သူ့ကိုမှလည်း မတိုက်ခိုက်ခဲ့ပေ။ သူ့ထံမှ မည်သည့် လှုပ်ရှားမှုမျိုးကိုမှ မတွေ့ခဲ့ရပေ။

မူမမှန်သော ဤအပြုအမူများကို လင်းဖုန်းအပြင် အခြားသူများသည် တစ်ယောက်နှင့် တစ်ယောက် တိုက်ခိုက်နေကြသော်လည်း သတိပြုမိနေကြသည်။

သို့သော်လည်း စကြာဝဠာ စကျင်ဗုဒ္ဓသည် သူတို့၏ ပဋိပက္ခများ အကြားတွင် ဝင်မရှုပ်ခဲ့သဖြင့် သူတို့ကလည်း သူ့အား ပြဿနာ သွားမရှာခဲ့ကြပေ။

မျောက်သည် သူနှင့် ရွှေပုစဉ်း ဆရာတော်တို့အား သတိရနေသော်လည်း ယခုအချိန်တွင် သူ၏ အာရုံကို ဆွဲဆောင်ထားနိုင်သော အရာမှာ အန္တိမ ကောင်းကင်ကြေးမုံပင် ဖြစ်သည်။

မျောက်သည် သူ၏ ခေါင်းသုံးလုံးနှင့် လက်ခြောက်ချောင်းတို့အား ဖော်ပြလိုက်၍ သူ၏ သံတောင်ဝှေးကို အသုံးပြုကာ နေရာ တစ်ခုတည်းသို့ ရိုက်ချလိုက်သည်။ ပစ်မှတ်ကို မရိုက်နိုင်ခင် ထိုနေရာသည် တွင်းနက်ကြီး တစ်ခု ဖြစ်သွားကာ သူ့ဘေးနားမှ အရာအားလုံးတို့သည် သူ့ထံသို့ ပြိုကျလာခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် မျောက်၏ တိုက်ခိုက်မှုများကို မရပ်မနား ရင်ဆိုင်နေရပြီး ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ အာရုံလွဲမှုကိုလည်း ခံနေရသည်။ အလင်းတန်း များစွာတို့သည် ထိုးတက်လာ၍ တစ်ခုနှင့် တစ်ခု ထပ်သွားကာ ကြေးမုံအား လွှမ်းခြုံနေသည့် သလင်းကျောက်ကဲ့သို့ ဖြစ်တည်မှု တစ်ခုအဖြစ် ပြောင်းသွားသည်။

မျောက်၏ တောင်ပွေး သုံးချောင်းတို့သည် ဤအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံအား လွှမ်းခြုံထားသည့် သလင်းကျောက်ကဲ့သို့သော ဖြစ်တည်မှုအား အာရုံစိုက်ထားကာ ရိုက်ချလိုက်လေသည်။

သလင်းကျောက်ကဲ့သို့သော ဖြစ်တည်မှုတွင် အက်ကွဲကြောင်း တစ်ခု ပေါ်လာကာ ထိုအက်ကွဲကြောင်းသည် သလင်းကျောက် တစ်ခုလုံးသို့ ပျံ့နှံ့သွား၍ တွင်းနက်ကြီးထံသို့ စုပ်ယူခြင်း ခံလိုက်ရသည်။

သို့သော်လည်း ဤအချိန်တွင် ထွင်းဖောက် မြင်နေရသည့် အသွင်မဲ့ အလင်းတန်း တစ်ခုက

တွင်းနက်ထံမှ ထွက်လာသည်။ သူသည်
အလင်းတန်း ပင်လယ်အား ဝန်းရံထားသော
မဟာတာအို အလင်းတန်းများကို ဆင့်ခေါ်လိုက်ကာ
မျောက်၏ သံတောင်ဝှေးများကို
တိုက်ခိုက်လိုက်သည်။

မျောက်သည် အနောက်သို့ ဆုတ်သွားရပြီး သူ၏
သံတောင်ဝှေး နှစ်ခုကလည်း အက်ကွဲသွားခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံအား ဝန်းရံထားသည့်
သလင်းကျောက် အခွံကလည်း လုံးဝ
အက်ကွဲသွားကာ အန္တိမ ကောင်းကင်ကြေးမုံ၏
မူလသွင်ပြင်ကို ဖော်ပြလိုက်သည်။

ကြေးမုံ၏ အလယ်တွင် ထွင်းဖောက်မြင်နေရသော အသွင်မဲ့ နတ်ဘုရား အလင်းတန်း တစ်တန်း ရှိနေသည်။ ထိုနတ်ဘုရား အလင်းတန်းသည် ဆံချည်တစ်မျှင်ကဲ့သို့ ပါးလွှာသော်လည်း မဟာတာအို အလင်းတန်းများကို စုစည်းနိုင်ခဲ့ကာ ဟင်းလင်းပြင် အတွင်းတွင် ထိုးတက်လာခဲ့သည်။

သူသည် အလွန်အမင်းကို ကြီးစိုး လွှမ်းမိုးနိုင်စွမ်း ရှိ၍ အခြားတစ်ဘက်မှ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ် ထုတ်လွှတ်ခဲ့သော ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်အား ခုခံနိုင်ခဲ့သည်။

သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည် ယခင်နှင့်စာလျှင် များစွာ မှေးမှိန်သွားခဲ့သည်။

ကြေးမုံ အလင်းတန်းများ လွှမ်းခြုံထားသည့် အလင်းတန်း ပင်လယ်၏ ဒေသများကလည်း ဖြည်းဖြည်းချင်း လျော့နည်းလာသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မျက်လုံးများ အတွင်းမှ အလင်းတန်း ပုံရိပ်တွင် အနက်ရောင် နေမင်း တစ်ခုစီ ပေါ်လာခဲ့သည်။ အနက်ရောင် နေမင်းတို့၏ နေအလင်းတန်းများ ဖုံးလွှမ်းထားသည့် အလင်းတန်း ပင်လယ် ဒေသများသည် ဖြည်းဖြည်းချင်း ကျယ်ပြန့်လာခဲ့သည်။

လင်းဖုန်းသည် ဗုဒ္ဓ အလင်းတန်းအား စိုက်ကြည့်နေကာ ဘာမှ မပြောခဲ့ပေ။ သူ၏စိတ်နှင့် ခရမ်းရောင် ကျက်သရေ တိမ်တိုက်များကို ဆင့်ခေါ်လိုက်ကာ အလင်းတန်း ပင်လယ်အတွင်းတွင် ကျယ်ပြန့်လာခဲ့သည်။

ခရမ်းရောင် ကျက်သရေ တိမ်တိုက်များ ထစ်ချုန်းလာသော အခါ ခရမ်းရောင် တိမ်တိုက်များသည် ကျယ်ပြန့်သော နေရာတစ်ခုကို လွှမ်းခြုံသွားကာ အလင်းတန်း ပင်လယ်အား လွှမ်းမိုးနိုင်ခဲ့သည်။

သို့သော်လည်း သူ၏ ပစ်မှတ်သည် ဟင်းလင်းပြင် ဘုရားကျောင်းမဟုတ်ချေ။ ထို့အစား သူသည် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏

မည်းမှောင်နေသော တိမ်တိုက်နယ်မြေကို
ဝင်ရောက် ကျူးကျော်ခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏
အက်ကွဲသော အသံက ပေါ်လာသည်။ "လင်းဖုန်း...
ရှင်က လူသားတွေနဲ့ မိစ္ဆာတွေ အကြားက
ရန်ငြိုးတွေအပေါ်မှာ အာရုံထားနေတုံးလား"

လင်းဖုန်းက ရယ်လိုက်သည်။ "ခင်ဗျားက
ဘယ်လိုထင်သလဲ"

သူတို့သည် စကားပြောနေကြသော်လည်း သူတို့၏
လှုပ်ရှားမှုများမှာ မရပ်တန့်ခဲ့ပေ။ ခရမ်းရောင်

တိမ်တိုက်များ ထိုးတက်လာ၍ မည်းမှောင်နေသော တိမ်တိုက်များကို နောက်ဆုတ်စေခဲ့သည်။

ခရမ်းရောင် တိမ်တိုက်ပင်လယ် အကြားတွင် ထိုက်ကျိရုပ်ပုံ အမြောက်အမြား ရှိနေခဲ့သည်။ သူတို့သည် အရွယ်အစား အမျိုးမျိုး ရှိနေကြသည်။ သူတို့သည် အတူတကွ လည်ပတ်လာခဲ့သော အခါ ထိုက်ကျိရုပ်ပုံ တစ်ခုစီ၏ အလယ်တွင် တာအိုဆရာ တစ်ယောက်က လက်အုပ်ချီကာ ထိုင်နေသကဲ့သို့ ဖြစ်နေသည်။

တောက်ပနေသော အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းတွင် ထိုးတက်လာ၍ သူတို့ ပေါ်လာကြသော အခါ အလင်းတန်း

ပင်လယ်အတွင်းမှ မဟာတာအို အလင်းတန်းများကို ဆင့်ခေါ်နိုင်သကဲ့သို့ ဖြစ်နေသည်။

ထိုအလင်းတန်းများသည် ထိုက်ကျိရုပ်ပုံ အပေါ်သို့ ဆင်းသက်လာကြသည်။ အလင်းတန်းများ စတင် လည်ပတ်လာကြသော အခါ သူတို့သည် ထိုက်ကျိရုပ်ပုံ အလယ်မှ တာအိုဆရာနှင့် ပေါင်းစည်းသွားကြသည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် ထိုမြင်ကွင်းကြောင့် ဒုက္ခရောက်သွားရုံသာ မက ဟင်းလင်းပြင် ဘုရားကျောင်း၊ ဟေးဒီးစ် မျိုးနွယ်စုနှင့် မျောက်တို့ကပင်လျှင် လင်းဖုန်း၏ လုပ်ဆောင်ချက်များကြောင့် စိတ်လှုပ်ရှားလာကြသည်။

"အန္တိမ ကောင်းကင်ကြေးမုံဟာ မူလကောင်းကင် ကမ္ဘာ အတွင်းမှာ အစွမ်းအထက်ဆုံး မှော်ရတနာတွေ အနက်က တစ်ခုဖြစ်တယ်… သူက အန္တိမ ဖြစ်တည်မှု တစ်ခုဖြစ်လို့ ဝိညာဉ်ပင်လယ် အတွင်းက မဟာတာအိုကို ဆင့်ခေါ်နိုင်တယ်… သူက ဒီလိုမျိုး ကြီးစိုး လွှမ်းမိုးမှုတွေကို ပြသနိုင်တာ အဆန်းမဟုတ်ပေမဲ့ လင်းဖုန်းက ဘာကိုများ မှီခိုနေတာလဲ"

"သူက ကမ္ဘလမ်းစဉ်ကို ပြီးမြောက်သွားပြီး ကျန်တဲ့ဂိုဏ်းနဲ့ စွမ်းအားစုတွေကို လမ်းညွှန်နိုင်ခဲ့တယ်… သူ့ရဲ့ နည်းစနစ်တွေက တကယ်ပဲ ဒီလောက် အဆင့်မြင့်သလား"

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမကိုယ်သူမ တွေးလိုက်ပြီး သူမ၏ မည်းမှောင်နေသော တိမ်တိုက်များသည် ချက်ချင်း နောက်ဆုတ်လိုက်သည်။ သူတို့သည် လင်းဖုန်း၏ ထစ်ချုန်းနေသော ခရမ်းရောင် တိမ်တိုက်များကို ထိပ်တိုက် ရင်မဆိုင်ခဲ့ပေ။

သူမသည် ဤအရာကို မမျှော်လင့်ထားခဲ့ပေ။ သူမသည် တိုက်ခိုက်နိုင်စွမ်း ရှိသေးသော်လည်း လင်းဖုန်းသည် ခန့်မှန်းရန် ခက်ခဲလွန်းလှသည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် နောက်ဆုတ်သွားသော အခါ မှောင်မည်းနေသော တိမ်တိုက်များ အတွင်းမှ တောက်ပ ထူထဲသော အလင်းတန်း လေးတန်းတို့သည် အလင်းတန်း

၁၂တန်း အဖြစ်သို့ လွင့်ပြယ်သွားသည်။ ပြီးတာနှင့် ထိုအလင်းတန်း ၁၂တန်းတို့သည် အလင်းတန်း လေးတန်းအဖြစ်သို့ ပြန်လည် စုစည်းသွားပြီး သူ၏ မိစ္ဆာ အရှိန်အဝါများက ပြောင်းသွားသည်။

ဖီးနစ်၊ ရွှမ်းဝူ၊ ချီလင်နှင့် ကျူးကျန်းတို့၏ စွမ်းအား သဘောတရားများက ပေါ်လာသည်။ ဤအရာသည် မည်းမှောင်နေသော တိမ်တိုက်များ လွှမ်းခြုံထားသည့် ဒေသအား ဖျက်ဆီး၍ မရနိုင်သည့် အရာတစ်ခု အဖြစ်သို့ ပြောင်းသွားစေသည်။

မည်းမှောင်နေသော တိမ်တိုက်များသည် လင်းဖုန်း၏ ခရမ်းရောင် တိမ်တိုက်များကြောင့် နောက်ဆုတ်သွားရသော်လည်း သူတို့သည်

ထိတ်လန့်တကြား ဖြစ်မနေခဲ့ပေ။
မည်းမှောင်နေသော တိမ်တိုက်များသည် သူတို့
နေရာယူထားသည့် နယ်မြေကို ထိန်းသိမ်းနိုင်စွမ်း
ရှိနေသေးပြီး ဖိအားများအောက်တွင် ပြိုလဲကာ
တိုက်ပွဲအတွင်းမှ မထွက်သွားခဲ့ရပေ။

ဤဖြစ်စဉ် အတွင်းတွင် သူမ၏ စွမ်းအားများသည်
ပို၍ စုစည်းလာကာ သူမ၏ ခံစစ်
စွမ်းအင်များကလည်း ကြီးမားစွာ
တိုးတက်လာခဲ့သည်။

လင်းဖုန်းက ပြုံးလိုက်ရာ ခရမ်းရောင် တိမ်တိုက်များ
အတွင်းမှ အလင်းတန်းများ တောက်ပလာသည်။
သူတို့သည် အလင်းတန်းများ သက်သက်ဖြင့်သာ

ဖန်ဆင်းထားသည့် ကမ္ဘာတစ်ခု အဖြစ်သို့ ပြောင်းသွားကြသည်။

ဤကမ္ဘာအတွင်းမှ အလင်းတန်းများသည် အဆုံးမဲ့နေကာ အလင်းတန်း ပင်လယ်တစ်ခုအား ဖန်ဆင်းလိုက်သည်။ ထိုပင်လယ်သည် အားလုံးတို့၏ အရှေ့မှ အလင်းတန်း ပင်လယ်နှင့် များစွာ ကွဲပြားနေသော်လည်း သူသည် ထိုအလင်းတန်း ပင်လယ်နှင့် အဆက်မပြတ် ပေါင်းစည်းနေခဲ့သည်။

လင်းဖုန်း၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည့် အဆုံးမဲ့ အစွန်းနှစ်ဘက် ပြောင်းလဲခြင်းကို ဖော်ပြလိုက်သည်။

ခရမ်းရောင် အလင်းတန်း ကမ္ဘာအတွင်းတွင်
ခမ်းနားထည်ဝါသော နန်းတော်တစ်ခု
ပေါ်လာသည်။ ကမ္ဘာအတွင်းတွင် ခရမ်းရွှေရောင်
အလင်းတန်းများ ပြည့်သွားကာ ပို၍
ခက်ထန်ကြမ်းတမ်းပြီး ကြီးစိုးလွှမ်းမိုးနိုင်ကာ
ကျယ်ပြန့်လာခဲ့သည်။

ထိုနန်းတော်သည် ကမ္ဘာအလယ်တွင်
နေရာယူခဲ့သော အခါ ကမ္ဘာအတွင်းမှ
မြင်ကွင်းများက ဖြည်းဖြည်းချင်း ပြောင်းသွားသည်။
မရေမတွက်နိုင်သော အလင်းတန်းများပေါ်လာကာ
ကောင်းကင်နှင့် မြေကြီးတို့၏ သဘာဝ
မြင်ကွင်းအမျိုးမျိုးတို့အား ဖော်ပြခဲ့သည်။

တောင်နှင့် လွင်ပြင်များ၊ မြစ်နှင့် ရေအိုင်များ၊
မြက်ခင်းပြင်နှင့် ကန္တာရာရတို့က ပေါ်လာသည်။
သူတို့သည် ကမ္ဘာ အသစ်စက်စက် တစ်ခုအား
ဖန်ဆင်းခဲ့သည်။ ဤကမ္ဘာ အတွင်းတွင် မြို့များကို
တည်ဆောက်ခဲ့ကာ ခမ်းနားသော နိုင်ငံတစ်ခု
ပေါ်ထွန်းလာသည်။

မရေမတွက်နိုင်သော အလင်းတန်း ပုံရိပ်များက
ပေါ်လာသည်။ သူတို့သည် လယ်သမားများ၊
အမဲလိုက်သမားများ၊ ပျံကျဈေးသည်များ၊
စာသင်သားများ၊ အရာရှိများ စသဖြင့် လူသားပုံစံ
အမျိုးမျိုးတို့ ဖြစ်ကြသည်။

အားလုံးတို့၏ ဗဟိုချက်မှာ ခရမ်းရွှေရောင် အလင်းတန်းများဖြင့် လင်းလက်နေသည့် ခမ်းနားထည်ဝါသော နန်းတော်တစ်ခုပင် ဖြစ်သည်။

သက်ရှိအားလုံးတို့သည် ဤခမ်းနားထည်ဝါသော နန်းတော်အား အရိုအသေ ပြုနေကြကာ နတ်မိမယ်များက နတ်သုဒ္ဓါများကို ကိုင်ဆောင်၍ သွားလာနေကြသည်။ နတ်ဒေဝါတို့၏ ပုံရိပ်များကလည်း ဤနန်းတော်အနားသို့ ချဉ်းကပ်လာကြသည်။

အဆုံးမဲ့ ခရမ်းရွှေရောင် အလင်းတန်းများသည် နေရာ တစ်ခုလုံးကို ပြည့်သွားကာ ဤနိုင်ငံသည် မည်တော့မှ ပြိုလဲမည် မဟုတ်ဟု ထင်နေရသည်။

နိုင်ငံ၏ နယ်နိမိတ်များသည် နေရာအနှံ့သို့ ကျယ်ပြန့်နေခဲ့သည်။

ဤနိုင်ငံ၏ နယ်နိမိတ်တွင် နယ်မြေချဲ့ထွင်ရန် အတွက် ကောင်းကင်ဗိုလ်ချုပ်များ၊ နတ်စစ်သည်များနှင့် စစ်မြင်းတို့က စစ်ပြင်နေခဲ့သည်။

နိုင်ငံ တစ်ခုလုံးသည် ခရမ်းရောင် တိမ်တိုက်များဖြင့် ဖွဲ့စည်းထားပြီး သူတို့၏ ထောက်ပံ့မှုဖြင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ နယ်မြေများကို ဝင်ရောက် ကျူးကျော်ခဲ့ကြသည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည်
အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ
မည်းမှောင်နေသော တိမ်တိုက်များက
ထပ်ဖန်တစ်ခါ ကျုံ့ဝင်သွားပြန်သည်။
သူနေရာယူထားသည့် နယ်မြေသည် ပို၍
သေးငယ်သွားသော်လည်း သူမ၏
ခံစစ်စွမ်းအားများကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

"တိုင်ကေရာဇ်ရဲ့ တော်ဝင်နန်းတော်ဟာ
လင်းဖုန်းကို အညံ့ခံလိုက်ပြီလား... ဒီလိုမျိုး အန္တိမ
အင်အားတစ်ခုဟာ ဘယ်လိုလုပ်ပြီးမှ
တစ်စုံတစ်ယောက်ကို လွယ်လွယ်နဲ့ အညံ့ခံမှာလဲ...
လင်းဖုန်းက တိုင်ကေရာဇ်ရဲ့ ကျင့်ကြံမှု
လမ်းကြောင်းနဲ့တောင် ဆင်မတူဘူး..."

လင်းဖုန်း၏ ခရမ်းရောင် တိမ်တိုက်များသည်
ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတအား
နောက်ဆုတ်စေခဲ့သည့် အချိန်တွင် သူတို့သည်
အခြား နယ်မြေများကိုလည်း နယ်ပယ်
ချဲ့ထွင်ခဲ့သည်။

ယခုအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံ၏
ပုံရိပ်သည် စတင်၍ တုန်ခါလာခဲ့သည်။

အလင်းတန်း ပင်လယ်ပြင်ပမှ ဟင်းလင်းပြင်
ဘုရားကျောင်း ရှိနေသော ဝိညာဉ်ပင်လယ်
အစိတ်အပိုင်းသည် အဆက်မပြတ်
ပြောင်းလဲနေခဲ့သည်။ ကောင်းကင်နှင့်
မြေကြီးတို့သည် တွန့်လိမ်နေ၍ လေဟာနယ်က
ထပ်နေခဲ့သည်။ သူသည် ကျန်သောသူများ

နေရာယူထားသည့် ဝိညာဥ်ပင်လယ် အခြား
အစိတ်အပိုင်းများနှင့် ပေါင်းစည်းရန် ကြံနေခဲ့သည်။

ဝိညာဥ်ပင်လယ်၏ ထိုနေရာတွင် တစ်ယောက်မှ
မရှိနေချေ။ ပုံရိပ် အမျိုးမျိုးကို ဖော်ပြနေသော
အလွှာကိုးလွှာ ရှိနေသည့် ရောမ အလင်းတန်း
ဘောလုံးတစ်ခုသာ ရှိနေသည်။

အလွှာကိုးလွှာ တစ်ခုချင်းစီတွင် လူသားပုံရိပ်
တစ်ခုရှိ ရှိနေကြသည်။ ကိုးလွှာမြောက်ပေါ်မှ
ဖော်ပြ၍ မရနိုင်သော ထူးခြားဆန်းကြယ်သည့်
အလင်းတန်း အပေါ်တွင် အဖြူရောင် ဝတ်စုံနှင့်
အကြီးအကဲ တစ်ယောက် ထိုင်နေကာ သူ၏
မျက်လုံးများအား ပိတ်ထားသည်။
ထိုအကြီးအကဲသည် ထိုက်ရီသူတော်စင် ဖြစ်သည်။

ထိုက်ရီသူတော်စင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "လင်းဖုန်းက ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတကို အန္တိမ ကောင်းကင်ကြေးမုံ နေရာယူထားတဲ့ အလယ်ဗဟို နေရာကို ဆုတ်ခွာလာအောင် ဖိအားပေးနေတာပဲ"

အလင်းတန်း ပင်လယ် အတွင်းတွင် ခရမ်းရောင် တိမ်တိုက်များက စတင်၍ လွှမ်းခြုံလာသည်။

သို့သော်လည်း ထိုခရမ်းရောင် တိမ်တိုက်များသည် ထူးခြားသော အခြေအနေ တစ်ခုကို ဖော်ပြနေသည်။ သူတို့သည် သေးငယ်သော မျဉ်းကြောင်းများ အဖြစ်သို့ ကျုံ့ဝင်လာသည်။ ထိုမျဉ်းကြောင်းများသည် အန္တိမ

ကောင်းကင်ကြေးမုံ၏ အလင်းတန်းများ
ဖုံးလွှမ်းထားသော နေရာသို့ တိုးဝင်လာ၍
ထူးခြားသော အရပ်မျက်နှာမှ အန္တိမ
ကောင်းကင်ကြေးမုံထံသို့ နီးကပ်လာသည်။

တစ်ချိန်တည်းတွင် မျောက်နှင့် ဟေးဒီးစ်
မျိုးနွယ်စုများက ထပ်ဖန်တစ်ခါ
တိုက်ခိုက်ခဲ့လိုက်ကြပြန်သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် တောက်ပစွာဖြင့်
လင်းလက်လာကာ ကြေးမုံ အလင်းတန်းများသည်
ကောင်းကင် တစ်ခုလုံး၌ ပျံ့နှံ့သွား၏။ သူတို့သည်
အလင်းတန်း စက်ကွင်းများ အဖြစ်သို့
ပြောင်းသွားကြကာ ထိုအလင်းတန်း စက်ကွင်းများ

ဖုံးလွှမ်းနေသော နေရာမှ အချိန်သည်
ရပ်တန့်နေသကဲ့သို့ ဖြစ်သွားသည်။

ထိုအလင်းတန်း စက်ကွင်းများ ရှိနေသည့် နေရာသို့
ဝင်လာကြသူ မှန်သမျှတို့သည် မျောက်ဖြစ်စေ၊
ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ဖြစ်စေ၊
လင်းဖုန်းဖြစ်စေ အတားဆီးခံခဲ့ကြရသည်။

သူတို့သည် ထိုနေရာ၏ အလယ်ဗဟိုနှင့်
နီးကပ်လာလေလေ သူတို့၏ အရှိန်က
နှေးလာလေလေ ဖြစ်သည်။

သူတို့၏ စွမ်းအားများသာ မက သူတို့၏ မူလ ခန္ဓာကိုယ်များကပင် အဖိနှိပ်ခံခဲ့ရသကဲ့သို့ သူတို့၏ စိတ်များက နေးကွေးလာခဲ့သည်။

သို့သော်လည်း မကြာမီ ခရမ်းရောင် တိမ်တိုက်များ၏ အပြင်တွင် ထူးခြားဆန်းကြယ်သော အလင်းတန်း တစ်ခု လင်းလက်လာသည်။ အချိန်မြစ်ရေသည် စီးဆင်းလာခဲ့ကာ ခရမ်းရောင် တိမ်တိုက်များနှင့် ဆုံတွေ့နေခဲ့သကဲ့သို့ ဖြစ်သည်။ ထိုခရမ်းရောင် တိမ်တိုက်များသည် ကြေးမုံ အလင်းတန်းများ၏ ချုပ်နှောင်မှုမှ လျင်မြန်စွာနှင့် ရုန်းကန် လွတ်မြောက်နိုင်ခဲ့ပြီး အန္တိမ ကောင်းကင်ကြေးမုံထံသို့ ဆက်လက် ဝင်ရောက်လာခဲ့သည်။

အခြားတစ်ဘက်တွင် အလင်းတန်း ပင်လယ် အတွင်းမှ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ် ဖော်ပြထားသော အလင်းတန်း ပုံရိပ်သည် နက်ရှိုင်းစွာ ဟိန်းဟောက်လိုက်သည်။ သူ၏ နဖူးပေါ်မှ တောက်ပသော အနက်ရောင် အလင်းတန်း တစ်တန်းက ထွက်လာကာ မဟာတာအို၏ ဟစ်ကြွေးသံများသည် အလင်းတန်း ပင်လယ် အတွင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။

ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်းသည် အန္တိမ ကောင်းကင်ကြေးမုံအား ဝန်းရံထားသော အလင်းတန်း စက်ကွင်းများကို ထိုးဖောက်နိုင်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

မျောက်သည် သူ၏ ခေါင်းသုံးလုံး၊ လက်ခြောက်ချောင်း ပုံစံကို ပြန်ယူလိုက်ကာ ကောင်းကင်ပေါ်သို့ ကြည့်လိုက်ပြီး အဆက်မပြတ် ဟိန်းဟောက်နေခဲ့သည်။ သူ့အနောက်မှ အခြား စိတ်ဝိညာဉ် ပုံရိပ်များက ပျောက်ကွယ်သွားကာ မျက်လုံးပြာနှင့် အဖြူရောင် မျောက်တစ်ကောင်သာ ကျန်နေသည်။

ပြီးတာနှင့် သူသည် ရုတ်တရက် ထခုန်လိုက်ကာ သူ၏ လက်ခြောက်ချောင်းသည် ကျန်နေသော သံတောင်ဝှေးကို ဆုပ်ကိုင်လိုက်သည်။ သံတောင်ဝှေးသည် ပို၍ပို၍ ကြီးမားလာပြီး သူ၏ အရှိန်အဝါသည် ပို၍ပို၍ ခက်ထန်လာကာ ကြောက်မက်ဖွယ်ရာ အရှိန်အဟုန်ဖြင့် အန္တိမ ကောင်းကင်ကြေးမုံအား တိုက်ခိုက်လိုက်လေသည်။

အဖွဲ့ သုံးဖွဲ့တို့က ပူးပေါင်းကာ တိုက်ခိုက်ခဲ့ကြသဖြင့် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများက ကြေမွသွားလေသည်။

သို့ရာတွင် အလင်းတန်းများ ပြန်လည် စုစည်းလာခဲ့သော အခါ အန္တိမ ကောင်းကင်ကြေးမုံသည် အနီးတဝိုက်ရှိ တစ်နေရာတွင် ပြန်ပေါ်လာခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် သူသည် သူ၏ မူလပုံစံအား စွန့်လွှတ်ခဲ့ရသည်။

စာစဥ် ၇၁ : အပိုင်း ၁၈

# အပိုင်း ၁၃၈၈ : စွမ်းရည်အသစ် - ထာဝရ ကပ်ဘေး အလင်းတန်း

အန္တိမ ကောင်းကင်ကြေးမုံသည် ကောင်းကင်နှင့် ဆက်သွယ်ထားသကဲ့သို့ ဖြစ်နေကာ အချိန်ကာလနှင့် လေဟာနယ် ဒိုင်မန်းရှင်းများ အားလုံးတွင် ရှိနေသကဲ့သို့ ဖြစ်နေသည်။ သူသည် နေရာတိုင်းတွင် ရှိနေသကဲ့သို့ ဖြစ်နေ၍ သူ့အား လုံး၀ ဖျက်ဆီးနိုင်ရန် အလွန်ခက်ခဲသည်။

သုံးဖွဲ့သားတို့သည် ပူးပေါင်းကာ အန္တိမ ကောင်းကင်ကြေးမုံအား ဖျက်ဆီးရန် ကြိုးစားခဲ့ကြသော်လည်း ထိုဒိုင်မန်းရှင်း အတွင်းမှ ကြေးမုံကိုသာ ဖျက်ဆီးနိုင်ခဲ့သည်။ သူသည်

များမကြာမီတွင် အခြား ဒိုင်မန်းရှင်း တစ်ခု၌
သူ့ကိုယ်သူ ပြန်လည် ဖော်ပြလိုက်သည်။
ထိုအရာသည် လွန်စွာမှ မှော်ဆန်လှပေသည်။

အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည်
ကြေမွသွားသော အခါ များစွာ မှေးမှိန်သွား၍
သူသိမ်းပိုက်ထားသော နေရာထံမှ
ဆုတ်ခွာခဲ့ရသည်။

ဤအချိန် မတိုင်ခင်တွင် ဟင်းလင်းပြင်
ဘုရားကျောင်းသည် အန္တိမ
ကောင်းကင်ကြေးမုံကြောင့် အလင်းတန်း ပင်လယ်
အတွင်းတွင် အကြီးမားဆုံးသော နေရာကို
ပိုင်ဆိုင်ထားနိုင်ခဲ့သည်။ သူသည် ဝိညာဉ်ပင်လယ်
အတွင်းမှ မဟာတာအိုကိုပင် လက်ဦးမှု ယူခဲ့၍

အလင်းတန်း ပင်လယ်၏ အလယ်ဗဟို နေရာကို သိမ်းပိုက်နိုင်ခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံ၏ ဆုတ်ခွာသွားမှုသည် အလင်းတန်း ပင်လယ်၏ ဗဟိုတွင် နေရာလွတ် တစ်ခုကို ဖန်တီးပေးခဲ့သည်။

သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံထံမှ ကြေးမုံ အလင်းတန်းများသည် နေရာအနှံ့ ပျံ့နှံ့သွားကာ မဟာတာအိုကို ဖော်ပြနေသည့် အလင်းတန်းများကို ကြေးမုံထံသို့ စုစည်းလာစေခဲ့သည်။

ဤအချိန်တွင် အလင်းတန်း ပင်လယ် အတွင်းမှ
အချိန်ကာလနှင့် လေဟာနယ်တို့သည် ရုတ်ခြည်း
ပြောင်းလဲလာသည်။ အနွိုမ
ကောင်းကင်ကြေးမုံသည် အမြဲတစေပင်
အလင်းတန်း ပင်လယ်၏ အလယ်ဗဟို
ဖြစ်နေသကဲ့သို့ အလင်းတန်း ပင်လယ်၏
နေရာသည် အလိုက်သင့် ပြောင်းလဲလာခဲ့သည်။

သို့သော်လည်း ဝိညာဉ်ပင်လယ်၏
မဟာတာအိုများက ပြန်လည် စုစည်းလာသည်ကို
လင်းဖုန်းနှင့် ကျန်သောသူများက အဘယ်မှာ
ထိုင်ကြည့်နေမည်နည်း။

လင်းဖုန်း၏ ခရမ်းရောင် တိမ်တိုက်များသည်
အဆက်မပြတ် ထိုးတက်လာကာ

အချိန်မြစ်ရေကလည်း ဝိညာဥ်ပင်လယ် အတွင်းမှ မဟာတာအိုများကို နှောင့်ယှက်နေခဲ့သည်။ သူသည် ထိုအလင်းတန်းများကို အန္တိမ ကောင်းကင်ကြေးမုံထံသို့ ပြန်လည် စုစည်းနေသည်ကို တားဆီးနေခဲ့ခြင်း ဖြစ်သည်။

ဤအချိန်တွင် ထိုက်ကျိရုပ်ပုံ များစွာတို့သည် စုစည်းလာကြ၍ ရောမ ထိုက်ကျိရုပ်ပုံ ဝက်ပါ တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ လင်းဖုန်းသည် ထိုဝက်ပါ၏ အလယ်ဗဟိုတွင် ရပ်နေခဲ့သည်။ သူ၏ လက်များမှ မှော်ကျိန်စာများသည် အဆက်မပြတ် ပြောင်းလဲနေ၍ စီးဆင်းနေသော အလင်းတန်းများသည် ထိုက်ကျိရုပ်ပုံ အတွင်းမှ အဆက်မပြတ် ထိုးတက်လာသည်။

သူတို့သည် အလင်းတန်းများကို အန္တိမ ကောင်းကင်ကြေးမုံအစား သူ့ထံသို့ ရောက်လာစေရန် လမ်းညွှန်နေခဲ့သည်။ အတိုချုံး ပြောရလျှင် သူသည် အလင်းတန်း ပင်လယ်၏ အလယ်ဗဟို အဖြစ် အန္တိမ ကောင်းကင်ကြေးမုံ နေရာတွင် အစားထိုးရန် ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း အခြား တစ်ဘက်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် လင်းဖုန်းအား ဆက်လက် တိုက်ခိုက်နေခဲ့သည်။ သူ၏ အနက်ရောင် နေမင်းသည် ကောင်းကင်အား ဖုံးလွှမ်းနေကာ လင်းဖုန်း၏ ခရမ်းရောင် တိမ်တိုက်များကို မှေးမှိန်အောင် ပြုလုပ်နေခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် အန္တိမ ကောင်းကင်ကြေးမုံ ကြုံတွေ့နေရသော ပြောင်းလဲမှုများကို မြင်လိုက်ရသည်နှင့် လင်းဖုန်း၏ အကြံအစည်ကို ကောင်းစွာ သဘောပေါက်သွားခဲ့သည်။

အနက်ရောင် နေမင်း၏ အလယ်မှ ခရမ်းရောင် အလင်းတန်း တစ်တန်း ထွက်လာကာ သူ့အား ခရမ်းရောင် သန်းစေခဲ့သည်။ ကြောက်မက်ဖွယ်ရာ အလင်းတန်းသည် ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါစေခဲ့သည်။

ဤခရမ်းရောင် အလင်းတန်းအား အာရုံခံမိသော အခါ ဝိညာဥ်ပင်လယ်က စတင်၍ တုန်ခါလာသည်။ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသော အချိန်ကာလနှင့်

လေဟာနယ်တို့သည် မတည်ငြိမ်သော
အရိပ်အယောင်များကို စတင်၍ ပြသလာကြသည်။

ခရမ်းရောင် အလင်းတန်းများ လင်းလက်နေသော
ဦးချိုပွဲ တစ်ခုသည် နေမင်းထံမှ ထွက်ပေါ်လာကာ
ကမ္ဘာ တစ်ခုလုံးကို ခရမ်းရောင် သန်းစေခဲ့သည်။

ဤဦးချိုပွဲ ပေါ်လာသော အခါ သူသည်
လက်ဦးမှုယူကာ မတိုက်ခိုက်ခဲ့ပဲ ဝိညာဥ်ပင်လယ်၏
မဟာတာအိုံ အလင်းတန်းများကို စတင်၍
ဆင့်ခေါ်လိုက်သည်။ သူသည် သူ့ကိုယ်သူ
အလင်းတန်း ပင်လယ်၏ အလယ်ဗဟို
ဖြစ်ချင်နေကာ မဟာတာအိုများကို သူ့ထံသို့
ဆွဲယူလိုနေခြင်း ဖြစ်သည်။

မဟာတာအို အလင်းတန်းများသည် လင်းဖုန်းနှင့် ဆက်သွယ်ထားသည် ဖြစ်စေ၊ အန္တိမ ကောင်းကင်ကြေးမုံနှင့် ဆက်သွယ်ထားသည် ဖြစ်စေ၊ သူတို့သည် ဤအချိန်၌ မမြင်ရသော ဓားတစ်ချောင်းဖြင့် အဖြတ်ခံခဲ့ရသကဲ့သို့ ဖြစ်နေသည်။

အခြားတစ်ဘက်တွင် မဟာတာအို အလင်းတန်းများသည် ထိုဦးချိုပွဲအား နှောင့်ယှက်နေကြသည်။ အလင်းတန်း ပင်လယ် အတွင်းမှ အချိန်ကာလနှင့် လေဟာနယ်သည် စတင်၍ တွန့်လိမ်လာကာ ဦးချိုပွဲသည် ကောင်းကင်နှင့် မြေကြီးတို့၏ အလယ်ဗဟို ဖြစ်လာသည်နှင့် တူနေသည်။

လင်းဖုန်းနှင့် ထိုက်ရီသူတော်စင်တို့သည် ဤအရာကြောင့် အံ့အားသင့်နေသည့်ပုံများ မပေါက်နေကြပေ။ သူတို့သည် သူတို့၏ ကိုယ်ပိုင် စွမ်းအားများကို ဆင့်ခေါ်ခဲ့ကာ ဝိညာဉ်ပင်လယ်နှင့် သူတို့၏ ဆက်သွယ်မှုများကို ခိုင်မာစေရန် ပြုလုပ်ခဲ့သည်။

အလင်းတန်းများသည် ဦးချိုပွဲ အနားတွင် လည်ပတ်နေကြရင်း ပို၍ပို၍ ပြောင်းလွယ်ပြင်လွယ် မရှိတော့သကဲ့သို့ ဖြစ်လာသည်။

သုံးဦးသားတို့သည် ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအို အလင်းတန်းများကို ပစ်မှတ်ထားနေကြသော အခါ ပြင်းထန်လှသော

နောက်ထပ် သုံးပွင့်ဆိုင် တိုက်ပွဲတစ်ခု စတင်လာခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ စွမ်းအားများဖြင့် ဖန်ဆင်းထားသော ပုံရိပ်သည် လင်းဖုန်းအား ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။

ငွေဖြူရောင် ဟောဒီးစ်သားရဲသည် အနက်နှင့် ခရမ်းရောင် အလင်းတန်း ပုံစံများဖြင့် ယှက်သန်းနေခဲ့သည်။ သူတို့သည် ကြောက်မက်ဖွယ်ရာ အရှိန်အဝါ ကို ဖန်တီးနေပြီး လက်သည်းများဖြင့် ကုတ်ချလိုက်သော အခါ သူ၏ လက်ဝါးအတွင်းတွင် နောက်ထပ် အနက်ရောင် နေမင်းတစ်စင်း ပေါ်လာသည်။ ထိုအနက်ရောင်

နေမင်းသည် နေရာ တစ်ခုလုံးအား လွှမ်းခြုံထားပြီး လင်းဖုန်းပေါ်သို့ ကျဆင်းလာခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အသံသည် ဟင်းလင်းပြင် အတွင်း၌ ပဲ့တင်ရိုက်လာခဲ့သည်။ "ဝိညာဉ်ပင်လယ် တိုက်ပွဲဟာ အမတန်မှ အရေးကြီးတယ်… ခင်ဗျားက ခေါ်မပါလာတဲ့ အတွက် ကျုပ်က အခွင့်ကောင်း ယူတယ်လို့တော့ အပြစ်မတင်ပါနဲ့"

သူ၏ ခမ်းနားထည်ဝါသော အသံသည် အလင်းတန်း ပင်လယ် တစ်ခုလုံး၌ ပဲ့တင်ရိုက်နေခဲ့ကာ သူ၏ လက်သည်းများကလည်း ထပ်ဖန်တစ်ခါ ထပ်မံ၍ ပြောင်းလဲသွားသည်။ သူ၏ လက်ဝါးအလည်မှ အနက်ရောင် နေမင်းအပြင် သူ၏ လက်သည်း

ထိပ်ဖျားများတွင် အနက်ရောင် နေမင်းများ ပေါ်လာသည်။

ဤအရာသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်က ကောင်းကင်တာအို မိစ္ဆာကျမ်းစာအား ကျင့်ကြံအပြီးတွင် တီထွင်နိုင်ခဲ့သည့် ပုံရိပ်ယောင် ကောင်းကင် နေမင်းခြောက်စင်း လက်သည်းဖြစ်သည်။

အနက်ရောင် နေမင်း ခြောက်စင်းတို့သည် လင်းဖုန်းအပေါ်သို့ ပြင်းထန်စွာ ကျဆင်းလာကြသည်။ ငြိမ်းချမ်းနေသော အလင်းတန်း ပင်လယ်သည် အလွန်အမင်း ပူပြင်းလာကာ လင်းဖုန်း၏ ခရမ်းရောင်

တိမ်တိုက်များက ပေါက်ကွဲတော့မည့်ကဲ့သို့ ဖြစ်လာခဲ့သည်။

လင်းဖုန်း၏ မျက်လုံးများသည် အေးစက်သော အလင်းတန်း တစ်တန်းဖြင့် လင်းလက်လာကာ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။
"ကျုပ်တို့က ကျုပ်တို့ရဲ့ ကိုယ်ပိုင် စွမ်းရည်တွေ အပေါ်မှာသာ မှီခိုနေတာ...
အခွင့်ကောင်းယူတယ်လို့ ပြောလို့ ဘယ်ရမလဲ...
ဒါပေမဲ့..."

သူ၏ လက်နှစ်ဘက်ကို ဆန့်တန်းလိုက်ကာ သူ၏ လက်ညှိုးနှစ်ချောင်းကို အချင်းချင်း ထိလိုက်သည်။
အလင်းတန်း ဘောလုံးနှစ်ခု - တစ်ခုက အဖြူ၊ တစ်ခုက အနက်တို့သည် ပေါ်လာကြသည်။

"ခင်ဗျားက ကျုပ်ကို အခွင့်ကောင်း ယူနိုင်မယ်လို့ တကယ်ပဲ ထင်နေတာလား"

အဖြူနှင့် အနက်ရောင် အလင်းတန်းများသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။ ထိုအလင်းတန်းများက မည်သည့်နေရာတွင် ရောက်နေစေကာမူ သူတို့သည် မဟာတာအို၏ စီးဆင်းနေသော အလင်းတန်းများကို သူတို့အနားသို့ ဆင့်ခေါ်လိုက်သည်။ ပြီးတာနှင့် သူတို့သည် ထိုအလင်းတန်းများ အတွင်းသို့ စုပ်ယူခြင်းခံခဲ့ရကာ မျက်စိ ကျိန်းလုမတတ် တောက်ပလာကြသည်။

မဟာတာအို အလင်းတန်းများ အကြားတွင် သေခြင်းနှင့် ရှင်ခြင်း၊ အစစ်အမှန်နှင့် ပုံရိပ်ယောင်၊ ကြည်လင်ခြင်းနှင့် နောက်ကျိခြင်း၊ အလင်းနှင့်

အမှောင်၊ အစနှင့် အဆုံး အစရှိသော
မရေမတွက်နိုင်သည့် သဘောတရားများ
ပေါ်လာကြသည်။

မဟာတာအိုတို့၏ ဆန့်ကျင်ဘက် သဘောတရား
မြောက်မြားစွာတို့သည် လင်းဖုန်း ထုတ်လွှတ်ခဲ့သော
အလင်းတန်း နှစ်တန်းထံသို့ စတင်၍
စုစည်းလာကြသည်။ သူတို့သည် အစုပ်ယူ ခံခဲ့ရ၍
အဖြူနှင့် အနက်ရောင် အလင်းတန်းများ
အကြားတွင် သိသာစွာဖြင့် ခွဲခြားခြင်း
ခံထားကြရသည်။

ထိုအလင်းတန်းများ ဖြတ်သန်းခဲ့သည့်
နေရာတိုင်းတွင် အချိန်နှင့် လေဟာနယ်တို့သည်
ဗလာ ဖြစ်သွားကြသည်။

ဗလာဖြစ်နေသော လေဟာနယ် အတွင်းတွင် အဆုံးသတ်ခြင်းနှင့် ပျက်သုဉ်းခြင်း အာရုံများ မရှိနေပေ။ ထို့အစား ထိုနေရာတွင် အဆုံးမဲ့ ဖြစ်နိုင်ခြေများ ရှိနေခဲ့သည်။

လင်းဖုန်း၏ ကိုယ်ပိုင် အဖြူနှင့် အနက်ရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းတို့သည်လည်း ဤအချိန်တွင် လင်းလက်လာခဲ့သည်။ သူသည် အံ့သြဖွယ် ကောင်းလောက်အောင် ယခင်ကထက် ပို၍ သန်မာနေသည်။ မရေမတွက်နိုင်သော နတ်ဘုရား ပုံစံများသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း အတွင်းတွင် ခပ်နှိုတ်ခြင်း ခံခဲ့ရခဲ့၍ ဟင်းလင်းပြင်ကို ပြည့်သွားစေခဲ့သည်။

အလင်းတန်း ပင်လယ်သည် ပို၍ တောက်ပလာကာ
အနက်ရောင် နေမင်း ခြောက်စင်းတို့သည်
ယခင်ကလောက် ကြီးစိုး လွှမ်းမိုးနိုင်ခြင်း
မရှိတော့ပေ။

ယခုအချိန်တွင် လင်းဖုန်းသည် ခမ်းနားစွာ
အလွန်အမင်း တောက်ပနေသည့် အဖြူနှင့်
အနက်ရောင် နေမင်းနှင့် တူနေခဲ့သည်။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
လင်းဖုန်း အစောက ထုတ်လွှတ်ထားသည့်
အလင်းတန်း နှစ်တန်းနှင့် ပူးပေါင်းသွားခဲ့သည်။
ထိုပေါင်းစည်းမှုသည် သူတို့အား ပို၍ တောက်ပကာ
အားကောင်းလာစေခဲ့သည်။

ရှည်လျားသော အချိန်မြစ်ရေသည် ထိုအလင်းတန်း နှစ်တန်းအား ဝန်းရံကာ ဆက်လက်၍ စီးဆင်းနေခဲ့သည်။

လင်းဖုန်း၏ မှော်ကျိန်စာ၊ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့် ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ စွမ်းအားများသည် ပူးပေါင်းသွားကာ ငြိမ်သက်နေသည်ဟု ထင်နေရသော အလင်းရောင် တစ်ခုကို ဖန်ဆင်းနိုင်ခဲ့သည်။

စကြာဝဠာ၏ အစသည် အလင်းရောင် အတွင်းတွင် တွေ့နိုင်ခဲ့သည်။ ဆန့်ကျင်ဖက် ဖြစ်နေသော ဓာတ်များသည် ပထမဆုံး အကြိမ်အဖြစ်

ပေါ်လာကာ မြေ၊ ရေ၊ လေ၊ မီးတို့၏ ကစဉ့်ကလျား
ဖြစ်မှုများကို ပြဋ္ဌာန်း သတ်မှတ်ခဲ့သည်။

ထိုပုံရိပ် လေးခုတို့သည် တည်ငြိမ်လာ၍
ကောင်းကင်နှင့် မြေကြီးတို့အား ဖန်ဆင်းနိုင်ခဲ့သည်။
ကြည်လင်သော လေများက မြင့်တက်လာ၍
နောက်ကျိသောလေက အောက်သို့ ဆင်းသွားသည်။
ဤအရာသည် အရာအားလုံးနှင့် သက်ရှိတို့၏
အစဖြစ်သည်။

အရာအားလုံးတို့သည် အချိန် ကုန်လွန်လာသည်နှင့်
အမျှ တိုးတက် လာခဲ့သည်။ လွင်တီးခေါင်ခေတ်က
ကုန်ဆုံးသွား၍ တိုးတက်သောခေတ်
ရောက်ရှိလာသည်။ ပြီးတာနှင့် ကမ္ဘာကြီးသည်
ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားသည်။ ဗီပရာလိုပါ

ခေတ်တွင် အရာအားလုံးတို့သည် ဘာမှမရှိခြင်း
အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်နှင့်
မြေကြီးတို့သည် ပျက်စီးခြင်းဘက်သို့
ရောက်လာခဲ့သည်။

ဖျက်ဆီးမှု အပြီးတွင် အရာအားလုံးတို့သည်
အသစ်မှ ပြန်စခဲ့ကာ ခေတ်အသစ် တစ်ခုက
မွေးဖွားလာခဲ့သည်။

ထိုအသွင် ပြောင်းလဲမှုများ အားလုံးတို့သည်
အလင်းရောင် အတွင်းတွင် တည်ငြိမ်နေသော
အရှိန်အဟုန် တစ်ခုကို ဖော်ပြခဲ့သည်။

ဤအရာသည် ဖျက်ဆီး၍ မရနိုင်သော အန္တိမ သဘောတရား ဖြစ်သည့် ထာဝရ အစစ်အမှန် အဓိပ္ပာယ် ဖြစ်နေသကဲ့သို့ ဖြစ်သည်။

ဤအရာသည် လင်းဖုန်းက ခေတ်နှစ်ပါး မူလပြန်လာခြင်း ကျမ်းစာကို နားလည်အပြီးတွင် ရရှိခဲ့သည့် အမြင့်မားဆုံးသော အောင်မြင်မှု ဖြစ်သည်။

ထာဝရ ကပ်ဘေး အလင်းတန်း။

ဤအလင်းရောင်သည် ရွှေ့လျားနေပုံ မပေါက်နေသော်လည်း လင်းဖုန်းက သူ၏ လက်ညှိုးများကို ဆန့်သန်းလိုက်သော အခါ သူသည်

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ လက်သည်းများ
အပေါ်သို့ ကျသွားကာ အနက်ရောင် နေမင်း
ခြောက်စင်းတို့နှင့် တိုက်ခိုက်ခဲ့သည်။

ထိုအလင်းတန်း ဖြတ်သန်းသွားသည့်
နေရာတိုင်းတွင် အနက်ရောင် နေမင်း
ခြောက်စင်းတို့သည် ဖြည်းဖြည်းချင်း
ကျုံ့ဝင်လာကြသည်။ လောင်ကျွမ်းနေသော
ခံစားချက် ပျောက်ကွယ်သွား၍ စတင်၍ပင်
အေးစိမ့်လာခဲ့သည်။ စကြာဝဠာကြီးသည်
အဆုံးသတ်တော့မည့်ကဲ့သို့ ဖြစ်ကာ
ကြယ်စင်များက ပြိုကျတော့မည့်ကဲ့သို့ ဖြစ်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အကြည့်သည် လေးနက်လာခဲ့သည်။ "ခေါ်းမရှိတာတောင်မှ သူက ဒီလောက်အထိ အစွမ်းထက်သေးသလား"

သူ၏ လက်သည်း ငါးချောင်းတို့အား ဆုပ်လိုက်ကာ အနက်ရောင် နေမင်းများကို ဖျက်ဆီးခဲ့သည်။ မည်းမှောင်သော နေအလင်းတန်းသည် ကျဆင်းလာသော အလင်းတန်း မိုးများကဲ့သို့ တရဟော စီးဆင်းလာခဲ့သည်။ ဤမိုးသည် အလင်းတန်း ပင်လယ် တစ်ခုလုံးကို ဖုံးလွှမ်းထားကာ ပေါ်ပေါက်လာသော မဟာတာအို အလင်းတန်းများကို ဖျက်ဆီးခဲ့သည်။

ခဏအကြာတွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ကောင်းကင်အတွင်းသို့ ကြည့်၍

ဟိန်းဟောက်လိုက်သည်။ သူ၏ ရှည်လျားသော ဦးချိုအပေါ်တွင် စီးဆင်းနေသော အနက်ရောင် နတ်ဘုရား အလင်းတန်းများသည် လှုပ်ရှားသွားကာ သူ၏ နဖူးမှနေ၍ ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်း တစ်တန်း ထွက်လာခဲ့သည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ လင်းဖုန်း မျက်လုံးများက ကျဉ်းမြောင်းသွားခဲ့သည်။ သူသည် ရွှမ်းလီကို ဝိညာဉ်ပင်လယ် အတွင်းသို့ မဝင်လာအောင် တားဆီးထားသည့် အပြင် ပို၍ စိတ်ချရအောင် ကောင်းကင်ဖျက်ဆီး ဓားချီနှင့် ကောင်းကင်ဖျက်ဆီး ဓားဝက်ပါတို့အား အသုံးမပြုခဲ့ပေ။

မဟုတ်လျှင် အကယ်၍ ဝိညာဉ်ပင်လယ်၏ အမျက်ထွက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရပါက သူနှင့် ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအိုတို့၏ ဆက်သွယ်မှုသည် ဖြတ်တောက်ခြင်း ခံခဲ့ရမည် ဖြစ်သည်။

သို့သော်လည်း သူသည် တုန်လှုပ်သွားသည့်ပုံ မပေါက်ခဲ့ပေ။ တိုင်ကေရာဇ်၏ တော်ဝင်နန်းတော် ဖော်ပြထားသည့် ခမ်းနားသည့် နိုင်ငံနှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့သည် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတကို ဖိနှိပ်နေခြင်းမှ ရပ်တန့်လိုက်ကာ သေးငယ်သော အရွယ်အစား အဖြစ်သို့ ပြောင်းသွား၍ သူ၏ နဖူးအတွင်းသို့ ပြန်ဝင်လာခဲ့သည်။

တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်နှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့သည် လင်းဖုန်း၏ စွမ်းအားများကို ထောက်ပံ့ပေးခဲ့သော အခါ လင်းဖုန်း၏ အရှိန်အဝါသည် ထိုးတက်လာသည်။ သူ၏ နဖူးထံမှ အလင်းတန်း ဘောလုံး ပုံရိပ်တစ်ခု ပေါ်လာကာ ရောမ ပုဆိန်ကြီး တစ်ခုအဖြစ်သို့ ဖြည်းဖြည်းချင်း သိပ်သည်းလာသည်။

အလင်းတန်း ပင်လယ်၏ အပြင်နှင့် ဝိညာဉ်ပင်လယ် အတွင်းတွင် လင်းဖုန်း၏ အပေါ်မှ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည် ကောင်းကင်နှင့် မြေကြီးတို့၏ ပြောင်းလဲခြင်းကို အစွမ်းကုန် ထုတ်ဖော်လိုက်ကာ တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်သည် ကြောက်မက်ဖွယ်ရာ

အစွန်းရောက် ကေရာ်ဇ် ကောင်းကင်ခွဲခြမ်း
နည်းစနစ်အား ထောက်ပံ့နေခဲ့သည်။

ခဏအကြာတွင် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါသည့် မော်ကျိန်စာ
သုံးခုအနက်မှ နောက်ဆုံး မော်ကျိန်စာ ဖြစ်သော
အစွန်းနှစ်ဘက် ပယ်ဖျက်ခြင်းကို
ထုတ်ဖော်လိုက်သည်။ တိုင်ကေရာ်ဇ်၏
တော်ဝင်နန်းတော် ထောက်ပံ့ထားခြင်းကြောင့်
ဝက်ပါအတွင်းမှ အရာအားလုံးတို့သည်
ကြေမွသွားခြင်း မရှိခဲ့ပေ။

ကောင်းကင်နှင့် မြေကြီးတို့၏ ပြောင်းလဲခြင်း၊
အစွန်းနှစ်ဘက် ပယ်ဖျက်ခြင်းနှင့် အစွန်းရောက်

ကေရာဇ် ကောင်းကင်ခွဲခြမ်း နည်းစနစ်တို့၏
စွမ်းအင်များသည် အတူတကွ ထိုးတက်လာခဲ့သည်။

အစောပိုင်းက ပေါ်လာသော ရောမ ပုဆိန်ကြီးသည်
ပုံရိပ်ယောင်နေမင်း ဟောဒီးစ်ထံသို့
ကျဆင်းလာသည်။ လင်းဖုန်း၏ စွမ်းအားများသည်
အချိန်မြစ်ရေနှင့် ပေါင်းစည်းသွားကာ ထာဝရ
ကပ်ဘေး အလင်းတန်းအား ထပ်ဖန်တစ်ခါ
ဆင့်ခေါ်လိုက်၍ ပုံရိပ်ယောင်နေမင်း ဟောဒီးစ်အား
တိုက်ခိုက်လိုက်သည်။

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် အေးစက်စွာဖြင့်
ဟိန်းဟောက်လိုက်ကာ ဟောဒီးစ်တို့၏ အန္တိမ
ထူးခြားဆန်းကြယ်သော စွမ်းအင်ကို

ထုတ်လွှတ်လိုက်ပြီး လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းနှင့် တိုက်ခိုက်ခဲ့သည်။

အလင်းတန်း ပင်လယ်သည် ရောမ တုန်ခါမှုများနှင့် ရိုက်ခတ်ခြင်း ခံခဲ့ရကာ ကွဲအက်တော့မည် အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ အန္တိမ ကောင်းကင်ကြေးမုံ၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ကလည်း အလင်းတန်း ပင်လယ်ကို တည်ငြိမ်နေအောက် ထောက်ပံ့ခဲ့ကြရသည်။

ဤအချိန်တွင် လင်းဖုန်းက ဟိန်းဟောက်လိုက်ရာ စီးဆင်းနေသော ခရမ်းရောင် အလင်းတန်း တစ်တန်းက သူ၏ ခန္ဓာကိုယ် အတွင်းမှ ထွက်လာခဲ့သည်။ ထိုအရာသည် ခရမ်းရောင်

အလင်းတန်းများနှင့် လင်းလက်နေသော ရွှေရောင် ပုလဲတစ်ခု ဖြစ်ပေသည်။

ထိုအရာသည် ကောင်းကင်ယောက်သွား ရွှေပုလဲ ဖြစ်သည်။ သူသည် စီးဆင်းနေသော အလင်းတန်း တစ်ခုအဖြစ် ပြောင်းသွား၍ လေဟာနယ်အား ကျော်လွန်သွားကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ဦးချိုပွဲ အပေါ်သို့ ကျဆင်းလာသည်။

ဦးချိုသည် စီးဆင်းနေသော အလင်းတန်းနှင့် ထိတွေ့ခဲ့ရသော အခါ အနည်းငယ် တုန်ခါသွားသည်။ သူ၏ ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအိုတို့ကို ဆင့်ခေါ်နိုင်သည့် စွမ်းရည်က နှေးကွေးလာသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည်
အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။
သူ့ဘာမှ မတုံ့ပြန်နိုင်မီ လင်းဖုန်းသည် ရယ်လိုက်ရာ
သူ၏ မျက်လုံးတစ်ဘက်မှ ရွှေရောင်
အလင်းတန်းများဖြင့် လင်းလက်လာသည်။
ပြီးတာနှင့် ရွှေရောင် စက်ဝိုင်း ချပ်ပြားတစ်ခုသည်
သူ၏ မျက်လုံးအတွင်းမှ ပျံသန်း ထွက်ပေါ်လာ၍
အလင်းတန်း ပင်လယ်အတွင်းသို့
ဆင်းသက်သွားသည်။

ရွှေရောင်စက်ဝိုင်း ချပ်ပြားသည် အနည်းငယ်
တုန်ခါသွား၍ အားကောင်းသော စုပ်အားတစ်ခုအား
ထုတ်လွှတ်လိုက်လေသည်။

မဟာတာအိုတို့မှ ပေါ်ထွက်လာသည်
စီးဆင်းနေသော အလင်းတန်းများသည်
ထိုရွှေရောင်စက်ဝိုင်း ချပ်ပြားထံသို့ စတင်၍
စုစည်းလာကြသည်။

## စာစဉ် ၇၁ : အပိုင်း ၁၉

## အပိုင်း ၁၃၈၉ : ကြီးမားသော ပဋိပက္ခများဖြင့် တိုက်ခိုက်ခြင်း

ကြည့်ရသည်မှာ တိမ်သည်ဟု ထင်နေရသော
ရွှေရောင်စက်ဝိုင်း ချပ်ပြားသည် စီးဆင်းနေသော
အလင်းတန်းများ အကြားသို့ အစုပ်ယူခံခဲ့ရသော

အခါ အလွန်တရာမှ
နက်ရှိုင်းသည့်ပုံပေါက်သွားခဲ့သည်။

အလင်းတန်း ပင်လယ်သည် အနည်းငယ်
တုန်ခါနေ၍ အချိန်နှင့် လေဟာနယ်တို့က
ပြောင်းသွားသော အခါ ရွှေရောင်စက်ဝိုင်း
ချပ်ပြားသည် အလင်းတန်း ပင်လယ်၏
အလယ်တွင် နေရာယူနိုင်ခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် စက်ဝိုင်း
ချပ်ပြားအား ကြည့်နေပြီး သူ၏ မျက်မှောင်များကို
ကြုတ်လိုက်သည်။ "ငါက ဒီပစ္စည်းကို ကမ္ဘာနှစ်ခု
အကြားက စစ်ပွဲမှာ မြင်ခဲ့ဖူးသလို ရှိပေမဲ့ သူက
ဒီလိုမျိုး အကျိုးသက်ရောက်မှုတွေ ရှိနိုင်မှန်း
မမျှော်လင့်ခဲ့ဘူး"

ဤရုတ်တရက် ပြောင်းလဲသွားမှုသည်
ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့အား အနည်းငယ်
စိတ်လှုပ်ရှားစေခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့်
မျောက်တို့သည် ထိုမြင်ကွင်းကို တွေ့ခဲ့ရသော အခါ
အနည်းငယ် မှင်သက်သွားကြသည်။ အဝေးမှ
ဗုဒ္ဓပုံရိပ်၏ မျက်လုံးသည် ဤအချိန်တွင်
ပွင့်လာခဲ့သည်။

ရွှေရောင်စက်ဝိုင်း ချပ်ပြား နေရာယူထားသော
အလင်းတန်း ပင်လယ်၏ အလယ်တွင် မဟာတာအို
အလင်းတန်းများ စုစည်းလာကြသည်။ ထိုချပ်ပြား၏

အပေါ်တွင် ခရမ်းရောင် တိမ်တိုက်များ စုစည်းလာ၍ နေရာအနှံ့သို့ ကျယ်ပြန့်သွားကြသည်။

သူတို့သည် ကျယ်ပြန့်သော ဒေသတစ်ခုအား လွှမ်းခြုံထားနိုင်၍ ဟင်းလင်းပြင် ဘုရားကျောင်း၊ ဟေးဒီးစ် မျိုးနွယ်စုနှင့် မျောက်တို့ နေရာယူထားသည့် ဒေသများအား ကျူးကျော်နိုင်ခဲ့သည်။

အဖွဲ့ အသီးသီးတို့ အချင်းချင်း တိုက်ခိုက်ခဲ့ကြသော အခါ ဝိညာဉ်ပင်လယ် အတွင်းမှ ဟင်းလင်းပြင်၏ အသွင် ပြောင်းလဲမှုသည် ရပ်တန့်သွားခဲ့သည်။

ကွဲပြားသော လေဟာနယ်နှင့် အချိန်ကာလ
အလွှာများသည် တစ်ခုနှင့် တစ်ခု ထပ်နေကြပြီး
ဖြစ်တည်မှု တစ်ခုတည်း အဖြစ်သို့
ပေါင်းစည်းသွားကြသည်။ အားလုံးတို့၏ အရှေ့မှ
မြင်ကွင်းသည်လည်း ရုတ်ခြည်း
ပြောင်းလဲသွားသည်။

အလင်းတန်း ပင်လယ်သည် အရွယ်အစား များစွာ
သေးငယ်သွား၍ ယခုအချိန်တွင်
ရွှေရောင်ရေများဖြင့် ပြည့်နေသော ရောမ
ရေကန်အဖြစ်သို့ ပြောင်းသွားသည်။

အချို့အဖွဲ့များသည် ဤရွှေရောင်ရေကန်၏
ကမ်းစပ် တစ်နေရာတွင် နေရာယူထားကြသည်။

လင်းဖုန်းသည် လှမ်းကြည့်လိုက်ရာ ကမ်းခြေ တစ်ဘက်တွင် ဧရာမ ပုံရိပ်ယောင် အလင်းတန်း ဘောလုံးအား တွေ့လိုက်ရသည်။ သူသည် တောင်ထိပ်တစ်ခုနှင့် တူနေသော်လည်း စံအိမ် တစ်ခုနှင့်လည်း ဆင်တူနေ၏။ သူတို့တွင် အထပ်ကိုးထပ် ရှိ၍ အထပ် တစ်ထပ်ချင်းစီတွင် မြင်ကွင်း အမျိုးမျိုး ရှိနေကြသည်။ ထိုနေရာတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများက နေရာယူထားသည်။

အမြင့်ဆုံး အထပ်တွင် ထူးခြားဆန်းကြယ်၍ ခန့်မှန်းရန် ခက်ခဲသော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ထိုက်ရီသူတော်စင်အား ထောက်ပံ့ထားသည်။ သူသည် စောင့်ကြည့်၍ မရနိုင်သော၊ ထိတွေ့၍

မရနိုင်သော၊ ဖော်ပြ၍ မရနိုင်သော မှော်ဆန်သည့် အခြေအနေသို့ ရောက်နေသကဲ့သို့ ဖြစ်နေသည်။

ပုံရိပ်ယောင် အလင်းတန်း ဘောလုံး၏ အပေါ်တွင် ကြေးမုံတစ်ခု ရှိနေသည်။ ကြေးမုံ အလင်းတန်းများသည် နေရာအနှံ့သို့ ကျယ်ပြန့်သွား၍ မဟာတာအိုများကို ကြေးမုံထံသို့ စုစည်းစေခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များသည် ကြေးမုံထံသို့ စတင်၍ စုစည်းလာပြီး သူသည် စကြာဝဠာ၏ အလယ်ဗဟိုနှင့် တူနေခဲ့သည်။

ထိုက်ရီသူတော်စင်သည် သူ၏ မျက်လုံးများကို မှိတ်ထားကာ ရွှေရောင် ရေအိုင်၏ အလယ်ဗဟိုထံသို့ ကြည့်နေသကဲ့သို့ ထင်နေရသည်။

ထိုနေရာမှ ရေမျက်နှာပြင် အပေါ်တွင် ရွှေရောင်စက်ဝိုင်း ချပ်ပြားတစ်ခုက လွင့်မျောနေသည်။ သူသည် တောက်ပသော အလင်းတန်းများဖြင့် လင်းလက်နေ၍ အာရုံများကို အကြီးအကျယ် ဆွဲဆောင်နိုင်ခဲ့သည်။

ထိုအရာသည် လင်းဖုန်း၏ မူလရွှေခွက်ပင် ဖြစ်သည်။ မူလရွှေခွက်သည် ယခုအချိန်တွင် ရွှေရောင် အရည်များဖြင့် ပြည့်နေခဲ့သည်။ သူသည် တောက်ပနေကာ အစစ်အမှန်ဟု ထင်နေရကာ

စီးဆင်းနေသော ရွှေရောင် အလင်းတန်းများကို ဆွဲဆောင်နိုင်ခဲ့သည်။

ရွှေရောင်ရေအိုင် အတွင်းတွင် စီးဆင်းနေသော အလင်းတန်းများက ရေးရေးလေး ပေါ်လာသည်။ သူတို့သည် ဆက်လက်၍ လှုပ်ရှားနေကြကာ မူလရွှေခွက်ထံသို့ စတင်၍ စုစည်းလာကြသည်။

မူလရွှေခွက်သည် အန္တိမ ကောင်းကင်ကြေးမုံအား အစားထိုးကာ ဝိညာဉ်ပင်လယ်၏ အလယ်ဗဟို ဖြစ်လာခဲ့သကဲ့သို့ ထင်နေရသည်။ သူသည် မဟာတာအိုများကို သူ့ထံသို့ ဆွဲဆောင်နိုင်ခဲ့သည်။

လင်းဖုန်း၏ ဘယ်ဘက်တွင် တောက်ပသော ငွေရောင် သားမွေးများဖြင့် ဖုံးလွှမ်းထား၍ ခရမ်းရောင် အလင်းတန်းများဖြင့် လင်းလက်နေသည့် ပုံရိပ်တစ်ခု ရှိနေသည်။ ထိုပုံရိပ်အား အနက်ရောင် အဆောင်လက်ဖွဲ့ တစ်ခုဖြင့် ဝန်းရံထား၍ တောင်ကုန်းငယ် တစ်ခုနှင့် တူနေခဲ့သည်။ သူသည် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြထားသည့် ဟေးဒီးစ်သားရဲ တစ်ကောင်ပင် ဖြစ်သည်။ သူသည် ထိုနေရာတွင် ရပ်နေရာ သူ၏ ဦးချိုသုံးခု အနက်မှ တစ်ချောင်းသည် တစ်ဝက်ပဲ့နေခဲ့သည်။

သူသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ပင် ဖြစ်သည်။

ယခုအချိန်တွင် သူသည် အလွန်အမင်း လေးနက်နေသည်။ သူ၏ အာရုံများသည် မူလရှေ့ခွက်နှင့် လင်းဖုန်းတို့ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အနောက်တွင် နောက်ထပ် ရောမ ဟေးဒီးစ်သားရဲ သုံးကောင် ရှိနေသည်။ သူတို့အနက်မှ နှစ်ကောင်သည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ သူတို့ အနက်မှ တစ်ကောင်သည် ဟေးဒီးစ် မျိုးနွယ်စု အတွင်းမှ တောက်ပလာသော ပါရမီရှင် တစ်ယောက်ဖြစ်သည့် ကျင်းယန်ဟေးဒီးစ် ဖြစ်သည်။

သူသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း
အဆင့်တွင်သာ ရှိနေသေးသော်လည်း သူသည်
ဗီပရာလိုပါ အဆင့်မှ အခြား မိစ္ဆာများနှင့်
ယှဉ်ပြိုင်နိုင်ရန် လုံလောက်သည့် အစွမ်းရှိသည်။

ယခုအချိန်တွင် ကျင်းယန် ဟေးဒီးစ်သည်
နောက်ဆုံးကပ်ဘေးကို အောင်မြင်စွာ
ကျော်လွှားနိုင်ခဲ့၍ ဗီပရာလိုပါ အဆင့်သို့
ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူ၏
မိစ္ဆာစွမ်းအားများသည် အံ့အားသင့်ဖွယ်
ကောင်းလှကာ အခြားသူများအား ထိတ်လန့်
တုန်လှုပ်စေခဲ့သည်။

အခြား ဟေးဒီးစ်တစ်ကောင်သည်
ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်တွင်

ရှိနေသည်။ သူသည် ပုံရိပ်ယောင်နေမင်း
ဟေးဒီးစ်၏ သားဖြစ်သူ ယွင်ချန်း
ဟေးဒီးစ်ဖြစ်သည်။

ထိုဟေးဒီးစ်သားရဲ နှစ်ကောင်ကို ကြည့်နေရင်း
ဝမ်လင်း၏ အကြည့်သည် အေးစက်လာခဲ့သည်။

ကျင်းယန်ဟေးဒီးစ်နှင့် ယွင်ချန်း ဟေးဒီးစ်တို့၏
ဘေးတွင် သိသိသာသာ ပိုသေးနေသည့်
ဟေးဒီးစ်သားရဲ တစ်ကောင် ရှိနေသည်။

သို့သော်လည်း ထိုဟေးဒီးစ် သားရဲထံမှ
ထုတ်လွှတ်နေသော မိစ္ဆာ အရှိန်အဝါများသည်

ကျင်းယန် ဟောဒီးစ်ထက်ပင် ပို၍
သန်မာနေသေးသည်။

သူ့အား ရှီရှင်း ဟောဒီးစ်ဟု ခေါ်သည် ကမ္ဘာနှစ်ခု
အကြားမှ စစ်ပွဲအတွင်းတွင် သူသည် နတ်ဘုရား
နယ်မြေ အတွင်းသို့ မဝင်ခဲ့ပဲ ဟောဒီးစ်မြို့တော်
အတွင်း၌သာ နေခဲ့သည်။

ဤအချိန်တွင် သူသည် ပုံရိပ်ယောင်နေမင်း
ဟောဒီးစ်နှင့် ကျန်သောသူများ အနောက်မှနေ၍
ဝိညာဉ်ပင်လယ် အတွင်းသို့ လိုက်ဝင်လာခဲ့သည်။
ဟောဒီးစ်မြို့တော် အတွင်းတွင် ချင်းလွမ်ဟောဒီးစ်က
စောင့်ကြပ်နေခဲ့သည်။

သူ့အား စောင့်ကြည့်နေရင်း ဇူရီနှင့် ဝမ်လင်းတို့
နှစ်ယောက်စလုံးသည် သတိထားနေခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်က
ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင်
ထိုက်ရီသူတော်စင်နှင့် ကျန်းရီသူတော်စင်တို့သည်
ရှီရှင်း ဟေးဒီးစ်နှင့် တွေ့ကြုံခဲ့ဖူးသည်။ သူသည်
ချင်းလွမ်ဟေးဒီးစ် သို့မဟုတ်
ခုန်းယွမ်ဟေးဒီးစ်တို့ထက် ပို၍ သန်မာသည်ကို
သူတို့က သိထားကြသည်။

သို့သော်လည်း ရှီရှင်းဟေးဒီးစ်သည် ကျန်သော
ဟေးဒီးစ်သားရဲများနှင့် အနည်းငယ်
ကွဲပြားနေသည်။ သူသည် တိုက်ခိုက်ရသည်ကို

မနှစ်သက်သဖြင့် ကျန်သော ဟေးဒီးစ် သားရဲများနှင့် အတူ စစ်ပွဲအတွင်းသို့ ဝင်လေ့ သိပ်မရှိချေ။

သူသည် အလွန်အမင်း အရေးကြီးသော တစ်စုံတစ်ရာနှင့် ကြုံတွေ့ရမှသာ သူ၏ မျိုးနွယ်စုအတွက် တိုက်ခိုက်ပေးခဲ့ခြင်း ဖြစ်သည်။

ဝိညာဉ်ပင်လယ် တိုက်ပွဲသည် အမတန်မှ အရေးကြီးသည်။ အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်း သို့မဟုတ် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့က ဝိညာဉ်ပင်လယ်အား ထိန်းချုပ်သွားနိုင်ခဲ့ပါက ဟေးဒီးစ် မျိုးနွယ်စု အပေါ်တွင် ဖိအားများ ကြီးမားစွာ ကျရောက်လာမည် ဖြစ်သည်။

ထို့ကြောင့် သူသည် မလိုမလား ဖြစ်နေသော်လည်း ဘာမှ မတတ်နိုင်ပဲ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အမိန့်အောက်တွင် ဤတိုက်ပွဲသို့ လာရောက်ခဲ့ရခြင်း ဖြစ်သည်။

လင်းဖုန်း၏ ညာဘက်မှ ကမ်းစပ်တစ်လျှောက်တွင် တူညီသော နေရာ အပိုင်းအခြား အလိုက် ပုံရိပ်များ ရှိနေကြသည်။ သူတို့သည် မျောက်၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ ဖြစ်ကြသည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် ကမ်းခြေအပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည်။ သူ၏လက်ပေါင်း ရှစ်သောင်း လေးထောင်တို့အား အတူတကွ

လက်အုပ်ချီထားကာ သူ၏ မျက်လုံးများကို မှိတ်ထားသည်။

လင်းဖုန်းသည် မူလရွှေခွက်အား ပြန်ယူလိုက်သော အချိန်တွင် ခံစားချက် အနည်းငယ်ကို ခံစားခဲ့ရသည်မှ လွဲ၍ သူသည် တစ်ချိန်လုံး ဘေးမှ ရပ်ကြည့်နေခဲ့သည်။ သူသည် စကားမပြောခဲ့သလို လှုပ်လည်း မလှုပ်ရှားခဲ့ပေ။ ပဋိပက္ခများ အားလုံးသည် သူ့အလုပ်မဟုတ်ပဲ သူ့အား စိတ်လှုပ်ရှားစေရန် မလုပ်နိုင်ခဲ့သကဲ့သို့ ဖြစ်သည်။

မျောက်သည် သူ၏ခေါင်းအား ကုတ်နေ၍ စကြာဝဠာ စကျင်ဗုဒ္ဓ အနားတွင် ရွှေပုစဉ်း ဆရာတော်အား ရှာရန် ကြိုးစားနေသည်။

သို့သော်လည်း သူ့အား မမြင်နိုင်ခဲ့သဖြင့်
အနည်းငယ် မကျေမနပ် ဖြစ်နေခဲ့သည်။

သူတို့အရှေ့မှ ရွှေရောင်ရေအိုင်သည် အစောပိုင်းမှ
အလင်းတန်း ပင်လယ်ကဲ့သို့ မကျယ်ပြန့်သော်လည်း
အတော့်ကို ကြီးမားနေသေးသည်။ သူသည်
စကြာဝဠာ အတွင်းမှ ကြယ်ပင်လယ်ကဲ့သို့
ဖြစ်နေခဲ့သည်။ လင်းဖုန်းနှင့် ကျန်သောသူများသည်
သူတို့က ဤရွှေရောင် ရေအိုင်အား
မကျော်လွှန်နိုင်ဟု ခံစားနေရသည်။

လင်းဖုန်းသည် သူ၏ အာရုံများကို သူ့အရှေ့
တည့်တည့်သို့ စူးစိုက်ထားသည်။ သူသည်
ထိုက်ရှီသူတော်စင်နှင့် သူ့အပေါ်မှ အန္တိမ

ကောင်းကင်ကြေးမုံတို့အား တည်ငြိမ်စွာဖြင့် ကြည့်နေခဲ့သည်။

သူသည် ဖွဖွလေး ပြုံးလိုက်ရာ သူ့ပုံရိပ်သည် ရွှေရောင် ရေအိုင်၏ အလယ်မှ ရွှေခွက်ထံသို့ လွင့်မျောသွားခဲ့သည်။

ရေကန်၏ မျက်နှာပြင် ပတ်ပတ်လည်တွင် ခရမ်းရောင် တိမ်တိုက်များ ပေါ်လာသည်။ ထိုနေရာသည် လင်းဖုန်း၏ စွမ်းအားများနှင့် သဘာဝလွန် အသိစိတ်မှ နေရာယူထားသည့် ဒေသဖြစ်သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် ဘုရားကျောင်း၏
နေရာကို လုယူနိုင်ခဲ့၍ ရှိနေကြသော
အဖွဲ့များအနက် အကြီးမားဆုံး ဒေသအား
နေရာယူထားနိုင်ခဲ့သည်။သူသည်
ရွှေရောင်ရေအိုင်၏ တစ်ဝက်နီးပါးကို
နေရာယူထားနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် သူသည် အားလုံးတို့၏
ဘုံပစ်မှတ်အဖြစ် ဟင်းလင်းပြင် ဘုရားကျောင်း၏
နေရာကို အစားထိုးခဲ့ရပြီ ဖြစ်သည်။

"မာစတာလင်း... တိုက်ခိုက်ရတာ
စိတ်မကောင်းပါဘူး" ထိုက်ရှီသူတော်စင်၏
လေသံသည် အမတန်မှ တည်ငြိမ်နေသည်။

"ကြည့်ရတာ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့် ရှိနေတယ်နဲ့ တူတယ်... ကျုပ်မလုပ်နိုင်တာကို တခြားသူတွေက လုပ်နိုင်လိမ့်မယ်လို့ ကျုပ်က တစ်ခါမှ တွေးမထားမိဘူး... ဒါပေမဲ့ ဒီအန္တရာယ်က လူသားမျိုးနွယ်စု တစ်ခုလုံးနဲ့လည်း သက်ဆိုင်နေတယ်... တကယ်လို့ ခင်ဗျား ရှုံးနိမ့်သွားရင် အကျိုးသက်ရောက်မှုတွေကို ခင်ဗျားတစ်ယောက်တည်း ခံရမှာ မဟုတ်ဘူး"

"ကျုပ်က အိုနေပြီ ဖြစ်ပြီး အရင်ကလို သတ္တိ မကောင်းတော့ဘူး... ကျုပ်အနေနဲ့ ဒီလိုမျိုး အရာတစ်ခု ဖြစ်လာမှာကို စောင့်မကြည့်နိုင်ဘူး... ကျုပ်က မလိုလားနေပေမဲ့ ခင်ဗျားကို တိုက်ခိုက်မှ ရမယ်"

အန္တိမ ကောင်းကင်ကြေးမုံသည် သူ၏ခေါင်းပေါ်တွင် လည်ပတ်နေရင်း မှေးမှိန်နေသော ကြေးမုံ အလင်းတန်းများသည် လင်းဖုန်းအပေါ်သို့ ကျရောက်လာသည်။

လင်းဖုန်းက ရယ်လိုက်သည်။
"ထိုက်ရီသူတော်စင်... ခင်ဗျားက ဒီလောက်အထိ အားနာနေဖို့ မလိုပါဘူး"

အခြားတစ်ဘက်တွင် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် စကားတစ်ခွန်းမှ မပြောပဲ အပေါ်သို့ ပျံသန်းလာကာ ရေအိုင်၏ အလယ်သို့ ရောက်လာခဲ့သည်။

သူနှင့် နီးကပ်နေသော ရေအိုင်သည် မည်းနက် တောက်ပြောင်လာသည်။ လှိုင်းလုံးတစ်ခု ပေါ်လာကာ ရေအိုင်၏ အလယ်မှ မူလရွှေခွက်ထံသို့ ထိုးတက်လာသည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် မည်သည့် လှုပ်ရှားမှုကိုမှ မလုပ်ခဲ့သေးပေ။ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ အကြည့်သည် လင်းလက်သွားသော်လည်း သူမကလည်း မည်သို့မှ မတုံ့ပြန်ခဲ့ပေ။

မျောက်သည် လင်းဖုန်းအား စိုက်ကြည့်နေရင်း သူ့အား တိုက်ခိုက်သင့်သလော ဟူသည်ကို စဉ်းစားနေခဲ့သည်။ နောက်ဆုံးတွင် သူသည်

သက်ပြင်းချလိုက်ကာ ကမ်းခြေပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့ပြီး လင်းဖုန်းအား စိုက်ကြည့်နေ၍ စကြာဝဠာ စကျင်ဗုဒ္ဓထံသို့ အကြည့်ပြောင်းလိုက်သည်။

အန္တိမ ကောင်းကင်ကြေးမုံမှ အလင်းရောင်သည် သူ့အပေါ်သို့ ကျရောက်လာသော အခါ လင်းဖုန်း၏ ခန္ဓာကိုယ်မှ ရောင်စဉ်ခုနစ်မျိုး အလင်းတန်း စက်ကွင်းတစ်ခု ပေါ်လာသည်။ ကောင်းကင် သယ်ယူပို့ဆောင်ခြင်း နည်းစနစ်ကို ထုတ်ဖော်လိုက်၍ သူသည် အပေါ်သို့ မြင့်တက်သွားပြီး အားလုံးတို့ ရှိနေသော လေဟာနယ်မှ ကျော်လွန်သွားသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ကြေးမုံ အလင်းတန်းများသည် သူ့အနောက်သို့ ဆက်လက်၍ လိုက်ပါလာခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ပြီး သူ၏ လက်ဝါးကို အပေါ်သို့ အသာ ပင့်တင်လိုက်သည်။ သူသည် လေဟာနယ် အတွင်းမှ တစ်စုံတစ်ခုကို ကုပ်ဆွဲခဲ့သည်နှင့် တူနေသည်။

ဝိညာဉ်ပင်လယ်သည် အနည်းငယ် တုန်ခါသွားသည်။ ပုံရိပ်ယောင် အနက်ရောင် စကြာဝဠာသည် အားလုံးတို့၏ အပေါ်တွင် ပေါ်လာခဲ့သည်။ မရေမတွက်နိုင်သော ကြယ်များ လင်းလက်လာ၍ မရေမတွက်နိုင်သော ကြယ်တာရာများ၏ လမ်းကြောင်းများက ပြောင်းသွားသကဲ့သို့ ဖြစ်နေသည်။

ကြယ်တာရာများ၏ လမ်းကြောင်းကို
အကျိုးသက်ရောက်မှု ရှိစေခဲ့သော ကြီးမားလှသည့်
စွမ်းအားသည် လင်းဖုန်းအား ထောက်ပံ့ခဲ့ကာ သူ၏
စွမ်းအားများကို အဆုံးမဲ့စေခဲ့သည်။

လင်းဖုန်း၏ ခန္ဓာကိုယ်မှ အလင်းစက်အချို့
ပေါ်လာသည်။ ပြီးတာနှင့် မြူမှုန်ကဲ့သို့သော
ထိုအလင်းစက်များသည် ကျယ်ပြန့်လာ၍
ကမ္ဘာငယ်များ အဖြစ်သို့ ပြောင်းသွားသည်။

လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းသည် သူ၏ ခန္ဓာကိုယ်မှ
ထိုးတက်လာကာ ဝိညာဥ်ပင်လယ် အတွင်းမှ
မဟာတာအိုနှင့် ဆက်သွယ်နေခဲ့သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝင်္ကပါသည် သူ့အပေါ်တွင် ပေါ်လာကာ
တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်၏
ထောက်ပံ့မှုအောက်တွင် သူသည် ခမ်းနားသော
နိုင်ငံတစ်ခု အဖြစ်သို့ ပြောင်းသွားကာ
ကောင်းကင်အား တုန်ခါစေခဲ့သည်။

ခဏအကြာတွင် ခမ်းနားသော ဤနိုင်ငံသည်
ကြေမွသွားသည်။

ခမ်းနားသော ဤနိုင်ငံမှ ရောမ ပုဆိန်တစ်လက်
ခုတ်ချလာသည်။ သူသည် အဆုံးမဲ့
အလင်းတန်းများကို ဖျက်ဆီးခဲ့၍ ကောင်းကင်နှင့်
မြေကြီးတို့အား ဆွဲဖြဲတော့မည်ကဲ့သို့ ဖြစ်နေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် လက်ရှိအချိန်၌ နတ်ဘုရား နယ်မြေ အတွင်းတွင် အစွမ်းအထက်ဆုံး ဂိုဏ်းနှစ်ဂိုဏ်း ဖြစ်ကြသည်။ ဤအချိန်တွင် သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ထိပ်တိုက် ရင်ဆိုင်နေကြလေသည်.

လင်းဖုန်းသည် စကြာဝဠာ ပြောင်းပြန်လှန်ခြင်းနှင့် ခေတ်နှစ်ပါး မြူမှုန်တို့အား ဤအချိန်တွင် ထုတ်ဖော်လိုက်သည်။ သူတို့ နှစ်ခုစလုံးသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့် အတူ ဤရောမ ပုဆိန်အား ထောက်ပံ့နေခဲ့သည်။ မှေးမှိန်နေသော ကြေးမုံအလင်းတန်းများကလည်း ပျက်စီးသွားခဲ့သည်။

သို့သော်လည်း ထိုက်ရှီသူတော်စင်က ဤအရာကို မျှော်လင့်ပြီးသား ဖြစ်သည်။ သူ၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းလိုက်သည်။

ပျက်စီးသွားသော ကြေးမုံ အလင်းတန်းများသည် မလွင့်ပြယ်သွားကြပေ။ သူတို့သည် ပို၍ သေးငယ်သော အပိုင်းအစများ အဖြစ် ပြောင်းလဲသွားကာ လင်းဖုန်းအား ထပ်ဖန်တစ်ခါ တိုက်ခိုက်ခဲ့ကြသည်။

သို့သော်လည်း သူတို့သည် သူ့အနီးသို့ မကပ်လာနိုင်မီ လင်းဖုန်းသည် သူ၏ လက်ချောင်းများဖြင့် အရှေ့သို့ ညွှန်ပြလိုက်ရာ

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် အချိန်မြစ်ရေ အဖြစ်သို့ ပြောင်းလဲသွားသည်။ အချိန်မြစ်ရေဖြင့် ဖန်ဆင်းထားသော ထာဝရ ကပ်ဘေး အလင်းတန်းနှင့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းတို့က ထွက်လာခဲ့သည်။

သူသည် ဟင်းလင်းပြင်အား လှုပ်ရှားစေကာ လင်းဖုန်းအား တိုက်ခိုက်လာသော ကြေးမုံ အလင်းတန်းများကို ဖျက်ဆီးခဲ့သည်။

သို့သော်လည်း ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ရောမ ပုံရိပ်သည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့သည်။ သူ၏ မျက်လုံးများသည် အေးစက်သော အလင်းတန်းများဖြင့် ပြည့်နေခဲ့သည်။

## စာစဥ် ၇၁ : အပိုင်း ၂၀

## အပိုင်း ၁၃၉၀ : ထိုက်ရှိနှင့် တိုက်ခိုက်ခြင်း

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သူ့ထံသို့ ခုန်အုပ်လာခဲ့ကာ သူ၏ လက်သည်းများဖြင့်ပင် သူ့အပေါ်သို့ ခုတ်ချခဲ့သော်လည်း လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။ သူသည် ဆက်ပြုံးနေရင်း သူ၏ လက်ဝါးများကို သူ့ရင်ဘတ် အရှေ့တွင် စုစည်းလိုက်ကာ အော်လိုက်သည်။ "မြင့်တက်လာစမ်း"

သူ၏ ခေါင်းပေါ်မှ စီးဆင်းနေသော အလင်းတန်း သုံးတန်း ထွက်ပေါ်လာကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အရှေ့သို့ ကျရောက်လာခဲ့သည်။

ကြီးမားသော လူငယ်တစ်ယောက်သည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေ၍ အလွန်အမင်း အစွမ်းထက်သကဲ့သို့ ထင်နေရသည်။ သူသည် လင်းဖုန်းနှင့် ထပ်တူညီသော ပုံစံရှိနေကာ သူ၏ ခန္ဓာကိုယ်မှ စွမ်းအားများဖြင့် ပေါက်ကွဲထွက်နေသည်။ သူသည် လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွား ဖြစ်သည်။

အေးရီးစ်ကိုယ်ပွား အပြင် ကိုးပေမြင့်သော ဘီလူးကြီး တစ်ကောင် ရှိနေသေးသည်။ သူ၏ ခန္ဓာကိုယ် အနားတွင် ကြည်လင်သော လေနှင့်

စီးဆင်းနေသော အလင်းတန်း ကိုးတန်းတို့က လည်ပတ်နေကြသည်။ သူသည် လင်းဖုန်း၏ ကိုးနဝင်းချီ ကိုယ်ပွားဖြစ်သည်။

ကိုးနဝင်းချီ ကိုယ်ပွားအပြင် နှစ်မီတာ မြင့်သော ပုံရိပ်တစ်ခု ရှိနေသည်။ ထိုပုံရိပ်သည် ငွေဖြူရောင် အကြေးခွံ ချပ်ဝတ်တန်ဆာအား ဝတ်ဆင်ထား၍ လင်းဖုန်းနှင့် တစ်ထေရာတည်း တူနေသည်။ သို့သော်လည်း သူ၏ ခေါင်းပေါ်တွင် နဂါးတစ်ကောင်၏ အမှတ်အသား ဖြစ်သော ဦးချိုနှစ်ခု ရှိနေသည်။ သူသည် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွား ဖြစ်သည်။

မိုးကြိုးနဂါး ကိုယ်ပွားသည် နဂါး ဟိန်းဟောက်သံ တစ်ခုကို ထုတ်ဖော်လိုက်၍ ဟင်းလင်းပြင်

အတွင်းတွင် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြလိုက်သည်။ သူသည် ကိုးနဝင်းချီ ကိုယ်ပွားထက် များစွာပို၍ ကြီးမားသော ငွေဖြူရောင် နဂါးတစ်ကောင် အဖြစ်သို့ ပြောင်းသွားသည်။ အရွယ်အစား အရ သူသည် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်ကဲ့သို့ ကြီးမားပေသည်။

ထိုကိုယ်ပွား သုံးခုကို တွေ့ခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ အကြည့်မှာ လေးနက်သွားသည်။ သူသည် တစ်စုံတစ်ခုအား တွေးမိခဲ့သကဲ့သို့ ဖြစ်သည်။

သူသည် ဘာမှ မပြောခဲ့ပဲ သူ၏ လက်သည်းများကို လင်းဖုန်း၏ ကိုယ်ပွားသုံးခုထံသို့

ငှေ့ယမ်းလိုက်သည်။ ခက်ထန်လှသော အင်အားတစ်ခုသည် ဟင်းလင်းပြင်အား လှုပ်ရှားစေကာ ဝိညာဉ်ပင်လယ် အတွင်းတွင် ရောမ လှိုင်းလုံးများကို ဖြစ်ပေါ်စေပြီး လင်းဖုန်းနှင့် သူ၏ ကိုယ်ပွားများထံသို့ ရောက်ရှိလာသည်။

လင်းဖုန်း၏ ကိုယ်ပွားသုံးခုသည် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ တိုက်ခိုက်မှုအား ခုခံရန် မကြိုးစားခဲ့ကြပဲ အတူတကွ အော်ဟစ်လိုက်ကြသည်။ "ပူးပေါင်းစမ်း"

ခဏအကြာတွင် ခရမ်းရောင် တိမ်တိုက်များသည် ထိုကိုယ်ပွား သုံးခုထံမှ ထိုးတက်လာကာ သူတို့အား လွှမ်းခြုံသွားသည်။ ခရမ်းရောင် တိမ်တိုက်များသည်

ဆက်လက် ထိုးတက်နေရင်း ခရမ်းရောင် တိမ်တိုက်
ပင်လယ်တစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။

ဤပင်လယ်၏ အလယ်တွင် ကြည်လင်သော
အလင်းတန်း တစ်တန်းသည် ကောင်းကင်ပေါ်သို့
ထိုးတက်လာသည်။ သူသည် ခရမ်းရောင်
တိမ်တိုက်များကို ထိုးဖောက်သွား၍
ကောင်းကင်ပေါ်သို့ တိုင်အောင် ရောက်သွားခဲ့သည်။

ကြည်လင်နေသော အလင်းတန်း အကြားတွင်
လူသားပုံရိပ် တစ်ခု ပေါ်လာသည်။ ထိုပုံရိပ်၏
ဆံပင်များသည် လွင့်ဝဲနေ၍ သူသည် ခရမ်းရောင်
ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ၏ နဖူးနှင့်
မျက်လုံးများသည် ထိုက်ကျိုရုပ်ပုံများဖြင့်
ဖြည်းဖြည်းချင်း လည်ပတ်နေသည်။ ထိုပုံရိပ်၏

အသွင်သဏ္ဍာန်သည် လင်းဖုန်းနှင့် တစ်ထေရာတည်း ဖြစ်သည်။

သူ၏ အသွင်အပြင်သာ မက သူ၏ စွမ်းအား လှုပ်ရှားမှုများကလည်း ဟင်းလင်းပြင် ဘုရားကျောင်းနှင့် တိုက်ခိုက်နေသည့် လင်းဖုန်း၏ မူလ ခန္ဓာကိုယ်နှင့် လုံးဝ ဆင်တူနေသည်။

အသစ် ဖန်ဆင်းထားသည့် လင်းဖုန်း၏ ပုံရိပ်သည် ပြုံးလိုက်ကာ ကြည်လင်နေသော အလင်းတန်း အကြားတွင် ရပ်နေသည်။ သူ၏ လက်များဖြင့် မှော်ကျိန်စာများကို ဖန်ဆင်းလိုက်ပြီး စကြာဝဠာ ပြောင်းပြန်လှန်ခြင်းကို ဖော်ထုတ်လိုက်သည်။

သူ့အပေါ်မှ ပုံရိပ်ယောင် စကြာဝဠာသည် စတင်၍
ထစ်ချုန်းလာ၍  ကြယ်တာရာတို့၏
လမ်းကြောင်းများကို ရွှေ့ပြောင်းနိုင်သည့်
ကြောက်မက်ဖွယ်ရာ စွမ်းအားများသည်
လင်းဖုန်းအား ထောက်ပံ့ပေးနေကြသည်။

ပြီးတာနှင့် သူ၏ လက်များကို အရှေ့သို့
ဆန့်တန်းလိုက်ကာ သူ၏
လက်ညှိုးနှစ်ချောင်းတို့သည် အတူတကွ
ပူးပေါင်းသွားပြီး ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ထံသို့
ညွှန်ပြလိုက်သည်။

ထူးခြားဆန်းကြယ်သော ထာဝရ ကပ်ဘေး
အလင်းတန်း တစ်တန်း ထွက်လာကာ
လင်းဖုန်းအား ဝန်းရံထားသည့် အချိန်မြစ်ရေက

တစ်ပတ် လည်ပတ်လိုက်သည်။ မြစ်၏
အခြားတစ်ဘက်သည် ကျယ်ပြန့်လာ၍ ထာဝရ
ကပ်ဘေး အလင်းတန်းအား ထောက်ပံ့နေကာ သူ၏
စွမ်းအားများကို မြင့်တက်လာစေခဲ့သည်။

လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းသည်
ဝိညာဉ်ပင်လယ် အတွင်းတွင် ပို၍
အစွမ်းထက်သည်။ မဟာတာအိုများက
စုစည်းလာ၍ ကြမ္မာပန်းတိုင် အတွင်းမှ
ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။
အလင်းတန်းသည် ထာဝရ ဖျက်ဆီး၍ မရဟု
ထင်နေရကာ လင်းဖုန်း၏ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်း မရှိလျှင်ပင် ထာဝရ
ကပ်ဘေး အလင်းတန်းသည် အလင်းတန်း
အကာအရံ တစ်ခုအဖြစ် ပြောင်းသွားကာ

ပုံရိပ်ယောင်နေမင်း ကပ်ဘေး၏ တိုက်ခိုက်မှုများကို ခုခံမည် ဖြစ်သည်။

ပုံရိပ်ယောင် နေမင်း ဟေးဒီးစ်သည် လင်းဖုန်း၏ ဉာဏ်ပုံစံ အသစ်ကို တွေ့ခဲ့သော အခါ ဟေးဒီးစ် မျိုးနွယ်စုများက မဟာကမ္ဘာသို့ ပြန်လာခဲ့စဉ်က လင်းဖုန်းနှင့် ခေတ္တမျှ တိုက်ခိုက်ခဲ့သည်ကို ပြန်လည် အမှတ်ရခဲ့သည်။

လင်းဖုန်းသည် ထိုအချိန်က ဆင်တူသော စွမ်းရည်တစ်မျိုးကို အသုံးပြုခဲ့သည်။ သို့သော်လည်း သူသည် ယခုအချိန်ကကဲ့သို့ ပြီးပြည့်စုံခြင်း မရှိသေးပေ။

ဤလင်းဖုန်း အသစ်သည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း မရှိသော်လည်း သူသည် လင်းဖုန်း၏ မူလ ခန္ဓာကိုယ်နှင့် အတူတူပင် ဖြစ်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အကြည့်သည့် အေးစက်သွားသည်။ သူသည် သူ၏ မိစ္ဆာစွမ်းအားများကို ထပ်ဖန်တစ်ခု ထုတ်ဖော်လိုက်၍ လင်းဖုန်း၏ ခံစစ်အား ကျော်လွှားနိုင်စေရန် ခြိမ်းခြောက်လိုက်သည်။

သို့သော်လည်း လင်းဖုန်း၏ ခန္ဓာကိုယ်သည့် နောက်ထပ် အသွင်ပြောင်းလဲခြင်း တစ်မျိုးကို ထပ်ဖန်တစ်ခါ ဖော်ထုတ်လိုက်သည်။

သူ၏ မူလ ခန္ဓာကိုယ်သည် တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်နှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့အား ဆင့်ခေါ်လိုက်ကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အပေါ်သို့ အလစ် တိုက်ခိုက်ခဲ့သည်။

အသစ် ဖန်ဆင်းထားသော ပုံရိပ်မှာမူ ဟင်းလင်းပြင် ဘုရားကျောင်းဘက်သို့ လှည့်သွားသည်။

လင်းဖုန်းသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် သူ့အောက်မှ ပုံရိပ်ယောင် အလင်းတန်း ဘောလုံးအား ကြည့်နေရင်း ပြုံးလိုက်ကာ သူ၏ လက်ဝါးများကို ထပ်ဖန်တစ်ခု စုစည်းလိုက်သည်။

ထူးခြားဆန်းကြယ်သော စွမ်းအင် လှုပ်ရှားမှု တစ်ခုသည် ကောင်းကင်ကိုးလွှာ နန်းတော်တို့အား ရုတ်ခြည်းပင် လွှမ်းခြုံသွားခဲ့သည်။

ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည် အနည်းငယ် ထိတ်လန့်သွားကြသည်။ သူတို့၏ စွမ်းအားများကို အစွမ်းကုန် လျင်မြန်စွာ ဆင့်ခေါ်၍ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်များ အတွင်းမှ သူတို့၏ အလင်းတန်း ပုံရိပ်များကို ထောက်ပံ့ပေးခဲ့ကြသည်။

လင်းဖုန်းသည် ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာအား အသုံးပြုခဲ့ခြင်း ဖြစ်သည်ကို သူတို့က ချက်ချင်း မှတ်မိခဲ့သည်။

ဤမှော်ကျိန်စာသည် အခြားသူများ၏
ပူးပေါင်းခြင်းနှင့် အသွင်ပြောင်းလဲခြင်း
မှော်ကျိန်စာများကို နှောင့်ယှက် ဟန့်တားရာတွင်
အစွမ်းအထက်ဆုံး ဖြစ်သည်။

ခုတ်နှစ်ပါး မူလပြန်လာခြင်း
ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာ၏
လွှမ်းခြုံခြင်းကို ခံခဲ့ရအပြီးတွင် မဟာဟင်းလင်းပြင်
ကောင်းကင်ကိုးလွှာ နန်းတော်သည်
တုန်ခါလာသည့်ပုံ ပေါက်လာသည်။

ထူးခြားဆန်းကြယ်၍ ခန့်မှန်းရန် ခက်ခဲသော
အင်အားစုများသည် ကောင်းကင်ကိုးလွှာ

နန်းတော်များကို ဖျက်ဆီးဖြိုချရန်
ကြိုးစားနေခဲ့သည်။

ဤအချိန်၌ ထိုက်ရှိသူတော်စင်၊ ကျန်းရှိသူတော်စင်၊
ရွှမ်းရှိသူတော်စင်နှင့် လင်းတောက်ဟန်တို့၏
ခန္ဓာကိုယ်ပေါ်တွင်  အလင်းတန်းများ
ထွက်ပေါ်လာသည်။

ကောင်းကင်ကိုးလွှာ နန်းတော်တို့၏ အမြင့်ဆုံး
အလွှာတွင် စုစည်းနေသော ချန်ကောင်းကင်
မဟာဟင်းလင်းပြင် နတ်ဘုရား
အလင်းတန်းများသည် အောက်အလွှာများသို့
စတင်၍ ကျဆင်းလာကာ ကောင်းကင်ကိုးလွှာ
နန်းတော် တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်း၏ လွှမ်းခြုံခြင်းကို ခံခဲ့ရသော ကောင်းကင်ကိုးလွှာ နန်းတော်သည် တုန်ခါမှုမှ ရပ်တန့်သွားသည်။

တစ်ချိန်တည်းတွင် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည် ထိုးတက်လာရင်း လင်းဖုန်းထံသို့ လွှမ်းခြုံလာခဲ့သည်။

ကြေးမုံ အလင်းတန်းများက သူ့အပေါ်သို့ ကျရောက်လာသော အခါ လင်းဖုန်း၏ လုပ်ဆောင်ချက်များသည် နှေးကွေးသွားကာ လုံးဝ ရပ်တန့်လုနီးပါး ဖြစ်သွားခဲ့သည်။

ပတ်ဝန်းကျင်မှ ခရမ်းရောင် တိမ်တိုက်များနှင့် ကြည်လင်နေသော အလင်းတန်းများသည် ကြေးမုံ အလင်းတန်းများကြောင့် လျင်မြန်စွာနှင့် လွင့်ပြယ်သွား၍ မှေးမှိန်သွားကြသည်။ လင်းဖုန်း၏ ထိုပုံရိပ်သည် ကြေမွလုနီးပါး ဖြစ်နေ၍ ကိုယ်ပွား သုံးခု အဖြစ်သို့ ပြန်လည် ပြောင်းတော့မည့်ပုံ ပေါက်နေသည်။

အခြားတစ်ဘက်တွင် လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် တိုက်ခိုက်နေကြသည်။ ဇူရီ၊ ဝမ်လင်းနှင့် ကျားဖြူ မဟာပဏ္ဍိတတို့ကလည်း ကျင်းယန်ဟေးဒီးစ်၊ ရှီရှင်းဟေးဒီးစ်၊ ယွင်ချန်း ဟေးဒီးစ်တို့နှင့် တိုက်ခိုက်နေခဲ့ကြသည်။

ကျားဖြူ မဟာပဏ္ဍိတသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ယွင်ချန်း ဟေးဒီးစ်တို့အား ကြည့်နေရင်း သူ၏ မျက်လုံးများသည် အေးစက်လာခဲ့သည်။

ယခင် ကျားဖြူ မဟာပဏ္ဍိတ ဖြစ်သော သူ၏ဖခင်သည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ လက်အောက်တွင် ကြွေလွင့်ခဲ့ရခြင်း ဖြစ်သည်။

သူသည် ယခုအချိန်တွင် ယွင်ချန်း ဟေးဒီးစ်အား အသေအချာ ကြည့်နေရာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ဘာမှ မတတ်နိုင်ပဲ ကျားဖြူ မဟာပဏ္ဍိတအား အာရုံအနည်းငယ် စိုက်ခဲ့ရသည်။ ယွင်ချန်း ဟေးဒီးစ်သည် အလွန်အမင်း အစွမ်းထက်သော်လည်း စွမ်းအားဖျက်ဆီး

ကပ်ဘေးများကို ဆင့်ခေါ်နိုင်သော ကျားဖြူ
မဟာပဏ္ဍိတနှင့် ရင်ဆိုင်ခဲ့ရပါက
နောက်ဆုတ်ရမည်သာ ဖြစ်သည်။

ဤသို့ဆိုလျှင် ကျင်းယန်ဟေးဒီးစ်၊
ရှီရှင်းဟေးဒီးစ်တို့သည် ဇူရီ၊ ဝမ်လင်း၊ ကျားဖြူ
မဟာပဏ္ဍိတတို့နှင့် ရင်ဆိုင်ရာတွင် အသာစီး
ရနိုင်တော့မည် မဟုတ်ချေ။

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ဟင်းလင်းပြင်
ဘုရားကျောင်းဘက်မှ တိုက်ပွဲကိုလည်း
စောင့်ကြည့်နေခဲ့သည်။ သူ၏ကိုယ်ပွားသည် ကြေးမုံ
အလင်းတန်းများ၏ လွှမ်းခြုံမှုကို ခံနေရပြီး
ပြိုကျလုနီးပါး ဖြစ်နေသည်ကို တွေ့ခဲ့ရသော အခါ
သူသည် ထိတ်လန့် တုန်လှုပ်မသွားခဲ့ပဲ

ရွှေရောင်ရေကန်၏ အလယ်မှ မူလရွှေခွက်အား သူ၏ လက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။

မူလရွှေခွက် အတွင်းမှ ရွှေရောင် အရည်များသည် စီးဆင်းနေသော အလင်းတန်းများ အဖြစ်သို့ ပြောင်းသွား၍ ကောင်းကင်အတွင်းသို့ ထိုးတက်သွားကာ ကြေးမုံ အလင်းတန်းများ၏ ဝန်းရံခြင်းကို ခံနေရသည့် ကိုယ်ပွားထံသို့ ရောက်လာသည်။

အဖြစ်အပျက်သည် ထူးခြားဆန်းကြယ်သော်လည်း ဤရွှေရောင် အလင်းတန်းများက ကိုယ်ပွားအနားသို့ ရောက်သွားသော အခါ ကြေးမုံ အလင်းတန်းများ၏ အကျိုး သက်ရောက်မှုများက ကျဆင်းသွားသည်။ ကြေးမုံ အလင်းတန်းများသည် မှေးမှိန်လာကာ

ရေမျက်နှာပြင်ပေါ်မှ လှိုင်းတွန့်များကဲ့သို့
အနည်းငယ် လှုပ်ရှားသွားခဲ့သည်။

လင်းဖုန်း၏ ကိုယ်ပွားသည် ပြန်လည်၍
လွတ်လပ်သွားခဲ့သည်။ ကောင်းကင်
သယ်ယူပို့ဆောင်ခြင်း နည်းစနစ်ကို
ထုတ်ဖော်လိုက်ပြီး သူသည် ကြေးမုံ
အလင်းတန်းများ ထံမှ လွတ်မြောက်သွားခဲ့သည်။

"ဒါက..." ထိုက်ရှီသူတော်စင်နှင့်
ကျန်သောသူများသည် သူတို့၏ မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။ သူတို့သည်
ရွှေရောင်အလင်းတန်းနှင့် အန္တိမ
ကောင်းကင်ကြေးမုံ၏ အလင်းတန်းများ အတွင်းမှ
ပြောင်းလဲမှုများကို အာရုံခံနိုင်ခဲ့၍

ဘာဖြစ်နေသည်ကို ချက်ချင်း
သဘောပေါက်သွားခဲ့ကြသည်။

"သူက ဝိညာဉ်ပင်လယ် အတွင်းက
မဟာတာအိုတွေကို ဖော်ပြထားတဲ့ အလင်းတန်းကို
အသုံးပြုပြီးမှ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့
ကြမ္မာပန်းတိုင်တွေနဲ့ အားဖြည့်ထားတဲ့ အန္တိမ
ကောင်းကင်ကြေးမုံရဲ့ အကျိုးသက်ရောက်မှုတွေကို
ချေဖျက်ခဲ့တာပဲ"

"မူလရှေ့ခွက်က ဘယ်လို အရာမျိုးလဲ"

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ
လင်းတောက်ဟန်၏ အကြည့်က

လင်းလက်လာသည်။ "ကျွန်တော်တို့က မှားယွင်း တွက်ချက်ခဲ့ကြတယ်... ဝိညာဉ်ပင်လယ်ဟာ ကျွန်တော်တို့အတွက် အိမ်ကွင်း အားသာချက်လို ဖြစ်နေပေမဲ့ လင်းဖုန်းကလည်း အတူတူပဲ"

"ဝိညာဉ်ပင်လယ် အတွင်းမှာသာ သူက ဒီလိုမျိုး နည်းလမ်းကို အသုံးပြုနိုင်ပြီး အန္တိမ ကောင်းကင်ကြေးမုံရဲ့ စွမ်းအားတွေကို ချေဖျက်နိုင်တာ... သူက အလင်းတန်း ပင်လယ်ရဲ့ အလယ်ဗဟို နေရာကို လုယူနိုင်ခဲ့တာ အဆန်းမဟုတ်ပါဘူး"

ရွှမ်းရီ သူတော်စင်က ပြောလိုက်သည် ။"အန္တိမ ကောင်းကင်ကြေးမုံရဲ့ အလင်းတန်းတွေကို တွန်းလှန်နေရင်း မူလရွှေခွက် အတွင်းက ရွှေရောင်

အလင်းတန်းတွေကလည်း လျော့ပါးလာခဲ့ပြီ…
သူက ဒီအခြေအနေကို ကြာကြာ ထိန်းထားနိုင်မှာ
မဟုတ်ဘူး"

ထိုက်ရီသူတော်စင်သည် ခေတ္တမျှ ငြိမ်သက်သွား
အပြီးတွင် ထရပ်လိုက်သည်။ "ဒီအတိုင်းဆိုရင်
ငါတို့နှစ်ဖွဲ့စလုံးရဲ့ စွမ်းအားတွေက ကုန်ခမ်းသွားပြီး
ကျန်တဲ့သူတွေက အမြတ်ရသွားလိမ့်မယ်…
နဂါးတွေက အခုအချိန်မှာ မရောက်သေးပေမဲ့
သူတို့က မကြာခင် ရောက်လာနိုင်တယ်"

"လင်းဖုန်းမှာလည်း တူညီတဲ့ အန္တရာယ် ရှိတယ်"
ကျန်းရီသူတော်စင်က ပြောလိုက်သည်။

ထိုက်ရှိသူတော်စင်က သူ၏ခေါင်းကို ခါလိုက်သည်။ "သူက ဒီလို လုပ်ရဲတယ် ဆိုတော့ သူ့မှာ အရန် အစီအစဉ် တစ်ခု ရှိလိမ့်မယ်နဲ့ တူတယ်... အခုအချိန်ဟာ ထိန်းထိန်းသိမ်းသိမ်း လုပ်ရမယ့် အချိန် မဟုတ်ဘူး... ကောင်းကင်ကိုးလွှာ နန်းတော်ကို ကြည့်ထားပါ... ငါက လင်းဖုန်းကို သွားရှာပြီး ရှေ့မတိုး နောက်မဆုတ်သာ အခြေအနေကို ချိုးဖျက်ဖို့ ကြိုးစားကြည့်မယ်"

သူ၏ စကားဆုံးသည်နှင့် သူသည် အရှေ့သို့ တက်လှမ်းသွားကာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်ထံမှ ထွက်သွားခဲ့သည်။

ထိုက်ရီသူတော်စင်သည် လေထုအလယ်တွင် လျှောက်လှမ်းနေရင်း သူ၏ မျက်လုံးများကို ပိတ်ထားသည်။ သူသည် တစ်လှမ်းပြီး တစ်လှမ်း ရှေ့တိုးလာရင်း လင်းဖုန်း၏ အရှေ့သို့ လျှင်မြန်စွာဖြင့် ရောက်လာသည်။

"မာစတာလင်း... ကျေးဇူးပြုပြီး..."
ထိုက်ရီသူတော်စင်သည် စကားပြောနေရင်း သူ၏ လက်များကို အရှေ့သို့ ဆန့်တန်းလိုက်သည်။ သူ၏ လက်များဖြင့် မှော်ကျိန်စာများကို ထုတ်ဖော်နေရင်း ကြီးကျယ် ခမ်းနားသော တံဆိပ်တစ်ခုကို ဖန်ဆင်းလိုက်သည်။

စီးဆင်းနေသော အလင်းတန်းများသည် လေထုအလယ်တွင် ရောမ အလင်းတန်း

ဘောလုံးတစ်ခုကို ဖန်ဆင်းခဲ့ပြီး ထိုဘောလုံးသည် အလှူကိုးလွှာ အဖြစ်သို့ ကွဲပြားသွားသည်။ သူသည် သေးငယ်သော မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်နှင့် တူနေသည်။

ထိုက်ရီသူတော်စင်သည် သူ၏ လက်ဝါးများကို တွန်းထုတ်လိုက်သော အခါ ဤအလင်းတန်း ဘောလုံးသည် လင်းဖုန်းအပေါ်သို့ ကျဆင်းလာသည်။

လင်းဖုန်းသည် သူ၏ မူလရွှေခွက်ထံသို့ ညွှန်ပြလိုက်ရာ ရွှေရောင် အလင်းတန်း တစ်တန်းသည် ကောင်းကင်ထံသို့ ထိုးတက်သွား၍ သူ့အနားသို့ နီးကပ်လာသော အနန္တမ

ကောင်းကင်ကြေးမုံ၏ အလင်းတန်းများကို
အားနည်းစေခဲ့သည်။

ပြီးတာနှင့် သူ၏ နဖူးပေါ်မှ ထိုက်ကျိုရုပ်ပုံသည်
အဆက်မပြတ် စတင်၍ လည်ပတ်လာသည်။ သူ၏
မျက်လုံးများ အတွင်းတွင် အလင်းတန်းများ
လင်းလက်နေရင်း အပြင်သို့ ထွက်လာကြ၍
ဟင်းလင်းပြင် ပေါ်သို့ ကျဆင်းလာပြီး
ထိုက်ကျိုရုပ်ပုံများ အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုက်ကျိုရုပ်ပုံ တစ်ခုချင်းစီ၏ အလယ်တွင်
တာအိုဆရာ တစ်ယောက် ထိုင်နေပြီး
ထိုတာအိုဆရာသည် လင်းဖုန်းနှင့် ဆင်တူနေသည်။

ပြီးတာနှင့် ထိုတာအို ဆရာများသည် သူတို့၏
လက်ချောင်းများကို ဆန့်တန်းလိုက်ကြကာ
ထိုက်ရီသူတော်စင်ထံသို့ ညွှန်ပြလိုက်သည်။

လင်းဖုန်းကလည်း သူ၏ လက်ချောင်းများဖြင့်
ညွှန်ပြလိုက်ရာ ကွဲပြားသော အချိန်ကာလနှင့်
လေဟာနယ် ဒိုင်မန်းရှင်းများက အတူတကွ
စုစည်းသွားသည်ဟု ထင်နေရသည်။
ထိုက်ကျိရုပ်ပုံများ၏ အလယ်ဗဟိုမှ
တာအိုဆရာတို့သည် ပျောက်ကွယ်သွားကာ
လင်းဖုန်းသာ ကျန်နေရစ်သည်။

မဟာတာအို အလင်းတန်းများသည် လုံးဝ
ကြီးစိုးလွှမ်းမိုးနိုင်မှု၏ အစစ်အမှန် အဓိပ္ပာယ်ကို

ဖော်ပြခဲ့ကာ ဝိညာဉ်ပင်လယ် တစ်ခုလုံးကို
တုန်ခါစေခဲ့သည်။

စကြာဝဠာနှင့် နက္ခတ်များသည် ဤအချိန်တွင်
စတင်၍ တုန်ခါလာပြီး ကြယ်စင်များက
ကျဆင်းလာသည်ကို တွေ့နိုင်သည်။

လင်းဖုန်း၏ စကြာဝဠာ ပြောင်းပြန်လှန်ခြင်းသည်
ကြီးမားသော စွမ်းအားတစ်ခုကို ထုတ်လွှတ်ခဲ့၍
ထိုက်ရီသူတော်စင်၏ လက်ဝါးအတွင်းတွင်
ကိုင်ထားသော မဟာဟင်းလင်းပြင်
ကောင်းကင်ကိုးလွှာ နန်းတော် အသေးစားသည်
ပြိုကွဲတော့မည့် လက္ခဏာများ ပေါ်လာသည်။

ထိုက်ရှိသူတော်စင်၏ အမူအရာသည်
မပြောင်းလဲခဲ့ပဲ သူ့လက်အတွင်းမှ
မှော်ကျိန်စာများသည် ထပ်ဖန်တစ်ခါ
ပြောင်းလဲသွားသည်။ မဟာဟင်းလင်းပြင်
ကောင်းကင်ကိုးလွှာ နန်းတော် အသေးစားသည်
ဝေဝါးလာကာ ထပ်ဖန်တစ်ခါ
အသွင်ပြောင်းသွားခဲ့သည်။

လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းမှ အသန်မာဆုံး
ဂိုဏ်းနှစ်ဂိုဏ်း၏ ခေါင်းဆောင်များသည် ဤအချိန်၌
နောက်ဆုံးတွင် အချင်းချင်း တိုက်ခိုက်ခဲ့ကြလေပြီ။

## စာစဥ် ၇၂ : အပိုင်း ၁

# အပိုင်း ၁၃၉၁ : ကောင်းကင် အကာအကွယ်ထီး အစစ်အမှန်

ထိုက်ရှိသူတော်စင်၏ မှော်ကျိန်စာများ ပြောင်းလဲသွားသော အခါ မဟာတာအို အလင်းတန်းများသည် ဟင်းလင်းပြင်အတွင်း၌ လင်းလက်လာကြသည်။ စီးဆင်းနေသော အလင်းတန်းများကလည်း သူ၏ စွမ်းအားများကို ထောက်ပံ့ပေးနေကြသည်။

သူတို့သည် အန္တိမ ကောင်းကင်ကြေးမုံမှ တဆင့် မလုပ်နေပဲ သူ၏ ခန္ဓာကိုယ်အား တိုက်ရိုက် အားဖြည့်ပေးနေကြခြင်း ဖြစ်သည်။

လင်းဖုန်း၊ ပဟေးဒီးစ်သားရဲများ၊ စကြာဝဠာ စကျင်ဗုဒ္ဓ၊ မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့သည် ဤအရာကို တွေ့ခဲ့ရသော အခါ သူတို့၏ မျက်လုံးများ လင်းလက်လာ၍ သူတို့၏ အာရုံတို့အား ထိုက်ရီသူတော်စင် အပေါ်သို့ စူးစိုက်လိုက်ကြသည်။

ထိုက်ရီသူတော်စင်သည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အား သူ၏ လက်အတွင်းတွင် ကိုင်ထားသည်။ ထိုနန်းတော်သည် အလွှာကိုးလွှာရှိနေ၍ ကျုံးကောင်းကင်၊ ရှန်ကောင်းကင်၊ ချုံးကောင်းကင်၊ ကန်းကောင်းကင်၊ ကွေကောင်းကင်၊ ကောကောင်းကင်၊ ရှန်းကောင်းကင်၊

စန်ကောင်းကင်နှင့် ချန်ကောင်းကင်တို့အား ဖော်ပြနေကြသည်။

သို့သော်လည်း ဤကောင်းကင် ကိုးလွှာတို့၏ နယ်နိမိတ်များသည် စတင်၍ မကြည်မလင် ဖြစ်လာကာ အသွင်မဲ့ ခေတ်ငွေ့တန်းများသည် ကောင်းကင်ကိုးလွှာ အားလုံးတို့အား ထိုးဖောက်သွားကြသည်။

အသွင်မဲ့ ဤခေတ်ငွေ့များသည် ကျုံးကောင်းကင်တံခါးထံမှ စတင် မြင့်တက်လာကာ ရှန်ကောင်းကင် ကြယ်အလင်းတန်းများကို ဖြတ်သန်းသွားခဲ့သည်။ ပြီးတာနှင့် သူသည် ချုံးကောင်းကင် အတွင်းမှ မဟာကမ္ဘာနှင့် ဆက်သွယ်ထားသော နယ်နိမိတ် အက်ကြောင်း၊

ကန်းကောင်းကင် အတွင်းမှ စကြာဝဠာ၊ ကြွေကောင်းကင် အတွင်းမှ လျှပ်စီး၊ ကောကောင်းကင် အတွင်းမှ ခမ်းနားထည်ဝါသော နတ်မြို့တော်၊ ရှန်းကောင်းကင် အတွင်းမှ ကမ္ဘာများနှင့် စန်ကောင်းကင်မှ နတ်လောကတို့ကို ဖြတ်သန်းသွားသည်။

ဖြစ်စဉ် တစ်ခုလုံးတွင် ခေတ်ငွေ့ အလင်းတန်းများသည် သူကြုံတွေ့ခဲ့သော အရာအားလုံးကို လမ်းညွှန်ခဲ့သည်။ တံခါး၊ ကြယ်အလင်းတန်း၊ လျှပ်စီး၊ နတ်မြို့တော်၊ နတ်လောကတို့ အားလုံးသည် ဤခေတ်ငွေ့များ အတွင်းတွင် ရှိနေကြသည်။ သူသည် အလွှာကိုးလွှာ အထိ မြင့်တက်သွား၍ ထူးခြား ဆန်းကြယ်သော

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်း အတွင်းသို့ ဝင်သွားသည်။

သို့သော်လည်း ဤအဆင့်သို့ ရောက်ခဲ့သည့်တိုင်အောင် ဤဓာတ်ငွေ့ အလင်းတန်းသည် မရပ်တန့်ခဲ့ပေ။ သူသည် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား ထိုးဖောက်၍ ဆက်လက် မြင့်တက်သွားသည်။

ဤဓာတ်ငွေ့ အလင်းတန်းသည် ကောင်းကင်ကိုးလွှာ နန်းတော် တစ်ခုလုံးကို ဝေဝါးစေ၍ နန်းတော် တစ်ခုလုံးအား သူ၏ အစိတ်အပိုင်း တစ်ခုအဖြစ် လုပ်ခဲ့သည်။ ပြီးတာနှင့်

သူသည် ကောင်းကင်ကိုးလွှာကို ဖြတ်သန်း၍ အပေါ်သို့တိုင်အောင် မြင့်တက်သွားခဲ့သည်။

ကောင်းကင်ကိုးလွှာ၏ အပေါ်တွင် ပို၍ ကြီးမြတ်သော တစ်စုံတစ်ရာ ရှိနေသေးသည်။ ထိုအရာသည် ကောင်းကင်အလွန်မှ မော်လောက ဖြစ်သည့် ဒဿမ ကောင်းကင်နန်းတော်ပင် ဖြစ်သည်။

ဤမော်လောက အတွင်းတွင် ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအို အလင်းတန်းများသည် သူ့ထံသို့ နီးကပ်လာသကဲ့သို့ ဖြစ်နေသည်။ ရွှေရောင်ရေကန်၏ အလယ်မှ မူလရွှေခွက်သည် ဤအချိန်၌ စတင်၍ တုန်ခါလာခဲ့သည်။

မဟာတာအို အလင်းတန်းများက သူ့ထံသို့ စုစည်းလာကြသော အခါ ဤခါတ်ငွေ့ အလင်းတန်းများသည် ပုံစံအမျိုးမျိုး ပြောင်းသွားကာ အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာသည်။

သို့သော်လည်း စီးဆင်းနေသော အလင်းတန်း အဖြစ်သို့ ပြောင်းသွားသော ဤဓါတ်ငွေ့တန်းသည် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းထက်ပင် ပို၍ ခန့်မှန်းရ ခက်ခဲသည်။ သူ၏ ပုံစံကို ဖော်ပြရန် အမတန်မှ ခက်ခဲပြီး အားလုံးတို့က ဉာဏ်မမီနိုင် ဖြစ်နေခဲ့သည်။

ဤအရာသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ သမိုင်းအတွင်းတွင် အသန်မာဆုံး အကွက်ဖြစ်သော သာလွန်ကောင်းကင် မှော်ကျိန်စာပင် ဖြစ်သည်။

ရှေးဟောင်းခေတ်မှ စ၍ ယနေ့ အချိန်အထိ ဟင်းလင်းပြင် ဘုရားကျောင်းတွင် ကျင့်ကြံသူ သုံးယောက်တို့ကသာ ဤမှော်ကျိန်စာကို ကျင့်ကြံနိုင်ခဲ့ခြင်း ဖြစ်သည်။

ဤကျင့်ကြံသူ သုံးယောက်တို့သည် လူသားကျင့်ကြံမှု ကမ္ဘာသမိုင်း အတွင်းမှ ထိပ်သီး ကျင့်ကြံသူ ငါးယောက်အတွင်းတွင် ပါသည်။

သူတို့ အနက်မှ တစ်ယောက်သည် ဟင်းလင်းပြင် ဘုရားကျောင်း၏ တည်ထောင်သူ ဖြစ်သော မဟာဟင်းလင်းပြင် သူတော်စင် ဖြစ်သည်။ သူသည် ဤနည်းစနစ်အား ဖန်တီးခဲ့သူလည်း ဖြစ်သည်။

နောက်တစ်ယောက်မှ လူသား ကျင့်ကြံမှု ကမ္ဘာသမိုင်း အတွင်းတွင် အကောင်းဆုံးသော တိုက်ခိုက်သူ ဖြစ်ပေလိမ့်မည်။ သူသည် ချီကေရာ၏ ဝန်ချီယန်ပင် ဖြစ်သည်။

နောက်ဆုံး တစ်ယောက်မှာ သူ၏ အထွတ်အထိပ် အချိန်တွင် လက်ရှိခေတ်၏ နတ်ဘုရား နယ်မြေ အတွင်းတွင် ပြိုင်ဘက်ကင်း နံပါတ်တစ် ကျင့်ကြံသူ ဖြစ်သော ထိုက်ရီသူတော်စင်ပင် ဖြစ်သည်။

ထိုက်ရီသူတော်စင်သည် သူ၏ မျက်လုံးများကို ဆက်လက်၍ ပိတ်ထားခဲ့သော်လည်း လင်းဖုန်းသည် တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်က သူ့အား စောင့်ကြည့်နေသကဲ့သို့ ခံစားနေရသည်။ ဤအရာသည် ထိုက်ရီသူတော်စင်ထံမှ အစပြုလာခြင်း ဖြစ်သည်။

စီးဆင်းနေသော ထိုအလင်းတန်း ပေါ်လာသော အခါ လင်းဖုန်း၏ ကိုယ်ပွားသည် ပို၍ပို၍ မတည်မငြိမ် ဖြစ်လာသည်။ ထိုက်ကျိရုပ်ပုံများသည် ဟင်းလင်းပြင် အတွင်းတွင် ပြန်ပေါ်လာ၍ အချိန်ကာလသည် ဤအချိန်၌ ပြောင်းပြန်ဖြစ်သွားသကဲ့သို့ ဖြစ်နေသည်။ လင်းဖုန်း၏ နည်းစနစ်များနှင့် သဘာဝလွန်

အသိစိတ်များတို့ပင် ဤအချိန်၌
ပြောင်းပြန်လှန်နေသကဲ့သို့ ဖြစ်နေသည်။

ထိုက်ရီသူတော်စင်သည် သူ၏ လက်ချောင်းများကို
ဆန့်တန်းခဲ့သော အခါ စီးဆင်းနေသော
ထိုအလင်းတန်းသည် လင်းဖုန်း၏ နဖူးထံသို့
ပြေးဝင်လာသည်။

စီးဆင်းနေသော ထိုအလင်းတန်း
ဖြတ်သန်းသွားသော နေရာတိုင်းတွင်
ဟင်းလင်းပြင်သည် အသံမြည်လာခဲ့သည်။
သို့သော်လည်း သူတို့သည် ငိုကြွေးသံများ မဟုတ်ပဲ
ပျော်ရွှင် မြူးတူးနေသော အသံများနှင့်သာ
တူနေသည်။

ထိုက်ရှီသူတော်စင်က သူ၏ လက်ချောင်းများဖြင့် ညွှန်ပြလိုက်သော အခါ မဟာတာအိုသည် ရှင်လန်း တက်ကြွလာခဲ့သည်။

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား နှောင့်ယှက်နိုင်သော စကြာဝဠာ ပြောင်းပြန်လှန်ခြင်းသည် ဤအချိန်၌ ယိုယွင်းသွားသည်ဟု ထင်နေရသည်။ သူ၏ အကျိုးသက်ရောက်မှုများသည် ပျက်ပြယ်သွားသည်။

လင်းဖုန်း၏ အပေါ်မှ အနက်ရောင် စကြာဝဠာကလည်း ဤအချိန်တွင် တည်ငြိမ်လာခဲ့သည်။ ကြယ်တာရာများသည်

သူတို့၏ မူလ လမ်းကြောင်းများ အတိုင်း ပုံမှန် လှုပ်ရှားနေ၍ ပြန်လည် အေးချမ်းလာခဲ့သည်။

လင်းဖုန်းသည် ထိုက်ရှီသူတော်စင်၏ လက်ချောင်းအား စိုက်ကြည့်နေရင်း သူ၏ ရင်အတွင်းမှ တစ်စုံတစ်ရာ ခံစားခဲ့ရသည်။ အကယ်၍ ထိုက်ရှီသူတော်စင်၏ လက်ချောင်းသည် သူ့အား ရိုက်ခတ်နိုင်ခဲ့ပါက သူ၏ ကိုယ်ပွားသည် ပျက်စီးသွားရုံသာ မက သူ၏ မူလ ခန္ဓာကိုယ်ကပင် ထိခိုက်သွားနိုင်သည်။

အကယ်၍ အခြား မှော်ကျိန်စာများသာ ဖြစ်ပါက သူ၏ ကိုယ်ပွားကသာ ပျက်စီးသွားမည် ဖြစ်သော်လည်း ဤသာလွန်ကောင်းကင် မှော်ကျိန်စာသည် အမတန်မှ အစွမ်းထက်လှသဖြင့်

သူ၏ လက်ချောင်း ညွှန်ပြလိုက်သော အခါ လင်းဖုန်းသည် ဘက်ပေါင်းစုံမှ ထိခိုက်သွားမည် ဖြစ်သည်။

ထိုက်ရီသူတော်စင်၏ လက်ချောင်းထိပ်ဖျားတွင် အလင်းစက် တစ်စက်သာ ရှိနေသကဲ့သို့ ဖြစ်နေသော်လည်း သူသည် မဟာကမ္ဘာ၏ ကြမ္မာပန်းတိုင်အား လမ်းညွှန်နိုင်၍ ကြီးမားသော ဖိနှိပ်နိုင်စွမ်း တစ်ခုကို ပေးနိုင်သကဲ့သို့ ဖြစ်နေသည်။

ဗုဒ္ဓသည် ထိုအချိန်က ဝန်ချီယန်၏ ဖိအားအပေးခံခဲ့ရ၍ မီရူတောင် အတွင်းသို့ ဆုတ်ခွာသွားရသည်မှာ အဆန်းမဟုတ်ပေ။ ဤနည်းစနစ်သည် အမှန်ပင် လူသား ကျင့်ကြံမှု

ကမ္ဘာအတွင်းတွင် အသန်မာဆုံး နည်းစနစ် ဖြစ်ပေသည်။

မူလရွှေခွက်သည် မဟာတာအို၏ စွမ်းအားများကို စုစည်း၍ သာလွန်ကောင်းကင် မှော်ကျိန်စာအား ရင်ဆိုင်ရန် ကြိုးစားခဲ့ရာ သူသည် မတတ်နိုင်ပဲ ပြင်းထန်စွာနှင့် တုန်ခါသွားသည်။ သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံ၏ ကြေးမုံ အလင်းတန်းများသည် ထွက်ပေါ်လာ၍ တိုက်ခိုက်လိုက်သည်။ ဤတိုက်ခိုက်မှုသည် မရပ်မနား တိုက်ခိုက်မှု ဖြစ်သည်။

လင်းဖုန်း၏ အမူအရာသည် လေးနက်သွားကာ သူ၏ လက်ညှိုးနှစ်ချောင်းအား အတူတကွ စုစည်းလိုက်၍ အရှေ့သို့ ညွှန်ပြလိုက်ရာ အဖြူနှင့်

အနက်ရောင် အလင်းတန်း တစ်တန်းစီ ထွက်ပေါ်လာကြသည်။ သူတို့သည် ထိုက်ရီသူတော်စင်၏ သာလွန်ကောင်းကင် မှော်ကျိန်စာနှင့် ရင်ဆိုင်ခဲ့ရသော အခါ အချင်းချင်း ယှက်သန်းသွားကြသည်။

ထာဝရ ကပ်ဘေး အလင်းတန်းအား ဖော်ထုတ်လိုက်သော အခါ ထိုက်ရီသူတော်စင်၏ အားကောင်းသော အရှိန်အဝါသည် အနည်းငယ် မှေးမှိန်သွားသည်။

အလင်းတန်း ပင်လယ်အတွင်းမှ မဟာတာအို အလင်းတန်းများသည် ယခုအချိန်၌ ထာဝရ ကပ်ဘေး အလင်းတန်း၏ ဆွဲဆောင်မှုကို ခံခဲ့ရသည်။ အချိန်မြစ်ရေ၏ စွမ်းအားများသည်

ထာဝရ ကပ်ဘေး အလင်းတန်းအား ထောက်ပံ့နေ၍
ထူးခြားဆန်းကြယ်ကာ ခမ်းနား ထည်ဝါလာခဲ့သည်။

ကောင်းကင်ကိုးလွှာ၏ အပေါ်မှ ဒဿမ
ကောင်းကင်ကပင် ကြမ္မာပန်းတိုင်၏
အသွင်ပြောင်းလဲမှုကို မခုခံနိုင်ခဲ့ပေ။

ထာဝရ ကပ်ဘေး အလင်းတန်း၏
အကျိုးသက်ရောက်မှု အောက်တွင်
သာလွန်ကောင်းကင် မှော်ကျိန်စာဖြင့်
ဖန်ဆင်းထားသည့် စီးဆင်းနေသော
အလင်းတန်းများသည် ဖြည်းဖြည်းချင်း
လွင့်ပြယ်သွားကြသည်။

ဤမြင်ကွင်းအား မြင်တွေ့ခဲ့ရသော အခါ စကြာဝဠာ စကျောင်ဗုဒ္ဓက ပြုံးလိုက်သည်။ "ထိုက်ရီသူတော်စင်ရဲ့ မဟာတာအို အခြေခံတွေက ဒဏ်ရာရသွားခဲ့တယ်... မဟုတ်လို့ရှိရင် တစ်ယောက်ဟာ ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေး နောက်ဆုံးအဆင့်ကို ပြီးမြောက်ထားခြင်း မရှိပဲနဲ့ သာလွန်ကောင်းကင် မှော်ကျိန်စာကို ခုခံနိုင်မှာ မဟုတ်ဘူး"

ထာဝရ ကပ်ဘေး အလင်းတန်းကို ကြည့်နေခဲ့ရင်း ထိုက်ရီသူတော်စင်၏ အမူအရာသည် ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။

သူသည် သာလွန်ကောင်းကင် မှော်ကျိန်စာကို အသုံးပြု၍ ဗီပရာလိုပါ အဆင့်မှ မိစ္ဆာများကို

သူ့ဘာသာသူ အနိုင်ယူနိုင်စွမ်း ရှိသော်လည်း ဤအချိန်တွင် သူသည် သက်ပြင်းကိုသာ ချနိုင်ခဲ့သည်။

ဤအချိန်တွင် ထိုက်ရှီသူတော်စင်၏ ခန္ဓာကိုယ် အပေါ်တွင် ကျိုးပဲ့နေသော သလင်းကျောက် တစ်ခုနှင့် ဆင်တူနေသည့် အလင်းတန်း တစ်တန်း လင်းလက်လာသည်။ ထိုအလင်းတန်းသည် သူ့အား အကာအကွယ် ပေးခဲ့ခြင်း ဖြစ်သည်။

ထိုအလင်းတန်း အရံအတား အလွှာ၏ လွှမ်းခြုံခြင်းကို ခံခဲ့ရသော အခါ ထိုက်ရှီသူတော်စင်သည် ကပ်ဘေးနှင့် ကပ်ဆိုးများ မရှိတော့သည့် လောကအတွင်းသို့ ရောက်သွားသကဲ့သို့ ဖြစ်သွားသည်။ မည်သည့်

မှော်ကျိန်စာနှင့် နတ်ဆိုးများမှ သူ့အား ထိတွေ့နိုင်ခြင်း မရှိတော့ပေ။ သူသည် အမှောင်ထုနှင့် ထိတွေ့ခြင်း မရှိတော့သလို အသတ်ခံရနိုင်ခြင်းလည်း မရှိတော့ပေ။

သာလွန်ကောင်းကင် မှော်ကျိန်စာ၏ စွမ်းအားများသည်လည်း ထာဝရ ကပ်ဘေး အလင်းတန်းကို အားနည်းစေခဲ့သည်။ ထာဝရ ကပ်ဘေး အလင်းတန်းသည် ထိုက်ရီသူတော်စင်၏ ခန္ဓာကိုယ် အပေါ်သို့ ကျရောက်လာသော အခါ ထိုအလင်းတန်း အရံအတား၏ တားဆီးမှုကို ခံခဲ့ရသည်။

ဤမှော်အလင်းတန်း အရံအတားသည် ကျိုးပဲ့နေသော အလင်းကျောက် အပိုင်းအစများနှင့်

ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။ ကျိုးပွဲ့နေသော ထိုသလင်းကျောက် အပိုင်းအစ တစ်ခုချင်း အပေါ်တွင် မှော်သင်္ကေတ တစ်ခုစီ ရှိနေပြီး ထိုသင်္ကေတများ တစ်ခုချင်းစီသည် ပို၍ သေးငယ်သော မန္တန်များဖြင့် ဖန်ဆင်းထားခြင်း ဖြစ်သည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းတွင် စုစည်းနေ၍ မဟာဟင်းလင်းပြင် သူတော်စင်သည့် ဤကမ္ဘာနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေသည်။

ကျိုးပွဲ့နေသော သလင်းကျောက် တစ်စစီသည် ကမ္ဘာတစ်ခုနှင့် တူနေကာ သင်္ကေတ တစ်ခုချင်း အပေါ်တွင် နတ်ဘုရား တစ်ပါး ထိုင်နေသကဲ့သို့ ဖြစ်နေသည်။ ထိုနတ်ဘုရားများသည် မဟာတာအိုကို ရွတ်အံနေကြသည်။ လင်းဖုန်းသည် ထိုအလင်းတန်း အရံအတား အတွင်းတွင် ရှိနေသော

စွမ်းအားများနှင့် ကောင်းစွာ ရင်းနှီး ကျွမ်းဝင်နေပေသည်။

ဤအရာသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ စွမ်းအား သဘောတရား ဖြစ်သည်။

ဤအရာသည် မဟာဟင်းလင်းပြင် သူတော်စင် ပိုင်ဆိုင်သော မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖြစ်သည်။ သူ့အား ကပ်ဘေးဆန့်ကျင် မြင့်မြတ်သော အလင်းတန်းဟု ခေါ်သည်။ ဤမြင့်မြတ်သော အလင်းတန်းသည် အဆုံးမဲ့ကာ မည်သည့် မှော်ကျိန်စာကမှ ထိုးဖောက်၍ မရချေ။

အန္တိမ ကောင်းကင်ကြေးမုံ၊ ဤမြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့် အန္တိမ ယင်ယန် ဟင်းလင်းပြင် ဝက်ပါတို့ကြောင့်သာ ထိုက်ရှိသူတော်စင်သည် ဟေးဒီးစ် ကေရာဇ်၏ တိုက်ခိုက်မှုများမှ အသက်ရှင် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် ကပ်ဘေးဆန့်ကျင် မြင့်မြတ်သော အလင်းတန်းသည် သူ၏ နတ်အစွမ်းများကို ထပ်ဖန်တစ်ခါ ပြသခဲ့သည်။ သူသည် ထိုက်ရှိသူတော်စင်အား ကူညီကာ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းကို ခုခံပေးခဲ့သည်။

သာလွန်ကောင်းကင် မှော်ကျိန်စာက တိုက်စစ်ဆင်၍ ကပ်ဘေးဆန့်ကျင် မြင့်မြတ်သော

အလင်းတန်းက ခံစစ်ခုခံကာ သူတို့သည် အချင်းချင်း ပြီးပြည့်စုံစွာ အပေးအယူ မှုနေကြသည်။ ဤအရာသည် ထိုက်ရီသူတော်စင်၏ စွမ်းအားများကို ဖော်ပြခဲ့ကာ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်း၏ တိုက်ခိုက်မှုအောက်တွင် အသက်ရှင်စေခဲ့သည်။

ထာဝရ ကပ်ဘေး အလင်းတန်း၏ တိုက်ခိုက်ထံမှ ကာကွယ်နိုင်ခဲ့သောလည်း ထိုက်ရီသူတော်စင်သည် အဆက်မပြတ် တိုက်ခိုက်မှုများကြောင့် နောက်ဆုတ်ခဲ့ရသည်။

လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း ထိုက်ရီသူတော်စင်အား ကြည့်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ခင်ဗျားက

သူတို့တွေ ပြောကြတဲ့ အတိုင်း တကယ်ပဲ အစွမ်းထက်လှပါတယ်"

ထိုက်ရှီသူတော်စင်က သက်ပြင်းချ၍ ပြောလိုက်သည်။ "မာစတာလင်း... ခင်ဗျားက အရမ်း နှိမ့်ချတာပဲ... ဒီကိုယ်ပွားရဲ့ စုစည်းမှုကို ထိန်းသိမ်းထားနိုင်ဖို့ ခင်ဗျားက နည်းလမ်းမျိုးစုံ အသုံးပြုခဲ့တယ်... ဒါပေမဲ့ ခင်ဗျားက သူတို့ကို ကြာကြာ ထိန်းထားနိုင်မှာ မဟုတ်ဘူး... တကယ်လို့ ဒါက ခင်ဗျားရဲ့ မူလ ခန္ဓာကိုယ်သာ ဖြစ်ခဲ့ရင် ကျုပ်က ခင်ဗျားရဲ့ တိုက်ခိုက်မှုတွေကို ခံနိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည် ။"ထိုက်ရှီသူတော်စင်... ခင်ဗျားက သိပ်ပြီးမှ

စကားလျှော့ပြောစရာ မလိုပါဘူး... အခုအချိန်မှာ ခင်ဗျားက အကောင်းဆုံး အခြေအနေမှာ ရှိမနေဘူး... အခုအချိန်က ကျုပ်တို့ရဲ့ စွမ်းရည်တွေကို ယှဉ်ပြိုင်ရမယ့် အချိန်မဟုတ်ဘူး... ဘာပဲပြောပြော ကျုပ်တို့က ဝိညာဉ်ပင်လယ် အတွက် ယှဉ်ပြိုင်နေတာ... ကျုပ်တို့က ကျုပ်တို့ရဲ့ ရည်မှန်းချက်တွေ ပြည့်နိုင်ဖို့အတွက် ကျုပ်တို့မှာ ရှိတဲ့ နည်းလမ်းတွေ အားလုံးကို အသုံးပြုခဲ့တာပဲ ဖြစ်တယ်"

သူသည် မူလရွှေခွက်ကို အသုံးပြုကာ နောက်ထပ် အလင်းတန်း တစ်တန်းကို ထုတ်လွှတ်လိုက်ပြီး အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများအား ခုခံလိုက်သည်။ ပြီးတာနှင့် သူသည် အလောတကြီး ဖြစ်မနေပဲ ပြောလိုက်သည်။ "ကျုပ်ဆီမှာ

ကျူပ်လိုချင်တဲ့ အချိန်တွေ ရှိနေတယ်… ခဏာကျရင် ခင်ဗျားတို့ရဲ့ နည်းလမ်းတွေကို ကြည့်ရမှာပဲ"

သူ၏ စကားဆုံးသည်နှင့် လင်းဖုန်းသည် မူလရွှေခွက် အတွင်းသို့ ဆင်းသက်သွားသည်။ အခြားတစ်ဘက်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် တိုက်ခိုက်နေသည့် သူ၏ မူလ ခန္ဓာကိုယ်သည်လည်း ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများကို သယ်ဆောင်ကာ မူလရွှေခွက် အတွင်းသို့ ဆင်းလာခဲ့သည်။

လင်းဖုန်း၏ စကားများကို ကြားခဲ့ရအပြီးတွင် အားလုံးတို့သည် တုန်လှုပ်သွားကြသည်။ မူလရွှေခွက် အတွင်းမှ အရည်များကို အသုံးပြုပြီးသွားသော်လည်း ရေအိုင်အတွင်းတွင်

ဝဲကတော့ တစ်ခုက ပေါ်လာခဲ့သည်။ ထိုဝဲကတော့ အတွင်းတွင် မူလရှေ့ခွက်သည် ကြီးမားလာကာ လင်းဖုန်းနှင့် ကျန်သောသူများကို သယ်ဆောင်ထားခဲ့သည်။ ပြီးတာနှင့် သူသည် ဝဲကတော့၏ အောက်ခြေသို့ နစ်မြုပ်သွားသည်။

ဤအခြေအနေကို မြင်ခဲ့ရသော အခါ ဟောဒီးစ်မျိုးနွယ်စု၊ ဟင်းလင်းပြင် ဘုရားကျောင်း၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် မျောက်တို့သည် လင်းဖုန်းနှင့် ကျန်သောသူများအပေါ်သို့ ခုန်အုပ်လာကြသည်။

လင်းဖုန်းက မူလရှေ့ခွက် အတွင်းတွင် တင်ပလ္လင်ခွေ ထိုင်နေရင်း ပြုံးလိုက်သည်။ သူ၏ မျက်လုံးများကို

မိုတ်လိုက်ကာ တရားထိုင်နေသည့်ပုံ
ပေါက်နေသည်။

သူ၏ ကိုယ်ပွားသည် ရောမ အနက်ရောင်
ထီးကြီးတစ်ချောင်းကို ထုတ်ကိုင်လိုက်သည်။

ဤထီးကြီး၏ မျက်နှာပြင်သည် ညစ်ပတ်နေကာ
မှိုတက်နေသည့် နေရာများ ရှိနေသည်။ သူသည်
ပျက်စီးနေသည့်ပုံ ပေါက်နေသော်လည်း
လင်းဖုန်းက သူ၏ လက်ချောင်းဖြင့်
ညွှန်ပြလိုက်သော အခါ သေးငယ်သော
အနက်ရောင် စေတီတစ်ဆူက ထွက်လာကာ
ထီး၏အလယ်သို့ ကျရောက်သွားသည်။

ဤစေတီ၏ အရွယ်အစားသည် ဆက်လက်၍ ကျုံ့ဝင်လာခဲ့သည်။ သူသည် ထီးပေါ်သို့ ကျဆင်းလာသော အခါ ထီး၏ ထိပ်ဖျားနှင့် တူနေခဲ့သည်။

လင်းဖုန်းသည် ထီးကို ကိုင်ထား၍ တစ်ဘက်သို့ လှည့်လိုက်သည်။ မူလရွှေခွက်သည် ရွှေရောင် ရေအိုင်၏ ရေပြင်ကို မြင့်တက်လာစေခဲ့ကာ ရေများသည် ထီးပေါ်သို့ ကျဆင်းသွားသည်။ အနက်ရောင် စေတီသည် ထီးအပေါ်မှ ရေများနှင့် အတူ စီးဆင်းနေသော အလင်းတန်းများဖြင့် ထိုးတက်လာသည်။

ထီးပေါ်မှ ညစ်ပတ်၍ မှိုတက်နေသော
နေရာများသည် ချက်ချင်း
ပျောက်ကွယ်သွားကြသည်။

လင်းဖုန်းသည် ထီးအား မြှောက်လိုက်ရာ
ခဏအကြာတွင် ခက်ထန် ကြမ်းတမ်းသော
တိုက်ခိုက်မှုများ အားလုံးတို့သည် ထီးအပေါ်သို့
ကျရောက်လာကြလေသည်။

သို့သော်လည်း ထီးနှင့် ထီးပေါ်မှ အနက်ရောင်
စေတီတို့သည် တောက်ပသော အလင်းတန်းများဖြင့်
စတင်၍ လင်းလက်လာကာ တိုက်ခိုက်မှုများ
အားလုံးတို့ကို တားဆီးနိုင်ခဲ့သည်။

ထီးကြီးသည် ကောင်းကင်အား မိုးထားသော အခါ
သူသည် ကပ်ဆိုးများ အားလုံးတို့ကို
ကြောက်ရွံ့နေခြင်း မရှိပေ။

"ဒီရတနာဟာ အခုအချိန်မှာ ကောင်းကင်
အကာအကွယ်ထီး အစစ်အမှန် ဖြစ်သွားပြီ"
လင်းဖုန်းသည် ထီးအောက်တွင်
သက်တောင့်သက်သာ ထိုင်နေကာ
ထိုက်ရီသူတော်စင်အား ပြုံးပြလိုက်သည်။
"ကျုပ်ရဲ့ထီးဟာ ခင်ဗျားရဲ့ ကပ်ဘေးဆန့်ကျင်
မြင့်မြတ်သော အလင်းတန်းထက် ပိုပြီးမှ
ကောင်းမွန်တဲ့ ခံစစ်ရှိတယ်နဲ့ တူတယ်"

စာစဥ် ၇၂ : အပိုင်း ၂

## အပိုင်း ၁၃၈၂ : ကောင်းကင်အား ကာကွယ်ထားသောထီး၊ လွှမ်းခြုံလာသော ကစဉ့်ကလျား ဖြစ်မှုများ

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် မူလရွှေခွက်၏ အလယ်တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် သူ၏ မျက်လုံးများကို မှိတ်ထားပြီး စီးဆင်းနေသော အလင်းတန်းများသည် ဘက်ပေါင်းစုံမှ မူလရွှေခွက်ထံသို့ စတင်၍ စုစည်းလာကြသည်။

ပြီးတာနှင့် မူလရွှေခွက်သည် လင်းဖုန်းနှင့် ဆက်သွယ်ခဲ့ကာ သူ၏ ခန္ဓာကိုယ်အား စီးဆင်းနေသော အလင်းတန်းများဖြင့် ပြည့်လာစေခဲ့ကာ မဟာတာအို အလင်းတန်းများသည် သူ၏ ခန္ဓာကိုယ်မှ

ယိုစီးလာခဲ့သည်။ ဤအဖြစ်သည် မူမမှန်သော်လည်း မှော်ဆန်လှပေသည်။

ကျန်သောသူများ အားလုံးတို့သည် ထိုအရာကို မြင်ခဲ့ရသော အခါ သူတို့၏ မျက်နှာများသည် လေးနက်လာကြသည်။ မဟာတာအိုဖြင့် ဖန်ဆင်းထားသော အလင်းတန်းများသည် တုန်ခါလာသည်ကို သူတို့က ကောင်းစွာ ခံစားနေရသည်။

ဤအချိန်တွင် လင်းဖုန်းသည် သူ၏အရှေ့မှ ရွှေရောင်ရေကန်မှ တဆင့် ဝိညာဉ်ပင်လယ်အား ကျင့်ကြံနေသည်မှာ သိသာနေသည်။

လင်းဖုန်းသည် မူလ ရွှေခွက်မှ တဆင့် ရေအိုင်၏
အလယ်ထံသို့ ဆင်းသက်သွားသည်။
ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မျက်လုံးများသည်
အေးစက်လာ၍ သူ၏ လက်သည်းများဖြင့်
ကုတ်ဆွဲလိုက်ပြီး အစောပိုင်းက
ကောင်းကင်ယောက်သွား ရွှေပုလဲအား
နောက်ဆုတ်စေခဲ့သည့် ဦးချိုပဲ့ကလည်း
ရေအိုင်အတွင်းသို့ ကျဆင်းလာသည်။

ပုံရိပ်ယောင်နေမင်း၏ စွမ်းအားများဖြင့်
အနက်ရောင် သန်းနေသည့် ရွှေရောင်ရေကန်
အစိတ်အပိုင်းသည် ဟေးဒီးစ်ကေရာဇ်၏ ဦးချိုက
သူ့အတွင်းသို့ ဆင်းသက်လာသော အခါ ခရမ်းရောင်
အလင်းတန်းများဖြင့် လင်းလက်လာသည်။

ဤရေအိုင် အစိတ်အပိုင်း အတွင်းတွင် ဝဲကတော့ တစ်ခုကလည်း ပေါ်လာကာ သူသည် မူလရွှေခွက် ရှိနေသော ရေအိုင်၏ အလယ်သို့ ဖိအားပေးနေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အတွင်းတွင် ရှိနေကြသည်။ ယခုအချိန်တွင် သူတို့ကလည်း မှော်ကျိန်စာများကို ထုတ်ဖော်ခဲ့ကြသည်။ ကြေးမုံ အလင်းတန်းများသည် အန္တိမ ကောင်းကင်ကြေးမုံထံမှ ထွက်လာပြီး သူတို့ နေရာယူထားသော ရွှေရောင်ရေအိုင်၏ အပေါ်တွင် လွင့်မျောနေသော တိမ်တိုက်များထံသို့ ထိုးတက်လာသည်။

ရွှေရောင်ရေအိုင်၏ ဤအပိုင်းမှ ဝဲကတော့ကလည်း ပေါ်လာ၍ ရေအိုင်အလယ်ထံသို့ ဖိအားများ ပေးနေသည်။

ဤအချိန်တွင် မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့ကလည်း သူတို့ အပိုင်းများကို လုပ်ဆောင်ခဲ့ကြသည်။ သူတို့ နေရာယူထားသော ရွှေရောင်ရေအိုင် အပိုင်းများတွင် သေးငယ်သော ဝဲကတော့များ ပေါ်လာကြ၍ မူလရွှေခွက် နေရာထံသို့ ဖိအားများ ပေးခဲ့ကြသည်။

ဖိအားများ ကျရောက်လာသော အခါ မူလရွှေခွက်သည် ရွှေရောင်ရေအိုင်၏ အလယ်နေရာတွင် နေနိုင်သေးသော်လည်း

အောက်သို့ ဆက်မဆင်းနိုင်တော့ပေ။ သူသည် ရေမျက်နှာပြင် အလယ်တွင် ယာယီ ပိတ်မိနေသကဲ့သို့ ဖြစ်နေသည်။

လင်းဖုန်း၏ အမူအရာများသည် မပြောင်းလဲခဲ့ပဲ ယခင်ကအတိုင်း တည်ငြိမ်နေဆဲသာ ရှိနေသေးသည်။ သူ့ခန္ဓာကိုယ် အပေါ်မှ မဟာတာအို အလင်းတန်းများသည် စတင်၍ ထိုးတက်လာသည်။

သူ၏ကိုယ်ပွားသုံးခုဖြင့် ဖန်ဆင်းထားသော ကိုယ်ပွားသည် လက်တစ်ဘက်တွင် ကောင်းကင် အကာအကွယ် ထီးကို ကိုင်ထားပြီး အခြား လက်တစ်ဘက်ဖြင့် ထူးခြားသော မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်လိုက်၍ သူ့အရှေ့ကို ကာကွယ်လိုက်သည်။ သူသည် ထိုက်ရီသူတော်စင်၊

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့်
ကျန်သောသူများအား ကြည့်နေပြီး
ရယ်ချင်နေသည့်ပုံ ပေါက်နေသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ဤအချိန်၌
သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြလိုက်သည်။
သူသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း
တောင်တစ်လုံးနှင့် တူနေသည်။ သူသည်
ရွှေရောင်ရေအိုင် အလယ်မှ လင်းဖုန်းနှင့်
မူလရွှေခွက်တို့အား ကြည့်နေရင်း ရှည်လျားစွာဖြင့်
ဟိန်းဟောက်လိုက်သည်။

သူဟိန်းဟောက်လိုက်သော အခါ သူ့ဦးချိုမှ
နတ်ဘုရား ပုံစံများက စတင်၍
လင်းလက်လာသည်။ သူ့နဖူးထံမှ အနက်ရောင်

အလင်းတန်း တစ်ခု ထိုးတက်လာ၍ ထူးခြားဆန်းကြယ်သော အနက်ရောင် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားပြီး လင်းဖုန်းအား တိုက်ခိုက်လိုက်သည်။

ထူးခြားဆန်းကြယ်သော ထိုအလင်းတန်း စတင် ပေါ်ပေါက်လာချိန်တွင် ဝိညာဥ်ပင်လယ် အတွင်းမှ မဟာတာအို အလင်းတန်းများသည် စူးရှစွာဖြင့် ဟစ်ကြွေးလိုက်သည်။ သူတို့သည် ဖိအားများကို မခံနိုင်တော့သည့်ပုံဖြင့် ဖရိုဖရဲ ဖြစ်လာကြကာ ရေအိုင်အတွင်းမှ ရေများကလည်း ထကြွ လှုပ်ရှားလာကြသည်။

ထူးခြား ဆန်းကြယ်သော ထိုအလင်းတန်းသည် အချိန်ကာလနှင့် လေဟာနယ်တို့အား

ကျော်လွန်သွားသကဲ့သို့ ဖြစ်နေသည်။ သူသည် အချိန်ကာလ သို့မဟုတ် လေဟာနယ် အကွာအဝေးတို့ကို ထည့်သွင်း မစဉ်းစားပဲ လင်းဖုန်း၏ အရှေ့သို့ လျင်မြန်စွာဖြင့် ရောက်လာခဲ့သည်။

ထိုအရာသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်ပင် ဖြစ်သည်။

ဖျက်ဆီးနိုင်သော ထူးခြားဆန်းကြယ်သည့် အလင်းတန်းသည် ဝိညာဉ်ပင်လယ် တစ်ခုလုံးကို တုန်ခါလာစေသည်။

သို့သော်လည်း လင်းဖုန်း ကိုင်ဆောင်ထားသည့် ကောင်းကင် အကာအကွယ်ထီး၏ ထိပ်ဖျားမှ အနက်ရောင် စေတီအတွင်းတွင် အလင်းစက်များ စတင်၍ လင်းလက်လာသည်။
ထိုအလင်းစက်များသည် ထီးမျက်နှာပြင်နှင့် ပေါင်းစည်းသွား၍ ကစဉ့်ကလျား ဖြစ်မှုများဖြင့် ဖုံးလွှမ်းထားသော ဝေဝါးနေသည့် နယ်နိမိတ် တစ်ခုကို ဖန်ဆင်းလိုက်သည်။

ဤနယ်နိမိတ်သည် ခတ်ငွေ့များဖြင့် လည်ပတ်နေသည်။ သူသည် ထူထဲမှု မရှိသကဲ့သို့ ထင်နေရပြီး လုံးဝ ပြားနေသည်။ သူသည် နေရာအနှံ့ ဆန့်တန်းသွား၍ ထီး၏ အပေါ်နှင့် အောက်မှ နေရာများကို ကွဲပြားခြားနားသော ကမ္ဘာနှစ်ခု အဖြစ်သို့ ကွဲပြားစေသည်။ ထိုကမ္ဘာ

နှစ်ခုတို့သည် အချင်းချင်း ဝင်ရောက် စွက်ဖက်ခြင်း မရှိကြပေ။

ထူးခြားဆန်းကြယ်သော ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်းသည် ထိုနယ်နိမိတ် အပေါ်သို့ ကျရောက်လာသော အခါ နယ်နိမိတ် ပတ်ပတ်လည်မှ ဓာတ်ငွေ့များ၏ တိုက်စားမှုကို လျင်မြန်စွာဖြင့် ခံခဲ့ရသည်။ သူသည် ထီး၏ မျက်နှာပြင် အပေါ်သို့ ကျရောက်လာသော အခါ စီးကျသွားသည့် မိုးရေများနှင့် တူနေသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် လင်းဖုန်း၏ ကောင်းကင် အကာအကွယ်ထီးအား စိုက်ကြည့်နေရင်း သူ၏ မျက်လုံးများသည်

အနည်းငယ် ကျဥ်းမြောင်းသွားကာ
အချိန်အကြာကြီး ငြိမ်သက်သွားလေသည်။

ဝိညာဥ်ပင်လယ် တိုက်ပွဲသည် အမတန်မှ
အရေးကြီးသဖြင့် သူသည် လင်းဖုန်းနှင့်
ကတောက်ကဆ ဖြစ်ရင်း အချိန် မဖြုန်းနေလိုပေ။
လင်းဖုန်းသည် ကောင်းကင် အကာအကွယ်ထီးအား
အသုံးပြုကာ သူ့ကိုယ်သူ ကာကွယ်နေသည်ကို
မြင်ခဲ့ရသော အခါ ထိုထီးသည် ခံစစ်အမတန်မှ
ကောင်းမွန်သည်ကို သူသိခဲ့သည်။ အချိန်ကုန်
သက်သာစေရန် သူသည် ကောင်းကင်
အကာအကွယ်ထီးအား ပစ်မှတ်ထားမည်
မဟုတ်တော့ပေ။

သို့သော်လည်း ထီးအောက်ရှိ ကမ္ဘာအတွင်းမှ မဟာတာအို သဘောတရားများသည် ပြင်ပကမ္ဘာနှင့် လုံး၀ ကွဲပြားနေသည်။ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်သည် ထီးပေါ်သို့သာ ကျရောက်နိုင်ခဲ့သည်။

ထီးသည် မပျက်စီးခဲ့ပဲ ထီးအောက်မှ လူများကို ကပ်ဘေးမှ လွတ်မြောက်စေခဲ့သည်။ မည်သည့် မှော်ကျိန်စာကမှ သူတို့အား ထိခိုက်အောင် လုပ်နိုင်စွမ်း မရှိပေ။

ထိုက်ရီသူတော်စင်သည်လည်း ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်များ အတွင်းသို့

ပြန်ရောက်သွားပြီ ဖြစ်သည်။ ဘာမှ ပြောမနေပဲ သူသည် သူ၏ လက်ဝါးအစုံကို ပူးကပ်လိုက်ရာ ကောင်းကင်ကိုးလွှာ နန်းတော် အတွင်းမှ အလင်းတန်းများ ထိုးတက်လာကာ အန္တိမ ကောင်းကင်ကြေးမုံ အတွင်းသို့ ဝင်သွားကြလေသည်။

အလင်းတန်း အများအပြားတို့သည် အန္တိမ ကောင်းကင်ကြေးမုံအား ဝန်းရံနေကာ ဟင်းလင်းပြင်နှင့် ဆက်သွယ်နေသည်။ သူတို့သည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဆန့်တန်းသွားကာ မဟာတာအို အသံများက ပဲ့တင်ရိုက်လာခဲ့သည်။

ကြေးမုံ အလင်းတန်းများသည် အန္တိမ ကောင်းကင်ကြေးမုံ၏ အလယ်သို့ စုစည်းလာသော

အခါ ဆံချည်မျှင်ကဲ့သို့ ပါးလွှာ၍ ထွင်းဖောက်မြင်နေရသော အသွင်မဲ့ နတ်အလင်းတန်း တစ်စက်သည် မဟာတာအို အလင်းတန်းများကို ဆွဲဆောင်ကာ လင်းဖုန်းထံသို့ ရောက်လာသည်။

ကျင့်ကြံထားသော ဤနတ်ဘုရား အလင်းတန်းသည် ဝေဝါးနေသော နယ်နိမိတ်ထံသို့ ရောက်လာသည်။ သူသည် ကစဉ့်ကလျားမှုများ အကြားတွင် မီးပွင့်တစ်စ ထိုးပေးခဲ့သကဲ့သို့ ဖြစ်နေသည်။ ဤမီးစသည် ကမ္ဘာအသစ် တစ်ခု အစ၏ ဓာတ်ကူးပစ္စည်းနှင့် တူနေသည်။

သို့သော်လည်း ပတ်ဝန်းကျင်မှ ဓာတ်ငွေ့များ ထိုးတက်လာသော အခါ သူတို့သည် ဤမီးစအား ဖုံးကွယ်ထားရန် ကြိုးစားခဲ့ကြသည်။ ဤအရာသည်

အရာအားလုံးတို့အား ထပ်ဖန်တစ်ခါ ကစဉ့်ကလျား ပြန်ဖြစ်သွားစေသည်။

အလင်းနှင့် အမှောင်ဟူ၍ မရှိတော့ချေ။ အချိန်ကာလသည် ရပ်တန့်သွားပြီး လေဟာနယ်က ဆက်မရှိနေတော့ပေ။ အပူနှင့် အအေး အာရုံများကလည်း မရှိတော့ပဲ အရာအားလုံးတို့သည် အလွန်အမင်း မသေမချာ ဖြစ်နေသည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ မျက်လုံးများသည် ကြယ်တစ်စင်းကဲ့သို့ တောက်ပလာသည်။ သို့သော်လည်း သူမသည် အလောတကြီး မလှုပ်ရှားခဲ့ပေ။ သူမသည် ကောင်းကင် အကာအကွယ်ထီးအား

ငြိမ်သက်စွာဖြင့် စောင့်ကြည့်နေပြီး သူမ အစောပိုင်းက ကျင့်ကြံထားသော ရွှေရောင်ရေအိုင် အစိတ်အပိုင်းအား ဆင့်ခေါ်လိုက်ကာ ဝဲကတော့ အဖြစ်သို့ ပြောင်းလိုက်သည်။ ဤဝဲကတော့သည် မူလရွှေခွက်အား နစ်မြုပ်သွားခြင်းမှ တားဆီးလိုက်သည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ မျက်လုံးများကလည်း စတင်၍ တောက်ပစွာဖြင့် လင်းလက်လာကာ သူ၏ လက်ပေါင်း ရှစ်သောင်းလေးထောင် အားလုံးတို့၏ လက်ဝါးများသည် ကြယ်အလင်းတန်းများဖြင့် တောက်ပလာသည်။

သူသည် ဗီရိုကာနာ ဇနီလက်ဝါး လက်သီးကို မထုတ်လွှတ်ခဲ့သော်လည်း သူ၏ လက်ပေါင်း

လေးသောင်း ရှစ်ထောင်စလုံးသည် တူညီသော
ချိပ်တံဆိပ်များကို ဖန်ဆင်းလိုက်သည်။

ထိုမှော်ကျိန်စာသည် အမတန်မှ ရိုးရှင်းသည်။
သူသည် ရေးကျ၍ ထူးခြားဆန်းကြယ်ကာ
အရာအားလုံးတို့၏ အရင်းအမြစ်နှင့် မှော်ဆန်သော
အရာအားလုံးတို့၏ အစနှင့် တူနေခဲ့သည်။

ထိုအရာသည် အောကာလာ မူလ နည်းစနစ် အန္တိမ
လျှို့ဝှက်ကျမ်းစာ တံဆိပ်ဖြစ်သည်။

ဤတံဆိပ်အား ထုတ်ဖော်ခဲ့သော အခါ စကြာဝဠာ
စကျင်ဗုဒ္ဓ ဖြတ်သန်းသွားသော နေရာတိုင်းသည်
ကစဥ္စကလျား မူလရင်းမြစ်များ အဖြစ်သို့

ပြန်ပြောင်းသွားသည်။ အတိတ် သို့မဟုတ် အနာဂတ်တို့ကို မမြင်နိုင်တော့ချေ။

ကမ္ဘ အမျိုးအစား အမျိုးမျိုးနှင့် သဲလွန်စ ပုံစံ အမျိုးမျိုးတို့သည် ဟင်းလင်းပြင် အတွင်းတွင် စုစည်းလာကြသည်။ မရေမတွက်နိုင်သော မျဉ်းကြောင်းများသည် အရာအားလုံးတို့၏ အစနှင့် တူနေသော စကြာဝဠာ စကျင်ဗုဒ္ဓ၏ ခန္ဓာကိုယ် အပေါ်တွင် စုစည်းလာကြသည်။

ကမ္ဘ မျဉ်းကြောင်းများသည် ဟင်းလင်းပြင် အတွင်းတွင် ပျံ့နှံ့လာကြသည်။ သူသည် ပုံရိပ်ယောင် ဆန်နေသလို အစစ်အမှန်နှင့်လည်း တူနေ၍ ရွှေရောင်ရေအိုင်အား ဖြည်းဖြည်းချင်း

လွှမ်းခြုံခဲ့ကာ ကောင်းကင် အကာအကွယ်
ထီးအပေါ်သို့ ကျရောက်လာသည်။

ဤမျဉ်းကြောင်းများသည် ကစဉ့်ကလျားမှုများ
အကြားတွင် ဖြည်းဖြည်းချင်း လှုပ်ရှားနေကာ
နယ်နိမိတ်အား ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။
သူသည် သူ၏ ပြန့်ပြူးနေသော မျက်နှာပြင်ထံမှ
သုံးဖက်မြင် ပုံစံတစ်ခုကို ဖော်ထုတ်နေသကဲ့သို့
ဖြစ်နေသည်။

ထိုအရာသည် ဗုဒ္ဓ နည်းစနစ် တစ်ခုအား ပြသခြင်း
မဟုတ်သော်လည်း သူ့တွင် ပါနေသော ထူးခြား
ဆန်းကြယ်သည့် သဘောတရားကြောင့်
အားလုံးတို့က ထိတ်လန့်
တုန်လှုပ်သွားကြသေးသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ လက်ရှိ စွမ်းရည်များသည်
ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေး
နောက်ဆုံးအဆင့်တွင် ရှိနေသော ဗုဒ္ဓ၏ ဒုတိယ
လူဝင်စားအား လိုက်မီတော့မည့်ကဲ့သို့ ဖြစ်နေသည်။

လင်းဖုန်းသည် ဖြစ်ပျက်နေသမျှကို ကောင်းကင်
အကာအကွယ်ထီး၏ အောက်တွင်
စောင့်ကြည့်နေပြီး အံ့အားသင့်နေပုံ မပေါက်ခဲ့ချေ။
ကောင်းကင် အကာအကွယ်ထီး၏ အပေါ်မှ
အနက်ရောင် စေတီ အတွင်းတွင် ထွက်ပေါ်နေသော
အလင်းတန်းများသည် ပို၍ပို၍
ပြင်းထန်လာခဲ့သည်။ စေတီထိပ်မှ
ဆင်းသက်လာသော အလင်းတန်းများသည်
နေရာအနှံ့သို့ ပျံ့နှံ့သွားကြသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ ဖန်ဆင်းထားသော ကမ္ဘ မျဉ်းကြောင်းများသည် စတင်၍ အက်ကွဲလာခဲ့သည်။

မျောက်သည် ဤမြင်ကွင်းအား ကြည့်နေရင်း သူ၏ခေါင်းကို ကုတ်လိုက်သည်။ "လင်းဖုန်း... ကျုပ်က ခင်ဗျားရဲ့ ထီးကို စမ်းကြည့်မယ်"

စကားပြောနေရင်း သူသည် သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြခဲ့သည်။ သူ၏ အရွယ်အစားသည် သိသာစွာ ကြီးမားလာ၍ သူ၏ နီရဲနေသော မျက်လုံးများသည် စကြာဝဠာ အပေါ်သို့ ကျဆင်းလာသော နေမင်းနှစ်စင်းနှင့် တူနေသည်။

သူ့ခန္ဓာကိုယ် အနောက်တွင် အဖြူရောင်
သားမွေးနှင့် အပြာရောင် မျက်လုံးများ ရှိနေသည့်
နတ်မျောက်တစ်ကောင်၏ အလင်းတန်း ပုံရိပ်တစ်ခု
ပေါ်လာသည်။ သူခုန်လိုက်သော အခါ သူ၏
အရွယ်အစားသည် ကောင်းကင်နှင့် မြေကြီးတို့အား
ကျော်လွန်သွားသည်နှင့် တူနေသည်။

သူသည် ခေါင်းသုံးလုံးနှင့်
လက်ခြောက်ချောင်းတို့အား ဖော်ပြလိုက်ကာ သူ၏
သံတောင်ဝှေးများသည် ကောင်းကင်
အကာအကွယ်ထီး၏ အပေါ်သို့ ကျဆင်းလာသည်။

ရွှေရောင်သားမွေးနှင့် မျောက်၏
မွေးညင်းပေါက်များသည် ဖွင့်လိုက်ပိတ်လိုက်
ဖြစ်သွား၍ ကြယ်အလင်းတန်းအား ဖော်ပြလိုက်ရာ

သူ၏ ခန္ဓာကိုယ် အနားတွင် တောက်ပသော ကြယ်တာရာများ စတင်၍ လည်ပတ်လာခဲ့သည်။

ရောမ မျောက်၏ ပုံရိပ်များသည် ဟင်းလင်းပြင်အား ထိုးဖောက်သွားကာ သံတောင်ဝှေး သုံးချောင်းတို့သည် တစ်ခုတည်း အဖြစ်သို့ ပူးပေါင်းသွားပြီး ရိုက်ချလာခဲ့သည်။ သူ့တွင် ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုကို သယ်ဆောင်ထားသည်။

ကစဥ္စကလျား ဖြစ်မှုများ အကြားတွင် အမှောင်ထု တစ်စက် ပေါ်လာသည်။ ထိုအမှောင်ထုသည် အဆက်မပြတ် ကျယ်ပြန့်နေသော တွင်းနက်ကြီး တစ်ခုနှင့် တူနေကာ စကြာဝဠာအား ဖွင့်လှစ်နေခြင်းနှင့် တူနေသည်။

ပို၍ပို၍ များပြားသော ခေတ်ငွေ့များသည် ဤတွင်းနက် အတွင်းသို့ စတင်၍ ထိုးတက်လာကာ သူ့အား ပြည့်သွားစေ၍ နောက်ဆုံးတွင် ပျောက်ကွယ်သွားစေခဲ့သည်။

"သူက မှော်ကျိန်စာတွေကို ခုခံနိုင်ရုံသာ မကပဲ ရုပ်ကိုယ်ခန္ဓာ တိုက်ခိုက်မှုတွေကိုလည်း ကာကွယ်နိုင်တာလား"

အားလုံးတို့တွင် ကိုယ်ပိုင်အတွေးများ ရှိနေကြသော်လည်း သူတို့၏ တိုက်ခိုက်မှုများကို အရှိန် မလျှော့ခဲ့ပေ။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ဟိန်းဟောက်လိုက်ရာ

ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်သည် ပို၍ အားကောင်းလာခဲ့သည်။

ထူးခြားဆန်းကြယ်သော အနက်ရောင် အလင်းတန်းများ အတွင်းတွင် အလင်းစက်များ ပေါ်လာ၍ တောက်ပနေသော ကြယ်မြစ်တစ်စင်း အဖြစ်သို့ ပြောင်းသွားသည်။ ဤကြယ်မြစ်သည် ထူးခြားဆန်းကြယ်သော အလင်းတန်းနှင့် ပူးပေါင်းသွားသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအို၏ ဟစ်ကြွေးသံများသည် ယခုအချိန်တွင် ပို၍ နက်ရှိုင်းလာကာ မဟာတာအို အလင်းတန်းများသည် ပို၍ပို၍ တောက်ပလာသည်။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည်

ဝိညာဉ်ပင်လယ်က သူ့အား အနည်းငယ် ခွဲခြား ဆက်ဆံနေသည်ကို ရေးရေးလေး အာရုံခံနိုင်ခဲ့သည်။

သို့သော်လည်း သူသည် ချီတုံချတုံ မဖြစ်ရဲပဲ သူကျင့်ကြံထားသည့် ကြယ်တာရာများကို ထုတ်လွှတ်နေခဲ့သည်။ ဤအရာသည် သူ၏ မိစ္ဆာစွမ်းအားများကို အဆုံးစွန်အထိ မြင့်မားလာစေ၍ သူသည် အနက်ရောင် ထူးခြားဆန်းကြယ်သည့် အလင်းတန်းကို ဆင့်ခေါ်ကာ လင်းဖုန်းအား တိုက်ခိုက်လိုက်သည်။

သို့ရာတွင် ထူးခြားဆန်းကြယ်သည့် ဤအနက်ရောင် အလင်းတန်းသည် ထီးအား လွှမ်းခြုံထားသည့် ကစဉ့်ကလျား စီးဆင်းမှုများကို

နှောင့်ယှက်နိုင်ခဲ့သော်လည်း ကောင်းကင်
အကာအကွယ် ထီး၏ ခံစစ်ကို
မကျော်လွှားနိုင်ခဲ့ပေ။

ရှီရှင်းဟေးဒီးစ်နှင့် ကျင်းယန် ဟေးဒီးစ်တို့ကလည်း
သူတို့၏ ကိုယ်ပိုင် စွမ်းအားများကို ထုတ်ဖော်ကာ
ကောင်းကင် အကာအကွယ် ထီးအား
တိုက်ခိုက်လိုက်ကြလေသည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်
အတွင်းတွင် ထိုက်ရှီသူတော်စင်သည် အနည်းငယ်
ငြိမ်သက်သွားခဲ့ပြီးမှ ပြောလိုက်သည်။ "ငါတို့
ထပ်ပြီးမှ စမ်းကြည့်ရအောင်"

လင်းတောက်ဟန်၊ ကျန်းရှိသူတော်စင်၊ ရွှမ်းရှိ
သူတော်စင်နှင့် ကျန်သောသူများသည် သူတို့၏
ခေါင်းများကို ညိတ်လိုက်ကြသည်။
မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
နန်းတော်သည် ရုတ်တရက် မြင့်တက်လာ၍
ပုံရိပ်ယောင် အလင်းတန်း ဘောလုံး တစ်ခုသည်
အနန္တမ ကောင်းကင်ကြေးမုံအား မျိုချလိုက်သည်။

ပြီးတာနှင့် အလင်းတန်း တစ်တန်းသည်
ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအိုများကို
ဦးဆောင်ခဲ့ကာ ခမ်းနား ထည်ဝါသော အလင်းတန်း
တစ်တန်းသည် လင်းဖုန်းထံသို့ ကျဆင်းလာသည်။

ထိုအလင်းတန်း ထွက်လာသော အခါ
အရာအားလုံးတို့သည် သူတို့၏ အရောင်များ

ပျောက်သွားသကဲ့သို့ ဖြစ်နေသည်။ ဤအဆုံးမဲ့
အလင်းတန်းကသာ အားလုံးတို့၏ မျက်လုံးများ
အတွင်းသို့ လွင့်မျောလာခဲ့ခြင်း ဖြစ်သည်။

ဤအလင်းတန်း အကြားတွင် ကောင်းကင်နှင့်
မြေကြီးတို့သည် ကွဲပြားနေသည်ဟု ထင်နေရပြီး
ကြမ္မာပန်းတိုင်က ပြောင်းလဲသွားသည်။
ဤအလင်းတန်းသည် ကမ္ဘာအား
ဖန်ဆင်းနေခဲ့သည်ဟု ထင်နေရသည်။

ဤအလင်းတန်းသည် ကောင်းကင်
အကာအကွယ်ထီးအား ဝန်းရံနေသည့်
ကစဉ့်ကလျားမှုများ အကြားတွင်
အပေါက်တစ်ပေါက်အား ဖောက်နိုင်ခဲ့သည်။
ထိုအပေါက် ပေါ်လာသော အခါ ဖျက်ဆီး၍

မရနိုင်ဟူ ထင်နေရသော ကောင်းကင်
အကာအကွယ်ထီး၏ ခံစစ်သည် စတင်၍
ယိမ်းယိုင်လာခဲ့သည်။

သို့သော်လည်း ကစဥ့်ကလျား အရှိန်အဝါများက
ဆက်လက်၍ ထိုးတက်လာကာ ဤအပေါက်အား
လျင်မြန်စွာဖြင့် ဖာထေးလိုက်သည်။
အရာအားလုံးတို့သည် ပုံမှန်အတိုင်း
ပြန်ဖြစ်သွားခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မျောက်နှင့်
စကြာဝဠာ စကျင်ဗုဒ္ဓတို့သည်လည်း ဤအချိန်တွင်
သူတို့၏ အကွက်များကို ကောင်းကင်
အကာအကွယ်ထီး အပေါ်သို့
ထုတ်လွှတ်လိုက်ကြသည်။ ထီးကြီးသည်

ကြီးမားသော ဖိအားများအောက်သို့
ကျရောက်နေခဲ့သော်လည်း လုံးဝ
အလျှော့မပေးခဲ့ချေ။

တိုက်ခိုက်မှုများ အားလုံးတို့သည် ထီးအပေါ်သို့
ကျရောက်သွားသည်ဟု ထင်နေရသော်လည်း
ကွဲပြားခြားနားသော စကြာဝဠာများ အတွင်းသို့
အခွဲခြား ခံလိုက်ရသည်နှင့် တူနေသည်။ သူတို့သည်
အတူတကွ မပေါင်းစည်းနိုင်ကြပဲ
မရေမတွက်နိုင်သော ကစဥ့်ကလျား
မြင်ကွင်းများကိုသာ မြင်နေနိုင်သည်။

ဤအချက်ကို သဘောပေါက်သွားကြသော အခါ
အားလုံးတို့က ငြိမ်သက်သွားကြသည်။ ကောင်းကင်
အကာအကွယ်ထီး၏ အောက်တွင် ရှိနေသော

လင်းဖုန်းအား ကြည့်နေရင်း သူတို့အားလုံး၏ ရင်များက လေးလံလာကြသည်။

## စာစဥ် ၇၂ : အပိုင်း ၃

## အပိုင်း ၁၃၉၃ : အထွတ်အထိပ် အခြေအနေသို့ ပြန်ရောက်သွားသော အန္တိမ ကောင်းကင်ကြေးမုံ

သူတို့၏ တိုက်ခိုက်မှုများသည် ကောင်းကင် အကာအကွယ်ထီးအား မထိုးဖောက်နိုင်သည်ကို သဘောပေါက်သွားခဲ့သော အခါ အားလုံးတို့က ငြိမ်သက်သွားကြသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အမူအရာသည် အလွန် အေးစက်နေကာ သူ၏ မျက်လုံးများ အတွင်းတွင် ခက်ထန်သော အလင်းတန်း တစ်ခုက ရေးရေးလေး လင်းလက်နေသည်။ မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အတွင်းတွင် ထိုက်ရှိသူတော်စင်နှင့် ကျန်သောသူများသည် စဉ်းစားနေရင်း ငြိမ်သက်နေကြလေသည်။

မျောက်သည် သူ၏ခေါင်းကို ကုတ်နေကာ မျက်တောင်များကို ဆက်တိုက်ခတ်နေသည်။ သူသည် စိတ်လှုပ်ရှားနေသလို ပူလည်း ပူပန်နေခဲ့သည်။ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ မျက်လုံးအစုံသည်

ကျဥ်းမြောင်းလာ၍ အလင်းရောင် တစ်ခုဖြင့် တောက်ပလာသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ မျက်လုံးများကလည်း အလင်းတန်းများဖြင့် လင်းလက်လာသည်။ "တစ်ဖွဲ့ရဲ့ တိုက်ခိုက်မှုကမှ သူ့ကို မကျော်လွှားနိုင်တဲ့ အတွက် ငါတို့က သူ့အပေါ်မှာ ဘယ်လောက်ပဲ တိုက်ခိုက် တိုက်ခိုက် အလကား ဖြစ်သွားမှာပဲ"

သူ၏ အကြည့်သည် လင်းလက်သွား၍ မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား လှမ်းကြည့်လိုက်သည်။

အကယ်၍ အန္တိမ ကောင်းကင်ကြေးမုံသည် အထွတ်အထိပ် အခြေအနေတွင် ရှိနေပါက သူသည် ကောင်းကင် အကာအကွယ်ထီးအား ဖိအား ပေးကောင်း ပေးနိုင်လိမ့်မည် ဖြစ်သည်။

ပြီးပြည့်စုံသော အန္တိမ ကောင်းကင်ကြေးမုံသည် ကောင်းကင် အကာအကွယ်ထီး၏ ဘေးမှ ခေတ်ငွေ့များကို ဖိနှိပ်ထားနိုင်လျှင် ကျန်သောသူများ၏ တိုက်ခိုက်မှုများသည် ကောင်းကင် အကာအကွယ် ထီး၏ ခံစစ်ကို ကျော်လွှားနိုင်လိမ့်မည် ဖြစ်သည်။ လင်းဖုန်းနှင့် ကျန်သောသူများသည် ထိုအချိန်၌ ပြိုင်ဘက်ကင်း ဖြစ်နေတော့မည် မဟုတ်ချေ။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အတွင်းတွင် ထိုက်ရှီသူတော်စင်၊ ကျန်းရှီသူတော်စင်၊ ရွှမ်းရှီသူတော်စင်၊ လင်းတောက်ဟန်နှင့် ကျန်သောသူများကလည်း ဤကိစ္စ၏ အဓိက ပြဿနာကို သဘောပေါက်လာကြသည်။

ကျန်းရှီသူတော်စင်က ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဒီလိုမျိုး အခြေအနေ အရ ငါတို့က ဒုတိယ အစီအစဉ်ကို အသုံးပြုမှ ရမယ်… လင်းဖုန်းရဲ့ မူလရွေးခွက်ကို မမျှော်မှန်းထားပေမဲ့ ဒါက ဒုတိယ အစီအစဉ်ရဲ့ အောင်မြင်နိုင်ခြေကို ငါးဆယ် ရာခိုင်နှုန်းကနေ ကိုးဆယ် ရာခိုင်နှုန်းကျော် အထိ တိုးသွားနိုင်တယ်"

"ဒါ့အပြင် ဒီအတိုင်း ဆက်သွားနေရင် အခြေအနေက ဖြည်းဖြည်းချင်း ပိုဆိုးလာမယ်... လင်းဖုန်းနဲ့ သူ့ရဲ့ မူလရွှေခွက်က အဖိနှိပ်ခံနေရပြီး နောက်ထပ် မနစ်သွားနိုင်တော့ပေမဲ့ သူက ဝိညာဥ်ပင်လယ်ကို ဆက်ပြီးမှ ကျင့်ကြံနိုင်မယ်နဲ့ တူတယ်"

"တစ်ကယ်လို့ ဒီအတိုင်းသာ ဖြစ်နေရင် သူက ဝိညာဥ်ပင်လယ်ကို ကျင့်ကြံနေချိန်မှာ ငါတို့က ကောင်းကင် အကာအကွယ်ထီးရဲ့ ခံစစ်တွေကို မကျော်လွှားနိုင်ပဲ ထိုင်ကြည့်နေရလိမ့်မယ်... သူက ဝိညာဥ်ပင်လယ်ကို တကယ် ထိန်းချုပ်သွားနိုင်ခဲ့ရင် ငါတို့မှာ ရှိနေတဲ့ အရင်းအမြစ်တွေက အလုခံရလိမ့်မယ်"

သူ့စကားများကို ကြားခဲ့ရသော အခါ
လင်းတောက်ဟန်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "ဒါဆိုရင်လည်း
စလိုက်ရအောင်... ဒါက နတ်ဘုရား နယ်မြေမှာ
အောင်မြင်နိုင်မလား ဆိုတာနဲ့ အချိန်မီ
အောင်မြင်နိုင်မလား ဆိုတာကို မသိနိုင်ဘူး"

"ငါတို့က ဝိညာဉ်ပင်လယ်ရဲ့ လက်ရှိ
ထိန်းချုပ်နိုင်စွမ်းကို ဆုံးရှုံးသွားနိုင်ပေမဲ့ တကယ်လို့
အောင်မြင်သွားရင် ကစားပွဲ အတွင်းကို
ပြန်ဝင်နိုင်လိမ့်မယ်... တကယ်လို့ ငါတို့က
ရှုံးသွားခဲ့ရင်တောင် ဝိညာဉ်ပင်လယ်က မိစ္ဆာတွေရဲ့
လက်အတွင်းကို ကျရောက်သွားမှာ မဟုတ်ဘူး"

"တကယ်လို့ ငါတို့က အခုအချိန်မှာ ဒုတိယ
အစီအစဉ်ကို စလိုက်ရင် လင်းဖုန်းက ဟောဒီးစ်
မျိုးနွယ်စုနဲ့ မန္တန်တစ်သောင်းမျောက်တို့ကို
ဆက်ပြီးမှ အာရုံလွှဲနေဦးမှာ... သူတို့က
အခြေအနေကို လွယ်လွယ်ကူကူနဲ့ ရိပ်စားမိမှာ
မဟုတ်ဘူး"

ရှွမ်းရီ သူတော်စင်သည် သူ၏အာရုံအား
ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၊ စကြာဝဠာ စကျင်ဗုဒ္ဓ၊
မျောက်နှင့် ကောင်းကင် ကျက်သရေ
မဟာပဏ္ဍိတတို့ အပေါ်သို့ စူးစိုက်လိုက်ကာ
ဖွဖွလေး ပြောလိုက်သည်။

"လင်းဖုန်းရဲ့ နည်းလမ်းတွေက ငါတို့ရဲ့
မျှော်လင့်ချက်ထက် ကျော်လွန်သွားတယ်... ဒါပေမဲ့

တခြားသူတွေ အပေါ်မှာ အကျိုးသက်ရောက်မှုက ရှိနေသေးတယ်… ဒါက ငါတို့ရဲ့ ဒုတိယ အစီအစဉ် အလုပ်ဖြစ်ဖို့ သင့်တော်တဲ့ အခြေအနေတွေကို ဖန်တီးပေးနေတယ်"

ထိုက်ရီသူတော်စင်က ရုတ်တရက် ပြောလိုက်သည်။ "ဒါပေမဲ့ ငါတို့က သတိထားဖို့ လိုနေသေးတယ်… ဝိညာဉ်ပင်လယ်ဟာ လင်းဖုန်းရဲ့ လက်အတွင်းကို ကျရောက်သွားမှာကို ဘယ်သူကမှ မမြင်ချင်ပေမဲ့ သူတို့က ဒီအခြေအနေကို အခွင့်ကောင်းယူပြီးမှ အန္တိမ ကောင်းကင်ကြေးမုံကို ထိခိုက်အောင် လုပ်ပြီး လုယူသွားဖို့ကိုလည်း ကြိုးစားနိုင်တယ်"

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျန်သော အကြီးအကဲများက သူတို့၏ ခေါင်းများကို

ညိတ်လိုက်ကြသည်။ ပြီးတာနှင့်
ထိုက်ရှိသူတော်စင်သည် မှော်ကျိန်စာ တစ်ခုကို
ဖန်ဆင်းလိုက်၍ သူ၏ ညာလက်ချောင်းအား အန္တိမ
ကောင်းကင်ကြေးမုံထံသို့ ညွှန်ပြလိုက်သည်။

လင်းတောက်ဟန်သည် သူ၏ဘယ်လက်အား
ဆန့်တန်းလိုက်ရာ သူ့လက်ဝါး အနောက်တွင် မဟာ
ဟင်းလင်းပြင် တံဆိပ်သည် အလင်းတန်း
တစ်တန်းဖြင့် လင်းလက်လာသည်။
အလင်းတန်းများက ထိုးတက်လာ၍ သူကလည်း
အန္တိမ ကောင်းကင်ကြေးမုံအား သူ၏
ညာလက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် အနည်းငယ်
တုန်ခါလာ၍ တောက်ပသော ကြေးမုံ အလင်းတန်း

အဖြစ်သို့ ပြောင်းသွားကာ ဤတောက်ပသော ကြေးမုံ အလင်းတန်းသည် ရွှေရောင် ရေအိုင်ထံသို့ ကျဆင်းလာသည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့က သူတို့၏ မျက်မှောင်များကို ကြုတ်ခဲ့ကြကာ တွေဝေငေးမောနေသည့်ပုံ ပေါက်လာကြသည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ပြုံးလိုက်သည်။ သူသည် စကားမပြောပဲ သူ၏ မျက်လုံးများကို မှိတ်လိုက်သည်။ သူသည် မလှုပ်ရှားသလို စကားလည်း မပြောခဲ့ပဲ သူ၏ ခန္ဓာကိုယ်မှ

မည်သည့် အရှိန်အဝါမှ ထွက်မလာခဲ့ပေ။ သူသည် တိတ်ဆိတ် ငြိမ်သက်နေသည့် အခြေအနေသို့ ပြန်ရောက်သွားကာ ဘာဖြစ်နေသည်ကို စိတ်မဝင်စားနေသည့်ပုံ ပေါက်နေသည်။

ကောင်းကင် အကာအကွယ် ထီးအောက်တွင် ရှိနေသော လင်းဖုန်းသည် ဘာမှ မပြောပဲနှင့် သူ၏ခေါင်းကို ညိတ်လိုက်ကာ သူ့ကိုယ်သူ တွေးလိုက်သည်။ "အစောပိုင်းက ပေါ်လာတဲ့ သဲလွန်စ ရေးရေးလေးဟာ ဒီနေရာကို တကယ်ပဲ ကျရောက်ခဲ့တယ်"

ယခုအချိန်၌ ရွှေရောင်ရေအိုင် အတွင်းတွင် ရေများသည် ထကြွလှုပ်ရှားလျက် ရှိနေကြသည်။ သူသည် ခရမ်းရောင် တိမ်တိုက်၊ အဖြူရောင်

တိမ်တိုက်၊ အနက်ရောင် အလင်းတန်း၊ ရွှေရောင်အလင်းတန်းနှင့် မည်းမှောင်နေသော တိမ်တိုက်များဖြင့် ဝန်းရံထားသော ဧရာမ ဝဲကတော့ ငါးခုအဖြစ်သို့ ပြောင်းသွားကြသည်။

အပြင်ဘက်မှ ဝဲကတော့ လေးခုတို့သည် အလယ်မှ လင်းဖုန်း၏ ဝဲကတော့ကို ဝိုင်းညှစ်ထားကြကာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေကြသည်။

အနက္ခမ ကောင်းကင်ကြေးမုံသည် အဖြူရောင် တိမ်တိုက်များဖြင့် ဝန်းရံထားသော ဝဲကတော့ အတွင်းသို့ ဆင်းသက်လာသည်။ တောက်ပသော ကြေးမုံ အလင်းတန်းသည် ရေအတွင်းတွင် နေရာအနှံ့ လင်းလက်လာသည်။

အလင်းတန်းများသည် ဆန့်တန်းလာ၍
ရွှေရောင်ရေအိုင် အတွင်းမှ မဟာတာအို
အလင်းတန်းများနှင့် ဆက်သွယ်သွားသည်။
ပြီးတာနှင့် သူတို့သည် ဝိညာဉ်ပင်လယ် အတွင်းမှ
နေရာအနှံ့သို့ ကျယ်ပြန့်သွားကြသည်။

ဟင်းလင်းပြင် အတွင်းတွင် မဟာတာအိုတို့၏
ဟစ်ကြွေးသံများက မရပ်မနား ထွက်ပေါ်နေကြကာ
အလင်းတန်းများ ထိုးတက်လာသည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် ဧရာမ ဝက်ံပါတစ်ခု
ပေါ်လာသည်။ ဤဧရာမ ဝက်ံပါသည်
လည်ပတ်လာ၍ ထူးခြား ဆန်းကြယ်ပြီး

နက်ရှိုင်းသည့် စွမ်းအား သဘောတရားများကို ဖော်ပြခဲ့သည်။

မဟာတာအို အလင်းတန်းများသည် ဝိညာဉ်ပင်လယ် အတွင်းမှ ထွက်ပေါ်လာ၍ မဟာကမ္ဘာနှင့် ဆက်သွယ်သွားသကဲ့သို့ ဖြစ်နေသည်။

ထူးခြားသော ဤမြင်ကွင်းသည် အားလုံးတို့၏ အာရုံများကို ဆွဲဆောင်နိုင်ခဲ့သည်။ မဟာတာအိုသည် ဝိညာဉ်ပင်လယ် အတွင်းတွင် သူ၏ မူလရင်းမြစ်သို့ ပြန်ရောက်သွားသည်ဟု ထင်နေရသော်လည်း ဤအချိန်တွင် မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးနှင့် ဆက်သွယ်ရန် ကြိုးစားနေခဲ့သည်။

သူဖော်ပြခဲ့သော စွမ်းအားသည် အမတန်မှ ကြောက်ရွံ့ ထိတ်လန့်စရာ မကောင်းသော်လည်း သူ့တွင် ပါဝင်နေသော စွမ်းအား သဘောတရားများသည် အလွန်အမင်း နက်ရှိုင်းကာ လျှို့ဝှက်ဆန်းကြယ်လှသည်။

"ဒါက အန္တိမ ကောင်းကင်ကြေးမုံကသာ လုပ်နိုင်တဲ့ အရာတစ်ခုပဲ... မဟာကမ္ဘာက ထောက်ပံ့ထားတဲ့ ရတနာတွေဟာ မဟာကမ္ဘာရဲ့ ကလေးတွေနဲ့ တူနေတယ်" လင်းဖုန်းသည် သူ၏ ခေါင်းကို အနည်းငယ်ငုံ့ကာ ရေအိုင်အတွင်းသို့ နစ်ဝင်လာသော ကြေးမုံ အလင်းတန်းအား ကြည့်နေခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံ၏ လက်ရှိ လုပ်ဆောင်ချက်များသည် လင်းဖုန်းနှင့် ဝိညာဥ်ပင်လယ်တို့၏ ဆက်သွယ်မှုကို မနှောင့်ယှက်ခဲ့ပေ။

ထို့အစား ရွှေရောင်ရေအိုင် တစ်စိတ်တစ်ပိုင်းအား လွှမ်းခြုံထားသည့် ဟင်းလင်းပြင် ဘုရားကျောင်းမှ ထုတ်လွှတ်ထားသော အဖြူရောင် တိမ်တိုက်များက စတင်၍ ပျောက်ကွယ်သွားသည်။

လင်းဖုန်းသည် သူနှင့် ဝိညာဥ်ပင်လယ်တို့ အကြားမှ ဆက်သွယ်မှုသည် ထိုအရာကြောင့် ပို၍ ချောမွေ့လာသည်ဟု ခံစားမိခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်း နေရာယူထားသည့်
ရွှေရောင်ရေအိုင် အစိတ်အပိုင်းသည်
ဖြည်းဖြည်းချင်း လင်းဖုန်းနှင့် မူလရွှေခွက်တို့၏
လက်ခံမှုကို ခံခဲ့ရသည်။

သို့သော်လည်း လင်းဖုန်းအနေဖြင့်
ဝမ်းမြောက်နေခြင်း မရှိခဲ့ပေ။ သူသည်
ရေအတွင်းသို့ နစ်ဝင်လာသော ကြေးမုံ
အလင်းတန်းကိုသာ အာရုံစိုက်နေခဲ့သည်။ သူသည်
အန္တိမ ကောင်းကင်ကြေးမုံ၏ အရှိန်အဝါသည်
ပို၍ပို၍ တိုးတက် စည်ပင်လာသည်ကို
အာရုံခံနိုင်ခဲ့သည်။

ကြီးမားသော စစ်ပွဲအပြီးတွင် အန္တိမ
ကောင်းကင်ကြေးမုံသည် သူ၏ အထွတ်အထိပ်

အခြေအနေသို့ ရောက်ရန် ပိုမိုကြာမြင့်စွာ စောင့်ရတော့မည် ဖြစ်သည်။ ကောင်းကင် အကာအကွယ်ထီး ခံစစ်ကို မထိုးဖောက်နိုင်ခဲ့ သဖြင့် အန္တိမ ကောင်းကင်ကြေးမုံ၏ စွမ်းအားနှင့် အရှိန်အဝါများသည် အစကထက် အနည်းငယ်ပို၍ အားနည်းလာသည့်ပုံ ပေါက်လာသည်။

သို့သော်လည်း ယခုအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံ၏ အရှိန်အဝါများသည် ထပ်ဖန်တစ်ခါ တိုးတက်လာခဲ့ကာ သူ၏ အထွတ်အထိပ် အခြေအနေသို့ ဖြည်းဖြည်းချင်း ပြန်ရောက်လာသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့၏

အာရုံများသည် လင်းဖုန်းထံမှ တောက်ပသော
ကြေးမုံ အလင်းတန်းများထံသို့ ရောက်သွားသည်။

အားလုံးတို့၏ မျက်နှာများ အပေါ်တွင် အနည်းငယ်
ရှုပ်ထွေးသော အကြည့်များ ပေါ်လာကြသည်။
သို့သော်လည်း အနည်းငယ် စိတ်မရှည်သည့်ပုံ
ပေါက်နေသော မျောက်မှလွဲ၍
ကျန်သောသူများသည် ငြိမ်သက်နေကြသည်။

မျောက်၏ အာရုံများသည် ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် အန္တိမ ကောင်းကင်ကြေးမုံ၊
လင်းဖုန်းနှင့် ကောင်းကင် အကာအကွယ်ထီးတို့၏
အကြားတွင် ခေါက်တုံ့ပြန်နေသည်။ သို့သော်လည်း
တစ်ယောက်ကမှ မလှုပ်ရှားခဲ့ကြပေ။

ကောင်းကင် အကာအကွယ်ထီးအား ပစ်မှတ်ထားနေကြသော တိုက်ခိုက်မှုများက ရပ်သွားကြသည်။ အစောပိုင်းက ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်နေခဲ့သော်လည်း ယခုအချိန်တွင် ထူးခြားစွာ တိတ်ဆိတ် ငြိမ်သက်သွားသည်။

ဇူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်၊ ယန်ချင်နှင့် ကျားဖြူ မဟာပဏ္ဍိတတို့သည်လည်း ယခုအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံအား စိုက်ကြည့်နေခဲ့ကြသည်။

ဇူရီက ပဟေဠိဖြစ်စွာဖြင့် မေးလိုက်သည်။ "အန္တိမ ကောင်းကင်ကြေးမုံက မြန်မြန်ပြန်ပြီး သက်သာလာအောင် ဒီလိုမျိုး နည်းလမ်းကို အသုံးပြုနိုင်တာလား... တကယ်လို့ ဒီလိုသာ ဆိုရင် အတိတ်က ဘာဖြစ်လို့ ဒီလို ဖြစ်စဥ်မျိုးကို

မကြုံဖူးတာလဲ... မစ္စတာမြောင်ကလည်း ဒါကို အရင်က မပြောဖူးဘူး"

ဇူရီ၏ မျက်လုံးများ အတွင်းမှ ရီတာအို အဆောင်လက်ဖွဲ့သည့် အဆက်မပြတ် လင်းလက်နေသည်။ သူသည် စကားမပြောခဲ့ပဲ ဝမ်လင်းကလည်း ငြိမ်သက်နေခဲ့သည်။

လင်းဖုန်း၏ ထူးမခြားနား လေသံက ထွက်ပေါ်လာသည်။ "ရှီးဟောင်က ဒါကို မဖော်ပြခဲ့တာ မဟုတ်ဘူး... သူက ဒီလိုမျိုး ပြောင်းလဲမှုကို မမျှော်လင့်ထားတာပဲ ဖြစ်တယ်... ဒါက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ သမိုင်းမှာ မထမဆုံး အကြိမ်ဖြစ်တယ်"

"ဒီလိုမျိုး အခွင့်အရေးဟာ မျှော်လင့်လို့ပဲ ရနိုင်တယ်… တကယ်လို့ သူတို့ဟာ ဝိညာဉ်ပင်လယ် အတွင်းကို တခြားအချိန်မှာ ဝင်ခဲ့မယ်ဆိုရင် ဒီလိုမျိုး မှော်ကျိန်စာကို ဆင့်ခေါ်နိုင်မှာ မဟုတ်ဘူး… အခုအချိန်တောင်မှ အောင်မြင်မှုနှုန်းဟာ ငါးဆယ် ရာခိုင်နှုန်းအောက်မှာပဲ ရှိနိုင်တယ်… သူတို့ အောင်မြင်နေတဲ့ အကြောင်းရင်းဟာ ငါ့ရဲ့ မူလရွှေခွက်ကြောင့် ဖြစ်တယ်"

ယခုအချိန်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် အနည်းငယ် ချီတုံချတုံ ဖြစ်နေသည့်ပုံ ပေါက်နေ၍ သူ၏ မျက်လုံးများ အတွင်းတွင် စိတ်မရှည်မှုနှင့် အမျက်ဒေါသတို့ကို တွေ့နေနိုင်သည်။

ဝိညာဥ်ပင်လယ် တိုက်ပွဲသည် အဖွဲ့ အသီးသီး၏
ဆက်ဆံရေး နယ်နိမိတ်များကို
ဝေဝါးစေသော်လည်း တစ်ယောက်ကမှ
သေချာပေါက် အာမမခံရဲကြပေ။

လက်ရှိ အခြေအနေသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့ အကြားမှ အမြန်နှုန်း
ပြိုင်ပွဲဖြစ်နေသည်။ သို့သော်လည်း ထိုအရာသည်
ဟေးဒီးစ် မျိုးနွယ်စု အတွက် သတင်းကောင်း တစ်ခု
မဟုတ်ချေ။

အကယ်၍ နှစ်ဦးနှစ်ဘက်တို့သည် အချင်းချင်း
တိုက်ခိုက်ခဲ့ကြပါက တော်သေးသည်။ မဟုတ်လျှင်

ကျန်သောသူများ အားလုံးတို့က ကြီးမားသည့်
ကပ်ဘေးတစ်ခုနှင့် ကြုံတွေ့ရမည် ဖြစ်သည်။

ကောင်းကင် အကာအကွယ်ထီးအား
ကျော်လွှားနိုင်ရန် မျှော်လင့်ချက်သည် အန္တိမ
ကောင်းကင်ကြေးမုံ အပေါ်၌သာ ပုံကျနေသည်။
ဤအရာသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊
ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့်
ကျန်သောသူများကို အနည်းငယ် ချီတုံချတုံ
ဖြစ်စေကာ သူတို့သည် အလောတကြီးနှင့်
မလှုပ်ရှားရဲခဲ့ကြပေ။

သူတို့သည် ရလဒ်များကို ထိန်းချုပ်နိုင်စွမ်း
မရှိကြတော့သဖြင့် အနည်းငယ်
ဒုက္ခရောက်နေကြသည်။

သူတို့သည် အန္တိမ ကောင်းကင်ကြေးမုံအား စိုက်ကြည့်နေရင်း ဘာလုပ်ရမှန်း မသိ ဖြစ်နေခဲ့သည်။

ဟေးဒီးစ် မျိုးနွယ်စုများ၏ အန္တိမ ကောင်းကင်ကြေးမုံ အပေါ်မှ အထင်အမြင်များသည် အမတန်မှ နက်ရှိုင်းကာ သူတို့၏ စိတ်အတွင်းတွင် လုံးဝ ခတ်နှိပ်ထားသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ဖြစ်စေ၊ ကျင်းယန် ဟေးဒီးစ်ဖြစ်စေ၊ သူတို့သည် အန္တိမ ကောင်းကင်ကြေးမုံအား အပြတ်ရှင်းရန် မစောင့်နိုင်ကြချေ။

ယခု အချိန်တွင် သူတို့သည် သူ့အား ဟန့်တားနိုင်ရန် အခွင့်အရေး ရှိနေသော်လည်း သူတို့၏ စိတ်ကို ထိန်းချုပ်နေရကာ ကြေးမုံက သူ၏ အထွတ်အထိပ် စွမ်းရည်များကို ပြန်ယူနေသည်ကို စောင့်ကြည့်နေခဲ့ရသည်။ အစွမ်းထက်သော မိစ္ဆာများသည် ဘာလုပ်ရမှန်း မသိ ဖြစ်နေခဲ့ကာ သူတို့၏ ခံစားချက်များကို စကားလုံးများဖြင့်ပင် ပြော၍မရချေ။

သို့ရာတွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့သည် လင်းဖုန်းနှင့် ထိုက်ရီသူတော်စင်တို့ အကြားမှ စကားများကို ကြားခဲ့ရသဖြင့် ဟင်းလင်းပြင် ဘုရားကျောင်းသည် ဝိညာဉ်ပင်လယ်အား အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ လက်အတွင်းသို့ အကျရောက်ခံမည် မဟုတ်ဟု ပြောနိုင်ခဲ့သည်။

သို့သော်လည်း ပြီးပြည့်စုံသော အန္တိမ ကောင်းကင်ကြေးမုံသည် ကောင်းကင် အကာအကွယ်ထီး၏ ခံစစ်များကို ချိုးဖောက်ချင်မှ ချိုးဖောက်နိုင်လိမ့်မည်။ လင်းဖုန်းအား ဝိညာဥ်ပင်လယ် ကျင့်ကြံမှုကို တားဆီးနိုင်ရန် ဟင်းလင်းပြင် ဘုရားကျောင်းသည် တစ်ဖွဲ့တည်း လှုပ်ရှား၍ မရချေ။

ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် ကောင်းကင် အကာအကွယ်ထီးသာ မက

ဝိညာဥ်ပင်လယ် အတွင်းတွင် ရှိမနေသည့်
ကောင်းကင် ဖျက်ဆီးခြားလည်း ရှိသေးသည်။

ဝိညာဥ်ပင်လယ် အတွင်းမှ ဤတိုက်ပွဲကြောင့်
လင်းဖုန်းသည် သူတို့ ထင်ထားသည်ထက်
များစွာပို၍ လျို့ဝှက် ဆန်းကြယ်သည်ဟု
အားလုံးတို့က သိလာကြသည်။ သူ၏ အပြုအမူအား
ခန့်မှန်းရန် လွန်စွာမှ ခက်ခဲလှသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ ကောင်းကင်
ကျက်သရေ မဟာပဏ္ဍိတနှင့် ကျန်သောသူများ
အပြင် စကြာဝဠာ စကျင်ဗုဒ္ဓကပင် ဤအချိန်၌
ဒုက္ခတွေ့သွားခဲ့သည်။ သူ၏ မျက်လုံးများကို
ပိတ်လိုက်သော အခါ ကောင်းကင်

အကာအကွယ်ထီး၏ ပုံရိပ်သည် သူ၏
စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။

မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်
အတွင်းတွင် ထိုက်ရှိသူတော်စင်နှင့်
ကျန်သောသူများသည် ရွှေရောင် ရေအိုင် အတွင်းမှ
အန္တိမ ကောင်းကင်ကြေးမုံအား ကြည့်နေရင်း
လေးနက်သော အမူအရာများ ပေါ်လာကြသည်။

ဝိညာဉ်ပင်လယ်သည် ငြိမ်းချမ်း၍ ငြိမ်သက်သော
အခြေအနေ တစ်ခုသို့ ရောက်သွားသည်။
ကမောက်ကမ ဖြစ်မှုများသည် ငြိမ်သက်သွား၍
မဟာတာအို အလင်းတန်းများကသာ ဆက်လက်၍
လင်းလက်နေကြသည်။

# စာစဉ် ၇၂ : အပိုင်း ၄

## အပိုင်း ၁၃၉၄ : ခန့်မှန်း၍ မရနိုင်သော အခြေအနေ

ဝိညာဉ်ပင်လယ် အတွင်းတွင် ပြန်လည် ငြိမ်းချမ်းသွားသော်လည်း ထူးခြားသော အခြေအနေ တစ်ခုသာ ဖြစ်နေခဲ့သည်။ အစပိုင်း ငြိမ်းချမ်းသွား အပြီးတွင် လှိုင်းလုံးများက ပြန်ထလာခဲ့သည်။

လှိုင်းလုံးများ ပြန်လည် ငြိမ်သက်သွားသော အခါ ထပ်ဖန်တစ်ခါ ပြန်လည်၍ ငြိမ်းချမ်းသွားသည်။ စကြာဝဠာ စကျင်ဗုဒ္ဓ၊ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မျောက်၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် ကျန်သောသူများသည် သူတို့အရှေ့မှ

ရွှေရောင်ရေအိုင်အား ငြိမ်သက်စွာ
ကြည့်နေကြသည်။

သူတို့သည် ကောင်းကင် အကာအကွယ်
ထီးအောက်မှ မူလရွှေခွက် အပေါ်တွင် ထိုင်နေသော
လင်းဖုန်းနှင့် ရေအိုင်အတွင်းသို့ နစ်မြုပ်နေသော
အန္တိမ ကောင်းကင်ကြေးမုံတို့ကိုလည်း
စောင့်ကြည့်နေကြသည်။

အားလုံးတို့သည် ဤအချိန်တွင် စိတ်ရှည်စွာဖြင့်သာ
စောင့်ဆိုင်းနေကြသည်။ အချိန် ကြာလာသည်နှင့်
အမျှ သူတို့သည် ပို၍ပို၍ စိတ်လှုပ်ရှားလာကြသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ ခန့်မှန်း၍ မရနိုင်သော ပြောင်းလဲမှုများသည် မဟာကမ္ဘာ အတွင်း၌လည်း ကစဉ့်ကလျားမှုများကို ဖြစ်စေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲကြောင့် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ နယ်မြေ အများအပြားတို့သည် လူသားတို့၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ လူသားများသည် ရတနာ အမျိုးမျိုးနှင့် စိတ်ဝိညာဉ် ဝက်ပါတို့အား အသုံးပြုကာ စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုကို ပြောင်းလဲ၍ ကျင့်ကြံမှု အတွက် သင့်တော်သော နေရာအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ် လမ်းကြောင်းများနှင့် နီးကပ်သော

နေရာများသည်လည်း လူသားများ၏
သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။

သို့သော်လည်း ယခုအချိန်တွင် မဟာလွင်တီးခေါင်
ကုန်းမြေ အတွင်း၌ လေမုန်တိုင်း တစ်ခုက စတင်၍
အစပြုနေခဲ့သည်။

လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းမှ ထောက်တိုင်
နှစ်ခုဖြစ်သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟင်းလင်းပြင် ဘုရားကျောင်းတို့သည်
ဝိညာဥ်ပင်လယ် အတွင်း၌ သူ့အား ထိန်းချုပ်နိုင်ရန်
ပြိုင်ဆိုင်နေကြသည်။

သူတို့သည် အတူတကွ ထွက်ခွာသွားခဲ့ကြသဖြင့် လူသား ကျင့်ကြံမှု ကမ္ဘာသည် အားနည်းသွားခဲ့သည်။ မိစ္ဆာများသည် ထို့ကြောင့် တစ်စုံတစ်ခု ပြုလုပ်ရန် ကြံစည်နေကြသည်။

သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် မဟာကမ္ဘာ အတွင်းမှ မည်သည့်အချိန်တွင် ထွက်ခွာသွားမည်ကို မသေချာနေပဲ ကောင်းကင် ဖျက်ဆီးခံရသည် ကျန်နေခဲ့မည်ကို သိနေကြသော်လည်း နတ်ဘုရား နယ်မြေအား တိုက်ခိုက်ရန် ကြိုးစားနေကြသေးသည်။

လူသား ကျင့်ကြံမှု ကမ္ဘာကလည်း အကယ်၍
မိစ္ဆာများက ဝင်ရောက် တိုက်ခိုက်လာပါက
ခုခံနိုင်ရန် ပြင်ဆင်နေကြသည်။

သူတို့သည် ခံစစ်ကိုသာ အာရုံစိုက်နေကြခြင်း
မဟုတ်သော်လည်း သူတို့ သိမ်းပိုက်ထားသည့် ပြင်ပ
ဒေသများကို ယာယီ စွန့်လွှတ်ခဲ့ကြသည်။
အားနည်းသော ဂိုဏ်းနှင့် စွမ်းအားစုများသည်
အကယ်၍ တစ်စုံတစ်ခု ဖြစ်ခဲ့လျှင် အချိန်မီ
မတုံ့ပြန်နိုင်မည်ကို စိုးရိမ်နေကြသဖြင့် သူတို့၏
တပည့်များကို နတ်ဘုရား နယ်မြေ အတွင်းသို့
ပြန်ခေါ်ခဲ့ကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား
နယ်မြေ၏ တောင်ပိုင်းဒေသတို့အား

ဆက်သွယ်ထားသည့် နေရာတွင်မူ
အခြေအနေသည် များစွာပို၍ တည်ငြိမ်နေသည်။

ထိုနေရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
မြေရိုင်းလျှိုမြောင်မှ ထိန်းချုပ်ထားသော
ဒေသဖြစ်သည်။ သူသည် ဟွမ်ထျန်း
ကေရာဇ်ဖြစ်သော ရှီထျန်းဟောင်၏
သီးသန့်အိမ်တော် ဖြစ်သည်။

ထို့အပြင် ရှီထျန်းဟောင်သည် သူ၏ကိုယ်ပိုင်
ဟွမ်းထျန်းအိမ်တော် အတွင်းတွင် ခံတပ်ကို
စောင့်ကြပ်လျက် ရှိသည်။

ရှီထျန်းဟောင်၏ ကျင့်ကြံမှုနှင့် စွမ်းရည်များသည် အမတန်မှ အစွမ်းထက်လှသဖြင့် မိစ္ဆာများသည် သူ့ကို မတိုက်ခိုက်မီ နှစ်ခါပြန်၍ စဉ်းစားရမည် ဖြစ်သည်။

မဟာချင် အင်ပါယာမှ ရှီကျုံးမောင်သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ရှီထျန်းဟောင်နှင့် နဂါးတို့ အကြားမှ တိုက်ပွဲအကြောင်းကို အများသိအောင် ပြောပြခဲ့သည်။ မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးက အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ ဟွမ်ထျန်း ကေရာဇ်သည် သူ၏ စွမ်းအားများဖြင့် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား စိန်ခေါ်နိုင်သည်ဟု သိသွားကြသည်။

ကောင်းကင်တံခါးဂိုဏ်း၏ ကောင်းကင်ပေါ်မှ
မြို့တော်နှင့် မပြည့်စုံသေးသော နတ်ကောင်းကင်
ဝင်္ကပါအား အသုံးပြု၍ သူသည် ဗီပရာလိုပါ
အဆင့်မှ မိစ္ဆာတစ်ကောင်အား တိုက်ခိုက်နိုင်သည်။

ရှီထျန်းဟောင် အပြင် လင်းဖုန်း၏
တပည့်ကြီးဖြစ်သော ရှောင်ယန်ကလည်း ငရဲမီး
ကေရာဇ် မြို့တော် အတွင်းတွင် ခေတ္တမျှ
ပေါ်လာခဲ့သေးသည်။

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်၏
စွမ်းအားများကို ဆင့်ခေါ်နိုင်စွမ်း ရှိသည်။ အကယ်၍
သူသည် နယ်နိမိတ်များကို လျစ်လျူရှုခဲ့ပါက
သူဖော်ဆောင်နိုင်သော ဖျက်ဆီးမှုများသည်
ကြီးမားလွန်းလှသည်။

လင်းဖုန်းတွင် ပါရမီရှင် တပည့်များစွာ ရှိသည်။ အထူးသဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ သူရဲကောင်း လေးဖော်ဖြစ်သည့် ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့ ဖြစ်ကြသည်။ သူတို့သည် အံ့သြဖွယ် ကောင်းလောက်အောင် ထူးချွန်ကြ၍ သူတို့၏ ဤအချိန်တိုလေး အတွင်းတွင် ရရှိခဲ့သော တိုးတက်မှုများသည် ပြိုင်ဘက်ကင်းသည်။

သူတို့ နှစ်ယောက်တို့က ခံတပ်ကို စောင့်ကြပ်နေကြသော အခါ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ မိစ္ဆာများသည် တိုက်ခိုက်ရန် လက်ယားနေကြသော်လည်း အနည်းငယ် တွန့်ဆုတ်နေကြသေးသည်။

မိစ္ဆာများသည် လူသားများ၏ ခြုံခို တိုက်ခိုက်ခြင်း ခံရမည်ကိုလည်း ကြောက်နေကြသည်။ သူတို့သည် ကြောက်မက်ဖွယ်ရာ ကောင်းကင်ဖျက်ဆီး ခေါ်ကြီးကိုလည်း စိုးရိမ်နေကြသေးသည်။

တင်းမာနေသော အခြေအနေသည် အချိန်ကာလ တစ်ခုအထိ ကြာသွားခဲ့သည်။ သို့သော်လည်း အချိန် ကုန်လွန်လာသည်နှင့် အမျှ မိစ္ဆာများရော လူသားများပါ ကောင်းကင်နှင့် မြေကြီးတို့၏ အရှိန်အဝါများက ပြောင်းလဲလာသည်ကို ခံစားနိုင်ခဲ့ကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေ ဖြစ်စေ၊ နတ်ဘုရား နယ်မြေ ဖြစ်စေ၊ အချိန်ကာလနှင့်

လေဟာနယ်သည် တစ်ခါတစ်ရံ ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ သူတို့သည် ရုတ်တရက် တွန့်လိမ်သွားပြီးမှ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြသည်။

စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုကလည်း အလားတူ ဖြစ်နေခဲ့သည်။ တစ်နေရာရာမှ တစ်စုံတစ်ခုသည် အနှောင့်အယှက်များကို ပြုလုပ်နေသကဲ့သို့ ဖြစ်နေသည်။

ထိုနှောင့်ယှက်မှုသည် မဟာကမ္ဘာထံမှ မဟုတ်ပဲ မဟာကမ္ဘာ ပြင်ပ တစ်နေရာရာမှ ဖြစ်သည်။ ဤကဲ့သို့သော ပြောင်းလဲမှုများသည် ဒေသ သို့မဟုတ် နေရာ တစ်ခုခုတွင်သာ ဖြစ်ပေါ်နေခြင်း မဟုတ်ပဲ နေရာတိုင်းတွင် ဖြစ်နေသကဲ့သို့ ဖြစ်သည်။

ဝိညာဉ်ပင်လယ် တိုက်ပွဲသည် လတ်တလောနှစ်များ
အတွင်းတွင် အရေးအကြီးဆုံး ကိစ္စတစ်ခု ဖြစ်သဖြင့်
အားလုံးတို့က အခြေအနေကို
စောင့်ကြည့်နေကြသည်။ သူတို့သည်
ဤတိုက်ပွဲတွင် ဝင်ပါရန် လုံလောက်သော
စွမ်းအားများ မရှိခဲ့ကြလျှင်ပင် အခြေအနေ
အကြောင်းကို သိရှိနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစား၍
သတင်းများကို စုစည်းနေကြသည်။

သူတို့သည် အချိန်နှင့် တပြေးညီ သတင်းများကို
ရရှိနိုင်မှသာ ကျရောက်လာနိုင်သည့်
ကပ်ဘေးများကို ကြိုတင် ရှောင်ရှားနိုင်မည်
ဖြစ်သည်။

ဝိညာဥ်ပင်လယ်သည် နေရာတကာတွင် ရှိသည်ဟု ထင်နေရကာ မဟာကမ္ဘာနှင့် နီးကပ်စွာ ဆက်စပ်နေသည်။ သူ၏ တည်ရှိနေမှုကို အာရုံခံ၍ မရသော်လည်း သူသည် မဟာကမ္ဘာ အတွင်းမှ လေဟာနယ် ဒိုင်မန်းရှင်းများနှင့် အချင်းချင်း ပြီးပြည့်စုံစွာ ထပ်နေခဲ့သည်။

အားလုံးတို့သည် ထိုကဲ့သို့သော ထူးခြားသော လက္ခဏာများကို ပြန်လည် အမှတ်ရခဲ့ကာ အဘယ်ကြောင့် ဤပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းကို လျင်မြန်စွာ သဘောပေါက်သွားကြသည်။

ဝိညာဥ်ပင်လယ်တွင် တစ်စုံတစ်ခု
ဖြစ်ပျက်နေခဲ့သဖြင့် သူတို့ရှိနေသော မဟာကမ္ဘာ
အပေါ်တွင် အကျိုးသက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မဟာကမ္ဘာ အတွင်းတွင် ဤမျှအထိ ကြီးမားသည့်
ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည့် အတွက်
ဝိညာဥ်ပင်လယ် အတွင်းမှ ပဋိပက္ခသည် အလွန်ပင်
ပြင်းထန်လှပေမည်။

ယခုအကြိမ်သည် ဟေးဒီးစ်ကေရာဇ်က
ဝိညာဥ်ပင်လယ်နှင့် သူ့ဘာသာသူ ပဋိပက္ခ
ဖြစ်ခဲ့သည့် အချိန် သို့မဟုတ် လင်းဖုန်း၊
ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
ဟေးဒီးစ်မျိုးနွယ်စုတို့က ဝိညာဥ်ပင်လယ်
အတွင်းတွင် အပေါက်တစ်ခု ဖောက်ခဲ့စဥ်က

ဝိညာဉ်ပင်လယ်တွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှုများနှင့် မတူချေ။

ဤအချိန်တွင် ပြောင်းလဲမှုများသည် ဝိညာဉ်ပင်လယ် အတွင်းမှ အစပြုလာခြင်း ဖြစ်သည်။ အဖွဲ့ အသီးသီးတို့၏ တိုက်ခိုက်မှုများသည် ဝိညာဉ်ပင်လယ်အား တုန်ခါစေခဲ့သော်လည်း သူတို့သည် ဝိညာဉ်ပင်လယ်၏ ခွဲခြား ဆက်ဆံမှု ခံရမည်ကို ကာကွယ်သည့် အနေဖြင့် ဝိညာဉ်ပင်လယ် အတွင်းတွင် နောက်ထပ် အပေါက်တစ်ခု မဖြစ်လာစေရန် အတတ်နိုင်ဆုံး ကြိုးစား၍ ကာကွယ်နေကြသည်။

သူတို့သည် သူတို့၏ ပြိုင်ဘက်များကို ကျော်လွှားရန် ကြိုးစားနေရင်း တစ်ချိန်တည်းတွင် သူတို့ တိုက်ခိုက်မှုများ၏ အရှိန်အဟုန်ကို ထိန်းသိမ်းနေရသဖြင့် ဝိညာဉ်ပင်လယ် အတွင်းမှ ပြောင်းလဲမှုများကို အာရုံမခံမိကြပေ။ သို့သော်လည်း ဝိညာဉ်ပင်လယ် အတွင်းတွင် ရှိမနေကြသော သူများအနေဖြင့် ဝိညာဉ်ပင်လယ်သည် လှုပ်ရှားမှုများဖြင့် တုန်ခါနေသည်ကို ခံစားနေကြရသည်။

ဤတုန်ခါမှုများသည် မပြင်းထန်သော်လည်း ဆက်လက် ဖြစ်ပေါ်နေသည်။

ဤအချက်ကို နားလည် အပြီးတွင် မဟာကမ္ဘာ အတွင်းမှ အားလုံးတို့သည် ဤပြင်းထန်လှသော

တိုက်ခိုက်မှုများသည် ဝိညာဥ်ပင်လယ် အတွင်းမှ အဖွဲ့ အသီးသီးတို့ အကြားမှ ဖြစ်မည်ဟု ဖြည်းဖြည်းချင်း သဘောပေါက်လာကြသည်။

ထို့အပြင် တုန်ခါနေမှုများသည် ဖြည်းဖြည်းချင်း ပို၍ပို၍ ပြင်းထန်လာကြသည်။

ဝိညာဥ်ပင်လယ် အတွင်းမှ တိုက်ခိုက်မှုများသည် မဟာကမ္ဘာ အပေါ်၌လည်း အကျိုး သက်ရောက်မှုများ ရှိသည်။ ဝိညာဥ်ပင်လယ် အတွင်းမှ ပြင်းထန်နေသော ပတ်ဝန်းကျင်ကလည်း ဖြည်းဖြည်းချင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အပေါ်မှ လူသားနှင့် မိစ္ဆာတို့ အကြားမှ နယ်နိမိတ် အနီးတွင် စိတ်ဝိညာဉ် တောင်တစ်တောင်အား ပြုပြင် တည်ဆောက်ထားသော ခမ်းနားထည်ဝါသည့် မြို့တော်တစ်ခု ရှိနေသည်။ ဤတောင်မြို့တော်၏ တစ်ဘက်မှ ချောက်ကမ်းပါး အပေါ်တွင် 'ငရဲမီး ကေရာဇ် မြို့တော်' ဟူသော စာလုံးများကို တွေ့နိုင်သည်။ ဤအရာသည် ရှောင်ယန်၏ သီးသန့်အိမ်တော် ဖြစ်သည်။

ယခု ငရဲမီး ကေရာဇ် မြို့တော်အတွင်းတွင် ရှောင်ယန်သည် မရှိနေပေ။ သူ၏ ပထမ တပည့်ဖြစ်သော ထျန်းချန် သူတော်စင် တန်ကျွင်းကလည်း ယုကျင်းတောင်ပေါ်မှ ငရဲမီး ချောက်ကမ်းပါး အပေါ်တွင် ရှိနေခဲ့သည်။

ဤနေရာတွင် ကျန်နေသူမှ ငရဲမီး
ချောက်ကမ်းပါး၏ တတိယ မျိုးဆက် ပထမ
တပည့်ဖြစ်သူ ယွမ်မိ မာစတာ တွမ့်မုဟုန်ပင်
ဖြစ်သည်။

သို့သော်လည်း တွမ့်မုဟုန်သည် နေ့စဉ်
အမှုကိစ္စများကိုသာ တာဝန်ယူရသူ ဖြစ်ပြီး ငရဲမီး
ကောရာဇ် မြို့တော်၏ ခံတပ်အား
စောင့်ကြပ်နေသူမှာ မဟာယာန အဆင့်မှ
မှော်ရတနာ တစ်ခုဖြစ်သူ မြင့်မြတ်သော နဂါး
ကောင်းကင် ချပ်ဝတ်တန်ဆာပင် ဖြစ်သည်။

ငရဲမီး ကောရာဇ် မြို့တော်၏ အလယ်ခန်းမဆောင်
ဘေးမှ ခန်းမခွဲ တစ်ခုတွင် အရပ်ရှည်ရှည်နှင့်

သန်မာသော သက်လတ်ပိုင်း
လူကြီးတစ်ယောက်သည် ကြမ်းပြင်ပေါ်တွင်
တင်ပလ္လင်ခွေ ထိုင်နေခဲ့ကာ သူ၏ မျက်လုံးများအား
မှိတ်ထား၍ အသက်မှန်မှန် ရှူနေခဲ့သည်။

ဤသက်လတ်ပိုင်း လူကြီး၏ အရေခွံတွင် နဂါးပုံစံ
အကြေးခွံများ ရှိနေသည်။ သူသည် သာမန်
ဝတ်စုံကိုသာ ဝတ်ဆင်ထားသော်လည်း
သူ့ခန္ဓာကိုယ်ထံမှ ဖျက်ဆီး၍ မရနိုင်သော
အရှိန်အဝါ တစ်ခု ထွက်ပေါ်လာသည်။

ဤလူသည် မြင့်မြတ်သော နဂါး ကောင်းကင်
ချပ်ဝတ်တန်ဆာ၏ မူလ စိတ်ဝိညာဉ် ဖြစ်သော
လုံရှန်ခေါ့ ဖြစ်သည်။ သူသည် သူ၏ပုံစံကို

ဖော်ပြထား၍ ငရဲမီး ကေရာဇ် မြို့တော် အတွင်းတွင် ကျင့်ကြံနေခြင်း ဖြစ်သည်။

ဤနေရာမှ စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုများသည် ယုကျင်းတောင်လောက် မကောင်းသော်လည်း နှစ်ပေါင်းများစွာ ပြုပြင်ခဲ့ အပြီးတွင် အတော်လေး ကောင်းမွန်နေသည်။

လုံရှန်ခေါ်သည် ယခုအချိန်တွင် ကျင့်ကြံနေသော်လည်း မဟာကမ္ဘာ အတွင်းမှ အခြေအနေကို အနီးကပ် စောင့်ကြည့်နေခဲ့သည်။ သူသည် ငရဲမီး ကေရာဇ် မြို့တော်အား စောင့်ကြပ်နေရသဖြင့် လက်ရှိ အခြေအနေကို ကောင်းစွာ သဘောပေါက်နေပေသည်။

ငရဲမီး ကေရာဇ် မြို့တော်သည် လူသားနှင့် မိစ္ဆာတို့၏ နယ်မြေအကြားမှ နယ်နိမိတ် အနီးတွင် တည်ရှိနေသဖြင့် အထိမခံသော အလွန် ထူးခြားသည့် အခြေအနေ တစ်ခုသို့ ရောက်ရှိနေသည်။

အကယ်၍ မိစ္ဆာများသည် လူသားများကို စမ်းသပ်ချင်လိုနေပါက ငရဲမီး ကေရာဇ် မြို့တော်သည် သံသယ ဖြစ်ဖွယ်ရာ မရှိပဲ ကောင်းမွန်သော ရွေးချယ်မှု တစ်ခုဖြစ်သည်။ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တုံ့ပြန်မှုများကို စောင့်ကြည့်ကာ နတ်ဘုရား နယ်မြေ အတွင်းမှ အခြေအနေအား အကဲခတ်၍ ရသည်။

ဝိညာဉ်ပင်လယ်သည် မဟာကမ္ဘာ အတွင်းတွင် ပြောင်းလဲမှုများကို ဖြစ်စေခဲ့ကာ လုံရှုန်ခေါ်ကလည်း လျင်မြန်စွာဖြင့် တုံ့ပြန်ခဲ့သည်။ သူသည် မတ်တတ်ထရပ်လိုက်၍ သူ၏ အကြည့်သည် ဟင်းလင်းပြင်အား ကျော်လွန်သွားသည်။ သူသည် မိစ္ဆာများ ထိန်းချုပ်ထားသော ဒေသများကို စောင့်ကြည့်နေခြင်း ဖြစ်သည်။

သူ၏ လက်များကို ကျောနောက်တွင် ပစ်ထား၍ သူ၏ အရှိန်အဝါသည် ဖြည်းဖြည်းချင်း မြင့်တက်လာသည်။ သူသည် မီးများဖြင့် တောက်လောင်လာ၍ ငရဲမီး ကေရာဇ် မြို့တော်၏ အပူချိန်သည် မြင့်တက်လာခဲ့သည်။

သူ၏ အဝတ်အစားများသည် ပျောက်ကွယ်သွား၍ အစားထိုးလာခဲ့သည်မှာ မြင့်မြတ်သော နဂါး ကောင်းကင် ချပ်ဝတ်တန်ဆာပင် ဖြစ်သည်။

သူသည် ခေါင်းစွပ်ကို မစွပ်ထားသော်လည်း သူ၏ တစ်ကိုယ်လုံးအား ယခုအချိန်တွင် ချပ်ဝတ်တန်ဆာဖြင့် ကာကွယ်ထားပြီး ဖြစ်သည်။ သူသည် ဖျက်ဆီး၍ မရနိုင်သော အရှိန်အဝါ တစ်ခုအား ဖော်ပြထားရုံသာ မက တိုက်ခိုက်လိုစိတ်များဖြင့် ပြည့်နေသော ခက်ထန်သည့် စွမ်းအားများကိုလည်း ဖော်ပြထားသည်။

လုံ့ရှန်ခေါ့သည် ထိုနေရာတွင် ရပ်နေရင်း သူသည် ရာသီဥတု ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသော

ကြီးစိုး လွှမ်းမိုးနိုင်သည့် အစစ်အမှန်
နဂါးတစ်ကောင်နှင့် တူနေသည်။

အင်္ကျီလက်စတွင် မီးတောက်ပုံစံ တစ်ခု ရှိနေ၍
ထိုက်ကျိုရုပ်ပုံများကို ရေးထိုးထားသော ခရမ်းရောင်
ဝတ်ရုံနှင့် လူငယ်တစ်ယောက်သည်
သူ့အနောက်တွင် ပေါ်လာခဲ့သည်။

ဤလူငယ်သည် ငရဲမီး ချောက်ကမ်းပါးမှ အခြား
တပည့်များကဲ့သို့ လွတ်လပ်ပေါ့ပါး၍ ရဲတင်းသောပုံ
ပေါက်မနေချေ။ သူသည် လောင်ကျွမ်းနေသော
မီးတောက်တစ်ခုနှင့် မတူခဲ့သော်လည်း
နွေးထွေးသည့် ခံစားချက်များကို ပေးစွမ်းနိုင်သည်။
သူသည် တွမ့်မုဟုန်ပင် ဖြစ်သည်။

တွမ့်မုဟုန်သည် လုံရှန်ခေါ့အား ဦးညွှတ်လိုက်သည်။
"အကြီးအကဲ... လေဟာနယ်ရဲ့ တွန့်လိမ်မှုနဲ့
စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုတွေဟာ
ဝိညာဉ်ပင်လယ် အတွင်းက ပဋိပက္ခတွေကြောင့်
ဖြစ်လာတာလား"

သူသည် လုံရှန်ခေါ့အား အလွန်အမင်း
ရိုသေနေခြင်းမှာ သူက မဟာယာန အဆင့်မှ
မှော်ရတနာ တစ်ပါး ဖြစ်နေ၍ မဟုတ်ချေ။
အဘယ်ကြောင့် ဆိုသော် သူသည်
လင်းဖုန်းကိုယ်တိုင် ကျင့်ကြံထားသည့် မှော်ရတနာ
တစ်ခုဖြစ်၍ ဂိုဏ်းအတွင်းရှိ အစောဆုံး
မှော်ရတနာများ အနက်မှ တစ်ခု
ဖြစ်နေသောကြောင့် ဖြစ်သည်။

မြင့်မြတ်သော နဂါး ကောင်းကင်
ချပ်ဝတ်တန်ဆာအား ငရဲမီး ချောက်ကမ်းပါးထံသို့
မပေးခင်တွင် သူသည် လင်းဖုန်း၏
အေးရိုးစ်ကိုယ်ပွား အနောက်သို့ လိုက်ပါခဲ့သည်။
သူသည် လင်းဖုန်းအနောက်သို့ အချိန်ကြာမြင့်စွာ
လိုက်ပါခဲ့သော မှော်ရတနာ တစ်ခုဖြစ်သည်။

လုံရှန်ခေါ့သည် နောက်ပြန် မလှည့်ခဲ့ပဲ အဝေးမှ
ဟင်းလင်းပြင်ကိုသာ ဆက်လက် ကြည့်ရှုနေခဲ့ကာ
ပြန်ဖြေလိုက်သည်။ "ဟုတ်လောက်တယ်"

"ဂျူနီယာ တပည့်တွေက နတ်ဘုရား နယ်မြေ
အတွင်းက ဂိုဏ်းထံကို ပြန်သွားကြပြီလား"

တွမ့်မုဟုန်သည် သူ၏ခေါင်းကို ညိတ်၍ ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့... အခြေတည် ဝိညာဉ် အဆင့်နဲ့ အောက်ကလူတွေဟာ ယုကျင်းတောင်ကို ပြန်သွားခဲ့ပြီ"

လုံရှန်ခေါ့က သူ့အဖြေကို ကြားခဲ့ရသော အခါ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကောင်းတယ်... မိစ္ဆာတွေက ငါတို့ကို လာတိုက်ခိုက် မလား ဆိုတာကို စောင့်ကြည့်ရတာပေါ့"

စကားပြောနေရင်း သူ၏ မျက်မှောင်များသည် ကြုတ်သွားကာ အဝေးသို့ စိုက်ကြည့်နေရင်း သူ၏ မျက်လုံးများတွင် တောက်လောင်နေသော အကြည့်တစ်ခု ပေါ်လာသည်။

အဝေးတွင် ကောင်းကင်သည် ရုတ်တရက် မည်းမှောင်သွား၍ မိစ္ဆာ အင်္ဂွေ့အသက်များက လွှမ်းခြုံလာရာ နေရောင်များက မှေးမှိန်သွားခဲ့သည်။ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုသည် ငရဲမီး ကေရာဇ် မြို့တော်အား ပစ်မှတ်ထားနေခဲ့သည်။

## စာစဉ် ၇၂ : အပိုင်း ၅

## အပိုင်း ၁၃၉၅ : မိစ္ဆာများက ငရဲမီး ကေရာဇ် မြို့တော်အား တိုက်ခိုက်ခြင်း

လုံရှန်ခေါ့သည် မိစ္ဆာ အငွေ့အသက်များဖြင့် ပြည့်နေသော အဝေးမှ ကောင်းကင်အား ကြည့်၍

မျက်မှောင်ကြုတ်လိုက်သည်။ "သူတို့က ရောက်လာပြီ"

ထိုမိစ္ဆာ အရှိန်အဝါသည် ရိုင်းစိုင်း၍ ခက်ထန်လှသည်။ တွမ့်မုဟုန်ကလည်း သူ့အား အာရုံခံနိုင်ခဲ့ကာ သူ၏ မျက်နှာပေါ်တွင် ရှားရှားပါးပါး တုန်လှုပ်သည့် အရိပ်အယောင် တစ်ခု ပေါ်လာသည်။ "ဒီမိစ္ဆာ စွမ်းအားတွေက... ရှေးဟောင်းလူဝံ မိစ္ဆာတွေကနေ လာတာနဲ့ တူနေတယ်"

လုံရှန်ခေါ့သည် သူ၏ လက်အား သူ့နဖူးပေါ်တွင် တင်၍ ပြောလိုက်သည်။ "ဟုတ်တယ်... ဒါက ရှေးဟောင်းလူဝံ မိစ္ဆာတွေကနေ လာခဲ့တာပဲ...

ဒါပေမဲ့ ပြိုင်ဘက်က သွေးတိုးစမ်းနေခြင်းသာ ဖြစ်တယ်"

အကယ်၍ သူတို့သည် အလစ်ဝင်ရောက် တိုက်ခိုက်မည် ဆိုပါက ဤကဲ့သို့ ပြုလုပ်လိမ့်မည် မဟုတ်ချေ။ ယခုအချိန်တွင် သူတို့၏ မိစ္ဆာစွမ်းအားများကို ဖော်ပြနေသဖြင့် သူတို့သည် ရန်စနေသည့်ပုံ ပေါက်နေသည်။

တွမ့်မုဟုန်က သက်ပြင်းချ၍ ပြောလိုက်သည်။ "ရှေးဟောင်းလူဝံ မိစ္ဆာတွေက ကျွန်တော်တို့ကို လွယ်လွယ်နဲ့ စိန်ခေါ်မှာ မဟုတ်ဘူး... တကယ်လို့ သူတို့က သွေးတိုးစမ်းချင်နေရင်တောင် နတ်ဘုရား နယ်မြေ အတွင်းက တခြားဂိုဏ်းတွေကို သွားလုပ်သင့်တယ်... ဂိုဏ်းချုပ်ရဲ့ သုံးသပ်ချက်

အရ တကယ်လို့ ရှေးဟောင်းလူဝံ မိစ္ဆာ တွေက တိုက်ခိုက်မှုကို ဦးဆောင်လာရင် မိစ္ဆာတွေက ယာယီ မဟာမိတ် ဖွဲ့ပြီးမှ လာခဲ့ကြတာပဲ"

"အစွမ်းထက်တဲ့ နဂါးတွေ… အထူးသဖြင့် မူလနဂါး ဘုရင်က ဝိညာဉ်ပင်လယ် အတွင်းကို မဝင်သေးပဲ နတ်ဘုရား နယ်မြေ အတွင်းမှာ ပြဿနာ အရင်လာရှာမယ်နဲ့ တူတယ်"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် နတ်ဘုရား နယ်မြေ တို့က ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်သွားအပြီးတွင် မဟာကမ္ဘာ အတွင်းတွင် နဂါးများကို ထိန်းချုပ်နိုင်သော ကျင့်ကြံသူ အချို့သာ ကျန်တော့သည်။

သို့သော်လည်း လင်းဖုန်းသည် သူ၏
ကောင်းကင်ဖျက်ဆီး ဓားအား မဟာကမ္ဘာ
အတွင်းတွင် ချန်ထားရစ်သဖြင့် မူလနဂါး
ဘုရင်ကပင် သူ့အား သတိထားရမည် ဖြစ်သည်။

သို့သော်လည်း အခြား ရှုထောင့်မှ ကြည့်လျှင်
မူလနဂါး ဘုရင်၏ တည်ရှိနေမှုသည် ရွှမ်းလီ၏
လွတ်လပ်စွာ လှုပ်ရှားနိုင်မှုကို အကျိုးသက်ရောက်မှု
ရှိသည်။ ရွှမ်းလီသာ မရှိလျှင် မူလနဂါး ဘုရင်သည်
နတ်ဘုရား နယ်မြေ အတွင်းသို့ ဝင်ရောက်
သောင်းကျန်းနိုင်ကာ မည်သူကမှ သူ့အား
တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။

နတ်ဘုရား နယ်မြေ အတွင်းတွင် ရှမ်းလီ တည်ရှိနေခြင်းသည် မူလနဂါး ဘုရင်အား ခုခံရန် အတွက် ဖြစ်သည်။

အကယ်၍ ဗီပရာလိုပါ အဆင့်မှ အခြားမိစ္ဆာများ ဝင်လာခဲ့ပါက လူသား ကျင့်ကြံသူများသည် လှုပ်ရှားနိုင်ကြဦးမည် ဖြစ်သည်။ ပို၍ အစွမ်းထက်သော အင်အားစုများက သူတို့အား တွန်းလှန်နိုင်မည် ဖြစ်ကာ အကယ်၍ လုံလောက်စွာ ပြင်ဆင်မှုများ ရှိခဲ့ပါက သူတို့သည် ဝင်ရောက် ကျူးကျော်လာသော အင်အားစုများကို ဖျက်ဆီးနိုင်စွမ်း ရှိသည်။

နဂါးများသည် အခြား မိစ္ဆာများကို ယာယီ သက်သာရာ ရစေရန် အကြီးမားဆုံး

ဝန်ထုပ်ဝန်ပိုးများကို ခံယူထားသည်။ အပြန်အလှန် အနေဖြင့် သူတို့ကလည်း တစ်စုံတစ်ခု ပြုလုပ်ရပေမည်။

လုံရှန်ခေါ့က ပြောလိုက်သည်။ "ရှေးဟောင်းလူဝံ မိစ္ဆာတွေက ဝိညာဥ်ပင်လယ် လျှို့ဝှက်သော့ကို ရထားတဲ့ပုံ မပေါ်ဘူး... ဒီလိုဆိုရင်တော့ စူတောင်ဓားဂိုဏ်းက ပိုပြီးကြီးမားတဲ့ ဖိအားတွေကို ခံရတော့မယ်"

ယနေ့တွင် စူတောင်ဓားဂိုဏ်း အနေဖြင့် သူတို့၏ မူလ မဟာရန်သူ ဖြစ်သော ရှေးဟောင်းလူဝံ မိစ္ဆာများ အပြင် နဂါးများကိုပါ သတိထားရတော့မည် ဖြစ်သည်။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင်
ထျန်းကန်း ခါးမာစတာသည် မဟာလွင်တီးခေါင်
ကုန်းမြေသို့ အမြန် ရောက်လာခဲ့ကာ ရှီယု၊ ဇူရီတို့နှင့်
လက်တွဲပြီး နဂါးများကို တိုက်ခိုက်ခဲ့သည်။

ရှီယုသည် တိုက်ပွဲတွင် ကျဆုံးသွားခဲ့သော်လည်း
ထျန်းကန်း ခါးမာစတာနှင့် ဇူရီတို့သည်
ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ မိုးပြာရောင်
ကောင်းကင် နဂါးဘုရင်အား သတ်ဖြတ်နိုင်ခဲ့သည်။

ထိုတိုက်ပွဲတွင် ဇူရီနှင့် ယွဲ့ဟုန်ယန်တို့ကလည်း
အစွမ်းထက်သော နဂါးများစွာတို့အား
သတ်ဖြတ်ခဲ့ကာ သူတို့၏ ရန်ငြိုးများကို ပို၍
နက်ရှိုင်းစေခဲ့သည်။

သို့ရာတွင် ယခုအချိန်၌ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အနည်းငယ်
အားနည်းနေသော်လည်း ရွှမ်းလီ စောင့်ကြပ်နေသ၍
နဂါးများသည် ဝင်ရောက် ကျူးကျော်ရဲကြမည်
မဟုတ်ချေ။ နဂါးများ အတွက် မဟာချင်
အင်ပါယာနှင့် ရှီရှင်းယွမ်တို့သည် ပို၍
ကောင်းမွန်သော ပစ်မှတ်များ ဖြစ်ကြသည်။

စူတောင်ဓားဂိုဏ်းသည် အရေး သိပ်မပါသော
ပစ်မှတ်အဖြစ် အသတ်မှတ် ခံရနိုင်သော်လည်း
သူတို့အား တိုက်ခိုက်နိုင်ချေ ရှိသေးသည်။

အကယ်၍ ရှေးဟောင်းလူဝံ မိစ္ဆာ မျိုးနွယ်စုမှ
အစွမ်းထက်သော မိစ္ဆာနှစ်ကောင် ဖြစ်သည့်
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့်

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည်
စူတောင်အား အတူတကွ တိုက်ခိုက်ခဲ့ကြပါက
နဂါးများက စစ်ကူ ဝင်ပေးကြမည် ဖြစ်သည်။
ဤသို့ဆိုလျှင် စူတောင်ဓားဂိုဏ်းသည်
အလွန်ကြီးမားသော ဖိအားများနှင့် ရင်ဆိုင်ရမည်
ဖြစ်သည်။

တွမ့်မုဟုန်ကလည်း ဤအချက်ကို ကောင်းစွာ
နားလည်နေ၍ ပြန်ပြောလိုက်သည်။
"ကျွန်တော်တို့က စူတောင်ဓားဂိုဏ်းက
ကျွန်တော်တို့ရဲ့ မဟာမိတ်တွေကို
ဆက်သွယ်ထားပြီး သူတို့ကလည်း လိုအပ်တဲ့
ပြင်ဆင်မှုတွေကို ပြုလုပ်ထားတယ်...
ကျွန်တော်တို့က နံပါတ်ခုနစ် ဘိုးလေးကိုလည်း
အကြောင်းကြားထားတယ်"

လုံရှုန်ခေါ့သည် သူ၏ခေါင်းကို ညိတ်၍ ဘာမှ မပြောခဲ့ပေ။ ရှီထျုန်းဟောင်သည် လက်ရှိအချိန်တွင် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ရောက်နေခဲ့သော်လည်း မိစ္ဆာများက ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းမှာ ရှီထျုန်းဟောင်ကလည်း အခြား မိစ္ဆာများနှင့် တိုက်ခိုက်နေခြင်းကြောင့် ဖြစ်နိုင်သည်။

အဝေးမှ မိစ္ဆာ အရှိန်အဝါများသည် တုန်ခါလာ၍ ကြောက်မက်ဖွယ် ကောင်းသော အနက်ရောင် မီးခိုးငွေ့များသည် ငရဲမီး ကေရာဇ် မြို့တော်၏ အပေါ်မှ ကောင်းကင်အား လွှမ်းခြုံသွားသည်။

ထိုအနက်ရောင် မီးခိုးများ အတွင်းတွင် အလင်းတန်းများက စတင်၍

လင်းလက်လာကြသည်။ အလင်းစက်
ခြောက်စက်တို့က ဖြည်းဖြည်းချင်း ကြီးမားလာကာ
နောက်ဆုံးတွင် ကြယ်ခြောက်စင်းနှင့်
တူလာကြသည်။ လှုပ်ရှားနေသော အနက်ရောင်
တိမ်တိုက်များ အကြားတွင် အလင်းတန်းများ
လင်းလက်လာ၍ အောက်မှ ငရဲမီး ကေရာဇ်
မြို့တော်အပေါ်သို့ ကျဆင်းလာသည်။

လုံရှန်ခေါ့နှင့် တွမ့်မုဟုန်တို့ နှစ်ဦးစလုံးတို့က
မျက်မှောင်များ ကြုတ်လိုက်ကြသည်။ အနီနှစ်လုံး၊
အပြာနှစ်လုံး၊ ခရမ်းရောင် နှစ်လုံး၊ အစရှိသော
အလင်းတန်း ဘောလုံး ခြောက်လုံးတို့မှာ
အစွမ်းထက်သော မိစ္ဆာသုံးကောင်တို့၏
မျက်လုံးများ ဖြစ်ကြသည်။

အနက်ရောင် မီးခိုးငွေ့များ ထံမှ ပုံရိပ်သုံးခု ထွက်ပေါ်လာကြသည်။ သူတို့အား ဦးဆောင်လာသူမှာ လုံးဝ မည်းနက်နေ၍ အနီရောင် မျက်လုံးများကို ပိုင်ဆိုင်ထားသော ရောမ လူဝံကြီး ဖြစ်သည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါစေသည့် စွမ်းအားများဖြင့် ပြည့်နေပြီး အရပ် လေးမျက်နှာသို့ ပျံ့သွားကာ ပတ်ဝန်းကျင် နေရာများကို ပူလောင်လာစေသည်။ သူသည် မသေဝိညာဉ် တတိယ အဆင့်မှ ကောင်းကင်မိစ္ဆာ လူဝံဖြစ်သည်။

သူ၏ ဘယ်ဘက်တွင် သူနှင့် အရှိန်အဝါ နှိုင်းယှဉ်၍ ရသော ပို၍ငယ်သည့် မျောက်တစ်ကောင် ရှိနေသည်။ ထိုမျောက်သည် အပြာရောင် မျက်လုံးနှင့် အဖြူရောင် သားမွေးများ ရှိနေသည်။

သူသည် အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက် တစ်ကောင် ဖြစ်သည်။

သူသည် လက်ရှိ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ ဖြစ်သည်။ သူသည် အစောပိုင်းက မသေဝိညာဉ် ဒုတိယ အဆင့်တွင်သာ ရှိသေးသော်လည်း သူ၏ ကျင့်ကြံမှုသည် အောင်မြင်သွား၍ မသေဝိညာဉ် တတိယ အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကောင်းကင်မိစ္ဆာ လူဝံ၏ ညာဘက်တွင် ရောမ ခြသေ့်တစ်ကောင်နှင့် တူနေသော မိစ္ဆာတစ်ကောင် ရှိနေသည်။ သူအသက်ရှူလိုက်သော အခါ သူ၏ နှာခေါင်းပေါက်များမှ ခရမ်းရောင် မီးခိုးငွေ့များ ထွက်လာသည်။ ဟင်းလင်းပြင် အတွင်းတွင်

ရပ်နေရင်း သူသည် စွမ်းနီတစ်ကောင် ဖြစ်သည်ဟု တစ်ယောက်က ပြောနိုင်ခဲ့သည်။

စွမ်းနီများသည် ယခုအချိန်တွင် ရှားပါးသွားကြပြီဟု သတ်မှတ်ရမည် ဖြစ်သည်။ ဤစွမ်းနီသည် ကျင့်ကြံမှု အမြင့်ဆုံး ဖြစ်၍ မသေဝိညာဥ် တတိယ အဆင့်တွင် ရှိနေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူသည် လင်းယွမ် တောင်တန်းထံသို့ ဝင်ရောက်ခဲ့ကာ ရှေးဟောင်းလူဝံ မိစ္ဆာများနှင့် ပူးပေါင်းခဲ့သည်။

ပုံမှန်အချိန်တွင် သူသည် လင်းယွမ် တောင်တန်းများ အတွင်းတွင် ကျင့်ကြံနေကာ ရှေးဟောင်းလူဝံ မိစ္ဆာများ၏ ထောက်ပံ့မှုကို ခံခဲ့ရသည်။ သူတို့က

အကူအညီ လိုအပ်သော အချိန်တွင်လည်း သူက ဝင်ရောက် ကူညီလိမ့်မည် ဖြစ်သည်။

ယခုအချိန်တွင် အခြား လူဝံမိစ္ဆာ နှစ်ကောင်တို့နှင့် အတူ သူသည် ငရဲမီး ဧကရာဇ် မြို့တော်ထံသို့ ရောက်လာခဲ့သည်။

သူသည် အစွမ်းထက်လှသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အမှန်ပင် ရန်စရန် လိုလားသလော ဟူသည်ကို သူမှလွဲ၍ တစ်ယောက်ကမှ မသိနိုင်ကြပေ။

သို့သော်လည်း မသေဝိညာဥ် တတိယ အဆင့်မှ မိစ္ဆာသုံးကောင်တို့သည် သူတို့၏ အစစ်အမှန်

ပုံစံများကို ဖော်ပြခဲ့သော အခါ သူတို့အောက်မှ ငရဲမီး ကေရာဇ် မြို့တော်အား ကြီးမားသော ဖိအားများ ပေးနိုင်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

ကောင်းကင်မိစ္ဆာ လူဝံသည် မြို့တော်အပေါ်တွင် ရပ်နေရင်း သူ့ခန္ဓာကိုယ် အပေါ်မှ အနက်ရောင် မီးခိုးငွေ့များက အဆက်မပြတ် ထွက်နေခဲ့သည်။ သူသည် အောက်ဘက်မှ ငရဲမီး ကေရာဇ် မြို့တော်အား ငုံ့ကြည့်နေရင်း ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ကဲ… တိုက်ခိုက်ကြရအောင်"

သူ၏ အကြည့်သည် အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့ အပေါ်သို့ ကျရောက်သွားရာ အစွန်းရောက် စိတ်ဝိညာဉ်

မဟာပဏ္ဍိတက ပြုံးလိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

သူသည် မသေဝိညာဉ် တတိယ အဆင့်အား အခက်အခဲ များစွာအကြားမှ ရောက်ခဲ့ခြင်း ဖြစ်ကာ အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်များသည် ယခုအချိန်တွင် ထပ်ဖန်တစ်ခါ ခေါင်းထောင်လာနိုင်တော့မည် ဖြစ်သည်။ ထို့ကြောင့် သူသည် ကောင်းကင်လူဝံ မိစ္ဆာအတွက် ရှေ့မှနေ၍ ဦးဆောင်ကာ မတိုက်ခိုက်လိုနေပေ။

သို့သော်လည်း သူ၏ ဂုဏ်သိက္ခာနှင့် လွှမ်းမိုးမှုများကို ပိုမို တိုးတက်စေနိုင်ရန် အတွက် သူသည် ဗီပရာလိုပါ အဆင့်သို့ ရောက်သည်အထိ စောင့်ရဦးမည် ဖြစ်သည်။

သို့သော်လည်း ကောင်းကင်လူဝံ မိစ္ဆာများ၏ အစီအစဥ်က ခြားနားပေသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ ကိုယ်တိုင်က လုံလောက်အောင် အစွမ်းထက်နေကာ သူ၏ စွမ်းရည်များ အပေါ်တွင် ကောင်းစွာ ယုံကြည်မှု ရှိနေသည်။ သို့သော်လည်း ကောင်းကင်လူဝံ မိစ္ဆာမျိုးနွယ်စုမှ ကျန်သော အစွမ်းထက် မိစ္ဆာများသည် အစွန်းရောက် စိတ်ဝိညာဥ် နတ်မျောက်များကို သတိထား၍ စောင့်ကြည့်နေကြဆဲ ရှိသေးသည်။

ကောင်းကင်လူဝံ မိစ္ဆာ ယွဲ့ချန်းသည် အစွန်းရောက်
စိတ်ဝိညာဉ် နတ်မျောက်အား ကြည့်လိုက်ကာ သူ၏
ရင်အတွင်းမှ မျက်မှောင်ကြုတ်လိုက်သည်။

သူသည် မသေဝိညာဉ် တတိယ အဆင့်သို့
တက်လှမ်းနိုင်ခဲ့သည်မှာ မကြာသေးသော်လည်း
ယွဲ့ချန်းအနေဖြင့် သူ့ဘေးတွင် ရပ်နေရသည်မှာ
နိမ့်ကျနေသကဲ့သို့ ခံစားနေရသည်။

သူ၏ အဖြူရောင် ခန္ဓာကိုယ်သည် ယွဲ့ချန်းထက်
များစွာပို၍ သေးငယ်သော်လည်း ယွဲ့ချန်းသည်
သူ့အား ကြည့်ခဲ့သော အခါ သူသည် အထက်တန်း
ပိုကျနေသည်ဟု ခံစားနေရသည်။

ဤအရာသည် သူက အဆုံးစွန် ဧကရာဇ်
ရှန်းယွမ်နှင့် မျိုးနွယ်စု တူနေ၍ မဟုတ်သလို
စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးမှုများကြောင့်လည်း
မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော သူသည်
ယွဲ့ချန်းထက် များစွာပို၍
အစွမ်းပိုထက်သောကြောင့် ဖြစ်သည်။

ဤအရာသည် သူတို့၏ ကျင့်ကြံမှုနှင့်
မိစ္ဆာစွမ်းအားများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ
စွမ်းအားများကြောင့်လည်း ဖြစ်နိုင်သည်။
သို့သော်လည်း ထူးခြားသည့် စွမ်းရည်များကို
လေ့ကျင်နိုင်မှုတွင် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတသည် ယွဲ့ချန်း မဟာပဏ္ဍိတထက်
များစွာပို၍ အစွမ်းထက်သည်။

အကယ်၍ သူတို့နှစ်ယောက်သည် သူသေကိုယ်သေ တိုက်ခိုက်ကြပါက အနိုင်ရသူအား ဆုံးဖြတ်ရန် ခက်ခဲမည် ဖြစ်သော်လည်း ယွဲ့ချန်း မဟာပဏ္ဍိတ အနေဖြင့် အနိုင်ရသူမှာ သူမဖြစ်နိုင်ဟု ခံစားနေရသည်။

သူသည် ယခုအချိန်တွင် ရယ်ရမ်းသွေးနေသော အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတအား စိုက်ကြည့်လိုက်ရာ သူသည် ဘာမှ မပြောပဲ သူ၏ အဖြူရောင် အမွေးများဖြင့် ပြည့်နေသော လက်သည်းများကို ဆန့်ထုတ်လိုက်ကာ ငရဲမီး ကေရာဇ် မြို့တော်သို့ ဆွဲကုတ်သည့်ပုံ ပြုလုပ်လိုက်သည်။

သူသည် ယွဲ့ချန်း မဟာပဏ္ဍိတအား
မကြောက်နေသော်လည်း အစွမ်းအထက်ဆုံး
ရှေးဟောင်းလူဝံ မိစ္ဆာမှာ ယွဲ့ချန်းနှင့် အမျိုးတူသော
ကောင်းကင်မိစ္ဆာ လူဝံဖြစ်သည့် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတပင် ဖြစ်နေသေးသည်။
သူတို့သည် အသန်မာဆုံး လူဝံ မျိုးနွယ်စု ဖြစ်သည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည်
သာမန်သာ ကုတ်ဆွဲလိုက်သည်နှင့်
တူနေသော်လည်း အမွေးများဖြင့် ပြည့်နေသည့်
သူ၏ ရောမ လက်သည်းများ အပေါ်တွင် အမွေး
တစ်ပင်တိုင်းသည် ဒေါမာန်ထနေကြသည့်
နဂါးများကဲ့သို့ ထောင်လာကြသည်။

သူ၏ အမွေးများ တစ်ပင်မကျန်
ထောင်လာကြသော အခါ သူတို့သည် သန်မာ
ခိုင်ခန့်သော သတ္တုများကဲ့သို့ ဖြစ်သွားကြသည်။
မင်ကဲ့သို့ မည်းနက်နေသည့် ကျယ်ပြန့်လှသော
မိစ္ဆာစွမ်းအားများသည် ပေါက်ကွဲထွက်လာ၍ သူ၏
အမွေးများနှင့် ပူးပေါင်းသွားကြကာ မီးခိုးရောင်
မြူခိုးငွေ့များကဲ့သို့ ကစဥ့်ကလျား
ဖြစ်သွားကြသည်။

မီးခိုးရောင် မျောက်လက်သည်းသည် ပို၍ပို၍
ကြီးမားလာကာ ကောင်းကင်အား ဖုံးလွှမ်းသွား၍
ငရဲမီး ကေရာဇ် မြို့တော်အပေါ်သို့
ကျရောက်လာသည်။

လုံရှန်ခေါ့သည် ကောင်းကင်အပေါ်သို့
ကြည့်လိုက်ရာ နဂါးတစ်ကောင်၏ ခေါင်းနှင့်
တူနေသည့် သူ၏ ခေါင်းစွပ်သည် သူ၏
ခေါင်းပေါ်သို့ ရောက်နေခဲ့ပြီး ဖြစ်သည်။
မျက်နှာဖုံးကို စွပ်လိုက်သော အခါ သူ၏
မျက်လုံးများကိုသာ မြင်နိုင်ခဲ့သည်။

သူ၏ ချပ်ဝတ်တန်ဆာ အကြားမှ အကွဲအဟများ
ပွင့်လာ၍ နဂါး ကျက်သရေ တိမ်တိုက်များစွာ
ထွက်ပေါ်လာကာ သူ့အား အမတန်မှ
ခမ်းနားထည်ဝါနေသည်ပုံ ပေါက်စေခဲ့သည်။

လုံစန်ခေါ့၏ ခန္ဓာကိုယ်သည်
မလှုပ်ရှားခဲ့သော်လည်း သူ၏ အနေအထားကို
တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။

တောင်တစ်တောင်လုံးသည် ရုတ်တရက်ပင် တောက်ပစွာဖြင့် လင်းလက်လာ၍ အလင်းတန်းများ တစ်တန်းပြီးမှ တစ်တန်း ကောင်းကင် အပေါ်သို့ ထိုးတက်လာကာ ငရဲမီး ကေရာဇ် မြို့တော်အား လွှမ်းခြုံသွားခဲ့သည်။

အဆုံးမဲ့ မီးပင်လယ်သည် အရပ်မျက်နှာ လေးဘက်စလုံးသို့ ပျံ့နှံ့သွား၍ ကောင်းကင်အား လွှမ်းခြုံသွားသည်။ ချက်ချင်း ဆိုသလိုပင် ပတ်ဝန်းကျင်သည် မီးတောက်ပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

အစိမ်းရောင် ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်သည် ရွှေရောင် မဟာသူရိယ အကြွင်းမဲ့

မီးတောက်နှင့် အတူ လောင်ကျွမ်းနေ၍ မီးတောက်သည် ဝက်ပါပုံစံ အလင်းတန်းများ အဖြစ် ပြောင်းသွားကာ အချင်းချင်း ဆက်သွယ်သွားကြသည်။ အစိမ်းရောင် မီးတောက်သည် ယင်မီးတောက် အဖြစ်သို့ ပြောင်းသွား၍ ရွှေရောင် မီးတောက်သည် ယန်မီးတောက် အဖြစ်သို့ ပြောင်းသွားသည်။ ငရဲမီး ကေရာဇ် မြို့တော်အား အလယ်တွင် ထား၍ သူတို့သည် စတင်၍ လည်ပတ်လာကြလေသည်။

ဤထိုက်ကျိရုပ်ပုံ၏ အလယ်သည် မြို့တော်ကိုယ်တိုင်ပင် ဖြစ်သည်။ ဝက်ပါ၏ ဗဟိုအဖြစ် ဖန်ဆင်းထားသော နန်းမင် အကြွင်းမဲ့ မီးတောက်ကလည်း စတင်၍ တောက်ပလာသည်။

ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့၏ မျက်လုံးများ အရှေ့တွင် မီးတောက်များဖြင့် ဖန်ဆင်းထားသော ရောမ ထိုက်ကျိရုပ်ပုံ တစ်ခုသည် အကောင်အထည် ပေါ်လာခဲ့သည်။

ဤအရာသည် ငရဲမီး ကေရာဇ် မြို့တော်အား ကာကွယ်ရန် ရှောင်ယန်က လီယွမ်ဖန်းနှင့် အတူ ဖန်တီးထားသည့် အကာအကွယ် မှော်ဝင်ပါပင် ဖြစ်သည်။ သူသည် ရှောင်ယန်၏ ကိုယ်ပိုင် ယင်ယန် လောင်ကျွမ်းနေသော ကောင်းကင်ဝင်ပါထံမှ အရင်းခံလာခြင်း ဖြစ်သည်။

အကယ်၍ ရှောင်ယန်ကိုယ်တိုင်က ဤနေရာတွင် ထိန်းချုပ်နေပါက သူသည် ယင်ယန်

လောင်ကျွမ်းနေသော ကောင်းကင်ဝက်ပါ
အစစ်အမှန် အဖြစ်သို့ ပြောင်းသွားပေမည်။ သူ၏
အထွတ်အထိပ် အခြေအနေတွင် သူသည်
ကောင်းကင်မီးတောက် ကြာပန်း မျိုးစုံတို့ဖြင့်
ဖန်ဆင်းထားကာ သူ၏ စွမ်းအားများသည် အမှန်ပင်
ကျယ်ပြန့်လှသည်။ သို့ရာတွင် သူသည်
အမတန်မှလည်း ထိန်းချုပ်ရန် ခက်ခဲလှသည်။

လီယွမ်ဖန်း မပြောနှင့် ငရဲမီး ချောက်ကမ်းပါးမှ
သူ၏ကိုယ်ပိုင် တပည့်များကပင် ပြဿနာများကို
ကြုံတွေ့ခဲ့ရသည်။

ယခုအချိန်တွင် ပြုပြင်ထားသော ဝက်ပါသည်
အကြွင်းမဲ့မီးတောက်များဖြင့်
ဖွဲ့စည်းထားသေးသော်လည်း သူ၏ ခက်ခဲမှုသည်

များစွာ လျော့နည်းသွားသည်။
ရှောင်ယန်ကိုယ်တိုင်က မရှိနေသော်လည်း သူ၏
လက်အောက်ငယ်သား ဖြစ်သည့် လုံရှန်ခေါ့က
သူ့အား အသက်သွင်းနိုင်စွမ်း ရှိသည်။

ဤမဟာဝက်ပါသည် သူ့ဘာသာသူ
လည်ပတ်နိုင်စွမ်း ရှိ၍ လုံရှန်ခေါ့နှင့်
ကျန်သောသူများသည် သူ့အား
အသက်သွင်းပေးရန်သာ လိုသည်။

သူသည် ထိုဝက်ပါအား လည်ပတ်ရန်
ကောင်းကင်မီးတောက် ကြာပန်းအား အသုံးမပြုခဲ့ပဲ
အကြွင်းမဲ့ မီးတောက်များ၏ စွမ်းအားများကိုသာ
အသုံးပြုခဲ့သော်လည်း ဝက်ပါ၏ စွမ်းအားများကို
မြှင့်တင်ရန် လုံလောက်နေပြီ ဖြစ်သည်။

ကောင်းကင်ကိုယ်တိုင်အား ပြာချနိုင်သည့်
အစွမ်းရှိသည်ဟု ထင်နေရသော
မီးတောက်ပင်လယ်သည် သူ့အနားမှ
အရာအားလုံးအား လောင်ကျွမ်းပစ်ခဲ့သည်။
မြို့တော်အပေါ်သို့ ဆုပ်ကိုင်ခဲ့သည့် အစွန်းရောက်
စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ လက်သည်းကပင်
မီးတောက်များ အဖြစ်သို့ အချိန်မရွေး
ပြောင်းသွားတော့မည်ဟု ထင်နေရသည်။

သူသည် ရယ်ရမ်းသွေးလိုက်၍ သူ၏ ခေါင်းကို
လှည့်ကာ ယွဲ့ချန်း မဟာပဏ္ဍိတနှင့် စွမ်းနီ
မဟာပဏ္ဍိတတို့အား ကြည့်လိုက်သည်။

ယွဲ့ချိန်း မဟာပဏ္ဍိတသည် ဘာမှ မပြောခဲ့ပေ။
သူ၏ သွေးနီရောင် မျက်လုံးများသည်
လင်းလက်လာ၍ လေထုအလယ်တွင်
လွင့်မျောနေသော တောင်တစ်တောင်ကဲ့သို့
ကျယ်ပြန့်သည့် သူ၏ ခန္ဓာကိုယ်သည် ငရဲမီး
ဧကရာဇ် မြို့တော်ထံသို့ တည့်တည့်
ကျဆင်းလာသည်။ ရောမ တောင်တစ်တောင်က
ပိကျလာသကဲ့သို့ ဟင်းလင်းပြင်သည် ရုတ်ခြည်းပင်
ကြေမွသွားသည်။

စွမ်းနီ မဟာပဏ္ဍိတကလည်း ဟိန်းဟောက်ကာ
နှာမှုတ်လိုက်သည်။ သူ့နှာခေါင်းထံမှ ခရမ်းရောင်
မီးခိုးငွေ့များ ထွက်ပေါ်လာကာ မိုးကြိုးတိမ်တိုက်
ပုံစံအဖြစ် ပြောင်းသွားသည်။

# စာစဥ် ၇၂ : အပိုင်း ၆

## အပိုင်း ၁၃၉၆ : ဝက်ံပါအား အတူတကွ ချိုးဖျက်ခြင်း

စွမ်းနီ မဟာပဏ္ဍိတသည် ခရမ်းရောင် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ရာ သူတို့သည် ကောင်းကင်ပေါ်တွင် ခရမ်းရောင် မိုးကြိုးတိမ်တိုက်ကဲ့သို့ စုစည်းသွားသည်။ တိမ်တိုက် မီးခိုးငွေ့များ အကြားတွင် မိုးကြိုးများက ထစ်ချုန်းနေ၍ ကောင်းကင်အား လင်းလက်စေခဲ့သည်။

ထိုခရမ်းရောင် မိုးကြိုးတိမ်တိုက်သည် အရပ်မျက်နှာ လေးဘက်စလုံးသို့ ကျယ်ပြန့်သွားပြီး

သူမြင်နိုင်သော အရာမှန်သမျှကို လွှမ်းခြုံသွားသကဲ့သို့ ဖြစ်သည်။ ပြီးတာနှင့် သူသည် ငရဲမီး ဧကရာဇ် မြို့တော်နှင့် အကြွင်းမဲ့မီးတောက် မဟာဝက်ပါ အပေါ်သို့ ကျဆင်းလာသည်။

မီးခိုးငွေ့များသည် စတင်၍ ပျံ့နှံ့လာပြီး ထိုမီးခိုးငွေ့များ အကြားတွင် တစ်ယောက်သည် ကျယ်ပြန့်သော မိုးကြိုး လျှပ်စီး အရှိန်အဝါများကို ခံစားရနိုင်သည်။ သူတို့သည် ပြီးတာနှင့် လျှပ်စီး အဝေ့အဝိုက်များ အဖြစ်သို့ ပြောင်းသွားကာ တိမ်တိုက် မီးခိုးငွေ့များနှင့် အတူတကွ ယှက်သန်းနေကြလေသည်။

မိုးကြိုး အလင်းတန်းများသည် အလွန်အမင်း ကြမ်းတမ်းသည့်ပုံ မပေါ်နေပဲ မီးခိုးငွေ့များကဲ့သို့

အကောင်အထည် ကင်းမဲ့နေသည်။ အခြား ပြင်းထန်သော မိုးကြိုးပုံစံများနှင့် မတူပဲ သူသည် အသွင်သဏ္ဍာန် ကင်းမဲ့ကာ ကျိုးပဲ့လွယ်သည့်ပုံနှင့် တူနေခဲ့သည်။

သို့သော်လည်း မီးခိုးငွေ့ကဲ့သို့သော ထိုမိုးကြိုးများသည် ငရဲမီး ကေရာဇ် မြို့တော်၏ အပေါ်မှ အကြွင်းမဲ့မီးတောက် မဟာကမ္ဘာ ပေါ်သို့ ကျဆင်းလာသော အခါ မီးတောက်များသည် ပိုမို အားကောင်းစွာဖြင့် လှုပ်ရှားလာကြသည်။ သူတို့သည် မိုးခြိမ်းသံများ အလား တစ်ဖျစ်ဖျစ်နှင့် မြည်နေကြသည်။

မိုးကြိုးနှင့် မီးတောက်တို့၏ စွမ်းအားများသည် အချင်းချင်း အဆက်မပြတ် တိုက်ခိုက်နေကြသည်။

အတူတကွပင် သူတို့သည် ငရဲမီး ဧကရာဇ်
မြို့တော်အပေါ်မှ ကောင်းကင်အား
မိုးကြိုးမီးတောက် ငရဲအဖြစ်သို့ ပြောင်းပစ်ခဲ့သည်။

သာမန်လူများ မဆိုထားနှင့် အင်မော်တယ်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများ သို့မဟုတ် မသေဝိညာဉ်
အဆင့်မှ မိစ္ဆာများကပင် ဤမိုးကြိုးမီးတောက်များ
အတွင်းတွင် ရေရှည် အချုပ်နှောင်ခံနိုင်မည်
မဟုတ်ချေ။ ဤအရာသည် သူတို့အတွက်
သတ်ကွင်းပင် ဖြစ်ပေတော့သည်။

ခရမ်းရောင် မီးခိုးငွေ့များနှင့် တူနေသော
မိုးကြိုးသည် ခရမ်းရောင် မီးခိုးငွေ့
မြေမိုးကြိုးဟူ၍လည်း ခေါ်သော စွမ်းနီ
မျိုးနွယ်စုတို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူသည်

မိုးကြိုး နဂါးများ၏ အထီးကျန် ရှစ်မျိုး နတ်ဘုရား
မိုးကြိုးနှင့် ဆင်တူပေသည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူသည်
ကောင်းကင်ကိုးလွှာ နတ်ဘုရား မိုးကြိုးနှင့်
ကစဉ့်ကလျားဂူ သူတော်စင် သတ်ဖြတ်ခြင်း
မိုးကြိုးသွားတို့ထက် ပို၍ အားနည်းကာ
ဖျက်ဆီးနိုင်စွမ်းတွင် ခိစတိဂါဘ အစစ်အမှန်
မီးရှူးတိုင်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့်
နန်းမင် အကြွင်းမဲ့ မီးတောက်တို့နှင့် မယှဉ်နိုင်ပေ။

သို့သော်လည်း စွမ်းနီ မဟာပဏ္ဍိတသည်
ခရမ်းရောင် မီးခိုးငွေ့ မြေမိုးကြိုးအား
အသုံးပြုရာတွင် ကျွမ်းကျင် လိမ္မာစွာဖြင့်
ထိန်းသိမ်းနိုင်စွမ်း ရှိသည်။

အကြွင်းမဲ့မီးတောက် မဟာဝက်ပါအား
အသက်သွင်းလိုက်သော လုံရှန်ခေါ့သည်
မီးတောက်များကို မကျွမ်းကျင်ပေ။ ဤအချိန်တွင်
စွမ်းနီ မဟာပဏ္ဍိတ၏ ခရမ်းရောင် မီးခိုးငွေ့
မြေမိုးကြိုး၏ တိုက်ခိုက်မှုကို ခံခဲ့ရသော အခါ
အကြွင်းမဲ့မီးတောက် မီးတောက် မဟာဝက်ပါသည်
ပုံမှန်အတိုင်း လည်ပတ်နေ၍ သူ၏
တိုက်ခိုက်မှုများကို ချေဖျက်နိုင်ခဲ့သော်လည်း
ယင်နှင့်ယန်တို့ အကြားမှ ပြောင်းလဲမှုသည်
သိသိသာသာ နှေးကွေးလာသည်။

ယွဲ့ချန်း မဟာပဏ္ဍိတသည် သူ၏ အစစ်အမှန်
ပုံစံအား ဖော်ပြခဲ့ကာ သူ၏ အသွေးအသား
ခန္ဓာကိုယ်နှင့် သွေးများသည် ဟင်းလင်းပြင်အား

ချိုးဖောက်နိုင်သည့်ပုံ ပေါက်နေခဲ့သည်။ သူ၏
ခန္ဓာကိုယ်မှနေ၍ အနက်ရောင် မြူခိုးငွေ့များ
ပေါ်လာ၍ သူ၏ ရောမ ပုံစံသည် ပို၍
လွှမ်းမိုးနိုင်စွမ်း ရှိကာ ရက်စက်သည့်ပုံ ပေါက်နေ၍
သူ့အား တွေ့ခဲ့ရသူများ အားလုံး၏ နှလုံးသားအား
တုန်ခါစေခဲ့သည်။

လှုပ်ရှားနေသော အနက်ရောင် မြူခိုးငွေ့များ
အတွင်းတွင် ကြယ်အလင်းစက် အချို့
လင်းလက်လာကြသည်။ ထိုအရာများသည် ယွဲ့ချန်း
မဟာပဏ္ဍိတက သူ၏ မိစ္ဆာဝိညာဉ် အတွင်းတွင်
ကျင့်ကြံထားခဲ့သော ကြယ်များပင် ဖြစ်ကြသည်။

သူသည် ဤတိုက်ခိုက်မှုတွင် သူ၏
အင်အားအားလုံးကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။

သူသည် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့အား
တိုက်ခိုက်ရန် ညွှန်ကြားခဲ့သော်လည်း သူ၏ကိုယ်ပိုင်
စွမ်းအင်များကို မချန်ထားခဲ့ပေ။ ရှေးဟောင်းလူဝံ
မိစ္ဆာများသည် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတ၏ ဦးဆောင်မှုအောက်တွင်
ရှိနေသဖြင့် နိုင်ပွဲရခဲ့လျှင် သူတို့က အကျိုးအမြတ်
အများဆုံး ရရှိမည် ဖြစ်သည်။

ယွဲ့ချန်းသည် ကျန်သောနှစ်ယောက်က
ထိမ်ချန်ထားခြင်း မရှိစေရန် တိုက်ပွဲကို ဦးဆောင်
ညွှန်ကြားနေလိုသည်။ သို့ရာတွင် သူက
တိုက်ခိုက်ရမည် ဆိုလျှင် အလေးအနက်ထား၍
တိုက်ခိုက်မည် ဖြစ်သည်။

ကျယ်ပြန့်လှသော စွမ်းအားများဖြင့် ပြည့်နေ၍ ယွဲ့ချန်း မဟာပဏ္ဍိတသည် နတ်တောင် တစ်တောင်အလား အကြွင်းမဲ့မီးတောက် မဟာ၀က်ပါ အပေါ်သို့ ကျဆင်းလာသည်။ ထိုအချိန်တွင် ကျယ်ပြန့်လှသော စွမ်းအားများသည် အကြွင်းမဲ့မီးတောက် မဟာ၀က်ပါအား ပြင်းထန်စွာဖြင့် တုန်ခါစေခဲ့သည်။

မီးတောက်၀က်ပါက လျင်မြန်စွာဖြင့် ပြန်လည် တုံ့ပြန်ခဲ့သော အခါ ယွဲ့ချန်း မဟာပဏ္ဍိတက အတိုက်ခိုက် မခံရစေရန် သူ့ကိုယ်သူ အနက်ရောင် မီးခိုးငွေ့များ အကြားတွင် ပုန်းအောင်းနေခဲ့သည်။ ၀က်ပါသည် အစောပိုင်းမှ စွမ်းနီ မဟာပဏ္ဍိတ၏ ဖိအားများကြောင့် ဖိအားများစွာ ခံနေရပြီ ဖြစ်သဖြင့်

ယွဲ့ချန်း မဟာပဏ္ဍိတက ထပ်မံ တိုက်ခိုက်ခဲ့သော အခါ အပေါက်တစ်ပေါက် ပေါ်လာခဲ့သည်။

အဆုံးမဲ့ မီးတောက် မီးလျှံများသည် လျင်မြန်စွာဖြင့် ထွက်ပေါ်လာကာ အပေါက်ကို ပိတ်ဆို့လိုက်သည်။ တစ်ချိန်တည်းတွင် သူတို့သည် ယွဲ့ချန်း မဟာပဏ္ဍိတအား ဝန်းရံထားပြီး သူ့အား နောက်ထပ် ရှေ့မတိုးနိုင်ရန် တားဆီးထားသည်။

သူ၏ အစွမ်းထက်သော တိုက်ခိုက်မှုများကို ခုခံနိုင်ခဲ့အပြီးတွင် အကြွင်းမဲ့မီးတောက်များဖြင့် ဝန်းရံခြင်းခံနေရသော ယွဲ့ချန်း မဟာပဏ္ဍိတသည် မကြာမီ ဒုက္ခတွေ့တော့မည် ဖြစ်သည်။

သို့သော်လည်း အပေါက်ပေါ်လာပြီး ပြန်လည် မပြုပြင်နိုင်သေးသည့် အချိန်တွင် အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်က လင်းလက်သွားသည်။

တောင်ငယ်တစ်လုံးနှင့် တူနေသော သူ၏ခန္ဓာကိုယ်သည် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းလဲသွားကာ သိမ်မွေ့သော အရိပ်တစ်ခုကဲ့သို့ ဝင်္ကပါအတွင်းမှ အပေါက်အတွင်းသို့ ဝင်သွားပြီး ငရဲမီး ကေရာဇ် မြို့တော် အတွင်းသို့ ဆင်းသက်လာနိုင်ခဲ့သည်။

ပထမ တိုက်ခိုက်မှုသည် အကာအကွယ် စနစ်ကို အနှောင့်အယှက်ပေးရန် ဖြစ်ကာ ဒုတိယ တိုက်ခိုက်မှုသည် အပေါက်တစ်ခု ဖွင့်နိုင်ရန် ဖြစ်ပြီး

တတိယ တိုက်ခိုက်မှုသည် ဝင်ရောက်နိုင်ရန်
အခွင့်အရေး ရှာဖွေခြင်း ဖြစ်သည်။

မသေဝိညာဉ် တတိယ အဆင့်မှ
မိစ္ဆာသုံးကောင်တို့သည် တစ်ခါတစ်ရံမှသာ
ပူးပေါင်းခြင်း ဖြစ်သော်လည်း ဤအချိန်တွင်
အလိုက်သင့်စွာ ပူးပေါင်းနိုင်ခဲ့ကြသည်။
အတူတကွပင် သူတို့သည် ဝက်ပါ၏ ခံစစ်များကို
ချိုးဖောက်နိုင်မည့် နည်းလမ်းတစ်ခုကို
ရှာဖွေနိုင်ခဲ့ကြသည်။

အကြွင်းမဲ့ မီးတောက်များသည် အမှန်ပင်
အစွမ်းထက်လှသော်လည်း မော်ဝက်ပါသည်
သူ့အတွင်းမှ အရာများကို ပစ်မှတ်မထားနေပေ။
အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည်

အတွင်းသို့ ဝင်ရောက်သွားနိုင်ခဲ့ အပြီးတွင် ငရဲမီး ကေရာဇ် မြို့တော်နှင့် လုံရှုန်ခေါ့တို့ထံသို့ တည့်တည့်ဝင်သွားခဲ့သည်။

မိစ္ဆာတို့သည် အဆက်မပြတ် ဆက်လက် တိုက်ခိုက်နေကြသည်။ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် ဝင်္ကပါအတွင်းသို့ အောင်မြင်စွာဖြင့် ချိုးဖောက်သွားနိုင်ခဲ့သော်လည်း သူ၏ တာဝန်ကို တစ်ယောက်တည်း ထမ်းဆောင်မည် မဟုတ်ချေ။ သူ၏ အဓိက တာဝန်မှာ ယွဲ့ချန်း မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့အား အတွင်းသို့ ခေါ်သွင်းရန် ဖြစ်သည်။

ငရဲမီး ကေရာဇ် မြို့တော်၏ အနီးတွင် ရပ်နေရင်း အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် ဘာမှ သိပ်မပြောခဲ့ပေ။ သူ၏ လက်ဝါးကို ဝှေ့ယမ်းလိုက်ရာ သူ၏ မိစ္ဆာစွမ်းအားများက ထိုးတက်လာကြသည်။ သူ၏ မဟာစိတ်ဝိညာဉ် ဘုရင်လက်ဝါးကို ထပ်ဖန်တစ်ခါ အသုံးပြုလိုက်၍ လုံရှန်ခေါ့၏ ခေါင်းပေါ်သို့ ကုတ်ဆွဲလိုက်သည်။

ဤလက်ဝါးသည် ကောင်းကင်ပေါ်မှ နေမင်းကို လွှမ်းခြုံနိုင်လောက်အောင် ကြီးမားသည်။ ချက်ချင်း ဆိုသလိုပင် ငရဲမီး ကေရာဇ် မြို့တော်သည် ညရောက်လာသည့် အတိုင်း မှောင်မည်းသွားခဲ့သည်။

လုံရှုန်ခေါ့၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ သူ့ဘေးမှ တွမ့်မုဟုန်အား ပြောလိုက်သည်။ "မင်းက ဝက်ပါကို တာဝန်ယူနေပါ… အကောင်းဆုံးကိုသာ ဆောင်ရွက်ပါ… တတ်နိုင်တာထက် အားပိုမသုံးနဲ့"

ပြီးတာနှင့် သူ၏ပုံရိပ်သည် လင်းလက်လာကာ ကောင်းကင်ပေါ်သို့ တက်သွားပြီး အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် ရင်ဆိုင်လိုက်သည်။

ငရဲမီး ကေရာဇ် မြို့တော် အတွင်းတွင် တွမ့်မုဟုန်သည် အဓိက ခန်းမဆောင် အတွင်းသို့ ပြန်ရောက်သွားပြီ ဖြစ်သည်။ သူ့အတွင်းတွင် ငရဲမီး ချောက်ကမ်းပါးမှ ကျင့်ကြံသူ တစ်အုပ်စု ရှိနေကြကာ သူတို့ အများစုသည် အခြေတည် ဝိညာဉ် အဆင့်တွင် ရှိနေကြသည်။

တွမ့်မုဟုန်က ပြောလိုက်သည်။ "ဦးလေးတို့... အခုအချိန်မှာ ကျွန်တော်တို့က ဝက်ပါကို တာဝန်ယူရတော့မယ်"

အားလုံးတို့သည် ဤအချိန်ကို စောင့်နေကြခြင်းဖြစ်၍ ထိုစကားကို ကြားလိုက်ရသော အခါ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ "စီနီယာလုံရှန်ခေါ့က ရန်သူနဲ့ တိုက်ခိုက်နေပြီ ဆိုတာကို ငါတို့က အာရုံခံနိုင်ခဲ့တယ်"

ပြီးတာနှင့် သူတို့သည် နောက်ထပ်ဆက်၍ မပြောကြတော့ပေ။ တွမ့်မုဟုန် အပါအဝင် သူတို့အားလုံးတို့သည် သူတို့၏ လက်ဝါးများကို ဆန့်တန်းလိုက်ကြကာ မီးဝက်ပါ အတွင်းသို့

သူတို့၏ စွမ်းအားများ အားလုံးတို့
ထည့်သွင်းလိုက်ကြသည်။

သူတို့၏ အားဖြည့်မှုကြောင့် မီးဝင်္ကပါသည် ယွဲ့ချန်း
မဟာပဏ္ဍိတအား စတင်၍ ဖျစ်ညှစ်လာခဲ့သည်။
ယင်နှင့် ယန်တို့သည် ထပ်ဖန်တစ်ခါ
လည်ပတ်လာ၍ မီးတောက်ပင်လယ်သည်
ယခင်ကကဲ့သို့ ကြောက်မက်ဖွယ်ရာ အခြေအနေသို့
ပြန်ရောက်သွားသည်။

သို့သော်လည်း ငရဲမီး ကေရာဇ် မြို့တော်၏ အပေါ်မှ
ကောင်းကင်တွင် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတနှင့် လုံရှန်ခေါ့တို့သည် အချင်းချင်း
ရင်ဆိုင်နေကြလေသည်။

ဤအချိန်တွင် လုံ့ရှုန်ခေါ်သည် အင်မော်တယ်ဝိညာဥ် တတိယ အဆင့်မှ သိုင်းလမ်းစဥ် ကျင့်ကြံသူ တစ်ယောက်နှင့် တူနေသည်။ သူသည် ခက်ထန်နေသည့်ပုံ မပေါက်နေသော်လည်း သူ၏ ခံစစ် စွမ်းအားများသည် ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ သူသည် အစွန်းရောက် စိတ်ဝိညာဥ် မဟာပဏ္ဍိတ၏ မဟာစိတ်ဝိညာဥ် ဘုရင်လက်ဝါးအား ရင်ဆိုင်လိုက်သည်။

သို့သော်လည်း မသေဝိညာဥ် တတိယ အဆင့်တွင် ရှိနေသော အစွန်းရောက် စိတ်ဝိညာဥ် မဟာပဏ္ဍိတသည် ရုပ်ကိုယ်ခန္ဓာ စွမ်းအား အထွတ်အထိပ် အခြေအနေတွင် ရောက်နေသည်။

သူသည် လျင်မြန်စွာ ရောင်တိမ်းနိုင်စွမ်းလည်း ရှိနေသည်။ သူ၏ လှုပ်ရှားမှုများသည် ထူးခြား၍ မြန်ဆန်လှကာ လုံရှုန်ခေါ့ အနေဖြင့် သူ့အား ဖမ်းမိရန် မတတ်နိုင်သကဲ့သို့ ဖြစ်နေသည်။

သို့ရာတွင် လုံရှုန်ခေါ့သည် ငရဲမီး ကေရာဇ် မြို့တော်အား ကာကွယ်နေရင်း တည်ငြိမ်အောင် ထိန်းသိမ်းနေခဲ့သည်။ အထူးသဖြင့် သူသည် အဓိက ခန်းမဆောင် အတွင်းတွင် ရှိနေသော တွမ့်မုဟုန်နှင့် ကျန်သောသူများအား အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတထံမှ အကာအကွယ် ပေးရမည့် အချိန်တွင် ဖြစ်သည်။

အကယ်၍ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် မီးဝက်ပါကို ချိုးဖောက်ပြီး

ယွဲ့ချန်း မဟာပဏ္ဍိတနှင့် စွမ်းနီ
မဟာပဏ္ဍိတတို့အား အတွင်းသို့
ခေါ်သွင်းလာလိုပါက သူသည် ခန်းမဆောင်
အတွင်းမှ တွမ့်မုဟုန်နှင့် ကျန်သောသူများကို
ပစ်မှတ်ထားရမည် ဖြစ်သည်။

သူ့အား ရေပက်မဝင်အောင် ခုခံနေခြင်းဖြင့်
လုံ့ရှုန်ခေါ့သည် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတအား သူ၏ အမြန်နှုန်းဖြင့် သူ့ခံစစ်ကို
မချိုးဖောက်နိုင်ရန် ကာကွယ်ထားခဲ့သည်။
ယခုအချိန်တွင် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတသည် သူ့အား ထိပ်တိုက်သာ
ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ထိပ်တိုက် ရင်ဆိုင်လျှင် အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတသည် များစွာပို၍ အစွမ်းထက်သည်။
သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြခဲ့သော အခါ
လုံ့ရှုန်ခေါ့သည် သူ့အား ခုခံချင်မှ
ခုခံနိုင်ပေလိမ့်မည်။ သို့သော်လည်း ဤကဲ့သို့
ပြုလုပ်မှသာ လုံ့ရှုန်ခေါ့ အနေဖြင့် အခွင့်အရေး
အချို့ ရရှိနိုင်မည် ဖြစ်သည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏
အပြာရောင် မျက်လုံးများသည်
အလင်းရောင်များဖြင့် တောက်ပလာပြီး သူ၏
နားရွက်များကို တွန့်လိမ်လိုက်သည်။

ဤအရာသည် အစွန်းရောက် စိတ်ဝိညာဉ်
နတ်မျောက်တို့၏ ကောင်းကင် မျက်လုံးနှင့်

နားစွမ်းရည်ပင် ဖြစ်သည်။ သူ၏ မျက်လုံးများဖြင့် သူသည် အစစ်အမှန်နှင့် ပုံရိပ်ယောင်အား ခွဲခြားနိုင်သည်။ သူ၏ နားများဖြင့် သူသည် သူ့အနားမှ အရာအားလုံးတို့၏ ပြောင်းလဲမှုကို အာရုံခံနိုင်စွမ်း ရှိသည်။ ဤအရာသည် အစစ်အမှန်နှင့် ပုံရိပ်ယောင်တို့ အကြားတွင် ခွဲခြားနိုင်ရန် အကောင်းဆုံး စွမ်းရည်ဖြစ်သည်။

ဤအရာသည် အရာအားလုံးနှင့် မှော်ကျိန်စာ ပုံစံအားလုံးတို့၏ ပြောင်းလဲမှုများကို အာရုံခံနိုင်သည့်  ဇူရီ၏ ပြောင်းလဲမှု လမ်းစဥ်နှင့် မတူပေ။ သို့သော်လည်း သူသည် သူ့ပြိုင်ဘက်၏ အရှိန်အဝါများ ပြောင်းလဲမှုများအား အာရုံခံနိုင်စွမ်း ပိုကောင်းသည်။

အစပိုင်းတွင် လုံရှန်ခေါ့သည် အစွန်းရောက်
စိတ်ဝိညာဉ် မဟာပဏ္ဍိတအား
ခုခံနိုင်သေးသော်လည်း အချိန် ကြာလာသည်နှင့်
အမျှ သူသည် ဖိအားများကို ပိုမို ခံစားလာခဲ့ရသည်။

ထို့အပြင် လုံရှန်ခေါ့ အပေါ်မှ ဖိအားများ
တိုးလာသည့် အချိန်တွင် အမြန်နှုန်းကလည်း
မြင့်တက်လာခဲ့သည်။ အချိန်ကာလသည်
စက္ကန့်နှင့်အမျှ ပိုမြန်လာသည်ဟု ထင်နေရသည်။

"မင်းတို့ မဟာယာန အဆင့်က မှော်ရတနာက
တကယ်ကိုပဲ ထူးချွန် ပြောင်မြောက်လှပါတယ်…
မင်းကို လုံး၀ ဖျက်ဆီးလိုရင် ငါက လုံ့လအတော်
စိုက်ရလိမ့်မယ်… ဒါပေမဲ့ မင်းကငါ့ကို
ခုခံချင်နေရင်တော့ မင်းအတွက် မလွယ်ဘူး"

အစွန်းရောက် စိတ်ဝိညာဉ်  မဟာပဏ္ဍိတက
ပြောလိုက်သည်။

သူ၏ ပုံရိပ်သည် လင်းလက်သွား၍ အလင်းတန်း
နှစ်တန်းအဖြစ်သို့ ပြောင်းသွားကာ ချက်ချင်း
ဆိုသလိုပင် သူသည် လုံရှန်ခေါ့၏
ဘေးတစ်ဘက်တစ်ချက်စီသို့ ရောက်သွားသည်။

လုံရှန်ခေါ့သည် မျက်မှောင်ကြုတ်လိုက်၍
မည်သည့်အရာက အစစ်ဖြစ်၍ မည်သည့်အရာက
ပုံရိပ်ယောင် ဖြစ်သည်ကို မခွဲခြားနိုင်ခဲ့ပေ။
သူတတ်နိုင်သည်မှာ သူ၏ သဘာဝလွန်
အသိစိတ်အား အသုံးပြု၍ တစ်ခုကို
ရွေးရန်ဖြစ်သည်။ သူ၏ ခန္ဓာကိုယ်သည်
အလျားလိုက် ရွေ့သွားကာ သူ့ညာဘက်သို့

ဝင်ရောက်လာသော တစ်ယောက်အား
တိုက်ခိုက်လိုက်သည်။

ကြမ်းတမ်းသော စွမ်းအားသည် ကောင်းကင်အား
ပိတ်ဆို့ခဲ့ကာ အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတ၏ ပုံစံ နှစ်မျိုးတို့အား
နေရာပြောင်းမှုနှင့် ပုံရိပ်ယောင်နှင့်
အစစ်အမှန်များကို ထပ်ဖန်တစ်ခါ နေရာလဲမှုတို့ထံမှ
တားဆီးလိုက်သည်။

ညာဘက်မှ မျက်လုံးပြာ မျောက်ဖြူ၏
ခန္ဓာကိုယ်သည် လုံရှန်ခေါ့၏ တိုက်ခိုက်မှုအား
ခုခံနေရင်း တုန်ခါသွားသည်။

သူ၏ မှော်စွမ်းအင်နှင့် မျောက်၏ မိစ္ဆာစွမ်းအားများ ထိတွေ့ခဲ့သော အခါ လုံရှန်ခေါ့က အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ "ဒီတစ်ကောင်က အစစ်ပဲ..."

သူ၏အတွေး မဆုံးသေးခင်တွင် မျက်လုံးပြာ မျောက်ဖြူ၏ အမွေးများဖြင့် ပြည့်နေသော မျက်နှာသည် ကောက်ကျစ်စွာဖြင့် ပြုံးလိုက်သည်ကို တွေ့လိုက်ရသည်။

အခုလေးတင် တည်ငြိမ်လာသော လုံရှန်ခေါ့သည် ချက်ချင်း ဆိုသလိုပင် တုန်လှုပ်သွားခဲ့သည်။ သူ၏ ခေါင်းကို လှည့်လိုက်ရာ သူ့ဘယ်ဘက်မှ အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်သည် ငရဲမီး

ကောရာဇ် မြို့တော်ထံသို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရသည်။

အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်သည် ပုံရိပ်ယောင် အဖြစ်သို့ ပြောင်းသွားလေသည်။

"အချိန် တစ်ခုစီမှာ နှစ်ကောင်စလုံးက အစစ်ဖြစ်တယ်" ပြန်ပြောင်း တွေးတောခဲ့ အပြီးတွင် လုံရှန်ခေါ့က သဘောပေါက်သွားခဲ့သည်။ သို့သော်လည်း အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် သူ၏ ခံစစ်များကို ချိုးဖောက်နိုင်ခဲ့ပြီး အဓိက ခန်းမဆောင်၏ အပေါ်သို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူ၏ ခက်ထန်သော စွမ်းအားများကို အတူတကွ စုစည်းလိုက်ကာ ခန်းမဆောင် အပေါ်သို့ ထိုးချလိုက်သည်။

ခန်းမဆောင် အပေါ်တွင် မီးတောက်များဖြင့် ပြုလုပ်ထားသော ဝင်္ကပါတစ်ခုသည် လင်းလက်လာကာ သူ၏ တိုက်ခိုက်မှုများကို ခုခံလိုက်သည်။

သို့သော်လည်း အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ တိုက်ခိုက်မှုကြောင့် ခန်းမဆောင် တစ်ခုလုံးသည် အနည်းငယ် တုန်ခါသွား၍ တွမ့်မုဟုန် အပါအဝင် ကျန်သောသူများ အားလုံးတို့က အာရုံခံနိုင်ခဲ့ကြသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ ဟိန်းဟောက်သံသည် အားလုံးတို့၏ ရင်အတွင်းသို့

ဝင်ရောက်သွား၍ သူတို့၏ ဝိညာဉ်များကို
တုန်ခါစေခဲ့သည်။

တွမ့်မုဟုန်နှင့် ကျန်သောသူများသည် သူတို့ဘာသာ
အစွမ်းထက်သော ကျင့်ကြံသူများ
ဖြစ်ကြသော်လည်း နှစ်ဦးနှစ်ဘက်တို့ အကြားမှ
စွမ်းအား ကွာခြားမှုများက ကြီးမားလှသည်။
အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏
တိုက်ခိုက်မှုကို ခံခဲ့ရသော အခါ မီးဝက်ပါ၏
လည်ပတ်မှုကလည်း အကျိုးသက်ရောက်မှု
ရှိသွားခဲ့သည်။

မီးတောက်များ၏ ပိတ်ဆို့မှုကို ခံနေရ၍
ပြာကျလုနီးပါး ဖြစ်နေသော ယွဲ့ချန်း
မဟာပဏ္ဍိတသည် မီးတောက်များက

နောက်ဆုတ်သွား၍ အနည်းငယ်
အားနည်းသွားခဲ့သည်ကို ရုတ်တရက်ပင်
အာရုံခံနိုင်ခဲ့သည်။

ယွဲ့ချန်း မဟာပဏ္ဍိတ အပေါ်မှ ဖိအားများကို
သက်သာရာ ရစေရန် ခရမ်းရောင် မီးခိုးငွေ့
မြေမိုးကြိုးအား အသုံးပြုနေခဲ့သော စွမ်းနီ
မဟာပဏ္ဍိတသည် ဤအချိန်တွင်
ကျယ်လောင်စွာဖြင့် ဟိန်းဟောက်လိုက်သည်။

နူးညံ့ သိမ်မွေ့သည်ဟု ထင်နေရသော ခရမ်းရောင်
တိမ်တိုက်များသည် ရုတ်တရက်ပင် လျင်မြန်စွာ
သိပ်သည်းသွား၍ အနက်ရောင် ပုံစံ ပေါက်နေသည့်
ခရမ်းရောင် ဓာတ်ငွေ့ဘောလုံး တစ်ခုအဖြစ်သို့
ပြောင်းသွားသည်။

ထိုဘောလုံး ခါတ်ငွေ့ အတွင်းတွင်
တစ်ယောက်သည် ကြယ်အလင်းတန်းများ
လင်းလက်နေသည်ကို တွေ့နိုင်သည်။
သို့သော်လည်း ပို၍ မျက်စိကျစရာ ကောင်းသည့်
အချက်မှာ ခါတ်ငွေ့ဘောလုံး အတွင်းမှ
မိုးကြိုးများဖြင့် ဖန်ဆင်းထားသော အနက်ရောင်
မြွေများပင် ဖြစ်သည်။ သူတို့အားလုံးတို့သည်
အစွမ်းထက်၍ ခက်ထန်သော စွမ်းအားများကို
ထုတ်ဖော်နေကြသည်။

ဤခါတ်ငွေ့ဘောလုံးသည် အားနည်း၍
အသွင်မဲ့သကဲ့သို့ ဖြစ်နေသော်လည်း သူ၏
စွမ်းအားများကို ခံစားနေရသည်။

ခေတ်ငွေ့ဘောလုံးသည် မီးဝက်ပါ၏ အပေါ်တွင် ပေါက်ကွဲသွားသည်။ အက်ကွဲကြောင်း တစ်ခုကြောင့် အကြွင်းမဲ့မီးတောက် မဟာဝက်ပါက နေးကွေးသွားသည့် စက္ကန့်ပိုင်းကို အခွင့်ကောင်းယူ၍ သူသည် အက်ကွဲကြောင်း အနားတွင် ထပ်ဖန်တစ်ခါ ပေါက်ကွဲသွားခဲ့သည်။

ယွဲ့ချန်း မဟာပဏ္ဍိတကလည်း ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်သည်။ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ အနောက်သို့ ထပ်ကြပ်မကွာ လိုက်လာ၍ သူသည် အကြွင်းမဲ့မီးတောက် မဟာဝက်ပါ၏ အရံအတားများကို ချိုးဖောက်ခဲ့ကာ ငရဲမီး ကေရာဇ် မြို့တော်အပေါ်သို့ ဆင်းသက်လာခဲ့သည်။

# စာစဉ် ၇၂ : အပိုင်း ၇

## အပိုင်း ၁၃၉၇ : ကျရှုံးသွားသော စူးစမ်းလေ့လာမှု

တောင်တစ်လုံးကဲ့သို့ ကြီးမားသော အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်ထက် များစွာပို၍ ကြီးမားသည့် ယွဲ့ချန်း မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်သည် ငရဲမီး ကေရာဇ် မြို့တော်၏ အပေါ်သို့ ရောက်လာ၍ လျင်မြန်စွာဖြင့် ကျဆင်းလာသည်။

သူ့အနောက်တွင် စွမ်းနီ မဟာပဏ္ဍိတကလည်း လိုက်ပါလာခဲ့သည်။ သူသည် အကြွင်းမဲ့မီးတောက်

မဟာဝက်ပါအား တိတ်တဆိတ် ချိုးဖောက်လာ၍
ငရဲမီး ကေရာဇ် မြို့တော်အား တိုက်ခိုက်လိုက်သည်။

မြို့အပေါ်မှ ကောင်းကင်တွင် ရှိနေသော
လုံရှုန်ခေါ့နှင့် ခန်းမဆောင် အတွင်းမှ တွမ့်မုဟုန်နှင့်
ကျန်သောသူများ၏ မျက်နှာများသည်
ပျက်သွားကြသော်လည်း တုန်လှုပ်
ချောက်ချားသွားခြင်းမျိုး မရှိခဲ့ပေ။

စံအိမ်အတွင်းတွင် ရောမ အချိန်ကာလ
လေဟာနယ် မှော်ဝက်ပါ တစ်ခု ရှိနေသည်။
သူသည် အလင်းတန်း တစ်တန်းဖြင့် မှေးမှိန်စွာ
လင်းလက်နေသော်လည်း ဖြည်းဖြည်းချင်းနှင့်
ထိုအလင်းတန်းသည် ပို၍ပို၍ မျက်စိကျစရာ
ကောင်းလာခဲ့သည်။

တွန့်မုပဟုန်နှင့် ကျန်သောသူများသည် သူတို့ရှေ့မှ အခြေအနေအား မြင်လိုက်ရသော အခါ သိသိသာသာ စိတ်သက်သာရာ ရသွားသည်။
"သူမက လုပ်နိုင်ခဲ့ပြီ"

အလင်းတန်း အတွင်းတွင် အချိန်ကာလနှင့် လေဟာနယ်က တွန့်လိမ်သွား၍ အရိပ်နှစ်ခုတို့က အတွင်းမှ ထွက်လာကြသည်။ တစ်ယောက်မှာ ခရမ်းရောင် ဝတ်ရုံကို ဝတ်ဆင်ထားသည့် အမျိုးသမီးငယ် တစ်ယောက်ဖြစ်သည်။ သူမ၏ မျက်နှာသည် ကြည်လင် တင့်တယ်လွန်းလှသဖြင့် တစ်ယောက်သည် သူမအား တိုက်ရိုက်ပင် ကြည့်ရဲလိမ့်မည် မဟုတ်ချေ။

အခြားတစ်ယောက်မှာ ခက်ထန်သော ပုံစံနှင့်
လူတစ်ယောက် ဖြစ်သည်။ သူ၏ မျက်လုံးများ
အတွင်းတွင် တစ်ယောက်သည် ရက်စက်မှုနှင့်
ကောက်ကျစ်မှုတို့ကို တွေ့နေနိုင်သည်။

ခရမ်းရောင် ဝတ်ရုံနှင့် အမျိုးသမီးအား
တွေ့ခဲ့ရသော အခါ တွမ့်မုဟုန်နှင့်
ကျန်သောသူများက ဦးညွှတ်လိုက်ကြသည်။
"ဒေါ်လေး ထျန်းချင်ကို နှုတ်ဆက်ပါတယ်"

ခန်းမဆောင် အတွင်းမှ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ကျန်သော
တပည့်များကလည်း သူတို့၏ ခေါင်းများကို
ငုံ့လိုက်ကြသည်။

"ဂျူနီယာ ထျန်းချင်" စီနီယာ ထျန်းချင်"
"ဂျူနီယာလင်း" "စီနီယာလင်း"

ထိုအမျိုးသမီးငယ်သည် ငရဲမီး ချောက်ကမ်းပါး၏ ခေါင်းဆောင်ဖြစ်သော ရှောင်ယန်၏ မွေးစားသမီး ဖြစ်သည်။ သူမသည် ငရဲမီး ချောက်ကမ်းပါး၏ ဒုတိယ မျိုးဆက် တပည့်များ အတွင်းမှ အစွမ်းထက်သော အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်အနက် တစ်ယောက်ဖြစ်သည်။ သူမသည် ထျန်းချင် သူတော်စင်မယ် ဖြစ်သော လင်းတုန်ဖြစ်သည်။

သူမ၏ အသွင်အပြင် အရ သူမသည် အသက် ၁၅နှစ်၊ ၁၆နှစ်ထက် ပိုကြီးသည့်ပုံ ပေါက်မနေပဲ ထိုနေရာတွင် တည်ငြိမ်စွာဖြင့်သာ ရပ်နေခဲ့သည်။

လင်းတုန်သည် သူမ အနားမှ လူအားလုံးအား တွေ့ခဲ့ရသော အခါ သူတို့အား ပြုံး၍ နှုတ်ဆက်လိုက်သည်။ "ကျွန်မက သိပ်နောက်မကျနေဘူးလို့ မျှော်လင့်ပါတယ်"

အချိန် အကန့်အသတ်ကြောင့် သူမသည် နောက်ထပ် စကားမပြောတော့ချေ။ သူမ၏ ခန္ဓာကိုယ်ကို လှည့်လိုက်ကာ အားလုံးတို့နှင့် အတူ တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။ သူမ၏ လက်နှစ်ဘက်ကို မြှောက်လိုက်ပြီး မှော်စွမ်းအင် တစ်ခုကို ဖော်ထုတ်လိုက်သည်။

ခဏအကြာတွင် လင်းတုန်သည် သူမ၏ လူသားပုံစံကို ဖယ်ရှားလိုက်ပြီး သူမ၏

အင်မော်တယ် ဝိညာဉ်ကိုယ်ပွား ဖြစ်သော
မီးတောက် ထိုက်ကျိရုပ်ပုံကို ဖော်ပြလိုက်သည်။

ခန်းမဆောင် အတွင်းမှ လေဟာနယ်နှင့်
အချိန်ကာလသည် တွန့်လိမ်သွား၍ မယုံနိုင်အောင်
ကြီးမားလာသည်။ သို့သော်လည်း မီးတောက်
ထိုက်ကျိရုပ်ပုံသည် အမတန်မှ ကြီးမားလှသဖြင့်
သူသည် အတွင်းမှ လေဟာနယ် တစ်ခုလုံး နီးပါးကို
နေရာယူထားသည်။

မီးတောက် ထိုက်ကျိရုပ်ပုံ အပေါ်တွင် အလင်းတန်း
ပုံရိပ်တစ်ခု လင်းလက်လာ၍ ရောမ
ရှေးဟောင်းသစ်ပင် တစ်ပင်သည်
လေထုအလယ်တွင် လွင့်မျောနေသည်။
ထိုသစ်ပင်၏ သစ်ကိုင်းများသည် ဖြောင့်တန်းနေ၍

သစ်ရွက်များဖြင့် ပြည့်လျက်ရှိသည်။ သူသည် တင့်တယ်၍ မော်ဆန်လှသော နတ်ဘုရား ပါရာဆို သစ်ပင် တစ်ပင် ဖြစ်သည်။

နတ်ဘုရား ပါရာဆို သစ်ပင် အနားတွင် နို့နှစ်ဖြူရောင် သန့်စင်သောယန် အကြွင်းမဲ့မီးတောက်က တောက်လောင်နေသည်။ မီးတောက်သည် ခက်ထန်ခြင်း မရှိပဲ ထို့အစား သူသည် နွေးထွေး နူးညံ့ကာ အလွန်အမင်း သန့်စင်လှသည်။

အဖြူရောင် မီးတောက်များသည် နတ်ဘုရား ပါရာဆို သစ်ပင်၏ ထိပ်ဖျားတွင် ယှက်သန်းနေကာ တစ်ယောက်သည် ဖီးနစ်တစ်ကောင်၏ ပုံစံကို တွေ့နေနိုင်သည်။

အဖြူရောင် မီးတောက်များဖြင့် ဖွဲ့စည်းထားသော ဖီးနစ်သည် ကြည်လင်သော လေသံဖြင့် ပြောလိုက်သည်။ "စီနီယာ လုယွမ်... စီနီယာရဲ့ အကူအညီကို တောင်းခံပါတယ်... ဒီမျောက်သုံးကောင်ကို အတူတကွ အနိုင်ယူရအောင်"

လင်းတုန်နှင့် အတူ လိုက်ပါလာသော ခက်ထန်သောပုံနှင့် လူသည် ရယ်ရမ်းသွေးလိုက်ကာ စံအိမ်အပြင်သို့ ထွက်လာသည်။ ပြီးတာနှင့် သူ၏ ရောမ ခန္ဓာကိုယ်သည့် ကြီးမားစွာဖြင့် စတင်၍ ကျယ်ပြန့်လာသည်။ သူ၏ လူသားမျက်နှာသည်လည်း ကျားတစ်ကောင်၏ မျက်နှာဖြင့် အစားထိုးသွားသည်။

ပြီးတာနှင့် ထိုမိစ္ဆာသည် ထရပ်လိုက်ရာ သူ၏ခေါင်းသည် ကောင်းကင်တိုင်အောင် ရောက်ရှိသွားသည်။ သူသည် ယွဲ့ချန်း မဟာပဏ္ဍိတထက်ပင် ပို၍ ကြီးမားသည်ဟု ထင်နေရသည်။ သူ့တွင် ကျားတစ်ကောင်၏ ဦးခေါင်းနှင့် လူဝံ တစ်ကောင်၏ ခန္ဓာကိုယ် ရှိသည်။ သူ၏ မျက်လုံးများသည် နေမင်းနှင့် လမင်း အလင်းရောင်များဖြင့် လင်းလက်နေသည်။ သူသည် လုယွမ် မဟာပဏ္ဍိတ ဖြစ်သည်။

သူ့အား တွေ့လိုက်ရသော အခါ ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတ

အားလုံးတို့သည် မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။

သူသည် လင်းဖုန်းထံသို့ အညှံ့ခံလိုက်ပြီး အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့
ဝင်သွားပြီးနောက်တွင်
သိပ်မတွေ့ရတော့သော်လည်း လုယွမ်
မဟာပဏ္ဍိတသည် နာမည်ဆိုးဖြင့်
ကျော်ကြားလျက် ရှိနေသေးသည်။

ယနေ့တွင် လင်းဖုန်း၏ အနိုင်ယူခြင်းကို ခံရ၍
သူ့လက်အောက်သို့ ဝင်ရခြင်းကို တစ်ယောက်ကမှ
ရှက်ဖွယ်ရာ ကိစ္စဟု မသတ်မှတ်တော့ချေ။

လုယွမ် မဟာပဏ္ဍိတသည် အေးစက်စွာဖြင့်
ရယ်လိုက်၍ ယွဲ့ချန်း မဟာပဏ္ဍိတနှင့်
အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတတို့အား
တစ်ချက်ကြည့်လိုက်သည်။ သူသည် သူတို့အား
မျက်စိထဲ ထည့်ထားသည့်ပုံ ပေါက်မနေပဲ စွမ်းနီ
မဟာပဏ္ဍိတထံသို့ တိုက်ရိုက် ခုန်အုပ်လိုက်သည်။

စွမ်းနီ မဟာပဏ္ဍိတ၏ မျက်နှာသည်
အရောင်ပြောင်းသွားသည်။ စွမ်းနီ
မျိုးနွယ်စုများသည် သန်မာသော်လည်း
လုယွမ်တို့နှင့် ယှဉ်လိုက်လျင် ဘာမှ မဟုတ်ချေ။

လုယွမ် မျိုးနွယ်စု၏ ကြေးမုံတစ်သောင်း
အသွင်သဏ္ဍာန်သည် သူ၏ ခရမ်းရောင် မီးခိုးငွေ့
မြေမိုးကြိုးအား ဟန့်တားနိုင်စွမ်း ရှိသည်။

ရုပ်ကိုယ်ခန္ဓာ စွမ်းအား အားသာချက်ရှိသော ယွဲ့ချန်း မဟာပဏ္ဍိတ သို့မဟုတ် ရောင်ပြန်ဟပ်ရန် မလွယ်သော လှည့်ကွက်များဖြင့် ပြည့်နေသည့် အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်တို့နှင့် မတူပဲ စွမ်းနီ မဟာပဏ္ဍိတသည် လုယွမ် မဟာပဏ္ဍိတ၏ အလွယ်ကူဆုံး ပစ်မှတ် ဖြစ်နေသည်။

သူ့အား တိုက်ခိုက်ခြင်းအားဖြင့် လုယွမ် မဟာပဏ္ဍိတသည် အလွယ်ကူဆုံး ပစ်မှတ်အား အတိုဆုံး အချိန်တွင် အနိုင်ယူနိုင်ရန် မျှော်လင့်နေခြင်း ဖြစ်သည်။ ပြီးတာနှင့် သူသည် သူ၏ မဟာမိတ်များဖြင့် ယွဲ့ချန်း မဟာပဏ္ဍိတနှင့် အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတတို့ထံသို့ လှည့်လာမည် ဖြစ်သည်။

ယွဲ့ချန်း မဟာပဏ္ဍိတက သူ၏ မျက်မှောင်များကို အနည်းငယ် ကြုတ်လိုက်သည်။ သူသည် ရှေ့သို့ တက်လှမ်းရန် ကြံရွယ်လိုက်စဥ်ပင် ငရဲမီး ကေရာဇ် မြို့တော် အတွင်းရှိ ခန်းမဆောင် အပေါ်မှ ဖီးနစ်အော်သံ တစ်ခုကို ကြားလိုက်ရသည်။ အကြွင်းမဲ့မီးတောက် မဟာဝက်ပါက ပြောင်းလဲသွားကာ ငရဲမီး ကေရာဇ် မြို့တော်အပေါ်သို့ ဆင်းသက်လာသည်။

ငရဲမီး ကေရာဇ် မြို့တော်အတွင်းမှ အဖြူရောင် မီးတောက်များဖြင့် ဖွဲ့စည်းထားသော ဖီးနစ်တစ်ကောင် ထွက်ပေါ်လာသည်။ သူသည် ခြောက်ပေခန့် မြင့်ကာ သူ၏ တောင်ပံများကို ဆန့်တန်းလိုက်သော အခါ ကီလိုမီတာ

ထောင်ပေါင်းများစွာ အထိ ရောက်သွားသည်ဟု ထင်နေရသည်။

ယင်နှင့် ယန်အဖြစ် နှစ်ပိုင်းပိုင်းထားသော အကြွင်းမဲ့မီးတောက် မဟာဝက်ပါသည် အောက်သို့ ကျဆင်းလာသည်။ ယင်ကို ကိုယ်စားပြုနေသော ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်သည် အဖြူရောင် ဖီးနစ်၏ ဘယ်တောင်ပံမှ ဆန့်တန်းလာ၍ ယန်ကို ကိုယ်စားပြုနေသည့် မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည် သူ၏ ညာတောင်ပံမှ ဆန့်တန်းလာသည်။

အဖြူရောင် ဖီးနစ်သည် ယင်နှင့် ယန်တို့၏ အလယ်တွင် ရှိနေသည်။ မီးတောက်များဖြင့် ဖွဲ့စည်းထားသည့် အစိမ်းနှင့် ရွှေရောင်

တောင်ပံများသည် ကောင်းကင်ပေါ်မှ နေမင်းအား
ဖုံးကွယ်ခဲ့ကာ ယွဲ့ချန်း မဟာပဏ္ဍိတ
တည့်တည့်ထံသို့ ကျရောက်လာသည်။

နေရာတစ်ခုအား ပိတ်ဆို့နိုင်သည့်
အကြွင်းမဲ့မီးတောက် မဟာဝက်ပါနှင့် မတူပဲ
ဤမီးတောက်ဖီးနစ်၏ ဖျက်ဆီးနိုင်စွမ်းများသည်
များစွာပို၍ ပြင်းထန်သည်။

လင်းတုန်သည် နတ်ဘုရား ပါရာဆို သစ်ပင်
နှလုံးသားမှ တဆင့် ပေါက်ဖွားလာခြင်း ဖြစ်၍
သူမသည် သန့်စင်သောယန်
အကြွင်းမဲ့မီးတောက်နှင့် နီးစပ်မှုရှိသည်။
ယခုအချိန်တွင် သူမသည် မီးတောက်အား သူမ၏
ဝိညာဉ်အလား လွယ်ကူစွာ ထိန်းချုပ်နိုင်ပြီ ဖြစ်၍

မီးတောက်ဖီးနစ် ပုံစံသို့ ဖန်ဆင်းထားသည်။
လုံရှန်ခေါ်နှင့် စာလျှင် သူမသည် သူ့အား ပို၍
ကျွမ်းကျင်လိမ္မာစွာ ထိန်းချုပ်နိုင်သည်။

ယွဲ့ချန်း မဟာပဏ္ဍိတ၏ မျက်နှာပေါ်တွင်
လေးနက်သော အမူအရာ တစ်ခု ပေါ်လာသည်။
သူ၏ နှလုံးသား အတွင်းတွင် မကောင်းသော
တစ်စုံတစ်ခုက ဖြစ်ပျက်လာတော့မည်ဟု
အာရုံရနေသည်။

အကယ်၍ သူသည် သတိလက်လွတ် ပြုမူခဲ့ပါက
သူ၏ ကံကြမ္မာမှာ မသေချာနေပေ။

"သူမမှာ အိမ်ကွင်းအားသာချက် ရှိပေမဲ့ သူမက အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှာပဲ ရှိသေးတယ်... တစ်ယောက်ဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ကျင့်ကြံသူတွေကို ဘယ်တော့မှ လျှော့မတွက်သင့်ဘူး" ယွဲ့ချန်း မဟာပဏ္ဍိတသည် ပေါ့တီပေါ့ပျက် မလုပ်ရဲခဲ့ပဲ ရှေ့တက်လာကာ ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်သည်။ သူသည် ကောင်းကင်ပေါ်သို့ တက်လှမ်းနိုင်သည့် လမ်းကြောင်းတစ်ခုကို တွေ့ရှိခဲ့သကဲ့သို့ ဖြစ်သည်။

ဤအရာသည် သူ၏ မိစ္ဆာ အရှိန်အဝါများကို အသုံးပြုထားသော သယ်ယူပို့ဆောင်ခြင်း စွမ်းရည် မဟုတ်ပဲ သူ၏ ရုပ်ကိုယ်ခန္ဓာ စွမ်းရည်သက်သက် ဖြစ်သည်။ ဤအရာသည် ကောင်းကင်မိစ္ဆာ

လူဝံများ၏ ကြွက်သားစွမ်းအားများမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သူတို့ ခုန်လိုက်သော အခါ သူတို့၏ အမြန်နှုန်းနှင့် ခွန်အားသည် ငှက်အမျိုးအစား မိစ္ဆာများထက် သာလွန်သွားသည်။

သူတို့၏ ခုန်ခြင်းသည် လျင်မြန်ရုံသာ မက ပေါက်ကွဲနိုင်စွမ်းလည်း ကြီးမားသည်။ သူတို့သည် ပြိုင်ဘက်များက သူတို့အပေါ်တွင် ထားထားသော လေဟာနယ်နှင့် အချိန်ကာလ ကန့်သတ်မှုများကို ကျော်လွှားနိုင်စွမ်း ရှိသည်။

သူတို့၏ စွမ်းအားများဖြင့် သူတို့သည် မှော်ကျိန်စာများကိုလည်း ကျော်လွှားနိုင်သည်။ အကယ်၍ လုံလောက်အောင် အစွမ်းထက်ပါက

သူတို့သည် ကောင်းကင်နှင့် မြေကြီးတို့၏ အခြေခံ သဘောတရားများကို ပြိုလဲစေနိုင်သည်။

လူသား ကျင့်ကြံသူများသည်လည်း ဤအကွက်ကို အသုံးပြုနိုင်သည်။ သို့သော်လည်း ကောင်းကင်မိစ္ဆာ လူဝံများက သူ့အား အသုံးပြုခဲ့လျှင် ပို၍ သိသာထင်ရှားသည်။

ခုန်လိုက်သော အခါ ယွဲ့ချန်း မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်သည် သေးငယ်သော အနက်ရောင် အစက်တစ်ခု အဖြစ်သို့ ပြောင်းသွားကာ မီးတောက်ဖီးနစ်၏ ပိတ်ဆို့မှုထံမှ လွတ်မြောက်သွားသည်။

ခဏအကြာတွင် အနက်ရောက် အစက်သည် ကြယ်ကြွေသကဲ့သို့ ထပ်ဖန်တစ်ခါ ပြန်လည် ဆင်းသက်လာကာ ပို၍ပို၍ ကြီးမားလာသည်။ သူသည် မီးတောက်ဖီးနစ်နှင့် ငရဲမီး ကေရာဇ် မြို့တော်တို့အား ပစ်မှတ်ထား၍ တည့်တည့် ကျဆင်းလာခြင်း ဖြစ်သည်။

ငရဲမီး ကေရာဇ် မြို့တော်၏ အဓိက ခန်းမဆောင် အတွင်းမှ လင်းတုန်၏ ထိုက်ကျိုရုပ်ပုံ အပေါ်ရှိ သစ်ရွက်များသည် စတင်၍ တုန်ခါလာကြသည်။ သူ့အပေါ်မှ ဖီးနစ်၏ အလင်းတန်း ပုံရိပ်သည် စတင်၍ ကြည်လင်စွာ သီကြွေးခဲ့သည်။

သူမ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွား အနားတွင် တွမ့်မုဟုန်နှင့် ကျန်သောသူများသည် ဆက်လက်၍

ထိုင်နေကြသည်။ သူတို့၏ လက်များအား
အချင်းချင်း ဆက်သွယ်ထားကြပြီး
မီးတောက်များဖြင့် ပြုလုပ်ထားသော ဝက်ပါပုံစံ
တစ်ခုချင်းသည် အတူတကွ သိပ်သည်းနေကြကာ
ဝက်ပါသည် ပို၍ပို၍ ကြည်လင်လာသည်။

ခန်းမဆောင် ပြင်ပတွင် မီးတောက်ဖီးနစ်သည်
နေမင်းအား ဖုံးကွယ်နိုင်လောက်အောင်
ကြီးမားသော တောင်ပံများကို ဆန့်တန်းလိုက်ရာ
သူ့အပေါ်၌ ဝက်ပါပုံစံများ တစ်ခုပြီး တစ်ခု
လင်းလက်လာကြသည်။

ခဏအကြာတွင် သူ၏ တောင်ပံများကို
ပြန်သိမ်းလိုက်ရာ မီးတောက်ဖီးနစ်သည်

သေးငယ်သော မီးခဲတစ်ခုနှင့် တူသွားသည်အထိ ကျုံ့ဝင်သွားခဲ့သည်။

မီးခဲမှနေ၍ ခက်ထန် ကြမ်းတမ်းသည့် အရှိန်အဝါများကို မထုတ်လွှတ်နေပဲ ကြည်လင် တင့်တယ်ကာ မာနကြီးသည့်ပုံ ပေါက်နေသည်။ သူအား ကြည့်လိုက်လျှင် အံ့သြ ချီးကျူးသည့် ခံစားမှုများကို ခံစားခဲ့ရကာ လူအများသည် သူ့အား တိုက်ရိုက် ကြည့်ရဲကြမည် မဟုတ်ချေ။

မီးခဲသည် သေးငယ်နေသော်လည်း ကောင်းကင်ပေါ်မှ ဆင်းသက်လာသည့် ယွဲ့ချန်း မဟာပဏ္ဍိတသည် သူ့အား ရှောင်ရန် မတတ်နိုင်သကဲ့သို့ ဖြစ်နေသည်။ သူသည် ငရဲမီး

ကေရာဇ် မြို့တော်အပေါ်သို့ ကျဆင်းခဲ့ပါက
ထိုမီးခဲနှင့် ထိမိမည် ဖြစ်သည်။

နှစ်ဦး နှစ်ဘက်တို့သည် မကြာမီပင်
ထိပ်တိုက်တွေ့ခဲ့ကြကာ အနက်ရောင် မြူခိုးငွေ့နှင့်
မီးတောက် အလင်းရောင်တို့သည် ဟင်းလင်းပြင်၌
ပျံ့နှံ့သွားကြသည်။ အစက်လေး တစ်ခုမှ နေ၍
သူသည် အရပ်မျက်နှာ လေးဘက်စလုံးသို့ ပျံ့သွား၍
မီးတောက် လှိုင်းလုံးများကဲ့သို့ ဖြစ်သွားသည်။

လေထုအတွင်းတွင် တစ်ယောက်သည် နာကျင်စွာ
ခံစားနေရသည့် ယွဲ့ချန်း မဟာပဏ္ဍိတ၏
အော်ဟစ်သံများကို ကြားနိုင်ခဲ့သည်။

သူ့ခန္ဓာကိုယ် အပေါ်မှ အကာအကွယ် အနက်ရောင် အလင်းတန်းများသည် မီးတောက်များ၏ လောင်ကျွမ်းခြင်းကို ခံခဲ့ရသည်။ သူ၏ တောင်ကုန်းကဲ့သို့ ခန္ဓာကိုယ်သည် မီးတောက်များဖြင့် ပြည့်နေပြီး မီးတောက် လှိုင်းလုံးများဖြင့် ပေါက်ကွဲနေသည်။

သူ၏ ကြယ်စင်များအတိုင်း လင်းလက်နေသော သွေးနီရောင် မျက်လုံးနှစ်လုံးသည် သိသိသာသာ မည်းမှောင်သွားသည်။

သို့သော်လည်း သူ၏ လက်သည်းများ အတွင်းတွင် သူသည် မီးတောက်ဖီးနစ် တစ်ကောင်အား တင်းကျပ်စွာဖြင့် ဖမ်းဆုပ်ထားသည်။ သူ၏ ခန္ဓာကိုယ်ထံမှ စွမ်းအားများဖြင့် ပြည့်နှက်နေကာ

သူ၏ ခန္ဓာကိုယ် အတွင်းတွင် စကြာဝဠာ
တစ်ခုလုံးက ပျက်စီးသွားတော့မည်ဟု
ထင်နေရသည်။

သူ၏ ပါးစပ်အားဖွင့်၍ ဟိန်းဟောက်လိုက်ရာ
တစ်ယောက်သည် သူ၏ ပါးစပ်အတွင်းတွင်
ကြယ်အလင်းတန်းများကို တွေ့နိုင်သည်။
ထိုအရာသည် သူ၏ မိစ္ဆာစွမ်းအားများဖြင့်
ဖန်ဆင်းထားသော အစစ်အမှန် ကြယ်တစ်စင်း
ဖြစ်သည်။

ထိုကြယ်သည် ဤအချိန်တွင် ပေါက်ကွဲသွား၍
အကန့်အသတ်မဲ့ စွမ်းအင်များကို
ထုတ်လွှတ်လိုက်သည်။ ယွဲ့ချန်း မဟာပဏ္ဍိတ၏
ကိုယ်ပိုင် စွမ်းအားများဖြင့် ပေါင်းစည်းလိုက်ကာ

သူ့အနားမှ စွမ်းအားများသည် အထွတ်အထိပ် အခြေအနေသို့ ရောက်သွားသည်။

ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် မီးတောက်ဖီးနစ်အား ဆွဲဖြဲပစ်နိုင်ခဲ့သည်။

ယွဲ့ချန်း မဟာပဏ္ဍိတသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ သူ၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် လျင်မြန်စွာဖြင့်ပင် ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းသွားကာ သူသည် အားနည်းနေသည့်ပုံ ပေါက်သွားသည်။

သို့သော်လည်း သူ့အား ကျောစိမ့်သွားစေသည့် အချက်မှာ ငရဲမီး ဧကရာဇ် မြို့တော်ရှိ ခန်းမဆောင်

အပေါ်တွင် ရောမ မှော်ဝက်ပါ တစ်ခုက ဆက်လက် လည်ပတ်နေခြင်း ဖြစ်သည်။ ထိုမှော်ဝက်ပါထံမှ တစ်ယောက်သည် ရောမ သစ်ပင်တစ်ပင်အား တွေ့နိုင်ခဲ့သည်။

ထိုသစ်ပင်၏ အမိုးပေါ်တွင် မီးတောက်သည် ဆက်လက်၍ လောင်ကျွမ်းနေကာ တစ်ယောက်သည် သူ့ထံမှ သန့်စွမ်းသော အသက်စွမ်းအင်ကို အာရုံခံနိုင်ခဲ့သည်။

မီးတောက်ဖီးနစ်သည် ယွဲ့ချန်း မဟာပဏ္ဍိတ၏ အဆွဲဖြဲခံခဲ့ရသော အခါ သူ၏ ခန္ဓာကိုယ်သည် မရှုန်းကန်ခဲ့ပဲ မီးလျှံများသာ စိမ့်ထွက်လာသည်။

ထိုအချိန်၌ သစ်ပင်အပေါ်ရှိ မီးတောက်ထံမှ
ဖီးနစ်တစ်ကောင်၏ ငိုကြွေးသံကို ကြားလိုက်ရကာ
သူသည် ပိုမို ကျယ်လောင်၍ ကြည်လင်လာသည်။

ယွဲ့ချန်း မဟာပဏ္ဍိတက မျက်မှောင်ကြုတ်လိုက်၍
ကောင်းကင်ပေါ်သို့ ထပ်ဖန်တစ်ခါ
ခုန်တက်သွားကာ ပြင်းထန်စွာ တိုက်ခိုက်နေသော
လုယွမ် မဟာပဏ္ဍိတနှင့် စွမ်းနီ
မဟာပဏ္ဍိတတို့ထံသို့ တည့်တည့်
ရောက်သွားခဲ့သည်။ လုံရှန်ခေါ့နှင့်
တိုက်ခိုက်နေရာတွင် အသာစီးရနေသော
အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည်လည်း
သူ၏ လက်ရှိပြိုင်ဘက်ကို စွန့်ခွာကာ လုယွမ်
မဟာပဏ္ဍိတထံသို့ အမြန် ရောက်လာခဲ့သည်။

စွမ်းနီ မဟာပဏ္ဍိတအား ချောင်ပိတ်ရိုက်နေသော လုယွမ် မဟာပဏ္ဍိတသည် နှာခေါင်းရှုံ့လိုက်၍ သူတို့၏ တိုက်ခိုက်မှုများကို ရှောင်တိမ်းလိုက်သည်။

မိစ္ဆာသုံးကောင်တို့ ပြန်လည် စုစည်းပြီးသွားသော အခါ ယွဲ့ချန်း မဟာပဏ္ဍိတ၏ မျက်နှာပေါ်တွင် ကြည့်ရဆိုးသော အမူအရာ တစ်ခု ပေါ်လာသည်။ သူသည် အသံတိုးတိုးဖြင့် ဟိန်းဟောက်လိုက်ကာ အနက်ရောင် အလင်းတန်း တစ်ခုအား ထုတ်လွှတ်လိုက်သည်။ ထိုအနက်ရောင် အလင်းတန်းသည် ဟင်းလင်းပြင် အတွင်းတွင် အလင်းတန်း ဘောလုံးတစ်ခု အဖြစ်သို့ ပြောင်းသွား၍ သူ့အတွင်းမှ အလင်းတန်း သုံးတန်း ထွက်ပေါ်လာကာ မိစ္ဆာသုံးကောင် အပေါ်သို့ တစ်ခုစီ ကျရောက်သွားသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့၏ မျက်နှာများတွင် မကျေနပ်သည့် အရိပ်အယောင်များ ပေါ်လာကာ ခုခံလိုသည့်ပုံများပင် ပေါက်လာကြသော်လည်း သူတို့သည် ဘာမှ မပြောခဲ့ကြပေ။

မူလက သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် လူသား ကျင့်ကြံသူများ၏ နောက်ဆုံး သည်းခံနိုင်စွမ်းကို စမ်းသပ်လိုနေကြသော်လည်း သူတို့သည် ငရဲမီး ကေရာဇ် (ရှောင်ယန်) ကိုယ်တိုင်ကိုပင် မတွေ့ခဲ့ရရာ ဘာများ ထပ်မံ စမ်းသပ်စရာ ရှိသေးသနည်း။ သူတို့အားလုံးသည် အတော်ပင် အရှက်ရနေခဲ့သည်။

သူတို့သည် သူတို့၏ စွမ်းအားများကို
ထိုအနက်ရောင် ဘောလုံး အလင်းတန်းများ
အပေါ်၌ စုစည်းထားကာ သူတို့၏ သွေးအချို့ကိုပင်
အသုံးပြုကာ သူ့အား ကျင့်ကြံခဲ့သည်။

ခဏအကြာတွင် ထိုအနက်ရောင် အလင်းတန်း
ဘောလုံးထံမှ ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခု
ပေါက်ကွဲထွက်လာကာ လုယွမ် မဟာပဏ္ဍိတ၊
လုံရှန်ခေါ့နှင့် လင်းတုန်တို့အား အံ့သြ
တုန်လှုပ်စေခဲ့သည်။

သူတို့သည် သူတို့အား ရပ်တန့်ရန်
ကြိုးစားခဲ့သော်လည်း အနက်ရောင် ဘောလုံး
အလင်းတန်းသည် လျင်မြန်စွာဖြင့် အရွယ်အစား

ကြီးမားလာကာ စကြာန့်ပိုင်း အတွင်းတွင်
အကြီးအကျယ် ကြီးထွားလာခဲ့သည်။

ပြီးတာနှင့် အနက်ရောင် ဘောလုံး အလင်းတန်း
ထံမှ ရောမ လက်တစ်ဘက် ထွက်လာကာ ငရဲမီး
ကေရာဇ် မြို့တော်ထံသို့ ကုပ်ဆွဲသည့်ပုံ
ပြုလုပ်လိုက်သည်။ ထိုလက်သည် ဤနေရာ
တစ်ခုလုံးအား သူ၏ လက်ဝါးအတွင်းတွင်
ဆုပ်ကိုင်နိုင်သည့်ပုံ ပေါက်နေသည်။

## စာစဉ် ၇၂ : အပိုင်း ၈

## အပိုင်း ၁၃၉၈ : ချောက်ကမ်းပါးပေါ်မှ စကားလုံးများ၊ မော်စွမ်းအင် အကြွင်းအကျန်

အနက်ရောင် အလင်းတန်း အတွင်းတွင် အနက်ရောင် လက်သည်းတစ်ခု ထွက်ပေါ်လာသည်။ ထိုလက်သည်း၏ ကျောဘက်တွင် ထောင်နေသော အနက်ရောင် အမွေးများဖြင့် ဖုံးလွှမ်းနေသည်။ သူတို့သည် သတ္တုကဲ့သို့ မာကျောနေ၍ လက်ဝါး၏ အလယ်မှာ အစိမ်းနက်ရောင် သန်းနေသည်။

ဤလက်ဝါးသည် ကောင်းကင်အား တစ်ယောက်၏ လက်ဝါးဖြင့် ဖုံးလွှမ်းနိုင်သည် ဟူသော စကားကို သရုပ်ဖော်နေသည်။ အမှန်အတိုင်း ပြောရလျှင် ဤလက်ဝါးသည် မည်မျှအထိ ကြီးမားသည်ကို အပြည့်အဝ သရုပ်ပြရန် မဖြစ်နိုင်ပေ။

ထိုလက်သည် ငရဲမီး ကေရာဇ် မြို့တော်ထံသို့ တည့်တည့် ကျဆင်းလာသည်။ လုယွမ် မဟာပဏ္ဍိတ၊ လင်းတုန်နှင့် ကျန်သောသူများသည် နေမင်းက ပျောက်ကွယ်သွားသည်ဟု မခံစားခဲ့ရပဲ ထို့အစား သူတို့၏ ခေါင်းအပေါ်မှ အလင်းရောင်သည် ပို၍ ကြည်လင်လာသည်။

သို့သော်လည်း သူတို့ လက်ရှိ ရှိနေသည့် ကမ္ဘာသည် ယခုအချိန်တွင် ဤရောမ လက်အတွင်းသို့ ကျရောက်သွားသည်ဟု ခံစားနေရသည်။

ဤလက်က ဖမ်းဆုပ်လိုက်သော အခါ ရောမ ငရဲမီး ကေရာဇ် မြို့တော်သည် ဤအချိန်၌ သဲမှုန်လေး တစ်မှုန်ကဲ့သို့ သေးငယ်သွားသည်ဟု ခံစားနေရသည်။

လုယွမ် မဟာပဏ္ဍိတက ပင့်သက်ရှိုက်လိုက်၍ ပြောလိုက်သည်။ "ဒါက ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတရဲ့ စွမ်းရည်ဖော်ပြမှုပဲ… သူတို့ရဲ့ အသွေးအသားနဲ့ ရတနာ အချို့ကို အသုံးပြုပြီးမှ သူတို့ဟာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကို ဒီနေရာကို ဆင့်ခေါ်လို့ရတယ်"

ရောမ လက်ကြီး၏ ဖုံးလွှမ်းမှုကို ခံခဲ့ရသော အခါ ပတ်ဝန်းကျင်မှ ကောင်းကင်သည် ပြင်းထန်စွာဖြင့် တုန်ခါသွားသည်။ ဟင်းလင်းပြင်ကလည်း အချိန်မရွေး ပြိုကွဲသွားတော့မည့်ပုံ ပေါက်နေသည်။

နေရာတကာမှ စိတ်ဝိညာဉ် စွမ်းအင်များသည် လုံးဝ ကမောက်ကမ ဖြစ်နေသည်ဟု ထင်နေရသည်။

ငရဲမီး ကေရာဇ် မြို့တော်၏ အပေါ်မှ ကောင်းကင်တွင် မီးတောက်များက လင်းလက်၍ ကခုန်နေကြသည်။ တစ်ယောက်သည် ရောမ စွမ်းအားတစ်ခုကို အာရုံခံနေနိုင်သည်။

အချိန်ကာလနှင့် လေဟာနယ် တွန့်လိမ်မှုသည် ထိန်းချုပ်မှုခံနေရသကဲ့သို့ ဖြစ်နေသည်။ ငရဲမီး ကေရာဇ် မြို့တော်သည် စတင်၍ အရွယ်အစား ကြီးမားလာကာ တစ်ချိန်တည်းတွင် အရပ်မျက်နှာ လေးဘက်စလုံးသို့ ကျယ်ပြန့်လာ၍ ရောမ လက်ဝါးထံမှ ချိုးဖောက်နိုင်ရန် ကြိုးစားနေခဲ့သည်။

လုယွမ် မဟာပဏ္ဍိတ၊ လင်းတုန်၊ လုံရှန်ခေါ့နှင့် ကျန်သောသူများသည် ဤနေရာတွင် သေမင်းကို ထိုင်စောင့်နေကြမည် မဟုတ်ချေ။

သူတို့အားလုံးတို့သည် ဤလက်သည်းကို ခုခံရန် ကြိုးစားခဲ့ကြသည်။

လင်းတုန်၊ တွမ့်မုဟုန်နှင့် ကျန်သောသူများသည် အကြွင်းမဲ့မီးတောက် မဟာဝက်ပါအား အမြင့်ဆုံး အလားအလာ အထိသို့ ကြိုးစား၍ ထုတ်ဖော်ခဲ့ကြသည်။ သူသည် တိုက်စစ်ပုံစံဖြစ်သော ဖီးနစ်မှ မီးတောက်များဖြင့် ဖန်ဆင်းထားသော သစ်ပင်တစ်ပင် အဖြစ်သို့ ပြောင်းသွားသည်။

ဤသစ်ပင်သည် မီးတောက်များဖြင့် ပြုလုပ်ထားသော်လည်း ရှိနေကြသော သူများ အားလုံးတို့သည် သူ၏ အစွမ်းထက်သော အသက်စွမ်းအင်များကို ခံစားနေနိုင်သည်။

ဖြည်းဖြည်းချင်းပင် သူသည် ခံစစ် စွမ်းအားများ အဖြစ်သို့ ပြောင်းသွားသည်။

ထိုအရာသည် သူ၏ အကိုင်းအခက်များက ကောင်းကင်သို့တိုင်အောင် မြင့်မားစွာ ထိုးတက်သွားသော နတ်ဘုရား ပါရာဆို သစ်ပင် တစ်ပင် ဖြစ်သည်။ ကောင်းကင်ပေါ်သို့ ငွားငွားစွင့်စွင့် ထိုးတက်သွားသော သစ်ကိုင်းများသည် အောက်သို့ ကုတ်ချခဲ့သော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ အနက်ရောင် မဟာလက်သည်းအား ခုခံခဲ့သည်။

လုံရှန်ခေါ့နှင့် လုယွမ် မဟာပဏ္ဍိတတို့သည် သူတို့၏ စွမ်းအားများကို အသုံးပြုကာ ယင်ယန်လောင်ကျွမ်း ကောင်းကင်ဝက်ပါအား ထိန်းချုပ်နေသော

လင်းတုန်အား ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကို ခုခံနိုင်ရန် အားဖြည့်ပေးလိုက်ကြသည်။

"သူတို့က မှော်ရတနာ တစ်ခုကို အသုံးပြုပြီးမှ သူ့ကို ယာယီ ဆင့်ခေါ်ခဲ့တာ... သူတို့က ဒါကို ကြာရှည်စွာ ထိန်းထားနိုင်မှာ မဟုတ်တဲ့ အတွက် အချိန် သိပ်မကြာနိုင်ဘူး... သူတို့ရဲ့ စွမ်းအားတွေက မကြာခင် ကုန်ခမ်းသွားလိမ့်မယ်" လုယွမ် မဟာပဏ္ဍိတက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

လင်းတုန်နှင့် လုံရှန်ခေါ့တို့ နှစ်ယောက်စလုံးကလည်း ဤသဘောတရားကို နားလည်နေခဲ့သည်။ သို့သော်လည်း ဤအရာသည်

သူတို့အရှေ့မှ စိန်ခေါ်မှုအား အောင်မြင်စွာ ရင်ဆိုင်နိုင်ခြင်းနှင့် မတူပေ။

နှစ်ဦးနှစ်ဘက်သားသည် အချင်းချင်း ထိပ်တိုက်တွေ့ခဲ့ကြသည်။ လင်းတုန်နှင့် ကျန်သောသူများသည် သူတို့အပေါ်သို့ ဖော်ပြ၍ မရသည့် ဖိအားတစ်ခု ကျဆင်းလာ၍ သူတို့၏ ခန္ဓာကိုယ်များက တုန်ခါလာသည်ဟု ခံစားခဲ့ရသည်။

သူတို့အနားမှ တွန့်လိမ်နေသော လေဟာနယ်သည် ထူးခြားစွာ ငြိမ်သက်သွားသည်။ ရောမ အနက်ရောင် လက်သည်းကြီးသည် ငရဲမီး ကေရာဇ် မြို့တော်၏ စွမ်းအားများနှင့် ရင်ဆိုင်ခဲ့ရာတွင်

အချိန်ကာလသည် ရပ်တန့်သွားသကဲ့သို့
ဖြစ်သွားသည်။

ခဏအကြာတွင် ငရဲမီး ကေရာဇ် မြို့တော်အနားမှ
ကျယ်ပြန့်ရန် ကြိုးစားနေသော ဘေးပတ်ပတ်လည်
နေရာသည် ရောမ လက်သည်းကြီး၏
ထပ်ဖန်တစ်ခါ ဟန့်တားခြင်းကို ခံခဲ့ရသည်။

အချိန်ကာလသည် ထပ်ဖန်တစ်ခါ တွန့်လိမ်သွား၍
ကျုံ့ဝင်သွားပြန်သည်။ သူ၏ အမြန်နှုန်းသည်
နှေးကွေးသွားသော်လည်း တစ်ယောက်သည်
ပြောင်းပြန်လှန်၍ မရသော အင်အားတစ်ခုက
လက်သည်း၏ ဆုပ်ကိုင်မှု အတွင်းသို့
ဖြည်းဖြည်းချင်း ကျဆင်းလာသည်ဟု
ပြောနိုင်ခဲ့သည်။

အစိမ်းနက်ရောင် လက်ဝါးသည် သူ့အား
လောင်ကျွမ်းရဲခဲ့သော အကြွင်းမဲ့
မီးတောက်များအား ဖိနှိပ်ထားခဲ့သည်။ သူသည်
လုယွမ် မဟာပဏ္ဍိတ မှုတ်ထုတ်ခဲ့သော အဖြူရောင်
မိစ္ဆာအလင်းတန်းအား ဖယ်ရှားခဲ့ကာ လုံရှန်ခေါ့ကို
လုံးဝ လွှမ်းမိုးထားနိုင်ခဲ့သည်။

မီးတောက်သည် အသက်စွမ်းအင်များဖြင့်
ပြည့်နှက်နေသည်ဟု ထင်နေရသော နတ်ဘုရား
ပါရာဆို သစ်ပင် အဖြစ်သို့ ပြောင်းသွားသည်။
သို့သော်လည်း သူသည် ဤရောမ ခွန်အား၏
ဖိနှိပ်မှုကို ခံခဲ့ရသေးသည်။

လုယွမ် မဟာပဏ္ဍိတ၏ ကြေးမုံတစ်သောင်း အသွင်သဏ္ဍာန်သည် ဤအနက်ရောင် လက်သည်း၏ အရှေ့တွင် အသုံးမဝင်ခဲ့ပေ။ သူနှင့် လုံရှန်ခေါ့တို့၏ ရုပ်ကိုယ်ခန္ဓာ စွမ်းအားသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ အရှေ့တွင် ကလေးတစ်ယောက်နှင့် တူနေခဲ့သည်။

အစိမ်းနက်ရောင် လက်သည်းသည် ထူးခြားသော တာအို သဘောတရားများကို အသုံးပြုခြင်း မရှိခဲ့သလို အကြွင်းမဲ့မီးတောက် မဟာဝက်ပါအား သူ၏ ဓာတ်သဘော အားနည်းချက်များကို အသုံးပြု၍ တန်ပြန်ခဲ့ခြင်း မရှိပေ။

သူအခြေခံထားသည့် အရာမှာ ကျယ်ပြန့်သော ရုပ်ကိုယ်ခန္ဓာ စွမ်းအားသက်သက်ပင် ဖြစ်သည်။

သူ၏ လက်ဝါးနှင့် လက်ချောင်းများသည် ကမ္ဘာကြီးအား ဖျစ်ညှစ်ကာ ကောင်းကင်အား ဖျက်ဆီးနိုင်သော အင်အားရှိသကဲ့သို့ ဖြစ်နေသည်။

သူ့တွင် ခွန်အားများသာ ရှိသည်။ သူ၏ခွန်အားသည် တာအို၏ သဘာဝ အစီအစဥ်များကို ပြောင်းပြန်လှန်နိုင်အောင် လုံလောက်သည့် အစွမ်းရှိသည်။ ဤခွန်အားကို ပိုင်ဆိုင်ထားနိုင်သည့် တစ်ဦးတည်းသော မိစ္ဆာမှာ ဗီပရာလိုပါ အဆင့်တွင်ရှိသည့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတပင် ဖြစ်သည်။

လုယွမ် မဟာပဏ္ဍိတ၊ လင်းတုန်၊ လုံရှန်ခေါ့နှင့် ကျန်သောသူများ၏ ရင်များသည် လေးလံလာကြသည်။

ထိုမိစ္ဆာသုံးကောင်တို့၏ စွမ်းအားများ မကုန်ခမ်းမီ ငရဲမီး ကေရာဇ် မြို့တော်က ကျရှုံးသွားတော့မည်ဟု သူတို့က တိကျစွာ ခန့်မှန်းနိုင်ခဲ့ကြသည်။

ဤအချိန်တွင် ငရဲမီး ကေရာဇ် မြို့တော်သည် မိုးကြိုးမုန်တိုင်း အတွင်းမှ သစ်ရွက်လေး တစ်ရွက်ပမာ အားနည်း၍ ကျိုးပဲ့လွယ်နေသည်။

သို့သော်လည်း နတ်တောင်တစ်တောင်မှ ဆောက်လုပ်ထားသော မြို့တော်၏ အနီးမှ ချောက်ကမ်းပါးသည် ရုတ်တရက် လင်းလက်လာသည်။ ချောက်ကမ်းပါး အပေါ်တွင် ထွင်းထုထားသော 'ကေရာဇ်'၊ 'ယန်'နှင့် 'မြို့တော်'

ဟူသည့် စာလုံးများသည် အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။

ချောက်ကမ်းပါး အပေါ်တွင် ခတ်နှိပ်ထားသည့် စကားလုံးများမှ ခရမ်းရောင် အလင်းတန်းများ ပေါက်ကွဲထွက်လာသည်။ သူတို့သည် ခရမ်းရောင် ကျက်သရေ တိမ်တိုက်များ အဖြစ်သို့ ပြောင်းသွား၍ လောင်ကျွမ်းနေသော မီးတောက်များဖြင့် ဝန်းရံထားသော ငရဲမီး ဧကရာဇ် မြို့တော်အား ပို၍ ကြီးမားလာစေခဲ့သည်။

ခဏအကြာတွင် ခရမ်းရောင် ကျက်သရေ တိမ်တိုက်များ၏ အလယ်တွင် တစ်ယောက်သည် မိုးကြိုး အလင်းတန်းများ ထစ်ချုန်းနေသည်ကို တွေ့နိုင်ခဲ့သည်။

မိုးကြိုး အလင်းတန်း များစွာတို့သည် အရောင် တစ်ရောင်တည်း မဟုတ်ကြပေ။ သူတို့သည် အနီ၊ အဝါ၊ အစိမ်းနှင့် အပြာစသော အရောင်တို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြသည်။ အလင်းတန်း တစ်ခုချင်းစီသည် ထိုအရောင် လေးမျိုးတို့ဖြင့် ဖွဲ့စည်းထားသော ချည်မျှင်များစွာတို့ဖြင့် ပြုလုပ်ထားသည်ဟု ထင်နေရသည်။

အရောင် လေးမျိုးတို့သည် အတူတကွပင် အလင်းတန်း တစ်တန်းအား ဖွဲ့စည်းနိုင်သဖြင့် အလွန်အမင်းပင် ထူးခြား ဆန်းကြယ်သည်ဟု ထင်နေရသည်။ သို့ရာတွင် အရောင်တစ်မျိုးချင်းစီကိုလည်း ကောင်းမွန်စွာ တွေ့နေနိုင်သည်။

အရောင်လေးမျိုး လျှပ်စီးသွားများ အပေါ်တွင် တစ်ယောက်သည် အဖြူနှင့် အနက်ရောင် အလင်းတန်းများက အချင်းချင်း ယှက်သန်းနေကြသည်ကို တွေ့နေနိုင်သည်။

ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့သည် ထိုအရာကို တွေ့ခဲ့ရသော အခါ သူတို့အားလုံးက တုန်လှုပ် ချောက်ချားသွားကြသည်။ သူတို့ ခေါင်းအပေါ်မှ ကောင်းကင်ပေါ်ရှိ လက်ထွက်လာသော အနက်ရောင် အလင်းတန်း ဘောလုံးထံမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ဟာ... လင်းဖုန်းလား"

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ထိုအရောင်လေးမျိုး လျှပ်စီး၏ အရင်းအမြစ်ကို အာရုံခံနိုင်ခဲ့သည်။ သူသည် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွား၏ အသွင်သဏ္ဌာန် လေးမျိုး ခတ်နှစ်ပါး နတ်ဘုရား မိုးကြိုးပင် ဖြစ်သည်။

ဤအရာသည် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွား တီထွင်နိုင်ခဲ့သော မိုးကြိုးပုံစံ တိုက်ခိုက်မှု အသစ်ဖြစ်သည်။ သူ့အား အခြားနေရာများတွင် မတွေ့နိုင်ပဲ မိုးကြိုး နဂါးများ၏ အထီးကျန် ရှစ်မျိုး နတ်ဘုရား မိုးကြိုးထက်ပင် များစွာပို၍ အစွမ်းထက်သည်။

ထိုအချိန်တွင် ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ

မဟာပဏ္ဍိတတို့သည် သူတို့၏ ရင်အတွင်းမှ ခါးသီးစွာ ခံစားခဲ့ရလေသည်။

ဤမြို့တော်အား စတင် တည်ထောင်ခဲ့စဉ်က လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွားသည် သူ၏ တပည့်ကြီး အတွက် ဤစာလုံး သုံးလုံးတို့အား ခတ်နှိပ်ပေးခဲ့သည်။

ဤနည်းစနစ်သည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အသုံးပြုနေကျ နည်းစနစ် တစ်မျိုးပင် ဖြစ်သည်။ သို့သော်လည်း ယွဲ့ချန်း မဟာပဏ္ဍိတနှင့် ကျန်သောသူများ၏ ရင်အား လေးလံစေခဲ့သည်မှာ မိုးကြိုးနဂါး ကိုယ်ပွား ခတ်နှိပ်ခဲ့သော စကားလုံးများသည် အရောင်လေးမျိုး မိုးကြိုး အလင်းတန်းဖြင့်သာ လင်းလက်နေခြင်း မဟုတ်ပဲ

ခရမ်းရောင် ကျက်သရေ တိမ်တိုက်များပါ ရှိနေခြင်း ဖြစ်သည်။ ဤအရာသည် လင်းဖုန်း၏ ကိုယ်ပိုင် စွမ်းအား အမှတ်အသားများ ဖြစ်သည်။

လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွားသည် အလွန် အစွမ်းထက်သော်လည်း ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကိုမူ မယှဉ်နိုင်ပေ။ သို့သော်လည်း ယွဲ့ချန်း မဟာပဏ္ဍိတနှင့် ကျန်သောသူများသည် ဤစကားလုံးများ အပေါ်မှ အရံအတားများကို မဖယ်ရှားနိုင်ပေ။ သို့ရာတွင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတက တိုက်ခိုက်ခဲ့ပါက ဤအရံအတားများသည် မကြာမီ ကျိုးပျက်သွားမည် ဖြစ်သည်။

ခရမ်းရောင် ကျက်သရေ တိမ်တိုက်များ၏
ထောက်ပံ့မှုကို ရထားသဖြင့် အရောင်လေးမျိုး
မိုးကြိုးသည် အဆုံးမဲ့ကာ အကန့်အသတ် မရှိပေ။

အဖြူနှင့် အနက်ရောင် အလင်းတန်းများ
ဝန်းရံထားသော အရောင်လေးမျိုး မိုးကြိုးသည်
မကြာမီပင် ငရဲမီး ကေရာဇ် မြို့တော်အား
ဝန်းရံထားသော အကြွင်းမဲ့ မီးတောက်များနှင့်
ပေါင်းစည်းသွားသည်။ အလင်းတန်းသည်
ကွဲပြားသော အရောင်လေးမျိုး ဖြစ်သည့် အနီ၊
အစိမ်း၊ အဝါနှင့် အပြာရောင်  နဂါးများ အဖြစ်သို့
ပြောင်းသွားခဲ့သည်။

သူတို့၏ ခန္ဓာကိုယ်များ အနားတွင် မဟာသူရိယ
အကြွင်းမဲ့ မီးတောက်၊ ခိစတိဂါဘ အစစ်အမှန်

မီးရှူးတိုင်နှင့် သန့်စင်သောယန်
အကြွင်းမဲ့မီးတောက်တို့အား တွေ့နေနိုင်သည်။

မိုးကြိုးနဂါး ကိုယ်ပွား၏ အလင်းတန်း ပုံရိပ်သည် ဟိန်းဟောက်လိုက်၍ ကောင်းကင်ကိုးလွှာ တလျှောက် ပဲ့တင်ရိုက်နေခဲ့သည်။ သူသည် ကောင်းကင်ပေါ်သို့ မြင့်တက်လာ၍ ငရဲမီး ကေရာဇ် မြို့တော် အနားမှ လေဟာနယ်နှင့် အချိန်ကာလအား ကြီးမားစွာ ကျယ်ပြန့်လာစေခဲ့သည်။ မကြာမီပင် မြို့တော်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ လက်သည်းများအောက်မှ လွတ်မြောက်သွားသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် အေးစက်စွာဖြင့် နှာမှုတ်လိုက်၍ သူ၏ ရောမ

မိစ္ဆာလက်သည်းအား အနည်းငယ် နောက်ဆုတ်လိုက်သည်။ ပြီးတာနှင့် သူသည် ရောမ တူကြီးနှင့် တူသော လက်သီးပုံစံသို့ ဆုပ်လိုက်ကာ မိုးကြိုးနဂါး ကိုယ်ပွားနှင့် မြို့တော်အပေါ်သို့ ထုချလိုက်လေသည်။

မိုးကြိုးနဂါး ကိုယ်ပွားသည် ဟိန်းဟောက်လိုက်ကာ သူ၏ ခန္ဓာကိုယ်သည် ခရမ်းရောင် တိမ်တိုက် ပင်လယ်အတွင်းတွင် မြင့်လိုက်နိမ့်လိုက် ဖြစ်နေခဲ့သည်။ သူ၏ ခေါင်း သို့မဟုတ် အမြီးကိုပါ မတွေ့နိုင်ခဲ့ပေ။

အရောင်လေးမျိုး မိုးကြိုး အလင်းတန်းသည် ခရမ်းရောင် တိမ်တိုက် ပင်လယ်အတွင်းမှ လင်းလက်လာ၍ ပြင်းထန်သော မီးတောက်များနှင့်

ပူးပေါင်းသွားခဲ့သည်။ မိုးကြိုးနှင့် မီးတောက်များက ထစ်ချုန်း လောင်ကျွမ်းနေကြပြီး ရောမ အလင်းတန်း တိုင်လုံးအဖြစ်သို့ ပြောင်းလဲသွားသည်။

မိုးကြိုးနှင့် မီးတောက်များသည် အလင်းတန်း တိုင်လုံး၏ အလယ်တွင် ယှက်သန်းနေ၍ ကောင်းကင်နှင့် မြေကြီးတို့အား ထိုးဖောက်သွားကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ လက်သီးနှင့် ရင်ဆိုင်လိုက်လေသည်။

နှစ်ဦး နှစ်ဘက်တို့သည် လေထုအလယ်တွင် ထိပ်တိုက် တွေ့ခဲ့ကြပြီး လှိုင်းလုံးများက နေရာအနှံ့ ပျံ့နှံ့သွားကြသည်။

လေဟာနယ်သည် လုံး၀ ပျက်စီးသွား၍
ကောင်းကင်အတွင်းမှ အက်ကွဲကြောင်းများသည်
သူတို့ဘာ သူတို့ ပြန်လည် ကုစားခဲ့ပြီး
ကြောက်မက်ဖွယ်ရာ အနက်ရောင်
အက်ကွဲကြောင်းများ တစ်ကြောင်းပြီးမှ
တစ်ကြောင်း အဖြစ်သို့ ပြောင်းသွားကြသည်။
ဤအရာသည် မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ ထိုနေရာ တစ်ခုလုံးအား ကွဲကြေလုနီးပါး
ဖြစ်နေသည့် ကြေးမုံတစ်ချပ်နှင့် တူသွားစေသည်။

ကောင်းကင်နှင့် မြေကြီးတို့၏ အကြားတွင်
တစ်ယောက်သည် မိုးကြိုးနှင့် မီးခဲတို့၏
ကွဲကြေနေသော အပိုင်းအစများစွာတို့အား
တွေ့နိုင်သည်။ ဤနေရာသည် ငရဲနှင့်ပင် တူနေ၏။

ဟင်းလင်းပြင် အတွင်းတွင် တစ်ယောက်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ အေးစက်သော နှာမှုတ်သံကို ကြားနိုင်ခဲ့ကာ သူ၏ ရောမ အစိမ်းနက်ရောင် လက်သည်းကြီးအား အလင်းတန်း ဘောလုံးထံမှ ရုပ်သိမ်းသွားသည်။

မိစ္ဆာ သုံးကောင်တို့သည် ဤမြင်ကွင်းကို တွေ့ခဲ့ရသော အခါ သူတို့၏ နှလုံးသားများက အေးစက်သွားကြသည်။

အစောပိုင်းက သူတို့သည် ဘာမှ သိပ်မလုပ်ရပဲ သူတို့ ပြိုင်ဘက်များ၏ ခံစစ်များက တစ်ခုပြီး တစ်ခု ပြိုကွဲသွားခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် အခြေအနေက ပြောင်းပြန် ဖြစ်သွားခဲ့သည်။ ကောင်းကင်ဂရန်းမာစတာ မဟာပဏ္ဍိတသည် မည်သည့်အချိန်မှ ငရဲမီး ဧကရာဇ် မြို့တော်အား သိမ်းပိုက်နိုင်မည်ကို တစ်ယောက်မှ မသိချေ။ သို့သော်လည်း ထိုအချိန် မတိုင်ခင် သူတို့ သုံးယောက်သည် ကျိန်းသေ ကြွေလွင့်သွားနိုင်သည်။

သူ၏ လက်သည်းများသည် အနက်ရောင် အလင်းတန်း ဘောလုံးထံမှ ရုပ်သိမ်းပြီးသွားသော အခါ သူသည် တစ်ခါမှ ပေါ်မလာဖူးခဲ့သကဲ့သို့ ပျောက်ကွယ်သွားသည်။

မိစ္ဆာသုံးကောင်တို့သည် စိတ်ရှုပ်ထွေးစွာဖြင့် ဟိန်းဟောက်လိုက်ကြကာ အနောက်သို့ ပျံသန်း ဆုတ်ခွာသွားကြသည်။

အကယ်၍ လုယွမ် မဟာပဏ္ဍိတ၊ လင်းတုန်နှင့် လုံရှန်ခေါ့တို့သာ ရှိနေမည်ဆိုပါက ဤမိစ္ဆာ သုံးကောင်တို့သည် မြို့တော်အား တိုက်ခိုက်ပြီး ဆုတ်ခွာရန် ပြဿနာ မရှိပေ။

သို့သော်လည်း ဟိန်းဟောက်နေသော မိုးကြိုးနဂါး ကိုယ်ပွားသည် ခရမ်းရောင် တိမ်တိုက်များထံမှ အလျင်အမြန် ထွက်ခွာလာ၍ မသေဝိညာဉ် တတိယ အဆင့်မှ မိစ္ဆာသုံးကောင်တို့ထံသို့ တည့်တည့် ဝင်ရောက်လာလေသည်။

မိစ္ဆာ သုံးကောင်တို့၏ မျက်နှာများက အရောင် ပြောင်းသွားကြသည်။ လင်းဖုန်းသည် မိုးကြိုးနဂါး ကိုယ်ပွား အပေါ်သို့ ကိုယ်တိုင်ကိုယ်ကျ ကျဆင်းလာသကဲ့သို့ အရောင်လေးမျိုး မိုးကြိုးနဂါးသည် ကောင်းကင် အပေါ်တွင် ကခုန်နေခဲ့ရာ သူတို့သည် သူတို့၏ သေမင်းက ရောက်လာတော့မည်ဟု ခံစားနေကြရသည်။

သို့သော်လည်း ဤအချိန်၌ပင် ငရဲမီး ကေရာဇ် မြို့တော်၏ အဝေး တစ်နေရာမှ ကောင်းကင်သည် တုန်ခါသွား၍ ရောမ ပုံရိပ်တစ်ခုက သူ့အတွင်းမှ ထွက်လာခဲ့သည်။

သူသည် အဖြူရောင်ခေါင်း၊ အနီရောင် ခြေထောက်နှင့် လူဝံတစ်ကောင် ဖြစ်သည်။ သူ၏

ခန္ဓာကိုယ်သည် ကျောက်စိမ်းကဲ့သို့ ဖြူဖွေးနေကာ မြေပြင်နှင့် ထိနေသော သူ၏ ခြေလက် လေးဘက်တို့သည် မီးတောက်ကဲ့သို့ လောင်ကျွမ်းနေသည်။

သူသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ရပ်နေသော အခါ မမှန်းဆနိုင်အောင် ကြီးမား၍ သူ၏ အနီရောင် မျက်လုံးများသည် အစိမ်းရောင် အလင်းတန်းဖြင့် လင်းလက်နေသည်။

သူ၏ အစွမ်းထက်သော မိစ္ဆာစွမ်းအင်များသည် ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါစေခဲ့သည်။ သူသည် အနီရောင် ဂေါ်ရီလာ လူဝံမိစ္ဆာ မျိုးနွယ်စုတို့၏ ခေါင်းဆောင်ဖြစ်သူ ဗီပရာလိုပါ

အဆင့်မှ လူဝံမိစ္ဆာ ဖြစ်သော အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတပင် ဖြစ်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် မတူပဲ သူသည် ထိုနေရာတွင် အမှန်တကယ် ရောက်နေခြင်း ဖြစ်သည်။ သူသည် အရိပ်များ အတွင်းတွင် ပုန်းအောင်းနေ၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရှောင်ယန်ကဲ့သို့သော အစွမ်းအထက်ဆုံး ကျင့်ကြံသူများ ဝင်ရောက်လာမည်ကို ကာကွယ်ရန် အတွက် မထွက်လာပဲ စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူ့အနေဖြင့် မလှုပ်ရှား၍ မရတော့ချေ။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
ဟင်းလင်းပြင် အတွင်းတွင် မလှုပ်ရှားပဲ ရပ်နေခဲ့ကာ
သူ၏ မျက်လုံးများ အတွင်းမှ အစိမ်းနှင့် အနီရောင်
အလင်းတန်းများ ထွက်ပေါ်လာသည်။ အလင်းတန်း
ထိတွေ့ခဲ့သော နေရာတိုင်းတွင် ဟင်းလင်းပြင်သည်
အစိုင်အခဲ ဖြစ်သကဲ့သို့ ဖြစ်သွားကာ
အစွမ်းထက်သော မိုးကြိုးနဂါး ကိုယ်ပွားကပင်
နှေးကွေးသွားခဲ့သည်။

ခဏအကြာတွင် ဟင်းလင်းပြင်သည်
လျင်မြန်စွာဖြင့် တွန့်လိမ်သွားကာ ကောင်းကင်နှင့်
မြေကြီးတို့သည် မိုးကြိုးနှင့် မီးတောက်
စီးကြောင်းတစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။

သို့သော်လည်း ဤအချိန်တွင် ကောင်းကင်က ပွင့်သွားခဲ့ကာ ငရဲကမ္ဘာ ပင်လယ်၏ အဆုံးမဲ့ ကပ်ဘေးများကို ဖော်ပြခဲ့၍ အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။ "အနီရောင် ဂေါ်ရီလာ ကျူးရိ... ခင်ဗျားက နောက်ဆုံးမှ ကိုယ့်ကိုယ်ကိုယ် ဖော်ပြခဲ့ပြီပေါ့"

## စာစဥ် ၇၂ : အပိုင်း ၉

## အပိုင်း ၁၃၉၉ : တစ်စုံတစ်ခု တလွဲတချော် ဖြစ်ခဲ့လျှင် မိစ္ဆာတစ်ကောင်က သေချာပေါက် ပါဝင်နေသည်

ကောင်းကင်အတွင်းရှိ အက်ကွဲကြောင်းများမှ အကြွင်းမဲ့ သွေးမြစ်ရေ၊ ငရဲကမ္ဘာ အကြွင်းမဲ့ရေ၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ ငရဲကိုးလွှာ လေပြင်း အစရှိသော ကပ်ဆိုးများစွာတို့သည် ကြီးမားကျယ်ပြန့်စွာ ထွက်ပေါ်လာကြသည်။

သို့သော်လည်း ကြောက်မက်ဖွယ်ရာ ဤစွမ်းအားများသည် လူတစ်ယောက်တည်း၏ အထိန်းချုပ် ခံနေရသကဲ့သို့ ဖြစ်နေသည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၊ ယွဲ့ချန်း မဟာပဏ္ဍိတနှင့် ကျန်သော မိစ္ဆာတို့သည် တည်ငြိမ်နေခဲ့သေးသော်လည်း သူတို့၏ လက်ရှိ အခြေအနေကြောင့် သူတို့၏ ရင်များက လေးလံလာကြသည်။

အက်ကွဲကြောင်းမှ တဆင့် တစ်ယောက်သည်
ခရမ်းရောင် ကိုယ်ကျပ်ဝတ်စုံနှင့် အနက်ရောင်
အပေါ်ရုံ အင်္ကျီကို ဝတ်ဆင်ထားသည့်
လူငယ်တစ်ယောက်၏ ပုံရိပ်အား ရေးရေးလေး
တွေ့မြင်နိုင်သည်။ သူသည် ရုပ်ရည်ချောမော၍
ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဘေးများစွာ အကြားတွင်
တည်ငြိမ်စွာ ထိုင်နေခဲ့သည်။

သူ၏ ခန္ဓာကိုယ်မှ နေ၍ အနက်ရောင်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့်
ခရမ်းပြာရောင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်တို့သည် ထက်အောက်စုန်ဆန်
လှုပ်ရှားနေကြကာ သူသည် မီးတောက်များ
အကြားမှ ကေရာဇ် တစ်ပါးနှင့် တူနေသည်။
သူသည် လင်းဖုန်း၏ တပည့်ကြီးဖြစ်၍

ယန်ကေရာဇ်ဟုလည်း ခေါ်သော ရှောင်ယန်ပင် ဖြစ်သည်။

ရှောင်ယန်၏ မျက်လုံးများ ထံမှ တစ်ယောက်သည် ကခုန်နေသော မီးတောက်များကို တွေ့မြင်နိုင်သည်။ သို့သော်လည်း သူ၏ အကြည့်သည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ကျန်သော မိစ္ဆာများအား ကြည့်နေရာတွင် နွေးထွေးမှု တစ်စက်ကလေးမှ မရှိပဲ ရေခဲတမျှ အေးစက်နေသည်။

ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် စွမ်းနီ မဟာပဏ္ဍိတတို့သည် ရှောင်ယန်အား ကြည့်လိုက်သော အခါ သူတို့၏ ကျောရိုးများ အတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြသည်။

သူတို့အရှေ့မှ လူသား ကျင့်ကြံသူသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ ရှိသေးသော်လည်း သူတို့သည် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် ရင်ဆိုင်နေရသကဲ့သို့ ခံစားနေရသည်။

ပုံမှန်ဆိုလျှင် သူတို့သည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား ကြောက်ရွံ့နေမည် မဟုတ်ချေ။

သို့သော်လည်း ယခုအချိန်တွင် ရှောင်ယန်အား ကြည့်နေခဲ့ရင်း မသေဝိညာဉ် တတိယ အဆင့်မှ မိစ္ဆာသုံးကောင်တို့သည် သူတို့၏ ရင်အတွင်းမှ အလိုလိုနေရင်း ကြောက်စိတ်များ ပေါ်လာခဲ့သည်။ သူတို့အနေဖြင့် ဤခံစားချက်သည်

ရှားပါးသော်လည်း အစစ်အမှန် ဖြစ်သည်။ ထို့အပြင် ထိုခံစားချက်သည် သူတို့ထက် ကျင့်ကြံမှု အဆင့်နိမ့်သော ကျင့်ကြံသူ တစ်ယောက်ထံမှ အစပြုလာခြင်း ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ယခုအချိန်၌ အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များက သူတို့နှင့် ကျင့်ကြံမှု တူသောသူများ အတွင်းတွင် ပြိုင်ဘက်ကင်းသည်ဟု သိထားကြပြီး ဖြစ်သည်။

သို့သော်လည်း သူတို့သည် ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့နှင့် ရင်ဆိုင်ခဲ့ရသော အချိန်တွင် ဤခံစားချက်သည် ပို၍ ပြင်းထန်လာခဲ့သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကပင်
အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ
ရှိသေးသော ရှောင်ယန်သည် သူ့အား
ခြိမ်းခြောက်နိုင်ရန် လုံလောက်အောင်
အစွမ်းထက်နေပြီဟု ခံစားနေရသည်။ အထူးသဖြင့်
သူသည် ငရဲကမ္ဘာ ပင်လယ်အတွင်းတွင်
ရှိနေချိန်တွင် ဖြစ်သည်။

ဤအချိန်တွင် သူသည် ငရဲကမ္ဘာ ပင်လယ်၏
စွမ်းအင်များကို အချိန်မရွေး အသုံးပြုနိုင်မည် ဖြစ်ပြီး
အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကပင် သူ့အား
အနိုင်ယူနိုင်မည်ဟု ယုံကြည်ချက် အပြည့် မရှိပေ။

ရှောင်ယန် ပေါ်လာသော အချိန်တွင် အားလုံးတို့သည် သူက ခြုံခိုတိုက်ခိုက်ရန် ပြင်ဆင်နေခဲ့ခြင်း ဖြစ်သည်ဟု သိခဲ့ကြသည်။ သူသည် သူ၏ ပစ်မှတ် မပေါ်လာလျှင် သူ့ကိုယ်သူ ဖော်ပြလိမ့်မည် မဟုတ်ချေ။ သူသည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား စောင့်ဆိုင်းနေခြင်း ဖြစ်သည်မှာ သိသာနေသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် မည်သည့် အကြံအစည်များ ရှိသည်ကို မသိနေသဖြင့် သူသည် မသက်မသာ ခံစားလာခဲ့ရသည်။

နဂါးများသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ဝင်ရောက်လာကြ သဖြင့် ဟွမ်ထျန်း

ကောရာဇ် ရှီထျန်းဟောင်သည် မြေရိုင်းအိမ်တော်ကို စောင့်ကြပ်ရမည် ဖြစ်ပြီး လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်ဟု သူက သိနေခဲ့သည်။

သို့ရာတွင် ရှီထျန်းဟောင် အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အစွမ်းထက်သော အခြား ကျင့်ကြံသူများ၏ လှုပ်ရှားမှုကို ခန့်မှန်းရန် ခက်ခဲသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ စိတ်အတွင်းတွင် ဤကဲ့သို့သော အတွေးများဖြင့် အလုပ်ရှုပ်နေသော်လည်း သူသည် တွေဝေနေခြင်း မရှိခဲ့ပေ။ သူသည် ရှောင်ယန်အား လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။ "ကျုပ်ကလေးတွေက အနည်းငယ် ရုန်းရင်းဆန်ခတ်

လုပ်ခဲ့ကြတယ်… ကျုပ်က အိမ်ပြန်ရောက်ရင် ဆုံးမလိုက်ပါမယ်… ခင်ဗျားက စိတ်မရှိဘူးလို့ မျှော်လင့်ပါတယ်"

သူ၏ လေသံသည် တည်ငြိမ်နေသော်လည်း သူသည် ပေါ့ပေါ့ဆဆ မလုပ်ခဲ့ချေ။ သူ၏ မိစ္ဆာ စွမ်းအားများဖြင့် ထိုမိစ္ဆာ သုံးကောင်တို့အား ချက်ချင်း လွှမ်းခြုံလိုက်၍ သူ၏ မီးလျှံကဲ့သို့ နီရဲနေသော ခြေလက် လေးချောင်းတို့ဖြင့် ဟင်းလင်းပြင် အတွင်းသို့ ဝင်သွားခဲ့ကာ အဝေးသို့ ချက်ချင်း ရောက်သွားခဲ့သည်။

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်အတွင်းမှ ထွက်ခွာ၍ မဟာကမ္ဘာ အတွင်းသို့ မဝင်ခဲ့ပေ။

သို့သော်လည်း သူ၏ စိတ်ဖြင့် ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းကို ကျယ်ပြန့်လာစေခဲ့သည်။

ထိုအက်ကွဲကြောင်းမှ နေ၍ တစ်ယောက်သည် အစွမ်းထက်သော စုပ်အားတစ်ခုကို ခံစားနိုင်သည်။ မရေမတွက်နိုင်သော ကပ်ဘေးများသည် ရစ်ဝဲလာ၍ ရောမ ဝဲကတော့ကြီး တစ်ခုကို ဖန်ဆင်းလိုက်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်နှာသည် အရောင်ဖျော့သွားသည်။ သူသည် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြထားပြီး ဖြစ်သော်လည်း အစွမ်းထက်သော ထိုစုပ်အားကို ခံစားနေရသေးသည်။ ငရဲကမ္ဘာ ပင်လယ်၏

အက်ကွဲကြောင်းသည် သူ့အား ဝါးမျိုနေလိုသော ရောဂမ သားရဲတစ်ကောင်နှင့် တူနေခဲ့သည်။

သူ့အားပို၍ စိုးရိမ်စေခဲ့သည်မှာ ရှောင်ယန်သည် ထိုဝဲကတော့၏ အလယ်တွင် ရှိနေခြင်း ဖြစ်သည်။ "သူက ငရဲကမ္ဘာ ပင်လယ်ရဲ့ စွမ်းအားတွေကို တကယ်ပဲ ဒီလို အသုံးပြုနိုင်တာလား"

ဝဲကတော့၏ အလယ်တွင် ရှောင်ယန်သည် တင်ပလ္လင်ခွေ ထိုင်နေ၍ ထိုကပ်ဘေးများ အားလုံးနှင့် ကွဲပြားသော ဒိုင်မန်းရှင်းတွင် ရှိနေသည့်ပုံ ပေါက်နေသည်။ သူ့အနောက်တွင် ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်းများစွာ လင်းလက်လာ၍ ဤကပ်ဘေးများ၏ အရင်းအမြစ်ဟု ထင်နေရသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
မျက်မှောင်ကြုတ်လိုက်၍ သူ၏ ကျောက်စိမ်းကဲ့သို့
ဖြူဖွေးသော ခန္ဓာကိုယ်ထံမှ အလင်းတန်းများ
လင်းလက်လာကာ သူ၏ ခြေအောက်မှ နေ၍
ပုံရိပ်ယောင် အနီရောင် မီးတောက်များ
လောင်ကျွမ်းလာသည်။ သူသည် ကောင်းကင်
အတွင်းသို့ တစ်လှမ်းပြီး တစ်လှမ်း တက်သွားခဲ့၍
ဤကမ္ဘာ အတွင်းမှ လျှောက်ထွက်သွားရန်
ကြိုးစားခဲ့သည်။

သူ၏ လုပ်ဆောင်ချက်များသည် ကောင်းကင်မိစ္ဆာ
လူဝံများကဲ့သို့ မသန်စွမ်းသော်လည်း ပို၍ ခံနိုင်ရည်
ရှိကာ ရေရှည် ခရီးအတွက် ပို၍ သင့်တော်သည်။
ခြေတစ်လှမ်းခြင်းဖြင့် သူသည် မမြင်နိုင်သော

လှေကားတစ်ခုကို တက်လှမ်းသွားသကဲ့သို့ ဖြစ်ကာ နေးကွေးသည်ဟု ထင်နေရသော်လည်း ထိုဝဲကတော့၏ အစွမ်းထက်သော စုပ်အားများထံမှ ဖြည်းဖြည်းချင်း လွတ်မြောက်လာသည်။

သို့သော်လည်း ရှောင်ယန်သည် ရယ်လိုက်ကာ ထိုဝဲကတော့၏ စီးဆင်းမှု အရပ်မျက်နှာအား ပြောင်းပြန် လှန်လိုက်သည်။ မရေမတွက်နိုင်သော ကပ်ဘေးများသည် သူ့ထံမှ ထွက်ပေါ်လာ၍ တစ်ခုတည်း အဖြစ်သို့ ပေါင်းသွားသည့်ပုံ ပေါက်နေသည်။ သူတို့သည် မည်းမှောင်နေသော အရောင်ငါးမျိုး အလင်းတန်း တိုင်လုံးအဖြစ် ပြောင်းသွားကာ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတထံသို့ တည့်တည့် ဝင်ရောက်လာသည်။

ထိုအလင်းတန်း တိုင်လုံးနှင့် ထိတွေ့မိသော နေရာတိုင်းတွင် အချိန်ကာလနှင့် လေဟာနယ်သည် ချက်ချင်း ပြိုကွဲသွားကာ ကမ္ဘာပျက်တော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာ တစ်ခု ပေါ်လာသည်။ သူသည် လေထုအလယ်တွင် ခိုင်မြဲစွာ ရပ်နေ၍ သူ၏ လုပ်ဆောင်ချက်များသည် ပို၍ အားကောင်းလာသည်။

သူ့ခန္ဓာကိုယ်အား ဝန်းရံနေသည့် ကျောက်စိမ်းဖြူရောင် အလင်းတန်းများသည် ပို၍ သိပ်သည်းလာကာ မျက်စိ မစူးစေပဲ ကျောက်စိမ်း

တစ်စကဲ့သို့ နွေးထွေး တည်ငြိမ်နေသည်။ သူ၏
ရောမ ကိုယ်ထည်ကြီးနှင့် အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတသည် အဖြူရောင် ကျောက်စိမ်းတောင်
တစ်လုံးနှင့် တူနေပေသည်။

အဖြူရောင် တောင်၏ အောက်ခြေတွင် နီရဲနေသော
အလင်းတန်း မြောက်မြားစွာတို့ လင်းလက်နေ၍
ဤအရာသည် အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတအား သူတို့ မျိုးနွယ်စု၏
ဘိုးဘေးဘီဘင် နယ်မြေဖြစ်သော
ရှောင်စီကျိတောင်နှင့် တူစေခဲ့သည်။

သို့သော်လည်း ဤရှောင်စီကျိတောင်သည်
အဆက်မပြတ် တုန်ခါနေ၍ သူ့အောက်မှ မြေကြီး

အပါအဝင် တောင်တစ်တောင်လုံးသည်
လှုပ်ယမ်းနေခဲ့သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
ရှောင်ယန်အား တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။
နဂါးများက ရှီထျန်းဟောင်အား
ဖိအားပေးထားသဖြင့် သူသည် အရာအားလုံးအား
ပစ်ချခဲ့ကာ ရှောင်ယန်အား အမြန်လာ၍ ကူညီရန်
မဖြစ်နိုင်ချေ။

အခြား တစ်ဘက်တွင် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတသည် ဤနေရာသို့ လာသော
လမ်းပေါ်တွင် ရောက်နေခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းသည် ဝိညာဉ်ပင်လယ် အတွင်းသို့
မဝင်သွားပဲ နတ်ဘုရား နယ်မြေ အတွင်းတွင်
နေခဲ့ရန် မဖြစ်နိုင်ပဲ ရွှမ်းလီကလည်း မူလနဂါး ဘုရင်
ရောက်လာလျှင် တိုက်ခိုက်ရန် စောင့်နေရမည်
ဖြစ်သည်။ ထို့ကြောင့် အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတသည် ဤမျှအထိ ပူပန် မနေခဲ့ချေ။

သို့သော်လည်း ဤအချိန်တွင် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ၏
မှော်စွမ်းအင်များဖြင့် သူ့အား လှမ်း၍
အကြောင်းကြားလိုက်သည်။ "ကျူးရီ...
နောက်ပြန်ဆုတ်ခဲ့ပါ... အခြေအနေက
ပြောင်းသွားပြီ... အလောတကြီး မလုပ်ပါနဲ့"

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတက အံ့သြ ထိတ်လန့်သွားသည်။ သူ့စကား အရ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ငရဲမီး ဧကရာဇ် မြို့တော်ထံသို့ ရောက်လာတော့မည်ပုံ မပေါ်တော့ချေ။

"အခြေအနေ အရ ငါတို့က အမြတ်ထုတ်ရမယ်... မင်းရဲ့ စူတောင်ကို ခြေမွလိုနေတဲ့ ဆန္ဒက ပြည့်မြောက်တော့မယ်" ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ အေးစက်၍ အမိန့်ပေးသည့်ပုံ ပေါက်နေသည့် အသံက ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။ "အခုပဲ နောက်ဆုတ်လိုက်ပါ... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို တိုက်ခိုက်ဖို့ မလိုတော့ဘူး... ငါသိလိုနေတဲ့ အရာတွေကို စုံစမ်းနိုင်ခဲ့ပြီ"

"အခုအချိန်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ တိုက်ခိုက်ရမယ့် အချိန် မဟုတ်ဘူး"

ဤနေရာတွင် သူ့အသံက ရပ်တန့်သွားသည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် မျက်မှောင်ကြုတ်လိုက်သော်လည်း ကောင်းကင်ဂရန်းမာစတာ မဟာပဏ္ဍိတအား ယုံကြည်ရန် ရွေးချယ်လိုက်သည်။ သူသည် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်ရာ နေရာ တစ်ခုလုံးက တုန်ခါသွားခဲ့သည်။

အလင်းတန်း တိုင်လုံးက သူ့ထံသို့ ရောက်မလာခဲ့မီ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ပထမ ခြေလှမ်းကို လှမ်းလိုက်ရာ အချိန်ကာလနှင့်

လေဟာနယ်တို့က တွန့်လိမ်သွားကာ အလင်းတန်း တိုင်လုံးအား နှေးကွေးလာစေခဲ့သည်။

အမှန်တွင် အလင်းတန်း တိုင်လုံးသည် နှေးကွေးသွားသည့်ပုံသာ ပေါက်နေသည်။ သို့သော်လည်း ဤအချိန်တွင် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ရှောင်ယန်တို့ အကြားမှ အကွာအဝေးသည် အဆုံးမဲ့ ကွာခြားသွားသည်။ သူတို့ နှစ်ယောက်စလုံးသည် အလွန်အမင်း ဝေးကွာသွား၍ တစ်ဦးနှင့် တစ်ဦးတို့သည် အချင်းချင်း ထိတွေ့နိုင်စွမ်း မရှိတော့ဟု ထင်နေရသည်။

အလင်းတန်း တိုင်လုံးတွင် အစွမ်းထက်သော စွမ်းအားတစ်မျိုး ပါနေ၍ အချိန်ကာလနှင့်

လေဟာနယ်အား ထိုးဖောက်သွားသည်။ သူ့အတွက် ထိုအရာများသည် အကောင်အထည် မဟုတ်သကဲ့သို့ ဖြစ်နေသည်။

ဤအချိန်တွင် ထူးခြားသော နည်းစနစ် တစ်မျိုးအား အသုံးပြုခဲ့ကာ လေဟာနယ် ကိုယ်တိုင်အား ထိန်းချုပ်နိုင်ခဲ့သည်။ ဤအရာသည် အလင်းတန်း တိုင်လုံးအား နောက်ထပ် ရှေ့မဆက်နိုင်ရန် တားဆီးနိုင်ခဲ့သည်။

ဤအရာသည် အနီရောင် ဂေါ်ရီလာ မျိုးနွယ်စုတို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူတို့သည် ဟွန်တွန်းနှင့် မင်နဂါးတို့ထက် စာလျှင် လေဟာနယ်ကို ပိုမို နက်ရှိုင်းစွာ ထိန်းချုပ်နိုင်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ဗီပရာလိုပါ အဆင့်သို့ ရောက်သွားသော အခါ သူ၏ လေဟာနယ်အား သဘောပေါက်မှုနှင့် ထိန်းချုပ်နိုင်စွမ်းတို့သည် အမတန်မှ ထူးချွန်လာသည်။ သို့တိုင်အောင် သူသည် သတိလက်လွှတ် မနေရဲပဲ ထို့အစား ပို၍ပင် လေးနက်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ရှောင်ယန်၏ အလင်းတန်း တိုင်လုံးသည် နှေးကွေးသွားသည်ဟု ထင်နေရသော်လည်း သူ့အနားသို့ ဖြည်းဖြည်းချင်း နီးကပ်လာနိုင်သေးသောကြောင့် ဖြစ်သည်။

မူလတွင် သူသည် လေဟာနယ်အား တွန့်လိမ်စေခြင်းအားဖြင့် သူ့အနားသို့

မကပ်လာနိုင်ရုံတင် မကပဲ ပို၍ပင်
ဝေးကွာသွားစေရန် မျှော်လင့်နေခြင်း ဖြစ်သည်။

သူ၏ လေဟာနယ်အား ထိန်းချုပ်မှုမှာ ဟာကွက်
မရှိပဲ ပစ်မှတ်အား သူတို့အကြားမှ အကွာအဝေးကို
ဖျက်သိမ်းလိုက်ခြင်းဖြင့် နီးကပ်လာရန်
ခွင့်ပြုနိုင်စွမ်း ရှိသည်။ တစ်ချိန်တည်းတွင် သူသည်
ပစ်မှတ်နှင့် သူ၏ အကြားမှ အကွာအဝေးကို
တိုးမြှင့်လိုက်ခြင်း အားဖြင့် သူ့အား မထိနိုင်ရန်
လုပ်ကိုင်နိုင်စွမ်း ရှိသည်။

သို့သော်လည်း ဤအချိန်တွင် အနက်ရောင်
အလင်းတန်း တိုင်လုံးသည် သူ့အား ဆက်လက်၍
လိုက်ဖမ်းနေကာ သူ့အနေဖြင့် လွတ်မြောက်နိုင်စွမ်း
မရှိဟု ထင်နေရသည်။

"လင်းဖုန်းက လေဟာနယ်ကို ထိန်းချုပ်တဲ့ နေရာမှာ နာမည်ကြီးပြီး ရှောင်ယန်က သူ့ရဲ့ တပည့်ဖြစ်တယ်" အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ ရင်အတွင်းတွင် အလိုမကျမှုများဖြင့် ပြည့်လာခဲ့သည်။

လင်းဖုန်း၏ လက်ရင်းတပည့်များ အကြားတွင် ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် ယွဲ့ဟုန်ယန်တို့သည် လေဟာနယ်အား နားလည်မှု အကောင်းဆုံး ဖြစ်သည်။ ရှောင်ယန်သည် လေဟာနယ်နှင့် ပတ်သတ်၍ နာမည် မကြီးသော်လည်း သူ၏ သဘောပေါက်မှုမှာ အပေါ်ယံသာ မဟုတ်ပေ။

ယခုအချိန်တွင် သူသည် ငရဲကမ္ဘာ
ပင်လယ်အတွင်းတွင် နေနေပြီး သူ၏
စွမ်းအားများဖြင့် ပေါင်းစည်းနိုင်ခဲ့သဖြင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတ အနေဖြင့် သူ့အား
လျှော့တွက်၍ မရချေ။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
ရပ်တန့်လိုက်ပြီး ရှောင်ယန်အား ထိပ်တိုက်
ရင်ဆိုင်လိုနေခဲ့သော်လည်း သူ၏ ရင်အတွင်းတွင်
အသံတစ်ခုက ထိုကဲ့သို့ မပြုလုပ်ရန်
သတိပေးနေခဲ့သည်။

ငရဲကမ္ဘာ ပင်လယ် ဝဲကတော့ဖြင့် ဖွဲ့စည်းထားသော
အနက်ရောင် အလင်းတန်း တိုင်လုံးသည်
ရှောင်ယန်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။

သူ့အား တို့လိုက်ရာ အနက်ရောင် အလင်းတန်း
တိုင်လုံးသည် ဝဲကတော့ ပုံစံသို့ ထပ်ဖန်တစ်ခါ
ပြောင်းသွားခဲ့ကာ အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတအား ထပ်ဖန်တစ်ခါ
ချုပ်နှောင်လိုက်သည်။

အကယ်၍ သူ့အတွင်း၌ အချုပ်နှောင် ခံခဲ့ရပါက
ထပ်မံ လွတ်မြောက်နိုင်ရန် လွယ်တော့မည်
မဟုတ်ပဲ ထိုအချိန်ကျလျှင် သူသည် ရှောင်ယန်နှင့်
သူသေကိုယ်သေ တိုက်ခိုက်ရတော့မည် ဖြစ်သည်။

သူသည် မလိုမလား ဖြစ်နေခဲ့သော်လည်း
နောက်ပြန် မလှည့်ခဲ့ပဲ အဝေးသို့သာ
ပျံသန်းသွားခဲ့သည်။

သို့သော်လည်း အနက်ရောင် အလင်းတန်း တိုင်လုံးသည် သူ့အနောက်သို့ ဆက်လိုက်လာခဲ့ကာ မိုင်ထောင်ပေါင်းများစွာ ကျော်ဖြတ်လာခဲ့သော်လည်း ရပ်တန့်ခဲ့ခြင်း မရှိခဲ့ပေ။

ငရဲမီး ကေရာဇ် မြို့တော်သည် ပုံမှန် ပြန်ဖြစ်သွား၍ ကောင်းကင်အပေါ်မှ အက်ကွဲကြောင်း အတွင်းတွင် ရှောင်ယန်၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။ "သူက ထွက်ပြေးဖို့ပဲ သန္နိဋ္ဌာန် ချထားပြီး တစ်ခုခုက မှားနေတယ်… အမှန်ဆိုရင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတက လာတဲ့လမ်းပေါ် ရောက်နေရမှာ"

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကဲ့သို့
ထင်ရှားစိုင်းတတ်သူ မဟုတ်သော်လည်း
စိတ်ကြီးသောသူ ဖြစ်သည်။ သူသည်
လျှင်မြန်စွာဖြင့် ထွက်ပြေးသွားသဖြင့်ငှ့်
ရှောင်ယန်ကပင် အံ့အားသင့်နေခဲ့သည်။

ဘာပဲပြောပြော ရှေးဟောင်းလူဝံ မိစ္ဆာများသည်
နတ်ဘုရား နယ်မြေ၏ အဖြစ်အပျက် အမှန်ကို
လေ့လာလိုနေကြခြင်း ဖြစ်သည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏
အကြံအစည်များ အားလုံးတို့ကို ဖျက်ဆီးခဲ့သဖြင့်
သူတို့၏ ရည်ရွယ်ချက်များက အောင်မြင်တော့မည်
မဟုတ်ချေ။

နတ်ဘုရား နယ်မြေမှ တောင်ပိုင်း တောရိုင်းဒေသ၏ ခေါင်းဆောင်ဖြစ်သူ ဂူကျွန်းသည် နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့အား ဆက်သွယ်ထားသည့် နယ်နိမိတ် လမ်းကြောင်းထံသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာခဲ့သည်။

ထို့ကြောင့် ရှီထျန်းဟောင်သည် မြေရိုင်းအိမ်တော် ထံမှ ထွက်လာနိုင်ကာ ယခုအချိန်တွင် ငရဲမီး ကေရာဇ် မြို့တော်ထံသို့ လာနေပြီ ဖြစ်သည်။ သို့သော်လည်း ရှောင်ယန်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကလည်း သူ၏လမ်းပေါ် ရောက်နေပြီ ဖြစ်သည်ဟု ယုံကြည်ထားသည်။

ဤကဲ့သို့သော အခြေအနေ အောက်တွင် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ရှောင်ထွက်သွားခဲ့သည်မှာ ပုံမှန် မဟုတ်ချေ။

ဤအချက်သည် ရှောင်ယန်၏ သံသယများကို တိုးပွားလာစေသည်။ သူသည် သူ၏ ကိုယ်ပိုင် စွမ်းရည်များနှင့် သူ့ဂိုဏ်းအပေါ်တွင် ယုံကြည်ချက် အပြည့်ရှိသူ ဖြစ်သည်။ သူသည် သူ့ကိုယ်သူ အထင်သေးတတ်သော သူတစ်ယောက် မဟုတ်ချေ။

သူ၏ စိတ်သည် သံသယများဖြင့် ပြည့်နေသော အချိန်၌ပင် သူ၏ ရင်အတွင်းမှ ရုတ်တရက် တုန်ခါသွားသည်။ ငရဲကမ္ဘာ ပင်လယ် အတွင်း၌ တစ်စုံတစ်ခု ဖြစ်ပျက်နေခဲ့သည်။

ခက်ထန် ကြမ်းတမ်းနေသော ငရဲကမ္ဘာ ပင်လယ်သည် ရုတ်ခြည်းပင် ကစဥ့်ကလျား ဖြစ်လာခဲ့သည်။

## စာစဥ် ၇၂ : အပိုင်း ၁၀

## အပိုင်း ၁၄၀၀ : နတ်ဘုရား နယ်မြေ၏ ကြမ်းတမ်းသော ဆောင်းရာသီ

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ပြောင်းလဲမှုများကို အာရုံခံမိသော အခါ မျက်မှောင်ကြုတ်လိုက်သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် သူသည် ငရဲကမ္ဘာ ပင်လယ်အတွင်းတွင်သာ နေနေခဲ့ကာ သူ့အား ကျင့်ကြံရန် ကြိုးစားနေခဲ့သော်လည်း အောင်မြင်ရန် ဝေးကွာနေသေးသည်။ သို့တိုင်အောင် သူသည် အတော်များများကို လေ့လာနိုင်ခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် သူသည် ဝန်ချီယန် ပြီးလျှင် ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်မှု အကောင်းဆုံးသူ ဖြစ်သည်။

ဤဖြစ်စဉ် အတွင်းတွင် အချို့လူများက ရှောင်ယန်အား တားဆီးရန် ကြိုးစားခဲ့ကြကာ သူတို့က မည်သူဖြစ်သည် ဆိုသည်ကို ရှောင်ယန် အနေဖြင့် ခန့်မှန်းနိုင်ခဲ့သည်။ ဤနှစ်များ

အတွင်းတွင် သူတို့သည် တစ်ကြိမ်ထက်မက ပို၍ ရင်ဆိုင်ခဲ့ကြသည်။

ဤအချိန်တွင် သူ၏ ပြိုင်ဘက်သည် ယခင်ကနှင့် မတူပဲ အမှန်တကယ်ပဲ ရုတ်ရုတ်သဲသဲ လုပ်လိုနေခြင်း ဖြစ်သည်။ ထို့ကြောင့် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ဧရာမ လှိုင်းလုံးတစ်လုံး ထွက်လာခဲ့ပြီး ရှောင်ယန်ကလည်း သူ့အား အသေအချာ ကိုင်တွယ်မှ ရမည် ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်၏ အာရုံအား ဆွဲဆောင်နေသည့် အချက်မှာ ရှေးဟောင်းလူဝံ မိစ္ဆာတို့၏ လုပ်ဆောင်ချက်များ ဖြစ်ပြီး ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ပြောင်းလဲမှုများသည်

အမတန်ကိုမှ တိုက်ဆိုင်လွန်းနေသည်။
ဤအရာသည် သူ့အား အတွေးနက်စေခဲ့သည်။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်း အပေါ်တွင်
အမြင်ကောင်းများ မရှိသော်လည်း သူတို့အနေဖြင့်
ဤကဲ့သို့သော အရေးကြီးသည့် အချိန်တွင်
မိတ္တာများနှင့် ပူးပေါင်းကြံစည်ရန် မဖြစ်နိုင်ပေ။

ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြီးအကဲ
တစ်ဦးဖြစ်သူ ဝူမန့်ချီသည် သူ၏ ငရဲကမ္ဘာ ပင်လယ်
အပေါ်မှ ကျင့်ကြံမှုဖြင့် ရှောင်ယန်အား
ပြဿနာများကို ဖန်တီးနိုင်သည်။ သို့သော်လည်း
ဤအရာသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ အကြားမှ
ပြဿနာသာ ဖြစ်ပြီး မိတ္တာများနှင့် မဆိုင်ပေ။

အကယ်၍ မိစ္ဆာများသည် ဤအကြောင်းကို သိရှိပြီးမှ နတ်ဘုရား နယ်မြေ အတွင်းသို့ ကျူးကျော်လာခဲ့လျှင် ဟင်းလင်းပြင် ဘုရားကျောင်း အပေါ်ကိုလည်း အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် ပိုင်ယွင်တောင်မှ ထွက်ခွာသွားသည်ကို အားလုံးတို့က သိထားကြပြီး ဤသတင်းကို ဖုံးကွယ်ထား၍ ရမည် မဟုတ်ချေ။ ပို၍ လျှို့ဝှက်သည့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် စာလျှင် အားလုံးတို့သည် အန္တိမ ကောင်းကင်ကြေးမုံက ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်သွားသည်ဟု သိထားကြသည်။

ဤအချိန်တွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ ခံစစ်များသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထက် ပို၍ အားနည်းနေပြီး စူတောင်ဓားဂိုဏ်း၊ မဟာချင် အင်ပါယာနှင့် အခြား လူသား အင်အားစုများထက်ပင် ပို၍ အားပျော့နေနိုင်သည်။ သူတို့သည် မိစ္ဆာများအတွက် လွယ်ကူသော ပစ်မှတ်တစ်ခု ဖြစ်နေသည်။

ထို့အပြင် ဟင်းလင်းပြင် ဘုရားကျောင်းသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ မိစ္ဆာများနှင့် ဆိုးရွားသော ဆက်ဆံရေး ရှိနေသည်။

"သေမင်းကေရာဇ်လား... ဒါမှမဟုတ် စန်ထူဇီလား" ရှောင်ယန်သည် မျက်မှောင်ကြုတ်လိုက်ကာ တွေးနေရင်း ဘာမှ မပြောခဲ့ပေ။ တစ်ချိန်တည်းတွင်

သူသည် ငရဲကမ္ဘာ ပင်လယ်နှင့် စိတ်ချင်း ဆက်သွယ်လိုက်၍ ဘာဖြစ်နေသည်ကို အာရုံခံလိုက်သည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ငရဲမီး ကေရာဇ် မြို့တော်နှင့် သူ၏ ပတ်ဝန်းကျင် ဒေသများသည် ထပ်ဖန်တစ်ခါ ငြိမ်းချမ်းသွားပြန်သည်။ ထပ်ဖန်တစ်ခါ သူတို့သည် မြေပြင်ပေါ်တွင် ခိုင်မာစွာ အခြေစိုက်နိုင်ခဲ့ကြပြီ ဖြစ်သည်။

သို့သော်လည်း ဘေးပတ်ပတ်လည် နေရာများသည် အတော်ကြီး ပျက်စီးသွား၍ လုံးဝ လွင်တီးခေါင် ကျသွားသည်။

ဤနေရာမှ စိတ်ဝိညာဉ် စွမ်းအင်များသည် လုံးဝ ရှုပ်ထွေးနေကာ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ရန် အချိန်များစွာ ကုစားရမည် ဖြစ်သည်။ သို့သော်လည်း သူ့အနေဖြင့် တိုက်ပွဲမဖြစ်ခင် အခြေအနေသို့ ရောက်အောင် ပြန်လည် တည်ဆောက်ရန်တော့ မဖြစ်နိုင်တော့ပေ။

ပြန်လည် တည်ဆောက်နိုင်ရန် အခြေခံ ပြောင်းလဲမှုများကို ပြုလုပ်ရမည် ဖြစ်ပြီး ထိုအရာသည် ကောင်းကင်နှင့် မြေကြီးတို့၏ အနေအထားများကို ကပြောင်းကပြန် ဖြစ်စေမည် ဖြစ်သည်။

လုယွမ် မဟာပဏ္ဍိတနှင့် ကျန်သော မိစ္ဆာများ၏ တိုက်ပွဲသည် နေရာ တစ်ခုလုံးကို စုတ်ပြတ်သတ်သွားစေရန် လုံလောက်နေသည်။

ရှောင်ယန်၊ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် မိုးကြိုးနဂါး ကိုယ်ပွားတို့၏ တိုက်ပွဲနှင့် တွဲလိုက်ပါက သူတို့ကသာ ထိန်းထားခဲ့ခြင်း မရှိလျှင် ဤနေရာ ပတ်ပတ်လည် တစ်ခုလုံးသည် လုံး၀ ပျက်စီးသွားမည် ဖြစ်သည်။

ငရဲမီး ကေရာဇ် မြို့တော် အတွင်းမှ ခန်းမဆောင် အတွင်းတွင် လင်းတုန်၊ တွမ့်မုဟုန်နှင့် ကျန်သောသူများသည် တင်ပလ္လင်ခွေ ထိုင်နေကြသည်။ လုံရှန်ခေါ့နှင့် လူသားပုံစံ

ပြောင်းထားသော လုယွမ် မဟာပဏ္ဍိတတို့ကလည်း ခန်းမဆောင် အတွင်းသို့ အနားယူရန် ပြန်ဝင်လာကြသည်။

သိပ်မကြာမီ အဝေးမှ ကောင်းကင်သည် ထပ်ဖန်တစ်ခါ ပွင့်ဟသွား၍ အရပ်ရှည်ရှည်နှင့် လူငယ်တစ်ယောက်သည် အတွင်းမှ လျှောက်လှမ်း ထွက်ခွာလာသည်။ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ လျှောက်ထွက်လာရင်း သူသည် မိစ္ဆာများထက်ပင် ခက်ထန်သည့်ပုံ ပေါက်နေသည်။ သူသည် ဟွမ်ထျန်း ဧကရာဇ် ဖြစ်သူ ရှီထျန်းဟောင် ဖြစ်သည်။

ရှီထျန်းဟောင်သည် လေထုအလယ်မှ လျှောက်လှမ်းလာရင်း ငရဲမီး ဧကရာဇ် မြို့တော်

အပေါ်မှ ကောင်းကင်ထံသို့ ရောက်လာခဲ့ကာ ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းအား ကြည့်လိုက်သည်။

လေဟာနယ် အတွင်းမှ အက်ကွဲကြောင်းသည် တံခါး တစ်ခုအလား ပွင့်နေခဲ့သည်။ ထိုအချိန်တွင် ငရဲကမ္ဘာ ပင်လယ်အတွင်းမှ ကပ်ဘေး များစွာတို့သည် အထိန်းချုပ် ခံခဲ့ရကာ ငြိမ်သက်နေကြပြီ ဖြစ်သည်။

အက်ကွဲကြောင်း အတွင်းတွင် ရှောင်ယန်သည် လေထုအလယ်တွင် ထိုင်နေခဲ့သည်။ သူသည် လက်မအနည်းငယ်သာ ကွာဝေးသည်ဟု ထင်နေရသလို ကီလိုမီတာ များစွာ ဝေးနေသည်ဟုလည်း ထင်နေရသည်။

ရှီထျန်းဟောင် ရောက်လာသည်ကို အာရုံခံမိသော အခါ ရှောင်ယန်သည် သူ၏ မျက်လုံးများကို ဖွင့်၍ ပြောလိုက်သည်။ "ငရဲကမ္ဘာ ပင်လယ်မှ တစ်စုံတစ်ခု ဖြစ်နေပြီး ရှေးဟောင်းလူဝံ မိစ္ဆာတွေက ရုတ်တရက် နောက်ဆုတ်သွားတယ်… ဒီကိစ္စ နှစ်ခုတို့က ဆက်သွယ်နေတယ်လို့ ငါထင်နေတယ်"

ဤအရာကို ကြားခဲ့သော အခါ ရှီထျန်းဟောင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ဒီလိုဆိုရင် ငရဲကမ္ဘာ ပင်လယ် အတွင်းက လူက မိစ္ဆာတွေနဲ့ ဆက်သွယ်ခဲ့တာလား"

ရှောင်ယန်က ပြန်ဖြေလိုက်သည်။ "သူတို့က တကယ်ပဲ မဟာမိတ် ဖွဲ့ခဲ့လား ဆိုတာနဲ့ သူတို့ မဟာမိတ်ရဲ့ နက်ရှိုင်းမှုကိုလည်း ငါမသိဘူး"

"ဒါပေမဲ့ သူတို့က အနည်းဆုံးတော့ သတင်းတွေကို ဖလှယ်နေကြတယ်... ဒါက နှစ်ဦးနှစ်ဘက် အကျိုးအမြတ် ရှိစေမယ့် ဆက်ဆံရေး ဖြစ်လောက်တယ်"

ရှီထျန်းဟောင်က သွားများပေါ်အောင် ရယ်၍ ခေါင်းညိတ်လိုက်သည်။ "ဒါဆိုရင်လည်း သူတို့က ဘာပြဿနာတွေ ပေးနိုင်သလဲ ဆိုတာကို ကြည့်ကြတာပေါ့"

သူသည် ခေတ္တမျှ ရပ်နားလိုက်၍ ရှောင်ယန်အား ကြည့်ကာ ဆက်ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေ အတွင်းမှာ ကျွန်တော်တို့က ဒေါ်လေးရွှမ်းလီ ရှိနေတယ်...  ဒါပေမဲ့ အစ်ကိုကြီးရဲ့ အခြေအနေက ပိုပြီးမှ ရှုပ်ထွေးတဲ့ပုံ ပေါက်နေတယ်... ဒေါ်လေးရွှမ်းလီက ငရဲကမ္ဘာ ပင်လယ်အတွင်းကို မဝင်နိုင်ဘူး"

ရှောင်ယန်သည် ကောင်းကင်ကပ်ဘေးအား မထိန်းချုပ်နိုင်သေးသ၍ သူသည် ငရဲကမ္ဘာ ပင်လယ်အား အပြည့်အဝ ထိန်းချုပ်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း ကပ်ဘေးသည် ရွှမ်းလီအား အကြီးအကျယ် ရန်ငြိုးထားနေသည်။

ရှမ်းလီသည် ငရဲကမ္ဘာ ပင်လယ်အတွင်းသို့ ဝင်လာခဲ့လျှင် သူမသည် ကပ်ဘေး၏ ခက်ထန်သော တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။ မည်သူက အနိုင်ရသည် ဖြစ်စေ ရှမ်းလီနှင့် တစ်ဖွဲ့တည်း ဖြစ်သော ရှောင်ယန်သည် ငရဲကမ္ဘာ အတွင်းမှ အကန်ထုတ်ခံရမည် ဖြစ်ကာ သူ၏ လှံ့လများကလည်း အလကား ဖြစ်သွားပေမည်။

ဝိညာဥ်ပင်လယ် အတွင်းတွင်လည်း သဘောတရား အတူတူပင် ဖြစ်သည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် နေရခြင်းသည် ရှောင်ယန်အတွက် အားသာချက်ရော အားနည်းချက်များပါ ရှိနေသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ထိန်းချုပ်ထားသော

မဟာကမ္ဘာ အတွင်းမှ နေရာ များစွာတို့ အတွင်းတွင် ငရဲကမ္ဘာ ပင်လယ်သည် ကောင်းကင်ဖျက်ဆီး ခား မဝင်နိုင်သည့် တစ်ခုတည်းသော နေရာဖြစ်သည်။

သို့သော်လည်း ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ရှောင်ယန်သည် များစွာပို၍ အစွမ်းထက်သည်။

ထို့ကြောင့် ဤကဲ့သို့သော အခြေအနေ အောက်တွင် ကမ္ဘာအတွင်းတွင် ရှောင်ယန်အား ခြိမ်းခြောက်နိုင်သော သူအချို့သာ ရှိသည်။ ထိုသူများ အနက် အတော်များများတို့သည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်သွားကြပြီ ဖြစ်သည်။

"ရှကေရာဇ်နဲ့ သွေးမြစ် တာအိုဆရာ တို့ရဲ့ နတ်ဆိုး ဝိညာဉ်တွေက အဖျက်ဆီးခံခဲ့ရပေမဲ့ သေမင်းကေရာဇ်မှာ ယန်ရှင်းဟီရဲ့ နတ်ဆိုးဝိညာဉ် ရှိနေသေးတယ်" ရှီထျန်းဟောင်က ပြောလိုက်သည်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ယန်ရှင်းဟီရဲ့ နတ်ဆိုးဝိညာဉ်နဲ့ သေမင်းကေရာဇ် ကိုယ်တိုင်တို့က ဆရာကြောင့် ဒဏ်ရာ ရသွားခဲ့တယ်... ဒါပေမဲ့ ဆရာ၊ ဒုတိယ စီနီယာနဲ့ တတိယ စီနီယာတို့ရဲ့ စကားအရ သူတို့ဟာ စွမ်းအားတွေ ပြန်ပြည့်လာကြပြီ"

"သေမင်းကေရာဇ်ဟာ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအပြီးမှ အရင်က အသုံးပြုခဲ့တဲ့

အခမ်းအနားတွေကို အသုံးပြုပြီးမှ သူ့ကိုယ်သူ အားပြန်ဖြည့်နေကြတယ်... သူက နှစ်ခါ ကျရှုံးသွားပေမဲ့ ဉာဏ်များတဲ့ ဒီဘိုးတော်စုတ်ကြီးက သူ့ရဲ့ အစစ်အမှန် စွမ်းအားကို ဖုံးကွယ်ထားတဲ့ နေရာမှာ ကျွမ်းကျင်တယ်"

"ဒီနှစ်တွေ အတွင်းမှာ သူက ဘာမှ မလုပ်ခဲ့ပဲ သူ့ရဲ့ စွမ်းအားတွေကို လျှို့ထားခဲ့တယ်... သူက တတိယ အခမ်းအနားကို ပြင်ဆင်နေခဲ့တာ ဖြစ်တယ်လို့ ကျွန်တော်က သံသယ ဝင်နေပေမဲ့ သူ့ရဲ့ တိုးတက်မှုက ဘယ်လောက် အထိ ရှိနေမလဲ ဆိုတာကိုတော့ မသိနိုင်ဘူး"

ရှီထျန်းဟောင်က ဆက်ပြောလိုက်သည်။
"တကယ်လို့ ဒါက ဟင်းလင်းပြင် ဘုရားကျောင်းက

ဝူမန့်ချီ ဒါမှမဟုတ် စန့်ထူဇီသာ ဆိုရင်တော့ ဘာမှ မဖြစ်ဘူး… ဒါပေမဲ့ တကယ်လို့ သေမင်းကေရာဇ်နဲ့ ယန်ရှင်းဟီရဲ့ နတ်ဆိုး ဝိညာဉ်တို့က ငရဲကမ္ဘာ ပင်လယ် အတွင်းကို အတူတကွ ဝင်လာခဲ့ရင် အစ်ကိုကြီးက ဒုက္ခ ရောက်သွားနိုင်တယ်"

ရှောင်ယန်က ပြုံး၍ ပြောလိုက်သည်။
"ကိစ္စမရှိဘူး… ငါက သူတို့ကို ကိုင်တွယ်နိုင်တယ်… တကယ်လို့ ပြိုင်ဘက်တွေက မိစ္ဆာတွေနဲ့ ပူးပေါင်းခဲ့ရင် သူတို့က နတ်ဘုရား နယ်မြေ အတွင်းက အခြေအနေတွေကို မကြာခင်မှာ သိသွားနိုင်တယ်"

"လူဝံတွေက လှုပ်ရှားလာကြတဲ့ အတွက် သူတို့ဟာ နဂါးတွေနဲ့ ပူးပေါင်း ထားကြမှာပဲ… မူလနဂါး

ဘုရင်က ဝိညာဥ်ပင်လယ် အတွင်းကို
မဝင်သွားသေးပဲ မဟာကမ္ဘာ အတွင်းမှာ အရင်
အခွင့်ကောင်း ယူချင်နေသေးတယ်နဲ့ တူတယ်"

"စစ်ပွဲက ရှောင်လွှဲလို့ရမှာ မဟုတ်ဘူး...
ဒေါ်လေးရွှမ်းလီ ရှိနေတာတောင် ပြိုင်ဘက်က
သူမကို ရှောင်လွှဲနိုင်ဖို့ ကြိုးစားဦးမှာပဲ... မင်းအနေနဲ့
မဟာကမ္ဘာ အတွင်းမှာ နေနေတာ အကောင်းဆုံးပဲ
ထင်တယ်"

သူသည် ရှီထျန်းဟောင်အား ကြည့်၍
ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဆရာ
တစ်ခေါက် ပြောထားတာ... မင်းအဘိုးက
ဝိညာဥ်ပင်လယ်ကို နောက်ထပ်တစ်ခေါက်
တိုက်ခိုက်တဲ့ တိုက်ပွဲအတွင်းမှာ

ပြန်လာလိမ့်မယ်တဲ့... သူ့ဘာသာသူ ပြန်လာရင် ဘာမှ ကိစ္စ မရှိပေမဲ့ မင်းမိဘတွေတုံးက အခြေအနေလိုမျိုး ပြန်ဖြစ်မှာကို ငါစိုးရိမ်မိတယ်"

ရှီထျန်းဟောင်၏ မျက်လုံးများ အတွင်းမှ ခက်ထန်သော အလင်းတန်း တစ်တန်း လင်းလက်လာကာ ပြောလိုက်သည်။ "ကျွန်တော်တို့က ဘာမှသေချာ မသိသေးဘူး ဆိုတော့ သိပ်ပြီးမှ မတွေးထားရင် ကောင်းမယ်နဲ့ တူတယ်"

ရှောင်ယန်က ပြောလိုက်သည်။ "ဘာပဲပြောပြော မင်းက အခုအချိန်မှာ နတ်ဘုရား နယ်မြေ အတွင်းမှာပဲ တာဝန်ယူနေလိုက်ပါ... ငရဲကမ္ဘာ ပင်လယ် အတွက်နဲ့ အာရုံ မလွင့်ပါနဲ့"

ရှီထျန်းဟောင်က သူ၏ခေါင်းကို ညိတ်ကာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း ဂရုစိုက်ပါ... အစ်ကိုကြီး"

ရှောင်ယန်က ရယ်လိုက်သည်။ "ဘယ်သူက သေချင်နေသလဲ ဆိုတာကို ငါကြည့်ချင်နေတယ်"

ရှီထျန်းဟောင်သည် ထိုစကားကို ကြားလိုက်သောအခါ သူကလည်း ရယ်လိုက်သည်။ ငရဲကမ္ဘာပင်လယ်သည် ဖြည်းဖြည်းချင်း ပိတ်သွားကာ ရှောင်ယန်ကလည်း ကပ်ဘေးများ အကြားတွင် ပျောက်ကွယ်သွားလေသည်။

ရှောင်ယန်အား နှုတ်ဆက်ပြီးသော အခါ ရှီထျန်းဟောင်သည် ငရဲမီး ကေရာဇ် မြို့တော် အပေါ်သို့ ဆင်းသက်လာခဲ့ကာ လင်းတုန်၊ လုံရှန်ခေါ့နှင့် လုယွမ် မဟာပဏ္ဍိတတို့အား ပြောလိုက်သည်။ "ပြိုင်ဘက်တွေက ငရဲမီး ကေရာဇ် မြို့တော်ကို လာပြီးမှ တိုက်ခိုက်တာက ငါတို့က ဒီနေရာမှာ တကယ် ရှိနေသလား ဆိုတာကို စမ်းသပ်တာပဲ… ငါတို့က အကြောင်းရင်းကို မသိပေမဲ့ သူတို့ရဲ့ ရည်ရွယ်ချက်က ပြည့်မြောက်သွားတယ်နဲ့ တူတယ်"

"သူတို့က နောက်ထပ် ထပ်ပြီးမှ တိုက်ခိုက်နိုင်ခြေ မရှိတော့ပေမဲ့ စိတ်ချရအောင် ကျေးဇူးပြုပြီး ဒီနေရာမှာပဲ နေနေကြပါ"

ရှီထျန်းဟောင်၏ စကားကို ကြားခဲ့ရသော အခါ လင်းတုန်နှင့် ကျန်သောသူများက ခေါင်းညိတ်လိုက်ကြသည်။

ပြိုင်ဘက်သည် သူတို့၏ ရည်မှန်းချက်များ ပြည့်မြောက်သွားသော်လည်း တိုက်ပွဲသည် အမှန်ပင် စတင်ခဲ့ပြီ ဖြစ်သည်။ ကောင်းကင်ဖျက်ဆီးခေးသည် ဝိညာဉ်ပင်လယ် အတွင်းသို့ မဝင်နိုင်သည်ကို သိခဲ့ရသဖြင့် မိစ္ဆာများသည် ယုံကြည်ချက် အပြည့်အဝ မရှိပဲနှင့် အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းသို့ လာရောက်၍ တိုက်ခိုက်ရဲကြမည် မဟုတ်ချေ။

သို့သော်လည်း စုတောင်ခေးဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့သည် ယခုအချိန်တွင် မိစ္ဆာများ၏

ပစ်မှတ်ထားမှုကို ခံနေရပြီ ဖြစ်သည်။
စစ်မြေပြင်သည် နတ်ဘုရား နယ်မြေ အတွင်းသို့
သေချာပေါက် ရောက်လာတော့မည် ဖြစ်သည်။

မဟာလွင်တီးခေါင် ကုန်းမြေသည် မိစ္ဆာများ၏
နယ်မြေဖြစ်သော်လည်း ဗီပရာလိုပါ အဆင့်မှ
မိစ္ဆာများသည် စစ်ပွဲ၏ အစနှင့် အလယ်ပိုင်းကို
သေချာပေါက် လျစ်လျူရှုထားကြမည် ဖြစ်သည်။
ယွဲ့ချန်း မဟာပဏ္ဍိတ၊ အစွန်းရောက် စိတ်ဝိညာဉ်
မဟာပဏ္ဍိတနှင့် မသေဝိညာဉ် တတိယ အဆင့်မှ
ကျန်သော မိစ္ဆာများကပင် ဝင်ရောက်
တိုက်ခိုက်ဦးမည် မဟုတ်ချေ။

နတ်ဘုရား နယ်မြေသည် တိုက်ပွဲ၏ ရလဒ်ကို
အဆုံးအဖြတ် ပေးမည် ဖြစ်သည်။ စူတောင်နှင့်

မဟာချင် အင်ပါယာတို့၏ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ နယ်မြေများသည် မိစ္ဆာများ၏ လက်အောက်သို့ ပြန်လည် ကျရောက်သွားတော့မည် ဖြစ်သည်။

ငရဲမီး ဧကရာဇ် မြို့တော်ကလည်း အလားတူပင် ဖြစ်သည်။ အကယ်၍ ရန်သူများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား အမှန်တကယ် တိုက်ခိုက်လိုနေပါက သူတို့သည် ယုကျင်းတောင် သို့မဟုတ် ယင်ပင်လယ်အား ပစ်မှတ်ထားကြမည် ဖြစ်သည်။ ထိုနေရာများကသာ အမှန်တကယ် အရေးကြီးသော နေရာများ ဖြစ်ကြသည်။

ယနေ့ ယုကျင်းတောင်သည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ အသိစိတ်ကြောင့် လင်းဖုန်း

မရှိလျှင်ပင် ဟင်းလင်းပြင် အတွင်း၌ ဆက်လက်ပုန်းအောင်းနေနိုင်သည်။

သို့ရာတွင် ယင်ပင်လယ်သည် မိစ္ဆာများ၏ အဓိက ပစ်မှတ် ဖြစ်နိုင်သည်။ သူသည် အစွမ်းထက်သော်လည်း လင်းဖုန်း မရှိလျှင် မည်မျှအထိ အစွမ်း ထက်နိုင်သည်ကို မည်သူကမှ မသိချေ။

သူ့အား သိမ်းပိုက်နိုင်ခဲ့လျှင် အကျိုးအမြတ်များက များစွာ ကြီးမားနိုင်သည်။ မူလကောင်းကင် ပင်လယ် ခုနစ်သွယ် အတွင်းမှ တစ်ခု အပါအဝင် ဖြစ်သဖြင့် လူတိုင်းက သူ့အား တပ်မက်ကြသည်။

ရှောင်ယန်၏ သုံးသပ်ချက် အရ
သေမင်းကေရာဇ်သည် အာရုံလွှဲလိမ့်မည် ဖြစ်ပြီး
အခွင့်အရေးကို အသုံးချကာ ယင်ပင်လယ်အား
ပစ်မှတ်ထားနိုင်သည်။ သူတို့အနေဖြင့် သူတို့၏
ခံစစ်များကို အသင့်ပြင်ထားရမည် ဖြစ်သည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အပါအဝင် လူသားဂိုဏ်းများ အားလုံးတို့သည်
မိစ္ဆာများထံမှ ဖိအားများကို ခံစားနိုင်ခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊
အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၊
မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့ ဖြစ်ကြသည်။

နတ်ဘုရား နယ်မြေ အတွင်းသို့ ဗီပရာလိုပါ အဆင့်မှ မိစ္ဆာလေးကောင် ဝင်ရောက်လာခြင်းသည် နတ်ဘုရား နယ်မြေ အတွင်းမှ လူသားကျင့်ကြံသူများ အတွက် ကမ္ဘာပျက်သကဲ့သို့ ခံစားချက်မျိုးကို ပေးစွမ်းနိုင်သည်။

တောင်ပိုင်း တောရိုင်းဒေသတွင် နေနေသော ဂူကျွန်းကလည်း နောက်သာ ဆုတ်ခဲ့ရသည်။ အစွမ်းထက်သော လူဝံများနှင့် မိစ္ဆာများ ဝင်ရောက်လာခြင်းသည် စူတောင် အနောက်ပိုင်းနှင့် မဟာချင် အင်ပါယာ၏ မြောက်ပိုင်း ဒေသများ အပေါ်၌ ကြီးမားသော ဖိအားများကို ဖန်တီးနိုင်ခဲ့သည်။

သူတို့ စိတ်ဖြေနိုင်သည့် တစ်ခုတည်းသော အရာမှာ ရွှမ်းလီသည် မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာ အကြားမှ နယ်စပ်တွင် စောင့်ကြပ်နေခြင်း ဖြစ်သည်။

သို့သော်လည်း ဤအချိန်တွင် အရှေ့ပင်လယ်နှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့ အကြားမှ နယ်နိမိတ် လမ်းကြောင်း အတွင်းတွင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် မြေနဂါးဘုရင်တို့ထက်ပင် ပို၍ အစွမ်းထက်သော အရှိန်အဝါ တစ်ခု ပေါ်လာခဲ့သည်။

နတ်ဘုရား နယ်မြေ အတွင်းတွင် ခက်ထန် ကြမ်းတမ်းသော ဆောင်းရာသီ တစ်ခုက ဆင်းသက်လာသကဲ့သို့ ဖြစ်သည်။